# သီလက္ခန္ဓဋီကာသစ်

(အရှင်သုမင်္ဂလာလင်္ကာရ)

ဘာသာရေး ခွင့်ပြုအမှတ် (၁၀၄)

ပထမအကြိမ်

၁၉၇၁-ခု၊ နိုဝင်ဘာလ

အုပ်ရေ — ၁၀၀၀

ပန်းချီ .... ဦးစံတိုး

ဘလောက် .... ရောင်နီဦး

အဖုံးရိုက် .... စိုးမိုးမိတ်ဆက်

စာအုပ်ချုပ် .... သန်းသန်းယဉ်

ရောင်းဈေး .... ၂၅-ကျပ်

ထုတ်ဝေသူ — ဦးသောင်းလွင် (၀၇၀၄)၊
နည်းသစ်စာအုပ်တိုက်၊
အမှတ် ၂၂၀၊ ကျိုက္ကဆံလမ်း၊
ကျောက်မြောင်း ရန်ကုန်။

ပုံနှိပ်သူ — ဒေါ်တင်လှ (၀၂၀၃၀)
နေလင်းစာပုံနှိပ်တိုက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဤစာအုပ် ဖြစ်ပေါ်လာပုံ | | (စ) |
| ပဏာမနှင့် အခြေခံနိဒါန်း | | (ဋ) |
| ဂန္ထာရမ္ဘကထာ | | ၁ |
| နိဒါနကထာ | | ၁၈ |
| ပဌမ မဟာသင်္ဂီတိကထာအဖွင့် | .... | ၁၈ |
| ဗြဟ္မဇာလသုတ် | | ၇၁ |
| ပရိဗ္ဗာဇကကထာ ဝဏ္ဏနာ | .... | ၇၁ |
| စူဠသီလအဖွင့် | .... | ၁၁၄ |
| ပါရမိဆိုင်ရာမှတ်ဖွယ် | .... | ၁၂၃ |
| မဇ္ဈိမသီလအဖွင့် | .... | ၁၅၇ |
| မဟာသီလအဖွင့် | .... | ၁၆၄ |
| သဿတဝါဒ | .... | ၁၆၇ |
| ဧကစ္စ သဿတဝါဒ | .... | ၁၈၈ |
| အန္တာနန္တဝါဒ | .... | ၁၉၉ |
| အမရာဝိက္ခေပဝါဒ | .... | ၂၀၁ |
| အဓိစ္စသမုပ္ပန္နဝါဒ | .... | ၂၀၄ |
| အပရန္တကပ္ပိက သညီဝါဒ | .... | ၂၀၈ |
| အသညီ နေဝသညီ နာသညီဝါဒ | .... | ၂၁၂ |
| ဥစ္ဆေဒ ဝါဒ | .... | ၂၁၃ |
| ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ | .... | ၂၁၇ |
| ဖဿပစ္စယဝါဒ | .... | ၂၂၀ |
| ဒိဋ္ဌိဂတိကာဒိဋ္ဌာနဝဏ္ဏကထာ | .... | ၂၂၁ |
| ဝိဝဋ္ဋကထာဒိ | .... | ၂၂၄ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **သာမညဖလသုတ်** | | ၂၃၁ |
| ရာဇာမစ္စကထာ | .... | ၂၃၁ |
| ကောမာရဘစ္စဇီဝကကထာ | .... | ၂၃၉ |
| ပူရဏကဿပဝါဒ | .... | ၂၄၆ |
| မက္ခလိဂေါသာလဝါဒ | .... | ၂၄၈ |
| ပကုဓကစ္စာယနဝါဒ | .... | ၂၅၆ |
| နိဂဏ္ဌနာဋပုတ္တဝါဒ | .... | ၂၅၇ |
| သဉ္စယ ဗေလဋ္ဌ ပုတ္တဝါဒ | .... | ၂၅၈ |
| ပဌမသန္ဒိဋ္ဌိက သာမညဖလ | .... | ၂၅၈ |
| ပဏီတတရ သာမညဖလ | .... | ၂၆၁ |
| စူဠမဇ္ဈိမ မဟာသီလ | .... | ၂၇၃ |
| ဣန္ဒြိယသံဝရကထာ | .... | ၂၇၅ |
| သတိသမ္ပဇညကထာ | .... | ၂၇၆ |
| သန္တောသကထာ | .... | ၂၉၃ |
| နီဝရဏပ္ပဟာနကထာ | .... | ၂၉၈ |
| ပဌမဈာနကထာ | .... | ၃၀၈ |
| ဒုတိယဈာနကထာ | .... | ၃၀၉ |
| တတိယဈာနကထာ | .... | ၃၁၀ |
| စတုတ္ထဈာနကထာ | .... | ၃၁၀ |
| ဝိပဿနာဉာဏကထာ | — | ၃၁၃ |
| မနောမယိဒ္ဓိဉာဏကထာ | .... | ၃၁၆ |
| ဣဒ္ဓိဝိဓဉာဏာဒိကထာ | .... | ၃၁၇ |
| အာသဝက္ခယ ဉာဏကထာ | .... | ၃၂၀ |
| အဇာတသတ္တုဥပါသကတ္တ ပဋိဝေဒနာကထာ | .... | ၃၂၆ |
| သရဏာဂမနကထာ | .... | ၃၃၁ |
| ဥပါသကဝိဓိကထာ | .... | ၃၄၀ |
| **အမ္ဗဋ္ဌသုတ်** | — | ၃၄၆ |
| အဒ္ဓါနဂမန | .... | ၃၄၆ |
| ပေါက္ခရသာတိဝတ္ထု | .... | ၃၅၂ |
| အမ္ဗဋ္ဌမာဏဝကထာ | .... | ၃၅၈ |
| ပဌမဣဗ္ဘဝါဒ | .... | ၃၇၃ |

# မာတိကာ



| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ဒုတိယဘဏ္ဍဝါဒ | .... | ၃၇၆ |
| တတိယဘဏ္ဍဝါဒ | .... | ၃၇၆ |
| ဒါသိပုတ္တဝါဒ | .... | ၃၇၇ |
| အမ္ဗဋ္ဌဝံသကထာ | .... | ၃၈၁ |
| ခတ္တိယသေဋ္ဌဘာဝ | .... | ၃၈၃ |
| ဝိဇ္ဇာစရဏကထာ | .... | ၃၈၄ |
| စတုအပါယမုခကထာ | .... | ၃၈၆ |
| ပုဗ္ဗကဏှသိဘာဝါနုယောဂ | .... | ၃၈၈ |
| ဒွေလက္ခဏဒဿန | .. | ၃၉၂ |
| ပေါက္ခရသာတိဗုဒ္ဓုပသင်္ကမနံ | .... | ၃၉၄ |
| ပေါက္ခရသာတိဥပါသကတ္တပဋိဝေဒနာကထာ | .. | ၃၉၆ |
| **သောဏဒဏ္ဍသုတ်** | .... | ၃၉၈ |
| သောဏဒဏ္ဍဂုဏကထာ | .... | ၃၉၉ |
| ဗုဒ္ဓဂုဏကထာ | .... | ၄၀၂ |
| သောဏဒဏ္ဍပရိဝိတက္က | — | ၄၀၇ |
| ဗြာဟ္မဏပညတ္တိ | | ၄၀၇ |
| သီလပညာကထာ | | ၄၀၈ |
| သောဏဒဏ္ဍဥပါသကတ္တပဋိဝေဒနာ | ... | ၄၀၉ |
| **ကူဋဒန္တသုတ်** | .. | ၄၁၁ |
| မဟာဝိဇိတရာဇယညကထာ | .... | ၄၁၂ |
| စတုပရိက္ခာရ | — | ၄၁၆ |
| အဋ္ဌပရိက္ခာရ | | ၄၁၇ |
| ယိဓေသော ဝိဓာ | .... | ၄၁၉ |
| ဒသ အာကာရ | .... | ၄၁၉ |
| သောဠသာကာရ | .... | ၄၂၀ |
| နိစ္စဒါန အနုကုလယည | .... | ၄၂၁ |
| **မဟာလိသုတ်** | .... | ၄၃၀ |
| ဗြာဟ္မဏဒူတဝတ္ထု | .... | ၄၃၀ |
| ဩဋ္ဌဒ္ဓလိစ္ဆဝိဝတ္ထု | ... | ၄၃၁ |
| ဧကံသ ဘာဝိတ သမာဓိ | .... | ၄၃၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စတုအရိယဖလ | .... | ၄၃၄ |
| အရိယအဋ္ဌင်္ဂိကမဂ္ဂ | .... | ၄၃၄ |
| ဒွေပဗ္ဗဇိတဝတ္ထု | .... | ၄၃၆ |
| **ဇာလိယသုတ်** | .... | ၃၄၈ |
| ဒွေပဗ္ဗဇိတဝတ္ထု | .... | ၄၃၈ |
| **မဟာသီဟနာဒသုတ်** | .... | ၄၄၃ |
| အစေလကဿပဝတ္ထု | .... | ၄၄၃ |
| သမနုယုဉ္ဇာပနကထာ | .... | ၄၄၆ |
| အရိယအဋ္ဌင်္ဂိကမဂ္ဂ | .... | ၄၄၉ |
| တပေါပက္ကမကထာ | .... | ၄၅၀ |
| တပေါပက္ကမနိရတ္ထကထာ | .... | ၄၅၂ |
| သီလသမာဓိပညာသမ္ပဒါ | .... | ၄၅၃ |
| သီဟနာဒကထာ | .... | ၄၅၃ |
| တိတ္ထိယပရိဝါသကထာ | .... | ၄၅၇ |
| **ပေါဋ္ဌပါဒသုတ်** | .... | ၄၆၁ |
| ပေါဋ္ဌပါဒပရိဗ္ဗာဇကဝတ္ထု | .... | ၄၆၁ |
| အဘိသညာနိရောဓကထာ | .... | ၄၆၅ |
| အဟေတုကသညုပ္ပါဒနိရောဓကထာ | .... | ၄၆၈ |
| သညာအတ္တကထာ | .... | ၄၇၆ |
| စိတ္တဟတ္ထိသာရိပုတ္တပေါဋ္ဌပါဒဝတ္ထု | .... | ၄၈၁ |
| ဧကံသိကဓမ္မ | .... | ၄၈၂ |
| ဘာသန္တရကောဝိဒဖြစ်တော်မူသော မြောင်းမြဆရာတော် အရှင်ဉာဏိက၏ ရှင်းပြချက်များ | .... | ၄၈၄ |
| တယောအတ္တပဋိလာဘာ | .... | ၄၈၇ |
| **သုဘသုတ်** | .... | ၄၉၃ |
| သုဘမာဏဝကဝတ္ထု | .... | ၄၉၃ |
| သီလက္ခန္ဓ | .... | ၄၉၈ |
| သမာဓိက္ခန္ဓ | .... | ၄၉၉ |

အကြောင်းအရာ — စာမျက်နှာ

**ကေဝဋ္ဋသုတ်** .... ၅၀၁

ကေဝဋ္ဋဂဟပတိပုတ္တဝတ္ထု .... ၅၀၁
ဣဒ္ဓိပါဋိဟာရိယ .... ၅၀၂
အာဒေသနာပါဋိဟာရိယ .... ၅၀၃
အနုသာသနီပါဋိဟာရိယ .... ၅၀၄
ဘူတနိရောဓေသကဝတ္ထု .... ၅၀၅
တီရဒဿီသကုဏုပမာ ၅၀၈

**လောဟိစ္စသုတ်** .... ၅၁၂

လောဟိစ္စဗြာဟ္မဏဝတ္ထု .... ၅၁၂
လောဟိစ္စဗြာဟ္မဏာနုယောဂ .... ၅၁၃

**တေဝိဇ္ဇသုတ်** .... ၅၁၆

မဂ္ဂါမဂ္ဂကထာ .... ၅၁၇
အစိရဝတီနဒီဥပမာ .... ၅၁၉
သံသန္ဒနကထာ .... ၅၂၀
ဗြဟ္မလောကမဂ္ဂဒေသနာ .... ၅၂၁
နိဂုံး .... ၅၂၄

# ဤစာအုပ်ဖြစ်ပေါ်လာပုံ

ဤစာအုပ်ဖြစ်ပေါ်လာပုံသည် အကျဉ်းအားဖြင့် ကျမ်းပြုဆရာတော်၏ နိဒါန်းတွင် ပါဝင်ပြီးဖြစ်ပါသည်။ ကျမ်းပြုဆရာတော် အနေဖြင့် ရှေးရှေး ဝေးဝေး ရေးလေ့ရေးထမရှိပါ။ တပည့်တော်များလည်း စာစာကရေးရန် မရည်ရွယ်ပါ။ စာအုပ်သဘောအရ စာမျက်နှာနေရာကို ကြည့်၍ လေးမျက်နှာခန့် သက်ဆိုင်ရာ အကြောင်းအရာတခု စီမံပေးပါ ဟူသော နေလင်းပုံနှိပ်တိုက်မှ ဦးတင်လှိုင် လျှောက်ထားသည်ကို ကြားသိရသော အခါ ကျမ်း ပြုဆရာတော်မှာလည်း မအား၊ ရေးရန်လည်း သိပ်ဆန္ဒမရှိသည်ကိုသိ၍ တပည့်တော်များက ကျမ်းပြုဆရာတော်ထံ ခွင့်ပန်၍ ဤနေရာ၌ ဤစာအုပ်ဖြစ်ပေါ်လာပုံ စသော သိသင့်သိထိုက်သည့် အကြောင်းအရာကလေးများကို တင်ပြပါမည် ဘုရား—

ဤစာအုပ်ဖြစ်ပေါ်လာပုံ အကြောင်းအရာများကို မတင်ပြမီ ကျမ်းပြု ဆရာတော်၏ ပညာရေးနှင့် စပ်သော အကြောင်းအရာများကို တပည့်တော် များ ဉာဏ်မှီသမျှ တင်ပြပါဦးမည်။ ကျမ်းပြုဆရာတော်နှင့် တပည့်တော် များသည် တပည့်တော်များ၏ ကျေးဇူးတော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ပညာရင်နို့ သောက်စို့ကြရန် ၁၃၂၂-ခုနှစ် နှစ်ဦးပိုင်းလောက်တွင် မရှေးမနှောင်း ရောက်ခဲ့ကြပါသည်။

ရောက်ပြီးနောက် ဆရာတော်ဘုရားကြီး ထိုအချိန်က စာချရာဖြစ်သော "စာချတိုက်" မည်သော ဆရာတော်ကြီး၏ ကျောင်းအနီး တိုက်ကလေးမှာ ကလေးဘဝမှစ၍ ရဟန်းဖြစ်သည့်အထိ ပညာသင်ကြားစဉ်ကလည်းကောင်း၊ ၎င်းနောက် ကျမ်းပြုဆရာတော် တိပိဋကဓရစာမေးပွဲ ဝင်ရန် ရည်သန်ချက် ဖြင့် ရန်ကုန်မြို့ ပဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား၏ အရိပ်ကို ခိုလှုံစဉ်ကလည်းကောင်း၊ တိပိဋကဓရစာမေးပွဲ ပြီးဆုံးပြီးနောက် ယခုနေရာ "မဟာဂန္ဓာရုံ" အမည်ဖြင့် တိုက်သစ် တည်ထောင်ရာအခါ၌လည်း ကောင်း အမြဲသောက်နီးပါး အတူတကွ နေထိုင်ခဲ့ရ၊ မှီခိုခဲ့ရသဖြင့် တပည့် တော်များသည် ကျမ်းပြုဆရာတော်၏ အကြောင်းအရာများကို သိခဲ့ရ ကျေနပ်ခဲ့ရ ကြည်နူးခဲ့ရပါသည်။

ကိုယ်တိုင်သိခဲ့ရ ကြည့်ရှုခဲ့ရသော အကြောင်းအရာများကို တပည့်တော်များသိသလို သိကြပါစေရန် ကြည့်ရှုကြပါစေရန် ရည်သန်ချက်ဖြင့် ကျမ်းပြုဆရာတော်ကိုယ်တိုင် စာမေးပွဲများ အားထုတ်စဉ်က အကြောင်းအရာများကို တင်ပြပါမည်။ ထိုအချိန်က အကြောင်းအရာများကို ပြန်ပြောင်းစဉ်းစားကြည့်လျှင် တာဝန်ကြီးသည့် အမှုအရာ မတွေ့ခဲ့ရပါ။ တည်တည်ငြိမ်ငြိမ် အချိန်မှန် သဘောဖြင့် ကြိုးစားသည်ကိုသာ တွေ့ရပါသည်။ သို့သော် အောင်စာရင်းများထွက်လာလျှင်တော့ ပဌမ၊ ဒုတိယ၊ ရခဲ့သည်ကိုသာ တွေ့ရပါသည်။ဤကဲ့သို့သောအခြေအနေ အရပ်ရပ်ကို အကဲခတ်၍ ဆရာတော်၏ ဉာဏ်ကို ဆုံးဖြတ်ချက်သဘောမဟုတ်စေကာမူ အနီးစပ်ဆုံး တင်ပြဖို့ စဉ်းစာသည့်အခါ ဉာဏ်အမျိုးမျိုးနှင့် ယှဉ်၍ တင်ပြရလျှင် ကောင်းမည်ဟု တပည့်တော်များ၏ စိတ်အစဉ်တွင် ပေါ်ထင်လာပါသည်။

ဉာဏ်အမျိုးမျိုး။ ။၁၊ ကျက်ဉာဏ်၊ ၂၊ သဘောပေါက်လွယ်သောဉာဏ်၊ ၃၊ သဘောပေါက်လွယ်အောင် ကြည့်နိုင်သောဉာဏ်၊ ၄၊ နည်းမှီ၍ကြံဆတတ်သောဉာဏ်၊ ၅၊ ထိန်းနိုင်သောဉာဏ်၊ ၆၊ အကဲခတ်၍ ဆုံးဖြတ်တတ်သောဉာဏ်–စသည်ဖြင့် စာသင်တိုက်တွင် လက်တွေ့စာပေပို့ချယင်း တပည့်များကို အကဲခတ်ရာမှ ဉာဏ်ရည်အမျိုးမျိုး ရှိကြောင်း ကောက်ချက်ချမိပါသည်။

ကျက်ဉာဏ်။ ။ထိုဉာဏ်များဖြင့် ဆရာတော်ကို ချိန်ထိုး၍ ကြည့်သော် တင်ပြစရာ အကြောင်းအရာတွေ များစွာရှိသော်လည်း ဉာဏ်တမျိုးအတွက် တခုစီမျှ သိသာရုံ တင်ပြခွင့်ပြုပါရန် လျှောက်ထားတောင်းပန်ပါသည် အရှင်မြတ်တို့ဘုရား.... ကျက်ဉာဏ်နှင့်စပ်၍ သာမဏေဘဝ အကြောင်းအရာတခုမျှ တင်ပြပါမည်။ သာမဏေဘဝ စာသင်စအမျိုးမှာ တပည့်ဒတော်များ၏ မဟာဂန္ဓာရုံ စာသင်နည်း စနစ်အတိုင်း "အသိပပါသော အကျက်ကို ဦးစားမပေးပဲ"သင်ကြားသည့်အခါ အသိဉာဏ်ကို ရှေ့တန်းတင်သော ကျောင်းတိုက်ဆိုင်ရာ စာမေးပွဲများ၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းမှ ကျင်းပသော စာမေးပွဲများတွင် အေးအေးသက်သာဖြင့် ပဌမ ဒုတိယ စသည် ရသည်ကို တွေ့မြင်ကြသော အချို့အရှင်တို့၏ "သာမဏေဟာ စာကျက်ဝါသနာနည်းတယ်၊ စာကြည့်သာ ဝါသနာပါတာ၊ အာဂုံဦးစားပေးတဲ့ အစိုးရ ပဌမပြန်မှာကျယင် သိပ်စွံမည်မထင်"ဟူသော ဝေဖန်စကားကို တပည့်တော်များကြားဘူးပါသည်။ သို့သော် ထိုအရှင်တို့၏ အထင်စကား အလွန်မှားကြောင်းကို ၁၃၂၄–ခုနှစ် ပဌမပြန်ဂေဇက်ကစ၍ ချေဖျက်လိုက်ပါသည်။ ၎င်းနှစ်တွင်

တည့်တော်များ၏ ဤကျမ်းပြုဆရာတော်သည် အေးအေးသက်သာ ပြဌာန်းချက်စာအားလုံးကို တလခန့်ဖြင့် ကျေကျေညက်ညက် အရကျက်၍ ပါဠိဘာသာဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ တနိုင်ငံလုံးတွင် ပဌမ ရခဲ့ပါသည်။

သဘောပေါက်လွယ်သောဉာဏ်။ ။ဆရာများထံတွင် ပညာသင်စဉ်က ဆရာများ ရှင်းပြသည့် အဓိပ္ပာယ်များကို သူများအလျင် အမြဲပင် သဘောပေါက်နေသည်ကများ၍ ဆရာများက သဘောပေါက် မပေါက် စမ်းသည့်အနေဖြင့် မေးသော မေးခွန်းများကို တဦးတည်း ဖြေနေသလားဟု ထင်မှားရအောင် ဤကျမ်းပြုဆရာတော်၏ အသံက စာဝါတိုင်းလိုလို လွှမ်းမိုးခဲ့၍ သဘောပေါက်လွယ်သည့် ဉာဏ်နှင့်လည်း အလွန်ပြည့်စုံသည်ဟု ဖော်ပြလိုပါသည်။

ကြည့်နိုင်သောဉာဏ်။ ။မည်သည့်အချိန် မည်သည့်နေရာ မည်သည့်ကျမ်း စာနှင့် စပ်၍ မေးမေး တည့်တော်များနှင့်တကွ သိဘင်းသုံးဖော်တို့ သိလို၍ မေးသမျှ တိတိကျကျရှင် ရှင်းလင်းလင်း ဖြေဆိုနိုင်သည့်အတွက် ကြည့်နိုင်သောဉာဏ်လည်း အလွန်ပြည့်စုံပါသည်။

ကြံဆတတ်သောဉာဏ်။ ။ယမိုက်ကျမ်းနှင့်ပဌာန်းကျမ်းကြီးများကို အကြောင်းအားလျော်စွာ မတက်ခဲ့ဖူးပါ။ (ယခုနှစ် မဖြေသေး၊ ရှေ့နှစ်မှ ဖြေမည်ဟု ရည်ရွယ်၍ စောစော မတက်ဖြစ်ပါ၊ နီးမှ ဖြေဆိုရန် ဆုံးဖြတ်သည့်အခါ စာဝါများ မရှိတော့၍ မတက်ရခြင်းဖြစ်ပါသည်။) သို့သော် ထိုကျမ်းကြီးများနှင့်စပ်၍ ကိုယ်တိုင်ဖြေစဉ်ကလည်း အချိန်များစွာမစဉ်းစားရပဲ ဖြေဆိုနိုင်ခြင်း၊ တည့်တော်များမှစ၍ ဆရာတော်၏ တည့်များကို ၎င်းညဝါများ ပို့ချရာ၌လည်း သဘောပေါက်အောင် ခဲရာခဲဆစ် ကြိုးကြိုးစားစား မစဉ်းစားရပဲ အေးအေးဆေးဆေးတည်ငြိမ်စွာဖြင့် ရှင်းပြနိုင်ခြင်းများကို ထောက်ထား၍ ကြံဆတတ်သောဉာဏ် အလွန်ကြီးမားကြောင်းလည်း ထင်ရှားပါသည်။

ထိန်းနိုင်သောဉာဏ်။ ။တပည့်တော်များနှင့် စတွေ့စ မှုသဘန်းမှ တိပိဋကစာရစာမေးပွဲကြီးပြီးသည့်အထိ ပင်ပင်ပန်းပန်း စာပြန်သည်ကို တကြိမ်မှ မတွေ့ရခဲ့ဘူးပါ၊ သို့သော် ဆိုင်ရာစာမေးပွဲများ၏ ပြဌာန်းချက်စာကို မေးလျှင်တော့ ယခုအချိန်အထိ ရွတ်ပြနိုင်သည်က များပါသည်။ သို့အတွက် ထိန်းနိုင်သည့်ဉာဏ် အလွန်ကြီးမားကြောင်းလည်း ထင်ရှားပါသည်။

**အကဲခတ်၍ ဆုံးဖြတ်တတ်သောဉာဏ်။** ။အချို့စာမေးပွဲကြီးများတွင် အခြေအနေအရ မကြည့်လိုက်မိသော အကြောင်းအရာများ မေးထားသည်ကို ဖြေပြီးနောက် ပြန်ကြည့်သည့်အခါ အံ့သြလောက်အောင် တထပ်တည်းနီးပါး ဖြစ်နေသည်ဟု အကြိမ်များစွာ အမိန့်ရှိဘူးပါသည် ဤဉာဏ်မျိုးကို အကဲခတ်၍ ဆုံးဖြတ်တတ်သောဉာဏ်ဟု တပည့်တော်များ ဆိုခြင်းဖြစ်ပါသည်။

**အမိုကောင်း၍ ကြိုးကြီးရ။** ။ဖော်ပြခဲ့ပြီးသော ဉာဏ်အမျိုးမျိုးနှင့် ပြည့်စုံသော ဆရာတော်၏ အထံတွင် ပညာသင်ကြားသူ အားလုံးပင် ကျေနပ်ကြပါသည်။ တပည့်တော်များသည် ငယ်စဉ်ကစ၍ ဆရာတော်၏ သင်ပြမှုသမ်းညွှန်မှုကို ပဓာနအမိုပြု၍ စာမေးပွဲများ ဝင်ခဲ့ပါသည်။ တိပိဋကစာမေးပွဲသဘင်တွင် ဒီဃနိကာယ်ကို အာဂုံပြန်ဆို အောင်မြင်ပြီးသည့်အခါ တပည့်တော်များနှင့် ငယ်စဉ်မှစ၍ အတူနေခဲ့သော တပည့်တော်များ၏ အရင် ရေးဖြေအောင်ထားသော သီတင်းသုံးဘော်တဦးက "ဤနှစ်က မင်း ငါးနှစ်အတွင်း ရေးဖြေအောင်ရင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုမည်"ဟု အပြောခံခဲ့ရပါသည်။ ထိုသီတင်းသုံးဘော်၏ စကားကိုလည်း အလေးအနက် ထားခဲ့ပါသည်။ မိမိကိုယ်တိုင်လည်း မိမိရှေ့က သွားနေကြ ဖြေနေကြသော နောင်တော်ဒီဃဘာဏကများကိုကြည့်၍ လေးငါးနှစ်လောက်တော့ ဖြေရမည်လားဟု ထင်ခဲ့မိပါသည်။ သို့သော်....ဤကျမ်းပြုဆရာတော် ထုတ်ထားပြီးသော ရှင်းလင်းချက်များကို အမိုပြု၍ ဤကျမ်းပြုဆရာတော်၏ အားပေးမှုဖြင့် ကြိုးစားခဲ့ရာ (၃၃-ခုနှစ်၌) အာဂုံအောင်ပြီးနောက် နှစ်မခြားပဲ ရေးဖြေစာမေးပွဲကို လွယ်လင့်တကူ (၃၄-ခုနှစ်၌) အောင်မြင်၍ "ဒီဃနိကာယကောဝိဒ"ဘွဲ့တံဆိပ်ကို အရယူနိုင်ခဲ့ပါသည်။

**အများအတွက် မျှော်လင့်ချက်။** ။ထင်သည်ထက် အချိန်များစွာ စော၍ ပင်ပန်းမှုမရှိပဲ လွယ်လင့်တကူ ဒီဃနိကာယ ကောဝိဒဘွဲ့ကို ရယူပြီးနောက် တပည့်တော်များ ကြည့်ရှုခဲ့ရသော ဤကျမ်းပြုဆရာတော်၏ ရှင်းလင်းချက်များကို ရေးဖြေအတွက် ခက်နေကြသော ညီတော် နောင်တော်များအထံသို့ ရောက်အောင် ပို့ပေးလိုသော ဆန္ဒ အလွန်များစွာ ဖြစ်ပေါ်ခဲ့ပါသည်။

**အခွင့်ကောင်းပေါ်လာ။** ။၁၃၄၁-ခုနှစ်၌ ဒီဃဘာဏက အရှင်ပဏ္ဍိတအား ဋီကာများကို ဆရာတော်က ရှင်းပြ အရှင်ပဏ္ဍိတက ရေး၊ ရေးပြီးများကို ဆရာတော်က ပြန်စစ် စသည်ဖြင့် စာမူအကြမ်း

တခု ဖြစ်ပေါ်အောင် စီမံကြပါသည်။ ၎င်းစာမူကြမ်း စီမံသည်ကို မြင်တွေ့ရသော တပည့်တော်များအတွက် တပည့်တော်များ စောစောက မျှော်မှန်းထားသည့် အခွင့်ကောင်းကြီး ပေါ်လာပြီဟု ယူဆပါသည်။

**ဆန္ဒဇောကြောင့် အလုပ်စောခဲ့။** ။အများသိစေခြင်း၊ ကြည့်စေခြင်းသော ဆန္ဒ အလွန်ပြင်းပြပါ၍ ဖြစ်သည့်နည်းဖြင့် ညီတော်နောင်တော်များအထံသို့ ရောက်အောင် "မှတ်တမ်းလွှာ" အမည်ဖြင့် ကျမ်းပြုဆရာတော် အချောမကိုင်မီက ပို့ခဲ့ပါသည်။

**မြှော်မှန်းဆန္ဒ ပြည့်ဝပါပြီ။** ။၎င်းစာမူများကို အကြိမ်ကြိမ် အဖန်ဖန် အချောကိုင်၍ အကောင်းဆုံး စာရွက်များဖြင့် အသန့်ရှင်းဆုံး ရိုက်ထားသည်ကို တွေ့ရသဖြင့် တပည့်တော်များ စောစောက မျှော်မှန်းခဲ့သော ဆန္ဒများ ပြည့်ဝပါပြီ။

**မြှော်မှန်းဆန္ဒ ပြည့်ဝပါစေ။** ။တပည့်တော်များ၏ ဆန္ဒ ပြည့်ဝသလို အရှင်မြတ်တို့၏ မျှော်လင့်ချက် ဆန္ဒများလည်း ပြည့်ကြပါစေဟု မေတ္တာပုဗ္ဗငံမစိတ်ထားဖြင့် ဆုမွန်ကောင်း တောင်းလိုက်ရပါသည် အာဇာနည် အလျောင်းလျှာ အရှင်မြတ်များနှင့် သာသနာ့ထိပ်ခေါင်တင်ဆရာတော် အရှင်မြတ်တို့ဘုရား။

အရှင်ဇာနန္ဒက (စာချဘုန်းကြီး)
သာသနဓဇ-ဓမ္မာစရိယ
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
မဟာဂန္ဓာရုံတိုက်
ရေကျော်၊ ကမ္ဘာအေး၊ ရန်ကုန်။
၁၃၄၃-ခု၊ သီတင်းကျွတ်လဆုတ် (၁၀)ရက်။
(၂၂-၁၀-၈၁)

# ပဏာမနှင့် အခြေခံနိဒါန်း

သီလက္ခန္ဓေသု နေ၁ ဗုဒ္ဓေါ၊ အတုလော သီလခန္ဓိကော။
သီလက္ခန္ဓာဒိ ဓမ္မောစ၊ သံဃောစ သီလခန္ဓိကော။
သီလက္ခန္ဓာ ဂရူ တေ၊ ဗဟုံ မေ ဥပကာရိကာ။
တေသံ ဥပကာရေ ဟံ၊ ပူဇေသံ သီလဝဏ္ဏနာ။

နေ၁ (အမှာကံ)-သီလဂုဏ်အင်၊ ပြည့်စုံလင်ဖို့၊ အစဉ်ကြိုးစား၊ တပည့်တော်များတို့၏။ ဗုဒ္ဓေါ-ကိုးကွယ်ဆည်းကပ်၊ ဘုရားမြတ်သည်။ သီလက္ခန္ဓေသု-သီလကျေးဇူး၊ ဂုဏ်အထူးရှိငြား၊ ပုဂ္ဂိုလ်အစား စားတို့တွင်။အတုလော-ပြိုင်ဘက်ရည်တူ၊ ရှိတော်မမူသော။ သီလခန္ဓိကော-သီလကျေးဇူး၊ ဂုဏ်အထူး ရှိတော်မူပါပေ၏။ဓမ္မောစ-ဘုရားဟောအပ်၊တရာ မြတ်သည်လည်း။သီလက္ခန္ဓာဒိ-သီလကျေးဇူး၊ ဂုဏ်အထူးဟူသော၊ အဦးအစ၊ ရှိသည်သာလျှင်၊ မုချမသွေ၊ ဖြစ်ပါပေ၏။သံဃောစ-ပုထုဇန် အရိယာ၊ နှစ်ဖြာသော သံဃာတော်အပေါင်းသည်လည်း။ သီလခန္ဓိကော-သီလကျေးဇူး၊ ဂုဏ်အထူး ရှိတော်မူပါပေ၏။ ဂရူစ-လောကနှင့် သာသနာ၊ နှစ်ဖြာအကျိုးများသည့်၊ အမျိုးမျိုး အစားစားသော၊ကျမ်းစာများကို၊ရေး သားတီထွင်၊စီရင်တော်မူငြား၊ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးစသား၊ တပည့်တော်များ၏၊ လေးစားရာဆရာအရှင်တို့သည်လည်း။ သီလက္ခန္ဓာ-သီလကျေးဇူး၊ ဂုဏ်အထူး ရှိတော်မူကြပါပေကုန်၏။ တေ-ဤရတနာသုံးရပ်နှင့်၊ ဆရာမြတ်တို့သည်။ မေ-သုမင်္ဂလာလင်္ကာရ၊ နာမတွင်ခေါ်၊ တပည့်တော်အား။ ဗဟုံ ဥပကာရိကာ-ကျေးဇူးများပုံ၊ ဂုဏ်ပေါင်းစုံကို၊ အကုန်တွက်ဆ၊ ဖော်မပြနိုင်လောက်အောင်၊ ကျေးဇူး များတော်မူကြပါပေကုန်၏။ အဟံ-သုမင်္ဂလာလင်္ကာရ၊ နာမတွင်ခေါ်၊ တပည့်တော်သည်။ တေသံ-ကျေးဇူးကိုစ၊ ပြုကြကုန်သည့်၊ သုံးဝရတနာ၊မြတ်ဆရာဟူသော၊ကျေးဇူးရှင်တို့၏။ဥပကာရေ-များလှသောင်းသောင်း၊ ကျေးဇူးတော်အပေါင်းတို့ကို။ သီလဂဏ္ဏနာ (သီလဝဏ္ဏနာယ)-သီလက္ခန္ဓာ၊ အဋ္ဌကထာ၏၊ ဋီကာအဖွင့်၊ ကျမ်းအသစ်ကို၊ ခေတ်နှင့်လျော်စွာ၊ မကျယ်ပါအောင်၊ ရှင်းကာဖော်ပြ၊ ကျမ်းစာလှဖြင့်။ ပူဇေသံ (ပူဇေဿံ)-သူတော်ကျင့်သုံး၊ မြတ်သည့်ထုံးကို၊ နှလုံးမူကာ၊ ပူဇော်လိုက်ရပါသတည်း။

**သီလကျွန်။** ။သီလကျွန်ပုဒ်သည် သီလကျေးဇူး အနက်ကို ဟော၏။ ထိုသီလကျွန်ပုဒ်နှင့် ယှဉ်၍ ရတနာသုံးပါးနှင့် တပည့်တော်များ၏ ဆရာအရှင်တို့ကို စဉ်းစားသည့်အခါ ကျေနပ်ဖွယ်ရာ အကြောင်းအရာတွေ စိတ်အစဉ်မှာ ပေါ်ထင်လာပါသည်။

(၁) ဘုရားရှင်သည် သီလကျေးဇူးအားဖြင့် တလောကလုံးမှာ တုစရာယှဉ်စရာ ပေါ်၍ ပလာနိုင်အောင် အတုမဲ့ သီလကျေးဇူး ဂုဏ်ထူးရှင်ကြီးဖြစ်ပါပေ၏။

(၂) တရားတော်များသည် သီလတရားနှင့် သီလ၏ ကျေးဇူးပြုမှုမှ မကင်းသော တရားတွေသာ ဖြစ်ပါပေ၏။

(၃) ပုထုဇဉ်အရိယာ နှစ်ဖြာသော သံဃာတော်များ၏ သာသနာတော်၌ ရပ်တည်နိုင်ခြင်းသည် သီလကျေးဇူးကြောင့် ဖြစ်၍ သံဃာတော်မှန်သမျှသည် သီလကျေးဇူး ဂုဏ်အထူး ရှိကြပါပေ၏။

(၄) အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၊ လက်ရှိ မဟာဂန္ဓာရုံတိုက်ကြီး၏ ဦးစီးနာယက ဆရာတော်များ၊ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး၊ ရန်ကုန်မြို့ ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား၊ စစ်ကိုင်းတောင်ရိုး တောင်ရေဦး အနောက်တိုက်ကြီး ဆရာတော်ဘုရား၊ စစ်ကိုင်းတောင်ရိုး သဇ္ဇနောဒယ ကျောင်း ဆရာတော်၊ ဝက်လက်မြို့နယ် အင်ကြင်းပင်ရွာ ရွှေစည်းခုံ ဆရာတော်ဘုရားများ စသော တပည့်တော်များ၏ ဆရာအရှင်များကို သီလနှင့်စပ်၍ စဉ်းစားကြည့်သည့်အခါမှာလည်း အလွန်ကျေနပ်ဖွယ် ကောင်းလောက်အောင်သီလ ကျေးဇူး ဂုဏ်အထူး ရှိတော်မူကြပါပေကုန်၏ဟု စိတ်အစဉ်တွင် ပေါ်ထင်လာပါသည်။

**ကျေးဇူးကြီးလှ။** ။ရတနာသုံးဖြာနှင့် ဆရာအရှင်များ၏ ကျေးဇူးကြောင့် တပည့်တော်များမှာ နေနည်း ထိုင်နည်းမှစ၍ သံသရာရေး၊ သံသရာမှ လွတ်မြောက်ရေးများအထိ မြော်ခေါ် ကြည့်တတ်သော အလွန် တန်ဖိုးကြီးသော အသိဉာဏ်ကို ရရှိထားပါသဖြင့် ရတနာသုံးဖြာနှင့် ဆရာအရှင်များ၏ ကျေးဇူးသည် အလွန် ကြီးမားတော်မူကြပါပေသည်။

**ကျေးဇူးတုံ့ပြန် ပူဇော်ရန်။** ။တပည့်တော်များ၏ အပေါ်မှာ ကျေးဇူးတရား အလွန်ကြီးမားကြသော ရတနာသုံးဖြာနှင့် ဆရာအရှင်တို့၏ ဂုဏ်ကျေးဇူးတော်များကို သဘာဝကျကျ ပူဇော်ရာရောက်အောင် ဤကျမ်းစာကို ရေးသားရပါသည်။ ရှင်းပြပါဦးမည်—ကျေးဇူးရှင်များ ဖြစ်ကြသော ရတနာသုံးဖြာနှင့် ဆရာအရှင်များ အားလုံးသည် သီလကျွန်နှင့် ဆက်စပ်ကြပါ၏။ သီလကျွန်နှင့် ဆက်စပ်သော ရတနာသုံးဖြာနှင့်

မြတ်ဆရာတို့ကို သီလက္ခန္ဓနှင့် စပ်သော ဤကျမ်းစာဖြင့် ပူဇော်ရခြင်းသည် အလွန်ပင် သဘာဝကျလှသည်ဟု တပည့်တော်များ၏ စိတ်ဘဝင်မှာ အမြဲပင် စွဲထင်လျက်ရှိပါသည်။ သို့အတွက် ဤကျမ်းစာဖြင့် ကျေးဇူးရှင်များ၏ ဂုဏ်ကျေးဇူးတို့ကို သူတော်သူမြတ်တို့၏ ထုံးကို နှလုံးမူ အတုယူကာ လေးစားကော်ရော် ပူဇော်လိုက်ရပါသတည်း။

**ရေးသားပုံ အစီအစဉ်။** ။၁၃၄၁-ခုနှစ်၌ ပီလသာဏက အဌကထာ ဋီကာသင်စာအုပ်ကို ကြည့်၍ တပည့်တော်များက ရှင်းပြပေးပြီးနောက် စာမူကျန်အောင် နေ့စဉ် ရေးသားစေခဲ့ ပါသည်။ ရေးသားပြီး စာမူကိုပင် အခြေတည်၍ အကြိမ်များစွာ ပြင်ဆင်ဖြည့်စွက်ခြင်းစသည်များ ပြုလုပ်ကာ စာအုပ်အဖြစ်သို့ ရောက်အောင် ကြိုးစားရပါသည်။ အနီးစပ်ဆုံး မြန်မာအတိုင်း ကျစေရမည်၊ ကျဉ်းစေရမည်၊ ရှင်းစေရမည်ဟု မှုချ၍ ဋီကာသစ်နှင့် တွဲကြည့်လျှင် နိဿယ သဘောဖြင့်လည်း အကူအညီ ရစေနိုင်၊ ရှင်းလင်းချက်အနေဖြင့်လည်း ဆိုလိုရင်းကို သဘောပေါက်စေနိုင်သောနည်းဖြင့် ရေးသားပါသည်။

**ရည်ညွှန်းချက်။** ။ဤ ရှင်းတမ်းစာအုပ်ကို ရေးသားရာ၌ ပဓာနအားဖြင့် အစိုးရ တိပိဋကနှင့် နိကာယ ဓမ္မာစရိယ စာမေးပွဲဝင် အာဇာနည်အရှင်များ အကျိုးရှိစေရန်နှင့် အခြား စာပေမြတ်နိုးသူများအားလည်း ထိုက်သည့်အားလျော်စွာ ကျေးဇူးများစေရန် ရည်သန်ပါသည်။

**တောင့်တချက်။** ။တပည့်တော်များ ရည်သန်သည့်အတိုင်း ဤစာအုပ်အကူအညီဖြင့် အရှင်မြတ်များ ရည်မှန်းထားသော အောင်ပန်းအဆင့်ဆင့်ကို မြင့်သည်ထက်မြင့် တင့်သည်ထက်တင့်အောင် ရယူနိုင်ကြပါစေ၊ အသိဉာဏ်သဘောမှာလည်း စင်းလုံးချော ရှင်းရှင်းလင်းလင်း ရှိနိုင်ကြပါစေဟု တပည့်တော်များက အရှင်မြတ်များအတွက် ဆုတောင်းမှု ပြုလိုက်ရပါသည် သာသနာ့အာဇာနည် အရှင်မြတ်တို့ ဘုရား....။

အရှင်သုမင်္ဂလာလင်္ကာရ

မဟာဂန္ဓာရုံကျောင်းတိုက်
အရှေ့ဝါယာလက် (၂) လမ်း
ကမ္ဘာအေး
ရန်ကုန်

၁၃၄၃-ခု သီတင်းကျွတ်လဆုတ် ၉-ရက်။

# သီလက္ခန္ဓဋီကာသစ်

## ကောက်နုတ်ရှင်းလင်းချက်

### ဂန္ထာရမ္ဘကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယပဏာမ ပြုရကျိုး။ ။ဘုရားရှင်၌ ရှိခိုးမှုကိုပြုခြင်းသည် တရားတော်သည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ဖြစ်သောကြောင့် မြတ်စွာဘုရား၌ ကြည်ညိုခြင်းကို ဖြစ်စေခြင်း အကျိုးရှိ၏။ မြတ်စွာဘုရား၏ မှန်ကန်သော တရားဒေသနာ၏ အဖြစ်ကို ပြခြင်းကြောင့် တရားတော်၌ ကြည်ညိုခြင်းကို ဖြစ်စေခြင်း အကျိုး ရှိ၏။ ထိုသို့ ကြည်ညိုခြင်းကြောင့် များစွာသော အကျိုးစီးပွား ပြီးစီးခြင်း အကျိုး ရှိပါသည်။

တနည်း—ရတနတ္တယ ပဏာမကို ဆိုခြင်းသည် မိမိ၏ ရတနာသုံးပါး၌ ကြည်ညိုမှုကို သိစေခြင်း အကျိုး ရှိ၏။ ထိုသို့ သိစေခြင်းသည် ပညာရှိတို့၏ စိတ်ကို နှစ်သက်စေခြင်း အကျိုးရှိ၏။ ထိုသို့နှစ်သက်ခြင်းသည် အဋ္ဌကထာကို သင်ယူခြင်း အကျိုးရှိ၏။ ထိုသို့ သင်ယူခြင်းသည် အလုံးစုံသော သမ္ပတ္တိကို ပြီးစီးစေခြင်း အကျိုးရှိသည်။

တနည်း—ရတနာသုံးပါးကို ရှိခိုးခြင်းသည် ဖွင့်အပ်လတံ့သော တရားတော်၏ စ၍ဖြစ်ရာ မှီရာ၏ စင်ကြယ်ခြင်းကို သိစေခြင်း အကျိုး ရှိ၏။ ထိုသို့ သိခြင်းသည် တရားအဖွင့်တို့၌ ပညာရှိတို့၏ များစွာ မြတ်နိုးခြင်းကို ဖြစ်စေခြင်း အကျိုးရှိ၏။ ထိုသို့ဖြစ်ခြင်းသည် ထိုပညာရှိတို့၏ ကောင်းမွန်စွာ သင်ယူခြင်း၊ ဆောင်ထားခြင်း အစရှိသော အစဉ်ဖြင့် ရထိုက်သော သမ္မာပဋိပတ်ဖြင့် အလုံးစုံသော စီးပွားချမ်းသာကို ပြီးစေခြင်း အကျိုး ရှိပါသည်။

တနည်း—မင်္ဂလာ ဖြစ်သောကြောင့် လည်းကောင်း၊ အလုံးစုံသော ပြုဖွယ်ဟူသမျှ၌ ပုဗ္ဗကိစ္စ ဖြစ်သောကြောင့် လည်းကောင်း၊ ပညာရှိအပေါင်းတို့သည် ကောင်းစွာ ကျင့်အပ်သောကြောင့် လည်းကောင်း၊ နောင်အခါ၌ အခြားသူတို့ အတုလိုက်ခြင်းသို့ ရောက်ကြောင်းဖြစ်သောကြောင့်လည်းကောင်း အဖွင့်သံဝဏ္ဏနာအစ၌ ရတနာသုံးပါးကို ရှိခိုးခြင်း အမှုကို ပြုရပါသည်။

တနည်း—ရတနာသုံးပါးကို ရှိခိုးမှုပြုခြင်းသည် ဖွင့်တော့မည်ဟု ဝန်ခံအပ်သော သံဝဏ္ဏနာ၏ အန္တရာယ်ကင်းစွာဖြင့် ပြီးစီးခြင်း အကျိုး ရှိသည်။ ဘာ့ကြောင့်နည်း။ ရတနာသုံးပါးကို ရှိခိုးပူဇော်ခြင်းသည် ပညာထက်ကြောင်းဖြစ်သောကြောင့်တည်း။

ရှိခိုးခြင်းကြောင့် ပညာထက်ပုံ။ ။ရတနာသုံးပါးကို ရှိခိုးပူဇော်ခြင်းဖြင့် ရာဂ အစရှိသော ကိလေသာ အညစ်အကြေးတို့ကို မှုတ်ထုတ်နိုင်သောကြောင့် ပညာထက်မြက်ခြင်း ဖြစ်ပါသည်။

တနည်း—ရတနာသုံးပါးကို ပူဇော်ခြင်းသည် ပညာလျှင် နီးစွာသော အကြောင်း ရှိသော သမာဓိ၏ အကြောင်း ဖြစ်သောကြောင့် ပညာထက်မြက်ခြင်း ဖြစ်ပါသည်။ (သမာဟိတော ယထာဘူတံ ပဇာနာတိ။)

ရတနာသုံးပါး စဉ်ပုံ။ ။ကြွင်းကျန်သော ရတနာတို့သည် ဘုရားရတနာလျှင် အရင်းမူလ ရှိသောကြောင့် ဘုရားရတနာကို ရှေးဦးစွာ ရှိခိုးသည်။ သံဃာရတနာ၏ အရင်းမူလ ပဓာနဖြစ်သောကြောင့် တရားရတနာကို သံဃာရတနာ၏ ရှေးဦးစွာ ပြပါသည်။ [ဘုရားရတနာသည် လပြည့်ဝန်းနှင့် တူ၍ ဟောတော်မူအပ်သော တရားတော်သည် လရောင်နှင့် တူပါသည်။ သံဃာရတနာကား လရောင်ကြောင့် နှစ်သက်ရွှင်ပျနေကြကုန်သော လူအပေါင်းနှင့် တူပါသည်။]

တနည်း—အလုံးစုံသော သတ္တဝါတို့ထက် မြတ်သည်၏ အဖြစ်ကို ပြလိုသောကြောင့် ဘုရားရတနာကို ရှေးဦးစွာ ပြပါသည်။ တရားရတနာသည် ထိုဘုရားရှင်မှ စ၍ ဖြစ်သောကြောင့် လည်းကောင်း၊ ထိုဘုရားရှင်သည် ညွှန်ပြအပ်သောကြောင့် လည်းကောင်း ဘုရားရတနာ၏ အခြားမဲ့၌ တရားရတနာကို ပြပါသည်။ တရားရတနာ၏ တည်ရာ ဖြစ်သောကြောင့် လည်းကောင်း၊ ထိုတရားတော်ကို မှီဝဲတတ်သောကြောင့် လည်းကောင်း တရားရတနာ၏ အခြားမဲ့၌ သံဃာရတနာကို ပြပါသည်။

**တနည်း**—အလုံးစုံသော သတ္တဝါတို့ကို စီးပွား၌ တိုက်တွန်းတတ်သောကြောင့် ဘုရားရတနာကို ရှေးဦးစွာပြပါသည်။ အလုံးစုံသော သတ္တဝါတို့၏ စီးပွားဖြစ်သောကြောင့် ဘုရားရတနာ၏ အခြားမဲ့၌ တရားရတနာကို ပြပါသည်။ စီးပွားရခြင်းငှာ ကျင့်သောကြောင့် လည်းကောင်း (ပုထုဇဉ်)၊ ရပြီးသော စီးပွားရှိသောကြောင့် လည်းကောင်း (အရိယာ)၊ တရားရတနာ၏ အခြားမဲ့၌ သံဃာရတနာကို ပြပါသည်။

**ထောမနာပုဗ္ဗင်္ဂမ ပယောဇ။** ။ကေဝလ ပယောဇမထက် ထောမနာ ပုဗ္ဗင်္ဂမ ပယောဇသည် လွန်ကဲသောကြောင့် ထောမနာပုဗ္ဗင်္ဂမဖြင့် ရှိခိုးပါသည်။ ထို ထောမနာပုဗ္ဗင်္ဂမ ပယောဇဖြင့် မြတ်စွာဘုရား၏ ဂုဏ်နှင့် အလွန်အကဲ ယှဉ်ခြင်းကို လည်းကောင်း၊ ထိုသို့ လွန်ကဲသော ဂုဏ်နှင့် ယှဉ်ခြင်းကြောင့် မြတ်စွာဘုရား၏ အနုတ္တရဝန္ဒနီယ အဖြစ်ကို လည်းကောင်း၊ ထိုသို့ အနုတ္တရဝန္ဒနီယ ဖြစ်သောကြောင့် မိမိရှိခိုးခြင်း၏ခေတ်သို့ ရောက်သည်၏ အဖြစ်ကို လည်းကောင်း၊ ထိုသို့ခေတ်သို့ရောက်သော ရတနာသုံးပါးကို ရှိခိုးခြင်းသည် အကြင် အကြင် အလိုရှိအပ်သော အကျိုးကို ပြီးစီးခြင်း၏ အကြောင်း၏ အဖြစ်ကိုလည်းကောင်း ပြပါသည်။

**ကရုဏာ ပညာဖြင့် ထောမနာပြုရခြင်းအကြောင်း။** ။ဖွင့်ဆိုအပ်လတ္တံ့သော သုတ္တန် ဒေသနာတော်သည် ဝိနည်း အဘိဓမ္မာ ဒေသနာတို့ကဲ့သို့ ကရုဏာသာ ပညာသာ ပြဓာန်းသည်မဟုတ်။ ကရုဏာ ပညာ နှစ်မျိုး ပြဓာန်းသော ဒေသနာတော်ဖြစ်သောကြောင့် ကရုဏာ ပညာဖြင့် ထောမနာ ပြုပါသည်။

**ဝိနည်း ဒေသနာတော်၌ ကရုဏာသာ ပဓာနဖြစ်ပုံ။** ။ဝိနည်း ဒေသနာတော်သည် အာသယ စသည်ကို မငဲ့ကွက်ပဲ ကရုဏာတော် သက်သက်ဖြင့် ပကတိရိုးရိုး သတ္တဝါများသော်မှ နားမထောင်ထိုက်သော စကားကို နားထောင်တော်မူလျက်လည်းကောင်း၊ မေးခြင်းငှာ မထိုက်သောစကားကို မေးတော်မူလျက်လည်းကောင်း၊ ဆိုခြင်းငှာ မထိုက်သောစကားကို ဆိုတော်မူလျက်သည်းကောင်း သိက္ခာပုဒ်ကို ပညတ်တော်မူသောကြောင့် ကရုဏာ ပြဓာန်းပါသည်။ ဘုမန္တရ ပစ္စယာကာရ သမယန္တရကထာတို့ကို ဖြစ်စေသော ပညာကဲ့သို့ ဝိနည်း ပညတ်မှုကို ဖြစ်စေသော ပညာသည်လည်း အခြား အရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသောကြောင့် လွန်ကဲသော ကိစ္စရှိပါသည်။ သို့သော် ထိုပညာ၏ ကိစ္စထက်လည်း ကရုဏာ၏ ကိစ္စသည်သာ လွန်ကဲသောကြောင့် ဝိနည်း

ဒေသနာကို ကရုဏာပဓာနဟု ဆိုပါသည်။ မှန်၏။ ဝိနည်းဒေသနာတော်သည် ကရုဏာ ဗျာပါရ လွန်ကဲ၍ကရုဏာ ပဓာနဖြစ်သည်။

အဘိဓမ္မာဒေသနာတော်၌ ပညာသာ ပဓာနဖြင်ပုံ။ ။ပရမတ္ထ တရားတို့၏ သဘော အမှန် ကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်သော ပညာသည် အဘိဓမ္မာဒေသနာတော်၌ လွန်ကဲစွာ ဖြစ်သောကြောင့် အဘိဓမ္မာဒေသနာတော်ကို ပညာ ပြဓာန်းသည်ဟု ဆိုရပါသည်။

သုတ္တန်ဒေသနာတော်၌ ကရုဏာ ပညာ ပဓာန ဖြစ်ပုံ။ ။ထိုထို သတ္တဝါတို့၏ အာသယ အနုသယ အဓိမုတ္တိ စရိုက် အစရှိသော အပြားကို ပိုင်းခြားခြင်းငှာ စွမ်းနိုင်သော ပညာသည်လည်းကောင်း၊ သတ္တဝါတို့အပေါ်၌ လွန်စွာသနားသော မဟာကရုဏာတော်သည်လည်းကောင်း သုတ္တန် ဒေသနာတော်၌ လွန်ကဲစွာ ဖြစ်သောကြောင့် သုတ္တန်ဒေသနာတော်ကို ကရုဏာ ပညာ ပြဓာန်းသည်ဟု ဆိုပါသည်။

မေတ္တာသီတလ မုဒိတာသီတလဟဒယံ ဟု မဆိုတိုက်ပုံ။ ။သူတပါးတို့၏ အကျိုးစီးပွားကို ဆောင်ခြင်း၊ သုခ စသည်တို့မှ မယုတ်လျော့သည်ကို ရှုလိုခြင်း သဘော ရှိသောကြောင့်လည်းကောင်း၊ ဗျာပါဒ စသည်တို့၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်လည်းကောင်း၊ သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော အပူကို ဖြတ်လိုသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်လည်းကောင်း၊ မေတ္တာ မုဒိတာတို့မှာလည်း စိတ်ငြိမ်းအေးခြင်း၏ အကြောင်းကို ရနိုင်ပါသည်။ သို့သော် သူတပါး ဒုက္ခကို ပယ်လိုသော အခြင်းအရာအားဖြင့် သူတပါး၏ ပူပန်ခြင်းကို သည်းမခံနိုင်ခြင်း ကိစ္စရှိသော ဝိဟိံသာ၏ ဆန့်ကျင်ဘက်ဖြစ်သော ကရုဏာသည်သာ အထူးအားဖြင့် ဘုရားရှင်၏ စိတ်တော်၏ စိတ္တပဿဒ္ဓိကဲ့သို့ အေးမြခြင်း၏ အကြောင်းဖြစ်ပါသည်။ ထို့ကြောင့် ''ကရုဏာကိုသာ'' စိတ်တော် အေးမြခြင်း၏ အကြောင်းအဖြစ်ဖြင့် ဟောပါသည်။

တနည်း—ကရုဏာကို အဦးပြု၍ မေတ္တာ မုဒိတာတို့၏ စိတ်တော် အေးမြခြင်း၏ အကြောင်း အဖြစ်ကိုလည်း ဆိုပြီး ဖြစ်သည်ဟု မှတ်ပါ။ [န ဟိ သဗ္ဗတ္ထ နိရဝသေသတ္တော ဥပဒိသီယတိ။ ]ပဓာန နည်းအားဖြင့် ပါပြီးဖြစ်သောကြောင့် ပဓာနနည်းအရဆိုပါသည်။ ဤနည်းအရ သာမညဖြစ်သော ဘုရားဖြစ်ရာအခိုက် ကရုဏာကို ယူပါ။

**တနည်း**—ကရုဏာနှင့်ယှဉ်သော ဉာဏ်သည် အသာဓာရဏ ဉာဏ်တော် ၆-ပါး၌ အကျုံးဝင်သောကြောင့် လွန်ကဲစွာ အသာဓာရဏဉာဏ် အထူးနှင့်စပ်၏။ အကြွင်းမရှိ သဗ္ဗညုတဉာဏ် ပျံ့နှံ့သကဲ့သို့ ဆိုင်ရာ အာရုံ၌ ပျံ့နှံ့သောကြောင့် မဟာကရုဏာအဖြစ်သို့ ကပ်ရောက်၏။ တပါးသောသူတို့နှင့် မဆက်ဆံသော အလွန်အကဲ၏ အဖြစ်သို့ ရောက်၏။ ဤကဲ့သို့သော ကရုဏာကိုသာ စိတ်တော် အေးမြကြောင်း၏ အဖြစ်ဖြင့် ''ကရုဏာသီတလ ဟဒယံ'' ဟု ဆိုရပါသည်။ ဤနည်းအရ မဟာကရုဏာတော်ကို ယူပါ။

**တနည်း**—သူတပါးတို့၏ စီးပွားကိုဆောင်ခြင်း၊ သုခ အစရှိသည်တို့မှ မယုတ်လျော့သည်ကို ရှုလိုခြင်း သဘောရှိသောကြောင့် မေတ္တာ မုဒိတာတို့သည် လွန်ကဲစွာ စိတ်၏ အေးမြသည်၏အဖြစ်နှင့် ဆက်စပ်နေပါသော်လည်း ကရုဏာသည်သာ အလုံးစုံသော ဗုဒ္ဓဂုဏ်တို့၏ ထူးသောအကြောင်းဖြစ်သောကြောင့် မေတ္တာ မုဒိတာတို့၏ အကြောင်းလည်း ဖြစ်သည်။ ထို့ကြောင့် ကရုဏာကိုသာ စိတ်တော်အေးမြခြင်းအကြောင်းဟု ဆိုရပါသည်။ ဤနည်းအရ ၁—ဆုပန်ရာ၊ ၂-ပါရမီဖြည့်ရာ၊ ၃—ဘုရားဖြစ်ရာတို့၌ ဖြစ်သော ကရုဏာကို ယူပါ။

**ကရုဏာ၏ သကလ ဗုဒ္ဓဂုဏ၏ အကြောင်း ဖြစ်ပုံ။** ။ကရုဏာတော်၏ အာနုဘော်သည် ငြိမ်းစေအပ်ပြီးသော သံသာရဒုက္ခ ပူပန်မှုရှိသော ဘုရားရှင်၏ သန္တာန်၌ သူတပါးဒုက္ခကို ပယ်လိုသောကြောင့် များစွာသော အသင်္ချေ ကမ္ဘာတို့ပတ်လုံး မပင်ပန်းသော သဘော ရှိသကဲ့သို့ ဘုရားအဖြစ်ကို ပြုတတ်သော အလုံးစုံသော တရားအဆောက်အဦတို့၌ မွေ့လျော်သော ကောင်းစွာ ရအပ်သော မွေ့မိပတေယျ ရှိသော ဘုရားရှင်မှာ သတ္တဝါအပေါင်းတို့သည် ဆောင်အပ်သော ပူပန်မှု အကြောင်းတို့ကြောင့် အနည်းငယ်မျှ ဆင်းရဲမှု မဖြစ်ခဲ့ပါ။ (ကရုဏာကြောင့် အဆင်းရဲခံ၍ သတ္တဝါတို့အတွက် ပါရမီ ဖြည့်ခဲ့သည်ဟူလို။)

**အရောင် လေးမျိုး။** ။၁—စန္ဒပဇ္ဇောတ၊ ၂-သူရိယပဇ္ဇောတ၊ ၃—အဂ္ဂိပဇ္ဇောတ၊ ၄—ပညာပဇ္ဇောတ။

**ဝိဟတတမောဟတမံ။** ။အလုံးစုံသော ရဟန္တာတို့လည်း ပညာဟူသော အရောင်မှုးဖြင့် အဝိဇ္ဇာအမိုက်တိုက်ကို ပယ်သတ်သောကြောင့် ဘုရားရှင်အား အခြားပုဂ္ဂိုလ်တို့နှင့် ဆက်ဆံသော ဂုဏ်ထူးဖြင့် ချီးမွမ်းမှုကို ပြုသည်ဟု ထင်ရသော်လည်း ဘုရားရှင်သည် ဝါသနာနှင့်တကွ ပယ်တတ်သောကြောင့် အခြားပုဂ္ဂိုလ်တို့နှင့် မဆက်ဆံပဲ ''အနညသာဓာရဏဝိသေသ'' ဖြစ်ပါသည်။ ပညာအရ ပဋိဝေဓပညာကို ယူပါ။

**ထူးခြားမှုရှိပုံ။** ။ပညာရောင်ဖြင့် အဝိဇ္ဇာ အမိုက်တိုက်ကို ရဟန္တာအပေါင်းဝယ်ဖျောက်ရာတွင် သဒ္ဓါဓိမုတ္တပုဂ္ဂိုလ်ထက် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်က သာလွန်သကဲ့သို့ သာဝက ပစ္စေကဗုဒ္ဓါတို့ထက် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် ဝါသနာနှင့်တကွ ပယ်ခြင်းကြောင့် ကိလေသာ ပယ်ပုံမတူပဲ ထူးခြားမှု ရှိပါသည်။

**တနည်း—**သူတပါး၏ ညွှန်ပြမှုမပါပဲ မိမိသန္တာန်၌ စင်စစ် အဝိဇ္ဇာကင်းခြင်းကို ကိုယ်တော်တိုင် ပြီးစေအပ်သောကြောင့် လည်းကောင်း၊ ထိုသို့ ပြီးစေရာ၌ သဗ္ဗညုဖြစ်သောကြောင့်လည်းကောင်း၊ ဗိုလ်တို့၌ ဝသီဘော်ကို ရခြင်းကြောင့်လည်းကောင်း သူတပါးသန္တာန်၌ ဓမ္မဒေသနာတော်၏ လွန်ကဲသော အာနုဘော်ဖြင့် ကောင်းစွာသာလျှင် မောဟပယ်ခြင်းကို ဖြစ်စေအပ်သောကြောင့်လည်းကောင်း သာဝကတို့နှင့် မတူ ထူးခြားပါသည်။ ဤနည်း၌ ပညာအရ ပဋိဝေဓပညာ၊ ဒေသနာပညာ ၂-ပါးကို ယူပါ။

**အပရော နယော။** ။ဘုရားရှင်၏ ဉာဏ်တော်သည် ဉေယျလျှင် အဆုံးအပိုင်းအခြားရှိသောကြောင့် ဉေယျဓမ်တို့၏သဘောအမှန်ကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်သော အနာဝရဏဉာဏ် (သဗ္ဗညုတဉာဏ်)ဟု ဆိုအပ်သောပညာရောင်ဖြင့် အလုံးစုံသောဉေယျဓမ်တို့၏သဘောအမှန်ကိုဖုံးလွှမ်းတတ်သော မောဟအမှောင်ကို ပယ်ဖျောက်သောကြောင့် "အနညသာဓာရဏ ဝိဟတမောဟ" ဖြစ်ပါသည်၊ ပညာအရ သဗ္ဗညုတဉာဏ်ကို ယူသောကြောင့် သာဝကတို့နှင့် မဆက်ဆံသော ချီးမွမ်းမှု ဟု ဆိုလိုသည်။ ဘုရားရှင်၏ သန္တာန်၌ ကိလေသာပယ်ခြင်းကို ကာရဏူပစာ၊ သာဝကသန္တာန်၌ မောဟပယ်ခြင်းကို ဖလူပစာအားဖြင့် ယူပါ။

**သဗ္ဗညုတဉာဏ်နှင့် အနာဝရဏဉာဏ်။** ။ဤဉာဏ်နှစ်ပါးသည် သဘောအားဖြင့် တူသော်သည်း အကြွင်းမရှိသော သင်္ခတ အသင်္ခတပညတ်တရားတို့ကို အာရုံ ပြုသောကြောင့် သဗ္ဗညုတဉာဏ် မည်၍ ထိုအာရုံ၌ ငြိကပ်ခြင်းမရှိပဲ ဖြစ်နိုင်သည့်ကို ဖွဲ့၍ တားမြစ်ပိတ်ပင်မှု မရှိသောကြောင့် အနာဝရဏဉာဏ် မည်ပါသည်၊

**အဝိဇ္ဇာပယ်မှုကိုသာ ယူရခြင်းအကြောင်း။** ။အဝိဇ္ဇာတပါးတည်း ပယ်ပုံကို ပြသော စကားဖြင့် ကျန်ကိလေသာ အားလုံးသည် ထိုအဝိဇ္ဇာနှင့် အတူတကွ တခုသော စိတ်၌ တည်ကြသောကြောင့် ကိလေသာ အားလုံးပယ်ပုံကို ထွန်းပြနိုင်သည့်အတွက် အကြွင်းမရှိသော ကိလေသာပယ်ပုံကို ယူနိုင်ပါသည်။ မှန်၏။ အဝိဇ္ဇာကို အကြွင်းမရှိအောင် ပယ်သော် မပယ်ရသေးပဲ ကျန်မည့်ကိလေသာ လုံးဝမရှိပါ။

**တနည်း**—အလုံးစုံသော ကုသိုလ်တရား ဖြစ်ခြင်း၊ သံသရာမှ ဆုတ်နစ်ခြင်း၌ အဝိဇ္ဇာသည် ပဓာန အကြောင်းဖြစ်သကဲ့သို့ အကြွင်းမရှိသော အကုသိုလ်တရားဖြစ်ခြင်း၊ သံသရာ၌ လည်ခြင်း၌ အဝိဇ္ဇာသည် ပဓာနအကြောင်း ဖြစ်၍ ပဓာနဖြစ်သော အဝိဇ္ဇာပယ်ပုံကို ပြလိုက်လျှင် အပဓာနဖြစ်သော ကိလေသာပယ်ပုံကို ပြပြီးဖြစ်သောကြောင့် အဝိဇ္ဇာတပါးတည်း ပယ်မှုကိုသာ ယူပါသည်။

**တနည်း**—အဝိဇ္ဇာသည် အလုံးစုံသော သံကိလေသတရားတို့၏ ဦးထိပ်ဖြစ်သောကြောင့် အဝိဇ္ဇာတပါးတည်း ပယ်မှုကိုသာ ယူပါသည်။

အဝိဇ္ဇာ မုဒ္ဓါတိ ဇာနာဟိ၊ ဝိဇ္ဇာမုဒ္ဓါဓိပါတိနီ၊
သဒ္ဓါသတိသမာဓီဟိ၊ ဆန္ဒဝီရိယေန သံယုတာ။

**သနရာမရလောကဂရုံ**။ ။နရအရ-သတ္တဝါလူနှစ်မျိုးလုံးသက်ဆိုင်သော်လည်း ဤနေရာ၌ လူကိုသာ ယူပါ။ သတ္တဝါကိုယူလျှင် **လောကသဒ္ဒါ အပိုဖြစ်သွားမည်**။ လူနတ်တို့နှင့် တကွဖြစ်သော လော်က ဟူရာ၌ လူနတ်တို့သည် သဒ္ဒါအနေအားဖြင့် အပဓာနဖြစ်နေသော်လည်း အနက်အဓိပ္ပာယ်အားဖြင့် ပဓာနအဖြစ်ဖြင့် ယူထိုက်သောကြောင့် ပဓာနပဝ် ဖြစ်ပါသည်။မင်းနှင့်တကွသောပရိသတ်-ဟူရာ၌ အပဓာနဝိသေသနအဖြစ်ဖြင့်ဆိုထားသော်လည်း အနက်အဓိပ္ပာယ်အားဖြင့် မင်းကို ပဓာန ယူရသကဲ့သို့တည်း။ ဤ၌ လောကအရ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက-ဟု သုံးမျိုးသက်ဆိုင်သော်လည်း ဂရုသဒ္ဒါအရ အလေးပြုသည်၏ အဖြစ်ကို အလိုရှိအပ်သောကြောင့် အလေးပြုခြင်းငှာ စွမ်းနိုင်သော သတ္တလောကသာ ယှဉ်သင့် (ဖြစ်သင့်) သောကြောင့် သတ္တလောကကိုသာ ယူရပါသည်။ အမရအရ လောကသဒ္ဒါကို ဒဿနတ္တယူလျှင် ဥပပတ္တိနတ်ကို ယူပါ။ သမ္မုတိတ္တယူလျှင် ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ် နှစ်မျိုးလုံး ယူပါ။ဘုရားရှင်သည် မိန်းမများအားလည်း ကျေးဇူးများသောကြောင့် မိန်းမများအတွက်လည်း ဂရုဖြစ်သည်သာ။ သို့သော် ပဓာနလောကကို ပြခြင်းငှာ ပုလ္လိင်ဖြင့် ဆိုသည်။

**သုဂတံ**။ ။ဂမနသည် ၁—ကာယဂမန၊ ၂—ဉာဏဂမနဟု နှစ်မျိုးရှိ၏။ ထိုတွင် ကာယဂမနသည် ၁—ဝိနေယျဇနောပသင်္ကမန၊ ၂—ပကတိဂမနဟု နှစ်မျိုးရှိပြန်၏။ ထိုတွင် ဘုရားရှင်၏ ဝေနေယျ သတ္တဝါအပေါင်းထံသို့ ကြွသွားတော်မူခြင်းသည် ထိုဝေနေယျတို့၏ စီးပွားချမ်းသာကို စင်စစ် ပြီးစေတတ်သောကြောင့် တင့်တယ်တော်မူပါသည်။ ဘုရားရှင်၏ ပကတိကြွတော်မူခြင်းသည် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် တန်ဆာဆင်အပ်သော

ဘုရားရှင်၏ ရူပကာယတော်ကြောင့် ကြည်လင်တော်မူသောအခါ ခုဇာ=(ခြေခါလက်ခါ)၊ ဝိသမ္ဘိတ=(ခါးကိုင်း ခါးကုန်း တွဲရရွဲဆွဲ)၊အနုကစုန=(ရှပ်တိုက်)၊ ခလိတ=(ချွတ်ချော်)၊ နိပ္ပိဋ္ဌန=(ခြေဖျား ဖနောင့် ပျာယီးပျာယာ)၊ ဥက္ကုဋိက=(ဖဝါးစွန်း)၊ ကုဋိသ= (ကောက်တီးကောက်ကွေး)၊ အာကုလတာ=(ဖယ်ရန်းဖယ်ရန်း)စသော အပြစ်တို့မှ ကင်းသောကြောင့် ပြုံးရှင်မြူးထူးသော ဟင်္သာမင်း ဆင်မင်း ခြင်္သေ့မင်းတို့၏ သွားခြင်းကဲ့သို့ ဖူးမြော်၍ မဝအောင် တင့်တယ်တော်မူပါသည်။ အပြစ်မရှိ ပြန့်ပြောသော ကရုဏာ သတိဝီရိယအစရှိသော ဂုဏ်ထူးတို့နှင့် တကွဖြစ်သော ဉာဏဂမနသည် ဘုရားဆုပန်သည်မှစ၍ ဗောဓိမဏ္ဍိုင်သို့တိုင်အောင် အပြစ်မရှိသောကြောင့် တင့်တယ်တော်မူပါသည်။

**သုဂတ၏ အနက်လေးချက်။** ။၁–သယမ္ဘူဉာဏ်ဖြင့် အလုံးစုံသော လောကကို ပရိညာဘိသမယ၏ အစွမ်းဖြင့် ပိုင်းခြားကာ သိတော်မူသော မြတ်စွာဘုရား-(သိ)။ ၂–သယမ္ဘူဉာဏ်တော်ဖြင့် လောကသမုဒယကို ပဟာနာဘိသမယ၏ အစွမ်းဖြင့် ပယ်တော်မူသော (ဖြစ်ခြင်းသဘောမရှိသည်၏အဖြစ်သို့ ရောက်စေတော်မူသော)မြတ်စွာဘုရား၊ (ပယ်)။ ၃–လောကနိရောဓကို သစ္ဆိကိရိယာဘိသမယ၏ အစွမ်းဖြင့် ရတော်မူသော မြတ်စွာဘုရား၊ (ဆိုက်)။ ၄–လောက၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို ဘာဝနာဘိသမယ၏ အစွမ်းဖြင့် ကောင်းစွာ ကျင့်တော်မူသော မြတ်စွာဘုရား၊ (ပွား)။

**ဂတိဝိမုတ္တံ။** ။အလုံးစုံသော ဘဝသို့ရောက်စေတတ်သော ကံကို အရိယာမဂ်ကို ရခြင်းဖြင့် အကျိုးမပေးနိုင်အောင် ပြုသောအားဖြင့် နှစ်စေအပ်ပြီးသောကြောင့် ဘုရားရှင်သည် ဂတိဝိမုတ္တာ ဖြစ်တော်မူပါသည်။

**သုဒ္ဓါဝါသဗြဟ္မာများသည် ဂတိဝိမုတ္တံမဟုတ်။** ။အထက် အထက် ဘဝသို့ ရောက်သော သုဒ္ဓါဝါသနတ်ဗြဟ္မာများသည်ထိုထိုကံ၏အကျိုးပေးရာကာလအားလျော်သဖြင့် ထိုထိုဘဝမှလွတ်ပြီးသော်လည်း လွတ်ဆဲလွတ်ခါမျှသာဖြစ်၍ ရှင်းရှင်းမလွတ်ကြသေးပါ။ ထိုထိုဘဝသို့ ရောက်စေတတ်သော ကံကို အရိယာမဂ်ဖြင့် မနှစ်စေအပ်သေးသောကြောင့် ဂတိတို့၌ အကျုံးဝင်ကြပါသည်။ ထို့ကြောင့် ဂတိဝိမုတ္တာဟု မဆိုထိုက်ပါ။

**ကရုဏာသီတလ-စသော ဂါထာဖြင့် အကျဉ်းချုပ် ချီးမွမ်းပုံ။** ။ဤ ပထမ ဂါထာဖြင့်

ဘုရားရှင်အား အတ္တဟိတသမ္ပတ္တိ၊ ပရဟိတပဋိပတ္တိ-ဟူသော နှစ်ပါးသော အခြင်းအရာတို့ဖြင့် ချီးမွမ်းမှုပြုသည်။

**အတ္တဟိတသမ္ပတ္တိဖြစ်ပုံ။** ။၁—အနာဝရဏ ဉာဏ်တော်ကို ရခြင်း၊ ၂—ဝါသနာနှင့်တကွ ကိလေသာတို့ကို စင်စစ်အမှန် ပယ်သတ်ခြင်း၊ ၃—အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ခြင်းသည် အတ္တဟိတသမ္ပတ္တိမည်၏။

**ပရဟိတပဋိပတ္တိ နှစ်မျိုး။** ။၁—ပယောဂပရဟိတပဋိပတ္တိ = လာဘသက္ကာရ အစရှိသည်ကို ငဲ့ကွက်သောစိတ်တော်မရှိပဲ အလုံးစုံသော ဒုက္ခမှ ထွက်မြောက်ကြောင်း တရားဒေသနာတော်ကို ဟောတော်မူခြင်း၊ ၂—အာသယပရဟိတပဋိပတ္တိ = ဒေဝဒတ်အစရှိသော ဆန့်ကျင်ဘက်သတ္တဝါတို့၌သော်မှ အမြဲစီးပွားကို အလိုရှိတော်မူခြင်း၊ ဆုံးမထိုက်သော သတ္တဝါတို့၏ ဉာဏ်ရင့်ကျက်ရာအချိန်အခါကို ဆိုင်းငံ့ခြင်း။

**တနည်း**—ဤပထမဂါထာဖြင့်ဘုရားရှင်အား ဟေတု ဖလ သတ္တူပကာရဟူသော အခြင်းအရာတို့ဖြင့် ချီးမွမ်းထောပနာမှု ပြုပါသည်။

**ဟေတုဟူသည်။** ။မဟာကရုဏာတော်နှင့် ယှဉ်ခြင်း၊ ဗောဓိဉာဏ်၏အဆောက်အဦဖြစ်သော ပါရမီတော်တို့ကို ဖြည့်ကျင့် ဆည်းပူးခြင်းတည်း။

**ဖလဟူသည်။** ။ဉာဏသမ္ပဒါ၊ ပဟာနသမ္ပဒါ၊ အာနုဘာဝသမ္ပဒါ၊ ရူပကာယသမ္ပဒါဟု လေးမျိုးရှိ၏။ ၁-ဉာဏသမ္ပဒါ= သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်။ ထိုအရဟတ္တမဂ်ဉာဏ်လျှင် အရင်းမူလရှိသော ဒသဗလအစရှိသော ဉာဏ်တော်များ။ ၂—ပဟာနသမ္ပဒါ=ဝါသနာနှင့်တကွ ကိလေသာတို့ကို စင်စစ်မဖြစ်ခြင်း သဘောသို့ ရောက်စေခြင်း။ ၃—အာနုဘာဝသမ္ပဒါ = အလိုရှိအပ်သည်ကို ပြီးစီးစေခြင်း၌ အစိုးတရဖြစ်ခြင်း။ ၄—ရူပကာယသမ္ပဒါ =တလောကလုံး၏ မျက်လုံးတို့ဖြင့် သွန်းလောင်းအပ်ရာဖြစ်သော လက္ခဏာတော်ကြီးငယ်အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော အတ္တဘာဝသမ္ပတ္တိ။

**ဗုဒ္ဓေါပိ ဗုဒ္ဓ ဘာဝံဂါထာ။** ။ဤသို့ အကျဉ်းချုပ်အားဖြင့် အလုံးစုံသော သဗ္ဗညုတဂုဏ်တို့ဖြင့် ဘုရားရှင်အား ချီးမွမ်းမှုရှေးရှိသော ရှိခိုးမှုပြုပြီး၍ ယခုအခါ၌ တရားတော်ကိုလည်း ချီးမွမ်းမှုရှေးရှိသော ရှိခိုးမှုကို ပြလိုသောကြောင့် ''ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ''ဂါထာကို ဆိုသည်။

**ဓမ္မ၏ အရကောက်။** ။ဘာဝေတွာစေ၀ံကို ထောက်၍ အရိယာမဂ်ကို ယူပါ။ တနည်း—ပုဗ္ဗဘာဂပဋိပတ္တိဓမ္မနှင့်တကွ အရိယာမဂ်ကို ယူပါ။ သစ္ဆိကတွာစကို ထောက်လျှင်- ဓမ္မအရ ဖိုလ် နိဗ္ဗာန်ကို ယူပါ။ တနည်း—ပရိယတ္တိဓမ္မ၊ ပဋိပတ္တိဓမ္မနှင့်တကွ ဖိုလ်နိဗ္ဗာန်ကို ယူပါ၊

**စေ၀နှင့် စ။** ။ပွား:ရုံသက်သက်ဖြင့်လည်း ဘုရားအဖြစ်သို့ မရောက်နိုင်။မျက်မှောက်ပြုရုံသက်သက်ဖြင့်လည်း ဘုရားအဖြစ်သို့ မရောက်နိုင်။ ပွားမှု၊ မျက်မှောက်ပြုမှု နှစ်မျိုးစုံပြုမှ ဘုရားဖြစ်နိုင်၏-ဟု သမုစ္စည်းပြုသည်။

**အပိသဒ္ဒါ သမ္ဘာဝနာ။** ။ဤသို့ ဆိုအပ်ပြီးသော ဂုဏ်ထူးနှင့် ပြည့်စုံသော ဘုရားရှင်သော်မှလည်း ဤသို့ရှုအပ်သော တရားကို ပွားမှု၊ မျက်မှောက်ပြုမှ ဘုရားအဖြစ်သို့ ရောက်တော်မူရ၏။အခြားသော ပုဂ္ဂိုလ်တို့၏ သာဝကအစရှိသူ၏ အဖြစ်သို့ ကပ်ရောက်ခြင်း၌ စကားဆိုဖွယ်ရာ အဘယ်မှာ ရှိအံ့နည်းဟုတရားတော်ကို ချီးမြှောက်သည်။

**ဗုဒ္ဓဘာဝံ။** ။ဗုဒ္ဓဟူသော အမည်တော်နှင့် ဗုဒ္ဓကို အာရုံပြုသော ဉာဏ်၏ ဖြစ်ကြောင်း သဗ္ဗညုတဉာဏ်လျှင် နီးစွာသော အကြောင်းရှိသော အရဟတ္တမဂ်ဉာဏ်နှင့် အရဟတ္တမဂ်ဉာဏ်လျှင် နီးစွာသော အကြောင်းရှိသော သဗ္ဗညုဘဉာဏ်ကို ဗုဒ္ဓဘာဝံ အရကောက်ပါ။

**ပွားများမျက်မှောက်ပြု၍ ဘုရားအဖြစ် ရောက်ပုံ။** ။သတ္တဝါတို့၏ သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှာ ဆုတောင်းမှုပြု၍ ပဟာကရုဏာတော်ဖြင့် သည်းခံခြင်း၊သီလ၌ ချစ်မြတ်နိုးတော်မူသော စိတ်ရှိတော်မူလျက် ပညာအထူးကြောင့်ညစ်ကြေးမတင် ဖြူစင်ကုန်သော ဒါန ဒမ သညမ အစရှိသော မြတ်သောတရားတို့ကို လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ရိုသေစွာ အမြဲမပြတ် အကြွင်းမရှိအောင် ပွားများခြင်း၊ မျက်မှောက်ပြုခြင်းတို့ဖြင့် ကံအစရှိသည်တို့၌ ရအပ်သော စွမ်းရည်သတ္တိရှိကာ အံ့ဩဖွယ် ကြံစည်ရဲသော အာနုဘော်ရှိလျက် အဓိသီလ အဓိစိတ္တကိုကို တဘက်ကမ်းခတ် ရောက်တော်မူသော မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်၌ ကုဋေနှစ်သန်းလေးသိန်း အမူးပြု၍ မဟာဝဇီရဉာဏ်ကို စေလွှတ်လျက် အတုမရှိမြတ်သော သမ္မာသမ္ဗောဓိ-ဟု ဆိုအပ်သော ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပါသည်။

**သုဂတဿ သြရသာနံ-၃ သြရသလေ ပျိုး။** ။၁—အတ္တဇ=မိမိကြောင့် ဖြစ်သောသားရင်း။ ၂—ခေတ္တဇ=နတ်ပြည်ဝယ် မိမိနယ်နိမိတ်၌ ဖြစ်သောသား။ ၃ အန္တေဝါသိက=အနီးနေ

တပည့်။ ၄—ဒိန္နက=မိဘရင်းတို့ ပေးအပ်သော မွေးစားသား။ ဤနေရာ၌ အတ္တဇကို ယူပါ။ ဘာ့ကြောင့်နည်း။ ထိုအတ္တဇသားနှင့် တူသည့်အတွက် အရိယာပုဂ္ဂိုလ်တို့ကို ''ဩရသ''ဟု ဆိုထိုက်သောကြောင့်တည်း။

**တူပုံ။** ။လူတို့၏ ရင်၌ဖြစ်သော သားတို့သည် မိမိမှဖြစ်သောကြောင့် အဖ ပိုင်ဆိုင်သော အမွေဥစ္စာကို ရခြင်းငှာ ထိုက်သကဲ့သို့ ဤနည်းအတူ သံဃာတော်အပေါင်းတို့သည်လည်း တရားတော်ကို ကြားနာခြင်း၏ အဆုံး၌ အရိယာဇာတ်ဖြစ်သောကြောင့် မြတ်စွာဘုရား၏ ဥစ္စာဖြစ်သော ဝိမုတ္တိချမ်းသာ ဓမ္မရတနာဟူသော အမွေကို ရထိုက်သည်။ (ဤအလို သဒိသူပစာအားဖြင့် ဩရသအမည်ရသည်။) တနည်း—ဘုရားရှင်၏ ဓမ္မဒေသနာ အာနုဘော်ကြောင့် အရိယာဘူမိသို့ သက်ရောက်ဆဲ သက်ရောက်ပြီးသော အရိယာ သာဝကတို့ သည် ဘုရားရှင်၏ ရင်၌ လုံ့လသည် ဖြစ်စေအပ်သော သားဖြစ်သောကြောင့် သဒိသူပစာမကြံပဲ မုချအားဖြင့်သာလျှင် ဩရသ အမည်ရသည်။

**သာဝကဟော၍ အရိယာဖြစ်သော်လည်း သုဂတဩရသပင်။** ။အရှင်သာရိ ပုတ္တရာ စသော သာဝကတို့သည် ဟောတော်မူအပ်သော တရားတော်ကိုလည်း ဘုရားရှင်လျှင် အရင်းခံရှိသောကြောင့် လည်းကောင်း၊ လက္ခဏာစသည်အားဖြင့် ထူးထွေ ကွဲပြားမှု မရှိသောကြောင့်လည်းကောင်း၊ ဘုရားရှင်၏တရားတော်ဟု ဆိုထိုက် သောကြောင့် သာဝကများ ဟောအပ်သောတရားကို နာရ၍ အရိယာဖြစ် သော်လည်း ''သုဂတဩရသ''ပင် ဖြစ်ပါသည်။

**သားတော်အမည်ရ။** ။အရိယာတို့သည်တရားတော်အစဉ် သုတ်သင်ခြင်းဖြင့် လည်းကောင်း၊ တရားတော်အားလျော်သော အကျင့် မြတ်ဖြင့် စိတ်တော်ကို နှစ်သက်စေခြင်းဖြင့်လည်းကောင်း သားနှင့်တူသော ကြောင့် ဘုရားရှင်၏ သားတော်မည်၏။

**မာရသေနမထနာနံ။** ။အရိယာသာဝကတို့၏ မဂ်ကို ရရာအခါ၌ ဘုရားရှင် မှာကဲ့သို့ မဂ်ရခြင်းကို အန္တရာယ်ပြုခြင်းငှာ ဒေဝ ပုတ္တမာရ် မာရ်မင်း၏ စစ်ဘပ်တို့ မနှောင့်ယှက်ကြသော်လည်း နှောင့်ယှက် ခြိမ်းခြောက်နိုင်ခြင်း၏ အကြောင်း ကိလေသာကို ဖျက်ဆီးအပ်ပြီးသော ကြောင့် ''မာရသေနမထနာနံ''ဟု သောမနာပြုရပါသည်။ နှောင့်ယှက် ခြိမ်းခြောက်နိုင်ခြင်း၏ အကြောင်းဖြစ်သော သံကိလေသတို့ကို ဖျက်ဆီးအပ် ပြီးလျှင် ဒေဝပုတ္တမာရ် မာရ်မင်း၏ စစ်တပ်တို့ကိုလည်း ဖျက်ဆီးအပ်ပြီးဖြစ် တော့၏-ဟူလို။

တနည်း—ခန္ဓမာရ် အဘိသင်္ခါရမာရ်ကဲ့သို့ ဒေဝပုတ္တမာရ်က ဂုဏ်ကို ဖျက်ဆီးရာ၌ အပေါင်းအဖော်၏ အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်—ကိလေသာအပေါင်းကို ဤနေရာ၌ "မာရသေန"ဟု ဆိုသည်။ ထို့ကြောင့် ကိလေသာကုန်ပြီးသော အရိယာသံဃာကို "မာရသေန မသနာနံ" ဟု ထောမနာမှု ပြုနိုင်ပါသည်။

မာရ်မင်းစစ်တပ် ဖျက်ဆီးပုံ။ ။တထောင့်ငါးရာ အပြားရှိသော (အဆုံးအပိုင်းအခြားမရှိ များပြားသော) ကိလေသာစစ်တပ်ကို အရိယာသာဝကတို့သည် သတိ၊ ဓမ္မဝိစယ၊ ဝီရိယ၊ သမထ အစရှိသော လက်နက်တို့ဖြင့် ဖျက်ဆီးကြပါသည်။

တနည်း—ခန္ဓ အဘိသင်္ခါရ မစ္စု ဒေဝပုတ္တ မာရ်များကိုလည်းကောင်း၊ ထိုမာရ်များ၏ အဖော်၏ အဖြစ်သို့ ကပ်ရောက်သောကြောင့် စစ်တပ်ဟု ဆိုအပ်သော ကိလေသမာရ်ကို လည်းကောင်း ဖျက်ဆီးတတ်သောကြောင့် "မာရသေန မထန"ဟု အနက်ယူပါ။ ဤသို့ယူသော် မာရ်ငါးပါးကို ဖျက်ဆီးသောအားဖြင့် အနက်ပြည့်စုံသွားမည်။ ချဲ့ဦးအံ့။ (က) အရိယာတို့သည်လည်း သမုဒယပဟာန ပရိညာ၏ အစွမ်းဖြင့် ခန္ဓမာရ်ကို၊ (ခ) အဖော်ကို ချိုတဲ့အောင် ပြုသောအားဖြင့်လည်းကောင်း၊ လုံးဝ မဖြစ်အောင် ပြုသောအားဖြင့်လည်းကောင်း အဘိသင်္ခါရမာရ်ကို၊ (ဂ-ဃ) စစ်တပ်ကိုဖျက်ဆီးခြင်း၊ နယ်မြေကို ကျော်လွန်ခြင်းတို့၏ အစွမ်းဖြင့် မစ္စုမာရ်နှင့် ဒေဝပုတ္တမာရ်ကို၊ (င) သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့် လုံးဝမဖြစ်အောင် ပြုသောအားဖြင့် ကိလေသမာရ်ကို ဖျက်ဆီးကြသည်။ ဤပါဠိဖြင့် သံဃာတော်များ၏ သြရသပုတ္တ ဖြစ်ခြင်း၌ အကြောင်းကို လည်းကောင်း၊ အနုဇာတ သားတော်များ၏ အဖြစ်ကို လည်းကောင်း ပြသည်။ မှန်၏။ မာရ်စစ်တပ်ကို ဖျက်ဆီးနိုင်သောကြောင့် အရိယာများသည် ဘုရားရှင်၏ သြရသ သားတော် အနုဇာတ သားတော်များ ဖြစ်ကြသည်။

အဋ္ဌန္နံ၊ ။ထိုထိုအပြားအားဖြင့် အသိန်းမက များစွာသော အရိယာ သံဃာတော်တို့ ရှိကြပါသော်လည်း အရိယာအဖြစ်ကို ပြုတတ်သော မဂ်ဖိုလ်တို့၏ အပြားအားဖြင့် ဤအပိုင်းအခြားကို မလွန်မြောက်နိုင်သောကြောင့် မဂ္ဂဋ္ဌ ဖလဋ္ဌအဖြစ်ကို မလွန်မြောက်နိုင်သောကြောင့် "အဋ္ဌန္နံ"ဟု ဆိုရပါသည်။

အဋ္ဌန္နမ္ပိ သမူဟံ။ ။အစိတ်ကိုစွဲ၍ အပေါင်းကို ဆိုထိုက်ရကား အစိတ်မှလွတ်သော အပေါင်းဟူသည် မရှိပါသော်လည်း မသိအပ်သော အပေါင်းကို သိအပ်သော အပေါင်းဖြင့် အထူးပြုခြင်းငှာ ထိုက်သော

ကြောင့် "အဌနိမ္မိ သမူဟ"ဟု ဆိုပါသည်။ ဤအဋ္ဌနိမ္မိသမူဟပုဒ်ဖြင့် "အရိယသံဃ" ၌ အပေါင်းဟူသည် အမှတ်မထား တပါးပါးသော သဏ္ဌာန် စသည်တူမှုကို အကြောင်းပြု၍ ပေါင်းသော အပေါင်းလည်း မဟုတ်၊ ကာယသာမဂ္ဂီအပေါင်းလည်းမဟုတ်။ စင်စစ်မူကား မဂ္ဂဋ္ဌ ဖလဋ္ဌအဖြစ်ဖြင့် ပေါင်းသည်ဟု ပြသည်။

**သံဃပဏာမဋ္ဌသာ သိရသာပုဒ် ပါရခြင်းအကြောင်း။** ။ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ အခါမှ နောက်ကာလ၌ ဘုရားရတနာ တရားရတနာကို ကောင်းစွာ သိရခြင်းသည် သံဃာရတနာနှင့်သာ စပ်၍ သိရသောကြောင့် အရိယာသံဃာ၏ ကျေးဇူးများသည်၏ အဖြစ်ကို ပြခြင်းငှာ ဤသံဃပဏာမဋ္ဌသာ "သိရသာ ဝန္ဒေ" ထူးခြားစွာ ဆိုပါသည်။

**ရတန၏ လုံးကောက် အဓိပ္ပာယ်။** ။ရ = သာဓုနန္ဒ ရမနတော၊
တ = သံသာရဏ္ဏဝါ စ တရဏတော၊
န = သုဂတိ နိဗ္ဗာနဋ္ဌ နယနတော
"ရတနံ" (ကောက်ခွရနည်း)။

**ဝန္ဒနံ၊** ။ကိုယ် နှုတ် စိတ်တို့ဖြင့် ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့၌ ကိုင်းညွတ်ခြင်းတည်း။တနည်း—ချီးမွမ်းခြင်းတည်း။ တနည်း—ရတနာသုံးပါးကို ရှိခိုးပူဇော်ကြောင်း စေတနာအား သဟဇာတ ပစ္စယသတ္တိ အစရှိသည်ဖြင့် ကျေးဇူးပြုသော သဒ္ဓါ၊ပညာ၊ သတိ၊ဝီရိယ အစရှိသော သမ္ပယုတ်တရားတို့ကို ဝန္ဒနာဟု ဆိုသည်။

**အာနုဘာဝေန၌ အာနုဘာဝသရုပ်။**

တေဇော ဉဿာဟမန္တာ စ၊ ပဘူ သတ္တီဟိ ပဉ္စမေ။
အာနုဘာဝေါတိ ဝုစ္စတိ၊ ပဘာဝေါ တိ စ တေ ဝဒေ။

ဤ၌ သတ္တိအနက်ဟောတည်း။

**ဒီဃသုတ္တင်္ကိတဿ။** ။သုတ်တို့သည်ပင် အာဂမ မည်၍ အာဂမကို သုတ်တို့ဖြင့် အဘယ်သို့လျှင်မှတ်အပ်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား–ပရမတ္ထအားဖြင့် မဖြစ်သင့်သော်လည်း ပညတ်အားဖြင့် သုတ်တို့ကို ထောက်၍ အာဂမအဖြစ်ကို ပညတ်အပ်သောကြောင့် "ဒီဃသုတ္တင်္ကိတဿ" ဟု ဆိုနိုင်ပါသည်။ အနက်သဒ္ဒါတို့၏ အပေါင်းကို သုတ်ဟု ခေါ်ဝေါ်သကဲ့သို့ သုတ်အပေါင်းကိုလည်း အာဂမ ဟု ခေါ်ဝေါ်သည် ဟူလို။

**သဒ္ဓါဝဟဂုဏာယံ။** ။အလုံးစုံသော ဘုရားဟောပိဋကတ်သုံးပုံသည် သဒ္ဓါဝဟ ဂုဏ်ရှိပါသော်လည်း ဤဒီဃနိကာယ်သည် အလွန်အကဲ အားဖြင့် ထိုသဒ္ဓါတရားကို ဆောင်နိုင်သော ဂုဏ်နှင့် ပြည့်စုံသောကြောင့် သဒ္ဓါဝဟ ဂုဏာယ ဟု ဆိုသည်။ချဲ့ဦးအံ့။ဤ ဒီဃနိကာယ်သည် ဗြဟ္မဇာလသုတ် အစရှိသည်တို့၌ သီလ ဒိဋ္ဌိ စသည်တို့ကို အကြွင်းမဲ့ ညွှန်ပြခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ သုတ်မဟာဝဂ္ဂ မဟာပဒါနသုတ် အစရှိသည်တို့၌ ရှေးဘုရားရှင်တို့၏ ဂုဏ်ကို ညွှန်ပြခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ပါထိကသုတ် အစရှိသည်တို့၌ တိတ္ထိတို့ကို နှိမ်နင်း၍ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့ မတွန်းလှန်နိုင်သော သီဟနာဒကို မိန့်တော်မူခြင်း စသည်၏ အစွမ်းဖြင့်လည်းကောင်း၊ အနုတ္တရိယသုတ် စသည်တို့၌ အထူးအားဖြင့် ဘုရားရှင်၏ဂုဏ်ကို ထင်စွာ ပြခြင်းဖြင့် လည်းကောင်း ရဟနာသုံးပါးအပေါ်၌ အလွန်အကဲ ထူးခြားစွာ သဒ္ဓါတရားကို ဆောင်နိုင်ပါသည်။

**အာဂမဝရဿ။** ။အတ္တတ္ထ ပရတ္ထ စသည်တို့၏ လာရောက်ရာ လာရောက်ကြောင်း ဖြစ်သောကြောင့် အာဂမ မည်၏။ ထိုအာဂမသည် မြတ်သော အနက်သဘောကြောင့် လည်းကောင်း၊ တောင့်တအပ်သော အနက်သဘောရှိသောကြောင့်လည်းကောင်း ဝရလည်း မည်၏။

တနည်း– အာဂမ ဟု သမုတ်အပ်ကုန်သော သာသနာပ ဆရာတို့သည် ဟောကြားအပ်သော ဘာရတပုရာဏ်ကျမ်း၊ နရသီဟပုရာဏ်ကျမ်း အစရှိသည်တို့ထက် မြတ်သောကြောင့် ဝရ ဟု ဆိုရပါသည်။

**အတ္ထပကာသနတ္ထံ၌ အတ္ထသရုပ် ကိုးပါး။** ။၁–ပါဠတ္ထ၊ ၂–သဘာဝတ္ထ၊ ၃–ဥဒ္ဒေသျတ္ထ၊ ၄–ပါဠာနုရူပတ္ထ၊ ၅–တဒနုရူပတ္ထ၊ ၆–သာဝသေသတ္ထ၊ ၇–နိရဝသေသတ္ထ၊ ၈–နီတတ္ထ၊ ၉–နေယျတ္ထ။

**အဋ္ဌကထာ။** ။တထာနံ ဋ္ဌ ယုဂံ- (သဒ္ဒနီတိ)

**အဋ္ဌကထာ အမည်ရပုံ။** ။ယာယတ္ထော ဘိဝဏ္ဏန္တိ၊ ဗျဉ္ဇနတ္ထပဒါနုဂံ။
နိဒါနဝတ္ထုသမ္ဗန္ဓံ၊ သော အဋ္ဌကထာ မတာ။

**ဝသိနော။** ။အဘိညာဉ် ခြောက်ပါး ရှိသည့်အတွက် လွန်မြတ်သော စိတ္တဝသီဘော်နှင့် ပြည့်စုံသောကြောင့် လည်းကောင်း၊ ဈာန် အစရှိသည်တို့၌ ငါးပါးသော ဝသီဘော်တို့ ရှိခြင်းကြောင့် လည်းကောင်း ဝသီ အမည်ရတော်မူကြသည်။

**သံဝဏ္ဏနာ။** ။အတ္ထသံဝဏ္ဏနာ၊ ဂုဏသံဝဏ္ဏနာ။

**မဟာမဟိန္ဒ။** ။များစွာ အစိုးရသည်၏ အဖြစ်ကြောင့် မဟိန္ဒမည်၍ နောက်ကာလ၌ ဂုဏ်အားဖြင့် မြင့်မြတ်သည်၏ အဖြစ်ကြောင့် မဟာမဟိန္ဒမည်ပါသည်။ မဟိန္ဒသည် မင်းသား၏ နာမည်ဖြစ်၍ မဟာမဟိန္ဒကား ရဟန္တာ၏ ဘွဲ့တော်ဖြစ်ပါသည်။

**သီဟဠဘာသာ။** ။များစွာသော အက္ခရာတို့ဖြင့် တခုသောအနက်ကို ခေါ်ဆိုရသောကြောင့် အခြားသူတို့ ခေါ်ဝေါ်ပြောဆိုဖို့ရာ အလွန်ခဲယဉ်းသော ချပ်ဝက်သင်တိုင်းနှင့် တူသော သီဟိုဠ်ကျွန်းသား တို့၏ ကောင်းစွာလေ့ကျက်ပြောဆိုအပ်သော စကားတည်း။

**ဝိဂတဒေါသံ။** ။သဘာဝနိရုတ္တိ မဟုတ်သော ဘာသန္တရတို့နှင့် ရောနှောခြင်းဟူသော အပြစ်မှ ကင်းသောကြောင့် ဝိဂတဒေါသမည်ပါသည်၊ ဤပါဌ်ဖြင့် သဒ္ဒဒေါသ မရှိကြောင်းကိုပြဆိုသည်။ အတ္ထဒေါသ မရှိကြောင်းကိုကား သမယံ အဝိလောမေန္တောဖြင့် ပြပါသည်။

**ထေရ-ဟူသည်။** ။ခိုင်မြဲကုန်သော သီလ သုတ ဈာန ဝိမုတ္တိဟု ဆိုအပ်သော ဂုဏ်တို့နှင့်ပြည့်စုံသောကြောင့် "ထေရ"ဟုခေါ်သည်။

**တနည်း—**သစ္စာတရား အစရှိကုန်သော ခိုင်မြဲအောင် ပြုတတ်ကုန်သော တရားစစ်တို့နှင့် ပြည့်စုံသောကြောင့် ထေရမည်ပါသည်။

**ထေရဝံသပဒီပါနံ။** ။အရှင်မဟာကဿပမထေရ် စသည်တို့မှ လာသော ဆရာစဉ်ဆက်သည် ထေရဝံသမည်၏။ထိုထေရဝံသ၌ အကျုံးဝင်သည်ဖြစ်၍ အာဂမ အဓိဂမတို့နှင့် ပြည့်စုံသောကြောင့် ပညာရောင်ဖြင့် ထိုထေရဝံသကို တောက်ပစေနိုင်ရကား မီးရှူးနှင့် တူကြပါသည်။

**သုဇနဿ စ။** ။သမုစ္စယတ္ထ စသဒ္ဒါဖြင့် ဇမ္ဗူဒိပ်ကျွန်းသားတို့၏ အကျိုးကိုသာမက သူတော်ကောင်းတို့၏ နှစ်သက်ခြင်း အကျိုးလည်းဖြစ်သည်ဟု ဆည်းပါ။ ထို့ကြောင့်ပင် သီဟိုဠ် ကျွန်းသားတို့၏ အကျိုးလည်း ဖြစ်၏ဟူသော အနက်သည် ပြီးစီးပြီးဖြစ်တော့၏။ ဘာ့ကြောင့်နည်း။သင်ယူမှုစသည် လွယ်ကူသည့်အတွက် ထို သီဟိုဠ်ကျွန်းသားတို့အားလည်း ကျေးဇူးကြောင့်တည်း။

**စိရဋ္ဌိတတ္ထဉ္စ ဓမ္မဿ။** ။ပရိယတ္တိဓမ္မဟူသည် ကောင်းစွာ ထားအပ်သော ပုဒ်ဗျည်းကြောင့် လည်းကောင်း၊ ထိုပုဒ်ဗျည်းတို့၏ အနက်ကြောင့်လည်းကောင်း ကြာမြင့်စွာ တည်တံ့ရှိးရှိပါသည်။ အဖွင့် သံဝဏ္ဏနာဖြင့် ပုဒ်ဗျည်းကို ဖောက်ပြန်မှုမရှိ ကောင်းစွာ ထားအပ်၏။ ထိုပုဒ်ဗျည်း၏ အနက်ကိုလည်း ဖောက်ပြန်မှုမရှိ ကောင်းစွာ ထားအပ်၏။ ထို့ကြောင့် သံဝဏ္ဏနာ၏ ဖောက်ပြန်မှုမရှိသော ပုဒ်ဗျည်း၏လည်းကောင်း၊ ကောင်းစွာ ထားအပ်သော ထိုပုဒ်ဗျည်းအနက်၏လည်းကောင်း အကြောင်း ဖြစ်ခြင်းကိုစွဲ၍ "စိရဋ္ဌိတတ္ထဉ္စ ဓမ္မဿ" ဟု ဆိုပါသည်။(ဤ၌ စ-ဖြင့် အထက် ၂-ကျိုးသာမက သာသနာတော် သုံးရပ်၏၊ တနည်း—ပရိယတ္တိသာသနာ ၏ အနှစ်ငါးထောင် ကာလကြာအောင် တည်ခြင်း အကျိုးလည်းရှိ၏-ဟု ဆည်းပါ။)

**ကမ္မဋ္ဌာနိစေဝ သဗ္ဗာနိ-၌ သဗ္ဗာနိ ဆိုရပုံ။** ။ပါဠိတော်၌ လာသော ကမ္မဋ္ဌာန်း ၃၈-ပါး သာမက အဋ္ဌကထာ၌ လာသော ကမ္မဋ္ဌာန်း၂-ပါးကို ထည့်၍ ၄၀-ဟု သိစေလိုသောကြောင့် "သဗ္ဗာနိ"ဟု ဆိုထားပါသည်။ကမ္မဋ္ဌာနဟူသည် ဘာဝနာဟု ဆိုအပ်သော အားထုတ်မှု၏ ဖြစ်ရာဖြစ်သောကြောင့် ကမ္မဋ္ဌာန်းမည်သော တရားသဘော တည်း။

**ဈာန်နှင့် သမာပတ်အထူး။** ။ရူပါဝစရဈာန်ကို ဈာန်-ဟု ခေါ်၍ အရူပါဝစရဈာန်ကို သမာပတ်ဟုခေါ်ပါသည်။ တနည်း—ရခါမျှဖြစ်သော ရူပါဝစရ၊ အရူပါဝစရဈာန်နှစ်မျိုးကို ဈာနအရ ယူ၍ သမာပဇ္ဇနဝသီဘော်သို့ရောက်သော ထိုရူပါဝစရ၊ အရူပါဝစရဈာန် နှစ်မျိုးကို သမာပတ္တိ အရယူပါ။ တနည်း—ရခါမျှဖြစ်ဖြစ်၊ ဝသီဘော်ရောက် ဖြစ်ဖြစ် ထိုရူပါဝစရ-အရူပါဝစရဈာန်နှစ်မျိုးသည် ဈာနသာမည်၍ ဖလ သမာပတ် နိရောဓသမာပတ်တို့သာ သမာပတ္တိမည်၏။

**သဗ္ဗာ စ အဘိညာယော။** ။လောကီ လောကုတ္တရာ အဘိညာဉ် ၆-ပါးလုံး တို့ကို ယူခြင်းအကျိုးငှာ သဗ္ဗာ စ အဘိညာယော ဟု မိန့်သည်။

**အရိယာနိ သစ္စာနိ။** ။ဘုရားစသော အရိယာများတို့သည် ထိုးထွင်း၍ သိအပ် သောကြောင့် အရိယ။ တနည်း—အရိယာ အဖြစ်ကို ပြုတတ်သောကြောင့် အရိယ။

**ပစ္စယာကာရ။** ။ဟေတု အစရှိသော ပစ္စည်းတရားတို့၏ ဟေတုပစ္စယသတ္တိ အစရှိသည်၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူး ပြုခြင်းသည် ပစ္စယာကာရ။

**သုပရိသုဒ္ဓနိပုဏနယာ။** ။ထိုပဋ္ဌာနသမုဒ္ဒါန်ကထာသည် နိကာယ်တပါးအယူနှင့် ရောယှက်ခြင်းမှ ကင်းသောကြောင့် သုပရိသုဒ္ဓ။ ဃနဝိနိဗ္ဘောဂကို ခဲယဉ်းစွာ ပြုအပ်သောကြောင့် နိပုဏ။ ကေတ္တအစရှိသော နည်းနှင့် တကွဖြစ်သောကြောင့် နယ။

**အဝိမုတ္တတန္တိ မဂ္ဂေါ။** ။ပဋိသမ္ဘိဒါစသည်တို့၌ လာသောနည်းကို မစွန့်မူ၍သာ စီရင်အပ်သောကြောင့် ပါဠိနည်းမှ မလွတ်ပါ။ မဂ္ဂဟူသည် ပါဠိပင်ဖြစ်သည်။ ထိုပါဠိတော်သည် တိုထိုအနက်တို့ကို သိခြင်း၏၊ တနည်း—သစ္စာကို ထိုးထွင်း၍ သိခြင်း၏အကြောင်းဖြစ်သောကြောင့် မဂ္ဂမည်၏။

**သုပရိသုဒ္ဓံ။** ။ပုဒ်အနက်တို့၏ ရောယှက်ရှုပ်ထွေးခြင်း ဆိုထိုက်သော စကားကို မဆိုပဲ ကြွင်းကျန်ခြင်းများ မရှိရကား သိလွယ်သောကြောင့် သုပရိသုဒ္ဓ။

**မဇ္ဈေဠှတွာ။** ။ဤ မဇ္ဈေ ဌတွာဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းသည် သုမင်္ဂလဝိလာသိနီ အစရှိသောအဋ္ဌကထာတို့ကဲ့သို့ အသာခါရဏအဋ္ဌကထာမဟုတ်၊ မဇ္ဈတ္တအဖြစ်ကိုပြုခြင်းဖြင့် အထူးအားဖြင့် နိကာယ်ကြီး၄-ခုတို့နှင့် ဆက်ဆံသော "အဋ္ဌကထာ"ဟူ၍ပြသည်။ သို့သော် သာမညအားဖြင့် ဝိနည်း အဘိဓမ္မာတို့နှင့်လည်း ထိုက်သည် အားလျော်စွာ ဆက်ဆံသော အဋ္ဌကထာပင်ဖြစ်သည်။ ထိုဝိနည်းအဘိဓမ္မာတို့နှင့် ရောနှောသောကြောင့် ထိုဝိနည်း အဘိဓမ္မာတို့မှ ကြွင်းသော ခုဒ္ဒကနိကာယ်နှင့် အထူးအားဖြင့် ဆက်ဆံပါသော်လည်း ခုဒ္ဒကနိကာယ်ကိုထား၍ ကျန်နိကာယ် ၄-ခုတို့နှင့်သာ ဆက်ဆံသည်ဟူ ဆိုပါသည်။

ဂန္ထာရမ္ဘကထာ ပြီးပါပြီ။

*

## နိဒါနကထာ

ဒိယံနိကာယ်ကို ရှေးဦးစွာ သံဂါယနာတင်။ ။သဒ္ဒါတရားကို ဆောင်နိုင်သော ဂုဏ်ရှိ သော ကြောင့်တည်း။[သဒ္ဒါ ဟိ ကုသလဓမ္မာနံ ဗီဇံ]

သီလက္ခန္ဓဝဂ်ကို ရှေးဦးစွာ သံဂါယနာတင်။ ။သီလကထာ များ သော ကြောင့် သီလက္ခန္ဓ ဝဂ်ကို ရှေးဦးစွာ သံဂါယနာတင်သည်။ [သီလဉ္စိ သာသနဿ အာဒိ သီလပတိဋ္ဌာနတ္တာ သဗ္ဗဂုဏာနံ။]

ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သံဂါယနာတင်ရကြောင်း။ ။သုတ္တန်ပိဋကတ်သည် ဒိဋ္ဌိဝိနိဝေဌနကထာဖြစ်သောကြောင့် အကြွင်းမဲ့ ဒိဋ္ဌိတို့ကို ဝေဖန်ရာ ဖြစ်သော ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ သံဂါယနာတင်ပါသည်။

နိဒါန်း။ ။ပဌမသံဂါယနာတင်ရာ၌ အရှင်မဟာကဿပမထေရ်၏ အမေးကို ခံရသော အရှင်အာနန္ဒာသည် ဒေသ ကာလစသည်ကို ပြခြင်းငှာ ရှေးဦးစွာ ထားသည်။

### ပဌမ မဟာသင်္ဂီတိ ကထာအဖွင့်

ဓမ္မစက္က ပဝတ္တနဉ္စ အာဒိံ ကတွာ။ ။သတ္တဝါတို့ အတွက် ဒဿနာနုတ္တရိယ သရဏဂုံ အစရှိသည်တို့ကို ရခြင်း၏ အကြောင်းဖြစ်သော မြတ်စွာဘုရား၏ အခြားသော ကိစ္စတို့ ရှိသော်လည်း "ဗုဒ္ဓေါ ဗောဓေယျံ" ဟူသော ပဋိညာဉ်အား လျော်သောအားဖြင့် ဝေနေယျတို့၏ မဂ်ဖိုလ် ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပြုဖွယ်ကိစ္စတို့သာ မှူးချုံအားဖြင့် ဗုဒ္ဓကိစ္စ မည်သောကြောင့် ထိုဗုဒ္ဓကိစ္စကို သရုပ်အားဖြင့် ပြခြင်းငှာ "ဓမ္မစက္ကပဝတ္တနဉ္စ အာဒိံ ကတွာ" စသည်ကို ဆိုသည်။ တပုဿ ဘလ္လိကတို့အား သရဏဂုံ ပေးခြင်းကဲ့သို့ ဓမ္မစကြာ မဟောခင် ရှေးအဖို့၌ ဘုရားရှင်

ပေါ်သော စကားတော်သည် ဝါသနာဘာဂိယသာဖြစ်၍ မုချ ဗုဒ္ဓကိစ္စမဟုတ် ဟူလို။

**ဓမ္မစက္ကပဝတ္တန**။ ။လည်ပတ်သော အနက်သဘောကြောင့် သဒ္ဒါနည်း အစ ရှိသော တရားတို့ကို ဓမ္မစက္က အရယူပါ။ ပဝတ္တနသည် ၁—ပဝတ္တယမာန၊ ၂—ပဝတ္တိတ ဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ဓမ္မစက္က ပဝတ္တန သုတ်ကို ဟောတော်မူနေစဉ် ဓမ္မစကြာသည် "ပဝတ္တတိ" မည်၍ အညာသိ ကောဏ္ဍညထေရ်၏ မဂ်ဖိုလ် ရအပ်သည်မှစ၍ "ပဝတ္တိတ" မည်၏။

**ကတဗုဒ္ဓကိစ္စေ**။ ။ဤပါဠိဖြင့် ဘုရားပြုထိုက်သော ကိစ္စ တစုံတခုမျှ မကြွင်းကျန် (မရှိတော့)သည်၏ အဖြစ်ကို ပြသည်။ မရှိခြင်းကြောင့်သာလျှင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုသည် ဟူလို။ သာဝကဘာသိတ သုတ်ကို ဗုဒ္ဓဘာသိတသုတ်ဟု ဆိုအပ်သောကြောင့် သာဝကဝိနီတဝေနေယျ လည်း ဘဂဝတာ ဝိနီတဝေနေယျ မည်သည်သာဖြစ်၍ သာဝက ဆုံးမထိုက် သော ဝေနေယျတို့ကို မဆုံးမရသေး၍ ကတဗုဒ္ဓကိစ္စ မဆိုသင့်ဟု ထင်စရာရှိ သော်လည်း သာဝကတို့ကို ဆုံးမရန် နည်းကို သာဝကတို့၌ တည်စေအပ် ပြီးသောကြောင့် ကတဗုဒ္ဓကိစ္စပင် ဖြစ်သည်။

**ကုသိနာရာယံ စသည် ဆိုရကျိုး**။ ။ကုသိနာရာယံ စသည်ဖြင့် ဘုရားရှင် ပရိနိဗ္ဗာန်စံရာအရပ် အခါ အထူးကို ဆိုသော စကားသည် "ဘုရားရှင် ပရိနိဗ္ဗာန် မစံသေး"ဟူသော အယူ၏ မှားသည်၏ အဖြစ်ကို ပြရကျိုး၊ လောက၌ ဖွားသည်၏အဖြစ် ကြီးသည်၏အဖြစ်ကို ပြရခြင်းအကျိုးရှိ၏။ ထို့ကြောင့်သာလျှင် ဘုရားလောင်းတို့သည် နောက်ဆုံး ဘဝ၌ လူ့အဖြစ်ကို အလွန်ထင်ရှားစွာ ပြုခြင်းအကျိုးငှာ မယားယူခြင်း အစ ရှိသည်တို့ကိုလည်း ပြုကြကုန်၏။

**ဥပဝတ္တန**။ ။ထူပါရုံသည် အနုရာဓမြို့၏ အနောက်တောင်ထောင့်မှာရှိ၍ ထူပါရုံမှ တောင်ဘက်တံခါးဖြင့် မြို့သို့ ဝင်သောလမ်းသည် အရှေ့အရပ်သို့ ရှေးရှုသွားပြီးနောက် မြောက်အရပ်မှ ကွေ့၍ ဝင်ရသကဲ့သို့ အင်ကြင်း ဥယျာဉ်သည် ကုသိနာရုံမြို့၏ အနောက်တောင်ထောင့် အရပ်မှာ ရှိသည်။ ဥယျာဉ်မှ အင်ကြင်းပင် အစဉ်သည် အရှေ့သို့ ရှေးရှုသွား၍ မြောက် အရပ်မှ ကွေ့ရသောကြောင့် "ဥပဝတ္တန"၊ အပရဆရာ တို့ကား—အင်ကြင်း ဥယျာဉ်သို့ ရောက်၍ မိတ်ဆွေတို့ကို ကြည့်၍ ပြန်နစ်ရသောကြောင့် ဥပဝတ္တန မည်၏ဟု ဆိုကြသေး၏။ [တဋ္ဌိ သာလဝနံ နဂရံ ပဝိသိတုကာမာ ဥယျာနတော ဥပစ္စ ဝတ္တန္တိ ဂစ္ဆန္တိ ဧတေနာတိ ဥပဝတ္တနံ။ (ဥပစ္စ=ကွေ့၍) ]

**ယမကသာလာနမန္တရေ။** ။ဘုရားရှင်အတွက် ခင်းထားအပ်သော ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်း၏ ဦးခေါင်းတော်ထားရာ အရပ်၌ အင်ကြင်းပင် အစဉ်တခု ခြေတော်ရင်း၌ တခုရှိသည်။ ထိုအင်ကြင်းအစဉ်များထည်းမှာ နုပျိုသော အင်ကြင်းပင် တပင်သည် ဦးခေါင်း ထားရာနှင့် နီးကပ်စွာရှိ၍ ခြေရင်း၌လည်း တပင်ရှိသည်။ ထို့ကြောင့် "ယမကသာလာနမန္တရေ" ဟု ဆိုသည်၊

**အနုပါဒိသေသ။** ။ကိလေသမာရ် အဘိသင်္ခါရမာရ် တို့ကို နှိမ်နှင်းရာ၌ ဝိပါကက္ခန္ဓာ ကဋတ္တာရုပ်တို့ကို မစွန့်လွှတ်အပ်သေးသော ကြောင့် ဥပါဒိသေသ။ ဤနေရာ၌ ခန္ဓမာရ် အဘိသင်္ခါရမာရ်တို့ကို နှိမ်နှင်းရာ၌ ဝိပါကက္ခန္ဓာ ကဋတ္တာရုပ်တို့ကို အကြွင်းအကျန်မရှိ စွန့်လွှတ်အပ်သော ကြောင့် အနုပါဒိသေသ၊ နိဗ္ဗာနဓာတ်အရ ငြိမ်းခြင်းမျှကို ယူပါ။

**ဓာတုဘာဇနဒိဝသေ။** ။နယုန်လဆန်း ၅—ရက်နေ့၌ ဤ ဓာတုဘာဇနဒိဝသေသည် သန္နိပတိတာနံ၏ ဝိသေသန မဟုတ်ပါ။ ဘိက္ခူနံ ဥဿာဟံ ဇနေသိ၏ ဝိသေသန ဖြစ်သည်။ ဘာ့ကြောင့်နည်း။ ဓာတ်တော်ဝေဖန်ရာနေ့ မတိုင်မီကပင် ရဟန်းတော်များတော်စုဝေးကြသော ကြောင့်တည်း။ တနည်း—သန္နိပတိတာနံကို ကာယသာမဂ္ဂီ အစွမ်းဖြင့် စုဝေးခြင်းကိုသာ ရည်ရွယ်၍ ဆိုသည်။ ရောက်ခါမျှဖြင့် စုခြင်းကို ရည်ရွယ်၍ ဆိုသည် မဟုတ်။ ထို့ကြောင့် ဓာတုဘာဇနဒိဝသေသည် သန္နိပတိတာနံ၏ ဝိသေသန ဖြစ်သင့်သည်။

**သတ္တန္နံ ဘိက္ခုသတသဟဿာနံ။** ။သံဃာတွေရောက်၌ သံဃာသဒ္ဒါသည် မသိစေအပ်သော အတိုင်းအရှည်ကို သိစေခြင်းငှာ "သတ္တန္နံ ဘိက္ခုသတသဟဿာနံ"ကို ဆိုပါသည်။ သဒ္ဒဝိဒူတို့အလို နာမည်မျှဖြစ်သော သံဃာထေရကို အထူးပြုခြင်းငှာ ဆိုသည်။ ဤစကားကို ဂဏပါမောက္ခ ရဟန်းတို့ကိုသာ ရည်ရွယ်၍ ဆိုသည်။ မှန်၏။ ထိုအချိန်၌ စုဝေးမိသော သာမန် ရဟန်းများကား မရေတွက်နိုင်။

**မဟာကဿပေါ။** ။မဟန္တေဟိ သီလက္ခန္ဓာဒီဟိ သမန္နာဂတတ္တာ မဟန္တော ကဿပေါတိ မဟာကဿပေါ။ အပိစ-မဟာကဿပေါတိ ဥရုဝေလကဿပေါ နဒီကဿပေါ ဂယာကဿပေါ ကုမာရကဿပေါတိ ဣမေ ခုဒ္ဒါနုခုဒ္ဒကေ ထေရေ ဥပါဒါယ ဝုတ္တံ။

**အလံ မာသောစိတ္ထ-စသည်။** ။ဤစကားများသည် ဘုရားရှင် အပေါ်၌ ရန်ငြိုးကြောင့် သုဘဒ္ဒပြောသော စကားများဖြစ်သည်။

**အာယာ္မတဖြစ်ရကြောင်း ဝတ္ထု။** ။ဆတ္တာသည် ဖြစ်ဘူးသော တောထွက် ရဟန်းကြီး ဤသုဘဒ္ဒသည် (၁၂၅၀) သော ရဟန်းတို့နှင့်အတူ ကုသိနာရုံမြို့မှ ထွက်၍ ဘုရားရှင်အာတုမမြို့သို့ ကြွလာသော် "ဘုရားကြွလာ၏"ဟု ကြား၍ "ရောက်ရာအခါ ယာဂု အလှူ ပြုရအံ့"ဟု တွေးကာ သာမဏေဖြစ်သော သားနှစ်ယောက်တို့ကို "ချစ်သားတို့၊ များစွာသော ရဟန်းသံဃာ(၁၂၅၀)နှင့်အတူ မြတ်စွာဘုရား အာတုမမြို့သို့ ကြွလာတယ်။ ချစ်သားတို့၊သင်တို့သွားကြ၊ စလယ်တောင်းဖြင့်လည်းကောင်း၊ ချုပ်ဖြင့်လည်းကောင်း အိမ်စဉ်လှည့်လည်ပါ။ ဆံ ဆီ ဆား ခဲဖွယ် ဆောင်ပါချေ။ ကြွလာသော မြတ်စွာဘုရားအား ယာဂု လှူကြပါအံ့"ဟု ပြော၏။ ထိုသာမဏေတို့သည် ပြောသည့်အတိုင်း ပြုကုန်၏။ ထိုအခါ၌ ဘုရားရှင်သည် အာတုမမြို့သို့ ကြွ၍ ဘုသာဂါရသို့ ဝင်သော် သုဘဒ္ဒ တောထွက်ကြီးသည် ညနေအခါ၌ ရွာတံခါးသို့သွား၍ လူတို့ကို ခေါ်ကာ "ဟတ္ထကမ်မျှကို ငါ့အား ပေးကြ"ဟု ဟတ္ထကမ်ကိုတောင်း၍ "အရှင်ဘုရား ဘာလုပ်ရမည်နည်း"ဟု မေးလတ်သော် ဤသည် ဤသည်ကို ယူကြကုန်-ဟု အလုံးစုံသော အဆောက်အဦတို့ကို ယူစေ၍ ကျောင်း၌ ဖိုခနောက်တို့ကို ပြုလျက် သင်္ကန်းမဲ တခုကို ဝတ်သည်းဝတ်ရုံလည်း ရုံကာ "ဤအမှုကို ပြုပါ၊ ဤအမှုကို ပြုပါ"ဟု အလုံးစုံ ညဉ့်ပတ်လုံး စီစဉ်လျက် အသပြာတသိန်းကုန်၍ ဘောဇ္ဇယာဂုနှင့် မဓုဂေါဠကကိုလည်းကောင်း စီရင်စေသည်။

**ဘောဇ္ဇယာဂုဟူသည်။** ။ထောပတ် ပျား တင်လဲ ငါး အမဲ အပွင့်အသီး အရသာ အစရှိသော အလုံးစုံသော ခဲဖွယ်ပါဝင်သော စား၍လည်းရ၊ သောက်၍လည်းရသော ယာဂုတည်း။ ထိုယာဂုသည် ကစားလိုသူများ ဦးခေါင်း၌ လိမ်းနိုင်လောက်အောင် အလွန် အနံ့ကောင်းသည်။ ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစော၌ပင် ကိုယ်လက်သုတ်သင်မှုပြုပြီး၍ ရပ်နီး သံဃာများ ခြံရံလျက် ဆွမ်းအဘွက် လှည့်လည်ရန် အာတုမမြို့သို့ ရှေးရှု ကြွတော်မူသည်။ ထိုအခါ သုဘဒ္ဒအား "ဘုရား ဆွမ်း အကျိုးငှာ ရွာသို့ဝင်၏။ သင်သည် ဘယ်သူ့အတွက် ယာဂုစီရင်အပ်သနည်း" ဟု ပြောကြကုန်ပြီ။ သုဘဒ္ဒသည် သင်္ကန်းမဲကြီး ဝတ်ရုံလျက်ဖြင့် လက်တဘက်ဖြင့် ယောင်းမ ဇွန်းဘိုကို ကိုင်၍ ဗြဟ္မာကဲ့သို့ ပုဆစ်ဒူးဝန်းတို့ကို မြေ၌တည်စေကာ ရှိခိုးပြီးလျှင် "မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်၏ ယာဂုကို ခံတော်မူပါ"ဟု လျှောက်လေသည်။ လျှောက်ရာအခါမှ နောက်၌ ဇာနန္တာပိ တထာဂတာ ပုစ္ဆန္တိဟူသော ခန္ဓက၌ လာသောနည်းဖြင့် မြတ်စွာဘုရားမေးတော်မူသောအဖြေကို ကြားတော်မူသည့်အခါ တောထွက်ထိုသုဘဒ္ဒကို ကဲ့ရဲ့တော်မူ၍ ထိုဝတ္ထုကြောင့် အကပ္ပိယသမာဒါန သိက္ခာပုဒ်၊ ခုရဘဏ္ဍ

ပရိဟရဏသိက္ခာပုဒ် ၂-ခုကို ပညတ်၍ "ရဟန်းတို့၊ များစွာသော ကမ္ဘာကုဋေပတ်လုံး ဘောဇဉ်ကို ရှာမှီးလျက်သာလျှင် လွန်ခဲ့ကြကုန်ပြီ။ ဤယာဂုသည် သင်တို့အား မအင်။ မတရားသဖြင့် ဖြစ်သော ဤဘောဇဉ်ကို စားကြလျှင် များစွာသော အဘ္ဘဘော အထောင်တို့ပတ်လုံး အပါယ်တို့၌သာလျှင် ဖြစ်ကုန်လတံ့။ ဖဲကြကုန်၊ မခံယူကြကုန်လင့်"ဟု မိန့်တော်မူ၍ ဆွမ်းခံရွာသို့ ရှေးရှုကြွတော်မူသည်။ ရဟန်းတပါးသော်မှ ဘာမျှ မခံယူကြ။

သုဘဒ္ဒသည် စိတ်မချမ်းသာသည်ဖြစ်၍ "ဤဂေါတမသည် အလုံးစုံကို သိ၏"ဟုဆို၍ လှည့်လာ၏။ အကယ်၍ မခံယူလိုလျှင် တယောက်ယောက်ကို စေလွှတ်၍ ပြောကြားထိုက်သည်။ ကျက်ပြီး အစာမည်သည် အလွန်ကြာမြင့်စွာတည်လျှင် ၇-ရက်မျှ တည်ရာ၏။ ဤကား ငါတသက်လုံးစာ စီရင်ထားသည်။ အလုံးစုံကို ရဟန်း ဂေါတမ ဖျက်ဆီးအပ်ပြီ။ ဤဂေါတမသည် ငါ့ရှုံးပွားမဲ့ကို လိုလားသူပဲ"ဟု တွေး၍ ဘုရားရှင်အပေါ်၌ ရန်ငြိုးဖွဲ့၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဘာကိုမျှ ပြောဆိုခြင်းငှာ မစွမ်းနိုင်။

"ဤဂေါတမသည် မြင့်မြတ်သော အမျိုးမှ ထွက်၍ ရဟန်းပြုသော ယောကျ်ားမြတ်တည်း။ သက်တော်ရှိစဉ် တစုံတခုသော စကားကို အကယ်၍ ပြောလျှင် ငါ့ကိုဝိုင်း၍ ခြိမ်းခြောက်ကြလိမ့်မည်"ဟု ကြံ၍ ဘာမျှမပြောခဲ့။ ယနေ့သုဘဒ္ဒသည် အရှင်မဟာကဿပနှင့် အတူသွားစဉ် ဘုရား ပရိနိဗ္ဗာန်စံပြီဟုကြားရခြင်းကြောင့် သက်သာရာ ရသကဲ့သို့ အလွန်ရွှင်လန်းစွာ "အလံ အာဝုသော"စသည် ပြောလေသည်။

**အရှင် မဟာကဿပ၏ ခံစားချက်။** ။မထေရ်သည် ထိုစကားကို ကြားရခြင်းကြောင့် နှလုံးကို ပုတ်ခတ်သကဲ့သို့လည်းကောင်း၊ ဦးထိပ်၌ မိုးကြိုးကျသကဲ့သို့ လည်းကောင်း မှတ်ထင်၏။

**ဓမ္မသံဝေဂဖြစ်ပုံ။** ။"မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသည်မှာ ၇-ရက်မျှသာ ရှိသေး၏။ ယနေ့အထိပင် မြတ်စွာဘုရား၏ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော အလောင်းတော် ထင်ရှားရှိသေးသည်သာ။ မြတ်စွာဘုရားသည် ဆင်းရဲစွာ တည်ဆောက်အပ်သော သာသနာတော်၌ ဤသို့လျင်မြန်စွာ ယုတ်မာသော ဆူးကောင်ပေါ်လာပြီ။ ယုတ်မာသော ဤဆူးကောင်သည် တိုးပွားလာသော် အခြား ဤသို့ သဘောရှိသော အပေါင်းအဖော်ကိုရ၍ သာသနာတော်ကို ရှေ့ရှုစေခြင်းငှာ စွမ်းနိုင်လောက်၏"ဟု မထေရ်မြတ်မှာ ဓမ္မသံဝေဂဖြစ်သည်။

**မထေရ်၏ အကြံ၊** ။"ငါသည် ဤရဟန်းကြီးကို ဤနေရာ၌ပင် အဝတ်စုတ်ကိုဝတ်စေ၍ ပြာဖြင့် သွန်းလောင်းကာ အကယ်၍

နှင်ထုတ်အံ့'' လူတို့သည်''ရဟန်းဂေါတမ၏ အလောင်းတော်ရှိစဉ်ပင် သာဝက တွေ ငြင်းခုံကြကုန်၏''ဟု ငါတို့အပေါ်၌ အပြစ်ပြုကြလတ္တံ့၊ သည်းခံရအံ့ မည်။

**မသီကုံးအပ်သော ပန်းနှင့်တူ။** ။မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်သည် မသီကုံးအပ်သေးသော ပန်းနှင့်တူ၏။ လေတိုက်ခတ်မှုကြောင့် ကြွေကျသော ပန်းတို့သည် ထိုထို၌ကျ ရောက်သွားကြသကဲ့သို့ ဤအတူ ဤသို့သဘောရှိသော သူတို့၏ အစွမ်းဖြင့် ကာလကြာသော် ဝိနည်း၌ သိက္ခာပုဒ် ၁-ခု၊ ၂-ခု ပျောက်လတံ့။ သုတ္တန်၌ ပဥ္စာဝါရ ၁-ခု၊ ၂-ခု ပျောက်လတံ့။ အဘိဓမ္မာ၌ ဘူမန္တရ ၁-ခု၊ ၂-ခု ပျောက်လတ္တံ့။ ဤသို့သော အစဉ်ဖြင့် အမြစ်ပျောက်သော မြေဘုတ်ဘီလူးနှင့် တူကြကုန်တော့အံ့။ (မြေဘုတ်ဘီလူးတို့မည်သည် အကိုင်းအခက် မရှိလျှင် ပင်စည်၌ နေ၍ရသေး၏။ ပင်စည်မရှိလျှင် အမြစ်၌ နေ၍ရသေး၏။ အမြစ် မရှိတော့လျှင်ကား နေစရာ မရှိတော့သောကြောင့် ဤနေရာ၌လည်း သုတ် အဘိဓမ္မာဝိနည်း ပျောက်ကုန်လျှင် မှီရာ တည်ရာ မရှိတော့ဟူလို။ တနည်း— ဆေးမြစ်ရှိလျှင် ကိုယ်ဖျောက်၍ရ၏။ မရှိလျှင် ကိုယ်ဖျောက်၍မရသောကြောင့် အများနှိပ်စက်ခံရသကဲ့သို့ သုတ် အဘိဓမ္မာ ဝိနည်းဟူသော တရားပျောက်လျှင် အများက အယူဝါဒဖြင့် နှောင့်ယှက် ဖျက်ဆီးနိုင်သည်ဟူလို) ထို့ကြောင့် ဓမ္မဝိနယကို သံဂါယနာတင်အံ့။ ဤသို့ သံဂါယနာ တင်ထားလျှင် ခိုင်မြဲသော ကြိုးဖြင့် သီကုံးအပ်သော ပန်းကဲ့သို့ ဤဓမ္မဝိနယသည် ခိုင်မြဲလိမ့်မည်။

**ဘုရားချီးမြှောက်မှု။** ။ဤသံဂါယနာတင်ခြင်းအကျိုးငှာ မြတ်စွာဘုရားသည် ၁–သုံးဂါဝုတ်တိုင်တိုင် ငါ့အား ခရီးဦးကြိုဆိုမှုကို ပြုခြင်း၊ ၂–ဩဝါဒ ၃-ခုဖြင့် ရဟန်းအဖြစ်ကိုပြုခြင်း။ ၃-ကိုယ်တော်မှ သင်္ကန်း လဲလှယ်မှုပြုခြင်း။ ၄-ကောင်းကင်၌ လက်တော်ကိုလှုပ်၍ စန္ဒောပမအကျင့်ကို ဟောလတ်သော် ငါ့ကို သက်သေပြု၍ ဟောတော်မူခြင်း။ ၅-သုံးကြိမ်တိုင် အလုံးစုံသော သာသနာကို ခံယူစေခြင်းတို့ကို ပြုတော်မူခဲ့သည်။ ငါကဲ့သို့သော ရဟန်းရှိနေစဉ် ဤသူယုတ်သည် သာသနာတော်၌ တိုးပွားမှုကို မရလတံ့။

**မာ သောစိတ္တ၊ မာ ပရိဒေဝိတ္ထ။** ။မာ သောစိတ္တ၊ စိတ်၌ဖြစ်သော အားကြီး သော သောကဖြင့် မပူဆွေးကြကုန်လင့်။ မာပရိဒေဝိတ္ထ၊ နှုတ်ဖြင့် ပြင်းစွာ မငိုကြွေးကြပါလင့်။

အနုသရန္တော။ ။ကောဓ စသည်၏ အစွမ်းဖြင့် အမှတ်ရနေသည် မဟုတ်။ ဓမ္မသံဝေဂ၏ အစွမ်းဖြင့်သာလျှင် အမှတ်ရနေသည်။

**ဓမ္မသံဝေဂအရ။** ။တရားသဘောကို ကြံစည်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဩတ္တပ္ပနှင့်တကွသော ဉာဏ်သည် ဓမ္မသံဝေဂ မည်၏။

**ဤဒိသဿ စ သံဃသန္နိပါတဿ။** ။၇-သိန်းသော ဂဏပါမောက္ခထေရ်များ အမှူးထား၍ ရေတွက်လို့ မရလောက်အောင် များသော သံဃာအစုအဝေးကို ရည်ရွယ်၍ ဆိုပါသည်။

**ဒေသိတော ပညတ္တော။** ။သုတ် အဘိဓမ္မာတရားတော်များကို သိစေခြင်းသည် ဒေသနာမည်၍ ထိုသုတ်အဘိဓမ္မာတရားတော်များကိုပင် ဝေနေယျတို့ သန္တာန်၌ တည်စေခြင်းသည် ပညာပန မည်ပါသည်။ (ဤကား ဓမ္မောကို ငဲ့သော အဓိပ္ပါယ်တည်း)။ ဝိနည်းပါဠိတော်လာ အနက်ကို သိစေခြင်းသည် ဒေသနာ မည်၍ ထိုဝိနည်းပါဠိတော်သာ အနက်ကိုပင် မရောယှက်အောင် ထားတော်မူခြင်းသည် ပညာပန မည်ပါသည်။ (ဤကား ဝိနယောကို ငဲ့သော အဓိပ္ပါယ်တည်း။)

**သော ဝေါ သတ္ထာ။** ။"ဤအမှုကို သင်တို့ ပြုသင့်၏။ ဤအမှုကိုကား သင်တို့ မပြုသင့်"ဟု ပြုသင့် မပြုသင့်ကို ခွဲခြား ဝေဖန်သော အားဖြင့် ဆုံးမတတ်သောကြောင့် ဝိနည်းသည် သတ္ထာ မည်ပါသည်။ သုတ္တန်သည် ထိုထိုစရိုက်အားလျော်စွာ ကောင်းစွာ ကျင့်သုံးခြင်းငှာ ဆုံးမတတ်သောကြောင့် သတ္ထာ မည်၍ အဘိဓမ္မာကား ခန္ဓာစသည်ကို ခွဲခြားဝေဖန်သော အားဖြင့် သိသော် သစ္စာသိမှုကို ဆောင်နိုင်သောကြောင့် သတ္ထာ မည်ပါသည်။ ဤသို့ ရှစ်သောင်း လေးထောင်သော ဘုရားတို့သည် ဩဝါဒ အနုသာသနီကိစ္စကို ပြီးစေသောအားဖြင့် ဆုံးမသွန်သင်ကြလိမ့်မည်။

**သာသနအရ။** ။ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓအားဖြင့် သုံးပါး။ မုချအားအားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးတည်း။

**ခါရေဿတိ စသော စကား။** ။ဤစကားကို မြတ်စွာဘုရားသည် တခုသော သစ်ပင်ရင်း၌ အရှင်မဟာကဿပသည် ခင်းအပ်သော သင်္ကန်းကြီးပေါ်၌ ထိုင်တော်မူလျက် ထိုသင်္ကန်းကြီးကို ပဒုမ္မာပန်း အဆင်းရှိသော လက်တော်ဖြင့် အစွန်းစွန်း၌ သုံးသပ်တော်မူလျက် မိန့်တော်မူ၏။ ဤစကားကို ကာယဗလကို ရည်ရွယ်၍ မိန့်တော်မူသည် မဟုတ်ပါ။ ပဋိပတ် ဖြည့်ကျင့်မှုကို ရည်ရွယ်၍ မိန့်တော်မူပါသည်။ ဆိုလိုရင်းကား ငါဘုရားသည် ဤသင်္ကန်းကို ပုဏ္ဏကျွန်မကို ရစ်ပတ်၍ သုသောသုသာန်၌ စွန့်ပစ်အပ်သည်ကို သုသာန်သို့ သွား၍ တပြည်သားလောက်သော ပိုးလောက်တို့ဖြင့် ရောပြွမ်းနေရာ ထိုပိုးလောက်ယယ်တို့ကို ခါ၍ မဟာအရိယဝံသအကျင့်၌ တည်

လျက် ယူခဲ့ပြီ။ ငါ၏ ဤသက်နိုးကို ကောက်ယူရာနေ၌ တသောင်းသော စကြဝဠာ၌ မဟာပထဝီ မြေကြီးသည် ကြီးစွာသော အသံကို မြည်ဟီးလျက် တုန်လှုပ်ခဲ့ပြီ။ ကောင်းကင်သည် တပ်တပ်အသံပြုပြီး စကြဝဠာ၌ နတ်အပေါင်းသည် ကောင်းချီးပေးပြီ။ ဤသက်နိုးကို ယူသော ရဟန်းသည် ဇာတိပံသုကူလိကဓုတင်၊ ဇာတိအာရညိက ဓုတင်၊ ဇာတိကေသနိကဓုတင်၊ ဇာတိသပဒါန စာရိကဓုတင် ဆောင်သူ ဖြစ်သင့်၏။ သင်ကဿပသည် ဤ သက်နိုးအားလျော်အောင် ပြုခြင်းငှာ စွမ်းနိုင်ပါမည်လား ဟု မေးတော်မူသည်။

မထေရ်သည်လည်း ဆင်ပြောင် ၅-စီးအားကို ဆောင်နိုင်သော အားအစွမ်းကို စဉ်းစားမနေပဲ "အဟမေတံ ပဋိပတ္တိံ ပူရေဿာမိ"ဟု အားတက်သရော မြတ်စွာဘုရား၏ သက်နိုးအားလျော်စွာ ပြုလိုသည်၏ အဖြစ်ကြောင့် "ဓာရေဿာမဟံ ဘန္တေ" ဟု လျှောက်၏။

**နိဗ္ဗသနာနိ။** ။ဝတ်ပြီး သုံးပြီးသော သက်နိုးဟု ဆိုလိုသည်။ ဤသက်နိုးသည် တထည်သာ ဖြစ်သော်လည်း များစွာသော အစိတ်အပိုင်းရှိသောကြောင့် ဗဟုဝုစ်ဖြင့် ဆိုပါသည်။

**စီဝရေ သာ်ဓာရဏပရိဘောဂေန။** ။မိမိနှင့် ဆက်ဆံသော သုံးဆောင်ခြင်းဟူသော အနက်ကို သိနိုင်သောကြောင့်လည်းကောင်း၊ သိနိုင်သော အနက်ရှိသော သဒ္ဒါကို သုံးစွဲရာ၌ အလိုအတိုင်းဖြစ်နိုင်သောကြောင့် လည်းကောင်း "အတ္တနာ"ပုဒ်ကို ထည့်၍ မဆိုပါ။
(ဋီ-၄၇)

**နဝ ါနုပုဗ္ဗဝိဟာရာ။** ။အစဉ်အတိုင်း ဝင်စားအပ် သောကြောင့် အနုပုဗ္ဗဝိဟာရ မည်သော နိရောဓသမာပတ်နှင့် တကွသော သမာပတ် ၈-ပါးတည်း။ (ဋီ-၄၉)

ဆဠဘိညာပ္ပဘေဒေ။ ။ဆ အရ- အာသဝက္ခယဉာဏ်နှင့်တကွ အဘိညာဉ် ၅-ပါးတည်း။ အာဒိဖြင့် ယူစရာ အနက် မကြွင်းသောကြောင့် အာဒိ မပါသင့်ပါ။

မနုဿဓမ္မော။ ။ကုသလကမ္မပထ တရား ၁၀-ပါးတို့သည် ဘာဝနာ မနသိကာရ မပါပဲ ရိုးရာအားဖြင့်ပင် လူတို့သည် ဖြစ်စေအပ်သောကြောင့် လည်းကောင်း၊ လူအဖြစ်ကို ဆောင်နိုင်သောကြောင့် လည်းကောင်း မနုဿဓမ္မ မည်၏။

သမသမဋ္ဌပနေန။ ။အကြွင်ကာလ၊ အကြွင် သမာပတ္တိဝိဟာရ၊ အကြွင် အဘိညာဉ်တို့ကို ငါဘုရား ဝင်စား၏။ ထို့အတူ အရှင်

မဟာကဿပလည်း ဝင်စားနိုင်၏-ဟု ကိုယ်တော်နှင့် အတူပြု၍ ထားခြင်းတည်း။ များစွာသော အရာတို့၌ ထားခြင်းကို တနည်း—ဥတ္တရိမနုဿဓမ္မ တခုမျှ မကြွင်းအောင် စင်စစ် တန်းတူထားခြင်းကို ရည်ရွယ်၍ သမသမဋ္ဌပနေန ဟု ဆိုသည်။ သို့သော် မြတ်စွာဘုရားသည် နေ့စဉ် ကုဋေ ၂-သန်း၄-သိန်း သော သမာပတ်တို့ကို ဝင်စား၊ ယမကပါဋိဟာရိယ စသည်၏ အစွမ်းဖြင့် အဘိညာဉ်ဘို့ကို သုံးစွဲသကဲ့သို့ အရှင်မဟာကဿပမှာ မဖြစ်နိုင်သောကြောင့် အနုပုဗ္ဗဝိဟာရ ၉-ပါး၊ အဘိညာဉ် ၆-ပါး ရှိခြင်း တူသော အားဖြင့် ချီးမွမ်းသော စကားမျှသာ ဖြစ်သည်ဟု မှတ်ပါ။

အာကာသေ ပါဏိံ စာလေသိ။ ။ညီသော ကောင်းကင်ပြင်၌ အစုံစုံသော လျှပ်ပန်းကဲ့သို့ အောက်အဖို့၊ အထက်အဖို့၊ ဘေးနှစ်ဘက်အဖို့တို့၌ လက်တော်ကို လှုပ်တော်မူပြီ။ ဤအာကာသေ ပါဏိံ စာလေသိသည် ပိဋကတ်သုံးပုံ၌ အသမ္ဘိန္နပဒ မည်၏။ (ဋီ–၅၀)

စန္ဒူပမာ။ ။လ နှင့်တူ ဟူသည် အဝန်းအဝိုင်းအားဖြင့် အတူကို ဆိုလိုသည် မဟုတ်ပါ။ လ သည် ကောင်းကင်၌ ပြေးသွားစဉ် တစုံ တယောက်နှင့် အဘူ မိတ်ဖွဲ့ခြင်း၊ ချစ်ခြင်း၊ တွယ်တာခြင်း၊ နှစ်သက်ခြင်း၊ တောင့်တခြင်း၊ ထထကြွကြွ ဆက်ဆံခြင်းများကို မပြု။ လူအပေါင်းကလည်း ချစ်ခင်မြတ်နိုးသကဲ့သို့ သင်တို့သည်လည်း တစုံတယောက်သော ပုဂ္ဂိုလ်နှင့်ဘက္က မိတ်ဆွေဖွဲ့ခြင်း အစရှိသည်ကို မပြုပဲ လူအပေါင်း ချစ်မြတ်နိုးအပ်သော လ-နှင့် တူစွာ ခတ္တိယအမျိုး အစရှိသော အမျိုး လေးပါး တို့သို့ ချဉ်းကပ်ကြကုန် လော့။

တနည်း—လသည် အမိုက်ကိုပယ်ဖျောက်၍ အရောင်အလင်းကို ဖြန့်သကဲ့သို့ ကိလေသာအမိုက်တိုက်ကို ပယ်ဖျောက်ခြင်းဖြင့်လည်းကောင်း၊ ဉာဏ် အရောင်အလင်းကို ဖြန့်ခြင်းဖြင့်သည်းကောင်း လနှင့် တူသည်ဖြစ်၍ ဤသို့ အစရှိသော နည်းဖြင့် အနက်ကို မှတ်ပါ၊

တဒတာ ပရံ အာဟ။ ။တဒတာ၊ ထိုသုဘဒ္ဒကဏ္ဍမှ။ ပရံ၊ နောက်ဖြစ်သော ဟန္ဒ မယံ အာဝုသော စသောအားတက်မှုကိုဖြစ်စေပုံပြ စကားကို။ အာဟ၊ ပြီ-ဟု ပေးပါ။ ဋီကာဟောင်းအလို တဒတာ၊ ရဟန်းတို့အား အားတက်မှုကို ဖြစ်စေရာ ထိုအခါမှ။ ပရံ၊ နောက်၌-ဟု ပေးပါ။ (ဋီ-၅၄)

အခပ္ပေ။ ။အကုသလကမ္မပထတရား၁၀ ပါးတည်း။ တနည်း—သံဂါယနာ မတင်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် အပြစ်အပေါင်း၊ သီလ ဝိပတ္တိ-စသည်အကြောင်းရှိသော ပါပိစ္ဆတာ စသော အပြစ်အပေါင်းသည် အခမ္မမည်၏ ဟုလည်း ဆိုကြသည်။

**သကလ။ လ။ပရိဂ္ဂဟေသိ။** ။ဤပါဠိဖြင့် အကြင် အကြင်ဆိုအပ်ပြီးကုန်သော သုက္ခဝိပဿက ခီဏာသဝ အဆုံးရှိကုန်သော ပုဂ္ဂိုလ်တို့မှာ အာဂမ အဓိဂမဖြစ်သင့်ပါသော်လည်း ပဋိသမ္ဘိဒါနှင့်ဘက္ကတေဝိဇ္ဇ-အစရှိသော ဂုဏ်တို့နှင့် ယှဉ်ကုန်သော ပုဂ္ဂိုလ်တို့၏ အာဂမအဓိဂမနှင့် ပြည့်စုံခြင်းသည် လွန်ကဲသောကြောင့် သံဂါယနာအား များစွာကျေးဇူးများသည်၏အဖြစ်ကို ပြသည်။

**ပုထုဇ္ဇန်။လ။ သုက္ခဝိပဿက ခီဏာသဝ ဘိက္ခု။** ။ဤ၌ အန္ဓပုထုဇဉ် ကလျာဏ ပုထုဇဉ် နှစ်မျိုးတွင် အမြဲ:မဲ့သဒ္ဒါဖြင့် အနက်ထူးကို သိအပ်သောကြောင့် ကလျာဏ ပုထုဇန်ကို ယူပါ။ သုက္ခဝိပဿကခီဏာသဝဟူသည် သမထဘာဝနာ အစေးမရှိသောကြောင့် ခြောက်ကပ်သောဝိပဿနာရှိသော ရဟန္တာများတည်း။

**တေဒဂ္ဂံ။** ။ဤ တေဒဂ္ဂံသဒ္ဒါသည် "တေဒဂ္ဂံ ဘိက္ခဝေ" ဟူသော ဘုရားစကားတော်ကို စွဲ၍ ဖြစ်သောကြောင့် အနုကရဏနာမ် မည်ပါသည်။ တေဒဂ္ဂံ-တေဒဂ်ရာထူးသို့ ဟု အနက်ပေးပါ။ တနည်း—သော၊ ဤ ရဟန်းသည်။အဂ္ဂေါ၊ အမြတ်ဆုံးတည်း။ ဣတိ၊ အာရောပိတေ၊ တင်အပ်ကုန်သော-ဟုလည်း ပေးပါ။

**ယေဘုယျသဒ္ဒါဆိုရကြောင်း။** ။ထို သံဂါယနာတင်ပွဲ၌ တေဒဂ်မရသော်လည်း ကြွင်းသောဂုဏ်နှင့် ပြည့်စုံသောကြောင့် ရွေးချယ်အပ်ကုန်သော ထေရ်များ ရှိကြသေး၏-ဟု ပြခြင်းငှာ ယေဘုယျသဒ္ဒါကို ဆိုပါသည်။

**သေက္ခဟူသည်။** ။အကျင့်မပြီးဆုံးသေးသောကြောင့်သည်းကောင်း၊ အကျင့်၌ စွဲစွဲမြဲမြဲ သက်ဝင်သောကြောင့် လည်းကောင်း ကျင့်လေ့ရှိသူများတည်း။ပြီးဆုံးသော အကျင့်လည်းရှိ၊ ထိုအကျင့်၌ ငြိမ်းအေးပြီးသော အားထုတ်မှုရှိသော ရဟန္တာကဲ့သို့လည်း မဟုတ်။ အကျင့်၌ စွဲစွဲမြဲမြဲ မသက်ဝင်သောကြောင့် စွန့်လွှတ်အပ်သော အကျင့်ရှိသော ပုထုဇဉ်ကဲ့သို့လည်း မဟုတ်ပါ။

**ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ စသော ဂါထာ။** ။ဤ ဂါထာကို ဂေါပကမောဂ္ဂလ္လာန်မည်သော ပုဏ္ဏားက အရှင်အာနန္ဒာအား "ဘုရားဟောကြားအပ်သော တရားများက ဘယ်လောက်ရှိ၍ အသင် ဆောင်အပ်သော တရားများက ဘယ်လောက်ရှိသနည်း" ဟု မေးအပ်သည်ကို ဖြေဆိုသောအားဖြင့် အရှင်အာနန္ဒာသည် ဂေါပက မောဂ္ဂလ္လာန်

သုဘ်၌ မိန့်ကြားသည်။ မိမိ၏ ဂုဏ်ကို ပြသောအားဖြင့် ထေရဂါထာ၌လည်း အရှင်အာနန္ဒာပင် မိန့်ကြားသည်။

အပ္ပစ္စက္ခံနာမ။ ။အဝါးဝစွာ လေ့လာမှုရှိသောကြောင့် အပစ္စက္ခ မရှိ-ဟု ဆိုသည်။ဝိနည်း အဋ္ဌကထာ၌ "အသမ္မုခါ ပဋိဂ္ဂဟိတံ နာမ နတ္ထိ"ဟူသော စကားကို ဒွေသဟဿာနိ ဘိက္ခုတောဟု ဆိုသော်လည်း မြတ်စွာဘုရား၏ အထံ၌ သင်ယူအပ်သည်မည်သောကြောင့် ဆိုပါသည်။ မှန်၏။ သာဝက ဘာသိတကို ဗုဒ္ဓဘာသိတဟု ဆိုနိုင်သည်။ (ဋီ-၅၈)

ကေစိဝါဒ' ။ယေ ဣမေ ဓမ္မာ၊ တို့ကို။ ဗုဒ္ဓသာ၊ သည်လည်းကောင်း။ ဘိက္ခုနူ၊ တို့သည်လည်းကောင်း။ ပဝတ္တိနော၊ ဖြစ်စေအပ်ကုန်၏၊ တေသု၊ ဆိုဘုရားတို့တွင်။ ဗုဒ္ဓတော၊ ဘုရားအထံတော်မှ။ ဒွါသီတိ သဟဿာနိ၊ တို့ကို။ အဟံ၊ ဂဏှိ၊ ဒွေ သဟဿာနိ၊ ဘိက္ခုတော၊ ဂဏှိ၊ ဝေံ၊ ဤသို့လျှင်။ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ၊ တို့သည်။ ဟောန္တိ-ဟု ကေစိဆရာတို့သည် ဆက်စပ်၍ အနက်ဖွင့်ဆိုကြသည်။ ဓမ္မက္ခန္ဓာတို့သည် ဤမျှသာ-ဟု သန္နိဋ္ဌာန်ကို မသိအပ်သောကြောင့် ၎င်းအနက်အဖွင့်ကို ကေစိဝါဒဟု အောက်ချ၍ ပြထားသည်။

အရှင်အာနန္ဒာ။ ။အရှင်အာနန္ဒာနှင့် အတူ သံဂါယနာ တင်ရန် မတတ်ကောင်း ဟူသော အကြောင်းထက် ကင်း၍မတတ်ကောင်း ဟူသော အကြောင်းသည် သံဂါယနာအား များစွာ ပို၍ကျေးဇူး ရှိသောကြောင့် သာ၍ အားကြီးသည်။

နဝါယံ ကုမာရကော မတ္တမညာသိ။ ။အရှင်အာနန္ဒာထေရ်၏ များသော အားဖြင့် သီတင်းငယ် ပရိသတ် လူထွက်သောကြောင့် အရှင်မဟာကဿပထေရ်သည် "နဝါယံ ကုမာရကော မတ္တမညာသိ"ဟု ဆိုသည်။ ရင်းနှီး၍ ကုမာရက သဒ္ဒါကို သုံးစွဲသည်။ (အရှင်အာနန္ဒာထေရ်သည် မြတ်စွာဘုရား၏ သပိတ် သက်နိုးကို ယူ၍ များစွာသော လူအပေါင်းကို သိစေလျက် သာဝတ္ထိသို့ကြွ။ ထိုမှ ရာဇဂြိုဟ်သို့ ကြွလျက် ဒက္ခိဏာဂိရိ၌ ဒေသစာရီ လှည့်လည်၏။ ထိုအခါ အရှင်အာနန္ဒာထေရ်၏ ၃၀-မျှသော သဒ္ဓိဝိဟာရိက တပည့်များ ဖြင့်ကြသော များသောအားဖြင့် ၁-ဝါရ၊ ၂-ဝါရ ရဟန်းငယ်တို့နှင့် သာမဏေတို့သည် လူထွက်ကြလေသည်။)

သာသနာဝင်ခြင်းအကြောင်း။ ။ထိုရဟန်းတို့၏ မိဘများ အကြံကား "အရှင် အာနန္ဒာသည် မြတ်စွာဘုရားနှင့် အကျွမ်း

ဝင်၏။ ဆု ၈-ပါးတို့ကို တောင်း၍ လုပ်ကျွေးသူတည်း။ အလိုရှိအပ်သော နေရာသို့ မြတ်စွာဘုရားကို ပင့်၍သွားခြင်းငှာ စွမ်းနိုင်၏။ ငါတို့၏ ကလေးတို့ကို ဤအရှင်ထံ၌ ရှင်ပြုရလျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ပင့်၍ ကြွတော်မူလိမ့်မည်။ ထိုသို့ လာရာ၌ ငါတို့သည် များစွာသော သက္ကာရကို ပြုခြင်းငှာ ရလိမ့်မည်။ ထိုသို့သော မျှော်လင့်ချက်ဖြင့် ရှင်ပြုပေးကြ၏။

**ထွက်ခြင်းအကြောင်း။** ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခြင်းကြောင့် သူတို့၏ မျှော်လင့်ချက်ကင်းပြတ်ခဲ့လေပြီ၊ထို့ကြောင့် တနေ့တည်းဖြင့် လူထွက်စေကြကုန်ပြီ။ ဒက္ခိဏာဂိရိမှ အပြန် အရှင်မဟာကဿပက "နဝါယံ" စသည်ကို မိန့်တော်မူသည်။

**အနက်ပေးပုံ။** ။နဝါယံ ကုမာရကော မတ္တမညာသိ၌ ဝါသဒ္ဒါသည် ပဒပူရဏ (ဋီကာသစ်)၊ တနည်း—ဝါယံ ကို ဝေ+အယံ-ဟု ပုဒ်ဖြတ်၍ ဝေ=စင်စစ် ဟု ပေးပါ။ဘနည်း—ဝဇီရဗုဒ္ဓိအလို-အညာသိဝါ= သိသည်လည်း ရှိ၏ဟု ဝိဘာသာ အနက်ပေးပါ။ ဝဇီရဗုဒ္ဓိဝါဒကို သံယုတ္တအဋ္ဌကထာ၌ မဆိုသောကြောင့် ဟု အကြောင်းပြကာ ဋီသစ် ဆရာက ပယ်ချသည်။

**ညီအရှင်အာနန္ဒာ။** ။မြတ်စွာဘုရားအောက် ငယ်သောကြောင့် ညီခေါ်သည်မဟုတ်၊ ဘထွေးတော်၏သား ဖြစ်သောကြောင့် ညီဟု ခေါ်သည်။ အရွယ်အားဖြင့်ကား ဖွားဘက်တော် ဖြစ်သောကြောင့် အတူတူဟု မှတ်ပါ။

သုဒ္ဓေါဒနော ဓောတောဒနော၊ သက္ကသုက္ကာမိတောဒနော။
အမိတာ ပါလိတာစာတိ၊ ဣမေ ပဉ္စ ဣမာ ဒုဝေ။

ထိုတွင် အငယ်ဆုံးဖြစ်သော အမိတောဒန၏ သားတည်း။ တနည်း အရွယ်ပါငယ်သည်။

**ကိစ္စာပိ သေက္ခော။** ။ဤစကားကို သေက္ခပုဂ္ဂိုလ်တို့ အဂတိလိုက်ခြင်းကြောင့် ဆိုသည် မဟုတ်ပါ။ အသေက္ခပုဂ္ဂိုလ်တို့ကိုသာ ရွေးချယ်အပ်သောကြောင့် ဆိုပါသည်။ သေက္ခပုဂ္ဂိုလ်သည် အဂတိလေးပါးကို ပဌမမဂ်ဖြင့် ပယ်အပ်ပြီး၍ အဂတိမလိုက်ကြတော့ပါ။ (ဋီ-၆၃)

**ပဟူတသေနာသနံ။** ။ကျောင်းတိုက်ကြီး ၁၈-တိုက်ရှိသောကြောင့် များသော ကျောင်းရှိသည်ဟု ဆို၏။

သံဃာကို သိစေ။ ။လေးစားမှုကို ဖြစ်စေခြင်းအကျိုးငှာ အပလောကနကံ၊ ဉတ္တိကံမျှဖြင့် မသိစေပဲ ဉတ္တိဒုတိယကမ္မဝါစာဖြင့် သံဃာကို သိစေသည်။

သတ္တာဟံ။ ။ပရိနိဗ္ဗာန်ပြုရာနေ့ကိုလည်း သိမ်းယူပါ။

သာဓုကီဠနဒိဝသာ နာမ။ ။သံဝေဂဝတ္ထုကို ရွတ်ဆို၍ ရွတ်ဆို၍ အနိစ္စတာ အစရှိသည်တို့နှင့် ယှဉ်စပ်ကုန်သော ဂီတတို့ကို သီဆို၍ ပူဇော်ခြင်း၏ အစွမ်းဖြင့် ပျော်မွေ့ခြင်းကြောင့် ကောင်းသော ပျော်မွေ့ရာနေ့။ ဓာနည်း—မိမိ သူတပါး နှစ်ဦးသားတို့၏ အစီးအပွားကို ပြီးစေတတ်သော အနက်သဘောကြောင့် သာဓုဟု ဆိုအပ်ကုန်သော သူတော်ကောင်းတို့၏ သံဝေဂဝတ္ထုကို ရွတ်ဆို၍ ရွတ်ဆို၍ ပျော်မွေ့ရာနေ့။ (ဋီ-၆၄)

သတ္တာဟံ သာဓုကီဠနဒိဝသာ နာမ အဟေသုံ။ ။ဤပုရိမသတ္တာဟ၌ တစိတ်တဒေသအားဖြင့်သာ သာဓုကီဠနကို ပြုကြကုန်၏။ အထူးအားဖြင့်ကား ဓာတ်တော်ပူဇော်ရာ နေ့တို့၌သာ ပြုကြသည်။ သို့သော်—ဓာတ်တော် ပူဇော်ရာနေ့တို့သည် ဓာတ်တော် ပူဇော်ခြင်းကိုလည်း ပြုအပ်သောကြောင့် ဓာတုပူဇာနေ့တို့ မည်၏။ ဤနေ့များကား အထူးအားဖြင့် မြတ်စွာဘုရားအပေါ်၌ ပြုထိုက်သော သာဓုကီဠနမှ အခြားသောကိစ္စ၏ မရှိသောကြောင့် တစိတ်တဒေသအားဖြင့် ပြုအပ်ပါကုန်သော်လည်း သာဓုကီဠနကိုစွဲ၍ "သာဓုကီဠနဒိဝသ"ဟု ထင်ရှားလေသည်။

စိတကာယ။ ။အတောင် ၁၂၀-မြင့်သော စန္ဒကူးထင်းပုံပေါ်၌၊ (ထို ၇-ရက်တွင် နောက်ဆုံး နေ့၌သာ မီးသင်္ဂြိုဟ် အပ်သောကြောင့် ၇-ရက်ပတ်လုံး မီးလောင်နေသည် မဟုတ်ပါ။ ပဓာနကိစ္စ အစွမ်းဖြင့်သာ ၇-ရက်ပတ်လုံး ထင်းပုံပေါ်၌ မီးလောင်ပြီဟု ဆိုသည်။ ထို့ကြောင့် သတ္တာဟံ ၇-ရက်၌ဟု အနက်ပေးပါ။) ရှေ့နောက် သတ္တာဟတို့၏ အလယ်သတ္တာဟတွင် အမှတ်မထား တပါးပါးသောရက်၌ မီးသင်္ဂြိုဟ်လျှင်လည်း "သတ္တာဟေ ဈာယိ"ဟု ဆိုသင့်သည်သာ။

သတ္တပဉ္စရံ ကတွာ။ ။ဤစကားသည် "ကုန္တပဉ္စရန္တိ" ဟူသော စကားကဲ့သို့ ဥပလက္ခဏနည်း၏ အစွမ်းဖြင့်ဆိုသော စကားတည်း။ သန်လျက်အစရှိသည် လက်၌ရှိကုန်သော ယောကျ်ားတို့ကို မလ္လာမင်းတို့က မြတ်စွာဘုရား၏ ဓာတ်တော် စောင့်ရှောက်မှု ပြုစေခြင်းကို ဥပလက္ခဏအစွမ်းဖြင့် ဆိုသည်။

**သန္ဓာဂါရံ။** ။စစ်ထွက်ရာအခါစသည်တို့၌ မင်းတို့သည် ထိုအဆောက်အအုံ၌ တည်၍ "ဤမျှသော စစ်တပ်တို့သည် ရှေးကသွားကြကုန်။ ဤမျှသော စစ်တပ်တို့သည် နောက်က၊ ဤမျှသော စစ်ဘပ်တို့သည် ဘေးနှစ်ဘက်က သွားကြကုန်။ဤမျှသော ပုဂ္ဂိုလ်တို့သည် ဆင်စီးကြကုန်။ ဤမျှသော ပုဂ္ဂိုလ်တို့သည် မြင်းစီးကြကုန်။ဤမျှသောပုဂ္ဂိုလ်တို့သည်ရထားစီးကြကုန်"ဟု အဆက်အစပ် အပိုင်းအခြားကို ပြုကြ ဖွဲ့ကြသည်။ ထိုသို့ အပိုင်းအခြားကို ဖွဲ့ရာဖြစ်သောကြောင့် "သန္ဓာဂါရ"မည်၏။ (သန္ဓာဂါရံနာမ ရာဇူနံ ကော မဟာသာလာ။)

**တနည်း**—စစ်တိုက်ရာမှ ပြန်လာပြီးလည်း အိမ်တို့ကို စိုသော နွားချေးတို့ဖြင့် လိမ်းကျံမှု စသည်ပြု၍ မပြီးသေးမီ ၂-ရက်၃-ရက်မင်းတို့အပမ်းဖြေရာ ဌာနဖြစ်သောကြောင့် "သန္ဓာဂါရ" မည်၏။ (ဋီ-၆၅)

**ကောဠိသတိ ဒိဝသာ ဂတာ။** ။ကဆုန်လပြည့်မှ ကဆုန်လကွယ်နေ့အထိသည် သီဟိုဠ် ဝေါဟာရဖြင့် ယူလျှင် ၁၆-ရက်ဖြစ်၍ နယုန်လဆန်း ၅-ရက်ထည့်က ၂၁-ရက်ဖြစ်သည်။ ၂၁-ရက်တွင် နောက်ဆုံးနေ့ရောက်မှ ဓာတ်တော်များကို ဝေသည်။ ထိုနေ့၌ပင် ကမ္မဝါစာပြုသည်။

**ကျမ်းညှိပုံ။** ။ဝိနည်းအဋ္ဌကထာ မင်္ဂလသုတ်အဋ္ဌကထာတို့၌ "သတ္တာသု သာဓုကီဠနဒိဝသေသု သတ္တာသု စ ဓာတုပူဇာဒိဝသေသု ဝီတိဝတ္တေသု"ဟု ဆိုသော စကားသည် ဓာတ်တော်ပူဇော်ရာ ၇-ရက်ကို ယူအပ်သော် ထိုနှင့် မကင်းရာ ဖြစ်သော အလယ်ဖြစ်သော ဈာယနသတ္တာဟကိုလည်း ယူပြီးဖြစ်သောကြောင့် ဈာယနသတ္တာဟကို သီးခြားမဆိုဟု ထင်ပါသည်။

**အနည်းငယ် ပိုလိုသော်လည်း အကြောင်းမဟုတ်။** ။သို့ဖြစ်လျှင်"အစုမာသော အတိက္ကန္တော ဒိယဍ္ဍမာသော သေသော" ဟူ၍ အဘယ့်ကြောင့် ဆိုအပ်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား....အနည်းငယ် အပိုအလိုသည် ဂဏန်းအရေတွက်မဖြစ်ပါ။ ထို့ကြောင့် အနည်းငယ်အားဖြင့် ပိုလွန်သော အပေါင်းကို မပိုလွန်သကဲ့သို့ ဖြစ်သောကြောင့် "အစုမာသော အတိက္ကန္တော"ဟု ဆိုပါသည်။ ဂ၂-ပါးရှိသော ခန္ဓကဝတ်တို့ကို "အသီတိ ခန္ဓကဝတ္တာနိ"ဟု ဆိုသကဲ့သို့တည်း။ အနည်းငယ် လိုနေသော အပေါင်းကိုလည်း မလိုသကဲ့သို့ ဖြစ်သောကြောင့် ၄၅-ရက်မှ ၅-ရက်လိုနေသော်လည်း "ဒိယဍ္ဍမာသော သေသော"ဟု ဆိုပါသည်။သတိပဋ္ဌာနဝိဘင်းအဋ္ဌကထာ၌ ၆-လမှ ၁၅-ရက် လိုနေပါသော်လည်း "ဆမာသံ သဇ္ဈာယော ကာတဗ္ဗော"ဟူ ဆိုအပ်သကဲ့သို့တည်း။

**တနည်း**—ဒီဃဘာဏက မထေရ်တို့၏ အလိုအားဖြင့် သတ္တာဟ- ၃-ခုတို့၏ အစွမ်းဖြင့် ''ကေဝိသတိဒိဝသာ ဂတာ''ဟု ဒီဃနိကာယ်၌ ဆို၍ နုဒ္ဒကဘာဏကတို့၏ အလိုအားဖြင့် ဈာယနဒိဝသ ၁-ရက်နှင့် ကြွင်းသော သတ္တာဟ ၂-ခုတို့၏ အစွမ်းဖြင့် ''အစုမာသော အတိက္ကန္တော ဒိယစုမာသော သေသော''ဟုဝိနည်း သုတ္တနိပါတ် ခုဒ္ဒကပါဌ အဋ္ဌကထာတို့၌ ဆိုသည်ဟု မှတ်ပါ၊ ပဋ္ဌမဗုဒ္ဓဝစန စသည်တို့ကဲ့သို့တည်း။

**ဝဒန္တိဝါဒ။** ။ပရိနိဗ္ဗာန်ပြုရာနေ့မှ စ၍—

| | | |
|---|---|---|
| သာဓုကီဠနရက် သက်သက် | ၄ | ........ .. ၇-ရက် |
| သာဓုကီဠန စိတကဈာယန | ၃ | |
| စိတက ဈာယန သက်သက် | ၁ | ............၇-ရက် |
| စိတကဈာယန ဓာတုပူဇာ | ၃ | |
| ဓာတုပူဇာ သက်သက် | ၄ | ............၇-ရက် |
| | ၁၅-ရက်။ | ၂၁-ရက်။ |

ဤသို့ ထိုထိုကိစ္စအားလျော်သော ဂဏန်း၏ အစွမ်းဖြင့် သတ္တာဟ ၃-ခု ဖြစ်၍ အဂဟိတဂ္ဂဟဏနည်းဖြင့် ၁၅-ရက်သာ ဖြစ်၏။ ဤဒီဃနိကာယ်၌ ''ကေဝိသတိဒိဝသာ ဂတာ''ဟူ၍ ဆိုအပ်သော စကားကို ထိုထိုကိစ္စအားလျော်သော ရေတွက်ခြင်းဖြင့် ဆိုသည်ဟု မှတ်ပါ။ ဤသို့ယူသော် အဋ္ဌကထာလေးစောင်တို့၌ ဆိုသောစကားများ ညီညွတ်မည်။

**ဝဇိရဗုဒ္ဓိ။** ။အစုမာသော အတိက္ကန္တော ဟူသောစကား၌ လပြည့်ကျော် ၁-ရက်နေ့သည် ကောလာဟလရက် ဖြစ်သောကြောင့် ဤနေရာ၌ မယူအပ်ဟု ဆို၏။ ထိုစကား မသင့်ပါ။ အဘယ့်ကြောင့်နည်း။ ပရိနိဗ္ဗာနသုတ်၌ လပြည့်ကျော် ၁-ရက်နေ့မှစ၍ သတ္တာဟကို ဆိုအပ်သောကြောင့်လည်းကောင်း၊ အဋ္ဌကထာ၌လည်း ပရိနိဗ္ဗာန်ပြုရာနေ့နှင့် သတ္တာဟ ၃-ခုတို့ကို ရေတွက်အပ်သောကြောင့်လည်းကောင်းတည်း။ မှန်၏။ ပရိနိဗ္ဗာန်ပြုရာနေ့နှင့် တကွ ၃-သတ္တာဟတို့ကို ရေတွက်မှ နယုန်လဆန်း ၅-ရက်နေ့သည် ၂၁-ရက်မြောက်ဖြစ်သည်။

**စတ္တာလီသ ဒိဝသာ။** ။နယုန်လဆန်း ၆-ရက်နေ့မှ စ၍ ဝါဆိုလပြည့်နေ့အထိ။

**ထေရော အတ္တနော ပဉ္စသတာယ ပရိသာယ ပရိဝုတော။** ။ထေရ်သည် မိမိ၏ ပရိသတ် ၅၀၀ ခြံရံလျက် ရာဇဂြိုဟ်သို့ ကြွတော်မူပြီ။ အခြားသော မဟာထေရ်တို့သည်လည်း

မ်မိတို့ဆိုင်ရာ အခြံအရံတို့ကိုခေါ်၍ သောကကြောင့် စုးဝင်နေသော လူ အပေါင်းကို သက်သာစေလိုသည်ဖြစ်၍ ထိုဟိုအရပ်သို့ ကြွတော်မူကြကုန်ပြီ'' ဟူသော ဤဒီဃနိကာယ်၌ ဆိုအပ်သော စကားသည် ဝိနည်းအဋ္ဌကထာ၌ ''အရှင်မဟာကဿပထေရ်သည် ထက်ဝက်သော သံဃာကိုယူ၍ ကြွတော်မူပြီ။ အနုရုဒ္ဓါထေရ်သည်လည်း ထက်ဝက်သော သံဃာကိုယူ၍ ကြွတော်မူပြီ''ဟူ၍ ဆိုအပ်သောစကားနှင့် အချင်းချင်း ဆန့်ကျင်သလို ရှိသော်လည်း အနက် အားဖြင့် နီးနှောသောကြောင့် မဆန့်ကျင်ပါ။

နီးနှောပုံ။ ။ဤဒီဃနိကာယ်၌ အကြွင်းမရှိသောအားဖြင့် မထေရ်တို့၏ အသီးသီး ကြွသော စကားကိုပင် ထိုဝိနည်း၌ နည်း၏အစွမ်း ဖြင့် ပြ၏။ ဤ၌ မိမိ မိမိ၏ ပရိသတ်နှင့် ကြွသောစကားကိုလည်း ဝိနည်း၌ ထက်ဝက်သော သံဃာနှင့်တကွ ကြွ၏ဟူသော စကားဖြင့် ပြသောကြောင့် အနက်အား ဖြင့် နီးနှောပါသည်။ (ဥပစုသံသောအရ မိမိ မိမိတို့၏ ပရိသတ် ဖြစ်သော ရဟန်းသံဃာကို ယူနိုင်သည်။ အဘယ့်ကြောင့်နည်း။ ဥပစုသဒ္ဒါသည် မဟူသော အဖို့၌လည်း ဖြစ်သော ကြောင့်တည်း။)

ဥပစုသဒ္ဒါ သံဃာထက်ဝက်ကိုယူလျှင်။ ။စည်းဝေးသော သံဃာ၏ ထက် ဝက်ကိုယူလျှင် ထိုအခါ၌ သံဃာ တော်အပေါင်းသည် အပိုင်းအခြားဂဏန်းကို လွန်သောကြောင့် မသင့်ပါ။ သံဂါယနာတင်ရန် ရွေးချယ်ထားအပ်သော သံဃာတော်၏ ထက်ဝက်ကို ယူလျှင်လည်း ဂဏပါမောက္ခတို့ကိုသာ ရွေးချယ်အပ်သောကြောင့် မသင့်ပါ။ မှန်၏။ ထိုသံဂါယနာတင် မထေရ်တို့သည် အသီးသီးတပည့်အပေါင်း ရှိကြ သည်သာ။ [သတ္တသတသဟဿာနိ တေသု ပါမောက္ခဘိက္ခဝေါ]

ပတ္တစီဝရမာဒါယ။ ။သမစိတ္တပဋိပဒါသုတ်၌ ဝါ (၂၀) ကျော်ပြီးနောက် ဝယ် ဒီဃပ်တ်ကိုသာ မြတ်စွာဘုရား အသုံးပြုသည်၏ အဖြစ်ကို ပြသောကြောင့် ဤနေရာ၌ ပတ္တအရ နတ်မင်းကြီးလေးယောက်တို့ လှူအပ်သော ကျောက်ညိုဖြင့် ပြီးသော သပိတ်-ဟု မှတ်ပါ။

ဂန္ဓကုဋိံ ဝန္ဒိတွာ။ ။ပရိဘောဂစေတီဖြစ်သောကြောင့် ရှိခိုးသည်။

ဠိတကာလေ ကချဏိယံ ဝတ္တံသဗ္ဗမကာသိ။ ။ကျောင်း၌ ပြုအပ်သောဝတ်ကို ရည်၍ ဆိုပါသည်။

သီဟသေယျာ။ ။တေဇုဿဒ ဣရိယာပထတ္တာ ဥတ္တမသေယျာ ဝါ။

သံဝေဇေသိ။ ။"နန္ဒ ဘဂဝတာ ပဋိက္ခိတ္တံ အက္ခာတိ သမ္ဗေဟော ပံယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ"
စသည်ဖြင့် ထိတ်လန့်စေသည်။

ဥဿန္နဓာတုကံ။ ။ဓာတုအရ ဆေးကျမ်းဂွ တိုက်သောကြောင့် သလိပ်၊ သည်းခြေ၊ လေ-ဟူသော ဓာတ် ၃-မျိုးကို ယူပါ။ ထိုဓာတ်သုံးမျိုးတို့တွင် တပါးပါးသည် ၁-ပထဝီ၊ ၂-အာပေါ၊ ၃- တေဇော ၄- ဝါယော၊ ၅- အာကာသ-ဟု ၅-မျိုးစီ ပြားကြသည်။ ၎င်းဓာတ် ၃-မျိုးတို့သည် ခန္ဓာကိုယ်ကို ဆောင်တတ်သောကြောင့် "ဓာတု" ဟုလည်းကောင်း၊ ခန္ဓာကိုယ်ကို ဖျက်တတ်သောကြောင့် "ဒေါသ" ဟုလည်းကောင်း၊ အညစ်အကြေးကို ပြုကျင့်သောကြောင့် "မလ"ဟု လည်းကောင်း၊ အမည်ရကြသေးသည်။

ဒုတိယဒိဝသေ။ ။နတ်ထိတ်လန့်စေရာနေ့မှ၊ တနည်း— ဇေတဝန်ကျောင်းတော်သို့ ရောက်ရာနေ့မှ နောက်တနေ့ဘည်း။

မာနဝ,မာဏဝ။ ။မာနဝသည် သဗ္ဗာဝါအားလုံးနှင့် ဆက်ဆံ၍ မာဏဝကား စက်ဆုပ်အပ်သော တွေဝေသော သဗ္ဗာဝါကို ဟောသည်။

ဘဂဝတော ဝစနပ္ပဇနတ္ထံ။ ။သေနာသနဝတ်တို့ကို ပညတ်အပ်သောကြောင့်လည်းကောင်း၊ သေနာသနက္ခန္ဓက၌ သေနာသနနှင့် စပ်သော များစွာသော စကားတော်တို့ကို ဟောတော်မူအပ်သောကြောင့်လည်းကောင်း၊ ကျောင်းကို ပြင်ဆင်ခြင်းသည်လည်း မြတ်စွာဘုရားစကားတော်ကို ပူဇော်ခြင်းမည်၏။

ဘဂဝတာ ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ဝဏ္ဏိတံ။ ။သေနာသနဝတ်ကို ပညတ်တော်မူသော အားဖြင့်လည်းကောင်း၊ သေနာသနက္ခန္ဓက၌ ကျောင်းနှင့်စပ်သော စကားတော်ကို ဟောတော်မူသော အားဖြင့်လည်းကောင်း ချီးမွမ်းတော်မူပါသည်။

ဒုတိယဒိဝသေ။ ။ကြံစည်ရာနေ့မှ နောက်တနေ့၊ ဝါဆိုရာနေ့မှ ၂-ရက်မြောက်နေ့။ (ဝါဆိုလဆုတ် ၂-ရက်နေ့) အကြံဖြစ်ရာနေ့မှ ထောက်၍ နှစ်ရက်မြောက်နေ့ဖြစ်သည်။

တုမှာကဥ္စ ဓမ္မစက္ခုံ။ ။ဒေသနာဉာဏ် ပဋိဝေဓဉာဏ် ၂-မျိုးစုံ ပါမှ သံဂါယနာဖြစ်နိုင်သောကြောင့် "ဓမ္မစက္ခု" အရ ဒေသနာဉာဏ် ပဋိဝေဓဉာဏ် ၂-မျိုးလုံးကို ယူပါ။

ပိဿကမ္မုနာ။ ။သိကြား၏ အမှုကြီးငယ်ကို စီမံသော နတ်သားတည်း။

ဗုဒ္ဓော ဘဂဝတော အာသနာရဟံ ဓမ္မာသနံ ပညာပေတွာ။ ။ဟာရားတော်လည်း မြတ်စွာ ဘုရား၏ ကိစ္စကို ပြီးစေနိုင်သောကြောင့် မြတ်စွာဘုရားပင် ဖြစ်၍ "ဗုဒ္ဓေ ။ပေ။ ပညာပေတွာ"ဟု မိန့်သည်။

တသ္မိံဥ ပန ဒိဝသေ။ ။မင်းလျှောက်အပ်သောနေ့။ (ဝါခေါင်လဆုတ် ၄–ရက်)

ဝိသဂန္ဓော။ ။အကျိုးမဲ့ကို ဖြစ်စေသည့်အတွက် အဆိပ်နှင့်တူသောကြောင့် ကိလေသာသည် "ဝိသ" မည်၏။ ထိုကိလေသာ၏ ရဟန္တာ အဖြစ်မှ တမျိုးတဖုံအဖြစ်ဟု ဆိုအပ်သော သတ္တိကို "ဂန္ဓ"ဟု ခေါ်သည်။

တနည်း—အဆိပ်ကို ဖြစ်စေတတ်သော ပန်းအစရှိသည်တို့၏ အနံ့နှင့်တူသောကြောင့် အထူးထူး အပြားပြား များသောဒုက္ခ၏ အကြောင်းဖြစ်သော အပြုအမူကို ဖြစ်စေတတ်သော ကိလေသာကို "ဝိသဂန္ဓ"ဟု ခေါ်သည်။

ဝိဿဂန္ဓ။ ။ဖောက်ပြန်သော အသား စသည်တို့၏ အနံ့သည် "ဝိဿဂန္ဓ" မည်၏။ ထိုဝိဿဂန္ဓနှင့် တူသည်၏အဖြစ်ကြောင့် ကိလေသာကို "ဝိဿဂန္ဓ"ဟု ခေါ်၏။

သံဝေဂံ အာပဇ္ဇိ။ ။ဤ၌ သံဝေဂ-အရ ဓမ္မသံဝေဂ ကို ယူပါ။ ဩဟိတဘာရာနံ—ဟူသော စကားကို ယောဇနာယူနည်း၊ ပဓာန နည်းအားဖြင့် ဆိုအပ်သောကြောင့် ဤနေရာ၌ အရှင်အာနန္ဒာသည် သောတာပန်ဖြစ်သော်လည်း "ဓမ္မသံဝေဂ"ကို ကောက်နိုင်ပါသည်။ ဤသို့သော နေရာမျိုး၌ ရဟန္တာမှ တပါးသော ပုဂ္ဂိုလ်တို့မှာလည်း ဓမ္မသံဝေဂကိုပင် အလိုရှိအပ်ပါသည်။ အကြောင်းကား—သံဝေဂေါနာမ သဟောတ္တပ္ပံ ဉာဏံ၊ သောတဿ ဘဂဝတော ဒဿနေ ဥပ္ပဇ္ဇိ ဟု ရဇ္ဇုမာလာဝိမာန အဖွင့်၌ ဆိုအပ်သောကြောင့်တည်း။ ထိုအမျိုးသမီးသည် ထိုအခါ၌ သာသနာတော်ကို မသိသေးသူ၊ ဖိုလ်သို့ မရောက်သေးသူသာ ဖြစ်ပါသည်၊ သံဝေဂ အရ ဓမ္မသံဝေဂကို မယူလျှင် စိတ်ထိတ်သန့်ခြင်း၏ အစွမ်းဖြင့် ဒေါသကို ကောက်ယူရတော့မည်။ ဤသို့ ဒေါသကိုယူသော် ထိုသံဝေဂသည် အရှင်အာနန္ဒာ၏ သောတာ ဘူမိသို့ ရောက်ခြင်း၌ ကောင်း အကြောင်း မဖြစ်ရာပါ။ ဒေါသကိုလည်း ဤနေရာ၌ မဆိုသင့်ပါ။ (ဒီ-၇၅)

အာသဝေဟိ စိတ္တံ ဝိမုစ္စိ။ ။ဤ၌ အာသဝ ဟူသော စကားသည် ဥပလက္ခဏ မျှသာ၊ အာသဝအရ၌ ပါသော မောဟနှင့်

တဒေကဒ္ဒေ ဖြစ်သောကြောင့် (ထိုမေဘဟနှင့်တကွ တစုသောစိတ်၌ တည်ကြ ယှဉ်ကြသည်၏ အဖြစ်ကြောင့်) ကိလေသာ အားလုံး၊ အကုသိုလ် အားလုံး တို့မှ လွတ်သည်ဟု မှတ်ပါ။ အရဟတ္တမဂ်ဥာဏ်၌ အာသဝေါတို့မှ လွတ်ဆဲ ဖြစ်၍အရဟတ္တဖိုလ် ဥာဏ်၌ အာသဝေါတို့မှ လွတ်ပြီးဖြစ်သည်။

ဝိရိယသမတံ ယောဇေမိ။ ။စကြုံကြသော ဝိရိယ လွန်ကဲနေသောကြောင့် ဥဒ္ဓစ္စယကို လျော့ခြင်း၏အစွမ်းဖြင့် သမာဓိနှင့် အညီအမျှသို့ ရောက်စေသောအားဖြင့် ဝိရိယ၏ ညီမျှသည်၏ အဖြစ်ကို ယှဉ်စေအံ့။ တနည်း—ဝိရိယ သမထံ၊ ဝိရိယနှင့် သမာဓိကို။ ယောဇေမိ။

အရှင်အာနန္ဒာ၏ ထူးခြားအံ့သြဖွယ်။ ။အရှင် အာနန္ဒာထေရ်၏ ကိလေသာ ပရိနိဗ္ဗာန်သည် ဣရိယာပုထ် လေးပါးမှ လွတ်၍လည်းကောင်း၊ ခန္ဓပရိနိဗ္ဗာန်သည် ကောင်းကင်၌ ပရိနိဗ္ဗာန်ပြု၍ လည်းကောင်း အထူးအားဖြင့် ချီးမွမ်းထိုက် အံ့သြထိုက်သည်သာ။

ဒုတိယဒိဝသေ ပဉ္စမိယံ ကာဠပက္ခဿ။ ။ဝါခေါင်လဆုတ် ၅-ရက်နေ့၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ ဝါခေါင်လပြည့်အထိ ကျောင်းအကျိုးအပျက် ပြင်ဆင်ခြင်း ၁-လ၊ အဇာတသတ်မင်း မဏ္ဍပ်ဆောက် ၃-ရက်၊ နောက်တနေ့ အရှင်အာနန္ဒာ အရဟတ္တဖိုလ်ရခြင်း ၁-ရက်၊ နောက်တနေ့ သံဂါယနာတင်ခြင်း ၁-ရက်၊ ဤသို့အားဖြင့် ဝါဆိုလပြည့်ကျော် တရက်မှ ဝါခေါင်လဆုတ် ၅-ရက်နေ့သည် ၁-လ နှင့် ၅-ရက် ဖြစ်သည်။

ဟဋ္ဌတုဋ္ဌစိတ္တော။ ။အလွန် ဝမ်းမြောက်သော စိတ်ရှိသည်။ ဝါ-ပါမောဇ္ဇဖြင့် ဝမ်းမြောက် ပီတိဖြင့် နှစ်သက်သော စိတ်ရှိသည်။

အာရောစယမာနော ဝိယ အာဂမာသိ။ ။"ငါ အရဟတ္တဖိုလ်ရပြီ" ဟု မပြောသော်လည်း မြတ်သောတင့်တယ်သောသွားခြင်းဖြင့် သွားသောကြောင့် မြင်ရသူပုဂ္ဂိုလ်အားလုံးတို့သည် အရှင်အာနန္ဒာ၏ အရဟတ္တဖိုလ်ရခြင်းကို သိကြသောကြောင့် ပြောသကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် "အတ္တနော အရဟတ္တပ္ပတ္တိံ အာရောစယမာနော ဝိယ အာဂမာသိ" ဟု မိန့်။

အဘယ်အကျိုးငှာ ပြောသကဲ့သို့နည်း။ ။အရှင်အာနန္ဒာသည် "အတ္တုပနာယိက မပြုပဲအရဟတ္တဖိုလ်ဖြေဆိုခြင်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်၏" ဟု နှလုံးသွင်းမိ၍ "သေက္ခဖြစ်သောကြောင့် ဓမ္မဝိနယကို သံဂါယနာတင်ရာ၌ မယူသင့်သော်လည်း ဗဟုသုတ၏ အဖြစ်ကြောင့် ယူကုန်အံ့" ဟု တွေးကာ ထိုင်နေကြသော ထေရ်တို့၏ မိမိအရဟတ္တ

ဖိုလ်သို့ ရောက်ကြောင်းကို သိသဖြင့် နှစ်သက်မှုကို ဖြစ်စေခြင်းအကျိုးငှာ လည်းကောင်း "အပ္ပမတ္တော ဟောဟိ" ဟု ဘုရားရှင်ပေးအပ်သော ဩဝါဒ၏ အကျိုးရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာ လည်းကောင်း ဤသို့ ပြောသကဲ့သို့ ကြသည်။

**မဟာကဿပသတ္တေဒ္ဓါဟ သိ။** ။တန်းတူထားခြင်း စ သော အကြောင်း ကြောင့် ဘုရားနှင့်ဘူ၍ ကြံသည်။ သော ဘတိ ဝတ တေ အာဝုသော အာနန္ဒအရဟတ္တသမဂ္ဂိမတာ" စသည်ဖြင့် ကောင်းချီးပေးသည်။ဤကာ ဒီဃဘာဏကာဝါဒတည်း။ခုဒ္ဒကပါဌအဋ္ဌကထာ တို့၌လည်း ဒီအတိုင်းပင်ဆိုထားသောကြောင့် ခုဒ္ဒကပါဌဘာဏကတို့၏ဝါဒ ဟုလည်း ဆိုသင့်ပါသည်။

**မဇ္ဈိမဘာဏကကေစ္စဝါဒ။** ။မြေ၌ ငုပ်၍ မိမိနေရာ၌သာ ထင်ရှားပြ သည်။ ကောင်းကင်ဖြင့် ကြွ၍ မိမိနေရာ ရောက်မှ ထင်ရှားပြသည်-ဟုလည်း ဆိုသေးသည်။ ထို ၃-ဝါဒ၌ ထိုထို ဘာဏကတို့၏ ထိုထိုအခြင်းအရာအားဖြင့်လာခြင်းမျှသာ ကွဲ၍သီးခြားဆိုခြင်း၌ ထူးခြားသော အကြောင်းမရှိပါ။

**ဝါဒကွဲရကြောင်း။** ။သံဂါယနာ တင်ခြင်းသည် ၇-လ ကြာမြင့်သော ကြောင့် တခါတရံ ရိုးရိုး၊ တခါတရံ မြေ၌ငုပ်၍ တခါတရံ ကောင်းကင်ဖြင့် ကြွသောကြောင့် ထိုသို့ကြွသွားခြင်းကို စွဲ၍ ဝါဒကွဲပြားရသည်။

**တနည်း—သံဂါယနာတင်ရာ အစတနေ့တည်း၌ပင် ရှေးဦးစွာ ရိုးရိုး ကြွ၍** နောက် ကောင်းကင်သို့ ပျံတက်ကာ ပရိသတ်သို့ ရောက်ရာအခါ၌ ဆင်းသက်၍ ရဟန်းအစဉ်ကို မညှဉ်းဆဲလိုသောကြောင့် မြေ၌ ငုပ်၍ မိမိနေ ရာ၌ မိမိကိုယ်ကိုပြသည်ဟု ဆိုကြကုန်သေး၏။ (ဝဒန္တိ)

**လိုရင်းအချက်။** ။အဘယ်သို့သော အခြင်းအရာအား ဖြင့် ကြွလာသည်ဖြစ်စေ ကြွလာခြင်းသည် ပမာဏ မဟုတ်၊ ကြွလာ၍ ရောက်ရာအခါ၌ ရှင်မဟာကဿပ၏ ကောင်းချီးသံပေးခြင်းသည်သာ ပမာဏတည်း။ ဘာကြောင့်နည်း... မြတ်စွာဘုရားသည် ပေးထိုက်သော ကောင်းချီးကို ပေး ခြင်းဖြင့်ပင် အရှင်အာနန္ဒာထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို အခြား ပုဂ္ဂိုလ်တို့ သိရသောကြောင့်လည်းကောင်း၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိလျှင် ခံယူထိုက်သော ချီးမွမ်းခြင်းကို ထေရ်သည် ခံယူရသောကြောင့် လည်းကောင်းတည်း။ (အဋ္ဌကထာ၌ ယထာဝါ တထာဝါ-စသည် ဆိုရခြင်း၏ အကြောင်းပြ ဖြစ်သည်။)

ဘိက္ခု၊ အာမန္တေသိ။ ။အာမန္တေသိ-ခေါ်ပြီဟု အနက်ပေးပါ။ ခေါ်ခြင်း၊ သိစေခြင်း နှစ်နက်တွင်ခေါ်ခြင်း အနက်သာ သင့်သည်ဟု သာရတ္ထ၌ ဆို၏။ ခေါ်ခြင်းမျှပဟုတ်သောကြောင့်လည်းကောင်း၊ကိ ပဌမံ သင်္ဂါယာမ-စသည်ဖြင့် သိစေအပ်သော အနက်ဘူးနှင့်ဘက္ကုဖြစ်သော ကြောင့်လည်းကောင်း သိစေခြင်း အနက်သာ သင့်ပါသည်။ "သိစေပြီ" ဟုပေးရမည်။

ဓမ္မံ ဝါ ဝိနယံ ဝါ။ ။ဝါသဒ္ဒါ ဝိကပ်အနက်၌ဖြစ်၏၊ထိုဝါသဒ္ဒါဖြင့် ထိုဓမ္မ ဝိနယတို့တွင် အဘယ်တမျိုးကို ပဌမသံဂါယနာ တင်ကြမည်နည်းဟု ပြသည်။

ဗီဇနိ ဂဟေတွာ။ ။ယပ်တောင်ကို ယူခြင်းသည် ဓမ္မကထိကတို့၏ ဓမ္မတာဟု ယူပါ။ ဓမ္မကထိကတို့သည် မိမိတို့၏ လက်လှုပ်ခြင်း၊ မျက်နှာ၏ ဖောက်ပြန်ခြင်းစသည်ကို ပရိသတ်မမြင်အောင် ယပ်တောင်ဖြင့် ဖုံးကြသည်။ဘုရားရှင်ကတော့ ဓမ္မကထိကတို့၏ ဓမ္မတာကိုပြခြင်းအကျိုးငှာသာ ဆန်းကြယ်သော ယပ်တောင်ကို ကိုင်တော်မူပါသည်။ တလောကလုံး၏ တန်ဆာသဖွယ်ဖြစ်သော အမြင့်ဆုံးသိက္ခာတို့ကို စောင့်စည်းတော်မူသော ဘုရားရှင်၏ မျက်နှာတော်လဝန်းသည် ဖုံးလွှမ်းစရာမရှိပါ။

ပဌမဟု-ဆိုရကြောင်း။ ။"ပဌမံ အာဝုသော ဥပါလိ ပါရာဇိကံ ကတ္ထ ပညတ္တံ"ဟူသော စကားရပ်၌ သံဂါယနာ၏ရှေး ကာလ၌ ပဌမ-ဟူသောအမည် မရသေး၍ ပဌမံပါရာဇိကံ-ဟု မသုံးသင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။ အဖြေကား....မြတ်စွာဘုရားပညတ်အပ်သော အစဉ်ဖြင့်သည်းကောင်း ၊ ပါတိမောက်ရွတ်အပ်သော အစဉ်ဖြင့်သည်းကောင်း၊ ပဌမအဖြစ် ပြီးစီးသောကြောင့် ပဌမဟု သုံးသင့်ပါသည်။ မှန်၏။ များသော အားဖြင့် ပိဋကသုံးပုံတို့ကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ၌ တည်သောအစဉ်ဖြင့်ပင် သံဂါယနာတင်ကြသည်။ အထူးအားဖြင့် ဝိနည်း အဘိဓမ္မာတို့ကို ဘုရားလက်ထက်အခါ၌ တည်သောအစဉ်ဖြင့်သာ သံဂါယနာ တင်ကြသည်။

အပနေတဗ္ဗံ။ ။ပိုနေ၍ အနက်မရှိသောကြောင့် (တနည်း) ချွတ်ချော်နေ၍ မသင့်သောကြောင့် ရှုံ့ပစ်စဉ်စကားကို "အပနေတဗ္ဗ"ဟု ဆိုသည်။

ပက္ခိပိတဗ္ဗဟူသည်။ ။မပြည့်စုံသောကြောင့် ထည့်ရည့်စကားတည်း။

**သာဝကာနံ ပန ဓေဝတာနံ ဝါ ဘာသိတေ။** ။ဤစကားကို ဘုရားရှင်ကို မေးခြင်း၊ ချီးမွမ်းခြင်း စသည်တို့၏အစွမ်းဖြင့် ဟောအပ်သည်ကို ရည်ရွယ်၍ မိန့်ဆိုပါသည်။

**ဣဓဒိပဌမပါရာဇိကံ၊** ။ဤ ပို့ချစဉ်ဖြင့်ပင် သင်ယူခြင်း၊ ဆောင်ခြင်း စသော ကိစ္စပြီးစီးခြင်းငှာ ဤကား ပဌမပါရာဇိက-ဟု သတ်မှတ်၍ ထားကြသည်။ ဤအကျိုးငှာပင် ပေါင်း၍ ရွတ်ဆိုမှုပြုကြသည်။

**သာဓုကာရံ ဒဒမာနာ ဝိယ။** ။ထိုမြေလှုပ်ခြင်းသည် ထေရ်တို့၏ ဓမ္မကို သရဇ္ဈာယ်ခြင်း၏ အာနုဘော်ကြောင့်-ဟု သိစေခြင်းငှါ-"သာဓုကာရံ ဒဒမာနာဝိယ"ဟု ဆိုသည်။

**ဥဒကပရိယန္တံ။** ။မြေကိုဆောင်သော ရေကို အဆုံးပြု၍ မြေလှုပ်သည်။ မှန်၏ ရေလှုပ်မှ မြေလှုပ်သည်။ ဤပါဠိဖြင့် တစိတ် တဒေသ မြေလှုပ်ခြင်းကို ကန့်၏။

**ပဥ္စသတ္တတိ သိက္ခာပဒါနိ။** ။သေခိယပါဠိတော်၌ ဂဏန်းအပိုင်းအခြား မရှိသော်လည်း သံဂါယနာ တင်အပ်ကုန်သော ပါဠိတော်တို့ကား ဤမျှလောက်တို့သာတည်း-ဟု ပြခြင်းငှာ (၀ါ) ပြလိုသောကြောင့် "ပဥ္စသတ္တတိ သိက္ခာပဒါနိ"ဟု ဆိုပါသည်။

**ဘာဏဝါရ။** ။အဋ္ဌက္ခရာ ဧကပဒံ၊ ဧကဂါထာ စတုပ္ပဒံ၊
ဂါထာ စေကာ မတော ဂန္ထော၊ဂန္ထော ဗာတ္တိံသတက္ခရော။
ဗာတ္တိံသက္ခရဂန္ထာနံ၊ ပဉ္ဉာသဒွိသတံ ပန။
ဘာဏဝါရော မတော ဧကော၊ သုဥ္ဉက္ခရသဟဿကော-
နှင့်အညီ အက္ခရာ ၈-လုံးသည် တပါဒ၊ ၄-ပါဒသည် တဂါထာ၊ တဂါထာသည် ဂန္ထတခု။ အက္ခရာလုံးရေအားဖြင့် ၃၂-လုံး (၄×၈=၃၂)၊ ဂါထာ= ဂန္ထပေါင်း ၂၅၀-ကို ဘာဏဝါရ-၁-ခုဟု ခေါ်သည်။ အက္ခရာအားဖြင့် (၂၅၀×၃၂=၈၀၀၀ တည်း။ အပန်းဖြေ၍ ရပ်နားမနေပဲ တကြိမ် ရွတ်ဆိုတိုက်သောပါဠိကို "တစ်ဘာဏဝါရ" ဟု ခေါ်သည်။ သိက္ခာပဒကဏ္ဍ ဝိဘင်္ဂနိယမဖြင့်သာ ထားသည်မဟုတ်။စင်စစ်အားဖြင့်လည်း ပမာဏ နိယမဖြင့် ထားသည်ဟု ပြခြင်းငှာ "စတုသဋ္ဌိ ဘာဏဝါရော" ဟု မိန့်သည်။

**ခန္ဓက။** ။ပဗ္ဗဇ္ဇူပသမ္ပဒ အစရှိသော ဝိနည်းကံဟု ဆိုအပ်သော ပညတ်၊ စာရိတ္တ ဝါရိတ္တ သိက္ခာပုဒ်ဟု ဆိုအပ်သော ပညတ်တော်တို့ကို

"ခန္ဓ"ဟု ခေါ်၏။ ထိုခန္ဓတို့၏ အပေါင်း ဖြစ်သောကြောင့် (ခန္ဓတို့ကို ထင်ရှား ပြတတ်သောကြောင့်) မဟာဝါ စူဠဝါတို့ကို ခန္ဓက ဟု ခေါ်သည်။ (ဋီ-၈၁)

ဝဂ္ဂံ သင်္ဂါယိတုကာမေယာ။ ॥ဤ၌ ဓမ္မအရ "ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော" စသည်တို့၌ကဲ့သို့ ပါရိသေသ နည်းအားဖြင့် ဓမ္မသဒ္ဒါသည် သုတ္တန် အဘိဓမ္မာတို့၌သာ ဖြစ်သောကြောင့် သုတ္တန် အဘိဓမ္မာကိုသာ ယူပါ။

သုတ္တန္တပိဋကေ ဂဏတော သင်္ဂီတိယော။ ॥ဝိနည်း အဘိဓမ္မာ တို့လည်း ခုဒ္ဒကနိကာယ်၌ အကျုံးဝင်သောကြောင့် ခုဒ္ဒကနိကာယ်ကို ကြဉ်၍ "သုတ္တန္တ။ ပေ။ သင်္ဂီတိယော" ဟု ဆိုပါသည်။ သင်္ဂါယနာတင်ရာအခါ၌ ဒီဃနိကာယ် စသည်၏ အစွမ်းဖြင့် သီးခြား သီးခြား သတ်မှတ်၍ သိမ်းယူအပ်သောကြောင့် နိကာယ်တို့ကိုပင် "သင်္ဂီတိ"ဟု ဆိုကြပါသည်။

စတုတ္တိံသသုတ္တန္တနိ တယော ဝဂ္ဂါ။ ॥ဝဂ္ဂ-ဟူသည် သုတ်မှတပါး အခြား မဟုတ်။ သုတ်တို့သည်ပင် ပေါင်းဆုံ၍ အစုပြုခြင်း၏ အစွမ်းဖြင့် "ဝဂ်" မည်၏ဟု ပြခြင်းငှာ "စတုတ္တိံသ။ ပေ။ ဝဂ္ဂါ"ဟု ဆိုပါသည်။

ကုဟနလပနာဒိ။ ॥ပစ္စယပဋိသေဝန၊ သာမန္တဇပ္ပန၊ ဣရိယာပထ သန္နိဿိတ ဟု ဆိုအပ်သော ဝတ္ထု ၃-ပါးတို့ဖြင့် အံ့သြစေခြင်းကို ကုဟန ဟု ခေါ်၍ ကျောင်းသို့လာသော ဒါယကာတို့ကိုမြင်လျှင် "ဒါယကာတို့၊ ဘာလုပ်လာကြသလဲ၊ ဘုန်းကြီးတွေ ပင့်ဖို့လား၊ ဒီလိုဆိုလျှင် သွားနှင့်ကြ၊ နောက်မှ ရဟန်းတော်ကို ခေါ်၍ လာခဲ့မည်" စသည်ဖြင့် ပြောဆိုခြင်းကို "လပန" ဟု ခေါ်သည်။ အာဒိအရ ပန်းပေးခြင်း စသော ကုလဒူသက ၈ ပါးနှင့် နေမိတ္တိကတာ စသည်ကို ယူပါ။

ရာဇာဂါရကော ဒေ ပလဒ္ဓိကာယံ။ ॥ပသိဒ်သော အနက်ကို သိစေခြင်းငှာ အာဝေရ ၂-ခု ဆိုလားသည်။

ကော နာမ ဟု ပေးပုံကဲ့ပြားရကြောင်း။ ॥ဖြတ္တဇာလ သုတ်ကို မေးစဉ်က ကဲ့သို့ "ကံ အာရဗ္ဘ" ဟု မေးတော်မူ၍ "ကော နာမ"ဟု ပေးရပြီး အကြောင်းကား သာမည ဖလ သုတ်ကို ဖြစ်စေရာကုန်းချင်းသော ဟောတော်မူသည်မဟုတ်။ အဇာတသတ် မင်း၏ "ယထာ နုခေါ ဣမာနိ ပုထုသိပ္ပါယတနာနိ" စသည်ဖြင့် ဟိတ္ထိတို့

**ထံ** မေးဖြေခဲ့ပုံများကို လျှောက်ထားသော စကားလည်း ပါဝင်သော ကြောင့် "ကေန သဒ္ဓိ"ဟု မေးပါသည်။(ဋီ-၁၃)

**စေ သံဝဏ္ဏိတံ။** ။သံဝဏ္ဏိတ်၏ ကတ္တားကို ပေါရာဏကေဟိဟု ထည့်ပါ။ထိုသို့ ထည့်သဖြင့် ပေါရာဏမဟာဒယ(မဟာဓာတုကထာ)နှင့် အဘိ အဘိဓမ္မာ ၇-ကျမ်းမည်၏ဟု ဆိုသော ဝိတဏ္ဍဝါဒီတို့၏ ဝါဒကိုပယ်ရှ ကထာဝတ္ထုနှင့်တကွသော အဘိဓမ္မာ ၇-ကျမ်းမည်၏ဟု ဆိုသော သမာနဝါဒီ တို့၏ အယူကို ပြသည်။

**ပရိဟရထ။** ။သင်ယူခြင်း ပို့ချခြင်း စသည့်ကို၏ အစွမ်းဖြင့် ဆောင်ကြ ကုန်လော့။

**ဇာတ်-စသည်တို့ကို အဘိဓမ္မာ၌သွင်း။** ။ဇာတ်-စသည်တို့သည် ခုဒ္ဒက နိကာယ်၌ အကျုံးဝင်၍ နိကာယ်ချင်း တူသောကြောင့်လည်းကောင်း၊ များသောအားဖြင့် ဓမ္မနိဒ္ဒေသ အဖြစ်ဖြင့် တူသောကြောင့်လည်းကောင်း အဘိဓမ္မာ၌ သွင်းရပါသည်။ နိကာယ်ကွဲသောကြောင့် ဒီဃနိကာယ်စသည့် အပြားရှိသော သုတ္တန္တပိဋကတ်၌ မသွင်းရပါ။ ပညတ္တိနိဒ္ဒေသဖြစ်သော ဝိနည်း၌လည်း နိဒ္ဒေသကွဲသောကြောင့် မသွင်းရပါ။ ဇာတ်နှင့် အလားတူသောကြောင့် စရိယာပိဋက ဗုဒ္ဓဝံသတို့ကို လည်းကောင်း၊ နိဒ္ဒေသပဋိသမ္ဘိဒါမဂ်တို့နှင့် အလားတူသောကြောင့် နေတ္တိ ပေဋကောပဒေသ စသည်တို့ကိုလည်းကောင်း ဤနေရာ၌ ယူပါ။(ဒီဃဘာဏ ကဝါဒ)။ (ဋီ-၁၄)

တနည်း– သုတ္တန်၌ သွင်းရကြောင်း။ ။အဋ္ဌုပ္ပတ္တိ အစွမ်းဖြင့် ဟောတော်မူ အပ်သော ဇာတ်စသည်တို့ကို ယထာ နုလောမဒေသနာဖြစ်သောကြောင့် ယထာနုလောမဒေသနာဖြစ်သော သုတ္တန် ပိဋကတ်၌ သွင်းသင့်ပါသည်။ သဘာဝဓမ္မနိဒ္ဒေသ ယထာဓမ္မသာသနာဖြစ် သောအဘိဓမ္မာပိဋကတ်၌ မသွင်းသင့်ပါ။ ပညတ္တိနိဒ္ဒေသ ယထာပရာဓသာသနာ ဖြစ်သော ဝိနည်း၌လည်း မသွင်းသင့်ပါ။ (မဇ္ဈိမဘာဏကဝါဒ)။

မှတ်ချက်။ ။ယော ယော ပဏ္ဍိတော ဝုတ္တော၊ သော သော သာရတော ဒဠှဗ္ဗော-ဟူသော စကားနှင့်အညီနောက်ဝါဒကိုသာ ဆရာများ နှစ်သက်၍ ယခုတိုင် အတည်ပြု လက်ခံကြသည်။

အနုတ္တရံသမ္မာသမ္ဗောဓိံ။ ။အနာဝရဏဉာဏ်လျှင် နီးစွာသော အကြောင်းရှိသော အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်လျှင် နီးစွာသော အကြောင်းရှိသော အနာဝရဏဉာဏ်ကို သမ္မာသမ္ဗောဓိအရကောက်ပါ။

ဝိမုတ္တိရသံ။ ။၁-အရဟတ္တဖိုလ်ဟူသော အရသာရှိ၏၊ ၂-အရဟတ္တမဂ် အရဟတ္တဖိုလ်ဟူသော ဂုဏ်အာနိသင်ရှိ၏။ ၃-အရဟတ္တမဂ် အရဟတ္တဖိုလ် ဟူသော ကြည့်စုံခြင်းရှိ၏။ ၄-ကိလေသာတို့မှ လွတ်ခြင်းကိစ္စရှိ၏။ [၁-သည် ဆရာသာရိပုတ္တရာထေရ်၏ ဝါဒဖြစ်၍ ကျန်ဝါဒများသည် ဆရာ မပြပါလသေး၏ ဝါဒများတည်း။]

အဏ္ဏရသ-ဓသည်။ ။၁-အဏ္ဏရသ=ဖိုလ်လေးပါး၊ ၂-ဓမ္မရသ=မဂ်လေးပါး ၃-ဝိမုတ္တိရသ=အမတမဟာပြတ်နိဗ္ဗာန်။

ဝတ္တ ဝိနယပိဋကံစသည်။ ။သာမညအားဖြင့် ဘုရားစကားတော်အားလုံးပင် ကိလေသာတို့ကို ပယ်ဖျောက်တတ်သောကြောင့် ဝိနယမည်၍ ကုံးမာလွန်သင်သည့်အတိုင်းကျင့်သူတို့ကို အပါယ်စသည်မကျအောင် ဆောင်တက်သောကြောင့် မွေလည်း မည်ပါသည်၊ သို့သော်-ဤနေရာ၌ အလိုရှိအပ်သော ဝိနယပိဋကသာ ဝတ္ထုရှာအစွမ်းဖြင့် သရုပ်အားဖြင့် ထုတ်ပြခြင်း ငှာ "ကတ္တ ဝိနယ ပိဋကံ" စသည်ကိုမိန့်။

အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။ ။ဝဒ္ဒါစသည်တို့၏ အစွမ်းဖြင့် သဘာဝဓမ္မကို ဟောမှုများသောကြောင့် ဝိနည်းမှ ကြွင်းသမျှ ဗုဒ္ဓဝစနသည်ဓမ္မမည်၏။ တနည်း—ဝိနည်းလည်း ပရိယတ္တိစသည် ဖြစ်သော ကြောင့် ဓမ္မာင်ဖြစ်သော်လည်း ဝိနယနှင့် အရကျဲဖြစ်၍ ဂေါဗလီဗဒ္ဒနည်း အားဖြင့် ဝိနည်းမှ ကြွင်းသမျှ ပါဠိတော်သာ ဓမ္မမည်၏။

အနေကဇာတိသံသာရံ ဂါထာ ပဌမဗုဒ္ဓဝစနံ အမည်ရကြောင်း။ ။ဤဂါထာကို ဘုရားရှင်သည်ပိပိ၏ သဗ္ဗညုတဉာဏ်၏ နီးစွာသောအကြောင်း ဖြစ်သောအရဟတ္တမဂ်ကို ရပြီးလျှင် ၁၉-ခုပြောက်သော ပစ္စဝေက္ခဏာဉာဏ်၏ အခြားမဲ့၌ ရွတ်ဆိုအပ်သောကြောင့် "ပဌမဗုဒ္ဓဝစန"ဟု ဆိုရပါသည်။ ဤဥဒါန်းကား ဘုရားရှင်အားလုံးတို့သည် ပစ္စန်းအပ်သော ဥဒါန်းဖြစ်သည်။

ဇာတိ ဒုက္ခာ။ ။ဇရာ ဗျာဓိ မရဏတို့နှင့် ရောသောကြောင့် ဇာတိသည် ဒုက္ခ ဖြစ်၏။

ဝဏ္ဏကဘာဏကတို့၏ အဆိုအရ ယဒါ ဟဝေစသည်သာ ပဌမဗုဒ္ဓဝစန။ ။အနေကဇာ တိသံသာရံ စသော ဂါထာကို ဘုရားရှင်သည် စိတ်တော်ဖြင့်သာ ဟော

တော်မူသည့်အတွက် သတ္တဝါအများအား ကျေးဇူးမရှိသောကြောင့် ''ပဌမဗုဒ္ဓဝစန''ဟု မဆိုနိုင်။

**ဝဒန္တိဝါဒ။** ။ဋီကာတော်တွင်း၌ ရှင်ခြင်း၏ အစွမ်းဖြင့် အနေကဇာတိသံသာရံစသော ဂါထာ ၂-ပုဒ်ကို ဟောသောကြောင့် ဤဂါထာနှစ်ပုဒ်သည် စိတ်တော်ဖြင့် ဟောအပ်သော တရားတို့တွင် ပဌမဖြစ်၍ ယဒါဟဝေစသည်ကား နှုတ်ဖြင့် ဟောအပ်သော တရားတို့တွင် ပဌမဖြစ်သည်။

ယဒါ ဟဝေ—စသော ဂါထာကား နှုတ်တော်ဖြင့်မြွက်၍ ဟောတော်မူအပ်သည့်အတွက် ထိုအချိန်၌ နာကြားသော နတ်ဗြဟ္မာတို့အား ကျေးဇူးရှိသောကြောင့် ''ပဌမ ဗုဒ္ဓဝစန''မည်ပါသည်။

**ဓမ္မပဒဘာဏကတို့၏ ဒေသနာတော်**။ ။ဓမ္မပဒဘာဏကတို့ကား ဒေသနာတော်၏ လူအပေါင်းအား ကျေးဇူးပြုခြင်း မပြုခြင်းသည် ပဌမဖြစ်ခြင်း၌ လက္ခဏာမဟုတ်ပါ၊ မြတ်စွာဘုရားသည် စိတ်တော်ဖြင့် ရှေးဦးစွာ ဟောတော်မူအပ်သောကြောင့် ဤ''အနေကဇာတိသံသာရံ''စသော ဂါထာကိုသာ ''ပဌမဗုဒ္ဓဝစန''ဟု ဆိုကြပါသည်။ ထို့ကြောင့် စကားတော်နှစ်မျိုးလုံး သုံ့နည်းနှင့်သူ ပဌမဗုဒ္ဓဝစနဖြစ်သင့်သည်ဟု မှတ်ပါ။

**ဥဒါနဝသေန ဥဒါနေတွာ-ဟုဓမ္မပဒ၌ ဆိုနိုင်ပုံ**။ ။အနေကဇာတိသံသာရံ—ဂါထာသည် စိတ်တော်ဖြင့်သာ ဟောတော်မူပါလျက် ဓမ္မပဒအဋ္ဌကထာ၌ အနေကဇာတိသံသာရန္တိ-ဣမံ ဓမ္မဒေသနံ သတ္ထာ ဗောဓိရုက္ခမူလေ နိသိန္နော ဥဒါနဝသေန ဥဒါနေတွာ အပရဘာဂေ အာနန္ဒတ္ထေရေန ပုဋ္ဌော ကထေသိ—ဟု ဆိုခြင်းကား အနက်၏ အစွမ်းဖြင့် စိတ်ဖြင့် ကျူးရင့်သည်ဟု ယူကိုက်သောကြောင့်တည်း၊ မှန်၏-ထို၌လည်း စိတ်ဖြင့် ကျူးရင့်သည်ဟူသော အနက်ကိုသာ ယူကိုက်ပါသည်။

**ပနုဿာဥဒါန်း**။ ။ဥဒါန်းသည် ဒေသနာ ထုံ့ပိပ် နှုတ်သော ဥဒါန်း၊ ဝစသော ဥဒါန်း—ဟု နှစ်မျိုးရှိ၏။ ထိုတွင်၌ ဝစသောဥဒါန်းဖြစ်လျှင် ဥဒါန်းပါဠိတော်၌ သံဂါယနာတင်ရာ၏။ ဥဒါန်းပါဠိတော်၌ သံဂါယနာ-မတင်ခြင်းသည်ပင် ဝစသောဥဒါန်းမဟုတ်၊ ပနုဿာဥဒါန်း ဖြစ်ခြင်း၌ အကြောင်းဟု မှတ်ပါ။

**ပါဠိ ဒီဝသော**။ ။ဤပုဒ်ကို ဘယ္ဘဘာဝပစ္စယ နှင့် စပ်၍၊ ပစ္စဝေက္ခန္တော ဥပ္ပန္နာ နှင့်သာ စပ်ရပြည်။ ထို့ကြောင့်နည်း—ဘုရားရှင်သည် ကဆုန်လပြည့် မိုးသောက်ယာမ်၌ သဗ္ဗညုတဉာဏ်ဖြစ်သို့ ရောက်သော

ကြောင့်တည်း၊ လောကီအလို သဗ္ဗညုဘာဝပတ္တသာနှင့် စပ်နိုင်သော်လည်း သာသနာ့ အယူမဟုတ်သောကြောင့် မယူရ၊

ဝယဝမ္ဗာ။ ။ယဒနိစ္စံ တံ ဒုက္ခံ ယံဒုက္ခံ တဒနတ္တာ–ဟု ဟောတော်မူသော ကြောင့် ဝယမ္ဗော ဖြင့်အနိစ္စလက္ခဏာအမှူးပြုသဖြင့် သင်္ခါရတို့၏ ဒုက္ခအနတ္တလက္ခဏာကိုလည်းပြပါသည်။ လက္ခဏာသုံးပါးကိုပြခြင်းဖြင့်ပင် လက္ခဏာသုံးပါးဟူသော အာရုံရှိသော ဝိပဿနာကိုပြလျက် အားလုံးသော တိတ္ထိတို့၏ အရာမဟုတ်၊ ဘုရားရှင်၏သာ–သီးခြားအရာ ဖြစ်တော်မူသော စတုသစ္စကမ္မဋ္ဌာန်းဟူသော တည်ရာရှိသော ပဗောက်မပြန် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကိုပြသည်။ အပ္ပမာဒေနသမ္ပာဒေထဖြင့် သမ္မာပဋိပတ်အကျင့်မြတ်၌ တိုက်တွန်းတော်မူ၏၊ တနည်း– ဝယမ္ဗော သင်္ခါရာဖြင့် ဒုက္ခ၌အားဖြင့် ထိတ်လန့်စေတော်မူ၍၊ အပ္ပမာဒေန သမ္ပာဒေထဖြင့် အကျဉ်းအားဖြင့်ပင် အကြွင်းမရှိသော သမ္မာပဋိပတ်အကျင့်မြတ်ကိုပြသည်။

သင်္ဂီကဋ္ဌ အသင်္ဂီတဋ္ဌ။ ။အသင်္ဂီတဟူသည် သင်္ဂီတိကဋ္ဌက ကထာဝတ္ထု ကျမ်း စသည်တည်း။

ကေစိတို့ကား––သုဘသုတ်ကို ပဌမသံဂါယနာမတင်သောသုတ်ဟု ဆိုကြ၏။ ကေစိအဆိုမသင့်ပါ။ ဘာ့ကြောင့်နည်း....ထိုသုဘသုတ်ကို ပထမသံဂါယနာ မတင်မီ ရှေးဦးစွာ အရှင်အာနန္ဒာမထေရ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတိုင်စဉ် သုဘလုလင်အား ဟောတော်မူသော သုတ္တန်ဖြစ်သောကြောင့်တည်း။ (ဋီ-ဟောင်း) သုဘသုတ်သည် ''ဧဝံ မေ သုတံ ဧကံ သမယံ အာယသ္မာ အာနန္ဒော သာဝတ္ထိယံ ဝိဟရတိ'' စသည်ဖြင့်သာရှိ၍ထို ''ဧဝံ မေ သုတံ'' စသော စကားကို (အရှင်အာနန္ဒာသည်-ကိုယ်တိုင်ဟော သုတ္တန်ဖြစ်သောကြောင့်) ပဌမသံဂါယနာတင်ရာ၌ အရှင်အာနန္ဒာဆိုသော စကားမဖြစ်နိုင်ပါ။ အရှင်အာနန္ဒာ လျှောက်သော စကားသာဖြစ်လျှင် ''ဧကမိဒံ ဘန္တေ သမယံ ဘဂဝါ ... ဝိဟရတိ'' စသည်ဖြင့်သာ လျှောက်ရာ၏။ ထို့ကြောင့် (သံဂါယနာ တင်ပါက ဧကမိဒံ ... ဖြင့်ရှိ၍ ဧဝံ မေ သုတံ စသည်ဖြင့် ရှိသောကြောင့်) ဒုတိယ တတိယ သံဂါယနာတင်ပုဂ္ဂိုလ်တို့က ''ဧဝံ မေ သုတံ'' စသည်ဖြင့် သုဘသုတ်ကို သံဂါယနာတင်သည်ဟု ဆိုသည်။ (ဋီကာသစ်)

ဒုတိယ သင်္ဂါယနာ ... ။ ။သုဘသုတ်ကို အရှင်အာနန္ဒာ သည် ပင် ဟောအပ်ပါသော်လည်း သံဂါယနာတင်ရာ၌ ပါဠိတော်၌ ကာလိုသောအရှင် ... စသော ... အခြားသော သုတ်တို့၌ လာသောနည်း ဖြင့်ပင် ''ဧဝံမေသုတံ'' စသည်ဖြင့် ပါဠိတော်အားပါသည်။

တနည်း—အရှင်အာနန္ဒာမထေရ်သည် သုတ်သုတ်ကို ကိုယ်တိုင် ဟောပါသော်လည်း သာမညဖလသုတ် စသည်တို့၌ ဘုရားရှင် ဟောတော်မူသော နည်းဖြင့်ပင် ဟောပါသည်။ ထိုသို့ မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ရအပ်သောနည်း၌ တည်၍ ဟောတော်မူသောကြောင့် ဘုရားရှင်ဟောအပ်သော တရားကို မှီ၍ မထားလိုရကား "ဧဝံမေသုတံ" စသည်ကို ဟောကြားသည်ဟု ယူလျှင်လည်း သင့်နိုင်သည်သာ။

ခုဒ္ဒက။ပေ။သုတ္တန္တပိဋကံနာမ။ ။ဒီဃဘာဏကဝါဒ မဇ္ဈိမဘာဏကဝါဒ တို့တွင် မဇ္ဈိမဘာဏကတို့၏ ဝါဒသည် ယုတ္တတရ ဖြစ်သောကြောင့် ခုဒ္ဒကပါဌ စသည်တို့ကို သုတ္တန်ပိဋကတ်၌သာ ရေတွက်၍ ပြလိုရကား "ခုဒ္ဒက ။ပေ။ သုတ္တန္တပိဋကံနာမ" ဟုဆို၏။

ဝိနယော ၂—ခုအကျူး။ ။အယံ ဝိနယော ၌ ဝိနယောသည် အကျယ်ချဲ့ဖြစ်သော သညီဟုယိုအပ်သော ပါဠိတော်ဝိနည်းဖြစ်၍ ဝိနယောတိ အဖွင့်တော ၌ ဝိနယောကား ဒွိပဒဖြစ်သော သညာ ဝိနည်း တည်း။

အနုပညတ္တိနယာ။ ။အနုပညတ္တိနည်းများသည် လောကဝဇ္ဇ သိက္ခာပုဒ်တို့၌ ခိုင်မြဲအောင် ပြုခြင်းအကျိုးရှိကြ၍ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ လျော့အောင် ပြုခြင်း အကျိုးရှိကြသည်။

အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ။ ။သုတ်ဖြင့် သိပ်ယူအပ်သော သီလ အစရှိသော အကျိုးစီးပွားသည် ထိုသုတ်ကို ရှုတ်ဖတ်နာယူ ကြံစည်ကုန်၍ ဟောပြောပြသော ပုဂ္ဂိုလ်အတွက်သာမက သူတပါးအတွက်လည်း ဖြစ်သောကြောင့် "အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ" ဟုဆိုရပါသည်။ အာဒိဖြင့် ဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထ၊ လောကိယ လောကုတ္တရတ္ထ စသည်တို့ကို ယူ၏။

အတ္တ၏ နက်။ ။အတ္ထာနမေဒ္ဒါစာယံ ဟိတာဝရိယာဒေယာ၊ နဘာသိတတ္ထဝစနော။

ဘာသိတတ္ထယူသော် အတ္ထေသူစေတိအရ ဗြဟ္မဇာလသုတ်သည် အတ္တတ္ထ (မိမိတည်းဟူသော ဗြဟ္မဇာလသုတ်၏အနက်) ပရတ္ထ (တပါးသော သာမညဖလစသော သုတ်၏အနက်)ကို ပြနိုင်ရာ ရောက်၏။ ထိုသို့ကား သုတ်၏အနက်မှတပါး အခြားသော သုတ်၏ အနက်ကိုမပြနိုင်သောကြောင့် အတ္တအရ ဘာသိတတ္ထဟူလျှင် ပရတ္ထသည် အပိုဖြစ်ရာ၏။ တားမြစ်ဘို့ရာ ပရတ္ထမရှိလျှင် အတ္တတ္ထသဒ္ဒါလည်း အပိုပင် ဖြစ်

ရာ၏။ အတ္တတ္ထ ပရတ္ထ အပြင် ဘာသိတတ္ထ မရှိသောကြောင့် ပရတ္ထာဒိ ၌ အာဒိသဒ္ဒါလည်း အလိုပ် ဖြစ်ရာ၏။ ထို့ကြောင့် အတ္တတ္ထ စသည်၌ အတ္ထ အရ ဘာသိတ အနက်ယူ၍ ဟိတ အနက်ကို ယူရသည်။

ဟိတတ္ထ။ ။သုတ်၌ ဟိတတ္ထ မဖြစ်သင့်သောကြောင့် သုတ်ကည်ရာ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် အတ္တတ္ထ ပရတ္ထ တို့ကို ဆိုထားသည်။

နည်း—၁-အတ္တတ္ထ၊ ၂-ပရတ္ထ၊ ၃-ဥဘယတ္ထ၊ ၄-ဒိဋ္ဌဓမ္မိကတ္ထ၊ ၅-သမ္ပရာယိကတ္ထ။ (ဤ-၅-ပါး ဟိတ) ၆-ဥတ္တာနတ္ထ၊ ၇-ဂမ္ဘီရတ္ထ၊ ၈-ဂုဠှတ္ထ၊ ၉-ပဋိစ္ဆန္နတ္ထ၊ ၁၀-နေယျတ္ထ၊ ၁၁-နီတတ္ထ၊ (ဤ-၆-ပါး ဘာသိတတ္ထ) ၁၂-အနဝဇ္ဇတ္ထ ၁၃-နိက္ကိလေသတ္ထ၊ ၁၄-ဝေါဒါနတ္ထ၊ ၁၅-ပရမတ္ထ၊ (ဤ-၄-ပါး ဟိတဘာသိတတ္ထ) ကို အတ္ထများကို သုတ်ကို မငဲ့ပဲ ဤနေရာ၌ ကိုးအပ်သောကြောင့် ပြဆွဲဗာလ စသော သုတ်များသည် ထိုအတ္ထတို့ကို ပြနိုင်ပါသည်။

အတ္တာနံ သုစနတော သုတ္တံ။ ။ဝေနေယျဇ္ဈာသယ၏ အစွမ်းဖြင့် ဖြစ်သော ဒေသနာကသာ ပမာဏဖြစ်၍ မိမိ စီးပွား သူတပါးစီးပွား စသည်တို့ကို လွန်ကဲစွာ ပြနိုင်ပါသည်။ အာဏာတော်၏ အစွမ်းဖြင့် ဖြစ်သော ဒေသနာများ၊ ဓမ္မသဘာဝ အစွမ်းဖြင့် ဖြစ်သော ဒေသနာများသည် မိမိစီးပွား သူတပါးစီးပွားစသည်တို့ကို လွန်ကဲစွာ မပြနိုင်ပါ။ ထို့ကြောင့် ဤသုတ္တန်ကိုသာ "အတ္တာနံ သုစနတော သုတ္တံ" ဟု ဆိုပါသည်။

သုဝုတ္တာ စေတ္ထ အတ္ထာ။ ။သုတ္တန်၌ အာဏာဓမ္မ သဘာဝသည် ဝေနေယျဇ္ဈာသယသို့ လိုက်၍ ဝိနည်းအဘိဓမ္မာတို့၌ ကဲ့သို့ ဝေနေယျဇ္ဈာသယက အာဏာဓမ္မသဘာဝတို့ကို လိုက်ရသည် မဟုတ်သောကြောင့် သုတ္တန် ဒေသနာသည် ဝေနေယျတို့၏ ကောင်း စီးပွားချမ်းသာရမှုကို ဖြစ်စေတတ်၏။ ထို့ကြောင့် "သုဝုတ္တာ စေတ္ထ အတ္ထာ" ဟု ဆိုသည်။ (ဝိနည်း အဘိဓမ္မာ၌ ဝေနေယျဇ္ဈာသယနည်းဖြင့် အာဏာဓမ္မ သဘာဝများ၏။ သုတ္တန်၌ အာဏာဓမ္မသဘာဝနည်းဖြင့် ဝေနေယျဇ္ဈာသယ များ ပါသည်။)

သန္ဓာယ ဝုတ္တံ။ ။ဝေနေယျတို့၏ စီးပွားကို ပြည့်စုံစေရာ၌ သုတ္တန် ဒေသနာ၏ ပြီးကပ်မှု လွန်ကဲသည်၏ အဖြစ်ကိုသာ ရည်ရွယ်၍ "ခေမဋ္ဌဟိတပဋိလာဘသံဝတ္တနိကာ သုတ္တန္တဒေသနာ" ဟု ဆိုပါသည်။

(ဋီ-၉၂)

သဿမိဝ ဖလံ။ ။အနုပုဗ္ဗသိက္ခာစသည်၏ အစွမ်းဖြင့် ကာလ ကြာမြင့်မှ အကျိုး ပြီးစီးခြင်းကို ပြခြင်းငှာ "သဿမိဝ ဖလံ" ဟု မိန့်သည်။

ဆိုလိုသည်မှာ—ကောက်ပင်မည်သည် စိုက်ပျိုးရာ ပေါက်ရာ စသော ခက်ွဒပင် အသီးကို မဖြစ်စေပဲ အစဉ်အတိုင်း စောင့်ရှောက်ခြင်း စသည်၏ အစွမ်းဖြင့် ကာလ ကြာမြင့်မှသာ အသီးကို ဖြစ်စေသကဲ့သို့ ထို့အတူ ဤ သုတ္တန်သည်လည်း နာယူ မှတ်သားခြင်း စသော ခက်ွဒပင် အကျိုးကို မဖြစ် စေနိုင် အနုပုဗ္ဗသိက္ခာ စသည်၏ အစွမ်းဖြင့် ကာလကြာမြင့်မှသာ အပွေ ပရတ္ထ စသည်ကို ဖြစ်စေနိုင်သည်။

**နေ့ဝိယ ဒိရံ။** ။အကြောင်း ဥပါယ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှသာ အကျိုး ပြီးစီးနိုင်ကြောင်းကို ပြလိုသောကြောင့် "နေ့ဝိယ ဒိရံ" ဟု မိန့်။

ဆိုလိုသည်မှာ—နွားမသည် နို့ညှစ်သင့်ရာ အခါ၌ မွေးဖွားသော နွားငယ်မှ နို့ကိုဆွဲ၍ နားလည်သူတို့ ညှစ်မှသာ နို့ရည်ကို သွန်ချပေး သကဲ့သို့ အခါလည်းမဟုတ် နွားငယ်လည်း မရှိလျှင် နို့ရည် မရသကဲ့သို့ နို့ညှစ်သင့်ရာ အခါ၌လည်း ဦးချို စသည်ကို ကိုင်၍ နည်းမှန် လမ်းမှန် မသိ သော ပုဂ္ဂိုလ်တို့ ညှစ်သော် မရသကဲ့သို့ ထို့အတူ ဤသုတ္တန်ကိုလည်း နိဒါနရော စသည်ဖြင့် နာယူမှတ်သားခြင်း စသည်တို့ကို ပြုလုပ်သော နည်းမှန်သော ပုဂ္ဂိုလ်တို့အားသာ သီလ စသော အကျိုးတို့ကို သွန်ချပေးနိုင်၏။ အလဂဒ္ဒူပမာဖြင့် နာယူမှတ်သားဆောင်ထားခြင်း စသည်တို့ကို ပြုသော နည်းမှန် လမ်းမှန် မဟုတ်သော ပုဂ္ဂိုလ်တို့အား သီလ စသော အကျိုးတရားတို့ ကို သွန်ချ မပေးနိုင်ပါ။

**တဏ္ဍကာနံ သုတ္တံ။** ။တားမျဉ်းကြိုးကို (မဲသော[illegible]ကို) ဆန့်တန်း၍ အမှတ် အသားပြုအပ်သော် ယူထိုက် စွန့်ထိုက်သည်များ ထင်ရှား သောကြောင့် ထိုကြိုးသည် လက်သမားတို့၏ ပမာဏဖြစ်သကဲ့သို့ ဤအတူ— ငြင်းခုံမှုဖြစ်ရာ၌ သုတ်ကို ဆောင်အပ်သော် "ဤအရာကို ယူထိုက်၏၊ ဤ အရာကို စွန့်လွှတ်ထိုက်၏" ဟု ထင်ရှားသောကြောင့် ငြင်းခုံမှု ငြိမ်းအေးရတော့ ၏။ ထို့ကြောင့် ဤသုတ်သည် ပညာရှင်တို့၏ ပမာဏတည်း။

**သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖါနိ။** ။ခိုင်မြဲသောကြိုးဖြင့် သီကုံးအပ်သော ပန်းပွင့် တို့ကို လေသည် ဖရိုဖရဲ ပြန့်ကြဲအောင် မဖျက်ဆီးနိုင်သကဲ့သို့ ဤအတူ - သုတ်ဖြင့် သိမ်းယူ သီကုံးအပ်သော အတ္ထ (အကျိုးစီးပွား)တို့ကို မိစ္ဆာဝါဒသည် ဖရိုဖရဲ ပြန့်ကြဲအောင် မဖျက်ဆီးနိုင်ပါ။

**သုတ္တန္တကိုသာ သုတ္တသဘာဂဟု ဆိုရကြောင်း။** ။ဝေနေယျဇ္ဈာသယ အစွမ်း ဖြင့်ဖြစ်သော ဤဒေသနာ

တော်သည် အတ္တတ္ထ ပရတ္ထ စသည့်တို့ကို အလွန်အကဲ ထင်ရှား ပြတတ်သော ကြောင့် အာဏာဒေသနာ မွေသဘာဝဒေသနာ ဖြစ်သော ဝိနည်း အဘိဓမ္မာ တို့မှ ဆူးထူးပြ၍ ဤသုတ္တန်ကိုသာ "သုတ္တ သဘာဂ"ဟု ဆိုရပါသည်။

(ဋီ-၉၃)

အဘိဓမ္မ။ ။အဘိဓမ္မာဟူသည် ဝိနည်း ပညတ်တော်နှင့် ရောယှက်ခြင်းမှ ကင်းသော မွေတည်း။ အိပ်မက်၌ သုတ်လွှတ်ရာဝယ် ဝိနည်း အလိုအားဖြင့် အနာပတ္တိ ဖြစ်သော်လည်း အဘိဓမ္မာအလိုအားဖြင့် အကုသိုလ် စေတနာကို ရအပ်သည်သာဟု ဝိနည်းပညတ်နှင့် ရောယှက်ခြင်း ကင်းသော ကြောင့် အဘိဓမ္မာဟု ဆိုရပါသည်။ တနည်း—ရှေ့ နောက် ဆန့်ကျင်ခြင်း မရှိသဖြင့် အကြွင်းအကျန် ဆိုအပ်သော တရားတို့၏ အချင်းချင်း ရောယှက် ခြင်းမှ ကင်းသောကြောင့် အဘိဓမ္မာဟု ဆိုသည်။

အဘိဝိနယော။ ။ရွှေငွေကို မခံရဟု ပြောဆိုသူသည် ဝိနယ၌ ဆိုးမသည် မည်၏။ ခံယူရာ၌ ဤသို့ခံလျှင် ပါစိတ်၊ ဤသို့ခံလျှင် ဒုက္ကဋ်ဟု ပြောဆိုသူသည် အဘိဝိနယ၌ ဆိုးမသည် မည်၏။ ထို့ကြောင့်– သူတပါးပိုင် ရွှေငွေကို ကောယျစိတ်ဖြင့်ယူသော ရဟန်းအား ဝတ္ထုအားလျော်စွာ ပါရာဇိက ကုလသည်း ဒုက္ကဋ်၊ အကျောဆိုးအနေဖြင့် ခံယူလျှင် ပါစိတ်၊ ပိပိအတွက် ခံယူလျှင် နိဿဂ္ဂိယ ပါစိတ်၊ လက်ဆောင်သောအားဖြင့် ကိုင်ကြည့်လျှင် အနာမာသ ဒုက္ကဋ်၊ ရှုပ်ယှက်ဘွယ်က သပ္ပုတိရသူမှာ အနာပတ္တိဟု အချင်းချင်း မရောယှက်ရ လေအောင် ဝိနည်းအရာ၌လည်း ဆိုးမခြင်းငှာ စွမ်းနိုင်ပါပေ၏။

ဝိသိဋ္ဌ အဝိသိဋ္ဌ။ ။ဝိနယ သုတ္တ အဘိဓမ္မ သဒ္ဒါတို့သည် အချင်းချင်း မဆက်ဆံသောကြောင့် ဝိသိဋ္ဌဖြစ်၍ ပိဋကသဒ္ဒါသည် တိုသုံးပုဒ်တို့နှင့် ဆက်သံသောကြောင့် အဝိသိဋ္ဌ ဖြစ်သည်။

ဒေသနာ သာသန ကထာ။

ဒေသကာဿ ဒေသနေတ္ထ၊ ဒေသနာ ပိဋကတ္တယံ။
သာသိတဗ္ဗဒေသနေတံ၊ သာသနန္တိ ပဝုစ္စတိ။
ကထေတဗ္ဗဿ အတ္ထဿ၊ ဝသေ နာပိ ကထာတိစ။
ဒေသနာသာသနကထာ၊ ဘေဒမေ့ဝံ ပကာသယေ။

ဘုရားရှင်ကို အာဏာရဟ-ဟုဆိုရကြောင်း။ ။သမ္မာသမ္ဗုဒ္ဓဖြစ်သောကြောင့် လည်းကောင်း၊ မဟာကရုဏာ ရှင် ဖြစ်တော်မူသည့်အတွက် မဖောက်မပြန် မှန်ကန်သော စီးပွားကို ညွှန်ပြ

သောအားဖြင့် ပမာဏစကားခတရှိသောကြောင့်လည်းကောင်း အာဏာရဟ အမည်တော်ရပါသည်။

**အာဏာဗာဟုလ္လတော။** ။ဝိနည်း၌ ဝေါဟာရ ပရမတ္ထဓမ္မတို့လည်း ရှိသောကြောင့် "အာဏာဗာဟုလ္လတော" ဟု ဆိုသည်။ ဤပါဌ်ဖြင့် ယေဘုယျနည်းကို ပြသည်။

**အဇ္ဈာသယာ။** ။ဤပုဒ်အရ-ဒိဋ္ဌိနှင့် ဉာဏ်ကိုယူ၍။ အဇ္ဈာသယ အားဖြင့် ၄-ပါး အပြားရှိ၏။

သဿတုစ္ဆေဒဒိဋ္ဌိ စ၊ ခန္တိ စေဝါနုလောမိကာ၊
ယထာဘူတဉ္စ ယံ ဉာဏံ၊ ဧတံ အာသယသဒ္ဒိတံ။ (ဋီ-၉၉)

(သဿတုစ္ဆေဒဒိဋ္ဌိ စ၊ ကိုလည်းကောင်း။ အနုလောမိကာ၊ သစ္စာလေးပါး သိဖို့ရန်လျော်သော။ ခန္တိ စ၊ နှစ်သက်ကျေနပ်သော ဝိပဿနာဉာဏ်လည်းကောင်း။ ယထာဘူတံ-ဟုတ်မှန်တိုင်းဖြစ်သော။ ယံ ဉာဏံ၊ အကြင်ကမ္မဿကတာဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ စ၊ လည်းကောင်း။ အာသယသဒ္ဒိတံ၊ အာသယဟု အသိအမှတ်ပြုအပ်၏။)

**ဒိဋ္ဌိအနုသယများသော်လည်း။** ။အကျုံးဝင်သော ဒိဋ္ဌိတို့ကို သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့၌ သိမ်းယူအပ်သောကြောင့် အလုံးစုံသော မိစ္ဆာအယူရှိသူတို့သည် ဤဒိဋ္ဌိ (၂) ပါးတို့ကိုသာ မှီကြသည်။

**ပုဂ္ဂိုလ်နှင့်ခွဲသော်။** ။သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဟူသော အာသယနှစ်ပါးသည် ဝဋ္ဋနိဿိတ ပုဂ္ဂိုလ်တို့၏ အာသယဖြစ်၍ ဝိပဿနာဉာဏ် ယထာဘူတဉာဏ်ဟူသော အာသယနှစ်ပါးသည် ဝိဝဋ္ဋနိဿိတ (ဝဋ်ကင်းရာ နိဗ္ဗာန်၌မှီသော စင်ကြယ်သော) ပုဂ္ဂိုလ်တို့၏ အာသယဖြစ်သည်။

**အာသယ၏အဓိပ္ပာယ်။** ။သားသမင်သည် ကျက်စားရာအရပ်သို့ သွားသော်လည်း ပြန်လာ၍ ထိုတောရှုပ်အရပ်၌ပင် အိပ်တတ်သောကြောင့် ထိုတောရှုပ်အရပ်ကို ထိုသားသမင်၏ "အာသယ" ဟု ခေါ်ဆိုအပ်သကဲ့သို့ ထို့အတူ စိတ်သည် အခြားသော အခြင်းအရာအားဖြင့် ဖြစ်ပါသော်လည်း အကြင်အယူသို့ (မိမိယူနေကျအာရုံအယူသို့) ပြန်လာ၍ ကိန်းအောင်းသောကြောင့် ထိုအယူကို စိတ်၏ ကိန်းအောင်းရာ "အာသယ" ဟု ဆိုအပ်ပါသည်။

**အနုသယ။** ။ကြက်ဆိပ်ကဲ့သို့ အကြောင်းကိုရသော် ဖြစ်တတ်သော အနာဂတ် ကိလေသာကို ပုံအားဖြင့် အနုသယဟု ဆိုအပ်ပါသည်။

အဟိတ် ပစ္စုပ္ပန် ကိလေသာတို့ကိုလည်း ထိုနှင့် သဘောတူသည့်အတွက် (သဒိ-သူပစာ) အားဖြင့် အနုသယဟု ဆိုရသည်။ မှန်၏-တရားတို့၏ သဘောသည် ကာလကဲ့ပြားခြင်းကြောင့် မကွဲပါ။

စရိယာ။ ။ရာဂစရိုက်စသော မူလစရိုက် ၆-ပါး၊ အန္တရဘေဒအားဖြင့် များသော အပြားရှိ၍ ရောနှောခြင်း၏အစွမ်းဖြင့် ၆၃-ပါး ရှိသည်၊ တနည်း-စရိယာသည် သုံးစရိုက် ဒုစရိုက်အားဖြင့် နှစ်ပါးရှိ၏။

အဓိမုတ္တိ။ ။ယ ... ရ ... းပြုအံ့၊ ယခုနှပင် အရဟတ္တဖိုလ်ကို ရယူတော့အံ့-စသည်ဖြင့် ... အရဟတ္တဖိုလ်၌ ညွတ်ကိုင်းသည်၏အဖြစ်ဖြင့်ဖြစ်သော ဆုံးဖြတ်ချက်သည် အ ... မည်၏ဟု ဂဏ္ဌိဆရာတို့ ဆို၏။ ဋီကာဟောင်းဆရာ ကား သတ္တဝါတို့၏ ရှေးအခါ ... အကျက်၏အစွမ်းဖြင့် လွန်စွာ ကြိုက်နှစ်သက်ခြင်း သည် "အဓိမုတ္တိ" မည်၏။ ထိုသည် ဟိန ပဏီတ အားဖြင့် ၂-မျိုးရှိသည်ဟု ဆို၏။

ဒိဋ္ဌိဝိနိဝေဌန။ ။မိစ္ဆာဒိဋ္ဌိ၏ ဖြောင့်ဖြော ... ဆန့်ကျင်ဘက်ဖြစ်သော သမ္မာဒိဋ္ဌိ စသော တရားတို့ကို ယူ ...။

ဝိနယပိဋကေ ဝိသေသေန အဓိသီလသိက္ခာ။ ။ဝိနည်း၌ "ယာယံ အ ... သီလ-... ... ၊ အယံ ... မသိ ... ဟော ... ပဝတ္တာ သိက္ခာ" ဟု ဟောသောကြောင့် "ဝိနယပိဋကေ အဓိသီလသိက္ခာ" ဟု ဆိုသည်။

သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ။ ။သုတ္တန်ပါဠိတော်၌ ဝိဝိစ္စေဝ ကာမေဟိ-စသည်ဖြင့် သမာဓိဒေသနာ များသော ကြောင့် "သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ" ဟု ဆိုသည်။

အဘိဓမ္မေ အဓိပညာသိက္ခာ။ ။နာမရူပ ပရိစ္ဆေဒဉာဏ်သည် အဓိပညာ၏ နီးစွာသော အကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ အဓိပညာ၏ အကျိုးငှာ ကြွင်းသော နာမ်ရုပ်တရားကို ဟော သောကြောင့်လည်းကောင်း "အဘိဓမ္မပိဋကေ အဓိပညာသိက္ခာ" ဟု ဆို ပါသည်။ (ဋီ-၁၀၁)

ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။ ။အနုသယအစွမ်းဖြင့် သန္တာန်၌ ကိန်းသော ကိလေသာတို့သည် အကြောင်းကိုရလျှင် ပရိယုဋ္ဌာန ဖြစ်သော်လည်း သီလပျက်မည်ကိုကြောက်၍ ဝီတိက္ကမ အဖြစ်သို့

အဘောက်မခံကြ၊ သီလကြောင့် ဝိတိက္ကမ ပဖြစ်၊ ထို့ကြောင့် "ဝိတိက္ကမပဋိ-ပက္ခတ္တာ သီလသ"ဟု ဆိုပါသည်။

**ပရိယုဋ္ဌာနပ္ပဟာနံ၊** ။အခွင့်ယူသောအားဖြင့် စိတ်၌ ကုသိုလ်စိတ် ဖြစ်ခန သည်ကို လုယက်၍ ကိလေသာတို့၏ ထကြွခြင်းသည် ပရိယုဋ္ဌာနမည်၍ စိတ်အစဉ်၌ ဖြစ်ခြင်း၏အစွမ်းဖြင့် ကိလေသာတို့၏ ထကြွမှုကို ပယ်ခြင်းသည် ပရိယုဋ္ဌာနပဟာန မည်၏။

**ပရိယုဋ္ဌာနပဋိပက္ခတ္တာ သမာဓိဿ။** ။ပရိယုဋ္ဌာနကို ပယ်ခြင်းသည် သမာဓိ၏ အစွမ်းဖြင့် ဖြစ်သောကြောင့် "ပရိယုဋ္ဌာနပဋိပက္ခတ္တာ သမာဓိဿ"ဟု ဆိုပါသည်။

**အနုသယ။** ။မပယ်အပ်သေးသောကြောင့် သန္တာန်၌ အစဉ်ကိန်းနေကြသော လျော်သော အကြောင်းကို ရခသော် ဖြစ်ပေါ်လာကြမည့် အားရှိသော ကာမရာဂစသော ကိလေသာ ၇-ပါးတည်း။

**အနုသယပ္ပဋိပက္ခတ္တာ ပညာယ။** ။ထိုကိလေသာ ၇ ပါးတို့ကို အလုံးစုံသော အခြင်းအရာအားဖြင့် အရိယာ မဂ်ဖြင့်, ပယ်အပ်သောကြောင့်တည်း။

**တဒင်္ဂပဟာန်။** ။ဆီးမီးရောင်ဖြင့် အမိုက်ကို ပယ်ဖျောက်သကဲ့သို့ ဒါနစသော ပုညကြိယာဝတ္ထု၌ အကျုံးဝင်သော ထိုထိုကုသိုလ် အစိတ် အပိုင်းဖြင့် ထိုထိုအကုသိုလ်ကို ပယ်ခြင်းသည် တဒင်္ဂပဟာန်မည်၏။ ဤနေရာ၌ကား—အမိသီလသိက္ခာကို ဆိုရာ၌သာ ဖြစ်သောကြောင့် ထိုထိုသုသီလျအင်္ဂါဖြင့် ထိုထိုဒုသီလျအင်္ဂါကို ပယ်ခြင်းကို တဒင်္ဂပဟာန်ဟု မှတ်ပါ။

**ဝိက္ခမ္ဘနပဟာန်။** ။ရေအပြင်၌ရှိသော ရေညှိအပေါင်းကို အိုးဖြင့်ပုတ်ခတ်၍ ဖယ်ရှားသကဲ့သို့ ဥပစာ ရူပါဝစရ အာပ္ပနာသမာဓိတို့ဖြင့် ထိုထိုနီဝရဏစသော တရားတို့ကို ဖြစ်ခွင့်မပေးပဲ ခွာထွက်ခြင်း၏ အစွမ်းဖြင့် ပယ်ခြင်း။

**သမုစ္ဆေဒပဟာန်။** ။ဖေါ်ပါးသော မဂ်တို့ကို ပွားများအပ်သောကြောင့် ထိုထိုမဂ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ သမုဒယ၏ အသင်းအပင်းဖြစ်သော ကိလေသာအပေါင်းတို့ကို စင်စစ်မဖြစ်ခြင်းဟုဆိုအပ်သော အကြွင်းမဲ့ပယ်ခြင်း၏ အစွမ်းဖြင့် ပယ်ခြင်း။

**ဒုစ္စရိတကိလေသပ္ပဟာနံ။** ။သီလသည် ဒုစ္စရိတ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ကာယဒုစ္စရိတ ဝစီဒုစ္စရိတကြောင့်

ဖြစ်သော ကိလေသာအပေါင်းကို တဒင်္ဂအားဖြင့် ပယ်ခြင်းကို ဝိနည်းပိဋကၡ ဟောတော်မူသည်။

ဣဘရေသု တဏှာဒိဋ္ဌိသံကိလေသပ္ပဟာနံ။ ။သမာဓိသည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် တဏှာသံကိလေသကို ဝိက္ခမ္ဘနအစွမ်းဖြင့် ပယ်ခြင်းကို သုတ္တန်ပိဋကၡဟော၍ ပညာကား အတ္တစသည်မှ လွတ်သော သဘာဝဓမ္မကို ထင်ရှားပြတတ်သောကြောင့် ဒိဋ္ဌိသံကိလေသကို သမုစ္ဆေဒအစွမ်းဖြင့် ပယ်ခြင်းကို အဘိဓမ္မာပိဋကၡ ဟောတော်မူပါသည်။

ပါဠိ။ ။မြတ်သော သီလ စသောအနက်တို့ကို သိစေတတ်သောကြောင့်လည်းကောင်း၊ သဘာဝနိရုတ္တိ ဖြစ်သောကြောင့်လည်းကောင်း၊ ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည် ပြောဆိုအပ်သောကြောင့်လည်းကောင်း ''ပါဠိ=မြတ်သောစကားတို့၏ အစဉ်''ဟု ဆိုပါသည်။

ဝဏ္ဏနာဒေသနာ။ ။ရှေးအဖို့၌ ပိုင်းခြား သတ်မှတ်အပ်သော ပရမတ္ထသဒ္ဒါအစုဖြစ်သော ပါဠိသည် မမှုမည်၍၊ နောက်၌ အခြားသူတို့ကို သိစေခြင်းငှာ ဟောခြင်းဟုဆိုအပ်သော ပရမတ္ထသဒ္ဒါအစုဖြစ်သော ပါဠိသည်ပင် ဒေသနာဟု အမည်ရပြန်သည်။ (သဒ္ဒပါဠိ)

ဝဏ္ဏနာ ဒေသနာအဘူ။ ။ဝဏ္ဏနာ ဒေသနာသည် ပရမတ္ထသဒ္ဒါချည်း ရှိ၍ မကွဲပြားဟု ထင်ရသော်လည်း အဓိပ္ပာယ်အလိုက်အားဖြင့် ကွဲပြားသည်သာ။ ထိုအနက်တို့ကို ဟောဖို့ရန် စိတ်ကူးထားအပ်သော သင်ယူမှုပင်ဖြစ်သည်၏ အစွမ်းဖြင့် မပြောပဲ ပိုင်းခြားသတ်မှတ်ထားအပ်သော ပရမတ္ထသဒ္ဒါအစုသည် ဝဏ္ဏနာမည်၍၊ နောက်၌ သူတပါးတို့အား သိစေခြင်းအကျိုးငှာ ပြစေအပ်သော (စိတ်ကူးထားသည့်အတိုင်း ဆရာ သမားထံ နည်းခံ၍ သင်ယူပိုင်းခြားသည့်အတိုင်း) ထင်ရှားစွာ ထိုအနက်ကို ပြတတ်သော သဒ္ဒါသည် ဒေသနာမည်၏။ (သဒ္ဒဝါဒီတို့၏အယူ)

တနည်း — သဘာဝအနက် သဘာဝအခေါ်အဝေါ်အားလျော်သည်၏ အစွမ်းဖြင့်ပင် ဘုရားရှင်သည် စိတ်ဖြင့် ပိုင်းခြား သတ်မှတ်အပ်သော နာမပညတ်အစဉ်ကို ဝဏ္ဏနာဟုခေါ်၍၊ သူတပါးတို့ကို သိစေသောအားဖြင့် စကားလုံးကို ထင်ရှားပြုခြင်းဟူသော ဝစီဘေဒဖြစ်သော နာမပညတ်အစဉ်ဟု ဆိုအပ်သော ပါဠိကို ဒေသနာဟု ဆိုသည်။ (ပဏ္ဏတ္တိဝါဒီ) ဒေသနာတိ

ပညတ္တိဟု မိန့်သောကြောင့် ဓမ္မသည် ဒေသနာမဟုတ်သည့်အတွက် နှစ်ခုလုံး ပညတ်ချည်းကောက်သည်။ (ဋီ-၁၀၃)

သဒ္ဒေါ ဓမ္မော ဒေသနာ စ၊ ဣတ္တာဟု အာဒရေ ဂရု။
ဓမ္မော ပဏ္ဏတ္တိ သဒ္ဒေါ တု၊ ဒေသနာ ဝါတိ စာဝရေ။ (ဋီ-၁၀၄)

**တိသုပိ ဝေတေသု ဝေတေ ဓမ္မတ္ထဒေသနာပဋိဝေဓာ။** ။ရှေ့ကွေ့သောခါကဲ့သို့ တိသုပိ ဧတေသု ကို အာဓာရထား၍ ဓမ္မအစရှိသော အစိတ်အပိုင်းကို အာဓေယ် အဖြစ်ဖြင့် ယူပါ။ အပေါင်းပါဠိတော်သည် အစိတ်ပါဠိတော်၏ အာဓာရဖြစ်နိုင်သော ကြောင့် ပိဋကတ်တော်များသည် တရား၏ အာဓာရဖြစ်နိုင်ပါသည်။

**ဂမ္ဘီရ။** ။ဓမ္မစသည်တို့သို့ ခဲယဉ်းစွာသက်ဝင်အပ်သောကြောင့် ထိုဓမ္မစသည် တို့ကြောင့် ဝိနည်းစသည်တို့သည် နက်နဲကြသည်။ ဤသို့ ဝိနည်း စသည်ဘို့မှာလည်း ဂမ္ဘီရဘော ၄-မျိုးကို ဆိုနိုင်သည်သာ။ ဓမ္မစသည်သာ နက် ဝိနည်းစသည် မနက်ဟု မစောဒနာသင့်၊ ဘာကြောင့်နည်း—သမုဒေန ဝိသယဝိသယိမုခေန စ ဝိနယာဒီနမ္ပိ ဂမ္ဘီရဘာဝဿ ဝုတ္တတ္တာ၊ ဓမ္မာ ဟိ ဝိနယာဒယော ဧဝ အဘိန္နတ္တာ။

**ဓမ္မတ္ထဒေသနာပဋိဝေဓာ ဒုက္ခောဂါဠှာ။** ။ပဋိဝေဓကို ပြုနိုင်ခဲသောကြောင့် ဓမ္မအတ္ထတို့၏ ဒုက္ခောဂါဠှအဖြစ် ကိုလည်းကောင်း၊ ဒေသနာဉာဏ်ကို ပြုနိုင်ခဲသောကြောင့် ဒေသနာ၏ ဒုက္ခောဂါဠှ အဖြစ်ကိုလည်းကောင်း၊ ဖြစ်ခဲခြင်းငှာ မဆွမ်းနိုင်သောကြောင့် လည်းကောင်း၊ ပဋိဝေဓကို အာရုံပြုသောဉာဏ် ဖြစ်ဖို့ရန် ခဲယဉ်းစွာ ပြုအပ် သောကြောင့်လည်းကောင်း ပဋိဝေဓ၏ ဒုက္ခောဂါဠှအဖြစ်ကိုလည်းကောင်း သိပါ။

ဂမ္ဘီရာ။ ။ဓမ္မတ္ထဒေသနာတို့ ဂမ္ဘီရဖြစ်သောကြောင့် ထို ၃-မျိုးကို အာရုံ ပြုသော ပဋိဝေဓလည်း ဂမ္ဘီရဖြစ်သည်။ ပိဋကတ်၏ အစိတ်ဖြစ် သော ဓမ္မစသည်တို့၏ ဂမ္ဘီရအဖြစ်ကို ဆိုသော် အပေါင်းပိဋကတ်၏ ဂမ္ဘီရ အဖြစ်လည်း ဆိုပြီး ဖြစ်သော၏။

**ယထာဓမ္မံ။** ။ဓမ္မ-သဒ္ဒါသည် ဟေတု ဟေတုဖလတို့ကို သိမ်းယူနိုင်သည်၊ ဓမ္မ-သဒ္ဒါသည် သဘာဝအနက်ကို ဟော၏၊ ပရိယတ္တိဟေတု စသည်မဟောပါ၊ ထို့ကြောင့် ယထာဓမ္မံ-အကျိုးအကြောင်း အဝိဇ္ဇာအစရှိသော အကြောင်းသဘော၊ သင်္ခါရအစရှိသောအကျိုးသဘောနှင့် (ဝါ) အားလျော် စွာ-ဟု အနက်ပေးပါ။

မေဓာဝီလာပေါ။ ။မေဓာဝီလာပ-ဟူသည် မဖောက်မပြန် မှန်ကန်စွာ ရွတ်ဆို အပ်သော မေဓာဝီရုတ္တိဖြစ်သော ပါဠိတော်ဟု ဆိုအပ်သော ပရမတ္ထသဒ္ဒါအစဉ်တည်း။

အဓိပ္ပါယော။ ။ဤပါဠိဖြင့် "ဒေသနာတိ ပညတ္တိ" ဟူသော စကားကို မေဓာဝီရုတ္တိဖြစ်သော သဒ္ဒရုပ်ကိုပင် ရည်ရွယ်၍ ဆိုသည်။ ထိုသဒ္ဒရုပ်မှ လွတ်သော ပညတ်ကို ရည်ရွယ်၍ဆိုသည်မဟုတ်ဟု ပြပါသည်။ (သဒ္ဒဝါဒီ)

တနည်း—ပညတ္တိဝါဒီအလို ဒေသနာအရ နာမပညတ်ကို ယူပါ။ (ရှေး၌ ကောက်ပြုပြီး)

ဒေသနာဟူသည်—ရွတ်ဆိုခိုက် တလုံးတလုံးသော ပရမတ္ထသဒ္ဒပင် ဖြစ်၏။ မူလ အကြောင်းဖြစ်သော ပရမတ္ထသဒ္ဒကို ပြခြင်း၏ အစွမ်းဖြင့် ကာရဏူပစာအားဖြင့် ထိုနာမပညတ်ကိုပင် ဒေသနာအရ ဖြစ်နိုင်ပုံပြခြင်းငှာ "ယထာဝမ္ပိ (ယ) အဓိပ္ပါယော" ဟု ဆိုသည်။

ရှင်းလင်းချက်။ ။မေဓာဝီလာပေါ၌ အဘိလပ္ပတိ ဥစ္စာရီယတီတိ 'အဘိလာပေါ' ဟူ၍ ဝစနတ္ထပြုရသောကြောင့် နာမပညတ်ကို မရပဲ ပရမတ္ထသဒ္ဒါကို ရနေပါသော်လည်း ပရမတ္ထသဒ္ဒါကို ဆိုအပ်သော် လိုအားလျော် သော ဝေါဟာရကို ယူ၍ ထိုဝေါဟာရဖြင့် ပြအပ်သော အနက်ကို သိစေနိုင် သောကြောင့် ပရမတ္ထသဒ္ဒါကို ဆိုအပ်သော် ထို၏အပေါ်၌ဖြစ်သော ပညတ်ကို လည်း (ကာရဏူပစာဖြင့်) ဆိုအပ်သည်သာ။ (ပညတ္တိဝါဒီ)

တနည်း—ဓမ္မာဘိလာပေါတိ အဝုတ္တာ-ဟု မဆိုပဲ မေဓာဝီလာပေါတိ အဓိပ္ပါ- ယော-ဟု ဆိုအပ်သောကြောင့် ဒေသနာမည်သည် ပရမတ္ထသဒ္ဒ မဟုတ်၊ ပညတ်သာဖြစ်သည်-ဟု ပြသည်။ (ပညတ္တိဝါဒီ)

ပဠိဝေဝေ တိ အဘိသမယော။ ။ဂိုအဘိသမယသည် လောကီအဘိသမယ၊ လောကုတ္တရာအဘိသမယဟု နှစ်မျိုးရှိသည်။ အရှုံးသောအားဖြင့် သင်္ခါရစသော အကျိုးတရားအားလျော်စွာ အဝိဇ္ဇာ စသော အကြောင်းတို့ကို သိခြင်းမည်သည်-အဝိဇ္ဇာအစရှိသော အကြောင်း တရားအရုံရှိသော၊ သင်္ခါရအစရှိသော အကျိုးတရားအာရုံရှိသော၊ ထိုနှစ် ပါးစုံကို ပညာဖြင့်ကျော် အာရုံရှိသော လောကီအဘိသမယတည်း။

မတွေဝေသောအားဖြင့် သင်္ခါရစသော အကျိုးတရားအား လျော်သော အဝိဇ္ဇာအစရှိသော အကြောင်းတို့၌ သိခြင်းမည်သည်— မင်နှင့်ယှဉ်သော

နိဗ္ဗာန်ကို အာရုံပြု၍ အကြင်အကြင် ဆိုအပ်ပြီးသော ဓမ္မ အတ္ထ ပညတ္တိတို့၌ သမ္မောဟကို ပယ်ဖျောက်နိုင်သော လောကုတ္တရာအဘိသမယတည်း။

ဒုပ္ပညဟိ။ ။နိပ္ပညေဟီတိ အတ္ထော-ဟုဖွင့်၍ "ပညာမရှိကုန်သောသူတို့သည်" ဟု အနက်မှတ်ပါ။ ပညာရှိသောသူ၏ ပညာ၏ မကောင်းခြင်း ပညာ၏ ပျက်ခြင်း မဖြစ်သင့်သောကြောင့် (ဒုသီလပုဒ်ကဲ့သို့) ပညာမရှိသူကိုသာ ဒုပ္ပညဟု ဆိုနိုင်သည်။

ဥပါရမ္ဘာဒိဟေတု ပရိယာပုဋ္ဌာ။ ။ဤပါဌ်ကို ဒုဂ္ဂဟိတသရုပ်ကို ပိုင်းခြား မှတ်သားခြင်းငှာ ဆိုသည်။ အာဒိဖြင့်— ဣတိဝါဒပ္ပမောက္ခ စသည်ကို ယူပါ။ ရှင်းပါဌ်ကို သူတပါး၏ အယူဝါဒကို ကပ်၍ နှိပ်စက်လိုခြင်း သူတပါးတင်အပ်သောဝါဒမှ လွတ်လိုခြင်း စသော အကြောင်းကြောင့်ဟု အနက်ပေးပါ။ လာဘသက္ကာရစသော အကြောင်းကြောင့် သင်ယူခြင်းကိုလည်း အာဒိဖြင့်ပင် သိမ်းယူပါ။ (ဋီ-၁၁၀)

အလဂဒ္ဒူပမာ။ ။ဤ၌-ကောင်းသောမြွေဖမ်းခြင်း၊ မကောင်းသောမြွေဖမ်းခြင်းဟူ၍ နှစ်မျိုးရှိနိုင်သောကြောင့် မကောင်းသဖြင့် သင်ယူခြင်းကိုသာ အလဂဒ္ဒူပမာဟု အဘယ့်ကြောင့် ဆိုနိုင်ပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား—ကောင်းသော သင်ယူခြင်း၌ ရဟန္တာမဖြစ်သေးသူ၏ သင်ယူမှုကို နိဿရဏတ္ထပရိယတ်၊ ရဟန္တာဖြစ်ပြီးသူ၏ သင်ယူမှုကို ဘဏ္ဍာဂါရိကပရိယတ်ဟု သီးခြားယူအပ်ပြီးသောကြောင့် (ပါရိသေသနည်းအားဖြင့်) မကောင်းသဖြင့် သင်ယူမှုကိုသာ အလဂဒ္ဒူပမာပရိယတ်ဟု ဆိုအပ်ပါသည်။

အလဂဒ္ဒပရိယေသနံ။ ။အလဂဒ္ဒပရိယေသနံ စရမာနောတိ အာသီဝိသပရိယေသနတ္ထံ စရမာနော၊ တဒတ္ထော ဟောတိ ပဝတ္တာဝစနံ။ ဤအလို အလဂဒ္ဒပရိယေသနံ မြွေကိုရှာဖွေခြင်းငှာ ဟု အနက်ပေး။ ဥပယောဂဝစနံ ပါ၊ ဤအလို မြွေကိုရှာဖွေသူ အရပ်သို့-ဟု အနက်ပေးပါ။

ဟတ္ထ စသည်။ ။လက်ခံ‌ အောက်ဘက်မှ လက်ဖျားအထိကို ဟတ္ထ-ဟု ခေါ်၍ လက်မောင်းအဖျားမှ၍ ကြွင်းအရပ်ကို ဗာဟာ-ဟု ခေါ်ပါ၊ ဟတ္ထ ဗာဟာမှ ကြွင်းသော ကိုယ်ခန္ဓာသည် အင်္ဂပစ္စင်္ဂမည်၏၊ (ဋီ-၁၁၁)

ပညာယ အတ္ထံ န ဥပပရိက္ခန္တိ။ ။ဤ၌ အတ္ထ ဟူသည် ယာထာဝဘူတဘာသိတတ္ထ၊ ပယောဇနတ္ထ ၂-မျိုးကို သာမညနိဒ္ဒေသအားဖြင့် အတ္ထဟု ဆိုသည်။

**န ဉပပရိက္ခန္တိ။** ။ဤနေရာ၌ ဣက္ခဓာတ်၏ ဒဿန အနက်တို့တွင် ဒဿနကို ယူပါ။ ဒဿနသည်လည်း ပရိဂ္ဂဏှန၊ စက္ခုလောစန-ဟု နှစ်မျိုးရှိပြန်၏၊ ထိုတွင် ပရိဂ္ဂဏှနကိုသာ ယူပါ။ ပရိဂ္ဂဏှနသည်လည်း ဝိစာရဏ ပရိယာဒါန အစွမ်းအားဖြင့် နှစ်မျိုးရှိ၏၊ ယင်းတို့တွင် ဝိစာရဏကိုယူပါ။(ဝိစာ ရဏစတသိက်မဟုတ်) ဝိမံသာပင်တည်း။ ထိုဝိမံသာသည် ဘာသိတတ္ထဝိမံသာ ပယောဇနတ္ထဝိမံသာဟု နှစ်မျိုးရှိ၏၊ ဤနေရာ၌ ၂-မျိုးလုံးကို ယူပါ။ ဤနေ ရာ၌ သီလကို ဟော၏၊ ဤနေရာ၌ သမာဓိကို ဟော၏၊ ဤနေရာ၌ ပညာကို ဟော၏၊ ထိုသီလ စသည်ကို ငါတို့ ဖြည့်ကျင့်ကုန်အံ့-ဟု ဘာသိတတ္ထဝိမံသာကို လည်းကောင်း၊ သီလသည် သမာဓိ၏ အကြောင်း၊ သမာဓိသည် ဝိပဿနာ၏ အကြောင်း-စသည်ဖြင့် ပယောဇနတ္ထဝိမံသာကိုလည်းကောင်း မပြုကြကုန်-ဟူလို။

**န် နိဇ္ဈာနက္ခမန္တိ။** ။ဤနေရာ၌ ခမုဓာတ်၏ ခိန္တနဗျာပန-ကို မယူရ၊ ပေက္ခနကို ယူပါ။ထိုပေက္ခန၌ စက္ခုပေက္ခနကို မယူရ၊ ဉာဏပေက္ခနကို ယူပါ။ ဉာဏပေက္ခနတွင် အာရမ္မဏူပနိဇ္ဈာနသာတည်း။ လက္ခဏူပနိဇ္ဈာနမဟုတ်။ ထို့ကြောင့် ပညာဖြင့် မြင်ကာ နှစ်သက်၍ ယူအပ်သည်မဟုတ်ကုန်-ဟု ဆိုလိုရင်း မှတ်ပါ။

**တဥ္စ အတ္တံ နာနုဘောန္တိ။** ။တရားတော်၏ သီလစသည်ကို ဖြည့်ကျင့်ခြင်းဟု ဆိုအပ်သော အကျိုးနှင့် မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်သော အနုပါဒါဝိမောက္ခဟု ဆိုအပ်သော အကျိုးကို မကောင်းသဖြင့် သင်ယူသော ပုဂ္ဂိုလ်တို့ မရနိုင်ကြ ဟူလို။

**တေ ဓမ္မာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ။** ။ဤစကားကို (ဿတမာယု ဒိဗလံ-ကဲ့သို့) ဖလူပစာရအား ဖြင့် ဆိုသည်ဟုမှတ်ပါ။ ထိုတရားတို့က အကျိုးမဲ့ စီးပွားမဲ့ကို မဖြစ်စေနိုင်သော် လည်း အလဂဒ္ဒူပမာနည်းအတိုင်း သင်ယူသောပုဂ္ဂိုလ်တို့၏ ရှုတ်ဒံ သရဇ္ဈာယ် ရာအခါ ဝိဂါဒဖြစ်ကြသောကြောင့် ပိဿါသကျင် အကြောင်းရှိသော ဥပါရမ္ဘ စသော များစွာသောအကုသိုလ်တို့ ဖြစ်နိုင်သောကြောင့် "တေ ဓမ္မာ၊ပေ၊ သံဝတ္တန္တိ"ဟု ဆိုအပ်ပါသည်။ (ဋီ-၁၁၄)

**ဒီဃရတ္တံ ဟိတာယ သုခါယ သံဝတ္တန္တိ။** ။သီလ စသည်တို့ လာရာဌာန၌ သီလ စသည်တို့ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ ရတနာ့ဖြစ်၍ ပရိယတ်အလယ်၌ တရားဟောရာ၌ ဒေသနာတော်ကြောင့် ကြည်ညိုသဒ္ဓါဟရေး ပွားကုန်သော ဒါယကာဒါယိ

ကာမတို့က လှူဒါန်းအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်သော ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ သူတပါးတို့ဝါဒ၌ အကြောင်းနှင့်တကွ ဥပါရမ္ဘတင်သော ပုဂ္ဂိုလ်တို့အားလည်းကောင်း မိမိဝါဒ၌ သူတပါးတို့ တင်အပ်သော အပြစ်ကို ပယ်နိုင်သော ပုဂ္ဂိုလ်တို့အားလည်းကောင်း ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာအကျိုးငှါ ဖြစ်ကြသည်။

ကောင်းစွာ သင်ယူအပ်သော ပရိယတ်ကို အမှီပြု၍ ပဋိပတ်ကို ပွားခြင်း၊ ဖိုလ်ကို မျက်မှောက်ပြုခြင်း စသည်တို့သာ ပြီးနိုင်သည်မဟုတ်၊ ဝင်ဖော်ကား ပရိဗ္ဗာန သုတ် စသည်၌ ဥပဒ္ဒ ပရိယာဒိ (လ)ဒေသနာ ဂါထာသည်ကို ဆောင်တော်မူသောကြောင့် သူတပါးဝါဒကို နှိပ်နင်းခြင်း မိမိဝါဒကို တည်စေနိုင်ခြင်းတို့လည်း ပြီးနိုင်ပါသည်။

ပဋိဝိဒ္ဓါကုပ္ပေါ။ ။ဤ၌ အကုပ္ပအရ အရဟတ္တဖိုလ်ကို ယူပါ။ မဂ်လေးပါး ဖိုလ်လေးပါးတို့သည် ပျက်စီးခြင်းသဘော မရှိကြသော်လည်း သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့မှာ မိမိ မိမိတို့ဆိုင်ရာအမည်များကို စွန့်၍ အထက်အထက်အမည်သို့ ရောက်သောကြောင့် သေက္ခပုဂ္ဂိုလ်များ၏ မဂ်ဖိုလ်များကို အကုပ္ပဟု မဆိုထိုက်ပါ။ (ဋီ-၁၁၅) ရဟန္တာပုဂ္ဂိုလ်သည်ကား အခါခပ်သိမ်း ရဟန္တာသာမည်သောကြောင့် ရဟန္တာ၏ဖိုလ်ကို ပုဂ္ဂိုလ်၏ နာမည်အစွမ်းဖြင့် အကုပ္ပဟုဆိုရပါသည်။ ဤပုဒ်ဖြင့်-ရဟန္တာပုဂ္ဂိုလ်၏ သင်ယူခြင်းသည်သာ "ဘဏ္ဍာဂါရိကပရိယတ္တိ" မည်၏ဟု ပြ၏။ (ရဟန္တာပုဂ္ဂိုလ်သည် မသိအပ် မပယ်အပ် မပွားအပ် မျက်မှောက်မပြုအပ်သည် မရှိသောကြောင့် ဗုဒ္ဓဝစနကို သင်ယူနေပါသော်လည်း ပဝေဏီတော်ကိုဆောင်လိုသောကြောင့်သာ သင်ယူတော့သည်။)

စောဒနာဘွယ်။ ။အစဉ်အဆက်ကို စောင့်ရှောက်ခြင်းငှါ ဗုဒ္ဓဝစနကို သင်ယူခြင်းသည် ဘဏ္ဍာဂါရိကပရိယတ္တိ မည်လျှင် သိဟိုဠ်၌ ဆာတကဘေးကြောင့် ဂန္ထဓုရ ရဟန်းတို့သည် တခုသောဌာန၌ မနေနိုင်ဘဲ ကိုယ်တိုင်ထုပ်ပိုး၍ အပင်ပန်းခံကာ အလွန်ပင်ပန်းစွာ ဆောင်ယူကျက်မှတ် စောင့်ရှောက်ခဲ့သည့်အတွက် ဘဏ္ဍာဂါရိကပရိယတ္တိအမည်သည် ပုထုဇဉ်ရဟန်း၌လည်း ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် ရဟန္တာကိုသာ ထူးခြားစွာ အဘယ့်ကြောင့်ဆိုပါသနည်း-ဟု မေးဖွယ်ရှိ၏။ အဖြေကား-ပုထုဇဉ်သည် "ပါဠိတော်အစဉ်အဆက်ကို စောင့်ရှောက်အံ့" ဟူသော အဇ္ဈာသယဖြင့် သင်ယူသော်လည်း မိမိသည် (ပုထုဇဉ်သည်) ဘဝကန္တာရမှ မထွက်မြောက်ရသေးသောကြောင့် ပုထုဇဉ်၏ သင်ယူခြင်းသည် နိဿရဏတ္ထပရိယတ္တိသာ မည်သည်။

ပုဂ္ဂိုလ်နှင့်တွဲပုံ။ ။ပုထုဇဉ်မှာ အလဂဒ္ဒူပမာ နိဿရဏတ္ထ နှစ်မျိုးရသည်။ သေက္ခ ၇-ယောက်မှာ နိဿရဏတ္ထသာ ရ၍ ရဟန္တာပုဂ္ဂိုလ်မှာ ဘဏ္ဍာဂါရိကတမျိုးသာ ရသည်။

ရဟန္တာဘဏ္ဍာစိုးနှင့်တူ။ ။ဘဏ္ဍာစိုးသည် တန်ဆာဘဏ္ဍာကို သိမ်းဆည်းထား၍ တန်ဆာဆင်နေအခါ၌ လျော်သော တန်ဆာဘဏ္ဍာကို မင်းအား ဆက်သရ၍ မင်းသည် တန်ဆာဆင်မှုကို ပြုသကဲ့သို့ ထို့အတူ ရဟန္တာပုဂ္ဂိုလ်သည်လည်း တရားရတနာဘဏ္ဍာကိုလက်ခံသိမ်းဆည်း၍ ဝိနေယျကို ရှုဖို့ရာ ကျယ်ဟိုက်သော သဘောရှိသော သဟေတုကသတ္တဝါကိုမြင်သော် ထိုသတ္တဝါ၏ကားကျော်သော ဓမ္မဒေသနာကိုတိုးပွားစေကာ ပေါ်ပေါက်စေ၍ စသည်ဟု ဆိုအပ်သော လောကုတ္တရာတန်ဆာဖြင့် တန်ဆာဆင်မှုကို ပြုတော်မူလေသည်။

သီလသမ္ပဒ် နိဿယ ကိဿော ဝိဇ္ဇာ ပါပုဏာတိ။ ။တူသောအကြောင်းကိုပြီးစီး စေတတ်သော ကြောင့် သီလသမ္ပဒါ၏ ဝိဇ္ဇာ ၃-ပါး၏ ဥပနိဿယဖြစ်ပုံကို သိပါ(အကျယ်ကို ဋီကာ ၁၁၆-မှာ ရှုပါ)။

သမာဓိသမ္ပဒ် နိဿာယ ဆ အဘိညာ။ ။သမာဟိတော ယထာဘူတံ ပဇာနာတီတိ ဟော ခြင်းကြောင့် သမာဓိသမ္ပဒါသည် အဘိညာဉ် ၆-ပါး၏ အားကြီးသောမှီရာ ဖြစ်သည်ဟုသိပါ။

ပညာသမ္ပဒ် နိဿာယ ပဋိသမ္ဘိဒါ။ ။"ယောဂါ ဝေ ဇာယတေ ဘူရိ" ဟု ဟောသော ကြောင့် ပုဗ္ဗယောဂကြောင့်လည်းကောင်း၊ တရားကြီးကိုများကြားလိုက်ရ နေခြင်း ဒေသဘာသာ စကား၌ ကျွမ်းကျင်ခြင်း သင်ယူခြင်း အဖန်ဖန်မေးခြင်း စသည်တို့ကြောင့်လည်းကောင်း ထုံမွှမ်းအပ်သော ပညာသမ္ပဒါသည် ပဋိသမ္ဘိဒါအကြား၏ ဥပနိဿယ ဖြစ်နိုင်သည်။

တာသံယေဝ စ တတ္ထ ပဘေဒဝစနတော။ ။ဤ — တာသံယေဝ ဟူသော အဝဓာရဏကို ရောက်ထိုက်သော ဘဋ္ဌအိည ပဋိသမ္ဘိဒါတို့ကို ဝိဂ္ဂဏည်း၍ အပြားအားဖြင့် ဆိုသောစကား ရှိခြင်းကို ရည်ရွယ်၍ ဆိုပါသည်။ ဝေရဥ္စကဏ္ဍ၌ ဝိဇ္ဇာ ၃ ပါးကိုသာ ဝေဘန်၏။ စသဒ္ဒါကြောင့်-ဝိနည်း၌ ပဋိသမ္ဘိဒါ ပဋိသမ္ဘိဒါတို့၏ ဟစိတ်ဘာဇေဒသ ရှိသည်၏အဖြစ်ကို ပေါင်းဆည်းသည်။

**သုတ္တန္တပိဋက။** ။ဒုတိယ "တာသံယေဝ"ဟူသော အဝစနေရာကို ပဋိသမ္ဘိဒါ ၄-ပါးကို ရှင့်၍ ဆိုသည်။ (ဝိဇ္ဇာ ၃-ပါးကို မကာန့်တော့) အကြောင်းကား—ဝိဇ္ဇာ ၃-ပါးတို့သည် အဘိညာဉ် ၆-ပါးတို့၌ အကျုံးဝင်သောကြောင့် သုတ္တန်၌ ဝေဘန်အပ်ပြီးသောကြောင့် တည်း။ စသဒ္ဒါဖြင့် ပဋိသမ္ဘိဒါတို့ကို တစိတ်ဘဒေသ ဟောတော်မူခြင်းကို ပေါင်းဆည်းသည်။ (ဋီ-၁၁၇)

**တာသဉ္စ တတ္ထေဝ ပဘေဒဝစနတော။** ။ဤ၌-စသဒ္ဒါဖြင့် (အဘိဓမ္မာ၌ ဝိဇ္ဇာ ၃-ပါး အဘိညာဉ် ၆-ပါး ပဋိသမ္ဘိဒါ ၄-ပါးတို့ကို ဟောတော်မူသောကြောင့်) ဝိဇ္ဇာ ၃-ပါး အဘိညာဉ် ၆-ပါး ရှိသည်၏အဖြစ်ကို ပြသည်ဟု မှတ်ပါ။

**ဝေထားပုံမကျ။** ။ပဋိသမ္ဘိဒါတို့ကိုကား ဝိနယပိဋက သုတ္တန္တပိဋကတို့၌ အပြားအားဖြင့် ဝေဘန်ဟောကြားသော စကားတော် မရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ အဘိဓမ္မာပိဋက၌ သာလျှင် ကောင်းစွာ ဝေဘန်အပ်သည်၏ အဖြစ်ကိုလည်းကောင်း ပြလိုသောကြောင့် တတ္ထေဝ-ဟု ဧဝသဒ္ဒါပြောင်းလဲ၍ ထားသည်။

**ဝိနယေ ဒုပ္ပဋိပန္နော။** ။အရိဋ္ဌရဟန်းသည် ဗဟုသုတနှင့် ပြည့်စုံသော မြေကထိက တပါးပင်တည်း။ ကမ္မန္တရာယ် ကိလေသန္တရာယ် ဝိပါကန္တရာယ် ဥပဝါဒန္တရာယ် အာဏာဝီတိက္ကမန္တရာယ်-ဟူသော ၅-ပါးသော အန္တရာယ်တို့တွင် အာဏာဝီတိက္ကမန္တရာယ်ကို မသိမူ၍ ကျန် ၄-ပါးကိုသာ သိသောကြောင့် ဤသို့ ဆင်ခြင်ရာတွင် မှားယွင်းစွာ ကြံစည်မိလေသည်။ "အိမ်၌နေသူ ဤလူဝတ်ကြောင်တို့သည် ငါးပါးအာရုံ ကာမဂုဏ်တွေ ခံစားသုံးဆောင်ရင်းပင် သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တွေ ဖြစ်ကြကုန်သေး၏။ ရဟန်းတို့သည်လည်း မြတ်နိုးနှစ်သက်ဖွယ် ငါးသွယ်အာရုံတို့ကို မြင် ကြား နမ်း ရှူ သာယာ တွေ့ထိစေကြကုန်၏။ နူးညံ့သိမ်မွေ့သော အခင်းအနှီးတို့ကိုလည်း သုံးဆောင်ကြကုန်၏။ ဤအလုံးစုံသည် အပ်စပ်ပါလျက် အဘယ့်ကြောင့် မိန်းမတို့၏ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့သာ မအပ်ပဲ ရှိကုန်သနည်း အပ်ရမည်သာ-ဟူ၍ ကြံကာ အပြစ်မရှိသော သုံးဆောင်မှုနှင့် အပြစ်ရှိသော ကာမဂုဏ်သုံးဆောင်မှုကို ရောနှော၍ ဆန္ဒရာဂပါသော သုံးဆောင်မှုနှင့် ဆန္ဒရာဂမပါပဲ သုံးဆောင်မှုကို အတူပြုလျက် လျှော်တနှင့် နူးညံ့သောချည်ကို လုံး၍ ကျစ်ကဲ့သို့ ဆီးစေ့နှင့် မြင်းမိုရ်တောင် တူအောင် နှိုင်းယှဉ်သလို ဖြစ်ချာအား ယုတ်မာမှားယွင်းသော

မိစ္ဆာအယူကို ဖြစ်စေလျက် ဘုရားရှင်သည် မဟာသမုဒ္ဒရာကို ကန်သင်းဖွဲ့သကဲ့သို့ ကြီးကျယ်သော ဥဿာဟဖြင့် ပထမပါရာဇိကကို ပညတ်အပ်လေပြီ။ ဤသို့ အပြစ်မရှိဟု သဗ္ဗညုတဉာဏ်နှင့် ဆန့်ကျင်လျက် သစ်ငုတ်ဆူးငြောင့်စသည်တို့ကို ချ၍ မလောက်အမှု၌ အပြစ်မရှိနိုင်''ဟု ဘုရားရှင်၏ အာဏာစက်၌ ပုတ်ခတ်မှုကို မှားယွင်းစွာ ပြုမိလေပြီ။ (ဋီ-၁၁၇/၈)

သုတ္တ ဒုပ္ပဋိပဇ္ဇာ (လ) အဒိပ္ပါယံ အဇာနန္တော။ ။ဤ၌ ''အဓိပ္ပါယ်ဟူသည်'' ''ဤဒေသနာတော်ကို ပရမတ္ထအားဖြင့် ဟောအပ်သည် မဟုတ်၊ ပုဂ္ဂလဒေသနာ ဝေါဟာရ အရင်းဖြင့် ဟောတော်မူအပ်၏'' ဟု ဘုရား၏ အလိုဆန္ဒတော်တည်း၊ မှန်၏-ဘုရားရှင်တို့သည် လောကသမ္မုတိကို မစွန့်ကြပါ။

တနည်း—ဟိရောတ္တပ္ပကိုပြခြင်းအကျိုး ကမ္မဿကတာကို ပြခြင်းအကျိုး-အစ ရှိသော ၈-ပါးသော အကြောင်းတို့ကြောင့် မြတ်စွာဘုရားသည် ပုဂ္ဂလကထာကို ဟောတော်မူ၏-ဟူ၍ အဓိပ္ပါယ်ကို မသိ၍။ (ဋီ-၁၁၉)

ဒုဂ္ဂဟိတံ ဂဏှာတိ။ ။ဘဏာဟိ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနညံ စသည်ဖြင့် မှားယွင်းစွာ ယူ၏။

အတ္တာနံ ခနတိ နာမ။ ။မိမိ၏ ကုသိုလ်မူလတို့ကို တူးဖြိုဖျက်ဆီးခြင်းသည် ''အတ္တာနံ ခနတိ''မည်၏။

ဓမ္မဝိနံ့ အတိဓာဝန္တော။ ။ဓမ္မစိန္တာ-ဟူသည် တရားသဘောကို လွန်၍ ဝိစစ်ခြင်းတည်း။ အတိဓာဝန္တော (လွန်၍ပြေး) ဟူသည် ရပ်တိုက်သော အပိုင်းအခြားကို ကျော်တည်၍ ''စိတ်ဖြစ်ရုံမျှဖြင့်လည်း ဒါနဖြစ်၏၊ ကိုယ်တိုင်ပင် စိတ်သည် ပြီး၏ အပျိုရှိမ်နိုင်၏၊ အလုံးစုံသော စိတ်သည်သည်း သဘာဝအလိုသာ အာရုံပြုသည်သာဖြစ်၏'' ဤသို့အစရှိသည်ဖြင့် လွန်ပြောက်၍ ဖြစ်စေခြင်းတည်း။

အစိန္တေယျာနိ န စိန္တေတဗ္ဗာနိ ။အစိန္တေယျာနိ-သည် သဘာဝကို မြ၍ နစိန္တေ တဗ္ဗာနိ-ကား ကပ္ပာဗ္ဗကိစ္စကိုပြသည်။ အသာဓာရဏဉာဏ်တော် ၆-ပါးသည် အစိန္တေယျာင် ဖြစ်သော်လည်း ထိုအသာဓာရဏဉာဏ်တော် ၆-ပါးတို့ကို အဖန်ကာလဲလဲ အောက်မေ့ဆင်ခြင်သော ပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ကြံစည်

စဉ်းစားထိုက်ပါသည်။ ဤတရားလေးပါးတို့ကား အကျိုးမရှိသောကြောင့် မကြံစည်ထိုက်ပါ။ (၁-ဗုဒ္ဓဝိသယ၊ ၂-ဈာနဝိသယ၊ ၃-ကမ္မဝိပါက၊ ၄-လောကစိန္တာ) (ဋီ-၁၂၀)

**သာဓကာနိ။** ။အလိုရှိအပ်သော အနက်ကို ပြီးစေတတ်သောကြောင့် ဥဒါဟရဏ်တို့ကို "သာဓက" ဟုခေါ်သည်။ နိကာယသဒ္ဒါ၏ နိဝါသအနက်ဟောပြယုဂ်ပိဋကတ်သုံးပုံ၌ မရှိသောကြောင့် "လောကတော" ဟုဆိုသည်။ (ဋီ-၁၂၂) ပဌမပြယုဂ်ကား သာသနာတော်ပြယုဂ်ဖြစ်၍ ဒုတိယပြယုဂ်ကား လောကပြယုဂ်ဖြစ်သည်။

**သံယုတ္တမည်ပုံ။** ။သုတ် ဝဂ်တို့၏ ယှဉ်ရာဖြစ်သောကြောင့် သံယုတ္တမည်၏။ (အက္ခရာအပေါင်းကို ပုဒ်၊ ပုဒ်အပေါင်းကိုဝါကျ၊ ဝါကျအပေါင်းကို သုတ်၊ သုတ်အပေါင်းကို ဝဂ်ဟုခေါ်ရသကဲ့သို့ ဤအတူ ဝဂ်အပေါင်းကို သံယုတ္တခေါ်ရသည်။)

**ဒေဝတာသံယုတ္တာ ဒိဝသေန။** ။နတ်တို့သည် မေးအပ်သော (အမေးခံရသော) ဘုရားရှင်သည် ဟောကော်မူအပ်သော သုတ်ဝဂ်-စသည်တို့ကို ပေါင်းစပ်သားသောကြောင့် ဒေဝတာသံယုတ် စသည်မည်ပါသည်။

**ဌပေတွာ စတ္တာရော နိကာယေ အဝသေသံ ဗုဒ္ဓဝစနံ။** ။ဤ၌(ဒီဃပ္ပမာဏာနံ စသည်ကို ဆိုအပ်သကဲ့သို့)ခုဒ္ဒကပ္ပမာဏာနံ-စသည်ကို မဆိုပဲ သချပ်ကိုသာ ဆိုရခြင်းကား ဝိနည်းအဘိဓမ္မာ-စသော ရှည်သော ပမာဏရှိကုန်သောသုတ်တို့လည်း ခုဒ္ဒကနိကာယ်၌ အကျုံးဝင်သောကြောင့်တည်း။ ထို့ကြောင့် ခုဒ္ဒကဟူသောနာမည်သည် အနုတ္တနာမည်မဟုတ်၊ ဒီဃနိကာယ်စသည်တို့၏ သဒ္ဒာနှင့် ပြောင်းပြန် ဖြစ်ခြင်းဟူသောကြောင့် ဝိနည်းအဘိဓမ္မာ စသော ဘုရားစကားတော်များလည်း အထင်ရှားဖြင့် ခုဒ္ဒကနိကာယ်အမည်ရသည့်၏ အဖြစ်ကို သိရသည်။

**ဂေယျ။** ။ဂါထာနှင့်တကွ စုဏ္ဏိယသည် ဂေယျ။ အဋ္ဌကထာ၌ သဂါထကံ သုတ္တံဂေယျံ"ဟု ဆိုရကား ဂါထာရှိသောကြောင့် မင်္ဂလသုတ်သည် ဂေယျတွင် ပါဝင်သင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။ အဖြေကား မင်္ဂလသုတ္တ ရတနသုတ္တဟူသော နာမည်က ထင်ရှားပြီး ဖြစ်သောကြောင့် မင်္ဂလသုတ်စသော သုတ်တို့သည် ဂေယျဂါထာတို့၌ မပါဝင်ပဲ သုတ္တအင်္ဂါတွင် ပါဝင်ကြသည်။ (ဂါထာ၌ စာဒနာလျှင်လည်း ယို့အတူပင် ထို့ကြောင့် အဋ္ဌကထာ၌ သုတ္တနာမကံ-ဟုဆိုသည်။

တနည်း—"ဂါထာနှင့်တကွဖြစ်မှ ဂေယျ"ဟု ဆိုသောကြောင့် ဂါထာသာမက စုဏ္ဏိယလည်း ပါဝင်ရမည်-ဟု သိရ၏၊ မင်္ဂလသုတ်၌ ဂါထာချည်းသာ ရှိ၍ စုဏ္ဏိယမပါသောကြောင့် မင်္ဂလသုတ်စသည်တို့သည် ဂေယျတွင် မပါဝင်ပဲ သုတ္တ၌သာ ပါဝင်ကြသည်၊ (ဇဝံ မေ သုတံ-စသော ပါဠိမျှ စုဏ္ဏိယကား ဘုရားစကားတော်မဟုတ်၊ သံဂါယနာတင်မှ ထည့်အပ်သော စကားတော်တည်း)။

ဥဘတောဝိဘင်းစသည်၌ ဂါထာများ။ ။ထိုသို့ဆိုလျှင် ဥဘတော ဝိဘင်း၌လည်း ဂါထာများ ပါသောကြောင့် ဂေယျမည်သင့်သည် မဟုတ်ပါလော—ဟု မေးဖွယ်ရှိ၏။ အဖြေကား ထို ဥဘတောဝိဘင်းလာ ဂါထာများသည် အခြားမှလာသော ဂါထာများ ဖြစ်၍ ဇာတက စသည်၌ အကျုံးဝင်သောကြောင့် ဂေယျ မမည်သင့်ပါ။ (ထိုဂါထာများကို အကြောင်းအားလျော်စွာ ဝိနည်း၌ ဟောတော်မူအပ်ပါသည်၊ ထိုဂါထာများကြောင့် ဝိနည်းစသည်ကို ဂေယျအမည်ဖြင့် မခေါ်ထိုက်ပါ)။

ဝေယျာကရဏ။ ။ဂါထာမရှိခြင်း အစရှိသော အဖြေပါခြင်း ကဲ့သို့သော အင်္ဂါ ၂-ပါးနှင့်ညီမှ ဝေယျာကရဏ အမည်ရသည်။

သဂါထာဝဂ္ဂ စသည် ဝေယျာကရဏ မမည်။ ။သဂါထာဝဂ္ဂ သံယုတ်စသည်တို့၌ အမေး-အဖြေပါဝင်သော်လည်း ဂေယျစသော အမည်တို့သည် အနောကာသဖြစ်သောကြောင့် ဝေယျာကရဏ မမည်ပါ။ တနည်း—ဂါထာမပါခြင်းဟု အထူးပြုအပ်သောကြောင့် သံယုတ်စသည်၌ ဂါထာများပါရှိနေရကား ဝေယျာကရဏအမည် မရနိုင်ပါ။ (ဂါထာအမည်ရထိုက်သော ပါဠိတော်တို့ကို အကျယ်သာ၌ သေချာစွာရှုပါ)

အမှာ။ ။ပါဠိတော်ကခုမှာ အမည် ၂ ခု၏ အင်္ဂါနှင့်ညီလျှင် အနောကာသ အမည်ကဖယ်လိုက်၍ အမည်တပ်ရပါသည်။ (သဝကာသာနိ ဒေါဟိ အနောကာသဝိဓိ ဗလဝါ)

ဇာတက။ ။ဂါထာပဒ်ဖြစ်သော်လည်း ဘုရားရှင်၏ လွန်ခဲ့သော ဘဝတို့၌ အကျင့်ကာနုဘော်ကို ပြရာဖြစ်သောကြောင့် ဇာတ်ဟု အမည်ရရှိသည်။

**ဝေဒလ္လ။** ။အမေးအဖြေပါသော်လည်း အချို့သော သုတ်တို့၌ ဂါထာပါရှိပါသော်လည်း ဇာတိဉာဏ်ကို ရစေတတ်သောကြောင့် ဝေဒလ္လ အမည်ရရှိလေသည်။ (ဂေယျ ဝေယျာကရဏအမည် မရကြကုန်လို)

**သုတ္တ၊** ။သုတ္တသဒ္ဒါသည် ဝိသေသအမည်ကို ပယ်ချ၍ သာမညအမည်၌ ဖြစ်သောကြောင့် ဂေယျစသည့်အမည်ရထိုက်သော အကြောင်းမှ ကင်းသော ဘုရားစကားတော်များကို သုတ္တ-ဟုခေါ်ရသည်။

**ထိုသို့ဆိုလျှင်။** ။ဂါထာနှင့်တကွသော သုတ်သည် ဂေယျမည်၍ ဂါထာမှ ကင်းသောသုတ်သည် ဝေယျာကရဏအမည်၏-ဟု ဆိုရာ ထို နှစ်ပါးစုံမှ လွတ်သော သုတ်မရှိသောကြောင့် သီးခြား သုတ္တအင်္ဂါ မရှိရာသည် မဟုတ်ပါလော-ဟု စောဒနာသော် သုတ်သည်ပြီး ဖြစ်သောကြောင့် စောဒနာ စရာမလိုဟု အကျဉ်း ဖြေပြီးနောက် ဂါထာမှ ကင်းခြင်း၊ မေး ဖြေခြင်း ဟူသော အင်္ဂါ ၂-ရပ်ရှိမှ ဝေယျာကရဏအမည်၏ ဟု သုတ်သည်ခွဲသည်ကို အကျယ်အားဖြင့် ဋီကာဆရာမိန့်ပါသည်။

**ဘာသာဋီကာမှ။** ။သုတ္တအမည်၏ သာမညအမည်ဖြစ်ခြင်း၊ ဂေယျစသော အမည်တို့၏ သဒ္ဒပဝတ္တိနိမိတ် ကိုယ်စီရှိသော ဝိသေသ အမည်များဖြစ်ခြင်း၊ မင်္ဂလသုတ် စသော အမည်၏ အဘိရုဠ္ဟ အမည်ဖြစ်ခြင်း၊ ဂါထာနှင့်တကွ ဟူသော စကားအရ ဂါထာချည်း ဖြစ်သော မင်္ဂလသုတ် စသည်တို့ ဂေယျ၌ မပါဝင်နိုင်ခြင်း၊ ဥဒာနပါဠိ၌ ဂါထာကိုသည် ဇာတ်တော်မှ ဖြစ်၍ ဇာတက၌ ပါဝင်ပြီ ဖြစ်ခြင်း၊ ဤအကြောင်းများကြောင့် သုတ္တစသော အင်္ဂါ ၉-ပါးတို့ တပါးနှင့် တပါး မရောယှက်ပဲ သီးခြားစည် နေရကား ဗုဒ္ဓဝစနသည် အင်္ဂါအားဖြင့် ၉-ပါးပြားရသည်ဟုမှတ်။ (ပါ-၁၇၁)

သုတ္တန္တံ သာမညဝိဓိ၊ ဝိသေသဝိဓယော ပရေ။
သန္နိမိတ္တာ နိရုဠ္ဟတ္တာ၊ သဟဟာဒေသေန နာညဘော။

ယထာဝုတ္တာ ဒေါသယာ၊ နုပ္ပံ ဓတ္တာဝဂါဟဏံ။
တသ္မာ အသင်္ကိဏ္ဏယပ၊ နဝင်္ဂသတ္ထုသာသနံ။

**အနက်။** ။သုတ္တန္တိ-သုတ္တဟူသော အစီအရင်သည်။ (ဝါ) သုတ္တဟူသော အမည်သည်၊ သာမညဝိဓိ၊ တည်း။ ပရေ၊ အခြားသော ဂေယျ စသောအမည်တို့သည်၊ သန္နိမိတ္တာ၊ ဆိုင်ရာ သဒ္ဒပဝတ္တိနိမိတ်နှင့်တကွ ဖြစ် ကုန်သည်။ ဟုတ္တာ၊ လည်းကောင်း၊ (ဝါ)ကြောင့်လည်းကောင်း၊ နိရုဠ္ဟတ္တာ၊ မင်္ဂလသုတ်စသည်တို့၌ သုတ္တဟူသော အမည်၏ ထင်ရှားသည်၏ အဖြစ်

ကြောင့်လည်းကောင်း။ အညေနုအခြားတမျိုးနှင့်၊ သဟတာ၊ တက္ကဒ်အဖြစ်ကြောင့်လည်းကောင်း။ နု-အညတော၊ ဥဘတောဝိဘင်းလာ ဂါထာတို့၏ဇာတ်မှ တခြားမဟုတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝိသေသ-ဝိဓေယျ၊ ဝိသေသအစီအရင် (နာမည်) တို့တည်း။

ယထာဝုတ္တဿ၊ အကြင် အကြင်ဆိုအပ်ပြီးသော။ ဒေါသဿ၊ သုတ္တဟူသော အမည်တမျိုးသာရသင့်၏ဟူသောအပြစ်-ဥဘတောဝိဘင်းအချို့လည်း ဂေယျ၌ ပါဝင်သင့်၏ဟူသော အပြစ်၏။ ဝွောဒ၌။ အဝဂါဟကုံ၊ သက်ဝင်နိုင်ခြင်းသည်၊ နတ္ထိ၊မရှိ။ ကသ္မာ၊ ကြောင့်။ နဝင်္ဂ၊ အင်္ဂါ ၉-ပါးရှိသော။ သတ္ထုသာသနံ၊ ဘုရားအဆုံးအမ ပါဠိတော်သည်။ အသင်္ကရံ ယောဝ၊ တပါးနှင့် တပါး မရောမယှက် ခြားနားလျက်သာတည်း။

ဥဘတောဝိဘင်္ဂနိဒ္ဒေသခန္ဓကပရိဝါရာ။ ။ဤ၌ နိဒ္ဒေသဟူသည် သုတ္တန်-နိပါတ်၌လာသော အဋ္ဌကဝဂ် ပါရာယနဝဂ် ခဂ္ဂဝိသာဏသုတ်တို့၏ အနက်ကို ဝေဖန်သောအားဖြင့် ဘုရားနှင့်တူသော ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတြာမထေရ်မြတ် ဟောတော်မူအပ်သော နိဒ္ဒေသတည်း၊ ထိုနိဒ္ဒေသသည် မဟာနိဒ္ဒေသ စူဠနိဒ္ဒေသဟု ၂-မျိုးရှိသည်။ ဤနိဒ္ဒေသကို အဋ္ဌကထာဆရာများက ယုတ္တအင်္ဂါ၌ သွင်းကြ၍ အပရဆရာတို့က ဂါထာ-ဝေယျာကရဏ ဟူသော အင်္ဂါ နှစ်ရပ်၌ သွင်း ယူကြသည်။

ဝဥ် စားဖွယ်။ ။ဤနိဒ္ဒေသတွင် အချို့သောနေရာ၌ အမေးအဖြေ ပါရှိသောကြောင့် ဝေယျာကရဏ၌ သွင်းသည်ကား သင့်တန့်၏။ ဂါထာမျိုးသော်လည်း ဂါထာ၌ သွင်းခြင်းကား အဘယ်နည်းဖြစ်သင့်ပါအံ့နည်းဟု မေး ရှိ ဂါထာအင်္ဂါ၌ သွင်းရာ ဂါထာသက်သက် မရှိခြင်း၊ အနက်ကို ဝေဖန်ခြင်း ငှာ အခြားနေရာတို့မှ ဆောင်ထားသော ဂါထာများ ဖြစ်ခြင်း စသည်ဖြင့် စိစစ်အပ်သည်။ လိုရင်းမှာ ဂါထာ၌ မသွင်းသင့်ဟုမှတ်။

မင်္ဂလသုတ္တ ရတနသုတ္တ နာလကသုတ္တ တုဝဋ္ဋကသုတ္တာနိ။ ။ဤ၌ နာလကသုတ်ဟူသည် ဓမ္မစကြာဟောတော်မူပြီးနောက် (၇) ရက်မြောက်သောနေ့၌ နာလကယောဂီအား မောနေယျ ပဋိပဒါ စသည်ဖြင့် ဘုရားရှင် ဟောတော်မူအပ်သော မောနေယျအကျင့်ကို ထင်ရှားပြသော သုတ်တည်း။ တုဝဋ္ဋကသုတ်ဟူသည် မဟာသမယ သုတ္တန်ကို ဟောတော်မူရာအခါ၌ စည်းဝေးရောက်လာ နတ်ပြဟ္မာ အပေါင်းတို့တွင် အရဟတ္တဖိုလ် ရောက်ကြောင်း အကျင့်သည်

အဘယ်နည်းဟူ၍ ဖြစ်သောစိတ် ရှိကုန်သော အချို့ နတ်ဗြဟ္မာတို့အား ထိုအကြောင်းကို ထင်ရှားပြခြင်းငှာ နိမ္မိတဘုရားရှင်ကို မိမိကိုမေးစေ၍ မူလ ပဝတ္တိသခံ ၊ တံ စသည်ဖြင့် ဘုရားရှင်ဟောတော်မူအပ်သော သုတ်ပင်တည်း။

**သုတ္တနိပါတ်။** ။သုတ္တနိပါတ်တွင် ပါသော သုတ် စသည်ကို သုတ္တဖယာ်၌သွင်း၍ သုတ္တအမည်ပရသော သုမ္ဘိကဂါထာတို့ကို ဂေယျ၌သွင်းပါ။

သုတ္တနိပါတ် အဋ္ဌကထာအစ၌ —

> ဂါထာသတသမာကိဏ္ဏော၊ ဂေယျဗျာကရဏင်္ကိတော။
> ကသ္မာ သုတ္တနိပါတောတိ၊ သင်္ခမော ဂစ္ဆတိတိစေ—

ဟူသောစကားသည် စောဒက၏ စောဒနာ မျှသာဖြစ်၍ လိုရင်းမဟုတ်ဟု မှတ်ပါ။

**ပဋိသမ္ဘိဒါစသည်။** ။အင်္ဂါ ၈-ပါးဖြင့် ပယ်မိမ် ယူအပ်သော မူဒွ စကုဟူသည် ပဋိသမ္ဘိဒါ စသည်ဟု ကြိယ်ယ်သုံးစောင်လုံးတို့၌ ဆိုအပ်သည်။ အဋ္ဌကထာဆရာများက ပဋိသမ္ဘိဒါမဂ်ကို ဂေယျ-ဝေယျာကရဏ အင်္ဂါနှစ်ခု၌ သွင်းဟုဆိုကြ၏။

**နော သုတ္တနာမိကာ။** ။သုတ္တအမည်ပရှိသော သံဂါယနာတင်စဉ် အခါ၌ သုတ်အမည်ဖြင့် မထင်ရှားသော သုတ်တည်း။

**သုဒ္ဓိကဂါထာ။** ။သုဒ္ဓိကဂါထာဟူသည် ပဋ္ဌာဂါထာကု ဂဏ္ဌိဒ သုံးစောင် တို့၌ ဆိုသည်။ ပိုဋ္ဌကဂါထာဟူသည် ပါရာယနဝဂ်၏ နိဒါန်းကို တင်သော အရှင်အာနန္ဒာသည် သံဂါယနာအခါ၌ လျောက်ထား အပ်သော ၅၆-ဂါထာနှင့် နာလကသုတ် နိဒါန်းတင်သော အရှင်အာနန္ဒာပင် လျှောက်ထားအပ်သော ဂါထာ ၂၀-တည်း။

**ဋီကာသစ်အယူ။** ။နာလကသုတ်သော ဝတ္ထုဂါထာတို့ကို နာလကသုတ်ဖြင့် ပင်ယူအပ်သော ကြောင့် ပါရာယနဝဂ်လာ ဝတ္ထုဂါထာ တို့ကို သုဒ္ဓိကဂါထာဟု ယူထိုက်၏ဟု ပြသော်၏၊ ထိုပါရာယနဝဂ်၌ပင် အဇိတ မာဏဝကစသော ၁၆-ယောက်သော ပုဏ္ဏားတို့၏ အမေး ဂါထာများနှင့် ဘုရားရှင်၏ အဖြေဂါထာတို့ကို ပါဠိတော်၌ သုတ္တနယည်ဖြင့် မဆိုမှု၍ အဇိတ မာဏဝကပုစ္ဆာ စသည်ဖြင့် လာသောကြောင့်လည်းကောင်း၊ ဇတ္တိယတို့နှင့် မဒ္ဒာသောကြောင့် လည်းကောင်း နောသုတ္တနာမိကာ သုဒ္ဓိကဂါထာဟု ဆိုခြင်းငှာ သင့်၏ဟု ပြလေသည်။ (ဋီ-၁၂၈)

သောမနဿဉာဏမ္ပယုတ္တကဂါထာပဋ္ဌိသံယုတ္တာ။ ။ဤပါဋ္ဌ်ဖြင့် ဝမ်းမြောက်ခြင်း အနက်ရှိသောကြောင့် ဥဒါနမည်၏ဟု အန္ဝတ္ထအမည်ရှိသည်၏ အဖြစ်ကိုပြသည်။

ဥဒါန။ ။ပီတိဝေဂသမုဋ္ဌာပိတော ဥဒါဟာရော ဥဒါနံနာမ။ ဆီသည် ချင်ခွက်မှ ပိုလျှံ၍ အပြင်သို့အန်ထွက်သောအခါ ထိုဆီကို "အဝသေက" ဟု ခေါ်ရသကဲ့သို့လည်းကောင်း၊ ကြီးစွာမိုးရွာသဖြင့် တံတားကျကို လျှံ၍ထွက်လာသောရေကို "မဟောဃ" ဟု ခေါ်ရသကဲ့သို့လည်းကောင်း ဤအတူ ဝမ်းမြောက်တော်မူလှ၍ စိတ်နှလုံးထဲ၌ ဆောင်ထားခြင်းငှာ မစွမ်းနိုင်ပဲ စိတ်မှပိုလျှံ၍ အပြင်သို့ နှုတ်တော်မှထွက်လာသော တရားဝံယူသူကို ငဲ့ကွက်ခြင်းမရှိသော ကျူးရင့်မှုအထူးကို "ဥဒါန" ဟုခေါ်၏။

ယေဘုယျ။ ။မွေသံဝေဂအစွမ်းဖြင့် ကျူးရင့်အပ်သော သစေ ဘာယထ ဒုက္ခသ-စသော ဥဒါန်းစကား ဥဒါနပါဠိတော်၌ လာသောကြောင့် သောမနဿဉာဏမယိက-ဟူသော စကားကို ယေဘုယျအားဖြင့် ဆိုသည်မှတ်ပါ။

ဂါထာပဋ္ဌိသံယုတ္တာ။ ။ဤစကားကိုလည်း-အတ္ထိ ဘိက္ခဝေ တဒါယတနံ-စသော စုဏ္ဏိယဝါကျဖြင့် ကျူးရင့်တော်မူအပ်သော ပါဠိတော်ကိုလည်း ဥဒါနပါဠိတော်၌ တွေ့ရသောကြောင့် ယေဘုယျစကား ဟုပင်မှတ်ပါ။

ဘိက္ခဝေပုဒ် ဘာ့ကြောင့်ထုတ်။ ။ဥဒါန်း ကျူးရင့်မှု၌ အဘယ့်ကြောင့် ဘိက္ခဝေ ဟူသော အာလုပ်ပုဒ် ထုတ်ရသနည်းဟု မေးဖွယ်ရှိ၏။ ဖြေကား—ထိုရဟန်းတို့ကို နားလည်စေခြင်းအကျိုးငှာ သာ ထုတ်တော်မူရသည်။ ပဋိဂ္ဂါဟကကို ပြုခြင်းငှါ ထုတ်သည် မဟုတ်ပါ။

တရားဝံယူသူ ငဲ့ကွက်မှုမရှိ။ ။နိဗ္ဗာန်နှင့်စပ်သော တရားတော်ကို ဘုရားရှင် ဟောတော်မူ၍ နိဗ္ဗာန်၏ ဂုဏ်ကို အောက်မေ့သဖြင့် ဖြစ်ပေါ်လာသော ပီတိသောမနဿကြောင့် ဥဒါန်းကျူးရင့်တော်မူစဉ် ထိုရဟန်းတို့၏ အဲယံနိဗ္ဗာနဓမ္မော ကထံပစ္စယော ဥပလဗ္ဘတိ-ဟူသောအကြံကို သိတော်မူ၍ ရဟန်းတို့အား အနက်ကို သိစေလိုသောကြောင့် တဒါယတနံ-ဟု ဟောသည်။ အမှန်စင်စစ် တရားနာယူသူကို ငဲ့ကွက်မှုမပြုပါ။

ဥဒါန်းအပြား။ ။၁-သဗ္ဗညုတဉာဏပဋိသံယုတ္တ၊ ၂-ပစ္စဝေက္ခဏပဋိသံယုတ္တ၊ ၃-သာဝကဘာသိတ-ဟု သုံးမျိုးရှိသည်။ ထိုဟွင် သဗ္ဗေသု ဘူတေသု

နိဓာယ ဒဏ္ဍံ၊ အဝိဟေဌယံ အညတရမ္ပိ တေသံ–စသည်ဖြင့် ခဂ္ဂဝိသာဏ သုတ်၌ လာသည်ကား ပစ္စေကဗုဒ္ဓဘာသိတတည်း။ သာဝကဘာသိတကား— ထေရဂါထာတို့၌လာသော သဗ္ဗော ရာဂေါ ပဟီနော မေ–စသည်နှင့် ထေရီဂါထာတို့၌လာသော ကာယေန သံဝုတာ အာသိံ–စသည်များတည်း။ အခြားသော သိကြား စသောနတ်တို့သည် ရွတ်ဆိုအပ်သော အဟောဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ–စသော ဥဒါန်းများနှင့် သေလ ဗြာဟ္မဏပုဏ္ဏား စသော လူအပေါင်းတို့ ရွတ်ဆိုအပ်သော နမော တဿ ဘဂဝတော–စသော သံဂါယနာသုံးတန် တင်အပ်သော ဥဒါန်းများရှိသေး၏။ ထိုအလုံးစုံတို့ကို ဤနေရာ၌ မယူရ၊ ဘုရားရှင် ရွတ်ဆိုကျူးရင့်အပ်သော သံဂါယနာတင် ဥဒါန်းကိုသာ ယူပါ။

**အနေကဇာတိသံသာရံ**။ ။ဤဂါထာသည် ဘုရားဖြစ်သည် ဗောဓိအောင်မြေ ပလ္လင်ပေါ်၌ ကျူးရင့်ခြင်း၏ အစွမ်းဖြင့်ဖြစ်စေအပ်သော ဘုရားရှင်ပေါင်း များစွာတို့၏ ဥဒါန်းဖြစ်သော ဂါထာတည်း။ ထိုဂါထာကို နောက်အဖို့၌-အရှင်အာနန္ဒာအား ဟောပြောအပ်သောကြောင့် သံဂါယနာတင် မထေရ်တို့သည် ဥဒါန်းပါဠိတော်၌ သံဂါယနာမတင်ပဲ ဓမ္မပဒ၌ သံဂါယနာတင်ထားသည်။

**အညာသိ ဝတ ဘော ကောဏ္ဍညော**။ ။ဤဥဒါန်းစကားကို တသောင်းသော လောကဓာတ်၌ ရှိသော နတ်ဗြဟ္မာတို့ကို သိစေခြင်းငှာ စွမ်းနိုင်သော ကြွေးကြော်သံ ပြန့်သွားအောင် မိန့်ဆိုအပ်ပြီ။ ထိုစကားတော်သည် ပဉ္စဝဂ္ဂီ၌ အလုံးစုံသော ရဟန်းတို့၏ သမ္မာပဋိပတ္တိကို ဆင်ခြင်ခြင်းလျှင် အကြောင်းရှိသော "အာရာဓယိံသု ဝတ မံ ဘိက္ခူ ဧကံ သမယံ" စသောစကားကဲ့သို့ မမှတ်ကြာ၊ ဒေသနာ၏အဆုံး၌ ကိုယ်တော်တိုင် ရအပ်သော တရား၏ တစိုက်တည်းသော ဖြစ်သော ဟောအပ်တိုင်းသော အရိယာမဂ်ကို ရှေးဦးစွာ သာဝကတို့တွင် ကောဏ္ဍညထေရ်သည် ရအပ်သောကြောင့် ကိုယ်တော်ဖြပ်ပန်းမှု၏ အကျိုးရှိသည်၏အဖြစ်ကို ဆင်ခြင်ပူဟူသော အကြောင်းရှိသော ပီတိသောမနဿကြောင့် ဖြစ်သော ဥဒါန်းမျှသာ၊ သို့သော် ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ-စသောတရားတော် ကဲ့သို့ သံသရာ၌ လည်ခြင်းကို ခြည်းကောင်း၊ သံသရာမှ ထုတ်နစ်ခြင်းကိုလည်းကောင်း ထင်ရှားစွာ မပြနိုင်ပေ။ ထို့ကြောင့် သံဂါယနာတင်မထေရ်တို့သည် ဥဒါန်းပါဠိတော်၌ မတင်ခဲ့ဟု မှတ်ပါ။

**ဒွေအသီတိ သုတ္တန္တာ**။ ။ဥဒါန်း အဋ္ဌကထာ၌ အသီတိဒွေ သုတ္တန္တာ-ဟု ရှိ၏။ ဤနေရာ၌ ဒွေအသီတိ သုတ္တန္တာ-ဟုရှိခြင်းမှာ

ဥဒါန်းပါဠိတော်နှင့် မညီပါ၊ သို့သော် ဤနေရာ၌သာ ဒွေအသီတိ-ဟုရှိသည် မဟုတ်၊ အခြားသော ဝိနည်း အဘိဓမ္မာအဋ္ဌကထာတို့၌လည်း ဒွေအသီတိ-ဟု ပင် ဆိုလာသောကြောင့် "အပ္ပကံ ပနဉ္စိန္နမဇ္ဈိကံ ဝါ ဂဏနူပဂံ န ဟောတိ" ဟူသော ပရိယာယ် အနေကန်အားဖြင့် ဆိုသော စကားဖြစ်သည် ဟုမှတ် ပါ။ တနည်း -ပဋ္ဌာပမာဒလော စကားဟုမှတ်ပါ၊ ဒွါဒသုတ္တရ သတသုတ္တန္တာ ၌လည်း နည်းတူမှု၍ သိပါ။ (ဋီ-၁၃၁)

ပဉ္စသတပါကာနိ ပဉ္စဇာတကသတာနိ။ ။ဤစကားကိုလည်း "အပ္ပကံ ပနဉ္စိန္န- မဇ္ဈိကံ ဝါ ဂဏနူပဂံ န ဟောတိ" ဟု ရေတွက်သာသမျှသောကြောင့်၊ အနေကန်အားဖြင့်၊ တနည်း—ရွတ်ဆို ခေါ်ဝေါ် လွယ်ရေလိုသောကြောင့် ဆိုသည်၊ ဇာတ်တော်၌ကား (၅၄၇) ဇာတ်သာ ရှိသည်။ (အသေးစိတ်ရေတွက်လိုမူ-ဋီ-၁၃၂-ကိုရှုပါ)

စူဠဝေဒလ္လ။ ။ဝိသာခ အမည်ရှိသော ဥပါသကာက မေး၍ ဓမ္မဒိန္နာ ဘိက္ခုနီမသည် ဖြေရှင်း ဟောကြားအပ်သော သုတ်တည်း။
မဟာဝေဒလ္လ။ ။အရှင်မဟာကောဋ္ဌိက မထေရ်က မေး၍ အရှင်သာရိပုတ္တရာ သည် ဖြေရှင်း ဟောကြားအပ်သော သုတ်တည်း။

ဓံ ပရိဒိပိတ ဓမ္မက္ခန္ဓ ဝသေန။ ။ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏား မေးအပ်သည် ဖြစ်၍ ဂေါပကမောဂ္ဂလ္လာန် သုတ္တန်၌လည်း ကောသမ္ဘီ၊ မင်း၏ ... ကို ပြုပြင် အကျိုးငှာ ထေရဂါထာ၌လည်းကောင်း အရှင် အာနန္ဒာမထေရ်သည် ထောက်ပန်းကျော်ပြုအပ်သော ဓမ္မက္ခန္ဓာတို့၏ အစွမ်းဖြင့်။ ဤပ ...ဖြင့် "ဤသို့ အရှင်အာနန္ဒာမထေရ်သည် ပြုအပ်သေးသော ဓမ္မက္ခန္ဓာ တို့လည်း ရှိကုန်သေး၏" ဟူသော အနက်ကို ပြသည်။

ထို့ကြောင့် ကထာဝတ္ထုကျမ်း မာဂုရိယသုတ္တန် စသည်တို့၏လည်းကောင်း၊ ဝိမာနဝတ္ထုစသည်တို့၌ အချို့သော ဂါထာတို့၏ လည်း ကောင်း အစွမ်းဖြင့် ရှစ်သောင်းလေးထောင်ထက်သည်း ဓမ္မက္ခန္ဓာတော်များ ပိုလွန်သည်၏ အဖြစ်ကို သိပါ။ (ဋီ-၁၃၃)

စောဒနာဖွယ်။ ။ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးမှ အရှင်အာနန္ဒာ ဟောကြား အပ်သောကြောင့် သုဘသုတ် ဂေါပက မောဂ္ဂလ္လာနသုတ် တို့သည်မဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့တွင် ပါဝင်သလောဟု မေးဖွယ်ရှိ၏၊ အဖြေကား ကိုယ်တိုင်ဟောအပ်သော ဓမ္မက္ခန္ဓာတို့ကိုသည်း ဒွေသဟဿာနိ ဘိက္ခုတော-ဖြင့် သိမ်းယူရန် ပဉ္စသမ္ဘိဒါပတ္တပဒ၌ ဆိုသည်၊ တနည်း—ဘုရား

ရှင်ပေးအပ်သော နည်း၌ တည်၍ ဟောအပ်သောကြောင့် ဤနှစ်သုတ်ကို ကိုယ်တိုင်ဟောသော်လည်း ဘုရားရှင်အထံ၌ သင်ယူအပ်သော ဓမ္မက္ခန္ဓာများ ၌သာသွင်း၍ဆိုခြင်းငှာသာ၍ သင့်သကဲ့သို့တင်သည်။

မှန်၏—ဘုရားရှင်ပေးအပ်သော နည်း၌ တည်၍ သာဝကတို့ တရားတော် ဟောကြသည်၊ ထို့ကြောင့်ပင် သာဝကဘာသိတဖြစ်သော်လည်း ကထာဝတ္ထု စသော ကျမ်းသည် ဗုဒ္ဓဘာသိတ အမည်ရရှိလေသည်၊ ထို့ကြောင့်ပင် အရှင် အာနန္ဒာ မထေရ်သည် ကိုယ်တိုင်ဟောသော်လည်း သုဘသုတ်စသည်ကို သင်္ဂါယနာတင်ရာအခါ၌ ဧဝံ မေ သုတံ ဟု လျှောက်ထားသည်။

**ကောနုသန္ဓိကံ သုတ္တံ။** ။သတိပဋ္ဌာနသုတ် စသည်။ မှန်၏-သတိပဋ္ဌာနသုတ်သည် ကောယာနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ စသည်ဖြင့် သတိပဋ္ဌာန် ၄ ပါးတို့ကို စတင်အားထုတ်တော်မူ၍ ထိုသတိပဋ္ဌာန်တို့ကိုပင် ဝေဖန်မှုကို ပြုခြင်း၏ အစွမ်းဖြင့်ဖြစ်သောကြောင့် ကောနုသန္ဓိက မည်၏။

**အနေကာနုသန္ဓိကံ သုတ္တံ။** ။ပရိနိဗ္ဗာန သုတ်စသည်သည် အနေကာနုသန္ဓိက သုတ်မည်၏၊ မှန်၏-ပရိနိဗ္ဗာနသုတ်သည် အမျိုး မျိုးသော ဌာနတို့၌ အမျိုးမျိုးသော ဓမ္မဒေသနာတို့၏ အစွမ်းဖြင့် ဖြစ်သောကြောင့် အနေကာနုသန္ဓိက မည်၏။

တိကဒုကဘာဇနီစသည်။ ။တိကဒုကဘာဇနီကို ဓမ္မသင်္ဂဏီ နိက္ခေပကဏ္ဍ၊ အဋ္ဌကထာကဏ္ဍတို့၏ အစွမ်းဖြင့်ယူပါ၊ စိတ္တုပ္ပါဒ ဘာဇနီကို စိတ္တုပ္ပါဒကဏ္ဍ အစွမ်းဖြင့်ယူပါ။

ဝတ္ထု။ ။သုဒိန္နကဏ္ဍစသည်။

မာတိကာ။ ။ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော-စသည် ဖြင့် ထိုထို လွန်ကျူးမှုကြောင့် ပညတ်အပ်သော သိက္ခာပုဒ် တည်း။

ပဒဘာဇနီ။ ။ထိုထိုသိက္ခာပုဒ်၏ ယော ပနာတိ ယော ယာဒိသော စသောနည်း ဖြင့် ဖြစ်သောပုဒ်ကို ဝေဖန်ခြင်း။

အန္တရာပတ္တိ။ ။ပဋိလာတံ ဥက္ခိပတိ၊ အာပတ္တိ ဒုက္ကဋဿ-ကဲ့သို့ စသည်ဖြင့် သိက္ခာပုဒ်တို့၏ အကြားတို့၌ ပညတ်အပ်သော အာပတ်တည်း။

အာပတ္တိ။ ။ထိုထို သိက္ခာပုဒ်အား လျော်စွာ ဟောတော်မူ အပ်သော တိကစ္ဆေဒမှ လွတ်သော အာပတ္တိပါ။

**အနာပတ္တိ။** ။အနာပတ္တိ အဇာနန္တဿ အသာဒိယန္တဿ ခိတ္တစိတ္တဿ ဝေဒနာဋ္ဋဿ အာဒိကမ္မိကဿ-စသော အနာပတ္တိဝါရ။

**တိကစ္ဆေဒ။** ။ဒသာဟာတိက္ကန္တေ အတိက္ကန္တသညီ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ဒသာဟာတိက္ကန္တေ ဝေမတိကော၊ပေ၊ ဒသာဟာတိက္ကန္တေ အနတိက္ကန္တသညီ နိဿဂ္ဂိယံ ပါစိတ္တိယံ-ဟူ၍ ဤသို့ စသော နည်းအားဖြင့် ဖြစ်သော တိက ပါစိတ္တိယ တိကဒုက္ကဋ စသည်ပြားသော တိကပရိစ္ဆေဒတည်း။ (ဋီ·၁၃၅)

ဥဒါနသင်္ဂဟော။ ။ပဌမပါရာဇိကာ စသည်တို့၌လာသော ဝိနီတဝတ္ထုစသည် တို့ကို အကျဉ်းချုပ်အားဖြင့် သိမ်းယူမှုကို ပြုခြင်း၏ အစွမ်းဖြင့် သင်္ဂါယနာတင်မထေရ်တို့သည် ထားအပ်သော မက္ကဋီ ဝဇ္ဇိပုတ္တာစ၊ ဂိဟီ နဂ္ဂေါ စ တိတ္ထိယာ- စသော ဂါထာတို့တည်း။

ဆိုအပ်ဆဲ ဆိုအပ်ပြီးသော အနက်အဓိပ္ပါယ်တို့ကို ဖရိုဖရဲမဖြစ်စေပဲ (ဥ=ဥဒ္ဓ+ ဒါန-ရက္ခဏ) အထက်၌ စောင့်ရှောက်ခြင်းသည် "ဥဒါန"မည်၏၊ ဥဒါန- ဟူသည်သိမ်းယူကြောင်း စကားတည်း။

၆-ပါးသော အခြင်းအရာဖြင့်မြေလှုပ်

သင်္ကမ္ပိ-အထက်အထက်သို့ တက်ကာ ပြင်းစွာလှုပ် ...............(၁)
သမ္ပကမ္ပိ အထက်အောက် နိမ့်တုံ မြင့်တုံလှုပ် ...............(၁)
သမ္ပဝေဓိ-အရပ်လေးမျက်နှာ ထိုဤ ယိမ်းထိုး၍
အပြီးပြီးပြင်းစွာလှုပ် ...............(၄)

တနည်း—သင်္ကမ္ပိ....အရှေ့ အနောက်လှုပ်...........(၂)
သမ္ပကမ္ပိ... တောင် မြောက်လှုပ် ...........(၂)
သမ္ပဝေဓိ.. အလယ်မှ အဖျားလှုပ် ...........(၂)

ဤသို့ ၆-ပါးအပြားရှိသော မြေတုန်လှုပ်မှုကိုပြ၏။ [ဥဒကပရိယန္တဖြင့် တစိတ်တဒေသလှုပ်မှုကိုကန့်၏]

အာဒိနိကာယဿ။ ။ခုဒ္ဒကနိကာယ်တွင်ပါဝင်သော ဝိနည်းကိုရှေးဦးစွာသင်္ဂါယနာတင်အပ်သောကြောင့် ဒီဃနိကာယ်သည် သုတ္တန္တပိဋကတွင် အကျုံးဝင်သော နိကာယ် ၅-ရပ်တွင်သာ အစဖြစ်သည်၊ ထို့ကြောင့် "သုတ္တန္တပိဋကေ" ဟုမိန့်သည်။

နိဒါနကထာ ပြီးပါပြီ။

# ဗြဟ္မဇာလသုတ်

## ပရိဗ္ဗာဇကကထာဝဏ္ဏနာ

**အပ္ပါဗာဓံ အပ္ပါတင်္ကံ**။ ။ဆင်းရဲပြင်းစွာ မခံသာအောင် နှိပ်စက်တတ်သော ရောဂါကြီးများကို "အာဗာဓ" ဟု ခေါ်၍၊ ဆင်းရဲ ရှိပြင် အသက်ချင်ဖွယ် ရောဂါငယ်များကို "အာတင်္က" ဟု ခေါ်သည်။

**နာနာ နယ နိပုဏံ**။ ။ဧကတ္တနည်း နာနတ္တနည်း အဗျာပါရနည်း ဧဝံဓမ္မတာ နည်းဟု ဆိုအပ်သော၊ **တနည်း** - နန္ဒိယာဝဋ္ဋနည်း တိပုက္ခလနည်း သီဟဝိက္ကီဠိတနည်း အင်္ကုသနည်း ဒိသာလောစနနည်း ဟု ဆိုအပ်သော တည်ရာစသည် ကွဲပြားခြင်း၏အစွမ်းကြောင့် များသော အပြား ရှိသောနည်းများ၊ **တနည်း**— ပါဠိဂတိနည်းများတည်း။ ပါဠိဂတိနည်း- ဟူသည် ပညတ္တိ အနုပညတ္တိ စသော၊ သင်္ခေပ ဝိတ္ထာရ စသော၊ သံကိလေသ ဘာဂိယ စသော၊ လောကိယ စသော ပိဋကကတ်တော် အားလျော်စွာ အထူးထူး အပြားပြား များစွာသော နည်းများတည်း။

**ပါဋိဟာရိယ**။ ။ရာဂ စသော ကိလေသာဟူသော ဆန့်ကျင်ဘက်တို့ကို ပယ်ရှားတတ်သောကြောင့် ပါဋိဟာရိယဟု ခေါ်ပါသည်။ ဗောဓိပင်ရင်း၌ပင် ဘုရားရှင်သည် ပယ်ရှားအပ်ပြီးသော ကိလေသာတို့ကို ဝါသနာနှင့်တကွ ပယ်အပ်ပြီးသောကြောင့် ဘုရားရှင်မှာ ဆန့်ကျင်ဘက်ရာဂ စသော ကိလေသာတို့ ပျံ့ကြွတော့ပါ၊ ပုထုဇဉ်တို့မှာလည်း မိမိသည် ဝိဂတူပက္ကိလေသာဖြစ်၍၊ ဂုဏ်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံမှ၊ ဆန့်ကျင်ဘက်တို့ကို ပယ်ပြီးမှသာ ဣဒ္ဓိဝိဓ ဖြစ်သောကြောင့် ပုထုဇဉ်တို့ သန္တာန်၌ဖြစ်သော ဝေါဟာရ ဖြင့်လည်း ဤနေရာ၌ ပါဋိဟာရိယဟု မခေါ်သင့်ပါ။ သို့သော် သံသရာ ညွန့်ထဲ၌ နစ်မြုပ်နေသော သတ္တဝါအပေါင်းကိုကို ကယ်ဆောင်ခြင်းငှာ အလို ရှိသောကြောင့် ဝေနေယျတို့ သန္တာန်၌ဖြစ်သော ကိလေသာတို့သည်ပင် မဟာ ကရုဏာရှင် ဘုရားရှင်၏ ပဋိပက္ခများ ဖြစ်ကြသည်။ ထို့ကြောင့် ဝေနေယျတို့ သန္တာန်၌ဖြစ်သော ကိလေသာဟု ဆိုအပ်သော ပဋိပက္ခတို့ကို ဖယ်ရှားတတ် သောကြောင့် ပါဋိဟာရိယဟု ဆိုသင့်သည်။

**တနည်း**–ဘုရားသာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော တိတ္ထိတို့ကို ပယ်ရှားတတ်သောကြောင့် "ပါဋိဟာရိယ"ဟုလည်း ဆိုသင့်သည်။ သို့သော် တိတ္ထိတို့သည် ပယ်ရှားထိုက်သော အရာမဟုတ်ပါ။ သို့အတွက် တိတ္ထိတို့ သန္တာန်၌ဖြစ်သော မိစ္ဆာဒိဋ္ဌိကို ပယ်ရှားခြင်း၏ အစွမ်းဖြင့်သည်းကောင်း၊ သမ္မာဒိဋ္ဌိကို ထင်ရှားပြရာ၌ တိတ္ထိတို့ ပယ်လှန့်ဖို့ရာ မစွမ်းနိုင်ခြင်းဟူသောအကြောင်းဖြင့်လည်းကောင်း၊ ဣဒ္ဓိ အာဒေသနာ အနုသာသနီ ဟု ဆိုအပ်သော ပါဋိဟာရိယ သုံးမျိုးဖြင့် တိတ္ထိတို့ကို ပယ်ရှားအပ်သည် မည်ပါသည်။

**ဝိဝိဓ ပါဋိဟာရိယ။** ။ဘုရားရှင်၏ ဒေသနာတော်၌ ဣဒ္ဓိ၊ အာဒေသနာ၊ အနုသာသနီအားဖြင့် များသော အပြားကိုလည်းကောင်း၊ အာရုံကြောင့် ပြားသော များသော အပြားကိုလည်းကောင်း ရအပ်သောကြောင့် ဝိဝိဓ ပါဋိဟာရိယဟု ဆိုပါသည်။ ဘုရားရှင်သည် တရံတခါ နိမ္မိတဗုဒ္ဓနှင့် မေးဖြေရာအခါ စသည်တို့၌ ဣဒ္ဓိ အစွမ်းဖြင့် ဒေသနာပြု၍၊ တရံတခါ အာမဂန္ဓပုဏ္ဏားအား တရားဟောရာအခါ စသည်တို့၌ အာဒေသနာ အစွမ်းဖြင့် ဒေသနာပြုပါသည်။ များသောအားဖြင့် အနုသာသနီဖြင့် ဒေသနာပြုပါသည်။ မှန်၏–အနုသာသနီ ပါဋိဟာရိယ ဟူသည် ဘုရားရှင်တို့၏ အမြဲမပြတ် တရားဟောခြင်းဖြစ်ပါသည်။ ဤသို့ ထိုထို ဟောပုံ အခြင်းအရာအားဖြင့် အမျိုးမျိုးသော ပါဋိဟာရိယ ရှိခြင်းကို ဒေသနာဘော်၌ ရနိုင်ပါသည်။

**ဇနေတွာပိ။** ။ဤ၌-ပိ သဒ္ဒါ(သို့မဟုတ်) အပိ သဒ္ဒါ သမ္ဘာဝနတ္ထတည်း။ အားစွမ်းကုန်ဖြင့် စဉ်စစ် နာယူလိုမှုကို ဖြစ်စေသော်လည်း အခြင်းအရာတမျိုးဖြင့်သာ နာနိုင်သည်။ ဒီလိုမဟုတ်လျှင် ဆိုဖွယ်မရှိဟု တရားတော်ကို သမ္ဘာဝနာပြုပါ။ ဂရဟတ္ထ ထင်ရှားမရှိသောကြောင့်လည်းကောင်း၊ ထင်ရှားရှိသော အနက်ကိုသာ ဥပသာရ နိပါတ်တို့က လွှန်းပြနိုင်သောကြောင့်လည်းကောင်း ပိကို ဂရဟတ္ထဟုဆိုသော ကေစိဝါဒ မသင့်။

**ပယာပိ။** ။ငါသာမက အခြားသူများလည်း ဟု သမ္ပိဏ္ဍနပြု။

**န ပယာ ဣဒံ သစ္စိကတံ။** ။မိမိ၏ဉာဏ်ဖြင့်သာ မိမိ မျက်မှောက်မပြုနိုင်ဟု အဘုအားလျော်စွာ အနက်ကိုသိပါ။

**ပရိမောစေန္တော။** ။ပုန စပရံ ဘိက္ခဝေ ဣဓေကစ္စော ပါပဘိက္ခု တထာဂတပ္ပဝေဒိတံ ဓမ္မဝိနယံ ပရိယာပုဏိတွာ အတ္တနော ဒဟတိ-ဟူ၍ ဟောတော်မူအပ်သော အပြစ်မှလွတ်လိုသောကြောင့် (ဓံ မေ

သုတ်တို့သိကလံ သုတ္တံ နိဒ္ဒေသောတိ ဥ စပ်)။ဝေ ဓမ သုတ်—ဟုမလျှောက်ထား လျှင် ကိုယ်တိုင်ဟောသလိုလို ဖြစ်နေ၍ အပြစ်ပြောစရာ ဖြစ်မည်ဟူလို။

ဇလ္လာဒါနိ ဝတ္တမ္ပိ။ ။ဤသုတ်၏ သံဝဏ္ဏနာ အပြားကို စုစပ်းဆင်ခြင်သော အားဖြင့် မိမိဉာဏ်၏ မျက်မှောက်၏အဖြစ်ကို ရည်ရွယ်၍ ဇလ္လာဒါနိဝတ္တမ္ပိ—ဟု ဆိုသည်။

**ဗဟုဿုတာနံ။** ။အခြားသော ဗဟုသုတ ရဟန်းတော်များ ရှိပါသော် လည်း ဤ အရှင်အာနန္ဒာမထေရ်သည် ဗုဒ္ဓ ဝစနကို သင်ယူသော် ဘုရားရှင်၏ သာသနာတော်၌ ဘဏ္ဍာဂါရိက ပရိယတ္တိ၌ တည်၍ သင်ယူခဲ့သောကြောင့် ဗဟုသုတ တေဒဂ် ရလေသည်။

**သတိမန္တာနံ။** ။ဤ အရှင်အာနန္ဒာမထေရ်၏ ဗုဒ္ဓ ဝစနကို သင်ယူ၍ ဆောင် ကြောင်းသတိသည် အခြားသော မထေရ်တို့ထက် သာ၍ အားကြီးသောကြောင့် သတိမန္တတေဒဂ် ရလေသည်၊ (မမေ့မပျောက်အောင် ဆောင်နိုင်သော သတိ)

**ဂတိမန္တာနံ။** ။ဤ အရှင်အာနန္ဒာသည်သာ တနေရာတည်း၌ရပ်၍ ပုဒ်ပေါင်း ခြောက်သောင်းတို့ကို သင်ယူလျက် ဘုရားရှင် ဟောတော်မူ အပ်သောနည်းဖြင့် အလုံးစုံသော ပုဒ်တို့ကို သိခြင်းကြောင့် ဂတိမန္တ တေဒဂ် ရလေသည်။

ဓိတိမန္တာနံ။ ။အရှင်အာနန္ဒာမထေရ်၏ ဗုဒ္ဓဝစနကို သင်ယူကြောင်း ဝီရိယ၊ သင့်ရှောင်ကြောင်း ဝီရိယတို့သည် အခြားပုဂ္ဂိုလ်တို့နှင့် မတူ သောကြောင့် ဓိတိမန္တ တေဒဂ် ရလေသည်။

ဥပဋ္ဌာကာနံ။ ။အရှင်အာနန္ဒာသည် အခြားရဟန်းတို့ ပြုစုလုပ်ကျွေးပုံနည်း ဖြင့် ပြုစုလုပ်ကျွေးသည်မဟုတ်ပါ။ ဘုရားရှင်ကို အခြားသော ရဟန်းတို့သည် ပြုစုလုပ်ကျွေးကြပါသော်လည်း ဘုရားရှင်ကို၏ စိတ်ကိုယူ၍ ပြုစုလုပ်ကျွေးခြင်းငှာ မစွမ်းနိုင်ကုန်။ အရှင်အာနန္ဒာမထေရ်မြတ်ကား ဥပဋ္ဌာက ရာထူးကို ရသည့်နေ့မှစ၍ အားထုတ်အပ်သော ဝိရိယရှိသည်ဖြစ်၍ ဘုရားရှင်၏ စိတ်တော်ကိုယူကာ ပြုစုလုပ်ကျွေးပါသည်။ ထို့ကြောင့် ဥပဋ္ဌာက တေဒဂ် ရလေသည်။

အတ္တကုသလော စသည်။ ။အတ္ထ—ဘာသိတဿ၊ ပယောဇနတ္ထ။ ဓမ္မ-ပါဠိ၊ တနည်း-အမျိုးမျိုး အပြားရှိသောအကြောင်း။ ဗျဉ္ဇန-အက္ခရာ၊ တနည်း-ဝါကျ။ နိရုတ္တိ-နိရုတ္တိနည်း ၅-မျိုး။ ပုဗ္ဗာပရ-ရှေ့

နောက် အဆက်အစပ် အနုသန္ဓေ၊ တနည်း-သုတ်၏ ရှေးအဖို့နှင့် နောက်အဖို့ကို နှီးနှောခြင်း၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဤ ၅-မျိုး၌ ကျွမ်းကျင်တော်မူ၏။

နံ အညထာ ဒဋ္ဌဗ္ဗံ။ ။ဤစကားသည် ဝေ၏ နိဝတ္တေတဗ္ဗတ္ထတည်း။အညထာ၊ ဘုရားရှင်၏ မျက်မှောက်၌ ကြားနာအပ်သော အခြင်းအရာမှ တပါးသော အခြင်းအရာအားဖြင့်-ဟု ပေးပါ။ ဘုရားရှင် ဟောတော်မူအပ်သော အခြင်းအရာမှ တပါးသော အခြင်းအရာအားဖြင့်ဟု မဟုတ်ရ။ (အဓိပ္ပါယ်မှာနောက်၌ ထင်ရှားလိမ့်မည်။)

ရှင်းလင်းချက်။ ။ဘုရားရှင်သည် ဟောတော်မူအပ်သော အခြင်းအရာဖြင့် နားယူခဲ့သည်ဟု ဆိုပါက "သဗ္ဗပ္ပကာရေန ကောသမတ္ထော ဝိညာတုံ" ဟူသော အဋ္ဌကထာစကားနှင့် ဆန့်ကျင်ရာ၏။ထို့ကြောင့် ယခုလျှောက်ထားမည့် ပါဠိတော်သည် ဘုရားအထံတော်၌ ကြားနာအပ်သည့် အတိုင်းပင် ဖြစ်ပါ၏။ ဘုရားအထံတော်၌ ကြားနာကုန်သော တမျိုးသော အခြင်းအရာအားဖြင့် မှတ်သားနိုင်ခဲ့ပါ၏။ ထိုမှတ်သားခဲ့သည့်အတိုင်းသော အခြင်းအရာတမျိုးကား ယခုတိုင်အောင် မမေ့မပျောက်ပဲ ယခု လျှောက်အပ်လတ္တံ့သည့်အတိုင်း ပင် ဖြစ်ပါသည် ဟူလို။ (ဋီကာသစ်-၁၄၀ ကို ရှုပါဦး။)

တိသု အင်္ဂေသု ဒိဿတိ။ ။ပိဋကတ္တယ ၏ အကျယ်ဖြင့် ကာတည်းသော အနက်၌ ပေ သဒ္ဒါ ဖြစ်ပါသော်လည်း ကရဏာသဒ္ဒါနှ သာပိဟိုကို ညွှန်ကြားဖြင့် ထင်ရှားသော ဝိဘတ်ပြောင်းကို ရည်ရွယ်၍ "တီသု အင်္ဂေသု ဒိဿတိ" ဟု ဆိုပါသည်။ (ဋီ ၁၄၉)

ဝေဒ္တိ သောတဝိညာဏာဒိဝိညာဏေကိစ္စနိဒဿနံ။ ။ပုဒ်တို့သည် ထင်ရှားရှိသော အနက်ကို ကျွန်းပြရုံမျှ ဖြစ်သောကြောင့် သုတ သဒ္ဒါ၏ အနီး၌ တည်သော ဝေ သဒ္ဒါသည် သဝနကြိယာကို ထွန်းပြရုံသာ ဖြစ်သင့်၏။ ထို့ကြောင့် "ဝေတ္တိ (လ) နိဒဿနံ" ဟု မိန့်။ ဤ၌-အာဒိသဒ္ဒါဖြင့်—သမ္ပဋိစ္ဆန်း စသော သောတဒွါရိကဝိညာဉ်၊ မနောဒွါရိကဝိညာဉ်တို့ကို ယူပါ။ ထို့ကြောင့် သုတ သဒ္ဒါကို သောတဒွါရသို့ အစဉ်လိုက်သော စိတ်ဖြင့် သိအပ်သော အနက်၌ ဖြစ်၏ဟု ဆိုပါသည်။

ဝေတ္တိ နိဒဿိတဗ္ဗပ္ပကာရသနံ။ ။နိဒဿနနှင့် နိဒဿိတဗ္ဗ ပကာသကြောင်းသော ကြောင့် နိဒဿန အနက်ရှိသော ဝေသဒ္ဒါကို

ယူ၍ "စေတ္တိ နိဒဿိတဗ္ဗပ္ပကာသနံ" ဟု ဆိုသည်။ ဤပါဠိဖြင့် အဝိနာဘာဝ နည်းအရ စေ သဒ္ဒါဖြင့် တသုတ်လုံးကို သုံးသပ်အပ်သည် ဟူသော အဓိပ္ပာယ်ကို ပြသည်။ (ဋီ-၁၅၁)

**သုတန္တိ ပုဂ္ဂလကိစ္စ ပကာသနံ။** ။သုတ သဒ္ဒါသည် ကြိယာမှတပါး အခြား မဟုတ်။ ကြိယာပင် ဖြစ်သောကြောင့် လည်းကောင်း၊ သဝန ကြိယာနှင့် ဆက်ဆံသော ဝိညာဉ်အစဉ်နှင့် ဆက်စပ်သောကြောင့် လည်းကောင်း ထိုဝိညာဉ်အစဉ်၌ ပုဂ္ဂလဝေါဟာရ ထင်၍ "သုတန္တိ ပုဂ္ဂလကိစ္စ ပကာသနံ" ဟု ဆိုသည်။

**စိတ္တသန္တာနေန တံသမင်္ဂိနော။** ။စိတ်အစဉ်မှ လွတ်သော ဟာစုံတခုသော ကတ္တားသည် ပရမတ္ထအားဖြင့် မရှိပါ သော်လည်း သဒ္ဒဝေါဟာရအားဖြင့် အသိဉာဏ်ဖြင့် ကြံဆအပ်သော အကွဲအပြားကို ဆိုလိုရာ၌ ထိုစိတ်နှင့် ပြည့်စုံသူကို စိတ်အစဉ်မှ တခြားကဲ့သို့ ကတ္တား ပြု၍ အဘေဒူပစာအားဖြင့် ဆိုထားပါသည်။ ဤ၌ စိတ္တသန္တာနေန နှင့် တံသမင်္ဂိနော ဟု အရမတူအောင် ခွဲခြားထား၏။ ပရမတ္ထအားဖြင့်ကား တံသမင်္ဂိ ကတ္တားဟု သီးခြားမရှိ။ စိတ်အစဉ်ကိုပင် ကတ္တားဟု ခေါ်သည်။

**ကတ္တုဝိသယဂ္ဂဟဏ သန္နိဋ္ဌာနံ။** ။ကြားနာခြင်း ကြိယာနှင့် စပ်၍ ဖြစ်သော စိတ်အစဉ်သည် ဤနေရာ၌ ပရမတ္ထအား ဖြင့် ကတ္တား ဖြစ်သောကြောင့် ကြားနာအပ်သော တရားသည် ထိုစိတ်အစဉ်၏ အာရုံပင် ဖြစ်ပါသည်။ ထို့ကြောင့် "ကတ္တုဝိသယဂ္ဂဟဏ သန္နိဋ္ဌာနံ" ဟု မိန့်ပါသည်။

စေတ္တိ ပုဂ္ဂလကိစ္စ နိဒ္ဒေသော။ ။အာကာရစသည်ကို ဆောင်ထားခြင်းသည် ပုဂ္ဂိုလ်ပညတ်ရာ၌ စွဲယူလောက်သကြောင်း ဖြစ်သော တရားအစဉ်နှင့် ဆက်စပ်သော မျာပါရရှိသောကြောင့် "စေတ္တိ ပုဂ္ဂလကိစ္စ နိဒ္ဒေသော" ဟု ဆိုသည်။ (ဋီ-၁၅၃)

သုတန္တိ ဝိညာဏကိစ္စနိဒ္ဒေသော။ ။ကြားနာခြင်း ကြိယာသည် သာမညအားဖြင့် ပုဂ္ဂလဗျာပါရ ဖြစ်ပါသော်လည်း အထူးအားဖြင့် ဝိညာဏဗျာပါရပင် ဖြစ်သောကြောင့် "သုတန္တိ ဝိညာဏကိစ္စနိဒ္ဒေသော" ဟု မိန့်။

**မေတိ ဥဘယကိစ္စယုတ္တပုဂ္ဂလ နိဒ္ဒေသော။** ။မေသဒ္ဒါ ဖြစ်ခြင်းသည် အမှန်စင်စစ် သတ္တဝါဟူသော အရာ

ရှိသောကြောင့်လည်းကောင်း၊ ဝိညာဏ်ကိစ္စကို သတ္တနှင့် ဝိညာဏတို့ကို မကွဲမပြားဘဲ တသားတည်းပြုသောအားဖြင့် ထိုသတ္တဝါ၌ပင် ကျောင်းစွာဆောင်ထိုက်၊ ပေါင်းထိုက်သောကြောင့် လည်းကောင်း "မေတ္တိ ဥဘယကိစ္စယုတ္တ ပုဂ္ဂလနိဒ္ဒေသော"ဟု မိန့်သည်။

**သဝနကိစ္စ ဝိညာဏသမင်္ဂီနာ။** ။ဤပုဒ်ကို ဧဝံ သဒ္ဒါဖြင့် ညွှန်ပြခဲ့ပြီးသော ပုဂ္ဂလကိစ္စကို ရည်ရွယ်၍ ဆိုပါသည်။

ပုဂ္ဂိုလ်သည် ကြားနာခြင်း ကိစ္စရှိသော ဝိညာဉ်နှင့် ပြည့်စုံသောကြောင့် ပုဂ္ဂလကိစ္စမည်၏ဟူ၍ ပြခြင်းငှါ "ပုဂ္ဂလကိစ္စသမင်္ဂီနာ"ဟု မဆိုပဲ သဝနကိစ္စ ဝိညာဏသမင်္ဂီနာ-ဟု ဆိုပါသည်။

**ဧဝန္တိ ဧမေတိစ သတ္တိကဋ္ဌပ်ရမတ္ထဝသေန အဝိဇ္ဇမာနပညတ္တိ။** ။ဧဝံသဒ္ဒါ မေသဒ္ဒါ

တို့သည် ဟောအပ်သော အာကာရစသော အနက်ကိုလည်းကောင်း၊ တရားတို့ကိုလည်းကောင်း မမှတ်သားနိုင်သောကြောင့် အဝိဇ္ဇမာန ပညတ် ဖြစ်ရသည်။ (ဋီကာဟောင်းကိုကြည့်၍ ပြန်ဆိုပါသည်။

**ဆိုလိုချက်။** ။မျက်လှည့် တံလျှပ် စသည်တို့ကဲ့သို့ အဘူတတ္ထမဟုတ် တဆင့်ကြား စသည်တို့ဖြင့် ယူအပ်သကဲ့သို့ အနုတ္တမတ္ထလည်း မဟုတ်၊ ရူပသဒ္ဒစသော သဘောအနက်ကို၊ တနည်း-ရုပ္ပနအနုဘဝနစသော သဘောအနက်ကို "သစ္စိကဋ္ဌပရမတ္ထ"ဟု ဆို၏။ ဧဝံသဒ္ဒါ မေသဒ္ဒါပုဒ်တို့၏ အနက်သည် ထင်ရှား မရှိသောကြောင့် လည်းကောင်း၊ မမြက်သောကြောင့်သည် ကောင်း၊ သစ္စိကဋ္ဌပရမတ္ထဟု မဆိုနိုင်ပါ။ ထို့ကြောင့် ဧဝံ-မေတို့၏ အနက်သည် သစ္စိကဋ္ဌပရမတ္ထတို့၏ အစွမ်းအားဖြင့် ထင်ရှားမရှိသော ပညတ်သာ ဖြစ်ပါသည်။

ဤသစ္စိကဋ္ဌပရမတ္ထဝသေန ဟူသော ဝိသေသနဖြင့် လူမိုက်အပေါင်းတို့သည် "ရှိ၏"ဟူ၍ ကြံဆအပ်သော ပညတ်များကို နှစ်စေသည်။ (အဝိဇ္ဇမာနပညတ်ဆိုသော်လည်း တိတ္ထိတို့ ကြံဆအပ်သော ပညတ်မျိုး မဟုတ်ဟူလို) (ဋီ-၁၅၅)

**သုဘန္တိ ဒိဋ္ဌာဒိနိ ဥပနိဓာယ ဝတ္တဗ္ဗတာ ဥပနိဓာပညတ္တိ။** ။ပဌမစသည်တို့ကို ထောက်၍ ဒုတိယ တတိယ စသည်ဖြစ်လာသကဲ့သို့ ဒိဋ္ဌ ပုတ ဝိညာတတို့ကို ထောက်၍ ဖြစ်သော သုတဟူသော ပညတ်ကို ဥပနိဓာပညတ်ဟု ခေါ်သည်။

**ဥပနိဓာပညတ်။** ။၁—တဒညပေက္ခူပနိဓာ၊ ၂—ဟတ္ထဂတူပနိဓာ၊ ၃—သမ္ပယုတ္တူပနိဓာ၊ ၄—သမာရောပိတူပနိဓာ၊ ၅—အဝိဒူရဂတူပနိဓာ၊ ၆—ပဋိဘာဂူပနိဓာ၊ ၇—တဗ္ဗဟုလူပနိဓာ၊ ၈—တဗ္ဗိသိဋ္ဌူပနိဓာ၊ စသည်အားဖြင့် များသော အပြားရှိ၏၊ ထိုပညတ်တို့တွင် ဤနေရာ၌ ပညတ်သည် ပဌမစသည်တို့ကို ငဲ့၍ ဒုတိယ၊ တတိယ အမည်ပညတ်ရသကဲ့သို့ ဒိဋ္ဌစသည်ကို မျှော်မျှော်ရှုငဲ့၍ ပညတ်အပ်သောကြောင့် တဒညပေက္ခူပနိဓာ ပညတ်ပည်၏။

**သုတမ္ပိ ဝေနေန သုတာယ အသမ္ပော ဟံ ဒိယေပတိ။** ။ဖြစ်ကုန်ဘူးများ၏ မျက်မှောက်မှောက်၌ ကြားနာအပ်သော အခြင်းအရာကို မဖောက်မပြန် မှန်ကန်စွာ အရှင်အာနန္ဒာ မထေရ်သည် အထက်၌ ပြအပ်လတ္တံ့ ဖြစ်သောကြောင့် "သုတမ္ပိ ဝေနေန ပေ၊ ဒိပေတိ" ဟု မိန့်၏။ (ဋီ-၁၅၆)

**အသမ္ပော ဟ။** ။ဤနေရာ၌ အသမ္ပောဟ အရ ပညာကို မယူရ၊ ပညာမှ တပါး သမာဓိစသော ယှဉ်ဖက်တရားတို့ကို ယူပါ။ အကြောင်းနည်း—သမာဓိစသော တရားအပေါင်းသည် ပညာအား သဟဇာတ စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည့်အတွက် အသမ္ပောဟကြောင့် ပညာ၏ ပြီးစီးခြင်း ဖြစ်ရသောကြောင့်တည်း။ တနည်း—အသမ္ပောဟအရ တရားနာဝိုက်၌ဖြစ်သော ပညာကိုယူပါ။ ထိုပညာသည် နောက်နောက် ကာလ၌ ဖြစ်သော ပညာအား ပကတူပနိဿယသတ္တိဖြင့် ပြီးစေသပ် ကျေးဇူးပြုသည့် အတွက် အသမ္ပောဟေန-ကြောင့်ဟု ဟိတ် အနက်ပေးပါ။

**ပညာပုဗ္ဗင်္ဂမာယ သတိယာ ဗျဉ္ဇနာဝဓာရဏသမ္ဘဝတော။** ။သဒ္ဒါတို့၏ ထိုးထွင်း၍သိထိုက်သော အခြင်းအရာသည် အလွန်မနက်နဲပါ၊ ကြားသည့်အတိုင်း ဆောင်ထားမှုသာ ပြုထိုက်သောကြောင့် ထိုပါဠိ၌ သင်ယူမှု၌ သတိ၏ များပါရပိုလှန်၍ ပညာကား အပဓာန ဖြစ်နေသောကြောင့် "ပညာပုဗ္ဗင်္ဂမာယ သတိယာ" ဟု ဆိုသည်။ (ဝိဓသာသန ဝိသေသျတို့တွင် ဝိသေသျသည် ပဓာနဟည်း။)

တနည်း—စက္ခု ဝိညာဏ်စသော ဝီထိ၌ အာဝဇ္ဇာန်းစသည်တို့သည် စက္ခုဝိညာဏ်၏ ရှေးက ဖြစ်ရပါသော်လည်း ထိုအာရုံကို မသိနိုင်သောကြောင့် အပဓာနဖြစ်သကဲ့သို့ ဤအတူ ပညာသည် သတိ၏ ရှေ့အဖို့၌ ဖြစ်သော်လည်း သဒ္ဒါကို မှတ်သားဝယ် အပဓာနဖြစ်သောကြောင့် "ပညာပုဗ္ဗင်္ဂမာ တေသာတိ ပညာပုဗ္ဗင်္ဂမာ" ဟုပြု၍ သတိကိုယူပါ။ ဤနည်းအရ-

ပုဗ္ဗင်္ဂမ သဒ္ဒါသည် ပုရေစာရိကအနက်ဟောသည်။ သဟဇာတပုဗ္ဗင်္ဂမ ပုရေဇာတပုဗ္ဗင်္ဂမ နှစ်မျိုးလုံး ဤနေရာ၌ ဖြစ်သင့်ပါသည်။ (ဋီ-၁၅၇)

ဓမ္မကောသော။ ။ပရိယတ္တိဓမ္မသည် လောကုတ္တရာတရား ရတနာ (၉)ပါး သိုမှီးရာဖြစ်သောကြောင့် ဓမ္မကောသ အမည်ရသည်။

ဧဝံသဒ္ဒေန ယောနိသော မနသိကာရံ ဒီပေတိ။ ။ဧဝံ သဒ္ဒါဖြင့် ဆိုအပ်သော အာကာရ၊ နိဒဿန၊ အဝဓာရဏ အနက်တို့သည် မဖောက်မပြန် မှန်ကန်သော တရားလျှင် ကြည်ရာရှိသောကြောင့် ထိုသဒ္ဒမှဖြစ်သော ထိုအာကာရ၊ နိဒဿန၊ အဝဓာရဏ အနက်တို့ဖြင့် ယောနိသော မနသိကာရကို ပြခြင်းသည် သင့်လျော်ပါပေသည်။

သုတသဒ္ဒေန အဝိက္ခေပံ ဒီပေတိ။ ။သုတံပုဒ်သည် ဟောအပ်သော ဘုရား မျက်မှောက်တော်၌ ကြားနာခြင်းသည် သမာဓိမပါပဲ မဖြစ်နိုင်သောကြောင့် "သုတသဒ္ဒေန အဝိက္ခေပံ ဒီပေတိ" ဟု မိန့်။ (သမာဓိမပါပဲ ကြားနာလျှင် မှတ်မိနိုင်၍ မလျှောက်ထားနိုင်ဟူလို)

နဟိ ဝိက္ခိတ္တစိတ္တာ-စသည်။ ။ဤစကားရပ် များဖြင့် အဝိက္ခေပကြောင့် သဒ္ဓမ္မဿဝန၏ ပြီးစီးကြောင်း ယုတ္တိ၊ သပ္ပုရိသူပနိဿယကြောင့် သဒ္ဓမ္မဿဝန၏ ပြီးစီးကြောင်း ယုတ္တိကိုပြခဲ့၏။ (အဝိက္ခေပ၊ သဒ္ဓမ္မဿဝန၊ သပ္ပုရိသူပနိဿယ သာပေက္ခ-ဟူသော ၃-ကို ဆေးချောစွာ ကြည့်ပါ။ ကားလုံးမှား ဖော်သွယ်ပါ။) အဝိက္ခေပကြောင့် သပ္ပုရိသူပနိဿယ၏ ပြီးစီးနိုင်ပုံ ယုတ္တိ ကို မပြသေး။ အဘယ်ကြောင့်နည်း-ပြန့်လွင့်သောစိတ် ရှိသူတို့၏ သူတော်ကောင်းတို့ကို ဂိုဏ်ဆည်းကပ်မှုမရှိခြင်းသည် အနက်အားဖြင့် ပြီးစီးထင်ရှားသောကြောင့်တည်း။ မှန်၏-ပြန့်လွင့်သောစိတ်ရှိသူတို့၏ သူတော်ကောင်းတို့ကို ဆည်းကပ်မှုမရှိခြင်းသည် အနက်၏ အစွမ်းဖြင့် ထင်ရှားသော ကြောင့် မဆိုတော့ပါ။ (ဋီ-၁၅၈)

၁။ ယောနိသော မနသိကာရေန စေတ္ထ အတ္တသမ္မာပဏိဓိံ ပုဗ္ဗေစ ကတပုညတံ သာဝေတိ။ ။ဤပါဠိဖြင့် အဝိနာဘာဝနည်းအရ အကျိုးနှင့် အကြောင်း မကင်းနိုင်သော ကြောင့် အကျိုးဖြစ်သော ယောနိသော

မနသိကာရဖြင့် အကြောင်းဖြစ်သော အတ္တသမ္ဘာပဏ္ဏတ္တိ ပုဗ္ဗေ ကတပုညတာ တို့၏ ပြီးစီးခြင်းကို ဆိုသည်၊ (အကြောင်းကို အကျိုးဖြင့် ပြသည်ဟု သတိပြု)

၂။ **အဝိက္ခေပေန သဒ္ဓမ္မဿဝနံ သပ္ပုရိသူပနိဿယဥ္စ သာဝေတိ။** ။ဤ၌ နဟိ

ဝိက္ခိတ္တ စိတ္တော စသည်ဖြင့် အကြောင်းဖြစ်သော အဝိက္ခေပ၊ သပ္ပုရိ သူပ နိဿယဖြင့် အကျိုးဖြစ်သော သဒ္ဓမ္မဿဝန၏ ပြီးစီးခြင်းကို ဆိုသည်။ (အကြောင်းဖြင့် အကျိုးကို ပြ၏)

**စောဒနာ။** ။အမှတ် (၁)၌ အကျိုးဖြင့် အကြောင်းကို ပြသကဲ့သို့ အမှတ် (၂)၌လည်း အကျိုးဖြစ်သော အဝိက္ခေပဖြင့် အကြောင်းဖြစ် သော သဒ္ဓမ္မဿဝန၊ သပ္ပုရိသူပ နိဿယတို့၏ ပြီးစီးခြင်းကို ပြရာ၏။ ထိုသို့ပြသင့် လျက် "နဟိ ဝိက္ခိတ္တစိတ္တော" စသော ပါဠိစကားဖြင့် အကြောင်းဖြစ်သော အဝိက္ခေပ သပ္ပုရိသူပ နိဿယဖြင့် အကျိုးဖြစ်သော သဒ္ဓမ္မဿဝန၏ ပြီးစီး ခြင်းကိုသာ ဆိုခြင်းသည် အဘယ်ကြောင့်နည်း။

**အဖြေစကား—**အဓိပ္ပါယ်ဆန္ဒရ သမ္ဘဝတော ပါ ဟ ထာ သိဒ္ဓိ ဝုတ္တာ-အဓိပ္ပာယ်အထူး ၏ ဖြစ်သင့်သောကြောင့် ထိုအတိုင်း ပြီးစီးခြင်းကို ဆိုသည်။

**ရှင်းလင်းချက်။** ။ခန္ဓာကိုယ်၏ ပြင်ပ အကြောင်းများဖြစ်သောကြောင့် သပ္ပုရိသူပ နိဿယ သဒ္ဓမ္မဿဝနတို့သည် အဝိက္ခေပ၏ကောန် အကြောင်းမဟုတ်၊ (အနေကန် အကြောင်းများဖြစ်ပါသည်။) **အဝိက္ခေပ သည်ကား—**သပ္ပုရိသူပ နိဿယသည် သဒ္ဓမ္မဿဝန၏ ကေန် အကြောင်းဖြစ် သကဲ့သို့ သဒ္ဓမ္မဿဝန၏ ကေန် အကြောင်းဖြစ်ပါသည်။ **အဘယ့်ကြောင့်နည်း-** မိမိ၏ ကိုယ်တွင်းအကြောင်း ဖြစ်သော ကြောင့်တည်း။ ထိုကြောင့် ကောန် အကြောင်းရှိပါလျက် အနေကန် အကြောင်းကို စွဲ၍ အကျိုး၏ အဖြစ်ကို ကြံဆခြင်းသည် အဘယ်အကျိုးရှိအံ့နည်း၊ ဟူ၍ကြောင့် ထိုပြီးစီးခြင်းကို ဆိုပါ သည်။ (ဋီ-၁၅၈)

**သောတ ဝေ အာကာရော။** ။သောတဒွါရသို့အစဉ်လိုက်သော ဝိညာဏဝီထိဟု ဆိုအပ်သော စိတ်အစဉ်သည် အမျိုးမျိုးသော အခြင်းအရာဖြင့် တရားအာရုံ၌ ဖြစ်ခြင်းကြောင့်-အမျိုးမျိုးသော အနက်သဒ္ဒါ ကို သင်ယူခြင်းဟုဆိုအပ်သော မြတ်စွာဘုရားစကားတော်၏ အနက်သဒ္ဒါအပြား ကို ပိုင်းခြားခြင်း၏အစွမ်းဖြင့် အသုံးစုံသော သာသနသမ္ပတ္တိသို့ သက်ဝင်နိုင် သောအခြင်းအရာတည်း။

**ဝေဘဒ္ဒကော**။ ။အလုံးစုံသော သဘာဝနာသမ္ဘတ္တိသို့ သက်ဝင်နိုင်ခြင်းဟူသော အခြင်းအရာသည် အကြောင်းမရှိ၊ သူတပါးတို့၏ စိတ်ပွားကို ဖြည့်ကျင့်နိုင်ခြင်း၏အကြောင်းဖြစ်သောကြောင့် — အမျိုးမျိုးသော အနက်သဒ္ဒါကို သင်ယူခြင်းအားဖြင့် ကောင်းပါသည်။

**ဝေန္တိ လူပိနာဘဒ္ဒကနာဂါရေန ပတ္တိမစက္ကဒ္ဓယသမ္မတ္တိံ ဒီပေတိ**။ ။ဒေသနာ အစဉ်၏ အစွမ်းဖြင့်သာလျှင် ပတ္တိမဖြစ်သည်။ ဒွယအရ -အတ္တသမ္မာပဏိဓိနှင့် ပုဗ္ဗေကတပုညတာ ဂုဏ် ၂-ပါးကိုယူပါ။ ဤဂုဏ်များသည်ပင် အဖန်ဖန်ဖြစ်တတ်သော ကြောင့် စက္ကဟုဆိုသည်။

**အာသယသုဒ္ဓိ**။ ။ဝိပဿနာဉာဏ်ဟုဆိုအပ်သော အနုလောမခန္တိ ကမ္မဿကတာ ဉာဏ် မဂ်ဉာဏ်ဟုဆိုအပ်သော ယထာဘူတဉာဏ်ကို အာသယ အရယူ၍ စင်ကြယ်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာတို့၏ အဝေး၌ ဖြစ်သောကြောင့်-အာသယသုဒ္ဓိဟုခေါ်သည်။ (တမေဒဝဟိ ဒွယံ ဝိဝဋ္ဋနိဿိ- တာနံ သုဒ္ဓသတ္တာနံ အာသယော) (ဋီ-၁၅၄)စကားရပ်တို့ကား အာသယ အရ ကမ္မဿကတာဉာဏ်ကို ယူဟုဆိုကြသေး၏။ ထိုစကားသည် "တာယာစ အာသယ သုဒ္ဓိယာ အဓိပ္ပေတ္တသိဒ္ဓိ" ဟူသောစကားနှင့် ဆန့်ကျင်သောကြောင့် မသင့်ပါ။

**ဝေးငွယ်**။ ။ကျွန်ုပ်တို့ဆိုလျှင် မဂ်ဉာဏ်ဟုဆိုအပ်သော အာသယ၏ စင်ကြယ် ခြင်းကို အဓိပ္ပေတ္တသိဒ္ဓိအကျိုးငှာ ပဆိုထိုက်သောကြောင့် မသင့်ဟု ဆိုငြားအံ့၊ အဖြေကား—ရှေးဖြစ်သောမဂ်ဉာဏ်သည် နောက် ဖြစ်သော မဂ်များနှင့် ဖိုလ်များ၏ အကြောင်းဖြစ်သော ကြောင့် မသင့်ဥသင့် သည်ဟုတ် ယူဥသင့်ပါသည်။

**ပယောဂသုဒ္ဓိ**။ ။ဟောနိုသော မနသိကာရ ရှေ့သွားရှိသော ဓမ္မဒါန ပယောဂ၏ သန့်ရှင်းစင်ကြယ်ခြင်း။ (ဝါ) အလုံးစုံ သော ကာယပယောဂ ဝစီပယောဂ၏ အပြစ်မရှိသောအားဖြင့် စင်ကြယ်ခြင်း။

**ဝေန္တိ ကုမိနာ နာနပ္ပကာရ ပဋိဝေဓဒီပကေန**။ ။ဤ နာနပ္ပကာရ ပဋိဝေဓဒီပ ကေနဖြင့် ရှေး၌ပြအပ်သော အသမ္မောဟ ဟု ဆိုအပ်သော ဒီပင်္ကာဗ္ဗတ္တကို ဆိုသည်။ အကြောင်းကား- အသမ္မောဟကြောင့် အမျိုးမျိုးသော အပြားရှိသော ပဋိဝေဓပြီးသော ကြောင့်တည်း။

-သုတန္တိ ဣမိနာ သောတဗ္ဗပဘေဒ ပဋိဝေဓဒီပကေန်။ ။ဤ ပါဠိဖြင့်- ရှေး၌ပြအပ်သော အသမ္မောသဟု ဆိုအပ်သော ဒီပေတဗ္ဗတ္တကို ဆိုသည်။ အကြောင်းကား— အသမ္မောသကြောင့် သောတဗ္ဗပဘေဒပဋိဝေဓပြီးစီးနိုင်သောကြောင့်တည်း။ ဤ သောတဗ္ဗပဘေဒ ပဋိဝေဓ ဒီပကေန ဟူသောပါဠိဖြင့်-ဤ သုတသဒ္ဒါသည် ဧဝံသဒ္ဒါ၏ အနီး၌တည်သောကြောင့် နာယူအပ်သော တရားထုံကို ဆိုသပ် ၏ဟု ပြသည်။

အတ္တနော အတ္ထပဋိဘာန ပဋိသမ္ဘိဒါသမ္ပတ္တိသဗ္ဘာဝံ ဒီပေတိ၊ ။ကြွားနာအပ် သောတရားဟု ဆိုအပ်သောပါဠိဖြင့် ညွှန်ပြအပ်ကုန်သော ဟောနက်များ၊ အကျိုးများ သည်လည်းကောင်း၊ ထိုအတ္တမ္မနိရုတ္တိဉာဏ် ၃-ပါးတို့၌ ဖြစ်သောဉာဏ်သည် လည်းကောင်း အမျိုးမျိုးသော အပြားရှိသောကြောင့် ထိုအမျိုးမျိုးသော အပြားရှိသည်၏အဖြစ်ကို ထိုးထွင်း၍ သိခြင်းကို ပြတတ်သော ဧဝံသဒ္ဒါဖြင့် အတ္ထပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံမှုကြောင်းကို ပြခြင်းသည် သင့်လျော်ပါသည်။

ဓမ္မနိရုတ္တိ ပဋိသမ္ဘိဒါ သမ္ပတ္တိ သဗ္ဘာဝံ။ ။ကြားနာအပ်သော တရားသည် အနက်ကို သိရခြင်း၏အကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ ထိုအကြောင်းနှင့်စပ်၍ထိုအကြောင်းမှကြွင်း သောအကြောင်းအပြားကို ယူအပ်သောကြောင့်လည်းကောင်း၊နိရုတ္တိဖြစ်သော ကြောင့်လည်းကောင်း ကြားနာအပ်သော အပြားကို ပြတတ်သော သုတ သဒ္ဒါဖြင့် ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံမှုရှိကြောင်းကို ပြခြင်း သည် သင့်လျော်ပါသည်၊ မှန်၏—ဤအနက် အဓိပ္ပာယ်ကိုပင် သိစေခြင်းငှါ အသမ္မောဘဒီပကေန အသမ္မောသ ဒီပကေန—ဟု မဆိုပဲ နာနပ္ပကာရ ပဋိဝေဓ ဒီပကေန သောတဗ္ဗပ္ပဘေဒပဋိဝေဓဒီပကေန-ဟု မိန့်ဆိုပါသည်။

ဧဝန္တိဧ ဣဒံ ယောနိသော မနသိကာရဒီပကံ (လ) ဒီပေတိ။ ။စိတ် ဖြင့် ပရိယတ် တရားတို့ကို အဖန်ဖန် ဆင်ခြင်ခြင်း၊ ပညာဖြင့် ပရိယတ်တရားတို့ကို ထိုးထွင်း၍ သိခြင်းသည် အထူးအားဖြင့် မနသိကာရနှင့် ဆက်စပ်သောကြောင့် မနသိ ကာရကိုပြတတ်သော ဧဝံသဒ္ဒါဖြင့် "ဧတေ မယာ ဓမ္မာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ" ဟူသော အနက်ကို ပြသည်။

သီလက္ခန်-၆ (က)

**သုတန္တိ ဣဒံ သဝနယောဂဒီပကဝစနံ။** ။အဝိက္ခေပအစွမ်းဖြင့် သဝနယောဂ ပြီးသောကြောင့် အဝိက္ခေပကိုပင် ရည်ရွယ်၍ "သဝနယောဂဒီပကံ" ဟု မိန့်သည်။ ပရိယတ်တရားတို့ကို ကြားနာခြင်း၊ ဆောင်ထားခြင်း၊ နှုတ်ဖြင့် အဖန်ဖန်လေ့ကျက်ခြင်းတို့သည် အထူးအားဖြင့် နားထောင်ခြင်းနှင့်သာ ဆက်စပ်သောကြောင့် သဝနယောဂကို ပြသော သုတသဒ္ဒါဖြင့်ပင် "ဗဟူ မယာ ဓမ္မာ သုတာ ဓာတာ ဝစသာ ပရိစိတာ" ဟူသော အနက်ကို ပြသည်။ (ဋီ-၁၆၂)

မနသာနုပေက္ခိတာ။ ။ဤနေရာ၌ သီသကိုဟော၏၊ ဤနေရာ၌ သမာဓိကို ဟော၏။ ဤနေရာ၌ ပညာကိုဟော၏၊ ဤနေရာ၌ အနုသန္ဓေတို့သည် ဤမျှသာ ရှိကုန်၏ စသည်ဖြင့် စိတ်ဖြင့်အဖန်ဖန် ကြည့်ရှုအပ်ကုန်၏။

ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ ။နိဇ္ဈာနက္ခန္တိ၊ တနည်း—ဉာတပရိညာဖြင့် ထိုပါဠိ၌ ဟောအပ်သောရုပ်တရားနာမ်တရားတို့ကို ဤကားရုပ်၊ ရုပ်သည် ဤမျှသာရှိ၏ စသည်ဖြင့် ကောင်းစွာ ပိုင်းခြား၍ ထိုးထွင်း၍ သိအပ်ကုန်၏။

အသပ္ပုရိသဘူမိ။ ။ဤပုဒ်၏အရ အပကာရညုတာဟု ဆိုအပ်သော "ဣဓေကစ္စော ပါပဘိက္ခု ဘဇာဂတပ္ပဓေဝဒိတံ ဓမ္မဝိနယံ ပရိယာပုဏိတွာ အတ္တနော ဒဟတိ" ဟူ၍ ဤသို့ မဟာဓောရကိုပြသော ဘုရားရှင်သည် ဟောတော်မူအပ်သော အနရိယ ဝေါဟာရ အခိုက်ကို ယူပါ။ (ဋီ-၁၆၃)

**သာဝကဗုဒ္ဓ ပဋိဇာနန္တော။** ။အရှင်အာနန္ဒာမှာ ဤသုတ်သည် ငါ့စကားဖြစ်၏-ဟု အထင်ကြီးမှု အဘိမာနလည်း မရှိပါပဲ အရှင်မဟာကဿပစသော ဆေရိတို့မှာလည်း အရှင်အာနန္ဒာ၏ ကိုယ်ပိုင်တရားလေလားဟု ယုံမှားမှုလည်း မရှိပါပဲ အဘယ့်ကြောင့် အသပ္ပုရိသဘူမိကို လွန်မြောက်ကြောင်း စသောစကားကို ပြနေရသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား—အဘိမာနကြောင့်လည်း မဟုတ်။ ယုံမှားမှုကြောင့်လည်း မဟုတ်။ ဇော်+မေ+သုတံ- သုံးပုဒ်က ဤကဲ့သို့သော အနုဘာဝတ္တကို ပြနိုင်သောကြောင့် ပြခြင်းဖြစ်ပါသည်။ ကေစိတို့ကား ထိုစကားသည် နတ်တို့၏အကြံကို ရှင်းသောစကားဖြစ်သောကြောင့် ထိုကဲ့သို့ စောဒနာစရာ အခွင့်မရှိဟု ဆိုကြ၏။ ထိုအခါ အချို့နတ်တို့မှာ-ဘုရားလည်း ပရိနိဗ္ဗာန်စံလေပြီ။ ဤအရှင်အာနန္ဒာသည်လည်း ဒေသနာ၌ ကျွမ်းကျင်၏၊ ယခုအခါ တရားဟောနေ၏၊ သူကား

သကျမျိုး၌ ထင်ရှားလည်းထင်ရှား၏၊ ဘုရားရှင်၏ညီ ဘဒ္ဒေတော်၏ သားလည်း ဖြစ်၏၊ အရှင်အာနန္ဒာသည် မိမိကိုယ်တိုင် မျက်မှောက်ပြု၍ တရားကို ဟောလေသလော၊ သို့မဟုတ် ဘုရားရှင်၏ စကားကိုပင် ကြားနာအပ်သည့်အတိုင်း ဟောလေသလော-ဟု အကြံဖြစ်လေသည်၊ ထိုနတ်တို့၏ စိတ်အကြံကိုသိ၍ ထိုအကြံကို ပယ်ရှားခြင်းအကျိုးငှာ အသပ္ပုရိသဘုမိကို လွန်မြောက်ကြောင်း အကျိုးဟူသော အနုဘာဝကို ပြသည်၊

အသဒ္ဓမ္မ။ ။အနရိယာနံ ဝေါဟာရအင်္ဂါကိုယူ။ (အနည်း) ကုသာနံ လေပန သည့်တို့၏ အစွမ်းဖြင့် ဖြစ်သော အကုသိုလ်အစုကို ယူပါ။

သဒ္ဓမ္မ။ ။သာဝကအဖြစ် ခံနိုင်ခြင်း (ကနည်း) ကုသာနံ သာပနစသော သဒ္ဓါဘာမှ ကင်းခြင်းကို ယူပါ၊

သဉ္ဇာနံ အပဒိသတိ။ ။သာဝကအဖြစ်ကို ခံနိုင်သောအားဖြင့် ညွှန်ပြသည်။

ဓမ္မနေတ္တိ။ ။သတ္တဝါတို့ကို ဒိဋ္ဌဓမ္မိကတ္ထ သမ္ပရာယိကတ္ထ ပရမတ္ထတို့သို့ ထိုက်သင့်သလို ဆောင်တတ်သောကြောင့် တရားတော်သည် ဓမ္မနေတ္တိမည်၏။

အညာနံ ပဋိဝေဒေတိ။ ။အနရိယဝေါဟာရမှ လွတ်စေ၏၊ တနည်း— ဘုရားရှင်နှင့်အတူ ပြုခြင်း စသည်၌ ယုံမှားမှုဖြစ် သင့်သောကြောင့် ဘုရားရှင်နှင့်အတူ သည်ပြုခြင်းမှ လွတ်စေ၏။ ဧဝံ မေ သုတံ-ဟု မလျှောက်ထားလျှင် ယုံမှားမှုဖြစ်နိုင်သည်။

ကင်္ခါနှင့် ဝိမတိ။ ။ဒွေဠှကရံ နိဝိဒ္ဓာ ဝိစိကိစ္ဆာ ကင်္ခါ၊ နာတိသံသပ္ပနံ မတိ ဘေဒမတ္တံ ဝိမတိ။

ဝိနာသယတိ အဿဒ္ဓံ။ ။ဧဝံ မေ သုတံ-ဟု လျှောက်ထားသော ဂေါတမ အနွယ်ဝင်ဘုရားရှင်၏ သာဝကဖြစ်သော အရှင် အာနန္ဒာမထေရ်သည် မြင်စွာဘုရား၊ ဟောဖြစ်ကြောင်းကို ထင်ရှားပြတတ် သောကြောင့်လည်းကောင်း၊ မျက်မှောက်တော်၌နာယူအပ်သည်၏ အဖြစ်ကို ထင်ရှားပြတတ်သောကြောင့်လည်းကောင်း၊ ထိုအတိုင်းပြုခြင်းဖြင့်ပင် ချွတ် ချော်မှားယွင်းခြင်း-မကောင်းသဖြင့် ရွတ်ဆိုခြင်း စသော သင်ယူမှုအပြစ်မရှိ ခြင်း၏ ပြီးစီးခြင်းကြောင့်လည်းကောင်း သာသနာတော်၌ မယုံကြည်မှုကို ဖျက်ဆီး၍ ယုံကြည်မှုသဒ္ဓါကို တိုးပွားစေသည်။

သီလက္ခန်-ဋ္ဌ(၁)

ဥဏ္ဏသမယော။ ။ဒိယစ္စော မာသော သေသော ဂိမှာနံ ဥဏ္ဏသမယော၊ ဝဿာနဿ ပဌမော မာသော ပရိဠာဟသမယော။

ဥဂ္ဂဟမာန။ ။မာနဟူသည် ထိုပရိဗိုဇ်၏ ပကတိအမည်တည်း။ စိုးစဉ်းစိုးစဉ်းသော အဘတ်ကို သင်ယူခြင်းငှာ စွမ်းနိုင်သောကြောင့် ဥဂ္ဂဟမာနဟု ခေါ်သည်။ (၁၆၆)

အတ္ထာဘိသမယာ။ ။ဒိဋ္ဌဓမ္မိကတ္ထ-သမ္ပရာယိကတ္ထဟူသော စီးပွားနှစ်မျိုးကို ရဟူရာ၌ ပစ္စုပ္ပန်အကျိုးအတွက်မှာ မြင်သာ၍ ရှင်းပါသော်လည်း တမလွန်အကျိုးအတွက် စဉ်းစားစရာ ရှိနေသည်။ အကြောင်းပြီးသောကြောင့် တမလွန်အကျိုးလည်း ပြီးပင်ဖြစ်ကြောင်း ရှင်းအောင် စဉ်းစားပါ။ (ဋီ-၁၆၇)

သမယသဒ္ဒေါ။ ။သာမဂ္ဂိဝေနေယျတံ၊ ဥပါဒါယ၊ အနေကဓာ။ ဒုက္ခံ ဝေဒေန ဟိ သဒ္ဒေါ၊ ဒေကာ နေကတ္ထကော သိယာ။

သာမဂ္ဂီဝေနိယတံ၊ သာမဂ္ဂီဟောအပ်သည်၏ အဖြင့်ကို။(ယထာဓိပ္ပေတတ္ထကို မယူပဲ) ဥပါဒါယ၊ စွဲ၍။ အနေကဓာ၊ များသော အပြားအားဖြင့်။ အညံ၊ ပုဒ်တခုအနက်ကို။ ဝေဒေ၊ ဟောဆိုရာ၏။ ဒေကာ၊ တခုသော။ (ယထာဓိပ္ပေတတ္ထယူထားသော) သဒ္ဒေါ၊ သဒ္ဒါသည်။ အနေကတ္ထကော၊ များသောအနက်ရှိသည်။ နသိယာ၊ မဖြစ်နိုင်ပေ။

ဣဓပနဿ ကာလော အတ္ထော။ ။သမယော ယထာဒေသာအနက်ဟိုသည် ဤနေရာ၌ မဖြစ်သင့်သောကြောင့်လည်းကောင်း၊ ကာလကိုသာ ညွှန်ပြအပ်သောကြောင့်လည်းကောင်း ကာလတ္ထကိုသာ ယူသည်။ ဒေသ—ဒေသက စသည်တို့ကဲ့သို့ ကာလကို နိဒါန်းအဖြစ်ဖြင့် အလိုရှိအပ်သောကြောင့် ကာလကိုလည်း ဤနေရာ၌ ညွှန်ပြရသည်။

ခါရေတုံ (လ) န သက္ကာ။ ။အမျိုးမျိုးသော အပြားရှိသောကြောင့် နုတ်ဖြင့် ဆောင်ခြင်း၊ ရှင်းခြင်း၊ ရှုဘ်ခေခြင်း အမှုတို့ကို ပြုရန် မတတ်နိုင်ပါ။

ဗဟုဝ ဝတ္တဗ္ဗံ ဟောတိ။ ။ကာလအပြားနှိုသလောက် ဆိုရမည်ဖြစ်သောကြောင့် များစွာ ဆိုရပေမည်။

ကောနေှင ပဒေန တမတ္ထံ သမောဓာနေတွာ။ ။ကေံ သမယံဟု ဆိုသော် ဤပုဒ်၌ အကျုံးမဝင်သော

**ကာလအပြားမရှိဟူသော အခ်ပ္ပါယ်ကို ဖော်ပြ၊ သော၊ သမောဓာနေတွာ—** ပါဠိဖြင့် ပြသည်။

**ကရဏီယ ဒွယသမယေသု။** ။သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီကထာ ဝါ အရိယော ဝါ တုဏှီဘာဝေါ- ဟူသော စကားကိုရည်ရွယ်၍ ဆိုသည်၊

**မေးဖွယ်။** ။ကာလ ဟူသည် ဥပါဒါပညတ်မျိုးဖြစ်သည်။ သမူဟ ဟူသည် ဝေါဟာရမျိုးဖြစ်သည်။ ထိုသို့ဖြစ်ပါလျက် အဘယ်သို့လျှင် ကာလတ္ထ၊ သမူဟတ္ထ သမယသဒ္ဒါသည် အဘိဓမ္မာ၌ ဟောတော်မူအပ်သော တရားတို့၏ တည်ရာအဖြစ်နိုင်ပါသနည်း ဟု မေးဖွယ်ရှိ၏၊ အဖြေကား-သဘာဝ ဓမ္မအားဖြင့် ပိုင်းခြားအပ်သောကြောင့်သည်းကောင်း (ကာလ)၊ ကြံစည်ရုံမျှ ဖြင့် ပြီးစီးသောကြောင့်သည်းကောင်း (သမူဟ)-ကာလတ္ထ သမူဟတ္ထ သမယ သဒ္ဒါသည် အဘိဓမ္မာ၌ ဟောအပ်သော ဖဿ စသော တရားတို့၏ တည်ရာ အဖြစ်ဖြင့် ပညတ်အပ်ပါသည်။

ဝဲ့ဦးအုံ — ငှက်ဆော ဥဒေတာ၊ သာယန္ဟ အာဂန္တုက-ပဿည်တို့၌ ပရမတ္ထ အားဖြင့် နံနက်အခါ ညနေအခါဟု မရှိပါသော်သည်း ထိုအခါ၌ဖြစ်သော တရားတို့သည် ထိုကာမှ ရှေး၌လည်းကောင်း၊ နောက်၌လည်း ကောင်း မရှိသောကြောင့် သဘာဝဓမ္မဖြင့် ပိုင်းဖြတ်အပ်ပါသည်။ ပိုင်းဖြတ် အပ်သောကြောင့် အာဓာရအဖြစ်ဖြင့် ပညတ်အပ်ပါသည်၊

ရှေ့ကွေ့ သာခေါ ယဝရာသိယံ ပုဉ္စသမ္ဘူတော-စသည်တို့၌ အစိတ်မှ လွတ် သောအပေါင်းဟူသည် သီးခြားမရှိပါသော်သည်း ကြံစည်ရုံမျှဖြင့် ပြီးသည့် အတွက် အစိတ်တို့၏တည်ရာ အာဓာရ အဖြစ်ဖြင့် ပညတ်အပ်သည်။ ဤအတူ ပင် ဤနေရာ၌သည်း သဘာဝဓမ္မဖြင့် ပိုင်းဖြတ်အပ်သောကြောင့်သည်း ကောင်း၊ ကြံစည်ရုံမျှဖြင့် ပြီးစီးထင်ရှားသောကြောင့်သည်းကောင်း ကာလ- သမူဟ ၂-မျိုးလုံးကို အဘိဓမ္မာ၌ ဟောအပ်သော တရားတို့၏ တည်ရာ အာဓာရ အဖြစ်ဖြင့် ပညတ်နိုင်ပါသည်။

**ခဏ အရ။** ။အဋ္ဌက္ခဏ (ရပ်ပြစ်ရှစ်ပါး)မှ လွတ်သော နဝမဗုဒ္ဓုပ္ပါဒခဏ ကို ယူပါ။ **တနည်း**—ပဋိရူပဒေသဝါသ၊ သပ္ပုရိသူပနိဿယ၊ အတ္တသမ္မာပဏိဓိ၊ ပုဗ္ဗေ ကတပုညတာ ဟူသော သမ္ပတ္တိစက် လေးပါးကို ယူပါ။ ဘာ့ကြောင့်နည်း—ထိုလေးပါးတို့သည် ကုသိုလ်ဖြစ်ဖို့ရာ အခွင့်အခါ ဖြစ်သောကြောင့်တည်း။

သမဝါယ။ ။စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-စသည်ဖြင့် ညွှန်ပြအပ်သော စက္ခုဝိညာဉ် စသော ဆက်ဆံသောအကျိုးကို ပြီးစေတတ်သည်၏ အဖြစ်ဖြင့် ကောင်းစွာတည်သော စက္ခုပသာဒ ရူပါရုံ စသော အကြောင်းတို့၏ ပေါင်းဆုံခြင်းသည် "သမဝါယ" မည်၏။

ဟေတု၊ ။ဒယာနိသော မနသိကာရ စသော ဇနက အကြောင်း။

သင်း၊ ။ယသ္မိံ သမယေ-ဟုဆိုသော် သတ်ိဟူသော အနက်ကို မုချ သိအပ်ပါသည်။ အဘယ့်ကြောင့်နည်း—အခြားကြိယာနှင့် ဆက်စပ်ခြင်း မရှိသော် ပုဒ်အနက်သည် သတ္တာကြိယာမှ ကင်းခြင်း မရှိသောကြောင့်တည်း။ ထို့ကြောင့် သတ္တာကြိယာ မရှိသော်လည်း အနက်အားဖြင့် သိအပ်သော သတ္တာကြိယာဖြင့် မှတ်သားနိုင်ပါသည်။

ဇေန သမယေန ဟေတုဘူတေန ကရဏဘူတေန။ ။မုချ အားဖြင့် လွန်ကြူးမှု သည် သာဟေတု- ကရဏမည်သည်။ လွန်ကြူးစဉ်ကော၌ ဟေတု၊ နောက် သိက္ခာပုဒ်ပညတ်သော ခဏသည် ကရဏ ဟု မှတ်ပါ၊ ဘုရားရှင်သည် ရှေးဦးစွာ ထိုထိုမြို့ရွာ၌ သိက္ခာပုဒ် ပညတ်ခြင်း၏အကြောင်း၊ ထိုထို လွန်ကြူးမှုကို ရှင့်၍ သိက္ခာပုဒ်ပညတ်ခြင်း အကျိုးငှာ သီတင်းသုံးတော်မူ၏။ ထို့ကြောင့် ဝဏ္ဏုဝိသိဋ္ဌသည် သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းတည်း။ (အဒ္ဓေန ဝသတိ ကဲ့သို့တည်း) သိက္ခာပုဒ် ပညတ်ရာအခါ၌ ရှေး၌ ပြီးခဲ့ပြီးသော ထိုလွန်ကြူးမှုနှင့်ပင် သိက္ခာပုဒ် ပညတ်တော်မူသောကြောင့် သိက္ခာပုဒ် ပညတ်မှုကို အထူးပြီးစေတတ်သောကြောင့် ထိုလွန်ကြူးမှုသည် ကရဏ အမည်ရပြန်သေးသည်၊ ဥပစာအားဖြင့်—လွန်ကြူးမှုကို ကာလအခါ ဟု ဆို၍ ထိုကာလကိုပင် ဟေတုဟုသည်ကောင်း၊ ကရဏဟုသည်ကောင်း ခေါ်ရသည်။ (ဋီ-၁၇၃)

ပြောင်းပြန်ဆို၊ ။သိက္ခာပဒါနံ ပညာပယနတ္ထာ သိက္ခာပဒပညတ္တိဟေတုဉ္စ အပေက္ခမာနော- ဟူသော ဝဏ္ဏနာသည် အစဉ်အတိုင်း ကရဏ အဖြစ်၊ ဟေတုအဖြစ်ကို ပြီးစေသောစကားတည်း၊ ထို့ကြောင့် ထိုအားလျော်စွာ တေန သမယေန ကရဏဘူတေန ဟေတုဘူတေန-ဟု ဆိုသင့်ပါလျက် ရှေးဦးစွာ ဟေတုဘူတေန-ဟု ပြောင်းပြန်ဆိုရခြင်းကား ဟိတ်၊ ကရိယာ နှစ်ခုတို့တွင် ဟေတုအဖြစ်ကို အလွန်အကဲ အလိုရှိအပ်သောကြောင့်တည်း။

**ဟိတ်-ကရိုဏ်းအထူး။** ။ကရုဏာသည် ကြိယာဟူသော အကျိုးရှိ၍-ဟေတုကဲ့သို့ ကြိယာ၏ အကြောင်းမဟုတ်၊ ဟေတုကား ကြိယာ၏ အကြောင်းဖြစ်၍ ကရိုဏ်းကဲ့သို့ ကြိယာဟူသော အကျိုးမရှိ။

**ကရုဏာဝိဟာရေန။** ။တရား ဟောတော်မူခြင်းသည် ကရုဏာအကြောင်း ရှိသောကြောင့် ဤနေရာ၌ ကရုဏာဝိဟာရ အရ-ပရဟိတပဋိပတ္တိကိုယူပါ။ ကရုဏာသမာပတ္တိဝိဟာရကို မယူရ။ ဘာကြောင့်နည်း-တရားဟောတော်မူရာအခါ၌ ဒေသေတဗ္ဗကို အာရုံပြုသော ဒေသနာဉာဏ်သည် သတ္တဝါပညတ်ကိုအာရုံပြုသော မဟာကရုဏာတော်နှင့်တကွ မဖြစ်သင့်သော ကြောင့်တည်း၊ ဘာကြောင့် တကွ မဖြစ်သနည်း ဟူမူ-အာရုံကွဲသောကြောင့် ဟုဖြေပါ။ (ဋီ-၁၇၄/၅)

**သဗ္ဗသတ္တာနံ ဂရု၊** ။ဘုရားရှင်သည် မနှိုင်းယှဉ်အပ်သော၊ ဥပမာ မရှိသော အဋ္ဌမ်းသတ္တိ-သီလာဒိသော ဂုဏ်အထူးတို့နှင့် ပြည့်စုံသောကြောင့်လည်းကောင်း၊ အလုံးစုံသော အကျိုးမဲ့တို့ကို ပယ်ရှားခြင်း ရှေးသွားရှိသော၊ အကြွင်းမဲ့ စီးပွားချမ်းသာမှု၌ ကြောင့်ကြစိုက်သော၊ မိမိဘက် အလွန်မရှိသော သူတပါးထက်လွန်ကဲသော ပယောဂသမ္ပတ္တိဖြင့် နတ်လူနှင့်တကွသော သတ္တဝါအပေါင်းအား စင်စစ်ကျေးဇူးများသောကြောင့် လည်းကောင်း အပိုင်းအခြား မရှိသော လောကဓာတ်တို့၌ အပိုင်းအခြား မရှိသော သတ္တဝါအပေါင်း၏ မြတ်သော အလေးပြုခြင်း၏ တည်ရာဖြစ်တော်မူပါပေသည်။ (ဋီ-၁၇၅/၃)

ဘာဂျဝါ။ ။လောကီ လောကုတ္တရာချမ်းသာကို ဖြစ်စေနိုင်သောသီလစသော အပြီးအဆုံးသို့ ရောက်သော ဘာဂျရှိတော်မူသောကြောင့် ဘဂဝါ။

ဘဂ္ဂဝါ။ ။များစွာသော ကိလေသာအသိန်းတို့ကို၊ အကျဉ်းအားဖြင့် မာရ် ငါးပါးတို့ကို ချိုးဖျက်တော်မူပြီသောကြောင့် ဘဂဝါ။

ယုတ္တော ဘဂေဟိ။ ။ဣဿရိယ စသည်အပြား ဘုန်းတော် ၆-ပါးနှင့် ယှဉ်တော်မူသောကြောင့် ဘဂဝါ။

ဝိဘတ္တဝါ။ ။ကုသိုလ်စသော များစွာသောအပြားတို့ဖြင့် အလုံးစုံသော တရားတို့ကို ဝေဖန်ဟောကြားတော်မူသောကြောင့် ဘဂဝါ။

ဘတ္တဝါ။ ။ဒိဗ္ဗ ဗြဟ္မ အရိယဝိဟာရ၊ ကာယ စိတ္တ ဥပဓိ ဝိဝေက၊ သုညတ အနိမိတ္တ အပ္ပဏိဟိတ ဝိမောက္ခတို့ကိုလည်းကောင်း၊ အခြား

သောလောကီ လောကုတ္တရာ ဥတ္တရိမနုဿဓမ္မတို့ကိုလည်းကောင်း မှီဝဲတော်မူသောကြောင့် ဘဂဝါ။

**ဝန္တဂမနော ဘဝေသု။** ။ဘဝသုံးပါးတို့၌ သွားကြောင်း တဏှာကိုထွေးအန်တော်မူပြီးသောကြောင့် ဘဂဝါ။ (ဋီ-၁၇၇)

**ဓမ္မသရီရံ ပစ္စက္ခံ ကရောတိ။** ။ယောခေါ အာနန္ဒမယာ ဓမ္မာစ(လ)သတ္ထာ-ဟူ၍ ဟောတော်မူခဲ့သော တရားတော်မှာ သတ္ထုဘာဝ ပရိယာယ် ရှိသောကြောင့် ဆိုသည်။

**ကော သမယံ ဘဂဝါတိ၊ ပေ၊ အဝိဇ္ဇမာနဘာဝံ ဒဿေန္တော။** ။ဘုရားရှင်သက်တော်ထင်ရှား ရှိတော်မူရာအခါ၌လည်း ဤသို့ ကော သမယံ-ဟူ၍ ဆိုခြင်းငှာထိုက်ပါသေး၏လည်း ဤနေရာ၌ ဘုရားရှင်မရှိတော့ရာအခါ၌ ဤသို့ ကော သမယံဟူ၍ လျှောက်ထားသောကြောင့် သန္ဒာယဘာသိတ အစွမ်းဖြင့် ကော သမယံ ဘဂဝါ-စကားဖြင့် ဘုရားရှင် မရှိကြောင်းကိုပြသည်ဟု မှတ်ပါ။ [ပရိနိဗ္ဗာနံ—အနုပါဒိသေသနိဗ္ဗာနဓာတ်၏ အစွမ်းဖြင့် ခန္ဓပရိနိဗ္ဗာန်။]

**ဝေဝိဓေဿနာမ။** ။ဤ၌ နာမသဒ္ဒါသည် ဂရဟတ္ထကို ညွှန်ပြသည်။ ထိုနာမသဒ္ဒါဖြင့် ဤကဲ့သို့သော ဘုရားသော်မှ ပရိနိဗ္ဗာန်စံရတော့သေး၏။ အခြားသူတို့ သေရမည်မှာ ဆိုဖွယ်ရာမရှိဟု ဂရဟတ္ထကို ထွန်းပြသည်။

**ဝဇီရသမာန ကာယော။** ။ဝဇီရစိန်တုံးမည်သည်ကို အခြားသော ပတ္တမြားကလည်းမဖောက်ခွဲနိုင်၊ ကျောက်ကလည်း မဖောက်ခွဲနိုင်သော အမှန်အားဖြင့် ဝဇီရစိန်တုံးကသာ အခြားသော ပတ္တမြား ကျောက်ကိုဖောက်ခွဲနိုင်သည်။ ဤနည်းတူ ဘုရားရှင်သည်လည်း နတ်နှင့်လူသည် အဘယ်သူမျှ မဖောက်ခွဲနိုင်သော ကိုယ်ခန္ဓာ ရှိတော်မူသည်။

**ဇိဝိဘမဒ။** ။အဟံ စိရံ ဇိဝိံ၊ စိရံ ဇီဝါမိ၊ စိရံ ဇီဝိဿာမိ၊ သုခံ ဇီဝိံ၊ သုခံ ဇီဝါမိ၊ သုခံ ဇီဝိဿာမိတိ မဒ္ဒနာသေန ဥပ္ပန္နော မာနော ဇိဝိတမဒေါ နာမ။

**သံဝေဇေတိ။** ။ထိတ်လန့်စေသောအားဖြင့် သဒ္ဓမ္မသုံးဖြာ သာသနာ၌ လူအများ၏ အားထုတ်မှုကို ဖြစ်စေသည်။ မှန်၏-သံဝိဂ္ဂေါ ယောနိသော ပဒဟတိ-ဟု ဟောသောကြောင့် ထိတ်လန့်ခြင်းသည် အားထုတ်ခြင်း၏ အကြောင်းဖြစ်သည်။

**ဒေသနာသမ္ပတ္တိံ နိဒ္ဒိသတိ။** ။ဆိုအပ်လတံ့သော တသုတ်လုံးကို ဝေသဒ္ဒါက ညွှန်ပြသောကြောင့်တည်း။

**သာဝကသမ္ပတ္တိံ။** ။နာကြားသောပုဂ္ဂိုလ်၏ ပြည့်စုံမှုကို ညွှန်ပြသည်။ ဘာကြောင့်နည်း—ပဋိသမ္ဘိဒါသို့ ရောက်သော ငါးဌာနတို့၌ ဘုရားရှင်သည် ဧတဒဂ်ရာထူး၌ထားအပ်သော ရှင်သာရိပုတြာမထေရ် မြတ်သည် ကောသလ္လ ၅-ပါးတို့၌ ချီးမွမ်းအပ်သော မဟာသာဝကဖြစ်သော ငါသည် ကြားနာအပ်ခဲ့ပြီ၊ ထိုကြားနာခဲ့ရခြင်းသည်လည်း တဆင့်ကြားနာရခြင်းမဟုတ် ၊အစဉ်အဆက် ဆောင်ရွက်ခဲ့ခြင်းဖြင့် ကြားသည်လည်းမဟုတ်၊ အမှန်စင်စစ် ကိုယ်တိုင်ပင် ကြားခဲ့ရခြင်းဖြစ်သည်၊ ဤသို့သော အနက်ကို ပြသောကြောင့်တည်း။

**ကေ၀ံ သမယန္တိ ကာလသမ္ပတ္တိံ။** ။ဘဂဝါ သဒ္ဒါ၏ အနီး၌ ယှဉ်သော သမယသဒ္ဒါသည် ဗုဒ္ဓုပ္ပါဒဖြင့် တန်ဆာဆင်အပ်သော သမယအဖြစ်ကို ပြသောကြောင့်တည်း။ (ဗုဒ္ဓုပ္ပါဒပရမာ ဟိ ကာလသမ္ပဒါ) (ဋီ-၁၇၉)

**ဘဂဝါတိ ဒေသကသမ္ပတ္တိံ။** ။ဂုဏ်တို့ဖြင့် ထူးကဲသော သတ္တဝါအပေါင်းတို့ ထက်မြတ်သော ရိုသေမှုပြုရာ ပုဂ္ဂိုလ်ကို ဟောသောကြောင့်တည်း။ (ဋီ-၁၈၀)

**သွာယ မိဓ ဝိဝရေ ပဝတ္တတိ။** ။တဒညေသ မသမ္ဘဝတော။

**အပ္ပိစ္ဆတာ။** ။ဤ၌ အပ္ပသဒ္ဒါသည် သာဝသေသပြစ်သော်လည်း အနက်အားဖြင့် နိရဝသေသဟု မှတ်ပါ။ ဘာ့ကြောင့်နည်း—နည်းသော လောဘရှိသူ၏အဖြစ်ဟု ချီးမွမ်းခြင်းငှာ မထိုက်သောကြောင့်တည်း။ ထို့ကြောင့် အလိုမရှိသည်၏အဖြစ်ဟု ပေးပါ။

**ဒိဋ္ဌိသီလသာမည သဃာတသင်္ခါတေန။** ။ဒိဋ္ဌိ သီလစသည်တို့သည် မြဲသော သဘောရှိသောကြောင့် သောတာပန် ပုဂ္ဂိုလ်တို့ကိုသော်မှလည်း အချင်းချင်း ဒိဋ္ဌိ သီလတူသည်၏ အဖြစ်ဖြင့် ပေါင်းဝင်အင်ကုန်သေး၏၊ သင်္ဃဒါဂါမ်စသော ပုဂ္ဂိုလ်တို့ကား ဘာပြောဖွယ်ရှိအံ့နည်း၊ နိယတော သမ္ဗောဓိပရာယဏော၊ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံဝိဇ္ဇတိ— စသည်တို့ကို ထောက်၍ သောတာပန်တို့ကိုသော်မှ အယူသီလ တူမျှသောအားဖြင့် ပေါင်းအင်ကုန်၏ဟု သိပါ။

**ပုထုဇန်လည်းရ။** ။တထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ တထာရူပေသု သီလေသု သီလသာမညဂတော ဝိဟရတိ-ဟူ၍ ဟောတော်မူသောကြောင့် ပုထုဇဉ်တို့မှာလည်း ဒိဋ္ဌိ-သီလတူမျှသည်၏အဖြစ်ဖြင့် ပေါင်းစင်မှုကို ရနိုင်သည်သာ။

**ဒိဋ္ဌိနှင့် သီလ အရ။** ။ယာယံ ဒိဋ္ဌိ အရိယာ (လ) ဒိဋ္ဌိသာမညဂတော ဝိဟရတိ-ဟု ဟောတော်မူအပ်သော ဒိဋ္ဌိနှင့် ယာနိ တာနိ သီလာနိ (လ) သီလသာမညဂတော ဝိဟရတိ-ဟု ဟောအပ်သော သီလကို ယူပါ။

**သုပ္ပိယော ပရိ။** ။ရဟန်းသံဃာနှင့်အတူ ဘုရားသွားကြသည် မဟုတ်၊ သုပ္ပိယလည်း ဗြဟ္မဒတ်လုလင်နှင့်အတူ သွား၏-ဟု ပုဂ္ဂိုလ်ကိုပေါင်းသည်။ ခရီးသွားခြင်း တူသောကြောင့် ပေါင်းသည်၊ သီလ-အာစာရ သည်တူသောကြောင့် ပေါင်းသည် မဟုတ်။ (ဋီ-၁ဂ၃)

**ပဒသန္ဓိကတော။** ။သဒ္ဒါရှာအင်္ဂမ်းဖြင့် ရှေ့ပုဒ် နောက်ပုဒ်တို့၏ အစပ်မျှ ပြုခြင်းကို ရည်ရွယ်၍ "ပဒသန္ဓိကတော"ဟု မိန့်ပါသည်၊ သဒ္ဒသန္ဓိ ဥဒသန္ဓိစသောသန္ဓိတို့ ပြုခြင်းကို ရည်ရွယ်၍ မိန့်သည်မဟုတ်ပါ၊ ထို့ကြောင့် ဗျဉ်နသိလိဋ္ဌတာဝသေန ဝုတ္တော-ဟု မိန့်သည်။

**သဥယျာ။** ။ရာဇဥယျာဉ်မှို၌ နေသော သဥယအမည်ရှိသော ပရိဗ္ဗိုဇ်တည်း၊ ထိုပရိဗ္ဗိုဇ်အား၌ ရှေးဦးစွာ ဥပတိဿ-ကောလိတတို့ ရဟန်းပြုဘူးသည်။ ထိုသူသည် အစေလကပရိဗ္ဗာဇကမဟုတ်၊ ဆန္နပရိဗ္ဗာဇကတည်း။

**စောဒိတာ ဒေဝဒူတေဟိ။** ။၁-ဒဟရကုမာရ၊ ၂-ဇရာဇိဏ္ဏသတ္တ၊ ၃-ဂိလာန ၄ ကမ္မကာရဏ (ကမ္မကာရဏာကာဝ ါ)၊ ၅-မတသတ္တ-ဟု ဒေဝဒူတ ငါးပါးတို့၏၊ မှန်၏-ထို ၅-မျိုးတို့သည် နတ်နှင့်တူသော တမန်များ၊ တနည်း—ဝိသုဒ္ဓိနတ်တို့၏ တမန်များဖြစ်သည်။

**ဘရဏ။** ။၁၆-နှစ်မှ အသက် ၂၀-အထိကလေးသည် တရုဏ မည်၏။ ဥဒါနအဋ္ဌကထာ၌ မွေးသမှ ၁၅-နှစ်အထိကို ကုမာရက-ဗာလဟု ဆို၍ ၁၅-နှစ်မှ အနှစ် ၂၀-အထိကို တရုဏ-ယုဝါန-ယုဝ-မာဏဝ-ဟု ဆိုသည်။ လောကီဆရာတို့ကား ၃၂-နှစ်မှစ၍ မအိုမချင်း တရုဏ-ဟုလည်း ဆိုကြသေး၏။

**အနေကဝိဓေနကာရဏေန။** ။ကျေးဇူးမဲ့ ပြောခြင်း၏ အကြောင်းသည် မမှန်ကန် နိုင်သောကြောင့် ကာရဏ-အရ **အကြောင်းတုကို** ယူရမည်။ ဇာတျာပေက္ခကေဝစ် ဖြစ်ကြောင်းကို ဗဟုဟိ-**စ**သည်ဖြင့် ပြသည်။

**အဝဏ္ဏာဝိရဟိတဿ အဿမာနဝဏ္ဏာသမန္နာဂတဿပိ။** ။ကျစကားကို ဆိုအပ် လတ်သော အကြောင်း**၏** အကြောင်းမှန် မဟုတ်သည်ကို ပြခြင်းငှာ ဆိုသည်။

**နတ္ထိ သမဏဿ (လ) အလမရိယဉာဏဒဿနဝိသေသော။** ။ကျစကားကို ပြောခြင်း၏ အကြောင်းတုများမှာ ၁-သုန္ဒရီမည်သော ပရိဗ္ဗိုဇ်မ၏ သေခြင်းကို မသိခြင်း၊ ၂-သံသရာအစ မထင်ရှားဟု ကိုယ်တိုင်ဝန်ခံခြင်း၊ ၃-ဥပနိယပုစ္ဆာကို မဖြေဆို အပ်သော အရာဟု ဖြေဆိုခြင်း စသည်တို့တည်း။

**တက္ကပရိယာဟတံ (လ) သယမ္ပဋိဘာနံ၊** ။ကျစကားကို ပြောရခြင်း၏ အကြောင်း တုများမှာ ၁-ဆရာမရှိပဲ ကိုယ်တိုင်သိသဖြင့် ထိုထိုမြို့ရွာ၌ ထိုထိုအခြင်းအရာဖြင့် တရား ဟောနေခြင်း၊ ၂-အချို့အရာ၌ သူတပါးတို့အား ဇာပန်ခမ်း၍ ဟောခြင်း၊ ၃-အရှင်မဟာမောဂ္ဂလ္လာနစသည်တို့ လျှောက်အပ်သောနည်းဖြင့်ပင် ဖြေဆို ခြင်း စသည်တည်း။

**သမဏော ဂေါတမော ပေ၊ န အက္ခပုဂ္ဂလော။** ။ကျစကားတို့ကို ပြောရခြင်း၏ အကြောင်းတု များမှာ— ၁။ အလုံးစုံသော တရားတို့ကို အစဉ်အားဖြင့်ပင် မသိခြင်း၊ ၂—လောက၏အဆုံးကို မသိခြင်း၊ ၃-ကိုယ်တော် အလိုရှိအပ်သော အကျင့် ကို ကျင့်မှုမရှိခြင်း စသည်တည်း။ (ဋီ-၁၈၅/၆)

**အကာရဏမေဝ ကာရဏန္တိ ဝတွာ။** ။ကာရဏာ၌ အကြောင်း အတု အနေဆောင်ကို အလိုရှိအပ်သော ကြောင့် ရှုပကနည်းဖြင့် ကူဝပုဒ်အနက်ပေးပါ။ တံတံ အကာရဏံ၊ ထိုထို ယုတ္တိမရှိသော အကြောင်းကို။ ကာရဏံ၊ အကြောင်းကဲ့သို့။ ဝတွာ၊ ပြော ဆို၍။ [ယခု စာအုပ်များ၌ ကာရဏံ၏ နောက်၌ ကတ္တိ ရှိသည်။ ဋီကာသစ် စကားအရ ရှေး၌ မရှိ ဟု ထင်ပါသည်။]

**အဝဏ္ဏံ ဒေါသံ နိန္နံ**။ ။ဝဏ္ဏသဒ္ဒါသည် ဂုဏပသံသာတို့၌ ဖြစ်သောကြောင့် အစဉ်အတိုင်း "အဝဏ္ဏံ ဒေါသံ နိန္ဒံ"ဟု မိန့်သည်။

**အဝဏ္ဏံ ဘာသတိ ဝဏ္ဏံ ဘာသတိ**၊ ။ဤစကားသည် သံဂါယနာ မဘာဝ်မိကာ ဖြစ်သောကြောင့် အဘိဘ်ဖြင့် ဆိုသင့် သော်လည်း အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ—၌ ဟောတိကဲ့သို့ ဘာသတိ သဒ္ဒါ သည် အတီတကာလ အနက်ရှိသောကြောင့် ဘာသတိဟူ ဝတ္တမာန ကာလ ဝိဘတ်ဖြင့် ဆိုပါသည်။ တနည်း—ဆရာဘည့်တို့၏ ဝဏ္ဏ အဝဏ္ဏကို ပြောဆ အချိန်ကို ရှု၍ ဘာသတိ-ဟု ပစ္စုပ္ပန်ဖြင့် ဆိုသည်။ (တံကာလာပေက္ခ ဝတ္တမာနတည်း)

အပရာမသိတဗ္ဗံ အနုက္ကမိတဗ္ဗံ။ ။အဒိယျပဝါဒကံတည်း။

အနုယန္တသနံ ပါပုဏိဿတိ၊ ။ရဟန္တာ သုံးပါးကို ပြောဆိုဖြစ်ဘင် ကဲ့ရဲ့ ခြင်းသည် ဧကန် မဟာသာဝဇ္ဇ ဖြစ်သော ကြောင့်တည်း။

အာဝရိယ ခေါ ပန-သည်။ ။ဘည်သည် ဆရာ၏ နောက်လိုက်ဖြစ်သင့် သော်လည်း ဗြဟ္မဒတ်သည် ပညာရှိ သဘောရှိသောကြောင့် နောက်လိုက်မဖြစ်ဘဲ ကမ္မဿကဘာညာဏ်ဖြစ်ရာသည်။ (ဋီ-၁၀၇)

ဟလာဟလံ၊ ။ထိုအာ၌သာလျှင် သေဘောက်သော ဟလာဟလ အဆိပ် တည်း။ ဤဟလာဟလံပါ ဥဖြင့်-

၁-ကာဧကာလ အဆိပ်၊ ၂-ကာဠကူဋ အဆိပ်၊ ၃-သေရတ္တိက အဆိပ် (သဆုတ္တိက အဆိပ်)၊ ၄-သုက်ိကေယျ အဆိပ်၊ ၅-ဗြဟ္မပုတ္တ အဆိပ်၊ ၆-ပဒီပန အဆိပ်၊ ၇-ဒါရဒ အဆိပ်၊ ၈-ဝစ္ဆနာဘ အဆိပ်(ဝစ္ဆနာဘ) ဟူသော အဆိပ်ရှစ်မျိုးကို ကန့်သည်။

ပုဓမ ပဉ္စမော စ ကာဧကာလာ၊ ကာဠကူဋ ဟလာဟလာ၊
သဆုတ္တိကော သုက်ိကေ ယော၊ ဗြဟ္မပုတ္တော ပဒီပနော၊
ဒါရဒေါ ဝစ္ဆနာဘော စ၊ ဝိသဘေဒါ ကတ္တမ နဝ။

(ဋီ-၁၀၇)

**ဝဏ္ဏံ ဘာသတိ**။ ။ဂုဏူပသဉ္ဟိတံ ပသံသံ-ဟု မိန့်ဆိုသော အဋ္ဌကထာ ဆရာသည် ချီးမွမ်းခြင်းသည် ဂုဏ်နှင့် မကင်းနိုင်ရကား ချီးမွမ်းခြင်းဖြင့်ပင် ဂုဏ်ကို ပြောဆိုခြင်း ပြီးနိုင်သောကြောင့် ဝဏ္ဏအရ ဂုဏ, **ပသံသာ အနက်နှစ်ပါး** သင့်သည်ဟု ပြသည်။

**ဧကပုဂ္ဂလော**။ ။အသဒိသဋ္ဌေန ဂုဏဝိသိဋ္ဌဋ္ဌေန အသမသမဋ္ဌေန စ ဧက ပုဂ္ဂလော။

**အသဒိသဋ္ဌ**။ ။ဘုရားရှင်သည် ဗောဓိညောင် ဆုပန်ရာအခါ၌ ဆယ်ပါးသော ပါရမီတော်တို့ကို အစဉ်အားဖြင့် ဆင်ခြင်သည်မှစ၍ ဗောဓိ ညောင်၏ အဆောက်အဦး ပါရမီထူးတို့ကို ဖြည့်ကျင့်ဆည်းပူးသော ဂုဏ်တို့ဖြင့် လည်းကောင်း၊ ဗုဒ္ဓဂုဏ်တို့ဖြင့်လည်းကောင်း ကြွင်းသော လူအပေါင်းနှင့် မတူသော ဘုရားဖြစ်သည်။

**ဂုဏဝိသိဋ္ဌ**။ ။ဘုရားရှင်၌ရှိသော ဂုဏ်တို့သည် အခြား သတ္တဝါတို့၏ ဂုဏ် တို့ထက် လွန်ကဲထူးခြားကြသည်။

**အသမသမ**။ ။အလုံးစုံသော သတ္တဝါတို့နှင့် မတူသော ရှေးဘုရားတို့နှင့်သာ ရူပကာယ နာမကာယတို့ဖြင့် အလယ်၌ခွဲထားသော နိက္ခရွှေကဲ့သို့ တထပ်တည်း တူတော်မူပါသည်။

**ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ**။ ။ဤ၌ ၁-ဥပ္ပဇ္ဇမာန၊ ၂-ဥပ္ပဇ္ဇတိ၊ ၃-ဥပ္ပန္န-ဟု သုံးမျိုးခွဲထားပါ၏ ထိုတွင် ဒီပင်္ကရာဘုရား ခြေတော် ရင်းမှ အနာဂါမိဖိုလ်အထိသည် ဥပ္ပဇ္ဇမာန မည်၏၊ အရဟတ္တမဂ် ခဏသည် ဥပ္ပဇ္ဇတိ မည်၏။ အရဟတ္တဖိုလ် ခဏကား-ဥပ္ပန္နတည်း။ ဘုရားရှင်တို့မှာ သာဝကတို့ကဲ့သို့ အစဉ်အတိုင်း ဣဒ္ဓိဝိဓဉာဏ် စသည် ဖြစ်ကြသည်မဟုတ်၊ အရဟတ္တမဂ်နှင့် တပြိုင်နက်သာလျှင် အလုံးစုံသော သဗ္ဗညုဂုဏ်အစုသည် လာသည်သာဖြစ်၍ ဖြစ်ပြီးသော အလုံးစုံကိစ္စ ရှိသောကြောင့် အရဟတ္တဖိုလ် ခဏသည် ဥပ္ပန္န မည်ရသည်။ သို့သော် ဤသုတ်၌ကား အရဟတ္တဖိုလ်ခဏကို သာ ရည်ရွယ်၍ ဥပ္ပဇ္ဇတိ ဟု ဟောတော်မူပါသည်။

**နဝင်္ဂံ သတ္ထုသာသနံ စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ**။ ။ပဉ္စနိကာယော—ဟု ဆိုပြီး သော်လည်း **တရားတို့သည်** များသော အစိတ်အစိတ် ရှိသောကြောင့် ဤပဉ္စနိကာယေ-ပုဒ်ဖြင့် အလုံးစုံသော အခြင်းအရာဖြင့် ထက်ဝန်းကျင် သိမ်းကျုံး၍ ယူခြင်း

မဖြစ်နိုင်သောကြောင့် “နဝင်္ဂ သတ္ထုသာသနံ စတုသစ္စသီတိဓမ္မက္ခန္ဓသဟဿာနိ” ဟု မိန့်သည်။ (ဋီ-၁၀၉)

အတိစ္ဆေန န သက္ကာ ဝဏ္ဏုံ။ ။ဘုရားရှင်တို့သည် မနှိုင်းယှဉ်နိုင်အောင် များစွာသော ဂုဏ်ရှိသောကြောင့်သည်းကောင်း၊ ဘုရားရှင်တို့၏ အကြွင်းအကျန်မရှိသော ဂုဏ်တို့ကို ဤနေရာ၌ ထင်ရှားပြခြင်းဖြင့် ပဋိသံဝဏ္ဏနာပင် ပြီးစီးသောကြောင့်သည်းကောင်း၊ စိတ်ရှင်လန်းခြင်း-ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပြီးစီးခြင်းအစွမ်းဖြင့် အကျိုးရှိသောကြောင့်သည်းကောင်း သက်ဝင်ဆုမဟုတ်သော ဆိပ်ကမ်းဖြင့် ပြေးဝင်သော ဓမ္မကထိက ဟု မဆိုသင့်ပါ၊

ထားမာ ခေဒိဘဝေ့ာ။ ။အားအစွမ်းကို အကုန်သုံး၍ ပြရသောကြောင့် သူ့အစွမ်းကို သိနိုင်သည်။ အဘ္ဘနော ထာမေန-၌ မိမိဉာဏ်စွမ်းဖြင့်သာ ပြောသည်။ ဘုရား စသည်တို့၏ ဂုဏ် အားလျော်စွာ မပြောနိုင်ဟု မှတ်ပါ။ (ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ ကပ္ပမ္ပိ စေ အညမဘာသမာနော၊ ခီယေထ ကပ္ပော စိရဒီဃမန္တရေ ဝဏ္ဏော န ခီယေထ တထာဂတဿ ဟု ဗုဒ္ဓါဒိနံ ဂုဏာ။)
(ဋီ-၁၉၀)

အနုဿသါဒိ ၌ အာဒိ အရ၊ ။အာကာရပရိဝိတက္က ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ တို့ကို ယူပါ။

ပုန ဂူဟာဗေဇာ အာဝဏ္ဏံ ဂူဟာဗော ဝဏ္ဏံ၊ ။ရှေး၌ တကြိမ်ကဲ့သို့ ဝဏ္ဏာဝဏ္ဏ ပြောခြင်းကို ညွှန်ပြခဲ့ပါသည်လည်း ဥဇုဝိပစ္စနိကာဝါဒါဟု ဆိုသောကြောင့် အကြိမ်များစွာပင် သူ့ယနှင့် ဗြဟ္မဒတ် တို့သည် ဤသို့ ပြောဆိုကုန်သည်ကို သိစေလိုသည်ဟု ပြခြင်းငှာ “ပုန ဂူဟာဗော အဝဏ္ဏံ ဂူဟာဗော ဝဏ္ဏံ” ဟု မိန့်။

တသ္မိံ ကာလေ။ ။ဤ၌ ကာလ အရ-နှစ် ဥတု လ ပက္ခကိုသာယူပါ။ ဘာ့ကြောင့်နည်း—တံ ဒိဝသံ-ဖြင့် နေ့ကို သီးခြားညွှန်ပြသားသောကြောင့်လည်းကောင်း၊ မုဟုတ္တ စသည်တို့သည် နေ့၌ အကျုံးဝင်သောကြောင့်လည်းကောင်း တည်း။

တံ အဒ္ဓါနံ ပဋိပန္နော။ ။ဤ၌ ဒုတိယာဝိဘတ်ကို အာဓာရအနက်၌ သက်ပါ။ ထို့ကြောင့်ပင် ရာဇဂဟေ ပဋ္ဌာယ စရတိ-ဟု ပုဗ္ဗကာလကြိယာနှင့်တကွ ဝတ္တမာန်ဝိဘတ်ဖြင့် ညွှန်ပြနိုင်သည်။ အာဓာရအနက်မယူဘဲ ကံအနက်ယူလျှင် ထိုအချိန်၌ ရာဇဂြိုဟ်မြို့၌ ဆွမ်းခံ သွား၏၊ ခရီးရှည်လည်းသွား၏ဟု မလိုအပ်သော အနက်ရောက်ရာ၏ အခွန့်မှာ

**အရာမတူသော** ကြိယာနှစ်ခု အာခေရအတူ မဖြစ်သင့်ပါ။ **အလိုရှိအပ်သော** **အဒ္ဒါနပဋိပဇ္ဇန**ကြိယာကို မမှတ်သားနိုင်၍လည်း မသင့်ပါ။ (ဋီ-၁၉၁)

နာဠန္ဒာမြို့၌ နေသော ဝေနေယျတို့၏ အမျိုးမျိုးသော စီးပွားချမ်းသာ **ပြီးစီးခြင်းကို** **အလိုရှိသည်ဖြစ်၍** ဤအတ္ထုပ္ပတ္တိကြောင့် သီလ ၃-မျိုးဖြင့် **တန်ဆာဆင်အပ်သော** **အမျိုးမျိုးသော** ကုဟန လပနစသော မိစ္ဆာဇီဝကို ဖျက်ဆီးကြောင်းဖြစ်သော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကွန်ယက်ကို ဖြေရှင်းကြောင်းဖြစ်သော တသောင်းသော လောကဓာတ်၏ တုန်လှုပ်ကြောင်း **ဖြစ်သော** ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူအံ့-ဟု နှလုံးသွင်းတော်မူ၍ ဤခရီးကို ကြွတော်မူသည်။ **ကဿ** ပန ဘဂဝါ တံ အဒ္ဒါနံ ပဋိပန္နော-ဟူသော အဋ္ဌကထာ စောဒနာ၏ **အဖြေတည်း**။ ဤအကြောင်းမှာ အရာ အားလျော်စွာပင် ထင်ရှား၍ အဋ္ဌကထာ၌ မဆိုဟု မှတ်ပါ။

**ဗုဒ္ဓသိရိယာ သောဘမာနံ**။ ။အင်္ဂီရသမာလကို ဆုံးမတော်မူရာ၊ ပုဏ္ဏသာတိမင်းကို ကြိုတော်မူရာ အခါစသည်တို့၌ ကဲ့သို့ တရံတခါ ဘုရားရှင်သည် မထင်ရှားသော အသွင်ဖြင့်ပင် ကြွတော်မူသည်။ တရံတခါ ဗုဒ္ဓအသရေတော်ဖြင့် ကြွတော်မူသည်။ ဤနေရာ၌လည်း ဗုဒ္ဓအသရေဖြင့် ကြွသည်ကို ပြခြင်းငှာ "ဗုဒ္ဓသိရိယာ သောဘမာနံ" စသည် မိန့်။ (သိရီ-ဟူသည် ကိုယ်တော်၏ တင့်တယ်ခြင်း စသော သမ္ပတ္တိတည်း)

**တသ္မိံ ကိရ**။ ။ပါဠိတော်၌ မပြအပ်သောကြောင့်လည်းကောင်း၊ ရှေးအဋ္ဌကထာ၌ မလာသောကြောင့်လည်းကောင်း ဤစကားသည် ကြားဆင့်စကားဖြင့်ပြီးသော စကားဟု ပြခြင်းငှာ "ကိရ"ဟု ဆိုသည်။ မိမိ မမြင် မကြား မသိတာမှန်သမျှ အနုဿဝဟု မှတ်ပါ။

**အသီတိဟတ္ထပမာဏော**။ ။ဤ စကားကို ရောင်ခြည်တော်တို့၏ ပကတိဖြစ်ရာ ဌာန၏ အတိုင်းဖြင့် ဆိုသည်။ ထို့ကြောင့် ထက်အောက်ဝဲယာအရပ်တို့၌ အသီးသီးအတောင် ၈၀-မျှသော အရပ်တို့၌ ပကတိအားဖြင့် တခဲနက်သော ရောင်ခြည်တော်တို့ တည်သည်ဟု မှတ်ပါ။ ဝိနယဋီကာ၌ ထို ရောင်ခြည်တော်တို့သည် တဘက်ဆည်ကန်မှ ယိုစီးထွက်လာသော ရေမြောင်းကဲ့သို့ အရပ် ၁၀-မျက်နှာတို့၌ ပြေးသွားကုန်၏။ တလံမျှကဲ့သို့ ထင်ရသောကြောင့် "ဗျာမပ္ပဘာ" ဟု ဆိုသည်ဟုမိန့်ပါသည်။ (ဋီ-၁၉၂)

**တသ္မိံ ကိရ သမယေ**။ ။ထိုအခါ၌ ဘုရားရောင်ခြည်တော်တို့ကို ထွက်မထားသည်၏ အဖြစ်ကိုပြခြင်းငှါ တသ္မိံကိရ

သမယေ-ဟုမိန့်သည်။ မှန်၏-ပုဏ္ဏသာတိမင်းကို ကြိုရာအခါစသည်တို့မှာကဲ့သို့ ထိုအခါ၌ ရောင်ခြည်တော် တို့ကို လျှိုဝှက်စရာအကြောင်းမရှိပါ။

ကမလ ဥပ္ပလ။ ။ကမလ အရ- ပဒုမ္မာကြာနှင့် ပုဏ္ဍရိက်ကြာတို့ကိုယူ၍- ဥပ္ပလ အရ-ကြွင်းသော ကြာညို ကြာနီ ကြာဖြူဟူသော ကြာမှန်သမျှ ယူပါ။

ဒွတ္တိံသဝရလက္ခဏမာလာ။ ။မဟာပုရိသ လက္ခဏာတို့သည် အချင်းချင်း ဆက်စပ်နေသောကြောင့် ပန်းကုံးအသွင်ဖြင့် တည်ပါသည်၊ ထို့ကြောင့် ဒွတ္တိံသ ၊ပေ၊ မာလာ—ဟု ဆိုသည်။ တစုံတယောက်သီကုံး၍ စီထားသည်ဟု မဆိုသင့်ပါ၊ ဂန္ထေတွာ ဌပိတ-စသည်ကို ပင့်ကပ္ပနာမှုဖြင့်ဆိုသည်။

အပ္ပိဋ္ဌတာ ၄-မျိုး။ ။၁-ပစ္စယအပ္ပိစ္ဆတာ၊ ၂-ပရိယတ္တိအပ္ပိစ္ဆတာ၊ ၃-အဓိဂမအပ္ပိစ္ဆတာ၊ ၄-ဓုတင်္ဂအပ္ပိစ္ဆတာ။(ဋီ-၁၉၄)

ပဒုမ-ပုဏ္ဍရိက။ ။နီသောကြာကို ပဒုမ အရယူ၍ ဖြူသောကြာကို ပုဏ္ဍရိက အရယူပါ။ တနည်း—ရွက်ချပ်နှင့် သဘ်နှဘ်၍ ခွဲသော်-ရွက်ချပ် တရာရှိသောကြာပန်းသည် ပဒုမ္မာမည်၍ ရွက်ချပ် တရာအောက်ယုတ်သောကြာသည်-ပုဏ္ဍရိက်မည်၏၊ (ဋီ-၁၉၄)

မဟာထေရာ။ ။မဟာသာဝကာ သန္ဓာယာဟ။

မေဃဝဏ္ဏ။ ။သုရိုဘာဘာသေန ဉ္စသကံ ကဏ္ဍာဏ္ဍတာယ။

ဂန္ဓဟတ္ထိနော။ ။ဝမ်းဘွင်းသို့ရောက်သော အလုံးစုံသော မြက် သစ်ရွက်ဟူသမျှသည် နံ့သာမျိုးသာဖြစ်သောကြောင့် ဂန္ဓဟတ္ထိဟု ခေါ်သည်။ (ဟေမဝတ-ဟုလည်း ခေါ်သည်) ထိုထေရ်တို့မှာလည်း သီလစသောဂုဏ်အနံ့ရှိသောကြောင့် ထိုဆင်တို့နှင့် တူသည်။

ဝိဇဋိတဇဋာ။ ။အတွင်းရှုပ် အပြင်ရှုပ်ဟု ဆိုအပ်သော တဏှာရှုပ်ကို ဖြေရှင်းပြီးသောကြောင့် ဝိဇဋိတဇဋာ-ဟု ဆိုသည်။ (တဏှာအဖွဲ့ကို ဖြတ်ပြီးသောကြောင့် ''ဆိန္နဗန္ဓန'')

တေသု ပန ပက္ကန္တေသု။ ။အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလ္လာန်အရှင်မြတ်တို့၏ ဘုရားသခင်ထံ ရှင်ရဟန်းပြုခြင်းကို ရည်ရွယ်၍ ''တေသု ပန ပက္ကန္တေသု''ဟု မိန့်။ (ဋီ-၁၉၅)

**သာပိ တေသံ ပရိသာ ဘိန္နာ**။ ။ဤပါဠိဖြင့် အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန်တို့၏ ဘုရားရှင်ထံ ရဟန်းပြုသောအခါ၌ပင် ၂၅၀-သော ပရိဗ္ဗာဇက ပရိသတ်တို့ ရဟန်းပြုလေသည်။ ထိုအခါမှ နောက်၌လည်း အတုလိုက်၍ ရဟန်းပြုသော ပရိဗ္ဗာဇက ပရိသတ်သည် အပိုင်းအခြား မရှိ ဟူသောအဓိပ္ပာယ်ကို ပြသည်။ ဘူသော ဂိုဏ်းရှိသော ကြောင့် အမှတ်မရှိ တစုံဘခုသော ပရိဗ္ဗိုဇ် ပရိသတ် ရဟန်းပြုသော် ထိုသဉ္စယ၏ ပရိသတ်ပြိုကွဲသည်မည်၏။

**ကေဝိဝါဒ**။ ။ဘုရားရှင်၏ မှန်းခြင်း ချစ်ခြင်း မရှိခြင်းကို စုံခမ်းခြင်းအကျိုး ငှါ ဆဘုတပည့် ၂-ဦးတို့သည် အာဘ္ဘာ-ဘဏ္ဍကို ပြောဆိုကြသည်။ တနည်း — မာန်နှတ်အပုံးခံရသောကြောင့် ပြောဆိုကုန်၏ဟူရာ၌ ကေစိတို့ ဆိုကြ၏၊ အဋ္ဌကထာနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သောကြောင့် ထိုကေစိအဆိုများ မသင့်ပါ။

**ဘုင္ဂာဂါရက်**။ ။မင်္ဂလ ယောကျ်ား ယှဉ်တွဲပုံ စသော ဆန်းကြယ်သော စိတ်ကူးညာဏ်ဖြင့် ပြုအပ်သော မင်း၏ဘိဳဘော် တနည်း— ခဝသဝဏ်နှတ်မင်း၏ နတ်ကွန်းဟုလည်း ဒဓက ဆရာတို့ ဆိုကြသေး၏။ (အမ္ဗလဋ္ဌိကာ ဟူသည် ရွာတရွာ ဟု ကေစိတို့ ဆိုကြသေး၏၊)

**သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန**။ ။သုပ္ပိယမှာ ပရိသတ်ရှိလျှင် ဤ စကားကို အဘယ်ကြောင့် ဆိုရသနည်းဟု မေးဖွယ်ရာရှိသည်၊

**အဖြေကား**—အခြားပရိသတ်သည် ဤသုတ်ကို ဟောရာ၌ ဒေသနာနှင့် မဝင်သည်အတွက် အကျိုးမရှိသောကြောင့် အခြားပရိသတ်ကို ပါဠိတော်၌ မတင်ပဲ ဗြဟ္မဒတ်ကိုသာ ပါဠိတော်၌ တင်ထားသည်ဟု မှတ်ပါ။ (ဋီ-၁၉၆-၇)

**သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေနာတိ ဝုတ္တံ**။ ။ဤနေရာ၌ သီဟဠ ကထာယံ-ဟု ဝုတ္တံ၏ အာဓာရကို ထည့်ရမည်၊ ပါဠိတော် သံဂါယနာသို့ ရောက်သော စကား၏ အစွမ်းဖြင့်သာ သီဟိုဠ် အဋ္ဌကထာ၌ ဆိုအပ်သည်၊ ထိုအချိန်၌ သုပ္ပိယမှာ ပရိသတ် မရှိမဟုတ်-ရှိသည်သာ၊ ဤအနက်ကိုပြခြင်းငှာ ''သဒ္ဓိံ အန္တေဝါသိနာ ပရိသာယ''ဟု မိန့်သည်။ ကေစိတို့ကား—ဝုတ္တံ ၏ အာဓာရကို ပါဠိယံ-ဟု ဆို၍ ဤစကားသည် သီဟိုဠ် အဋ္ဌကထာ နည်းကို

ပြသော စကားမဟုတ်၊ ပါဠိတော်၌ ဆိုအပ်ကြောင်းကို ပြသော စကားသာဟု ဆက်၍ဆိုသည်။ ထိုကေစိစကား မသင့်ပါ၊ အဘယ်ကြောင့်နည်း— ပါဠိတော်သို့ တက်ရောက်သည်၏ အစွမ်းဖြင့်ပင် ပါဠိတော်၌ ဆိုအပ်ပြီဟု အနက်ရောက်သောကြောင့်တည်း။ [မသင့်ပုံအကြောင်းပြကို ဋီကာဟောင်းမှ ယူ၍ ထည့်ထားသည်၊ ဋီကာသစ် အကြောင်းပြမှာ လိုရင်းယူဆရန် ကွေ့ကောက်လွန်းသည်ဟု ထင်ပါသည်။] တနည်း — အဓမ္မဟိ ကမ္မ-ဟု ဝုတ္တံ-၏ အာခါရနှင့် ကတ္တားထည့်၍ ဝုတ္တံ-ကို ဝဇ္ဇဗ္ဗံ-ဟု ဖွင့်သည်၊ ဤသို့ဆိုလိုက်ရသဖြင့် ထိုအခါ၌ အခြားသော ပရိသတ်လည်း ထင်ရှားရှိကြောင်းကို ပြခြင်းအကျိုးငှာ ဤသို့ဆိုသည်၊ ပါဠိအာရုဠှအစွမ်းဖြင့် အခြားသော အခြင်းအရာဖြင့်လည်း ဤနေရာ၌ ဆိုထိုက်သည်ဟု အဓိပ္ပာယ်ကို သင့်အောင်ယူပါ။

ဝိနယပရိယာယေန စသည်။ ။နောက်ဆုံး အပိုင်းအခြားအားဖြင့် စတုဝဂ္ဂသံဃာသည်သာ ဝိနည်းကံ အားလုံးပြုနိုင်သောကြောင့် "ဝိနယပရိယာယေန"စသည်ကို မိန့်ပါသည်။ ၂-ပါးလည်း သမ္မုခါဖြစ်နိုင်၍ တယော နော-သည် ဥပလက္ခဏနိဒ္ဒေသတည်း။ (၁၉၇)

သုတ္တန္တပရိယာယေန။ ။ထိုထိုပါဠိတော်၌ ထိုအတိုင်းပင် လာသောကြောင့် ဆိုသည်၊ ၁-ပါးကို ၁-ပါးဟုသာဆို၍ ၃-ပါးက ကျော်မှ သမ္ဗဟုလ-ဟု သုတ္တန်နည်းအရ ယူရသည်။ (ဋီ-၁၉၇)

ဥပဇ္ဈာနုသာလာ။ ။ဆည်းကပ်ရာဥပဇ္ဈာယ်ဘည်း၊ ယင်းဥပဇ္ဈာယ်၌ ဆည်းကပ်မှုကို သာပြုသည်၊ ဘည်း နှင့်သည စသည်ဖြင့် ထိုင်ခြင်း အိပ်ခြင်းကို မပြုကြပေ။ ထို့ကြောင့်ပင် ပါဠိတော်၌ သန္နိပတိတာနံ-ဟုသာမဆိုဘဲ သန္နိသိန္နာနံ ဟူ၍လည်း ဆိုသည် (၁၉၈)

သန္နိသိန္နာနန္တိ နိသဇ္ဇနဝသေန။ ။သန္နိသိန္နာနံ-ကို နိသဇ္ဇနဝသေန-ဖြင့် ဖွင့်၏၊ တနည်း — သန္နိသိန္နာနန္တိ-ကား၊ နိသဇ္ဇနဝသေန-ဖြင့်။ (သန္နိသိန္နာနံ-ကုန်သော၊ဟု ပေးပါ၊ ဣမိနာ နိသီဒနက္ကိရိယာယ ကာယသာမဂ္ဂိဒါနေန သမာဂတာနံ သန္နာယ ပဒဿ ဣဒမေတံ ဝုတ္တန္တိ ဒဿေတိ၊ ထိုင်ခြင်းကြိယာပုဒ်ကို ရည်၍ သန္နိသိန္နာနံ-ကို ဆို၍၊ ကာယသာမဂ္ဂီအစွမ်းဖြင့် ပေါင်းဆုံခြင်းကိုရည်၍ သန္နိပတိတာနံ-ကို ဆိုသည်။ (၁၉၈)

အဋ္ဌကထာနယော။ ။ရှေးအဋ္ဌကထာ၌သာ လာသောကြောင့် အဋ္ဌကထာနယောဟု ဆိုသည်။ (ဋီ-၁၉၈)

**တေန သုပ္ပဋိဝိဒိတတာယ အပ္ပမေယျတံ ဒဿေတိ။** ။တေန ဘဂဝတာ၊ သည်။ သဏ္ဍာနံ၊ တို့၏။ ယာဝ ယတ္တကံ၊ သော။ (ဤဒံ အယံ) နာနာဓိမုတ္တိကတာ၊ ကို။ သုပ္ပဋိဝိဒိတာ၊ ပြီ။ တံ၊ ထိုသိုးထွင်း၍ သိခြင်းကို။ ဒဿေနကမေသဘိ၊ ဤမျှအတိုင်း အရှည်ရှိ၏ ဟူ၍။ အမေယျဘိ၊ သည်။ ပဋိဝိဇ္ဈိတုံ၊ ငှာလည်းကောင်း။ အက္ခာတုံ စ၊ ပြောပြခြင်းငှာလည်းကောင်း။ န သက္ကာ၊ မဘတ်ကောင်းပါ။

**အနုတ္တရံ သမ္မာသမ္ဗောဓိံ။** ။အရဟတ္တမဂ်ဉာဏ်လျှင်နီးစွာသော အကြောင်း ရှိသော သဗ္ဗညုတဉာဏ်တော်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်တော်လျှင် နီးစွာသောအကြောင်း ရှိသော အရဟတ္တမဂ်ဉာဏ်ကိုလည်းကောင်း အနုတ္တရသမ္မာသမ္ဗောဓိဟု ဆိုရသည်။ (ဋီ-၁၉၉)အဘိသိက်သည် မင်းအား အလုံးစုံသော လောက၌ အစိုးရသူ၏ အဖြစ်ကို ပေးသကဲ့သို့ ထိုဉာဏ်တော်နှစ်ပါးသည် ဘုရားရှင်တို့အား အလုံးစုံသော ဗုဒ္ဓဂုဏ သမ္ပတ္တိကိုပေးသည်။ ထို့ကြောင့် "အနုတ္တရံ သမ္မာသမ္ဗောဓိံ"ဟု ဆိုသည်။

**ဇာနတာ ပဿတာ။** ။ဤနေရာ၌ ဉာဏ ဒဿနတို့သည် ပညာ၏ပရိယာယ် ဖြစ်ပါသော်လည်း (နောက်၌ ဖွင့်သတံ့သော)ထိုထို အနက်ထူးဖြင့် ထိုဉာဏနှင့် ဒဿနတို့၏ ဟောရာအနက်ထူးကို ပြလိုသော ကြောင့် "တေသံ ဘေသံ သဏ္ဍာနံ"စသည်ကို ဆိုသည်။ ပဌမမတ္တံ အသာဓာရဏဉာဏဝသေန ဒဿေတိ၊ ဒုတိယံ ဝိဇ္ဇတ္တယဝသေန၊ ပုဗ္ဗေနိဝါသာဒိ၌ အာဒိဖြင့်-အာသဝက္ခယဟု၊ တတိယံ အဘိညာနာဝရဏဉာဏဝသေန၊ ဤနည်း၌ ဝိဇ္ဇာသုံးပါးသည် အဘိညာဉ် ၆-ပါးတွင် ပါဝင်သော်လည်း ဝိဇ္ဇာသုံးပါးတို့၏ အစုအပုံအပြားကို ပြခြင်းအကျိုးငှာ "တီဟိ ဝိဇ္ဇာဟိ" ဟု ဆိုသည်။ သမန္တစက္ခု-အရ အနာဝရဏဉာဏ်ကောက်ပါ။ စတုတ္ထံ သဗ္ဗညုတဉာဏ်မံသစက္ခုဝသေန၊ မံသစက္ခု-ဟူသည် ညဉ့်ခမှောင်၌ဖြစ်စေ၊ နေ့အခါ၌ဖြစ်စေ ပတ်ဝန်းကျင် တယူဇနာအရပ်ကို မြင်စွမ်းနိုင်သော၊ အလွန် စင်ကြယ်သော၊ အဆင်းငါးပါးနှင့် ပြည့်စုံသော၊ အလွန်ညိုသော ကြည်ညို မှုကို ဖြစ်စေနိုင်သော၊ မျက်တောင်မွေးဖြင့် တန်ဆာဆင်အပ်သော ဘုရားရှင်၏ မျက်လုံးတော်တည်း။ ပဉ္စမံ ပဋိဝေဓဒေသနာဉာဏဝသေန၊ အတ္တဟိတသာဓိကာယ ဟူသော ဤစကားကို မုချအားဖြင့် ဆိုသည်။ ပရိယာယ်(ဥပစာ) အားဖြင့်ကားပဋိဝေဓပညာသည် သူတပါးတို့၏ အစီးအပွားကိုလည်း ပြီးစေ နိုင်ပါသည်။ မှန်၏—ဓမ္မသဘောကို ဖုံးလွှမ်းတတ်သော ကိလေသာအပေါင်း ကိုပယ်သတ်ဖျက်ဆီးနိုင်သော ထိုပဋိဝေဓပညာကြောင့် ဒေသနာဉာဏ် စသည်

ဖြစ်ပါသည်။ ဒေသနာပညာဟူသည် ဒေသနာကိစ္စကို ပြီးစေသော သဗ္ဗညုတ-ဉာဏ်ဘည်း။

အရိုနံ။ ။ဤပုဒ်၏-အရ-ကိလေသာ၊ တနည်း—မာရ်ငါးပါး၊ တနည်း—သာသနာတော်၏ ဆန့်ကျင်ဘက် တိတ္ထိများကို ကောက်ပါ။ (တိတ္ထိတို့ကို သတ်ဟူသည်-ပါဋိဟာရိယတို့ဖြင့် လွှမ်းမိုးတော်မူခြင်း၊ ရှေးရှုထင်လာသော ဉာဏ်မရှိအောင်ပြုခြင်း၊ လျှော်လျူရှုခြင်းပင်ဘည်း။)

သမ္မာသမ္ဗုဒ္ဓေန။ ။သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓေန။ ဤ၌ သဗ္ဗဓမ္မာနံ ဟူသော ဝိသေသနပုဒ်ကို အဘယ်ကြောင့် ရအပ်သနည်းဟု မေးဖွယ် ရှိ၏။

အပြောကား - သာမညဇောဘနာသည် ဝိသေသ၌ အမြဲတည်သောကြောင့်လည်းကောင်း၊ ဝိသေသကို အလိုရှိသူသည် ဝိသေသကို သုံးစွဲနိုင်သောကြောင့်လည်းကောင်း "သဗ္ဗဓမ္မာနံ" ဟူသော ဝိသေသနပုဒ်ကို ခနိုင်ပါသည်၊ ဒီလိုဆိုလျှင် ဓမ္မာနံဟူသာ ထည့်ပါလား၊ သဗ္ဗဓမ္မာနံဟု ဘာကြောင့် ထည့်ရသနည်းဟု ထပ်ဆင့်မေးဖွယ်ရှိပြန်၏။ အပြောကား-ဘဝိဘာဒေသကို မယူသောကြောင့်တည်း။ မှန်၏-ဘဝိဘာဒေသကို မယူလျှင် အသုံးခံသူနည်းကြောင်းကို သိနိုင်သည်။ ဥပမာ-ဒိဋ္ဌိဓာတ နှ ဒဒါတိ-ဟူရာ၌ကဲ့သို့တည်း၊ ဆဋ္ဌ-ဘေဒဝသာ ရဇ္ဇာဓသန အန္တရာယကာဓမ္မညာဏေန ဓာနတာ နိယျာနိကဓမ္မညာဏေန ပဿတာ၊ အာသာဝက္ခယညာဏေန အရဟတာ သဗ္ဗညုတညာဏေန သမ္မာသမ္ဗုဒ္ဓေန။)

သဗ္ဗညုတညာဏ်တော်။ ။ဉာဏ်သည်အလုံးစုံသောတရားတို့ကို သိလတ်သော် တကြိမ်တည်း အလုံးစုံကို သိသသော (သို့မဟုတ်) အစဉ်အားဖြင့် သိသသော - ဒသာပြဿနာများနှင့် စပ်၍ သိလိုသော်ယာဝတာ ဉေယျံ၊ တာဝတာ ဉာဏံ (လ) ဇောဓမ္မာဟူ၍ ဆိုသောကြောင့် တခါတည်းဖြစ်စေ သီးခြား ဖြစ်စေ၊ တကြိမ်တည်းဖြစ်စေ၊ အစဉ်အားဖြင့် ဖြစ်စေ အလိုတော်အားလျော်စွာ ဖြစ်သော ဉာဏ်တော်၏အစွမ်းဖြင့် မဖောက်မပြန် မှန်ကန်စွာ ကိုယ်တော်တိုင် အလုံးစုံသော တရားတို့ကို သိတော်မူပါသည်--ဟူသော လိုရင်းမှတ်ထားပါ။ (သဿတဝါဒ ပုလုအာရမ္မဏာတော၏ အငွင့်ရောက်မှ အကျယ်ရေးပါမည်။)

အဋ္ဌကထာ မုတ္တကနယော။ ။ဌာနာဋ္ဌာနာဒိနိ ဆဗ္ဗိသယာနိ ဆဟိ ဉာဏေဟိ ဇာနတာ။ ယထာကမ္မုပဂေ သတ္တေ စုတူပပါတ ဒိဗ္ဗစက္ခုဉာဏေဟိ ပဿတာ၊ သဝါသနာနမာသဝါနံ အာသဝက္ခယဉာဏေန

**ခီဏတ္တာ အရဟတ်ာ။** ဈျာနာဒိဓမ္မေ သံကိလေသဝေါဒါနဝုဋ္ဌာနေ သာမံယေဝ အဝိပရီတာဝဗောဓတော သမ္မာသမ္ဗုဒ္ဓေန။ (၂၀၂)

**ထောမိတေန။** ။ဤပါဠိဖြင့် ဇာနတာ စသောပုဒ်တို့သည် ဘဂဝတာ-ပုဒ်၏ ဝိသေသနဖြစ်သည်ဟု ပြသည်။ (ဝေသာရဇ္ဇဉာဏ် ၄-ပါးကို ရည်ရွယ်၍ စတုဟာကာရေဟိ-ဟုမိန့်။) (၂၀၃)

**နာနာဓိမုတ္တိကတာ။** ။ပါဠိတော်၌ ဟီန ပဏီတအပြားဖြင့် အဓိမုတ္တိ ၂-ပါးသာ ဟောသော်လည်း ဖြစ်ပုံအခြင်းအရာ၏အစွမ်းဖြင့် များစွာပြားသောကြောင့် နာနာဓိမုတ္တိကတာဟု ဆိုသည်၊ အဓိမုတ္တိဟူသည်- အဇ္ဈာသယဓာတ်ပင်၊ ထိုထိုအခြင်းအရာအားဖြင့် မြင်မှု နှစ်သက်မှု ကြိုက်မှုတည်း။ (၂၀၃)

ဉာဒါနိသ သုပ္ပဋိဝိဒ္ဓဘာဝံ ဒဿေတုံ အာယံဟိတိအာဒိမာဟ။ ။ဘုရားရှင်သည် ဓာတု သံယုတ် ဒေသနာတော်နည်းဖြင့် နာနာဓိမုတ္တိကတာဉာဏ်ကို ကောင်းစွာ ထိုးထွင်း၍ သိအပ်သည်၏အဖြစ်ကို ပြသည်၊ ဒဿေတုံဖြင့် ပြဟူသည်--ထိုးထွင်း၍ သိအပ်သည်၏အဖြစ်ကို ပြီးစီးခြင်း၏အစွမ်းဖြင့် ပြသည်။ (မှ-၂၀၃)

နာနာဓိမုတ္တိကတာဉာဏ်။ ။အနုကောက်အားဖြင့် သဗ္ဗညုတဉာဏ်ကိုသာ ယူပါ။ ဒသဗလဉာဏ်ကို မယူရ၊ ထိုကြောင့် နာနာဓိမုတ္တိကတာဉာဏေန သဗ္ဗညုတဉာဏေန ဝိဒိတာဝဟု မိန့်သည်၊ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်သည် တခြားစီဖြစ်သည်။ မှန်၏၊ ဒသဗလဉာဏ်သည် မိမိကိစ္စကိုသာသိ၍ သဗ္ဗညုတဉာဏ်ကား ဒသဗလဉာဏ်ကိစ္စကိုလည်း သိ၊ ထိုမှကြွင်းသော ကိစ္စများကိုလည်း သိသည်။ တနည်း—ပဉ္စမဗလဉာဏ်ဟု ဆိုအပ်သော (ဒသဗလဉာဏ်မှ ပဉ္စမဉာဏ်) နာနာဓိမုတ္တိကတာဉာဏ် သဗ္ဗညုတဉာဏ်ကို ယူသည်။ (ဤအလို အဋ္ဌကထာ၌ နာနာဓိမုတ္တိကတာ ဉာဏေန စ သဗ္ဗညုတဉာဏေန စ ဝိဒိတာ-ဟု စသဒ္ဒါ ပါရလိမ့်မည်။) (၂၀၃/၄)

သဗ္ဗညုတဉာဏေန ဒိဿာ အညာသိ။ ။ဝေါဟာရာဓနမတ္တာ မေတံ၊ န ဟိ တေန ဒဿနတော အညံ ဇာနနံ နာမ နတ္ထိ၊ (၂၀၅)

ဗုဒ္ဓကိစ္စ။ ။ရှေ့ကိစ္စ ၂-ပါးကို နေ့၏ အစွမ်းဖြင့် ယူသည်။ နောက်ကိစ္စ ၃-ပါးကို ညဉ့်အဖို့ အစွမ်းဖြင့်ယူပါ။ (တထာယော ဝဏ္ဏ မာနတ္တာ) (၂၀၅)

ဥပဋ္ဌာကာနုဂ္ဂဟကတ္ထံ သရီရဖာသုကတ္ထဉ္စ။ ။ဤစကားဖြင့် ကမ္ဘာများစွာ တို့၌ လေ့လာဆည်းပူးအပ်သော ကုသိုလ်ကောင်းမှု အဆောက်အဦးတို့သည် ဖြစ်စေအပ်သော ဘုရားရှင်၏ မြတ်သော မျက်နှာတော်မှာ အနှမ်းမကောင်းခြင်း စသော အပြစ် အညစ်အကြေး မရှိပါ။ သို့သော် ဥပဋ္ဌာကာနုဂ္ဂဟ သရီရဖာသုက အကျိုးငှာသာ မျက်နှာသစ်ခြင်း စသည်တို့ကိုပြုသည် ဟူသော အဓိပ္ပာယ်ကို ပြသည်။ မှန်၏-ဘုရားရှင်၏ အလုံးစုံသော ကိုယ်ကာယတော်သည် အတွင်းအပြင် အညစ်အကြေးတို့ဖြင့် မလိမ်းကျံ မညစ်နွမ်းပဲ ကောင်းစွာ ဆေးကြော သုတ်သင်သွေးအပ်သော ပတ္တမြားကဲ့သို့ ဖြစ်ပါသည်။ (ဋီ-၂၀၇)

ဝိတိနာမေတွာ။ ။ဖလသမာပတ်တို့ဖြင့် လွန်စေခြင်းကို ဆိုသည်။ ထိုလွန်စေခြင်းသည်လည်း ဝိဝေကဥ္စ ညှတ်သောအားဖြင့် လွန်သည် မဟုတ်ပါ။ သူတပါးတို့ အတုလိုက်စေခြင်းငှာ လွန်စေတော်မူသည်။ (၂၀၇)

ဂါမံ ဝါ နိဂမံ ဝါ။ ။ဤ၌ ဝါ သဒ္ဒါ ဝိကပ္ပနတ္ထဖြစ်၍ မြို့ကိုသည်း ယူပါ။ (၂၀၆)

ဝိဘာဝန္တံ ဟုတွာ တိဋ္ဌန္တိ။ ။ကြမ်းသမ်းသော သေ နေရာ ဆီးနှင်း ကျခြင်း စသည်ကို ပယ်ရှားခြင်းဖြင့် ဝိဘာဝနကိစ္စကို ပြီးစေသောကြောင့် မျက်နှာကျက်ကဲ့သို့ဖြစ်၍ တည်ကြန်း။ (၂၀၆)

အနေဧ ဝါတာ ပုပ္ဖါနိ ဥပသံဟရိတွာ။ ။ဤ၌ ဆောင်ယူရာအရပ်ကို မပြခြင်းသည် ထိုထို ဟိမဝန္တာ စသည်တို့၌ အပွင့်ရှိ သစ်ပင်များမှ ဆောင်၍-ဟု အနက်ကို သိအပ်သောကြောင့် (သိဖွယ်ရာ လွယ်ကူသောကြောင့်) တည်း။ (ဋီ-၂၀၆)

ဩနမန္တိ ဥန္နမန္တိ စ။ ။ညီအောင် ပြုခြင်းမှဖြင့် ဩနမန္တိ ဥန္နမန္တိ ဖြစ်သည်၊ ထုံကြောင့်ပင် ခြေတော်ချရာအခါ၌ မြေညီရသည်။ ဤစကားသည် နိဒဿနနည်းမျှသာတည်း။ ထားကြောင့်နည်း—ကျောက်ခဲ အိုးခြမ်းကဲ့ အုးငြောင့် ညှမ် စသည် ကင်းခြင်းလည်း ဖြစ်နိုင်သောကြောင့်တည်။ ဤသို့ဖြစ်ရခြင်းသည် သုပ္ပတိဋ္ဌိတပါဒတာလက္ခဏာတော်၏ အကျိုးဆက်ပင်တည်၊ တန်ခိုးဖြင့် ဖန်ဆင်းမှုမဟုတ်ပါ။

ဌပိတမတ္တေ ဒက္ခိဏပါဒေ။ ။ဘုရားရှင်၏ ကြွတော်မူခြင်းကို အခါခပ်သိမ်း ပင် ရှေးဦးစွာ လက်ျာခြေတော် ကြွမြောက်ခြင်းဟု ဆိုအပ်သော အနုဗျဥ္စနဖြင့် တန်ဆာဆင်အပ်သောကြောင့်ဌပိတမတ္တေ ဒက္ခိဏပါဒေ-ဟု မိန့်သည်။

ဋီကာဟောင်းနှင့် အင်္ဂုတ္တိုရ်ဋီကာဆရာများက ဗုဒ္ဓမြတ်စွာတို့သည် အလုံးစုံသော သတ္တဝါတို့ထက် မြတ်သောကြောင့် ဥပိတမဗ္ဗော ဒက္ခိဏာပါဒေကို မိန့်သည်-ဟု ဆိုကြသည်။ ဤဆရာနှစ်ဦး၏ ဝါဒအတိုင်းဆိုလျှင် မြတ်သော ယောကျ်ားတို့၏ ရိုးရာသဘော ဖြစ်သောကြောင့် ကြသည် ဟူသောအဓိပ္ပါယ်ရောက်၏။ [ဣဒ္ဓ ယာဝဒေဝ ဝိနေယျဇနဝိနယနတ္ထံ သဗ္ဗာ ပါဠိဟာရိယန္တိ တေသံ ဒေသနဋ္ဌာနံ သန္ဓာယ ဝုတ္တံ] (၂၀၆)

**ဆဗ္ဗဏ္ဏရသ္မိယောကို ဆိုပြီးလျှက် သုဝဏ္ဏရသပိဉ္ဇရာနိ ဝိယကို ဆိုခြင်းအကြောင်း။ ။**

ဘုရားရှင်၏ ကိုယ်ခန္ဓာတော်၌ ရွှေသော အရောင်များသောကြောင့်တည်း။ (၂၀၆)

အန္တရဓာပိထိ ။ ဤပါဠိဖြင့် ဘုရားရှင် ဆွမ်းခံသွားရန် သင့်လျော်သော လမ်းကို ပြ၏။ မှန်၏- ဘုရားရှင်သည် သောလုပ္ပစာရ ပိဏ္ဍစာရိက ရဟန်းကဲ့သို့ နေရာငြိမ်း မကြွပါ။ (၂၀၇)

ဘာဂဝတောပိ ပတ္တံ ဂဏှန္တိ။ ။ပဌမရောက်သူများနှင့် ဘုရားရှင်အား လျှောက်ပတ်သော ဆွမ်းကို ပေးလှူခြင်းငှာ စွမ်းနိုင်သူများသည် ဘုရားရှင်၏ သပိတ်ကို ယူကြသည်။ (၂၀၇)

ပဋိမာနေန္တိ၊ ။မြတ်နိုးကော်ရော် ပူဇော်ကြကုန်၏။ (ဝါ) မြတ်နိုးတော်ကြကုန်၏၊ မြတ်နိုးစေ-ဟူသော ဤစကားသည် ပြောဆိုရိုးစကားမျှသာတည်း၊ ဘုရားရှင်မှာ မမြတ်နိုးခြင်းမည်သည် မရှိပါ။ (ဋီ-၂၀၇)

ကေစိ ပဗ္ဗဇိတွာ အဂ္ဂပလေ အရဟတ္တေ။ ။ဤ၌ ကေစိ ပဗ္ဗဇိတွာ ဟူသော စကားကို အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်တို့၏ ရှင်ရဟန်းအဖြစ်၌ ရေတွက်အပ်သည်၏ အဖြစ်သို့ ရောက်ခြင်းကို ပြခြင်းအကျိုးငှာဆိုသည်။ လူတို့၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပယ်ခြင်းငှာဆိုသည် မဟုတ်ပါ။

အရဟတ္တဖိုလ်ရောက် လူတို့၏သဘာဝ။ ။လူတို့သည် အရဟတ္တဖိုလ်ကိုရ၍ နေ့၌ပင် ရဟန်းသော်လည်း ပြု၊ ပရိနိဗ္ဗာန်သော်လည်း စံရခြင်းသည် လူဒုဟန္တာတို့၏ သဘောတံထွာ ဓမ္မတာ ဖြစ်ပါသည်။ (ထိုသို့ဖြစ်ရခြင်းသည် အရဟတ္တမဂ်-ဖိုလ်၏ အပြစ်မဟုတ်ပါ၊ လူ့အသွင်၏ မညီညွတ်ခြင်း အားနည်းခြင်းကြောင့်တည်း။) (၂၀၇)

**ဂန္ဓကုဋိံ ပဝိသတိ။** ။ဝင်ခြင်းကြိယာနှင့် စပ်နေသောကြောင့်လည်းကောင်း၊ ထိုဝင်ခြင်း ကြိယာနှင့် နီးသောကြောင့်လည်းကောင်း "ဂန္ဓကုဋိံ ပဝိသတိ" ဟု ဆိုသည်။ ထို့ကြောင့် ပဝိသတိ၊ ဝင်ခြင်းငှာသွား၏-ဟု အနက်ကို မှတ်ပါ။ (၂၀၇)

ဒုလ္လဘာ သမ္ပတ္တိ။ ။လူ့အဖြစ်ကိုရသော်လည်း ပဋိရူပဒေသဝါသ ဣန္ဒြိယ အဝေကလ္လ သဒ္ဓါပဋိလာဘ-စသော သမ္ပတ္တိ ဂုဏ်တို့ကို ရခဲသည်-ဟု ဆိုလိုသည်။ (ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ ဟု ရှိခြင်းသည် မသင့်) (ဋီ-၂၀၈)

**စာတုမဟာရာဇိကဘဝနံ** ။စာတုမဟာရာဇိကနတ်ပြည်၌ ပိုင်ရှင်မှကင်းသော နတ်ဗိမာန်တို့ကို ရည်ရွယ်၍ "စာတုမဟာရာဇိက-ဘဝနံ"ဟု ဆိုသည်။ (တာဝတိံသဘဝနံ-စသည်တို့၌လည်း နည်းတူသိပါ)

သမ္ပတ္တပရိသာယ အနုရူပေန ပါဋိဟာရိယေန။ ။ရောက်လာသော ပရိသတ်၏ စိတ်ဖြစ်ပုံကို သိ၍ ပြုတော်မူသည်၏ အဖြစ်ကို ရည်ရွယ်၍ မိန့်သည်။ (၂၀၈)

ကာလယုတ္တံ။ ။ဤအခါ၌ ဤသူအား ဤသို့ဟောထိုက်၏ ဟူ၍ ထိုထို ကာလအားလျော်သော စကား။ သမယယုတ္တံကား ဤကာလ ယုတ္တိ၏ ဝေဝုစ်ပရိယာယ်ပင်တည်း။ တနည်း-သမယယုတ္တံ အတ္ထုပ္ပတ္တိအား လျော်သော(ဝါ)အကြောင်း ဥဒါဟရုဏ်တို့နှင့် ယှဉ်သော-ဟု ပေးပါ။ (၂၉၈)

ကာလံ ဝိဒိတွာ ပရိသံ ဥယျောဇေတိ။ ။မိုးချုပ်အောင် တရားမဟောပါ ဟု ဆိုလိုသည်။ (၂၉၈)

ဂတ္တာနိ ဥတုံ ဂဏှာပေတိ။ ။ကာယကိုယ် များစွာသော အဝိတ်ရှိသော ကြောင့် "ဂတ္တာနိ"ဟု ဗဟုဝုစ်ဖြင့်ဆိုသည်။ ဥတုံ ဂဏှာပေတိ-ဖြင့် ဥတုယူစေခြင်းငှာသာကိုယ်တော်ကို ရေဖြင့်သုန်းလောင်းသည်၊ အညစ်အကြေး ဆေးကြောခြင်းငှာ သွန်းလောင်းသည် မဟုတ်-ဟု ပြသည်။ (န ဟိ ဘဂဝတော ကာယေ ရဇောဇလ္လံ ဥပလိမ္ပတိ) (၂၁၈)

ဂန္ဓကုဋိ။ ။နံ့သာမျိုး လေးပါးဖြင့် တံမြက်းအပ်သော ကျောင်းတော်တည်း။

**သကလဒသသဟဿိလောကဓာတု။** ။လောကဓာတ်၏ များစွာသောအစိတ် တို့ကို သိမ်းယူခြင်းအကျိုးငှာ ဒသသ ဟဿိ လောကဓာတု-ဟုသာမဆိုပဲ ရှေ့မှ သကလပုဒ် အပိုထွက်၍ဆိုထားသည်။

ပုရေဘတ္တ ပစ္ဆာဘတ္တ ပုရိမယာမ်ဟူသောအခါတို့၌ လူပရိသတ်များသော ကြောင့် အခွင့်မရ၊ ယခု မဇ္ဈိမယာမ် အချိန်ရောက်မှ နတ်များအခွင့်ရကြ သည်။ တနည်း—ဘုရားရှင်က ခွင့်ပြုတော်မူသောကြောင့် အခွင့်ရကြသည်။

**ယထာဘိသင်္ခတံ။** ။စီမံထားအပ်သည် အားလျော်စွာ (ဝါ) စီမံထားအပ် သည်ကို မလွန်မူ၍၊ ဤပါဠိဖြင့် မိမိ၏ ပဋိဘာန် အားလျော်စွာ မေးကြသည်-ဟု ပြသည်။

**ပုရေဘတ္တတော ပဋ္ဌာယ နိသဇ္ဇာယ ပီဠိတဿ သရီရဿ။** ။ပစ္ဆာဘတ္တကာလ ၏ ၃-ခုတို့တွင် ပဌမအစု၌ သီဟသေယျကို ပြုတော်မူခြင်းသည် ကေန္တမဟုတ်သောကြောင့် ဆိုသည်။ (ထို့ကြောင့်-ရှေး၌ သစေ အာကင်္ခတိ-ဟု သီဟသေယျပြုမှု မမြဲ ကြောင်း ပြခဲ့သည်။)

**ဗုဒ္ဓစက္ခုနာ။** ။ဤပုဒ်၏ အရ-အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်ကိုယူပါ။ ဤဉာဏ်တော် ၂-ပါးဖြင့် လောကကို ကြည့် တော်မူခြင်းများကြောင့် ဤဉာဏ်တော် ၂-ပါးကို ဗုဒ္ဓစက္ခုဟု ခေါ်သည်။ တရံတခါ ကြွင်းသော ဉာဏ်ဖြင့်လည်းကောင်း၊ သဗ္ဗညုတ ဉာဏ်ဖြင့်လည်း ကောင်း ဘုရားရှင်သည် ထိုကိစ္စကို ပြီးစေသည်။ (ဣဒ္ဓ ပစ္ဆိမယာမေ ဘဂဝတော ဗဟုလံ အာစိဏ္ဏဝသေန ဝုတ္တံ) (ဋီ-၂၀၉)

**ဗုဒ္ဓကိစ္စအမြဲတမ်းပြု။** ။အခါခပ်သိမ်း ကောင်းစွာတည်သော သတိသမ္ပဇဉ် ရှိတော်မူသောကြောင့် အလုံးစုံသော အရပ်တို့၌ သီတင်းသုံးနေတိုင်တော်မူသော ဘုရားရှင်တို့သည် ဤ ဗုဒ္ဓကိစ္စ ၅-ပါးကို မစွန့်လွှတ် အမြဲ ပြုတော်မူသည်။ ထို့ကြောင့် ထိုနေ့၌လည်း ထိုဗုဒ္ဓကိစ္စ ၅-ပါးကို မစွန့်လွှတ်ကြောင်းကို ပြခြင်းငှာ ဤနေရာ၌ ပဥ္စဝိဓ ကိစ္စကို အဋ္ဌကထာ ဆရာပြသည်-ဟု မှတ်ပါ။

**အထခေါ ဘဂဝါတေန္ဒပသင်္ကမိ။** ။ဤပါဠိသည် သာဝသေသပါဠိ ဖြစ် သောကြောင့် ဝိဒိတ္ဝာ-နောက်၌ ဝေ ဝိန္တေတွာ-ထည့်ရမည်ဟု သိစေခြင်းငှာ "ဥတ္ဝာ စ ပနဿ"စသည်ကိုမိန့်။ (ဋီ-၂၁၀)

**သီဟနာဒံ နဒန္တော။** ။သားတို့သနင်း ခြင်္သေ့မင်းသည် သည်းခံတတ်သော ကြောင့် လည်းကောင်း၊ သတ်တတ်သောကြောင့် လည်းကောင်း "သီဟ"ဟု ခေါ်ဆိုအပ်သကဲ့သို့ ဘုရားရှင်သည်လည်း

လောကဇမ်တရားတို့ကို သည်းခံတတ်သောကြောင့်လည်းကောင်း၊ ပရပ္ပဝါဒ တို့ကို သတ်တတ်သောကြောင့်သည်းကောင်း "သီဟ"မည်တော်မူပါသည်။ (၂၁၀)

**သိနေရုံ၊ပေါဝိယ စ။** ။ဤဥပမာ ၂-ပါးဖြင့် ဗြဟ္မဇာလ ဒေသနာခဘော်၏ တပါးသူတို့နှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့် အလှူ့နိပြုနိုင်ခဲ့သည်၏ အဖြစ်ကိုပြသည်။ (၂၁၁)

အရဟတ္တနိကူဋေန။ ။အလုံးစုံသောဉာဏ်တို့သည် အရဟတ္တဖိုလ် အဆုံး ရှိသောကြောင့် ထိုအရဟတ္တဖိုလ်ကိုပင် အလုံးစုံသော ဂုဏ်တို့ထက် အမြတ်ဆုံးဟု ဆိုရသည်။

ဥပသင်္ကမိ။ ။ပစ္စုပ္ပန် ကာလကို အလိုရှိအပ်သောကြောင့် ပစ္စုပ္ပန် အနက် ပေးပါ၊ သို့သော် ထိုသွားခြင်းသည် အတီတကာလ အဖြစ်ကို ထင်ရှား ပြအပ်သောကြောင့် ဥပသင်္ကမိ၊ဟူ၍ တက္ကာလာပေက္ခန အစွမ်းဖြင့် အတိတ်ဝိဘတ်ကို သုံးထားသည်။ သို့မှသာ ဥပသင်္ကမိဘွာ ပုဒ်နှင့် ရှေ့သွား နောက်လိုက်ညီပေသည်။ ဥပသင်္ကမန၏ ဂမန-ဥပဂမန ဟူသော အနက် ၂-မျိုးတွင် ဤ၌ ဂမန ကိုသာ ယူပါ။ (တည္တ ဂဘောဖြင့် ဥပဂမန အနက် ကို ကန့်)ရောက်ခြင်းငှာ အလိုရှိသောကြောင့် ထိုလိုအရပ်သို့ သွားသဲသော ပုဂ္ဂိုလ်ကို ထိုထို အစိတ်အပိုင်းကို လွန်မြောက်ခြင်း၏ အစွမ်းဖြင့် "ဥပသင်္ကမိ" ဟု ဆိုထိုက်သည်။

ဘာရော။ ။ထိုခဏ၌ပင် ဘုရားရှင်အား သေျာက်ပတ်သော နေရာကို ခုနိုင် ခဲ့သောကြောင့် "ဝန်လေး၏"ဟု ဆိုသည်။ (ဋီ-၂၁၂)

ပပေ့ါဋ္ဌေတွာ။ ။သားမြတ်ဆိုင်းသော အခင်းသည် မှုန့-မှုကြမ်း စသည်တို့ဖြင့် ရှေ့ပြမ်းနေ၍ ဘုရားရှင်အား မလျော်သောကြောင့် သန့် ရှင်းသုတ်သင်ခြင်းငှာ လှုပ်ခါ၍၊ ငါတို့၏ ဤစကားသည် ဒေသနာတမျိုး၏ အကြောင်း ဖြစ်သင့်၏။ မချွတ်ဧကန် ဘုရားကြွလာလိမ့်မည် ဟု သိရှိဘာ ခင်းထားအပ်သောနေရာကို ရည်ရွယ်၍ ဆိုပါသည်။(၂၁၂)

ရဉော နိသီဒနာသနံ၊ ။ဤနေရာသို့ ရောက်လာသော ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ တာဝကာလိက ခဏယူ၍ သုံးပါစေ ဟု နှလုံးသွင်း၍ မင်းသည် ထားအပ်သော ထိုခင်းသည်လည်း လာရာအခါ၌ သုံးဆောင်သော အခင်းတည်း။ မှန်၏- ထိုသို့မဟုတ်လျှင် ရဟန်းတို့သည်း မသုံးစွဲအပ်၊ ဘုရားရှင်အတွက်လည်း ခင်းပေးဖို့ မသင့်ပါ။ (ဋီ-၂၁၂)

**အဓိမုတ္တိဉာဏ။** ။သတ္တဝါတို့၏ အမျိုးမျိုးသော အဓိမုတ္တိရှိသည်၏ အဖြစ်ကို အာရုံပြုသော သဗ္ဗညုတဉာဏ်၊ တနည်း—ဗလ-ဉာဏ်။

**ကမ္မဋ္ဌာနမနုသိက္ခာရဥဒ္ဒေသမရိပုစ္ဆာဒိနံ။** ။ကမ္မဋ္ဌာန်း နှုလုံးသွင်းမှု၊ ပါဠိသင်ယူမှု၊ အဋ္ဌကထာကို အဖန်ဖန် မေးမှု စသည်တို့သည် ရဟန်းပြုဖွယ်ကိစ္စများ ဖြစ်သောကြောင့် အန္တရာသဒ္ဒါဖြင့် ရှင့်အပ်သော ပြုဖွယ်အထူးကို သမ္ဗန်-အပါဒါန် အဖြင်ပြင့် ဆိုအပ်သော် ထိုကမ္မဋ္ဌာန်း နှုလုံးသွင်းမှု စသည်တို့သည်သာ ဆိုထိုက်သော သဘောရှိသည့်အတွက် "ကမ္မဋ္ဌာန"စသည်ကို ဆိုသည်။ (ဋီ-၂၁၃)

**အညာ ကော။** ။ထိုစကားသည် ကမ္မဋ္ဌာန်း နှုလုံးသွင်းမှု စသည်တို့၏ အလယ်၌ ဖြစ်သောကြောင့် 'အညာ'ဟု ဖွင့်၍။ ထိုကမ္မဋ္ဌာန်း နှုလုံးသွင်းမှု စသည်တို့နှင့် မရောနှောသောကြောင့် "ကော-သီးခြားတမျိုး" ဟု ဖွင့်သည်။

**သဗ္ဗညုတံ ပဝါရေတိ။** ။အတ္တဘော အာပန္နဘော။

**တိရစ္ဆာနကထာ။** ။ဝဋ္ဋဒုက္ခမှ မထုတ်ဆောင်တတ်သောကြောင့် နတ်ရွာနိဗ္ဗာန်လမ်းတို့၏ ပိသာဖြင်သော စကားတည်း။ (အာဒိဖြင့်-စောရကထာ မဟာမတ္တကထာ သေနာကထာ ဘယကထာ စသည်ယူ)

**မပြီးဆုံးသေး။** ။ရဟန်းတော်တို့သည် ထိုစကားကို ဤဘိဟ မေ စသည်ဖြင့် ပြီးဆုံးစေပြီး မဟုတ်ပါလောဟု မေးပုဉ်ငိုး၏။ အပြောကား ဘုရားရှင် ကြွလာသဖြင့် စကားပြတ်သွားသောကြောင့် မပြီးဆုံးသေးပါ။ ဘုရားရှင်သာ ကြွမလာခဲ့သော် ထိုထက်အလွန် ထိုနှင့် ငပ်သော စကားဖြစ်လေရာသောကြောင့် မပြီးဆုံးသေးဟု မှတ်ပါ။

**အဘယ်အကျိုးငှာ နိဒါန်းကိုဆို၊** ။ဒေသနာတော်၏ တည်ံသည်၏အဖြစ်၊ မပျောက်မပျက်သည်၏ အဖြစ်၊ ယုံကြည်ထိုက်သည်၏ အဖြစ်ကို ပြီးစေခြင်းအကျိုးငှာ ဆိုသည်။ ရှေ့ဦးအံ့၊ ကာလ-ဒေသ- ဒေသက- ဝတ္ထု- ငရိသတ်တို့ကို ညွှန်ပြခြင်းဖြင့် နှောင်ဖွဲ့၍ ထားအပ်သော ဒေသနာတော်သည် ကြာမြင့်စွာ တည်တံ့နိုင်ခြင်း၊ မပျောက်ပျက်ခြင်း၊ အများယုံကြည်စရာ ဖြစ်ခြင်း အကျိုးရှိသည်၊ ဥပမာအားဖြင့် ဒေသ-ကာလ- ဝတ္ထု- ဟေတု- နိမိတ်တို့ဖြင့် ရေးသားထားအပ်သော ဝေါဟာရဝိနိစ္ဆယကျမ်းကဲ့သို့ကည်း။ ထို့ကြောင့်သာလျှင် အရှင်မဟာကဿပ မေးသော် အရှင်အာနန္ဒာ နိဒါန်းကို ဆိုသည်။

ဒေသနာစိရဋ္ဌိတတ္တံ၊ အသမ္ဘေဒသဘာဝ ဘာသိတံ။
သဒ္ဓါယ စာပိ နိဒါနံ၊ ဝေဒေဟေန ယသ္မီနာ။

သတ္ထုသမ္ပတ္တိယာ စေဝ၊ သာသနသမ္ပဒါယ စ။
တဿ ပမာဏဘာဝဿ၊ ဒဿနတ္ထမ္ပိ ဘာသိတံ။

ဝေဒေဟေန၊ ပညာရှိတော်မူသော။ ယသဿိနာ၊ သည်။ ဒေသနာ-စိရဋ္ဌိတတ္တံ၊ ဒေသနာ၏အနှစ်ငါးထောင် မြဲမြဲမြောင်ရှည်ကြာ တည်တံ့ပါစေခြင်း အကျိုးငှာ လည်းကောင်း။ အသမ္ဘေဒသဘာဝ၊ မပျောက်မပျက်ပါစေခြင်း အကျိုးငှာ လည်းကောင်း။ သဒ္ဓါယစာပိ၊ လူအများ ယုံကြည်ခြင်းငှာ လည်းကောင်း။ နိဒါနံ၊ ကို။ ဘာသိတံ၊ ၏။

သတ္ထုသမ္ပတ္တိယာ စ၊ မြတ်စွာဘုရား၏ ပြည့်စုံမှုကို ထင်ရှားပြခြင်းအကျိုးငှာ လည်းကောင်း။ သာသနသမ္ပဒါယ စ၊ သာသနာတော်၏ ပြည့်စုံမှုကို ထင်ရှားပြခြင်းငှာ လည်းကောင်း။ တဿ၊ ထိုမြတ်စွာဘုရား၏။ ပမာဏဘာဝဿ၊ ပမာဏ၏ အဖြစ်ကို။ ဒဿနတ္ထံ၊ ပြခြင်းအကျိုးငှာလည်းကောင်း။ နိဒါနံ၊ ကို။ ဘာသိတံ၊ ပြီ။

နိဒါနဝဏ္ဏနာ နိဋ္ဌိတာ။

---

နိက္ခေပဟု ခေါ်ရပုံ။ ။ဟောတော်မူအပ်သော သီလစသော အနက်ကို ချနေယျဘို့ သန္တာန်၌ ထားကြောင်း ဖြစ်သော ကြောင့် ဒေသနာကို "နိက္ခေပ"ဟု ခေါ်၏။

ဝုစ္စမာနာ ပါကဋာ ဟောတိ။ ။သုတ္တနိက္ခေပကို စိစစ်၍ ဆိုအပ်သော် ဤ ဒေသနာတော်သည် ဤအကြောင်းကြောင့် ဖြစ်ပေါ်ရပေ၏ဟု ကောင်းမွန်စွာ သုတ်၏ နိဒါန်းကို ကြည့်ရှုခြင်းဖြင့် ထို သုတ်အဖွင့်ကို လွယ်ကူစွာ သိအပ်သောကြောင့် ထင်ရှားသည်။

သံသဂ္ဂဘေဒကို မဆို သုတ္တနိက္ခေပ ၄-ပါးသာ ဆို။ ။အလုံးစုံ ခပ်သိမ်းသော သုတ္တနိက္ခေပ တို့၌ သံသဂ္ဂဘေဒ မရအပ်သောကြောင့် သံသဂ္ဂဘေဒကို မဆိုမူ၍ သုတ္တနိက္ခေပ ၄-

**ပါးသာ ဆိုရပါသည်။ ချဲဦးအံ့။ အတ္တဇ္ဈာသယ အတ္ထုပ္ပတ္တိက ၂-ပါးသည် ပရဇ္ဈာသယ-ပုစ္ဆာဝသိကာနှင့် ပေါင်း၍ သံသဂ္ဂဘေဒ ဖြစ်နိုင်သည်။**

၁။ **အတ္တဇ္ဈာသယ** ပရဇ္ဈာသယ၊ ၂။ အတ္တဇ္ဈာသယ ပုစ္ဆာဝသိက၊ **၃။ အတ္တဇ္ဈာသယ** ပရဇ္ဈာသယ ပုစ္ဆာဝသိက။ ၄။ အတ္ထုပ္ပတ္တိက ပရဇ္ဈာသယ **၅။အတ္ထုပ္ပတ္တိက** ပုစ္ဆာဝသိက၊ ၆။အတ္ထုပ္ပတ္တိက ပရဇ္ဈာသယ ပုစ္ဆာဝသိက-ဟု **အဇ္ဈာသယပုစ္ဆာ**တို့မှာ ဆက်စပ်ခြင်းရှိသောကြောင့် အတ္တဇ္ဈာသယအတ္ထုပ္ပတ္တိက **တို့မှာ** ပရဇ္ဈာသယ ပုစ္ဆာဝသိကတို့နှင့် ရောမှုဖြစ်နိုင်သည်။ အတ္တဇ္ဈာသယနှင့် အတ္ထုပ္ပတ္တိကမှာ အချင်းချင်းရော၍ မရပါ။ ထိုသို့ အကြောင်းမဲ့တ္တာရနည် ဖြင့် သံသဂ္ဂဘေဒကို မရအပ်သောကြောင့် ၄-ပါးသာ ဆိုပါသည်။ (ဋီ-၂၁၀)

**အတ္တဇ္ဈာသယကို သီးခြားနိက္ခေပဟု ဆိုရပုံ။** ။သူတပါးတို့၏ ဣန္ဒြေရင့်ကျက်ခြင်းစသောအကြောင်းကို မရှုငဲ့ပဲ **ကိုယ်တော်၏** အလိုအားဖြင့်ပင် တရားတော် အစဉ်ထားခြင်းအကျိုးငှာ ဖြစ်စေအပ်သော ဒေသနာရှိသောကြောင့် အတ္တဇ္ဈာသယကို သီးခြားနိက္ခေပအဖြစ် ဆိုသင့်ပါသည်။ (အတ္တနော အဇ္ဈာသယေနေဝ ကထေတိ)

**ပရဇ္ဈာသယ ပုစ္ဆာဝသိက သီးခြားယူရပုံ။** ။သူတပါးတို့၏ အဘိနီဟာရရှိပုစ္ဆာစသည်တို့မှလွတ်သော သုတ္တဒေသနာ၏ အကြောင်းဖြစ်ပေါ်မှုကို အတ္ထုပ္ပတ္တိအစွမ်းဖြင့် ယူအပ်ပြီးသောကြောင့် ပရဇ္ဈာသယ ပုစ္ဆာဝသိကတို့ကို သီးခြားယူရသည်။ သူတပါးတို့၏ ပုစ္ဆာမပါပဲ အဇ္ဈာသယကိုသာ အကြောင်းပြု၍ ဟောအပ်သော သုတ္တနိက္ခေပသည် ပရဇ္ဈာသယမည်၍ ပုစ္ဆာအစွမ်းဖြင့် ဟောအပ်သော သုတ္တနိက္ခေပသည် ပုစ္ဆာဝသိကမည်၏။ (ဋီ-၂၁၉)

**ဝိမုတ္တိပရိပါစနီယ။** ။အရဟတ္တဖိုလ်ကို ရင့်ကျက်စေသော သဒ္ဓိန္ဒြေ စသော တရားကိုယူ။

**ဝဏ္ဏာဝဏ္ဏေ။** ။ရဟန်းသံဃာ ပြောသော ဝဏ္ဏ၊ ဗြဟ္မဒတ်ပြောသော ဝဏ္ဏ ၂-မျိုးလုံးကို ဝဏ္ဏအရယူပါ။

**ဤဒိသေသုပိ။** ။ဤနေရာ၌ ပိသဒ္ဒါသမ္ဘာဝနတ္ထယူပါ။ ရတနာသုံးပါးဟူသောအကြောင်းကြောင့် သော်မှလည်း အကုသိုလ်စိတ် မဖြစ်စေထိုက်၊ ဝဋ္ဋာမိသ လောကာမိသ-ဟူသောအကြောင်းကြောင့် အကုသိုလ်စိတ် မဖြစ်စေသင့်သည်ကား ပြောစရာမလို-ဟု သမ္ဘာဝနာပြုပါ။ (ဋီ-၂၂၁)

ဓမ္မနေတ္တိ။ ။ပရိယတ္တိ ဓမ္မသည်ပင် သဒ္ဓမ္မကို ဆောင်တတ်သောကြောင့် "ဓမ္မနေတ္တိ" မည်၏။

ကောပယေတံ အဓိဝစနံ။ ။အာဃာတပုဒ်အရ ဒေါမနဿစသော တရားတို့သည်လည်း စိတ်ကိုထိခိုက်တတ်၍ ကောက်သင့်သော်လည်း ကောပဒ္ဒသာ (ရုဋ္ဌိနည်းအရ) တင်စားသည်-ဟုပြသည်။

အာဟနတိစိတ္တန္တိ အာဃာတော။ ။ဤ၌ သဘာဝဓမ္မမှအခြားသော ကတ္တား မရှိကြောင်းကို ထွန်းပြခြင်းငှာ အာဃာတ-ဟူသောပုဒ်ကို ကတ္တားအနက်၌ ပြသည်။

သမ္ပယုတ္တဓမ္မာနံ ကရဏံ။ ။အာဃာတ စသည်တို့ဖြစ်ခြင်းငှာ (ဖြစ်ဖို့ရာ) အကြောင်းအပေါင်းကို ဤနေရာ၌ "ကရဏ" ဟု ဆိုသည်။ အနက်အားဖြင့် ဖြစ်စေခြင်းပင်။ ဖြစ်စေခြင်းကို ရည်ရွယ်၍ ပါဠိတော်၌ "န ကရဏီယာ" ဟု ဟောတော်မူသည်။

ပဋိက္ခိတ္တာမေဝ။ ။သိုက်သည်အားလျော်စွာ ဧကုပ္ပါဒ-ဧကနိရောဓ-ဧကာရမ္မဏ-ဧကဝတ္ထုကဖြစ်သောကြောင့်တည်း။ ဆိုလိုသည်မှာ-ပါဠိတော်၌ သင်္ခါရက္ခန္ဓာ ဝေဒနာက္ခန္ဓာ ၂-ပါးပယ်ခြင်းကိုသာ ပြသော်လည်း ကြွင်းကျန်သော သမ္ပယုတ်တရားတို့၏ ပယ်ခြင်းကိုလည်း ဧကုပ္ပါဒ-စသည် ဖြစ်သောကြောင့် ပယ်ပြီးပြီ-ဟူလို။

တဿံ ဝါ အဝဏ္ဏေ။ ။ဤ ဒုတိယနည်းသည် နိမိတ္တတ္ထ ဘာဝလက္ခဏ သတ္တမီဝိဘတ် သက်ရန်ပြသည်။ ဘာကြောင့်နည်း—ထို အဂုဏ်-နိန္ဒာတို့သည် ဖြစ်ဆဲကဲ့ရဲ့ စကားပြောသော ပုဂ္ဂိုလ်နှင့် ဆက်စပ်သောကြောင့် ကောပ-ဒေါမနဿတို့၏ တည်ရာ မဖြစ်နိုင်သောကြောင့်တည်း။ တဩ၊ ဆိုအပြစ်ပြောသော ပုဂ္ဂိုလ်တို့၌။ တနည်း—ဘာဩ၊ ထိုအပြစ်ပြောခြင်းကြောင့်။ တနည်း—ဘာဩ၊ ထိုအပြစ်ပြောခြင်းသည်။ သတိ၊ သော်-ဟု အနက် ပေးပါ။

အန္တရာယော။ ။အန္တရာယော—ဟု ဆိုလျှင် ရဟန်းတရားထူး၏ အန္တရာယ်ဟူ၍ အနက်ကို အရအားလျော်စွာ သိအပ်သောကြောင့်လည်းကောင်း၊ သိအပ်သော အနက်ရှိသော သဒ္ဒါကို သုံးစွဲရာ၌ အလိုရှိသလို သုံးစွဲနိုင်သောကြောင့်လည်းကောင်း "ပဌမဇ္ဈာနာဒီနံ အန္တရာယော" ဟု ဆိုရသည်၊ (အန္တရာယောသည် မနောပဒေါသကို မပြုထိုက်ခြင်း၏ အကြောင်းပြသည်။) (ဋီ-၂၂၂)

**အပိနုတုမှေ ပရေသံ**။ ။ထိုမနောပဒေါသသည် အချိန်ကာလ ကြာမြင့်မှ ဖြစ်သော ဟိတသုခ၏ အန္တရာယ်ကိုသာ ပြုတတ်သည် မဟုတ်သေး၊ စင်စစ်သော်ကား ထိုခဏ၌ ဖြစ်ထိုက်သော ဟိတသုခ၏အန္တရာယ်ကိုလည်း ပြုတတ်သေး၏-ဟူ၍ မနောပဒေါသ၌ အပြစ်ကို ခိုင်မြဲအောင် ပြု၍ ပြခြင်းငှာ "အပိနု" စသည်ကို ဟောတော်မူသည်။ ("ပရေသံ၊ မိမိမှ တပါး အခြားသော အလုံးစုံသော ပုဂ္ဂိုလ်တို့၏" ဟုပေးပါ။)

**သုဘာသိတဒုဗ္ဘာသိတဿ အတ္ထံ**။ ။ပါဠိတော်၌ သုဘာသိတ-ဒုဗ္ဘာသိတ စကားကိုသိခြင်းသည်လည်း ထိုစကား အနက်ကို သိခြင်းဖြင့်ပင် ပြီးသောကြောင့် "အတ္ထံ" ဟု ဆိုပါသည်။ (ဋီ-၂၂၂)

ဣဒ္ဓ ဣဒ္ဓ ကာရဏံ။ ။မဖောက်မပြန် ဟုတ်မှန်သော တရားဒေသနာ ရှိသောကြောင့် ငါတို့ဘုရားသည် သဗ္ဗညုအစစ်ပင် ဖြစ်သည်။ စင်စစ်ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်သောကြောင့် တရားတော်သည် သွာက္ခာတပင် ဖြစ်သည်၊ ကိလေသာ အညစ်အကြေး အပြစ်ဘေးတို့မှ ကင်းဝေးသောကြောင့် သံဃာတော်သည် သုပ္ပဋိပန္နပင် ဖြစ်သည်-ဟု အကြောင်းပြပါ။ (ဋီ-၂၂၃)

ပရိယာယသဒ္ဒါထပ်ဆိုရကြောင်း။ ။ဟောရာအခါ ဖြစ်စေ၊ နောင်အခါ၌ ဖြစ်စေ၊ အချို့သော ပုဂ္ဂိုလ်တို့အတွက် ဘယ်နည်းနှင့်မဆို ထိုအနက်ကို သိစေခြင်းအကျိုးငှာ ပရိယာယ်စကားကို ဟောတော်မူပါသည်။ မှန်ပါသည်- တရားတော်ကို နာယူသော ပုဂ္ဂိုလ်အပေါင်းတို့တွင်အကြင်ပုဂ္ဂိုလ်သည် ထိုပရိယာယ်စကားတို့ကိုချန်၍ "ဤစကား၏ အဓိပ္ပါယ်ကား ဒါပဲ" ဟု အမှတ်အသားပြုဘူးသည်၊ အမှတ်အသားပြုဘူးသော ထိုပုဂ္ဂိုလ်အား ထိုပရိယာယ်စကားဖြင့်သာ ထိုအနက်ကို ထည့်သွင်း၍ သိမှုဖြစ်နိုင်ပါသည်။

ယေန ကေနစိ အတ္ထဿ၊ ဗောဓနေယ အညသဒ္ဒတော။
ဝိကပ္ပိတ္တကမနာနမ္ပိ၊ ပရိယာယကထာ ကတာ။

မန္ဒာနဥ္စ အမုဠ္ဟတ္ထံ၊ အတ္ထန္တရနိသေဓယာ၊
တံတံနာမနိရုဠ္ဟတ္ထံ၊ ပရိယာယကထာ ကတာ။ (ဋီ-၂၂၆)

ယေန ကေနစိ၊ အမှတ်မထားတပါးပါးဖြင့်။ အတ္ထဿ၊ အနက်အဓိပ္ပာယ်ကို။ ဗောဓာယ၊ ထိုးထွင်း၍ သိခြင်းငှာလည်းကောင်း။ ဝိက္ခိတ္တကမနသာနံ၊ ပျံ့လွင့်သော စိတ်ရှိသော ပုဂ္ဂိုလ်တို့အတွက်။ တဒတ္ထာဝဗောဓနတ္ထမ္ပိ-ထိုအနက်ကို ထိုးထွင်း၍ သိခြင်းအကျိုးငှာလည်း။ အညသဒ္ဒတော၊ သဒ္ဒါတမျိုးမှ။ ပရိယာယကထာ၊ တမျိုးသော ပရိယာယ်ဝေစုစ် စကားလှယ်ကို။ ကတာ၊ ဟောတော်မူအပ်ပြီ။

မန္ဒာနံ၊ ပညာနုံ့သော ပုဂ္ဂိုလ်တို့၏။ အမူဠှတ္ထံ။ မတွေဝေခြင်းအကျိုးငှာ လည်းကောင်း။ အတ္ထန္တရနိဒဿနာယ၊ အနက်တပါး ပြခြင်းကို တားမြစ် ခြင်းငှာ လည်းကောင်း။ တံ တံ နာမနိရုဠှတ္ထံ၊ အမျိုးမျိုးသော ထို ထို နာမ ပညတ်တို့၏ ထိုသို့ အနက်တို့၏ ထင်ရှားခြင်းအကျိုးငှာ လည်းကောင်း။ ပရိယာယကထာ၊ ကို။ ကတာ၊ ၏။ (ဋီ-၂၂၄၊ ၅၊ ၆)

ဒသဟိအက္ကောသဝတ္ထူဟိ၊ ။ဇာတိ၊ နာမ၊ ဂေါတ္တ၊ ကမ္မ၊ သိပ္ပ၊ အာဗာဓ၊ လိင်္ဂ၊ ကိလေသ၊ အာပတ္တိ၊ အက္ကောသနံ။

တာဒိလက္ခဏာ၊ ။၁။ ဣဋ္ဌာနိဋ္ဌေ တာဒီ၊ ၂။ စတ္တာဝီတိ တာဒီ။ ၃။ တိဏ္ဏာဝီတိ တာဒီ။ ၄။ မုတ္တာဝီတိ တာဒီ။ ၅။ တံနိဒ္ဒေသာ တာဒီ ဤငါးနက်တွင် ဤ၌ ဣဋ္ဌာနိဋ္ဌေ တာဒီကို ယူပါ။

စေတသိကသုခဿေတံ အဓိဝစနံ၊ ။ဤ၌ သုမနသဒ္ဒါသည် စိတ္တဝါစက ဖြစ်သော် စေတသိကသုခ၏ ဘာဝ အနက် ဖြစ်ခြင်းသည် သင့်ဘိ၏၊ သုမန သဒ္ဒါသည် ပုဂ္ဂလဝါစက ဖြစ်သော် စိတ်သည်သာ ဘာဝအနက်ဖြစ်၍ စေတသိကသုခသည် ဘာဝအနက် မဖြစ် သင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏၊ အဖြေကား—ဒြပ်ကို ငဲ့ဆ၍ ဘာဝ ဖြစ်စကား မှန်ပါသည်။ သို့သော် ဤနေရာ၌ ဒြပ်ကို မငဲ့ပဲ ထိုဒြပ်နှင့် ယှဉ်သော မူလအကြောင်း ဖြစ်သော စေတသိကသုခကိုသာ ရှုငဲ့၍ သုမနသဒ္ဒါဖြစ်သော ကြောင့် စေတသိကသုခသည်ပင် ဘာဝဘူတ ဖြစ်သင့်ပါသည်။ ထို့ကြောင့် “စေတသိကသုခဿေတံ အဓိဝစနံ”ဟု မိန့်။

ဤစကားဖြင့် အခြားသော စေတသိက်တို့လည်း စိတ်နှင့် စပ်သောကြောင့် လည်းကောင်း၊ စိတ်သည် ပြုအပ်သောကြောင့် လည်းကောင်း သောမနဿ အရ ဖြစ်သင့်သော်လည်း ရုဠှီနည်းအရ စေတသိကသုခကိုသာ ယူရသည်။ (ပင်္ကဇ၌ ကဲ့သို့တည်း။) (ဋီ-၂၂၇)

**စေတသော။** ။ဥပ္ပိလာဝိတ အရ၌ စိတ်ကို ကောက်ရသော်လည်း တစ္ဆိတ်ပြီးသောအခါ တက်ကြွသော သဘော သာမညရ၏။ ထို့ကြောင့် အဘယ်၏ ဥပ္ပိလာဝိတနည်းဟု မေးဖွယ်ရှိရကား "စေတသော" ဟုမိန့်။ (၂၂၇)

သမာသော စ တန္တိတော စ၊ ဝါကျတ္တေသု ဝိသေသကာ။
ပသိဒ္ဓိယန္တု သာမညံ၊ ဘေလံ သုဂတာဝိဝရံ။

တေန ဥပ္ပိလာဝိတတ္တေန။ ။ညှိ၌ အာနန္ဒခနော ဥပ္ပိလာဝိတာတို့ဖြင့် ပြအပ်သော ပီတိကိုသာ ယူ၍ "တေန ဥပ္ပိလာဝိတတ္တေန" ဟု ဆိုခြင်းသည် သောမနဿနှ ကင်းသော ပီတိမရှိသောကြောင့်တည်း။ တနည်း—သောမနဿ၏ အန္တရာယ်ပြုခြင်းသည် ထင်ရှားသည်။ ပီတိ၏ အန္တရာယ်ပြုခြင်းကား မထင်ရှားပေ။ ထို့ကြောင့် ပီတိကိုသာ ပြသည်။ (၂၂၈)

ဂေဟသိတံ၊ ။အိမ်၌ နေသူ လူဝတ်ကြောင်တို့၏ အလေ့အကျက် ဖြစ်သောကြောင့် "ဂေဟ" ဟုဆိုအပ်သော ကာမဂုဏ်၌ မှီသော။

ငိသေသံ နိဗ္ဗတ္တေတုံ နာသက္ခိ။ ။မြတ်စွာဘုရား၌ လည်းကောင်း၊ တရားတော်၌ လည်းကောင်း ဖြစ်သော ဂေဟသိတပေမ ရှိနေသောကြောင့် တရားထူးကို မဖြစ်စေနိုင်ပါ။ (၂၂၉)

ပရိနိဗ္ဗာနကာလေ၊ ။ပရိနိဗ္ဗာန် စံတော်မူခါနီး အခါ၌ (ဘဂဝတာ ပညတ္တေန တစ္ဆိတော်ဘို၌ ငင်)၊ တနည်း—ပရိနိဗ္ဗာနကာလေ၊ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသော အခါ၌ (သံဃေန တစ္ဆိတော် နိဗ္ဗတ္တေတိ၌ ငင်)။ (၂၂၃)

ဗြဟ္မဒတ္တေန။ ။တိက္ခဝုဟိ ဗုဒ္ဓန္တာမေ နေ၀ ဝတ္တဗ္ဗော၊ န ဩဝဒိတဗ္ဗော၊ နာနုသာသိတဗ္ဗောဟူ၍ ပြအပ်သော ဗြဟ္မဒဏ်။ (ဋီ-၂၂၉)

အယမ္ပိ လောဘသဟဂတာ ပီတိ၊ ။ထိုပီတိသည် ရာဂနှင့်တကွ ဖြစ်သောကြောင့် ချွန်နီ မင်ဘိုလ်တို့၏အန္တရာယ်ကိုပြုသည် ညှိကာရေပ်၌ ရာဂနှင့်တကွ ဖြစ်သော ပီတိ သောမနဿဟုဆိုသင့်သော်လည်း သောမနဿနှင့်ကင်းသော ပီတိဟူသည် မရှိသောကြောင့် ပီတိကိုယူခြင်းဖြင့် သောမနဿကိုလည်း ယူပြီး ဖြစ်သည်သာ။ တနည်း—

သောဝိဘင်္ဂ-အသောဝိဘင်္ဂ ခွဲခြားဝေဖန်ပုံကို သုတ်၌ ဟောသောကြောင့်, သောမနဿ၏ အနွှတ်ရာယ်ပြုပုံသည် ထင်ရှား၏၊ ပီတိ၏ အန္တရာယ်ပြုပုံကား ထိုကဲ့သို့ မထင်ရှားပါ၊ ထို့ကြောင့် ပီတိကိုသာ "ရာဂနှင့်တကွသော"ဟု ဝိသေသနပြု၍ ဆို၏။ (၂၂၉)

တတိယဝါရော ပန ဝသည်။ ။မမ်ဝါ ဘိက္ခဝေ၊ပေ၊ ဘာသေယျုံ၊ တတြ စေ တုမှေ အဿထ အာနန္ဒိနော ,သုမနာ ဥပ္ပိလာဝိတာ၊ အပိနု တုမှေ ပရေသံ သုဘာသိတဒုဗ္ဘာသိတံ အာဇာနေယျာထာတိ၊ နော ဟေတံ ဘန္တေ ဟူ၍ အာဏတ္တိမိ၌ ဟောတော်မူအပ်သော နည်းဖြင့် တတိယဝါရအရာ၌ထုတ်ဆောင်ထိုက်သောကြောင့် "တတိယဝါရ" မည်သည်။ (ပါဠိတော်၌ကား မလာ မရှိပါ။) (၂၃၀)

ဘာကြောင့်မလာ။ ။ဘဆုံးဟောတော်မူရာ၌ တတိယဝါရဖြင့် သိစေထိုက်သော ပုဂ္ဂိုလ် မရှိသောကြောင့် ဒေသနာတော်၌ မလာပါ၊ သို့သော် ထိုအနက် အဓိပ္ပာယ် ဖြစ်သင့်သောကြောင့် အနက်အား ဖြည့်လာသည်ဟု မိန့်။ (၂၃၀)

သဘာဂါန် ဘိက္ခူနံယေဝ ပဋိဇာနိတဗ္ဗံ။ ။အနာပတ္တိ ဥပသမ္ပန္နဿ ဘူတံ အာရောစေတိ-ဟူ၍ဟောတော်မူပ်သော်လည်း သဘောတူရဟန်းတို့အား ပြောကြားခြင်းသာ သင့်လျော်သောကြောင့် သဘာဂါနံ၊ပေ၊ ပဋိဇာနိတဗ္ဗံဟု ဆိုသည်။ မှန်၏။ ထိုသဘောတူရဟန်းတို့ကသာ အကျိုးကို လိုလားသည်ဖြစ်၍ ယုံကြည်ဖွယ် စကားဟု မှတ်သားကြသည်၊ ထို့ကြောင့် သာသနဿ အခမာဃာတာ ဒိပိတာ ဟောတိဟု ဆိုအပ်သော အနက်ကို ပြီးစေနိုင်ရာ၏။ (၂၃၀)

---

စူဠသီလ

ကော အနုသန္ဓိဟု ဘာကြောင့်ဆို။ ။ကျမ် အတိုင်းအရှည်ရှိသော စကား အစဉ်ဖြင့်ပင် ဆိုအပ်ပြီးသော ဝဏ္ဏာ ဝဏ္ဏတို့ဖြင့် စပ်သော ဒေသနာတော်သည် ပြီးဆုံးခြင်းသို့ ရောက်သည် မဟုတ်လောဟူ၍ စိစစ်မေးမြန်းမှု ဖြစ်သင့်သောကြောင့် ဆိုသည်။ (၂၃၀)

နိဝတ္တော။ ။အခြေအမြစ် မရှိသည့်အတွက် ဖြေဇရာ မရှိသောကြောင့် နစ်သည်။ ။(ဋီကာဟောင်း) တနည်း —ထိုအဝဏ္ဏကို ခွဲ၍

ဟောခြင်းဖြင့် သိစေထိုက်သော ပုဂ္ဂိုလ်မရှိသောကြောင့် ဒေသနာသည် ဤမျှသာ သင့်လျော်၏ဟု ဘုရားရှင်၏ အဇ္ဈာသယဖြင့်သာ မဟောသော ကြောင့် နစ်သည်။ ဝဏ္ဏဘူမိလာ တတိယဝါရကဲ့သို့ မှတ်ပါ။ (ဋီကာသစ်) (ဋီ-၂၃၀-၁)

**အနုဝဏ္ဏတိယေဝ၊** ။သိစေထိုက်သော ပုဂ္ဂိုလ်ဖြစ်သည်၍ အပြေကို ရနိုင်သော ကြောင့် ဝဏ္ဏသည် အစဉ်လိုက်သည်သာ။ (၂၃၁)

**အနုတ္တကဘာဝေါ။** ။နွှေပုဒ်၏အနက်၌ပင် ဖြစ်ခြင်းကြောင့် အနုတ္တာ ဘာဝေါ-ဟူသည် သာတ်အနက်၌ဖြစ်ခြင်းသည်း။ မှန်၏။ သဒ္ဒါတို့သည် လုံး၁ အနက်၌ရှိ မဖြစ်နိုင်ကြပါ၊

**သီလမေဝ သီလမတ္တကံ ဒွိ ဝေဒနာဒွယ်။** ။ဘုရားရှင်၏ ပါရမီ အာနု တော်ကြောင့် အကျိုး မရှိသော အနက်မရှိသော အက္ခရာတလုံးမျှသည်း နှုတ်တော်သို့ မရောက်ပဲ အလုံး စုံသော ပရိယတ္တိ သာသနာသည် ပုဒ်တိုင်း ပုဒ်တိုင်း သဝ္ဒ ၃-ပါးကို ဆင်ရှား ပြ၏-ဟု ဆိုသည် မဟုတ်ပါလော။ အဘယ်သို့လျှင် အနုတ္တက ဖြစ်ရသနည်း ဟု မေးဖွယ်ရှိ၏။ အဖြေကား—မှန်ပါသည်၊ မတ္တကသည်ကား သီလဟူသော ပုဒ်တပါးသည် ဟောအပ်သော အနက်ကို အထူးပြုခြင်းဖြင့် သီလပုဒ် ဟော အပ်သော အနက်ကိုပင် ဟောသည်၊ ထိုအနက်သည်ကား မတ္တကပုဒ် မပါပဲ သီလဟူသော ပုဒ်တပါးဖြင့်ပင် သိခြင်းငှာ ဖြစ်နိုင်သောကြောင့် အနုတ္တက ဟု ဆိုသည်၊ လိုရင်းကား မတ္တကသည် သီလဟော အနက်ကို အထူးပြုခြင်း ဖြင့် ဟောသည်၊ ဤအလိုရှိအပ်သော အနက်ကို မတ္တကမပါပဲ သိနိုင်သည်။ ထိုကြောင့် အနုတ္တက-ဟု ဆိုသည်။ လုံးဝမဟောသောကြောင့် အနုတ္တက ဟု ဆိုသည် မဟုတ်ဟူလို။

တနည်း—ဘုရားရှင်၏ ဒေသနာတော်သည် ဝေနေယျတို့၏ အဇ္ဈာသယ အားလျော်စွာ ဖြစ်သည်။ ဝေနေယျတို့သည်လည်း အစအဆုံး သံသရာတခွင်၌ လောကီသဒ္ဒါတို့၌သာ လေ့ကျက် ထုံမွမ်းအပ်သော စိတ်ရှိကြသည်၊ လောက၌ အနက်ဆုံးကို သိစေခြင်းမရှိသော်လည်း ဝါစာသိလိဋ္ဌ အဖြစ် စသည် အစွမ်း ဖြင့် သဒ္ဒါ သုံးစွဲပုံကို တွေ့မြင်ရသည်။ ထိုကြောင့် ထိုသို့ လေ့ကျက်အပ်သော ဝေနေယျတို့အား ထိုသို့ သဘောရှိသော သဒ္ဒါကို ဟောသဖြင့် အနက် အဓိပ္ပာယ်ကို သိမှု လွယ်ကူသောကြောင့် အနုတ္တက သဒ္ဒါကို ယှဉ်တွဲ၍ ဟောတော်မူပါသည်၊ (၂၃၁-၂)

သီလကွန် ၈ (ခ)

အဌကထာမုတ္တကံ။ ။သီလတွင်လည်း အချို့သီလကိုသာ သိမ်းယူခြင်းငှာ အမဟတ္တ ဝါစကံ မတ္တက သဒ္ဒါကို ဆိုသည်။ မုန်၏- ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတ သီလတို့ ဤဒေသနာ၌ မပါကြပါ။ ဘာကြောင့်နည်း—ပါတိမောက္ခ သံဝရသီလ အာဇီဝပါရိသုဒ္ဓိ သီလများကဲ့သို့ ပုထုဇဉ် အာလုံးတို့၌ မထင်ရှားသောကြောင့်တည်း။ သီလမတ္တကံ-သီလတွင် ပင် မစုံလင်၍၊ အထင်သေးစရာ၊ သီလကလေးမျှသာတည်း ဟု အနက်ပေး တော်မူကြ၏။ (၂-၁)

သဘာဥ ဂန္ဓော။ ။ဤ၌ သီလကိုသာ သဒိသူပစာဖြင့် (သို့မဟုတ်) သီလံ ဝိယ သီလံ ဟု တဒ္ဓိတ်ဖြင့် ဂန္ဓ ဟု ဆိုသည်။ (သီလဥ္ဇ ကိရိယာ နိမိတ္တံ) တနည်း—သီလနှင့် စပ်သော ကျော်စောသံကို ဂန္ဓ ဟု ဆိုပါသည်။ (ဋီ-၂၃၄)

သပ္ပုရိသော ပဝါယတိ။ ။သူတော်ကောင်းသည် အနံ့ရှိသော သစ်ပင်နှင့် တူသောကြောင့် အပြားအားဖြင့် မွှေးကြိုင်သည်။

သိလေ ပတိဋ္ဌာယ စသည်။ ။ပဋိသန္ဓိပညာယ သပညော၊ ပါရိဟာရိက ပညာယ နိပကော။

ပထဝိံ နိဿာယ။ ။ပထဝိံ ရသဟာဘာသေန နိဿာယ၊ သီလံ ပန ပရိပူရကာသေန နိဿာယ ပတိဋ္ဌာနံ ဒဋ္ဌဗ္ဗံ။

ဥပရိဂုဏေ ဥပနိဓာယ။ ။အငယ်အကြီး၏ အဖြစ်သည် ပါရ-အပါရ စသည် ကဲ့သို့ ဥပနိဓာပညတ် ဖြစ်သောကြောင့် အချင်းချင်း ထောက်ဆ၍ ဟောသည်ဟု ပြဆိုခြင်းငှာ "ဥပရိဂုဏေ ဥပနိဓာယ" ဟု မိန့်သည်။ (၂၃၄)

န ပါပုဏာတိ။ ။ဂုဏ်တူသောအားဖြင့် မရောက်။ (၂၃၄)

အာဘိသမ္မာဓိတော တိတ္ထိယမဒ္ဒနံ။ ။ဤကားရပ်ကို ထိုယမကပါဋိဟာရိယ ၏ အလွန် ထင်ရှားကြောင်းကို ပြခြင်းအကျိုးငှာလည်းကောင်း၊ အခြားသော ဗောဓိပင်ရင်း၌လည်းကောင်း၊ ဉာတိသမာဂမစသည်တို့၌လည်းကောင်း ပြုအပ်သောပါဋိဟာရိယ တို့ထက်ထူးကြောင်းကို ပြခြင်းအကျိုးငှာလည်းကောင်း ဆိုသည်။ (၂၃၅)

**ရတနာ မဏ္ဍပ် စသည်။** ။သိကြားမင်း စေခိုင်းအပ်သော ဝိသကြုံနတ်သား ပြုအပ်သည်ဟု ကေစိတို့ ဆိုကြ၍ အပရေဆရာတို့ကား ဘုရား ဖန်ဆင်းတော်မူအပ်သည်ဟု ဆိုကြပြန်သည်။ များစွာသော အဋ္ဌကထာတို့၌ကား ရတနာမဏ္ဍပ်ကို သိကြားမင်း စေခိုင်းချက်အရ ဝိသကြုံ နတ်သား ပြု၍၊ စင်္ကြံကိုကား ဘုရားရှင် ဖန်ဆင်းတော်မူသည်ဟု ဆိုသည်။ (၂၃၅)

**ဒွါဒသယောဇနာယ ပရိသာယ။** ။ကျိုးစားကို အနှပ်လေးမျက်နှာတို့၌ အသီးသီး ၁၂-ယူဇနာ ရှိသော လူ ပရိသတ်ကို ရည်ရွယ်၍ ဆိုပါသည်။ ထိုအခါ၌ နတ်ဗြဟ္မာတို့ကား စကြဝဠာ ကိုက်ကို ပြည့်စေ၍ ထိုင်နေကြသည်။ (ဋီ-၂၃၅)

**အတ္တာဒါနပရိဒီပနံ။** ။ညီညီသော တန်ခိုးပြဿနာကို ပြုနိုင်စွမ်းသူ ငါလျှင် သာခဲ့–ဟု စောဒနာခြင်းနှင့် တူသောကြောင့် "အတ္တာဒါန ပရိဒီပနံ" ဟု ဆိုသည်။ ဤနေရာ၌ စောဒနာသည် အရပ်ခြောက် အားဖြင့် စိမ်ခေါ်ခြင်းမျိုးတည်း။

**တိတ္ထိယမဒ္ဒနံ၊** ။ပါဠိ၌ဘာရိယကို ပြုကုန်အံ့ ဟု အံ့ဖွယ်သရဲကို ဖြစ်စေခြင်း အားဖြင့် ရှေး၌ ထကြွကုန်သော တိတ္ထိတို့၏ ထိုအတိုင်း ပြုခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကို ပြီးစေခြင်းသည်ပင် နှိပ်နင်းခြင်း မည်၏။

**ဆန္ဒ ဝဏ္ဏာနံ၊** ။ဆန္ဒ ဝဏ္ဏာနံ-တို့တွင် ဟု ပေး၍ ယမကာ သမကာ ဝဏ္ဏာ ပဝဏ္ဏနီ–ဟူသော ပါဠိသေသနှင့် စပ်ပါ။ တနည်း–ကေစိ အလို ဆန္ဒ ဝဏ္ဏာနံ-တို၏ ဟု ပေး၍ အဂ္ဂိက္ခန္ဓော ဥဒကဓာရာ-ဟူသော ရှေးပုဒ် တို့နှင့် စပ်ပါ။ ဤကေဝိပါဒ မသင့်ပါ၊ ဘာကြောင့်နည်း။ မီးအစု ရေ အယဉ်တို့၏ အကျိုးငှာ ဘေခေါကသိုဏ်း၊ ဝါယောကသိုဏ်းများ ဝင်စား ပုံကို ဆိုလတံ့သောကြောင့်တည်း။ တနည်း–ဆန္ဒ ဝဏ္ဏာနံ-တို့သည်–ပေးပါ ဟု ဆိုသေး၏။ ကေသေ ပေပိ ဘိက္ခုနော န ပင္ခိဘာသေသျ တိ ဇင်္ဘုနှိ အပသာဒေတုံ–ကဲ့သို့ ဆဋ္ဌီဝိဘတ်သည် ပဌမာ အနက်ကိုလည်း ဟောသည်။ (ဋီ-၂၃၇)

**သုဝဏ္ဏဝဏ္ဏာ ရသ္မိယော၊** ။ရွှေသောအရောင်တွေ များသောကြောင့်ဆိုပါ သည်။

**အာဝဇ္ဇနပရိကမ္မာစိတ္တာနိ ဝိသုံ ဝိသုံယေဝ။** ။ဝိဘ်အကြိမ် အမျိုးမျိုးဖြစ် သောကြောင့် အာဝဇ္ဇန ပရိကမ္မစိတ်တို့သည် လည်းကောင်း၊ ကသိုဏ်းအမျိုးမျိုး ဖြစ်သောကြောင့်

အဓိဋ္ဌာန စိတ်အကြိမ်တို့သည် လည်းကောင်း သီးခြား သီးခြားသာလျှင် ဖြစ်ကြသည်။ အာဝဇ္ဇန်း၏ အဆုံး၌ဖြစ်သော ဇောသုံးကြိမ်ကို ပရိကမ်အမည်ဖြင့်ပင် ဤနေရာ၌ ဆိုသည်။

မဉ္ဇိဋ္ဌရောင်ခြည်၊ ပဘဿရရောင်ခြည် ဖြစ်ဖို့ရာအကြောင်း ကသိုဏ်း မဆိုခြင်း အကြောင်း။ ။မဉ္ဇိဋ္ဌရသ္မိအတ္ထာယ လောဟိတကကသိဏံ၊ ပဘဿရသ္မိအတ္ထာယ ပီတကကသိဏံ— ဟူသော စကားကို လောဟိတအရောင်ခြည် ပီတရောင်ခြည်တို့၏ အကြောင်း ကသိုဏ်းကို ဆိုရာ၌ပင် ပြီးစီးသောကြောင့် မဆိုခြင်း ဖြစ်ပါသည်။ (တသ္မာဝ ဟိ မဉ္ဇိဋ္ဌ-ပဘဿရနိဒ္ဒေသော ဝိသေသပဒေဒဘူတာ။) (ဋီ-၂၉၇/၈)

ကပ္ပသတသဟဿာဓိကာနိ စတ္တာရိအသင်္ချေယျာနိ။ ။ဤအရေအတွက်သည် ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်း၌ ပဌမာဘိနီဟာရပြုဆုအခါမှစ၍ ရေတွက်သော စကား— ဟု မှတ်ပါ။ အလောင်းတော်ကား ထိုဘဝတို့မှကြောင့် ထိုဘဝ၌ အလိုရှိလျှင် သာဝကဗောဓိကို ရဖို့ရာစွမ်းနိုင်သော ပါရမီတော်များကို ဆည်းပူးပြီး— ဟု မှတ်ပါ။ ထို့ကြောင့် ဗျာဒိတ်ရခြင်း အကြောင်း ၈-ပါးနှင့် ပြည့်စုံသည်။ (ဝိနိဗ္ဗတ္တံ သင်္ချေယျံ- ဝသော စကားသည် သင်္ဂါယနာဘင် အဋ္ဌကထာတို့၌ မလာသောကြောင့် မသင့်ပါ၊) (ဋီ-၂၃၀)

စက္ကဝတ္တိသိရိနိဝါသဘူတံ။ ။စကြာဝတေးနှင့်ထိုက်သော ပုညရှိသောကြောင့် အလောင်းတော်ကို စကြာမင်း၏ စည်းစိမ်နှင့် ပြည့်စုံသူဟုဆိုထိုက်၍၊ အလောင်းတော်၏ နေရာနန်းတော်ကို “စက္ကဝတ္တိ သိရိနိဝါသဘူတံ” ဟု ဆိုသည်။ (ဋီ-၂၃၉)

နို့ဃနာဆွမ်း။ ။ဥရုဝေလတော သေနာနိဂုံး၌ နေသော သဌေး၏သမီး သုဇာတာအမျိုးသမီးကလေးသည် အရွယ်သို့ ရောက်လာသော် နေရဉ္ဇရာမြစ်ကမ်း အေးချမ်းသော ညောင်ပင်ရင်း၌ “အရှင်နတ်မင်း၊ ကျွန်မသည် အမျိုးတူလင်အိမ်သို့ရောက်၍ ပဌမသားယောကျ်ား ရခဲ့သော် နို့ဃနာဆွမ်းဖြင့် ပူဇော်ပသမှု ပြုပါမည်” ဟု ဆုတောင်းခဲ့ဘူးသည်။ သူမမှာ ထိုဆုတောင်းပြည့်သည်။ ထိုသုဇာတာအမျိုးသမီးသည် နွားမ ၇-ကောင်ကို ထန်းတော၌ အစာစားစေ၍-ထိုမှ မွေးဖွားသော နွားမ စသည်ဖြင့် ၇-ဆက်သို့ ရောက်သော နွားမတို့မှ နို့ရည်ကို ညှစ်ယူ၍ နို့ဃနာချက်ရန် ကြိုးစားအားထုတ်သည်။ [လဋ္ဌိ- သဒ္ဒါသည် ထန်း၊ နွယ်ချို၊ ကြိမ်အနက်များကို

ဟော၏။ လင်္ဂဝနကို ထန်းတောဟု ပြန်လိုက်ပါသည်၊ သင့်သလိုပြန်ဆိုက အဓိပ္ပာယ်စဉ်းစားနိုင်ကြရန် လင်္ဂ၏ အနက်ဟောများကို ဖော်ပြထားပါသည်။]

ထိုခဏ၌ ဗြဟ္မာမင်းကြီးသည် ၃-ယူဇနာရှိသော ထီးဖြူကိုဆောင်းမိုး၍ နတ်တို့သေဌ်နင်းသိကြားမင်းက မီးမှုတ်ပေးကာနတ်အပေါင်းတို့သည်လောကဌ် ရှိသော အရသာတွေကို ထည့်ကြလေသည်။ နို့ဃနာသည် လက်ျာချစ်ခွေ၍ ကျက်သည်။ သောက်သည်းရ စားလည်းရသည်။ ထိုသဇာတာအမျိုးကောင်း သမီးလေးသည် နို့ဃနာများကို တသိန်းတန်ရွှေခွက်၌ ထည့်၍ယူသွားကာ ရွှေခွက်နှင့်တကွ ဘုရားလောင်းအား လျှုဒါန်း ပူဇော်၍ ပြန်ခဲ့သည်၊

ဘုရားလောင်း၏ ဆွမ်း လုတ်ပမာဏ။ ။ထိုအခါ ဘုရားလောင်းသည် ရွှေခွက်ကို ယူ၍နေရဉ္စရာမြစ်ကမ်းဝယ် သုပ္ပတိဋ္ဌိတ အမည်ရဆိပ်၌ ထန်းသွေမှာကာ၄၉-လုတ်ပြု၍ ဘဉ်းပေးသည်။ ဤအကြောင်း ကိုရည်၍ "ဝိသာခါ (လ) ပရိဘုဥ္ဇ္ဇာ" ဟူ၍ မိန့်သည်။

သုဇာတာ။ ။ယသသေန်၏ မယ်တော်ဖြစ်၍ နောက်အခါ၌ သရဏဂုံအရာ၌ တေဒဂ်ရသော သင့္ဂေးကတော်တည်း။

ဩဇာ။ ။အင်္ဂါကြီးငယ်သို့ သျှောက်သော အရသာ၏ အနှစ်ဖြစ်သော၊ ထောက်ပံ့အားကို ပြုတတ်သော တူဘချင်၌ မိသောအရသာအထူး တမျိုးကို "ဩဇာ" ဟု ခေါ်သည်။

ဒက္ခိဏာဂုဋ္ဌရနှ။ ။နေသန့်သောင်မှုနာအရပ်မှ ဗောဓိပင်သို့ ဝင်ကြောင်း လမ်း ကို ရည်ရွယ်၍ "ဒက္ခိဏာဂုဋ္ဌရနှ" ဟု မိန့်သည်။ ထိုလမ်း သည် တောင်မြောက် ဖြောင့်ဖြောင့်ဖြစ်၍ နတ်တို့ တန်ဆာဆင်အပ်သော လမ်းတည်း။အချို့ကား—ပဉ္စမပုဒ်အလယ်၌ ကြေသောကြောင့် ဖြောင့်ဖြောင့် မဟုတ်၊ အနောက်သို့ ကွေ့သေးသည်ဟု ဆိုသည်။ ကေဝိတို့ကား— ဥတ္တရ ပုဒ်သည် မဂ္ဂပါဠိက ဖြစ်သောကြောင့် "တောင်လမ်းဖြင့်" ဟု ဆိုကြ သေးသည်။ ဤစကားသည် မဂ္ဂပါဠိက ဥတ္တရသဒ္ဒါ မရှိသောကြောင့်မသင့်ပေ။ အဓိပ္ပါယ်အလို—မြောက်အရပ်မှ သွားထိုက်သော တောင်အရပ် အဖို့သည် ဒက္ခိဏာဂုဋ္ဌရ တည်း။

တနည်း—အရပ်ဒေသကို ရည်ရွယ်၍ ဆိုသောစကားတည်း။ ထိုအခါဝယ် လမ်းခရီး၌ သောတ္ထိယ မည်သော မြက်ထမ်းသမားသည် လှူအပ်သော မြက် ၈-ဆုပ်ကိုယူ၍ ဘုရားလောင်းမှန်သမျှတို့၏ သက်သာမှုဖြစ်ရာ အရပ်၌ ပေါက်

သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာဖြစ်သော ဗောဓိမဏ္ဍိုင်သို့ ကြွ၍ သုံးကြိမ် လက်ျာရစ် ပြုကာ တောင်အရပ်၌ ရပ်တော်မူ၏။ ထိုအရပ်သည် ကြာရွက်ပေါ်၌ ရှိသော ရေကဲ့သို့ တုန်လှုပ်သည်။ အနောက်အရပ် မြောက်အရပ်တို့လည်း ထိုနည်းတူစွာ တုန်လှုပ်ကြသည်။ ထို့ကြောင့် "ဤ အရပ်အားလုံးသည် ငါ၏ဂုဏ်ကို ဆောင်သားခြင်းငှာ မစွမ်းနိုင်"ဟု နှလုံးပြု၍ အရှေ့မြောက် အရပ်သို့ ကြွတော်မူကာ ထိုအရပ်၌ ပလ္လင်တော်ပမာဏသည် တုန်လှုပ်မှုမရှိ ငြိမ်သက်စွာ တည်သည်။ ထိုအရပ်သည်သာ မှချအားဖြင့် ဗောဓိမဏ္ဍိုင် အမည်ရသည်။ "ဤနေရာသည် ကိလေသာတို့ကို ဖျက်ဆီးရာ အရပ်တည်း"ဟု ဆုံးဖြတ်၍ အရှေ့မြောက်အရပ်၌ တည်လျက် နောက်သပ်ရာအရပ်၌ ထိုမြက်တို့ကို အဖျားမှကိုင်၍ ကြဲဖြန့်သည်။ ထိုကြဲဖြန့်ရာ အခါ၌ပင် ၁၄-တောင် အပြန့်ကျယ်သော ပလ္လင်တော် ပေါ်ထွန်းသည်။ ထိုမြက်တို့သည် ဆန်းကြယ်သော အခြင်းအရာအားဖြင့် ဖြစ်ကြသည်။ (တူလိကာယ လေခါ ဂဟိတာ ဝိယ။) ဘုရားလောင်းသည် ထိုပလ္လင်တော်၌ အင်္ဂါသုံးပါးရှိသော ပလ္လင်ကို ခွေ၍ အင်္ဂါလေးပါးရှိသော မေတ္တာကမ္မဋ္ဌာန်းကို ရှေ့သွားပြုကာ အင်္ဂါလေးပါးရှိသော ဝီရိယကို အဓိဋ္ဌာန်၍ ထိုင်တော်မူသည်။ ထိုအနက်ကို ချုံး၍ ပြလိုသောကြောင့် ဗောဓိမဏ္ဍံ ပဝိသိတွာ-သည်ကို မိန့်သည်။ (ရှု-၂၄၀)

ဗောဓိမဏ္ဍော။ ။ဗောဓိ-ဟူသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ အာ အလွမ်းသို့ ရောက်သောအားဖြင့် ကြည်လင်ရာ အရပ်သည် ဗောဓိမဏ္ဍ။ မှချအားဖြင့် ဆိုအပ်သော အရပ်ကိုရ၍ ဥပစာအားဖြင့် ဗောဓိပင်ကို ရ၏။

အဿတ္ထော။ ။မာရ်ကိုအောင်ခြင်း သဗ္ဗညုတဉာဏ်ကို ရခြင်း စသည်တို့ဖြင့် ဘုရားရှင်ကို သက်သာရာရစေသောကြောင့် အဿတ္ထ မည်သည်။

ဒုမရာဇာ။ ။အလွန်မြင့်သောကြောင့်လည်းကောင်း၊ အောင်မြေဦး၌ ပေါက်သောကြောင့်လည်းကောင်း၊ အလုံးစုံသော သဗ္ဗညုဂုဏ်တို့ကို ရရာဌာန၌ ပေါက်သောကြောင့်လည်းကောင်း ဒုမရာဇာ မည်၏။ (ရှု-၂၄၁)

တိသန္ဓိပလ္လင်္ကော။ ။ပေါင်-ဒူး နှစ်ခုတို့၏အကြား အစပ် ၂-ခု၊ ပေါင်ရင်းနှင့် ခါးတို့၏ အကြား အစပ် ၁-ခု၊

မေတ္တာ၏ အင်္ဂါလေးပါး။ ။အတ္တ-မိတ္တ-မဇ္ဈတ္တ-ဝေရီ တို့၌ အညီအမျှ ဖြစ်စေခြင်း။

**ဝီရိယ၏ အင်္ဂါလေးပါ။** ။စတ္တာရိ ဝီရိယင်္ဂါနိ၊ တစဿစ နဟာရုနော။ အဝသိဿန မဂ္ဂဿ၊ မံသ လောဟိတ သုဿနံ။

**စုဒ္ဒသဟတ္ထပလ္လင်္ကဝရော။** ။၁၄-တောင်ကို အကျယ်အပြန့် အစွမ်းဖြင့်ယူပါ။ ထိုမြက်တို့သည် မနှိုင်းယှဉ်အပ်သော ကောင်းမှု အာနုဘော်ကြောင့် ၁၄-တောင်အပြန့် အကျယ် ရှိသော ပလ္လင်တော် အဖြစ် ဖြင့်ဖြစ်ပေါ်သည်။ ထိုရှင်ဆုပ်ပမာဏရှိသော မြက်စည်းတို့သည် ၁၄-တောင် အမြင့် မဖြစ်နိုင်ပါ၊ ထို့ကြောင့်သာလျှင် ဤ၌ ဋီကာသစ်၌ သန္ထရိတွာ-ဟု ဆိုသည်။ (သန္ထရိတွာ၊ ဖြန့်ခင်း၍- ဟူလို) ကေစိတို့ကား—"အမြင့်အဖြင့်ဖြင့်သော ၁၄-တောင်ရှိ၏" ဟု ထိုထိုကျမ်း၌ ကြံစည်ရေးသားမှုဖြင့် ဆိုကြ သေး၏။ ဆိုအပ်သော အကြောင်းနှင့် လည်းကောင်း၊ သာဓကနှင့်လည်း ကောင်း ဆန့်ကျင်သောကြောင့် မသင့်၍ ကေစိဝါဒ-ကို မယူထိုက်ပါ။ ဇာတကဋ္ဌကထာ အဖွင့်၌ ဗောဓိမဏ္ဍံ အာရုယှ စုဒ္ဒသဟတ္ထုဗ္ဗေဓေ ဌာနေ တိဏသန္ထရံ သန္ထရိတွာ- စသည်ဖြင့် တွေ့ရ၏။ ထို၌ ဥဗ္ဗေဓသဒ္ဒါသည် တိရိယံ သောဠသဟတ္ထော- ဟူသော ပနာဒေဝတွင်ကဲ့သို့ ဝိတ္ထာရဝါစက ဖြစ်သည်။ (အပြန့်ဖြစ်သည်-ဟူလို)

**လဒ္ဓုဒ္ဒါသ။** ။အပြန့်မယူပဲ အမြင့်ယူခဲ့လျှင် ကောင်းကင်သည် ကြဲပြန့်မှု၏ တည်ရာ ဖြစ်သောကြောင့် ကောင်းကင်၌ သာလျှင် ဖြန့်၍ မြက်ကြဲဖြန့်မှုပြု၏။ အာလမ္ဗဓေသ၌ မြေဟူသော အမှီအဆက်မည်၊ အခြားသော ပါဋ္ဌိတော် အဋ္ဌကထာတို့၌ မလာသောကြောင့် ဤအမှီအဆက် မျိုးကိုလည်း အလိုမရှိအပ်ပါ၊ ထို့ကြောင့် ပြခဲ့သည်အတိုင်း အကျယ်အပြန့် သာယူပါ။ (၂၄၁/၂)

**ပစ္စယာကာရေ ဉာဏံ ဩတာရေတွာ။** ။ကိစ္ဆံ ဝတာယံ လောကော အာပန္နော-စသည်ဖြင့် ဇရာမရဏ အဦးပြု၍ ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်သွင်းချသည်။ (၂၄၂)

**ဝိပဿနံ ဝဍ္ဎေတွာ။** ။ကုဋေ ၃၆-သိန်း အဦးပြု၍ အာသဝက္ခယဉာဏ်ဟု ဆိုအပ်သော မဟာဝဇီရဉာဏ်၏ ကိုယ်ဝန်ကို ယူစေ ခြင်းအစွမ်းဖြင့် ဝိပဿနာပွား၍။

**မဟာဝဇီရဉာဏ်။** ။သဗ္ဗညုတဉာဏ်တော်ကို ရခြင်းအကျိုးငှာ အနုပဒဓမ္မ ဝိပဿနာ၏ အစွမ်းဖြင့် အမျိုးမျိုးသော အခြင်းအရာ တို့ဖြင့် ရေပြွမ်းသော သင်္ခါရတို့ကို သုံးသပ်သော အလောင်းတော်မြတ်၏

သန္တာန်၌ဖြစ်သော ကုဋေပေါင်း ၃၆-သိန်းရှိသော ဝိပဿနာ ဉာဏ်ကိုလည်းကောင်း၊ နေ့စဉ် ဝင်စားတော်မူအပ်သော ကုဋေပေါင်း ၂၄-သိန်း အရေအတွက်ရှိသော သမာပတ်တို့၏ ရှေ့နောက်ဉာဏ်ကို လည်းကောင်း၊ ''မဟာဝဇိရဉာဏ်''ဟု ခေါ်သည်။ ဤနေရာ၌ကား သာမညအားဖြင့် မဂ်ဉာဏ်၊ အထူးအားဖြင့် အရဟတ္တမဂ်ဉာဏ်ကို ယူပါ၊ ထို့ကြောင့် မဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ်၏သာ ဝိပဿနာ ကိုယ်ဝန်အဖြစ်ကို သိပါ။ (ဋီ-၂၄၂-၃)

ကောဋလမ္ဗ စသည်။ ။၃၂—စိတ်ဆန့်သော ပမာဏရှိသော အိုးသည် ကောဋလမ္ဗ မည်၏၊ ကောဋလမ္ဗထက်ကြီးသောအိုးသည် စာဋိ မည်သည်၊ မဟာကုမ္ဘိကား စာဋိအိုးထက်ပင် ကြီးသေး၏။

သိနေရုပါဒကေ မဟာသမုဒ္ဒေ။ ။သိဒန္တရသမုဒ္ဒရာကိုရည်၍ မိန့်။

ဒုဝေ ပုထုဇ္ဇနာ။ ။ပုထုဇဉ်ဘို့၌ ရအပ်သော ဝေဖန်ခွဲခြားမှုကို ပြခြင်း အကျိုးငှာ ဆိုသည်၊ ပုထုဇဉ် အသူးကိုထုတ်ပြခြင်းငှာ ဆိုသည်မဟုတ်။ ဘာကြောင့်နည်း — ပုထုဇဉ်အားလုံးကို အလိုရှိအပ်သော ကြောင့်တည်း။ မှန်၏၊ ပုထုဇဉ်အားလုံးပင် ဘုရားရှင်၏ အထက်ဖြစ်သော ဂုဏ်တော်တို့ကို ထင်ရှားပြုစေခြင်းငှာ မစွမ်းနိုင်ပါ။ (၂၄၃)

အာဒိစ္စပန္န။ ။အနွယ်အားဖြင့်ခပ်သောကြောင့် အာဒိစ္စမည်သော နေနတ်သား၏ အဆွေဘည်း။ (သူ့ခါသော ဂေါဘမော ဂေါဓတ္တန ဘဂဝါပိ ဂေါတမော ဂေါတ္တေန)

ဥဂ္ဂဟော ပရိပုစ္ဆာစသည်။ ။ဥဂ္ဂဟော- နှုတ်ဘက်ရအောင်ပြုခြင်း၊ ပရိပုစ္ဆာ- အနက်ကိုအဖန်ဖန်မေးခြင်း၊ သဝနံ-အဋ္ဌကထာ၏ အစွမ်းဖြင့် အနက်ကို သောတဒွါရနှင့်စပ်အောင်ပြုခြင်း၊ ဓာရဏံ-သဒ္ဒါအနက်တို့ကို ကောင်းစွာသားခြင်း ကောင်းစွာဆောင်ခြင်းဖြင့် ပါဠိကိုဆောင်ခြင်း၊ ပစ္စဝေက္ခဏံ-ကြားအပ် ဆောင်အပ်လေ့ကျက်အင်သော ပါဠိတော်အဋ္ဌကထာ များကို စိတ်ဖြင့် ရှုဆင်ခြင်ခြင်း။ (၂၄၄)

ယထာ ဝိပဿီ ဘဂဝါ၊ ။ဝိပဿီစသော ၆-ဆူသော ဘုရားရှင်တို့သည် မဟာပဒါနသုတ် စသည်တို့၌ များစွာညွှန်ပြထားသဖြင့် အလွန် ထင်ရှားသောကြောင့်လည်းကောင်း၊ နီးသောကြောင့်လည်းကောင်း ထိုဘုရားတို့၏အစွမ်းဖြင့် အကျင့်ကိုပြသည်။ (ဋီ-၂၄၆)

**အဘိနီဟာရ။** ။မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ—

ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မြတ်သော ဆုတောင်းမှုတည်း။ (အဘိနီဟာရောတိ စေတ္ထ မူလပဏိဓာနဿေတံ အဓိဝစနံ)

---

## ပါရမီဆိုင်ရာ မှတ်ဖွယ်

**ကာ ပနေတာ ပါရမိယော။** ။တဏှာ မာနဒိဋ္ဌိသော တရားဆိုးများသည် မနှိပ်စက်အပ်သော ကရုဏာ ဥပါယကောသလ္လတို့ဖြင့် သိမ်းယူအပ်သော ဒါန စသောဂုဏ်ဟု ဆိုအပ်သော အပြုအမူတို့ကို "ပါရမီ"ဟု ခေါ်သည်။ (၂၄၇)

**ကေနဋ္ဌေန ပါရမိယော။** ။ဒါန သီလ စသော ဂုဏ်အားနှင့် ယှဉ်၍ သတ္တဝါတို့ထက် မြတ်သောကြောင့် မဟာဗောဓိသတ္တသည် ပရမ မည်၏။ ပရမဖြစ်သော မဟာဗောဓိသတ္တ၏ ဥစ္စာဖြစ်သောကြောင့်၊ အလုပ်ဖြစ်သောကြောင့် ဒါန စသောအပြုအမူသည် "ပါရမီ"မည်၏။ (၂၄၇)

**ကော စ တာသံ ကမော။** ။ဒေသနက္ကမော။ ထိုအစဉ် ဒါနသည် သီလအား ကျေးဇူးများသောကြောင့်လည်းကောင်း၊ ပြုလွယ်သောကြောင့်လည်းကောင်း ဒါနကို အစဦး ဟောတော်မူသည်။ (၂၄၉)

**သီလ။** ။သီလဖြင့် သိမ်းယူအပ်သော ဒါနသည် များသောအကျိုး များသောအာနိသင်ရှိသောကြောင့် ဒါန၏ အခြားမဲ့၌ သီလကို ဟောသည်။ (နေက္ခမ္မဖြင့် သိမ်းယူအပ်သော သီလသည် စသည်ဖြင့် ကိုးပါးအထိ ဤနည်းအတိုင်း ဟောပုံကို သိပါ။ ဥပေက္ခာ ပန ကရုဏာပရိဂ္ဂဟိတာ။)

**အဘယ်နည်းဖြင့် မဟာကရုဏာအရှင် ဘုရားလောင်းတို့သည် သတ္တဝါတို့၌ ဥပေက္ခာဖြစ်ကြနည်း။** ။လျစ်လျူရှုထိုက်သော အမှုနှင့်ယှဉ်သောသတ္တဝါတို့၌ တခါတလေ ဥပေက္ခာပြုကြသည်။ အလုံးစုံသော ပုဂ္ဂိုလ်တို့၌ ဥပေက္ခာမပြုပါ။ အခါခပ်သိမ်းလည်း မပြုပါ-ဟု ကေစိဆရာတို့ ဆိုကြ၍—အပရေဆရာတို့ကား-သတ္တဝါတို့၌ ဥပေက္ခာပြုကြသည် ၊ မဟုတ်ပ ။ သတ္တဝါတို့ ပြုအပ်သော ဖောက်ပြန်မှုတို့၌သာ ဥပေက္ခာပြုကြပါသည်၊

ထို့ကြောင့် မဟာကရုဏာတော်နှင့် ဥပေက္ခာပါရမီ ဆန့်ကျင်မှု မရှိပါ။ (ဣဒမေဝတ္ထ ယုတ္တံ)(၂၄၉)

ကာနိ လက္ခဏာနိ သဗ္ဗထာ။ ။သာမညအားဖြင့်—

ပရေသ မနုဂ္ဂဟဏံ၊ လက္ခဏန္တိ ပဝုစ္စတိ။
ဥပကာရော အကမ္ပော စ၊ ရသော ဟိတေသိဘာပိ စ။

ဗုဒ္ဓတ္တံ ပစ္စုပဋ္ဌာနံ၊ ဒယာ ဉာဏံ ပဒုစ္စတိ။
ပဒဋ္ဌာနန္တိ တာသန္တု၊ ပစ္စေကံ တာနိ ဘေဒတော။

ဝိသေသေန။ ။ကရုဏာ ဥပါယကောသလ္လတို့ဖြင့် သိမ်းယူသော မိမိအသုံး အဆောင်ကို စွန့်လှူကြောင်း စေတနာသည် ဒါနပါရမီ။ (ဤနည်းအတိုင်း ရှောင်ကြဉ်ကြောင်း၊ ဆောက်တည်ကြောင်း စေတနာသည် သီလ- စသည်ဖြင့် မှတ်ပါ)(၂၅၁)

ကော စ ပစ္စယော။ ။အဘိနီဟာရော တာဝ ပါရမီနံ သဗ္ဗာသမ္ပိ ပစ္စယော။

ဗောဓိသတ္တအမည်။ ။နိယတအဖြစ်ကို ရသောကြောင့်လည်းကောင်း၊ ဘုရား ဖြစ်ခြင်းအဖြစ်မှ မဆုတ်နစ်သော သဘောရှိသော ကြောင့်လည်းကောင်း "ဗောဓိသတ္တ" အမည်ရသည်၊ (ဋီ-၂၅၃)

ပစ္စယလေးပါး။ ။၁။မဟာပုရိသသည် ကြီးစွာသော ဗုဒ္ဓါနုဘာဝဖြင့်အစ္ဆရိယ အဗ္ဘုတပါဋိဟာရိယ်ပြုသော ဘုရားရှင်ကို ဖူးမြင်ရ၍၊ ထိုဖူးမြင်ရခြင်းကို အကြောင်းပြု၍ သမ္ဗောဓိဉာဏ် မြဲမြံစွာ သက်ဝင်သျက် စိတ်ဘော်ကို ထားသည်။ ဤကား မဟာဘိနီဟာရ၏ ပဌမအကြောင်းတည်း။

၂။ဆိုအပ်ပြီးသော မဟာနုဘာဝရှိသည်၏ အဖြစ်ကို မဖူးမြင်ရသော်လည်း ဘုရားရှင်၏ အကြောင်းအရာကို ကြားရသည်၊ ထိုကြားရခြင်းကို အကြောင်း ပြု၍ သမ္ဗောဓိဉာဏ် မြဲမြံစွာ သက်ဝင်သျက် စိတ်ကိုထားသည်။ ဤကား ဒုတိယအကြောင်းတည်း။

၃။မဟာနုဘာဝကိုလည်း မဖူးမြင်ရ၊ ကြားလည်းမကြားရ၊ သို့သော် ဘုရားရှင်၏ ဗုဒ္ဓါနုဘာဝနှင့် ယှဉ်သောတရားကို နာကြားရသည်၊ ဤ နာကြားရခြင်းသည် တတိယအကြောင်းတည်း။

**၄။မဟာနုဘာဝကို** ဖူးလည်းမဖူးရ၊ ကြားလည်းမကြားရ၊ ဘုရား၏ **တရားကိုလည်း** မကြားနာရ၊ သို့သော် မွန်မြတ်သောအဇ္ဈာသယ **ကောင်းသော** နှလုံးသွင်း ရှိသည်ဖြစ်၍ တရားကို လွန်လွန်ကဲကဲ လေးစား မြတ်နိုးပူဇော်လျက် ရိုသေလေးစား မြတ်နိုးမှုကို အကြောင်းပြု၍ သမ္မာဒိဋ္ဌိ စွဲမြဲသက်ဝင်ဆောက်တည်ကာ စိတ်ကိုထားသည်။ ဤကား အဘိနီဟာရ၏ **စတုတ္ထအကြောင်းတည်း။** (၂၅၄)

**ဟေတု-၄ပါး။** ။၁။ မဟာပုရိသ၏ ပင်ကိုယ်အားဖြင့် ဥပနိဿယနှင့် ပြည့်စုံ၍ ရှေးဘုရားရှင်တို့၌ ပြုအပ်ဘူးသော အဓိကာရ ရှိခြင်းသည် ပဌမ ဟေတု။

၂။ မဟာပုရိသသည် ပင်ကိုယ်အားဖြင့် ကရုဏာအဇ္ဈာသယရှိသည်၊ ကရုဏာ၌ လွန်ကဲစွာ စွဲမြဲသက်ဝင်သည်ဖြစ်၍ သတ္တဝါတို့၏ ဒုက္ခကိုပယ်ရှား လိုခြင်းသည်၊ တနည်း—မိမိ၏ကိုယ်နှင့်အသက်ကိုသော်မှ ငဲ့ကွက်ခြင်းသည် ဒုတိယ ဟေတု။

၃။ မဟာပုရိသ၏ သတ္တဝါတို့၏ အဝီးအပွားအလို့ငှာ အလုံးစုံသော ဝဋ်ဒုက္ခ၌ အလွန်ကြာမြင့်စွာ ကြိုးစားအားထုတ်လျက် မငြီးငွေ့ပဲ အလိုရှိ အပ်သော အကျိုးကို ပြီးစေခြင်းသည် တတိယဟေတု။

၄။ မဟာပုရိသ၏ စီးပွားမဲ့မှ တားမြစ်၍ စီးပွား၌ တည်စေတတ်သော ကလျာဏမိတ္တဟူသော အမှီရှိခြင်းသည် စတုတ္ထဟေတု။ (ဋီ-၂၅၅)

ဗလ၄-ပါး။ ။အဇ္ဈတ္တိကဗလ၊ ဗာဟိရဗလ၊ ဥပနိဿယဗလ၊ ပယောဂဗလ။

**အစ္ဆရိယ အဗ္ဘုတ ၄ပါး။** ။၁။အလုံးစုံသော သတ္တဝါအပေါင်းတို့ကို မိမိ၏ ရင်နှစ်သားကဲ့သို့ ချစ်သောစိတ်ဖြင့် သိမ်းပိုက် ခြင်း။

၂။ စိတ်သည် တဖန် သံကိလေသအစွမ်းဖြင့် မညင်နွမ်းခြင်း။

၃။ သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်လိုသော အဇ္ဈာသယပယောဂ ရှိခြင်း။

၄။ မိမိ၏သန္တာန်၌ ဘုရားဖြစ်အောင် ပြုတတ်သောတရားများ အထက် ထက်၌ တိုးတက် ရင့်ကျက်ခြင်း။

**အဇ္ဈာသယ ၆-ပါး။** ။နေက္ခမ္မ၊ ပဝိဝေက၊ အလောဘ၊ အဒေါသ၊ အမောဟ၊ နိဿရဏ။ဤကား ပါရမီ၏ အကြောင်း များတည်း။ (ဋီ-၂၅၆)

ကော သံကိုလေသော။ ။သာမညအားဖြင့် တဏှာ စသည်တို့ဖြင့် မွှားမွှား ယှင်းယှင်း သုံးသပ်အပ်သည်၏ အဖြစ်သည် ပါရမီတို့၏ ညစ်နွမ်းကြောင်းတည်း။ ဝိသေသအားဖြင့်ကား-လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၌ ထူးခြားမှုကို ကြံစည်ခြင်းကြောင့် ဒါနပါရမီ၏ လည်းကောင်း၊ သတ္တဝါနှင့် ကာလကို ကြံစည်ခြင်းကြောင့် သီလပါရမီ၏ လည်းကောင်း၊ ကာမဂုဏ်၌ မွေ့လျော်မှု ငြိမ်းအေးရာ၌ မပျော်မှုတို့ကို ကြံစည်ခြင်းကြောင့် နေက္ခမ္မပါရမီ၏လည်းကောင်း၊ ငါ ငါ့ဥစ္စာဟု ကြံစည်ခြင်းကြောင့် ပညာပါရမီ၏ လည်းကောင်း၊ တွန့်ဆုတ်မှု ပြန့်လွင့်မှုကို ကြံစည်ခြင်းကြောင့် ဝီရိယပါရမီ၏လည်း ကောင်း၊ မိမိ သူတပါးဟု ကြံစည်ခြင်းကြောင့် ခန္တီပါရမီ၏ လည်းကောင်း မမြင်အပ်သောအရာ စသည်တို့၌ မြင်အပ် စသည်ဖြင့် ကြံစည်ခြင်းကြောင့် သစ္စာပါရမီ၏လည်းကောင်း၊ ဗောဓိသမ္ဘာရ ဗောဓိသမ္ဘာရ၏ ဆန့်ကျင်ဘက်တို့၌ အပြစ်နှင့်ဂုဏ်ကို ကြံစည်ခြင်းကြောင့် အဓိဋ္ဌာနပါရမီ၏လည်းကောင်း၊ စီးပွား -မဲ့ကို ကြံစည်ခြင်းကြောင့် မေတ္တာပါရမီ၏လည်းကောင်း၊ ဣဋ္ဌအနိဋ္ဌကို ကြံစည်ခြင်းကြောင့် ဥပေက္ခာပါရမီ၏လည်းကောင်း ညစ်နွမ်းခြင်းဖြစ်သည်။ (ဋီ-၂၇၁)

ကိံ ဝေါဒါနံ။ ။ဘာဝနာ စသည်တို့သည် မနှိပ်စက်ခြင်း၊ အကြံတို့မှ ကင်းခြင်းသည် ပါရမီတို့၏ ဝေါဒါနတည်း။

ကော ပဋိပက္ခော။ ။သာမညအားဖြင့် အလုံးခုံသော အကုသိုလ်တရားများနှင့် အလုံးခုံသော ကိလေသာများတည်း။ ဝိသေသအားဖြင့် ရှေး၌ ဆိုအပ်သော မစ္ဆရိယ စသော တရားများတည်း။

ကာ ပဋိပတ္တိ။ ။များစွာသော အပြားအားဖြင့် ဖြစ်စေအပ်သော ဒါန အပြားအရာ စသည်တို့သည် ပဋိပတ္တိ မည်၏၊ (ဋီ-၂၇၂)

စတ္တာရိ အဓိဋ္ဌာနာနိ။ ။သဗ္ဗပါရမီနံ သမူဟသင်္ဂဟတော ဟိ စတ္တာရိ အဓိဋ္ဌာနာနိ။ ၁-သစ္စာဓိဋ္ဌာနံ၊ ၂-စာဂါဓိဋ္ဌာနံ၊ ၃-ဥပသမာဓိဋ္ဌာနံ၊ ၄-ပညာဓိဋ္ဌာနံ။

ကော သမုဒါနုပါယော၊ ။၁-အနဝသေသ သမ္ဘရဏံ=ပညာ စသော သမ္ဘာရ အားလုံးကို သမ္ဘာရ သမ္ဘာရကိုရည်၍ မချွတ်ယွင်းအောင် ပြုခြင်း။ ၂-သက္ကစ္စကာရိတာ = ရိုသေမြတ်နိုးမှုနှင့် ယှဉ်ခြင်း၊ ၃-သာတစ္စကာရိတာ=အမြဲမပြတ်အားထုတ်ခြင်း၊ ၄-စိရကာလာဒိယောဂေါ= အကြား၌ ပြီးဆုံးခြင်း ဆုတ်နစ်ခြင်းသို့ မရောက်ခြင်း။ (ဋီ-၂၈၅)

**ဒါနုစိနိဗန္ဓ ၄-ပါ။** ။၁-ပုဗ္ဗေ ဒါနေ အကတပရိစယော၊ ၂-ပရိဂ္ဂဟ ဝတ္ထူသု ပရိတ္တဘာဝေါ၊ ၃-ဥဠာရမနုညတာ၊ ၄-ပရိက္ခယစိန္တာ။

**ကိတ္တကေန ကာလေန သမ္ဗောဓနံ။** ။ပညာဓိကဘုရား ၄—သင်္ချေနှင့် ကမ္ဘာ တသိန်း။ (ပညာလွန်၍ သဒ္ဓါနုံ့သည်) **သဒ္ဓါဓိကဘုရား** ၈—သင်္ချေနှင့် ကမ္ဘာတသိန်း၊ (သဒ္ဓါလွန်၍ ပညာမဖျော့ ဖြစ်သည်။) ဝီရိယာဓိကဘုရား ၁၆-သင်္ချေနှင့် ကမ္ဘာတသိန်း ဝီရိယလွန်၍ ပညာနုံ့သည်။ (ပညာနုဘာဝေန စ သမ္မာသမ္ဗောဓိ အဘိဂန္တုဘာ) (ဋီ-၂၉၈)

**ကော အာနိသံသော။** ။အဘိနီဟာရ ပြုပြီးသော ဘုရားလောင်းတို့မှာ—

၁။ အဝီစိငရဲနှင့် တကွသော လောကန္တရိက် ငရဲတို့၌ မဖြစ်ရခြင်း၊

၂။ ခုပ္ပိပါသိကပြိတ္တာ နိဇ္ဈာမ တဏှိကပြိတ္တာ နှင့် ကာလကဉ္စိက အသုရာတို့၌ မဖြစ်ရခြင်း။

၃။ တိရစ္ဆာန်ဘဝ၌ ဖြစ်ရသော်လည်း ငုံး အောက်ငယ်သော သတ္တဝါ မဖြစ်ရခြင်း။

၄။ လူဖြစ်သော် ကန်းသောသူမဖြစ်ရခြင်း၊

၅။ လူဖြစ်သော် အ သောသူ မဖြစ်ရခြင်း၊

၆။ လူဖြစ်သော် နားပင်းသူ မဖြစ်ရခြင်း၊

၇။ မိန်းမ မဖြစ်ရခြင်း၊

၈။ ပဏ္ဍုက် မဖြစ်ရခြင်း၊

၉။ ပဉ္စာနန္တရိယကံမှ လွတ်ခြင်း၊

၁၀။ နိယတ မိစ္ဆာဒိဋ္ဌိအယူ မဖြစ်ရခြင်း၊

၁၁။ သုဂတိ၌ ဖြစ်သော် အသညသတ်ဘုံ၌ မဖြစ်ရခြင်း။ (၂၉၉၊ ၃၀၀)

**အာနိသံသ။** ။၁။ အာယုသမ္ပဒါ= ဖြစ်လေရာဘဝ၌ အသက်ရှည်ခြင်း၊ ထို့ကြောင့် ကုသိုလ်များစွာ ဆည်းပူးရခြင်း။

၂။ ရူပသမ္ပဒါ=အလှအဆင်းလှခြင်း၊ ထို့ကြောင့် ရူပပ္ပမာဏသတ္တဝါ တို့၏ ကြည်ညိုမှုကို ဆောင်နိုင်ခြင်း။

၃။ ကုလသမ္ပဒါ = မွန်မြတ်သော အမျိုးတို့၌ ဖြစ်ရခြင်း။ ထို့ကြောင့် ဇာတိမာန်ရှိသူတို့၏ ချဉ်းကပ်မှုခံရ၍ ထိုပုဂ္ဂိုလ်များကို မာန်မရှိအောင် ပြုနိုင်ခြင်း။

၄။ ဣဿရိယသမ္ပဒါ = စည်းစိမ်ပေါများခြင်း၊ တန်ခိုးကြီးခြင်း၊ အခြံအရံများခြင်း၊ ထို့ကြောင့် ချီးမြှောက်သင့်သူကို ချီးမြှောက်၍ နှိမ်သင့်သူကို တရားသဖြင့် နှိမ်နိုင်ခြင်း။

၅။ အာဒေယျဝစနတာ = ယုံကြည်အပ်သော စကားရှိခြင်း၊ ထို့ကြောင့် သတ္တဝါတို့၏ ပမာဏဖြစ်ခြင်း၊ အလောင်းတော်၏အာဏာကို မကျော်နိုင်ခြင်း။

၆။ မဟာနုဘာဝတာ = အာနုဘော်သတ္တိကြီးမားခြင်း၊ ထို့ကြောင့် တရားသဖြင့် သူတပါးတို့ကို လွှမ်းမိုးခြင်း၊ သူတပါးတို့၏ အလွှမ်းမိုးကို မခံရခြင်း။ (၃၀၁)

ကိံ ပလံ။ ။အကျဉ်းချုပ်အားဖြင့် တရားဖြစ်ခြင်း။ အကျယ်အားဖြင့် အဆုံးမရှိ မပြီးနိုင်အောင် များပြားသော ဂုဏ်တော် အပေါင်းတည်း။ (၃၀၂)

သမတိံသ ပါရမိယော ပူရေတွာ။ ။ဆိုအပ်ပြီးသော အကျင့်ဖြင့် ဆိုအပ် ခွဲခြားဝေဖန်အပ်ပြီးသော ပါရမီတော်တို့၏ ပြည့်သည်၏ အဖြစ်ကို ရည်ရွယ်၍ ဆိုသည်။ (၃၁၂)

စွန့်ခြင်းကြီး ၅-ပါး သီးခြားဆိုရကြောင်း။ ။မဟာပရိစ္စာဂတို့သည် ဒါနပါရမီပင် ဖြစ်ပါသော်လည်း ၁။ စွန့်လွှတ်မှုအထူး၏ အခြင်းကြီးခြင်း အကျိုးငှာလည်းကောင်း၊ ၂။ ထူးခြားသော ပါရမီအဆောက်အဦး၏ အဖြစ်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ ၃။ အလွန်ခဲယဉ်းစွာ ပြုအပ်သည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာလည်းကောင်း သီးခြားခွဲ၍ ဆိုပါသည်။

ထိုသို့ ပြုနိုင်ခဲသောကြောင့်ပင် အင်္ဂပရိစ္စာဂမှ နယနပရိစ္စာဂကိုလည်းကောင်း၊ ပဉ္စမဟာပရိစ္စာဂချင်း တူပါသော်လည်း ဓနပရိစ္စာဂမှ ပုတ္တဒါရပရိစ္စာဂကိုလည်းကောင်း သီးခြားယူသည်။ အချို့စာအုပ်၌ကား နယနပရိစ္စာဂကို မယူဘဲ ပုတ္တ၊ ဒါရပရိစ္စာဂ ၂-ပါးယူ၍ ၅-ပါးဟု ဆိုသည်။ ရဇ္ဇပရိစ္စာဂ မပါဘဲ ဇီဝိတပရိစ္စာဂထည့်၍ ၅-ပါးယူဟုလည်း ဆိုကြသည်။ (၃၀၂)

# ရှင်းပြချက်

| (၁) မူလ | | (၂) အထဝါ | | (၃) အထဝါ |
|---|---|---|---|---|
| ၁။ အင်္ဂပရိစ္စာဂ | - | အင်္ဂပရိစ္စာဂ | - | အင်္ဂပရိစ္စာဂ |
| ၂။ နယနပရိစ္စာဂ | - | ဓနပရိစ္စာဂ | - | နယန ရိစ္စာဂ |
| ၃။ ဓနပရိစ္စာဂ | - | ရဇ္ဇပရိစ္စာဂ | - | ဓနပရိစ္စာဂ |
| ၄။ ရဇ္ဇပရိစ္စာဂ | - | ပုတ္တပရိစ္စာဂ | - | ဇီဝိတပရိစ္စာဂ |
| ၅။ ပုတ္တဒါရပရိစ္စာဂ | - | ဒါရပရိစ္စာဂ | - | ပုတ္တဒါရပရိစ္စာဂ |

ပုဗ္ဗယောဂ။ ။ဂတပစ္စာဂတိကဝတ်ဟု ဆိုအပ်သော ပုဗ္ဗဘာဂအကျင့်နှင့် တကွ အဘိညာဏ်သမာပတ်တို့ကို ပြီးစေခြင်းသည် ပုဗ္ဗယောဂ မည်၏။ (ဋီ-၃၀၃)

ပုဗ္ဗစရိယ။ ။ဒါနစသည်တို့၌ပင် အလွန်အကဲ အကျင့်ကို ပြီးစေခြင်းသည် ပုဗ္ဗစရိယ မည်၏။ တနည်း—စရိယာပိဋကဖြင့် သိမ်းယူအပ်သော အကျင့်သည် ပုဗ္ဗစရိယ မည်၏။ ကေစိတို့ကား-အဘိနီဟာရသည် ပုဗ္ဗယောဂ မည်၍ ကာယဝိဝေကစသည်ဖြင့် တစ်ယောက်တည်းကျင့်ခြင်း၊ သို့မဟုတ် ဒါန စသည်တို့ကို ကျင့်ခြင်းသည် ပုဗ္ဗစရိယ မည်သည်ဟု ဆိုကြသည်။ (၃၀၃)

ဓမ္မက္ခာန်။ ။ဒါနစသည်တို့ကို လည်းကောင်း၊ အပိစ္ဆတာစသည်တို့ကို လည်းကောင်း သံသရာ၌ အပြစ် နိဗ္ဗာန်၌ အကျိုးတို့ကို လည်းကောင်း ထင်ရှားစေခြင်း အစွမ်းဖြင့် ဖြစ်သောစကား သုတ္တဝါတို့ကို ဗောဓိသုံးပါးအပေါင်း၌ တည်စေခြင်း ရင့်ကျက်စေခြင်း အစွမ်းဖြင့်ဖြစ်သော စကားသည် ဓမ္မက္ခာန မည်၏။ (၃၀၃)

ဉာတတ္ထစရိယာ။ ။ဆွေမျိုးအကျိုးဖြင့်သော ကျင့်သည်ဟု မှတ်ပါ၊ အာဒိ-ဖြင့် လောကတ္ထစရိယ စသည်တို့ကို သိမ်းယူပါ။ (၃၀၃)

ဗုဒ္ဓစရိယာ။ ။ကမ္မဿကတာဉာဏ်၏ အစွမ်းဖြင့်လည်းကောင်း၊ အပြစ်မရှိသောအမှု အတတ်ပညာတို့ကို လေ့ကျက်ခြင်း အစွမ်းဖြင့် လည်းကောင်း၊ ခန္ဓာ အာယတနစသည်တို့ကို လေ့ကျက်ခြင်း၏ အစွမ်းဖြင့် လည်းကောင်း၊ လက္ခဏာသုံးပါးအပေါင်းကို နှိုင်းချိန်ဆုံးဖြတ်ခြင်း၏အစွမ်းဖြင့် လည်းကောင်း ဉာဏ်ကျက်စားခြင်းသည် ဗုဒ္ဓစရိယ မည်၏။ အရကောက်အား သီလက္ခန် -၉ (က)

ဖြင့်-ပညာပါရမီဉာဏ်တည်း။ သို့သော် ဉာဏ်အဆောက်အဦး သမ္ဘာရကို ပြခြင်း အကျိုးငှာ ပညာပါရမီမှ သီးခြားဆိုသည်။ (၃၀၃)

စတုဗ္ဗာရေ သတိပဋ္ဌာနေ။ ။သတိပဋ္ဌာနစသောသဒ္ဒါဖြင့် အာဂမနအကျင့်ကို အထွဋ်အထိပ်သို့ ရောက်စေ၍ ပြသည်။ ဘာကြောင့်နည်း – ပဋိပတ်အဖို့၌ ပါဝင်သော တရားတို့ကိုသာ ယူထိုက်သောကြောင့်တည်း။ ယေန အဘိနီဟာရေန စသည်ဖြင့် အာဂမနပဋိပဒါ၏အစ ဒါနပါရမီ ပူရေတွာ-စသည်ဖြင့် အလယ် စတ္တာရော သတိပဋ္ဌာနေ-စသည်ဖြင့် အဆုံးကိုပြသည်။ (၃၀၃)

အပ္ပတိဂ္ဂဟိတော။ ။ပူဇော်ရာလက်မှ လွှတ်ခါစဖြစ်သည်၊ အမိဝမ်းတွင်းမှ ဖွားခါစမဟုတ်၊ မှန်၏။ အမိဝမ်းမှ ဖွားခါမျှဖြစ်သော အလောင်းတော်ကို ရှေဦးစွာ ဗြဟ္မာကြီးတို့သည် ရွှေကွန်ရက်ဖြင့် ခံယူ၍ ဗြဟ္မာကြီးတို့၏ လက်မှ နတ်မင်းကြီး လေးယောက်တို့သည် သစ်နက်ရေ အခင်းနှင့် ခံယူကာ နတ်မင်းကြီးတို့လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံယူကြသည်။ ယင်းကြောင့် လူတို့လက်မှ လွှတ်ခါစ ဖြစ်သည်ဟု ဆိုရသည်။ (ဋီ-၃၀၄)

သေတမှိ ဆတ္တေ အနုဓာရိယမာနေ။ ။ဤ၌ နိဒဿနနည်းတည်း။ ထီးသာမက ငါးမြောက်တန်ဆာ ၅-ပါး လုံးကိုယူပါ။ (၃၀၄)

အနုဝိလောကေတိ။ ။ပုည္ဉာနုဘာဝကြောင့် လောကဝိဝရဏ ပါဋိဟာရိယ ဖြစ်သော် ထင်ရှားလာသော တသောင်းသော လောကဓာတ်ကို ပေါ်စေလျှဖြင့်ပင် ကြည့်တော်မူသည်။ ဤအလုံးစုံသော လောကကို ကြည့်ရှုတော်မူခြင်းသည် ၇ ဘဝါးလှမ်းပြီးနောက်မှ မဟုတ်ပါ။ ဘာကြောင့်နည်း ပထမကဘည်းက ကြည့်သောကြောင့်တည်း၊ မှန်၏။ မဟာပုရိသသည် လူတို့၏ လက်မှလွှတ်၍ အရှေ့အရပ်မျက်နှာကို ကြည့်တော်မူသည်။ အရှေ့အရပ်မှ နတ်လူအပေါင်း တို့သည် နံ့နံ့သာတို့ဖြင့် ပူဇော်လျက် “မဟာပုရိသ ဤအရပ်၌ အရှင်နှင့်တူသော ပုဂ္ဂိုလ်သော်မှ မရှိပါ၊ သာလွန်သော ပုဂ္ဂိုလ်ကား အဘယ်မှာရှိအံ့နည်း” ဟုပြောဆိုကြသည်။ ဤသို့ အလုံးစုံသော အရပ်ဆယ်မျက်နှာကြည့်၍ အရပ်ဆယ်ခုလုံးတို့၌ တူသောပုဂ္ဂိုလ် မမြင်တွေ့သောကြောင့် မြောက်အရပ်သို့ ကြွတော်မူသည်။ (ဋီ-၃၀၄)

ဇေဌော သေဋ္ဌော စသည်။ ။အဂ္ဂေါ၏ ပရိယာယ်။ အဂ္ဂေါ၊ ဂုဏ်တို့ဖြင့် အလုံးစုံတို့တွင် ပဓာနဖြစ်၏။ ဇေဋ္ဌော၊ ဂုဏ်

တို့၏ အစွမ်းဖြင့် အလုံးစုံတို့တွင် အကြီးဆုံးဖြစ်၏။ သေဒွေ၊ ဂုဏ်တို့၏ အစွမ်းဖြင့်ပင် အလုံးစုံတို့သက် အချီးမွမ်းအပ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်၏။ (၃၀၅)

**အယပန္တိမာ ဇာတိ၊ပေ၊ပုနဗ္ဘဝေါတိ။** ။ဤ အတ္တဘော၌ ရောက်ထိုက်သော အရဟတ္တဖိုလ်ကို ဖြေဆိုသည်၊ ဘာ ကြောင့်နည်း—ထိုအရဟတ္တဖိုလ်အစွမ်းကြောင့်သာ တဖန်ဘဝ မဖြစ်ပေါ် သောကြောင့်တည်း။ (၃၀၅)

**သတ္တပဒဝိတိဟာရော။** ။ဘုရားအလောင်း ကြွလတ်သော် ခြေတော် ၂-ခု တို့အကြား တောင်ဆုပ်မျှရှိသည်ဟု ဆိုသည်။ (ဋီ-၃၀၅)

**သဗ္ဗညုတာနာဝရဏဉာဏပဋိလာဘာယ။** ။သဗ္ဗညုတဉာဏ်သည်ပင် အလုံးစုံ တို့၌ အပိတ်အပင် အတားအဆီး မရှိ ဖြစ်နိုင်သောကြောင့် အနာဝရဏဉာဏ်ဟု အမည်ရသည်။

မရူ-ဟု ခေါ်ရခြင်း မှာနတ်တို့သည် အပိုင်းအခြားအတိုင်း သေသောကြောင့် တည်း။

**နေကမ္မေန။** ။အလောဘ ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ယူပါ။ ဤနေရာ၌ အလုံးစုံသော ကုသိုလ်တို့သည် ကာမစ္ဆန္ဒနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် နေက္ခမ္မ မည်ပါသည်။ပဗ္ဗဇ္ဇာ စသည်တို့သာ နေက္ခမ္မ မည် သည်မဟုတ်ပါ။ ကေစိဆရာတို့ကား—ပဌမဈာန်ဟု ဆိုကြသေး၏၊ မသင့် မြတ်ပါ။ဘာ့ကြောင့်နည်း—ပဌမဈာန်၏ ပဗ္ဗဘာဂပဋိပဒါကိုသာ ဤနေရာ၌ အလိုရှိအပ်သောကြောင့်တည်း။ (၃၀၇)

**ဉာဏေန အဝိဇ္ဇံ ပဒါလေတွာ။** ။နာမရူပ-ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဉာဏ်တို့၏ အနေအထိုင်အယုက်ဖြစ်သော မောဟကို ဝေးအောင်ပြုခြင်းဖြင့် ဉာတ ပရိညာ၌ တည်သော ပုဂ္ဂိုလ်အား အနိစ္စသညာ စသည်တို့ ပြီးစီးသည်၊ ထို့ ကြောင့် အဝိဇ္ဇာကို ဖောက်ခွဲမှုသည် ဝိပဿနာ၏ အကြောင်းဖြစ်ပါသည်။

**ပါမောဇ္ဇေန အရတိံ ဝိနောဒေတွာ။** ။ဈာန်သမာပတ်တို့၌ မမွေ့လျော်မှု ဟူသော အကြောင်းရှိသော ပါမောဇ္ဇဖြင့် ထိုဈာန်သမာပတ်တို့၌ မမွေ့လျော် ခြင်းကို ပယ်ဖျောက်နိုင်သည်။ ဈာန်သမာပတ်တို့၌ မမွေ့လျော်မှုကို ပယ်

ဖျောက်နိုင်သော စျာန်စသည်တို့ကို ရခြင်းဖြစ်၏၊ ထို့ကြောင့် အရတိကို ပယ်ဖျောက်ခြင်းသည် သမာပတ်၏ အကြောင်းဖြစ်ပါသည်။ (၃၀၇)

**ဒုစဉ်ပကျာဘိရကျုံး။** ။အထက်၌ ဆိုအပ်သောနည်းဖြင့် သမာပတ် ဝိပဿနာ အစဉ်ဖြင့် ညွှန်ပြထိုက်ပါသော်လည်း နီဝရဏသဘော ရှိသော အဝိဇ္ဇာကို အောက်၌ ကာမစ္ဆန္ဒစသည်၏ အစွမ်းဖြင့် ပြအပ်သော နီဝရဏဘို၌သည်း သိမ်းယူနိုင်ကြောင်းကို ပြခြင်းအကျိုးငှာ အစဉ်မကျ ညွှန်ပြမှုကို ပြုသည်ဟု မှတ်ပါ။ (၃၀၇)

**နီဝရဏကဝါဋ္ဋံ ဥဃ္ဃာဋေတွာ။** ။သမာပတ်ဟူသော ကျောင်းသို့ ဝင်ရာ၌ နှောင့်ဖွဲ့တတ်သောကြောင့် နီဝရဏတို့သည် တံခါးရွက်နှင့် တူကုန်၏၊ ထို့ကြောင့် "နီဝရဏကဝါဋ္ဋံ ဥဃ္ဃာဋေတွာ"ဟု ဆိုသည်။ (ဋီ-၃၀၈)

**စတုတ္ထဇ္ဈာနေန သုခဒုက္ခံ ပဟာယ။** ။ပထမစျာန်၏ ဥပစာ၌ပင် ဒုက္ခကို၊ စတုတ္ထစျာန်၏ ဥပစာ၌ပင် သုခကို ပယ်အပ်ပြီးပါသော်လည်း အလွန်အကဲပယ်ခြင်းကို ရည်ရွယ်၍ စတုတ္ထ၊ ပေ၊ ပဟာယ-ဟု မိန့်ဆိုသည်။ (ဋီ-၃၀၈)

**ရူပသညာ။** ။သညာ သာမက ရူပါဝစရစျာန်များနှင့် ထိုစျာန်များ၏ ပထဝီကသိုဏ်းစသောအာရုံတို့ကိုယူပါ (နိဒ္ဒေသန စကား)။

**ပဋိဃသညာ။** ။စက္ခုစသော ပသာဒ၊ ရူပါရုံ စသောအာရုံတို့၏ ထိခိုက်မှုကြောင့်ဖြစ်သော ဒွေပဉ္စဝိညာဏ် ၁၀-နှင့်တကွဖြစ်သော သညာ။ (၃၀၈)

**နာနတ္တသညာ။** ။ဤ အမည်သည် ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ခု၌ ရှိသော သညာတို့၏ အမည်တည်း။ ရူပ သဒ္ဒ စသည်ပြားသော အမျိုးမျိုးသဘောရှိသော အာရုံ၌ ဖြစ်သောကြောင့် အချင်းချင်း သဘောမတူကြ၊ ထို့ကြောင့် "နာနတ္တ သညာ"ဟု ခေါ်ဆိုအပ်သည်။ (၃၀၈)

**ဃနသညာ။** ။သန္တတိ သမူဟ ကိစ္စ အာရုံတို့၏အစွမ်းဖြင့် တခုတည်းယူခြင်း။

**အဝိပညာ ဓမ္မဝိပဿနာ။** ။အနိစ္စ စသည်၏အစွမ်းဖြင့် အလုံးစုံသော တရားတို့ကို ဆုံးဖြတ်ခြင်း။ (ဋီ-၃၀၉)

**သမ္မောဟာဘိနိဝေသ။** ။ဣဿရကုတ္တ စသည်ကြောင့် လောကကြီးဖြစ်ပေါ်ရ၏–ဟု သက်ဝင်ယုံကြည်ခြင်း။ ကေစိတို့ကား— အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ–စသည်ဖြင့် သံသယဖြစ်နေခြင်းသည် ''သမ္မောဟာဘိနိဝေသ''ဟု ဆိုကြ၏။ (၃၀၉)

**ဝိဝဋ္ဋာနုပဿနာ။** ။ဝဋ်မှကင်းသော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရှုသော ဂေါတြဘု။ (၃၀၉)

**ဒိဋ္ဌေကဋ္ဌ။** ။ဒိဋ္ဌိယာ သဟဇာတေကဋ္ဌေ ပဟာနေကဋ္ဌေ စ။

**သကဒါဂါမိမဂ္ဂေန ဩဠာရိကေ ကိလေသေ။** ။ဤဩဠာရိက ဟူသောစကားကို အထက်မဂ်ဖြင့် ပယ်သတ်ထိုက်သော ကိလေသာတို့ကို ရှင့်၍ ဆိုသည်။ထိုသို့မဟုတ်လျှင်-သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့သည် ဒုတိယမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ထက် ရုန့်ရင်း၍ ထိုသောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ယူရလိမ့်မည်။ (ဋီ-၃၀၉)

**အနာဂါမိမဂ္ဂေန အဏုသဟဂတေ ကိလေသေ။** ။ဤ စကားကိုလည်း အောက်မဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို ထောက်၍ အဏု(သိမ်မွေ့သော) ကိလေသာဟု ဆိုသည်။

**အရဟတ္တမဂ္ဂေန သဗ္ဗကိလေသေ။** ။အောက်မဂ်သုံးပါးဖြင့် ပယ်အပ်ပြီးသည်မှ ကျန်သမျှ ကိလေသာ အားလုံးကိုသာ သဗ္ဗကိလေသာ-ဟု ဆိုသည်။ ဘာ့ကြောင့်နည်း— အောက်မဂ်ဖြင့် ပယ်သတ်အပ်ပြီးသော ကိလေသာတို့ကို အရဟတ္တမဂ်က ထပ်ပယ်စရာမလိုသောကြောင့်တည်း။ (သဗ္ဗ သဒ္ဒါကား သပ္ပဒေသ တသန္တိ ဒဏ္ဍာယ-၌ကဲ့သို့ သာဝသေသသဗ္ဗ (သပ္ပဒေသဝိသယသဗ္ဗ)တည်း။ (ဋီ-၃၁၁)

**သင်္ခါရာနံ အဘိသင်္ခရဏလက္ခဏံ။** ။သင်္ခါရက္ခန္ဓာ တရားတို့သည် စေတနာ ပြဓာန်းသောကြောင့် စေတနာ၏အစွမ်းဖြင့် ဆိုသည်။ (၃၁၀)

**သင်္ခါရာနံ စေတနာလက္ခဏံ။** ။ဤနေရာ၌ သင်္ခါရာ သင်္ခါရက္ခန္ဓာ-စသည်တို့၌ကဲ့သို့ စေတသိက် ၅၀-ကို မယူရ၊သင်္ခါရာ အရ— စေတနာကို အလိုရှိအပ်သောကြောင့် ဆိုသည်။ (ဋီ-၃၁၁)

**ယုဂနဒ္ဓါ။** ။သမထဝိပဿနာတို့သည် အချင်းချင်း ကျေးဇူးပြုသည့်အတွက် အစုံ၏ အစွမ်းဖြင့် ဖွဲ့ထိုက်သောကြောင့် ယုဂနဒ္ဓ မည်၏။ (၃၁၁)

**ဟေတုလက္ခဏာ။** ။ဝဋ္ဋ၏ ဇနက် အကြောင်း ဖြစ်ခြင်းသည် တဏှာ၏ ဟေတုလက္ခဏာ ဖြစ်၍ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကြောင်းဖြစ်ခြင်းသည် မဂ်၏ ဟေတုလက္ခဏာ ဖြစ်ပါသည်။ (၃၁၁)

တထာဂတဘာဝ၌ အာဂတဉာဏဂတိယာ။ ။ဤ၌ ဂတသဒ္ဒါမှာ ထိုးထွင်း၍ သိခြင်းအနက် ရှိပါသော်လည်း ဉာဏဂမနဖြင့်ပင် အဝဗောဓနအနက် ပြီးပြီသောကြောင့် အဝဗောဓန အနက်ကို မဆိုတော့ပါ။ (ဋီ-၃၁၂)

တထဓမ္မာ နာမ စတ္တာရိ အရိယသစ္စာနိ။ ။မဖောက်ပြန်သော သဘော ရှိသော ကြောင့် ဆိုသည်။
မဖောက်ပြန်သော သဘော ရှိသောကြောင့် တထ၊ မချွတ်ယွင်းသော သဘော ရှိသောကြောင့် အဝိတထ၊ ဒုက္ခ စသော ဂုဏ် အလုပ် ကင်းသောကြောင့် အနညထာ ဟု အမည်ရကြသည်။ (ဋီ-၃၁၂)

တထာနံ ဓမ္မာနံ။ ။တထဓမ္မအရ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ယူပါ။ ဂမ္ဘောတ်၏ ဗုဒ္ဓိအနက်ကို ရည်၍ အဘိသမ္ဗုဒ္ဓတ္တာ ဟု ဆိုသည်။ ဉာဏဂမန အနက်ကို ရည်၍ ဆိုသည် မဟုတ်ပါ။ (ဋီ-၃၁၃)

အပရိမာဏာသု လောကဓာတူသု။ ။ကိုယ်၌ နေသော သတ္တဝါတို့ကိုငဲ့၍ တနည်း–ထင်လင်းခြင်းသို့ ရောက်သဖြင့်ငဲ့၍ ဗဟုဝုစ်ဖြင့် ဆိုသည်။

ဣဋ္ဌာနိဋ္ဌာ ဒိဝသေနာ။ ။အာဒိဖြင့် မဇ္ဈတ္တ၊ အတီတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ပရိတ္တ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ အဇ္ဈတ္တဗဟိဒ္ဓ စသည်တို့ကို ယူပါ။

လဗ္ဘမာနကပဒဝသေန။ ။ရူပါယတနံ ဒိဋ္ဌံ၊ သဒ္ဒါယတနံ သုတံ၊ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မုတံ၊ သဗ္ဗံ ရူပံ မနသာ ဝိညာတံ ဟူ၍ ဟောတော်မူအပ်သောကြောင့် ဒိဋ္ဌပဒ ဝိညာတပဒ ကိုလည်း ရူပါရုံ၌ ရနိုင်သည်။

အနေကေဟိ နာမေဟိ။ ။ရူပါရမ္မဏ၊ ဣဋ္ဌ၊ အနိဋ္ဌ၊ မဇ္ဈတ္တ၊ ပရိတ္တ၊ အတီတ၊ အနာဂတ၊ ပစ္စုပ္ပန္န၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဒိဋ္ဌ၊ ဝိညာတ၊ ရူပ၊ ရူပါယတန၊ ရူပဓာတ်၊ ဝဏ္ဏနိဘာ၊ သနိဒဿန၊ သပ္ပဋိဃ၊ နီလ၊ ပီတ စသော နာမည်များတည်း။

**တေရသဟိ ဝါရေဟိ။** ။မဓ္မှသင်္ဂဟီ ရူပကဏ္ဍ၌ လာသော နိဒ္ဒေသ ဝါရ ၁၃-ပါးတို့ကို ရည်ရွယ်၍ ဆိုပါသည်။ (၃၁၃)

**ဒွိပဉ္စာသာယ နယေဟိ။** ။ဓမ္မသင်္ဂဟီလာ ဝါရ ၁၃-ခုတွင် တခုတခုသော ဝါရ၌ ၄-ခု ၄ ခုသော ဝဝတ္ထာပန နည်းတို့၏ အစွမ်းဖြင့် ဆိုသည်၊ (၃၁၃)

**တထမေဝ ဟောတိ။** ။အလုံးစုံသော အခြင်းအရာအားဖြင့် သိသဖြင့် ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တို့ မလည် စေနိုင်သော ဒေသနာတော် ရှိသောကြောင့် လည်းကောင်း၊ အလုံးစုံသော အခြင်းအရာ အားဖြင့် မြင်သဖြင့် မဖောက်မပြန် မြင်လေ့ရှိသောကြောင့် လည်း ကောင်း ဝေဖန်တော်မူအပ်သမျှ အမှန်ချည်းသာ ဖြစ်၏။ မမှန်တာ မရှိပါ။

**ဇာနာမိ အဗ္ဘညာသိံ။** ။ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလတို့၌ ဉာဏ်ဖြစ်ခြင်း ကို ပြသဖြင့် အနာဂတ်ကာလ၌ ဉာဏ်ဖြစ်ပုံလည်း ပြပြီးပင် ဖြစ်ပါသည်။ ဘာကြောင့်နည်း— နည်းအားဖြင့် ပြအပ်သောကြောင့် တည်း (ဋီ-၃၁၄)

**တထာဂတဿ ဝိဒိတံ။** ။ဤ၌ ဝိဒိတသဒ္ဒါသည် ကာလသုံးပါးနှင့် ဆက်ဆံ သောကြောင့် အနာဂတကာလ အထူးတည်း။ ဤ ပုဒ်ဖြင့် အခြားသူတို့ကား သိရုံသာ သိကြသည်။ ငါကား ထင်ရှားစွာသိဟု ပြသည်။ ကမဟံ ဇာနာမိ စသော ပုဒ်တို့ဖြင့် သဗ္ဗညုဘူမိကို ပြအိုပါသည်။

**တထာဂတော န ဥပဋ္ဌာသိ။** ။ကြောက်ဒွါရ၌ ဖြစ်သော အာရုံကို ကဏှာဖြင့် လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိဖြင့် လည်းကောင်း ဘုရားရှင်သည် ငါ-ငါ၏ ဥစ္စာ၏ အစွမ်းဖြင့် မထင်ပါ၊ မကပ်ရောက်ပါ၊ ဤပါဠ်ဖြင့် ဝိဏာသာဘူမိကို ဆိုသည်။

**ယံ ရတ္တိံ။** ။အကြင်ညဉ့်၌။ ဝါ၊ ပက်လုံး၊ ညဉ့်၏ အစိတ်ဖြစ်သော ကိုး တွင်း၍ သိရာ ခဏသည် မဖြုက်ယှဉ်သောကြောင့် "ပတ်လုံး" ကု ပေးရသည်။တနည်း—ညဉ့်လုံးလည်း ကိုးထွင်း၍ သိခြင်းငှာအားကုတ်ရာ ကာလဖြစ်သောကြောင့် ပရိယာယ်အားဖြင့် တညဉ့်လုံးပင် အစ္စန္တသံယောဂ ဖြစ်သည်။ (၃၁၄)

**အပရာဇိတပလ္လင်္ကေ၊** ။ဤနေရာ၌ အမြဝ်ဆုံးသော ဘူမိသိသို့ ရောက် သောကြောင့် အခြားပုဂ္ဂိုလ်တို့သည် မအောင်ရာ ပလ္လင်တော်တည်း။ (ဋီ-၃၁၄)

တိဏ္ဏံ မာရာနံ။ ။မုချအားဖြင့် ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ်တို့ကို ယူပါ။ ဥပစာအားဖြင့်ကား မာရ် ၅-ပါးလုံးကိုလည်း ယူနိုင်သည်။ (၃၁၄)

ပဋ္ဌမ ဗောဓိယာပိ စသည်။ ။ဤစကားသည် ၄၅-ဝါ အပိုင်းအခြားကာလကိုသာ အတွင်းပြု ခွဲခြားကာ သတ်မှတ်၍ အထူးပြုသည်။ ဝါ-၂ဝ ဖြင့် ပိုင်းခြားရာ ကာလသည် ပဌမဗောဓိဟုဝိနယဂဏ္ဌိ၌ ဆိုသည်။ ထိုစကားကို အဌကထာ၌ပင် "ဘဂဝတော ဟိ ပဌမဗောဓိယံ ဝီသတိဝဿန္တရေ နိဗဒ္ဓုပဋ္ဌာကော နာဟောသိ" ဟူ၍ ဆိုအပ်သောကြောင့် ပဌမဗောဓိဟူသည် ဝါ-၂ဝ ဟုယူ၍ ဆိုပါသည်။ ဋီကာဟောင်းဆရာကား ပဌမဗောဓိသည် ၄၅ ဝါတို့တွင် အစ ၁၅-ဝါဟု ဆို၏။ ဤသို့ဆိုသော် ပဌမဗောဓိ ပဌမ ၁၅-ဝါ၊ မဇ္ဈိမဗောဓိ အလယ် ၁၅-ဝါ၊ ပစ္ဆိမဗောဓိ အဆုံး ၁၅-ဝါဟု ယူလျှင် ဗောဓိ ၃-ပါး ညီမျှသောကြောင့် သင့်မြတ်မှန်ကန်သည်။ ၁၅-ဝါ ပမာဏရှိသော ပဌမဗောဓိသည် ဝါ-၂ဝ တို့၌ပင် အတွင်းဝင်သောကြောင့် "ပဌမဗောဓိယံ ဝီသတိဝဿန္တရေ"ဟု ဆိုသည်ဟုလည်း သိသင့်ပါသည်။ (၃၁၅)

အာဂဒန်။ ။အလုံးစုံသော စီးပွားကို ပြီးစေတတ်သောကြောင့် ပြင်းထန်သော စကားကို အာဂဒန ဟု ဆိုသည်။ (ဋီ-၃၁၅)

ဒေသနာဝိလာသပယ။ ။ဒေသနာကို အမျိုးမျိုး တန်ဆာဆင်၍ တင့်တယ်စံပယ်စေနိုင်သော သဗ္ဗညုတ ဉာဏ်တော်သည် ဒေသနာဝိလာသပယ မည်သည်။ (၃၁၇)

ပုညုဿယ ဟူသည်။ ။လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးတော် မူအပ်ခဲ့သော လွန်ကဲ များပြားသော ဉာဏ်စသော ကောင်းမှုတော်တည်း။ (၃၁၇)

တထာဂတော တထံဂတော။ ။တထာဂတောတိ ပုဂ္ဂိုလ်သစ္စတ္တယံ သန္တာယာဟ၊ တထံဂတောတိ ပရမတ္ထသစ္စံ သန္ဓာယာဟ။ (ဋီ-၃၁၇)

ဗောဓိမဏ္ဍုပသင်္ကမနံ နယော။ ။အရဟတ္တမဂ်ဉာဏ်- သဗ္ဗညုတဉာဏ်သို့ ရှေးရှုဆောင်သောကြောင်း ဆုတောင်းမှုမှစ၍ သမ္ဗောဓိကို ရသည်အထိ ဤအတွင်း၌ မဟာဗောဓိသို့ ရောက်ကြောင်း

အကျင့်၌ ယုတ်ခြင်း၊ ရပ်တန့်ခြင်း၊ ညစ်နွမ်းခြင်း၊ ဆုတ်နစ်ခြင်းတို့၏ မရှိသောကြောင့် ဆုတောင်းအားလျော်စွာ ကျင့်တော်မူ၏။ ထို့ကြောင့် တထာဂတ မည်တော်မူသည်။ (၃၁၈)

**သံသန္ဒန**။ ။သံသန္ဒနဟူသည် ဆွေးနွေးခြင်း၏ အစွမ်းဖြင့် အဆုံးအဖြတ်ကို ပြုခြင်းတည်း။ (၃၂၀)

**သံသယ စသည် အထူး**။ ။အလွန် ခိုင်မြဲစွာ သက်ဝင်သော ဝိစိကိစ္ဆာသည် သံသယ။ အလွန် မယုံမှားအသိကွဲပြားရုံမျှသည် ဝိမတိ။ ဝိမတိအောက် ငယ်သော ဖြစ်လေသလော၊ မဖြစ်လေသလော စသည် ဖြင့် နှစ်လုံးနှစ်ခွကဲ့သို့ ဖြစ်ခြင်းသည် ဒွေဋ္ဌက။ (၃၂၀)

**အာသပ္ပန**။ ။ပြင်းစွာ ငြိကပ်ယုံမှားခြင်း တွေဝေခြင်း။

**ပရိသပ္ပန**။ ။ထက်ဝန်းကျင် ယုံမှားတွေဝေခြင်း။

**သဗ္ဗာ ကင်္ခါ ဆိန္နာ**။ ။သဗ္ဗညုတဉာဏ်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြတ်ပြီးသောကြောင့် ယုံမှားခြင်းမှန်သမျှ ကင်းပြတ်သည်။ (၃၂၁)

**အဝေဿာ ပန ဒွေ ပုစ္ဆာ ဗုဒ္ဓာနံ နတ္ထိ**။ ။သူတပါးတို့၏ အလိုဆန္ဒဖြင့်လည်းကောင်း၊ ဖြေဆိုလိုခြင်းဖြင့်လည်းကောင်း ဓမ္မဒေသနာ ဖြစ်သင့်သောကြောင့် လည်းကောင်း၊ ထိုအတိုင်းပင် ထိုသို့ပါဠိတော်တို့၌ တွေ့မြင်အပ်သောကြောင့် လည်းကောင်း "အဝေဿာ ။ပေ။ နတ္ထိ"ဟု ဆိုသည်။ (၃၂၁)

နိဒ္ဒေသ၌—သတ္တာဓိဋ္ဌာနာပုစ္ဆာ၊ ဓမ္မာဓိဋ္ဌာနပုစ္ဆာ၊ ကောဓိဋ္ဌာနာပုစ္ဆာ၊ အနေကာဓိဋ္ဌာနာပုစ္ဆာ စသည်ဖြင့် ပုစ္ဆာများ လာပါသည်။ ထိုနိဒ္ဒေသလာ ပုစ္ဆာတို့ကို ထုတ်၍ ဤနေရာ၌ ပရိစ္ဆိစ်ခြင်းမှာ ဤမျှလောက်ဖြင့်ပင် တော်သင့်ပြီ၊ အလိုရှိသူများသည် ဤနည်းဖြင့်ကုဂ်၍ ဝိစင်ပါဟု နည်းပေးမှု ပြီးစီးသောကြောင့်တည်း။ (ဋီ-၃၂၁)

**ဇီဝိတိန္ဒြိယံ**။ ။ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေတို့ကို ယူပါ။ ရုပ် ဇီဝိတိန္ဒြေကို ဖျက်ဆီးအပ်သော် နာမ်ဇီဝိတိန္ဒြေသည်း ထိုရုပ်နှင့် ဆက်စပ် သည့်အတွက် ပျက်သောကြောင့် ဇီဝိတိန္ဒြေနှစ်မျိုးလုံးကို ယူထားသည်။

**ပါဏောတိ စေတ္ထ ဝေါဟာရတော သတ္တော။** ။ဤ၌ ကောဋ်ဖြင့်ညွှန်ပြခြင်းကား သတ္တဝါချင်း တူသောကြောင့်တည်း။

**သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိ သဗ္ဗေ ပါဏဘူတေ။** ။ဤ၌ သဗ္ဗာ သဒ္ဒါအနီး၌ ရှိသောကြောင့် ဗဟုဝုစ်ဖြစ်ကို သိလွယ်သည်သာဖြစ်၍ သာမည ညွှန်ပြမှုကို မပြုပဲ အပြားကို ဆိုလိုသည်၏ အစွမ်းဖြင့် ဗဟုဝုစ်ဖြင့် ညွှန်ပြမှု ပြုသည်။

တနည်း—သံဝရသမာဒါနသည် သာမညအားဖြင့်ဖြစ်၍ သံဝရဘေဒကား ဝိသေသအားဖြင့် ဖြစ်ပါသည်။ ဤအထူးကို သိစေခြင်းငှာ ဝုစ်အထူးစေ၍ ခွဲ၍ ဆိုသည်။

ပါဏာတိပါတော စသည်သည် သံဝရဘေဒကို ပြသောစကားဖြစ်၍ သဗ္ဗပါဏဘူတော စသောစကားကား သံဝရသမာဒါနကို ပြသော စကားတည်း။ သဒ္ဒါကျမ်းတို့ကား ဓာတ်ပြက်ကို ရှင့်၍ ကြိယာ အရာဌာန များ၌ ဝုစ်သာကဲ့ပြား၍ အနက်ကား အတူတူ ဆိုကြလေသည်။(၃၂၁)

**ဝီတိက္ကမိယဝတ္ထုဒိဥပက္ကမသမုဋ္ဌာပိကာ။** ။အကြင် စေတနာဖြင့် ဖြစ်ဆဲသော ဝီတိက္ကမ်ဖို့ရာ မဟာဘုတ်တို့၌ လုံ့လပယောဂကြောင့် အတွက် ကိုယ်ဟာဘုတ်ကူသော အကြောင်းကြောင့် ဖြစ်လာသော မဟာဘုတ်တို့ ဖြစ်ကြကုန်သော၊ ဖြစ်လာပြီးသည့် မဟာဘုတ်တို့ ဖြစ်ပေါ်အောင် ပြုတတ်သော ပယောဂကို ဖြစ်စေသောစေတနာသည် ပါဏာတိပါတ မည်၏၊ ဝီတိက္ကမ်ကို ဖြစ်စေတတ်သော ကာယဝစီ ပယောဂကို ဝီတိက္ကမ်၏ ရှိရာမဟာဘုတ်၌ ဖြစ်စေပါသည်။ (၃၂၂)

**ကာယဝစီဒွါရာနံ။** ။ကိုယ်နှုတ်ကြောင့် ဝိညတ်ဝါတို့၏ အကူဖြစ်သော မနော ဒွါရ၌ ဖြစ်သော ပဓာနစေတနာ၏ ပါဏာတိပါတ အဖြစ်ကို ပယ်သည်၊ (၃၂၃)

**ပယောဂမဟန္တတာယ။** ။ပယောဂ-ဝဏ္ဏကြီးမှု စသည်ကြောင့် အဖြစ်ကြီးခြင်းသည် ပယောဂ-ဝဏ္ဏကြီးမှုစသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော စေတနာ၏ အားကြီးမှုကြောင့်ဟု သိ၊ တခုတည်းသော ပယောဂကို လျင်စွာ ပြီးစေခြင်း အစွမ်းကြောင့်လည်းကောင်း၊ ကိစ္စကို ပြီးစေတတ်သော အကြိမ်များစွာ ဖြစ်သော ဇောတို့

ကြောင့် အာသေဝနပစ္စည်းရသော သန္နိဋ္ဌာပကစေတနာ၏ အစွမ်းကြောင့် လည်းကောင်း ပယောဂကြီးမှု ဖြစ်သည်။ (ဋီ-၃၂၂)

**ဝတ္ထုပဟန္တတာယ။** ။တိရစ္ဆာန်ငယ်သော သတ္တဝါ၊ကြီးသော သတ္တဝါ၌ ပယောဂ တူပါသော်လည်း ကြီးသော သတ္တဝါကို သတ်သူ၏ စေတနာသည် အလွန်ထက်သောကြောင့် ဝတ္ထုကြီးမှု ဖြစ်သည်။ ဤသို့ ပယောဂကြီးမှု-ဝတ္ထုကြီးမှု နှစ်မျိုးလုံးသည် စေတနာ အားကြီးသော ကြောင့်သာလျှင် အပြစ်ကြီးမှု ဖြစ်သည်။ (၃၂၂)

**သတ်တတ်၊ သက်အပ်။** ။သတ္တဝါဟု ဆိုအပ်သော ဝဓက စေတနာနှင့်တကွ ဖြစ်သော သင်္ခါရ အစုအပုံသည် သက်အပ်သူဖြစ်၍ သတ်တတ်သူသည် ဖြစ်စေအပ်သော သတ်မှုပယောဂကြောင့် အငွေ့ ဝိညာဉ် အသက်ကင်းသွားသော သေသူဟု ခေါ်ရသော သတ်ကြောင်း ပယောဂကို ပြုလျှင် ဖြစ်ရရှိသော ရုပ်နာမ် အစုပေါင်းသည် သတ်အပ်သူ မည်ပါသည်။ (၃၂၃)

**ပဟီနကာလတော ပဋ္ဌာယ။** ။ပဟာယ-၌ တွာပစ္စည်းသည် ပုဗ္ဗကာလ ကြိယာ၌ ဖြစ်၏။ ထို့ကြောင့် "ပဟီနကာ-လတော ပဋ္ဌာယ"ဟု မိန့်သည်။ တနည်း-ဟိတ် အနက်၌သည်၏ အဖြစ်ကို ရည်ရွယ်၍ "ပဟီနကာလတော ပဋ္ဌာယ"ဟု မိန့်သည်။ ကျင့်ကြ၍ ပယ်ခြင်း ဟူသော အကြောင်းရှိသော သမုစ္ဆေဒပဟာနကို ဤ၌ ရ၍ အလိုရှိအပ်၏ဟု ပြသည်။ မှန်၏—အရဟတ္တမဂ်ဖြင့် ပါဏာတိပါတ ဒုစရိုက်ကို ပယ်ပြီးသော ကြောင့် ဘုရားရှင်ကို စင်စစ်ပင် ပါဏာတိပါတမှ ရှောင်သူဟု ဆိုရပါသည်။ ဘာ့ကြောင့်နည်း—သမုစ္ဆေဒ အစွမ်း ဖြင့် ပဟာနပ်ရုံကိုကို အလိုရှိအပ်သော ကြောင့်တည်း။ (၃၂၄ ၅)

**ပဟာယ ပဋိဝိရတော။** ။ဤ၌ ပဟာန ဝိရမဏ်တို့၏ ရှေ့နောက်ကာလ မရှိ ပါသော်လည်း ပဋိဝိရတော ဟိတ်တွင် အကြောင်း ပစ္စည်း ဖြစ်သော သမ္ဘာဝိတ္ထိ စသော တရားတို့၏ ပစ္စယုတ္တ ဖြစ်သော သမ္ဘာဝ ါစ သည်တို့အား ပစ္စည်း ပစ္စယုပ္ပန် အဖြစ် ရှိသော် အာဂုဏက္က ဖြစ်ကြသော တရားတို့ကိုလည်း ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူခြင်းသည် ရှေ့နောက်ကဲ့သို့ ဖြစ်သည်။ ပစ္စည်းတို့သည် ရှေးဦးစွာ ပစ္စယသတ္တိ၌ ဘည်၍ နောက်၌ ပစ္စယုပ္ပန် သည် ပစ္စယသတ္တိ ကို ရ၍ ဖြစ်သည်။ ထို့ကြောင့် ယူ၍ ဖြစ်ပုံ အခြင်းအရာ အစွမ်းဖြင့် သဟဇာတ စသည်တို့၏ ပစ္စည်းဖြစ်သော သမ္ဘာဝိတ္ထိစသော ပဟာယကမ္မတို့၌ ပဟာနကြိယာဖြင့် ပုဗ္ဗကာလဝေါဟာရသည်လည်း

ကောင်း၊ ပစ္စုယ်ပွန် ဖြစ်သော ဝိရတီတို့၌ ဝိရမဏကြိယာဖြင့် အာရကာလ ဝေါဟာရသည်လည်းကောင်း ဖြစ်သင့်သည်၊ ထို့ကြောင့် ပါဏာတိပါတံ၊ ကို။ ပဟာယ၊ သမ္ပတ္တဝိရတိ စသည်တို့ဖြင့် ပယ်၍။ ပါဏာတိပါတာ၊ မှ။ ပဋိဝိရတော၊ သမုစ္ဆေဒဝိရတိ စသည်တို့ဖြင့် ရှောင်ကြဉ်တော်မူ၏ဟု ပါဠိတော်၌ အနက်ပေးပါ။ (ဋီ-၃၂၅)

အဋ္ဌကထာမုတ္တကနယ။ ။ပဟာယ-အရ သမုစ္ဆေဒ ယူ၍ ပဋိဝိရတော-အရ ပဋိပဿဒ္ဓိကို ယူပါ။ ထို့ကြောင့် "ပါဏာတိပါတံ၊ ကို။ ပဟာယ၊ မဂ်ဖြင့် ပယ်၍။ ပါဏာတိပါတာ၊ မှ။ ပဋိဝိရတော၊ ဖိုလ်ဖြင့် ရှောင်ကြဉ်တော်မူ၏" ဟု အနက်ပေးပါ။ (၃၂၅)

ဩရတော၊ ဝိရတော။ ။ဩရတော-ဟူသော ပါဒ်ဖြင့် ဖြောင့်ဖြောင့် ရှောင်ကြဉ်မှုအစွမ်းဖြင့် အလွန်အကဲ၏ အဖြစ်ကို ပြသည်။ ဝိရတော-ဟူသော ပါဒ်ဖြင့် ဝါသနာနှင့်တကွ ရှောင်ကြဉ်မှုကို ပြသည်။ ၂-ပုဒ်လုံးဖြင့် သမုစ္ဆေဒ ဝိရတိ အဖြစ်ကို ပြသည်။ ဝိရတိ၏ ကာလ စသည်ဖြင့် အပိုင်းအခြား မရှိကြောင်း ပြခြင်းအကျိုးငှာ ဝေဝစ္စ ဒွန်ကို မိန့်ဆိုသည်။ (၃၂၅)

စက္ခုသောတဝိညေယျာ။ ။အပြစ်မရှိသော တရားတို့နှင့် ရောပြွမ်း၍ အကြား အကြား၌ ဖြစ်သော အားနည်းသော အပြစ်ရှိသော အကုသိုလ်တရားများတည်း။ ထိုတရားတို့သည် စက္ခုဝိညာဉ် သောတဝိညာဉ်တို့၏ အာရုံဖြစ်သောကြောင့် စက္ခုသောတဝိညေယျာ-ဟု ဆိုအပ်သည် မဟုတ်ပါ။ ကာယပယောဂ ဝစီပယောဂကို မြင်ရ၍ ကြားရမှသာ ကိလေသာတော့ ဖြစ်နေသည်ဟု ပညာရှိတို့ သိနိုင်သောကြောင့် ဥပစာအားဖြင့် စက္ခုသောတဝိညေယျာ-ဟု ဆိုရသည်။ [တသာ၊ ထိုမြွက်ရာ ဘုရားအား။ ပိဋကတ်-ပိဿာမိ၊ လှန်ကျူးဦးအံ့။ ဋီကာ၊ သို့။ ဥပဇ္ဈာယနတော၊ ရှစ်ခြင်းရှိကုန်သော။ စက္ခုသောတ ဝိညေယျာ၊ စက္ခုဝိညာဉ်၊ သောတဝိညာဉ်တို့ဖြင့် ကာယပယောဂ ဝစီပယောဂကို ရသော် ပနေ့ဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဝဇ္ဇာ၊ အပြစ်မရှိသော တရားတို့နှင့် ရောယှက် အကြား အကြား၌ ဖြစ်ခြင်းရှိသော အားနည်းသော အပြစ်ရှိသော အကုသိုလ်တရားတို့သည်။ နတ္ထိ၊ မရှိကုန်။ ကာယိကာ၊ ကိုယ်ဖြင့် ပြုအပ်ကုန်သော ပါဏာတိပါတ စသည်တို့ကို ဖြစ်စေနိုင်ကုန်သော အားကြီးသော အကုသိုလ်တရားတို့သည်ကား။ ပနေဝ၊ အဘယ်မှာ ရှိနိုင်ပါအံ့နည်း။] (၃၂၆)

အတ္တံ ပန စသည်။ ။သဒ္ဒါအားဖြင့် သံသာတော်ဂုဏ်ကို ဟောတော်မမူအပ် ပါသော်လည်း ဗြဟ္မဒတ်လုလင် ပြောအပ်သော ဝဏ္ဏ၏

အနုသန္ဓေကို ပြခြင်းအစွမ်းဖြင့် ဤဒေသနာတော်ကို အားထုတ်အပ်သော ကြောင့် သံဃာတော်ဂုဏ်ကို ပြခြင်းငှာ သင့်သည်ဟူလို။ (၃၂၇)

**ဓမ္မကို သိးခြားမထုတ်ခြင်း အကြောင်း။** ။တရားတော်၏ ဂုဏ်ကိုလည်း ပြဟ္မ ဒတ်လုလင် ပြောဆိုအပ်သည်မှာ မှန်ကန်သော်လည်း ထိုတရားတော်သည် သမ္မာသမ္ဗုဒ္ဓလျှင် အစအမွန် ရှိသော ကြောင့်လည်းကောင်း၊ တရားတော်သည် အရိယာသံဃာလျှင် တည်ရာရှိသော ကြောင့်လည်းကောင်း၊ ဘုရား သံဃာတို့သည် တရားတော်၏ အာနုဘော် ကြောင့် ပြီးသောကြောင့်လည်းကောင်း ဗုဒ္ဓ သံဃကို ချီးမွမ်းမှု ပြုခြင်းဖြင့် ပင် ပြပြီးသောကြောင့် ဓမ္မဝဏ္ဏကို သိးခြား မထုတ်ဆောင်ပါ။ (၃၂၇)

**ပရိယာယဘဏ္ဍာဃ စသည်။** ။တုပ်၊ လက်နက်တို့ကို ချထားကြောင်း စကား သည် အတ္တာပက္ကံ အစွမ်းဖြင့် သူတပါးကို ဆဲခြင်းမှ ရှောင်ကြဉ်မှုကို ပြခြင်းအကျိုးရှိ၏။ ထို့ကြောင့် ပရိယာယဘဏ္ဍာဃ- စသည်ကို မိန့်ပါသည်။ (၃၂၇)

**ဒဏ္ဍ သတ္ထ။** ။မဖြိုမပုရိသ၏ ၄-တောင်ပမာဏရှိသော တုတ်သည် ဒဏ္ဍ မည်၏၊ ထိုတုတ်မှကြွင်းသော ဓားလှံပုတ် ဓား စသည်တို့ သည် သတ္ထမည်၏။ (၃၂၇)

**ဒန္တကဋ္ဌ။** ။ဤပုဒ်အရ သွားတိုက်ဒန်ပူကို မယူရ၊ ဒန်ပူပြုလုပ်ရန် သင့်လျော် သော သစ်သားကို ယူပါ။

**လဇ္ဇီတိ ပါပဇိဂုစ္ဆနလက္ခဏာဃ။** ။ဤ၌ လဇ္ဇာသဒ္ဒါ ဟိရိအနက်ရှိသော ကြောင့် ပါပဇိဂုစ္ဆန စသည်ဖွင့်ပြသည်။ ဘုရားရှင်တို့သည် တရားတော်ကို အလေးပြုသောကြောင့် လည်းကောင်း၊ တရားတော်သည်လည်း ကိုယ်တော်နှင့် စပ်သောကြောင့်လည်းကောင်း အတ္တာ ဓိပတိဖြစ်သော ဟိရိကိုသာ ဟောသည်။ လောကာဓိပတိဖြစ်သော ဩတ္တပ္ပကို မဟောပါ။

တနည်း—လဇ္ဇီ၌ လဇ္ဇာဖြင့် ဩတ္တပ္ပကိုပါ ဆိုပြီးဖြစ်သောကြောင့် လဇ္ဇာအရ ဟိရိ-ဩတ္တပ္ပနှစ်ပါးလုံးကို ယူပါ။ မှန်၏—ထိတ်လန့်မှုမပါသော မကောင်းမှုကို စက်ဆုပ်ခြင်းမည်သည်မရှိ၊ အရှက်မပါသော မကောင်းမှုမှ ကြောက်ခြင်း မည် သည်လည်း မရှိသောကြောင့် နှစ်ပါးလုံးကို ယူနိုင်ပါသည်။ (ဋီ-၃၂၈)

ဒယာပန္နေ။ ။ဒယာ အရ-မေတ္တာ ကရုဏာ နှစ်မျိုးလုံး ဖြစ်သင့်သော်လည်း ကရုဏာကို ဆိုလတံ့ဖြစ်သောကြောင့် ပါရိသေသ နည်းအရ မေတ္တာကိုသာယူလို၍ “မေတ္တစိတ္တတ”ဟု ဖွင့်သည်။ (၃၂၈)

တာယ ဒယာပန္နတာယ။ ။မေတ္တာသည် ကရုဏာ၏ တူသောအကြောင်း ဖြစ်သောကြောင့် ဒယ ပုဒ်၏ အနက်ဖြစ်သော မေတ္တာကိုပင် အကြောင်းအဖြစ်ဖြင့် “တာယ ဒယာပန္နတာယ”ဟု မိန့်သည်။ (ဋီ-၃၂၈)

အာစာရသီလမတ္တကံ။ ။မတ္တာ အာပါ ဝိသေသ နိဝတ္တိအနက်ကိုဟော၏၊ ထို မတ္တသဒ္ဒါ ဖြင့် လောကီပုထုဇဉ်သည် ဣန္ဒြိယသံဝရ စသောသီလဖြင့်လည်း ဘုရားရှင်၏ ဂုဏ်ကို မပြောနိုင်ဟုပြသည်။ (၃၂၉)

အဒဏ္ဍာရဟော၊ ။မိမိ ဥစ္စာ ဖြစ်သောကြောင့် ဓနဒဏ်-ခုဋဒဏ် မထိုက်။

ဟိမေန အဝသ္သာနံ။ ။ဤဥ္စ အကြောင်းပြကို ဝက္ကပယိန္နတာယ ဟု သိနိုင်သောကြောင့် ပယိုခြင်း ဖြစ်သည်၊ အငယ်၊ အကြီး ဟူသော ပစ္စည်း ပဋိဂ္ဂါဟလိုက်၍ ဖြစ်စည်းပုံ အဖြစ်ကြီးပုံကိုလည်းကောင်း၊ ဝဏ္ဏ ကိုတ္တုဓာတ် ကိလေသာနှင့် လုံ့လတို့၏ နှမ့်ချောင်း ဖြစ်ပုံ ရှိ ထက်မှုကြောင့် အဖြစ်ကြီးပုံများကို လည်းကောင်း သိပါလေ။ (၃၃၀)

ပေတ စ ဝေါ ယဟာနရုပ်။ ။ဘာလို စုံသော ပဋိယာဝတို့ သည် အလို စုံသော ခိုးပြင် ဟူ၍ မဖြစ်သင့်သောကြောင့် “ယထာနုရူပ” ဟု ဆိုသည်၊ (၃၃၁)

ဒိန္နာဒါယီ။ ။ပြုပြင်၍ ပေးသောဝတ္ထု ဖြင့် စကြဝဠာကြောင်းကို ပြသည်။

ဒိန္နပါဋိကင်္ခီ။ ။စိတ္တ ဟု-ဟိုသဖြင့် သ ဟေယျဒေသ ဖြင့် စင်ကြယ်ကြောင်း ကိုပြသည်၊ (၃၃၁)

အဝယနုတ္တာဝယော ယုစိ ဂူပေယ။ ။စင်ကြယ် ဟူရာ၌ စင်ကြယ်ခြင်း၏ အကြောင်း အမျိုးမျိုးရှိသော်လည်း အဒိန္နာဒါနမှ အကုဖြစ်သောကြောင့် အရှုံးပေါ်လျော်စွာ မခိုးတတ်သည့် အတွက် စင်ကြယ်ကြ အကြောင်းကို သိနိုင်သောကြောင့် “အဝယနုတ္တာဝယော” ဟု ဟိတ်ထည့်၍ ဖွင့်သည်။ (၃၃၁)

အတ္တဘာဝေန။ ။ရှင်ငိနည်းဖြင့် ဘုရားရှင်တို့မှာ အတ္တဘာဝ ဟု သုံးသည်။

ပေယ ပဋမသိက္ခာပဒေ။ ။ကျကျမ်း၌ ပါဏာတိပါတာ ဝိရတိ စသော သီလများကို သိက္ခာပုဒ်နာမည်တပ်၍ မဟော

ပါသော်လည်း အခြားသောသုတ်ပုဒ် ဝိနည်း အဘိဓမ္မာတို့၌ ဖြစ်သော အခေါ်အဝေါ်ဖြင့် ဝိရတီများနှင့် စေတနာတို့ကို အဋ္ဌကထာဆရာတို့၏ ဝည်ရာ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုသိက္ခာတို့တွင် သိက္ခာတခုဖြစ် သောကြောင့်လည်းကောင်း သိက္ခာပဒ ဟူ၍ ဆိုရပါသည်။ (၃၃၂)

**လဇ္ဇီ ဒယာပန္နောထည့်ပါ။** ။အဒိန္နာဒါန သိက္ခာပုဒ်၌ လဇ္ဇီဒယာပန္နောပုဒ် မပါသော်လည်း အဓိကာရနည်း အစွမ်းဖြင့် လိုက်သည်ဟု မှတ်ပါ။

တနည်း—အနက်အားဖြင့် ဆိုပြီးပင်ဖြစ်သည်ဟု မှတ်ပါ၊ ၎င်းဦးအံ့-လဇ္ဇာ စသည်တို့သည် ပါဏာတိပါတကို ပယ်ခြင်း၏ ထူးသောအကြောင်းဖြစ်သကဲ့ သို့ အဒိန္နာဒါနကို ပယ်ခြင်း၏လည်း ထူးသော အကြောင်းဖြစ်နိုင်သည်။ တနည်း သုစိဘူတေနပါဠိဖြင့်ပင် ဟိရိဩတ္တပ္ပ စသည်နှင့် ပြည့်စုံခြင်းကိုလည်း ကောင်း၊ အဟိရိကအနောတ္တပ္ပ စသည်တို့ကို ပယ်ခြင်းကိုလည်းကောင်း ဆိုအပ် ပြီးဖြစ်သောကြောင့် "လဇ္ဇီ ဒယာပန္နော"ဟု မဟောတော့ပါ။ (၃၃၂)

**ဂါမဓမ္မာ။** ။အဘေဒူပစာအားဖြင့် ဂါမသဒ္ဒါဖြင့်ပင် ရွာ၌နေသူ လူအပေါင်း ကို ယူရသောကြော "ဂါမဝါသီနံ"ဟု ဖွင့်သည်။ (၃၃၂)

**မေထုန်ငယ်ခုနစ်ပါး ယူရကြောင်း။** ။ဒူရစာရီဟု အဋ္ဌကထာ၌ ဆိုသော ကြောင့်လည်းကောင်း၊ ပါဠိတော်၌ မေထုနာဟူ၍သာ ဟောတော်မမူပဲ ဂါမဓမ္မာဟုလည်း ဟောတော်မူသော ကြောင့်လည်းကောင်း အင်္ဂုတ္တိုရ်၌လာသော မေထုန်ငယ်ခုနစ်ပါးနှင့် ယှဉ်ခြင်း မှလည်း ရှောင်ကြဉ်မှုကို ပြသည်ဟုမှတ်ပါ။ (၃၃၂)

**မေထုန်ငယ်ခုနစ်ပါ။** ။၁။ မာတုဂါမ၏ ခြေဆုပ်လက်နယ်ပြုမှု ရေချိုးပေး မှု ချေးပွတ်ပေးမှုကို သာယာခြင်း၊ ၂။ မာတုဂါမ နှင့်အတူ ရယ်မောပျော်မြူးခြင်း၊ ၃။ မျက်နှာချင်းဆိုင်၍ စူးစိုက်စွာ ကြည့် ခြင်း၊ ၄။ နံရံတဘက် တံတိုင်းတဘက်၌ စကားပြော ရယ်မော သီချင်းဆို ငိုနေသော မာတုဂါမ၏အသံကို နားထောင်ခြင်း၊ ၅။ မာတုဂါမနှင့်အတူ ပြုံးဘူး ပြောဘူး ရယ်မောဘူးသည်တို့ကို အမှတ်ရနေခြင်း၊ ၆။ ကာမဂုဏ် ငါးပါးနှင့် ပြည့်စုံသော လူဝတ်ကြောင်များကို မြင်ရ၍ အားကျနေခြင်း၊ ၇။ ယခုကျင့်နေရသော ဗြဟ္မစရိယအကျင့်ဖြင့် နောက်ဘဝ၌ ထင်ရှားသောနတ် တယောက်ဖြစ်ရန် တောင့်တဆုတောင်းနေခြင်း။ (၃၃၂/၃)

အဗြဟ္မစရိယ။ ။ဤ၌လည်း အသဒ္ဓမ္မသေဝနအလို့ဖြင့် ကာယဒွါရ၌ ဖြစ်သောမဂ် မဂ်ချင်းကျင့်မှုကို ဖြစ်စေတတ်သော စေတနာကို အဗြဟ္မစရိယ အရယူပါ၊ ငါးပါးသီလ၌ ပါသော ကာမေသုမိစ္ဆာစာရအရကား–အဂမနီယဋ္ဌာန၌ လွန်ကျူးသော စေတနာတည်း။ (၃၃၃)

အဂမနီယဋ္ဌာန။ ။ယောကျ်ားများအတွက် မာတုရက္ခိတာစသော ဆယ်ယောက်၊ မုဂ္ဂိတာ စသောဆယ်ယောက်ပေါင်း နှစ်ဆယ် ရှိ၍ မိန်းမများအတွက် သရက္ခာ စသောဆယ်ယောက်၊ သာရက္ခာ၊ သပရိဒဏ္ဍာ နှစ်ယောက်၊ ပေါင်း တဆယ့်နှစ်ယောက်ရှိသည်။ (၃၃၄)

ဆောင်—မာ ပိ မာပိ၊ ဉာတိ၊ ဂေါ ဓမ် သ သာ။
ဓ ဃန် ဘော ပ၊ ဩ ဩ ဓ၊ ကမ္မ ဒါ မုဟာ။

ဒေဒန္တိဝါဒ။ ။အချို့သော ၁။အာကာလ၊ ၂။အဒေသ၊ ၃။အနင်္ဂ၊ ၄။အဓမ္မအားဖြင့် ကာမေသုမိစ္ဆာစာရ လေးပါးဟု ဆိုကြသေး၏။ ဤအဆိုသည် မသင့်ပါ။ ထိုလေးပြားသော်လည်း အဂမနီယဋ္ဌာန၌ ဖြစ်သော ဖောက်ပြန်စွာ ကျင့်မှုသာ ကာမေသုမိစ္ဆာစာရအမည် မဖြစ်သင့်သောကြောင့်တည်း။ (၃၃၅)

အပြစ်ကြီးငယ်။ ။ဂုဏ်မရှိသူ၌ မှိုဝဲလျှင် အပြစ်နည်း၏၊ ဂုဏ်ရှိသူ၌ မှိုဝဲလျှင် အပြစ်ကြီးသည်၊ ဂုဏ် မရှိသော်လည်း ဗလက္ကာရဖြင့် ဖောက်ပြန်စွာ ကျင့်မှု၌ အပြစ်ကြီး၏၊ သဘောတူရာ၌ အပြစ်နည်းသည်၊ အလိုတူရာ၌လည်း ကိလေသာများ လုံ့လများ နည်းပါးသော် အပြစ်နည်း၏၊ ကိလေသာများ လုံ့လများ ပြင်းထန်သော် အပြစ်ကြီးသည်။ (၃၃၄)

အဗြဟ္မစရိယ အင်္ဂါ။ ။၁။ မှိုဝဲလိုသော စိတ်ရှိခြင်း၊ ၂။ မဂ် မဂ်ချင်း သွင်းခြင်း။ (၃၃၅)

မိစ္ဆာစာရအင်္ဂါ လေးပါး။ ။(၁) အဂမနီယဝတ္ထုဖြစ်ခြင်း၊ (၂) အဂမနီယဝတ္ထု၌ မှိုဝဲခြင်း၊ (၃) သေဝနပယောဂ ရှိခြင်း၊ (၄) မဂ် မဂ်ချင်း ကျင့်မှုကို သာယာ သည်းခံခြင်း။(၃၃၄)

ကေစိဝါဒ။ ။အဋ္ဌကထာတို့၌ စတ္တာရော သမ္ဘာရာဟု ဆိုအပ်သောကြောင့် ဗလက္ကာရပြု၍ လွန်ကျူးရာ၌ မဂ် မဂ်ချင်း ကျင့်မှုကို သာယာပါသော်လည်း ရှေး၌ဖြစ်သော မှိုဝဲလိုခြင်းနှင့် စပ်သောပယောဂမရှိသော

-ကြောင့် ဗလက္ကာရ အပြုခံရသူမှာ မိစ္ဆာစာရမဖြစ်ဟု ဆိုကြသေး၏။ ဤကေစိ ဝါဒမသင့်ပါ၊ ဘာကြောင့်နည်း—မိန်းမမှာ မျှားသောအားဖြင့် မှီဝဲကြောင်း ပယောဂ မဖြစ်၊ ယောကျ်ားမှာသာ မျှားသောအားဖြင့် မှီဝဲကြောင်း ပယောဂဖြစ်သည့်အတွက် မှီဝဲလိုစိတ်ရှိသော် ပယောဂမရှိမှုသည် လိုရင်း ပမာဏ မဟုတ်သောကြောင့်တည်း။

ယောကျ်ားများမှာသာ မျှားသောအားဖြင့် မှီဝဲလိုသော ပယောဂဖြစ်သည်။ ထို့ကြောင့် မိန်းမက ရှေးဦးစွာ မှီဝဲလိုသောစိတ် ဖြစ်၍ ထိုင်နေသော် မိစ္ဆာစာရ မဖြစ်ဟူသော အဓိပ္ပာယ်ရောက်ရာ၏။ ထို့ကြောင့် ယောကျ်ား၏ အစွမ်းဖြင့် အလွန်အားဖြင့် အင်္ဂါလေးပါးဆိုသည်။

ထိုသို့မယူလျှင် မိန်းမက ယောကျ်ားကိုစွပြုရာ အခါ၌ ယောကျ်ားမှာ မှီဝဲကြောင်း ပယောဂမရှိသောကြောင့် မိစ္ဆာစာရ မဖြစ်တော့ရာဟု အချို့ ဆရာတို့ဆိုကြသည်။

**ဆုံးဖြတ်ချက်။** ။မိမိအလိုဖြင့် ဖြစ်စေသော် သေဝနပယောဂဖြင့်ပင် သေဝန စိတ် ရှိကြောင်း ပြီးစီးသောကြောင့်-(၁) အဂမနီယဝတ္ထု၊ (၂) သေဝနပယောဂ၊ (၃) မဂ္ဂေန မဂ္ဂပဋိပတ္တိ အဓိဝါသနဟု သုံးပါး၌ ဗလက္ကာရ အပြုခံရသော် ရှေး၌ဖြစ်သော မှီဝဲလိုခြင်းနှင့် စပ်သော ပယောဂမရှိသောကြောင့် (၁) အဂမနီယဝတ္ထု၊ (၂) တသ္မိံ သေဝနစိတ္တံ၊ (၃) မဂ္ဂေန မဂ္ဂပဋိပတ္တိအဓိဝါသနဟု သုံးပါးစီရှိသည်၊ ဤသို့ အင်္ဂါသုံးပါးစီသော ရနိုင်သော်လည်း အကြွင်းမရှိအောင် ယူခြင်းဖြင့် အင်္ဂါ လေးပါးဟု ဆိုသည်။ (၁၃၄)

**ပယောဂေ**။ ။အပြဟ္မစရိယ၌ သာဟတ္ထိက ပယောဂတမျိုးသာ ရှိသည်၊ (၁၃၅)

**အတ္ထဘဥ္ဇနကော**။ ။ကမ္မပထသို့ ရောက်သည်ကိုသာ ပြခြင်းငှာဆိုသည်၊ မိမိဥစ္စာကို မပေးလိုသောကြောင့်ဖြစ်စေ၊ ရယ်ရွှင်လိုသောကြောင့်ဖြစ်စေ ဘယ်လိုအကြောင်းကြောင့် ပြောပြော မုသာဝါဒကား ဖြစ်သည်သာ။

**ဝိသံဝါဒနာဓိပ္ပါယော**။ ။ရှေ့အဖို့၌လည်းကောင်း၊ ထိုပြောဆဲခဏ၌လည်း ကောင်း ချွတ်ယွင်းစေလို၏၊ ရှေ့အဖို့၌ ငါသည် မုသားစကားကို ပြောဆိုအံ့ဟု ချွတ်ယွင်းစေလိုခြင်း၊ ထိုပြောဆဲခဏ၌ ငါသည် မုသားစကားကို ပြောဆို၏ဟု ချွတ်ယွင်းစေလိုခြင်း ဟူသော အင်္ဂါ

နှစ်ပါးသာ လိုရင်းဖြစ်သည်၊ ပြောပြီးမှ ငါသည် မုသားစကားကို ပြောမိပြီဟု ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေလိုရင်း မဟုတ်ပါ။

မုသာဝါဒေါ။ ။၁။ ချွတ်ယွင်းစေလိုသော စိတ် ရှိခြင်း။ ၂။ ထိုအား လျော်စွာ လုံ့လပြုခြင်း။ ၃။ သူတပါးက ထိုအကြောင်းကို သိခြင်းဟု လက္ခဏာသုံးပါးကို ပြသည်။

အပရော နယော။ ။မုသာဝါဒသည် ပယောဂဟု ဆိုအပ်သော ကြိယာကို ဟောသောကြောင့် အဘိဓာတ္ထုဟူသော လက္ခဏာကို ထင်စွာ မပြအပ်သေးသည့်အတွက် အထက်နည်း၌ လက္ခဏာ မပြည့်စုံသေးကြောင့် လည်းကောင်း၊ မုသာဝါဒသည် ချွတ်ယွင်းစေအပ်သော အနက်ကို ဟောနိုင်သေးကြောင့် လည်းကောင်း ပြည့်စုံစွာ မုသာဝါဒ လက္ခဏာကို ပြခြင်းငှာ တနည်း ဆိုသည်။

အဒါတုကာမတာယ ဟသာဝိပ္ပါယေန။ ။မုသာဝါဒချင်း တူသောကြောင့် ဆိုသည်။ နှစ်မျိုးလုံး၌လည်း ချွတ်ယွင်းစေမှုကို ရှေးရှုပြုသောကြောင့်သာလျှင် မုသာဝါဒ ဖြစ်သည်။ စကားမျှကြောင့် မုသာဝါဒ ဖြစ်သည်မဟုတ်ပါ။ သို့သော် ထိုသို့ မပေးလို၍ မုသားပြောမှု၊ ရယ်ရောမုသားပြောမှုများ၌ စေတနာအား မကြီးသောကြောင့် အပြစ် မကြီးပါ။ (၁၃၆)

ပူရဏကထာ။ ။နည်းသောကြောင့် ယုတ်လျော့သော အနက်ကို ပြည့်စေခြင်း အစွမ်းဖြင့် ဖြစ်စေအပ်သော စကားတည်း။

ဝါယာမော။ ။ဝါယာမ အဦးပြုသဖြင့် ပယောဂကို ဆိုသည်။ ဝီရိယပြဋ္ဌာန်းသော ကာယိက- စေတသိက အပြုအမူ ဝါယာမကို ဤ၌ နေရာ၌ ယူပါ။ ဝီရိယသက်သက်မျှကို မယူရ။

တဒတ္ထဝိဇာနနံ။ ။ဝိသံဝါဒနာဓိပ္ပါယဖြင့် ပယောဂကို ပြုသော်လည်း အပြောခံရသူက ထိုအနက်ကို မသိလျှင် ချွတ်ယွင်းမှု မပြီးသောကြောင့် တဒတ္ထ ဝိဇာနနံကို အင်္ဂါတခုအဖြစ်ဖြင့် ဆိုသည်။ (ကေစိတို့ကား:- အတထံ ဝတ္ထုံ၊ ဝိသံဝါဒနစိတ္တံ၊ ပရဿ တဒတ္ထ ဝိဇာနနံ အင်္ဂါသုံးပါး ဆိုကြသည်။)

သော ကာယေန ဝါ စသည်။ ။ကာယိက သာဟတ္ထိကသာဟု တစုံတယောက် မှတ်ထင်စရာရှိ၍ ထိုအထင်ကို တားမြစ်ခြင်းအကျိုးငှာ ဆိုသည်။

၃ **ကြာမှ သိသော်လည်း။** ။ပြောအပ်သူသည် အ,သောကြောင့် စိစစ်စုံစမ်း၍ ကြာမှ ထိုအနက် အဓိပ္ပာယ်ကို သိသော်လည်း ဆုံးဖြတ်သော စေတနာသည် ဖြစ်ပြီးသောကြောင့် ပြောရာခဏာ၌ပင် မုသာ ဝါဒကံ ဖြစ်သည်။

- **ဝိမံသိတွာ ဂဟေတဗ္ဗံ။** ။အတ္ထနေ့ာမတိသည် အားအနည်းဆုံး ဖြစ်သော ကြောင့် အတ္တုက္ကံသန မဖြစ်အောင် ဆိုသည်၊ အဋ္ဌကထာဆရာကိုယ်တိုင် စိစစ်ပြီးသောကြောင့် တကယ် စိစစ်ဖွယ်အကြောင်း မရှိတော့ပါ။ (၃၃၇)

**ဇီဝိတဟေတုပိ။** ။အသက်ကြောင့်သော်မှ မုသား မပြောပါ။ အခြား အကြောင်းများကြောင့် မုသားမပြောသည်မှာ ဆိုဖွယ်ရာ မရှိဟု အပိသဒ္ဒါသည် သမ္ဘာဝနာ ပြ၏၊

**ထေတောတိ ထိရော။** ။ထိရအဖြစ်သည် သစ္စဝါဒီတ အရာဖြစ်သောကြောင့် စကား၏အစွမ်းဖြင့် သိဆိုက်သည့် အတွက် "ထိရ ကထောတိ အတ္ထော"ဟု မိန့်သည်။

**ဗရုသံ ဝသည်၊** ။ပရုသံ၊မေတ္တာအစေး မရှိသောကြောင့် ခြောက်ကပ် ကြမ်း တမ်းသော။ သယမ္ပိ ဖရုသာ၊ ဒေါမနဿကြောင့်ဖြစ်ရကား သဘာဝအားဖြင့် ကိုယ်တိုင်လည်း ကြမ်းတမ်းသော။ နေဝ ကဏ္ဏသုခါ၊ ကြမ်း တမ်းသော သဘောရှိသောကြောင့် နားမချမ်းသာ။ န ဟဒယင်္ဂမာ၊ အနက် ဖောက်ပြန်သောကြောင့် စိတ်နှလုံးသို့ မရောက်။(၃၃၈)

**တဿ တဒတ္ထဝိဇာနနံ။** ။ချောပစ် ဂုံးတိုက်မှု စကားကို ဆောင်ရာပုဂ္ဂိုလ် ကွဲသည်ဖြစ်စေ၊ မကွဲသည်ဖြစ်စေ ထိုစကား၏ အနက်အဓိပ္ပာယ်ကို အပြောခံရသူသိခြင်းသာ လိုရင်းပမာဏတည်း။ မကွဲ သော်လည်း ပိသုဏဝါစာဖြစ်သည် ဟူလို။ သို့သော် ကွဲမှ ကမ္မပထမြောက် သည်။ (၃၃၉)

**ဒွိန္နံ။** ။နိဒဿနစကားတည်း၊ ဘာ့ကြောင့်နည်း—အများကိုလည်း ဆက်စပ် ပေးတတ်သောကြောင့်တည်း။

- **မမ္မာနိ။** ။မမ္မဟူသည် ပျက်သော ဆိုးရွားသော အနာတည်း။ ထိုအနာ နှင့် တူသောကြောင့် အက္ကောသဝတ္ထု ဆယ်ပါးကို မမ္မ-ဟု သီလက္ခန် ၁၀ (ခ)

ဆိုသည်။ ချဉ်းအုံ-ဆိုးရွားသော အနာတို့ကို တစုံတခုသောဝတ္ထုဖြင့် ထိခိုက်မိသော် စိတ်သည် လွန်ကဲစွာ ဆင်းရဲနာကျင်မှုသို့ ရောက်ရသလို ဤအတူ အက္ကောသဝတ္ထုဆယ်ပါးတို့ကို ဖရုသဝါစာဖြင့် တွေ့ထိအပ်ကာမျှဖြစ်ကုန်သော် စိတ်သည် လွန်ကဲစွာ ဆင်းရဲနာကျင်မှုဖြစ်ရလေသည်။ အပရေဆရာတို့ကား-ဓား စသည်ဖြင့် ထိခိုက်ခြင်းကြောင့် ပြင်းစွာ နာကျင်ရာ ကိုယ်၏ အစိတ်အပိုင်းသည် မမ္မ၊ဖရုသဝါစာကြောင့် ဒေါမနဿဟူသော နာကျင်မှု၏ ဖြစ်ရာစိတ်ကို မမ္မနှင့်တူ၍ "မမ္မ"ခေါ်သည်ဟု ဆိုကြ၏။ (၃၄၀)

**ကေဋ္ဌဖရုသစေတနာ။** ။ဖရုသစေတနာဟုသာ မဆိုပဲ ကေဋ္ဌဖရုသစေတနာဟု ဆိုရခြင်းကား-ကြားရမှု ကြမ်းတမ်းရုံမျှဖြင့် ဖရုသဖြစ်သည်မဟုတ်၊ တကယ့်ဒေါသစိတ် ရှိခြင်းကြောင့်သာ ကြမ်းတမ်းသော စေတနာကို ယူရမည်ဟု သိစေခြင်းအကျိုးရှိ၏။

**သစ္စကိရိယံ။** ။ငါ၏မိခင်သည် သင့်ကို ကြမ်းတမ်းသော ကျွဲမကြီးတကောင်လိုက်စေဟု နှုတ်ဖြင့်ပြောသော်လည်း မိခင်၏စိတ်မှာ တကယ်လိုက်စေလိုသော သဘောမရှိပါ။ထို့ကြောင့် ထိုကျွဲလိုက်မှုသည် မဖြစ်ပါစေနှင့်၊ ကြာရှက်ကိုသော်မှ ငါ၏အသက်၌ မကျရန် ငါ့မိခင်ကြံစည်၏။ ထိုကြံစည်သည့်အတိုင်းသာ ဖြစ်ပါစေ-ဟု သစ္စာပြုသည်။

**စိတ္တသဏှတာယ။** ။စင်စစ်ကြမ်းတမ်းသော စေတနာ၏ မရှိခြင်းကို ဆိုသည်။ စေတနာမကြမ်းတမ်းသောကြောင့်ပင် ကမ္မပထမြောက် ဖရုသဝါစာ မဖြစ်ပါ၊ ကံကတော့ ဖြစ်ပါသည်။ (၃၄၁)

**ဝါဒန္တရများ။** ။အချို့ကား ဖရုသဝါစာသည် မျက်မှောက်၌ ဆဲဆိုမှုသာ ကမ္မပထမြောက်၏ဟု ဆိုကြ၍ အချို့ကား မျက်ကွယ်၌ ဆဲလည်း ဖရုသဝါစာဖြစ်သည်ဟု ဆိုကြလေသည်။

မျက်မှောက်၌ ပြောဆိုဆဲရေးရာ၌ အဂါရဝစသည်တို့ အားကြီးသောကြောင့် စေတနာအားကြီးသည်၊ သူတပါးလည်း ထိုအနက်အဓိပ္ပာယ်ကို သိသည်၊ မျက်ကွယ်၌ကား ထိုသို့ စေတနာလည်း အားမကြီးပါ၊ အဆဲခံရသူလည်း ထိုအနက်အဓိပ္ပာယ်ကို မသိပါ၊ သို့သော် ဆဲရေးခံရသော ပုဂ္ဂိုလ်ကွယ်လွန်ပြီးသော် သင်းချိုင်း၌ ပြုအပ်သော တောင်းပန် သည်းခံစေမှုသည် ဥပဝါဒန္တရာယ်ကို ကင်းပျောက်စေသကဲ့သို့ မျက်ကွယ်၌ အားထုတ်အပ်သော ဆဲရေးမှုလည်း ဖရုသဝါစာဖြစ်သည်သာ၊ ထို့ကြောင့် မျက်မှောက်မျက်ကွယ်

နှစ်ခုလုံး ဖရုဿဝါစာ ဖြစ်သင့်သည်ဟု မှတ်ပါ။ ထို့ကြောင့် အဋ္ဌကထာတို့၌ ပရုသ တဒတ္ထ ဝိဇာနန်-အင်္ဂါချန်၍ သုံးပါးသာဆိုကြသည်။

ကုပိတစိတ္တံ။ ။အက္ခောသနာဒိပွါယဖြင့်သာ ဆိုသည်၊ မရဏာဒိပွါယဖြင့် ဆိုခြင်းမဟုတ်ပါ၊ မရဏာဒိပွါယဖြင့် စိတ်ပျက်သော် အကျိုးပြီးလျှင် ပါဏာတိပါတ၊ အကျိုးမပြီးလျှင် ဗျာပါဒဖြစ်မည်။

ကဏ္ဏသုခံ။ ။ကဏ္ဏသဒ္ဒါဖြင့် ပကတိနားရွက်ကို မယူရ၊ သောတဝိညာဉ်နှင့် စပ်သော တဒနုဝတ္တကဝိညာဏဝီထိတို့ကို ယူပါ၊ ဘာကြောင့်နည်း-ဤသုဘဏ္ဍဒေသနာနှင့် ဤဒေသနာ၏ အဖွင့်များသည် ဝေါဟာရကထာဖြစ်သောကြောင့်တည်း။ ဝေါဟာရကထာ ဖြစ်သောကြောင့် "သကလသရီရေ ကောပံ ပေမံ"ဟုမိန့်သည်။ မှန်၏-ဟဒယဝတ္ထုကို မှီသော ကောပ ပေမ-ဟူသည် အလုံးစုံသောကိုယ်၌ မဖြစ်နိုင်ပါ။ (၃၄၂)

အနတ္ထဝိညာပိကာ။ ။ပြောဆိုခြင်းငှာ အလိုရှိအပ်သောအနက် ဖြစ်သင့်သော်လည်း ထိုအနက်သည် နားထောင်သူမှာ အကျိုးမရှိသောကြောင့် ဟောနက်ပင်မရှိဟု ဆိုနိုင်သည်၊ တနည်း-အကျိုးမရှိသောကြောင့် အနတ္ထ၊ ပဌမနည်း၌ ဘာသိတတ္ထ၊ ဒုတိယနည်း၌ ပယောဇနတ္ထတည်း။

ကာလဝါဒီ စသောပုဒ်များ။ ။ကာလဝါဒီစသော စကားများသည် သမ္ဖပ္ပလာပမှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ အကျင့်ကို ပြသည်။ပါဏာတိပါတာ ပဋိဝိရတောစသော ပုဒ်များသည် ပါဏာတိပါတကို ပယ်သူ၏ အကျင့်ကိုပြသော စကားဖြစ်သကဲ့သို့တည်း။ ချဉ်းအံ့-ပါဏာတိပါတံ ပဟာယ ဝိဟရတိ ဟုဟောသော်အဘယ်သို့လျှင် ပါဏာတိပါတပဟာနဖြစ်ပါသနည်းဟု ရှင်းမှုဖြစ်သင့်သောကြောင့် ပါဏာတိပါတာ ပဋိဝိရတော ဟောတိ-ဟုဟောသည်။

ထိုရှောင်ကြဉ်မှုဟူသည် အဘယ်နည်းဟု မေးဖွယ်ရှိ၍ နိဟိတဒ္ဓေတ္တာ နိဟိတသတ္တောဟု ဟောသည်၊ ထိုတုတ်ဓားချခြင်းသည် အဘယ်နည်းဖြင့် ဖြစ်ပါသနည်းဟု မေးဖွယ်ရှိ၍ လဇ္ဇီ ဒယာပန္နောစသည်ကို ဟောတော်မူသည်၊ (ဤသို့ နောက်နောက်ပုဒ်သည် ရှေးရှေးပုဒ်၏ အကြောင်းပြ စကားဟု မှတ်။)

ထို့အတူ အဒိန္နာဒါနစသော သိက္ခာပုဒ်များ၌ ဖြစ်သင့်သလို ယှဉ်စပ်၊ ထို့ကြောင့် ကာလဝါဒီစသည်သည် သမ္ဖပ္ပလာပမှ ရှောင်ကြဉ်သူ၏ အကျင့်ပြဟု ဆိုခဲ့သည်။

**သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ပုံအကျဉ်း** ။၁။ အကျိုးစီးပွားနှင့်စပ်သော စကားပင် ဖြစ်သော်လည်း အခါကာလမဟုတ်ရာ၌ ပြောခြင်းဖြင့် အကျိုးမရှိနိုင်သည့်အပြင် အကျိုးမဲ့ကိုပင် ဆောင်တတ်လေသောကြောင့် သမ္ဖပ္ပလာပကို ရှောင်သူသည် အခါမဲ့၌ ပြောဆိုခြင်းကို ရှောင်ကြဉ်ထိုက်သည်ဟု ပြခြင်းငှာ ကာလဝါဒီကို ဟောသည်။

၂။ အချိန်ကာလ သင့်လျော်ရာ၌ ပြောသောသူသည်လည်း မဟုတ်မမှန်သော စကားသာ ဒိဋ္ဌဓမ္မိက သမ္ပရာယိက စီးပွားကို မပြီးစေတတ်သောကြောင့် မဟုတ်မမှန်သော စကားကို ရှောင်ကြဉ်ထိုက်သည်ဟု ပြခြင်းငှာ ဘူတဝါဒီကို ဟောသည်။

၃။ ဟုတ်မှန်သောစကားကို ပြောသူသည် ဒိဋ္ဌဓမ္မိက သမ္ပရာယိက အကျိုးစီးပွားကို ပြီးစီးစေသော စကားကိုသာ ပြောဆိုရမည်ဟု ပြခြင်းငှာ အတ္ထဝါဒီပုဒ်ကို ဟောသည်။

၄။ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဌာန၌ အကျိုးရစကားကို ပြောသူသည်လည်း လောကီဘုရား၌ မှီသော စကားကိုချည်း မပြောရ၊ စင်စစ်လောကုတ္တရာနှင့် ဆိုင်သော (လေးကမ္မ ထွက်မြောက်ရေး) တရားကိုလည်း ပြောသင့်၏ဟု ပြခြင်းငှာ ဓမ္မဝါဒီပုဒ်ကို ဟောသည်။

၅။ ဓမ္မဝါဒီအရ အနက်အဓိပ္ပာယ်ကို လောကုတ္တရာဓမ္မ၌ မှီအောင် ဟောနည်းကို ပြခြင်းအကျိုးငှာ ဝိနယဝါဒီဟု ဟောတော်မူရသည်။ သံဝရဝိနည်း ပဟာနဝိနည်း နှစ်မျိုးတို့၏ အစွမ်းဖြင့် ဟောအပ်သော အနက် အဓိပ္ပာယ်သည် နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် လောကုတ္တရာ ဓမ္မနိဿိတ ဖြစ်သည်။

**သံဝရဝိနယ အပြား ငါးပါး။** ။၁။ ပါတိမောက္ခသံဝရ(သီလ) ၂။ သတိသံဝရ၊ ၃။ ဉာဏသံဝရ၊ ၄။ ခန္တီသံဝရ၊ ၅။ ဝီရိယသံဝရ။

**ပဟာနဝိနယ ငါးပါး။** ။၁။ တဒင်္ဂပဟာန၊ ၂။ ဝိက္ခမ္ဘနပဟာန၊ ၃။ သမုစ္ဆေဒပဟာန၊ ၄။ ပဋိပဿဒ္ဓိပဟာန၊ ၅။ နိဿရဏပဟာန။

**နိဓာနဝတိံ ဝါစံ ဘာသိတာ။** ။ဤဆိုအပ်ပြီးသော သံဝရဝိနယ ငါးပါး၊ ပဟာန ဝိနယငါးပါးတို့၏ အစွမ်းဖြင့်

ပြောဆိုအပ်သော အနက်အဓိပ္ပာယ်သည် နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် လောကုတ္တရာတရား၌ မှီပါသည်။ ဤသို့ ဂုဏ်ထူးနှင့်ယှဉ်သော အနက်ကို ဟောသော် ဒေသနာ ကောသလ္လဉာဏ် ရှိမှ တင့်တယ်ပါသည်။ ဆိုင်ရာကိစ္စကိုလည်း ပြုနိုင်ပါသည်။ ဒေသနာ ကောသလ္လဉာဏ် မရှိလျှင် တင့်လည်းမတင့်တယ်။ ဆိုင်ရာကိစ္စကိုလည်း မပြုနိုင်ပါ။ ဤအနက်အဓိပ္ပာယ်ကို ပြခြင်းငှာ "နိခါနဝတိ ဝါစံ ဘာသိတာ"ဟု မိန့်သည်။ (၃၄၃)

**ဒေသနာကုသလော။** ။အတ္တပရ၊ အဇ္ဈာသယနှင့်၊ အဋ္ဌ ဥပ္ပတ်၊ ပုစ္ဆာချပ်ဟု၊ ဆက်စပ်လေးဖြာ၊ ကြောင်းရာရာကြောင့်၊ ဒေသနာ ဟောခွင့်၊ အကြောင်းသင့်သော်၊ နှိုင်းချင့်ပြီးသား၊ မည်သည့်တရားကို၊ ဟောကြားလိမ့်မည်၊ ထပနာတည်၍၊ ထိုဤကြောင်းစုံ၊ ဥဒါဟရုဏ်နှင့်၊ ပုံဥပမာ၊ နှီးနှောကာတည်း၊ ဝိနေယျာဟူ၊ အများလူတို့၊ နိဗ္ဗူရောက်ချန်၊ ပစ္စုပ္ပန်နှင့်၊ တမလွန်အကျိုး၊ စီးပွားမျိုးကို၊ တိုးစေမှသာ၊ ဒေသနာ၊ သေချာကျွမ်းကျင်သည်။ (ဘာ ဋီ-၄၀၁) (ဋီ-၃၄၃-၄)

**ဘူတဝါဒီဠ ဘူတ။** ။သဘာဝအစွမ်းဖြင့်ပင် ဟုတ်မှန်သောစကား၊ စကားလုံးမျှ မှန်သည်မဟုတ်၊ အဟုတ်အမှန် ထင်ရှားရှိနေသည်ဟူလို။ (၃၄၄)

**အတ္ထဝါဒီ။** ။အနက်ကို ပြောခြင်းဟူသည် အနက်၌ မှီသောစကားကို ပြောခြင်းပင်ဘည်း ဟူသော အဓိပ္ပာယ်ဖြင့် "ဒိဋ္ဌဓမ္မိကသမ္ပရာယိကတ္ထသန္နိဿိတမေဝ ကတ္ထာ"ဟု မိန့်သည်။

**ဗီဇဂါမ ဘူတဂါမ သမာရမ္ဘာ စသည်။** ။ဤသို့ အစဉ်အတိုင်း သိက္ခာပုဒ်ခုနစ်ပါးကို (ကာယကံသုံး၊ ဝစီကံလေး) ဟောဖန်တော်မူပြီးသောကြောင့် (ဒုစရိုက်အစဉ်အရ) အဘိဇ္ဈာ စသည် ပယ်ခြင်းကို သံဝရသီလဖြင့် သိမ်းယူရမည်ဖြစ်သော်လည်း အထက်ဂုဏ်တော်တို့ဖြင့် သိမ်းယူနိုင်သောကြောင့်လည်းကောင်း၊ လောကီ ပုထုဇဉ်တို့၏ အရာ မဟုတ်သောကြောင့်လည်းကောင်း အထက် ဒေသနာတော်ဖြင့် သိမ်းယူခြင်းငှာ အဘိဇ္ဈာ စသည်ကို ရှောင်လွှဲ၍ လူအများ၌ ထင်ရှားသော အာစာရ သီလမျှကိုသာ ဝေဖန် ခွဲခြားတော်မူလိုသော ဘုရားရှင်သည် "ဗီဇဂါမ" စသည်ကို ဟောတော်မူပါသည်။ (၃၄၅)

**ဗီဇ။** ။အကြောင်းတပါးနှင့် ပေါင်းမိသော်တူသောအသီး(အကျိုး)ဖြစ်ဖို့ရာ ထူးသောအကြောင်း ဖြစ်သောကြောင့် အပိန်အဖျင်းမှ ကင်းသော ပေါက်နိုင်သော အောင်မြင်သော မျိုးစေ့ စသည်တို့တည်း။

**ဂါမ။** ။ဂါမဟူသည် အပေါင်းတည်း၊ အပေါင်းဟူသည် သုဒ္ဓဋ္ဌကတရားတို့၏ အစုတည်း၊ တနည်း–မြေ၌တည်၍ စိမ်းစိမ်းစိုစိုဖြစ်သော သစ်ပင်ချုံ စသည်တို့ကို နတ်အများ သိမ်းပိုက်အပ်သည်ဖြစ်၍ နတ်အများတို့ နေထိုင်ရာ အရပ်ဖြစ်သောကြောင့် ဂါမ-ဟု ဆိုသည်။ (ဂါမ-ရွာ)

**ဗီဇဗီဇံ ။** ။ဗီဇသဒ္ဒါသည် မျိုးစေ့ကိစ္စကို ပြီးစေနိုင်သော (မျိုးစေ့ကဲ့သို့ အပင်ပေါက်စေနိုင်သော) အမြစ် ပင်စည် အဆစ် အညွန့်တို့ကိုသည်း သဒိသူပစာအားဖြင့် ဟောနိုင်ရကား ထိုမူလ (အမြစ်)စသည်တို့မှ နှစ်ခြင်းငှာ ဗီဇသဒ္ဒါတခုဖြင့် ဝိသေသနပြု၍ "ဗီဇဗီဇံ၊မျိုးစေ့ ဖြစ်သောမျိုး" ဟု ဆိုသည်။ ရူပရူပံ၊ ဒုက္ခဒုက္ခံ စသည်ကဲ့သို့တည်း။

**သစ်ပင်စသည်၌ အသက်မရှိကြောင်း သိနိုင်ပုံ။** ။ခုတ်မည်ဟု ရည်ရွယ်သည် မှစ၍ ခုတ်သည့်တိုင်အောင် တုန်လှုပ်သော အခြင်းအရာ မရှိသောကြောင့်သည်းကောင်း၊ ခုတ်ဖြတ်အပ်ပြီးသော် နောက်ထပ် စည်ပင်လာနိုင်သောကြောင့်လည်းကောင်း၊ အပင်တမျိုးနှင့်တမျိုး မတူသောကြောင့်လည်းကောင်း၊ အဏ္ဍဇ ဇလာဗုဇ သံသေဒဇ ဩပပါတိက ဟူသော ယောနိလေးမျိုးတွင် မပါဝင်သောကြောင့်သည်းကောင်း စိတ်မရှိဟု သိပါ။ စိတ်မရှိသောကြောင့် အသက်မရှိကြောင်း သိနိုင်ပါသည်။ သန္တာ ကျောက်သလင်း ဆား စသည်တို့မှာလည်း တိုးပွားမှုရှိ၍ တိုးပွားခြင်းသည် အသက်ရှိခြင်း၌ အကြောင်းမဟုတ်ပါ။

**တိုသို့ဖြစ်လျက် ဘာကြောင့် သစ်ပင်မခုတ်ရ။** ။သစ်ပင်တို့ကို မခုတ်ခြင်းသည် သမဏ သာရုပ္ပ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုသစ်ပင်ကိုမှီနေသော နတ် စသော သတ္တဝါတို့ကို သနားသောကြောင့်လည်းကောင်း ထိုသစ်ပင်များကို ဖျက်ဆီးမှုမှ ရှောင်ခြင်းကို အလိုရှိတော်မူသည်။

**အတိက္ကန္တေ မဇ္ဈန္ဟိကေ။** ။အရုဏ်တက်မှ စ၍ နေမွန်းတည့် ထိအောင်သော ကာလသည် ဘုရားစသား အရိယာအများတို့၏ အလေ့အကျက်ဖြစ်သော ဆွမ်းဘုဉ်းပေးရာ ကာလမည်၍ ကာလမှ အခြားသောအခါသည် ဝိကာလမည်၏၊ ဝိကာလအရသည် မွန်းလွဲမှ နောက်နေ့ အရုဏ်အထိ ဖြစ်သော်လည်း ရတ္တူပရတောပုဒ်ဖြင့် ညဉ့်၌ စားခြင်းကို ပယ်အပ်ပြီးဖြစ်သောကြောင့် ဝိကာလအရ ပါရိသေသနည်းအားဖြင့် နေဝင်အထိသာ ယူရသည်။

**ဝိကာလဘောဇနေ၌ ယူရမည့်ကာလိက။** ။ယာမကာလိက စသည်တို့ကို ဝိကာလ၌ ခွင့်ပြုတော်မူအပ်သော ကြောင့်လည်းကောင်း၊ ဝိကာလဘောဇနသဒ္ဒါသည် ယာဝကာလိကကို စားမျိုခြင်း၌သာလျှင် ထင်ရှားသောကြောင့်လည်းကောင်း ယာဝကာလိကဟု သိနိုင်သည်။

**ရတ္တူပရတော။** ။တနေ့၌ တကြိမ်သာ ဘုဉ်းပေးသုံးဆောင်သောကြောင့် ကောဘတ္တိကဟုဆိုလျှင် ညဥ့်အခါ ဘုဉ်းပေးသုံးဆောင်သည် ဖြစ်ရာ၏ဟူသော အယူမှား တွေးခေါ်မှုအမှားကို တားမြစ်ခြင်းအကျိုးငှာ "ရတ္တူပရတော"ကို ဟောတော်မူသည်။ (၃၄၆)

**ဝိရတော ဝိကာလဘောဇနာ။** ။ညဥ့်အခါမစားသော် ညနေအခါ စားသူသည်လည်း ဧကဘတ္တိက ဖြစ်နိုင်တာပဲ ဟူသော ယုံမှားသံသယကို နှစ်စေခြင်းအကျိုးငှာ၊ "ဝိရတော ဝိကာလဘောဇနာ"ကို ဟောတော်မူသည်။

**သာသနဿ အနနုလောမတ္တာ။** ။အကျဉ်းချုပ်နည်းအရ သဗ္ဗပါပဿ အကရဏံစသော ဘုရားရှင်ဟောတော်မူအပ်သော သာသနာကို ဆန့်ကျင်ဘက်နှင့်တကွ ဖြစ်သည့်အတွက် ကခြင်း စသည်တို့ကို ကြည့်ရှုနားထောင်မှုသည် မလျော်သောကြောင့် "သာသနဿ အနနုလောမတ္တာ" ဟု ဆိုသည်။ (၃၄၇)

**နစ္စ။** ။ကိုယ်တိုင်ကခြင်း၊ သူတပါးကို ကစေခြင်းဟု နစ္စနှစ်မျိုးရှိသည်၊ ထိုနှစ်မျိုးတွင် သူတပါးကို ကစေခြင်းကို နစ္စချင်းတူသောကြောင့် ပါဠိတော်၌ သာမညနိဒ္ဒေသနည်း၊ ဧကသေသနည်းဖြင့် ယူထားသည်ဟု မှတ်ပါ။ (ဂီတ ဝါဒိတသဒ္ဒါတို့လည်း ဤနည်းအတူ သိပါ။)

**နစ္စဂီတဝါဒိတဝိသူကဒဿနံ။** ။ဒဿနဖြင့် သဝနကိုလည်း ဝိရူပေကာသေသနည်းဖြင့် ယူပါ။ (နစ္စသာကြည့်လို့ရ၏ ဂီတဝါဒိတကား နားထောင်မှ ရသည်။) တနည်း ပဉ္စဝိညာဉ်တို့သည် မိမိဆိုင်ရာ အာရုံကို ထင်စွာပြုခြင်း ကြည့်ရှုခြင်း သဘောရှိသောကြောင့် ကြားခြင်း ကြိယာကိုလည်း မြင်ခြင်း ကြိယာ၌ ထည့်သွင်းမှု ဖြစ်သင့်သည် အတွက် ဒဿနဟူ၍သာ ဟောသည်။

**ဝိသူကဘူတာ ဒဿနာ စ။** ။ဤပါဠိဖြင့် အဝိသူကဖြစ်သော ဂီတကို တရံတခါ နားထောင်သင့်၏ ဟူသော အနက်ကို

ပြသည်။ ချဲဦးအုံ-ခုဒ္ဒကပါဌ အဋ္ဌကထာ၌ "တရားနှင့်စပ်သောဂီတ မအပ်၊ ဂီတနှင့်စပ်သောတရားသာ အပ်သည်"ဟု မိန့်သည်။ အချို့နေရာ၌ ပဋိသေခ ပြောင်းပြန်တွေ့ရသေးသည်။ ဂီတသည် တရားအားလျော်သော်လည်း မအပ်၊ တရားသည် ဂီတသံနှင့် စပ်သော်သည်း အပ်၏ဟူ လိုရင်းမှတ်ပါ။

န ဘိက္ခဝေ ဂီတဿရေန ဓမ္မော ဂါယိတဗ္ဗော၊ ယော ဂါယေယျ၊ အာပတ္တိ ဒုက္ကဋဿ-ဟူသောပါဠိတော်ကား ဟောမှုကိုသာ တားမြစ်သည်၊ ကြားနာမှုကို မတားပါ။ ဤသိက္ခာပုဒ်ကို သီးခြားပညတ်သောကြောင့် သီချင်းသံဖြင့် ဟောသော်သည်း တရားသည် ဂီတမဖြစ်ဟု သိပါ။ သက္ကပဉ္ဟ အဋ္ဌကထာ၌ သောဝိတဗ္ဗသုဒ္ဓ-အသောဝိတဗ္ဗသဒ္ဒကို ထုတ်ဆောင်လျက် "ယံ ပန အတ္တနိဿိတံ မမ္မနိဿိတံ ကုမ္ဘဒါသိဂီတမ္ပိ သုဏန္တဿ ပသာဒေါ ဝါ ဥပ္ပဇ္ဇတိ၊ နိဗ္ဗိဒါ ဝါ သဏ္ဌာတိ၊ ဧဝရူပေါသဒ္ဒေါသောဝိတဗ္ဗော-ဟုဆိုသော စကားသည် သိက္ခာပုဒ် မဆောက်တည်သူအတွက် မှီခဲကောင်းရုံမျှ ပရိယာယ် ဖြင့် ဆိုသည်။ မှန်၏-သိက္ခာပုဒ် ဆောက်ဘည်ထားလျှင်ကား ဂီဘသံဖြစ်သော ကြောင့် သိက္ခာပုဒ်ပျက်သည်ဟု မှတ်ပါ။ ထို့ကြောင့် ဝိနည်းအဋ္ဌကထာများ၌ ဂီတန္တိ နဋာဒီနံ ဝါ ဂီတံ ဟောတု အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယ ဂုဏူပသံဟိတံ သာဓုကီဠနဂီတံ ဝါ အသံယတဘိက္ခူနံ ဓမ္မဘာဏကဂီတံ ဝါ အန္တမသော ဒန္တဂီတမ္ပိ၊ ယံ ဂါယိဿာမာတိ ပုဗ္ဗဘာဂေ ဩကူဇိတံ ကရောန္တိ၊ သဗ္ဗမေတံ ဂီတံ နာမ-ဟုမိန့်ဆိုသည်။

ယံကိဉ္စိ ပုပ္ဖံ။ ။လောက၌ ပန်းကုံးကိုသာ မာလာဟုခေါ်၏။ သာသနာ တော်၌ကား ကုံးသည်ဖြစ်စေ၊ မကုံးသည်ဖြစ်စေ ပန်းဟူသမျှ မာလာ-ဟု ခေါ်သည်။ (၃၄၈)

ဂန္ဓ။ ။ဆိုအပ်သတံ့သော ဝိလေပနမှ တပါးသော နံ့သာအမှုန့်အကြိုင် ဟူသမျှကို ဂန္ဓအရ ယူစေလို၍ "ယံကိဉ္စိ ဂန္ဓဇာတံ"ဟု ဖွင့်သည်၊

ဓာရဏ စသည်။ ။ဓာရဏ- တန်ဆာဆင်ခြင်း၊ မဏ္ဍန- နိမ့်ရာအချပ်ကို ပြည့်စေခြင်း၊ ဝိဘူသန- အနံ့၏ အစွမ်းဖြင့်သည်းကောင်း အရေ၌ တင်စွဲခြင်း၏ အစွမ်းဖြင့်လည်းကောင်း သာယာခြင်းတည်း၊ ဓာရဏ စသည်အရ ဆောင်ခြင်းစသော အခြင်းအရာဖြင့် ဖြစ်သောစေတနာ စသည်ကို ကောက်ပါ။ စေတနာသည် သံမွယုဘ်တရားတို့၏ အကြောင်းဖြစ်သည်။ ဘာ့ကြောင့်နည်း—စေတနာသည် သမ္ပယုတ်တရားတို့အား သဟဇာတ အစရှိသော သတ္တိဖြင့် ကျေးဇူးပြုသောကြောင့်လည်းကောင်း၊ ပဓာနဖြစ်သော ကြောင့်လည်းကောင်းတည်း။

**အကပ္ပိယပစ္စတ္ထရဏံ။** ။သမဏသာရုပ္ပမှ ကင်းသောကြောင့်လည်းကောင်း၊ လူအပေါင်းတို့သည် အမြတ်ဟု သမုတ်အပ်သောကြောင့်လည်းကောင်း မအပ်သောအခင်းကို ဤနေရာ၌ မဟာသယန အရ ယူရမည်ကို ပြခြင်းငှာ "အကပ္ပိယပစ္စတ္ထရဏံ"ဟု မိန့်သည်။ (၃၄၉)

**ဥစ္စာသယနမဟာသယန။** ။တည်ရာဖြစ်သော အိပ်ရာ နေရာ အာဓာရကို ပယ်လိုက်လျှင် ထိုအပေါ်၌ တည်သော ထိုင်ခြင်း အိပ်ခြင်း ကြိယာကိုပါ ပယ်ပြီးဖြစ်သောကြောင့် ဥစ္စာသယန မဟာသယနာ ဟုသာ မိန့်သည်။ သယနဖြင့် ထိုင်ခြင်းကိုပါ ယူ။

**န ဥဂ္ဂဏှာပေတိ န ဥပနိက္ခိတ္တံ သာဒိယတိ။** ။အခြားသူတို့ကို ခံယူစေခြင်း၊ အနီး၌ ချထားသည်ကို သာယာခြင်းတို့၌ ပဋိဂ္ဂဟဏတ္တ ရအပ်သောကြောင့် "န ဥဂ္ဂဏှာပေတိ န ဥပနိက္ခိတ္တံ သာဒိယတိ"ဟု ဆိုသည်။ တနည်း-ပဋိဂ္ဂဟဏသည် ကာယ ဝါစာ မနအားဖြင့် သုံးမျိုးရှိ၏။ ထိုသုံးမျိုးကို သာမညနိဒ္ဒေသ ဧကသေသနည်းဖြင့် ပဋိဂ္ဂဟဏဟု မိန့်တော်မူသည်။ [ကာယေန ပဋိဂ္ဂဟဏ-ခံယူ၊ ဝါစာယ ပဋိဂ္ဂဟဏ-ခံစေ၊ မနသာ ပဋိဂ္ဂဟဏ-သာယာ]

**သတ္တဓညဇာတ။** ။ကြိတ်စပါး ဖြစ်သော စပါးမျိုးလည်း၊ သလေး စသော မူလစပါးမျိုးတွင် ပါဝင်သောကြောင့် "သတ္တဓညဇာတ" ဟု မိန့်သည်။ (၃၅၀)

**အညတြ ဩဒိသာ အနုညာတာ။** ။အနုဇာနာမိ ဘိက္ခဝေ ဝသာနိ ဘေသဇ္ဇာနိ အစ္ဆဝသံ မစ္ဆဝသံ သုသုကာဝသံ သူကရ ဝသံ ဂဒြဘဝသံဟု-ဟောအပ်သောကြောင့် ဤဆေးငါးမျိုးသည် ဩဒိသ အနုညာတမည်၏။ ကာလေ ပဋိဂ္ဂဟိတံဟု ဟောအပ်သောကြောင့် ထိုဩဒိသ အနုညာတကို ခံယူ ကောင်းပါသည်။ ထို့ကြောင့် "အညတြ ဩဒိသာ အနုညာတာ"ဟု မိန့်သည်။

**အာမကမံသပဋိဂ္ဂဟဏံ။** ။မံသဖြင့် ငါးတို့၏အသားကိုလည်း ယူအပ်သည်သာဟု ပြခြင်းငှာ "အာမကမံသပဋိဂ္ဂဟဏံ"ဟု မိန့်သည်။

**ဣတ္ထီတိ ပုရိသန္တရဂတာစသည်။** ။အဒ္ဓဝဿာ ဘဝေ ဂေါရီ
ဒသဝဿာ တု ကညကာ။

သမ္ပတ္တေ ဒွါဒသဝဿေ၊
ကုမာရီတိ ဘိဓီယတေ-

ဟု လောကီဆရာတို့ ဆိုကြသော်သည်း ဤနေရာ၌ ယောကျ်ားတပါး 'သွားလာဘူး မသွားလာဘူးသည်၏အစွမ်းဖြင့် ကုတ္တိ ကုမာရီ ခွဲရမည်ဖြစ်သောကြောင့် "ကုတ္တိတိ ပုရိသန္တရဂတာ" စသည် မိန့်သည်။ (၃၅၁)

ကယဝိက္ကယ။ ။ကယဟူသည် အဆက်ဆက်ယူ၍ မိမိဥစ္စာကို ပေးခြင်းဖြစ်၍ ဝိက္ကယကား — ရှေးဦးစွာပင် မိမိဥစ္စာကို သူတပါးတို့အား ပေးခြင်းဟု ဆရာတို့ ဆိုကြသည်။ သာရတ္ထစသည်တို့၌ကား ကယ- သူတပါး ဘဏ္ဍာကို ယူခြင်း၊ ဝိက္ကယ- မိမိဘဏ္ဍာကို ပေးခြင်း-ဟု ဆိုသည်။

ကော် ဝတ္ထု။ ။ဝတ္ထုဟု သာမဆိုပဲ ကော် ဝတ္ထုဟု ဆိုသော အဋ္ဌကထာဆရာသည် အခြားများစွာသော ဝတ္ထုတို့သည်း ရှိကြောင်း ပြသည်။ (၃၅၂)

မာရဏံ။ ။ဤမာရဏပုဒ်ကို ပါဏာတိပါတကို ရည်ရွယ်၍ ဆိုသည်မဟုတ်ပါ။ လက်သီးဖြင့်ထိုးခြင်း၊ ကြိမ်ဖြင့် ရိုက်နှက်ခြင်း စသော ညှဉ်းဆဲမှုကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်၊ အင္ဂုတ္တိုန် ဝဓိတွာ ဝဓိတွာ ရောဒေယျ-၌ ဝဓသဒ္ဒါ ဝိဟေဌနတ္ထ၌ ဖြစ်သကဲ့သို့ ဤ၌ မာရဏသဒ္ဒါလည်း ဝိဟေဌနတ္ထ၌ ဖြစ်သည်ဟု မှတ်ပါ။ ကေစိဆရာတို့ကား:-ပါဏာဘိပါတံ ပဟာယ-စသည်၌ သယံကာရ။ ဤ၌ ပရံကာရ-ဟု ဆိုကြသည်၊ ကေစိအဆို မသင့်ပါ။

ဘာ့ကြောင့်နည်း—ကာယဝစီပယောဂသမုဋ္ဌာပိကာ စေတနာ ဆ ပယောဂါဟူ၍ ဆိုအပ်သောကြောင့်တည်း၊ ရှင်းပါဦးအံ့—မခံယူကောင်း တချင်းတုသော်လည်း ရဟန်းတို့သည် မခံယူဆိုက်သော ဝတ္ထုအထူး၏ အဖြစ်ကို ပြခြင်းငှာ ကုတ္တိကုမာရီဒါသီဒါသ ႏ စသည်တို့ကို ခွဲခြားဝေဖန်၍ ဟောတော်မူသကဲ့သို့လည်းကောင်း၊ သူတပါးဥစ္စာကို ခိုးဆောင်ခြင်းဖြစ်သောကြောင့် အဒိန္နာဒါနချင်းတူသော်သည်း တုလာကူဋ စသည်တို့ကို အဒိန္နာဒါနအထူး၏ အဖြစ်ကို ပြခြင်းငှာ ခွဲခြားဝေဖန်၍ ဟောတော်မူသကဲ့သို့လည်းကောင်း ပါဏာတိပါတ၏ ပရိယာယ်ဖြစ်သော ဝဓသဒ္ဒါကို တဖန်ယူရာ၌ ထိုသို့ ခွဲခြားဝေဖန်ဖွယ်မရှိသောကြောင့် အကျိုးမရှိပါ။ ထို့ကြောင့် ဝဓသဒ္ဒါကိုဝိဟေဌနတ္ထဟု ယူခြင်းသာ ကောင်းပါသည်။ (၃၅၃)

စူဠသီလ။ ။အကြားသချပ်ကို မယူပဲ ပါဠိတော်၌ တက်ဆောက် လာသည့်အစွမ်းဖြင့်သာ နှစ်ဆယ့်ခြောက်ပါးသော သိက္ခာပုဒ်ဖြင့် သိမ်းယူအပ်သော ဤသီလသည် များသောအားဖြင့် သိက္ခာပုဒ်တို့ကို မဝေဖန်အပ်သောကြောင့် စူဠသီလ မည်သည်။ မှန်၏၊ ဤနေရာ၌ စူဠမဇ္ဈိမ စသည်တို့၏

အဖြစ်ကို ဒေသနာအစွမ်းဖြင့် မှတ်ရပါမည်။ ဓမ္မအစွမ်းဖြင့် မမှတ်ရပါ။ မှန်၏- ဤနေရာ၌ အကျဉ်းအားဖြင့် ညွှန်ပြအပ်သော မဝေဖန်အပ်သေးသော သိက္ခာပုဒ်တို့ကို ဝေဖန်ခွဲခြားမှုအစွမ်းဖြင့် မဇ္ဈိမသီလ ဒေသနာ ဖြစ်ပါသည်။ ထို့ကြောင့်ပင် "မဇ္ဈိမသီလံ ဝိတ္ထာရေန္တော" ဟု မိန့်ပါသည်။

စူဠသီလအဖွင့် ပြီးပါပြီ။

## မဇ္ဈိမ သီလ

**ဤလောက တမလွန်လောက ယုံကြည်ပုံ။** ။ဤဘဝ၌ ကံအကျိုး ပေး၏။ ကံ၏ အကျိုးကိုလည်း ခံစား ထိုက်၏ဟု ကံ ကံ၏ အကျိုးတရားတို့နှင့် ဆက်စပ်သဖြင့်သာ ဤလောက တမလွန်လောကကို ယုံကြည်ပါ။ (၃၅၅)

**ကတမော သော ဗီဇဂါမဘူတဂါမော။** ။သဒ္ဒါအစဉ်နှင့် အနက်အစဉ် သည် တခြားစီ ဖြစ်သော ကြောင့် ဗီဇဂါမ ဘူတဂါမသမာရမ္ဘပုဒ်၌ သဒ္ဒါစဉ်အားဖြင့် အပဓာနဖြစ် သော်လည်း ဗီဇဂါမဘူတဂါမကို ဝေဖန်ရာ၌ ပဓာနဖြစ်သကဲ့သို့ ညွှန်ပြထား သည်။ ထို့ကြောင့် ကတမော စ သော ဗီဇဂါမဘူတဂါမောဟု ဟောတော် မူသည်။ ထိုဗီဇဂါမဘူတဂါမကို ဝေဖန်လိုက်သော် ထိုဗီဇဂါမဘူတဂါမ၌ မှီသော ဖျက်ဆီးခြင်းကိုလည်း ဝေဖန်ပြီး ဖြစ်တော့၏၊ ဤအနက်အဓိပ္ပာယ် ကိုပြခြင်းငှာ "ယဿ သမာရမ္ဘံ အနုယုတ္တာ ဝိဟရန္တိ" ဟု မိန့်သည်၊ ထို့ကြောင့်ပင် ပါဠိတော်၌လည်း မူလဗီဇံစသည်ဖြင့် ထိုဗီဇဂါမဘူတဂါမကို အကျယ်ညွှန်ပြတော်မူသည်။

မူလဗီဇံစသည်ဖြင့် ဖြေသောကြောင့် ဘူတဂါမကို မဖြေဟု ထင်ရသော် လည်း မူလဗီဇဉ္စ မူလဗီဇဉ္စ မူလဗီဇံဟု သာမညနိဒ္ဒေသကေသေသနည်း ပြုထား၍ ပဌမအနက်ဖြင့် ဗီဇဂါမ်ကိုယူ၍၎င်း၊ ဒုတိယအနက်ဖြင့် ဘူတဂါမ်ကို ယူ၍၎င်း ဝေဖန်သောကြောင့် ဖြေဆိုရာရောက်ပါသည်၊ ထို့ကြောင့် "မူလဗီဇံ အမြစ်မျိုး၊ (ဗီဇဂါမ်) အမြစ်ဟူသောမျိုးရှိသော သစ်ပင်" (ဘူတဂါမ်ဟု အနက်မှတ်ပါ)။

**ဝိရူဟနသမတ္ထမေဝ။** ။ဤပါဠိဖြင့် ဗီဇသဒ္ဒါသည် မြေ ရေ လေဟူသော အကြောင်းတပါးနှင့် ပေါင်းမိသော် တူသောအသီး (အကျိုး)ဖြစ်ရန် ထူးသောအကြောင်း၏အဖြစ်ကြောင့် အပင်ပေါက်နိုင်သော အောင်မြင်သောအသီး၌ တင်စားသော သဒ္ဒါဖြစ်သည်ဟု ပြသည်။*(၁၅၆)

**ဝိနယဝသေန သလ္လေခဝသေန။** ။သုတ္တန်နည်း အကျင့်ကို သီးခြားယူ သောကြောင့် ဝိနည်း အကျင့်ကိုသာ ဝိနယအရယူ၍ သလ္လေခအရလည်း ဝိနည်းအကျင့်ကို သီးခြားယူသောကြောင့် သုတ္တန်နည်းအကျင့်သာယူပါ။

**ယာနိစ တေသံ အနုလောမာနိ။** ။အနုလောမနှင့် တကွသော စပါးဖျော်ရည်ကိုလည်းကောင်း၊ သစ်မြေဆီပွင့်ဖျော်ရည်ကိုလည်းကောင်း၊ ဟင်းရွက်ကျက်ရည်ကို လည်းကောင်း ကြဉ်၍ ကြွင်းသောအားလုံးသော အသီး အပွင့် အရွက် အရည်တို့ကို အနုလောမဖျော်ရည်ဟု မှတ်ပါ။

**ပရိယာယ နိပ္ပရိယာယ။** ။ကပ္ပိယဝါစာသို့ အစဉ်လျှောက်၍ ကျင့်ခြင်းသည် ပရိယာယ မည်၍ အပ်သည်ကိုသော်မှ မလိုက်ပဲ သန္တုဋ္ဌိအစွမ်းဖြင့် ကျင့်ခြင်းသည် နိပ္ပရိယာယ မည်ပါသည်။

**အနုညာတကာလေ။** ။ကထိန် မခင်းသော် သီတင်းကျွတ် လပြည့်မှ တန်ဆောင်မုန်း လပြည့်ထိ တလ၊ ကထိန် ခင်းသော် တန်ဆောင်မုန်းလ အပါအဝင် ဆောင်းလေးလနှင့် ပိဋ္ဌိသမယမှ တလဟု တတိယကထိန သိက္ခာပုဒ် စသည်တို့၌ ခွင့်ပြုထားသော အခါတည်း။

**ဝိနယကမ္မံ ကတွာ ဌပေတုံ ဝဋ္ဋတိ။** ။မူလသက်န်းကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ကာ ပစ္စာသာစိဝရကိုပင် မူလသက်န်းပြု၍ ထားရမည်၊ ထိုသို့ပြုလျှင် ထိုသက်န်းသည် တဖန် တလထားခွင့်ရ၏၊ ဤနည်းအားဖြင့် အလိုရှိသမျှ အခြားအခြားသော သက်န်းကို မူလသက်န်းပြု၍ ထားနိုင်သည်ဟူသော ဆိုအပ်သောနည်းဖြင့်၊ တနည်း— ဝိကပ္ပနာအစွမ်းဖြင့် ဝိနည်းကံပြု၍ ထားနိုင်သည်။

**သန္နိဓိစ ဟောတိ သလ္လေခဉ္စ ကောပေတိ။** ။ဤစကားသည် အဋ္ဌကထာလာ "ဠမသို့ ဇိဏ္ဏေ ပုန ဤဒိသံ ကုတော လဘိဿာမိတိ ပန ဌပေတုံ န ဝဋ္ဋတိ" ဟူသော ဝါကျ၏

အကြောင်းပြဟု သိပါ၊ (အရာရာတိုင်းတွင် ဤနည်းမှီ၍ သိပါ)ဘာ့ကြောင့် မအပ်သနည်း-သန္နိဓိလည်းဖြစ် သလ္လေခလည်း ပျက်သောကြောင့် မအပ်ဟူလို။ (၃၅၇)

**ဝယှ။** ။အထက်၌ မဏ္ဍပ်များမိုးသလို မိုးအပ်သော ပျဉ်ချပ် အမိုးရှိသော ယာဉ်တမျိုးကို ဝေယှဟု ခေါ်သည်၊ တနည်း—ထက်ဝန်းကျင် မိုးအပ် ကာအပ်သော ယာဉ်တမျိုးကို ဝယှဟု ခေါ်သည်။ (၃၅၇)

**သန္ဒမာနိကာ။** ။ဘေးနှစ်ဘက်တို့၌ ရွှေငွေ စသည်တို့ဖြင့် ပြုလုပ်အပ်သော အချင်ယနယ်တို့ကိုပေး၍ ဂဠုန်တောင်ကဲ့သို့ ဘေးနှစ်ဖက်၌ မိုးအပ်သော ယာဉ်ကို သန္ဒမာနိကာဟု ခေါ်သည်။

**မဥ္စ။** ။ညောင်စောင်းသာမက ထိုင်ဖို့ အိပ်ဖို့ သင့်လျော်လျောက်ပတ်သော အားလုံးသော အင်းပျဉ်ဘုံလျှို စသည်တို့ကို ယူပါ၊ ဘာ့ကြောင့် နည်း—ထိုပီဌစသည်တို့၌လည်း ညောင်စောင်း၌ကဲ့သို့ ကျင့်ရမည်ဖြစ်သော ကြောင့်တည်း။

**ကဏ္ဍကစ္ဆုဆဝိဒေါသာဒိအာဗာဓေ သတိ။** ။ဤပါဠိဖြင့် အနာဟူသော အကြောင်းကြောင့်သာလျှင် ကိုယ်တိုင် သုံးစွဲရသော နံ့သာတို့သည် အပ်ကုန်၏ဟူသော အဓိပ္ပာယ်ကို ပြသည်၊ (လက္ခဏာဖြစ်လျှင် ပေတွဋ္ဌလည်း အချို့အရာ၌ ဖြစ်သင့်သည်ဟု မှတ်ပါ။)

**အာမိသံ။** ။အာမိသအရ သုံးစွဲထိုက်သော ဝတ္ထုမှန်သမျှ ရနိုင်သောကြောင့် ဆိုပြီး ဝတ္ထုတို့ကို ထပ်၍ယူရဦးလေမည်လား ဟူသော ယုံမှားမှုကို တားမြစ်ခြင်းငှာ "ဝုတ္တာဝသေသံ ဒဋ္ဌဗ္ဗံ"ဟု မိန့်သည်။ ပါဠိရှိသော နည်းအားဖြင့် ယူရသောကြောင့် ဆိုအင်ပြီးမှ အကြွင်းကိုသာ ယူရမည် မှတ်ပါဟု ဆိုလိုသည်။ (၃၅၈)

**စတုဘာဂမတ္တံ။** ။တကျင်ရှမ္မအတိုင်း အရှည်ရှိ၏ ဟု ဆိုလိုသည်၊ "စေါ တဏ္ဍုလနာဠိ"ဟု ဆိုအပ်သောကြောင့် ထို၏ လေးပုံတပုံ တစလယ်ဟု ဆိုကြသေး၏။

**ကပ္ပိယကုဋိ။** ။သမ္မုတိကုဋိ စသော လေးလုံး၊ ဥပေါသထာဂါရ စသော အဝါသာဂါရနှင့်တကွ ငါးလုံးသောကျောင်းတို့ကိုရည်ရွယ်၍ "ကပ္ပိယကုဋိယံ" စသည်ကိုဆိုသည်။ (၃၅၉)

သန္နိဓိ နာမ နတ္ထိ။ ။ထိုကပ္ပိယကုဋိ၌ အန္တောဝုတ္ထ အန္တောပက္ကကို ခွင့်ပြုတော်မူအပ်သောကြောင့် သန္နိဓိမဖြစ်ပါ။

ဂိဝံ ပသာရေတွာ။ ။ခေတန သယမေဝ အာပါထဂမနေ ဒေါသော နတ္ထီတိ ဒဿေတိ။

ဣန္ဒဇာလေန အင္ဂိခေဝနံ။ ။အင်္ဂိခေဝနမန္တန်ကို စုတ်၍ အခြားသူများ အရိုးတို့ကိုသာမြင်၍ အသားစသည်ကို မမြင်ရအောင် အသား စသည်တို့ကို ကွယ်ပျောက်စေတတ်သော မျက်လှည့်အတတ်ကို "ဣန္ဒဇာလ"ဟု ခေါ်သည်။ မှန်၏- သိကြားမင်း၏ ကွန်ရက်ကဲ့သို့ ဖုံးလွှမ်းခြင်းငှာ စွမ်းနိုင်သောကြောင့် မျက်လှည့်အတတ်ကို(ဣန္ဒစာပစသည်တို့ကဲ့သို့)"ဣန္ဒဇာလ"ဟု ဆိုထားသည်။ (၃၆၀)

ဟတ္ထိအာဒိဟိ သဒ္ဓိံ ယုဒ္ဓိတုံ။ ။ဆင်စသည်စီး၍ အခြားသူတို့နှင့် အတူ စစ်တိုက်ခြင်း၊ ဆင်စသည်တို့နှင့် အတူ ကိုယ်တိုင် စစ်တိုက်ခြင်း။

တယော ဟတ္ထီ ပစ္ဆိမံ ဟတ္ထာနီကန္တိ အာဒိနာ နယေန။ ။ဤစကားကို"တယော ဟတ္ထီ ပစ္ဆိမံ ဟတ္ထာနီကံ၊ တယော အဿာ ပစ္ဆိမံ အဿာနီကံ တယော ရထာ ပစ္ဆိမံ ရထာနီကံ၊ စတ္တာရော ပုရိသာ သရဟတ္ထာ ပတ္တိ ပစ္ဆိမံ ပတ္တာနီကံ" ဟူသော ကင်္ခါဝိတရဏီ သိက္ခာပုဒ်၏ ပဒဘာဇနီကို ရည်ရွယ်၍ ဆိုသည်၊ စစ်သားတဆယ့်နှစ်ယောက် ရှိလျှင် ဟတ္ထိ၊ သုံးယောက်ရှိလျှင် အဿ၊ သေးယောက်ရှိလျှင် ရထ၊ လေး ယောက်ရှိလျှင် ပတ္တိ-ဟု ဆိုအပ်သည့် လက္ခဏာအတိုင်း ဆင်အရေအတွက် စသည်ကို မှတ်ယူပါ။ ဤ "တယော ဟတ္ထီ ပစ္ဆိမံ ဟတ္ထာနီကန္တိအာဒိနာ နယေန" စသည်ဖြင့် ဆင်မခြောက်ကောင် ဆင်ထီးတကောင်သည် ဟတ္ထာ နီကဘာခု စသည်ဖြင့် စမ္မက္ခန္ဓက အဋ္ဌကထာ၌ ဖွင့်ထားသော အနီကကို ကန့် သည်။

ပါသကကီဠနံ။ ။အင္ဂပဒစသောပျဉ်ချပ်တို့၌ပုတ်ခတ်သကဲ့သို့ဖြစ်တတ်ထိတတ် သောကြောင့် ကြွေစေ့ အန်စာစသည်ကို "ပါသက"ဟု ခေါ်သည်။ ဤနေရာ၌ ပါသကလုပ်ပုံကား သစ်သားလုံးတခုကို ခြောက်ဘက် နံပါးပေါ်အောင် သွေးပြီးလျှင် နံပါးတခု၌ တစ်မှစ၍ ခြောက်တိုင်အောင် အပြောက်ဖော်၍ ပြုထားသည်။ အန်စာသည် နှစ်ဆယ့်လေးပါးအပြားရှိ၏၊ ယင်းကိုရည်ရွယ်၍ -

အဒ္ဒကံ မာလိကံ ဝုတ္တံ၊ သာဝဋ္ဋန္တု ဆကံ မတံ။
စတုက္ကံ ဗဟုသံ ဉေယျံ ဒွိ ဗိန္ဒုသန္တိဘဒြကံ။
စတုဝီသတိ အာယာ စ၊ မုနိန္ဒေန ပကာသိတာ။

ဟု ဆိုသည်။(၃၆၁)

ပမာဏာတိက္ကန္တာသနံ။ ။"အဋ္ဌင်္ဂုလပါဒကံ ကာရေတဗ္ဗံ သုဂတင်္ဂုလေန" ဟူ၍ ဟောတော်မူအပ်သော ပမာဏထက် လွန်သောနေရာကို ဆိုလိုသည်။ (၃၆၂)

ဒီဃလောမကော မဟာကောဇဝေါ။ ။လက်လေးသစ်ထက် ပိုလွန်သော အမွေးရှိသော ကော်ဇောနက်ကြီး၊ "စတုရင်္ဂုလာဓိကာနိ ကိရ တဿ လောမာနိ"ဟု ဆိုခြင်းကြောင့် လက်လေးသစ်အောက် အပ်သည်ဟု ဆိုကြ၏။

တိဏ္ဏံ တူလာနံ။ ။ရုက္ခတူလ လတာတူလ ပေါဋကိတူလ။(၃၆၃)

သုတ္တန္တိကပရိယာယေ။ ။ဌပေတွာ တူလိကံ သဗ္ဗာနေဝ ဂေါနကာဒီနိ ရတနပရိသိဗ္ဗိတာနိ ဝဋ္ဋန္တိတိ ဝုတ္တံ။

သုဒ္ဓကောသေယျံ။ ။ဝိနည်းဒေသနာအရ ဂရုကဋ္ဌာန၌ တည်ရသောကြောင့် သုဒ္ဓကောသေယျသာ အပ်သည်။ အခြားအခင်းများ မအပ်။ သုတ္တန်ဒေသနာ၌ကား ရတနာဖြင့် မချုပ်သော်လည်း တူလိကာသည် မအပ်၊ အခြားအခင်းများ အပ်ပါသည်။ အကယ်၍ ရတနာများနှင့် ချုပ်လုပ်ထားသော် မြေ၌ ခင်းခြင်းဖြင့်လည်းကောင်း၊ အရာအားလျော်စွာ ခုတင်ကုလားထိုင်တို့၌လည်းကောင်း ခင်းကောင်းပါသည်။

ဌပေတွာ တူလိကံ ။ပေ။ ဝဋ္ဋန္တိ။ ။သုတ္တန်ဒေသနာကို လူတို့နှင့် စပ်၍လည်း ဟောအပ်သောကြောင့် လူတို့ကို သိမ်းယူခြင်းအကျိုးငှာ "ဌပေတွာ ။ပေ။ ဝဋ္ဋန္တိ"ဟု အပရေဆရာတို့ ဆိုကြသည်။

ရတ္တဝိတာနေန။ ။နီသော ဗိတာန်တို့၌ သက်န်းရောင်သည် အပ်၏၊ အလုံးစုံ နီသည်သာ ဖြစ်သော ဝတ်ာန်းစသော အနီရောင်သည်သာ မအပ်ခြင်းဖြစ်သည်။ အမျိုးမျိုးသော အဆင်းရှိသော ဆန်းကြယ်စွာ ချုပ်

ထားသည်ဖြစ်စေ၊ ပန်းချီဆေးရေးတို့ဖြင့် ဆန်းကြယ်သည်ဖြစ်စေ ထိုအခင်းများ အားလုံးအပ်ပါသည်။ (၃၆၄)

သေတဝိတာနမ္ပိ န ဝဋ္ဋတိ။ ။အပေါ်လွှမ်း အခင်းသည်သာ ပဓာန ဖြစ်သောကြောင့် ထိုနှင့်စပ်သော ဖြူသော ဗိတာန်သော်မှလည်း မအပ်ဟု ဆိုခြင်းဖြစ်သည်။

ပဒုမဝဏ္ဏံ ဝါ စသည်။ ။ပဒုမဝဏ္ဏံ ဝါတိ နာဝင့တ္တံ သန္ဓာယာဟ၊ ဝိစိတြံ ဝါတိ ပန သင္ဃာဋာ ကပ္ပိယတ္တာ ၎တ္တံ၊န ပန ဥဘတော ဥပဓာနေသု အကပ္ပိယတ္တာ၊ န ဟိ လောဟိတကာသဒ္ဒေါ စိတ္တေ ဝဋ္ဋတိ၊ ပဋ္ဋလိကာဂ္ဂဟဏေနေဝ စိတ္တကဿာပိ အတ္ထရဏဿ သင်္ဂဟေတဗ္ဗပ္ပသင်္ဂတော။

မဟာဥပဓာနံ။ ။ပမာဏထက်လွန်သော ခေါင်းအုံးကို ဆိုသည်။ ဦးခေါင်း ပမာဏသည်သာလျှင် ခေါင်းအုံး၏ ပမာဏတည်း။ [အနုဇာနာမိ ဘိက္ခဝေ သီသပ္ပမာဏံ ကာတုံ] သီသပ္ပမာဏဟူသည် အနံအားဖြင့်— သုံးထောင့်တို့တွင် နှစ်ထောင့်တို့၏ အကြားကို တိုင်းတာသော် တထွာနှင့် လက်လေးသစ်ရှိ၍ ခေါင်းအုံး၏ အလယ်အရပ်ကို ကန့်လန့်ဖြတ်အားဖြင့် တိုင်းတာသော် တတောင်ဆုပ်ရှိရမည်၊ အလျားအားဖြင့် တတောင်နှင့် တထွာဖြစ်စေ၊ နှစ်တောင်ဖြစ်စေ ရှိရမည်။ ဤကား သီသပ္ပမာဏတည်း။ ထိုပမာဏ ထက်လွန်သော ခေါင်းအုံးများကို မအပ်သောကြောင့်သာ ပယ်မြစ်သည်။ ဥစ္စာသယနမဟာသယန၌ အကျုံးဝင်သောကြောင့် ပယ်သည်မဟုတ်ပါ၊ [စူဠဝဂ္ဂအဋ္ဌကထာကို ကြည့်၍ ရေးထားပါသည်၊ ဋီကာသစ်စာအနေ သိပ်မရှင်းပါ။] (၃၆၅)

မာတုကုစ္ဆိတော နိက္ခန္တဒါရကာနံ။ ။ဤပါဠိဖြင့် အမိဝမ်းမှ ထွက်ခဲ့ကြသော အဏ္ဍဇ ဇလာဗုဇ—တို့ကိုသာ ယူပါဟု ပြသည်။ အမိဝမ်းတွင်း၌ ရက်များစွာ အောင်းခဲ့ရလို့ အနံ့မကောင်းဟူသော ဤအနက်သည် ပြီးစီး၏။

အဥ္စနံ။ ။အလင်္ကာရဥ္စနကို ယူပါ၊ ဘေသဇ္ဇဥ္စနကို မယူရ။ ဘာ့ကြောင့်နည်း မဏ္ဍနာနုယောဂကို အလိုရှိအပ်သောကြောင့်တည်း

အနိယျာနိက။ ။နိယျာနအရ နတ်ပြည် နိဗ္ဗာန်သို့ သွားကြောင်းလမ်းကို ယူပါ၊ နိယျာနိကအရ စေတနာနှင့်တကွ သမ္ပယုတ္တလာပဝိရတိကို ယူ၍ အနိယျာနိကအရ သမ္ဖပ္ပလာပကို ယူပါ။ (၃၆၆/၇)

တိရစ္ဆာနကထာ သုံးဆယ့်နှစ်ပါ။ ။ဤတိရစ္ဆာနကထာကို (၁) ဘဝ-တိုးတက်ကြီးပွားခြင်းနှင့်စပ်သောစကား၊ (၂) ဝိဘဝ=ဆုတ်ယုတ်ပျက်စီးခြင်းနှင့် စပ်သောစကား၊ (၃) ဘဝ=သဿတနှင့် စပ်သောစကား၊ (၄) ဝိဘဝ=ဥစ္ဆေဒနှင့်စပ်သောစကား၊ (၅) ဘဝ-ကာမသုခနှင့် စပ်သောစကား၊ (၆) ဝိဘဝ=အတ္တကိလမထနှင့် စပ်သောစကားဟု ခြောက်မျိုးခွဲ၍ သုံးဆယ့်နှစ်ပါးဖြစ်သည်၊ တနည်း-ဤပါဠိသဒ္ဒ ဖြင့် ပါဠိတော်၌ သရုပ်အားဖြင့် မလာသော အရညကထာ ပဗ္ဗတကထာ နဒီကထာ ဒီပကထာတို့ကို ယူ၍ သုံးဆယ့်နှစ်ဟု-မှတ်ပါ။ (၃၆၀)

တိဝိဓေန။ ။(၁) သာမန္တဇပ္ပန=ယုတ်မာသော စိတ်ထားရှိသူတို့၏ မိမိကို သူတပါးတို့က အရိယာထင်အောင် အရိယာတို့နှင့် ဆိုင်သော အနီးအပါးစကားကို ပြောဆိုခြင်း၊ (၂) ဣရိယာပထ သန္နိဿိတ=မိမိကို အရိယာတင်အောင် ငြိမ်သက်စွာသွားခြင်း စသော ဣရိယာပုထ်ကို ပြုခြင်း၊ (၃) ပစ္စယပဋိသေဝန=လာဘသက္ကာရများများ အလိုရှိသူတို့၏ ပဋမတော့ ငြိုးငြင်သည့်အနေဖြင့် လှူအပ်သော ပစ္စည်းများကို အလှူမခံပဲ နောက် အကောင်းအမွန် လှူသောအခါ ချီးမြှောက်သောအားဖြင့် အလှူခံရသည့် အနေဖြင့် အလှူခံခြင်း။ (၃၆၉)

လပနံ။ ။"ငါက မည်သည့်ဆရာတော်ဖြစ်တယ်" စသည်ဖြင့် မိမိကိုဖြစ်စေ၊ သငွေးကြီး ကျောင်းဒကာကြီး စသည်ဖြင့် ခေါ်၍ ဒါယကာကို ဖြစ်စေ တစုံတခု လှူချင်လာအောင် မြှောက်ပင့်၍ ပြောဆိုကြသည်။

နေမိတ္တိကာ။ ။နိမိတ်ဖြင့် ဆိုကြသူတို့၊ ဝါ-နိမိတ်ကို ပြုကြသူတို့တည်း။ နိမိတ္တဟူသည် တပါးသောအလှူရှင်တို့၏ ပစ္စည်းလှူရန် အမှတ်သညာကို ဖြစ်စေတတ်သော ကိုယ်မှု နှုတ်မှုတည်း။

နိပ္ပေသိက။ ။မင်းခစား ယောကျ်ားကဲ့သို့ လာဘသက္ကာရ အကျိုးငှာ ခြောက်ခြင်း၊ ငေါက်ခြင်း၊ သဒ္ဒါတရားမရှိတဲ့အကောင် စသည် ဖြင့် ပြောခြင်း၊ အလှူရှင်ကြီးကွ စသည်ဖြင့်ပြောင်လှောင်ခြင်း မလှူပဲမနေ နိုင်အောင် သူ့ဂုဏ်ကို ချေဖျက်လေ့ရှိသူကို နိပ္ပေသိကဟု ခေါ်သည်။

မဇ္ဈိမ သီလ ပြီးပါပြီ။

## မဟာသီလ အဖွင့်

**အင်္ဂ**။ ။လက်ခြေ စသော အင်္ဂါတို့ကို အကြောင်းပြု၍ ဖြစ်သောကြောင့် အင်္ဂါတို့နှင့်တကွ ဖြစ်သောကျမ်းကို "အင်္ဂ" ဟု ဆိုသည်။(၃၇၀)

**ပဏ္ဍုရောဂ**။ ။ဒက္ခိဏာရာမာဓိပတိဟု ဆိုသည်။ အချို့ကလည်း သီဟိုဠ်၌ ဒက္ခိဏာရာမ အမည်ရှိသော ကျောင်းတိုက်၏ ဒါယကာဟု ဆိုကြသေး၏၊ "ဒက္ခိဏာမဟာရာမိပတိ" ဟု ရှိလျှင် ဒက္ခိဏာမဟာရမြို့၏ အကြီးအကဲ အဓိပတိဟု အနက်မှတ်ပါ။

**မဟာန္တာနံ**၊ ။ဤပါဠိဖြင့် ငယ်သောနိမိတ်သည် နိမိတ္တမည်၍ ကြီးသော နိမိတ်သည် ဥပ္ပါဒ မည်၏ဟု နိမိတ္တနှင့် ဥပ္ပါဒတို့၏ အထူးကို ပြသည်။

**ဥပ္ပါဒ ဥပ္ပါတ**။ ။ကောင်းကျိုးဆိုးပြစ်ကို ထင်ရှားပြတတ်သော ဘုတ်တို့၏ ဖောက်ပြန်ခြင်းတည်း။ ထိုဥပ္ပါတသည် မီးခိုးကြောင့် မီးရှိမှန်း သိရသကဲ့သို့ ကံ၏အကျိုးတရားကို ထင်ရှားပြရုံမျှသာ ပြနိုင်ပါသည်။ အကျိုးတရားကို မဖြစ်စေနိုင်ပါ။ ဥပ္ပါတကြောင့် ကောင်းကျိုးဆိုးပြစ် ဖြစ်ရသည်မဟုတ်၊ ကံကြောင့်သာ ဖြစ်ရသည်။ ထို့ကြောင့် ကံ၏အကျိုးကို ပြရုံမျှသာဟု ဆိုလိုသည်။ [ဥပ္ပါဒနှင့် ဥပ္ပါတသည် တူ၏]

**အင်္ဂနှင့် လက္ခဏ အထူး**၊ ။အင်္ဂါ၏ ပြည့်စုံမှု ပျက်စီးချို့ယွင်းမှုကို ပြရုံမျှဖြင့် ရှေ့၌ "အင်္ဂ" ပုဒ်ကို ဟောသည်။ ဤ၌ မဟာနုဘာဝအဖြစ် စသည်ကို ပြီးစေတတ်သော လက္ခဏာအထူးကို ပြခြင်းဖြင့် "လက္ခဏ" ပုဒ်ကို ဟောသည်ဟု အထူးမှတ်ပါ။

**ဒဗ္ဗိဟောမံ စသည်**။ ။ဒဗ္ဗိဟောမ-စသည်တို့သည်လည်း အဂ္ဂိဟောမပင် ဖြစ်သော်လည်း ပူဇော်မှု အဆောက်အအုံ စသော အထူးတို့ဖြင့် အကျိုးထူးကို ပြခြင်းအစွမ်းဖြင့် ဒဗ္ဗိဟောမံ စသည်တို့ကို ဟောတော်မူသည်။(အဂ္ဂိဟောမံ အရ ပါရိသေသနည်းအရ ဆိုလတံ့မှ အကြွင်းသာယူ။) (၃၇၁)

**တေလန္တိ တိလတေလာဒိကံ**။ ။တေလပုဒ်၌ တိလ ပါဝင်ပြီး ဖြစ်လျက် "တိလတေလာဒိကံ" ဟု ဆိုရခြင်းကား သမာသ်ဘဒ္ဓိတ် ပုဒ်တို့သည် ပုံပြီးသော် သာမညအနက်ကို ဟောသောကြောင့် အထူးပြခြင်း အကျိုးရှိသည်။ (သုဂတစီဝရံ ကဲ့သို့ မှတ်ပါ။)

အင်္ဂါရကာဒိ။ ။အင်္ဂါရက သသိပုတ္တ သူရ ဂရု သုက္က ရဝိ သုတ ကေတု။ (၃၇၃)

သင်္ကိလေသံ။ ။မြူ တိမ် သူရိန် မိ ခိုးတို့ကြောင့် မစင်ကြယ်ခြင်း။ (၃၇၄)

ဂဏနာ ဝုစ္စတိ အစ္ဆိဒ္ဒကဂဏနာ။ ။တောင်ခြေနသူ မိသက္ကုတ္တိ၏ ကေအစ နဝကျအောင် အဆက်မပြတ်ရေတွက်ခြင်းကို ပါရိသေသ နည်းဖြင့် ဂဏနာဟု ဆိုသည်။

ကဝိ လေ မျိုး။ ။(၁) စိန္တာကဝိ=ဝတ္ထုကြောင်း အနုသန္ဓေတို့ကို ကိုယ်တိုင်ကြံရှည်စွာ ကြံစည်၍ ပြုသူ၊ (၂) သုတကဝိ=အနည်းငယ်ကြားရခြင်းဖြင့် မကြား အပ်သေးသော အကြောင်းအရာကို ဆက်စပ်၍ပြုသူ၊ (၃) အတ္ထကဝိ—အနည်းငယ်သော အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင် တွေးတော၍ အကျဉ်အကျယ် စသည်ပြုခြင်း အစွမ်းဖြင့် ပြုလုပ်သူ၊ (၄) ပဋိဘာနကဝိ-တစုံတခုသော သူတပါးပြုအပ်သော ကဗျာ သီချင်းစသည်တို့ကို မြင်၍ အလားတူကဗျာ သီချင်းကို ပဋိဘာန်ဖြင့် ရေးသားသူ။

အာဝါဟနှင့် ဝိဝါဟ အထူး။ ။သိမ်းပိုက်သောအားဖြင့် အမျိုးသမီးကို ယူခြင်းသည် အာဝါဟ၊ သမီးပေးခြင်းသည် ဝိဝါဟ။ (၃၇၅)

ဥဌာန ဗလဏ။ ။လယ်စသည်မှ ဖြစ်သော တိုးပွားမှုသည် ဥဋ္ဌာနမည်၍ ဥစ္စာတိုးပွားခြင်းအကျိုးငှာ သူတပါးအား ပေးအပ်သော ကြွေးသည် ဗလဏမည်၏။ ကေစိတို့ကား—ရှေး၌ပြုအပ်သော အပိုင်းအခြား မရောက်သေးမီ ထုတ်ဆောင်အပ်သော ကြွေးသည် ဥဋ္ဌာနမည်၍ ပိုင်းခြားချိန်ရောက်ရာ၌ ထုတ်ဆောင်အပ်သော ကြွေးသည် ဗလဏမည်၏ဟု ဆိုကြသည်။ ဗလဏသဒ္ဒါဖြင့်ပင် ပြီးစီးသောကြောင့် ကေစိဝါဒ မသင့်ပါ။

ပယောဂ ဥဒ္ဒါရ။ ။အရပ်တပါး၌ နှစ်ဆ သုံးဆစသည် အမြတ်ယူခြင်း အစွမ်းဖြင့် ဘဏ္ဍာကို ယှဉ်စေခြင်းသည် ပယောဂမည်၍ အခြားအရပ်၌ဖြစ်စေ မိမိနေရာအရပ်၌ဖြစ်စေ အပိုင်းအခြားအတိုင်း အတိုးယူခြင်းအစွမ်းဖြင့် ယှဉ်စေခြင်းသည် ဥဒ္ဒါရမည်၏၊ တနည်း—အရင်း အနှီးမရှိသူတို့အား ကုန်သွယ်မှုကိုပြု၍ ဤမျှသောအတိုးအပွားနှင့်တကွ အရင်းကိုပြန်ပေးကြဟုပြော၍ ဥစ္စာပေးခြင်းသည် ပယောဂမည်၍ အခိုက်အတန့်ငှားရမ်းခြင်းသည် ဥဒ္ဒါရမည်၏ဟု ဆိုသော ဝါဒန္တရဝါဒလည်း ရှိသေး၏။

ကိုယ်ဝန်ပျက်ကြောင်း သုံးပါး။ ။လေပိုးငယ်တို့ကြောင့် ကိုယ်ဝန်ပျက်စီးရာ၌ ရှေးကံက အခွင့်ပြုသည်မဟုတ်၊ ထိုနှစ်ပါး ဖြစ်ပေါ်လာသောကြောင့်သာ ကံက အကျိုးပေးရသည်၊ ကံကိုယ်တိုင်ပင် ကံက အခွင့်ပြုသော် ကောင်စင်စစ် လေပိုးတို့ကို ရှင့်ဖွယ်မလိုပါ။ ယို့ကြောင့် ကံကို သီးခြားအကြောင်းတမျိုးအဖြစ် ဆိုပါသည်။ ဝိနည်းအဋ္ဌကထာ၌ကား လေပိုးငယ်တို့ကြောင့် ကိုယ်ဝန်ပျက်လတ်သော် ကံနှင့်မကင်းသောကြောင့် ကံကို သီးခြား အကြောင်းတခုအဖြစ် မယူပဲ နှစ်ပါးသာဆိုသည်။

ဝမနံ စသည်။ ။ဝမနံ=ရိုးရိုးပျို့အန်ခြင်း၊ ဥဒ္ဓံဝိရေစနံ=“ဥဒ္ဓံ ဒေါသာနံ နီဟရဏံ”ဟု ဆိုသောကြောင့် ဆေးဖြင့် အပြစ်ကိုထုတ်ဆောင်ခြင်း၊ ဝိရေစနံ=ဝမ်းလျှောခြင်း၊ အဓောဝိရေစနံ=“အဓော ဒေါသာနံ နီဟရဏံ”ဟု ဆိုသောကြောင့်” သုဒ္ဓဝတ္တိ=ဖန်ရည်မဖက် ရေသက်သက်ပါသော ဝမ်းချူ ကိရိယာဖြစ်သော စည်ပေါင်း ကသာဝဝတ္တိ=ဖန်ရည်ဆပ်ပြာစသည် ပါသော ဝမ်းချူကိရိယာစည်ပေါင်း၊ အာဒိဝတ္တိ=ဆန်ဆပ်ပြာရည်ကို ယူနိုင်သော အထည်အလိပ်၊ ကိရိယာ=ပိုက်တပ်ထားသော ထိုစည်ပေါင်းကို နှိပ်ပေးမှုပြုခြင်း။ (၃၇၇)

သာလာကိယ။ ။ဝါးခြမ်းစိတ်ဖြင့် ထိုးဆွသည်နှင့် တူသော သလာကဟုဆိုအပ်သောမျက်စိရောဂါကိုဆေးကုခြင်းတည်း၊ဤသာလာကိယံကို ထိုဆိုအပ်ပြီးသည်မှ ကြွင်းသော မျက်စိရောဂါကု ဆေးများကို သိမ်းယုံခြင်အကျိုးငှာ ဆိုသည်။ မှန်၏-တပ္ပနစသည်တို့လည်း သာလာကိယတို့ပင်ဖြစ်ကြသည်။ ကေစိတို့ကား-မျက်စိ၌ ထိုးဖောက်နေသော ငြောင့်ကို ထုတ်ခြင်းအကျိုးငှာ ဆေးကုမှုကို သလာကဝဇ္ဇကမ္မဟု ဆိုသည်။ ထိုစကားသည် သလ္လာကတ္တိယပုဒ်ဖြင့် ယူပြီးသောကြောင့် မသင့်ပါ။

မူလဘေသဇ္ဇာနံ။ ။မူလဗျာဓိ အနုဗန္ဓဗျာဓိဟု နှစ်ပါးရှိ၏။ ထိုတွင် မူလအနာကို ဆေးကုအပ်သော် များသောအားဖြင့်အနုဗန္ဓအနာပါ ငြိမ်းသည်။ ထို့ကြောင့်“ကာယတိကိစ္ဆတံ ဒဿေတိ” စသည်ကိုမိန့်သည်။

ဩသဓီနံ ပဋိမောက္ခော။ ။ဤစကားကို ကောမာရဘစ္စ သလ္လကတ္တ သာလာကိယစသော အထူးဖြစ်သော ပါဠိတော်တို့ကို ရှေး၌ ဆိုအပ်ပြီးသောကြောင့် ပါရိသေသနည်းဖြင့် ဆိုသည်။ ထို့ကြောင့် ကြွင်းကျန်သော ပါဠိတော်အစဉ်ကို ဤပုဒ်၌ သွင်းယူပါ။ (၃၇၈)

**အာဒီနဝဟေတု ဖြစ်မှု။** ။"မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ"ဟု ဟောတော်မူအပ်သောကြောင့် အလုံးစုံသော အမှုတို့ကို အသက်မွေးဝမ်းကျောင်းဖြစ်မှု ဤ၌နေရာ၌ အလိုရှိအပ်သည်။ (အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်လျှင် ဆေးအတတ်စသည် သင်နိုင်၏ သင်ကောင်း၏ဟု မှတ်ချက်တခုအဖြစ် မှတ်ယူသင့်ပါသည်။) (၃၇၈)

မဟာသီလအဖွင့် ပြီးပါပြီ။

---

**သဿတဝါဒ**

**ဝုတ္တဝဏ္ဏာသ အနုသန္ဓိဝသေန။** ။ဝုတ္တဝဏ္ဏာသ၊ ပြောဆိုအပ်သော ဂုဏ်နှင့် တကွ။ အနုသန္ဓိဝသေန၊ ဆက်စပ်ခြင်း၏ အစွမ်းဖြင့်။ တနည်း–ဝုတ္တဝဏ္ဏာသ၊၏။ အနုသန္ဓိဝသေန၊ ဆက်စပ်အပ်သော ဒေသနာ၏ အစွမ်းဖြင့်။ (ဘိက္ခုသံဃေန ဝုတ္တဝဏ္ဏာသ-ယာဝဥ္စိဒံ တေန ဘဂဝတာ-စသည်ဖြင့် ပြောဆိုအပ်သော ဝဏ္ဏ၏။) (၃၇၈)

**သုညတာပကာသနံ အာရဘိ။** ။(၁) ဣမေ ဒိဋ္ဌိဋ္ဌာနာ ဧဝံ ဂဟိတာ-အစ ရှိသော ပါဠိတော်စကားဖြင့် သဿတ အစ ရှိသော မိစ္ဆာအယူတို့၏ တည်ရာအကြောင်းတို့၏ ကိုယ်တိုင်ယူအပ်သော အခြင်းအရာမှ ကင်းဆိတ်ကုန်သည်၏ အဖြစ်ကို ပြခြင်းကြောင့်လည်းကောင်း၊

(၂) တဉ္စ ပဇာနန် န ပရာမသတိ-ဟူသော ပါဠိတော်ပါဌ်ဖြင့် သီလ အစရှိသည်တို့၏ တဏှာ ဒိဋ္ဌိ မာနတို့ဖြင့် မသုံးသပ်အပ်ကုန်သည်၏ အဖြစ်ကို ပြခြင်းအားဖြင့် နိစ္စ သာရ အစရှိသည်တို့မှ ကင်းခြင်းကို ထင်ရှားပြသောကြောင့်လည်းကောင်း၊

(၃) အကြင်ဝေဒနာတို့၌ တပ်မက်ခြင်း မကင်းကြသည့်အတွက် သာသနာပ တိတ္ထိတို့မှာ အယူဒိဋ္ဌိတို့၌ မရပ်မတည် ချာချာလည်ရ၏။ ထိုဝေဒနာတို့၏ အကြောင်းဖြစ်ကုန်သော သမ္မောဟ အဝိဇ္ဇာ စသည်တို့၏ ဝေဒကသဘော

ကာရကသဘော မရှိကြောင်း ပြမှုကို အဦးပဓာန ပြုသဖြင့် အလုံးစုံသော တရားတို့၏ အတ္တ အတ္တနိယအဖြစ်မှ ကင်းခြင်းကို ပြသောကြောင့်လည်းကောင်း၊

(၄) ဒေသနာတော်၏ အဆုံး၌ အတ္တမှကင်းဆိတ်သော အနုပါဒါပရိနိဗ္ဗာန်ကိုပြသောကြောင့်လည်းကောင်း ဤဒေသနာသည် သုညတကို ထင်ရှားပြခြင်းသာလျှင် ပဓာနရှိသည်။ ထို့ကြောင့် "သုညတာပကာသနံ အာရဘိ"ဟု မိန့်တော်မူသည်။

ဒေသနာယ ပရိယတ္တိယံ။ ။ဘုရားရှင်၏ စိတ်တော်ဖြင့် ရှေးဦးစွာ ပိုင်းခြားမှတ်သားအပ်သော ဝိနည်းစသော တရားတော်အစဉ်ဓမ္မကို ပရိယတ္တိဟု ခေါ်၍ ထိုပရိယတ္တိဓမ္မကို နှုတ်တော်ဖြင့် ဟောရွတ်ကာ ထင်စွာဖြစ်ပေါ်လာစေခြင်းကို ဒေသနာဟု ခေါ်၏။ ဤသို့ ကွဲပြားသောကြောင့် "ဒေသနာယ ပရိယတ္တိယံ"ဟု နှစ်နက်ခဲ့ထားသည်။(အာဒိဖြင့် သစ္စ သဘာဝ သဓာဓိ ပညာစသော အနက်များကို ယူပါ။) (၃၇၉)

အလဗ္ဘနေယျပတိဋ္ဌာ။ ။ဒုဒ္ဒသာဟူသော ပုဒ်ဖြင့်ပင် ထိုတရားတို့ကို သက်ဝင်နိုင်ခဲ့ကြောင်းထင်ရှားပြသောကြောင့်"အလဗ္ဘနေယျပတိဋ္ဌာ"ဟုသာ ဖွင့်ဆိုသည်။ တစုံတယောက်သည် မိမိ၏ ပမာဏကို မသိပဲ ဉာဏ်ဖြင့် ထိုတရားတို့ကို သက်ဝင်ရန် ကြိုးစားလျှင် သူ၏ဉာဏ်သည် (ယင်ငယ်၏နှုတ်သီးဖျားသည် မဟာသမုဒ္ဒရာ၌ မထောက်မိသလို) မထောက်နိုင်ရာ။ (၃၇၉)

နိဗ္ဗုတသဗ္ဗပရိဠာဟတ္တာ။ ။အလုံးစုံသော ကိလေသာအပူ၏ ငြိမ်းအေးခြင်းဟု ဆိုအပ်သော အရဟတ္တဖိုလ်ထိပ်၌ ကောင်းစွာဖြစ်သောကြောင့်လည်းကောင်း၊ ဉာဏ်တော်၏ ရှေ့မှဖြစ်စေ နောက်မှဖြစ်စေ အလုံးစုံသော ကိလေသာအပူမှ ငြိမ်းအေးသော သမာပတ်တို့ဖြင့် ရောပြွမ်းသောကြောင့်လည်းကောင်း နိဗ္ဗုတသဗ္ဗပရိဠာဟ ဖြစ်သည်။ ထို့ကြောင့် သန္တဟု ခေါ်သည်။ (၄၀၀)

သန္တာရမ္မဏတာယ၊ ။မဂ်ဖိုလ်နိဗ္ဗာန်တို့သည် မငြိမ်းအေးသော သဘောရှိသော ကိလေသာ သင်္ခါရတို့မရှိသောကြောင့် သန္တာရမ္မဏဖြစ်သည်။

အတိတ္တိကရဏဋ္ဌေန။ ။လေးပစ်သမားသည် ပချွတ်မယွင်း အမှတ်အသားပစ်မှတ်ကို ထိမှန်သော် အလွန်အရသာရှိသကဲ့သို့

တရားတော်တို့၏ သဘောကို ဟုတ်တိုင်း မှန်စွာ ထိုးထွင်းသိခြင်းသည် များစွာ အရသာရှိသည်သာ၊ ထို့ကြောင့် "အတိတ္တိကရဏေ့နေ" ဟု မိန့်သည်။

ဥတ္တမညာဏဝိသယတ္တာ။ ။ပင္စိဝေဓသို့ရောက်သော ဘုရားရှင်တို့မှသာ ထိုတရားတို့၌ အလုံးစုံသော ဒဿနခြင်းအရာဖြင့် အားရုံသို့ ကပ်ရောက်နိုင်သောကြောင့် ကြံဆတတ်ရုံမျှသော စိတ်ကူ ညာဏ်ဖြင့် အာရုံမပြုနိုင်၊ ထို့ကြောင့် "ဥတ္တမညာဏဝိသယတ္တာ" စသည်ကို မိန့်သည်။

နိပုဏာ။ ။ထက်မြက်သိမ်မွေ့သည်၏ အဖြစ်သည် အာရုံ၌ အပိတ်အပင်မရှိသောကြောင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့သော ဥဒ္ဒဿတရားတို့ကို ယူခြင်းငှာ စွမ်းနိုင်သောကြောင့်လည်းကောင်း အလွန်ထင်ရှားပါသည်။ ထို့ကြောင့် "သဏှသုခုမသဘာဝတ္တာ"ဟု မိန့်သည်။ (၃၀၁)

သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။ ။ဘုရားရှင်သည် အနာဝရဏဉာဏ်ကို ရတော်မူသောကြောင့် သဗ္ဗဝိဒူဟံ မသ္မိ-စသည်ဖြင့် ကိုယ်တော်၏ သဗ္ဗညုအဖြစ် စသော ဂုဏ်ကို ထင်ရှားပြတော်မူသည်။ ထို့ကြောင့်ပင် "သယံ ၊ပေ၊ ပဝေဒေတိ"ဟု မိန့်သည်။

အဘိဝိသိဋ္ဌေန ဉာဏေန ပစ္စက္ခံ ကတွာ။ ။သဗ္ဗညုတဉာဏ်တော်သည် ဖိုလ်နိဗ္ဗာန် တို့ကဲ့သို့ သစ္ဆိကာတဗ္ဗသဘာဝ မဟုတ်ပါသော်လည်း အာသဝက္ခယဉာဏ်ကို ရသော် သဗ္ဗညုတဉာဏ်တော်ကို ရအပ်သည်သာ ဖြစ်ပါသည်။ ထို့ကြောင့် အရဟတ္တမဂ် ဉာဏ်တော်ကို မျက်မှောက်ပြုခြင်းသည် သဗ္ဗညုတဉာဏ်တော်ကို မျက်မှောက်ပြုသည်မည်ပါသည်။ ထို့ကြောင့် "အဘိဝိသိဋ္ဌေန ဉာဏေန ပစ္စက္ခံ ကတွာ"ဟု မိန့်ပါသည်။ "အဘိညာ၊ ထူးကဲသော အရဟတ္တမဂ်ဉာဏ်ကြောင့်"ဟု ပေးပါ၊ (ရခြင်းကိုပင် မျက်မှောက်ပြုခြင်းဟု ခေါ်သည်။) တနည်း—အဘိညာ အရ ပစ္စဝေက္ခဏာဉာဏ်ယူလျှင် "ထူးသော ပစ္စဝေက္ခဏာဉာဏ်တော်ဖြင့်"ဟု ပေးရမည်။

သဗ္ဗညုတဉာဏ်တော်ကို သိစေပုံ။ ။ဘုရားမှတပါး အခြားသူတို့၏ အရာမဟုတ်ကုန်သော သစ္စာစသော တရားတို့ကို ဟောခြင်းကိစ္စကို သဗ္ဗညုတဉာဏ်တော်က ပြီးစေနိုင်သောကြောင့် လည်းကောင်း၊ ကောမှိ သမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့် ဝန်ခံတော်မူသော ကြောင့်လည်းကောင်း သဗ္ဗညုတဉာဏ်တော်ကို မှန်းမြော်နိုင်သည်ဖြစ်၍ တရား

ဟောခြင်း၊ ဝန်းခြင်းပ်များကိုပင် ပဒပဒဒတိ–အရ သဗ္ဗညုတဉာဏ်တော်ကို သိစေခြင်းဟု မှတ်ပါ။

အဟာဝပဘ္ဘာ။ ။ဂုဏ်ကို ချန့်၍ ပြောသူများကိုလည်း ဖောက်ပြန်စွာပြော သူများကဲ့သို့ပင် မှန်ကန်စွာ ပြောသူများဟု မဆိုနိုင်ချ ကား မှန်ကန်စွာ ပြောနည်းကို ပြခြင်းငှာ "အဟာဝပဘ္ဘာ"စသည်ကို မိန့် သည်။

ပုထုအာရမ္မဏတော။ ။ဤပါဠိဖြင့် သဗ္ဗညုတဉာဏ်တော်၏ များစွာသော ဉာဏ်တို့၏ ကိစ္စကို ပြီးစေနိုင်သည်၏ အဖြစ်ကို ပြ သည်။ ချဲ့ဦးအံ့–သဗ္ဗညုတဉာဏ်တော်သည်–

(၁) ကာလသုံးပါးတို့၌ မပိတ်ပင်အပ်သော ဉာဏ်တော်၊
(၂) စတုယောနိပရိစ္ဆေဒက ဉာဏ်တော်၊
(၃) ပဉ္စဂတိပရိစ္ဆေဒက ဉာဏ်တော်၊
(၄) ကြွင်းသော အသာဓာရဏဉာဏ်တော်၊
(၅) သတ္တအရိယပုဂ္ဂလဝိဘာဝနကဉာဏ်တော်၊
(၆) အဋ္ဌသု ပရိသာသု အကမ္ပနဉာဏ်တော်၊
(၇) နဝသတ္တာဝါသပရိဇာနနဉာဏ်တော်၊
(၈) ဒသဗလဉာဏ်တော်၊

ဤသို့စသော သိန်းပေါင်းများစွာသော ဉာဏ်တော်တို့၏ ကိစ္စကို ဖြစ် သင့်သည်အားလျော်စွာ ပြီးစေသည်။ ထိုသို့ပြီးစေနိုင်ခြင်းမှာ ထိုဉာဏ်တော် များ၏ အာရုံဖြစ်သော များစွာသော တရားတို့သည် သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်နိုင်သောကြောင့်တည်း။ (၃၈၂)

ပုနပ္ပုနံ ဥပ္ပတ္တိဝသေန။ ။တကြိမ်တည်း၏ အစွမ်းဖြင့် များသော အာရုံရှိ သည်၏အဖြစ်ကိုတားမြစ်၍ အကြိမ် များသည်၏ အစွမ်းဖြင့် အစဉ်အတိုင်း အာရုံပြုသည်၏ အဖြစ်ကို ပြခြင်းငှာ "ပုနပ္ပုနံ ဥပ္ပတ္တိဝသေန"ဟု မိန့်သည်။ သဗ္ဗညုတဉာဏ်တော်သည် အစဉ်အားဖြင့် အာရုံ တို့၌ ဖြစ်သည်။ "သဗ္ဗံ ဝေ သဗ္ဗညု သဗ္ဗံ ဇာနာတိ၊ န ကမေန"ဟူ၍ သာသနာပ ပုဂ္ဂိုလ်များ ပြောကြသကဲ့သို့ တကြိမ်တည်း အာရုံများစွာတို့၌ ဖြစ်ပါ။

သဗ္ဗညုတဉာဏ်တော်။ ။မကြံစည်အပ် မကြံစည်နိုင် မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင်အောင် များပြားသောဉေယျတရားတို့ကိုအပိုင်းအခြားရှိသော သဗ္ဗညုတဉာဏ်တော် တခုတည်းဖြင့် အကြွင်းမရှိအောင် အဘယ်သို့ ထိုးထွင်း၍ သိသနည်းဟု မေးခဲ့သော် သဗ္ဗညုတဉာဏ်တော်သည် အပိုင်းအခြား ရှိ၏ဟု ဘယ်သူပြောသနည်းဟု ပြန်မေးပါ။ မှန်၏-သဗ္ဗညုတဉာဏ်တော်သည် ဉေယျတရားကဲ့သို့ပင် အပိုင်းအခြားမရှိပါ။ (ယာဝတကံ ဉာဏံ၊ တာဝတကံ ဉေယျံ၊ ယာဝတကံ ဉေယျံ၊ တာဝတကံ ဉာဏံ။) (၃၀၃)

မေး။ ။ဇာတိ ဘူမိ သဘာဝ စသည် အစွမ်းဖြင့်လည်းကောင်း၊ ဒိသာ ဒေသ ကာလ စသည် အစွမ်းဖြင့်လည်းကောင်း တပါးမက များသော အပြားရှိသော ဉေယျတရားတို့ကို အစဉ်အားဖြင့် ယူအပ်သော် အကြွင်းမရှိ ထိုးထွင်း၍ သိခြင်းသည် မဖြစ်သင့်သည် မဟုတ်ပါလော။

ဖြေ။ ။ဘုရားရှင်သည် အလုံးစုံကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ သိခြင်းငှာ အလိုရှိသည်ဖြစ်အံ့။ ထိုအခါ၌ အပိတ်အပင်မရှိ ဖြစ်နိုင်သည်၏ အဖြစ်ကြောင့် ပစ္စက္ခအားဖြင့် ဉာဏ်တော်ဖြစ်သည်။ ဘုရားရှင်သည် ပြန့်လွင့်မှု မရှိသောကြောင့် အခါခပ်သိမ်း တည်ကြည်တော်မူပါသည်။ ထို့ကြောင့် သိခြင်းငှာ အလိုရှိသော ဘုရားရှင်၏ မျက်မှောက်အဖြစ်ကို တားမြစ်ခြင်းငှာ မတတ်နိုင်ပါ။ (အာကင်္ခပဋိဗဒ္ဓံ ဗုဒ္ဓဿ ဘဂဝတော ဉာဏံ။)

မေး။ ။ထိုသို့ သိရာ၌ အရောင်အသွေး အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ပုဆိုးကို အဝေးမှ ကြည့်သောသူတို့မှာကဲ့သို့လည်းကောင်း၊ သဗ္ဗေ ဓမ္မာ အနတ္တာဟု ဝိပဿနာရှုသော သူတို့မှာကဲ့သို့လည်းကောင်း များသော တရားတို့ကို ထိုးထွင်း၍ သိရာအခါ၌ မထင်ရှားသောအသွင်ဖြင့် ဘုရားရှင်မှာ ဉာဏ်တော်ဖြစ်၏ဟူ၍ ယူထိုက်သည်မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

ဖြေ။ ။ဗုဒ္ဓဉာဏ်တော်သည် မကြံစည်အပ် မကြံစည်နိုင်သော အာနုဘော် ရှိသောကြောင့် ထိုသို့ မယူထိုက်ပါ (ဗုဒ္ဓဝိသယော အစိန္တေယျော။)

သန္နိဋ္ဌာန။ ။အလုံးစုံသော အခြင်းအရာဖြင့် အလုံးစုံသော တရားတို့ကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်သော လိုလားမှုနှင့် စပ်၍ ဖြစ်သော အနာဝရဏဉာဏ်တော်ကို ရတော်မူသည့်အတွက် ဘုရားရှင်သည် အလုံးစုံသော သိဖွယ်တရားတို့ကို ပိတ်ပင်တတ်သော နီဝရဏတရားများကို ပယ်ပြီးသောကြောင့် အစဉ်အားဖြင့် အလုံးစုံသော တရားတို့ကို ထိုးထွင်း၍

သိခြင်းငှာ စွမ်းနိုင်ပါပေသည်။ ထို့ကြောင့် သဗ္ဗညုဟု အမည်တော် ရရှိပေသည်။ တကြိမ်တည်းသာလျှင် အလုံးစုံတရားတို့ကို သိသောကြောင့် သဗ္ဗညုဟု အမည်တော် ရသည်မဟုတ်ပါ။ အစဉ်အားဖြင့် အလုံးစုံသော ထင်းမီးစာကို လောင်နိုင်သောကြောင့် မီးကို သဗ္ဗဘု-ဆိုအပ်သကဲ့သို့တည်း၊

သဗ္ဗညုတ ဉာဏ်တော်သာ ယူကြောင်း။ ။ဘုရားရှင်၏ ဒသဗလ စသော ဉာဏ်တော်တို့သည်လည်း အနည်းသာခရေကာ ဖြစ်ကြပါသည်။ သို့သော် ထိုဉာဏ်တော်တို့သည် တစိတ်တဒေသ အာရုံပြုသောကြောင့် ထိုဒသဗလ စသော ဉာဏ်တော်တို့ဖြင့် ဗုဒ္ဓဂုဏ်တို့ကို မယုတ်လျော့စေပဲ ယူအပ်သည်မဖြစ်နိုင်။ သဗ္ဗညုတဉာဏ်တော်ကား အကြွင်းမရှိ အလုံးစုံ အာရုံပြုသောကြောင့် သဗ္ဗညုတဉာဏ်ကို ယူသော် ဗုဒ္ဓဂုဏ် အားလုံးတို့ကို ယူအပ်ပြီးသည်သာဖြစ်သောကြောင့် ပါဠိတော်အနက်အား လျော်သဖြင့် သဗ္ဗညုတဉာဏ်ကိုသာ ယူပါသည်။ သဗ္ဗညုတဉာဏ်မှတပါး အခြားသော အကြွင်းမရှိ အာရုံပြုနိုင်သော ဉာဏ်မရှိခြင်းကြောင့်လည်းကောင်း၊ အကြွင်းမရှိ အာရုံပြုသော ဉာဏ်တော်ဖြင့်သာ ဗုဒ္ဓဂုဏ်တို့ကို မှန်ကန်သည့်အတိုင်း ကောင်းစွာ ပြောဆိုမှု ဖြစ်သင့်သောကြောင့်လည်းကောင်း၊ "ယေဟိ တထာဂတဿ ယထာဘုစ္စံ ဝဏ္ဏံ သမ္မာ ဝဒမာနာ ဝဒေယျုံ"ဟု၍ ပါဠိတော်၌လည်း သဗ္ဗညုတဉာဏ်ကိုသာထင်ရှား ပြတော်မူသည်။(၃၀၄)

သာဝကပါရမီဉာဏ်။ ။သာဝကတို့၏ ဒါန စသော ပါရမီပြည့်ခြင်းကြောင့် ဖြစ်သောဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါး အပြားရှိသော ဉာဏ်တော်တည်း။ (၃၀၄)

သဗ္ဗညုတဉာဏ်တော်ကိုသာ ဂမ္ဘီရဟု ဆိုနိုင်ပုံ။ ။သာဝက ပါရမီဉာဏ်တော်သည် အောက်အောက်ဖြစ်သော သေက္ခဉာဏ်နှင့် ပုထုဇ္ဇနဉာဏ်ကို ထောက်၍ နက်နဲသည်မှာ မှန်သော်လည်း ပစ္စေကဗောဓိဉာဏ်တော်ကို ထောက်ဆလျှင် နက်နဲသည်ဟု မဆိုနိုင်တော့။ ထို့ကြောင့် "ဂမ္ဘီရ"သာဟု မပိုင်းဖြတ်နိုင်။ ထို့အတူ ပစ္စေကဗောဓိဉာဏ်သည်လည်း သဗ္ဗညုတဉာဏ်ကို ထောက်ဆလျှင် နက်နဲသည်ဟု မဆိုနိုင်ပြန်ရာ၊ သို့အတွက် "ဂမ္ဘီရ"သာဟု မပိုင်းဖြတ်နိုင်။ သဗ္ဗညုတဉာဏ်တော်ကား သာဝကပါရမီဉာဏ် စသည်ကဲ့သို့ တစုံတခုကို ထောက်သော် ဂမ္ဘီရမဟုတ်ဟု ဆိုစရာမရှိသောကြောင့် ဂမ္ဘီရသာဖြစ်သည်ဟု ဧဝသဒ္ဒါဖြင့် ပိုင်းခြားမှုကို ရနိုင်သည်။ အခြားဉာဏ်များမရနိုင်။ ဂမ္ဘီရနှင့်အတူ ဒုဒ္ဒသ စသည်ကိုလည်း သိပါ။ ထို့ကြောင့် "တထာ ဒုဒ္ဒသာဝ ဒုရနုဗောဓာ ဝ ါတိ သဗ္ဗံ ဝေဒိတဗ္ဗံ" ဟူ၍ ဆိုသည်။(၃၀၄/၅)

**ဗုဒ္ဓါနုဒိဋ္ဌိ စသည်။** ။အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ စသည်ဖြင့်—အကြွင်းမရှိသော ဗုဒ္ဓဂုဏ်တို့ကို ထင်ရှားပြကြောင်း ဖြစ်သောကြောင့် သဗ္ဗညုတဉာဏ်တော်ကိုပင် ကပါကည်း ဖြစ်သော်လည်း များစွာသော မိုရာ အာရုံ ကိစ္စတို့ ပြီးရကား ဗဟုဂုဏ်ဖြင့် ညွှန်အပ်သည့်မှာ ရှိပါခ၏။ ထိုအမေး၏ အဖြေကို သစ္စာ ပဋိစ္စသမုပ္ပါဒ် စသောအရာအထူး၏ အစွမ်းဖြင့် အခြားသော သာဝကတို့နှင့် မဆက်ဆံသော ဝေဖန်နည်းဖြင့် အားထုတ်တော်မမူပဲ မိုရာနှင့်ဘက်သော မိစ္ဆာအယူတို့ကို ခွဲခြားဝေဖန်မှုနည်း ဖြင့် အဘယ့်ကြောင့် အားထုတ်တော်မူအပ်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား-သစ္စ ပစ္စာယာကာရ စသည်တို့ကို ဝေဖန်ခွဲခြားတော်မူနိုင်ခြင်းသည် အခြားသော သာဝကများနှင့် မဆက်ဆံသော သဗ္ဗညုတဉာဏ်တော်၏ အရာသာဖြစ်သကဲ့သို့ အကြွင်းမရှိ မိစ္ဆာအယူတို့ကို ခွဲခြား ဝေဖန်တော်မူခြင်းသည်လည်း အခြားသော သာဝကများနှင့် မဆက်ဆံသော သဗ္ဗညုတဉာဏ်တော်၏ အရာသာဖြစ်၏။ ဤအဓိပ္ပာယ်ကို ပြခြင်းငှာ "ဗုဒ္ဓါနုဒိဋ္ဌိ"စသည်ကို မိန့်သည်။ (၃၀၅)

**ဂမ္ဘီရံ မဟန္တံ ဟောတိ။** ။ဟောအပ်သော အနက်၏ များသောအပြားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သိနိုင်ခဲသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အမျိုးမျိုးသောနည်းတို့ဖြင့် ဖြစ်သော ဒေသနာတော် ကြုံးဝါးခြင်းသည် ပြန့်ပြော ကြီးကျယ်၍ များသော အပြားရှိပါသည်။ (၃၀၅)

**ဗုဒ္ဓဉာဏဿ မဟန္တဘာဝေါ ပညာယတိ။** ။ဤသို့ သဘောရှိသော နက်နဲခက်ခဲသော တရားတော်ကိုဟောလည်း ဟောနိုင်၊ ထိုးထွင်း၍လည်း သိနိုင်ပါပေ၏ဟု ဘုရားရှင်၏ ဒေသနာဉာဏ်တော်၏လည်းကောင်း ပဋိဝေဓဉာဏ်တော်၏လည်းကောင်း မွန်မြတ်သည်၏အဖြစ်သည် ထင်ရှားရပေသည်။ (၃၀၅)

**ဒေသနာ ဂမ္ဘီရာ ဟောတိ။** ။သဘာဝအားဖြင့် နက်နဲသော ဝိနယပညတ်တိစသော လေးပါးတို့ကို ဟောတော်မူခြင်းသည် ဟောတော်မူအပ်သောအကြောင်းအရာ၏ အစွမ်းဖြင့် နက်နဲသည်သာ ဖြစ်ပါသည်။ (၃၀၅)

**တိလက္ခဏာဟတာ သုညတာပဋိသံယုတ္တာ။** ။ဘုရားရှင်တို့၏ ဒေသနာတော်သည် နေရာတိုင်း၌အခါခါပ်သိမ်း လက္ခဏာယာဉ်သုံးပါး အမှုးပြု၍သာ ဖြစ်သောကြောင့် "တိလက္ခဏာဟတာ

သုညတာပဋိသံယုတ္တာ''ဟု ဆိုသည် (လက္ခဏာသုံးပါးဖြင့် ခပ်နှိက်အပ်၊ အတ္တ အတ္တနိယမှ ကင်းဆိတ်သည်၏ အဖြစ်နှင့် ယှဉ်သည်ဟူလို။) (၃၀၅)

ဉာဏပဝိဋ္ဌဂမ္ဘီရ ဤနေရာ၌ ဘာ့ကြောင့်ဆို။ ။ဘုရားရှင်၏ ဒေသနာ အားလုံးသည် ဉာဏ်မှ မကင်းပါ။ ခြင်္သေ့မင်းကဲ့သို့ နေရာတိုင်း၌ တူသောအားထုတ်မှု ရှိပါသည်။ သို့သော် ဖော်ပြအပ်သောတရားတော်၏ အစွမ်းဖြင့် ဒေသနာတော်သည် အထူးအားဖြင့် ဉာဏ်ဖြင့်သက်ဝင်အပ်၊ သာ၍လည်း နက်နဲပါသည်။

ဝိနည်း၌ တိလက္ခဏာဟတ သုညတာပဋိသံယုတ္တဖြစ်ပုံ။ ။ဝိနည်း၌ ဝိနည်း ပညတ်ရုံမျှမဟုတ်ပါ။ ထိုင်နေသော ပရိသတ်၏ အဇ္ဈာသယအား လျော်စွာဖြစ်သော ဒေသနာ တော်သည် သင်္ခါရတရားတို့၏ အနိစ္စအဖြစ် စသည်ကိုလည်း ထင်စွာပြုနိုင်၏။ အလုံးစုံသော တရားတို့၏ အတ္တ အတ္တနိယ အဖြစ်မှ ကင်းဆိတ်မှုကိုလည်း ထင်စွာပြုနိုင်ပါသည်။ ထို့ကြောင့်ပင် ဝိနည်း၌ ''အနေကပရိယာယေန ဓမ္မိံ ကထံ ကတွာ'' စသည်ကို သံဂါယနာတင် မထေရ်တို့ မိန့်ဆိုကြသည်။ (၃၀၆)

ဘူမန္တရ။ ။(၁) ဓမ္မာနံ အဝတ္ထာဝိသေသ - သတိစသော တရားတို့၏ သတိပဋ္ဌာန်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်စသောအပြား၊ (၂) ဌာနဝိသေသ-ကာမာဝစရစသောအပြား။ (၃၀၆)

ထာမနှင့်ဗလအထူး။ ။ဉာဏ်တော်အစွမ်း သပ္ပိသည် ထာမမည်၍မတုန်မလှုပ် ခြင်းဟု ဆိုအပ်သော ရဲရင့်သူ၏ အဖြစ်သည် ဗလ မည်၏။တနည်း-(အစွမ်း သပ္ပိချင်းတူ၏။)ပစ္စဝေက္ခဏာဉာဏ်စွမ်းသည် ထာမ မည်၍ ဒေသနာဉာဏ်စွမ်းသည် ဗလမည်၏။ (၃၀၆)

ဣမေ စတ္တာရော သတိပဋ္ဌာနာ စသည်။ ။ကာယာနုပဿနာစသည်ဖြင့် သတိ ပဋ္ဌာန်စသည့်တို့ကို သုတ္တန္တပိဋက၌ ဖေဖန်အပ်ပါသော်လည်း သုတ္တန္တဘာဇနီယ စသည်ဖြင့် အဘိဓမ္မာ၌သာ သတိပဋ္ဌာန်စသည်တို့ကို အထူးအားဖြင့် ဝေဖန်အပ်သောကြောင့် ''ဣမေ စတ္တာရော ၊ပေ၊ အဘိဓမ္မပိဋကံ ဝိဘဇိတွာ'' ဟု မိန့်သည်။ (၃၀၇)

သတ္တ ဖဿာ။ ။သတ္တဝိညာဏဓာတုသမ္ပယောဂဝသေန ဝုတ္တာ၊ တထာ သတ္တ ဝေဒနာတိအာဒီပိ။ (၃၀၇)

**လောကုတ္တရာ ဓမ္မာ နာမာတိ စတုဝီသတိသမန္တပဋ္ဌာနံ။** ။ဣတိသဒ္ဒါ အာဒိ အနက်ဟော၍ ထို ဣတိဖြင့် ဆိုအပ်ပြီးသည်မှ ကြွင်းသောအတိမ္မာ၌လာသော ကရားတို့၏ဝေဖန် အပ်သော အခြင်းအရာကို သိမ်းယူပါ။ သမန္တပဋ္ဌာန်းကျမ်း၏ နှစ်ဆယ့်လေးပါး အပြားကို ပစ္စည်းနည်း မယူပဲ ဓမ္မအစွမ်းဖြင့်သာ ဆိုသည်။ အနုလောမနည်း၌ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း ဟူသော ပဋ္ဌာန်းခြောက်မျိုးရှိသည်။ ထိုအတူ ပစ္စနိက်၌လည်း ခြောက်ပါး၊ အနုလောမပစ္စနိက်၌လည်း ခြောက်ပါး၊ ပစ္စနိယာနုလောမ၌လည်း ခြောက်ပါးအားဖြင့် နှစ်ဆယ့်လေးပါးဖြစ်သည်။ ထိုနှစ်ဆယ့်လေးပါးတွင် တပါးတပါးသည် ပစ္စယနည်းအားဖြင့် အနုလောမ စသည်အစွမ်းဖြင့် လေးပါးစီရှိ၍ ကိုးဆယ့်ခြောက်ပါး ပြားသည်။ (၃၀၇)

**အနန္တနယံ။** ။အထက်ပါ ကိုးဆယ့်ခြောက်ပါးတို့တွင် ဓမ္မာနုလောမ တိက ပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ ပစ္စယာနုလောမ ဟေတု မူလက၌ ဟေတုပစ္စည်း၏ အစွမ်းဖြင့် ပုစ္ဆာနည်း ၄၉-ချက်၊ ဝိသဇ္ဇနာနည်း ခုနစ်ချက် စသည်ဖြင့် ပြအပ်သော် နည်းများ အဆုံးအပိုင်းအခြား မရှိနိုင်ပါ။ ထို့ကြောင့် "အနန္တနယံ"ဟု မိန့်သည်။ (၃၀၇)

**အဝိဇ္ဇာက သင်္ခါရအား ကျေးဇူးပြုပုံ။** ။အဝိဇ္ဇာရှိသော် သင်္ခါရဖြစ်၏။ မရှိသော် မဖြစ်။ ထို့ကြောင့် အဝိဇ္ဇာသည် သင်္ခါရတို့၏ ဖြစ်ကြောင်းဖြစ်၍ ကျေးဇူးပြုသည်။ (ကြွင်းနည်းမှီသိပါ)။

**ဥဘောပေတေ ဓမ္မာ ပစ္စယသမုပ္ပန္နာ။** ။"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"ဟု ဆိုသောကြောင့် အာသဝတို့သည်သာ အဝိဇ္ဇာ၏ အကြောင်းဖြစ်၏။ ထို့ကြောင့် "ဥဘောပေတေ ဓမ္မာ ပစ္စယသမုပ္ပန္နာ"ဟု ဆိုသည်။ အဝိဇ္ဇာ သင်္ခါရ ဟူသော တရားနှစ်မျိုးလုံး အကြောင်းတရားကြောင့်သာ ဖြစ်ကြသည်။ အကြောင်းတရားနှင့် ကင်း၍ မဖြစ်ကြဟူလို။ (၃၀၀)

**ဓမ္မဋ္ဌိတိဉာဏ်။** ။ပစ္စယုပ္ပန်တရားတို့၏ အကြောင်းဖြစ်သောကြောင့် ဓမ္မဋ္ဌိတိ ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်၌ ဖြစ်သော ဉာဏ်တည်း။ ဒွါဒသပဋိစ္စသမုပ္ပါဒ်-ဟု ဆိုသောကြောင့် အကြောင်းတရား တဆယ့်နှစ်ပါးသာ ပဋိစ္စသမုပ္ပါဒ မည်၏။ (၃၀၀)

**တိသန္ဓိ။** ။ဟေတုဖလ၊ ဖလဟေတု၊ ဟေတုဖလ သုံးပါး။ (၃၀၉)

**စတ္တာရော ဇနာ။** ။သဿဘဝါဒီလေးမျိုးတွင် တမျိုးတမျိုးမှာ များသော အပြားရှိသောကြောင့် "ဇနာ၊ လူအပေါင်းတို့" ဟု ပေးပါ။ လူတို့ ဟု မပေးရ။ ခတ္တိယဗြာဟ္မဏ စသောအားဖြင့် တပါးမက များသောအပြား ရှိကြပါသော်လည်း သဿတဝါဒီတို့သည် ဘဝတသိန်းကို အောက်မေ့ခြင်း စသော သဿတဟု စွဲမြဲစွာ သက်ဝင်ကြောင်း၏အစွမ်းဖြင့် လေးဦး လေးမျိုးတို့သာ ရှိကြသည်၊ ထိုထက် အပိုအလို မရှိပါ။ ဤသို့ သဿတဝါဒီတို့၏ ပမာဏကို ပိုင်းခြားခြင်းသည် အခြားသူတို့၏ အရာမဟုတ်သည်၏ အဖြစ်ကိုပြခြင်းငှာ "စတ္တာရော ဇနာ" ဟု မိန့်။ (၃၀၉)

**ဇဋ္ဌ ဂုမ္ဗ။** ။ဝါး စသည်တို့၏ အထက်အောက် ချုပ်စပ်မှု ရှုပ်ထွေးနေခြင်းကို "ဇဋ္ဌ" ဟု ခေါ်၍ သမန်းမြက် စသည်တို့၏ ဖုံးအုပ် မြေးယှက်ခံရသောချုံကို "ဂုမ္ဗ" ဟု ခေါ်ပါ။ ဝါးချုံတို့နှင့် တူသောကြောင့် ဒိဋ္ဌိတို့၏ ရှုပ်ထွေးခြင်း မထင်ရှားခြင်းကို "ဇဋ္ဌာ ဂုမ္ဗ" ဟု ခေါ်သည်။ (၃၀၉)

**သန္တိ။** ။ရှိသည်၏ အဖြစ်ကို ပြတတ်သော သန္တိပုဒ်ဖြင့် ထိုမိစ္ဆာအယူရှိသူတို့၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ယခုအချိန်တိုင်အောင် မပြတ်မစဲ အမြဲရှိသည်အဖြစ်ကိုလည်းကောင်း၊ မိစ္ဆာအယူရှိသူအချို့ကို ထိုမိစ္ဆာအယူမှ လျော့အောင် ပြုနိုင်ခြင်း၊ အချို့ကို မိစ္ဆာအယူမှ လုံးဝ ကင်းရှင်းသွားစေခြင်းဖြင့် ဒေသနာတော်၏ အကျိုးရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ဒဏ္ဍာရီမဟုတ်ပဲ မချွတ်ကေန်အမှန်၏ အဖြစ်ကိုလည်းကောင်း ပြတော်မူသည်။ (ရှိ ဟူသည် ဉာဏ်ဖြင့် ရခြင်းပင် ဖြစ်၍ သန္တိ စသည်ကို မိန့်သည်။) (၃၉၀)

**ကမ္ပေတွာ ဝိကမ္ပေတွာ ဂဏ္ဍိ။** ။ကပ္ပေတွာဖြင့် ရှေးဦးစွာ ကြံဆတတ်သော တဏှာဒိဋ္ဌိတို့ကို ပြ၏။ ဝိကပ္ပေတွာဖြင့် ရှေးတဏှာဒိဋ္ဌိတို့က အထုံရအောင် ကျေးဇူးပြုသဖြင့် အားရှိပါးရှိ ဆန်းဆန်းကြယ်ကြယ် ကြံတတ်သော တဏှာဒိဋ္ဌိတို့ကို ပြသည်။ ဂဏ္ဍိဖြင့် ရှေးတဏှာဒိဋ္ဌိတို့၏ နောက်အဖို့၌ ပြီးစီးကုန်သော စွဲမြဲစွာ နှလုံးသွင်းတတ်သော မလွတ်စတမ်း ဖမ်းယူတတ်သော တဏှာဒိဋ္ဌိတို့ကို ပြသည်။ တနည်း-ကပ္ပေတွာ ဝိကပ္ပေတွာဖြင့် ရှေးအဖို့၌ ပြီးစီးသော တဏှာကို ပြ၍ ဂဏ္ဍိဖြင့် နောက်အဖို့၌ ပြီးစီးသော ဥပါဒါန် (တဏှာဒိဋ္ဌိ)တို့ကို ပြသည်။ (၃၉၀)

**အဓိမုတ္တိဟူသည်။** ။ဥပါဒါနီယဖြစ်သော ရုပ်စသည်တို့၏ အထက်၌ ပညတ်အပ်သော ဥပါဒါပညတ်တည်း။ တနည်း-ဟုတ်မှန်သော သဘောမှ လွန်သောအနက်သို့ ပြေးဝင်တတ်သော ပညတ်များတည်း။ တနည်း-လွန်သော သဿတစသည် ပကတိစသည် ဒြပ်စသည် ဇီဝစသည်ဖြစ်သော

မဟုတ်မမှန်သောအနက်ကို သဘာဝမမှတ်၍ သွင်း၍ ဖြစ်တတ်သော ဒိဋ္ဌိများတည်း။ (၃၉၂)

**အဘိဝဒန္တိ။** ။ဤငါ့အယူသည်သာမှန်၏၊ အခြားအယူသည် အချည်းနှီးဟု စွဲမြဲစွာ နှလုံးသွင်း၍ ပြောဆိုကြကုန်၏၊ တနည်း—ဤအယူသည်သာ တရားဖြစ်၍ ဤအယူကား တရားမဟုတ် စသည်ဖြင့် လွှမ်းမိုး၍လည်း ပြောဆိုကြကုန်၏၊ အဘိဝဒနကြိယာ၏ ယနေ့တိုင်အောင်လည်း အဆက်မပြတ်သည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာ အဘိဝဒန္တိဟု ဝတ္တမာန်ဖြင့်ထားသည်။ (၃၉၃)

**အမရ နိစ္စ ဓုဝ။** ။သဿတ၏ ဝေဝုစ် ပရိယာယ်စကားလုံးများ ဖြစ်သည်၊ တနည်း—သေခြင်း မရှိသောကြောင့် အမရ၊ ဥပါဒ်မရှိသောအားဖြင့် အခါခပ်သိမ်းရှိသောကြောင့် နိစ္စ၊ ခိုင်မြဲသည့်အတွက် ဖောက်ပြန်မှုမရှိသောကြောင့် ဓုဝ ဟူ မှတ်ပါ။ (၃၉၃)

**ရူပါဒီသု ၊ပေ၊ ဂဟေတွာ။** ။ခန္ဓာတခုတည်း၌ပင် အချို့က အတ္တ-ဟု ယူ၍လည်းကောင်း၊ အချို့က လောက-ဟု ယူ၍လည်းကောင်း ယူပုံအထူးကို စွဲ၍ ပညတ်သောကြောင့် "ရူပါဒီသု ၊ပေ၊ ဂဟေတွာ"ဟု ဆိုသည်။

**အတ္တ လောက အရကောက်။** ။(၁) သက္ကာယဒိဋ္ဌိတို့၏ အစွမ်းဖြင့် ခန္ဓာလေးပါးကိုအတ္တဟု ယူ၍ ကျန်ခန္ဓာတပါးကို လောကဟု ပညတ်သည်၊ (၂) ခန္ဓာတပါးကို အတ္တဟု ယူ၍ အခြားသော အတ္တ၏ အသုံးအဆောင်ဖြစ်သော အဆောက်အဦးကို လောကဟု ယူသည်။ (၃) မိမိခန္ဓာကို အတ္တဟု ယူ၍ သူတပါးသန္တာန်၌ ဖြစ်သော ခန္ဓာကို လောကဟု ယူသည်။

**ဝါဒကို သဿတခေါ်နိုင်ပုံ။** ။မိစ္ဆာအယူရှိသူတို့သည် အတ္တနှင့် လောကကို သဿတောဟု အလိုရှိအပ်သည်မဟုတ်လော၊ အဘယ့်ကြောင့် "သဿတော ဝါဒေါ တေသံဟု" သဿတနှင့် ဝါဒအရတူ ဆိုအပ်သနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား—မှန်ပါသည်။ သို့သော် သဿတဟု ယူအပ်သော အတ္တလောကတို့နှင့် ဝါဒသည် တကွဖြစ်သောကြောင့် ဝါဒကိုလည်း သဿတဟု ဆိုပါသည် (ကုန္တာ ပစရန္တိ ကဲ့သို့တည်း။) တနည်း—"သဿတောဝ္ဂတိ ဝါဒေါ တေသန္တိ သဿတဝါဒါ" ဟု ပြု၍

ဋ္ဌတိ အကျေကြံကာ "အ ့ ့လောကသည် မြဲ၏ဟု ပြောဆိုကြောင်း ဝါဒ ရှိကုန်၏"ဟု ပေးပါ။ တနည်း—"ဤငါ့အယူသာ မှန်၏၊ အခြားအယူသည် အချည်းနှီးဟု မြဲစွာ သက်ဝင်၍ ပြောဆိုတတ်"ဟု ပေးပါ။ တတိယနည်းအလို— "သဿတံ ဝဒန္တီတိ သဿတဝါဒါ"ဟု ဝစနတ္ထပြုရမည်။ (၄၉၃/၄)

**အာတပ္ပ စသည်။** ။ကိလေသာတို့ကို နှိပ်စက်သောအားဖြင့် ပယ်ရှားတတ် သောကြောင့် အာတပ္ပမည်၏၊ အရကား—အစစွာ အားထုတ်သည်မှစ၍ ပြစား ရအားခိုက်တိုင်းအောင်သော ဝီရိယတည်း။ ပဓာန ဟူသည် ကောသင်္ဂဘက်၌ ကျခွင့်မပေးပဲ စိတ်ကို အားထုတ်ခြင်းတည်း၊ အရကား—အပ္ပနာဈာန်အခိုက်၌ဖြစ်သော ဝီရိယတည်း၊ အနုယောဂဟူသည် သမာဓိကို ထူးသော အဖို့ရှိသည်၏အဖြစ်သို့ ရောက်အောင် ဝီရိယကို ကြိမ်ဖန်များစွာ ပြုခြင်းတည်း။ အရကား—ဈာန်ရပြီးနောက် အဘိညာဉ်ရောက် အောင် စိတ်ကို ဆုံးမကြောင်း ဝီရိယတည်း (တပ္ပဘောဒ်ဝီရိယံ။)

**အပ္ပမာဒ သမ္မာမနသိကာရ။** ။အပ္ပမာဒဟူသည် သတိနှင့် မကင်းခြင်းတည်း၊ အရကား—သတိ ပြဋ္ဌာန်းသော ခန္ဓာလေးပါးတည်း။ သမ္မာမနသိကာရအရ—နည်းလမ်းတကျ ကမ္မဋ္ဌာန်း နှလုံးသွင်း ကြောင်းဉာဏ်ကို ကောက်ပါ။ အာရမ္မဏ ဝီထိ ဇဝနပဋိပါဒက ဟူသော မနသိကာရ သုံးမျိုးကို မကောက်ရ။ ထို့ကြောင့် "အတ္ထတော ဉာဏံ"ဟု မိန့်။ (၃၉၄)

**သော ဒိဋ္ဌိဂတိကော ဧဝံ ဝဒတိ။** ။ဤ၌ ဝဒတိဟု ဝတ္တမာန် ဝိဘတ်ဖြင့် ဆိုခြင်းမှာ ပြောဆိုခြင်း ကြိယာ အဆက်မပြတ်သည့်အတွက် အလုံးစုံသော ကာလ၌ ရှိသည်၏အဖြစ်ကို ပြရ ခြင်းအကျိုးရှိ၏။

**ဈာနာဒိနံ။** ။ဈာနလာဘီပုဂ္ဂိုလ်မှာ အထူးအားဖြင့် ဈာန်တရားတို့သည် ထင်လာကြကုန်၏။ ထိုဈာန်တရားတို့ကို အဦးပဓာနပြု၍ ကြွင်းသော တရားတို့သည်လည်း ထင်လာကုန်၏ဟူသော အနက်ကို ရည်ရွယ်၍ "ဈာနာဒိနံ"ဟု ဆိုသည်။ (၃၉၅)

**ပဋိက္ခိပတိ။** ။ရုပ်စသည်ကို ဖြစ်စေနိုင်သော သတ္တိကို "ဤဈာန်တရားများ သည် ဘာမျှမဖြစ်စေနိုင်ကြ"ဟု ပယ်မြစ်သည်။ ပယ်ရခြင်း၏ အကြောင်းကား—ဇနကသတ္တိရှိလျှင် ရုပ်စသော တရားတို့ကဲ့သို့လည်းကောင်း၊ သုခစသော တရားတို့ကဲ့သို့လည်းကောင်း အကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည့်

အဟွက် ဥပါဒ်ရှိသည်၏ အဖြစ်ကို သိအပ်ရ၏၊ ဥပါဒ်ရှိလျှင် မချွတ်ကေန် နိုရောခဖြစ်သည့်အတွက် အတ္တလောကသည် နိစ္စဟု ဆိုနိုင်ခွင့် မရှိတော့ပါ၊ ထို့ကြောင့် ဈာန်စသည်တို့၏ ရှာစသည်တို့ကို ဖြစ်စေတတ်သော သတ္တိကို ပယ်သည်။ (၃၉၅)

ဥဘယေနာပိ ၊ပေ၊ ဒဿေတိ။ ။ကူဋဋ္ဌော-ဖြင့် အတ္တလောက၏ မြဲသည်၏ အဖြစ်ကိုပြသည်။ ဧသိကဋ္ဌာယိဋ္ဌိတော-ဖြင့် တံခါးတိုင်သည် လေမုန်တိုင်း စသည်ကြောင့် ယိမ်းယိုင်ဖောက်ပြန်မှု မရှိသကဲ့သို့ တစုံတခုကြောင့် ဖောက်ပြန်မှု မရှိခြင်းကိုပြ၏။ ဖောက်ပြန်ဟူသည် ပျက်စီးခြင်းပင်တည်း။ ထို့ကြောင့် "ဥဘယေနာပိ ၊ပေ၊ ဒဿေတိ"ဟု မိန့်သည်။ (၃၉၅)

ဝိဇ္ဇမာနမေဝ နိက္ခမတိ။ ။သတ္တိရှုပ် အစွမ်းဖြင့် ရှေး၌ ထင်ရှားရှိသည်သာ ဖြစ်သော အတ္တသည်ပင် ဗျတ္တိရှုပ်အစွမ်းဖြင့် ထင်ရှားခြင်းသို့ရောက်သည်။ (ဇာယတိ=ဖြစ်ဟူသည်မှာ ဗျတ္တိရှုပ် ပေါ်လာခြင်း ပင်တည်း) မှန်၏–ဝိဇ္ဇမာနမေဝ-ဖြင့် အကြောင်း၌ အကျိုးရှိသည်၏ အဖြစ်ကို ပြသောအားဖြင့် ဗျတ္တိရှုပ်အစွမ်းဖြင့် အဘိဗျတ္တိဝါဒကို ပြသည်။ သတ္တိရှုပ်သည် သလေးစပါးအဖုံးထဲ၌ရှိသော သလေးနှမ်းနှင့်တူ၍ ဗျတ္တိရှုပ်သည် သလေးစပါး အဖုံးထဲမှ ထွက်ခြင်းနှင့်တူသည်။ (၃၉၅)

မေး။ ။သတ္တိရှုပ်အစွမ်းဖြင့် ထင်ရှားရှိသော အတ္တသည် ရှေး၌ မထင်ရှားပဲ ဗျတ္တိရှုပ်အစွမ်းဖြင့် အဘယ်နည်းဖြင့် ထင်ရှားခြင်းသို့ရောက်သနည်း ဟု မေးဖွယ်ရှိ၏။

အဖြေ။ ။အမိုက်တိုက်ဖြင့် ဖုံးလွှမ်းအပ်သော အိုးသည် အရောင်အလင်း ကြောင့် ထင်ရှားမှုသို့ ရောက်သကဲ့သို့ ဤအတ္တသည်လည်း ပုဗ္ဗေနိဝါသ ဟူသော ဉာဏ်အလင်းကြောင့် ထင်ရှားခြင်းသို့ ရောက်သည်။ အတ္တသည် ပင်ကိုကပင် ရှိပြီးသား မသိ၍သာ သိသည့်အခါ ထင်ရှား၏ဟူလို။

သန္တာဝဋ္ဋတိအာဒိနာ ၊ပေ၊ ဝါဒံ ဘိန္ဒတိ။ ။သန္တာဝန စသော စကား ကြောင့် ပြီးစီး ထင်ရှားလာသော အနိစ္စတာနှင့် ရှေး၌ ကိုယ်တိုင် ဝန်ခံအပ်သော သဿတဝါဒသည် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဖျက်ဆီးသည်မည်၏။ (၃၉၇)

သဿရမိ အသဿရမိ။ ။သန္တာဝဋ္ဋိ စသော စကားကို ရည်ရွယ်၍ သဿရ၊ သဿတဝါဒကို ရည်ရွယ်၍ အသဿရ-ဟု မိန့်သည်။ (၃၉၇)

ဟေတုံ ဒဿယန္တော၊ ။ပါဠိတော်၌ "အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ၊ ယော ဝေမာဟ"ဟု ဆိုသောကြောင့် သူတပါးကို ပူဇော်ခြင်း၏အစွမ်းဖြင့် အကြောင်းပြခြင်းကို ဤနေရာ၌ အလိုရှိအပ်ဟု၍ သိနိုင်ပါသည်။ (ညာဏအကြောင်း) (၃၉၇)

ဥပရိဝါရဒွယေပိ ဧသေဝ နယော။ ။ဒုတိယဝါရ တတိယဝါရတို့မှာ ပဌမဝါရထက် ကာလကွဲပြားသည်မှတပါး အခြား အထူး မရှိပါ။ ထို့ကြောင့်"ဥပရိဝါရဒွယေပိ ဧသေဝ နယော"ဟု မိန့်။ (၃၉၈)

သုံးပါးသာဆိုရကြောင်း။ ။ဥက္ကဋ္ဌပရိစ္ဆေဒဖြင့် ပြလိုသည်၏ အဖြစ်ကြောင့် မန္ဒမတ္တိမ တိက္ခပညာ ပုဂ္ဂိုလ်အားဖြင့် သုံးပါးသာ ဆိုသည်။ မှန်၏—ထိုပုဂ္ဂိုလ်တို့သည် ဆိုအပ်ပြီးသော အပိုင်းအခြားထက် ပိုလွန်၍ မအောက်မေ့နိုင်ကြပါ။ လျော့၍သာ အောက်မေ့နိုင်ပါသည်။ ထို့ကြောင့် ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် ပြလိုသည့်အတွက် ဘဝတသိန်း သံဝဋ္ဋ ဝိဝဋ္ဋတဆယ်ကပ်၊ သံဝဋ္ဋ ဝိဝဋ္ဋ လေးဆယ်တို့ကို အောက်မေ့ခြင်း၏ အစွမ်းဖြင့် သုံးခုသာပြု၍ ဟောတော်မူသည်။ (၃၉၈-၉)

န တတော ဥဒ္ဓံ။ ။ထိုသိတ္တိတို့မှာ နာမရူပပရိစ္ဆေဒဉာဏ် မရှိသည့်အတွက် ပညာအားမရှိသောကြောင့် သံဝဋ္ဋဝိဝဋ္ဋကပ်လေးဆယ်ထက်လွန်၍ မအောက်မေ့နိုင်ကြပါ။ (၃၉၉)

ဝိမံသာ။ ။(၁) ပညာ ပညာတု နှင့်မျိုးရှိရာတွင် ပညာတုကို ယူပါ ပညာတုဟူသည်ကား လောဘသဟဂုတ်စိတ္တုပ္ပါဒ်တည်း။ (၂)၊ တနည်း—မိစ္ဆာဘိနိဝေသဟု ဆိုအပ်သော အယောနိသောမနသိကာရတည်း၊ (၃) တနည်း—ရှေးအဖို့၌ မှားသော အမြင်ဖြစ်သော တုန်လှုပ်တတ်သော ဒိဋ္ဌိတည်း၊ ထိုအနက်သုံးပါးကို ပြခြင်းငှာ "တုလနာ ရုစ္စနာ ခမနာ"ဟု မိန့်။ (၃၉၉)

ပဋိဘာနမတ္တံ။ ။ထင်လာတိုင်းသော (တည်ကြည်တိုင်းသော)အခြင်းအရာ အထူးကို ထင်စွာ ဖြစ်စေတတ်သော ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ပဋိဘာနအရကောက်ပါ၊ မတ္တဖြင့် ဝိသေသာဓိဂမစသည်တို့ကို ကန့်ပါ။ (၃၉၉/၄၀၀)

**လေးမျိုး တဝါဒ၊** ။အနုသာဘိက စသည်ဖြင့် လေးမျိုးရှိသည်ဖြစ်၍ ပါဠိတော်၌ "တက္ကီ ဟောတိ ဝီမံသီ"ဟု ဆိုခြင်းသည် သာမညနိဒ္ဒေသ၊ ကေသေသနည်းဟု မှတ်ပါ။ (၄၁၀)

လာဘီ တက္ကိကော နာမ။ ။သာဘီ၌ လာဘအရ စျာန်စသော တရားထူးရခြင်းကို မယူရ၊ ကိုယ်တိုင်ရအပ်သော ရုပ်စသည် သုခစသည်ကို ယူပါ၊ ထို့ကြောင့်ပင် ပါဠိတော်၌ "သော တက္ကပရိယာဟတံ ဝီမံသာနုစရိတံ သယံ ပဋိဘာနံ ဧဝ မာဟ"ဟု ဟော၍ အဋ္ဌကထာ၌လည်း "အတ္တနော ပဋိဘာနမတ္တသဉ္ဇာတံ"ဟု မိန့်သည်။

**ဧဝံ သတိ ဣဒံ ဟောတိ။** ။ဧဝံ သတိ ဣဒံ ဟောတိ ဤပါဠိဖြင့် အနိစ္စ ဖြစ်သော် ပြုသူတခြား ခံစားသူတယောက် ဟူသော အပြစ်ရောက်ရာ၏။ ထိုသို့ရောက်သော် ပြုအပ်သောကံ၏ ပျက်စီးခြင်း၊ မပြုအပ်သောကံ၏ ရောက်လာခြင်း ဖြစ်ရာ၏၊ သိအတွက် အတ္တဟူသော သဘောတရား မြဲနေသည်ဟု ယူလိုက်သော် ပြုသူတခြား ခံစားသူတယောက် ဟူသော အပြစ်မရောက်နိုင်တော့ရာ၊ ထိုသို့ဖြစ်လျှင် ပြုအပ်သောကံ၏ မပျက်စီးခြင်း၊ မပြုအပ်သောကံ၏ ရောက်မလာခြင်းဖြစ်ရာ၏ဟူ၍ တက္ကိက၏ ယုတ္တိရှာပုံ အခြင်းအရာကို ပြသည်။ (၄၀၈)

တက္ကမတ္တေနေဝ။ ။မတ္တသဒ္ဒါဖြင့် အာဂမစသည် အနုဿဝ စသည်တို့၏ မရှိခြင်းကို ပြသည်၊ တရားထူးရကြသော ဝိသေသလာဘီ သဿတဝါဒီ သုံးဦးတို့လည်း အကြံနှင့်မကင်းရသောကြောင့် တက္ကီဝါဒသို့ သွင်း၍ တပါးသော ဆိုသင့်သည်မဟုတ်ပါလော ဟု မေးဖွယ်ရှိ၏။ အဖြေကား—ဤသို့ မမှတ်ယူသင့်ပါ၊ ဝိသေသလာဘီ ပုဂ္ဂိုလ်တို့၏ ခန္ဓာအစဉ်ကို ဒိဿ ဒိဿဘရ ဒိဿဘမ ဘာလ အောက်မေ့ခြင်းသည် သဿတဝါဒ ယူခြင်း၏ အသာဓာရဏအကြောင်းဖြစ်သည်။

ထို့ကြောင့်ပင် ပါဠိတော်၌လည်း "အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရာမိ၊ ဣမိနာမဟံ စေတော ဇာနာမိဟူ၍ အောက်မေ့မှုကိုသာ ပဓာနအကြောင်းအဖြစ်ဖြင့် ပြတော်မူသည်။ ဣမိနာမဟံ စေတံ ဇာနာမိဟု ကြံပုံပါသော်လည်း အောက်မေ့မှုကို ထောက်က အပဓာန ဖြစ်သောကြောင့် ပဓာနမဟုတ်ပါ၊ ပဓာနအကြောင်းဖြင့် လည်းကောင်း၊ အသာဓာရဏဖြင့် လည်းကောင်း နာမည်သွန်ပြမှုသည် သာသနာမှာရော လောကမှာပါ အလွန်ထင်ရှားသည်။ (စက္ခုဝိညာဏံ ယဝကုံရော။) (၄၀၁/၂)

ထပ်၍ စေဒနာ။ ။အောက်မေ့မှုသည် ပဓာနဟုဆိုလျှင် တက္ကိဝါဒ၌ အနုံဿဝစသည်တို့သည် ပဓာနဖြစ်ရာသည် မဟုတ်ပါလော-ဟု မေးဖွယ်ရှိ၏။ အဖြေကား-ပဓာနမဖြစ်နိုင်ပါ၊ အကြောင်းကား ထိုတက္ကိဝါဒီ တိတ္ထိတို့မှာ အခြားသော မျက်မှောက်ပြုမှု မရှိသည့်အတွက် အကြံသာပဓာနဖြစ်သောကြောင့်တည်း။

တနည်း—လေးပါး ဆိုရခြင်း အကြောင်း။ ။ဝိသေသာဓိဂမအကြောင်းမှ ကင်းသော တက္ကန၏ သဿတယူခြင်း၌ သီးခြားအကြောင်း၏ အဖြစ်ကို ပြခြင်းအကျိုးငှာ ဝိသေသာဓိဂမကို သီးခြား သဿတ-ဟု ယူခြင်း အကြောင်း၏ အဖြစ်ဖြင့် ဆိုထိုက်ပါသည်။ ထိုဝိသေသာဓိဂမသည် မန္ဒပညာ မဇ္ဈိမပညာ တိက္ခပညာတို့၏ အစွမ်းဖြင့် သုံးမျိုးကွဲသောကြောင့် သုံးမျိုးဝေဖန်၍လည်းကောင်း၊ တက္ကီအားလုံးတို့ကို တက္ကီချင်း တူသောကြောင့် တမျိုးတည်းယူ၍လည်းကောင်း လေးမျိုးအပြားအားဖြင့် သာ ပိုင်းခြား၍ ဘုရားရှင် ဟောတော်မူသည်။ (၄၀၁)

ဧတေသံဝါ အညတရေန။ ။အညတရေန၏အနက်ကိုပြခြင်းငှာ "ဧကေန" ဟု မိန့်၊ အင္ဂုနပယုတ်ဝါသဒ္ဒါ၏ အနိယမအနက်ကို ရည်ရွယ်၍ "ဒွိဟိ ဝါ တီဟိ ဝါ" ဟု မိန့်၊ ထိုဝါသဒ္ဒါဖြင့် ဝတ္ထုလေးပါး တို့တွင် ထိုက်သည်အား လျော်စွာ အချို့သော ဝတ္ထုသည် အချို့သော ဝါဒကို ပြည့်စုံစေ၍ အတူပြုလေ့ရှိသော အကြောင်းတည်း-ဟု ပြ၏။ (၄၀၂)

နတ္ထိ ဣတော ဗဟိဒ္ဓါ။ ။ဒိဋ္ဌိအယူကို မိမိကိုယ်တိုင် ယူခြင်း၏ အကြောင်း ဆိုလျှင် အနုဿရဏဝိတက်မှတပါး ကျန်သညာဝိပလ္လာသစသော တရားများပါရမည်။ အခြားသူကို ဆောက်တည်စေခြင်း၏ အကြောင်းဆိုလျှင်လည်း အာဂုံပါရမည်။ ယခုမပါသည့်အတွက် "နတ္ထိ ဣတော ဗဟိဒ္ဓါ" ဟု ဟောတော်မူခြင်းသည် မသင့်သည်မဟုတ်ပါလော-ဟု မေးဖွယ်ရှိ၏။

အဖြေကား-သင့်ပါသည်၊ မိမိကိုယ်တိုင် ယူရာ၌ မိစ္ဆာအယူရှိသူသည် အသပ္ပုရိသူပနိဿယ အသဒ္ဓမ္မဿဝနတို့ကြောင့်မသင့်သော အားဖြင့် နှလုံးသွင်း၍ သညာဝိပလ္လာသဖြစ်ကာ ရုပ်စသော တရားတို့၏ ခဏတိုင်း ခဏတိုင်း ပျက်ခြင်း သဘောကို ထိုးထွင်း၍ မသိသောကြောင့် ဓမ္မယုတ္တိကို လွန်လျက် ကောက္ကနည်းကို မှားယွင်းစွာ ယူကာ အနုဿရဏဝိတက်တို့ဖြင့် ခန္ဓာတို့၌ "သဿတော အတ္တာ စ လောကော စ" ဟု ငြိမြဲစွာ နှလုံးသွင်းခြင်းသို့

ကပ်ဆောင်လေသည်။ ဤသို့ နီးသောအကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ ပဓာနအကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ အနုသာသနီ ဝိတက်တို့ကို ယူခြင်းဖြင့်ပင် သညာဝိပလ္လာသစသည်တို့ကိုလည်း ယူပြီး ဖြစ်သောကြောင့်လည်းကောင်း အနုဿဝရဏဝိတက်ကိုသာ ဤ၌ယူပါသည်။ အခြားသူကို ဆောက်တည်စေရာ၌ အထူး အားဖြင့် အာဂမမရှိသော သာသနာပတိတ္ထိတို့သည် ကြံဆ၍သာ ယူလေ့ရှိသောကြောင့် အာဂမလည်းလည်း ယုတ္တိ၌သာ တည်ပါသည်။ ထို့ကြောင့် အနုဿဝရဏဝိတက်ကိုသာ သဿတယူခြင်း၏ အကြောင်းအဖြစ်ဖြင့် ယူအပ်ပါသည်။ ထို့ကြောင့်"နတ္ထိ ဣတော ဗဟိဒ္ဓါ"ဟု ဟောတော်မူခြင်းသည် သင့်ပါသည်။ (၄၀၂)

ပရမတ္ထဓမ္မတို့၏ လက္ခဏာသည် သဘာဝလက္ခဏာ သာမညလက္ခဏာဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတွင် သဘာဝလက္ခဏာကို ထိုးထွင်း၍ သိခြင်းသည် ပစ္စက္ခဉာဏ်ဖြစ်၍ သာမညလက္ခဏာကို ထိုးထွင်း၍ သိခြင်းသည် အနုမာနဉာဏ်ဖြစ်သည်။ အာဂမသည် သုတဖြင့် ပြီးသော ပညာကို ပြီးစေတတ်သောကြောင့် အနုမာနဉာဏ်ကိုသာ ဆောင်၏၊ သုတဓမ္မတို့၏ အခြင်းအရာကို ကြံဆခြင်းဖြင့် နိဇ္ဈာနက္ခန္တိ၌ တည်လျက် စိန္တာမယပညာကို ဖြစ်စေ၍ အစဉ်အားဖြင့် ဘာဝနာကြောင့် ပစ္စက္ခဉာဏ်ကို ရနိုင်သည်။ ဤသို့လျှင် အာဂမသည်လည်း တက္ကနယ်ကို မလွန်နိုင်ပါ၊ ထို့ကြောင့် တက္ကကို ယူခြင်းဖြင့် အာဂမကို ယူပြီ ဖြစ်၏ဟု သိပါ၊ ဤသို့လျှင် အနုဿဝရဏဘက္ကနတို့ဖြင့် မသိမ်းယူအပ်သော ကြွင်းသောအကြောင်းမရှိသောကြောင့်"နတ္ထိ ဣတော ဗဟိဒ္ဓါ" ဟူသော စကားသင့်သည်သာ ဖြစ်၏။ (၄၀၂-၃)

ပါဠိတော်၌ မှတ်ဖွယ်။ ။"အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ" ဟူ၍လည်းကောင်း၊"သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ"ဟူ၍လည်းကောင်း ဟောတော်မူသောကြောင့် သူတပါးကို ဆောက်တည်စေခြင်း အကြောင်းတို့ကိုသာ ဤဒေသနာ၌ ဟောတော်မူသည်၊ ထိုသို့တည်စေခြင်း၏အကြောင်း တို့ကိုသာ ဟောခြင်းမှာ ထိုဘည်ခြင်း၏ အကြောင်းတို့ကို ဟောခြင်းဖြင့်ပင် စွဲမြဲစွာ သက်ဝင်ခြင်း၏ အကြောင်းလည်း ပြီးသောကြောင့်တည်း။ (၄၀၃)

ဒိဋ္ဌိဋ္ဌာန။ ။လွန်ကဲသော အပြစ်ဖြစ်သည့်အတွက် များစွာသော ဆင်းကျိုးမဲ့တို့၏ အကြောင်းဖြစ်သောကြောင့် ဒိဋ္ဌိဋ္ဌာန မည်သည် (မိစ္ဆာဒိဋ္ဌိပရမာဟံ ဘိက္ခဝေ ဝဇ္ဇံ ဝဒါမိ)။ တနည်း—

၁။ ခန္ဓာပိ ဒိဋ္ဌဓမ္မနိ အာရမ္မဏဋ္ဌေန၊

၂။ အဝိဇ္ဇာပိ ဥပနိဿယာဒိဘာဝေန၊

၃။ ဖဿောပိ ဖုသိတွာ ဂဟဏူပါယဋ္ဌေန၊

၄။ သညာပိ အာကာရမတ္တဂ္ဂဟဏဋ္ဌေန၊

၅။ ဝိတက္ကောပိ အာကာရပရိဝိတက္ကနဋ္ဌေန၊

၆။ အယောနိသောမနသိကာရောပိ အကုသလာနံ သာဓာရဏကာရဏဋ္ဌေန၊

၇။ ပါပမိတ္တောပိ ဒိဋ္ဌာနုဂတိအာပဇ္ဇနဋ္ဌေန၊

၈။ ပရတော ဃောသောပိ ဒုရက္ခာတဓမ္မဿဝနဋ္ဌေန။ (၄၀၄)

ဟေတု ပစ္စယော။ ။ဟေတု-ဇနကအကြောင်း၊ ပစ္စယော-ဥပတ္ထမ္ဘက အကြောင်း။ (၄၀၄)

အာဒိန္နာ ပဝတ္တိတာ။ ။အာဒိန္နာ၊မိမိသန္တာန်၌ ယူအပ်ကုန်ပြီ။ ပဝတ္တိတာ၊ မိမိသူတပါးနှစ်ဦးသားတို့၏ သန္တာန်တို့၌ ဖြစ်စေအပ်ကုန်ပြီ။ (၄၀၄)

အာရမ္မဏဝသေန စသည်။ ။အာရမ္မဏဝသေနာတိ အဋ္ဌသု ဒိဋ္ဌိဋ္ဌာနေသု ခန္ဓေ သန္ဓာယာဟ။ ပဝတ္တနဝသေနာတိ အဝိဇ္ဇာဖဿသညာဝိတက္ကာ ယောနိသောမနသိကာရေ။ အာသေဝနဝသေနာ ပါပမိတ္တပရတောဃောသေ။ (၄၀၄)

ဝေဝိဝေပရလောကာတိ ဝုတ္တံ ဟောတိ။ ။သရူပတ္ထအစွမ်းဖြင့် ဝေဝုစ်ဖြစ်သော်လည်း သင်္ကေတတ္ထအစွမ်းဖြင့် ဤသို့ ဆိုသင့်၏ဟု ပြခြင်းငှာ ''ဝေဝိဝေပရလောကာ''ဟု မိန့်သည်။ (၄၀၄)

ဝေဂတိကာ။ ။''ဤသို့ ပြီးဆုံးခြင်းရှိကုန်၏။ ဝါ-ဤသို့ ပညာရှိများ စိစစ်မှုကြောင့် ကွဲပျက်ခြင်း အဆုံးရှိကုန်၏''ဟု အနက်ပေးပါ၊ ဆိုလိုသည်မှာ ဤမိစ္ဆာအယူတို့သည် ပရမတ္ထအားဖြင့် မရှိသောအတ္တကိုလည်းကောင်း၊ ထိုအတ္တ၌ သဿတအဖြစ်ကိုလည်းကောင်း တင်၍ ယူအပ်သောမှားသောအားဖြင့် သုံးသင်အပ်သော တရားများ ဖြစ်လျက် လူမိုက်အပြော

သာဖြစ်၍ ပညာရှိများ မစိစစ်သေးမီသာ ထင်ရှားရှိကြ၍ ပညာရှိများ စိစစ် အပ်ကုန်သော် တည်ရာမရှိကြ ဆုနိုပ်မခံကြပဲ နေထွက်သည့်အခါ နှင်းပေျာက် သကဲ့သို့လည်းကောင်း၊ ပိုးစုန်းကြူးတို့ကဲ့သို့လည်းကောင်း ကွဲကြ ပျက်ကြ၏ ဟူလို။ (၄၀၅)

**သဗ္ဗညုတဉာဏဥ္စ။** ။ဤနေရာ၌ သဗ္ဗညုတဉာဏ်ကို ဝေဖန်တော်မူ၏ဟု အရာ အားလျော်စွာ အနက်ကိုပြလို၍ "သဗ္ဗညုတဉာဏဥ္စ"ဟု မိန့်သည်။တနည်း သဗ္ဗညုတဉာဏ်ပါဠိဖြင့် သဗ္ဗညုတဉာဏ်တော်၏ အကြောင်း ရင်းဖြစ်သောကြောင့် အရဟတ္တမဂ်ဉာဏ်ကိုလည်းကောင်း၊ ထိုသဗ္ဗညုတဉာဏ် တော်နှင့် မကင်းစကောင်းသောကြောင့် ဒသဗလ အစရှိသော ဉာဏ်တော် အားလုံးကိုလည်းကောင်း ယူနိုင်သည်။ ထို့ကြောင့် "သဗ္ဗညုတဉာဏဥ္စ" ပုဒ်ကိုသာ မိန့်ပါသည်။ (၄၀၆)

**ပဇာဲနန္တောပိ။** ။အလွန်မြတ်သော အနုစ်ဖြစ်သော သီလ စသောဂုဏ်ထူးကို သော်မှ ဘုရားရှင်သည် စွဲစွဲမြဲမြဲမသက်ငင်ပါ၊ ဝဠ်အာမိသ တို့ကိုကား အဘယ်မှာ ဆိုဖွယ်ရှိအံ့နည်း ဟု သမ္ဘာဝနာပြုပါ။ (၄၀၆)

**ပရာမာသော။** ။မွေသဘောကို လွန်၍ ငါ ငါ့ဥစ္စာဟု မှားသောအားဖြင့် သုံးသပ်ခြင်း (တဏှာစသည်)၊ မှန်၏-ခန္ဓာတို့တွင် ငါ ငါ့ဥစ္စာဟု ယူစရာ တရားတမျိုးမျှ မပါရှိချေ။ (၄၀၆)

**အပရာမသတော စဿ ပစ္စတ္တညေဝ။** ။အဿဟု ကတ္တားဆိုပြီးသော်လည်း တဖန် ပစ္စတ္တညေဝဟု ကတ္တားကို ထပ်၍ ဆိုခြင်းသည် အထူးကို ပြခြင်းအကျိုးရှိသည်။ ထို့ကြောင့် "သယမေဝ အတ္တနာယေဝ"ဟု မိန့်သည်။တနည်း ပစ္စတ္တညေဝ သည် ကြိယာဝိသေသနတည်း။

**တေသံ ပရာမာသကိလေသာနံ။** ။အပရာမာသတောဟု ဟောတော်မူသော ကြောင့် ပရာမသတရားတို့၏ ငြိမ်းအေး ခြင်းကိုသာ ဤ၌ ဟောတော်မူသည်။ ထိုပရာမသတို့၏ ငြိမ်းအေးခြင်းကို ဟောခြင်းဖြင့်ပင် ပရာမသတရားမှကြွင်းသော ကိလေသာတို့၏ ငြိမ်းအေးခြင်း လည်း ပြီးသောကြောင့် ပရာမသတို့၏ ငြိမ်းအေးခြင်းကိုသာ ဟောတော် မူသည်။ ဤအဓိပ္ပာယ်ကို တေသံ ပရာမသကိလေသာနံ ပါဠိဖြင့် ပြသည်။ "တေသံ ပရာမသကိလေသာနံ၊ ထိုပရာမသဟုဆိုအပ်သောကိလေသာတို့၏" ဟု ပေးပါ။

တနည်း—ပါဠိတော်၌ အပရာမသတော-ဟူ၍ ဟောတော်မူသောကြောင့် ပရာမသ (တဏှာဒိဋ္ဌိမာန) တရားတို့၏ ငြိမ်းအေးကြောင်းကိုသာ ဤနေရာ၌ ဟောတော်မူအပ်သည်ဟု သိရသော်လည်း ပဟာနေကဋ္ဌတာ စသည် ဖြစ်သောကြောင့် ထိုပရာမသတို့၏ ငြိမ်အေးခြင်းကို ဟောခြင်းဖြင့် ထိုမှကြွင်းသော ကိလေသာတို့၏ ငြိမ်းအေးခြင်းကိုလည်း ဟောသည် မည်ပါသည်။ ထို့ကြောင့် ကြွင်းသော ကိလေသာတို့၏ ငြိမ်အေးခြင်းကိုပါ ထုတ်၍ ပြထိုက်၏။ ထို့ကြောင့် "တေသံ ပရာမသကိလေသာနံ" ဟု မိန့်။ "တဏှာမာနဒိဋ္ဌိဟု ဆိုအပ်သော ပရာမသ၊ ထိုမှကြွင်းသော အခြားသော ကိလေသာတို့၏" ဟု အနက်မှတ်ပါ။ (ဂေါဗလီဗဒ္ဒနည်း) (၄၀၇)

နိဗ္ဗုတိ။ ။နိဗ္ဗာန်ဟုဆိုအပ်သော အသခ်တဓာတ်ကို ယူပါ၊ ဘုရားရှင်သည် နိဗ္ဗာန်ကို ဗောဓိပင်ရင်း၌ပင် ရတော်မူခဲ့လေပြီ၊ ထို့ကြောင့် ထိုအသခ်တဓာတ်ကို ကိုယ်တော်ကိုင် သိတော်မူပြီ။ (၄၀၇)

ယာသု ဝေဒနာသု ရတ္တာ။ ။ဤစကားရပ်ဖြင့် ဒေသနာဝိလာသကို ပြတော်မူသည်။ ချဲ့ဦးအံ့–ဒေသနာ ဝိလာသဉာဏ်သို့ ရောက်တော်မူသော ဒေသနာကုသလ ဖြစ်တော်မူသော ဘုရားရှင်သည် ခန္ဓာအာယတန စသည်ဖြင့် များသော အပြားရှိသော စတုသစ္စဒေသနာတို့ ဖြစ်သင့်ပါသော်လည်း ဒိဋ္ဌိအယူရှိသူတို့သည် ဝေဒနာတို့၌ မှားယွင်းစွာ ကျင့်ခြင်းကြောင့် မိစ္ဆာဒိဋ္ဌိ တောရှုပ်သို့ ပြေးဝင်ကြသည်ဟု ပြခြင်းငှာ ထိုပြေးဝင်မှု၏ အရင်းမူလဖြစ်သော ဝေဒနာတို့ကိုသာ ပရိညာဘူမိအဖြစ်ဖြင့် ထုတ်ဆောင်တော်မူသည်။ (အဋ္ဌကထာနှင့် တွဲကြည့်ပါ။(၄၀၇)

သစ္စာလေးပါး။ ။ဝေဒနာသဒ္ဒါဖြင့် ယူအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးသည် ဒုက္ခသစ္စာ၊ ဝေဒနာနံ သမုဒယသဒ္ဒါဖြင့် ယူအပ်သော အဝိဇ္ဇာသမုဒယသည် သမုဒယသစ္စာ၊ အတ္ထင်္ဂမ နိဿရဏ ပရိယာယ်တို့ဖြင့် နိရောဓသစ္စာ၊ ယထာဘူတံ ဝိဒိတွာဖြင့် မဂ္ဂသစ္စာ။ ဤသို့ သစ္စာလေးပါးကို ဟောတော်မူသည်။ (၃၀၇-၈)

ပဉ္စန္နံ လက္ခဏာနံ။ ။အဝိဇ္ဇာသမုဒယစသော အကြောင်းလေးမျိုးတို့တွင်လည်း ဥပ္ပါဒလက္ခဏာကိုသာ မယူပဲ ပစ္စယလက္ခဏာကိုပါ ယူရမည်၊ ဘာ့ကြောင့်နည်း—အကြောင်းကိုစွဲ၍ ထိုတရားတို့ အား ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုသောကြောင့်တည်း။ (၄၀၈)

ဝေဒနံ ပဋိစ္စ သုခံ။ ။အာရမ္မဏစသည်တို့၏ ပစ္စည်းဖြစ်သော ဝေဒနာကို အကြောင်းပြု၍ ပစ္စယုပ္ပန် သုခ သောမနဿဖြစ်

နိုင်သည်။ တနည်း—သောမနဿံ-ဟူသော၊ သုခံ—စေတသိကသုခဟု သော မနဿကို သုခံ၏ ဝိသေသနကြ၍ သုခအရ စေတသိကသုခကိုသာ ယူပါ။ (၄၀၈)

**အနိစ္စာ စသည်။** ။ဟုတာ အဘာဝဋ္ဌေန အနိစ္စာ၊ အနိစ္စာပါဠ်ဖြင့် သင်္ခါရ ဒုက္ခဖြစ်သော ဥပေက္ခာဝေဒနာ၌ ရှိသော အပြစ်ကို ပြ၏၊ ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန ဒုက္ခာ၊ ဤဒုက္ခာပါဠ်ဖြင့် ဒုက္ခဒုက္ခ ဖြစ်သော ဒုက္ခ ဝေဒနာ၌ ရှိသော အပြစ်ကို ပြ၏၊ ဇရာမရဏနှစ်ပါးသည် ဖောက်ပြန်စေအပ်သောကြောင့် ဝိပရိဏာမဓမ္မာ၊ ဤဝိပရိဏာမဓမ္မဖြင့် ဝိပရိဏာမ ဒုက္ခ ဖြစ်သော သုခဝေဒနာ၌ ရှိသော အပြစ်ကို ပြ၏။ (၄၀၉)

**ဝိဂတဆန္ဒရာဂတာယ အနုပါဒါနော။** ။ကြွင်းသော ဥပါဒါန် တို့သည် ကာမုပါဒါန် အရင်းခံ ရှိသောကြောင့် ကာမုပါဒါန် ပယ်ပြီးသော် ဥပါဒါန် အကြွင်းမရှိတော့ပါ၊ ထို့ကြောင့် "ဝိဂတဆန္ဒရာဂတာယ အနုပါဒါနော" ဟု မိန့်။ (၄၁၀)

**အနုပါဒါ ဝိမုတ္တော။** ။ထင်းသော ဆန္ဒရာဂ ရှိသောကြောင့် အနုပါဒါန၊ အနုပါဒါန ဖြစ်သောကြောင့် အနုပါဒါ ဝိမုတ္တ။ (၄၁၀)

**တဒေဝ နိယျာတိတံ။** ။အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော-ပါဠ်ဖြင့် အရဟတ္တဖိုလ်ကို ပြ၍ ဝေဒနာနံ သမုဒယဥ္စ စသည်ဖြင့် စတုသစ္စကမ္မဋ္ဌာန်းကို ပြပါသော်လည်း သဗ္ဗညုတဉာဏ်ကို ကောင်းစွာ ထိုးထွင်း၍ သိတော်မူသောကြောင့် အကြောင်းနှင့်တကွ ဂတိနှင့်တကွသော ဤမိစ္ဆာဒိဋ္ဌိ အယူကို အပြားအားဖြင့် ဝေဖန်တော်မူခြင်းငှာ စွမ်းနိုင်တော်မူပေသည်။ သဗ္ဗညုတဉာဏ်တော်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်၊ ပုဗ္ဗဘာဂ ပဋိပဒါ၏ ဖြစ်ရာ ဘူမိတို့နှင့်တကွ သဗ္ဗညုတဉာဏ်တော်ကိုသာ ထင်ရှားစွာ ပြလိုသောကြောင့် သဗ္ဗညုတဉာဏ်ကို ဖြေဆိုတော်မူသည်။ (၄၁၀)

**အန္တရာ။** ။သဗ္ဗညုတဉာဏ်တော်၏ သိပုံ အခြင်းအရာကို ပြခြင်းအငှာ်းဖြင့် အမေးအဖြေ တရားတို့ကို ပြသော စကားတို့၏ အကြား၌ ဒိဋ္ဌိတို့ကို ဝေဖန်တော်မူသည်။ (၄၁၁)

သဿတဝါဒ ပြီးပါပြီ။

## ကေစ္စသဿတဝါဒ

**ကေစ္စသဿတဝါဒ။** ။"ကေစ္စသဿတိကာ-ဟု ဆိုအပ်သော် အခြားသော တရားတို့၏ ကေစ္စအသဿတိက အဖြစ်ကို ဆုံးဖြတ်ခြင်းကိစ္စ ပြီးစီးသည်မဟုတ်ပါလော"ဟု မေးဖွယ်ရှိ၏၊ အဖြေကား—အနက်အားဖြင့် ပြီးစီးသည်မှာ မှန်ပါသည်။ သဒ္ဒါအားဖြင့်ကား မပြီးစီးသေးပါ၊ ထို့ကြောင့် သဒ္ဒါအားဖြင့် အလွန်ထင်ရှားသည်ကိုပြု၍ ပြခြင်းငှာ "ကေစ္စသဿတိကာ ကေစ္စအသဿတိကာ"ဟု မိန့်တော်မူပါသည်။ [နှ ဟိ ဣဓ ယာဝသေသံ ဂဟေတွာ ဓမ္မံ ဒေသေတိ ဓမ္မသာမိ] (၄၁၁)

**ကေစ္စသဿတိကာ။** ။ဂ္ဂဿရဝါဒကဲ့သို့ပင် ဂ္ဂဿရသည်မြဲ၏၊ အခြားသောသူများ မမြဲဟု ယူသော ဝါဒရှိသူများနှင့် ဗြဟ္မာသည် မြဲ၏။ အခြားသူများသည် မမြဲဟု ယူသော ဝါဒ ရှိသူများသည် သတ္တေကစ္စသဿတိက မည်၏။ ကာဏာဒတို့ကဲ့သို့ ပရမာဏုမြူတို့သည် မြဲကုန်၏။ ဒွိအဏုက စသည်တို့သည် မမြဲဟု ယူသော ဝါဒရှိသူများနှင့် စက္ခု စသည်တို့သည် အနိစ္စ၊ ဝိညာဉ်ကား နိစ္စ-ဟုဖြစ်သော ဝါဒရှိသူများသည် သင်္ခါရေကစ္စ သဿတိက မည်၏။ ကေစ္စသဿတိကဝါဒ လေးမျိုးတွင် ရှေ့သုံးမျိုးကို သတ္တအစွမ်းဖြင့် ဟော၍ စတုတ္ထဝါဒကို သင်္ခါရအစွမ်းဖြင့် ဟော၏။ (၄၁၁)

**သင်္ခါရေကစ္စသဿတိကာ။** ။ဤစကားကို တိတ္ထိတို့သည် သဿတ အဖြစ်ဖြင့် ယူအပ်သော သင်္ခါရတရားတို့၏ မှန်ကန်သော သဘောကို ပြခြင်းအစွမ်းဖြင့် ဆိုသည်။ ကေစ္စသဿတိက အယူကို ပြခြင်း အစွမ်းဖြင့် ဆိုသည်မဟုတ်ပါ။ သဿတ-ဟု အသိအမှတ်ပြုသည်ကား အသင်္ခတသာ-ဟု တိတ္ထိတို့မှာ အယူရှိသည်။ ထို့ကြောင့် ပါဠိတော်၌ "စိတ္တန္တိ ဝါ ၊ပေ၊ ဌဿတိ"ဟု ဟောတော်မူသည်။မှန်၏—အကြောင်းတရားတို့သည် ပြုစီမံအပ်သော တရားဟု ဝန်ခံပြီးနောက် ထိုအကြောင်းတရားများ ပြုစီမံအပ်သော တရား၏ နိစ္စဘာဝ စသည်အဖြစ်ကို မရှုးလျှင် ဝန်မခံနိုင်၊ ဤစကားရပ်များ ဖြင့် ဖြစ်မှု ပျက်မှု မြဲမှုနှင့် စပ်သော သဘာဝတို့သည် ရုံခါ နိစ္စ ရုံခါ အနိစ္စ၊ ရုံခါနိစ္စ အနိစ္စ မဆိုထိုက်ဟူသော သတ္တဘင်္ဂဝါဒ၏ မသင့်ကြောင်းကို ပြပြီး ဖြစ်တော့၏။ (၄၁၁)

**မိစ္ဆာဒဿနပင်။** ။"ကေစ္စေ ဓမ္မာ သဿတာ ကေစ္စေ အသဿတာ"ဟူသော ဤဝါဒ၌ စက္ခုစသည်တို့၏ အသဿတအဖြစ်ကို ဆုံးဖြတ်မှုသည် မှန်ကန်သော အသိသာဖြစ်ပါလျက် အဘယ်သို့လျှင် မိစ္ဆာဒဿန

ဖြစ်ရသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-အသဿတ တရားတို့တွင်ပင် အချို့တရားတို့ကို သဿတ-ဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းသော အယူဖြစ်သည်၊ ထိုအယူမှားနှင့် တခုတည်းသော ဝါဒ၌ ဖြစ်သောကြောင့် အဆိပ်နှင့် ရောသော ဇထာပတ်ခဲ ပျက်စီးရသကဲ့သို့ ရောနှောလျက် ဖြစ်သည့်အဘွက် စက္ခုစသည်တို့ကို အသဿတ-ဟု သိသော အမြင်မှန် အသိမှန်သည် ပျက်စီးသွားသည်။ ထို့ကြောင့် မိစ္ဆာဒဿနပင် ဖြစ်၏။

အသဿတ ဟူသောအမြင်မှန်သည် မိဒ္ဓိကိစ္စကို မပြုနိုင်၍ သမ္မာဒိဋ္ဌိအဖို့၌ မထားထိုက်၊ တနည်း–အသဿတအားဖြင့် ဆုံးဖြတ်ယူဆပါ သော်လည်း မိစ္ဆာအယူရှိသူတို့သည် စက္ခုစသည်တို့၌ အတ္တဇီဝသဘောတို့ကို တင်၍သာ ယူသောကြောင့်၊ ထိုသိခြင်းသည် မိစ္ဆာဒဿနဖြစ်နေသည်။ ထို့ကြောင့်ပင် ပါဠိတော်၌ "စက္ခုံ ဣတိပိ ၊ပေ၊ ကာယော ဣတိပိ အယံ အတ္တာ" ဟု ဟောတော်မူသည်။ (၄၁၂)

**ဝိဘဇ္ဇဝါဒ။** ။အသင်္ခတဓာတ် သင်္ခတဓာတ်တို့၏ အစွမ်းဖြင့် အစဉ်အတိုင်း အချို့သည် သဿတ၊ အချို့သည် အသဿတ-ဟု ယူသော ဝိဘဇ္ဇဝါဒသည်လည်း ဧကစ္စသဿတဝါဒဖြစ်ရသည် မဟုတ်လော-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-မဖောက်မပြန် မှန်ကန်သော တရားသဘောကို ကျင့်ခြင်း ဖြစ်သောကြောင့် ဤသို့ မစောဒနာသင့်ပါ၊ အယူမှားနှင့် မရောနှောသော ကြောင့်လည်းကောင်း၊ ဇီဝသဘောမတင်သောကြောင့်လည်းကောင်း မဖောက် မပြန် တရားသဘောမှန်ကို ကျင့်ခြင်းပင် ဖြစ်ပါသည်။

**စောဒနာဖွယ်။** ။ရှေးဖြစ်သော သဿတဝါဒ၌လည်း မမြဲသောတရားတို့ကို သဿတ-ဟု ယူခြင်းသည် အထူးအားဖြင့် မိစ္ဆာအမြင် ဖြစ်၍ မြဲသောတရားတို့ကို သဿတ-ဟု ယူခြင်းသည် သဘောအမှန်ကို ယူခြင်းဖြစ်၍ မိစ္ဆာအမြင် မဖြစ်သော် ဤဧကစ္စသဿတဝါဒ၌ကဲ့သို့ ရှေးဖြစ် သော သဿတဝါဒ၌လည်း အချို့သော တရားတို့၌သာ သဿတ-ဟု ယူခြင်း ဖြစ်သင့်သောကြောင့် ဤဧကစ္စသဿတဝါဒကို ဝါဒတမျိုးအဖြစ် မဆိုသင့် ဟု စောဒနာဖွယ်ရှိ၏။

အဖြေကား–မမြဲသော တရားတို့တွင်ပင် အချို့သော တရားတို့သည်သာ မြဲ၏။ အချို့သောတရားတို့သည် မမြဲ-ဟု ကြံဆခြင်း၏ အစွမ်းဖြင့် ယူအပ်သော တရားတို့၌ ခွဲခြားဝေဖန်မှု ဖြစ်သောအားဖြင့် ဤဧကစ္စသဿတ ဝါဒကို ပြအပ်သောကြောင့် ဤဧကစ္စသဿတဝါဒကို ဝါဒတမျိုးအဖြစ် ဆိုသင့်ပါသည်။ (၄၁၃)

**သဿတဝါဒ၌ မသွင်းရ။** ။တစိတ်တဒေသကို အပေါင်း၌သွင်းယူရိုးဓမ္မတာ ဖြစ်သောကြောင့် တစိတ်တဒေသကို သဿတ-ဟု ယူသော ဧကစ္စသဿတိကဝါဒကို အလုံးစုံသဿတ-ဟု ယူသော ရှေး သဿတဝါဒ၌ ပေါင်းယူလျှင် ဖြစ်ရာသည် မဟုတ်ပါလော-ဟု မေးဖွယ်ရှိ၏။ အဖြေကား-တစိတ်တဒေသအရာရှိမှု အလုံးစုံအရာရှိမှု အထူးတို့၏ အစွမ်းဖြင့် ဝါဒနှစ်ပါးဖြစ်သောကြောင့် မသွင်းယူနိုင်ပါ။ (သဗ္ဗေဓမ္မာ သဿတာ ဟု စွဲလမ်းသက်ဝင် တည်နေသော မိစ္ဆာဒိဋ္ဌိက တပါး၊ ဧကစ္စာ သဿတာ ဧကစ္စေ အသဿတာ-ဟု စွဲမြဲစွာ အယူရှိသော မိစ္ဆာဒိဋ္ဌိက တပါး-ဟု ကွဲပြားသည်ဟုလို။)

သဿတ၌ သင်္ခါရတရားတို့ကို အကြွင်း အကျန် မရှိအောင် ယူခြင်း ဖြစ်၍ ဤဝါဒ၌ တစိတ်တပိုင်း ယူခြင်း ဖြစ်ပါသည်။ ဤသို့ ဝါဒနှစ်ခုထူးပါသည်။

**သဿတတက္ကီနှင့် ဧကစ္စသဿတတက္ကီအထူး။** ။သဿတတက္ကီသည် ရုပ်တရားကို သဿတ-ဟု နှလုံးသွင်း၍ ဧကစ္စသဿတ တက္ကီကား နာမ်တရားကို သဿတ-ဟု နှလုံးသွင်းသည်။

**ယေ ဥပရိဗြဟ္မလောကေသု ဝါ အာရုပ္ပေသု ဝါ နိဗ္ဗတ္တန္တိ။** ။ဤ၌ ဥပရိဗြဟ္မ-လောကေသုအရ "အာဘဿရသံဝတ္တနိကာ ဟောန္တိ"ဟု ပါဠိတော်၌ ဟောသောကြောင့် အာဘဿရာဘုံမှ အထက်ဗြဟ္မာ့ပြည်ကိုယူပါ၊ မှန်၏–မီးကြောင့် ကမ္ဘာပျက်မှုကို ဤနေရာ၌ အလိုရှိအပ်ပါသည်။ အာရုပ္ပေသု ဝါ-၌ ပါသော ဝိကပ္ပနတ္ထ ဝါသဒ္ဒါဖြင့် "ပျက်ဆဲလောကဓာတ်တို့မှ အခြားသောလောကဓာတ်တို့၌ လည်း"ဟု ဝိကပ္ပနာပြုပါ။ မှန်၏–အလုံးစုံသော အပါယ်သတ္တဝါတို့သည် ကမ္ဘာပျက်ခါနီးရာအခါ၌ ရူပအရူပဘုံ၌ မဖြစ်နိုင်သောကြောင့် အခြား လောကဓာတ်ကို ယူပါ၊ ထို့ကြောင့်ယေ၊အကြင်သတ္တဝါတို့သည်။ (အာဘဿရ ဘူမိတော၊ အာဘဿရာဘုံမှ )။ ဥပရိဗြဟ္မလောကေသု ဝါ၊ အထက်ဗြဟ္မာ လောကတို့၌သည်းကောင်း။ အရုပ္ပေသု ဝါ၊ အရူပဘုံတို့၌ လည်းကောင်း။ (အညလောကဓာတူသု ဝါ၊ အခြား လောကဓာတ်တို့၌) လည်းကောင်း။ နိဗ္ဗတ္တန္တိ-ဖြစ်ကြရကုန်၏-ဟု ပေးပါ။

**အပါယ်သတ္တဝါများ ရူပ အရူပသို့မရောက်နိုင်။** ။အပါယ်ဘုံသား အလွန် အသက်ရှည်သော သတ္တဝါတို့မှာ လူ့ပြည်၌ ပဋိသန္ဓေနေခြင်း၏ မဖြစ်သင့်သောကြောင့်လည်း

ကောင်း၊ လူ့ပြည်၌မဖြစ်ပဲ ကမ္ဘာပျက်ရာ ထိုအခါ၌ အပါယ်သတ္တဝါတို့၏ ရူပ အရူပဘုံများ၌ ဖြစ်ခြင်းငှာ မကပ်ရောက်နိုင်သောကြောင့် လည်းကောင်း အပါယ်သတ္တဝါများအားလုံး ရူပ အရူပသို့ မရောက်နိုင်ကြပါ။

**မနောမယာ။** ။အလုံးစုံသော သတ္တဝါတို့သည် ပုညာဘိသင်္ခါရစိတ်၊အပုညာဘိသင်္ခါရစိတ်ကြောင့် ဖြစ်ကြပါသော်လည်း ပြင်ပအကြောင်းများမပါပဲ စိတ်ကြောင့်သာ ဖြစ်သောကြောင့် ရူပါဝစရသတ္တဝါတို့ကိုသာ "မနောမယ"ဟု ဆိုရပါသည်။ ပြင်ပအကြောင်းနှင့် စပ်သောရူပါဝစရမှ အခြားသော သတ္တဝါတို့ကို "မနောမယ"ဟု မဆိုနိုင်ပါ၊ ဤအဓိပ္ပာယ်ကို ပြခြင်းငှာ "မနေန နိဗ္ဗတ္တတ္တာ မနောမယာ"ဟု မိန့်သည်။ (၄၁၄-၅)

ယင်းသို့ ဖြစ်လျှင် ဩပပါတိက ကာမာဝစရ သတ္တဝါတို့မှာလည်း မနောမယ အမည်ဖြစ်ရာသည် မဟုတ်လော-ဟု မေးဖွယ်ရှိ၏၊ အခြေကား မဖြစ်နိုင်ပါ။ အဓိစိတ္တဖြစ်သော လွန်ကဲသော စိတ်ကြောင့်ဖြစ်သော သတ္တဝါတို့၌သာ မနောမယ ဟူသော ဝေါဟာရ ဖြစ်သောကြောင့် ကာမဩပပါတိက သတ္တဝါတို့မှာ မနောမယအမည်မရထိုက်ပါ။ ဤအဓိပ္ပာယ်ကို ပြလိုငှာ ဧွာနသဒ္ဒါဖြင့် အထူးပြု၍ "ဈာနမနေန"ဟု မိန့်သည်။ (၄၁၅)

**အရူပများလည်း မနောမယမမည်။** ။အရူပါဝစရဗြဟ္မာတို့မှာ မနောမယ အမည်ဖြစ်သင့်သည် မဟုတ်ပါလော-ဟု မေးဖွယ်ရှိ၏။ အဖြေကား-အရူပဗြဟ္မာတို့ကို ပြင်ပအကြောင်းတို့သည် ဖြစ်စေအပ်လေသမှုမှာ ဟူသော ယုံမှား သင်္ကာ၏ မရှိခြင်းကြောင့် ဈာန်စိတ်ကြောင့်သာဖြစ်သည်ဟူသော အဝဓာရဏမဖြစ်သင့်ပါ၊ထို့ကြောင့် မနောမယ အမည် မဖြစ်သင့်ပါ၊ ဤမနောမယအမည်သည် ရူပါဝစရသတ္တဝါတို့၌ ထင်ရှားသော အမည်သာဖြစ်သည်။ ထို့ကြောင့် အန္နမယ၊ ပါနမယ၊ မနောမယ၊ အာနန္ဒမယ၊ ဝိညာဏမယ ဟု ဝေဒဝါဒီတို့သည် အတ္တကို ငါးမျိုးခွဲခြား ကြံစည်ထားကြသည်။ (၄၁၅)

**ဥက္ကံသေန အဋ္ဌကပ္ပေ။** ။ဥက္ကံသေနသည် အာဘဿရာ ဗြဟ္မာတို့ကို ရည်ရွယ်၍ ဆိုသော စကားဖြစ်သည်။ ပရိတ္တာဘာဗြဟ္မာတို့သည် ကမ္ဘာနှစ်ခုပတ်လုံး တည်ကြ၍ အပ္ပမာဏာဘာဗြဟ္မာတို့သည် ကမ္ဘာလေးခုပတ်လုံးတည်ကြသည်။ အဋ္ဌကပ္ပေအရ အသင်္ချေယျကပ်လေးခုတို့၏ အပေါင်း ဖြစ်သော မဟာကပ်ရှစ်ခုတို့ကို ယူပါ။ (၄၁၅)

မေး။ ။မြတ်သော ဒုတိယဈာန်ဘုံ၌ တည်သော ဖြဟ္မာသည် ယုတ်နိမ့်သော ပဌမ ဈာန်ဘုံ၌ အဘယ်သို့ ဖြစ်ရသနည်း။

ဖြေ။ ။နိကန္တိအစွမ်းဖြင့် ပဌမဈာန်ကို ပွား၍ ဖြစ်ရသည်။

အာယုပ္ပမာဏေနေဝ။ ။ဤပုဒ်ကို ပ.မာယုပ္ပမာဏေနေဝဟု ဖွင့်သည်၊ ထိုထိုဘဝဝိသေသ၌ဖြစ်ကြသော သတ္တဝါတို့မှာ ဝိပါက်အစဉ်၏ ဌိတိကာလနိယမသည် များသောအားဖြင့် မြဲသော အပိုင်းအခြားရှိသည်၊ ထိုထိုဘုံဘဝ ထိုထိုသတ္တဝါအလိုက် သုက်သွေးစသည် ဥတုဘောဇဉ်စသည်တို့၏ အကြောင်း အထောက်အပံ့ကိုလည်း ရရှိသည်။ ထိုသို့မြဲသော အပိုင်းအခြားရှိသော ဆိုင်ရာ အကြောင်းတို့၏ အထောက်အပံ့ ခံရသော ဝိပါက်အစဉ်၏ဌိတိကာလနိယမကိုပင် ကာရဏူ-စာရအားဖြင့် အာယု-ဟုဆို၍ ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် ပရမာယု ဆိုရပါသည်။ (၄၁၆-၇)

အသက်ပိုင်းခြားပုံ။ ။နတ်ငရဲသားများသည် များသောအားဖြင့် မြဲသော အသက် အပိုင်းအခြား ရှိ၏၊ မြောက်ကျွန်းသားတို့သည် ကေန်မြဲသော အသက်အပိုင်းအခြားရှိ၏ စသည်ဖြင့် သင်္ဂဟကို မှီး၍ သိပါ။

အာယုပ္ပမာဏေနေဝ စဝန္တိ။ ။ကံသည် ထိုထိုဖြစ်ရာဘဝတို့၌ ထိုထိုဖြစ်ရာဘဝ၌ မှီသော အဆင်းစသည်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သကဲ့သို့ မြဲသော အသက်အပိုင်းအခြားရှိသော ဥပပတ္တိဘဝတို့၌ အပိုင်းအခြားကို လွန်၍ အကျိုးပေးခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် "အာယုပ္ပမာဏေနေဝ စဝန္တိ"ဟု မိန့်သည်။ (၄၁၇)

အတ္တနော ပုညဗလေန ဌာတုံနသက္ကောန္တိ။ ။ဥပတ္ထမ္ဘကအကြောင်း အပေါင်းအဖော် ရှိသော အနုပါလက အကြောင်းတို့သည် ဥပါဒိန္နက ခန္ဓာတို့အား ဖြစ်ခဲအပ်သော အခြင်းအရာသည် အနက်အားဖြင့် ဆိုအပ်ပြီးသော အပိုင်းအခြားကို မလွန်နိုင်သောကြောင့် ပရမာယုကမှာ ဖြစ်သည်။ ထို့ကြောင့် ကြွင်းကျန်သော ကံရှိသေးပါသော်လည်း ဆက်လက်ရပ်တည်ခွင့် မရှိတော့ပေ၊ ထို့ကြောင့် "အတ္တနော ပေ၊ န သက္ကောန္တိ"ဟု မိန့်သည်။ (၄၁၇)

ဖြဟ္မာ့ပြည်သက်တမ်း ယေဘုယျ။ ။"အာယုက္ခယာ ဝါ ပုညက္ခယာ ဝါ၊ အာဘဿရကာယာ စဝိတွာ"ဟူ၍ ဟော

တော်မူသောကြောင့် ကာမာဝစရ နတ်တို့ကဲ့သို့ ပြဟ္မာတို့မှာလည်း များသောအားဖြင့်သာ မြဲသော အသက်အပိုင်းအခြား ရှိသည်၏အဖြစ်ကိုသိပါ။

မှန်၏—နတ်များသည် (၁) အာယုက္ခယ၊ (၂) ပုညက္ခယ၊ (၃) အာဟာရက္ခယ၊ (၄) ကောပဟူသော အကြောင်းလေးပါးကြောင့် စုတေကြသည်။ (၄၁၇-၈)

ကပ္ပံ ဝါ ဥပမုကပ္ပံ ဝါ။ ။ကပ္ပအရ အသင်္ချေယျကပ်ကို ယူပါ၊ ဝါသဒ္ဒါဖြင့် သုံးခုမြောက် အဖို့ကိုလည်းကောင်း၊ ထို့ထက် အယုတ်အလွန်ကို လည်းကောင်း ဆည်းသည်။ (ဝိကပ္ပနတ္ထသည် သမုစ္စည်းသဘောပင် ဖြစ်သည်၊) (၄၁၈)

အနဘိရတိ။ ။တယောက်တည်း နေရခြင်းကြောင့် မမွေ့လျော်ခြင်းဟု ဆိုအပ်သော အခြားသူနှင့် ပေါင်းဆုံလိုခြင်းပင်တည်း။ ''ဧကကဿ ဒီဃရတ္တံ နိဝသိတတ္တာ'' ဟု ဟောသောကြောင့် ''အပရဿာပိ'' စသည်ကို မိန့်သည်။ (၄၁၈)

ဥက္ကဏ္ဌိတာ။ ။ချစ်အပ်သော ဝတ္ထုနှင့် ကင်းခြင်းကြောင့် လည်းကောင်း၊ ချစ်အပ်သော ဝတ္ထုကို မရခြင်းကြောင့် လည်းကောင်း စိတ်ပင်ပန်းခြင်းတည်း။ အရကား—ဒေါမနဿ စိတ္တုပ္ပါဒ်တည်း။ ဤဥက္ကဏ္ဌိတာသည် ဈာန်၏ အာနုဘော်တော်ဖြင့် ပယ်အပ်သောကြောင့် ပြဟ္မာ့ပြည်၌ မရှိပါ။ (၄၁၈)

ပရိတဿနာ။ ။တဏှာဒိဋ္ဌိဟု ဆိုအပ်သော စိတ်၏ ရှေးအဖို့၌ တုန်လှုပ်ခြင်းသည်သာ ဤ၌ ပရိတဿနာ မည်၏။ အတ္ထုဒ္ဓါရ ပြရာ၌ ''အဟော ဝတ အညေပိ သတ္တာ ဣတ္ထတ္တံ အာဂစ္ဆေယျုန္တိ အယံ တဏှာတဿနာ နာမ'' ဟု ဒိဋ္ဌိတဿနာ၏ ဥဒါဟရုဏ်ကို သီးခြားပြလို၍ တဏှာတဿနာကိုသာ ဒိဋ္ဌိတဿနာမှ ခွဲထုတ်၍ ဆိုထားခြင်း ဖြစ်သည်။ ဤပါဠိရပ်၌ ဒိဋ္ဌိတဿနာကို မရနိုင်၍ ဆိုထားခြင်း မဟုတ်ပါ။ ထို့ကြောင့် ဤနေရာ၌ ဒိဋ္ဌိ တဏှာ နှစ်ပါးရနိုင်၏ဟု ဆိုခြင်းမှာ အပြစ်မရှိပါ။ ပရိတဿိတဝိပ္ဖန္ဒိတမေဝ၌လည်း တဏှာတဿနာပါ ရနိုင်သည်ဟု သိပါ။ (၄-၁၁၄)

အဘိဘူ။ ။အဘိဘဝိတ္တာ၏ ကံပုဒ်ကို ''ဣမေ သတ္တေ''ဟု ထည့်ပါ။ အဘိဘဝိတ္တာဖြင့် လွှမ်းမိုးခြင်းမည်သည် ယုတ်မာသောသဘောဖြင့်၊ အကြီးအကဲအဖြစ်အားဖြင့် ထိုသတ္တဝါတို့ကို လွှမ်းမိုး၍ တည်၏ဟု မိမိ၏ မှတ်

ထင်ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် "ဇေယျကောဟ မသိ" ဟု မိန့်သည်။ [ပါပသဘာဝေန-ဟူသော စာအရှိအတိုင်း ကြည့်၍ ယုတ်မာသော သဘောဖြင့် ဟု ပြန်ဆိုလိုက်ပါသည်။ ဋီကာဟောင်း၌ကား ပါသံသဘာဝေန ဥဇ္ဇုမဘာဝေန စ-ဟု ချီးမွမ်းအပ်သူ၏ အဖြစ်အားဖြင့် လည်းကောင်း၊ ကြီးမြတ်သူ၏ အဖြစ်အားဖြင့် လည်းကောင်းဟု ရှိပါသည်။] (၄၁၉)

**အညဒတ္ထု ဒသော။** ။အညဒတ္ထု-ဟူသော မြင်ခြင်း၌ အန္တရာယ် မရှိကြောင်းကို ဆိုသော စကားဖြင့် လည်းကောင်း၊ ဒသော-၌ မြင်အပ်သော အရာအထူးကို သိမ်းယူမှု မရှိခြင်းဖြင့် လည်းကောင်း အပိတ်အပင် အတားအဆီးမရှိ မြင်လေ့ရှိကြောင်းကို ဝန်ခံသည်။ ထို့ကြောင့် "သဗ္ဗံ ဿာမီတိ အတ္တော" ဟု မိန့်သည်။ မှန်၏—ဒိက္ခိတော န ဒဒါတိ၌ကဲ့သို့ အစိတ်အပိုင်းဖြစ်သော မြင်အပ်သော အထူးကို ယူခြင်းမရှိသော် ယူအပ်သော အရာ၏ အကြွင်းမရှိကြောင်းကို သိနိုင်သည်။ (၄၁၉)

**ဣဒါနိ ကာရဏတော စသည်။** ။ဣဿရော ကတ္တာ နိမ္မာတာ ဟု ဆိုပြီး၍လည်း တဖန် "မယာ ဣမေ သတ္တာ နိမ္မိတာ" ဟု ဆိုခြင်းသည် အဘယ်အကျိုးရှိသနည်းဟု မေးဖွယ်ရှိ၍ "ဣဒါနိ ကာရဏတော" စသည်ကို မိန့်သည် ။ (အကြောင်းအားဖြင့် ပြီးစေလိုသော ကြောင့် ပဋိညာဉ်ပြုခြင်းအကျိုးငှာ မိန့်သည်) (ပါဠိတော်နှင့် ဋ္ဌ-တွဲကြည့်ပါ)။ (၄၂၀)

**စေတဒနာ။** ။ဤဗြဟ္မာကြီးသည် "မယာ ဣမေ သတ္တာ နိမ္မိတာ" စသည်ဖြင့် ဣဿရကုတ္တာ အယူသို့ ပြေးဝင်လျက် အဘိနိဝေသ အစွမ်းဖြင့် တည်ပြီးသည် မဟုတ်ပါလော။ သူတပါးတို့ကို တည်စေခြင်းဖြင့် မတည်သည် မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် အကြောင်း၏အစွမ်းဖြင့် ပြီးစေလိုသည်ဖြစ်၍ ပဋိညာဉ်ပြုသည် ဟူ၍ ဆိုအပ်ပါသနည်း။

**အဖြေကား။** ။ဧဝံ ဟောတိ စသည်ဖြင့် နောက်၌ဖြစ်ကုန်သော သတ္တဝါတို့၏ ထိုအယူ၌ စွဲမြဲသက်ဝင်ခြင်းကိုလည်း ဆိုအပ်လတံ့ဖြစ်သောကြောင့် သူတပါးတို့ကို တည်စေခြင်း အစဉ်ဖြင့်သာလျှင် ထိုဗြဟ္မာကြီး၏ ဣဿရကုတ္တအယူ၌ စွဲမြဲစွာ သက်ဝင် တည်နေခြင်း ဖြစ်ရလေသည်။ စွဲစွဲမြဲမြဲ နှလုံးသွင်းရုံမျှဖြင့် ဖြစ်သည် မဟုတ်ပါ။ ထို့ကြောင့် ဤသို့ ဆိုပါသည်။ (၄၂၀)

**မညနာမတ္တေနေဝ။** ။ဒိဋ္ဌိဖြင့် မှတ်ထင်ခြင်းသာ၊ အဓိမာနမဟုတ်။ (၄၂၁)

**မဟောသက္ကတရော။** ။မဟောသက္ကတရ အဖြစ်ကို အကြီးအကဲ ဖြစ်ခြင်း၊ အခြံအရံ ပြည့်စုံခြင်းဟူသော အကြောင်းဖြင့် သိနိုင်သော ကြောင့် "ဣဿရိယ ပရိဝါရဝသေန မဟာယသတရော" ဟု ဖွင့်သည်။ (၄၂၀)

**သိရိ ဝိဘဝေန။** ။ခန္ဓာကိုယ် လှပတင့်တယ်ခြင်းသည် သိရိ၊ အခြွေအရံစသည် ပြည့်စုံခြင်းသည် ဝိဘဝ။ (၄၂၂)

**ရှေးဘဝ အထုံ အဓိက။** ။နှယ်တို့မှာ ပဋိသန္ဓေ၏ အခြားမဲ့၌ ဤမည်သော ဂတိမှ စုတေ၍ ဤမည်သော ကံကြောင့် ဤ ဘုံဘဝ၌ ဖြစ်ရသည်ဟူ၍ ပစ္စဝေက္ခဏာ ဖြစ်ပါလျက် အဘယ့်ကြောင့် ဤသို့ ဒိဋ္ဌိအယူ မှတ်ထင်မှု ဖြစ်ရသနည်း။ အဖြေကား—ရှေးဘဝ၌ ကမ္မဿကတာ ဉာဏ်၌ ကောင်းစွာ စွဲမြဲသက်ဝင် တည်နေသော အဇ္ဈာသယ ရှိသူတို့အား သာလျှင် ထိုသို့ သဘောရှိသော ဆင်ခြင်မှု ဖြစ်သောကြောင့် နတ်အားလုံးမှာ ဆင်ခြင်မှု မဖြစ်ပါ။ ထိုဆင်ခြင်မှုသည် ယေဘုယျအားဖြင့် ဖြစ်ပါသည်။ ဤပြဟ္မာတို့သည်ကား ရှေးဘဝ၌လည်း ဣဿရကုတ္တဒိဋ္ဌိ အစွမ်းဖြင့် အမြဲမပြတ် နှလုံးသွင်းခဲ့သူတို့ဖြစ်၍ ဤပြဟ္မာကြီးက ငါတို့ကို ဖန်ဆင်း၏ ဟူ၍ မှတ်ထင်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် "ဣမိနာ မယံ" စသည်ကို ဟောတော်မူသည်။

**နက္ခတ္တံ။** ။ပွဲသဘင်သည် များသောအားဖြင့် နက္ခတ်နှင့်ယှဉ်၍ ပြုအပ်သော ကြောင့် နက္ခတ်နှင့်ယှဉ်သည်ဖြစ်စေ၊ မယှဉ်သည်ဖြစ်စေ နက္ခတ္တ မည်၏။ (၄၂၂)

**နတ်တို့၏ အာဟာရ။** ။အလုံးစုံသော ကာမာဝစရနတ်တို့မှာ သုဓာဟူသော အာဟာရရှိသည်။ သုဓာ-ဟု ခေါ်ရခြင်းမှာ ပါပဓမ္မ တဆယ့်နှစ်ပါးကို ပယ်ရှားသောအားဖြင့် ချမ်းသာကို ဆောင်တတ်သော ကြောင့်တည်း။ (၄၂၂)

**သုဓာ၏ ဂုဏ်။** ။(၁) သခ်ဉ္စပမာ=ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ၏၊ (၂) အတုလျဒဿနာ =အတူမရှိအောင် ကြည့်စရာကောင်း၏။ (၃) သုစိ=စင်ကြယ်၏၊ (၄) သုဂန္ဓာ=ကောင်းသော အနံ့ရှိ၏၊ (၅) ပိယရူပ=ချစ်ဖွယ်အဆင်း ရှိ၏။ (၄၂၃)

**နတ်သုဓာ၏ စွမ်းရည်။** ။(၁) ခုဒ္ဒ-ထမင်းဆာခြင်း၊ (၂) ပိပါသ-ရေ ငတ်ခြင်း၊ (၃) အရတိ-မမွေ့လျော်ခြင်း၊

(၄) ဒရထ-ကိုယ်ပူခြင်း၊ (၅) ကိလမ-ပင်ပန်းခြင်း၊ (၆) ကောခ-အမျက်ထွက်ခြင်း၊ (၇) ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း၊ (၈) ဝိဝါဒ-ငြင်းခုံခြင်း၊ (၉) ပေသုဏ-ချောက်စစ်ကုန်းတိုက်ခြင်း၊ (၁၀) သီတ-ချမ်းအေးခြင်း၊ (၁၁) ဥဏှ-ပူအိုက်ခြင်း၊ (၁၂) တန္ဒိ-ပျင်းရိခြင်း-ဤတဆယ့်နှစ်ပါးကို ပယ်ဖျောက်နိုင်သည်။

ဘုတ္တာ စ သာ ဒွါဒသ ဟန္တိ ပါပကေ၊
ခုဒ္ဒံ ပိပါသံ အရတိံ ဒရက္လမံ။

ကောဓူပနာဟဉ္စ ဝိဝါဒ ပေသုဏံ၊
သီတုဏှ တန္ဒိဉ္စ ရသုတ္တမံ ဣဒံ။ (၄၂၃)

**အဆင့်ဆင့်သာ။** ။အောက်အောက် နတ်တို့၏ သုဓာဘောဇဉ်ထက် အထက်ထက် နတ်တို့၏ သုဓာဘောဇဉ်သည် ပို၍ကောင်းသည်။ (၄၂၄)

**စားရာကာလနှင့် ပမာဏ။** ။ထိုသုဓာကို မိမိတို့ နေရာအားလျော်စွာ ပိုင်းခြားအပ်သော နေ့၏ အစွမ်းဖြင့် တနေ့တခါ၊ ပမာဏအားဖြင့် ရေသဖန်းသီး ပမာဏ စားကြသည်။ လက်တဆုပ်စာလောက်ကြီးသည်ဟု ဆိုသည်။ ကေစိဆရာတို့ကား-ထိုနတ်တို့သည် ရေသဖန်းသီး ပမာဏရှိသော သုဓာအာဟာရကို စားကြ၏။ လျှာဖျားဌ် ထားအပ်ကာမျှသော သုဓာအာဟာရသည် ဆံပင်ဖျား လက်သည်းဖျားတိုင်အောင် ခန္ဓာကိုယ်တခုလုံး ပြန့်နှံ၍ ခုနစ်ရက်လုံးလုံး နေနိုင်သည်ဟု ဆိုသည်။

**နိရန္တရံ ခါဒန္တာပိ ပိဝန္တာပိ။** ။ဤစကားကို ငရိကပ္ပအစွမ်းဖြင့် ဆိုသည်။ နိယမအစွမ်းဖြင့် ဆိုခြင်း မဟုတ်ပါ၊ ဘာ့ကြောင့်နည်း-ထိုသို့ ခဲမှု စားမှုတို့ အမြဲမရှိနိုင်သောကြောင့်တည်း။ (၄၂၃)

**ကမ္ဗဇတေဇဿ ဗလဝဘာဝေါ။** ။မွန်မြတ်သော ကောင်းမှုကြောင့်ဖြစ်သောကြောင့်လည်းကောင်း၊ မွန်မြတ်သော လေးလေးပင်ပင် ညက်ညက်ညောညောရှိသော သုဓာအာဟာရကို ကြေညက်စေနိုင်သောကြောင့်လည်းကောင်း ကမ္ဗဇတေဇော အားကြီးသည်ဟုဆိုသည်။ (၄၂၃)

**ကရဇကာယဿ မန္ဒဘာဝေါ။** ။သိမ်မွေ့နူးညံ့သောကြောင့် ကရဇကာယ နုံ့သည်။ (၄၂၃)

**ကာယိကာယော။** ။ကရ-အရ ခန္ဓာကိုယ်၊ ကရဇ-အရ သုက်သွေးရ၏၊ သုက်သွေးကြောင့် မဖြစ်ပဲ ဥပပါတ် ပဋိသန္ဓေနေရသော နတ်တို့၏ ကိုယ်ကို ကရဇကာယဟု မခေါ်နိုင်သော်လည်း ကိုယ်ချင်းတူသော ကြောင့် သဒိသူ ပစာရအားဖြင့် ကရဇကာယဟု ခေါ်သည်။ (၄၂၃-၄)

**ကေံ အာဟာရဝေလံ။** ။တရက်တခါ၊ ကေစိအလို ခုနစ်ရက်တခါ စားကြသည်ဟု မှတ်ပါ။ (၄၂၄)

**အဝိသေသေန ဝုတ္တတ္တာ။** ။နတ်အားလုံးနှင့် ဆိုင်သော ဒေဝ ါနံကို အဝိသေသဟု ဆိုသည်။ တနည်း—"ဒေဝါနံ ကမ္မဇတေဇော ဗလဝါ ဟောတိ၊ ကရဇံ မန္ဒံ" ဟု ကမ္မဇတေဇော၏ အားကြီးခြင်း၊ ကရဇကာယ၏ အားနည်းခြင်းဟူသော အကြောင်းတူညီမှုကို အဝိသေသဟု ဆိုသည်။ မှန်၏-ထိုအကြောင်းသည် နတ်အားလုံးမှာ တူညီသည်သာ ဖြစ်၏၊ ထိုကြောင့် နတ်အားလုံးတို့ကို ယူပါဟု ဆိုလိုသည်။ (၄၂၄)

**ခိဍ္ဍာပဒုဿနမတ္တနေဝ ဟောတေ။** ။အလုံးစုံသော ကာမာဝစရနတ်တို့သည် ဤသို့ အပျော်ကြူးသောကြောင့် စုတေကြရလျှင် အဘယ့်ကြောင့် "ခိဍ္ဍာပဒေါသိကာ"ဟူသော နာမဝိသေသဖြင့် ဘုရားရှင် ဟောတော်မူအပ်ပါသနည်းဟု မေးဖွယ်ရှိ၍ "ခိဍ္ဍာပဒုဿန"စသော ပါဠိကို ဆိုသည်။ ဤဝါကျဖြင့် ပြသည့် အဓိပ္ပာယ်ကား နတ်အားလုံးတို့သည် အပျော်ကြူးသောကြောင့် သေကြရသော်လည်း ပျော်မှုကြောင့် ပျက်စီးခြင်း သဘောမျှကို စွဲ၍ ထိုနတ်များကို "ခိဍ္ဍာပဒေါသိကာ"ဟူသော နာမဝိသေသဖြင့် ဟောတော်မူရသည်ဟူလို။ ၊ခိဍ္ဍာပဒုဿနမတ္တနေဝ ဟောတေ စသော ဒဋီကို ကေစိဝါဒကို ခိုင်မြဲစေသော ဒဋီဟု အချို့ဆရာတို့ ဆိုစရာရှိပါသည်။ ဆိုလျှင် မသင့်ပါ၊ ဘာ့ကြောင့်နည်း-ကေစိဝါဒအတွက် ဉာတိသဒ္ဒါဖြင့် စကားတရပ် ဖြတ်ပြီးသောကြောင့်လည်းကောင်း၊ ဤဒဋီစကားရင်၏ အဆုံး၌ ဉာတိသဒ္ဒါ မပါ မရှိသောကြောင့်လည်းကောင်းတည်း။ (၄၂၄-၅)

**မနောပဒေါသိကာ။** ။"တေ အညမညံ ပဒုဋ္ဌစိတ္တာ ကိလန္တကာယာ ကိလန္တစိတ္တာ တေ ဒေဝါ တမှာ ကာယာ စဝန္တိ"ဟု ဟောတော်မူသောကြောင့် မနောပဒေါသိကာ-အရ စာတုမဟာရာဇ် နတ်တို့ကို ကောက်ယူရန် အဋ္ဌကထာဆရာ ဖွင့်ဆိုသည်။ (၄၂၅)

**အက္ခုဒ္ဓေါ ရက္ခတိ။** ။ကောဓ ဖြစ်နေသော နတ်တယောက်၏ အမျက်ထွက်သော် ကောဓသည် အခြားနတ်တယောက်ကအမျက်ကောဓ

မဖြစ်လျှင် လောင်စာ မရှိသောကြောင့်လည်းကောင်း၊ တကြိမ်မျှ ဖြစ်သည့်အတွက် အာသေဝနပစ္စည်းမရသောကြောင့်လည်းကောင်း မီးသည် ရေအစသို့ရောက်၍ လောင်စာမရသော် ငြိမ်းရသကဲ့သို့ မစုတေစေနိုင်ပါ၊ ထို့ကြောင့် အမျက်မထွက်သော နတ်က အမျက်ထွက်သော နတ်ကို စုတေခြင်းမှ စောင့်ရှောက်ရာ ရောက်၏။ (၄၂၅)

**ဥဘောသု ပန ကုဒ္ဓေသု စသည်။** ။နှစ်ယောက်လုံး အမျက်ကောဓဖြစ်သော်ကား အချင်းချင်း၌ လွန်စွာ ကောဓ တိုးပွားသဖြင့် ထက်မြက်သော ဖြစ်ခြင်းရှိသော မှီရာဟဒယဝတ္ထုကို လောင်ကျွမ်းခြင်း ကိစ္စရှိသော ကောဓ ဖြစ်ပေါ်လာသော် ဟဒယဝတ္ထုကို လောင်ကျွမ်းလျက် အလွန်နူးညံ့သိမ်မွေ့သော ကရဇကာယကို ပျက်စီးစေတော့သည်၊ ထို့ကြောင့် အတ္တဘောတခုလုံး ကွယ်ပျောက် ရသည်။ (၄၂၅)

**ကေဿ ကောဓော ပေါ ပစ္စယော ဟောတိ။** ။ဤ၌ ပစ္စယ-အရ နတ်နှစ်ယောက်တွင် တယောက်၏ ကောဓသည် အခြားတယောက်၏ ကောဓ အလွန်တိုးပွားမှု၏အကြောင်းဟု မှတ်ပါ။ စုတေမှု၏ အကြောင်းမဟုတ်ပါ၊ ဘာ့ကြောင့်နည်း—မှီရာ ဟဒယဝတ္ထုကို လောင်ကျွမ်းခြင်း ကိစ္စရှိသော မိမိသန္တာန်၌ ဖြစ်သော ဟဒယဝတ္ထုကို လောင်ကျွမ်းတတ်သော ကောဓကြောင့် နူးညံ့သိမ်မွေ့သော ကရဇကာယ၏ စုတေသောကြောင့် တည်း။ (၄၂၅)

**အယမေတ္ထ ဓမ္မတာ။** ။နတ်တို့၏ ကရဇကာယ အားနည်းခြင်းကြောင့်လည်းကောင်း၊ ဖြစ်လာသောကောဓအားကြီးသောကြောင့်လည်းကောင်း တခဏချင်း စုတေရခြင်းသည် နတ်ပြည်တို့၌ ရုပ်တရား နာမ်တရားတို့၏ နိယာမတည်း။ (၄၂၆)

**စက္ခာဒီနံ ဘေဒံ ပဿတိ။** ။ရုပ်တရား၏ ပျက်ခြင်းသည် ထင်ရှားသောကြောင့် စက္ခုစသည်တို့၏ ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းမိသော် ဖောက်ပြန်မှုသို့ ရောက်ခြင်းကို မြင်ရသော အားဖြင့်လည်းကောင်း၊ အဆုံး၌ မမြင်ရသို့ ကပ်ရောက်ခြင်း အားဖြင့် လည်းကောင်း ပျက်ခြင်းကို မြင်သည်။ (၄၂၆)

**ဗလဝတရမ္ဗိ။** ။စိတ်၏ အလွန် လျင်မြန်စွာ ပျက်ခြင်းကို ရည်ရွယ်၍ ဆိုသည်။ မှန်၏— ရုပ်တပါး ထင်ရှားရှိစဉ်ပင် စိတ် တဆယ့်ခုနစ်ပါး ပျက်စီးကြသည်။(တာနိ သတ္တရသ စိတ္တက္ခဏာနိ ရူပမေ့ဝါနုမာယူ) (၄၂၆)

**စိတ္တဿ ဘေဒံ န ပဿတိ။** ။စိတ်သည် ခဏတိုင်း ခဏတိုင်း ပျက်ပါသော်လည်း ရှေးစိတ်သည် နောက် စိတ်အားအနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၍သာလျှင် ပျက်သည်။ ထို့ကြောင့် ရှေးစိတ်၏ ပျက်မှု (မဖြစ်မှု)ကို ဖုံးလွှမ်းသကဲ့သို့ နောက်စိတ်၏ ဖြစ်ပေါ်လာခြင်းကြောင့် ပျက်စီးခြင်းထက် ဖြစ်ပေါ်မှုက သာ၍ အားကြီး ထင်ရှားလေသည်။ ထို့ကြောင့် စိတ်ပျက်ခြင်းသည် အပျက်မြန်သဖြင့် အားကြီးသော်လည်း မမြင်နိုင်တော့ပါ။ (၄၂၆)

**သော တံ အပဿန္တော။** ။တက္ကိဝါဒီသည် နာနတ္တနည်းမှ အလွန်ဝေးသောကြောင့်လည်းကောင်း၊ ဧကတ္တ နည်းကိုလည်း မှားယွင်းစွာ ယူသောကြောင့် လည်းကောင်း ထိုစိတ်ဝိညာဉ် သည်ပင် အပျက်မရှိ တခုတည်းသော သဘောဖြင့် တည်၏။ ငါ၏ ဤအတ္တသည် နိစ္စဟု အယူမှားလေသည်။ ထို့ကြောင့် "သော တံ အပဿန္တော" စသည်မိန့်။ (၄၂၆)

---

## အန္တာနန္တဝါဒ

**အန္တာနန္တော။** ။အန္တ အနန္တ အန္တာနန္တ နေဝန္တနာနန္တ လေးမျိုးတို့ ဧကသေသ ပြု၍ အန္တာနန္တဟု ဆိုထားသည်။ အဘယ်၏ အန္တာနန္တနည်းဟု မေးသော် လောကဟု ဆိုအပ်သော အတ္တ၏ အန္တာနန္တဟု ဖြေပါ။ အတ္တဟူသည် ဈာန်၏ အာရုံဖြစ်သော ကသိုဏ်း နိမိတ်တည်း။ ဈာန်ဝါရေး ဈာန်တရား၏ သမ္ပယုတ်တရားများကို အတ္တလောကဟု ယူရမည်ဟု ဆိုသော ဧကစ္စဝါဒမှာ အဋ္ဌကထာနှင့် မညီညွတ်ပါ။ (အန္တာနန္တံ လောကဿ ပညာပေန္တိ) (၄၂၆)

**တတ္ထိဝါဒ အန္တာနန္တိက အမည်ရပုံ။** ။အန္တဝါဒ အနန္တဝါဒကို တားမြစ်၍ ပြောဆိုသောဝါဒဖြစ်သောကြောင့်
တတ္ထိဝါဒသည် အဘယ်သို့လျှင် အန္တာနန္တိက အမည်ရသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား— ထိုအန္တအနန္တကို တားမြစ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဝါဒ ဖြစ်သောကြောင့်ပင် အန္တာနန္တိက အမည်ရပါသည်။ မှန်၏– အန္တာနန္တ ပဋိသေဓနဝါဒသည်လည်း အန္တာနန္တ ဟူသော အာရုံရှိသည်သာ ဖြစ်သည်။ အဘယ့်ကြောင့်နည်း— ထိုကို အာရုံပြုသောကြောင့်တည်း။ ဤအနက် အဓိပ္ပာယ်ကိုပင် ရည်ရွယ်၍ အဋ္ဌကထာ၌ "အန္တ ဝါ အနန္တ ဝါ အန္တာနန္တ ဝါ နေဝန္တာနာနန္တံ ဝါ အာရဗ္ဘ ပဝတ္တဝါဒါ" ဟု မိန့်။

**တနည်း—** တတိယဝါဒ၌ ဒေသအပြား၏ အစွမ်းဖြင့် တခုသောလောက၏သာ အဆုံးရှိသည်၏ အဖြစ်၊ မရှိသည်၏ အဖြစ် ဖြစ်သင့်သကဲ့သို့ ဤတက္ကိဝါဒ၌လည်း ကာလအပြား၏ အစွမ်းဖြင့် တခုက နှစ်ခု ဖြစ်နိုင်၍ အချင်းချင်း တားမြစ်သောအားဖြင့် အနန္တဝါ အန္တဝါ နှစ်မျိုးကို ဆိုသည်။ အန္တဝန္တကို တားမြစ်သောအားဖြင့် အနန္တဝါကို ဆို၍ အနန္တဝန္တကို တားသောအားဖြင့် အန္တဝါကို ဆိုသည်။ (၄၂၇)

**တတိယဝါဒ၌ မသွင်းနိုင်။** ။တက္ကိဝါဒသည် အန္တာနန္တိကဝါဒဖြစ်သောကြောင့် တတိယဝါဒ၌ သွင်းသင့်သည် မဟုတ်လော-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-မသွင်းသင့်ပါ၊ အကြောင်းကား ကာလအပြားကို အလိုရှိအပ်သောကြောင့်တည်း။ (၄၂၀)

**ရှေ့သုံးဝါဒ ပယ်ရကြောင်း။** ။"ယေ တေ သမဏဗြာဟ္မဏာ ဧဝမာဟံသု အန္တဝါ အယံ လောကော ပရိဝဋုမော၊ တေသံ မုသာ" စသည်ဖြင့် ပယ်ခြင်းသည် ရှေ့သုံး ဝါဒသည် စတုတ္ထတက္ကိပုဂ္ဂိုလ် အလိုရှိအပ်သောအပြားနှင့် လက္ခဏာ မတူသောကြောင့်တည်း။ (၄၂၀)

**ရှေ့နှစ်ဝါဒ အန္တာနန္တိကမည်ရကြောင်း။** ။ရှေ့နှစ်ဝါဒသည် တစိတ်တဒေသသာ အာရုံ ပြုသော်လည်း အပေါင်း၌ ဖြစ်သော သဒ္ဒါသည် အစိတ်၌လည်း ဥပစာရအားဖြင့်ဖြစ်နိုင်သောကြောင့်အန္တာနန္တိက အမည်ရနိုင်ပါသည်။ (၄၂၀-၉)

**ဤဝါဒကို သဿတ၌သွင်း။** ။အန္တဝါ စသည်ဖြင့် အလိုရှိအပ်သော အတ္တ၏ အခါခပ်သိမ်း ထင်ရှားရှိသည်၏

အဖြစ်ကို မှားယွင်းစွာ သုံးသပ်မှုအစွမ်းဖြင့်သာ ဤဝါဒတို့ ဖြစ်ပေါ်လာသောကြောင့် သဿတဒိဋ္ဌိ သွင်းယူပါသည်။ ထို့ကြောင့် "သဗ္ဗောဝ ဥစ္ဆေဒဒိဋ္ဌိယာ သေသာ သဿတဒိဋ္ဌိယော"ဟု မိန့်သည်။ (၄၂၉)

---

## အမရာဝိက္ခေပဝါဒ

**ကော မစ္ဆဇာတိ။** ။မစ္ဆဇာတိဟူသော မဆိုပဲ ကော-ဟု ဆိုသော အင်္ဂကထာဆရာသည် ဤငါးသည် ထူးခြားသော ငါးမျိုးဇာတ်တခုတည်း ဟူသော အဓိပ္ပာယ်ကို ပြသည်။ (၄၃၀)

**အမရာဝိက္ခေပ။** ။ပစ်လွှင့်ကြောင်း စကားကို ဖြစ်စေသော ဒိဋ္ဌိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။ (၄၃၀)

**ဝိဃာတ-အရ။** ။ဝိပ္ပဋိသာရုပ္ပတ္တိယာ-ဟု ဒေါမနဿ၏ အကြောင်း၏ အဖြစ်ဖြင့် ဆိုခြင်းကြောင့် ကာယိကဒုက္ခကို ကောက်ယူပါ။ (၄၃၀)

**ဣဒံ ကုသလံစသည်။** ။ဝိက္ခေပအယူရှိသော တိတ္ထိမှာ ဥတ္တရိမနုဿဓမ္မတို့ကိုလည်းကောင်း၊ အဗျာကတဓမ္မတို့ကိုလည်းကောင်း သဘာဝကို ခွဲခြားခြင်းအစွမ်းဖြင့် သိနိုင်သော ဉာဏ်မရှိသောကြောင့် (ပုဂ္ဂိုလ်နှင့် လျော်ညီစွာ) ကုသလပုဒ် အကုသလပုဒ်တို့၏ အနက်ကို ကုသလကမ္မပထဆယ်ပါး၊ အကုသလကမ္မပထဆယ်ပါးတို့၏ အစွမ်းဖြင့်သာ ဖွင့်ပြသည်။ (၄၃၁)

**ဆန္ဒ ရာဂ။** ။ဆန္ဒ ရာဂ ပုဒ်တို့သည် အနက်ဘူပါသော်သည်း ဝိကပ္ပနဇောတက ဝါသဒ္ဒါနှင့် ယှဉ်သောကြောင့် ဂေါဗလီဗဒ္ဒ စသောနည်းဖြင့် အနက်ပြားသည်သာ ဖြစ်သင့်၏၊ ထို့ကြောင့် "ဆန္ဒော ဒုဗ္ဗလရာဂေါ၊ ရာဂေါ ဗလဝရာဂေါ"ဟု မိန့်သည်။ (၄၃၁)

**ဧတ္တကမ္ပိ နာမ။** ။ပိသဒ္ဒါ သမ္ပိဏ္ဍန အနက်၌ ဖြစ်၍ နာမသဒ္ဒါကား ဂရဟာ အနက်၌ ဖြစ်၏၊ အလွန်မြတ်သော တရားကိုသာ မသိသည်မဟုတ်၊ ဤမျှလောက်ကိုပင်မသိ၊ အလွန်မြတ်သောတရားကို မသိသည်မှာ ဆိုဖွယ်ရာမရှိ ဟူလို။ (၄၃၁)

**ဆန္ဒရာဂဒွယံ စသည်။** ။"တံ မမဿ ဥပါဒါနံ၊ သော မမဿ ဝိဃာတော" ဟူသော စကားသည် အဘိဓမ္မာနည်းအားဖြင့် ယထာလာဘ စကားဖြစ်၍ ဖြစ်သင့်သလို ယောဇနာရပါမည်၊ ထို့ကြောင့် "ဆန္ဒရာဂဒွယံ"စသည်ကို မိန့်သည်။ မှန်၏-အဘိဓမ္မာ၌ တဏှာဒိဋ္ဌိတို့ကိုသာ ဥပါဒါန်ဟု ဟောပါသည်။ (၄၃၁)

**ဥဘယမ္ပိ ဝါ။** ။ယခုအခါ ဥဘယမ္ပိ ဝါ စသည်ဖြင့် သုတ္တန်နည်းအားဖြင့် မထူးသော ယောဇနာ (အတူတူယောဇနာ)ပုံကို ပြသည်၊ မှန်၏-သုတ္တန် ကောဓုပါဒါန ဝိနိဗန္ဓာ ဝိဃာတံ အာပဇ္ဇန္တိစသည်တို့၌ ဒေါသကိုလည်း ဥပါဒါန်ဟု ဟောပါသည်၊ ဥဘယမ္ပိကို သဒ္ဒါ လေးခုတို့သည် အနက် နှစ်မျိုးကို ဟောသောကြောင့် အနက်အားဖြင့် ဆိုသည်၊ သဒ္ဒါအားဖြင့် ဆိုသည်မဟုတ်ဟု မှတ်ပါ။ ဒဠှဂ္ဂဟဏ-ဟူသည် မလွှတ်ပဲ စွဲမြဲစွာ ယူခြင်းတည်း။ မှန်၏-ပဋိဃလည်း ရန်ငြိုးဖွဲ့ခြင်း စသည်အစွမ်းဖြင့် ဖြစ်သောအားဖြင့် အာရုံကို မလွှတ်တတ်ပါ၊ ဒဠှဂ္ဂဟဏဝသေန-ဟူသော စကားကို လောဘ၏ ဥပါဒါန်အဖြစ်သာ ထင်ရှားသောကြောင့် ဒေါသ၏ ဥပါဒါန်အဖြစ်ကိုပါ ပြခြင်းငှာ မိန့်ဆိုပါသည်၊ ဝိဟနနဟူသည် ညှဉ်းဆဲခြင်းတည်း မှန်၏-ရာဂလည်း ပူလောင်ခြင်း၏ အစွမ်းဖြင့် မှီရာကို ညှဉ်းဆဲတတ်၏· (၄၃၂)

**နောက်ဆုံးဝါဒသာ မန္ဒမောမူဟဖြစ်။** ။ရှေ့ဝါဒီ သုံးဦးတို့မှာလည်း ကုသိုလ်စသော တရားတို့၏ သဘောကို မသိသောကြောင့် မန္ဒ မောမူဟ အမည်ရသင့်သည်ဟု ထင်ရသော်လည်း ရှေ့ဝါဒီသုံးဦးသည် မိမိမသိသည်ကို မသိဟု သိသေး၏၊ ပစ္ဆိမဝါဒီကိုသာ ထိုအသိမျှပင် မရှိသောကြောင့် မန္ဒမောမူဟဟု ဟောတော်မူသည်၊ အတ္ထိ ပရော လောကောတိ ဣတိ စေ မေ အဿ-စသည်ဖြင့် မသိသည်ကို သိသော အသိရှိသော်လည်း ရှေ့ဝါဒီ ပုဂ္ဂိုလ်သုံးယောက်ကဲ့သို့ မသိအပ်သော တရားကို၊ ဖြေဆိုလိုက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် မုသာဝါဒီ စသည်ကို ကြောက်မှု စက်ဆုပ်မှု အခြင်းအရာသည် ပစ္ဆိမဝါဒီ ပုဂ္ဂိုလ်မှာ မရှိပါ၊ ဤပုဂ္ဂိုလ်သည် စင်စစ်အားဖြင့် မဟာမူဠှသာ ဖြစ်သည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်ကိုသာ မန္ဒမောမူဟဟု ဝိသေသန ပြု၍ ဟောသည်။ (၄၃၃)

**အတ္ထိ ပရော လောကော။** ။မိစ္ဆာအယူရှိသူသည် သဿတဒိဋ္ဌိအစွမ်းဖြင့် မေး၍ သမ္မာအယူရှိသူသည် သမ္မာအမြင်ဖြင့် မေးသည်။ (နတ္ထိက စသည့်၌လည်း အရာအားလျော်စွာ သိပါ။) (၄၃၃)

**ဝိကေ္ခပ ပြုရကြောင်း။** ။အမရာဝိကေ္ခပ အယူရှိသူသည် သဿတစသည်တို့၏ အတ္တကို မနှစ်သက်သောကြောင့် အလုံးစုံတို့၌ "ဧဝန္တိပိ မေ မနော" စသည်ဖြင့် ဝိကေ္ခပကိုသာ ပြုသည်။ (၄၃၄)

**ခွင့်ပြုမှု မပါဝင်နိုင်။** ။ဝိကေ္ခပ ပက္ခ၌လည်း အလွန်တွေဝေသောကြောင့် လည်းကောင်း၊ ဆန္ဒကျင်ဘက်၏ အစွမ်းဖြင့်သာ ဝိကေ္ခပဝါဒသည် ဖြစ်ပေါ်လာသောကြောင့်လည်းကောင်း "ဧဝ မေဝံ"ဟု ခွင့်ပြုမှု မပါဝင်ပါ။ (၄၃၄)

**မိစ္ဆာဘိနိဝေသကြောင့် ဒိဋ္ဌိဖြစ်။** ။ဤအမရာဝိကေ္ခပ ပုဂ္ဂိုလ်သည် ကုသိုလ် စသည်ကို မသိသောကြောင့် မေးအပ်သမျှကို "ဧဝန္တိပိ မေ နော" စသည်ဖြင့် ပယ်ရှားရုံမျှကြောင့် မိစ္ဆာအယူရှိသူ ဖြစ်ရသလောဟု မေးဖွယ်ရှိ၏။ အဖြေကား—မေးအပ်သမျှကို ပယ်ရှားရုံ မျှကြောင့် မိစ္ဆာအယူရှိသူ ဖြစ်ရသည်မဟုတ်ပါ။ စင်စစ်အားဖြင့် မိစ္ဆာဘိနိ- ဝေသ ၏ အစွမ်းကြောင့် မိစ္ဆာအယူရှိသူ ဖြစ်ရပါသည်။ ရှင်းပါဦးအံ့— သဿတဟု နှလုံးသွင်းခြင်းအစွမ်းဖြင့် မှားယွင်းစွာ နှလုံးသွင်းသော ပုဂ္ဂိုလ် သည်ပင် နုံ့သော အသိဉာဏ်ရှိသူ ဖြစ်သည့်အတွက် ကုသိုလ် စသော တရား တို့ကိုလည်းကောင်း၊ ပရလောကရှိခြင်း စသည်တို့ကိုလည်းကောင်း မှန်ကန်စွာ မသိသည်ဖြစ်၍ မိမိမသိအပ်သော အနက်သဘောကို သူတပါးကို သိစေဖို့ရာ မစွမ်းနိုင်သောကြောင့် ဖြေဆိုလိုက်လျှင် မုသားဖြစ်မှာလည်း ကြောက်သဖြင့် ဝိကေ္ခပပြုသည်။(ပယ်ရှားမှုကြောင့်မိစ္ဆာအယူမဖြစ် ပင်ကိုယ်ကရှိသောသဿတ အယူကြောင့်သာ မိစ္ဆာဒိဋ္ဌိ ဖြစ်ရသည် ဟူလို)၊ တနည်း—ကုသိုလ် အကုသိုလ် နှင့် ထိုကုသိုလ် အကုသိုလ်တို့၏ အကျိုးကို မသိခြင်းကြောင့်လည်းကောင်း၊ မယုံကြည်သောကြောင့်လည်းကောင်း ကုသိုလ် အကုသိုလ် အရာရှိသော ပုစ္ဆာ၌ ဝိကေ္ခပ ပြုခြင်းသည်သာ ကောင်းသည်ဟု သဘောထားကာ နှလုံးသွင်း သူအား ဖြစ်ပေါ်လာသော ဒိဋ္ဌိတမျိုးတည်း။ သတ္တဘင်္ဂဒိဋ္ဌိ ကဲ့သို့ မှတ်ပါ။ (၄၃၄)

**သဿတ၌ သွင်းရကြောင်း။** ။ဥစ္ဆေဒ အစွမ်းဖြင့် နှလုံးမသွင်းခြင်းကြောင့် သဿတ၌ သွင်းရသည်။ လောကသည် ငြိမ်းခံ့

မှုများသောကြောင့် တရားတို့ကို မှန်ကန်စွာ သိနိုင်ဘူးရှိ။ ဝေမေဝံ-ဟူသော သဒ္ဒန္တရိက်ဖြင့် ဓမ္မနိယာမသည် လောက၌ အစမရှိ။ ထိုကြောင့် သဗ္ဗညု အမြင့်မျှကို ညှိ၍ တွေ့ရသောကြောင့် ဤဝါဒကို သဿတ၌ သွင်းပါ။(၄၃၅)

အမရာဝိက္ခေပဝါဒ ပြီးပါပြီ။

---

## အဓိစ္စသမုပ္ပန္နဝါဒ

**အဓိစ္စသမုပ္ပန္န။** ။အဓိစ္စသမုပ္ပန္နအရ အကြောင်းမရှိပဲ ဖြစ်သော အတ္တလောကကို မှုချအားဖြင့် ရ၏။ အတ္တလောကဟု မှတ်အပ်ကုန်သော ခန္ဓာတို့၏ အကြောင်းမရှိပဲ ဖြစ်ခြင်းဟူသော အခြင်းအရာလျှင် အာရုံရှိသော အယူကို ထိုအခြင်းအရာဟူသော မှီရာအားဖြင့်သာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ထိုအခြင်းအရာနှင့်တကွ ဖြစ်သောကြောင့်လည်းကောင်း ဥာနူပစာရအားဖြင့် "အဓိစ္စသမုပ္ပန္န"ဟု ဆိုရသည်။ (၄၃၅)

**အသညသတ္တာတိ ဒေသနာသီသမေတံ။** ။အသညသတ္တာတိ(တွေ့)-၌။ တော် အသညဝေဒနံ၊ ဤ အသညသဒ္ဒါသည်။ ဒေသနာသီသံ၊ ဒေသနာတော်၌ အကြီးအကဲဖြစ်သော သဒ္ဒါတည်း။ ဟု ပေးပါ။ အသညာကို ပဓာနနည်းအားဖြင့် ယူအပ်သောကြောင့် ဒေသနာသီသ-ဟု ဆိုပါသည်။ ထိုဒေသနာသီသံ-ပါဋ္ဌိဖြင့် သညာကို အကြီးအမှူး ပဓာနပြု၍ ဘုရားရှင်သည် ဤဒေသနာတော်ကို ပြုတော်မူ၏။ ထိုအသည-သတ်ဘုံ၌ သညာမှ တပါး အခြားသော နာမ်တရားများ ရှိသောကြောင့် အသညသတ္တာဟု ဟောတော်မူသည် မဟုတ်-ဟု ပြသည်။ (၄၃၅)

**ဒေသနာတော်ဟောပုံ။** ။ဘုရားရှင်သည် လောကုတ္တရာတရားတော်ကို ဟောတော်မူလျှင် သမာဓိ၊ သို့မဟုတ် ပညာကို အကြီးအမှူး ပဓာနပြု၍ ဟောတော်မူသည်။ လောကီတရားတော်ကို ဟောတော်မူလျှင် စိတ်၊ သို့မဟုတ် သညာကို အကြီးအမှူး ပဓာနပြု၍ ဟောတော်မူသည်။

ထို့ကြောင့် ဤနေရာ၌ လောကီဒေသနာဖြစ်၍ သညာကို ပဓာနပြု၍ ဟော တော်မူသည် ဟူလို။ (၄၃၅)

တိတ္ထာယတန။ ။မိစ္ဆာအယူရှိသူတို့၏ များသောအားဖြင့် ချာချာလည်လျက် ငုပ်ချည်ပေါ်ချည် ကူးနေကြသကဲ့သို့ ဖြစ်ရာသောကြောင့် မိစ္ဆာအယူကို "တိတ္ထ"ဟု ခေါ်သည်။ ထိုမိစ္ဆာအယူကိုပင် များသောအကျိုး မဲ့တို့၏ တည်ရာဖြစ်သောကြောင့် "တိတ္ထာယတန"ဟု ခေါ်သည်။ (၄၃၆)

ကေစ္စော တိတ္ထာယတနေ ပဗ္ဗဇိတွာ။ ။တိတ္ထိတို့သည် ပဋိသန္ဓေ အထူး၌ (အသညသတ် ပဋိသန္ဓေသည် နာမ် မရှိသောကြောင့် ထူး) ဝိမုတ္တ (နိဗ္ဗာန်)ဟု မှတ်ထင်ကာ သညာရှိနေခြင်း၌ အပြစ်၊ သညာမရှိခြင်း၌ အကျိုးအာနိသင်ကို မြင်သည်ဖြစ်၍ အသညသမာ ပတ်ကို ဖြစ်စေကာ အသညသတ် (အကျွဏ)ဘုံ၌ ဖြစ်ကြလေသည်။ သာသနာ ဝင်ပုဂ္ဂိုလ်တို့သည် ထိုကဲ့သို့ မဖြစ်ကြပါ။ ထို့ကြောင့် "ကေစ္စော ၊ပေ၊ ပဗ္ဗဇိတွာ"ဟု မိန့်သည်။ (၄၃၆)

ဝါယောကသိဏေ ပရိကမ္မံ ကတွာ။ ။ပဥ္စမစျာန်မှစ၍ ဝါယောကသိုဏ်း ဖြင့်ပင် စျာန်ကို ရခဲ့ပြီးသော ယောဂီ သည် တတိယစျာန်ကို ရပြီးသောအခါ စတုတ္ထစျာန်တက်ဖို့ရန် အလေ့အလာ ဝသီဘော်နိုင်အောင် တတိယစျာန်ကိုပင် အဖန်ဖန် ဝင်စားပြီး၍ စတုတ္ထစျာန် ရဖို့ရန် ဝါယောကသိုဏ်း၌ ပရိကမ်ပြုသည်။ ထို့ကြောင့်ပင် "စတုတ္ထစျာနံ နိဗ္ဗတ္တေတွာ"ဟု မိန့်သည်။ (၄၃၆)

ဝါယောကသိုဏ်းကိုသာ ဘာ့ကြောင့်ပွား။ ။ရုပ်နှင့်တူသော ကသိုဏ်း အထူး တို့၌ ရုပ်ကို ထင်ရှားပြခြင်းဖြင့် ရူပဝိရာဂဘာဝနာဟု ဆိုအပ်သော အရူပသမာပတ်အထူးကို ရအပ်သကဲ့သို့ ဤနည်းတူစွာ အယူအဆ၌ မကျွမ်းကျင် မထက်မြက်သောကြောင့် နာမ်တရား နှင့် တူသော ဝါယောကသိုဏ်းအထူး၌ နာမ်တရားကို ထင်စွာပြခြင်းဖြင့် အရူပ ဝိရာဂဘာဝနာဟု ဆိုအပ်သော ရူပသမာပတ်အထူးကို ရနိုင်သည်။ ထို့ကြောင့် နာမ်တရား၌ "သညာ ရောဂေါ သညာ ဂဏ္ဍော" စသည်ဖြင့် လည်းကောင်၊ "ဓိ စိတ္တံ"စသည်ဖြင့်လည်းကောင်း နာမ်တရားဖြစ်ပေါ်မှု၌ အပြစ်ဟု ရှုသဖြင့်လည်းကောင်း၊ နာမ်တရားမဖြစ်ခြင်း၌ ငြိမ်းအေးမွန်မြတ် သည်ဟု ဆုံးဖြတ်ချက်ချခြင်းဖြင့်လည်းကောင်း ရူပသမာပတ်ကို ပွားများ လေသည်။ (နားလည်ရန် ဘာ-ဋီ-ဒု-၁၂၃ ရှုပါ။)

အာကာသကသိုဏ်းလည်း နာမ်တရားနှင့် တူပါလျက် အဌကထာ၌ မဆို ခြင်းကား-ရှေးဆရာတို့ မယူအပ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်၊ အချို့ ဆရာတို့ကား ဆိုကြသည်။ (၄၃၆)

အသညသတ္တေသု နိဗ္ဗတ္တာတိ။ ။ထိုဘုံ၌ ရှိသော သတ္တဝါအပေါင်းကို ငဲ့၍ ဆိုသည်။တနည်း-အခြားစကြဝဠာတို့၌လည်း အသညသတ်ဘုံ ရှိသောကြောင့် များစွာရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ဗဟုဝုစ်ဖြင့် ဆိုသည်။ (၄၃၇)

ဘာကြောင့် ရုပ်ချည်းဖြစ်။ ။ရူပဝိရာဂဘာဝနာ- အရူပဝိရာဂဘာဝနာတို့၏ အစွမ်းမရှိသောကြောင့် ပဉ္စဝေါကာရ ဘုံ၌ ရုပ်နာမ်နှစ်ပါးစုံဖြစ်သကဲ့သို့လည်းကောင်း၊ ရူပဝိရာဂဘာဝနာ၏အစွမ်းကြောင့် စတုဝေါကာရဘုံ၌နာမ်တရားသာ ဖြစ်သကဲ့သို့လည်းကောင်း အသညသတ်ဘုံ၌လည်း အရူပဝိရာဂဘာဝနာ၏ အစွမ်းကြောင့် ရုပ်သာဖြစ်ရပါသည်။ (၄၃၇)

ဣဓ ပဋိသန္ဓိသညာ ဥပ္ပဇ္ဇတိ။ ။ပဋိသန္ဓေစိတ်ဖြစ်ခြင်းကိုပင် သညာကို ခေါင်း တပ်၍ ပဋိသန္ဓိသညာ - ဟု မိန့်သည်။ သညာစသော နာမ်တရားများ ချုပ်ပြီး ကြာပါသော်လည်း တူသောဇာတ်ရှိသော စိတ်သည် အကြား၌ မဖြစ်သောကြောင့် သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူး ပြုနိုင်သည်သာ ဖြစ်သည်။ မျိုးစေ့မဟုတ်ပါ၊ မျိုးစေ့ဟူသည် ကံသာတည်း။ ထိုမျိုးစေ့ဖြစ်သော ကံမှ အာရမ္မဏစသော ပစ္စည်းတို့ကြောင့် အသညသတ်ဘုံမှ စုတေသောသတ္တဝါအား ကာမဘုံ၌ ပဋိသန္ဓေဝိညာဉ်ဖြစ်သည်။

အသညသတ်ဘုံသို့ မရောက်မီ ကာမဘုံတုန်းက စုတေစိတ်သည် နာမ်အစဉ် ချင်း ဆက်စပ်နေသော ပဋိသန္ဓေစိတ်အား သမနန္တရသတ္တိဖြင့် ကျေးဇူးပြုနိုင် ပါသည်။ ထို့ကြောင့် “ဣဓ ပဋိသန္ဓိသညာ ဥပ္ပဇ္ဇတိ” ဟု ဆိုသည်။(၄၃၈)

ရူပက္ခန္ဓမတ္တမေဝ ပါတုဘဝတိ။ ။ဥတုအလိုက် သီးပွင့်ရိုးဖြစ်သော သစ်ပင် တို့သည် သပ်လျှိုခြင်းဟူသော ဝေခဖြင့် ထိုးသောအခါ သီးပွင့်မှု မပြုတော့သကဲ့သို့ ဤနည်းအတူ ပဥ္စဝေါကာရဘုံ၌ တွဲယှဉ်သောအားဖြင့် ဖြစ်ကြကုန်သော ရုပ်နာမ်တရားတို့ အပေါ်၌ ရူပဝိရာဂ ဘာဝနာ-အရူပဝိရာဂဘာဝနာ-ဆိုအပ်သော ဝေခကိုပေးသော် သမာပတ်ဝေခ အစွမ်းအား လျော်သောအားဖြင့် အရူပဘုံ၌ နာမ်သာဖြစ်၍ အသညသတ်ဘုံ၌ ရုပ်သက်သက်သာ ဖြစ်ကြရတော့သည်။ (၄၃၈)

**သညာဖြစ်ခြင်းကြောင့် သေသည် မဟုတ်။** ။ပဋိသန္ဓေ ဖြစ်ခြင်းကြောင့် အသညသတ် ဗြဟ္မာတို့၏ စုတေမှု ထင်ရှား၍ ဉာဏ်အကြောင်းအဖြစ်ဖြင့် ဆိုသည်။ သညုပ္ပါဒါ စသော ဤစကားသည် အသညသတ်ဗြဟ္မာတို့၏ စုတေမှု ထင်ရှားသည်၏ အဖြစ်ကို ပြသည်။ (၄၃၀-၉)

**နည်းပြခြင်းဖြင့် တပါးသာဆို။** ။ဘဝ အသိန်း သံဝဋ္ဋ ဝိဝဋ္ဋကပ် ၁၀- စသည်တို့၏ အထက်၌လည်းကောင်း၊ ထို၏ အတွင်း၌လည်းကောင်း ဖြစ်သော အသညသတ်ပဋိသန္ဓေ၏ အစွမ်းဖြင့် လာဘီအဓိစ္စသမုပ္ပန္နဝါဒသည်လည်း လာဘီသဿတဝါဒကဲ့သို့ များသော အပြား ဖြစ်သင့်သည်မှာ မှန်သော်လည်း အကြားမရှိသောကြောင့် နီးသော အသညသတ်ပဋိသန္ဓေ၏ အစွမ်းဖြင့် လာဘီအဓိစ္စသမုပ္ပန္နဝါဒကို နည်းပြခြင်း အစွမ်းဖြင့် တပါးသာဟောသည်။ (၄၃၉)

တနည်း-အဓိစ္စသမုပ္ပန္နဝါဒကို သဿတဒိဋ္ဌိဖြင့် သိမ်းယူအပ်သောကြောင့် သဿတဝါဒ၌ လာသော အလုံးစုံသော ဒေသနာနည်းကို ဖြစ်သင့်သလို အဓိစ္စသမုပ္ပန္နဝါဒ၌လည်း ယူပါဟူသော ဤအထူးကို ပြခြင်းအကျိုးငှာ လာဘီအဓိစ္စသမုပ္ပန္နဝါဒကို မဝေဖန်ပဲ တပါးသာ ဟောတော်မူသည်။ (၄၃၉)

**ဤဝါဒကို သဿတ၌ သွင်း။** ။သံကိလေသဘက်၌ တည်သောသတ္တဝါတို့၏ အဇ္ဈာသယသည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့၏ အစွမ်းဖြင့် နှစ်ပါးသာ ရှိသောကြောင့်လည်းကောင်း၊ ထိုနှစ်ပါးတွင် ဤဝါဒသည် ဥစ္ဆေဒ လေလားဟု ယုံမှားဖွယ်မရှိသောကြောင့်လည်းကောင်း သဿတဒိဋ္ဌိ၌ သွင်းခြင်းကို မချွတ်ကေန် လက်ခံရပါမည်။

အဓိစ္စသမုပ္ပန္နဒိဋ္ဌိသည်"အဟံ ဟိ ပုဗ္ဗေ နာဟောသိံ"စသည်ဖြင့် အနာဂတ်ကို သုံးသပ်၍ သဿတဒိဋ္ဌိကား အတ္တလောကကို "အတ္တိတေ္တဝ သဿတိသမံ" ဟူ၍ အခါခပ်သိမ်းရှိသည်၏အဖြစ်ကို ယူသောကြောင့် ဤဝါဒကိုသဿတဒိဋ္ဌိ၌ မသွင်းသင့်ဟု ထင်ရသော်လည်း အနာဂတ်အစွန်းကို မမြင်သောအားဖြင့် သဿတဟု ယူခြင်း၌ အကျုံးဝင်သောကြောင့် သွင်းသင့်ပါသည်။ (၄၃၉)

**မမြင်ခြင်းအားဖြင့်တူပုံ။** ။ဤအဓိစ္စသမုပ္ပန္နဝါဒသည် "သောမှိ ဧတရဟိ အဟုတွာ သန္တတာယ ပရိဏတော"ဟူ၍ အတ္တလောကတို့၏ အတိတ်စွန်းကို မှားယွင်းစွာ သုံးသပ်သောအားဖြင့် ဖြစ်သော်

လည်း ပစ္စုပ္ပန်မှစ၍ အနာဂတ်အပိုင်းအခြားကို မမြင်ပါ၊ "သဿတိသမံ တထေဝ ဌဿတိ" ဟူ၍ ဟောသောကြောင့် သဿတ ၀ါဒကို အထူးအားဖြင့် ပစ္စုပ္ပန် အနာဂတ်ကာလတို့၌ အစွန်းအပိုင်းအခြားကို မမြင်ခြင်းဖြင့် ဖြစ်စေ အပ်ပါသည်။ ဤသို့ သဘောဘူ၍ သွင်းသင့်သည်၊ (၄၃၉)

အနာဂတ်သို့ သပ်သော်လည်း အပရန္တကပ္ပိကၡ၌ မသွင်း.ရ။ ။စ၍ ဖြစ်ပေါ်ခဲ့ရာ သည် အတိတ်အဖို့ အစုတွင် ပါဝင်သောကြောင့် အပရန္တကပ္ပိကၡ၌ မသွင်းသင့်ပါ၊ ပုဗ္ဗန္တကပ္ပိကၡ၌သာ သွင်းရပါသည်။ တနည်း-ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောထားသော ဒိဋ္ဌိအကြောင်းအရာတွေကို ဟောသည့်အတိုင်း ဆုံးဖြတ်ချက်ချ၍ လက်ခံရမည်။ ဘုရားရှင်တို့၏ အရာဌာနဖြစ်သောကြောင့် မစိစစ်ရပါ။[အစိန္တေယျာ ဟိ ဗုဒ္ဓါနံ ဗုဒ္ဓဝိသယော]။ (၄၃၉၊ ၄၄၀)

ပုဗ္ဗန္တကပ္ပိက ပြီးပါပြီ။

---

## အပရန္တကပ္ပိက

## သညီဝါဒ

ရူပီ အတ္တာ။ ။ရူပီကို ရုပ်ရှိ၏ဟု အနက်မမှတ်ရ၊ ဖောက်ပြန်ခြင်း အလေ့ရှိ၏ ဟု အနက်မှတ်ပါ၊ ဖောက်ပြန်ခြင်းဟူသည် ကသိုဏ်းရုပ်သည် ရုပ်နှင့်တူသောကြောင့် ကသိုဏ်းရုပ်၏ ဝစိုတကာလ အဝစိုတကာလတို့၏ အစွမ်းဖြင့် ထူ ခြားမှုသို့ ရောက်ခြင်းတည်း။ မှန်၏-အကျဉ်း အကျယ်စသော အထူးရှိသောကြောင့် ထူးခြားမှုသို့ ရောက်ခြင်းဟူသော ဖောက်ပြန်ခြင်းမရှိ ဟု မဆိုသင့်ပါ။ (၄၄၁)

မေးဖွယ်။ ။ဖောက်ပြန်ခြင်း အလေ့ရှိ၍ ရူပီဟုဆိုလျှင် ဖောက်ပြန်ခြင်း အလေ့ရှိသော တရားမှာ ပျက်စီးခြင်း သဘောရှိသောကြောင့် သဿတဝိဋ္ဌိ၌ သွင်းမှုသည် မလင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

**အရောဂေါ။** ။ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်၌ ကြံဆအပ်သော အတ္တ၏ ဖောက်ပြန်မှုမရှိခြင်းကို သညီဝါဒီပုဂ္ဂိုလ်သည် အလိုရှိအပ်သော ကြောင့် မသွင်းသင့် မဟုတ်၊ သွင်းသင့်ပါသည်။ ထို့ကြောင့် ''အရောဂေါ ပရံ မရဏာ''ဟု ဆိုသည်။ တနည်း—ရုပ်ရှိ၏ဟု ဆိုသော်လည်း အပြစ်မရှိပါ၊ ဘာ့ကြောင့်နည်း—ကြံဆမှုကြောင့် ထင်ရှားပြီးစီးသော ပျက်စီးခြင်းဖြင့် မပျက်စီးခြင်းကိုလည်း ညွှန်ပြကြောင်းစကားကို ပြနိုင်သောကြောင့်တည်း။ (သီဟ ပုတ္တကာဿ သရီရံ။) (၄၄၁)

**အာဇီဝကာဒယော တက္ကမတ္တေနေဝ။** ။အာဇီဝကများသည် လာဘ်များ မဖြစ်နိုင်၊ သုဒ္ဓတက္ကိက များသာ ဖြစ်နိုင်ကြသည်။ အကြောင်းကား—သံသရာဝယ် ကောင်းကျိုး ဆိုးကျိုး အမျိုးမျိုးကို အမြဲဘတ်မှတ်အပ်ပြီး ဖြစ်သည်ဟု ပြောဆိုကြောင်း အယူ ရှိသည့်အတွက် ကံနှင့် ကံအကျိုးကို ပယ်ခြင်းကြောင့် ထိုအာဇီဝက တို့မှာ ဈာန်သမာပတ်ကို ရခြင်း မဖြစ်နိုင်၊ ဟူ၍ကြောင့်တည်း။ (၄၄၁)

**အရောဂေါ။** ။ပျက်ခြင်းလည်း နာကျင်ခြင်း ဖြစ်သောကြောင့် ရောဂ သဒ္ဒါသည် ဘင်္ဂ၏ ပရိယာယ်ဖြစ်၍ အရောဂ သဒ္ဒါသည် နိစ္စ၏ ပရိယာယ် ဖြစ်သင့်၏၊ ထို့ကြောင့် ''နိစ္စော''ဟု ဖွင့်သည်၊ တနည်း— ရောဂသဒ္ဒါသည် ဗျာဓိ၏ ပရိယာယ် ဖြစ်သည်၊ အရောဂေါ ပုဒ်ဖြင့် မိစ္ဆာ အယူရှိသူသည် ရောဂါမှ ကင်းခြင်းကို အဦးပြု၍ ဖောက်ပြန်မှု မရှိသော အားဖြင့် မြဲသည်၏အဖြစ်ကို ဝန်ခံ၏ဟု ပြခြင်းငှာ ''နိစ္စော''ဟု မိန့်သည်။ (၄၄၁)

**အရူပသမာပတ်နိမိတ်များ။** ။ကောင်းကင်ခေါ်မှတ်၊ ပညတ်တဖြာ၊ ပဌမာ ရုပ္ပ၊ ဝိညာဏနှင့်၊ ဘာဝနတ္ထိ၊ တတိယာရုပ္ပ၊ ဝိညာဏ၊လေးတန်အာရုံ စဉ်တိုင်းတည်း။ (၄၄၂)

**နိဂဏ္ဌာဒယော ဝိယ။** ။တမာရွက်၌ ခါးသော အရသာသည် တမာရွက်ရှိ သလောက် ပျံ့နှံ့သကဲ့သို့ အထည်ကိုယ်ရုပ် မရှိသော အတ္တ အကောင်ကလေးသည် ခန္ဓာကိုယ်ပမာဏ ရှိသလောက် ခန္ဓာကိုယ်၌ ပျံ့နှံ့၍ တည်၏ဟု နိဂဏ္ဌစသော ပုဂ္ဂိုလ်များ အကြံမျှဖြင့် ပညတ်ကြ၏၊ ထို့ကြောင့် ''နိဂဏ္ဌာဒယောဝိယ''ဟု မိန့်သည်။ (၄၄၂)

**တတိယာ ပန မိဿကဂါဟဝသေန။** ။တတိယဟူသည် ''ရူပီ စ အရူပီစ အတ္တာ''ဟု ယူသော အယူတည်း။

မိဿကာဂါဟ-ဟူသည် ရူပသမာပတ်၊ အရူပသမာပတ် တို့၏ အာရုံများကို တပေါင်းတည်းပြု၍ အတ္တတခုဟူ၍ လည်းကောင်း၊ ထိုအတ္တ၌ ဖြစ်သော ညာဏ်ကိုလည်း သညာဟု လည်းကောင်း ယူခြင်းတည်း။ မှန်၏—ဤမိစ္ဆာအယူရှိသူသည် ရူပသမာပတ် အရူပသမာပတ်တို့ကို ရလေ့ရှိသူဖြစ်၍ ထိုရူပသမာပတ်၊ အရူပသမာပတ်တို့၏ အာရုံနိမိတ်ကို ရုပ်အဖြစ်အားဖြင့် လည်းကောင်း၊ နာမ်အဖြစ်အားဖြင့် လည်းကောင်း အတ္တဟုယူ၍ "ရူပီစ အရူပီ စ" ဟု စွဲမြဲစွာ နှလုံးသွင်းမှုကို ဖြစ်စေ၏၊ တနည်း- ကြံဆမှု ယုက်သင်မှုဖြင့်ပင် ရုပ်တရား နာမ်တရားတို့ကို ရော၍ ယူခြင်း၏အစွမ်းဖြင့် "ရူပီ စ အရူပီ စ အတ္တာ" ဟု စွဲမြဲစွာ နှလုံးသွင်း၍ တည်၏။ (၄၄၂)

**စတုတ္ထာ တက္ကဂါဟေန၀။** ။စတုတ္ထာဟူသည် "နေ၀ ရူပီ စ နာရူပီ စ အတ္တာ" ဟူသော အယူတည်း။ အတ္တသည် အလွန်သိမ်မွေ့သည့်အတွက် မိမိကိစ္စကို ပြီးစေခြင်းငှာ မစွမ်းနိုင်သောကြောင့် နေ၀ ရူပီ (ရုပ်ရှိသည်ဟုလည်း မဆိုရ)၊ ရုပ်သဘောကို လွန်၍ မဖြစ်သောကြောင့် နာရူပီ (ရုပ်မရှိဟုလည်း မဆိုရ) ဟု ကြံဆခြင်းတည်း။ (၄၄၂)

**ဤ၀ါဒ တတိယ စတုတ္ထအထူး။** ။အန္တာနန္တ၌ ဒေသကာလကွဲပြားသော အားဖြင့် ထူးသကဲ့သို့ ကာလ၀တ္ထု ကွဲပြားသောအားဖြင့် တတိယနှင့် စတုတ္ထတို့၏ အထူးကို မှတ်ပါ။ (၄၄၂)

**အန္တာနန္တိကနှင့် ဤ၀ါဒ။** ။ရှေ့အန္တာနန္တိက၀ါဒ၌ ပုဗ္ဗန္တကပ္ပိကဖြစ်ခြင်း၊ ဤ၌ "အရောဂေါ ပရံ မရဏာ" ဟု ယူသောကြောင့် အပရန္တကပ္ပိကဖြစ်ခြင်းသာ ထူး၏။ (၄၄၂)

**သမာပန္နကဝသေန ဧကတ္တသညီ။** ။သမာပတ်ရှစ်ပါးကို ရရှိသော ဒိဋ္ဌိအယူရှိသူ၏ အစွမ်းဖြင့် သညာပြားမှု ဖြစ်သင့်သောကြောင့် နာနတ္တသညီဟူသော ဤ၀ါဒကို သမာပတ်၀င်စားသူ၏ အစွမ်းဖြင့် ရအပ်သော်လည်း၊ သမာပတ်၀င်စားခိုက်၌ တမျိုးသော သဘောဖြင့်သာ သညာထင်သောကြောင့် လာဘီအစွမ်းဖြင့် ဧကတ္တသညာရှိသူ၏ အဖြစ်သည် အလွန်အကဲသင့်ပါသည်။ ထို့ကြောင့် "သမာပန္နကဝသေန ဧကတ္တသညီ" ဟု မိန့်သည်။ တနည်း—သမာပတ်တပါးကိုသာ ရသူ၏ အစွမ်းဖြင့် အနက်မှတ်ပါ။ (၄၄၂-၃)

**အသမာပန္နကဝသေန နာနတ္တသညီ။** ။သမာပတ်ပြားမှုကြောင့် သညာပြားမှုဖြစ်သင့်သော်လည်း သမာပတ်

အာရုံမှတပါးသော ပြင်ပအာရုံ၌သာ ရှန့်ရင်းသော အမျိုးမျိုးသော သဘော ရှိသော သညာ၏ဖြစ်သော ကြောင့် တက္က၏ အစွမ်းဖြင့်သာ နာနတ္တသညာ ရှိသူ၏ အဖြစ်ကို ပြခြင်းငှာ''အသမာပန္နကာလေ သေနာနတ္တသညီ''ဟု မိန့်သည်။ (၄၄၃)

ဗိဝေစန စက္ခုနှာ။ ။သတ္တဝါတို့၏ လုခဒုက္ခစသည်နှင့် ဂြည့်စုံခြင်းကို ယထာ ကမ္မူပဂဉာဏ်ဖြင့် မြင်ပါသော်လည်း ယထာကမ္မူပဂ ဉာဏ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်လျှင် အခြေခံရှိသောကြောင့် ဒိဗ္ဗစက္ခုဖြင့်သာ မြင်သည်မည်၏ဟုဆို၏။ (၄၄၃)

တိကစတုက္ကဇ္ဈာနဘူမိယံ။ ။စတုက္ကနည်း ပဥ္စကနည်း နှစ်မျိုးကို ရည်ရွယ်၍ ''တိကစတုက္ကဇ္ဈာနဘူမိယံ''ဟု ဆိုသည်။ မှန်၏- မိစ္ဆာအယူရှိသူတို့၏ အရာဖြစ်သော ပဥ္စဝေါကာရဈာနဘုံတို့တွင် ဝေဟပ္ဖိုလ်ဘုံကို ချန်ထား၍ ကြွင်းကျန်သော ပဥ္စဝေါကာရဈာနဘုံများသည် ထိုက်သည့်အားလျော်စွာ စတုက္ကနည်း၌ တိကဈာန်၏လည်းကောင်း၊ ပဥ္စကနည်း၌ စတုက္ကဈာန်၏လည်းကောင်း အကျိုးပေးရာ ဌာနဖြစ်သောကြောင့် တိက-စတုက္ကဈာနဘုံ မည်၏။ သုဒ္ဓါဝါသဘုံတို့ကား ထိုမိစ္ဆာ အယူရှိသူတို့၏ အရာ မဟုတ်ပါ။ (၄၄၃)

မေးဖွယ်။ ။အပရန္တဒိဋ္ဌိဖြစ်သောကြောင့် ''နိဗ္ဗတ္တမာနံ ဒိသွာ''ဟု ပစ္စုပ္ပန် ဝိဘတ်ကို မဆိုသင့်သည် မဟုတ်လောဟု မေးဖွယ်ရှိ၏။

အဖြေ။ ။အနာဂတ်ဖြစ်သော ကောန္တသုခဒုက္ခအဖြစ် စသည် ကြံဆခြင်းကို ပစ္စုပ္ပန် ဖြစ်မှုကို မြင်ခြင်းအားဖြင့် အလိုရှိအပ်သောကြောင့် ဆိုသင့်ပါသည်။ ထို့ကြောင့်ပင်''နိဗ္ဗတ္တမာနံ ဒိသွာ ကောန္တသုခီတိ ဂဏှာတိ'' ဟု မိန့်သည်။ (၄၄၃-၄)

ထိုထို ဘုံများ၌ များသောအားဖြင့် သုခ စသည်တို့နှင့်တကွ ဖြစ်သော တရားတို့၏ ဖြစ်ပုံကို မြင်ရမှုကို အကြောင်းပြု၍ ထိုမိစ္ဆာအယူရှိသူတို့မှာ စင်စစ် ဧကန် ချမ်းသာမှု၏ စသည်ကို ယူသောကြောင့် ထိုအယူ အားလျော်စွာ သာလျှင် ဘုံကို ဆိုသည်ဟု မှတ်ပါ။ ဧကန္တသုခီ စသည်တို့၌ အဖြစ်များ သည်ကို စွဲ၍ ''ကောန္တ''ဟု ဆိုသည်။ လုံးဝ ချမ်းသာချည်းသက်သက် မဖြစ် နိုင်ပါ။

တနည်း—ဆင်၏အကြောင်းကို ပြောကြသော သူကန်းတို့ကဲ့သို့ မိစ္ဆာအယူရှိသူတို့သည် မြင်ရာ မြင်ရာကိုသာ စွဲစွဲမြဲမြဲ သက်ဝင်၍ ပြောဆိုကြသည်။ ထို့ကြောင့် မိစ္ဆာအယူရှိသူတို့၏ ပြောစကားအတွက် အသင့် ယုတ္တိ ရှာစရာမလိုပါ။ (၄၄၄)

---

## အသညီ နေဝသညီ နာသညီဝါဒ

န စကေန္တေန ကာရဏံ ပရိယေသိတဗ္ဗံ။ ။အနည်းငယ်သော အကြောင်းကို ရှာမှု ဖြစ်သင့်ပါသော်လည်း မိစ္ဆာအယူရှိသူတို့၏ ဝါဒများသည် မလေးစားအပ်သော ဝါဒများဖြစ်သည်ဟု ပြခြင်းငှာ "န စကေန္တေန ကာရဏံ ပရိယေသိတဗ္ဗံ"ဟု မိန့်သည်။ ဤပါဠိဖြင့် ရှာခြင်းငှာ မခံ့သောကြောင့် မရှာရဟု မရှာထိုက်ခြင်း၏ အကြောင်းကို ပြပါသည်။ (၄၄၄)

အသညီဝါဒများ။ ။(၁) ပဌမဝါဒသည် အသညီဘဝ၌ ဖြစ်သော သတ္တဝါတို့၏ အစွမ်းကြောင့် ဖြစ်ပါသည်။

(၂) ဒုတိယဝါဒသည် "သညီ အတ္တာ ဟောတိ သမနုပဿတိ"၌ ဆိုအပ်ပြီးသောနည်းဖြင့် သညာကိုပင် အတ္တ-ဟုယူ၍ ထိုအတ္တမှာ အနည်းငယ်မျှသော အခြားသော သညာမရှိသောကြောင့် အသညီ-ဟု ဖြစ်ပါသည်။

(၃) တတိယဝါဒသည် သညာနှင့်တကွ ရုပ်တရားတို့ကို၊ တနည်း— ရုပ်နာမ်တရား အားလုံးတို့ကို အတ္တ-ဟု ယူ၍ ဖြစ်ပါသည်။

(၄) စတုတ္ထဝါဒကား ကြံဆ၍ ယူခြင်း၏အစွမ်းဖြင့်သာဖြစ်ပါသည်။ (၄၄၄)

ဒုတိယစတုက္က။ ။ဒုတိယစတုက္က၌လည်း ကသိဏ်းရုပ်မှာ သညာနှင့်သဘော မရှိသောကြောင့် အသညီမည်၏စသည်ဖြင့် အန္တာနန္တိကဝါဒ၌ ဆိုအပ်ပြီးသော နည်းဖြင့် လေးမျိုးဖြစ်ပါသည်။ (၄၄၄)

**နေဝသညီနာသညီဝါဒ။** ။နေဝသညီနာသညီဘုံ၌ ဖြစ်သော သတ္တဝါ၏ သာလျှင် စုတေရာပဋိသန္ဓေနေရာအခါ၌ ထင်ရှားသော သညာကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်သော သိမ်မွေ့သော သညာရှိကြောင်းကို ဝန်ခံခြင်း၏ အစွမ်းဖြင့် ပဉ္စမဝါဒဖြစ်ပါသည်။ အသညီဝါဒ၌ ဆိုအပ်ပြီးသော နည်းဖြင့် သိမ်မွေ့သောသညာ၏ အစွမ်းဖြင့်လည်းကောင်း၊ သင်္ခါရနနသဘောရှိကြောင်းကို ဝန်ခံခြင်း၏ အစွမ်းဖြင့်လည်းကောင်း ဒုတိယဝါဒစသည်တို့ ဖြစ်ကြပါသည်။

ဤသို့လျှင် အနည်းငယ်သော အပြားအားဖြင့် အကြောင်းတရားကို ရှာမှု ဖြစ်သင့်ပါသော်သည်း မိစ္ဆာအယူရှိသူတို့၏ ဝါဒများသည် အကြောင်းရှာခြင်းငှာ မခံ့သောကြောင့် လေးလေးစားစားပြု၍ များစွာသော ကြိုးစားမှုဖြင့် အကြောင်းမရှာရပါ။ (၄၄၄-၅)

**အမှာ။** ။အထက်ပါ ခေါင်းစီးသုံးခုသည် ရနိုင်သမျှ အကြောင်းရှာ၍ ပြပုံများဖြစ်ပါသည်။

**သဿတဒိဋ္ဌိ၌သွင်း။** ။"အရောဂေါ ပရံ မရဏာ"ဟု ဆိုသောကြောင့် သညီဝါဒများ၊ အသညီဝါဒများ၊ နေဝသညီနာသညီဝါဒများကို သဿတဒိဋ္ဌိ၌ သွင်းရပါသည်။ (၄၄၅)

---

## ဥစ္ဆေဒဝါဒ

**သတော။** ။မရှိသောအရာမှာ ပျက်ခြင်းသဘော မဖြစ်သင့်သောကြောင့် ပျက်ခြင်းသည် ရှိခြင်းဟူသော အကြောင်းရှိ၏၊ ဤအနက် အဓိပ္ပာယ်ကို ပြခြင်းငှာ ရှိခြင်းအနက်ကို ဟောနိုင်သော သန္တသဒ္ဒါဖြင့် ပါဠိတော်၌ "သတော"ဟု မိန့်ပါသည်။ ထို့ကြောင့် "ဝိဇ္ဇမာနဿ"ဟု ဖွင့်ပါသည်။ သတော-အရ ရှိခြင်းကြိယာဖြင့် အားထုတ်အပ်သော ဒိဋ္ဌိဂတိကဝါဒ၏ မှီရာဖြစ်သော သတ္တဝါကိုသာ ဤနေရာ၌ အလိုရှိအပ်၏-ဟု ပြခြင်းအကျိုးငှာ ပါဠိတော်၌ "သတ္တဿ"ဟု ဟောပါသည်။

ထိုပါဠိဖြင့် အကြောင်းအကျိုး၏ အဖြစ်ဖြင့် ဖြစ်ကြကုန်သော တခုသော သန္တာန်၌ အကျုံးဝင်ကြသော သဘောတရားတို့မှာ ကွဲပြားသော အစဉ်၌ ကူးခြင်း တို့ကြောင့် ထူးခြားမှု ရှိနိုင်ပါသော်လည်း ပရမတ္ထအား ဖြင့် ကွဲပြားသော သဘောရှိသောကြောင့် ကွဲသော သန္တာန်၌ ကျသကဲ့သို့ ဖြစ်ကြသော အကြောင်းတရား အကျိုးတရားတို့၏ စင်စစ်ပျက်ခြင်းကို ဆုံးဖြတ်သော အားဖြင့် နာနတ္တနည်းကို မှားယွင်းစွာ ယူခြင်းသည် ဥစ္ဆေဒ-ဟု စွဲမြဲစွာ နှလုံးသွင်းခြင်း၏အကြောင်းဖြစ်သကဲ့သို့ အကြောင်းတရား အကျိုးတရားတို့မှာ သဘောအားဖြင့် ကွဲပြားခြားနားမှု ရှိပါသော်လည်း တခုသော အစဉ်၌ အကျုံးဝင်သောကြောင့် ဧကတ္တနည်းဖြင့် စင်စစ်မပျက်-ဟု ယူခြင်းလည်း ဥစ္ဆေဒ-ဟု စွဲမြဲစွာ နှလုံးသွင်းခြင်း၏ အကြောင်းပင် ဖြစ်ပါသည်။ မှန်၏-သန္တာန်၏ အစွမ်းဖြင့် ဖြစ်ကြကုန်သော ခန္ဓာတို့၌ ဃနဝိနိဗ္ဘောဂဉာဏ်မရှိသောကြောင့် ထိုခန္ဓာတို့ကို သဿတဝါ-ဟု ယူသည်။ ဥစ္ဆေဒဝါဒသည် သဿတဝါဒ၏ ဟု ယူခြင်းလျှင် အကြောင်းရှိပါသည်။ (၄၄၅)

ဥစ္ဆေဒန္တိ ဥပစ္ဆေဒံ။ ။အတ္တာသည် ပြတ်လျက် ဖြစ်နေသမျှ ကာလပတ်လုံး ရှိသည်သာဟု ယူသောကြောင့် ဥစ္ဆေဒအရ အစဉ် အတိုင်း ချုပ်ခြင်း၏ အစွမ်းဖြင့် အဆက်မပြတ်ပျက်ခြင်းကို အလိုရှိအပ်ပါသည်။ ထို့ကြောင့်''ဥပစ္ဆေဒံ''ဟု ဖွင့်သည်။ တနည်း—နောင်မဖြစ်သောအားဖြင့် နောက်ထပ်ဖြစ်ခြင်းမရှိသောပျက်စီးခြင်းသည်ပင် ဥစ္ဆေဒမည်၏။ (၄၄၅)

ဝိနာသန္တိ အဒဿနံ။ ။အဆက်မပြတ်သောအားဖြင့် အထူးပျက်စီးခြင်းသည် ဝိနာသ မည်၏။ ထိုဝိနာသသည် မံသစက္ခု ပညာစက္ခုတို့၏ မြင်ရာလမ်းကြောင်းကို လွန်မြောက်သောကြောင့် အဒဿနမည်သည်သာ။ ထို့ကြောင့် ''အဒဿနံ''ဟု ဖွင့်သည်။ (၄၄၆)

လာဘီ။ ။လာဘီဟူသည် ဒိဗ္ဗစက္ခုဉာဏ်ကို ရသူဖြစ်၍ ဒိဗ္ဗစက္ခုဉာဏ်မှတပါး အခြားသော အဘိညာဉ်တို့ကို ရသူဖြစ်စေ၊ လုံးလုံး မရသူဖြစ်စေ ဤအပရန္တ ကပ္ပိက အရာ၌ အလာဘီဟု ဆိုရသည် (၄၄၆)

ဥပပတ္တိံ အပဿန္တော။ ။မြင်ဖို့ရာ စွမ်းနိုင်သော်လည်း မကြည့်သောကြောင့် မမြင်ပါ။ (၄၄၆)

န ဥပပါတံ။ ။ပုဗ္ဗယောဂ မရှိသောကြောင့် လည်းကောင်း၊ ပရိကမ်မပြုခြင်း ကြောင့်လည်းကောင်း မမြင်နိုင်ခြင်း ဖြစ်ပါသည်။ (၄၄၆)

**ကာမသုခလ္လိကာနုယောဂ**။ ။"ဗုဒ္ဓတို့၏ အ ရှံသည် ဣမှုသာ" ဟု နှလုံးသွင်းကာ သမီး၏ လက်ကို ဆွဲသော မင်ကဲ့သို့ ကာမသုခကို ပြင်းစွာ တပ်မက်သောကြောင့်လည်း ဥစ္ဆေဒအယူကို ယူတတ်သည်။ ထိုကြောင့် "ကာမသုခလ္လိကာနုယောဂ"ဟုဆိုသည်။ (၄၄၆)

**န ပုန ဝိရူဟန္တိ**။ ။အညာမှ ကြွေကျသော သစ်ရွက်တို့၏ အညာနှင့် စပ်ခြင်းမရှိသည်၏ အဖြစ်ကိုရည်ရွယ်၍ မိန့်သည်။ (၄၄၆)

**ဧဝမေဝ သတ္တာ**။ ။သစ်ရွက်ရော်သည် အညာမှ ကြွေကျပြီးသော် တဖန် အညာနှင့်ပြန်၍မဆက်စပ်သကဲ့သို့ ဤအတူပင်သတ္တဝါ အားလုံးတို့လည်း ပဋိသန္ဓေနေခြင်းဟူသော နောင်ဘဝအဆက်ဆက် မရှိကြ၊ သေခြင်းဟူသော အဆုံးရှိကြ၏။ နောင်ဘဝ မရှိကြ၊ ပဋိသန္ဓေနေမှုမရှိသော သေခြင်းသို့သာ ရောက်ကြသည်ဟု ဆိုလို၏။ မှန်၏ ဥစ္ဆေဒဝါဒီမှာ သတ္တဝါမှန်သမျှ တဖန် မဖြစ်ခြသောကြောင့် ရေပွက်ပမာ တသက်လျှာ ဖြစ်ကြရ၏ဟု အယူရှိသည်။ (၄၄၆)

**ဝိဘဝပေက္ခတ္တာ**။ ။ဒိဋ္ဌိစကျ္ကြာတ်ရပါသော်လည်း စုတိအထက်၌ ပဋိသန္ဓေကို မမြင်ခြင်းမှုကို စွဲ၍ ကြံစည်ခြင်းကြောင့်ပင် ဤဒိဋ္ဌိများ ဖြစ်ကြသည်။ ထိုကြောင့် "ဝိဘဝပေက္ခတ္တာ"ဟု ဆိုသည်။ (၄၄၆-၇)

**သဿတဝါဒစသည်ကဲ့သို့ မဟောရကြောင်း**။ ။သဿတဝါဒ စသည်တို့၌ လာဘိ တက္ကီ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် သီးခြား ဟောတော်မူသကဲ့သို့ ဤ၌ အဘယ်ကြောင့် မဟော ပါသနည်းဟု မေးဖွယ် ရှိ၏၊ အဖြေကား—ဒေသနာ ဝိလာသပ္ပတ္တိတော၊ ဒေသနာဝိလာသ ဖြစ်တော်မူသော ဘုရားရှင်တို့သည် ဝေနေယျဇ္ဈာသယ အားလျော်စွာ အမျိုးမျိုးသော အခြင်းအရာအားဖြင့် ဟောတော်မူရိုး ဖြစ် ပါသည်။ တမျိုးတပုံစံတည်းဖြင့် မဟောကြပါ၊ ဤနေရာ၌ ဒေသနာ ဝိလာသဖြင့် ဝေနေယျဇ္ဈာသယ အားလျော်စွာ သဿတဝါဒစသည်ဖြင့် မတူပဲ ထူးခြားစွာ ဟောသော်မူသည်။

တနည်း-သဿတဝါဒ ကေစ္စသဿတဝါဒတွေမှာ တက္ကီဝါဒနှင့် ဝိသေသ-လာဘီတို့မှာ အခြင်းအရာမတူညီပါ။ ဤဝါဒ၌ကား လာဘီဖြစ်စေ၊ အလာဘီ ဖြစ်စေ တူသော အပြားရှိသောကြောင့် အခြင်းအရာ တူညီပါသည်။ ဤအထူးကို ပြခြင်းအကျိုးငှာ ဘုရားရှင်သည် ရှေးဝါဒတို့ထက် ထူးခြားသော အခြင်းအရာဖြင့် ဤဥစ္ဆေဒဝါဒကို ဟောတော်မူသည်။ (၄၄၇-၈)

သုက္ကာသာ ဇာတိတန္တိ။ ။ပိတု သုက္ကံ၊ မာတု သောဏိတဉ္စ၊ ဥဘိန္နံ ဝါ သုက္က-
သောဏိတံ သောဏိတံ။ (၄၄၀)

သကာမာဝစရဒေဝပရိယာပန္နော။ ။လူတို့ကို ရှေး၌ယူအပ်ပြီးသောကြောင့်
လည်းကောင်း၊ အခြား ငရဲ တိရစ္ဆာန်
စသည်တို့၏ မဖြစ်သင့်သောကြောင့်လည်းကောင်း ကာမာဝစရ-အရ နတ်ပြည်
ခြောက်ထပ်ကို ယူသည်။ (၄၄၀)

အင်္ဂနှင့် ပစ္စင်္ဂ အထူး။ ။ကြီးသောအစိတ်သည် အင်္ဂမည်၍ ထိုအင်္ဂထဲ၌ ငယ်
သော သီ ခြားဖြစ်သော အစိတ်သည် ပစ္စင်္ဂ၊ (ဥပမာ
လက်မောင်းသည် အင်္ဂ၊ လက်ညှိုး စသည်သည် ပစ္စင်္ဂ)။ (၄၄၉)

အာကာသာနဉ္စာယတန စသည့် လေးဝါဒ၌ ကာယမရှိပဲ "ကာယဿ ဘေဒါ"
ဟောကြောင်း။ ။ဒိဋ္ဌိအယူရှိသောပုဂ္ဂိုလ်သည် ရူပအတ္တဘော၌ ဖြစ်သော
ဝေါဟာရဖြင့်ပင် ကာယမရှိသော အရူပအတ္တဘော၌
လည်း ကာယဝေါဟာရကို တင်စား၍ ပြောသောကြောင့် ဤသို့ဟောသည်။
(လောက၌ ယုန်ချိုလိပ်မွေး ပုစွန်သွေးဟု အခြားအမည်ကို အခြားအမည်တခု
ပေါ်၌ တင်စား၍ ခေါ်သကဲ့သို့တည်း။) တနည်း—နာမကာယ ဖြစ်သော
ကြောင့် ဖဿ စသော တရားအပေါင်းဖြစ်သော အရူပအတ္တဘောကို ကာယ
ဟု ညွှန်ပြတော်မူသည်။ (၄၄၉)

အတ္တိ ခေါ ဘော အညော အတ္တာ။ ။ဤစကားကို လူ့အတ္တဘော၏ အဖြစ်
စသော အောက်အောက် အတ္တဘော
အထူးကို ငဲ့၍ ဆိုပါသည်။ အလုံးစုံ အခြင်းအရာဖြင့် တခြားဖြစ်သောကြောင့်
ဆိုသည်မဟုတ်ပါ။ (၄၄၉)

ပဉ္စမဝါဒ အပရန္တကဖြစ်နိုင်ပုံ။ ။ဒုတိယဝါဒ စသည်တို့သည် အနာဂတ်
ပဋိသန္ဓေ၏နောက်၌ ပျက်၏ဟု ယူသော
ကြောင့် အနာဂတ်သဘောဖြစ်၍ အပရန္တကပ္ပိကအဖြစ် သင့်တန်စေ၊ ပဉ္စမ
ဝါဒကား-ဤဘဝ၌သာ ပြတ်သည်ဟု ယူသောကြောင့်လည်းကောင်း၊ "အတ္တိ
ခေါ ဘော အညော"ဟု အညသဒ္ဒါမယူသောကြောင့်လည်းကောင်း
အပရန္တကပ္ပိကအဖြစ် မသင့်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။ အဖြေကား-
ပဉ္စမ ဝါဒသည်လည်း ဤလောက၌ အကျုံးဝင်သော အတ္တ၏ သေပြီးသည်မှ

နောက်၌ ပြတ်ခြင်းကို အနာဂတ်ကာလ အစွမ်းဖြင့်သာ အလိုရှိအပ်သော ကြောင့် အပရန္တကပ္ပိက၌ သွင်းသင့်ပါသည်။ (၄၄၉-၄၅၀)

## ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ

**ပစ္စက္ခဓမ္မော။** ။ယခုဘဝ၌ ဖြစ်သမျှကို ဣန္ဒြေတို့က အကုန်မယူနိုင်၊ အာရုံမပြု နိုင်သော်လည်း အတ္တဘောကို ရရှိသော ပုဂ္ဂိုလ်မှာ တကိုယ်လုံး ထင်ရှားပြီးဖြစ်သောကြောင့် ဧကန္တစသော ဣန္ဒြေတို့၏ အာရုံကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ပစ္စုပ္ပန် အတ္တဘောတခုလုံးကို "ပစ္စက္ခ (ဣန္ဒြေတို့၏ ရှေးရှု)"ဟု ဆိုနိုင်သည်။ ထို့ကြောင့်ပင် "တတ္ထ တတ္ထ ပဋိလဒ္ဓတ္တဘာဝဿေတံ အဓိဝစနံ" ဟုမိန့်။ (၄၅၀)

**နိဗ္ဗာနန္တိ ဒုက္ခဝူပသမနံ။** ။တိတ္ထိတို့၏ အရာမဟုတ်သောကြောင့် နိဗ္ဗာန-အရ သဉပါဒိသေသနိဗ္ဗာန်(မင်္ဂ ဖိုလ်) အနုပါဒိသေသ နိဗ္ဗာန် (အသခ်တဓာတ်)တို့ကို မယူရ၊ ဒုက္ခငြိမ်းအေးမှုကိုသာ ယူပါ။ ထို့ကြောင့် "ဒုက္ခဝူပသမနံ"ဟု ဖွင့်သည်။ (၄၅၀)

**သကဏ္ဍကံ ဝိယ ခါယတိ။** ။တောန-ပါဠ်ဖြင့် ဝိတက်ဝိစာရတို့သည် ချောက် ချားခြင်းကို ပြုတတ်သော သဘောရှိသော ကြောင့် ဝိတက်ဝိစာရတို့နှင့် တကွဖြစ်သော ဈာန်လည်း ဝိတက်ဝိစာရတို့ ကြောင့် နှိပ်စက်ခံရသကဲ့သို့ ဖြစ်သည်ဟု ပြသည်။ ထို့ကြောင့် "သကဏ္ဍကံ ဝိယ ခါယတိ"ဟု မိန့်သည်။ (၄၅၁)

**ပကတိဝိဇဟနတ္ထေန ဝိပရိဏာမဓမ္မာ၊** ။ဗုဒ္ဓရှင်တော်၏ ဝါဒကို ပြရာ၌ အနိစ္စ ဒုက္ခကို ပြပြီးလျှင် အနတ္တကို ပြမြဲဖြစ် သော်လည်း တိတ္ထိဝါဒကို ပြရာ၌ကား ထိုဆရာတို့က အနတ္တဟု မယူသော ကြောင့် အနတ္တ-ဟု မပြုဘော့ပဲ "ဝိပရိဏာမဓမ္မာ"ဟု ဆိုသည်။ (ဘာ-ဋီ)

**ပဌမဝါဒစသည်။** ။အယောနိသောမနသိကာရဖြင့် နှလုံးသွင်း၍ ကာမဂုဏ်ဖြင့် နှစ်သက်သောကြောင့် ပဌမဝါဒီသည် သံသာရဒုက္ခူပသမကို ဖြေဆိုသည်၊ ဒုတိယဝါဒီ စသည်သည် ကာမဂုဏ် စသည်တို့၏ အပြစ်ကို မြင်သောကြောင့်လည်းကောင်း၊ ပဌမ ဈာန် ချမ်းသာ စသည်၏ ငြိမ်သက်မှုကို မြင်ရသောကြောင့်လည်းကောင်း ပဌမ စသော ဈာန်ချမ်းသာဖြင့် ချောင့်ရဲသောအားဖြင့် သံသာရဒုက္ခူပသမကို ဖြေဆိုသည်။ (၄၅၂)

**အတ္တဘာဝတခုတည်း၌ ငါးဝါဒ။** ။(၁) ကာမဂုဏ် ပြည့်စုံသော အတ္တသည် ပဌမ ဒိဋ္ဌဓမ္မ နိဗ္ဗာနပတ္တ၊ ပဌမဝါဒဖြင့် သိမ်းယူအပ်သော အတ္တသည်ပင် ပဌမဈာန် စသည်ဖြင့် ပြည့်စုံသော် ဒုတိယ ဒိဋ္ဌဓမ္မ နိဗ္ဗာနပတ္တ စသည်ဖြစ်သည်။ ထို့ကြောင့်ပင် ဥစ္ဆေဒဝါဒ၌ကဲ့သို့ ဤပါဠိတော်၌ "အညော အတ္တာ"ဟု အညသဒ္ဒါ မပြုပါ။ (၄၅၂)

**မေး။** ။စင်စစ် ငြိမ်းချမ်းခြင်းကို ပညတ်တတ်သော အတ္တ၏ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒကို အဘယ့်ကြောင့် သဿတဒိဋ္ဌိဖြင့် ရေတွက်၍ ဥစ္ဆေဒဒိဋ္ဌိဖြင့် မရေတွက်ရသနည်း။

**ဖြေ။** ။ထိုထို ချမ်းသာ အထူးနှင့် ပြည့်စုံသည်၏အဖြစ်ကို ခြင်းဖြင့် ကံတည်းဟူသော အနှောင်အဖွဲ့မှ လွတ်ခြင်းကြောင့် စင်ကြယ်သော အတ္တ၏ မိမိဥစ္စာဖြစ်သော သဘောဖြင့်သာလျှင် အမြဲတည်ခြင်းကို ပြခြင်းကြောင့် သဿတဒိဋ္ဌိဖြင့် ရေတွက်ရပါသည်။ ဥစ္ဆေဒဒိဋ္ဌိဖြင့် မရေတွက်ရပါ။ (ညောင်ရမ်းဆရာတော် ဘုရားကြီး၏ နိဿယပြန်ပုံနှင့် မတူပါ။) (၄၅၂)

**ပုဗ္ဗန္တာပရန္တကပ္ပိက။** ။ပါဠိတော်၌ပုဗ္ဗန္တကပ္ပိကတို့ကိုလည်းကောင်း၊ အပရန္တကပ္ပိကတို့ကို လည်းကောင်း အကျယ်ဟောတော်မူလိုက်လျှင် ပုဗ္ဗန္တအပရန္တနှစ်မျိုးလုံးရှိသော မဇ္ဈန္တကိုလည်း ဟောတော်မူပြီး ဖြစ်၏။ ထိုမဇ္ဈန္တဟူသည် ပစ္စုပ္ပန် အဒ္ဓာဘော (ပစ္စုပ္ပန်ဘဝ)တည်း။ ပုဗ္ဗန္တာပရန္တကပ္ပိကတို့ဟူသည် အန္တာနန္တိကအယူ ဒိဋ္ဌဓမ္မနိဗ္ဗာနအယူ နှစ်မျိုးရှိသူများတည်း။ (၄၅၃)

**အဇ္ဈာသယံ၊** ။သဿတဥစ္ဆေဒအစွမ်း ဖြင့် ဒိဋ္ဌိအဇ္ဈာသယနှစ်ပါးတည်း။ (၄၅၃)

ဒိဋ္ဌိမှန်သမျှ ဤ၆၂အကုန်ဝင်။ ။“သဗ္ဗေ တေ ဣမေဟေဝ ဒွါသဋ္ဌိယာ ဝတ္ထူဟိ၊ ဧတေသံဝါ အညတရေန၊ နတ္ထိ ဣတော ဗဟိဒ္ဓါ”ဟု ဟောခြင်းကြောင့်လည်းကောင်း၊ ပုဗ္ဗန္တကပ္ပိက၊ သော သုံးမျိုးမှ လွတ်သော တစုံတယောက်သော မိစ္ဆာအယူရှိသူမရှိသောကြောင့်လည်းကောင်း အခြားသုတ်များ၌ ဟောသမျှ ဒိဋ္ဌိများအားလုံး ဤခြောက်ဆယ့်နှစ်ပါး၌ ဝင်ပါသည်။ (၄၅၄)

အကိရိယဝါဒ။ ။အကိရိယဝါဒသည် ဝဋ္ဋော ကုသလ္လောစသည်ဖြင့် ပြုခြင်း မရှိသည်၏ အဖြစ်ကို ပြခြင်းကြောင့် သဿတဝါဒ၌ ဝင်သည်။ “ဟောတိ တထာဂတော ပရံ မရဏာ” စသောဝါဒလည်း ဤသဿတ၌ပင် ဝင်သည်။ (၄၅၄)

အဓိစ္စသမုပ္ပန္နဝါဒ၌ ဝင်သမျှ။ ။ပကုဓဝါဒ အဟေတုကဝါဒ ကဏာဒဝါဒ သဘာဝနိယတိယဒိစ္ဆာ ဝါဒများသည် အဓိစ္စသမုပ္ပန္နဝါဒ၌ ဝင်ကြသည်။ (၄၅၄)

ဧကစ္စသဿတဝါဒ။ ။“ဟောတိ စ န စ ဟောတိ တထာဂတော ပရံ မရဏာ” စသောဝါဒ၊ ဣဿရပကတိပဇာပတိ ပုရိသကာလဝါဒများသည် ဧကစ္စသဿတ၌ ဝင်ကြသည်။ (၄၅၄)

အမရာဝိက္ခေပဝါဒ။ ။နာဋပုတ္တဝါဒ၊ သဉ္စယဝါဒ၊ နေဝ ဟောတိ နန ဟောတိ တထာဂတော ပရံ မရဏာ၊ နေဝတ္ထိ နနတ္ထိ သတ္တာ ဩပပါတိကာ စသောဝါဒများသည် အမရာဝိက္ခေပဝါဒ၌ ပါဝင်ကြသည်။ (ပါဠိတော်၌ နာဋပုတ္တဝါဒအဖြစ်ဖြင့် စတုယာမသံဝရလာ ပါသော်လည်း ဝတခုနစ်ပါးကို လွန်ခြင်းဖြင့် ဝိက္ခေပဝါဒရှိသောကြောင့် နာဋပုတ္တဝါဒလည်း သဉ္စယဝါဒကဲ့သို့ အမရာဝိက္ခေပဝါဒတို့၌ ပါဝင်သည်။) (၄၅၄)

ဥစ္ဆေဒဝါဒ။ ။နတ္ထိကဝါဒသည် ဥစ္ဆေဒဝါဒ၌ ဝင်သည်။ (၄၅၄)

သိနေရုပါဒတော ဝါလုကံ ဥဒ္ဒရန္တော ဝိယ။ ။ဤပုဒ်ဖြင့် အလွန်နက်နဲသည်၏ အဖြစ်ကို ဟောသောကြောင့် သဗ္ဗညုတဉာဏ်မှ အခြားသောဉာဏ်သည် ဤဒေသနာကို မမှီနိုင်ကြောင်း ပြသည်။

**တဏှာဓိပတေယျံ စေတသာ။** ။ငါဟူသော အတ္တမရှိလျှင် ငါပြုသော ကံ၏ အကျိုးကို ဘယ်သူခံစားမည်လဲ၊ ငါဟူသော အတ္တရှိမှ ခံစားနိုင်မှာပေါ့ဟု ခံစားလိုသော တဏှာ ဦးဆောင်သော စိတ်မှ ဖြစ်ပေါ်လာသော အတ္တဝါဒုပါဒါန်နှင့်တကွ ဖြစ်သောစိတ်ကို "တဏှာဓိပတေယျစိတ်"ဟု ခေါ်ပါသည်။ (၄၅၇)

**အတိဓာဝိတဗ္ဗံ။** ။သင်္ခါရတို့သည် ဖြစ်ပြီး၍ပျက်စီးတတ်သောကြောင့် တခဏမျှသာ တည်နိုင်ပါသော်လည်း အကြင်ခန္ဓာ အစဉ်၌ ကံကို ပြုအပ်၏။ ထိုခန္ဓာအစဉ်၌သာ အကျိုး ဖြစ်သောကြောင့် ရုပ် နာမ် ခန္ဓာ အစုပေါ်၌ပင် ကံနှင့် ကံ၏အကျိုး ဆက်စပ်မှုသည် ပြီးစီးလေ၏။ သို့ပါလျက် ဧကတ္တနည်းကို မှားစွာယူ၍ တယောက်တည်းသော ကာရက ဝေဒက ဖြစ်သင့်၏။ သို့မဟုတ်လျှင် ကံနှင့် ကံ၏အကျိုး မဆက်စပ်ရာဟု ဘုရားရှင်၏ အတ္တ အတ္တနိယမှ ကင်းဆိတ်ကြောင်းကို ပြသောတရားကို "လွှမ်းကျော်ထိုက်၏"ဟု မှတ်ထင်လေသည်။ (၄၅၇)

## ဖဿပစ္စယဝါဒ

**ပရမ္ပရပစ္စယဒဿနတ္ထံ။** ။ပစ္စယပရမ္ပရကို ပြခြင်းသည် အဘယ်အကျိုးရှိသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား—အတ္ထန္တရဝိညာပနတ္ထံ၊ ဒိဋ္ဌိဟု ဆိုအပ်သော ပညတ်တတ်သော တရား၊ ထိုဒိဋ္ဌိဟူသော အကြောင်းရှိသော တရားတို့သည် မိမိဆိုင်ရာ အကြောင်း၏ အစွမ်းကြောင့်သာလျှင် ဖြစ်ပေါ်ကြ၏။ အကြောင်းမရှိပဲ မဖြစ်ပေါ်ကြသကဲ့သို့ ဤအတူ ပညတ်ထိုက်သော ရုပ်ဝေဒနာ စသော တရားတို့သည်လည်း အကြောင်းကြောင့်သာလျှင်ဖြစ်၍ အကြောင်းမရှိပဲ မဖြစ်ကုန်၊ ဤအကြောင်းကြောင့် ဖြစ်သော ဝေဒနာစသော တရားတို့တွင် တစုံတခု မြဲသော အတ္တလောက ဆိုတာ မရှိဟူသော အနက်ထူးကို သိစေသည်။ (၄၅၉-၄၆၀)

ဒိဋ္ဌိဂတိကာဓိဋ္ဌာနဝဏ္ဏနာ

**သဗ္ဗဒိဋ္ဌိဝေဒယိတာနိ သမ္ပိဏ္ဍေတိ။** ။ဤနေရာ ပါဠိ၌တော်၌ ဝေဒယိတပုဒ် မပါသော်သည်း အောက်သုံးဝါရ၌ လာသော ဝေဒယိတပုဒ် လိုက်လာသောကြောင့် လည်းကောင်း၊ အဆက်၌ "ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"ဟု ဟောတော်မူလတံ့ ဖြစ်သောကြောင့် လည်းကောင်း ဤ၌ ဝေဒယိတပုဒ်သည်သာ ပဓာနဖြစ်ပါသည်။ ထို့ကြောင့် "သဗ္ဗဒိဋ္ဌိ ဝေဒယိတာနိ"ဟု မိန့်သည်။ (ယေပိ တေ-၌ လာသော ပိ-၏ အနက်ကို ရည်ရွယ်၍ "သမ္ပိဏ္ဍေတိ"ဟု ဆိုသည်။) (၄၆၇)

**ဥပရိ ဖဿေ ပက္ခိပန္တော ယ။** ။ဥပရိ၊ဆဟိ ဖဿာယတနေဟိဟု ဆိုအပ်သော အထက်၌-ဟု ပေးပါ၊ ထည့်ဟူသည် ဝေဒနာ၏ ဖဿဟူသော အကြောင်းရှိသည်၏ အဖြစ်ကို ပြခြင်းပင်တည်း။ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ"ဖြင့် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ဖြင့်အာရုံခြောက်ပါးကိုခံစားခြင်းသည် ကေန်အားဖြင့် ဖဿခြောက်ပါး အကြောင်းရှိသည်သာဟု ပြပြီးဖြစ်ပါသည်။ (၄၆၁)

**န ဟိ အာယတနာနိ ဖုသန္တိ။** ။ရုပ်တို့သည် အာရုံကိုမယူတတ်သောကြောင့် မထိနိုင်ကြ။

**ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ။** ။ဖဿသည် နာမ်တရားဖြစ်၍ တစိတ် တဒေသအားဖြင့် အာရုံကို မငြိကပ် ပါသော်လည်း တွေ့ထိသော အခြင်းအရာဖြင့် ဖြစ်၍ တွေ့ထိသကဲ့သို့ ဖြစ် သောကြောင့် "ဖဿောဝ ၊ပေ၊ ဖုသတိ" ဟု ဆိုပါသည်။ (၄၆၃)

**ဥပနိက္ခိပိတွာ၊** ။အာယတနတို့မှာ ဖုသနကိစ္စ မရှိပါသော်လည်း ဌာန ဖြစ်သော အာယတနတို့၏ အမည်ကို ဌာနီဖြစ်သောဖဿ၌ တင်စား၍ ဌာနူပစာအားဖြင့် ဖုသနကိစ္စပြု၍ ပြခြင်းကိုပင် ဖဿ၌ထည့်ဟု ဆို သည်။ "ဥပနိက္ခိပိတွာ၊ ဖုသနကိစ္စကို တင်ခြင်း အစွမ်းဖြင့် ဖဿ၌ သွင်း၍" ဟု အနက်မှတ်ပါ။ (၄၆၃)

**ဥပနိဿယ ကောဋိယာ။** ။သုခဝေဒနာ အဒုက္ခမသုခဝေဒနာသည် တဏှာ အား အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပ နိဿယ ပကတူပနိဿယအားဖြင့် လေးပစ္စည်းရနိုင်ပါလျက် အဘယ့်ကြောင့် ဥပနိဿယပစ္စည်းကိုသာ ထုတ်ဆောင်အပ်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေ

ကား— ထိုပစ္စည်းလေးခုလုံး ဥပနိဿယ၌အကျုံးဝင်သောကြောင့် ဥပနိဿယ ပစ္စည်းကိုသာ ထုတ်ပြပါသည်။ (၄၆၄)

မေး။ ။အာရမ္မဏူပနိဿယသည် ဥပနိဿယချင်း တူသောကြောင့် ဥပ နိဿယ၌ သွင်းသည်မှာ သင့်ပါသော်လည်း အာရမ္မဏ အာရမ္မဏာ ဓိပတိတို့ကို ဥပနိဿယ၌ အဘယ်နည်းဖြင့် သွင်းယူနိုင်ပါသနည်း။

ဖြေ။ ။ထိုအာရမ္မဏ အာရမ္မဏာဓိပတိတို့လည်း အာရမ္မဏချင်း တူသည့် အတွက် အာရမ္မဏူပနိဿယဖြင့် သိမ်းယူအပ်သောကြောင့် အာ ရမ္မဏူပနိဿယ၏ ပေါင်းရာဖြစ်သော ဥပနိဿယ၌သာ အကျုံးဝင်ပါသည်။ ဤအနက်ကိုပင် ရည်ရွယ်၍ “ဥပနိဿယေန” ဟူ၍ မဆိုဘဲ “ဥပနိဿယ ကောဋိယာ” ဟု မိန့်သည်။ (၄၆၄)

တဏှာနှင့် ဥပါဒါန်အထူး။ ။ဆောင်ပုဒ်။ ။ချင်းချင်းထောက်ဆ၊ ရှေးရှေး ကျသည့်၊ ဒုဗ္ဗလဟု၊ လိုချင်မှုကို၊ တဏှာဆိုလော၊ ထိုထိုနောက်မှ၊ ဗလဝဖြစ်ပြန်၊ ဥပါဒါန်တည်း၊ တဖန်ဆိုကြ၊ ကေစနကား၊ မရသေးခင်၊ တောင့်တအင်ကို၊ ခေါ်တွင်တဏှာ၊ ရခဲ့ပါတုံ၊ စုံစုံမက်မက်၊ နှစ်သက်သမှု၊ ပါဒါန်ပြု၏၊ နှစ်ခုခွဲကြိတ်၊ ဆန့်ကျင်ရိပ်ကား၊ အပ္ပိစ္ဆတာ၊ သန္တုဋ္ဌာတည်း၊ ဒုက္ခာကျိုးထွေ၊ ရေတွက်လေသော်၊ ရှာဖွေ တောင့်တ၊ တကြောင့်ကြဟု၊ စောင့်ရှောက်မှုသည်၊ တဏှုပါဒါန် အခွဲ တည်း။ ။(အဓိပ္ပါယ် သင်္ဂဟ)

မေး။ ။တဏှာသည်သာ ကာမုပါဒါန်ဖြစ်၍ အဘယ်သို့လျှင် တဏှာသည် ဥပါဒါန်အား ကျေးဇူးပြုပါသနည်း။

ဖြေ။ ။ရှေးဖြစ်သော တဏှာ၏ ဥပနိဿယသတ္တိကြောင့် နောက်တဏှာ ခိုင်မြဲစွာဖြစ်သည့်အတွက် ရှေးတဏှာသည်သာ နောက်တဏှာအား ကျေးဇူးပြုပါသည်။ (၄၆၄)

တဏှာသည် ဥပါဒါန်လေးပါးအား ကျေးဇူးပြုပုံ။ ။(၁) တဏှာဖြင့် ရူပါရုံ စသည်တို့ကို သာယာ၍ ကာမတို့၌ သုံးဆောင်ခြင်းသို့ ရောက်၏။ ထို့ကြောင့် တဏှာသည် ကာမုပါဒါန်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(၂) တဏှာဖြင့် ရူပါရုံစသော အပြား၌ တွေဝေ၍ နတ္ထိ ဒိဋ္ဌိစသည်ဖြင့် မှားသောအမြင်ကို ယူ၏။

(၃) သံသရာမှ လွတ်လိုသောသူသည် မစင်ကြယ်သော ဒိဋ္ဌိအယူ အကျင့်လမ်း၌ စင်ကြယ်သော အကျင့်လမ်းဟု မှားယွင်း သုံးသပ်ခြင်းကို ပြု၏။

(၄) ခန္ဓာတို့၌ အတ္တ အတ္တနိယဟု ယူသော သက္ကာယဒိဋ္ဌိကို စွဲမြဲစွာ ယူသည်။ ဤသို့ ဥပါဒါန်လေးပါးအား ကျေးဇူးပြုသည်။ (၄၆၅)

**ဘဝေ ဇာတိယာ။** ။ဘဝ-အရ ဥပပတ္တိဘဝ ကမ္မဘဝ နှစ်မျိုးတွင် ဥပပတ္တိ ဘဝကို မယူရ၊ ကမ္မဘဝကို ယူပါ။ ဥပပတ္တိဘဝသည် ဇာတိပင်တည်း။ ဇာတိဟူသည်လည်း ရှေးဦးစွာဖြစ်သော ခန္ဓာတို့တည်း။ (၄၆၆)

**ကထံ ဇာတိအား ကျေးဇူးပြုပုံ။** ။ဗာဟိရ အကြောင်း တူမျှသော်လည်း ကံ၏ အစွမ်းကြောင့်သာလျှင် ဟီနပဏီတစသော အထူးကို မြင်ရသောကြောင့် ကမ္မဘဝသည် ဇာတိ၏ အကြောင်းဖြစ်သည်ဟု ယုံကြည်ရပါမည်။ (၄၆၆)

**ပုရိမကောဋိ န ပညာယတိ။** ။အပိုင်းအခြား မရှိသောကြောင့် မထင်ရှားပါ။ (၄၆၇)

**အယမေတ္ထ သင်္ခေပေါ။** ။အကျယ်အားဖြင့် အတ္တဝိနိစ္ဆယကို မပြုသောကြောင့်လည်းကောင်း၊ သဟဇာတဥပနိဿယ အဦးဖြင့်ပင် ပစ္စယ စိစစ်ခြင်းကိုပြုအပ်သောကြောင့် လည်းကောင်း၊ အင်္ဂါစသည် စီရင်မှုကို မသုံးသပ်အပ်သောကြောင့် လည်းကောင်း "အယမေတ္ထ သင်္ခေပေါ"ဟု ဆိုပါသည်။

**ဒိဋ္ဌိသီသေန ကထေန္တော။** ။ဘုရားရှင်သည် ဝဋ္ဋကထာကို ဟောတော်မူလေသော် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိတို့တွင် တပါးပါးကို အဦးပြု၍ ဟောတော်မူသည်။ ထိုတွင် ဤနေရာ၌ ဒိဋ္ဌိအဦး ပမာနဖြင့်ပင် ဟောတော်မူသောကြောင့် ဝေဒနာသည် ဒိဋ္ဌိ၏ အားကြီးသော အကြောင်းဖြစ်၍ ဝေဒနာဟူသော အကြောင်းရှိသော တစိတ်တဒေသ ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူသည်။ (၄၆၇)

**အဝိဇ္ဇာ၏ အကြောင်း** ။နီဝရဏ ငါးပါးတည်း။ ကော စာဟာရော အဝိဇ္ဇာယ၊ ပဉ္စနီဝရဏာတိဿ ဝစနီယံ၊ (အင်္ဂုတ္တရ)ဋီကာ၌ အဝိဇ္ဇာ၏ အကြောင်းကို အာသဝဟု ဆိုခြင်းမှာ သာမကာ အဖြစ်ဖြင့် ထုတ်ဆောင်အပ်သော သုတ်နှင့် မညီ။ (၄၆၇)

တေန ဉာဒံ ဒဿေတိ။ ။အနုလောမ ပဋိစ္စသမုပ္ပါဒကထာ မည်သည် ဝဋ္ဋကထာပင်တည်း။ ဝဋ္ဋကထာကို ဟောတော်မူခြင်းဖြင့်ပင် ဘုရားရှင်သည် ဤမိစ္ဆာအယူရှိသူတို့သည် မိစ္ဆာအယူကို မစွန့်လွှတ်သမျှ ကာလပတ်လုံး အကြောင်း အဆက်ဆက်ဖြင့် ဝဋ္ဋ်၌သာ လျှင် နစ်မြုပ်ကြလိမ့်မည်ဟူသော အဓိပ္ပာယ်ကို ပြသည်။ (၄၆၀)

---

## ဝိဝဋ္ဋကထာဒိ

မေး။ ။"နာမရူပပစ္စယာ သဠာယတနံ" ဟူ၍ ဟောတော်မူသောကြောင့် အလုံးစုံသော ဖဿာယတနတို့၌ "နာမရူပသမုဒယာ နာမရူပနိရောဓာ"ဟု ဆိုသင့်လျက် အဘယ့်ကြောင့် "အာဟာရသမုဒယာ အာဟာရနိရောဓာ"ဟု ဆိုပါသနည်း။

ဖြေ။ ။သာမညအားဖြင့် ဤစကား မှန်ပါသည်။ သို့သော် ဤနေရာ၌ ဤသို့လည်း စကားစုသည်တို့၌ ဖြစ်သင့်၏ဟူ၍ အထူးအားဖြင့် ပြခြင်းငှာ "အာဟာရသမုဒယာ အာဟာရနိရောဓာ" ဟု ဆိုပါသည် (အာဟာရ-ကဗဠီကာရာဟာရ)။ (၄၆၀)

ဒိဋ္ဌိဋ္ဌာ ဇာနာတိ။ ။ထိုထက်အလွန်ကို သိခြင်းဖြင့်ပင် မိစ္ဆာဒိဋ္ဌိကို သိခြင်းသည်လည်း ပြီးစီးသောကြောင့် ပါဠိတော်၌ မလာသော်လည်း "ဒိဋ္ဌိဋ္ဌာ ဇာနာတိ" ဟု မိန့်သည်။ (၄၆၀)

သီလ သမာဓိ ပညာ ဝိမုတ္တိအရ။ ။သီလ သမာဓိ ပညာ-အရ လောကီ လောကုတ္တရာ နှစ်မျိုးကို ယူ၍ ဝိမုတ္တိ-အရ "ယာဝ အရဟတ္တာ"ဟူ၍ အရဟတ္တဖိုလ်ကို သီးခြား ဟောတော်မူသောကြောင့် အောက် ဖလသမာပတ်များကို ယူပါ (ပစ္စက္ခာနုမာနေန စေတ္ထ ပဇာနနာ)။ (၄၆၀/၉)

ဒေသနာ ပန။ ။အရှစိယတ္ထ ပန သဒ္ဒါဖြင့် အနာဂါမ် စသည်တို့သည် ဟုတ်တိုင်းမှန်စွာ သိကြသော်လည်း ရဟန္တာ၏ အလွန်ဆုံး သိခြင်းအစွမ်းဖြင့် အရဟတ္တဖိုလ်အထွတ်ဖြင့် ဒေသနာတော်ကို ပြီးစေသည်။ (၄၆၉)

**အဇ္ဈေဝ ဇာလိကာတာ။** ။ဒြဗ်ကို သွင်းခြင်းဖြင့် ကွန်ရက်၌ မပြုအပ်ပါသော်လည်း ထိုဒြဗ်သော ဝါဒကို သွင်းခြင်းအစွမ်းဖြင့် ပြုအပ်သောကြောင့် "အဇ္ဈောဇာလိကာတာ"ဟု ဆိုပါသည်။ (၄၆၉)

**ဩသီဒနနှင့် ဥဒ္ဒမုဂ္ဂပန။** ။(၁) အပါယူပပတ္တိဝသေန အဓော ဩသီဒနံ၊ သမ္ပတ္တိဘဝဝသေန ဥဒ္ဒမုဂ္ဂနံ၊
(၂) တထာ ပရိတ္တဘူမိမဟဂ္ဂတဘူမိဝသေန၊
(၃) ဒိဋ္ဌိယာ ဩလီနတာတိဓာဝနဝသေန၊
(၄) ပုဗ္ဗန္တာနုဒိဋ္ဌိ အပရန္တာနုဒိဋ္ဌိ ဝသေန စ ယထာက္ကမံ ယောဇေတဗ္ဗံ။ (၄၆၉)

**ဒသသဟဿိလောကဓာတု။** ။ဇာတိခေတ်ကို ရည်ရွယ်၍ "ဒသသဟဿိလောကဓာတု"ကို မိန့်၏။ဘာ့ကြောင့်နည်း= ဇာတိခေတ်၌သာလျှင် ပင်္ဂိဝေဓဖြစ်သင့်သောကြောင့် လည်းကောင်း၊ ဇာတိခေတ်ကို ယူသဖြင့်ပင် ဇာတိခေတ်မှတပါး အခြားသော လောကဓာတ်တို့ကိုလည်း ယူပြီးဖြစ်သောကြောင့် လည်းကောင်းတည်း။မှန်၏-အခြားသော လောကဓာတ်တို့၌ ရှိကြသော ဒိဋ္ဌိဂတိကတို့ကိုလည်း ဤဒေသနာ ပိုက်ကွန်အတွင်း၌ သွင်းနိုင်သည်သာ။ (၄၇၀)

**သဗ္ဗဒိဋ္ဌိနံ သင်္ဂဟိတတ္တာ။** ။ဝါဒကို သိမ်းသဖြင့် ပုဂ္ဂိုလ်တို့ကို သိမ်းယူရာ ရောက်၏ဟု ပြသည်။ (၄၇၀)

**ပုန အပ္ပဋိသန္ဓိကဘာဝါ။** ။ဤပုဒ်ဖြင့် ဇီဝိတပရိယာဒါနာ၏ သာမတ္ထိယတ္တကို ပြ၏၊ အသက်၏ ကုန်ခြင်းကို ဆိုသော် တဖန် ပဋိသန္ဓေမရှိခြင်းကို ဆိုပြီးပင် ဖြစ်တော့၏၊ ဘာ့ကြောင့်နည်း- ထိုပဋိသန္ဓေမရှိခြင်းသည်သာ ဘုရားရှင်ကို နတ်လူတို့ မမြင်ရခြင်း၏ ပဓာန အကြောင်းဖြစ်သောကြောင့်တည်း။ (၄၇၀)

**အပဏ္ဏတ္တိကဘာဝံ ဂမိဿန္တိ။** ။လွန်လေပြီးသော တထာဂတ၏ အဖြစ်ဖြင့်သာ သနာတော် ကွယ်သည့်တိုင်အောင်လည်းကောင်း၊ နောက်နောက် ဘုရားရှင်တို့ ပွင့်တော်မူရာအခါ၌လည်းကောင်း နာမည်တော်မှာ မကွယ်ပျောက်ပဲ ထင်ရှားမည်ဖြစ်သောကြောင့် အပဏ္ဏတ္တိအရ သက်တော်ထင်ရှားရှိသော တထာဂတ၏ အဖြစ်ဖြင့်သာ နာမည်ပညတ်

တော်မရှိခြင်းကို ယူပါ။ ရေမာနကပဏ္ဏတ္တိဖြင့် မပညတ်အပ်၊ အတီတပဏ္ဏတ္တိဖြင့်သာ ပညတ်အပ်သေး၏။ [ဝေါဟာရမတ္တမေဝ ဘဝိဿတိ] (၄၇၀)

ကာယော။ ။ရုပ်နာမ်အပေါင်း အဘ္တဘောကို ကောက်ပါ။ (၄၇၀)

ငါးမည်ရသုတ်တော်။ ။(၁) အနက်နှင့် ပြည့်စုံခြင်းကြောင့် အတ္ထဇာလ မည်၏။

(၂) သဒ္ဒါနှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ သီလစသော အပြစ်မရှိသော တရားတို့ကို ညွှန်ပြသောကြောင့်သည်းကောင်း ဓမ္မဇာလ မည်၏။

(၃) မြတ်သော မဂ် ဖိုလ် နိဗ္ဗာန်တို့ကို ဝေဖန်ရာ ဖြစ်သောကြောင့် ဗြဟ္မဇာလ မည်၏။

(၄) ဒိဋ္ဌိကင်းဆိတ်စေမှုကို အဦးပဓာနပြု၍ သုညတာကို ပြသောအားဖြင့် သမ္မာဒိဋ္ဌိကို ဝေဖန်သောကြောင့် ဒိဋ္ဌိဇာလ မည်၏။

(၅) တိတ္ထိတို့၏ ဝါဒတို့ကို နှိမ်နင်းကြောင်း ဖြစ်သောကြောင့် အနုတ္တရ သင်္ဂါမဝိဇယ မည်၏။

ဤသို့လျှင် ဤသုတ်တော်သည် အမည်ငါးမျိုးရ၏။ (၄၇၁)

နိဒါနာဝသာနတော။ ။မဂ္ဂိယာဒါဝခိယူလျှင် "အထ ခေါ ဘဂဝါ အနုပတ္တော-ဟူသော နိဒါန်းအဆုံးမှ"ဟု ပေး၍ အဘိဝိခံ အဝခိယူလျှင် နိဒါန်းအဆုံး၌ ဟောတော်မူအပ်သောကြောင့် "နိဒါန်းအဆုံးဖြစ်သော မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ-စသော စကားမှ"ဟု ပေးပါ။ (၄၇၂)

နိဒါန်းကိုသုတ်ခေါ်ရပုံ။ ။နိဒါနေန အာဒိကလျာဏံ-ဟု ဆိုသောကြောင့် နိဒါန်းသည်လည်း နိဂုံးကဲ့သို့ သုတ်၌ အကျုံးဝင်သည်။ (၄၇၂)

အတ္တမနာ။ ။ဒေါသစသော တရားတို့သည် အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့် အတ္တမန မဟုတ်၊ ဘုရားကိုအာရုံပြု၍ တက်ကြွသော စိတ်သည်သာ မိမိအကျိုးကို ကျင့်တတ်သောကြောင့် အတ္တမနဟု အမည်ရသည်။ (၄၇၂)

ဒေသနာဝိလာသ။ ။ဒေသနာကိစ္စကို ပြီးစေတတ်သော သဗ္ဗညုတဉာဏ်သာတည်း။ (၄၇၂)

**အမတ။** ။ကိုယ်စိတ်တို့၌ ဖြစ်သော ပူလောင်ခြင်းကို ငြိမ်းစေတတ်သော အလုံးစုံသော အဆောက်အဦတို့ဖြင့် စိမ်အပ်သော ရေသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သောကြောင့် အမတမည်၏။ (၄၇၂)

**သုဘာသိတံ သုလပိတံ။** ။(၁) သဒ္ဒတော သုဘာသိတံ၊ အတ္ထတော သုလပိတံ၊ (၂) သီလပ္ပကာသနေန ဝါ သုဘာသိတံ၊ သုညတာပကာသနေန သုလပိတံ၊ (၃) ဒိဋ္ဌိဝိဘဇနေန ဝါ သုဘာသိတံ၊ တန္နိဗ္ဗေဓက သဗ္ဗညုတဉာဏဝိဘဇနေန သုလပိတံ။ (၄၇၃)

**နိဂ္ဂါထကတ္တာ။** ။ကတမဉ္စ တံ ဘိက္ခဝေ-စသည်ဖြင့် ကထေတုကမျတာ ပုစ္ဆာ၏ ဝိသဇ္ဇနာအစွမ်းဖြင့် ဟောအပ်သောကြောင့် ဝေယျာကရဏ မည်သော်လည်း ပုစ္ဆာဝိသဇ္ဇနာအစွမ်းဖြင့် ဟောအပ်သော သုတ်သည် ဂါထာပါခဲ့သော် ဂေယျ မည်သည်။ ဂါထာမပါ အခြား အကြောင်းလည်းမရှိသော် ဝေယျာကရဏ မည်၏။ ထို့ကြောင့် ပုစ္ဆာဝိသဇ္ဇနာ အစွမ်းဖြင့် ဖြစ်သော သုတ်သည် ဂေယျနှင့် သက်ဆိုင်သောကြောင့်လည်း ကောင်း၊ အခြားအင်္ဂါတို့၏ အကြောင်းမှ ကင်းသော ဂါထာ မရှိခြင်းသည်သာ အနညသာဓာရဏဖြစ်သောကြောင့်လည်းကောင်း ပုစ္ဆာဝိသဇ္ဇနာ ပါရှိခြင်းကို မရှုငဲ့ဘဲ ဂါထာမပါခြင်းကိုသာ ဝေယျာကရဏမည်ခြင်း၏ အကြောင်းဟု ပြလို၍ "နိဂ္ဂါထကတ္တာ ဟိ ဣဒံ ဝေယျာကရဏံ"ဟု မိန့်သည်။ (၄၇၃)

**ဒိဋ္ဌိဂတဿ ပရိယောသာနေ ။ပ။ အကမ္ပိတ္ထ။** ။ဘညမာနေ-ဟု သာမည ဟောပါလျက် ဒိဋ္ဌိတပါး တပါး၏ အဆုံး၌ မြေလှုပ်သည်ဟု အဘယ့်ကြောင့် ဆိုနိုင်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား—ဤသို့ မစောဒနာ ရပါ၊ ဖြစ်သင့်သော အနက်မျှ ဖြင့်ပင် စောဒနာမှုမျိုးသည် နေရာတိုင်း၌ ဖြစ်နိုင်၏။ ဤဒိဋ္ဌိတခုတခု၏ အဆုံး တိုင်းအဆုံးတိုင်း၌ မြေလှုပ်သည်ဟု ဆိုအပ်သောအနက်သည် ဖြစ်သင့်ကာမျှ ဖြင့် ဆိုထားအပ်သော အနက်မဟုတ်ပါ။ အမှန်အားဖြင့် ဆရာအဆက်ဆက် ဆောင်ခဲ့သော ဟောတော်မူရာအခါ၌ လှုပ်သောအခြင်းအရာဖြင့်သာ ဆိုထား ပါသည်။ ထိုမှတ်သားဆောင်ယူခဲ့သည့်အတိုင်းပင် သံဂါယနာတင်ခဲ့ကြ၍ အဋ္ဌ ကထာဆရာလည်း သံဂါယနာတင်သည့်အတိုင်း မိန့်သည်ဟု မှတ်ပါ။ (၄၇၃)

**အပရေသုပိ အဋ္ဌသု ဌာနေသု။** ။ပိ-ဖြင့် ပါရမီ စိစစ်ရာအခါကို ပေါင်းသည်။ သာသနာ တည်ရာအခါ ကွယ်ရာအခါ စသည်တို့ကိုလည်း ပေါင်းပါ၊ သာသနာတည်ရာအခါနှင့် စပ်၍—

(၁) ဘုရားရှင် ဝေဠုဝန်ကျောင်းတော်ကို အလှူခံရာအခါ၊
(၂) အရှင်မဟိန္ဒာ၏ မဟာမေဃဝန်ကျောင်းကို အလှူခံယူရာအခါ၊
(၃) အရှင်မဟာရိဋ္ဌထေရ်၏ ဝိနယ ပိဋကကို သရဇ္ဈာယ်ရာအခါတို့၌—

သာသနာတော်၏အမြစ် သက်ရောက်ပြီဟု ပီတိကြောင့် မြေလှုပ်သည်။ သာသနာကွယ်ရာအခါ၌ကား "ဤကဲ့သို့ ရှုံ့ပ်သော သာသနာတော်ကွယ်ရာပြီ"ဟု ဝမ်းနည်းမှုသို့ ရောက်သကဲ့သို့ ဖြစ်ကာ မြေလှုပ်ပါသည်။ (၄၇၄)

ဗောဓိမဏ္ဍူပသင်္ကမနေ။ ။ကဆုန်လပြည့်နေ့ ပဌမဆုံး ဗောဓိမဏ္ဍိုင်သို့ကြွ တည်း။ (၄၇၄)

အကာလကမ္ပနေနေ။ ။ပုံသူကူ ကောက်ရာ၌ အံ့သြမှု အဟုန် ရိုက်ခတ်ခံရ၍ လှုပ်သည်ဟု ယူဆလျှင် ပို၍သင့်ပါသည်။ ထိုလှုပ်ခြင်းသည် တရံတခါ၌ ဖြစ်သောကြောင့် "အကာလကမ္ပနေန" ဟု ဆိုသည်။ ဝေဿန္တရာဇာတ်၌ကား ပါရမီပြည့်သော ကောင်းမှု၏တန်ခိုးကြောင့် အကြိမ်များစွာ လှုပ်သောကြောင့် အကာလကမ္ပန မည်၏။ (၄၇၅)

ဇောတိဝနေ။ ။သာသနာ့ဉာဏ်ရောင်ဟု ဆိုအပ်သော အရောင်အလင်း၏ ထင်ရှားဖြစ်ရာ ဌာနဖြစ်သောကြောင့် နန္ဒဝန်ဥယျာဉ်ကို "ဇောတိဝန"ဟု ဆိုသည်။ (၄၇၅)

သမုဋ္ဌာန။ ။သမုဋ္ဌာနဟူသည် ဒေသနာနိဒါန်းတည်း၊ ဒေသနာနိဒါန်းသည် (၁) သာဓာရဏ၊ (၂) အသာဓာရဏအားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုတွင် သာဓာရဏသည်လည်း (၁) အဇ္ဈတ္တိက၊ (၂) ဗာဟိရဟု နှစ်မျိုး ၄ပြန်၏၊ ထိုနှစ်ပါးတွင် အသာဓာရဏ အဇ္ဈတ္တိကသမုဋ္ဌာနဟူသည် မဟာကရုဏာတော်တည်း။ မှန်၏—ထို မဟာကရုဏာတော်ကြောင့် လောကနာထ မြတ်ဗုဒ္ဓမှာ ဝေနေယျသတ္တဝါတို့အား တရားဟောလိုစိတ် ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်၊ ဒသဗလစသော ဉာဏ်တော်များလည်း သာဓာရဏ အဇ္ဈတ္တိက သမုဋ္ဌာန် မည်ပါသည်။ သာဓာရဏဗာဟိရသမုဋ္ဌာနကား— တသောင်းသော မဟာဗြဟ္မာ အခြံအရံရှိသော သဟမ္ပတိ ဗြဟ္မာမင်း၏ တောင်းပန်မှုတည်း။ မှန်၏—ထိုသဟမ္ပတိ ဗြဟ္မာမင်းကြီး၏ တောင်းပန်မှုကို အကြောင်းပြု၍ ကြောင့်ကြမဲ့ခြင်းကို ငြိမ်းစေ၍ တရားဟောရန် အားတက်တော်မူပါသည်။ (၄၇၆)

**အသာဒရဏသမုဋ္ဌာန်။** ။ဤသုတ်ကို ဟောတော်မူရကြောင်း ဖြစ်သော မဟာ ဂ.ရဏာတော်နှင့် ဒေသနာ ဉာဏ်တော်နှစ်မျိုးသည် အဋ္ဌတ္ထိ.ဂ အသာဒရဏ သမုဋ္ဌာနဖြစ်၍ အသာဓာရဏဗာဟိရသမုဋ္ဌာနကား ပဏ္ဏ—အဝဏ္ဏကို ပြောဆိုခြင်းတည်း။ (၄၇၆)

**ပယောဇနံ။** ။ဘုရားရှင်၏ ဒေသနာတော် အားလုံးသည် ဝိမုတ္တိအရသာ ရှိသောကြောင့် အနုပါဒါပရိနိဗ္ဗာန်သည်သာဓာရဏအကျိုး ဖြစ်၍—

(၁) ကုဟနလာပနစသော အမျိုးမျိုးသော မိစ္ဆာဇီဝတို့ကို ဖျက်ဆီးနိုင်ခြင်း၊

(၂) ဒိဋ္ဌိ.ခြောက်ဆယ့်နှစ်ပါးဟူသော အရှုပ်ကို ဖြေရှင်းနိုင်ခြင်း၊

(၃) ဒိဋ္ဌိကို အဦးပြု၍ ပစ္စယာကာရသမုပ္ပါဒ်ကို ထင်ရှားစေခြင်း၊

(၄) ခြောက်ပါးသော ဖဿာယတနဖြင့် စတုသစ္စကမ္မဋ္ဌာန်းကို ညွှန်ပြခြင်း၊

(၅) ဒိဋ္ဌိဟူသမျှတို့ကို အကြွင်းမရှိကုန်စေခြင်း၊

(၆) ကိုယ်တော်မြတ်၏ အနုပါဒါပရိနိဗ္ဗာန်ကို ပြခြင်းတို့သည် အသာဓာရဏအကျိုး ဖြစ်သည်။ (၄၇၆)

**ဘာဇနံ။** ။ဒေသနာတော်၏ တည်ရာသည် ဘာဇနမည်၏၊ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့ကြောင့် ယျော်သောစိတ်၊ ဆန့်ကျင်သောစိတ် ရှိကြသော ကုဟနစသော အမျိုးမျိုးသော မိစ္ဆာဇီဝ၌ မွေ့လျော်ကြသော သဿာအစရှိသော ဒိဋ္ဌိတည်းဟူသော ညွှန့်၌ နစ်မြုပ်ကြကုန်သော သီလက္ခန္ဓစသည်တို့၌ ဖြည့်ကျင့်လေ့မရှိကြကုန်သော မြတ်စွာဘုရား၏ ဂုဏ်ထူးကို မသိကြသော ဝေနေယျသတ္တဝါများသည် ဤဗြဟ္မဇာလသုတ်ဒေသနာတော်၏ တည်ရာဖြစ်ပါသည်။ (၄၇၇)

**ပိဏ္ဍတ္ထ။** ။ဤ၌ ရအပ်သော ပုဒ်တို့ဖြင့်လည်းကောင်း၊ အပေါင်းဖြစ်သော သုတ်ပုဒ်ဖြင့်လည်းကောင်း ဖြစ်သင့်သလို သိမ်းယူအပ်သော အနက်သည် ပိဏ္ဍတ္ထမည်၏။

ဤသုတ်၏ ပိဏ္ဍတ္ထများကား—

၁။ အာဃာတစသည်တို့ကို မပြုအပ်ဟူသော စကားဖြင့် ပြအပ်သော ပရိညာဥ်အားလျော်စွာ သမာအသည်ာ၌ တိုက်တွန်းခြင်း၊

၂။ ခန္တီ သောရစ္စတို့ မပြတ်ဖြစ်ခြင်း၊

၃။ ဗြဟ္မဝိဟာရဘာဝနာကို အားထုတ်ခြင်း၊

၄။ သဒ္ဓါ ပညာနှင့် ကောင်းစွာယှဉ်ခြင်း၊

၅။ သတိ သမ္ပဇည၌ တည်ခြင်း၊

၆။ ပဋိသင်္ခါနဗလ ဘာဝနာဗလ ပြီးစီးခြင်း၊

၇။ ပရိယုဋ္ဌာနအနုသယကို ပယ်ခြင်း၊

၈။ အစီးအပွားနှစ်မျိုးကို ကျင့်ခြင်း၊

၉။ လောကဓံတရားတို့ဖြင့် မလိမ်းကျံ မကပ်ငြိခြင်းစသည်တို့ဘည်း။ (၄၇၇)

ဗြဟ္မဇာလပြီးပါပြီ။

# သာမညဖလသုတ်

ရာဇဂဟံ။ ။ရန်သူတို့ အသွား အလာ အဝင် အထွက် ခက်သော ဇနပုဒ်ဖြစ်၍ ဌာနဝိသေသ၏ ပြည့်စုံခြင်းစသော ဂုဏ်ထူးတို့နှင့် ယှဉ်သောကြောင့် မင်းနေပြည်အဖြစ်ဖြင့် မင်းတို့သည် သိမ်းပိုက်အပ်ရကား "ရာဇဂဟ" မည်၏။ အကြောင်းမရှိ အမည်မျှမဟုတ်ဟု ပြလို၍ "တဒ္ဓိ" စသည်မိန့်။ (ဋီ-ဒု-၁)

**အမေး။** ။မဟာဂေါဝိန္ဒသည် ပုရောဟိတ်ပုဏ္ဏားသာ ဖြစ်လျက် ရာဇသဒ္ဒါ၏ ဟောနက်အဖြစ်ဖြင့် ဘာ့ကြောင့် ယူပါသနည်းဟု မေးဖွယ်ရှိ၏။

အဖြေ။ ။ဤမြို့ကို မဟာဂေါဝိန္ဒပုရောဟိတ် သိမ်းပိုက်အပ်ပါသော်လည်း ရေဏုမည်သော မဂဓမင်း သိမ်းပိုက်အပ်သည်သာဟု အနက်ဖြစ်သင့်သောကြောင့်ဟု ဆိုပါသည်။ မဟာဂေါဝိန္ဒသည် မင်းမဟုတ်သောကြောင့် ရာဇသဒ္ဒါ၏ ဟောနက်အဖြစ်ဖြင့် မယူနိုင်ပါ၊ ထိုအခါ၌ မဟာဂေါဝိန္ဒ သိမ်းပိုက်ခြင်းကို ရေဏုမင်းသိမ်းပိုက်သည်ဟု မှတ်၍ ဆိုပါသည်။ ကေစိတို့ကား— မဟာဂေါဝိန္ဒဟူသည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော ရှေးမင်းတပါးဟု ဆိုကြသေးသည်။ (ဋီ-ဒု-၁/၂)

အညေပေတ္ထ ပကာရေ။ ။တောင်ငါးလုံးကာရံအပ်သောကြောင့် ရာဇဂြိုဟ်၊ တနည်း- ပြည့်စုံသောဘုံ၌ မင်းသည် မြတ်နိုးအပ်သောကြောင့် ရာဇဂြိုဟ်သည်တည်း။ (၂)

ဗုဒ္ဓကာလေ စက္ကဝတ္တိကာလေ။ ။အခြားအခါများမှာလည်း တခါတရံမြို့ ဖြစ်သေးသောကြောင့် ဤစကားကို ယေဘုယျအစွမ်းဖြင့် ဆိုသည်ဟု မှတ်ပါ၊ "နဂရံ ဟောတိ" လည်း ဥပလက္ခဏသာ၊ ဘာ့ကြောင့်နည်း-လူနေခြင်းပင် မဖြစ်သင့်သေးကြောင့်တည်း။ (၂)

ဣစ္ဆာနင္ဂလ ဌာနဂမန ပေယျဒိပန်။ ။သဒ္ဒန္တရိက်ထောက်ဆ၍ပြီးစီးသော၊ ဝိသေသ သုံးသင့်မှုမရှိသော ဤနေရာဝယ် အဘယ့်ကြောင့်

ဝိသေသဝိဟာရနှင့် ပြည့်စုံမှုကို ပြသော စကား ဖြစ်နိုင်ပါသနည်း။အဖြေ ကား— ဝိသေသဝိဟာရနှင့် ပြည့်စုံမှုကိုပြသော သဒ္ဒန္တရဟုဆိုအပ်သော ထူးခြား သော စကား၏ မရှိသောကြောင့်ပင် ဖြစ်နိုင်ပါသည်။ မှန်၏ ထူးခြားသော စကားမရှိသော် အထူးကို အလိုရှိသူသည် အထူးကို သုံးစွဲနိုင်ပါသည်။တနည်း- ဣရိယာပထဝိဟာရနှင့် ယှဉ်မှုကိုပြသော စကားသည် အနက်သဘောအားဖြင့် ပြီးစီးသောကြောင့် "ဌာနဂမန ၊ပေ၊ ဒီပနံ"ဟူသော စကားသည် သင့်ပါ သည်။ (၃)

**အနက်သဘောအားဖြင့်ပြီးပုံ။** ။ဒိဗ္ဗဝိဟာရ စသည်တို့နှင့်လည်း သာဓာရဏ ဖြစ်သောကြောင့်တည်း၊ ဣရိယာပထဝိဟာရ မပါပဲ အတ္တဘောကို ဆောင်ခြင်း မဖြစ်နိုင်သောကြောင့် ဒိဗ္ဗဝိဟာရ စသည် တို့သည် တခါတရံမျှလည်း ဣရိယာပထဝိဟာရနှင့် ကင်း၍ မဖြစ်နိုင်ကြပါ။ ထို့ကြောင့် "ဌာနဂမန ၊ပေ၊ ဒီပနံ"ဟူသောစကားသည် သင့်ပါသည်။ (၃)

**ဣရိယာပထဝိဟာရ။** ။ဣရိယနံ ပဝတ္တနံ ဣရိယာ၊ (ကာယိကကိရိယာ) ဣရိယာယ ပထောတိ ဣရိယာပထော၊ (ဌာန နိသဇ္ဇာဒယော)ရပ်ခြင်း ထိုင်ခြင်း စသော အခိုက်အတန့်မပါပဲ တစုံတခုသော ကိုယ်အမူအရာကိုမျှ မဖြစ်စေနိုင်ပါ။ ထို့ကြောင့် ထိုင်ခြင်းစသည်ကို ကိုယ်အမူ အရာ၏ ဖြစ်ကြောင်းဟု ဆိုရသည်။ ဣရိယာပထောယေဝ ဝိဟာရော ဣရိ ယာပထဝိဟာရော၊ အရကား-ထိုင်ခြင်း ရပ်ခြင်းစသော အခြင်းအရာအားဖြင့် ဖြစ်သော ကမ္ဘဇ စသော လေးပါးသော ရုပ်အစဉ်အဆက်တည်း။ (၃)

**ဒိဗ္ဗဝိဟာရစသည်။** ။ဒိဗ္ဗဝိဟာရ=မဟဂ္ဂုတ်စျာန်၊ ဗြဟ္မဝိဟာရ=မေတ္တာစျာန် စသည့်အစွမ်းဖြင့်ဖြစ်သော အပ္ပနာဉာဏ်လေးပါး၊ အရိယ ဝိဟာရ=ဖလသမာပတ်လေးပါး။ ဤ၌နေရာ၌ကား—ဘုရားရှင်၏ သန္တာန်၌ ဖြစ်သော ရူပါဝစရစတုတ္ထစျာန် စတုတ္ထစျာန်၏အစွမ်းဖြင့် ဖြစ်သော အပ္ပမညာ လေးပါး၊ စတုတ္ထစျာန်၌ ဖြစ်သော အရဟတ္တဖိုလ်သမာပတ်တို့ကို အစဉ်အတိုင်း "ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယဝိဟာရ"ဟု သိပါ။ (၃)

**အညတရဝိဟာရသမင်္ဂိပရိဒီပနံ။** ။ထိုဒိဗ္ဗစသော လေးပါးတို့သည် တပြိုင် နက် မဖြစ်နိုင်သောကြောင့် တပါးနှင့် သော်လည်းကောင်း၊ နှစ်ပါးနှင့်သော်လည်းကောင်း ပြည့်စုံမှုကိုပြသောစကား တည်း။ ဘုရားရှင်သည် လောဘ ဒေါသ မောဟ များသော လောကကြီး၌ ကိုယ်တော်၏ အကျင့်မြတ်ဖြင့် ဝေနေယျတို့ကို ဆုံးမတော်မူခြင်းအကျိုးငှာ ထိုသို့ ဒိဗ္ဗစသော ဝိဟာရတို့သို့ ရောက်၍ သီတင်းသုံးတော်မူသည်။ (၄)

ဘုရားရှင် သီတင်းသုံးတော်မူပုံ။ ။သတ္တဝါများ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်နေကြရာအခါ၌ သတ္တဝါတို့၏ သန္တာန်၌ အလောဘကုသိုလ်မူလ ဖြစ်စေခြင်းအကျိုးငှာ ငါ၏ ဤအကျင့်မြတ်ကို မြင်၍ နှစ်သက်မှုဖြစ်ကာ ကာမဂုဏ်တို့၌ တပ်မက်ခြင်း ကင်းကုန်ရာ၏ ဟု ရည်ရွယ်၍ "ဒိဗ္ဗဝိဟာရ"ဖြင့် သီတင်းသုံးတော်မူသည်။

သတ္တဝါများ ရာထူးဌာနန္တရ အစိုးရခြင်းအကျိုးငှာ သတ္တဝါတို့အပေါ် ဝယ် ဖောက်ပြန်စွာ ကျင့်ရာအခါ၌ သတ္တဝါတို့၏ သန္တာန်၌ အဒေါသ ကုသိုလ် မူလဖြစ်စေခြင်းအကျိုးငှာ ငါ၏ ဤအကျင့်မြတ်ကိုမြင်၍ နှစ်သက်ကာ အဒေါသဖြင့် ဒေါသကို ငြိမ်းစေကုန်ရာ၏ဟု ရည်ရွယ်၍ "ဗြဟ္မဝိဟာရ"ဖြင့် သီတင်းသုံးတော်မူပါသည်။

ရဟန်းတော်များ ဓမ္မာဓိကရဏ်း ငြင်းခုံကြရာအခါ၌ ရဟန်းတော်တို့၏ သန္တာန်၌ အမောဟ ကုသိုလ်မူလ ဖြစ်ပါစေခြင်းအကျိုးငှာ ငါ၏ ဤအကျင့် မြတ်ကိုမြင်၍ နှစ်သက်ကာ အမောဟဖြင့် မောဟကို ငြိမ် စေကုန်ရာ၏ ဟု ကြံတော်မူ၍ "အရိယဝိဟာရ"ဖြင့် သီတင်းသုံးတော်မူပါသည်။ ထို့ကြောင့် "ဝိဟရတိ၊ ဝိဟာရ ၄-မျိုးတို့ဖြင့် သတ္တဝါတို့၏ အမျိုးမျိုးသော စီးပွား ချမ်းသာကို ဆောင်တော်မူ၏၊ (ဣရိယာပထဝိဟာရဖြင့်) ဣရိယာတပါး ညောင်းညာများကို တပါးဖြင့်ဖြတ် မကျလတ်အောင် အတ္တဘောကို ဆောင် တော်မူ၏"ဟု ပေးပါ။ (၄)

ဣဒမဿ စသည်။ ။ဂေါစရဂါမ်ကို ပြခြင်းအကျိုးငှာ ရာဇဂဟေ-ဟု ဆိုပြီး၍ ဘုရားရှင်အား လျော်သော နေထိုက်တော်မူရာ အရပ်ကို ပြခြင်းအကျိုးငှာ တဖန် အမ္ဗဝနေ-ကို ဆိုသည်ဟု ပြလိုသော ကြောင့် "ဣဒမဿ"စသည်ကို မိန့်။ (၅)

တံ သန္ဓာယ ဝုတ္တံ။ ။တံ သန္ဓာယ-ဖြင့် ဘုရားရှင်သည် သရက်တောမျှ၌သာ သီတင်းသုံးတော်မူသည် မဟုတ်ပါ၊ အမှန်မှာ ဤသို့ ဆောက်လုပ်ထားသော ကျောင်းတော်၌ သီတင်းသုံးတော်မူသည်၊ "အမ္ဗဝနေ ဝိဟာရေ"ဟုသီးခြားမဆိုရခြင်းမှာ ထိုကျောင်းသည် သရက်တော၌ဘည်သော ကြောင့်တည်း။ ဤသို့သော သန္ဓာယဘာသိတအနက်ကို ပြသည်။ [သာမညေ ဟိ သတိ သန္ဓာယဘာသိတနိဒ္ဒေသ ရဏံ] (၅)

နေမိတ္တကေဟိ နိဒ္ဒိဋ္ဌော။ ။ဤစကားဖြင့် မမွေးဖွားမီက ရန်သူမဖြစ်သေးပါ၊ ရန်သူဖြစ်မည်ကို မမွေးဖွားမီကပင် ညွှန်ပြအပ်

သောကြောင့် "အဇာတသတ်"ဟု ခေါ်ဝေါ်အပ်၏ဟူသော အဓိပ္ပာယ်ကို ပြသည်။ တနည်း—ထိုမင်းသားမမွေးဖွားမီကပင် မင်း၏ သွေးကို သောက်လို၏ ဟူ၍ မိဖုရားမှာ ခြင်ခြင်ဖြစ်သောကြောင့် မမွေးဖွားမီကပင် မင်း၏ ရန်သူ ဟူ၍လည်းဆိုကြသည်။ (ဋ)

သုဝဏ္ဏသဏ္ဌကေန။ ။သံအိုးကို မင်း၏ ကိုယ်ခန္ဓာပေါ်သို့ ကပ်ဆောင်ခြင်း ငှာ မသင့်သောကြောင့် ရွှေအိုးရွှေခွဲဖြင့် ပြုအပ်သော ခေါး၊ တနည်း—ရွှေစီခြယ်ထားအပ်သောခေါး-ဟု ဆိုကြသည်။ (ဋ)

ဗာဟုံ ဖာလာပေတွာ။ ။သွေးကြောဖောက်ခြင်း အစွမ်းဖြင့် လက်မောင်း ကို ဖောက်သည်။ (ဋ)

ဥဒကေန သမ္ဘိန္ဒိတွာ။ ။သွေးသက်သက်တိုက်လျှင် ကိုယ်ဝန်ဆောင် မိန်းမမှာ အစာကြေခဲသောကြောင့် ရေဖြင့်ရော၍ တိုက်သည်။

ပုတ္တောတိဝါ ဓိတာတိဝါ န ပညာယတိ။ ။နိမိတ်ဖတ်ပုဏ္ဏားတို့၏ စကား သည် မှန်သော်လည်းမှန်ရာ၏၊ မမှန်သော်လည်း မမှန်ရာ ဟူသော အလိုဖြင့် "ပုတ္တောတိ ဝါ ဓိတာတိ ဝါ န ပညာယတိ"ဟု ဆိုသည်။ (ဋ)

ဣဒ္ဓိပါဋိဟာရိယေန။ ။[ဣဒ္ဓိ=ဝိကုဗ္ဗနိဒ္ဓိ] မြေကို ခါးပတ်လျက် လုလင်ငယ် ပုံသဏ္ဌာန်ကို ပြခြင်းတည်းဟူသော တန်ခိုးပြာဋိဟာ တည်း။ [ဒိဝါ ဒိဝသ=မွန်းတည့်ချိန်]။ (ဂ)

ဘီတော စသည်။ ။ဘီတော=ကိုယ်တောင့်တင်းခြင်းအားဖြင့် ကြောက် သည်။ဥဗ္ဗိဂ္ဂေါ=နှလုံးသားတုန်လှုပ်ခြင်းအားဖြင့် ထိတ် လန့်သည်။ ဥဿင်္ကီ=ငါ့အကြံကို သိကြမည်လား မသိကြမည်လားဟု ယုံမှားခြင်းအားဖြင့် ရွံ့ရှာခြင်းရှိသည်။ ဥတြသ္တော=သိသော် မိမိထံသို့ လာမည့် ဘေး၏ အစွမ်းဖြင့် ထိတ်လန့်သည်-ဟု ပေးပါ၊တနည်း-ပရိယာယ်သာ။ (ဂ)

ရဇ္ဇေန။ ။မင်းတပါး၏ အာဏာဖြစ်ရာ အရပ်ကို "ရဋ္ဌ"ဟု ခေါ်သည်၊ တနည်း-မင်းအဖြစ်ကို "ရဇ္ဇ"ဟု ခေါ်သည်။ "မနောရထော၊ စိတ်၏ အလိုသည်၊ တနည်း-ရထားနှင့်တူသော စိတ်သည်"ဟု ပေး။ [မူလ ဿစ္စ-ဟူသည် အဒေသသတ်ခြင်းတည်း။ သဒ္ဒဗိန္ဒွ၊ ဒေဝဒတ်၏ ပရိသတ် ရဟန်းများ] (ဂ)

**တာပနဂေဟံ။** ။အပူကို ယူစေတတ်သော အိမ်တည်း။ ထိုအိမ်ကို မီးခိုးဖြင့် သာ ဖုံးအုပ်အပ်သည်။ မီးခိုးလုံးကြီး ဖုံးနေသော အိမ်ဟု ဆိုလိုသည်။ (၇)

**ဥစ္စင် ဥစ္ဆင်။** ။ဥစ္စင်=တစုံတခုဖြင့် ဖုံးအပ်သောကြောင့် မြင့်မောက်သော အင်္ဂါ၊ ဥစ္ဆင်=ရင်ခွင်။ (၇/၈)

**စတုမဓုံ။** ။ထောပတ်၊သကာ၊ပျား၊အုန်းဆီတို့ဖြင့် စီမံအပ်သော အဖျော် အထူးဟု ဆိုကြသည်။ မဟာဝဂ္ဂသမာဒါနသုတ်ပါဠိနှင့် မညီပါ၊ ထိုပါဠိတော်၌ နို့မေး၊ပျားရည်၊ ထောပတ်၊ တင်လဲ လေးမျိုးပေါင်းစပ်အပ် သော အဖျော်ဟု ဆိုသည်။ (၈)

**ရာဇာ တဿ သရီရံ လေဟိတွာ ယာပေတိ။** ။မိမိလုံ့လာယောဂဖြင့် သေခြင်းသည် မသင့် ဟု နှလုံးသွင်း၍ မိဖုရား၏ ကိုယ်ကိုလျက်သည်။ [နှ ဟိ အရိယာ အတ္တာနံ ဝိနိပါတေန္တိ] (၈)

**စေတိယင်္ဂဏေ။** ။နှီးသာ ပန်းစသည်တို့ဖြင့် ပူဇော်ရာဌာန ဖြစ်သော စေတီ တော်၏ မြေပြင်၌။ [မနောပဒေါသအစွမ်းဖြင့်သာလျှင် ထိုမင်းသည် နင်းခဲ့သည်။] (၈)

**ယက္ခော ဟုတွာ နိဗ္ဗတ္တိ။** ။အဘေဒူပစာ၊ တနည်း-ပဋိသန္ဓေအစွမ်းဖြင့်၊ ဟုတွာ၊ ပဝတ္တိအစွမ်းဖြင့်၊ နိဗ္ဗတ္တိ။ တနည်း- ပဋိသန္ဓေအစွမ်းဖြင့် ဖြစ်ခြင်းဟု ဆိုအပ်သော အလွန်အကဲဖြစ်မှုကို သိစေခြင်း ငှာ တခုသာဖြစ်သော ကြိယာကို ပုဒ်နှစ်ပါးဖြင့် ဆိုသည်။ (၈-၉)

**စာတုမဟာရာဇ်၌ ဖြစ်ရခြင်းအကြောင်း။** ။ထိုမင်းသည် ကြီးကျယ်သော ကောင်းမှုရှိသူ ဖြစ်သော်လည်း စာတုမဟာရာဇ်၌ အကြိမ်များစွာ ရှေး၌ ဖြစ်ဖူးသောကြောင့် ကြာမြင့်စွာ လေ့လာအပ်သော နိကန္တိတဏှာ၏ အစွမ်းကြောင့် စာတုမဟာရာဇ်၌သာ ဖြစ်ပါသည်။ (၉)

**ခေါဘေတွာ။** ။[တံဒိဝသမေဝ၊ မင်းတရားကြီး နတ်ရွာစံသည့်နေ့] သား အပေါ်၌ ချစ်ခြင်းသည် အားကြီးသောကြောင့် လည်း ကောင်း၊ ထိုချစ်ခြင်းလောဘနှင့် တကွဖြစ်သော ပီတိအဟုန် ပျံ့နှံ့ခြင်း

ရှိသောကြောင့်သည်းကောင်း၊ ထိုပီတိကြောင့် ဖြစ်သော ရင်တရားတို့သည် ပျံ့နှံ့ခြင်း၏အစွမ်းဖြင့် တကိုယ်လုံး လှုပ်ရှားချောက်ချား၍ ရိုးတွင်းခြင်ဆီကို ထိ၍ တည်သည်။ (၈)

ပီတုဂ္ဂါ။ ။ခမည်းတော်၏ မိမိအပေါ်၌ ချစ်ခြင်းဂုဏ်ကို။ (၉)

ဝိဿဇ္ဇေထ ဝိဿဇ္ဇေထ။ ။တုရိတဝေသန ဿောကာဝသေန စ ဝုတ္တံ။ (၉)

ယာဝ်စိတ္တာ။ ။အရှင် ဒေဝဒတ်သည် မကျင့်လိုပဲ တောင်းသောကြောင့် "တောင်းသကဲ့သို့ပြု၍ဟု" အနက်မှတ်ပါ။ [မဟာနိဿယောဇိ-အဝိစိနိရယေ]။ (၉)

သညာပေဿာမိ။ ။ဤစကားကို အရှင်ဒေဝဒတ်၏ ဝန်မချကြောင်းကို ပြခြင်း၏ အစွမ်းဖြင့် ဆိုသည်။ အမှန်မှာ—အရှင်ဒေဝဒတ်သည် သံဃာခွဲမှုကို မပြုမီကပင် ထိုဝတ္ထုတို့ဖြင့် သိစေသည်သာ။ (၉)

အာဂဝ ့တ္တာ ပန သဗ္ဗံ န ဝုတ္တံ။ ။ခန္ဓကဋ္ဌလာသောကြောင့်လည်းကောင်း၊ အနည်းငယ်သော စကားအစဉ်ကို ဆိုပြီးသောကြောင့်လည်းကောင်း တစုံတခု ဆန့်ကျင်မှု မရှိဟု ဆိုလိုသည်။ (၁၀)

သီလေန ဝါ အနသနေနဝါ။ ။သီလေန-ဟူသော ပုဒ်ကို သာသနာတွင်း အရိယာ ဥပုသ်ကို ရည်၍ဆိုသည်၊ အနသနေန-ပုဒ်ကို မစားခြင်းမျှဟု ဆိုအပ်သော သာသနာပ ဥပုသ်ကို ရည်၍ ဆိုသည်။ အနိယမတ္ထဝါ သဒ္ဒါဖြင့် အချို့သော မနောဒုစရိုက်ဒုသီလျ စသည်ကို သိမ်းယူသည်။ (၁၀)

မာသပုဏ္ဏတာယ။ ။တန်ဆောင်မုန်းလ ပြည့်သောကြောင့် မာသပုဏ္ဏ၊ ထိုမဇ္ဈိမဒေသ ဝေါဟာရဖြင့် ရှေ့လပြည့်မှ နောက်လပြည့်အထိကို တလဟု ခေါ်သည်။ (၁၂)

ဥတုပုဏ္ဏတာယ။ ။မိုးဥတု ပြည့်သောကြောင့် ဥတုပုဏ္ဏာ။ (၁၂)

သံဝစ္ဆရ ပုဏ္ဏတာယ။ ။တန်ဆောင်မုန်းလပြည့်ဖြင့် မှတ်အပ်သော နှစ်ပြည့်သောကြောင့် သံဝစ္ဆရပုဏ္ဏာ။ ရှေ့တန်ဆောင်မုန်းလပြည့်မှစ၍ နောက်တန်ဆောင်မုန်းလပြည့်အထိသည် ကတ္တိကသံဝစ္ဆရ။ (၁၂)

**တ္တေ ပုဏ္ဏောတိ။** ။ဤညဉ့်၌ အသုံးစုံသော ကလာတို့၏ ပြည့်ခြင်းကြောင့် ပုဏ္ဏ၊ [လ-၏ ၁၆-စိတ်မြောက် အဖို့ကို ကလာဟုခေါ်၏] ထိုအခါ၌ အသုံးစုံ ၁၆-စိတ်သော ကလာတို့၏ အစွမ်းဖြင့် ပြည့်သည်။ ဤစကားရပ်များတွင် "တဒဟုပေါသထေ ပန္နရသေ"ပုဒ်တို့ကို နေ့၏အစွမ်းဖြင့်ဆိုသည်၊ "ကောမုဒိယာ" စသောပုဒ်တို့ကို ထိုနေ့၏ တစိတ်တဒေသ ညဉ့်အစွမ်းဖြင့် ဆိုသည်။ (၁၂)

**မင်းဘာကြောင့်ထိုင်။** ။ညဉ့်က နှစ်သက်ဖွယ် ကောင်းသောကြောင့် ထိုင်သည်။ (၁၂)

**ဝိထိနှင့်ရစ္ဆာ။** ။ဝိထိမည်သည် ရထားသွားလောက်သော လမ်းမကြီးဖြစ်၍ ရစ္ဆာဟူသည် ထုတ်ချင်း မပေါက်သော လမ်းငယ်တည်း။ (၁၂)

**ဟဒယံ ဂဟေတုံ။** ။အပြင်သို့ မထုတ်ဆိုခြင်း၏အစွမ်းဖြင့် ယူခြင်းငှာ။ (၁၂)

**ဥပက္ကိလေသ ၅-မျိုး။** ။ပါဠိတော်၌ အဗ္ဘ မဟိကာ ဓူမ ရဇ ရာဟု ဟူ၍ လေးပါး ဟောသော်လည်း ဓူမ နှင့် ရဇကို ခွဲ၍ ပြခြင်း အစွမ်းဖြင့် အဋ္ဌကထာနည်းဖြင့် ပြလို၍ "ပဥ္စဟိ ဥပက္ကိလေသေဟိ" ဟု ဆိုသည်။ (၁၄)

**သမဏံ ဝါ ဗြာဟ္မဏံ ဝါ။** ။ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျ-ဟု ဆိုသောကြောင့် ပရမတ္ထဖြစ်သော သမဏ ဗြာဟ္မဏတို့ကို ယူရသည်။ ပဗ္ဗဇိတမည်ကာမျှ သမဏ၊ ဇာတိဗြာဟ္မဏတို့ကို မယူရ။ (၁၄)

**ဒေဝဒတ္တော စ။** ။စ-သဒ္ဒါဖြင့် အဇာတသတ်မင်းသည် မိမိ၏ခမည်းတော်ဖြစ်သော အရိယသာဝက ဘုရားရှင်၏ အလုပ်အကျွေး ဘုရင်ကြီးကို သတ်ခြင်းကြောင့် အပြစ်ကြီးသလို ဘုရားရှင်၏ အကျိုးမဲ့များစွာကိုပြုသော အရှင်ဒေဝဒတ်၏ မှီရာဖြစ်ခြင်းကြောင့်လည်း အပြစ်ကြီး၏ ဟူသော အနက်ကို ဆောင်၏။ (၁၅)

**မင်္ဂလာကျွန်။** ။ကျွန်တရာကို ပြည့်စေလျက် ဖြစ်သောကြောင့် မင်္ဂလာကျွန်ဟု ခေါ်သည်။ (၁၅)

**တဒေဝ ပဗ္ဗဇံ အဂ္ဂဟေသိ။** ။ထိုအာဝတ်မာတ်ခြင်းသဘောကိုပင်"ဤအဝတ်မဝတ်ခြင်းသည်ပင် ရဟန်းအဖြစ်မည်၏"ဟု ပဗ္ဗဇာပြုကာ ယူဆသည်။ (၁၅)

**ပဗ္ဗဇိတသမူဟသာဓါရဏတော၊** ။ဤပါဠိဖြင့် ပဗ္ဗဇိတ အားပါး၏ အဖြစ်မျှကြောင့် "သံဃ"ဟု ခေါ်သည်။ နိယျာနိကဒိဋ္ဌိ ဝိသုဒ္ဓသီလအားဖြင့် တူသည်၏ အစွမ်းဖြင့် ပေါင်းစပ်အပ်သည်၏ အဖြစ်ကြောင့် "သံဃ"အမည်ရသည် မဟုတ်ပါ-ဟု ပြသည်။ (၁၅)

**သံဃိ ဂဏီ။** ။ပရိယာယ်စကားတည်း၊တနည်း-ရှစ်အပေါင်းရှိသူသည် သံဃီမည်၍ လူအပေါင်းရှိသူသည် ဂဏီမည်၏-ဟု ကေစိတို့ဆိုကြသေး၏၊ အပေါင်းအနက်၌ပင် လောကဝယ် သံဃသဒ္ဒါ ထင်ရှားသောကြောင့် ကေစိဝါဒမသင့်ပါ။ (၁၆)

**စိရပဗ္ဗဇိတန္ဒင့် ရတ္တညူအထူး။** ။စိရပဗ္ဗဇိတောဖြင့် ကြီးရင့်သော သီလရှိသူ၏ အဖြစ်ကို ပြ၍ ရတ္တညူ သဒ္ဒါဖြင့် ထိုကြီးရင့်ပြီးသော သီလသိက္ခာ၌ ကောင်းစွာသိနေ အမှတ်ရနေသည်၏ အဖြစ်ကို ပြ၏။ (၁၆)

**ပစ္ဆိမဝယံ။** ။ဤပါဠိဖြင့် အဒ္ဓဂတောပုဒ်ကိုဆိုပြီးပါလျက် တဖန် ဝယသဒ္ဒါကိုဆို၏၊ ထိုသဒ္ဒါနှစ်ခုမှာ အနက်ထူး ဖြစ်သင့်သောကြောင့် ဝယ- အရ ပစ္ဆိမအရွယ်ကို ယူရမည်ဟု ပြသည်။ (၁၆)

**ဂေါသာလ။** ။ဂေါသာလမည်သောရွာ၊ တနည်း-နွားခြံတည်း ၊နွားခြံသည် များစွာသော အခြားသူများနှင့် မသက်ဆံသောကြောင့် ပို၍ သင့်မြတ်သည်။ သို့သော် နွားခြံဟူသောအနက်သည် ရှေးဆရာတို့ မကြားဖူး၍ ကေစိဝါဒမည်၏။ (၁၇)

**မာ ခလိတိ သာမိကော အာဟ။** ။ဤပါဠိဖြင့် မာခလိဟူသော စကားကိုစွဲ၍ ထိုတိတ္ထိမှာ အာချာတ်ပုဒ်ဖြင့် နာမည်ဖြစ်သည်ဟု ပြသည်။ နာမည်ကို ဆိုလိုရာ၌ အညာသိကောဏ္ဍညာ၌ကဲ့သို့ အာချာတ်ပုဒ်သည် နာမ်ပုဒ် ဖြစ်နိုင်သည်။ (၁၇)

**သီတေ သီတော စသည်။** ။အခြင်းအရာ ၆-မျိုး တို့ကြောင့် ထိုကဿကမ္ဗလာ၏ အလွန် ညံ့ကြောင်းကို ပြသည်။ (၁၇)

**ဝစ္စံ ကတွာပိ**။ ။ဤ ပိ-သဒ္ဒါဖြင့် "အစာ စားပြီးရာအခါ အညစ်အကြေး လိမ်ကျံရာ အခါတို့၌ သော်မှလည်း ရေကိုအသုံးမပြု" ဟူသော အနက်ကို ပေါင်းဆည်းသည်။ (၁၇)

**ဝါလိကာထူပံ ကတွာ**။ ။အာ ကျင့် ဆောက်တည်ခြင်းကို ပဓာနပြု၍ သဲပုံ စေတီပြုသည်။ (၁၇)

**ဝေဝံ ဒိတာယ**။ ။ဤပါဠိဖြင့် အယူ၏အစွမ်းဖြ ် နိဂဏ္ဌ မည်၏၊ တကယ် အနက်သဘော အားဖြင့် မည်သည်မဟုတ်ဟု ပြသည်၊ (၁၇)

---

**ကောမာရဘစ္စဇီဝကကထာ**

**သေ နာဂဝသံ ပေ ဝိယ**။ ။ဤစကားကို အလုံးစုံသော အခြင်းအရာ အားဖြင့် ဆိတ်ဆိတ်နေသည်၏ အဖြစ်ကို ရည်ရွယ်၍ဆိုသည်။ (၁၈)

**အနတ္တော ဝတ မေ**။ ။မိမိအလိုအတိုင်း မဖြစ်သောကြောင့် "အနတ္တော ဝတ မေ" ဟုဆိုသည်။ (၁၈)

**ဟတ္ထိမှိ ခေါ ပန စသည်**။ ။ဇီဝက၏ဆိတ်ဆိတ်နေခြင်းသည် ငါ၏အလိုကို နှင်းချေခြင်းနှင့် တူသောကြောင့် ဆိတ်ဆိတ် နေရခြင်း၏ အကြောင်းကို မေး၍ စကားပြောစေခြင်းဖြင့် ငါ၏အလိုဆန္ဒကို ပြီးစေထိုက်၏ ဟူသော ဤနေရာ၌ မင်း၏ အလိုဆန္ဒကို ပြလိုသောကြောင့် "ဟတ္ထိမှိ ခေါ ပန" စသည်ကို ဆိုသည်။ (၁၈)

**ပဥ္စပတိဋ္ဌိတေန**။ ။ပါဒ, ဇာဏု, ကပ္ပရ, ဟတ္ထ, သီသဟူသော အင်္ဂါ ငါးပါးတို့ကို ညီအောင်ပြုကာ ညွတ်စေ၍ ရှေးရှုတည် ခြင်းဖြင့်—

တနည်း—(၁) လက်ကတော့တင်ခြင်း၊ (၂) လက်အုပ်ချီခြင်း၊ (၃) ခြေကိုဆုပ်နယ်ခြင်း၊ (၄) မေတ္တာကို ဖြစ်စေခြင်း၊ (၅) ပါရင်ကို တည်စေခြင်းဟု ဆိုကြသေး၏။ အဝေးမှနေ၍ ရှိခိုးရာ၌ ဤအင်္ဂါမျိုး မပြည့်နိုင်သောကြောင့် ဤနေရာ၌ ဤ ပဉ္စင်္ဂဝါဒကို အလိုမရှိအပ်ပါ။ (၁၈)

မာတုကုစ္ဆိသြက္ကမနေ စသည်ကိုသာ ထုတ်ပြရကြောင်း။ ။မြတ်စွာဘုရားအ ကျင့်တော်မှန်သမျှသည် အခြားသူများနှင့်မဆက်ဆံ၍ ထူးဆန်းအံ့သြဖွယ်တို့ချည်းသာ ဖြစ်ပါသော်လည်း ဂဗ္ဘသြက္ကန္တိ အဘိဇာတိ အဘိနိက္ခမန အဘိသမ္ဗောဓိ ဓမ္မစက္ကပဝတ္တန ယမကပါဋိဟာရိယ ဒေဝေါရောဟန တို့သည် နတ်နှင့်တကွသောလောက၌ အလွန်ထင်ရှား၍ ဘယ်လိုပုဂ္ဂိုလ်မှ မတားမြစ် မပိတ်ပင်နိုင်သောကြောင့် "မာတုကုစ္ဆိသြက္ကမန" စသည် တို့ကိုသာ ထုတ်ပြရပါသည်။ (၁၈)

ကလျာဏော ကိတ္တိသဒ္ဒေါ။ ။ကိတ္တိ-သဒ္ဒါ၏ ကောင်းခြင်းမှာ ဘဂဝါတိ ဝစနံသေဋ္ဌံ-စသည်တို့၌ကဲ့သို့ ကောင်းသောဂုဏ်ဟူသော အရာရှိခြင်းတည်း။ (၁၉-၂၀)

ဣတိပိ သော ဘဂဝါ။ ။ဤ၌ ဣတိ-သဒ္ဒါ အာသန္နပစ္စက္ခကရဏ အနက်ရှိပါသည်။ ပိ-သဒ္ဒါ သမ္ပိဏ္ဍန အနက်ရှိပါသည်။ ထိုပိ-သဒ္ဒါဖြင့် ဂုဏ်တော်တို့၏ အထူးထူးအပြားပြား များသော အပြား ရှိသည်၏ အဖြစ်ကို ပြသည်။ သဒ္ဒါတရားရှိသော ပညာရှိသူတော်ကောင်းတို့၏ သန္တာန်ဝယ် ဂုဏ်တော်တို့ကို မှတ်သားနိုင်ခြင်း၏ အကြောင်းတို့သည် မျက်မှောက်ဖြစ်နေ၍ ဂုဏ်တော်တို့ကို ရွတ်ဆိုသော ပညာရှိသည် စိတ်၏ မျက်မှောက်ဖြစ်သကဲ့သို့ ရွတ်ဆိုရမည်ဟု ပြလိုသောကြောင့် "ဣမိနာ စ ဣမိနာ စ ကာရဏေနာတိ ဝုတ္တံ ဟောတိ" ဟု မိန့်သည်။ (၂၀-၂၁)

**ဇီဝက၏ ဂုဏ်တော်တို့ကို ဝိတ္ထာရအားဖြင့် ပြောဆိုရကြောင်း။ ။**

(၁) ဇီဝကသည် များသောအားဖြင့် ဘုရားရှင်၏အထံ၌ ဂုဏ်တော်တို့ကို ကြားဖူးသောကြောင့်လည်းကောင်း၊

(၂) သောတာပန်ဖြစ်သည့်အတွက် ဘုရားရှင်၏ သာသနာ၌ ယုံမှားကင်းသောကြောင့်လည်းကောင်း၊

(၃) ဘုရားရှင်၏ ဂုဏ်တော်တို့ကို ပြောဆိုရာ၌ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ ရဲရင့်ခြင်းသို့ ရောက်သောကြောင့်လည်းကောင်း—

ဤသို့ ဝိတ္ထာရအားဖြင့် ပြောဆိုပါသည်။ (၂၁)

**ထာမနှင့် ဗလ။** ။ဒေသနာဉာဏ်ကို "ထာမ"ခေါ်၍ ဒသဗလဉာဏ်၁၀ပါးကို "ဗလ" ဟု ခေါ်ပါသည်။ (၂၁)

**နိရန္တရံ ဖုဋံ အဒ္ဓဟာသိ။** ။ကတာဓိကာရရှိသောကြောင့် အကြားမရှိ ပီတိဖြင့် ပျံ့နှံ့ပါသည်။ ကတာဓိကာရရှိ၍ လျက် မဂ်ဖိုလ် မရခြင်းကား အဖကို သတ်ခြင်းဟူသော ကမ္မန္တရာယ်ကြောင့်တည်း။ (၂၁)

**မိန်းမတွေ ခေါ်ထားရကြောင်း။** ။မင်း၏ယုံမှား သက်ာကို ပယ်ဖျက်ခြင်းအကျိုးငှာ အနီးလှည့်လည်မှု၏ အစွမ်းဖြင့် ဆင်ပေါ်၌ မိန်းမတို့ကို ထိုင်စေအပ်သည်ဟု ဋီကာဟောင်း၌ ဆို၏။ အဋ္ဌကထာ၌ကား "ဣတ္ထိယော နိဿာယ ပုရိသာနံ ဘယံ နာမ နတ္ထိ။ သုခံ ဣတ္ထိပရိဝုတော ဂမိဿာမိ"ဟု အကြောင်းကို ဆိုထားသည်။ (၂၂)

**ယောကျ်ားအသွင် ဝတ်ဆင်ရကြောင်း။** ။မင်း၏အနီးသို့ အခြားရန်သူတို့၏ ချဉ်းကပ်နိုင်ခဲသည့်အဖြစ်ကို ပြခြင်းအကျိုးငှာ မိန်းမတို့ကို ယောကျ်ားအသွင် ဝတ်ဆင်၍ လက်နက်ကိုင်ဆောင်စေမှုပြုသည်။ (၂၂)

**သာ မဟာဇနဿ ဥပကာရာယ ဘဝိဿတိ။** ။အခြားသူများမှာလည်း နောက်နောင် အခါ၌ မဂ်ဖိုလ်တို့၏ ဥပနိဿယ ဖြစ်နိုင်သောကြောင့် "သာ မဟာဇနဿ ဥပကာရာယ ဘဝိဿတိ" ဟု မိန့်သည်။ (၂၂)

**ယဿ ဒါနိ ကာလံ မညသိ။** ။ဤစကားသည် ဥပစာရ စကားမျှတည်း။ အဘယ့်ကြောင့်နည်း—ထိုစကားဖြင့် အလိုရှိအပ်သော အနက် မပြီးဆုံးသောကြောင့်တည်း။ "သွားလိုလျှင် သွားတော်မူပါ၊ မသွားလိုလျှင် မသွားပါနှင့်။ သွားလိုမှု မသွားလိုမှုသည် အရှင်မင်းမြတ်၏ အလိုဆန္ဒသာ လိုရင်းပမာဏပါ"ဟု ဆိုလိုသည်။ (၂၂)

တိယောဇနသတာနံ ဥဗ္ဗိဒ္ဓေ ဟောမဟုဒ္ဒနံ။ ။အသီးသီး ယူဇနာ ၃၀၀-စီ အဝန်းအဝိုင်းရှိကြသော အာင်တိုင်းနှင့် မဂဓတိုင်းတို့ဟည်။ [ဝိသုဒ္ဓိမဂ်-ပုံနှိပ်-ကျမ်း] (၂၃)

ပြားတကျကို လွှင့်သောပဓာတကြောင့် ဂရိသတ်ကို ပိမ်ရပြင်းအကြောင်း။ ။ထိုခေတ်တိုအခါက မြားသည်သာ လက်နက်အားလုံးတို့ထက် အဝေးသို့ ရောက်သောကြောင့်တည်း။ (၂၃)

ဘယ ၄-မျိုး။ ။(၁) စိတ္တုတြာသဘယ- ပင့်သဗ္ဗ နေရခြင်း စသည်ကို တွေး၍ ကြောက်ရွံ့ ထိတ်လန့်သော စိတ်အမှုအရာ၊

(၂) ဉာဏဘယ = ကြောက်ဖွယ်သော ၀တ္ထုသည်ပင် ကြောက်ဖွယ်အားဖြင့် ထင်လာသော်၊ ကြောက်စရာဟု ဆုံးဖြတ်တတ်သော ဉာဏ်၊

(၃) အာရမ္မဏဘယ = ကြောက်စရာကောင်းသော သတ္တဝါနှင့် ကြောက်စရာကောင်းသော အာရုံဝတ္ထုများ၊

(၄) ဩတ္တပ္ပဘယ- ကြောက်ခြင်း၏ အကြောင်း ဖြစ်သော မကောင်းမှုမှ ထိတ်လန့်တတ်သော ဩတ္တပ္ပစေတသိက်။ (၂၄)

ဝမ္မဒေသနံ သုတွာ ယေဘုယျေန၊ ။ခန္ဓာ ၅-ပါး၌ ၁၅-ပါးသော လက္ခဏာဖြင့် တန်ဆာဆင်အပ်သော တရားဒေသနာကို ကြားနာရသော် ရဟန္တာမှ တပါးသော ပုဂ္ဂိုလ်တို့မှာ စိတ္တုတြာသဘယ ဖြစ်သောကြောင့် "ယေဘုယျေန" ဟု မိန့်သည်၊ (၂၄)

စတုသဋ္ဌိ ဝုဒ္ဓကဗ္ဗါဂုနိ။ ။ဘံဝါးကြီး တခု တခုမှာ တံခါးငယ် နှစ်ခုနှစ်ခုရှိ၍ ၆၄-ဖြစ်သည်။ (၂၄)

နာဂဿ ဘူပိ။ ။တံခါးမုခ်၏ အပြင်ဘက်အရပ်တည်။ (၂၅)

အတ္တနော အာပရေစံ သရိတွာ ဟောဘယံ ဥပ္ပဇ္ဇိ။ ။ဤကောသည် အဇာတသတ်မင်း ချွေးထွက်ခြင်း၏ အကြောင်းပြစကားတည်း။ မှန်၏-ဗုဒ္ဓါနုဘာဝကြောင့် ချွေးထွက်မှု

မဖြစ်နိုင်။ ဘာ့ကြောင့်နည်း-ဘုရားရှင်၏ အာနုဘော်သည် ကိုယ်စိတ်အေး ခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။ (၂၅)

**ဓနုပါလ။** ။နာဠာဂီရိဆင်သည် ထိုအခါ၌ မြို့သူမြို့သားတို့ ပူဇော်အပ်သော ဥစ္စာအစုကို ရသောကြောင့် ဓနုပါလ မည်သည်။ (၂၅)

**ဣဿရိယလီဠာယ။** ။ဘုရားရှင်အထံ၌ ဣဿရိယလီဠာဖြင့် မေးခြင်းသည် အဂါရဝဖြစ်ရာသည် မဟုတ်ပါလောဟု စောဒနာဖွယ် ရှိ၍ "ပကတိ ဟေသာ" စသည်ကို မိန့်သည်။ အဓိပ္ပာယ်မှာ "ပကတိအားဖြင့် မေးသောကြောင့် အဂါရဝ မဖြစ်"ဟူလို၊ [အာကိဏ္ဏဝရလက္ခဏာ-လင်္ကာအာ တော်ကြီး-၃၂၊ အနုဗျဉ္ဇနပဋိမဏ္ဍိတော-လက္ခဏာဘော်ငယ်-၈၀] (၂၆)

**ဥပဂတော။** ။ယေန မဏ္ဍလမာဠဿ ဒွါရံ၊ တေနုပသင်္ကမိ-၌ "သမ္ပတ္တော" ဟု ဖွင့်ခဲ့ပြီ ဖြစ်သောကြောင့် ဤယေန ဘဂဝါ တေနုပသင်္ကမိ ၌-အနီးသို့ ရောက်အောင်သွားသော ချဉ်းကပ်မှုအနက်သာ ဖြစ်သင့်၍ ဥပသင်္ကမိ-ကို "ဥပဂတော"ဟု ဖွင့်သည်။ (၂၆)

**ကေမန္တံ နိသီဒိ။** ။ကေမန္တံ၊ ဝေး နီး လေညာ၊ မြင့်မောက်ရာနှင့်၊ မျက်နှာ ချင်းအပ်၊ နောက်ကျောရပ်ဟု၊ ခြောက်ရပ်ပြစ်ကွာ၊ သင့်တင့်ရာအရပ်၌။ တနည်း-စိုထိုင်းသော မြစ်ကမ်းပါးအရပ်၊ အလွန်နိမ့်ရာအရပ်၊ နှစ်ခုထည့်၍ ရှစ်ပါးဟု ဆိုကြသေးသည်။

န ပစ္ဆတော န ပုရတော၊ နာပိ အာသန္နဒူရတော။
န ကစ္ဆေ နော ပဋိဝါတေ၊ န စာပိ ဩနတုန္နတေ။
ဣမေ ဒေါသေ ဝိဿဇ္ဇေတွာ၊ ကေမန္တံ ဌိတာ အဟု၊ (၂၆)

**တုဏှီဘူတံ တုဏှီဘူတံဟု ၂-ကြိမ်ဆိုရကြောင်း။** ။ရဟန်း သံဃာတော်၌ တိတ်ဆိတ်မှု၏ အကြောင်း မရှိသောအားဖြင့် ပျံ့နှံ့သည်၏အဖြစ်ကို ပြခြင်းငှာ နှစ်ကြိမ်ဆိုသည်။ (၂၆)

**ပါဒကုက္ကုစ္စံ ဝါ။** ။ဤ၌ ဝါ-သဒ္ဒါဖြင့် "အခြားသော စက္ခုသောတ စသည့် မစောင့်စည်းမှုလည်း မရှိ"ဟူသော အဓိပ္ပာယ်ကို ပြသည်။ (၂၆)

**သဗ္ဗာလင်္ကာရပဋိမဏ္ဍိတံ။** ။မစောင့်စည်းမှုတို့တွင် မျက်စိမစောင့်စည်းမှုသည် အားလုံးသော မစောင့်စည်းမှုတို့၏ အစဦးထမ

လည်းဖြစ်၏၊ စောင့်စည်းဖို့လည်း ပို၍ ခဲယဉ်း၏။ ထို့ကြောင့် ထိုမျက်စိမစောင့်စည်းမှုမရှိကြောင်းကို ပြခြင်းငှာ "သဗ္ဗာလက်ာရပဋိမဏ္ဍိတံ" စသည်ကို မိန့်သည်။ (၂၆)

မာနုသိကေန။ ။ပရစိတ္တဝိဒူမဟုတ်သော ပုဂ္ဂိုလ်သည် စိတ်ငြိမ်သက်မှုကို မသိနိုင်ပါသော်လည်း ကိုယ်နှုတ်နှစ်ပါးတို့၏ ငြိမ်သက်မှုကို တိုက်ရိုက်တွေ့ရသဖြင့် စိတ်ငြိမ်သက်မှုကိုလည်း မှန်းဆ၍ သိနိုင်သည်။ ထို့ကြောင့် "မာနုသိကေန" ကို မိန့်။ (၂၇)

ဃာတေဿတိယေဝ။ ။ထိုအခါကိုင်၍ "ဃာတေဿတိယေဝ"ဟု ဆိုသည်။ ထို့ကြောင့် "ဃာတေသိ"ဟု နောက်နား၌ ဆိုထားသည်။ ဃာတေသိ-ကား ယခုအခါကို ငဲ့သောစကားတည်း။ [ဝစနာနန္တရံ၊ ဥဒါန်းစကား၏ အခြားမဲ့၌] (၂၇)

မုခံ နပ္ပဟောတိ။ ။ဤစကားကို "အပြစ် ပြုဘူးသောသူအား စကားပြောမှုသည်အလွန်ခဲယဉ်း၏" ဟူသော အဓိပ္ပာယ်ကို ရည်ရွယ်၍ ဆိုသည်။ တနည်း-"အဂမာ ၃ခါ တံ မဟာရာဇ ယထာပေမံ"ဟူသော စကားတော်ဖြင့် ညွှန်ပြအပ်သော ထိုအခါ၌ ထိုအနက်ကို ပြသော ဒေခြင်းအရာဖြင့် ဖြစ်သောဘုရားရှင်၏ ဒေမျိုးမျိုးသော နည်းရှိသော ချိုမြိန်သော စကားတော်ကို ရည်ရွယ်၍ "မုခံ နပ္ပဟောတိ"ဟု မိန့်သည်။ (၂၇)

ပဥ္စမဟာကာရေဟိ။ ။ဟတ္ထဒ္ဒနိဒ္ဓေ တာဒိ၊ စတ္တာဝိတိ တာဒီ၊ တိဏ္ဏာဝိတိ တာဒီ၊ မုတ္တာဝိတိ တာဒီ၊ တံနိဒ္ဒေသာ တာဒီ။ (၂၇)

န မေပဥ္စဝိသဇ္ဇနေ ဘာရော အတ္ထိ။ ။ဤစကားရပ်သည် အတ္တာပနူကိုပြသည်၊ "ယဒါကခ်သိ"ဟု ဆိုသဖြင့် ဘုရားရှင်မှာ အလုံးစုံသိဖွယ်ဟူသမျှ အပိတ်အပင်မရှိ ညဏ်တော်ကျက်စားနိုင်သောကြောင့် အနက်အားဖြင့် "ငါ့မှာ ပြဿနာဖြေရှင်းဖို့ရန် တာဝန်မလေး"ဟု ဖြစ်နိုင်ပါသည်။ ထိုကို "အတ္တာပနူ"ဟု ခေါ်သည်။ [ဘာရော-သံသယုပစ္ဆေဒနသခ်ါတော ဘာရော] (၂၉)

ဗုဒ္ဓဘူမိံ ဗောဓိသတ္တဘူမိံ။ ။အာသဝက္ခယဉာဏ်၊ သဗ္ဗညုတဉာဏ်တို့ကို ဗုဒ္ဓဘူမိ-အရ ယူ၍ ဗောဓိသတ္တဘူမိ-အရ ဗောဓိသတ္တ၏ တည်ရာ ပါရမီသမ္ဘာရဏာဉာဏ်ကိုယူပါ၊ တနည်း-(ဘူမိ-သဒ္ဒေါ

အဝတ္ထဝါစကော) ဘုရားဖြစ်ခိုက်၊ ဘုရားလောင်းဖြစ်ခိုက်တို့ကို ဗုဒ္ဓဘူမိ ဗောဓိသတ္တဘူမိဟု ယူပါဘူလို။ (ကောတ္တနုယေန ဟိ ပဝတ္တေသု ခန္ဓေသု အဝတ္ထာယေဝ တံတဒါကာရနိဿိတာ) (၃၀)

သိပ္ပမေဝ သိပ္ပါယတနံ။ ။သိပ္ပါယတနံ - အတတ်၊ (အာယတန-တဒ္ဓိတ) ဝါ အသက်မွေးကျောင်း ဖြစ်သော သင်အင်္ဂသော အတတ်။ (အာယတန-သဒ္ဒါ အကြောင်းဟော) (၃၁)

ကတမေ ပန် တေ။ ။အတတ်တို့ကို စတည်၍ လျှောက်ထားပါလျက် သရုပ်ဖော်သောအခါ အတတ်တို့ကို မပြပဲ အတတ်သည်တို့ကို ထုတ်ပြခြင်းမှာ စကားကျယ်မည်ကို ရှောင်လွှဲလိုသောကြောင့်တည်း၊ အတတ်သည်တို့ကို မဖော်ပြသော် အလိုရှိသော အတတ်တို့ကို ထုတ်ပြပြီး၍ ထိုအတတ်တို့ဖြင့် အသက်မွေးကြသော အတတ်သည်တို့ကိုလည်း ထုတ်ပြရလိမ့်မည်။ ဘာ့ကြောင့်နည်း- ဤနေရာ၌ အတတ်သည်တို့ကိုသာ ပဓာနအားဖြင့် အလိုရှိအပ်သောကြောင့်တည်း။

ထိုသို့ အတတ်တို့ကိုပြ၍ တဖန် အတတ်သည်တို့ကို ထပ်ပြရသော် စကားအလွန်ကျယ်သွားရာ၏၊ ထို့ကြောင့် စကားကျယ်မည်ကို ရှောင်လွှဲခြင်းငှာ အတတ်သည်တို့ဖြင့် အတတ်တို့ကို သိမ်းယူ၍ လျှောက်ထားသည်ဟူသော အနက်ကိုပြခြင်းငှာ "ဟတ္ထာရောဟာတိ အာဒီဟိ ပေ၊ ဒဿေတိ"ဟု မိန့်သည်။ (ဟတ္ထာရောဟာတိ ဟတ္ထာစရိယ ဟတ္ထိဝေဇ္ဇ ဟတ္ထိမေဏ္ဍာ ဒယော)။ (၃၂)

ပုထုသိပ္ပါယတနာနိ ဒဿိတွာ။ ။ကရဏာနိပ္ပါဒနဝသေန။ (၃၃)

ရူပနှင့် ဝဏ္ဏအဘူ။ ။မိမိသုံးဆောင်ခံစားထိုက်သော ဗာဟိရ ပစ္စည်းဝတ္ထုသည် "ရူပ"မည်၍၊ မိမိ၏ လှသောကိုယ်ရှိခြင်းသည် "ဝဏ္ဏ"မည်၏။ (၃၄)

သာမညဖလ။ ။သာမည-အရ မဂ် ၄-ပါး၊ သာမညဖလ-အရ ရဟန်းပြုခြင်း၏ အကျိုးတရား ဖိုလ် ၄-ပါးတည်း။ (၃၄)

တံ သေ ရာဇာ န ဇာနာတိ။ ။အရိယမဂ္ဂ၌ မကျွမ်းကျင် မသိမှုသောကြောင့်တည်း။ (၃၄)

ဒါသကဿကောပမံ သန္ဓာယ ပုစ္ဆတိ။ ။ဤအဇာတသတ်မင်းသည် ဒါသကဿကစသည်မှ ဖြစ်သော ရဟန်း

တို့၏ လောကလူအပေါင်းထံမှ အဘိဝါဒန စသည့်ကို ရခြင်းသည် သန္ဒိဋ္ဌိက သာမညဖလမည်၏ဟု ကြံစည် စဉ်းစားကာ ဤသို့သော အနက်အဓိပ္ပာယ်ကို သိသော တစုံတယောက်သော သမဏဗြာဟ္မဏသည် ရှိလေသလားဟု စုံစမ်း လို၍ ပူရဏစသူတို့ကို မေးရာဝယ် သူတို့၏ အဖြေစကားကြောင့် နှစ်သက်မှု မရခဲ့ပါ၊ ထို့ကြောင့် ဘုရားရှင်ကိုလည်း သူကြံအပ်သော သဘောကိုပင် မေး သည်၊ သာမညဖလသုတ်စဉ်ကို မေးသည်မဟုတ်ပါ။ (၃၄)

ရာဇာမစ္စာ။ ။မင်းမျိုးအဆက်ဆက်မှလာသော အမတ်များတည်း၊ တနည်း- ရာဇ-နေ ာက်လိုက်မင်း၊ အမစ္စ-အမတ်ဟု ခွဲ၍ယူ။ (၃၅)

ရညော ဘာရံ ကရောန္တော။ ။တိတ္ထိတို့၏ အဖြေစကားကို ဘုရားရှင် ကိုယ်တော်တိုင်မိန့်တော်မူလျှင် တိတ္ထိတို့၏ တပည့်များက ဘုရားရှင်ကို "သမဏဂေါတမ လာဟလတွေချည်း ပြောနေသည်" ဟု ကဲ့ရဲ့ကြမည်။ သို့ဖြစ်၍ ရှင်ဘုရင်ကိုယ်တိုင် သူမေးခဲ့စဉ်က ကြားခဲ့ရသော အဖြေကို ပြန်၍ လျှောက်ထားလျှင် ရှင်ဘုရင်ကို ကဲ့ရဲ့ဝံ့မည် မဟုတ်သည့် အတွက် ကိုယ်တော်မြတ်၏ ဒေသနာဒေသနာကောသလ္လဉာဏ်ကြောင့် ရှင်ဘုရင်ကို လျှောက်ဖို့ တာဝန်ပေးသည်။ ပရဝမ္ဘနစသော အကြောင်းကြောင့် တာဝန် ပေးသည်မဟုတ်ပါ။ (၃၅)

---

## ပူရဏကဿပဝါဒ

ကရောတော ခေါ သဟတ္ထာ ကရေန္တဿ။ ။နိဿဂ္ဂိယ ထာဝရ စသည်တို့ကို လည်း သဟတ္ထိကရဏဖြင့်ပင်ယူ။ (၃၆)

နိလ္လောပန္တိ မဟာဝိလောပံ။ ။ဘာတခုမျှ မကြွင်းစေပဲ လုယက်ခြင်းသည် နိလ္လောပ ပည်၏ဟု ပြလို၍ "မဟာဝိလောပံ" ဟု ဖွင့်သည်။ (၃၆)

ကရာမိတိ သညာယ။ ။သညာနှင့်တကွ စေတနာရှိခြင်းကို ဆိုသည်။ ဤပဋိပ္ပ-သညာနှင့်တကွ စေတနာဖြင့် စေ့ဆော်ရ၍ ပြုသော်မှ အကုသိုလ်ကို မပြုသည်မည်ကား၏၊ သညာနှင့်တကွ စေတနာဖြင့် မစေ့ဆော်ပဲ ပြုသော်ကား အကုသိုလ်ဖြစ်သည်မှာ ဆိုဖွယ်ရာမရှိဟု ပြသည်။ (၃၆)

ပါပံ န ကရိယတိ။ ။ရှေးကမရှိဂဲ ဖြစ်စခြင်းငှာ မစွမ်းနိုင်သောကြောင့် မကောင်းမှုကို မပြုအပ်သည်သာ မည်၏။ ဤသတ္တဝါတို့၏ ခန္ဓာကိုယ်ပေါ်သို့ ညှဉ်းဆဲမှုစသည် ပြုခြင်းသည် အတ္တသည် မြဲသည်အတွက် ဖောက်ပြန်မှုမရှိသောကြောင့် အတ္တသို့ မရောက်နိုင်ပါ။ ခန္ဓာကိုယ်ကြီးကား စေတနာမရှိသော ထပ်တုံးသဖွယ် ဖြစ်၍ ခန္ဓာကိုယ်ပျက်စီးသော်လည်း မကောင်းမှုပြုရာ မရောက်ပါဟု ဆိုလိုသည်။ (၃၆)

ဒမေနာတိ ဣန္ဒြိယဒမေန ဥပေါသထကမ္မေန ဝါ။ ။ဒမ-သဒ္ဒါသည် ဣန္ဒြိယသံဝရ ဥပေါသထသီလကို ဟောနိုင်သောကြောင့် "ဣန္ဒြိယဒမေန ဥပေါသထကမ္မေန"ဟု ဖွင့်သည်။ ဂေ စိတို့ကား-"ဥပေါသထကမ္မေန၊ ဥပုသ်ကံဖြစ်သော။ ဣန္ဒြိယဒမေန၊ ဣန္ဒြေတို့ကို ဆုံးမကြောင်းသီလဖြင့်"ဟု အနက်ဆိုကြ၏။ ထိုဂေစိ ဝါဒမသင့်ပါ။ ဘာ့ကြောင့်နည်း-ဒမ-သဒ္ဒါသည် ဣန္ဒြိယဒမ ဥပေါသထကမ္မ ၂-မျိုးကို ဟောသောကြောင့်လည်းကောင်း၊ ထိုအနက်နှစ်မျိုးသည် ထူးခြားသော ဖြစ်ခြင်းရှိသောကြောင့်လည်းကောင်းတည်း။ (၃၆)

သစ္စဝဇ္ဇေန။ ။ဤစကားကို သီးခြားဆိုရခြင်းကား-ဤသစ္စာစကားသည် လောကဝယ် အလှူဒါနပြုအပ်သော ကောင်းမှုဟု ခေါ်ဝေါ်သမုတ်အပ်သောကြောင့်တည်း။ မှန်၏-မကောင်းမှုတို့တွင် မုသာဝါဒသည် ကြီးလေးသောမကောင်းမှုဖြစ်သကဲ့သို့ ကုသိုလ်အပေါင်းတို့တွင် သစ္စာသည် ရှေးအကြီးဆုံး ဖြစ်ပါသည်။ (၃၇)

ပဝတ္တတီတိ အာဂစ္ဆတိ။ ။ပြုသူ၏သန္တာန်၌ အကျိုးဖြစ်ဖို့ အကြောင်းအနေအားဖြင့် ဖြစ်ခြင်းတည်း။ ဤသို့ယူမှ အကိရိယဝါဒ ပြည့်စုံမည်။ (၃၈)

ပါပပုညာနံ ကိရိယမေဝ ပဋိက္ခိပတိ။ ။မင်းမေးအပ်သော သန္ဒိဋ္ဌိကသာမညဖလကို မဖြေဟု ဆိုလိုသည်။ မှန်၏-ဤစကားရပ်၌ ဧဝ-သဒ္ဒါသည် အကျိုးတရားတို့ကို ပယ်မှုကို နှစ်စေသည် မဟုတ်ပါ၊ ကံကို ပယ်သော်အကျိုးတရားကိုလည်း ပယ်ပြီးပင်ဖြစ်သည်။ (၃၈)

ဝိဇိတံ။ ။ဆန့်ကျင်ဘက်မင်းတို့သည် မလွှမ်းမိုးနိုင်အောင် အထူးအောင်အပ်သောကြောင့် ဝိဇိတ၊ အရကား—ဘုရင်တပါး၏ အာဏာပြန့်ရာနယ်မြေတည်း။

ဝိဟေဌေတဗ္ဗံ။ ။ငါ၏နိုင်ငံ၌ မနေကြလင့်ဟု မောင်းမဲခြင်းသည် ရဟန်းကိုနှိပ်ထုတ်ခြင်းဟု ဆိုအပ်သော ဝိဟေဌနမည်သည်ပင်တည်း။

နိက္ကုဇ္ဇံ။ ။ဆိုအပ်သော အနက်သဘောကို အစွန့်ရှည်သည်၏ အဖြစ်သို့ရောက်စေခြင်း၏ အစွမ်းဖြင့် စိတ်ဖြင့် ဆောင်ထားခြင်းတည်း။

ဗျဉ္ဇနံ ပန တေန ဥဂ္ဂဟိတဒ္ဓေဝ နိက္ကုဇ္ဇိတဥ္စ။ ။မေးခဲ့ဖြေခဲ့သည့်အတိုင်းပင် ဘုရားရှင်၏အထံ၌ လျှောက်ထားနိုင်သောကြောင့် သဒ္ဒါကို သင်ယူခဲ့သည်ဟု သိရသည်။ (၃၈)

---

## မက္ခလိဂေါသာလဝါဒ

ဝိဇ္ဇမာနမေဝ။ ။ဤပါဠိဖြင့် သဘာဝအားဖြင့် ထင်ရှားရှိသည်ကို ပယ်ခြင်း၌ မက္ခလိဂေါသာလ၏ ဉာဏ်မရှိမှုသည် အကြောင်းတည်းဟု ပြသည်။ (၃၈)

အတ္တကာရော။ ။သတ္တဝါသည် မိမိကိုယ်တိုင် ပြုအပ်သော အမှုတည်း၊ တနည်း—မိမိသည် ဖြစ်စေအပ်သော ပယောဂတည်း။ (၃၉)

ဩဝါဒနှင့် အနုသာသနီ။ ။ရှေးဦးစွာ ဆုံးမခြင်းသည် ဩဝါဒ၊ နောက်၌ ဆုံးမခြင်းသည် အနုသာသနီ။ (၃၉)

ဋ္ဌပေတွာ မဟာသတ္တံ။ ။ပရကာရံ-ဟူသော ပုဒ်၏အနက်ကို ဥပလက္ခဏနည်းအရ ပြခြင်းတည်း၊ ဘုရားလောင်းသည် လောကုတ္တရာ တရား၌သာ သူတပါးဟူသော မှီရာမရှိဟု မှတ်ပါ၊ လောကီ

တရား၌ကား-အာဠာရ ဥဒကတို့ကို မှီ၍ အဘိညာဏ် ၅-ပါးတို့ကို ရသည်။ "ဌပေတွာ မဟာသတ္တံ"ကို ပစ္စိမဘဝိက ဘုရားလောင်းကို ရည်ရွယ်၍ဆိုပါသည်၊ ပါရမီ ဖြည့်စဉ် အခါ၌ကား ဆရာ ရှိခဲ့ပါသည်။ ပစ္စေကဗောဓိသတ္တကိုလည်း "မဟာသတ္တံ"၌ သွင်းယူပါ၊ ဘာ့ကြောင့်နည်း—ပစ္စေကဗောဓိသတ္တတို့မှာလည်း ဆရာမရှိသောကြောင့်တည်း။ (၃၉)

**ဇိနစက္ကေ ပဟာရံ ဒေတိ။** ။"အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှံ ကဏှဝိပါကံ" စသော နည်းဖြင့် ကံ ကံ၏အကျိုးတရားတို့၏ ရှိသည်၏ အဖြစ်ကို ပြသော ဘုရားသာသနာကို "ဇိနစက္က"ဟု ခေါ်သည်၊ သာသနာနှင့် ဆန့်ကျင်ဘက် ပြောဆိုခြင်းသည် ပုတ်ခတ်မှု ပေးခြင်းနှင့် တူသောကြောင့် "ပဟာရံ ဒေတိ"ဟု ဆိုသည်။ (၃၉)

**နတ္ထိ ပုရိသကာရေ။** ။အတ္တကာရ ပရကာရ မရှိသောကြောင့်ပင် သတ္တဝါတို့မှာ တစုံတခုသော အသီးအသီး ပြုအပ်သော ယောကျ်ား၏ လုံ့လ အကျိုးမည်သည် မရှိဟူသော အနက်ကို ရည်ရွယ်၍ "နတ္ထိ ပုရိသကာရေ"ဟု ဆို၏။ (၃၉)

**ဗလ စသည်။** ။ထိုထိုအပြုအမူ၌ စွမ်းနိုင်သောကြောင့် "ဗလ"ရဲရင့်သည်၏ အဖြစ်ကို ဆောင်နိုင်သောကြောင့် "ဝီရိယ" ထိုဝီရိယသည်ပင် ခိုင်မြဲသောကြောင့်လည်းကောင်း၊ ပုရိသဝန်ကို ဆောင်သူသည် ဖြစ်စေထိုက်သောကြောင့်လည်းကောင်း "ပုရိသထာမ" မည်၏။ (၄၀)

**ဘာဝေါတိ သဘာဝေါယေဝ။** ။ဆူး၏ ချွန်ခြင်း၊ သီးသီးစသည်၏လုံးခြင်း၊ သမင် မျက်စိတို့၏ ဆန်းကြယ်ခြင်းကဲ့သို့ တလောကလုံးမှာ အကြောင်းမရှိ မပြုရပဲ အလိုလိုဖြစ်သော သဘောတည်း။ (၄၀)

**အညာ သုခဒုက္ခဘူမိ နတ္ထီတိ ဒဿေတိ။** ။၆-ပါးသော အဘိဇာတိတို့၌သာ သုခ ဒုက္ခကို ခံစားကြရသည်ဟု ဆိုသဖြင့် ထိုအဘိဇာတိ ၆-ပါးသာ သုခ ဒုက္ခ ဘူမိဖြစ်၏၊ ထိုအဘိဇာတိ ၆-ပါးမှ အခြားသော သုခဒုက္ခဘူမိ မရှိဟု ပြသည်၊ ပယ်အပ်သော အနက်ကို ဘူမိအစွမ်း ဖြင့် ဆိုသောကြောင့် ဤပါဠိသာ သင့်သည်ဟု ဋီကာသစ်၌ ဆုံးဖြတ်၏၊ ဋီကာဟောင်း၌ကား "အညာ အဒုက္ခမသုခဘူမိ နတ္ထီတိ ဒဿေတိ"ဟူသော ပါဠိကို အမှန်ယူ၍ "သုခဍ္စ ဒုက္ခဍ္စ ပဋိသံဝေဒေန္တိ"ဟု

ပြောဆိုသော မဟာဋီကာသည် အဒုက္ခမသုခဝေဒနာမှုကို လုံးဝမသိ၊ ထို့ကြောင့် "အညာ အဒုက္ခမသုခဝေဒနာမှုကို နဂ္ဂါဟိ ဒဒကာတိ"ဟု မိန့်သည်ဟု ရှင်းပြသည်။ (၄၁)

တက္ကမတ္တကေန။ ။"တက္ကမတ္တကေန"ဟု မိန့်ဆိုသော အဋ္ဌကထာဆရာသည် မိစ္ဆာအယူရှိသူ ဘိုသည် မှီရာဖြစ်သော ထင်ရှားဟုတ်မှန်သော အနက်အဓိပ္ပာယ်ကို ချိုးဖြင့် ဆွဲယူသကဲ့သို့ ဆွဲယူကြောင်းဖြစ်သော အကိုးသနည်း မရှိသောကြောင့် ကြံဆချက်သက်သက်ကို အနှစ်သာရအားဖြင့် မှတ်သင်၍ စွဲမြဲစွာ နှလုံးသွင်းကာ မိစ္ဆာအယူကို ယူကြလေသည်။ ထို့ကြောင့် တိတ္ထိတို့၏ မိစ္ဆာဒိဋ္ဌိဝတ္ထု၌ ပညာရှိတို့သည် စိစစ်မှုကို မပြုသင့်ဟူသော အဓိပ္ပာယ်ကိုပြသည်။ (၄၁)

ကမ္မ ဥပစ္စကမ္မ။ ။ကာယကံ ဝစီကံသည် ရှုန်ရင်းကြမ်းတမ်းသောကြောင့် "ကမ္မ"မည်၍ မနောကံသည် မရှုန်ရင်းမကြမ်းတမ်းသောကြောင့် "ဥပစ္စကမ္မ" မည်၏ ဟု မဟာဋီကာ ဆရာယူဆသည်။ (၄၁)

ဒွင္ဒိပဋိပဒါ။ ။"ဒွါသဋ္ဌိ ပဋိပဒါ"ဟု ဆိုသင့်လျက် သဘာဝနိရုတ္တိကို မသိသောကြောင့် "ဒွင္ဒိ ပဋိပဒါ"ဟု ဆိုသည်။ သဒ္ဒါဆရာတို့ကား သ-ကို ချေ၊ အ-ကို အာ-ပြု၍ ပြီးသည်ဟု ဆိုကြသေး၏၊ ထိုအဆို မသင့်ပါ၊ ဘာ့ကြောင့်နည်း—သဘာဝနိရုတ္တိ မဟုတ်သော ပါဠိသည် သဘာဝနိရုတ္တိ၊ သုတ်ဖြင့် ပြီးစီးခြင်းမရှိသောကြောင့်တည်း။ (၄၁-၂)

ကေသိ ကမ္ပ။ ။မဟာကပ်တခု၌ အသင်္ချေယျကပ် ၄-ခုရှိရာတွင်တခု သော အသင်္ချေယျကပ်ကို ရည်ရွယ်၍ဆိုသည်။ ထိုအသင်္ချေယျကပ် ၄-မျိုးတွင် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်တခုကိုသာ ရည်ရွယ်၍ "ဒွင္ဒန္တရကပ္ပါ" ဟု ဆိုသည်။ သာသနာပတိတ္ထိတို့၏ အရာမဟုတ်သောကြောင့် သာသနမှု ကို မသိသော တိတ္ထိသည် အခြားကပ် ၂-ပါးကို မသိ၍ "ဒွင္ဒန္တရကပ္ပါ"ဟု ဆိုသည်။ အမှန်မှာ အသင်္ချေယျကပ်တခု၌ အန္တရကပ် ၆၄-ခုရှိသည်။ (၄၂)

ကာဏကေ ပက္ကိပိတွာ။ ။ဗုဒ္ဓသာသနာဝင် ရဟန်းတော်တို့သည် ဆူးနှင့်တူသော ဆန္ဒရာဂနှင့် စပ်ယှဉ်၍စားကြသည်ဟူသော အလိုဖြင့် "ကဏကေ ပက္ခိပိတွာ"ဟု ဆိုသည်။ ရဟန်းတော်များသည် အလွန်ကောင်း သော ပစ္စည်းတို့ကို မှီဝဲကြသည်ဟု မဟာဋီကာ၌ အယူရှိသောကြောင့်၊ အသင့်အား ဖြင့်ရအပ်သော ပစ္စည်းတို့ကို သုံးစွဲပါလေသော်သည်း အာဇီဝကအယူနှင့် ဆန့်ကျင် ဘက်အယူကို ယူသည့်အတွက် ပစ္စည်းတို့၌ ဆူးတို့ကိုထည့်၍ စားသည်ဟုဆိုသည်။

**ဝိပ္ပဋိသာရတာ။** ။အနက်နှင့် အညီကို ထောက်၍ အနီကိုလည်း ပရိသုဒ္ဓ အဖြစ်ဖြင့် ဆိုထိုက်သောကြောင့် စားခြင်း ရေချိုးခြင်းကို ပယ်ခြင်းစသော အကျင့်နှင့် ယှဉ်ရကား ပရိသုဒ္ဓတရ ဖြစ်သည်။ (၄၃)

**တေ ကိုရ ၊ပေ၊ ပဏ္ဍရတရာ။** ။နန္ဒင်းရောင်တို့သည်လည်း ရှေးအရောင်တို့ကို ထောက်၍ စင်ကြယ်ခြင်းသို့ ရောက်သော ကြောင့် အာဇီဝကအယူအားဖြင့် စင်ကြယ်သော စိတ်ရှိရကား အာဇီဝက သာဝကတို့သည် နိဂဏ္ဌတို့ထက်လည်း ပဏ္ဍရတရ ဖြစ်သည်။ (၄၃)

**နန္ဒော ဝစ္ဆော စသည်။** ။နန္ဒ စသူတို့သည် ထိုသို့သဘာဝရှိသော အာဇီဝက ပဋိပတ်ကို အမြတ်ဆုံးသို့ ရောက်စေ၍ တည်သောကြောင့် နိဂဏ္ဌ အာဇီဝကသာဝက ပဗ္ဗဇိတတို့ထက် သာလွန် ဖြူစင်သည်ဟု ယူဆ၍ ပဏ္ဍရတရ ပရမသုက္ကာဘိဇာတိ-ဟု ဆိုသည်။ (၄၃)

**ဝိတ္တိတော ပိ ၊ပေ၊ န ဂစ္ဆတိ။** ။သတ္တဝါ အပေါင်းတို့၏ သံသရာကျင်လည်ရာကာလသည် မြဲသောကြောင့်၊ လူလိမ္မာလည်း မဟာကပ် ၈-သန်း ၄ သိန်း တို့၏ အကြား၌ မစင်ကြယ်နိုင်၊ လူမိုက်လည်း မဟာကပ် ၈-သန်း ၄ သိန်း ထက် လွန်၍ မသွားနိုင်ပါ။ (၄၄)

**အပရိပက္ကံ ပရိပါစေတိ။** ။သံသရာကျင်လည်ကြောင်း ဖြစ်သောကံကို သီလ စသည်ဖြင့် လျင်မြန်စွာ စင်ကြယ်မှုသို့ ရောက်အောင် အားထုတ်ခြင်းသည် အပရိပက္က ဖြစ်သောကံကို ရင့်ကျက်စေသည် မည်၏။ (၄၄-၅)

**ပရိပက္ကံ ဖုဿ ဗျန္တိံ ကရောတိ။** ။ရင့်ကျက်ပြီးသော ကံကို ထိတွေ့၍ ထိတွေ့၍ ရင့်ကျက်သည်၏ အဖြစ်သို့ မရောက်စေပဲ ထိုကံကို အဆုံးအပိုင်းအခြား မရှိအောင် ပြုခြင်းတည်း။ (၄၅)

မက္ခလိဂေါသာလဝါဒ ပြီး၏။

## အဇိတကေသကမ္ဗလဝါဒ

**ဒိန္နသ ဖလာဘာဝံ။** ။ဒိန္နအရ မုချအားဖြင့် အန္နစသော ဝတ္ထုကို ရသည်။ အလှူဝတ္ထုကို မရှိဟု ပယ်လိုမရပေ။ ဒါနဝတ္ထုမှာ အထင်အရှား ရှိသည်သာဖြစ်၍ ဒေယျဓမ္မကို အဦးပြု၍ ပေးလှူကြောင်း ဒါနစေတနာကို ဥပစာအားဖြင့် ယူပြီးလျှင် ထိုစေတနာ၏ အကျိုးမရှိသည်ကို ပယ်လိုသောကြောင့် "နတ္ထိ ဒိန္နံ"ဟု ဆိုသည်။ ဤအဓိပ္ပာယ်ကို "ဒိန္နဿ ဖလာဘာဝံ"ပါဠိဖြင့် အဋ္ဌကထာဆရာ ပြသည်။ (၄၅)

**နတ္ထိ မာတာ ၊ပေ၊ ဖလာဘာဝဝသေန။** ။အမိ အဖ၊ အမိအဖတို့၌ ပြုအပ်သော သက္ကာရ အသက္ကာရကို လောက၌ မျက်မြင် တွေ့နေရသောကြောင့် အမိ အဖ၊ အမိ အဖတို့၌ ပြုအပ်သော သက္ကာရ အသက္ကာရတို့ကို ပယ်သည်မဟုတ်၊ ပြုခြင်း၏အကျိုးကို ပယ်သည်။ (၄၅)

**စဝိတ္ဝာ ဥပပဇ္ဇနကာ သတ္တာ နာမ နတ္ထိ၊** ။ဤသတ္တဝါတို့ ဖြစ်ပေါ်လာမှုသည် သက်သက် အကြောင်းမဖက် ရေပွက်ပမာသာတည်း။ စုတေပြီး၍ လာသောသူမည်သည် မရှိဟူသော အဓိပ္ပာယ်ကို ပြခြင်းငှာ "နတ္ထိ ဩပပါတိကာ သတ္တာ"ဟူ၍ အဇိတဆိုသည်ကို သိစေလို၍ "စဝိတ္ဝာ၊ ပေ၊ နတ္ထိ"ဟု ဖွင့်ပြသည်။ (၄၆)

**ဖလံ ဝိပါကော။** ။အာနိသင်အကျိုး၊ အကျိုးဆက်ကို ဖလ-အရယူ၍ တူသောအကျိုးကို ဝိပါက-အရယူပါ၊ အလှူခံပုဂ္ဂိုလ်၏ အနာဂါမ် ရဟန္တာဖြစ်ခြင်းစသော အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဒါနကြောင့် ရတူးဌာနန္တရစသည်သို့ ရောက်ခြင်းကဲ့သို့သော အကျိုးကို "အာနိသံသဖလ" ဟုခေါ်သည်။ သမ္ဗုဒ္ဓား၏ ပစ္ဆေကဗုဒ္ဓါ အရှင်မြတ်အား ဖိနပ်အလှူကြောင့် သမုဒ္ဒရာ၌ ထောက်တည်ရာလှေကို ရခြင်းကဲ့သို့သော အကျိုးဆက်သည် "နိဿန္ဒဖလ" မည်၏။ ပဋိသန္ဓေဟု ဆိုအပ်သော တူသော အကျိုးသည် "ဝိပါက" မည်၏။ (၄၅)

**ယေ ဣမဥ္စ လောကံ ၊ပေ၊ ပဝေဒေန္တိ။** ။ရဟန်းမည်သည် ဟုတ်မှန်စွာ သိသော် မည်သူအားမျှမည်သို့သော တရားကိုမျှ မဟောပဲ နှုတ်ကို စောင့်စည်းလျက် နေသင့်သည်၊ ဤသို့ မစောင့်စည်းလျှင် လူစွမ်းပြရာ ရောက်သည်၊ မှန်၏–အခြားသူတယောက်သည် အခြားသူတယောက်အတွက် ဘာအကျိုးကို လုပ်ပေးနိုင်လတ္တံ့နည်း၊ ဘာမျှ

လုပ်မပေးနိုင်၊ ထိုထိုဘဝ၌ပင် ပြတ်သောကြောင့် မိမိသည် ငြိမ်းစေမှုဟူသော တစုံတခု၏ မှီရာပင် မဖြစ်နိုင်၊ ဤအနက်ကို ရည်၍ "ယေ ဣမေ ၊ပေ၊ ပဝေဒေန္တိ"ဟု ဆိုသည်။ [ဘာ၊ ဋီ၊ ဒု ၃၄၉-၌ မြန်မာပြန်ပုံနှင့် အနည်းငယ် မတူပါ။] (၄၆)

ဥပေတိ ဥပဂစ္ဆတိ။ ။ဗဟိဒ္ဓပထဝီ အပေါင်းမှ အစိတ်ဖြစ်သော ပထဝီသည် လာ၍ အဇ္ဈတ္တိက ပထဝီအဖြစ်သို့ ရောက်ကာ သတ္တဝါ အဖြစ်ဖြင့် တည်သည်၊ ထိုပထဝီသည် အိုးစသော ပထဝီကဲ့သို့ သေရာအခါ၌ အပေါင်းဖြစ်သော ဗဟိဒ္ဓပထဝီသို့သာ ပြန်၍ ကပ်ရောက်လေသည်။ အလုံး စုံသော အခြင်းအရာအားဖြင့် သတ္တဝါ သန္တာန်၌ ဖြစ်သော ပထဝီသည် ဗဟိဒ္ဓပထဝီနှင့် မထူးမခြား တသားတည်းပင်ဟု ဆိုလိုသည်။ (၄၆)

**အာပေါဒိသု ေသေ၀ နယော။** ။မိုးသည် သမုဒ္ဒရာမှ ရေကိုယူ၍ မိုးရွာ သွန်းခြင်းဖြင့် သမုဒ္ဒရာ သို့သာ ပြန်၍ သွားသကဲ့သို့ ဗဟိဒ္ဓအာပေါမှ တစိတ်တပိုင်းခွဲ၍ ခန္ဓာကိုယ် အဇ္ဈတ္တသန္တာန်သို့ သတ္တဝါအဖြစ်ဖြင့် ရောက်လာသော အာပေါဓာတ်သည် ကွယ်လွန်သောအခါ မူလဖြစ်သော ဗဟိဒ္ဓအာပေါဓာတ်သို့ ပြန်၍ ပေါင်းဆုံသည်။

နေရောင်ခြည်မှ ယူအပ်သော မီးကြိုး လောင်မီးသည် နေရောင်ခြည်နှင့် ပေါင်းမိသကဲ့သို့ ဗဟိဒ္ဓတေဇောဓာတ်မှ သတ္တဝါအဖြစ်ဖြင့် ခန္ဓာကိုယ်အဇ္ဈတ္တ သန္တာန်သို့ ရောက်လာသော တေဇောသည် ကွယ်လွန်သောအခါ ဗဟိဒ္ဓ တေဇောသို့ ပြန်၍ ပေါင်းဆုံသည်။

လေထုမှထွက်လာသော ဝါယောဓာတ်သည် မူလလေထုသို့ ပြန်၍သွား သကဲ့သို့ ဗဟိဒ္ဓဝါယောမှ သတ္တဝါအဖြစ်ဖြင့် ခန္ဓာကိုယ်အဇ္ဈတ္တသို့ ရောက် လာသော ဝါယောဓာတ်သည် ကွယ်လွန်သောအခါ ဗဟိဒ္ဓဝါယောဓာတ်သို့ ပြန်၍ ပေါင်းဆုံသည်။ ဤကား အဇိတဆရာ၏ ကြံဆချက်မျှဖြင့် ဆိုလို ပုံတည်း။ (၄၆)

ပါဟုနကသက္ကာရာဒိဘေဒံ ဒိန္နဒါနံ။ ။ဤပဒ်ဖြင့် "ဒိန္နံ ယိဋ္ဌံ ဟုတံ"ဟု ဆိုအပ်သော အပြားရှိသော ဒါန အားလုံးကို "အာဟုတိ"သဒ္ဒါဖြင့် ယူပါဟု ပြသည်။ (၄၇)

**တိတ္တိဆရာသုံးဦး။** ။(၁) ပူရဏဆရာသည် အကိရိယဝါဒီ ဖြစ်ေသာကြောင့် ကံကို ပယ်သည်။

(၂) အဇိတဆရာသည် အချင်းခပ်သိမ်း နောင်အခါ၌ ဖြစ်ခြင်းကို ပယ်သောကြောင့် အာနိသံသဖလ နိဿန္ဒဖလ သဒိသဖလ ဟူသော အကျိုးသုံးမျိုးလုံးကို ပယ်သည်။

(၃) မက္ခလိဆရာသည် အလုံးစုံသော အခြင်းအရာအားဖြင့် အကြောင်းတရားကို ပယ်ခြင်းဖြင့်ပင် အကျိုးတရားကိုလည်း ပယ်ရာရောက်သောကြောင့် ကံနှင့်အကျိုး နှစ်မျိုးစုံကို ပယ်သည်မည်၏၊

ထိုဆရာသုံးမျိုးတို့တွင် အကြောင်းကံကို ပယ်သောဆရာသည်လည်း ကံမရှိသော် အကျိုးမရှိသောကြောင့် အကျိုးကိုပါ ပယ်ရာရောက်သည်။ အကျိုးတရားကို ပယ်သောဆရာသည်လည်း အကျိုးမရှိသော် ကံသည် အကျိုးမရှိသည့်အဖြစ်သို့ ရောက်သောကြောင့် ကံကိုပါ ပယ်ရာရောက်သည်။ ဤသို့လျှင် တိတ္ထိဆရာ သုံးဦးလုံးပင် အကြောင်းအကျိုး နှစ်မျိုးစုံကို ပယ်ရာရောက်၍ သုံးဦးလုံးပင် ကံ အကျိုး နှစ်မျိုးစုံကို ပယ်သောကြောင့် အဟေတုကဝါဒ၊ ကံကိုပယ်သောကြောင့် အကိရိယဝါဒ၊ အကျိုးကိုပယ်သောကြောင့် နတ္ထိကဝါဒရှိသူများ ဖြစ်ကြသည်။ ချဲ့ဦးအံ့-အကျိုးကိုပယ်သောကြောင့် နတ္ထိကဒိဋ္ဌိကမည်သော ဥစ္ဆေဒဝါဒီသည် အနက်သဘောအားဖြင့် ကံကိုပယ်သောကြောင့် အကိရိယဒိဋ္ဌိကလည်း ဖြစ်၊ ကံအကျိုး နှစ်မျိုးစုံကို ပယ်သောကြောင့် အဟေတုကဒိဋ္ဌိ ကလည်း ဖြစ်သည်။ (၄၇)

**မိစ္ဆာသတိ။** ။မိစ္ဆာအယူနှင့် တကွ ဖြစ်သော တဏှာသည် မှားယွင်းစွာ အမှတ်ရမှုကို ဖြစ်စေတတ်သောကြောင့် မိစ္ဆာသတိမည်၏။ အရကား-တဏှာပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်တည်း။ (၄၈)

**စိတ္တံ ကေဂ္ဂံ ဟောတိ။** ။စိတ္တံ ကေဂ္ဂံ-ဟု စိတ်ကို ခေါင်းတပ်ထားသော်လည်း မိစ္ဆာသမာဓိကိုပင် ဆိုလို၏။ ထိုမိစ္ဆာသမာဓိလည်း သမ္မာသမာဓိကဲ့သို့ မိစ္ဆာဝိတက် စသော ဈာန်အင်္ဂါအကြောင်း အထူးတို့ကြောင့် ဘာဝနာ အားရှိလာသောအခါ မှားသောအာရုံကို ကြံစည်ရာ၌လည်း တည်ကြည်ခြင်း ကိစ္စအတုကို ပြုနိုင်သည်သာ။ ဥပမာ-သားမြီးဖျားကို မှန်အောင်ပစ်သော လေးသမား၏ မြားကိုချိန်နေရာအခါ၌ မိစ္ဆာသမာဓိက တည်အောင် တည့်အောင် ပြုပေးသကဲ့သို့တည်း။ [ဘာသာဋီကာမှ]

**ပဌမဇဝနေ ပေ ဒုတိယာဒီသု။** ။"ဇော ၇-ကြိမ်တွင် ပဌမဇောမှ စ၍ ဆဋ္ဌဇောတိုင်အောင် ထိုမိစ္ဆာ အယူမှ ကင်းလွတ်အောင် ကုစားနိုင်သေး၏"ဟူသော စကားသည် တရားတို့၏ ထုံးစံ

ကို ပြနေသောစကားသာတည်း။ အမှန်မှာ ဇောစောရာခဏ၌ မိစ္ဆာအယူရှိသူတို့ကို အဘယ်သူမှ ဆေးကုသမှု ပြုဖို့ရာ မတတ်နိုင်ပါ။ အဘယ့်ကြောင့်နည်း— ထိုဥမဇော စသည်တို့၌ပင် ရပ်တန့်၍ မချွတ် ဖြစ်လတံ့သော သတ္တမဇောကို တားမြစ်ခြင်ငှာ မစွမ်းနိုင်သောကြောင့်လည်းကောင်း၊ လျင်မြန်စွာ ဖြစ်လေ့ရှိသော စိတ်အကြိမ်၌ ဆုံးမသွန်သင်ခြင်းအစွမ်းဖြင့် ဆေးကုသမှု မဖြစ်နိုင်သောကြောင့်လည်းကောင်းတည်း။ (ဗုဒ္ဓါနုမိ အဘောကိစ္စာအနိဝဏ္ဏနော) (၄၀-၉)

ကောဓိ ကော ဒဿနံ ပေ၊ တိဏ်ပိ။ ။မိစ္ဆာအယူတခု၌သာ နှလုံးသွင်းမှုနှင့် အာသေဝန ဖြစ်ဖူးသူသည် မိစ္ဆာအယူတခုကိုသာ ယူ၏။ မိစ္ဆာအယူနှစ်ခု၌ နှလုံးသွင်းမှုနှင့် အာသေဝန ဖြစ်ဖူးသူသည် မိစ္ဆာအယူနှစ်ခုကိုသာယူ၏။ မိစ္ဆာအယူသုံးခု၌နှလုံးသွင်းမှုနှင့် အာသေဝနဖြစ်ဖူးသူသည် မိစ္ဆာအယူသုံးခုကိုသာ ယူ၏။ (၄၉)

ဝဋ္ဋခါဏု နာမေသ သတ္တော။ ။ဤစကားသည် နေယျတ္ထ စကားတည်း။ နီတတ္ထ စကားမဟုတ်ပါ။ မှန်၏—မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ "ဘဝတခု၌သာ မြဲသလော၊ သို့မဟုတ် အခြားဘဝများ၌လည်း မြဲသလော" ဟု ပုစ္ဆာထုတ်၍ "တဘဝ၌သာမြဲသည်၊ သို့သော် အာသေဝနအစွမ်းကြောင့် ဘဝတပါး၌လည်း ထိုထိုမိစ္ဆာအယူကို နှစ်သက်တတ်သည်သာ" ဟု ဖြေဆိုထားသည်။ တဘဝ၌သာ မြဲသည်ဟု ဆိုရခြင်းမှာ အကုသိုလ်မည်သည် အားနည်းသောတရားဖြစ်၍ ကုသိုလ်ကဲ့သို့ အားကြီးသောတရားမဟုတ်သောကြောင့်တည်း။ ဤသို့ မယူဆလျှင် သမ္မတ္တနိယာမကဲ့သို့ပင် မိစ္ဆတ္တနိယာမလည်း အစ္စန္တိကဖြစ်ပေလိမ့်မည်။ အမှန်မှာ မိစ္ဆတ္တနိယာမသည် အစ္စန္တိက မဖြစ်ပါ။

ဤသို့ဖြစ်သော် ဝဋ္ဋခါဏု-ဟုဆိုခြင်းသည် အဘယ်သို့ သင့်အံ့နည်း—ဟု မေးဖွယ်ရှိ၏။ အာသေဝနအစွမ်းကြောင့် စသည်ဖြင့် ဖြေပါ။

မိစ္ဆာအယူယူခြင်း၏ အကြောင်းဖြစ်သော မကောင်းသောတရားများနှင့် မတူသော ဆန့်ကျင်ဘက်ဖြစ်သော သူတော်ကောင်းတရားတို့ကိုစွဲ၍ မိစ္ဆာအယူမှ လွတ်နိုင်ပါသေးသည်၊ မလွတ်နိုင်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် "ဝေဠုပဿဟိ ယေဘုယျေန ဘဝတော ဝုဋ္ဌာနံ နာမ နတ္ထိ" ဟု "ယေဘုယျေန" သဒ္ဒါကို မိန့်ဆိုသည်။ ဤသို့ အာသေဝနအစွမ်းကြောင့် ဘဝတပါး၌လည်း ထိုထိုမိစ္ဆာအယူကို နှစ်သက်တတ်သောကြောင့် များသောအားဖြင့် မိစ္ဆာအယူရှိသူမှာ ဘဝမှ ထမြောက်မှုမရှိနိုင်၊ ထို့ကြောင့် ဝဋ္ဋခါဏုက အမည်ရပါသည်။

မိစ္ဆတ္တနိယာမသည် အစ္စန္တိကဖြစ်သောကြောင့် ဝဋ္ဋခါဏုက အမည် ရသည် မဟုတ်ပါ။ ဤသို့ ထုတ်ဆောင်၍ သိအပ်သော အနက်ရှိသောကြောင့် "ဝဋ္ဋခါဏု နာမေသ သတ္တော" ဟူသောစကားကို နေယျတ္ထစကားဟု မှတ်။ (၄၉-၅၀)

တသ္မာ စသောဂါထာ။ ။မိစ္ဆာဒိဋ္ဌိ၏ လွန်ကဲသော အပြစ် ရှိကြောင်းကို အမှတ်ရသဖြင့် စာသင်သားတို့အား သတိပေးလို၍ ဤဂါထာကို ဆိုသည် (တသ္မာ၊ ထိုသို့ မိစ္ဆာအယူ၏ သံသာရခါဏု၏အကြောင်း မချွတ်မယွင်းဖြစ်နိုင်ခြင်းကြောင့်-ဟု ပေးပါ။) (၅၀)

---

ပကုဓကစ္စာယနဝါဒ

ဝဓ္ဓျာ။ ။မြဲသော သတ္တဝါ မြဲသော ထန်းပင် စသည်တို့သည် တစုံတခု သော အကျိုးကိုမျှ မဖြစ်စေတတ်သကဲ့သို့ ပထဝီကာယစသည် တို့၏ ရူပသဒ္ဒစသည်တို့ကို ဖြစ်စေတတ်သည်၏ အဖြစ်ကို ပယ်သည်။ (၅၁)

ကူဋဋ္ဌာ။ ။တောင်ထွတ်ကို ဘယ်သူမျှ မဖြစ်စေအပ်သကဲ့သို့သတ္တဝါအပေါင်း ကိုလည်း အဘယ်သူကမျှ ဖြစ်စေအပ်သည်မဟုတ်ပါ၊ သတ္တဝါ အပေါင်းတို့ကလည်း အဘယ်ကိုမျှ မဖြစ်စေနိုင်ကြပါ။ (၅၁)

ဧသိကဋ္ဌာယိဋ္ဌိတာ။ ။မျိုးမှ ဖြစ်သည်ဟု ဆိုအပ်သော အညွန့်စသောအရာ ဝတ္ထုသည် ထိုမျိုးထဲ၌ နဂိုရှိသည်သာဖြစ်၍ ထွက်လာ ၏၊ 'နဂိုက မရှိပဲ ထွက်လာသည်မဟုတ်၊ ဤအတူ ကာယ ၇-ပါးတို့သည် နဂိုက ရှိ၍သာဖြစ်သည်၊ နဂိုကမရှိပဲ ထွက်လာသည်' မဟုတ်ကြ၊ [ဘာ-ဋီ-ဒု ၃၆၁-၌ မြန်မာပြန်ပုံနှင့် အနည်းငယ်ကွဲပါသည်။]

နာလံ။ ။ဖောက်ပြန်မှုသို့ ရောက်စေအပ်လျှင် ဥပဃာတကအဖြစ် ဖြစ်ရာ၏၊ ချီးမြှောက်ထိုက်သည်၏ အဖြစ်ရှိလျှင် အနုဂ္ဂဟကအဖြစ်လည်း ရှိရာ၏၊ ဤသို့ ဥပဃာတက အနုဂ္ဂဟကအဖြစ် မရှိခြင်းကို ပြခြင်းငှာ

ပါဠိတော်၌ "နာလံ"စသည်ကို ဆိုသည်။ [ဋီထဝိယော ကာယောကဒေသတ္တာ ပထဝီ ကာယော ယထာ "သမုဒ္ဒေါ ဒိဋ္ဌော"တိ] (၅၁)

**သတ္တန္နံ ဧတွေ ကာယာနံ။** ။ဇီဝလျှင် ၇-ခုမြောက်ရှိသော ကာယတို့သည် မြဲသည့်အတွက် ဖောက်ပြန်မှုမရှိသောကြောင့် သတ်ထိုက်သည်၏အဖြစ်၊ သတ်စေထိုက်သည်၏ အဖြစ်မရှိပါ၊ ထို့ကြောင့် သတ်သူ သတ်အပ်သူမရှိသည်ကို ပြခြင်းငှာ ပါဠိတော်၌ "သတ္တန္နံ ဧတွေ ကာယာနံ" စသည်ကို အစီတဆိုသည်။ (၅၁)

**သညာမတ္တမေဝ။** ။ငါသည် ဤပုဂ္ဂိုလ်ကို သတ်၏ ဟူ၍ သတ္တဝါတို့၏ အထင်မျှသာ၊ ကာယတို့သည် မပျက်စီးသောကြောင့် သတ်ခြင်း စသည်တို့ကား ပရမတ္ထအားဖြင့် မရှိသည်သာတည်း။ ထို့ကြောင့် "သညာမတ္တမေဝ"ဟု ဆိုသည်။

---

နိဂဏ္ဌနာဋပုတ္တဝါဒ

**သဗ္ဗဝါရိယုတ္တော စသော ဥပုဒ်အထူး။**

(၁) သဗ္ဗဝါရိယုတ္တောဖြင့် သံဝရလက္ခဏာမျှကိုသာ ဆိုသည်။
(၂) သဗ္ဗဝါရိဓုတောဖြင့် ပါပနိဇ္ဇရလက္ခဏာကို ဆိုသည်။
(၃) သဗ္ဗဝါရိဖုဋ္ဌောဖြင့် ကမ္မက္ခယလက္ခဏာကို ဆိုသည်။
(ဘာ-ဋီ- ဒု ၃၆၆-၌ အကျယ်ရှင်းချက်ပါရှိပါသည်။) (၅၂)

**ဂတတ္တော စသည်။** ။"ဒွေယောဝ ဂတိယော ဘဝန္တိ အနညာ" စသည် တို့၌ကဲ့သို့ ဂမုဓာတ်သည် နိဋ္ဌာနအနက်ရှိသောကြောင့် ဂတတ္တော-ကို "ကောဋိပ္ပတ္တစိတ္တော"ဟု ဖွင့်သည်။ လွတ်မြောက်မှုကို ရသော အားဖြင့် မြတ်သော အပိုင်းအခြားသို့ ရောက်သော စိတ်ရှိ၏ဟု ဆိုလိုသည်၊ "ယတတ္တော၊ ကာယ စသော ဣန္ဒြေတို့၌ စောင့်စည်းစရာ မရှိသောကြောင့်

စောင့်စည်းပြီးသော စိတ်ရှိ၏။ ဂုတ္တစိတ္တော၊ ကြွင်းကျန်သော စောင့်စည်းစရာ မရှိသောကြောင့် ကောင်းစွာတည်ပြီးသော စိတ်ရှိ၏။ (၅၂)

ကိဥ္စိသာသနာနုလောမမ္ပိ ၊ပေ၊ ဒိဋ္ဌိယေဝ ဇာတာ။ ။မကောင်းမှုပယ်ရှား တားမြစ်ခြင်းကို ရည်ရွယ်၍ အနည်းငယ်သော သာသနာတော်အား လျော်သော အကျင့်ရှိသည် ဟုဆိုသည်။ အသက်ကောင်ရှိ၏၊ ထိုအသက်ကောင်သည် ရံခါမြဲ၍ ရံခါမမြဲ ဤသို့စသော ညစ်နွမ်းသော အယူရှိသောကြောင့် ကမ္မပကာတိဝိဘာဂ စသော နံဗျာနက္ခန္တိ မှန်သမျှသည် မိစ္ဆာဒိဋ္ဌိချည်း ဖြစ်ရသည်။ (၅၂)

---

## သဥ္စယဗေလဋ္ဌပုတ္တဝါဒ

သဥ္စယဝါဒေ အမရာဝိက္ခေပေ ဝုတ္တနယော ဧဝ။ ။ဗြဟ္မဇာလသုတ် အမရာဝိက္ခေပဝါဒအဖွင့်၌ ဆိုအပ်ပြီးသော နည်းရှိသည်သာ။ ဘာ့ကြောင့်နည်း—ဝိက္ခေပအဖြေ ဖြစ်သောကြောင့်လည်းကောင်း၊ ထိုအတိုင်းပင် ထိုဗြဟ္မဇာလသုတ်၌ ဝိက္ခေပဝါဒ လာသောကြောင့်လည်းကောင်းတည်း။ (၅၃)

---

## ပဌမသန္ဒိဋ္ဌိကသာမညဖလ

ဝါလုကံ ပီဠေတွာ။ ။ဤပါဠိဖြင့် အဇာတသတ်မင်း၏ နှလုံးသွင်းကို အဋ္ဌကထာ ဆရာဆိုသည်၊ မှန်၏—ဆိုသူ၏ နှလုံးသွင်းအစွမ်းဖြင့် နေရာတိုင်းမှာ အနက်ကို ဆုံးဖြတ်ရသည်၊ အဋ္ဌကထာ ဆရာတို့သည် ဆိုသောပုဂ္ဂိုလ်၏ နှလုံးသွင်းကိုလည်း သိကြသည်၊အဆက်အဆက်

ဆောင်အပ်သော အနက် အဓိပ္ပာယ်ကိုလည်း မဆန့်ကျင်အောင် ယူဘတ်ကြ ပါသည်၊ ထို့ကြောင့် နေရာတိုင်းမှာ ဆိုခွင့်ရကာမျှဖြင့် အနက်ကို မဖွင့်ဆိုကြ၊ အမှန်မှာ ကာယကံရှင်တို့၏ ဆိုလိုချက်အစွမ်းဖြင့် အနက်ကို ဖွင့်ဆိုသည်ဟု မှတ်ပါ။

**ယထာ တေ ရုစ္စေယျ။** ။(အတ္တော၊ ငါမေးအပ်သော အနက်ကို။) ယထာ၊ ဖြင့်။တေ၊ သင်၏စိတ်၌၊ ဝါ-သင်သည်။ ရုစ္စေယျ၊ နှစ်သက်အပ်ရာ၏။ တနည်း—(အတ္တံ၊ ငါမေးအပ်သော အနက်ကို)။ တေ သင့်အား။ ရုစ္စေယျ၊ နှစ်သက်ရာ၏။

**အနလသော စသည်။** ။အချို့သူသည် ကျွန်ဖြစ်ပါသော်လည်း ပျင်း၍ အလုပ်မလုပ်၊ ထိုသူကို "ကမ္မကာရ"ဟု မဆို နိုင်ပါ၊ ဤကျွန်ကား မပျင်းမရိ အလုပ်လုပ်သူသာ ဖြစ်၏ဟုသိစေလို၍ "ကမ္မ ကာရော"ဟူသော ဝိသေသနကိုဆိုသည်၊ ထို့ကြောင့် "အနလသော"စသည် ကိုမိန့်။

**ပုဗ္ဗုဋ္ဌာယီ။** ။အဋ္ဌကထာ၌ နှစ်နည်းဖွင့်၏၊ ပဌမနည်းဖြင့် အဝေးမှ အရှင် သခင်လာနေသည်ကိုမြင်လျှင် မိမိအနီးသို့ အရှင်သခင်မရောက် မီ ရှိသေလေးစားသောအားဖြင့် နေရာမှ ထသူကိုပြ၏၊ ဒုတိယနည်း၌ အရှင် သခင်အိပ်ရာမှ မထမီ အိပ်ရာမှ ထသူကိုပြသည်။

**ယာဝ သာမိနော ရတ္တိံ နိဒ္ဒေါက္ကမနံ။** ။လွန်ပြီးညဉ့်၏ မိုးသောက်ယာမ်နှင့် လာလတ္တံ့ညဉ့်၏ ညဉ့်ဦးယာမ် အတွင်း၌ လုပ်စရာရှိသမျှ ကိစ္စအားလုံးကို လုပ်ပြီးမှ အိပ်သည်ဟု ဆိုလိုသည်။ (၁၃)

**သာမိနော တုဋ္ဌုပဟာဠံ။** ။ဤပါဠိဖြင့် စိတ်ဆိုးနေသော အရှင်သခင်၏ မျက်နှာကို ကြည့်ဖို့ရာ မရဲဝံ့ဟူသော အဓိပ္ပာယ်ကို ပြသည်။

**ဒေဝေါဝိယ။** ။အကြီးအကဲဖြစ်ခြင်း၊ အခြံအရံများခြင်း စသော ဂုဏ်ထူး တို့နှင့် ပြည့်စုံသော ပဓာန နတ်ကဲ့သို့၊ ပါဠိတော်လာ "မညေ" သဒ္ဒါကို "ဝိယ"ဟု ဖွင့်သည်။ မညေ-သဒ္ဒါ ဥပမာအနက်ဟောဟု သိပါ။ (၁၄)

သော ဝတဿာဟံ။ ။သော ဝတ၊ ထိုမင်းကဲ့သို့။ အဟံ၊ သည်။ အဿံ၊ ဖြစ်ရာ၏။ တနည်း-သော၊ ထိုမင်းသည်။ အဿ၊ ဖြစ်သကဲ့သို့။ အဟံ၊ ငါသည်လည်း။ ဝတ၊ စင်စစ်။ အဿံ၊ ဖြစ်ရာ၏။ "သော ဝတဿာယံ"ဟု ရှိသော်- သောဝတ၊ ထိုမင်းကဲ့သို့။ အယံ အဟံပိ၊ ဤငါ သည်လည်း။ အဿံ၊ ဖြစ်ရာ၏ဟု ပေးပါ။(၅၄)

ပုညာနိ။ ။အလွန်မွန်မြတ်သော ကောင်းမှုကို ရည်ရွယ်၍ ဆိုသည်ဟု သိပါ၊ ဘာ့ကြောင့်နည်း-အခြားအခါများ၌ပြုအပ်သော ကောင်းမှုထက် မြတ်သော ရှင်ရဟန်းအဖြစ်ကို အလိုရှိအပ်သောကြောင့်တည်း။

ကာယေန ပိဟိတော စသည်။ ။ကာယေန ပိဟိတော-ကိုယ်ဖြင့် စောင့်စည်း ထိုက်သော ကာယဒွါရဖြင့် ဖြစ်ခြင်းရှိသော အကုသိုလ်တရားကို စောင့်စည်းခြင်းအစွမ်းဖြင့် ပိတ်သည်။ အကုသလပဝေ- သနဒွါရ၊ ကာယကံအကုသိုလ်တရားတို့၏ ဝင်ကြောင်းဖြစ်သော ကာယဝိညတ် ဟု ဆိုအပ်သော ဒွါရကို။ နိဗ္ဗုပမိန်း၊ ကိလေသူပမိ အဘိသင်္ခါရူပမိတို့မှ စင်စစ် ကင်းကုန်သော။ နေက္ခမ္မာဘိရတာနံ၊ ချွန်၌ အလွန်မွေ့လျော်ကုန်သော။ ဧကော ဝိဟရတိ၊ ပုဂ္ဂိုလ်အဖော်မပါပဲ တယောက်တည်း နေ၏။

ဝိဝေကပြောနည်း။ ။ကာယဝိဝေကကို ပြောလျှင် အခြားဝိဝေကနှစ်ပါး ပြီးသော် ကာယဝိဝေကလည်း ပြီးသောကြောင့် အခြား ဝိဝေကနှစ်ပါးနှင့် တွဲ၍လည်း ပြောနိုင်၏။ ကာယဝိဝေက ပြီးသော်လည်း အခြားဝိဝေကနှစ်ပါး မပြီးနိုင်သောကြောင့် အခြားဝိဝေကနှစ်ပါးနှင့် ခွဲ၍ လည်း ပြောနိုင်သည်။ (စိတ္တဝိဝေကလည်း နည်းတူ) ဥပဓိဝိဝေကကို ပြောသော် ကား အခြားဝိဝေကနှစ်ပါးနှင့် တွဲ၍သာ ပြောရမည်၊ ခွဲ၍ မပြောရ။ ဘာ့ ကြောင့်နည်း-အခြားဝိဝေကနှစ်ပါးပြီးမှ ဥပဓိဝိဝေကပြီးသောကြောင့်တည်း။ (၅၅)

ဖလသမာပတ္တိံ ဝါ နိရောဓသမာပတ္တိံ ဝါ။ ။မဂ်သည် စိတ္တက္ခဏတချက် မျှ ဖြစ်ရသောကြောင့် လည်းကောင်း၊ ဂေါတြဘူ စသည်တို့သည် နိဗ္ဗာန်ကို အာရုံပြုကာမျှ ဖြစ်သော ကြောင့်လည်းကောင်း၊ မဂ် ဂေါတြဘူ စသည်တို့၏ အစွမ်းဖြင့် နိဗ္ဗာန်ချမ်းသာ ကို တွေ့ထိခြင်းသည် လွန်ကဲမှုမရှိပါ၊ ဖလသမာပတ် နိရောဓသမာပတ်တို့၏ အစွမ်းဖြင့် နိဗ္ဗာန်ချမ်းသာကို တွေ့ထိခြင်းသည်သာ လွန်ကဲမှုရှိပါသည်။ ထို့ ကြောင့်"ဖလသမာပတ္တိံ ဝါ နိရောဓသမာပတ္တိံ ဝါ"ဟုမိန့်သည်။ (ပဝိသိတွာ၊ ဝင်စားခြင်းအစွမ်းဖြင့် အတွင်းဝင်၍။)

**နိဗ္ဗာနံ ပတ္တာ**။ ။ဥဿုက္ကဝစနမေတံ၊ အာရုံပြုခြင်းဖြင့်လည်းကောင်း၊ စိတ်စေတသိက်တို့၏ ချုပ်ခြင်း ဖြင့်လည်းကောင်း နိဗ္ဗာန်သို့ရောက်ခြင်းကို အလိုရှိအပ်သောကြောင့်တည်း။ (၅၅)

**ရက္ခာဂုတ္တိနှင့် အာဝရဏဂုတ္တိ အထူး**။ ။ဖြစ်သတ္တံ့သော အကျိုးမဲ့ကို မဖြစ်ပေါ်အောင် စောင့်ရှောက်ခြင်းသည် "ရက္ခာဂုတ္တိ"မည်၍ ဖြစ်ဆဲ အကျိုးမဲ့ကို တားမြစ်သော အားဖြင့် စောင့်ရှောက်ခြင်းသည် "အာဝရဏဂုတ္တိ"မည်၏။ (၅၆)

**ပဥ္စမ**။ ။ဒုတိယကို ထောက်၍ ပဉ္စမဖြစ်သည်၊ ထို့ကြောင့် "ပဉ္စမံ"ဟု ဟောတော်မူသော ဘုရားရှင်သည် အခြားသော သာမညဖလများလည်း ရှိသေးကြောင်းကို ထင်ရှားပြတော်မူသည်။ အဇာတသတ်ဘုရင်လည်း ထိုအကြောင်းကိုပင် ယူ၍ မေးလျှောက်သည်။

---

## ပဏီတတရသာမညဖလ

**သာမညဖလံ ဒိပေတုံ ပဟောတိ**။ ။ဘုရားရှင်သည် အဆုံးမရှိသော ပဋိဘာန်ဉာဏ်တော်ရှိသည့်အတွက် ထူးဆန်းသော နည်းရှိသော ဒေသနာရှင် ဖြစ်တော်မူသောကြောင့် တနေ့တညဉ့်လုံးသော်လည်းကောင်း၊ ထို့ထက်အလွန်သော်လည်းကောင်း အလားတူ ဥပမာများဖြင့် သာမညဖလကို ပြခြင်းငှာ စွမ်းနိုင်တော်မူပါသည်။ (၅၇)

**ပရိယန္တံ နာမ နတ္ထိ**။ ။အဆုံးမရှိသော နည်းရှိသော ဒေသနာရှင်ဖြစ်သောကြောင့် ဘုရားစကားတော်ကို ကြားနာရခြင်း၌ အဆုံးမရှိနိုင်ပါ၊ တနည်း—ကြားနာရခြင်း၌ မတင်းတိမ်မရောင့်ရဲရကား တိုး၍ တိုး၍ နာယူလိုမှု ဖြစ်သောကြောင့် နာယူလိုခြင်းမှာ အဆုံးမရှိပါ။

**အာဏတ္တိနှင့် အာယာစန အထူး**။ ။အာဏာရှိသူ၏ တိုက်တွန်းခြင်းသည် "အာဏတ္တိ"မည်၍ အာဏာမရှိသူ၏ တိုက်တွန်းခြင်းသည် "အာယာစန"မည်၏။ (၅၈)

**မနသိ ကရောဟိ။** ။ဤနေရာ၌ မနသိကာရသည် အာရုံကို ဖြောင့်အောင် ပြုခြင်း လက္ခဏာရှိသော မနသိကာရစေတသိက် မဟုတ်ပါ၊ အမှန်မှာ ဝီထိပဋိပါဒနမနသိကာရ ရှေ့သွားရှိသော စိတ်၌ထားခြင်းလက္ခဏာရှိသော သောတဒွါရဝီထိနှင့် ဇဝနပဋိပါဒနမနသိကာရ ရှေ့သွားရှိသောစိတ်၌ ထားခြင်းလက္ခဏာရှိသော မနောဒွါရဝီထိ အစဉ်များတည်း။ ဤအဓိပ္ပာယ်ကို ပြလို၍ "အာဝဇ္ဇ၊ သမန္နာဟရ" ဟု ဖွင့်သည်။

**နိသာမေဟိ စသည်။** ။နိသာမေဟိ၊ အနဂ္ဃရတနာကို ရွှေသေတ္တာ၌ သိမ်းဆည်းထားသကဲ့သို့ ဒုလ္လဘတရားရတနာကို စိတ်တည်းဟူသော ရွှေသေတ္တာ၌ သိမ်းဆည်းလော့။သောတိန္ဒြိယဝိက္ခေပဝါရဏ=သုဏောဟိ-ဟု ကြားနာဖို့ရန် တိုက်တွန်းခြင်း အစွမ်းဖြင့် ကြားနာခြင်းကြိယာမှတပါးသော မြင်ခြင်းနမ်းခြင်း စသောကြိယာများကို တားမြစ်သောကြောင့် သုဏောဟိ-သည် သောတိန္ဒြေ၏ ပျံ့လွင့်ခြင်းကို တားမြစ်သော သဒ္ဒါဖြစ်သည်။ ထိုသုဏောဟိ-ပါဌ်ဖြင့် နားထောင်လော့ဟူသော အနက်ကိုပြသည်။ မနိန္ဒြိယဝိက္ခေပဝါရဏ="သာဓုကံ မနသိကရောဟိ" ဟု နှလုံးသွင်းမှု၌ မြဲမြံအောင် တိုက်တွန်းခြင်းဖြင့် အခြားအာရုံ၌ ကြံစည်မှုကို တားမြစ်သောကြောင့် "သာဓုကံ မနသိကရောဟိ" သည် မနိန္ဒြေ၏ ပျံ့လွင့်မှုကို တားမြစ်ကြောင်း သဒ္ဒါဖြစ်သည်၊ ဗျဉ္ဇနဝိပလ္လာသဂ္ဂါဟဝါရဏ-သာဓုကံ-ဟုအထူးပြု၍ ဟောတော်မူသောကြောင့် သုဏောဟိ-သဒ္ဒါသည် သဒ္ဒါကို ဖောက်ဖောက်ပြန်ပြန် ယူခြင်းကို တားမြစ်ကြောင်း သဒ္ဒါဖြစ်သည်၊ အတ္ထဝိပလ္လာသဂ္ဂါဟဝါရဏ၌လည်း နည်းတူသိပါ။ (၅၉/၆၀)

**ဝဝံ ဝုတ္တေ ဥဿာဟဇာတော။** ။ဘုရားရှင်သည် ဘာသိဿာမိ-ဟု မိန့်တော်မူသော် ဘုရားရှင်သည် အကျဉ်းအားဖြင့်သာ တရားတော်ကို ဟောတော်မူမည် မဟုတ်၊ စင်စစ်အားဖြင့် အကျယ်အားဖြင့်သည်း ဟောတော်မူမည်ဟု ဘာသိဿာမိ-ပုဒ်ကို ကြားရသောကြောင့်ပင် အားတက်ကာ ရွှင်လန်းနှစ်သက်နေသည်၊ ဤကား ဋီကာဟောင်းဆရာ၏ အလိုဟည်း။ တနည်း—"တေန ဟိ မဟာရာဇ သုဏောဟိ သာဓုကံ မနသိကရောဟိ၊ ဘာသိဿာမိ" ဟု မိန့်တော်မူအပ်သော စကားအားလုံးပင် အားတက်မှုဖြစ်ခြင်း၏အကြောင်း ဖြစ်နိုင်သည်၊ ဘာ့ကြောင့်နည်း—ထိုသုံးပုဒ်လုံးကြောင့်ပင် အားတက်မှုဖြစ်သောကြောင့်တည်း။ (၆၀)

**ပစ္စဿောသိ။** ။ဘုရားစကားတော်၏ အခြားမဲ့ နောက်၌ နားထောင်ပြီ၊ (ဝါ) သက္ကာ ပန ဘန္တေ-စသောစကားဖြင့် မေးပြီး၍ တဖန်

နားထောင်ပြီ၊ ရှေးရှုနားထောင်မှုဟူသည် လက်ခံခြင်းပင်တည်းဟု သိစေလို၍ "သမ္မဒိုဋ္ဌိ၊ ပဋိဂ္ဂဟေသိ"ဟု ဖွင့်သည်။ မှန်၏—ထို့ကြောင့် ဝိ "ဣတိ အတ္ထော"ဟု မဖွင့်ဆိုပဲ "ဣတိ ဝုတ္တံ ဟောတိ"ဟု ဖွင့်ဆိုသည်။

**ဣမ**။ ။ဒေသာပဒေသေ နိပါတော-ဖြင့် ဣမ-အရ ဘုရားပွင့်တော်မူရာ လောကကိုသာ ယူရမည်ဟု ပြသည်။ လောကံ ဥပါဒါယ ဝုတ္တိ-လောကသဒ္ဒါနှင့် တူသော တည်ရာရှိသောကြောင့် လေးကကို စွဲရသည်၊ သာသနမုပါဒါယဝုတ္တိ-သမဏော-ဟူသော သဒ္ဒန္တရိုက်ကြောင့် သာသနာကို စွဲရသည်။ ကတ္ထစိ ဩကာသံ တိဋ္ဌမာနဿ-ဟူသော သဒ္ဒန္တရိုက်ကြောင့် အရပ်ကိုစွဲရသည်၊ ပဒပူရဏမတ္တမေဝ-ဩကာသကို ညွှန်ပြသော အနက်သော်မှလည်း မဖြစ်နိုင်သည့်အတွက် ပဒပူရဏမှတပါး ဆခြားအနက်တမျိုးကို မသိစေနိုင်သောကြောင့် ပဒပူရဏမျှသာ ဖြစ်ရသည်။ ဣမ ပန လောကံ-ဘုရားပွင့်တော်မူရာ ဖြစ်သော လောကကိုသာ ရည်ရွယ်၍ "လောက"ဟု ဆိုသည်။ (၆၁)

မဟာရာဇ။ ။ရှေ့၌ မဟာရာဇ-ဟု ပါခဲ့သော အာလုပ်သည် "သုဏောဟိ မနသိ ကရောဟိ ဘာသိဿာမိ"ဟူသော ဥယျောဇဉ်နှင့် ပဋိညာဉ်ပြုရာ၌ ခေါ်အပ်သောအာလုပ်တည်း၊ ဤအာလုပ်ကား တရားဟော တော်မူမည်ဖြစ်၍ ခေါ်အပ်သော အာလုပ်ဖြစ်သည်။ (၆၁/၂)

ဣမ ပန သတ္တလောကော အဓိပ္ပေတော။ ။ဘုရားရှင်သည် သတ္တနိကာယတွင် အကျုံးဝင်သောကြောင့် "ဣမ ပန သတ္တလောကော အဓိပ္ပေတော"ဟု မိန့်သည်။ (၆၂)

ပရိက္ခေပတော နဝယောဇနသတေ။ ။ဤမဇ္ဈိမဒေသသည် မုရိုးစည်သဏ္ဌာန်ရှိသည်။ အညီအမျှ အဝိုင်းလည်း မဟုတ်။ လေးထောင့်လည်း မဟုတ်၊ အဖြောင့်အားဖြင့် တိုင်းတာသော် အချို့အရပ်၌ ယူဇနာ ၈၀-ရှိ၍ အချို့အရပ်၌ ယူဇနာ ၁၀၀-ရှိသည်။ သို့သော် ဤ မဇ္ဈိမဒေသကို ကောက်ကွေ့သော အပိုင်းအခြားအားဖြင့် တိုင်းတာအပ်သော် ယူဇနာ ၉၀၀-ရှိသည်။ ထို့ကြောင့် "ပရိက္ခေပတော နဝယောဇနသတေ"ဟု မိန့်သည်။

ဆသီတိ မဟာထေရာ၊ ပေ၊ ဓေတ္တေဝ ဥပ္ပဇ္ဇန္တိ။ ။ဤစကားကို ယေဘုယျ စကားဟုမှတ်ပါ၊ ဘာ့ကြောင့်နည်း— သုနာ ရန္တတိုင်းသား ဖြစ်သော အရှင်ပုဏ္ဏမထေရ်လည်း မဟာ

သာဝကတို့၌ အကျုံးဝင်သောကြောင့်တည်း။ မှန်၏- သုနာပရန္တ ဇနပုဒ်သည် ပစ္စန္တရာဇ်နယ်မြေ ဖြစ်သည်။ [စန္ဒနမဏ္ဍလမာဠပဋိဂ္ဂဟဏော ဘဂဝါ နှ တတ္ထ အရှဏ် ဥဋ္ဌပေတိ။ မဇ္ဈိမနှင့် သံယုတ္တ အဋ္ဌကထာများ။]

ဥပ္ပဇ္ဇတိ။ ။(၁) ပဌမနည်းကို ဘုရားဖြစ်ဖို့ရာ အလွန် နီးကပ်သော အကျင့်ကို ပြခြင်းအစွမ်းဖြင့် မိန့်ဆိုသည်။ မှန်၏- ဖြစ်မှာသေချာသော ကြောင့် အလွန်နီးကပ်သော အကျင့်၌ တည်သော ဘုရားအလောင်းကို သော်မှလည်း "ဥပ္ပဇ္ဇတိ၊ ဘုရားဖြစ်၏" ဟု ဆိုနိုင်သည်။ အကျင့်၏ အထွတ် အထိပ်၌ တည်သော ဘုရားအလောင်းကို "ဥပ္ပဇ္ဇတိ" ဟု ဆိုနိုင်သည်မှာ ပြောဖွယ်ရာမရှိ။

(၂) ဒုတိယနည်းကို ဘုရားအဖြစ်ကို ဆောင်နိုင်သော ရဟန်းအဖြစ်မှ စ၍ နီးကပ်မျှဖြစ်သော အကျင့်ကို ပြခြင်း၏အစွမ်းဖြင့် ဆိုသည်။

(၃) တတိယနည်းကို ဘုရားဖြစ်ကြောင်း တရားတို့ကို ဖြည့်ကျင့်ပြီးရာ အခါမှစ၍ ဘုရာ ဖြစ်ခြင်းငှာ အကျင့်ပဋိပတ်ကိုပြခြင်းအစွမ်းဖြင့် ဆိုသည်။

(၄) စတုတ္ထနည်းကို ပါရမီတော်များကို စတင် အားထုတ်ရာ အခါမှစ၍ ဗောဓိ၌ မြဲသည်၏ အဖြစ်ကို ပြခြင်းအစွမ်းဖြင့် ဆိုသည်။ ဤသို့ဘုရားဖြစ်ခြင်း အကျိုးငှာ ကျင့်ခြင်း ကြိယာ၏ မပြတ်စဲမှုကို အစွဲပြု၍ လေးနည်းလုံးတို့၌ပင် "ဥပ္ပဇ္ဇတိ နာမ" ဟု ဆိုခဲ့သည်။ ဝတ္တမာန်လေးမျိုးတွင် ပဝတ္တာပရတ ဝတ္တ မာန်တည်း။ (၆၂-၃)

ဣဓ၊ ပေ၊ ဥပ္ပဇ္ဇတီတိ ဝုတ္တံ။ ။ဘုရား ဖြစ်ခြင်းငှာ အလွန် နီးကပ်သော အကျင့်၌ တည်သော ဘုရားလောင်းကိုသာ အလိုရှိအပ်သောကြောင့် နည်းလေးမျိုးတွင် ပဌမနည်းဖြစ်သော သုဇာတာ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူသည်မှ အရဟတ္တမဂ်ထိ ဖြစ်သည်ကို ရည်ရွယ်၍ ဤနေရာ၌ "ဥပ္ပဇ္ဇတိ" ဟုဆိုသည်။ မှန်၏-ဤပဌမ နည်းကိုသာ မုချအားဖြင့် "ဥပ္ပဇ္ဇတိ" ဟု ဆိုသင့်သည်။

မေးဖွယ်။ ။အရဟတ္တဖိုလ်နှင့် ပြည့်စုံသော ဥပ္ပန္နဖြစ်သော ဘုရားရှင်သည်သာ သိစေမှု တရားဟောမှု စသည်တို့ကို ပြီးစေနိုင်ပါလျက် အဘယ့် ကြောင့် အရဟတ္တမဂ် အဆုံးရှိသော ဥပ္ပဇ္ဇမာနသာ ဖြစ်သော ဘုရားရှင်ကို အလိုရှိအပ်ပါသနည်းဟု မေးဖွယ်ရှိ၏။

အဖြေကား။ ။ဘုရာ ဖြစ်ခြင်းငှာ အလွန်နီးကပ်သော အကျင့်၌ တည်သော ဥပ္ပဇ္ဇမာန ဘုရားရှင်ကို ယူခြင်းဖြင့်ပင် အရဟတ္တဖိုလ်နှင့်

ပြည့်စုံသော ဥပန္နဲ့ ဘုရားရှင်ကိုလည်း ယူပြီးဖြစ်သောကြောင့်တည်း၊ ဥပဋ္ဌမာန ဘုရားရှင်ကိုသာ ယူသည်ဟု မမှတ်ရပါ။ မှန်၏-အဝိနာဘာဝဖြစ်သောကြောင့် အကြောင်းကို ယူလိုက်လျှင်ပင် အကျိုးကိုလည်း ယူပြီး ဖြစ်တော့၏၊ ဤသို့ သိစေမှု၊ ဟောမှု စသည်တို့ကို ပြီးစေနိုင်သော အရဟတ္တဖိုလ်နှင့် ပြည့်စုံသော ဘုရားရှင်ကိုလည်း ယူအပ်သောကြောင့် ဥပ္ပဇ္ဇတိကို "နေယျတ္ထ" ဟု မှတ်။

သုံးမျိုး ခွဲပုံ။ ။(၁) ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ ဗျာဒိတ်ရသည်မှ အနာဂါမိဖိုလ် တိုင်အောင်ဝင်သည် ဥပ္ပဇ္ဇမာန၊

(၂) အရဟတ္တမဂ်ခဏ၌ ဥပ္ပဇ္ဇတိ၊

(၃) အရဟတ္တဖိုလ် ခဏ၌ ဥပ္ပန္န။

သမ္ဗပဋ္ဌမံ ဥပ္ပန္နဘာဝံ။ ။သမ္ဗပဋ္ဌမံ ဥပ္ပန္နဘာဝံ သန္ဓာယ-ဖြင့် အရဟတ္တဖိုလ် ခဏကိုသာ ရည်ရွယ်၍ "ဥပ္ပဇ္ဇတိ"ဟု ဟောတော်မူသည်ဟု ပြသည်။ သဗ္ဗပဌမံ၊ အလုံးစုံသော ဝေနေယျတို့၏ ရှေးဦးစွာ။ ဥပ္ပန္နဘာဝံ၊ အရဟတ္တဖိုလ် အစွမ်းဖြင့် ဖြစ်တော်မူသည်၏အဖြစ်ကို- ဟုပေး။ ဥပ္ပန္နော ဟောတိ-ဖြင့် အရဟတ္တဖိုလ် ခဏအစွမ်းဖြင့် အတိတ်ကာလကို ပြသည်။ ဤနည်းကား ဇင်္ကိတ္တိုရ်ဋီကာ ဆရာ အလိုရှိအပ်သော နည်းတည်း။ ဋီကာသစ် ဆရာကား ဥပ္ပန္နော- ဟုသာ ဆိုလျှင် အတိတ်ကာလ အစွမ်းဖြင့် အနက် ယူစရာ ရှိ၍ ထိုအနက်ကို တားမြစ်ခြင်းငှာ "ဥပ္ပန္နော ဟောတိ" ဟု ဆိုသည်ဟု မိန့်သည်။

ဣဓ ါနိ ဝတ္တဗ္ဗံ နိဒဿေတိ။ ။ဣမ-သဒ္ဒါဖြင့် ဆိုအပ်လတ္တံ့သော အနက်ကို သုံးသပ်နိုင်သောကြောင့် ဣမ-သဒ္ဒါဖြင့် ယခု ဆိုအပ်လတ္တံ့သော လောကအားလုံးကို ညွှန်ပြနိုင်သည်။ ဆိုလိုသည်မှာ-လူ အများ၏ မျက်မြင်မျှကို ရည်ရွယ်၍ ဣမံ လောကံကို ဟောသည် မဟုတ်။ အမှန်မှာ- သဒေဝကံ စသည်ဖြင့် ဆိုအပ်လတ္တံ့သော အကြွင်း မရှိသော လောကကို ရည်ရွယ်၍ ဟောတော်မူသည် ဟူလို။ (၆၄)

သဒေဝက ဝစနေန ၊ပေ၊ မနုဿဂ္ဂဟဏံ။ ။အခြား နတ်ပြည်တို့ကို အခြား ပုဒ်တို့ဖြင့် သီးခြား ယူအပ် သောကြောင့် သဒေဝက-သဒ္ဒါဖြင့် အောက်နတ်ပြည် ငါးထပ်ရှိ နတ်များကို ယူရသည်။ သမာရက-သဒ္ဒါဖြင့် ပစ္စာသတ္တိနည်းအားဖြင့် ခြောက်ခုမြောက် နတ်ပြည်ကို ယူရသည်။ ပစ္စတ္ထိက ပစ္စာမိတ္တ သမဏဗြာဟ္မဏဂ္ဂဟဏ-ရန်သူ

မဟုတ်သော သမဏဗြာဟ္မဏတို့ကိုလည်း ယူရသောကြောင့် နိဒဿန နည်းဟု မှတ်ပါ။ ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ- လောက သဒ္ဒါသည် (ဟောနက်ကျယ်လွန်း၍) ဗျာဘိစာရ ဖြစ်နေ၍ ပဇာသဒ္ဒါသည် အဗျဘိစာရ အားဖြင့် အနက်ကို သိစေတတ်ပါသည်။ ထို့ကြောင့် "ပဇာဝစနေန သတ္တလောကဂ္ဂဟဏံ"ဟု ဖွင့်သည်။ လောကသဒ္ဒါဖြင့် သတ္တလောကကို မယူနိုင်သောကြောင့် ဖွင့်သည်မဟုတ်ပါ။ သဒေဝ၊ ပေ၊ မနုဿဂ္ဂဟဏံ-သဒေဝက စသော သဒ္ဒါများဖြင့် ဥပပတ္တိနတ်တို့ကို လည်းကောင်း၊ သဿမဏ ဗြာဟ္မဏီ-သဒ္ဒါဖြင့် ဝိသုဒ္ဓိနတ်တို့ကို လည်းကောင်းယူပြီးသောကြောင့် သဒေဝ မနုဿ-သဒ္ဒါဖြင့် သမ္မုတိနတ်ဟု ဆိုအပ်သော မင်းများနှင့် ကြွင်းသော လူတို့ကို ယူရသည်။ (၆၄-၅)

**အပ်ဓရာ နယော။** ။သဒေဝကဂ္ဂဟဏေန အရူပါဝစရလောကော ဂဟိတော-အရူပဗြဟ္မာတို့သည်း မိမိ၏ အာနေဉ္ဇဝိဟာရဖြင့် နေကုန်လတ်သော် "ဒိဗ္ဗန္တီတိ ဒေဝါ"ဝစနတ္ထအရ ဒေဝ မည်နိုင်သည်။ သမာရကဂ္ဂဟဏေန ဆကာမာဝစရဒေဝလောကော - ကာမာဝစရ နတ်ပြည်ခြောက်ထပ်ရှိ နတ်များသည် အထူးအားဖြင့် မာရ်နတ်၏ အလိုဌ ဖြစ်ရသောကြောင့် သမာရက-သဒ္ဒါဖြင့် ကာမာဝစရ နတ်ပြည်ခြောက်ထပ်ရှိ နတ်များကို ယူရသည်။ သဗြာဟ္မကဂ္ဂဟဏေန ရူပီဗြဟ္မလောကော-အရူပ ဗြဟ္မာ့ပြည်ကို သီးခြား ယူထားသောကြောင့် ရူပဗြဟ္မာ့ပြည်ကိုသာ ပါရိသေသနည်းဖြင့် ယူရသည်။

**သမာရကံ။** ။ဝသဝတ္တီစသောနတ်မင်းကြီးများရှိကြပါသော်လည်း မာရ်နတ်မင်းသည် တောပုန်းဒမြကဲ့သို့ ဝသဝတ္တီ နတ်ပြည်၌ နေသည့်အတွက် အလွန်ထင်ရှားသောကြောင့် အလွန်ထင်ရှားသော မာရ်နတ်မင်းဖြင့် ပင် ဝိသေသနပြုကာ "သမာရကံ"ဟု ဟောတော်မူသည်။ (၆၆)

**စတုပရိသဝသေန။** ။ပရိသတ်ရှစ်မျိုးတွင် ခတ္တိယ စသော လေးမျိုးကိုသာ ယူပါ။ ဘာ့ကြောင့်နည်း-စာတုမဟာရာဇိက တာဝတိံသ မာရ ဗြဟ္မ-ဟူသော ပရိသတ်လေးမျိုးတို့ကို သဒေဝက စသော သဒ္ဒါများဖြင့် ယူပြီးသောကြောင့်ဘည်း။

**ပရိသတ်လေးပါး အစွမ်းဖြင့် လူ့လောကကို ယူပုံ။** ။သဿမဏဗြာဟ္မဏီ-ဖြင့် သမဏပရိသတ်၊ ဗြာဟ္မဏပရိသတ်တို့ကို ယူသည်။ သဒေဝမနုဿံ-ဖြင့် ခတ္တိယပရိသတ်၊ ဂဟပတိပရိသတ်တို့ကို ယူသည်။ ပဇံ-ဖြင့် ပရိသတ်လေးပါးလုံးတို့ကို ယူသည်၊ "ပဇံ-ပရိသတ်လေးပါးဟု ဆိုအပ်သော သတ္တဝါ အပေါင်းကို"ဟု အနက်ပေးပါ။

**သမ္မုတိ ဒေဝေဟိ ဝါ သဟ မနုဿလောကော**။ ။သဿမဏဗြာဟ္မဏံ-ဖြင့် သမဏ၊ ဗြာဟ္မဏ တို့ကို ယူပါ။သဒေဝမနုဿံ-ဖြင့် သမ္မုတိနတ်ဟုဆိုအပ်သော ခတ္တိယများနှင့်ဂဟပတိ သုဒ္ဒဟု ဆိုအပ်သော ကြွင်းသောလူများကို ယူပါ။ ပဇံ ဖြင့်လည်း ဆိုခဲ့ပြီးသော လူများမှ အခြားသော လူသတ္တဝါ မရှိတော့သောကြောင့် အထက်ပါအတိုင်း လေးမျိုးသော အပြားတို့ဖြင့် တည်ရှိသော လူတို့ကိုပင် ယူပါ။ "ပဇံ-အမျိုး လေးပါး ကွဲပြားသော လူသတ္တဝါအပေါင်းကို"ဟု ပေးပါ။

**အဝသေသသတ္တလောကော ဝါ**။ ။အထက် နှစ်နည်းလုံး၌ ပဇာ-ဖြင့် ပရိသတ်လေးပါး စသည့် အစွမ်းဖြင့် လူတို့ကိုသာ ယူခဲ့သောကြောင့် ယခုအခါ လူမှကြွင်းသော သတ္တဝါတို့ကို လည်း သိမ်းကျုံးယူ၍ ပြခြင်းငှာ "အဝသေသသတ္တလောကော ဝါ"ဟု မိန့်သည်။ ဝါ-တနည်း၊ ဧတ္တပရိသဝသေန ဖြင့် အဝသေသသတ္တ လောကော-ကို။ ဂဟိတော။ ဝါ တနည်း၊ သမ္မုတိ ဒေဝေဟိ၊တို့နှင့်။ သဟ၊ အဝသေသသတ္တလောကော ကို၊ ဂဟိတော၊ပြီ"ဟု ပေးပါ၊(၆၆-၇)

**အပိ စေတ္ထ**။ ။ဘာဂအားဖြင့် လောကကိုယူကာ ယောဇနာနည်းကို ပြပြီး၍ ယခုအခါ ထိုထိုအထူ ဖြင့် အဘာဂအားဖြင့် လောကကိုယူကာ ယောဇနာနည်းကို ပြလို၍ "အပိ စေတ္ထ "စသည်ကို မိန့်။ (၆၇)

**ဝသဝတ္တိ**။ ။"ဆကာမာဝစရိဿရော"ဟုသာ ဆိုသော် မာရ်နတ်သည် သိကြားမင်း စသူတို့၏ အပေါ်၌လည်း အကြီးအကဲဖြစ်လေ သလားဟု ယုံမှားဖွယ်ရှိ၍ ထိုယုံမှားမှုကို နစ်စေခြင်းအကျိုးငှာ "ဝသဝတ္တိ" ဟု-မိန့်သည်။ ထိုဝသဝတ္တိပါဠိဖြင့် နိုင်ထက်စီးနင်း ပြုသောအားဖြင့် အလိုသို့ လိုက်စေခြင်းသည်သာ မာရ်နတ်၏ အကြီးအကဲဖြစ်မှုဟု ပြသည်။ မှန်၏— မာရ်နတ်သည် ဝသဝတ္တိနတ်ပြည်၌လည်း အစိုးရသူမဟုတ်ပါ၊ ဘာ့ကြောင့် နည်း ဝသဝတ္တိနတ်ပြည်၌ ဝသဝတ္တိနတ်မင်းသည်သာ အစိုးရသူ ဖြစ်သော ကြောင့်တည်း။

**တီဟာကာရေဟိ ဟိသု ပဒေသု ပက္ခိပိတွာ**။ ။နတ်တို့နှင့်တကွ ဖြစ်ခြင်း၊ မာရ်နတ်နှင့်တကွဖြစ်ခြင်း ဗြဟ္မာနှင့်တကွဖြစ်ခြင်း ဟူသော အခြင်းအရာသုံးမျိုး ဖြင့် သဒေဝကံ-စသော သုံးပုဒ်တို့၌ အနက်၏အစွမ်း ဖြင့် သိမ်းယူပြီး၍။ (၆၈)

**အနုမာနာ ဒိပင်္ဂကွေပေါ။** ။အာဒိ-ဖြင့် ဥပမာန အတ္ထာပတ္တိ သဒ္ဒန္တရသန္နိ ဓာန သမ္ဘယောဂ ဝိပ္ပယောဂ သဟစရဏ အစရှိသော အကြောင်းအမြွက်မျှဖြင့် သိစေခြင်းကို ယူပါ။ ဘာ့ကြောင့်နည်း - တူသောပမာဏ ရှိသောကြောင့်ဘည်း။ (၆၀-၉)

**ဖိတ္တာပိ။** ။ဖလသမာပတ်၏ အတွင်း၌ တည်သည်လည်းဖြစ်သော အချို့သော ဘုရားရှင်၏ ဒေသနာတော် ရှိသောကြောင့် "ပိသဒ္ဒါ"ထည့်ထားသည်။ မှန်၏ ဘုရားရှင်သည် တရားဟောစဉ် ပရိသတ်သာဓုခေါ်ချိန် ကြားနာအပ်ပြီးသောတရားကို ဆင်ခြင်ချိန်များ၌ ဖလသမာပတ်ကို ဝင်စားတော်မူသည်၊ ပိုင်းခြားထားသည့်အတိုင်း သမာပတ်မှ ထတော်မူ၍ တရားတော်ကို ဆက်၍ ဟောတော်မူသည်။ (၆၉)

**အပ္ပံ ဝါ ဗဟုံ ဝါ ဒေသေန္တော၊** ။ဥဂ္ဃဋိတညူပုဂ္ဂိုလ်၏အစွမ်းဖြင့် အနည်းငယ်သော တရားတော်ကို ဟောတော်မူ၍ ဝိပဉ္စိတညူပုဂ္ဂိုလ် နေယျပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် များစွာသော တရားတော်များကို ဟောတော်မူသည်။

**အနဝဇ္ဇမေဝ ကတွာ။** ။တရားတော်၏ ကောင်းခြင်းဟူသည် နိယျာနိကဖြစ်သောကြောင့် ဖြစ်သည်။ နိယျာနိကဖြစ်ခြင်းသည် လုံးဝ အပြစ်မရှိသောကြောင့်သာတည်း။ ထို့ကြောင့် ကလျာဏံ-ကို "အနဝဇ္ဇမေဝ ကတွာ"ဟု ဖွင့်သည်၊

**အတ္ထိ ဒေသနာယ အာဒိမဇ္ဈပရိယောသာနံ။** ။ပရိယတ်တရားကို ဟောသူနှင့်စပ်၍ အာဏာစသော အစီအရင်ဖြင့် သိစေခြင်းသည် ဒေသနာမည်၍ ဒေသနာယ-အရ ပရိယတ်တရားကို ကောက်ပါ။ အစိတ်မှ လွတ်သော အပေါင်းမည်သည် ပရမတ္ထအားဖြင့် မရှိပါသော်လည်း ဂါထာစသော အမည်တို့၏ ဖြစ်ရာအပေါင်းသဘောဖြင့် ရှင့်အပ်သော အစိတ်တို့မှ မကွဲသော်လည်း ကွဲသကဲ့သို့ ပြု၍ ဥပစာတင်ကာ ပြလိုသောကြောင့် "အတ္ထိ၊ပေ၊ပရိယောသာနံ"ဟု မိန့်။

**သာသနဿ။** ။ဆုံးမအပ်သော ပုဂ္ဂိုလ်၌ ဖြစ်သော အပြစ်စသည် အားလျော်စွာ ဆုံးမကြောင်း တဒင်္ဂဝိနယ စသောအားဖြင့် ပယ်ဖျောက်ကြောင်း ဖြစ်သောကြောင့် ပဋိပတ်တရားကို "သာသန"ဟု ဆိုရသည်။

**စတုပ္ပဒိကာယပိ။** ။ပိ-သဒ္ဒါသမ္ဘာဝနာ အနက်ရှိ၏။ ထိုပိ-သဒ္ဒါဖြင့် အလွန်နည်းသော ဂါထာ၏ အစ အလယ် အဆုံးတို့၌ သော်မှ

လည်း ကောင်းခြင်းဂုဏ်ရှိကုံသေး၏။အလွန်များသော တရား၏ အစ အလယ် အဆုံးတို့၌ အကောင်းဂုဏ်ရှိသည်မှာ ဘာပြောဖွယ်ရှိအံ့နည်းဟု သံဝဏ္ဏနာ ပြုသည်။

**ဣဒ မဝေါစတိ ပရိယောသာနံ။** ။ဣတိ ယံ တံ ဝုတ္တံ၊ဣဒ မေတံ ပဋိစ္စ ဝုတ္တံ-ဟူသော နိဂုံးကိုလည်း ယူအပ်သောကြောင့် "ဣဒမဝေါစ"ဟူသော နိဂုံးသည် ဥပလက္ခဏာသာ၊ မှန်၏-သံဂါယနာတင် ထေရ်တို့သည် ထားအပ်သော နိဒါန်း နိဂုံးများလည်း ဘုရားရှင်၏ ဒေသနာတော် အားလျော်စွာ စီမံအပ်သောကြောင့် ဒေသနာတော်၌ ပါဝင်ကြသည်သာ။ (၇၀)

**သာသနာ၏ အစ အလယ် အဆုံး။** ။သီလ သမာဓိ ဝိပဿနာတို့သည် ပဋိပတ်သာသနာ၏ ပြည့်စုံမှုဖြစ်သော ဥတ္တရိမနုဿဓမ္မတို့၏ အရင်းမူလဖြစ်သောကြောင့် အစမည်၏။ အရိယမဂ်သည် သီလသမာဓိ ဝိပဿနာဟု ဆိုအပ်သော အစနှင့် ဖိုလ် နိဗ္ဗာန်ဟု ဆိုအပ်သော အဆုံးတို့၏ အလယ်၌ ဖြစ်သောကြောင့် အလယ်မည်၏။သဉပါဒိသေသနိဗ္ဗာနဓာတ်၏ အစွမ်းဖြင့် ဖိုလ်သည်လည်းကောင်း၊ အနုပါဒိသေသနိဗ္ဗာနဓာတ်၏ အစွမ်းဖြင့် နိဗ္ဗာန်သည်လည်းကောင်း. အဆုံးမည်၏။

**အာဒိမှိ သီလံ၊ ပေ၊သဏ္ဍိတိ။** ။သာသနာတော်သည် သီလ အရင်းခံရှိသောကြောင့် သီလဖြင့် အစ၌ကောင်းခြင်းကိုလည်းကောင်း၊ သမ္ပတ္တိ၏ အလယ်ဖြစ်သောကြောင့် အရိယမဂ်ဖြင့် အလယ်၌ ကောင်းခြင်းကိုလည်းကောင်း၊ နိဗ္ဗာန်ကို ရခြင်းထက် ပို၍ ပြုလုပ်ဖွယ် မရှိသောကြောင့် နိဗ္ဗာန်ဖြင့် အဆုံး၌ ကောင်းခြင်းကိုလည်းကောင်း ဟောရမည်။ သီလ-အရ သသမ္ဘာရသီလကိုလည်းကောင်း၊မဂ္ဂ-အရ သသမ္ဘာရမဂ္ဂကိုလည်းကောင်း ယူရမည်။ (၇၁)

**သာတ္ထံ။** ။ယာဂု ထမင်း မိန်းမ ယောကျ်ား စသည်တို့ကို ချီးမွမ်းမှု၌ မှီသော ဒေသနာသည် ဝဋ်ဆင်းရဲမှ လွတ်ကြောင်း အနက်မှ ကင်းသောကြောင့် သာတ္ထ မမည်ပါ။

**ကေဝလပရိပုဏ္ဏံ။** ။ကေဝလ-သဒ္ဒါသည် အကြွင်းမရှိ ဟူသော အနက်ကို ဟောသည်။ မရောနှောခြင်း စသော အနက်များကို မဟောပါ။ ထို့ကြောင့် "သကလာဓိဝစနံ"ဟု ဖွင့်သည်။ ပရိပုဏ္ဏံ- လုံးဝ ပြည့်စုံ-ဟူသည် အနက်အားဖြင့် အလျော့အပို မရှိခြင်းတည်း။ ထို့ကြောင့်

“အနူနာဓိကဝစနံ”ဟု ဖွင့်သည်။ ထည့်စရာ ဖြစ်သော မဆိုရသေးသော ပြုစင်သော အနက်မရှိသောကြောင့် အနူနဖြစ်၍ ပယ်စရာ ဖြစ်သောဆိုအပ်ပြီးသော ညစ်နွမ်းသောအနက်မရှိသောကြောင့် အနဓိက ဖြစ်သည်။ (၇၃)

ပရိသုဒ္ဓံ။ ။တဏှာဖြင့် ညစ်နွမ်းသောကြောင့် ဒေသနာတော်မှာ မစင်ကြယ်မှုဖြစ်သည်။ [လောဘ လူသားတို့သည် တဏှာဖြင့် သုံးသပ်အပ်သောကြောင့် သက်နိုး စသော ပစ္စည်းတို့သည် လောကာမိသမည်၏။]

ဗြဟ္မစရိယံ ပကာသေတိ။ ။ဗြဟ္မစရိယ အရ သိက္ခာသုံးရပ်ဖြင့် သိမ်းကျုံးအပ်သော တသာသနာသုံးကို ယူပါ။ထို့ကြောင့် ဗြဟ္မစရိယံပုဒ်နှင့် အရတူသော ပုဒ်အားလုံးတို့ကို ယှဉ်စပ်၍ အနက်ကို ပြလိုရကား “သော ဓမ္မံ ဒေသေတိ”စသည်ကို မိန့်သည်။ မှန်၏-“ဝေံ ဒေသေန္တော စ”ဖြင့် ဗြဟ္မစရိယ သဒ္ဒါနှင့် ဓမ္မ သဒ္ဒါ စသည်တို့ အရတူကြောင်းကို ပြသည်။ “ဓမ္မံ ဒေသေတိ”ဟု ဟောပြီး ပ လျက်လည်း “ဗြဟ္မစရိယံ ပကာသေတိ”ကို ဟောခြင်းမှာ သရုပ်အားဖြင့် အနက်ကို ထင်ရှားပြခြင်း အကျိုးရှိ၏ဟု ထင်ရှားပြသည်။ (၇၄)

နိဟတမာနတ္တာ။ ။သာသနာတော်၌ ကောင်းမွန်စွာ ကျင့်ခြင်းသည် မာနမရှိသူမှာသာ ဖြစ်နိုင်၍ မာနရှိသူမှာ မဖြစ်နိုင်ပါ။ထို့ကြောင့် “နိဟတမာနတ္တာ”ကို မိန့်။ (၇၄)

ယေဘုယျေန၊ ပေ၊ မာနံ ကရောန္တိ။ ။ဘောဂမာန်၊အာဒေယျမာန်-စသည်တို့သည် မာန၏ အကြောင်းခံဖြစ်သော ဘောဂ စသည်တို့က ကြာကြာမတည်သောကြောင့် ပယ်ဖို့ရာ လွယ်ကူပါ၏။ ကုလမာန်၊ ဝိဇ္ဇာမာန်-စသည်တို့ကား မာန၏ အကြောင်းခံဖြစ်သော ကုလ စသည်တို့က ကြာကြာတည်သောကြောင့် ပယ်ဖို့ရာ မလွယ်ကူလှပါ။

ဝိဇာတိတာယ ပတိဋ္ဌာတုံ န သက္ကောန္တိ။ ။များသောအားဖြင့် ဥပနိဿယနှင့် ပြည့်စုံသူတို့သည် ဇာတ်ကောင်းသူများသာ ဖြစ်၍ ဇာတ်ညံ့သူများ မဖြစ်ကြပါ။ထို့ကြောင့်“ဝိဇာတိတာယ”ဟု ဆိုသည်၊ “အလွန်စင်ကြယ်အောင်ပြု၍ သီလကို မစောင့်ရှောက်နိုင်ကြ”ဟု ဆိုလိုသည်။ မှန်၏–သီလသည်သာ သာသနာတော်၌ တည်ရာဖြစ်သည်။ တနည်း-“ပတိဋ္ဌာတုံ၊ သစ္စာကို သိသောအားဖြင့် လောကုတ္တရာ တည်ခြင်းဖြင့် တည်ခြင်းငှာ”ဟု ပေး။ မှန်၏–လောကုတ္တရာ ဟူသော တည်ခြင်းသည်သာ မုချအားဖြင့် သာသနာတော်၌ တည်ခြင်းမည်၏။

မာန နှင့် ဒပ္ပ။ ။အားနည်းသော မာနကို "မာန"ဟု ခေါ်၍ အားကြီးသော မာနကို "ဒပ္ပ"ဟု ခေါ်သည်။ (၇၅)

**ပရိသုဒ္ဓ။** ။ရာဂ စသည်တို့ကို စင်စစ်သာလျှင် ပယ်ခြင်းကို ပြသောကြောင့် ဥပက္ကိလေသ မရှိသောအားဖြင့် လုံးဝစင်ကြယ်သည်။

သဒ္ဓံ ပဋိလဘတိ။ ပုထုဇဉ်ဖြစ်သော သဒ္ဓါတရား၏ အစွမ်းဖြင့် ယုံကြည်မှုကို ရသည်။ မှန်၏—ပညာရှိတို့သည် ပုဂ္ဂိုလ်လေးမျိုးတို့တွင် ဓမ္မပ္ပမာဏ ဓမ္မပ္ပသန္န ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် ပညာရှိတို့၏ သဒ္ဓါတရား ပြီးစီးခြင်းသည် တရားတော်၏ ပြည့်စုံမှုကို ယူခြင်းလျှင် ရှေ့သွားရှိ၏။ ဤသို့ ကောင်းမြတ်သော တရားတော်များကို ဟောကြားနိုင်သော ဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓ အစစ်ပင် ဖြစ်ပေ၏ဟု ယုံကြည်မှုကို ရသည်။ [ဓမ္မသာမိ-တရားတော်ကို ဖြစ်စေတတ်သောကြောင့် တရားတော်၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။ တနည်း—တရားသဖြင့် နတ်နှင့်တကွသော လောက၏ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။]

ဒွေ။ ။"ဇာယမ္ပတိကာ"ဟု ဆိုလျှင်ပင် အိမ်ရှင်နှင့် အိမ်ရှင်မ ၂-ယောက်တို့ကိုသာ ယူရကြောင်း သိနိုင်ပါသော်လည်း မယား များစွာရှိသော ယောကျ်ား၏ ပေါင်းသင်းရခြင်း၌ ကျဉ်းမြောင်းသည်မှာ ဆိုဖွယ်ရာမရှိ။ မယားတဦးသာရှိသော ယောကျ်ား၏ ပေါင်းသင်းရခြင်းသော်မှ ကျဉ်းမြောင်းသေး၏ဟု ပြခြင်းအကျိုးငှာ "ဒွေ" ဟု မိန့်သည်။

ကိဥ္စနနှင့် ပလိဗောဓနေ။ ။ရာဂါဒိနာ ကိဥ္စနံ၊ ခေတ္တဝတ္ထာဒိနာ ပလိဗောဓနံ။

**အပိစ။** ။ဃရာဝါသသည် အကုသိုလ်ဖြစ်ဖို့ဌာန၊ ကုသိုလ်ဖြစ်ဖို့ အဌာန ဖြစ်သောကြောင့် သမ္ဗာဓ ဖြစ်၏။ ပဗ္ဗဇ္ဇာသည် ကုသိုလ်ဖြစ်ဖို့ဌာန၊ အကုသိုလ်ဖြစ်ဖို့ အဌာနဖြစ်သောကြောင့် အဗ္ဘောကာသ ဖြစ်၏ဟု ပဌမတနည်း ပြပြီး၍ ယခုအခါ ဃရာဝါသသည် ကုသိုလ်ဖြစ်ခြင်း၏ အဌာနဖြစ်သောကြောင့် သမ္ဗာဓ ဖြစ်၏။ ပဗ္ဗဇ္ဇာသည် ကုသိုလ်ဖြစ်ခြင်း၏ ဌာန ဖြစ်သောကြောင့် အဗ္ဘောကာသ ဖြစ်၏ဟု ဒုတိယတနည်း ပြလို၍ "အပိစ" စသည်ကို မိန့်။ "အဗ္ဘောကာသော- လွင်တီးခေါင်နှင့် တူ၏"ဟု ပေး။

**အခဏ္ဍံ ကတွာ။** ။ဒုက္ကဋ္ဌ အာပတ် သော်မှ မသင့်ရောက်စေပဲ အပေါက် အကြား မရှိအောင် ပြု၍။

**ကာသာယာနိ။** ။ရဟန်းတော်များ ဖန်ရည်ဆိုး အဝတ်များ ဝတ်ရခြင်း၏ အကြောင်းကို "ဗြဟ္မစရိယံ စရန္တာနံ အနုစ္ဆဝိကာနိ" ဟူသော အဋ္ဌကထာလာ ဝိသေသနစကားကို ဟေတုမန္တဝိသေသနကြံ၍ သိပါ။ ဗြဟ္မစရိယ ကျင့်သူများအား လျောက်ပတ်သောကြောင့် ဖန်ရည်ဆိုး အဝတ်များကို ဝတ်ရသည်ဟု သိပါ။အစ္ဆာဒေတွာ-သည် ထိုခေတ် ထိုအခါက ပြောရိုးစဉ်လာ စကားတခု ဖြစ်သည်။ "ဝတ်ရုံ၍"ဟု အဖြောင့် အနက် မှတ်ပါ။ (၇၆)

**အာဗန္ဓနဋ္ဌေန။** ။ငါးသွား၊ ငါးမြေးစသော ချစ်ခြင်း၏ အစွမ်းဖြင့် အပိုင်းအခြားပြု၍ နှောင်ဖွဲ့တတ်သောကြောင့် ဆွေမျိုးသည်ပင် ပရိဝဋ္ဋ-အသိုက်အဝန်း မည်၏။

**ပါတိမောက္ခ သံဝရ သံဝုတော။** ။ပါတိမောက္ခ သံဝရသီလဖြင့် ပိတ်အပ်သော ကာယဒွါရ ဝစီဒွါရ ရှိလတ်သော် ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသည် မည်၏။ ထို့ကြောင့် "ပါတိမောက္ခသံဝရေန သမန္နာဂတော"ဟု ဖွင့်သည်။

**အဏုမတ္တေသု ဝဇ္ဇေသု။** ။အဏုမြူနှင့် တူသောကြောင့် အနည်းငယ်ကို "အဏုမတ္တ"ဟု ဆိုသည်။ ထို့ကြောင့် "အပ္ပမတ္တေသု"ဟု ဖွင့်သည်။ ဝိနည်းအလိုစေတနာမပါပဲ သင့်ရောက်သော အနုခုဒ္ဒက အာပတ်၏ အစွမ်းဖြင့် လည်းကောင်း၊ အဘိဓမ္မာအလို အမှတ်တမဲ့ အဆောတလျင် ဖြစ်ပေါ်သော အကုသိုလ်၏ အစွမ်းဖြင့် လည်းကောင်း အပြစ်များ၏ သေးငယ်မှုကို သိပါ။

**သမာဒါယ သိက္ခတိ သိက္ခာပဒေသု။** ။သိက္ခာပဒေသု-ဟု ဆိုသော် အစိတ်ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်၍ ကျင့်သည်ဟူသော အနက်ကို သိအပ် သိနိုင်သောကြောင့် ကံပုဒ်ကို ဟောတော်မမူခဲ့ပါ။ ထို့ကြောင့် အဋ္ဌကထာ၌ "တံ တံ သိက္ခာပဒံ"ဟု မိန့်ဆိုသည်။ "တံ တံ သိက္ခာပဒံ- ထိုထို သိက္ခာအစုကို၊ ဝါ- ထိုထို သိက္ခာကို ရခြင်း၏အကြောင်းကို၊ ဝါ- ထိုထိုသိက္ခာ၏ မှီရာကို"ဟု ပေးပါ။ (၇၆-၇)

**ကုသလေ ကာယကမ္မဝစီကမ္မေ ဂဟိတေပိ။** ။အာစာရဂေါစရ- သဒ္ဒါမျှဖြင့် ကုသိုလ် ဖြစ်သော ကာယကံ ဝစီကံကို ယူခြင်း မဖြစ်သင့်ပါ။ ဤပါဠိဖြင့် ပုနရုတ္တိဒေါသအတွက် စောဒနာ အမြွက်မျှကို ပြသည်။ (၇၇)

**မုဏ္ဍိကပုတ္တသုတ္တန္တဝသေန ဝါ ဧဝံ ဝုတ္တံ။** ။အခြားသုတ်နှင့် နှီးနှောခြင်းငှာ ဤစကားကို ဆိုသည်။ ဝါ သဒ္ဒါသည် သုတ်တပါးနှင့် နှီးနှောခြင်းဟု ဆိုအပ်သော အနက်ထူးကို ကြံခြင်း အနက် ရှိ၏။ မုဏ္ဍိကပုတ္တသုတ္တန်သည် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသကၥ္ဝ လာသည်။ ထိုသုတ်ကို "သမဏမုဏ္ဍိကပုတ္တသုတ္တန်" ဟုလည်း ခေါ်သည်။

**တိဝိဓေန စသည်။** ။စူဠသီလ မဇ္ဈိမသီလ မဟာသီလအားဖြင့် သီလသုံးပါးကို "တိဝိဓေန သီလေန" အရယူပါ။ မနုဋ္ဌဋ္ဌေသု-ဖြင့် ကာယလျှင် ငါးခုမြောက်ရှိသော ရှေ့ဘူမြွေငါးပါးတို့ကိုသာ ယူခြင်းကို ကန့်သည်။ ယထာလာဘ ယထာဗလ ယထာသာရုပ္ပအားဖြင့် သုံးပါးကို "တိဝိဓေန သန္တောသေန" အရယူပါ။ (၇၈)

---

## စူဠမဇ္ဈိမမဟာသီလ

**ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။** ။ဣဒမ္ပိ အဿ သီလသ္မိံ- သီလအချားဌ်၊ (ဧကံ သီလံ) ဟောတိ (ရှက္ခ သာခါ)။ သီလသ္မိံ-တွင်၊ ဧကံ သီလံ ဟောတိ (နိဒ္ဒါရဏ)၊ ဣဒမ္ပိ- သည်လည်း၊ သီလသ္မိံ-သည်၊ ဟောတိ-၏ (ပဌမအနက်)၊ ဣဒ မ္ပိဿ ဟောတိ သီလသ္မိံ-၌ကား မဟာသီလ ပြီးဆုံးခြင်းကြောင့် အပေါင်းမှ ထုတ်စရာ အနက်မရှိရကား ပဌမာအနက်သာ ဖြစ်သင့်သည်။ ထို့ကြောင့် ဤနေရာ၌ ပါဠိတော်ဝယ် "အပိ-သဒ္ဒါ" မပါခြင်း ဖြစ်သည်။

**သီလာသံဝရတော သီလသံဝရတော။** ။သီလာသံဝရတော=သီလမစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာမည့် ဘေးကို ယခု သီလစောင့်သောကြောင့် မမြင်ရ တော့။ သီလသံဝရတော=သီသစောင့်စည်းခြင်းကြောင့် ဘေးတစုံတရာ မမြင်ရတော့၊ ဤသို့လျှင် ပါဠိ၌ နှစ်ခုလုံး သူ့နည်းသူ့ဟန်ဖြင့် အဓိပ္ပာယ် အမှန်ကို ဖော်ပြနိုင်ကြသည်။

**မုဒ္ဓါဘိသိတ္တောအဖွင့်။** ။(၁) ယထာဝိဓာနဝိဟိတေန-ရှေးအလေ့အကျက် အစဉ်အလာ အစီအမံနှင့် ပြည့်စုံခြင်း၊

(၂) ခတ္တိယာဘိသေကံ-ခတ္တိယအဖြစ်ကို ဆောင်နိုင်ခြင်း၊

(၃) မုဒ္ဓနိ အဝသိတ္တော-ဦးထိပ်၌သာ သွန်းလောင်းရခြင်း-ဤသို့လျှင် အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ခတ္တိယအဘိသိက်ကို မိန့်ဆိုသည်။ (၇၉)

**အဘိသိက်သွန်းလောင်းရာတွင် လိုအပ်သည့် ပစ္စည်းများ။** ။ရွှေခရုသင်းစသော ခရုသင်းသုံးမျိုး၊ ဂင်္ဂါရေ၊ ခတ္တိယအမျိုးသမီး။

**အဘိသိက်သွန်းပုံ အစီအစဉ်။** ။အဘိသိက် မင်္ဂလာပြုခြင်းငှာ တန်ဆာဆင်ထားအပ်သော မဏ္ဍပ်၏ အတွင်းဝယ် ဆောက်လုပ်ထားသော ရေသဖန်းခက် မဏ္ဍပ်၏အလယ်၌ ကောင်းစွာ တည်ထားအပ်သော ရေသဖန်းသားဖြင့် ပြုအပ်သော ကောင်းသောအင်းပျဉ်၌ အဘိသိက်သွန်းထိုက်သော ဇာတ်မြင့်သော မင်းမျိုးရှိသူကို ထိုင်စေပြီးနောက် ဇာတ်နှင့် ပြည့်စုံသော ခတ္တိယကညာတို့သည် မင်္ဂလာရှိသော အဝတ်တန်ဆာကို ဝတ်၍ သမုဒ္ဒရာဖြစ်လကျာရစ်လည်သော ရွှေချထားသော ခရုသင်း၌ ဂင်္ဂါရေ အပြည့်ထည့်၍ လက်နှစ်ဘက်ဖြင့် ရိုသေလေးစားစွာ ကိုင်ဆောင်၍ မင်းဦးထိပ်၌ ထားကာ "အရှင်မင်းမြတ် အရှင့်ကို အလုံးစုံသော ခတ္တိယအပေါင်းတို့သည် မိမိကို စောင့်ရှောက်ဖို့ရာ ဤအဘိသိက်နေစင်ဖြင့် သွန်းလောင်း၍ မြတ်သောမင်းအဖြစ်ကို ပြုကြပါသည်။ အရှင်မင်းမြတ်သည် တရားနှင့်အညီ အုပ်ချုပ်၍ ခတ္တိယအပေါင်းတို့ကို ရင်ဝယ်ပေါက်ဖွား ရင်နှစ်သားသို့ မေတ္တာထားတော်မူပါ။ စောင့်ရှောက်တော်မူပါ" ဟု ဆို၍သွန်းလောင်းရမည်။

ထို့နောက် ပုရောဟိတ်တို့သည်လည်း ပုရောဟိတ် ရထူးအားလျော်စွာ တန်ဆာဆင်ယင်၍ ဂင်္ဂါရေဖြင့် ပြည့်သော ငွေခရုသင်းကို လက်နှစ်ဘက်တို့ဖြင့် ရိုသေစွာ ကိုင်ယူ၍ မင်း၏ ဦးထိပ်၌ ထားကာ "အရှင်မင်းမြတ် အရှင့်ကို အလုံးစုံသော ပုဏ္ဏားအပေါင်းတို့သည်...." စသည်ဆို၍ သွန်းလောင်းရမည်။

ထို့နောက် သူဌေးတို့သည် သူဌေးနှင့် လျော်သော အဝတ်တန်ဆာဆင်ယင်၍ ဂင်္ဂါရေဖြင့် ပြည့်သော ရတနာတို့ဖြင့် ပြီးသော ခရုသင်းကို ကိုင်ကာ မင်း၏ ဦးထိပ်၌ ထား၍ "အရှင်မင်းမြတ် အရှင့်ကို အလုံးစုံသော ဂဟပတိ အပေါင်းတို့သည်...." စသည်ဆို၍ သွန်းလောင်းရမည်။ [ဤသို့ဆိုခြင်းကို "အရှင်မင်းမြတ်းသည် ငါတို့၏ စကားအတိုင်း မင်းပြုလျှင် ကောင်းပါ၏။ မပြုလျှင် ဦးခေါင်း ခုနစ် စိတ် ကွဲပါစေ" ဟု ကြိမ်ဆဲသကဲ့သို့ မှတ်ပါ။]

**အနုဝဋ္ဋသုခံ။** ။ကုသိုလ်ဖြစ်သောကြောင့် အပြစ်မရှိသည်၏အဖြစ်ကို သိစေလို၍ "ကုသလံ သီလပဒဋ္ဌာနေဟိ" စသည်ကို မိန့်သည်။ ဆိုလို

သည်မှာ—အဝိပ္ပဋိသာရ၊ ပါမောဇ္ဇ၊ ပီတိ၊ ပဿဒ္ဓိ-တို့သည် ကုသိုလ်သီလလျှင် နီးသောအကြောင်း ရှိကြသည်။ အဝိပ္ပဋိသာရ စသည်ကြောင့် ဖြစ်သော စေတသိကသုခကို ခံစား၏၊ စေတသိကသုခကြောင့်ဖြစ်သော မွန်မြတ်သော ရုပ်တို့ဖြင့် တွေ့ထိအပ်သော ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာသော ကာယိကသုခကို ခံစားရသည်-ဟူလို။ (၁၀)

---

### ဣန္ဒြိယသံဝရကထာ

**စက္ခုနာ ရူပံ ဒိသွာ** ။စက္ခုသဒ္ဒေါ ကတ္ထစိ ဗုဒ္ဓစက္ခုမှိ ဝတ္တတိ။ ။သာမညသည် ဝိသေသကို ရှင်း သောကြောင့် ဤ၌ အလိုရှိအပ်သော ဝိသေသကိုလည်း ထိုသာမညသည် မစွန့်အပ်သည်သာ၊ ထို့ကြောင့် "စက္ခုသဒ္ဒေါ ကတ္ထစိ ဗုဒ္ဓစက္ခုမှိ ဝတ္တတိ" စသည်ကို မိန့်။

**စက္ခုအပြား။** ။(၁) ဗုဒ္ဓစက္ခု=အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တဉာဏ်၊

(၂) သမန္တစက္ခု=သဗ္ဗညုတဉာဏ်၊

(၃) ဓမ္မစက္ခု=အောက်မဂ်သုံးပါး၌ ရှိသော ပညာ၊ [သဠာယတနဝဂ္ဂ အဋ္ဌကထာ၌ ဓမ္မစက္ခုအရ အောက်မဂ်သုံးပါး အောက်ဖိုလ်သုံးပါးဟု ဆို၏၊ ဤ၌ကား မဂ်တို့ဖြင့်ပင် ဖိုလ်တို့ကို သိမ်းယူ၍ ပြသည်ဟု မှတ်။]

(၄) ပညာစက္ခု=ပုဗ္ဗေနိဝါသဉာဏ် အာသဝက္ခယဉာဏ်၊

(၅) ဒိဗ္ဗစက္ခု=ဒိဗ္ဗစက္ခုဉာဏ်၊

(၆) ပသာဒစက္ခု=မျက်စိအကြည်ဓာတ်၊ [စက္ခု-သဒ္ဒါသည် မှချအားဖြင့် စက္ခုပသာဒ၌သာ ဖြစ်၏၊ ဥပစာအားဖြင့်ကား စက္ခုဝိညာဉ်၌လည်း ဖြစ်သည်ဟု "ပသာဒစက္ခုဝေါဟာရေန" ပါဠိဖြင့် ပြသည်။] (၁၁)

**အဗျာသေကသုခံ။** ။ဗျာသေကဟူသည် ကိလေသာဟူသော အထူးထူး အပြားပြား ခံစားခြင်းတည်း၊ ထိုကိလေသာ ခံစားခြင်း

မှု ကင်းခြင်းသည် အဗျာသေကမည်၏၊ ကင်းဟူသည် မရောခြင်းတည်း၊မရော ဟူသည် ယှဉ်မှုမရှိခြင်းကြောင့် စင်ကြယ်ခြင်းတည်း၊ ထို့ကြောင့် "အသမ္ဘိဿံ ပရိသုဒ္ဓံ" ဟုမိန့်သည်၊ "ကိလေသာဆင်ရဲနှင့် မရောနှော၊ ကိလေသာဆင်းရဲမှ စင်ကြယ်၏" ဟု ဆိုလိုသည်။ အလွန်စင်ကြယ်သော ဣန္ဒြိယသံဝရသီလ ရှိသော် နိဝရဏဘေးရားတို့ဘွင် ပမာနဖြစ်သော အကုသိုလ်တရားတို့၏ ကင်းခြင်း ကြောင့် သမာဓိကို လက်၌ ရောက်ပြီး ပိုင်နိုင်ပြီး ဖြစ်တော့သည်သာ၊ထို့ကြောင့် အဝိက္ခိတ္တသုခကိုပင် အဗျာသေကသုခဟု ဆိုအပ်သည်။ ဤအဓိပ္ပာယ်များကို "အဝိက္ခိတ္တသုခံ" ဖြ. ပြပါသည်။

---

### သတိသမ္ပဇညကထာ

ဂမနနှင့် နိဝတ္တန။ ။ဂမနသည် ပြန်နှင်၍ သွားခြင်း ရှေ့ရှုတိုက်ရိုက်သွားခြင်းဟု နှင်မျိုးရှိ၏၊ နိဝတ္တနကား ပြန်နှင်၍သွားခြင်းသာ။

နိပ္ပဇ္ဇနေ ပိ ဧသေဝ နယော။ ။ဤပါဠိဖြင့် လျောင်းသောသူ၏ ရှေ့သို့ ရွှေ့ခြင်း နောက်သို့ရွှေ့ခြင်းကို ပြသည်။ မှန်၏- ရပ်ထိုင်လျောင်းတို့၌ သွားခြင်းနှင့် မတူသော ကိုယ်ကို ရှေ့သို့ ဆောင်ခြင်းသည် အဘိက္ကမ မည်၍ နောက်ဘို့ဆောင်ခြင်းသည် ပဋိက္ကမ မည်၏ဟု မှတ်ချက် လက္ခဏာရှိပါသည်။

အရဟတ္တံ ပါပုဏာတိ။ ။ဤစကားသည် ဥက္ကဋ္ဌနိဒ္ဒေသတည်း။ ဘာကြောင့် နည်း-ရဟန်းတော်သန္တာန်၌ သမထဝိပဿနာ ဖြစ်ခြင်းလည်း တိုးပွားသည်သာ မည်သောကြောင့်တည်း။ (သာတ္ထက-၌ အတ္ထ-အရ တရားနည်းလမ်းအားဖြင့် တိုးပွားခြင်းကို ယူပါ။) (၈၂)

အသမပေက္ခန စသည်။ ။ဂေဟာဿိတအညာဏုပေက္ခာ၏ အစွမ်းဖြင့်အာရုံကို မသင့်သောအားဖြင့် ယူခြင်းသည် အသမပေက္ခန မည်၏။ မာတုဂါမကို တို့ခြင်းကြောင့် သင့်သောအာပတ်သည် ကာယသံသဂ္ဂ အာပတ် မည်၏။ ဆင် စသည် နင်းမိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်တတ်၍

ဝိသဘာဂရူပါရုံကို မြင်ရခြင်း စသည့်ကြောင့် ဖြဟ္မစရိယ၏ အန္တရာယ်ဖြစ်တတ်သည်။ (၈၃)

**မဟာပရိသပရိဝါရာနံ။** ။ဤပါဠိကို တရံတခါ တရားနာခြင်း စသည့်အကျိုးငှာ မိန်းမ ယောကျ်ား ရောနှောသော အခြံအရံရှိသော ဆရာတော်များကို ရည်ရွယ်၍ ဆိုသည်။ (တဒတ္ထဒီပနတ္ထံ-ထိုအသုဘ ရှုခြင်း၏ တိုးပွားမှုရှိသည်၏အဖြစ်ဟုဆိုအပ်သော အနက်ကိုပြခြင်းအကျိုးငှာ။)

**ဒွေ ကထာနာမ န ကထိတပုဗ္ဗာ။** ။ရဟန်းကာခေါ်သောအခါ ပြန်၍ထူ ခြင်းအားဖြင့် စကားကို ပေးခြင်းသည် ရှင်ဖြစ်သည်မှစ၍ ထိုကိုရဝ်သည် အမြဲမပြတ်လေ့ကျင့်အပ်သော အလေ့ အကျင့် ဖြစ်သည်။ ခေါ်သည်ကို မထူးခြင်းမှာ နှစ်ခုမြောက် စကားဖြစ်၏။ ထိုသို့ ပြန်၍ မထူးခြင်း တကြိမ်တခါမျှ မရှိခဲ့ခြင်းကြောင့် "ဒွေ ကထာ နာမ န ကထိတ ပုဗ္ဗာ"ဟု မိန့်သည်။ မှန်၏-ဒွေ ကထာ ဟူသည် ခေါ်ကြောင်းစကားကို လိုက်နာ၍ပြုခြင်း-မပြုခြင်း ဟူသော စကားနှစ်မျိုးတည်း။ ထိုနှစ်မျိုးတွင် လိုက်နာကြောင်းစကားကိုသာ ပြောဖူး၍ မလိုက်နာကြောင့်စကားကို မပြောဖူးပါ။ ထိုသို့ ပြောဆိုဆုံးမ၍ လွယ်ကူသော စကားရှိသူ ဖြစ်သောကြောင့် စကားတို့ကို ပေသည်။

**တံ ဌပေတွာ။** ။ဗုဒ္ဓါနုဿတိ မှ အခြားကမ္မဋ္ဌာန်းကို အားထုတ်သူဖြစ်လျှင် ထိုကမ္မဋ္ဌာန်း၏ အရာမဟုတ်သောကြောင့် ချထားရသည်။ (မဟန္တံ စေတိယံ စေ-စသည်ဖြင့် ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်း၏ မူလကမ္မဋ္ဌာန်း နှလုံးသွင်းမှု၏ အချိန်ကြာမြင့်မှု မရှိခြင်းကို ပြသည်။) (၈၄)

**စေတိယံ ဝန္ဒိတွာ။** ။ပရိဘောဂစေတီထက် သာရီရိကစေတီသည် သာ၍ အလေးပြုအပ်သောကြောင့် "စေတိယံ ဝန္ဒိတွာ"ဟု ပုဗ္ဗကာလ ကိရိယာ၏ အစွမ်းဖြင့် ဆိုသည်။ ဤကား ဋီကာဟောင်း၏ အယူအဆတည်း။ ဋီကာသစ်ကား-ခရီးစဉ်အားဖြင့်သာလျှင် "စေတိယံ ဝန္ဒိတွာ"ဟု ပုဗ္ဗကာလကိရိယာကို ဆိုသည်။ အလေးပြု ဆိုက်မှု အစဉ်အားဖြင့် ဆိုသည်မဟုတ်ပါဟု မိန့်သည်။ ဤကျင့်ဝတ်များသည် အမြဲပြုရမည့် ကျင့်ဝတ်များမဟုတ်ပါ။ လမ်း၌တွေ့လျှင် ပြုရမည့် ကျင့်ဝတ်များ ဖြစ်သည်။ လမ်းမှာ ဗောဓိသာတွေ့လျှင် ဗောဓိကိုသာရှိခိုး၍ နှစ်မျိုးလုံးတွေ့မှ နှစ်မျိုးလုံးရှိခိုးရပါသည်။

**ဗုဒ္ဓဿ ဘဂဝတော သမ္မုခါ ဝိယ နိပစ္စကာရံ ဒဿေတွာ။** ။ဗုဒ္ဓါနုဿတိ အစွမ်း ဖြင့်

ပင် မေးခိစသော ပရိဘောဂစေပါ်ခြသည်း ရှိသေသမှု ပြုသင့်သည်ဟု ပြသည်။ (၇၅)

**ပဋိသာမိတဗ္ဗာနံ။** ။စောင်းတန်းရင်းချင်း တူသောကြောင့်ဆိုသည်၊ ဘုရား အာရုံရှိသော ပီတိ၏ နယ်မြေဖြစ်သော စေတီယင် ဗောဓိယင်မှ အပအရပ်သို့ ရောက်၍ဟု ဆိုလိုသည်။

**နေသက်ဟတ္ထံ။** ။ငါ့စကားမပြောသော် ဤလူတို့တွင် အဘယ်သူသည် ပြော လတ္တံ့ဟု ဓမ္မာနုဂ္ဂဟဖြင့် များစွာသော လူအပေါင်းကို ချီးမြှောက်ခြင်းအကျိုးငှာ တရားစကား ပြောကြားသင့်သည်သာ။

**ကမ္မဋ္ဌာနံ ဝီထိံ နာရောဟတိ။** ။ဆာလောင် မွတ်သိပ်ခြင်းဖြင့် ပင်ပန်းခြင်း ကြောင့် နှမ်းနယ်သောသူမှာ သမာဓိမဖြစ် နိုင်သောကြောင့် ဆိုသည်။ ဝမ်းတွင်း၌ ထမင်းစသော ဝတ္ထုမရှိလျှင် ကမ္မဇ တေဇောသည် ထကြွ၍ ဝမ်းလွှာကို ယူ၏။ ငါ့ဆာသည် ငါ့အား အာဟာရ ပေးကြဟု ပြောစေသည်၊ စားရာအခါ၌ ဝမ်းလွှာကိုလွှတ်၍ စားသောအစာ ကိုယူသည်။ ထိုအခါ သတ္တဝါသည် တည်ကြည်မှု ရှိလာသည်။ ထို့ကြောင့် အဋ္ဌကထာတို့၌ "ဆာယာရက္ခသော ဝိယ ကမ္မဇတေဇော" (အရိပ်မှ နေ၍ စောင့်ဖမ်းသော ဘီလူးနှင့် တူသည်)ဟု မိန့်သည်။ (၇၅-၆)

**နဒပါဒါပေါဒ်။** ။ဤသဒ္ဒါသည် ကမ္မဋ္ဌာန်း၏ အဆက်မပြတ်ပုံကို ပြသော သဒ္ဒါတည်း၊ "အထက် အထက်၌"ဟု အဓိပ္ပာယ်နက် ဖြစ်၏။ ဥပမာ-အဆက်ဆက်ဖြစ်သော မြှား အစဉ်အဆက် မပြတ်ခြင်းကဲ့သို့ တည်း။ (၇၆)

**စေတောခိလ စေတသောဝိနိဗန္ဓ။** ။စိတ်၏အမိုက် ဆူးငြောင့်အဖြစ် ဟူသော ဝိစိကိစ္ဆာ ဒေါသသည် စေတောခိလမည် ၍ စိတ်ကို နှောင်ဖွဲ့၍ လက်ဖြင့်ဆုပ်ထားသကဲ့သို့ပြုပြီး ယူကြောင်းလောဘ သည် စေဘသော ဝိနိဗန္ဓ မည်၏။

**အတ္တကာမာ ဟိ ကုလပုတ္တာ။** ။မိမိအကျိုးစီးပွား ချမ်းသာကို လိုလားသော ဓမ္မစ္ဆန္ဒရှိသူများတည်း။ တနည်း-ပညာရှိသူ တို့၏အတွက် ဓမ္မသည် အတ္တမှ အထူးမရှိသောကြောင့်လည်းကောင်း၊ ဓမ္မသည် အတ္တဘော၌ အကျိုးဝင်သောကြောင့်လည်းကောင်း ဓမ္မသည် အတ္တမည်၏။ ထိုဓမ္မ တည်းဟူသော အတ္တကို အလိုရှိသောကြောင့် အတ္တကာမ မည်၏၊

''အတ္တကာမာ''ဟု ရှိသော် တရားနှင့်စပ်သော အစီးအပွားကို အလိုရှိသူတို့ဟု ပေးပါ။ (၈၇)

**အာလိန္ဒကဝါသီ မဟာဖုဿဒေဝတ္ထေရော ဝိယ။** ။ကမ္မဋ္ဌာန်းမှ ကင်းသော စိတ်ဖြင့် ခြေမကြွဘူး၊ ကြွမိသော် ပြန်နစ်၍ ရှေ့ခြေရွှေ့သော ပြန်လာ၏ဟူသော စကားကို မဖြစ်နိုင်လောက်သော ဌာန (အဋ္ဌာန)၌ ဆိုထားသည်။ ဤသို့ကျင့်ဖူးသူ ဘယ်မှာရှိပါအံ့နည်းဟူသော ယုံမှားမှုကို ''အာလိန္ဒကဝါသီ မဟာဖုဿဒေဝတ္ထေရော ဝိယ''ဟူသော စကားက နှစ်စေသည်။(ဘာသာဋီကာ တတိယ ၂၅-ကိုလည်း ရှုပါ)

**မဟာနာဂထေရ်၏ ဝတ္ထုမှ။** ။ပုဒ်ကို တင့်တယ်စေခြင်းငှာ ''ပဌမံ တာဝ'' ဟု ပရိယာယ်စကားကို ပြုထားသည်။ မဟာပဓာန်=ဘုရားရှင်၏ ဒုက္ကရစရိယ အကျင့်တည်း။ ဌာနစင်္ကမမေဝ=ဆောက်တည်ထိုက်သော ဣရိယာပုထ်၏ အစွမ်းဖြင့် ဆိုပါသည်။ ဆွမ်းစားရာ အခါ စသည်တို့၌ မချွတ်ကေန် ပြုထိုက်သော ထိုင်ခြင်း ဣရိယာပုထ်ကို ပယ်မြစ်း အစွမ်းဖြင့် ဆိုသည်မဟုတ်ပါ။ မှန်၏—ဝေသဒ္ဒါဖြင့် ဆွမ်းစားရာအခါ စသော မထိုင်မဖြစ် ထိုင်ရမည့်နေရာတို့၌ ထိုင်ခြင်းမှတပါး အခြားသော ထိုင်ခြင်းနှင့် အိပ်ခြင်းတို့ကို ကန့်ပါ။ ဝိပ္ပယုတ္တေန ဥဒ္ဓရေ ပဋိနိဝတ္တေန္တော-ကမ္မဋ္ဌာန်းနှင့် ယှဉ်သောစိတ်ဖြင့် ကြွမြောက်အပ်သော ခြေရာ၌သာ တဖန်ထားခြင်းကို ရည်၍ ဆိုသည်။ (၈၈)

**အာရောစေတိ။** ။နေ့ စသည်မေးသော် မပြောပဲ မနေသင့်သောကြောင့် ရေကို မြို့ချ၍ ပြောသည်။[အနုဇာနာမိ ဘိက္ခဝေ သဇ္ဈာယေ ပကြ္ခေ ကာနံ ဥဂ္ဂဟေတုံ။]

**ဝိထိယော သလ္လက္ခေတွာ။** ။လမ်းပေါ်သို့ ရောက်ပြီးမှ ဟိုဟိုဒီဒီ မကြည့်ပဲ လမ်းပေါ်သို့ မရောက်မီကပင် လမ်းတို့ကို မှတ်သားသင့်သည်။ ထို့ကြောင့် ''ဝိထိယော သလ္လက္ခေတွာ''ဟု မိန့်သည်။ [ပါသာဒိကေန အဘိက္ကန္တေန ပဋိက္ကန္တေန။]

**န ဟိ ဇဝေန ပိဏ္ဍပါတိယဓုတင်္ဂံ နာမ ကိဉ္စိ အတ္ထိ။** ။ဤပါဠိဖြင့် လျင်မြန်စွာ သွားခြင်းကြောင့် လောလုပ္ပတဏှာဖြင့် သွားခြင်းကဲ့သို့ မလျောက်ပတ်သည်၏အဖြစ်ကို ပြသည်

အင္ဂသမန္နာဂတံ။ ။ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ စသော အင်္ဂါနှစ်ပါးကိုယူ၍ ၊ နေ၀ ဒဝါယ စသည်ကား အင်္ဂါမဟုတ်ပါ။ ပယ်မြစ်မှုကို ပြခြင်းမျှသာတည်း။ (၈၈-၉)

ယဒိ ဥပနိဿယယသမ္ပန္နာ ဟောတိ။ ။ဤစကားကို "ဒေဝပုတ္တော ဟုတွာ" စသည်တို့၌လည်း စပ်၍ အနက်မှတ်ပါ။ ငွေကပေါဓိဉာဏ် အကျိုးငှာ ဥပနိဿယ ပြည့်စုံအောင် နှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်။ အဂ္ဂသာဝက တို့အတွက် တစ်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ အခြားမဟာသာဝကများအတွက် ကမ္ဘာတသိန်း ရိုးရိုးသာဝက များအတွက် ကမ္ဘာတသိန်းအောက် ကာလ သတ်မှတ်ချက်မရှိ ပါရမီ ဖြည့်ကြမှ ဥပနိဿယ ပြည့်စုံသည်။ (၈၉)

ဗာဟိယော ဒါရုစီရိယော။ ။သာသနာပ နယ်မြေ၌ မွေးဖွားခဲ့ ကြီးပြင်းခဲ့ သောကြောင့် "ဗာဟိယ"မည်၍ သစ်သား အဝတ်ကို ဝတ်သောကြောင့် "ဒါရုစီရိယ"မည်ပါသည်။ [သိခါပတ္တ-လုံးဝ ပြည့်စုံသောကြောင့် အထွတ်အထိပ်သို့ (ပြီးဆုံးခြင်းသို့) ရောက်သည်။]

အတ္တာ အဘိက္ကမတိ အဟံ အဘိက္ကမာမိ။ ။အတ္တာ အဘိက္ကမတိ-ဖြင့် ဒိဋ္ဌိဂါဟ အစွမ်းဖြင့်လည်းကောင်း၊ အဟံ အဘိက္ကမာမိ-ဖြင့် မာနဂါဟ အစွမ်းဖြင့်လည်းကောင်း၊ ထိုဂါဟ နှစ်ပါး သည် တဏှာနှင့် ကင်း၍ မဖြစ်သောကြောင့် တဏှာဂါဟ အစွမ်းဖြင့်လည်း ကောင်း ဤသို့လျှင် မညနာတရား သုံးပါးတို့ဖြင့် အန္ဓဗာလပုထုဇဉ်၏ ရှေ့သို့ တက်ခြင်း၌ တွေဝေပုံကို ပြသည်။

စိတ္တံ ဇနယမာနာ။ ။သွားလိုသော စိတ်ကြောင့် ဝါယောဓာတ် ဖြစ် သောအခါ ထိုဝါယောဓာတ်၏ ထူးခြားသော အမူအရာ ဝိကာရကို "ဝိညတ်"ဟု ခေါ်၏။ ထိုဝိညတ်သည် ပရမတ် အစစ် မဟုတ်၊ ဝါယောဓာတ်၏ ဝိကာရ (ထူးခြားသော အမူအရာ)သာ ဖြစ်သော ကြောင့် ဥပါဒ်ခြင်း သဘောမရှိ၊ ထို့ကြောင့် "ဝိညတ္တိံ ဥပ္ပါဒယမာနာ"ဟု မဆို၍ "ဇနယမာနာ"ဟု ဆို၍ ဝါယောဓာတ်ကိုယ်တိုင်ကား ဥပါဒ် ရသော ကြောင့် "ဝါယောဓာတု ဥပ္ပဇ္ဇတိ"ဟု ဆိုသည်။ (ဘာသာဋီကာ-မှ) (၉၀)

သြမဋ္ဌာ ၊ပေ၊ အဒိမတ္တာ။ ။သြမဋ္ဌာ-ခြေကို ကြွမြှောက်ခြင်း ဟူသော ဥဒ္ဓရဏ အခိုက်၌ ဓာတ်ကြီးလေးပါးတို့ အတူ ဖြစ်ကြ၍ဝယ် ပထဝီနှင့် အာပေါသည် ညံ့သော အတိုင်းအရှည် ရှိကုန်၏-ဟူရာ

ဝယ် သတ္တိညှံ့ခြင်းကို ဆိုလို၏။ တေဇောနှင့် ဝါယောတို့ လွန်ကဲသော အတိုင်းအရှည် ရှိကုန်၏-ဟု ဆိုရာ၌လည်း သတ္တိထက်ခြင်းကို ဆိုလိုသည်။ ခြေကို အထက်သို့ ကြွ၊ မြှောက်ရာ၌ တေဇောဓာတ်၏ အစွမ်းကြောင့် အထက် အထက်သို့ ရွေ့၍ ဥပါဒ် ရကား ကြွမြှောက်ခိုက်၌ တေဇောဓာတ်သည်အနုဂတ ပဓာန ဖြစ်၍ ဝါယောဓာတ်သည် တေဇောဓာတ်၏ နောက်လိုက် အနုဂမက အပဓာန ဖြစ်၏။

**တထာ အတိဟရဏဝီတိဟရဏေသု။** ။အနုဂမက အနုဂတ အဖြစ်ဖြင့် ထူးခြားမှု ရှိသော်လည်း တေဇော ဓာတ် ဝါယောဓာတ် အဖြစ်ဖြင့် တူမျှသည်ကို ရည်ရွယ်၍ "တထာ"ဟု ညွှန်ပါသည်၊ တည်ရာအရပ်ကို လွန်၍ ရှေ့သို့ဆောင်ခြင်းကို "အတိဟရဏ"ဟု ခေါ်၍ ရှေ့တိုးရာဝယ် သစ်ငုတ် စသည်ကို ရှောင်ခြင်းငှာသော်လည်းကောင်း၊ ရှေ့၌ ရောက်ပြီးသော ခြေကို မတိုက်မိအောင် ရှောင်ခြင်းငှာသော်လည်း ကောင်း ထိုငုတ် စသည်နှင့် ထိုခြေ၏ ဘေးမှဆောင်ခြင်းကို "ဝီတိဟရဏ"ဟု ခေါ်သည်။ တနည်း—မြှောက်ပြီးသောအခါ ရှေ့ခြေတိုင်အောင် ခြေကို ဆောင်ခြင်းသည် "အတိဟရဏ"မည်၍ ရှေ့ခြေကို ကျော်လွန်၍ ဆောင်ခြင်း သည် ဝီတိဟရဏ မည်၏။ ဤအတိဟရဏ ဝီတိဟရဏ အခိုက်၌ ဝါယော ဓာတ်သည် အနုဂတ ပဓာန ဖြစ်၍ တေဇောဓာတ်ကား အနုဂမက အပဓာန ဖြစ်သည်။ (၉၀-၉၁)

**ဝေါဿဇ္ဇနေ။** ။ခြေကို အောက်သို့မကျအောင် ဆောင်ထားခဲ့ရာ ထိန်းထား ခဲ့ရာအခါမှ ယခုအခါ ထိန်း၍ ဆောင်၍ မထားတော့ပဲ အောက်သို့ စွန့်လွှတ်ခြင်းကို"ဝေါဿဇ္ဇန"ဟု ခေါ်၏။ဤသို့ ခြေကိုအောက်သို့ ချရာအခိုက်၌ တေဇော ဝါယော ဓာတ်နှစ်ပါး သတ္တိညှံ့၍ ပထဝီနှင့် အာပေါ ဓာတ်တို့ သတ္တိကောင်းကြသည်။ ထိုနှစ်ပါးတွင် အာပေါဓာတ်သည် အနုဂတ ပဓာနဖြစ်၍ ပထဝီဓာတ်က အနုဂမက အပဓာန ဖြစ်သည်။ (၉၁)

**တထာ၊ပေ၊သန္နိရုဇ္ဈနေသု၊** ။မြေ စသည်တို့၌ ထိခြင်းသည်"သန္နိက္ခေပန" မည်၍ တည်စေပြီးနောက် ဖိနှိပ်၍ နင်းခြင်း၏ အစွမ်းဖြင့် သွားခြင်း၏ ချုပ်ခြင်း ရပ်ခြင်းသည် "သန္နိရုဇ္ဈန" မည်၏။ ဝေါဿဇ္ဇန တုန်းကကဲ့သို့ အနုဂမက အနုဂတချင်း မတူသော်လည်း ပထဝီ ဓာတ် အာပေါဓာတ် အဖြစ်ဖြင့် တူသောကြောင့်"တထာ"ဟု ညွှန်လေသည်။

မြေ နှင့် ရေ၊ မိတ်ဆွေတော်ကြ၊ သဘာဂ၊
မီး နှင့် လေ၊ မိတ်ဆွေတော်ကြ၊ သဘာဂ၊

မြေ နှင့် လေ,၊ မိတ်ဆွေမစပ်၊ ပဋိဃာတ်၊
မီး နှင့် ရေ,၊ မိတ်ဆွေမစပ်၊ ပဋိဃာတ်။

အတိဟရဏံ န ပါပုဏန္တိ။ ။ဘေးအမျှဘည်သောကြောင့် မရောက်ကြ။
အိုအိုရှင်များ၊ သတိထားလော၊ သွားဆဲကာလ၊ ခါသမယာယ်၊ ပဌမ ခြေလှမ်း၊ ရုပ်နာမ်ဘန်းတို့၊ လှမ်းဒုတိယ၊ မရောက်ကြဘူး၊ ဒုတိယလှမ်း၊ ရုပ် နာမ်ဘန်းလည်း၊ လှမ်းတတိယ၊ မရောက်ကြပင်၊ တလှမ်းတွင်လည်း၊ မြောက်စဉ်ဘမျိုး၊ ရှေ့တိုးတဖုံ၊ လွန်ပုံတဝ၊ အောက်ချဘခင်း၊ ထိခြင်းတလွှ,၊ ဖိနင်းခုအောင်၊ တရွေးရွှမြန်း၊ အခန်းခန်းဌ၊ တလှမ်းပိုင်ခြား၊ စိပ် ၆-ပါဝယ်၊ သွယ်သွယ်နာမ် တန်း၊ ရုပ်အတန်းတို့၊ နှမ်းအိုးကင်းထက်၊ နှမ်းတွေကျက်သို့၊ ဖြစ်ပျက် နေရ၊ အနိစ္စသည်၊ ဒုက္ခအနတ္တ ချည်းတည်း။
(ဘာသာဋီကာ-တ-၄၃)

ပဋပဋာယန္တာ။ ။နာမ်တရားတို့၏ ဖြစ်ရာခဏကို မဆိုထားဘိ ရုပ်တရားတို့၏ သော်မှသည်း ဖြစ်ရာခဏသည် အလွန်မြန်၏၊ အပြေး သွား၍ နေရခြင်းကို သာယာကြသော နတ်သားတို့သည် ရှိကုန်၏၊ အလွန် လည်း အပြေးမြန်ကြကုန်၏။ ထိုနတ်တို့သည် ခြေဌလည်းကောင်း၊ ဦးခေါင်း ဌလည်းကောင်း သင်ခုန်းအသွားများကိုဖွဲ့ချည်ထားပြီးလျှင် အထက်အောက် ကျွမ်းကစား၍ ပြေးကြကုန်၏၊ ထိုအခါ အထက်သင်ခုန်းသွားနှင့် အောက် သင်ခုန်းသွားတို့သည် အလွန်လျှင်မြန်စွာ ပေါင်းဆုံမိကြကုန်၏၊ ထိုပေါင်းဆုံ မိရာ ခဏထက်ပင် ရုပ်တရားတို့၏ ဖြစ်ရာခဏသည် သာ၍ လျှင်မြန်ပါသေး ၏။ ထို့ကြောင့် လှော်အပ်သော နှမ်းတို့၏ ကွဲပျက်ခြင်းကို တလုံးစီ တလုံးစီ ကြည့်၍မဖြစ်၊ ကွဲပျက်ခြင်းကို ဖျစ်ဖျစ် (ပဋပဋ) ဟူသော အသံဖြင့်သာ မှန်းဆ၍ သိရသကဲ့သို့ ထို့အတူ သင်္ခတတရားတို့၏ လျှင်မြန်လှစွာသော ပျက် ခြင်းကိုလည်း ဖြစ်ခြင်းဖြင့်သာ မှန်းဆနိုင်သည် (ဖြစ်လျှင် ပျက်ရမည်သာဟု မှန်းဆနိုင်သည်)ကို ပြလို၍ "ပဋပဋာယန္တာ"ဟုမိန့်သည်။ "ပဋပဋာယန္တာ- ဖြစ်ခြင်းအစွမ်းဖြင့် ပဋပဋအသံကို မပြုကုန်သော်သည်း ပြုကုန်သကဲ့သို့"ဟု အနက်မှတ်ပါ၊ ဖြစ်သမျှ သင်္ခတ ရုပ်နာမ်တရားတို့သည် ကောန်ပျက်ကြရ သောကြောင့် သင်္ခတတရားတို့၏ ပျက်ခြင်းကို ဖြစ်ခြင်းဉပါဒ်ဖြင့် မှတ်သားရ တော့သည်။ (ဘာသာဋီကာ-တ-၄၃) (၉၁-၂)

သန္ဓိ ရှုပေန၊ ။ဤပုဒ်ကို ဂါထာ၌ပါသော ဉပ္ပဇ္ဇတိ နှိရုဇ္ဈတိ-တို့၌ စပ်ပါ၊ သန္ဓိ ရှုပေန ဉပ္ပဇ္ဇတိ-သည် စိတ်ဖြစ်လျှင် ဖြစ်ရသော စိတ္တဇ

ရုပ်များကို ရည်ရွယ်သော စကားတည်း။ သဒ္ဒိံ ရူပေန နိရုဇ္ဈတိ-သည် ယခုချုပ်မည့် စိတ်မဖြစ်မီ လွန်ခဲ့သော ၁၇-ချက်မြောက် စိတ်နှင့် အတူဖြစ်ခဲ့သောရုပ်ကို ရည်ရွယ်သောစကားတည်း။ ဤကိုမယူလျှင်-ရုပ်နှင့် နာမ်တို့သည် သမာနာယုကအဖြစ် ရောက်ရာ၏။ ထိုသို့ရောက်လျှင် "ရူပံ ဂရုပရိဏာမံ ဒန္ဓနိရောဓံ" ဟူသော အဋ္ဌကထာ စကားတို့နှင့် လည်းကောင်း၊ "နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ လဟုပရိဝတ္တံ၊ ယထယိဒံ စိတ္တံ" ဤသို့စသော ပါဠိတော်စကားတို့နှင့် လည်းကောင်း ဆန့်ကျင်ရာ၏၊ ဤသို့စသည်ဖြင့် ဋီကာဟောင်းဆရာ မိန့်ကြားသည်။

တနည်း—"သဒ္ဓိံ ရူပေန"ကို"နိရုဇ္ဈတိ"နှင့် စပ်ပါ။ ၁၇-ချက်မြောက်စိတ်၏ ဥပါဒ်ခဏာ၌ဖြစ်သော ရုပ်နှင့်အတူ အခြားစိတ်ချုပ်သည်ဟု မှတ်ပါ၊ ရှေးစိတ်ချုပ်ပြီးမှ ထိုစိတ်၏ အနန္တရသတ္တိဖြင့် ကျေးဇူးပြုချက်အရ သင့်လျော်သော နောက်စိတ်တပါး ဖြစ်ရသည်။ ထို့ကြောင့် "အညံ စိတ္တံ နိရုဇ္ဈတိ"ကို ရှေးဦးစွာ အနက်ပေး၍ "အညံ စိတ္တံ ဥပ္ပဇ္ဇတိ"ကို နောက်မှ အနက်ပေးရပည်။ မှန်၏-သဒ္ဒါအစဉ်သည် အနက်အစဉ်မှ တမျိုးတခြားဖြစ်၍ အနက်အစဉ်လည်း သဒ္ဒါအစဉ်မှ တမျိုးတခြားဖြစ်နိုင်သည်။

**တံ အာဝဇ္ဇေတ္ဘာ။** ။ဘာသာချင်းတူသောကြောင့် "တံ အာဝဇ္ဇေတွာ"ဟု မိန့်သည်၊ ဖြစ်ပုံ အခြင်းအရာ အထူး၏ အစွမ်းဖြင့် အတီတဘာဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ-ဟု သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတွင် ဘဝင်္ဂုပစ္ဆေဒကိုသာ လည်စေသည်။ [ဘဝင်္ဂ ဥပပတ္တိဘဝသာ အင်္ဂကိစ္စ-ဘဝင်သည် ပဋိသန္ဓေနှင့် တူသောကြောင့် ဥပပတ္တိဘဝ၏ ပဓာနအင်္ဂါဖြစ်သည်။] (၉၄)

**ပဥ္စမဇ္ဈာနေပိ ၊ ပေ၊ သတ္တမဇ္ဈာနေပိ။** ။ဤစကားကို ပဥ္စဒွါရိကစိတ်၌ "ဤကား မိန်းမ ဤကား ယောကျ်ား"ဟု တပ်မက်မှု ပြစ်မှားမှု တွေဝေမှုတို့၏ မရှိခြင်းကို ရည်ရွယ်၍ ဆိုပါသည်။ ထိုပဥ္စဒွါရိကစိတ်၌ အာဝဇ္ဇန်း ဝုဋ္ဌောတို့၏ ရှေ့၌ ဖြစ်သော အယောနိသောမနသိကာရ အစွမ်းဖြင့် မသင့်သောအားဖြင့် ဆင်ခြင်ပုံ ပိုင်းဖြတ်ပုံ အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် ဇဝနဖြစ်သော မိန်းမ၏ အဆင်းစသည်ကြောင့် လောဘမူမျှ စော၍ အနိဋ္ဌအာရုံကြောင့် ဒေါသမူဇောမျှ စောသည်။ စင်စစ် တပ်မက်ခြင်း ပြစ်မှားခြင်း စသည် မရှိသေးပါ။ မနောဒွါရရောက်မှ စင်စစ် တပ်မက်ခြင်း ပြစ်မှားခြင်း စသည် ဖြစ်ပါသည်။ ထိုမနောဒွါရ၌ ဖြစ်သော တပ်မက်ခြင်း ပြစ်မှားခြင်း စသည်၏ အကြောင်း

ရင်းသည် ပဋ္ဌဒွါရိကဇော ဖြစ်သည်။ဤသို့ မနောဒွါရိကဇော၏ မူလအကြောင်း အစွမ်းဖြင့် မူလပရိညာကို ဆိုပါသည်။[မနောဒွါရိကဇောများ၏ အာဂန္တုက အဖြစ်ကို ပဋ္ဌဒွါရိကဇော၏ ရှေ့၌ မဖြစ်ခြင်း အစွမ် ဖြင့်လည်းကောင်း၊ တာဝကာလိက၏ အဖြစ်ကို အချိန်တိုခြင်း၏ အစွမ် ဖြင့်လည်းကောင်း သိပါ။]

ဟေဋ္ဌုပရိယဝသေန။ ။အပြန်ပြန် အလှန်လှန် ဘဝင်ဖြစ်ခြင်း၏ အစွမ်း ဖြင့်ဟု အနက်မှတ်ပါ၊ မှန်၏-ဘဝင်ဖြစ်ခြင်းကြောင့် ဇောများပျက်၍ ကျသည်။ ဤပါဠိဖြင့် အောက်ဖြစ်သော ဘဝင် အထက်ဖြစ်သော ဘဝင်များ၏ အဖန်ဖန် အထပ်ထပ် တပြောင်းပြန်ပြန် ဖြစ်ခြင်း၏ အစွမ်းကြောင့် ပဋ္ဌဒွါရိကဇောမှ မတူသော မနောဒွါရိကဇော၏ ဖြစ်ခြင်းကို ပြသည်။ ဘာ့ကြောင့်နည်း—မနောဒွါရိကဇော၏ အစွမ်းကြောင့်သာလျှင် တပ်မက်ခြင်းစသည် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့်ပင် "ရဇ္ဇနာဒိဝသေန အာလောကိတဝိလောကိတံ ဟောတိ"ဟု မိန့်သည်။ (၉၅)

ဂေဟဘူတော စက္ခုဒွါရေ။ ။စက္ခုဒွါရ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် အာဝဇ္ဇန်း စသည်တို့၏ ဖြစ်ခြင်းကြောင့် ဖြစ်ကြောင်း၏ အစွမ်းဖြင့်သာလျှင် "ဂေဟဘူတော"ဟု မိန့်ပါသည်။ မှီရာ၏ အစွမ်းဖြင့် မိန့်သည်မဟုတ်ပါ။

အာဂန္တုက ၂-နှစ်မျိုး။ ။(၁) အတိထိ-မကြာမကြာ လာတတ်သော ကြောင့် အလေ့အကျင့်ရပြီးသော ဧည့်သည်၊

(၂) အဗ္ဘာဂတ-အလေ့အကျင့်မရှိသေးသော ယခုမှရောက်လာသော ဧည့်သည်၊ ထိုနှစ်မျိုးတွင် ဤနေရာ၌ အဗ္ဘာဂတ အာဂန္တုကကိုယူပါ၊

စီဝရကုဋ္ဌိဒတ္တကော။ ။မဟာစေတီရင်ပြင်တော်ငယ် သင်္ကန်းကျောင်း ပြုလုပ်၍ ထိုသင်္ကန်းကျောင်း၌ စာအံကြသောကြောင့် "စီဝရကုဋ္ဌိဒတ္တက"ဟုမိန့်။ "စီဝရကုဋ္ဌိဒတ္တကော-သင်္ကန်းကျောင်း၌ သင်္ကန်းအမိုးမိုးခြင်းငှာ ပြုအပ်သော တုတ်ငယ်၌"ဟုပေးပါ။ (၉၇)

မဏိသပ္ပေါ။ ။သီဟိုဠ်ကျွန်း၌ ရှိသော မြွေတမျိုးတည်းဟု ဆိုကြသည်(ဧကေစိ အပရေ အညေ-သဒ္ဒါများမပါပဲ "ဝဒန္တိ"သာဆိုလျှင် အခြားသော အခြင်းအရာအားဖြင့် ယူထိုက်သောအနက်ကို မဆိုသောကြောင့် အနှစ်သာရအားဖြင့် ယူရမည်ဟု သိရသည်။ ထို့ကြောင့် မဏိသပ္ပသည် မြွေစိမ်း စသည်မဟုတ်ဟု မှတ်ပါ။)

**တံ အနန္တဝါသိကာ ပုစ္ဆိံသု။** ။ထိုင်နေကြသော တပည့်အများတွင် တယောက်သောတပည့်က မေးသည်၊ ထို့ကြောင့်"တံ အနန္တဝါသိကာ ပုစ္ဆိံသု"ဟုမိန့်၊ ထိုနေရာ၌ တည်နေကြသော မေးသူတို့ကို သိမ်းယူခြင်း၏အစွမ်းဖြင့် "တုမှေဟိ"ဟု တဖန် ဗဟုဝုစ်ပြုသည်။ (၉၇)

**သဿာဋ္ဌပတ္တစီဝရခာရကော။** ။ဆောင်ရတာချင်း တူသောကြောင့် သဿာဋ္ဌိနှင့် စီဝရတို့ကို တပေါင်းတည်းပြုခြင်းသည် ဂန္ထဂရုဒေါသကို ပယ်ခြင်းအကျိုးရှိ၏။ သင်းပိုင်ကိုဝတ်၍ ကေသီနှင့် နှစ်ထပ်သင်္ကန်းကို ရမ်းခြင်း ရုံခြင်းတို့ကို "ခါရဏ"ဟု ဆိုသည်။

**အရညေ ကေကဿ နိဝါသန္တရာယကရံ။** ။သူခိုး စသည်တို့နှင့် ဆက်ဆံသောကြောင့် ဗြဟ္မစရိယ၏ အန္တရာယ် တစိတ်တဒေသရှိသည်ကို ရည်ရွယ်၍ ဆိုပါသည်။ လိုချင်စရာကောင်းသော အဝတ်များသည် သူခိုးစသည် အန္တရာယ်ရှိခြင်းကြောင့် အသပ္ပါယဖြစ်သော်လည်း အကြောင်းအားလျော်စွာ တရံတခါ သပ္ပါယ ဖြစ်နိုင်စရာရှိပါသေးသည်၊ မိစ္ဆာဇီဝ ကြောင့်ဖြစ်သော သင်္ကန်းနှင့် အကုသိုလ် တိုးပွား၍ ကုသိုလ်ဆုတ်ယုတ်စရာရှိသော သင်္ကန်းကား မည်သည့်အကြောင်းကြောင့်မျှ မည်သည့်အခါ၌မျှ သပ္ပါယ မဖြစ်နိုင်သောကြောင့် ကေန်စင်စစ် အသပ္ပါယ ဖြစ်သည်။ (၉၈)

**မိစ္ဆာဇီဝ။** ။အနေသနပယောဂ ၂၁-ပါးကို ယူပါ။

မျက်သစ်ရေထက်၊ ဆွမ်းတုံ့စွက်၊ သစ်ရွက် ချိုးမှုန့်ပါ။
ကလေးချီသယ်၊ ပဲဟင်းနွယ်၊ ချစ်ဖွယ်နှုတ်ဝါစာ။
ခိုင်းစေရာခံ၊ စာတမန်၊ မြေကြန်အတတ်ပါ၊
ဝတ္ထုအင်္ဂ၊ နက္ခတ္တ၊ သုံးဝ ထိုဝိဇ္ဇာ။
ပေါင်းပါ ဒုရှစ်၊ နှစ်ဆယ့်တစ်၊ စင်စစ်နေသနာ။

(မေဒိနီ ရှင်ရဟန်းကျင့်ဝတ်မှ)

**အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ။** ။အလွန်နှစ်သက်ရာ၌ ရာဂ စသည်ဖြစ်၍ အလွန်မနှစ်သက်ရာ၌ ဒေါသစသည်ဖြစ်သောအားဖြင့် အကုသိုလ်တရား တိုးပွားတတ်သည်။ (၉၉)

**စတုပစ္စဂတ္ထိကာဟတော။** ။ဦနပဥ္စဗန္ဓနသိက္ခာပုဒ်၌ ငါးဖွဲ့ရှိသော သပိတ်ကို သုံးခွင့်ပြုသော်လည်း ဆေးကြောသောအခါ

အချိန်ကြာ၍ ပလိဗောဓဖြစ်သောကြောင့် "အသပ္ပါယ"ဟု ဆိုသည်၊ ဒုဗ္ဗေါတ ပတ္တော—ကိုကား အဖွဲ့မရှိပါပဲလျက် ပင်ကိုယ်အားဖြင့် အဆေးခက်သော သပိတ်ကိုရည်ရွယ်၍ ဆိုသည်။ (၁၀၀)

**မဏိဝဏ္ဏပတ္တော ပန လောဘနီယော။** ။ကျောက်မြင့်ဖြင့် ပတ္တမြားအဆင်းရှိသော သပိတ်သည် ဝိနည်းဒေသနာတော် အရ အပ်ပါသော်လည်း သုတ္တန် ဒေသနာအားဖြင့် အန္တရာယ် ပြုတတ်သော ကြောင့် သပ္ပါယမဖြစ်ဟု ပြသည်။ ဝိနည်း အဋ္ဌကထာများ၌ကား ဖုတ်ခြင်း ကိရိယာကိုသာ ပယ်မြစ်သည်။ [အရိပ်နိမိတ် စသည် ပြုခြင်းကြောင့် ရအပ် သော သပိတ်ကား သီလပျက်စေသောအားဖြင့် အကျိုးမဲ့ကို ဆောင်နိုင်သော ကြောင့် စင်စစ် မအပ်ဟု သက်နိုးဋ္ဌဆိုခဲ့ပြီး နည်းအတိုင်း သိပါလေ။](၁၀၁)

**သေဝမာနဿ။** ။ဤစကားကို တိုးပွားခြင်း ဆုတ်ယုတ်ခြင်း ကိရိယာများ၏ ဟိတ် အတွင်းဝင်သော စကားဟု ဋီကာဆို၏၊ မှီဝဲခြင်း ကြောင့် အကုသိုလ်တိုးမှု ကုသိုလ်ဆုတ်ယုတ်မှု စသည် ဖြစ်သည်ဟု အဓိပ္ပာယ် မှတ်ပါ၊ ဟိတ် ကြံ၍လည်း အနက်ပေးနိုင်သည်။

**နီလမက္ခိကာ။** ။နွားစသည်တို့၌ အနာများ၌ ညိုသော ယင်ကောင်များသည် ပြုအပ်သော မကြီးပွားခြင်း ပျက်စီးခြင်း၏ အကြောင်း ဖြစ်သော ဥများကို "အာသာဋိကာ"ဟု ခေါ်သည်။ ထိုဥများကို ပြုတတ် သော ညိုသော ယင်ကောင်များသည် "နီလမက္ခိကာ" မည်၏။

**သင့်လျော်သော ဥပမာ။** ။သခ်ါရဒုက္ခ စသော အမြဲမပြတ် နှိပ်စက်အပ် သဖြင့် နာကျင်နေသော ခန္ဓာကိုယ်၏ အသုံး အဆောင်ဖြစ်သော သက်နိုး သပိတ်တို့အတွက် အနာဖုံးစရာ အဝတ်၊ ဆေး ထည့်စရာ ခွက်တို့ကို ဥပမာပြုခြင်းသည် သင့်လျော်လှ၏။

**ဥတ္တမသမ္ဗောနုကာရိ။** ။သိမ်မွေ့သော သဘောကို မှတ်သားနိုင်သောကြောင့် မြတ်သော သမ္ဗောဇ်ကို ပြုလေ့ရှိသောကြောင့် လည်း ကောင်း၊ ရှေးဖြစ်သော သမ္ဗောနုကာရီ ပုဂ္ဂိုလ်တို့ထက် မြတ်သောကြောင့် လည်းကောင်း ဥတ္တမသမ္ဗောနုကာရိ မည်၏။

**အသိတေတိ ပိဏ္ဍပါတဘောဇနေ။** ။စားခြင်း စသော ကိရိယာသည် ကံ အထူးနှင့် ယှဉ်သောကြောင့် အသိတ စသော ပုဒ်တို့ဖြင့်ပင် ကံအထူးနှင့်တကွ ဖြစ်သော ကိရိယာအထူးကို သိအပ်

သိနိုင်သည်။ ထို့ကြောင့် "အသိတေတိ ပိဏ္ဍပါတဘောဇနေ" စသည်ကို မိန့်၏။ (၁၀၂)

**အင္ဂဝိဓောပမအတ္ထော။** ။ဤပါဠိဖြင့် မဟာသိဝထေရ် ဝါဒ၏ အစွမ်းဖြင့် "ဣမဿ ကာယဿ ဌိတိယာ" စသည်ဖြင့် ဟော အပ်သော အကျိုးရှစ်ပါးကို ပြသည်၊ မဟာသိဝထေရ်သည် အောက်အင်္ဂါ လေးပါးသည် ပယ်အင်္ဂါ မည်၏။ အထက်အင်္ဂါ ရှစ်ပါးတို့ကို အကျိုး အနေအဖြစ် ပေါင်း၍ တွက်ရမည်ဟု မိန့်သည်၊

(၁) ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ၊
(၂) ယာပနာယ၊
(၃) ဝိဟိံသူပရတိယာ၊
(၄) ဗြဟ္မစရိယာနုဂ္ဂဟာယ၊
(၅) ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊
(၆) နဝဉ္စ ဝေဒနံ န ဥပ္ပာဒေဿာမိ၊
(၇) ယာတြာ စ မေ ဘဝိဿတိ၊
(၈) အနဝဇ္ဇတာ စ (ဖာသုဝိဟာရော စ-ကား ဘောဇနာနိသံသမျှ တည်း။)

(၁) နေဝ ဒဝါယ၊ (၂) န မဒါယ၊ (၃) န မဏ္ဍနာယ၊ (၄) န ဝိဘူသနာယ၊ (၅) ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ၊ (၆) ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ (၇) ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ (၈) ယာတြာ စ မေ ဘဝိဿတိ၊ [အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ-ကား ဘောဇနာနိသံသမျှတည်း]—

ဟူသော ဤအင်္ဂါရှစ်ပါးကို ဤနေရာ၌ အလိုမရှိအပ်ပါ၊ ဘာ့ကြောင့်နည်း— ဤအင်္ဂါရှစ်ပါးတို့သည် အကျိုးတို့ပင် မဟုတ်သောကြောင့်လည်းကောင်း၊ အထက်ရှစ်ပါးတို့ကိုသာ ဤနေရာ၌ အတ္ထ-သဒ္ဒါဖြင့် မိန့်အပ်သောကြောင့် လည်းကောင်းတည်း။

အဋ္ဌကထာ၌ "နေဝ ဒဝါယာတိအာဒိနာ နယေန ဝုတ္တော"ဟု ဆိုထား သဖြင့် ဒုတိယနည်းလာ ရှစ်ပါးကိုသာ ဤနေရာ၏ အလိုရှိအပ်သည်ဟု

ထင်မှတ်ဖွယ် ရှိသော်လည်း ဒုတိယနည်းလာ အင်္ဂါရှစ်ပါးကို မယူရပါ၊ ဘာ့ကြောင့်နည်း—နေဝ ဒဝါယ-စသည်ဖြင့် ပယ်သောအင်္ဂါပြမှုကို အဦး ပြု၍ ပစ္စဝေက္ခဏာပါဠိကို ဟောအပ်သောကြောင့်လည်းကောင်း၊ ဟောအပ်တိုင်း သော ပါဠိအစဉ်ကိုသာ အာဒိသဒ္ဒါဖြင့် ပြနိုင်သောကြောင့်လည်း ကောင်း တည်း။ မှန်၏-ပါဠိအစဉ်အားဖြင့်သာလျှင် "နေဝ ဒဝါယာတိအာဒိနာ နယေ န" ဟု ဆိုပါသည်၊ အနက်အစဉ်အားဖြင့် ဆိုသည်မဟုတ်ပါ၊ ထို့ကြောင့် "ဥမယာ ကာယဿ ဌိတိယာ" အစရှိသော မဟာသိဝထေရ်ဝါဒ၏အစွမ်းဖြင့် လာသော အကျိုးရှစ်မျိုးကိုသာ ဤနေရာ၌ ယူရမည်ဟု မှတ်ပါ။

ပဋိဂ္ဂဟဏံ။ ။"သုံးခုပေးခြင်း၊ ခံခြင်းနှစ်လှောက်၊ ကပ်ခံမြောက်" ကို ရည် ရွယ်၍ ဆိုပါသည်။ (ကဋစ္ဆု၊ ဒဗ္ဗိ-တို့သည် အချို့နေရာ၌ ပရိယာယ်ဖြစ်သော်လည်း ဤနေရာ၌ကား ဘောဇဉ်စသည်တို့ကို အတွင်း၌ ပြု၍ ယူကြောင်းဖြစ်သော ဇွန်းကို "ကဋစ္ဆု" ဟု ခေါ်၍ ဘောဇဉ် စသည် တို့ကိုထုတ်မှု စသည်ပြုကြောင်း ယောက်မကို "ဒဗ္ဗိ" ဟု ခေါ်ရသည်။)(၁၀၃)

ဝါယောဓာတုဝသေနေဝ တိဋ္ဌတိ။ ။မြေကို ဆောင်သော ရေသည် ရေကို ဆောင်သော လေကြောင့် တည်ရသကဲ့သို့ စားအပ်သော အစာအာဟာရသည်လည်း ဝါယောဓာတ်ကြောင့်သာ အစာသစ်အိမ်၌ တည်ရသည်ဟူသော အဓိပ္ပာယ်ကို ပြသည်။

အတိဟရတိ ဝီတိဟရတိ။ ။ခံတွင်းဝတိုင်အောင် ရွေးရှုဆောင်မှုသည် "အတိ ဟရတိ" မည်၍ ခံတွင်းဝမှ နောက်၌ ဝမ်းတွင်းသို့ ရောနှောအောင်ပြုလျက် ဆောင်မှုသည် "ဝီတိဟရတိ" မည်၏။ တနည်း- ခံတွင်းပေါက်ကို လွန်စေလျက် ဆောင်မှုသည် "အတိဟရတိ" မည်၍ ဝမ်းတွင်း၌ ရောက်ပြီးသော အာဟာရကို ဘေးမှရှောင်လွှဲ၍ အစာသစ်အိမ်သို့ ဆောင်မှု သည် "ဝီတိဟရတိ" မည်၏။

အာဘုဇတိ။ ။ခန္ဓာကိုယ်အတွင်း၌ စားတတ်သော တစုံတခုသော အတ္တ မည်သည်မရှိသောအားဖြင့် သိ၏။ မှန်၏-ဝိညာဉ်၏ ဗျာပါရ မှုသည်မျှသည် နှလုံးသွင်းမှု ရှေ့သွားရှိ၏။ ထို့ကြောင့် "အာဘုဇတိ" ဟုသာ ဆိုသည်။ (၁၀၄)

သမ္မာပယောဂေါ။ ။ထိုထိုသိခြင်း၏အကြောင်းဖြစ်သော ထိုထိုကိစ္စကိုပြီးစေ တတ်သည်လည်း ဖြစ်သော လုံ့လ ဝီရိယတည်း။ တနည်း-ကောင်းစွာ ကျင့် ခြင်းတည်း။

ဂမနတော၊ ။ဆွမ်းခံရန် ဂေါစရဂါမ်သို့ ရည်ရွယ်၍ သွားခြင်းတည်း။ ဆွမ်းခံပြန်ခြင်းကိုလည်း သွားခြင်း သဘောရှိသောကြောင့် ဤပါဠိဖြင့်ပင် သိမ်းယူပါ။

ပရိယေသနတော။ ။ဂေါစရဂါမ်၌ ဆွမ်းအကျိုးငှာ လှည့်လည်ခြင်းတည်း။ ဆွမ်းစားကျောင်း စသည်သို့ ချဉ်းကပ်ခြင်းလည်း ရှာခြင်း သဘောရှိသောကြောင့် ဤပါဠိဖြင့်ပင် သိမ်းယူပါ။

ပရိဘောဂတော။ ။ခွေးစာခွက်၌ ခွေးအန်ဖတ်ကဲ့သို့ အလွန်စက်ဆုပ် ရွံရှာဖွယ်ကောင်းသော ဝါးပြီးနောက် လျှာဖြင့် လိမ့်ဆုတ်ခြင်းကို ခံရ၍ အဆင်းအနံ့ ပျက်ပြားမှုကင်းသော အစာ အာဟာရကို စားမျိုရသော အားဖြင့်။

အာသယတော။ ။စားအပ်ပြီးသော အစာအာဟာရ၏ သည်းခြေ သလိပ် သွေး ပြည် ဟူသော အာသယသို့ ကပ်ရောက်သဖြင့် အလွန် စက်ဆုပ်ဖွယ် အကြောင်းဖြစ်သော အစာသစ်အိမ်၏ အထက်၌ တည်သော သည်းခြေ စသော လေးပါး။

ဖလတော။ ။ကြေကျက်ပြီးသော အစာအာဟာရ၏ ကောင်းစွာ ကြေလျှင် ဆံပင်မွေးညင်း စသော အကျိုး၊ ကောင်းစွာမကြေလျှင် နူနာ ပွေး ဝဲ စသော ရောဂါဖြစ်ခြင်းဟူသော အကျိုးများတည်း။ (၁၀၅)

သမ္မက္ခနတော။ ။အစာစားသောအခါ လက် နှုတ်ခမ်း လျှာ တို့၌ လိမ်းကျံမှု၊ စားပြီးရာအခါ မစင်အဖြစ်ဖြင့် ဒွါရ၌လိမ်းကျံမှု စသော ကိုးပေါက်ဒွါရ အမာဝတို့၌ လိမ်းကျံမှုများတည်း။

ဤသမ္မက္ခနသည် ပရိဘောဂ စသည်တို့၌ ရနိုင်ပါသော်လည်း အကျိုးဆက် အစွမ်းဖြင့် အထူးအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသောကြောင့် အားလုံးတို့၏ နောက်မှ ထားပါသည်။

ဥစ္စာရပဿာဝကမ္မေ။ ။ကျင်ကြီး ကျင်ငယ် စွန့်ချိန်ရောက်လျက် မစွန့်ပဲ နေလျှင် အဟုန်ကို ဆောင်ထားရသဖြင့် ပူလောင်ကာ ချွေးထွက်ခြင်း၊ မျက်စိလည်ခြင်း၊ စိတ်မတည်ခြင်း၊ ထိုးကျင်သော ရောဂါဂရင်ဂျီ အနာ စသော ရောဂါများ ဖြစ်ခြင်းဟူသော အပြစ်များ ရတတ်သည်။ မစွန့်ကောင်းသော လူတို့ သိမ်းပိုက်အပ်သော လယ်ယာ၊ နတ်တို့ သိမ်းပိုက်အပ်

သော နုတ်စင် နုတ်ကွန်း စသော အရပ်၌ စွန့်လျှော် ရဟန်းတော်များမှာ ဒုက္ကဋ် အာပတ်သင့်ခြင်း၊ ရဟန်းပမျှားမှာ ပါစိတ် အာပတ်သင့်ခြင်း၊ မကောင်း သတင်း ထွက်ခြင်း၊ ဇိတ်ဆိုးသော နုတ်လူများ၏ အန္တရာယ်ပြုမှုကြောင့် အသက် ဆုံးရခြင်း စသော အပြစ်များ ဖြစ်တတ်ပါသည်။

အကာသမတာယ။ ။ထွက်စေတတ်သော အတွေ့မည်သည် ရှိ၏။ ထိုအတ္တ၏ အလိုဆန္ဒကြောင့် ထွက်ရသည်ဟူသော လူမိုက်များ၏ မှတ်ထင်မှုကို တားမြစ်ခြင်းငှာ "အကာသမတာယ"ဟု ဆိုသည်။ မိမိအလိုဆန္ဒ ပယောဂ မပါပဲ ဝါယောဓာတ်၏ ဖြန့်မှုကြောင့်သာ ထွက်ရသည် ဟူလို။ (၁၀၆)

သရီရနိဿန္ဒော၀။ ။ခန္ဓာကိုယ်မှ ယိုစီးစိမ့်ထွက်သော အကျိုးဆက်မျှသာဟု မှတ်ပါ။ အချို့ဆရာများကား ခန္ဓာကိုယ်ရှိမှ ကျင်ကြီး ကျင်ငယ် ရှိ၍ ခန္ဓာကိုယ်မရှိက ကျင်ကြီး ကျင်ငယ် မရှိသောကြောင့် ခန္ဓာကိုယ် ၏ အကျိုးအာနိသင်မျှသာဟု ဆိုကြသေး၏။ သို့သော် ညွှန်ပြချက်နှင့် မညီ ညွတ်သောကြောင့် ဤအဆို မသင့်ပါ။ (၁၀၆)

ဂတေတိ ဂမနေ။ ။ရှေ့၌ အဘိက္ကမ ပဋိက္ကမ-သဒ္ဒါများဖြင့် သွားခြင်းတွင် လည်း ကိုယ်ကို ရှေ့သို့ ဆောင်ခြင်း၊ နောက်သို့ ဆောင် ခြင်းများကို ဆိုပြီးသောကြောင့် သွားခြင်းကိုသာ ဤနေရာ၌ ယူရမည်ဟု မူလဋီကာ ဆရာ ဆိုပါသည်။ ထိုမူလဋီကာ၏ အဆိုကို ဋီကာဟောင်းဆရာက ကေစိဝါဒဟူ ထောက်ချ၍ အသိအမှတ်ပြုပါသည်။ အဘယ့်ကြောင့်နည်း—သွား ခြင်းတွင် ပါဝင်သော ကိုယ်ကို ရှေ့သို့ ဆောင်ခြင်း၊ နောက်သို့ ဆောင်ခြင်း များသည် သွားခြင်းနှင့် မကင်းနိုင်သောကြောင့်လည်းကောင်း၊ ခြေထောက် ကို ကြွမြှောက်ခြင်းဖြင့် မှတ်အပ်သော ဂမနကိရိယာဖြင့်သာ သိမ်းယူအပ်သော ကြောင့်လည်းကောင်း ဝိဘင်း အဋ္ဌကထာ စသည်တို့နှင့် ဆန့်ကျင်သော ကြောင့်လည်းကောင်းတည်း။

တွေ့ စ ကော ဣရိယာပထော ဒွိသု ဌာနေသု အာဂတော။ သော ဟေဋ္ဌာ "အဘိက္ကန္တေ ပဋိက္ကန္တေ"တိ ဧတ္ထ ဘိက္ခာစာရဂါမံ ဂစ္ဆတော စ အာဂစ္ဆတော စ အဒ္ဓါနဂမနဝသေန ကထိတော။ "ဂတေ ဌိတေ နိသိန္နေ"တိ ဧတ္ထ ဝိဟာရေ စုဏ္ဏိကပါဒုဒ္ဒါရိယာပထဝသေန ကထိတောတိ ဝေဒိတဗ္ဗော။ ။ဝိဘင်း အဋ္ဌကထာ။

ဂစ္ဆန္တော ဝါ စသည်။ ။ဂစ္ဆတေ-စသည်တို့၌ အခိုက်အတန့် ကွဲပြားမှုကြောင့် ကိရိယာ ကွဲပါသည်၊ အနက်မကွဲပါ-ဟု ပြခြင်းငှာ "ဂစ္ဆန္တော ဝါ" စသည်ကို မိန့်။

(၁) အဒ္ဓါနဂ္ဂကိရိယာပထာ-အဒ္ဓါနသဒ္ဒါသည် ကြာမြင့်သော ကာလကို ဟောသောကြောင့် ရှည်ကြာသော ကာလရှိသော ကိရိယာပုထ်များ၊

(၂) မဇ္ဈိမာ-ဆွမ်းခံသွားခြင်း စသည့်အစွမ်းဖြင့် ဖြစ်သော မရှည်ကြာသောကိရိယာပုထ်များ၊

(၃) စုဏ္ဏိကဂ္ဂကိရိယာပထာ-ကျောင်းတွင်း၌ ဖြစ်စေ၊ အခြားအရပ်များ၌ ဖြစ်စေ ဟိုဟိုဒီဒီ လှည့်လည်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော သေးငယ်သော တိုသော ကိရိယာပုထ်များ၊ (၁၀၆-၇)

ဥဋ္ဌာယ။ ။ဂမန ဌာန နိသဇ္ဇတို့မှာ အစဉ်ရှိသကဲ့သို့ နိသီဒန နှင့် သယနတို့ အတွက် ထိုင်ပြီး လျောင်း-ဟူသော အစဉ်အမြဲ မဖြစ်နိုင်သောကြောင့် "နိသီဒိတွာ" နောက်၌ သယနကြိယာကို မပြပဲ "ဥဋ္ဌာယ"ကိုသာ ဆိုသည်။ (၁၀၇)

ကိရိယာမယပဝတ္တာနံ။ ။ဤပါဠိဖြင့် ဇာဂရိတ-သဒ္ဒါနှင့် နီးသောကြောင့် ဘဝင်ကျခြင်း အစွမ်းဖြင့် အိပ်ခြင်းကို "သယန" အရယူပါ။ ကျောဆန့်ရုံမျှ ဖြစ်သော လျောင်းခြင်းကို မယူရဟူသော အဓိပ္ပာယ်ကို သိစေသည်။ "ကိရိယာမယပဝတ္တာနံ-ကိုယ် နှုတ် စိတ်တို့၏ အမူအရာကို ဖြစ်စေတတ်သော မနောဒွါရိက ဇောတို့၏။ ဝါ-အာဝဇ္ဇန်းဒွေး၏ ကိစ္စဟူသော ကိရိယာသည် ပြုအပ်ကုန်သော ဆဒ္ဒါရိကဝီထိ စိတ်တို့၏" ဟု ပေးပါ။

အပ္ပဝတ္တံ သုတ္တံ နာမ။ ။အပ္ပဝတ္တံ၊အိပ်ပျော်ရာအခါ၌၊မဖြစ်ခြင်းသည်၊ သုတ္တံ နာမ၊၏-ဟု အနက်ပေးပါ။ မှန်၏-ဤစကားသည် နေယျတ္ထ စကားဖြစ်သည်။ ဤသို့ အဓိပ္ပာယ် မယူဆလျှင် ဆဒ္ဒါရိက စိတ်တို့၏ ရှေ့နောက်၌ ဖြစ်ကြကုန်သော ဒွါရဝိမုတ် စိတ်အားလုံးတို့၏ ဖြစ်ခြင်းသည် အိပ်ပျော်ခြင်း မည်ရာ၏။ အပ္ပဝတ္တံ၏ အနက်ဘွင့်"အိပ်ပျော်ရာအခါ၌"ဟူသော အနက်ကို ဆောင်၍ သိရသောကြောင့် အိပ်ပျော်ရာအခါမှ အခြားသော အခါများ၌ ဖြစ်ကြသော ဒွါရဝိမုတ် စိတ်တို့၏ ဖြစ်ခြင်းကိုလည်း ဇာဂရိတ၌ သွင်းယူပါဟု သိရမည်။ (၁၀၇-၈)

ဩဠဠ စ ပဋိစ္စ။ ။စိတ်၏ ပယောဂအကြောင်း ဖြစ်သော နှုတ်ခမ်းစသည်တို့ကို စွဲ၍ မိမိဆိုင်ရာ ဌာန်၌ အသံဖြစ်သောကြောင့် "ဩဠဠ စ ပဋိစ္စ"စသည်ကို မိန့်သည်၊ အသံသည် ဌာန် အားလျော်စွာ ဖြစ်ရသော်လည်း နှုတ်ခမ်းလှုပ်ခြင်း စသော ပယောဂကြောင့်သာ ဖြစ်နိုင်သည်၊ ထိုပယောဂမပါပဲ မဖြစ်နိုင်ဟု ဆိုလိုသည်။ ကေစိတို့ကား "ဩဠဠ စ" စသည်သည် အသံဖြစ်ရာ အရပ်ကို ညွှန်ပြသော စကားဟု ဆိုကြသေး၏။ သို့သော် ထိုအနက်ကို ထိုအခြင်းအရာအားဖြင့် မဟောနိုင်သောကြောင့် ထိုကေစိဝါဒ မသင့်ပါ။ မှန်၏—ဩဠဠ စ ပဋိစ္စ-စသော သမုစ္စည်းနှင့်တကွသော ကံပုဒ်ဖြင့် ဌာနကို ဟောခြင်းမဖြစ်သင့်ပါ။ (၁၀၀)

အပရဘာဂေ ဣတိ ပဋိသဉ္ဇိက္ခတိ။ ။ရှေ့ဝါကျ များ၌ အပရဘာဂေ-၏ နောက်ဝယ်ဌိတောစသည်ဖြင့် ကြိယာပုဒ်ပါလျက် ဤ၌ မပါခြင်းမှာ ထည့်ရမည့် ဘာသနကြိယာသည် ပဋိသဉ္ဇိက္ခန နှင့် ဆန့်ကျင်သောကြောင့်တည်း။ ဆိတ်ဆိတ် ဖြစ်လျက်သာ ဆင်ခြင်သည်—ဟူသော အနက်ကို အထက်ပါစကားကြောင့် သိနိုင်သည်။

ဥပါဒါရူပပဝတ္တိယံ ဟိ။ ။ဥပါဒါရုပ် ဖြစ်သော သဒ္ဒါယတန ဖြစ်ခြင်းကို "ဘာသန"ဟု ခေါ်၍ မဖြစ်ခြင်းကို "တုဏှီ"ဟု ခေါ်သည်။

တယိဒံ မဟာသိဝတ္ထေရေန။ ။အခြားမဲ့ အခြားမဲ့သော ဣရိယာပုထ်၌ ဖြစ်သော ရုပ်နာမ်တို့၏ ထိုထိုဣရိယာပုထ်၌ပင် ချုပ်ခြင်းကို ပြခြင်းအစွမ်းဖြင့် ၁ မ္ပဇာနကာရီ အဖြစ်ကိုယူသောကြောင့် ထိုမဟာသိဝထေရ် ဝါဒကို မဟာသတိပဋ္ဌာနသုတ်၌ လာသော အသမ္မောဟ သမ္ပဇည ဝိပဿနာအစွမ်းဖြင့် သိ၍၊ ၄-ပါးပြားသော သမ္ပဇညကို ဝေဖန်သောအားဖြင့် မသိထိုက်၊ ယင်းကြောင့် ထိုနေရာ၌သာ အလိုရှိအပ်၍ ဤနေရာ၌ အလိုမရှိအပ်သည်၏ အဖြစ်ကိုပြလိုသောကြောင့် "တယိဒံ" စသည်ကို ဆိုလိုသည်။

အသမ္မောဟဓုရံ။ ။ဤပုဒ်ကို ဋီကာ၌ "ဟေတုဂဗ္ဘမိဒံ ဝစနံ"ဟု ဆိုသည်၊ ထို့ကြောင့် "အသမ္မောဟဓုရံ-အသမ္မောဟကို အဦး ပဓာနပြုသောကြောင့်"ဟု အနက်ပေးပါ။

**ဣမသို့ ပန သာမညဖလေ။** ။ဤဒေသနာတော်သည် အလွန်အကဲသာလျှင် ရဟန်းအဖြစ်၏ အကျိုးထူးကို ပြမူ ပဓာန ဖြစ်သောကြောင့် သမ္ဗဇည သေးပါးလုံးကို ဤ၌ အလိုရှိအပ်သည်ဟု ပြခြင်းငှာ ''ဣမသို့'' စသည်ကို ဆိုသည်။ (၁၀၇-၉)

**သမ္ပဇာနကာရိတိ စ။** ။''သတိသမ္ပဇညေန သမန္နာဂတော'' ဟူသော ဥဒ္ဒေသ၏ နိဒ္ဒေသဖြစ်လျက် သမ္ပဇည၏အစွမ်းဖြင့်သာ အကျယ်ချဲ့ခြင်းမှာ သတိနှင့် ယှဉ်သည်သာ ဖြစ်သော သမ္ပဇည၏ အစွမ်းဖြင့် အကျယ်ကို သိအပ်သောကြောင့်တည်း။ (၁၀၉)

**သတိသမ္ပယုတ္တဿေဝ။** ။ဤပါဠိဖြင့် သမ္ပဇဉ်၏ပဓာနအဖြစ်ကို ကိစ္စအားဖြင့် ယူအပ်သကဲ့သို့ သတိ၏ ပဓာနအဖြစ်ကိုလည်း ယူအပ်သည်ဟုပြသည်။

**သတိသမ္ပဇညေန သမန္နာဂတောတိ။ တေဿ ဟိ ပဒဿ အယံဝိတ္ထာရော** ။ဤအကျယ်သည် သမ္ပဇည၏ အစွမ်းဖြင့်သာလျှင် ဖြစ်သင့်ပါလျက် သတိနှင့်ယှဉ်သော သမ္ပဇည၏ အစွမ်းဖြင့် အကျယ်ဖြစ်ရခြင်း၏ အကြောင်းကို ပြဆိုသည်၊ ဆိုလိုသည်မှာ ''သတိသမ္ပဇညေန သမန္နာဂတော''ဟု တပေါင်းတည်း အကျဉ်းပြအပ်သော အနက်ကို အကျယ် ချဲ့သောကြောင့် အကျဉ်း၌ကဲ့သို့ အကျယ်၌လည်း သတိသမ္ပဇဉ် ၂ ပါးစုံကို အညီအမျှ တန်းတူထား၍ ဖွင့်ဆိုသည်။

### သန္တောသကထာ

**ဣတရီတရပစ္စယသန္တောသေန။** ။အနက်ကိုပြခြင်းဖြင့် ပုဒ်ကိုလည်း သိနိုင်သောကြောင့် ပုဒ်ကို မရှုငဲ့ပဲ မိမိမှာ သန္တောသ ရှိသောကြောင့် ရဟန်းကို ''သန္တုဋ္ဌ''ဟု ဆိုအပ်သည် ဟူသော အနက်ကိုမျှ ပြခြင်းငှာ ''ဣတရီတရပစ္စယသန္တောသေန သမန္နာဂတော''ဟု မိန့်သည်၊ တနည်း—ပုဒ်ကို ဝိဂ္ဂဟ်ဆိုခြင်းအစွမ်းဖြင့် အနက်ကို ဖွင့်ပြသော် သန္တုဋ္ဌ မည်ခြင်း၏ အကြောင်းဖြစ်သောကြောင့် သန္တောသ မထင်ရှားနိုင်သောကြောင့် ထိုသန္တောသကို ထင်ရှားအောင် ပြခြင်းအကျိုးငှာ ''ဣတရီ-တရပစ္စယသန္တောသေန သမန္နာဂတော'' ဟု အနက်မျှကို မိန့်၊ ''ဣတရီ-တရပစ္စယသန္တောသေန-သက်န်းစသော အမှတ်မထားတပါးပါးသောအပ်စပ်သော ပစ္စည်းတို့၌ တင်းသိမ်ရောင့်ရဲမှုနှင့်၊ ဝါ၊ ကောင်းသော ပစ္စည်းမှတပါးသော

ညံ့သောပစ္စည်း၊ ညံ့သောပစ္စည်းမှ တပါးသော ကောင်းသော ပစ္စည်းဟူသော ရရာသက်နိုး စသော အပ်စပ်သောပစ္စည်းဖြင့် တင်းတိမ်ရောင့်ရဲမှုနှင့်" ဟု ပေးပါ။ (၁၁၁)

**အညံ့ န ပတ္ထေတိ လာဘန္တေ္ဘပိ န ဂဏှာတိ။** ။"အညံ့ န ပတ္ထေတိ"ဖြင့် မရ အပ်သေး သည်ကို တောင့်တဘတ်သော တဏှာ၏ မရှိခြင်းကို ပြ၍ "လာဘန္တေ္ဘပိ န ဂဏှာတိ"ဖြင့် ရောက်အပ် ရအပ်သည်ကို တောင့်တတတ်သော တဏှာ၏မရှိခြင်းကို ပြသည်။ "အညံ့ န ပတ္ထေတိ"ဖြင့် မရအပ်သေးသည်ကို တောင့်တတတ် သော တဏှာ၏မရှိခြင်းကိုသာ ဆိုသော် ရအပ်သောပစ္စည်းမှ အခြားပစ္စည်းကို မတောင့်တခြင်း မည်သည် အပ္ပိစ္ဆတာ၏ ဖြစ်ပုံ အခြင်းအရာလည်း ဖြစ် နိုင်သောကြောင့် အပ္ပိစ္ဆတာ၌ ငြိကပ်လျှဉ်းပါးဖွယ် ရှိရကား ထိုအပ္ပိစ္ဆတာ မှလည်း နစ်သည်သာလျှင် ဖြစ်သော သန္တောသ၏ သရုပ်ကို ပြခြင်းငှာ "အညံ့ န ပတ္ထေတိ"ဖြင့် ရောက်အပ် ရအပ်သည်ကို တောင့်တတတ်သော တဏှာ၏ မရှိခြင်းကို ဆိုသည်ဟုမှတ်ပါ၊ ပေးသေးအခါ မယူပဲ တော်ပါပြီ စသည်ဆိုခြင်းသည် သန္တောသ၏ လက္ခဏာတည်း။ (၁၁၂)

**ပရိဝတ္တေတွာ။** ။ပင်ကိုယ် အားနည်းသောပုဂ္ဂိုလ်စသူတို့မှာ လေးသော သက်နိုးသည် ချမ်းသာမှုကို မဆောင်နိုင်၊ ကိုယ်ပင်ပန်းမှု ကိုသာ ဆောင်နိုင်သောကြောင့် အကျိုး၏ အစွမ်းဖြင့် လဲလှယ်မှုကို ဆိုပါ သည်။ အတြိစ္ဆတာ၏ အစွမ်းဖြင့် ဆိုသည်မဟုတ်ပါ။

မှန်၏—အတြိစ္ဆတာ စသောသဘောဖြင့် လဲလှယ်၍ ပေါ့သောသက်နိုးကို သုံးစွဲခြင်းသည် သန္တောသနှင့် ဆန့်ကျင်သည်၊ ထိုရဟန်းမှာ အတြိစ္ဆတာ စသည် မရှိသောကြောင့် အကျိုး၏အစွမ်းဖြင့် လဲလှယ်၍ ပေါ့သောသက်နိုးကို သုံးစွဲသော်လည်း သန္တောသနှင့် မဆန့်ကျင်ပါ။ ထို့ကြောင့် "လဟုကေန ယာပေန္တောပိ သန္တုဋ္ဌော ဟောတိ"ဟု မိန့်သည်။ မှန်၏—အကျိုးငှသည်၏ အစွမ်းဖြင့် ပေါ့သောသက်နိုးကို လဲလှယ်၍ သုံးစွဲသော်မှ သန္တောသနှင့် မဆန့် ကျင်တုံသေး၏၊ မလဲလှယ်ပဲ သုံးစွဲသော်ကား သန္တောသနှင့် မဆန့်ကျင်သည် မှာ ဆိုဖွယ်ရာမရှိပါဟူသော သမ္ဘာဝနာအနက်ကိုပြခြင်းငှာ "ယာပေန္တောပိ" ဟု အပိ-သဒ္ဒါထည့်၍ မိန့်ဆိုသည်။

**ပတ္တမိဝရမိနံ။** ။ဤစကားကို ပါဠိတော်၌ လာသည့်အတိုင်း ယူအပ်သော ပစ္စည်းမှ ကြွင်းသောပစ္စည်းတို့ကို တင်းတိမ်ရောင့်ရဲမှုဟူ သော ပစ္စယသန္တောသ၏ စီဝရသန္တောသ၌ ပါဝင်သည်ကို ပြခြင်းအကျိုးငှာ ဆိုပါသည်။

**ထေရာနံ စိရပဗ္ဗဇိတာနံ၊** ။"ထေရကော အယမာယသ္မာ မလ္လကော" စသည်တို့၌ ထေရဝေါဟာရသည် နာမပညတ်မျှ၌လည်း ဖြစ်သောကြောင့် ၁၀-ဝါမှစ၍ ကြာမြင့်သော ကြီးရင့်သော ဝါများစွာရှိသော ရဟန်းတို့၌သာ ဤနေရာ၌ ထေရ-သဒ္ဒါဖြစ်သည်ကို သိစေခြင်းအကျိုးငှာ "ထေရာနံ စိရပဗ္ဗဇိတာနံ" ဟုမိန့်၏ တနည်း—သီလထေရ်ကို ရည်ရွယ်၍ "ထေရာနံ"ကိုဆိုသည်။ ကြာင်းသော ကြီးရင့်သော ရဟန်းတော်များကို ရည်ရွယ်၍ "စိရပဗ္ဗဇိတာနံ"ကို ဆိုပါသည်၊

**တေသံ ပေ၊ ခာဒရေနေ္တာပိ သန္တုဋ္ဌောဝ ဟောတိ။** ။များစွာတန်ဖိုးရှိသော သက်န်းကို ရ၍သော်လည်းကောင်း၊ များစွာသောသက်န်းတို့ကို ရ၍သော်လည်းကောင်း၊ ထိုသက်န်းတို့ကို စွန့်ကာ အခြားသက်န်းကို ယူခြင်းသော်မှ မဟိစ္ဆတာ-စသောနည်း၌ မတည်ပဲ ယထာသာရုပ္ပနည်း၌သာ တည်သောကြောင့် သန္တောသနှင့် မဆန့်ကျင်ပါ။ ထို့ကြောင့်"တေသံ၊ပေ၊ ခာဒရေနေ္တာပိ သန္တုဋ္ဌောဝ ဟောတိ" ဟုမိန့်၏ ယထာသာရုပ္ပနည်းဖြင့် ရအပ်တိုင်းသောပစ္စည်းကို စွန့်၍ အခြားပစ္စည်းကို ယူခြင်းသော်မှ သန္တောသနှင့် မဆန့်ကျင်တုံသေး၏၊ အခြားပစ္စည်းကို မယူပဲ ရအပ်သမျှပစ္စည်းကိုသာ လျောက်ပတ်သလို သုံးစွဲခြင်း၌ သန္တောသနှင့် မဆန့်ကျင်သည်မှာ ဆိုဖွယ်ရာမရှိဟူသော သမ္ဘာဝနာအနက်ကို ပြခြင်းငှာ "အပိ"သဒ္ဒါကို ထည့်၍ ဆိုပါသည်။ ကြွင်းပစ္စည်းများ၌လည်း ယထာဗလ ယထာသာရုပ္ပနိဒ္ဒေသများ၌ အပိ-သဒ္ဒါတွေ့လေသမျှ ဤအဓိပ္ပာယ်အတိုင်းမှတ်။ (၁၁၃)

**သမဏဓမ္မံ ကရောနေ္တာပိ။** ။ရဟန်းတရားပြုကျင့်မှုကိုပဓာနထား၍ လျောက်ပတ်သော ပစ္စည်းကိုရှာခြင်း သုံးစွဲခြင်းများသည် အတူးအားဖြင့် သာ၍သင့်လျော်၏ဟူသော အနက်ထူးကို သိစေခြင်းငှာ "ယာပေနေ္တာပိ"ဟု မဆိုပဲ "သမဏဓမ္မံ ကရောနေ္တာပိ"ဟု ဆိုသည်။ (မိဿကာဟာရ-ဟူသည် ဆန်ပဲနောက် စသော စပါးမျိုးစုံ ပဲမျိုးစုံရော၍ ပြုအပ်သော အာဟာရတည်း။)

နည်း ၂-ပါးအထူး။ ။သေနာသနဝ၌ ယထာသာရုပ္ပနှင့် စပ်၍ ပြအပ်သော နည်း ၂-ပါးတွင် ပဌမနည်း၌ ရအပ်ပြီးသည်ကို စွန့်သောအားဖြင့် ယထာသာရုပ္ပသန္တောသ ဖြစ်ပုံကို မိန့်ဆို၍ ဒုတိယနည်း၌ ရောက်လာသော သေနာသနကို လက်မခံသောအားဖြင့် ယထာသာရုပ္ပ-သန္တောသ ဖြစ်ပုံကိုမိန့်ဆိုသည်။

**နိဒ္ဒါဘိဘူတဿ။** ။ထိုနမိဒ္ဓနှိပ်စက်သဖြင့် စိတ်စေတသိက်တို့ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်ကာ မကျန်းမာသလို ဖြစ်လာသောကြောင့် ဘဝင်ကျခြင်းဟုဆိုအပ်သော အိပ်ခြင်းသည် နှိပ်စက်အပ်သော၊ ဝါ-အိပ်ပျော်နေသော။

**ပရမသန္တုဋ္ဌ။** ။စတုမဓုနှင့် နွားကျင်ငယ်ဆေးကို ယှဉ်၍ ပေးရာဝယ် နွားကျင်ငယ်ဆေးကိုသာယူသည့်အတွက် အပ္ပိစ္ဆတာ ဂုဏ်လည်းရှိ၊ သန္တောသဂုဏ်လည်းရှိသောကြောင့် "ပရမသန္တုဋ္ဌ"မည်၏။ စတုမဓုဟူသည် မဇ္ဈိမနိကာယ် မဟာဓမ္မသမာဒါနသုတ်၌ ဆိုအပ်သော နို့ ဓမ်း ပျားရည် ထောပတ် တင်လဲတည်း။ နွားကျင်ငယ်ဆေးကို ဘုရားစသား သူတော်ကောင်းအများတို့သည်"ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ"စသည်ဖြင့် ချီးမွမ်းတော်မူကြ၏။ (၁၁၄)

**သဓန္တောသ။** ။သန္တောသအပြားတို့သည် ဆိုအပ်ပြီးသည်ထက် ပိုလွန်များပြားစွာ သင်္ကန်း၌(၂၀)၊ ဆွမ်း၌(၁၅)၊ ကျောင်း၌(၁၅)၊ ဆေး၌(၂၀) ရှိကြပါသော်လည်း ဤနေရာ၌ကား အကျဉ်းအားဖြင့် ဤ(၁၂)ပါးကိုသာ ဆိုပါသည်။

**ပရိက္ခာရရှစ်ပါး** ။သင်္ကန်းဆွမ်းဟူသော ကာယပရိဟာရိယ ကုစ္ဆိပရိဟာရိယတို့ဖြင့်သာ ရဟန်းတော်၏ ရောင့်ရဲမှုကို ပါဠိတော်၌ ဟောသော်လည်း ကြွင်းသောပရိက္ခရာ လေးပါးမပါပဲ လှည့်လည်ခြင်းငှာ မသင့်သောကြောင့် ပရိက္ခရာရှစ်ပါးလုံးတို့၌ ကာယပရိဟာရိယ ကုစ္ဆိပရိဟာရိယ အဖြစ်ကို ရနိုင်သည်။ ထို့ကြောင့် အဋ္ဌကထာ၌ ပရိက္ခရာရှစ်ပါးလုံးအတွက် ဆုံးဖြတ်ချက်ကို မိန့်ဆိုသားသည်။

**ဒန္တကဋ္ဌစ္ဆေဒနဝါသိ။** ။ဥပလက္ခဏမျှ ဖြစ်သည်။ ဘာ့ကြောင့်နည်း-ထိုသဲခွပ်ဖြင့် အခြားကိစ္စများကိုလည်း ပြီးစေနိုင်သောကြောင့်တည်း။

**ကာယပရိဟာရိယနှင့် ကုစ္ဆိပရိဟာရိယ အထူး။** ။ကိုယ်၏အပြင် ဗဟိဒ္ဓ၌သာ ကျေးဇူးပြုခြင်းသည် ကာယပရိဟာရိယမည်၍ စားမျိုခြင်း၏အစွမ်းဖြင့် ခန္ဓာကိုယ် တည်တံ့ခြင်းအကျိုးငှာ ကျေးဇူး ပြုခြင်းသည် ကုစ္ဆိပရိဟာရိယ မည်၏။ (၁၁၅)

**သေယျံ ပဝိသန္တာ။** ။ဤစကားကို အပေါ်လွှမ်း အခင်းများ သံကောက်များကို ထိုအခါ၌ သုံးစွဲအပ်သည်၏အဖြစ်ကို ရည်ရွယ်၍ ဆိုသည်။ အပေါ်လွှမ်းအခင်းနှင့် သံကောက်တို့၏ နဝမဖြင်ခြင်းမှာ ဝိကပ် အနက်ရှိသော ဝါသဒ္ဒါပါသောကြောင့် တမျိုးစီသာ ဖြစ်နိုင်သည်ဟု မှတ်ပါ။ ဤပစ္စည်း ၂-မျိုး၏ နဝမဖြစ်ခြင်းမှာ ဆိုအပ်ခဲ့ပြီးသော ပရိက္ခရာရှစ်ဖြာကို ထောက်၍သာတည်း။ ဤနှစ်မျိုးကား ကိုးနံပါတ်၌ မြဲသောကြောင့် နဝမဖြစ်သည်မဟုတ်ပါ၊ ဘာ့ကြောင့်နည်း—ထိုနှစ်မျိုးတို့ကို အမြဲအားဖြင့် မဆောင်သောကြောင့်တည်း။ ဒသမ စသည်တို့၌လည်း နည်းတူသိပါ။

**မဟာဘာရာ မဟာဂဇာ။** ။မဟာဘာရာ-များစွာသောပရိက္ခရာဝန်ရှိသူများ၊ မဟာဂဇာ-မိမိကိုယ်တိုင်လည်းကောင်း၊ ဒါယကာတို့သည်လည်းကောင်း မွေးမြူရခက်သောကြောင့် ဆင်ပြောင်ကြီးနှင့် တူသောရဟန်းတော်များ။ (၁၁၅-၆)

**သော ဟိ စသည်။** ။ပရိက္ခရာရှစ်ပါးကို ဆောင်သော ရဟန်း၏ အစွမ်းဖြင့် ဤဒေသနာတော်ကို အလိုရှိအပ်ကြောင်း "သော ဟိ စသည်ကြောင့်၊ သိနိုင်သည်။ ဆိုလိုသည်မှာ—ပရိက္ခရာရှစ်ဖြာဆောင်သောရဟန်းသည်သာ ပရိက္ခရာရှစ်ဖြာတွင် ပဲခွပ်နှင့်အပ်ကို ရေစစ်၌ ထည့်၍ ရေစစ်ကို သပိတ်အတွင်း သွင်းကာ သပိတ်ကို ပခုံး၌ လွယ်၍ တိစီဝရိက်ကို ဝတ်ကာ အလိုရှိရာအရပ်သို့သွားနိုင်သောကြောင့် "ကာယပရိဟာရိကေန ကုစ္ဆိပရိဟာရိကေန" စသောပါဠိတော်အား လျော်သော အားဖြင့် ပရိက္ခရာရှစ်ဖြာ ဆောင်သော ရဟန်း၏ အစွမ်းဖြင့် ဤဒေသနာတော်ကို အလိုရှိအပ်ကြောင်း သိနိုင်သည်။ (၁၁၆)

**အာသင်္ဂေါ ဗန္ဓော။** ။မမာယနတဏှာယ အာသင်္ဂေါ၊ ပရိဂ္ဂဟတဏှာယ ဗန္ဓော။

**စာတုဒ္ဒိသော။** ။အရပ်လေးမျက်နှာတို့၌ ချမ်းသာစွာ နေလေ့ရှိသောကြောင့် ချမ်းသာစွာ နေရာအရပ်ဖြစ်သော ဗြဟ္မဝိဟာရဘာဝနာ၏ ဖြန့်ရာ အရပ်လေးမျက်နှာရှိသော ရဟန်းတည်း။

**ပရိဿယ။** ။(၁) ခြင်္သေ့ ကျား စသော အပြင်ပဘေးရန်များ၊
(၂) ကာမစ္ဆန္ဒစသော အတွင်းကဘေးရန်များ။

**ပက္ခီ သကုဏော။** ။လေတိုက်မှု စသည်ကြောင့် အတောင်ကျိုးသောငှက်၊ အတောင်မပေါက်သေးသောငှက်များရှိ၍ ထိုငှက်များ

ကို မသူခ။ ဤနေရာ၌ ပျံနိုင်သော အတောင်ရှိသောငှက်ကိုသာ အလိုရှိအပ်၏ဟု အဘူးကို ပြခြင်းငှာ ပါဠိတော်၌ "ပက္ခီသကုဏော" ဟုဟောတော်မူသည်။ အာကာသေ အန္တလိက္ခေ စသည်တို့၌ ကဲ့သို့ ပရိယာယ်မျှကို ပြခြင်းအကျိုးငှာ ဟောတော်မူသည်မဟုတ်၊ ထို့ကြောင့်"ပက္ခယုတ္တော သကုဏော" ဟု မိန့်၊ (၁၁၇)

နိဿဂ္ဂေါ နိရပေက္ခော။ ။မမာယနတဏှာဘာဝေန နိဿင်္ဂေါ၊ပရိဂ္ဂဟတဏှာဘာဝေန နိရပေက္ခော။

---

## နီဝရဏပ္ပဟာနကထာ

ဣမေစတ္တာရော ပစ္စယာ။ ။(၁) သီလသံဝရ၊ (၂) ဣန္ဒြိယသံဝရ၊ (၃) သမ္ပဇည၊ (၄) သန္တောသ။ (၁၁၈)

တိလက ကာဠက။ ။ပညတ်တော်ကို လွန်ကျူးခြင်းဟု ဆိုအပ်သော ကြီးလေးရုံနှ်ရင်းသော အပြစ်များသည် အမဲကွက်နှင့်တူသောကြောင့် "ကာဠက"မည်၍ မှား၍ လွန်ကျူးခြင်းဟု ဆိုအပ်သော အဏုမြူသဖွယ်သေးငယ်သောအပြစ်များသည် မှဲ့နှင့်တူသောကြောင့်"တိလက" မည်၏။

ဝိဝိတ္တံ။ ။ဝိဝိတ္တ-သဒ္ဒါသည် လူတို့မှ ကင်းဆိတ်ခြင်းအနက်၌ဖြစ်သောကြောင့် "သုညံ"ဟု ဖွင့်သည်။ ဈာန်သည် အသံဟူသော ဆူးငြောင့်ဘေးရန်ရှိသောကြောင့် လူတို့မှ ကင်းဆိတ်ခြင်းကို လူသံမြို့ရွာ တွန်သံတို့၏ မရှိခြင်းဖြင့် သိထိုက်ပါသည်။ ထို့ကြောင့် ထိုအနက်အဓိပ္ပာယ်ကို ပြခြင်းငှာ "အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသန္တိ အတ္ထော"ဟု မိန့်။ အပ္ပသဒ္ဒ-သည် ပကတိအသံ မရှိခြင်းကို ဟော၍ အပ္ပနိဂ္ဃောသ-သည် မြို့ရွာ တွန်သံ စသည်မရှိခြင်းကို ဟောပါသည်။ (၁၁၉)

ဝိဟာရ စသည်။ ။ဝိဟာရော-တံတိုင်ဖြင့် ပိုင်းဖြတ် ကာရံအပ်သော ဘုန်းကျောင်း တိုက်လုံး၊ အဍ္ဍယောဂေါ-ပြာသာဒ်ရှည်၊

ဝါ-ဂဠုန်အဆောင် သဏ္ဍာန်ရှိသော ပြာသာဒ်၊ ပါသာဒေါ်-လေးထောင့်ပြာသာဒ်၊ ဟမ္မိယံ-ပြာသာဒ် ဦးပြည်း၊ အဍ္ဎေ-ရန်သူမင်းတို့ မဝင်နိုင်အောင် ဘုံခလေးဆင့် ငါးဆင့်ရှိသော အဆောက်အဦးအထူး၊ မာဠော-အထွဋ်တခု တပ်ထားသော အထောင့်များစွာ ပါရှိသော အဆောက်အဦးအထူး။

**ဗိမ္ဗောဟနံ။** ။အနံအားဖြင့် တထွာနှင့် လက်လေးသစ်ရှိ၍ အလျားအားဖြင့် ညောင်စောင်း၏ အနံပမာဏနှင့် တူသော ပမာဏရှိသော ခေါင်းအုံးသည် သီသပမာဏရှိသော ခေါင်းအုံး မည်၏။ (၁၂၀)

**သန္တတသေနာသန။** ။အင်္ဂတေဖြင့် အပြေအပြစ် ပူအပ်သော မြေ၏အဆင်းကို စောင့်ရှောက်ခြင်းငှာ အဝတ်ပိုင်းစသည် တို့ဖြင့် ချုပ်၍ ပူအပ်သော အခင်းသည် စိမိလိကာ မည်၏။ ခြသေ့ ကျားသစ်အောင်း စသော သတ္တဝါများ၏ အရေသည် စမ္မခဏ္ဍ မည်၏။ [မှန်၏— အဋ္ဌကထာများ၌ ကျောင်း အသုံးအဆောင်အတွက် မည်သည့် အရေကိုမျှ မသယ်မြစ်ကြပါ] စိမိလိကာစသော ဤအခင်းများသည် မြေ၌ ခင်းအပ်သောကြောင့် သန္တတသေနာသန မည်၏။ (၁၂၁)

**သြကာသသေနာသန။** ။သစ်ပင်အရင်းစသော အရပ်များသည် ပုံပြင်မှုမရှိသောကြောင့် လည်းကောင်း၊ သက်သက်ထိုင်ခြင်း အိပ်ခြင်းတို့၏ အရပ်ဖြစ်သောကြောင့် လည်းကောင်း သြကာသသေနာသန မည်၏။

**ဝိဟာရသေနာသန။** ။နေထိုက်သောကြောင့် လည်းကောင်း၊ နေရာအရပ်ဖြစ်သောကြောင့်လည်းကောင်း ဝိဟာရသေနာသန မည်၏။

မဉ္စပီဌသေနာသန။ ။မသာရက စသည်တို့၌ မဉ္စပီဌ ဖြစ်သောကြောင့်လည်းကောင်း၊ ဘုံလျို ခေါင်းအုံး တို့သည် မဉ္စပီဌနှင့် စပ်သောကြောင့်လည်းကောင်း၊ မဉ္စပီဌသေနာသန မည်၏။

တံ သဗ္ဗံ သေနာသနဂ္ဂဟဏေန သင်္ဂဟိတမေဝ။ ။ဝိဝိတ္တံ သေနာသနံ-၌ သေနာသန- သဒ္ဒါဖြင့် သေနာသန လေးမျိုးလုံးကို သိမ်းယူနိုင်သည်။ ဘာ့ကြောင့်နည်း—သာမညဇောတနာသည် ဝိသေသ၌ တည်သောကြောင့် လည်းကောင်း၊ ဝိသေသကို အလိုရှိသူသည် ဝိသေသကိုသုံးစွဲနိုင်သောကြောင့်လည်းကောင်းတည်း။

အရညံ ရုက္ခမူလံ။ ။သေနာသန-သဒ္ဒါဖြင့် သေနာသန လေးမျိုးလုံးကို ယူပြီးသော်လည်း တောကျောင်းနေ ကမ္မဋ္ဌာန်းထိုင်မည့် ရဟန်းတော်အား လျောက်ပတ်သော ကျောင်းကို ပြလိုသောကြောင့် "အရညံ ရုက္ခမူလံ"တို့ကို ထပ်၍ တဖန် ဟောတော်မူသည်။

ဘိက္ခုနီနံ ဝသေန အာဂတံ။ ။ဤစကားကို ဝိနည်း၌လာသော တောကျောင်းကိုသာ ရည်ရွယ်၍ ဆိုပါသည်။ အဘိဓမ္မာ၌လာသော တောကို ရည်ရွယ်၍ ဆိုသည်မဟုတ်ပါ။ မှန်၏—ဝိနည်းပါဠိတော် ဂဏမှာ ဩဟီယနသိက္ခာပုဒ်၌ ရဟန်းမတို့အတွက် အာရညကဝုတ်ကို ပယ်မြစ်အပ်သောကြောင့် တံခါးခုံမှ အပြင်ဘက် အရပ်အားလုံးသည်း ရဟန်းမတို့အတွက် အရည မည်ပါသည်။ ကုပ်လုပ်လေးတာ အပြန်ငါးရာ ရှိသော နောက်ဆုံး တောသည်သာ အရညမည်သည် မဟုတ်ပါ။ ဤတံခါးခုံမှ အပြင်ဘက် တောအားလုံးပင် ရဟန်းမတို့အတွက် ဂဏမှာ ဩဟီယန သိက္ခာပုဒ်အရ အာပတ်သင့်စေနိုင်ပါသည်။

အဘိဓမ္မာ၌ကား—တံခါးခုံမှ အပြင်ဘက် အရပ်အားလုံးသည် "တော"ဟု လာသည်။ မှန်၏—ဝိနည်းနှင့် သုတ္တန်တို့သည် ပရိယာယ် ဒေသနာဖြစ်၍ အဘိဓမ္မာသည်ကား မုချ ဒေသနာဖြစ်၏။ ထို့ကြောင့် ရွာအစိတ်အပိုင်းတွင် မပါဝင်သမျှ အရင်အားလုံးပင် တောမည်၏ဟု မုချအားဖြင့် ပြခြင်းငှာ ဆိုပါသည်။

ပဗ္ဗတန္တိ သေလံ။ ။ကျောက်သက်သက်တောင်၊မြေသက်သက်တောင်၊နှစ်မျိုးရောသော တောင် ဟူသော တောင်သုံးမျိုးလုံးကိုပင် ဤနေရာ၌ အလိုရှိအပ်ပါသည်။ ကျောက်တောင်သက်သက်ကိုသာ အလိုရှိအပ်သည်မဟုတ်ပါ။ သေလ-သဒ္ဒါသည် သာမညအားဖြင့် ပဗ္ဗတ၏ ပရိယာယ်ဖြစ်ပါသည်။ ထို့ကြောင့် "သေလံ"ဟု ဖွင့်သည်။ (၁၂၂)

ဒိသာသု ခါယမာနာသု။ ။တောင်ပေါ်ကနေ၍ ကြည့်သောအခါ အရပ် ၁၀-မျက်နှာလုံး မိမိ၏ ရှေးရှု အဖြစ်ဖြင့် ထင်သောကြောင့် စိတ်တည်ကြည်သည်ဟု "နာနာဒိသာသု ခါယမာနာသု" ကို "စိတ္တံ ဧကဂ္ဂံ ဟောတိ"၏ အကြောင်းပြ အဖြစ်ဖြင့် မှတ်ပါ။ ကေစိတို့ကား—ဝိဇိယမာနသု-၏ အကြောင်းကို ပြခြင်းအကျိုးရှိ၏ဟု ဆိုကြသည်။

ကန္ဒရံ။ ။မွတ်သိပ်မှု ပယ်ဖျောက်ခြင်းကို ပြုတတ်သောကြောင့် ရေကို "က" ဟု ဆိုသည်။ ရေတိုက်စားအပ်သော တောင်အရပ်ကို "ကန္ဒရ"ဟု ဆိုသည်။

မနုဿာနံ အနုပစာရဋ္ဌာနံ၊ ။ရိုးရာ လှည့်လည်သော အားဖြင့် လူတို့ သည် မလှည့်လည်အပ်သော [ဌာန]အရပ်တည်း။ မှန်၏– ထွန်ယက်မှု စိုက်ပျိုးမှု စသည်တို့၏ အစွမ်းဖြင့် ရိုးရာလှည့်လည်မှု ပယ်မြစ်ခြင်းကို ဤနေရာ၌ အလိုရှိအပ်ပါသည်။ ထို့ကြောင့်"ယတ္ထ န ကသန္တိ န ဝပန္တိ" ဟု မိန့်သည်။ (၁၂၃)

သမန္တတော ဥဒ္ဓိရုဗ္ဗါသနံ။ ။ပတ်ဝန်းကျင်ဟူသည် လက်ဝဲ လကျာ ပေါင်နှစ်ခုကို ညီစွာထား၍ ခြေနှစ်ဘက်တို့ကို အချင်းချင်း စပ်အောင် ပြုခြင်းတည်း။ ထို့ကြောင့် "သမန္တတော ဥဒ္ဓိရုဗ္ဗါသနံ"ဟု မိန့်၊ ပေါင်တို့ကို ဖွဲ့ခြင်းအစွမ်းဖြင့် ထိုင်ခြင်းသည်သာ ဤနေရာ၌ "ပလ္လင်္က" မည်၏၊ သားရေရုပ်တို့ဖြင့် ပြုအပ်သော တရားဟော ပလ္လင်ကို ဤနေရာ၌ မယူရဟု ဆိုလိုသည်။

အာဘုဇိတွာတိ ဗန္ဓိတွာ။ ။တင်ပလ္လင်ခွေ၍ ထိုင်သည်မည်အောင် ခြေနှစ်ချောင်းတို့ကို ကွေးခြင်း၊ ထို ကွေးခြင်းသည် ခြေနှစ်ချောင်းတို့ကို ကွေးအောင် ဆက်စပ်မှုကို ပြုခြင်းတည်း။ ထို့ကြောင့် "ဗန္ဓိတွာ"ဟု ဖွင့်သည်။

ဥဇုံ ကာယံ ပဏိဓာယ။ ။အောက်ပိုင်းကိုယ်ကို ဖြောင့်အောင်ထားမရခြင်းကို "နိသီဒတိ" ကြိယာကပင် သိစေအပ်သောကြောင့် ကာယ-အရ အထက်ပိုင်းကိုသာ ယူရသည်။ ထို့ကြောင့် "ဥပရိမံ သရီရံ ဥဇုံ ဌပေတွာ"ဟုမိန့်။ ပဏိဓာယ-အရ"ထား"ဟူသည် တဆယ့်ရှစ်မျိုးသော ကျောက်ဆူးရိုးတို့ကို အစွန်းချင်း ထိစေခြင်းပင်တည်း။

ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ ။ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ရှေးရှု။ သတိံ၊ ကို။ ဥပဋ္ဌပေတွာ၊ ထား၍။ တနည်း—ပရိမုခံ၊ ခံတွင်း၏ အနီးဖြစ်သော နှာသီးဖျား အထက်နှုတ်ခမ်းဖျား၌။ သတိံ၊ ဥပဋ္ဌပေတွာ၊ မြဲအောင်ထား၍။ တနည်း—သတိံ၊ ကို။ ပရိမုခံ၊ သိမ်းဆည်းအပ်သည်ဖြစ်၍ သမ္မောသမှ ထွက်မြောက်နိုင်အောင်။ ဥပဋ္ဌပေတွာ။

ပြပုံ။ ။(၁)ဝိဝိတ္တံ သေနာသနံ ဘဇတိ-စသည်ဖြင့် ကမ္မဋ္ဌာန်းဘာဝနာ အားလျော်သော ကျောင်းကို ပြတော်မူ၏။

(၂) နိသီဒတိ-ပါဌ်ဖြင့် ထွန့်ဆုတ်မှု ပျံ့လွင့်မှု မရှိခြင်းအဖို့၌ ဖြစ်သော ငြိမ်သက်သော ဣရိယာပုထ်ကို ပြ၏။

(၃) ပလ္လင်္က အဘိဓာန်တွင် ပါဌ်ဖြင့် ထိုင်ခြင်း၏ ခိုင်မြဲပုံကို ပြ၏။

(၄) ဥဇုံ ကာယံ ပဏိဓာယ စသည် ပါဌ်ဖြင့် အာဝဇ္ဇနကို သိမ်းဆည်းနည်းကို ပြ၏။

လုဒ္ဒေန လုဒ္ဒေနဒွေနု။ ။ဒါဏာ ပျက်ဘတ်သောကြောင့်၊ တနည်း-ပျက်တတ် အပြားအားဖြင့် ပျက်တတ်သော အနက်သဘော ကြောင့်၊ တနည်း-ခဏဘင်၏အစွမ်းဖြင့် ပျက်တတ် စုတိဘင်၏အစွမ်းဖြင့် ပျက်တတ်သော အနက်သဘောကြောင့်—ဟုပေး။ ကေစိတို့ကား "ပျက်တတ် ဖြစ်တတ်သော အနက်သဘောကြောင့်"ဟု အနက်ဆိုကြ၏။ ထိုကေစိအနက် မသင့်ပါ၊ဘာ့ကြောင့်နည်း-အာဟာစ္စဘာသိတသဒ္ဒါ၏အနက်နှင့် ဆန့်ကျင်သော ကြောင့်လည်းကောင်း၊ လုစ-သဒ္ဒါသည်ဖြစ်ခြင်းကို မဟောနိုင်သောကြောင့် လည်းကောင်းတည်း။

ပဋ္ဌုပါဒါနက္ခန္ဓာ လောကော။ ။အနိစ္စာနုပဿနာဖြင့် ပျက်တတ်၏ဟု ယူ အပ်သော တရားသည်သာ လောကမည် သောကြောင့် ထိုသို့ယူခြင်းမှကင်းသော လောကုတ္တရာတရားတို့မှာ လောက မမည်နိုင်။ တနည်း—ဒုက္ခသစ္စာသည် လောကမည်၏၊ ထို့ကြောင့် "ပဋ္ဌု-ပါဒါနက္ခန္ဓာလောကော"ဟု မိန့်သည်။ (၁၂၅)

ဝိက္ခမ္ဘနဝသေန။ ။ဝိက္ခမ္ဘနဟူသည် တဒင်္ဂပဟာန်၏ အစွမ်းဖြင့်သာလျှင် မဖြစ်စေခြင်း ပယ်ခြင်းတည်း၊ ဝိက္ခမ္ဘနပဟာန်၏အစွမ်း ဖြင့် ဆန့်ကျင်ဘက်တရားတို့ကို ကောင်းစွာပယ်ခြင်းမဟုတ်ပါ။မှန်၏-ပဟီနတ္တာ ကို ထိုဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ခြင်းနှင့်တူသည်ကို ရည်ရွယ်၍ ဆိုပါသည်။ ဘာ့ကြောင့်နည်း-ထိုအချိန်၌ ဈာန်ကို မရအပ်သေးသောကြောင့်တည်း။

ဝိဂတာဘိဇ္ဈေန။ ။ပုဗ္ဗဘာဂဘာဝနာဖြင့် တဒင်္ဂပဟာန်အားဖြင့် ပယ်နိုင်ခြင်း ကြောင့်ပင် ဤစိတ်သည် ဝိဂတာဘိဇ္ဈမည်၏။ စက္ခုဝိညာဉ် ကဲ့သို့ ပင်ကိုယ်သဘာဝအားဖြင့် အဘိဇ္ဈာကင်းသောကြောင့် "ဝိဂတာဘိဇ္ဈ" မည်သည်မဟုတ်၊ ဤအဓိပ္ပာယ်ကို ပြခြင်းငှာ "န စက္ခုဝိညာဏသဒိသေန"ဟု မိန့်။

ဗျာပါဒ ပေ၊ ဝသေဝနယော။ ။ဝိဂတာဘိဇ္ဈေန စေတသာ-၌ ပုဗ္ဗဘာဂ ဘာဝနာဖြင့် အဘိဇ္ဈာကို ဘုတ်သင်ထား သောကြောင့် ဝိဂတာဘိဇ္ဈစိတ်ဖြစ်ရသကဲ့သို့ ထိုအတူ နောက်စိတ်များ၏လည်း

ပုဗ္ဗဘာဂဘာဝနာဖြင့် သုတ်သင်ထားသောကြောင့် အဗျာပန္နဖြစ်ပုံ ဝိဂတထိန မိဒ္ဓဖြစ်ပုံ အနုဒ္ဓတဖြစ်ပုံ နိဗ္ဗိစိကိစ္ဆဖြစ်ပုံကို သိပါဟု ညွှန်ပြလို၍ ''ဗျာပါဒ ပေ၊ သောဝနယော''ဟု မိန့်သည်။ (၁၂၆)

**အာလောကသညာ။** ။မြင်အပ်မြင်နိုင်သော ညအခါ၌ လရောင်၊ ဆီမီးရောင်၊ မီးရှူးရောင်၊ နေ့အခါ၌ နေရောင်စသော အရောင်များကို သိမ်းခြင်း၄ာ စွမ်းနိုင်သော နိဝရဏကင်းသော အလွန်သန့်ရှင်းသော သညာနှင့် အလွန်အကဲပြည့်စုံသူဟု မှတ်ပါ၊ ထိနမိဒ္ဓကင်းခြင်း၏ အကြောင်းဖြစ်သောကြောင့် ဤအာလောကသညာ-ပုဒ်ကို ဟောတော်မူပါသည်။

**သတော သမ္ပဇာနော။** ။''သတိယာ စ ဉာဏေန စ သမန္နာဂတော''ဖြင့် သတော သမ္ပဇာနော-တို့သည် ပုဂ္ဂလနိဒ္ဒေသဖြစ်သည်ဟု ပြသည်။ ဤဒံ ဥဘယံ-ပုဂ္ဂလာဓိဋ္ဌာန်ဖြင့် ညွှန်ပြအပ်သော သတိသမ္ပဇဉ်ဟူသော ဤတရားနှစ်ပါးကို-ဟုပေး။

**ဣဏံ။** ။အတိုးဖြင့် ယူအပ်သော ဥစ္စာသည် ''ဣဏ''မည်၏၊ ထို့ကြောင့် ''ဝဍ္ဎိတ္ဝာ ဂဟိတံ ဓနံ''ဟု မိန့်။ကြွေးမြည်ကင်းသော် ငါသည် ကြွေးမြီမှ လွတ်ရလေပြီဟု လွန်ကဲသော အားကြီးသော ဝမ်းမြောက်မှုကိုလည်းကောင်း၊ ငါ့မှာ အသက်မွေးဝမ်းကြောင်းအတွက် ဥစ္စာလည်း ကြွင်းကျန်သေး၏ဟု တွေးကာ ဝမ်းမြောက်နှစ်သက်မှုကိုလည်းကောင်း ရနိုင်သည်။

**အာဗာဓိကော ဒုက္ခိတော။** ။ဝိသဘာဂဝေဒနာ မည်သည် ဒုက္ခဝေဒနာတည်း၊ မှန်၏ - ထိုဒုက္ခဝေဒနာသည် ကုသလဝိပါက် အစဉ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သုခဝေဒနာနှင့် မတူပါ၊ လေစသည်တို့၏ ဖောက်ပြန်သော အမူအရာဖြစ်သော မညီညွတ်သော အခိုက်အတန့်ကိုသာ ''အာဗာဓ''ဟု ဆိုသည်။ အာဗာဓ အရ မူလအနာကိုယူ၍ ဒုက္ခိတ-အရ နောက်ဆက်တွဲအနာကိုယူပါ။

**န ရုစ္စေယျ။** ။ဘတ္တစ္ဆဒ-၌ အဿ-ဟူသော ကတ္တားကို တွေ့မြင်ရသောကြောင့် န ရုစ္စေယျ-ကို ''မနှစ်သက်အပ်ရာ''ဟု ကံအနက်ပေးရမည်။ပါမောဇ္ဇံ=ရောဂါမှ လွတ်လေပြီဟု တွေးကာ ကြီးစွာဝမ်းမြောက်မှု။ သောမနဿံ=ငါ့မှာ ကာယဗလရှိ၏ဟု တွေးကာ နှစ်သက်မှုကို။ (၁၂၇)

**ကာကဏိကမတ္တံ။** ။တချပ်ရွေး အတိုင်းအရှည်ရှိ၏။ ဝါ- အနည်းငယ်သော ဆန်ကွဲ ဆန်ကျိုး အတိုင်းအရှည်ရှိ၏။

ဘုဇိဿော။    ။ဘုတပ ါးတို့နှင့် မစပ်သည့်အတွက် မိမိ၏ လက်ကဲ့သို့ မိမိဆိုင်ရာ ကိစ္စ၌ စေခိုင်းနိုင်သူ၊- ဝါ-မိမိချမ်းသာသလို သုံးစွဲခြင် ကို အလိုရှိနိုင်သူ၊ ပိုင်ရှင်မရှိ ကိုယ့်ကိုယ်ကို ပိုင်ဆိုင်သူဟု ဆိုလိုသည်။ (၁၉)

တိတိက္ခာ။    ။သည်းခံခြင်းနှင့် တူသော ရာဂပြမာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို "တိတိက္ခာ"ဟု ဆိုသည်။ ခန္တီ ပရမံ တပေါ တိတိက္ခာ- စသည်တို့၌ကဲ့သို့ တပဖြစ်သောအဒေါသပြမာန်းသောစိတ္တုပ္ပါဒ်ကိုမကောက်ရ၊ [သံရသာမိကေဟိ၊ ယောဂက္ခမနှစ်ဦး နှင့် လင်တည်း။]

ကိစ္စေန ကာသီရေန။    ။ပရိယာယဝစနံ၊ ကာယိကဒုက္ခေန ခေဒနံဝါ ကိစ္ဆံ၊ စေတသိကဒုက္ခေန ပီဠနံ ကာသိရံ။ (၁၃၀)

အင္ဂသု ဌာနေသု၊    ။"ရတနာသုံးဖြာ၊ သုံးသိက္ခာနှင့်၊ ပုဗ္ဗန္တာ- ပရန္တ၊ ထိုနှစ်ဝ၊ ပဋိစ္စသမုပ္ပါ"ဟူသော ရှစ်ဌာနတို့၌ ဝိစိကိစ္ဆာ ဖြစ်သည်။

အာသပ္ပနံ ပရိသပ္ပနံ။    ။ရန်သူရှိလေသလားမရှိလေသလားဟု တောသို့ဝင်သူ၏ အစ၌သာ ယုံမှားခြင်းသည် အာသပ္ပနမည်၏။ ထိုမှနောက် ပတ်ဝန်းကျင်၌ ယုံမှားခြင်း၊ အထက်အထက်၌ ယုံမှားခြင်းသည် ပရိသပ္ပနမည်၏။ ထိုနှစ်ပုဒ်လုံးဖြင့် ယုံမှားခြင်းအစွမ်းဖြင့် ချာချာလည်မှုကို ပြသည်။ (၁၃၁)

စာနှစ်စောင်။    ။ပဌမစာသည် ကြွေးပေးခြင်း ယူခြင်းတို့ကို မှတ်သားခြင်းအစွမ်းဖြင့် ရေးအပ်သော စာဖြစ်၍ ဒုတိယစာသည် ကြွေးတောင်းသတင်းကို ရေး၍ပို့သော စာဖြစ်သည်။

ဆ ဓမ္မ။    ။

(၁) အသုဘနိမိတ္တဿ ဥဂ္ဂဟော၊
(၂) အသုဘဘာဝနာနုယောဂေါ၊
(၃) ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊
(၄) ဘောဇနေ မတ္တညုတာ၊
(၅) ကလျာဏမိတ္တတာ၊
(၆) သပ္ပါယကထာ၊

ဤကား ကာမစ္ဆန္ဒပယ်ကြောင်း တရားခြောက်ပါးတည်း။

ဗျာပါဒပယ်ကြောင်း တရားခြောက်ပါး။ ။

(၁) မေတ္တာနိမိတ္တဿ ဥဂ္ဂဟော၊
(၂) မေတ္တာဘာဝနာနုယောဂေါ၊
(၃) ကမ္မဿကတာ၊
(၄) ပဋိသင်္ခါန ဗဟုလတာ၊

[ကာမစ္ဆန္ဒ၌ ပြခဲ့သော (၅)နှင့်(၆)သည် နီဝရဏခြောက်ပါးလုံးအတွက် ဖြစ်သည်]။ (၁၃၂)

**အာစာရပညတ္တိအာဒိနိ။** ။စာရိတ္တသီလကိုသာ ရည်ရွယ်၍ ပညတ်အပ်သော သိက္ခာပုဒ်သည် အာစာရပဏ္ဏတ္တိမည်၏။ အာဒိဖြင့် ဝါရိတ္တပဏ္ဏတ္တိ သိက္ခာပုဒ်ကို သိမ်းယူသည်။

**ထိနမိဒ္ဓကင်းကြောင်း တရားခြောက်ပါး။** ။

(၁) အတိဘောဇနေ နိမိတ္တဂ္ဂါဟော၊
(၂) ဣရိယာပထ သမ္ပရိဝတ္တနတာ၊
(၃) အာလောကသညာမနသိကာရော၊
(၄) အဗ္ဘောကာသဝါသော၊
(၅-၆ တူ)။

ဓမ္မနက္ခတ္တဿ။ ။သူတော်ကောင်းတို့၏ မွေ့လျော်ပျော်ရွှင်မှုကို ဖြစ်စေတတ်သောကြောင့် တရားတော်ကိုလည်း ပွဲသဘင်နှင့်တူသော အနက်သဘောရှိသည့်အတွက် ‘‘နက္ခတ္တ’’ဟူ၍ ခေါ်သည်။

ဥဒ္ဓစ္စကုက္ကုစ္စကင်းကြောင်း တရားခြောက်ပါး။ ။

(၁) ဗဟုဿုတတာ၊
(၂) ပရိပုစ္ဆကတာ၊
(၃) ဝိနယေ ပကတညုတာ၊
(၄) ဝုဍ္ဎသေဝိတာ၊ (၅-၆ တူ)။

နေက္ခမ္မပဋိပဒံ ပဋိပဇ္ဇတိ။ ။နေက္ခမ္မပဋိပဒ-အရနီဝရဏမှလွတ်မြောက်ကြောင်း အကျင့်ဖြစ်သော ဥပစာရဘာဝနာကိုသာယူပါ၊ ပဌမဈာန်ကို မယူရ။ [အယဉ္ဟိ ဥပစာရဘာဝနာဓိကာရော]။

စောရာ ဒ္ဒုရာဝတ္တိ ဒိဿာ။ ။အာသ ရှိသောကြောင့်လည်းကောင်း၊ ပြင်ဆင် အပ်ပြီးသော လက်နက်ရှိသောကြောင့်လည်း ကောင်း၊ အခြံအရံနှင့်တကွ ဖြစ်သောကြောင့်လည်းကောင်း ခိုးသူတို့ ပြေး ကြရ၏။

ဝိစိကိစ္ဆာ ကင်းကြောင်း တရားခြောက်ပါ။ ။

(၁) ဗဟုဿုတတာ၊
(၂) ပရိပုစ္ဆကတာ၊
(၃) ဝိနယေ ပကတညုတာ၊
(၄) အဓိမောက္ခဗဟုလတာ၊ (၅-၆ တူ)။ (၁၃၂-၃)

ဒုစ္စရိတကန္တာရံ နိတ္ထရိတွာ။ ။ဒုစရိုက်ပြုကျင့်ခြင်း၏ အကြောင်းဖြစ်သော ဝိစိကိစ္ဆာမှ လွန်မြောက်ခြင်း အစွမ်းဖြင့် ဒုစရိုက်ကန္တာရကို လွန်မြောက်ခြင်းကို ဆိုသည်။ ဝိစိကိစ္ဆာဖြစ်နေလျှင် ဘုရားတရား စသည်၌ မယုံကြည်သောကြောင့် ကောင်းသောအကျင့်ကို ကျင့် ဖို့ရန်ထက် မကောင်းသောအကျင့်ကို ကျင့်ဖို့ရန်သာ အားသန်တော့၏။ ထို့အတွက် ဝိစိကိစ္ဆာကို မပယ်ခြင်းသည် ဒုစရိုက်မှု ပြုခြင်း၏ အကြောင်း ဖြစ်၍ ပယ်ခြင်းသည် ဒုစရိုက်ကို ပယ်ခွာခြင်း၏ အကြောင်းဖြစ်သည်။ (၁၃၃)

ပါမောဇ္ဇံ ပီတိ၊ ။"တုဋ္ဌာကာရော"ဟူသော ကော ဖြင့် ပါမောဇ္ဇမည်သည် နုသောပီတိ ဖြစ်သည်ဟု ပြသည်။ မှန်၏-ထိုပီတိသည် နုသောကြောင့် နှစ်သက်ပုံ အခြင်းအရာလေးမျှသာ ဖြစ်သည်။ "သကလသရီရံ ခေါဘယမာနာ ပီတိ ဇာယတိ" ဖြင့် မိမိသည် ပျံ့နှံ့ခြင်း ရှိသောကြောင့် လည်းကောင်း၊ မိမိကြောင့်ဖြစ်သော မွန်မြတ်သော ရုပ်တို့၏ ဖြစ်ခြင်းကြောင့် လည်းကောင်း တကိုယ်လုံးကို ချောက်ချားစေသော ဖြန့်ခြင်းလက္ခဏာရှိသော ပီတိဖြစ်သည်ဟူသော အနက်ကို ဟော၏ဟု ဖွင့်ဆိုကြသောကြောင့် ပီတိ- အရ ဖရဏာပီတိကို ယူရမည်ကဲ့သို့ ဖြစ်သည်။ ထိုသို့ ဖွင့်ဆိုရခြင်း၏ အကြောင်း များကို ရှာဖွေပါဟု ဋီကာသစ်ဆရာ မိန့်မှာသည်။

နေရာတိုင်းမှာ အနုအရင့်မျှဖြင့် ပုပ်နှစ်ပါးသည် အနက်နှစ်မျိုးကို ပြသော ကြောင့် နုသောပီတိများသည် ပါမောဇ္ဇမည်၍ ရင့်သော အားကြီးသော ပီတိများသည် ပီတိမည်၏၊ တနည်း—ပီတိငါးမျိုးသည် အစဉ်အတိုင်း အနု အရင့် ဖြစ်သင့်သောကြောင့် ရှေးရှေး ပီတိများသည် ပါမောဇ္ဇမည်၍ နောက်နောက် ပီတိများသည် ပီတိမည်၏ဟု ဆိုကြသေး၏၊ ဤသို့ ဆိုသော

အနက်သည် ရှေး၌ ဆိုခဲ့သော အနက်အားလျော်သော အနက်တမျိုးဟု ဋီကာသစ်ဆရာ မှတ်တမ်းထိုး၏။ တုဋ္ဌဿ-ပါမောဇ္ဇဟု ဆိုအပ်သော နုသော ပီတိ၏ အစွမ်းဖြင့် နှစ်သက်ပြီးသော ပုဂ္ဂိုလ်၏-ဟု ပေး၊ သကလသရီရံ ဖရမာနာဖြင့် ပီတိမည်သည် ဤနေရာ၌ အားကြီးသော ပီတိတည်းဟု ပြသည်။ မှန်၏-ထိုပီတိသည် မိမိကိုယ်တိုင် ပြန့်နှံ့ခြင်း ရှိသောကြောင့်လည်းကောင်း၊ မိမိကြောင့်ဖြစ်သော မွန်မြတ်သော ရုပ်တို့၏ ဖြစ်ခြင်းကြောင့်လည်းကောင်း တကိုယ်လုံးကို ချောက်ချားစေလျက် ဖြစ်သည်။ ချောက်ချားစေဟူသည် တကိုယ်လုံး၌ ပီတိအဟုန်ကို ဖြစ်စေခြင်းပင်တည်း။

ကာယော။ ။အလုံးစုံသော နာမ်အပေါင်းကို ယူရမည်။ ကာယသဟူတာ-စသည်တို့၌ ကဲ့သို့ ဝေဒနာစသော ခန္ဓာသုံးပါးကိုသာ ယူရမည်လည်း မဟုတ်။ ကာယာယတန-စသည်တို့၌ကဲ့သို့ ရူပကာယကိုပါ ယူရမည်လည်း မဟုတ်၊ ဤအဓိပ္ပာယ်ကို "နာမကာယော" ဟူသော ပါဠိဖြင့် ပြသည်။ (၁၃၄)

ပဿမ္ဘတိ။ ။ပဿဒ္ဓိ နှစ်ပါး၏ အစွမ်းဖြင့်သာလျှင် ငြိမ်းအေးခြင်းကို ဤနေရာ၌ အလိုရှိအပ်ပါသည်၊ ငြိမ်းအေးခြင်း ဟူသည် ကိလေသာ အပူကင်းခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် "ဝိဂတဒရထော ဟောတိ" ဟု မိန့်သည်။ ဝိဂတဒရထော-ကင်းပြီးသော ပယ်အပ်ပြီးသော ဥဒ္ဓစ္စ အစရှိသော ကိလေသာအပူရှိ၏-ဟု ပေးပါ။

သုခံ ဇဝဒေတိ။ ။ပုဗ္ဗဘာဂဘာဝနာ၏ အစွမ်းကြောင့် စေတသိကသုခကို ခံစားယင်းပင် ထိုစေတသိကသုခကြောင့်ဖြစ်သော မွန်မြတ်သော ရုပ်တို့ဖြင့် တွေ့ထိအပ်သော ဖြန့်အပ်သော ကိုယ်ရှိသောကြောင့် ကာယိကသုခကိုပါ ခံစားနိုင်သည်။ ထို့ကြောင့် "ကာယိကမ္ပိ စေတသိကမ္ပိ သုခံ ဝေဒယတိ" ဟု မိန့်။

စိတ္တံ သမာဓိယတိ။ ။"သုခံ ဝေဒေတိ" ဟု ဟောအပ်သော သံကိလေသ-နီဝရဏအဖို့မှ ထွက်မြောက် သောကြောင့် လည်းကောင်း၊ ပဌမစျာန်အဖို့တွင် ပါဝင်သောကြောင့်လည်းကောင်း နေက္ခမ္မဟု ဆိုအပ်သော ဥပစာရသုခ အပ္ပနာသုခဟူသော သုခနှစ်မျိုးဖြင့် ချမ်းသာသူမှာ စိတ်တည်ကြည်မှုသည်သည်း ဥပစာရ အပ္ပနာနှစ်မျိုး၏ အစွမ်းကြောင့်သာ ဖြစ်ရပါသည်၊ ထို့ကြောင့် "ဥပစာရဝသေနာပိ အပ္ပနာဝသေနာပိ" ဟု မိန့်သည်။

### ပဌမဈာနကထာ

သော ဝိဝိစ္စေဝ ၊ပေ၊ ဝုတ္တံ။ ။“သုခိနော စိတ္တံ သမာဓိယတိ”ဖြင့်ပင် ဥပစာရ အပ္ပနာ နှစ်မျိုးတို့၏ အစွမ်းဖြင့် စိတ်တည်ကြည်မှုကို ဟောပြီးဖြစ်သော် “သော ဝိဝိစ္စေဝ”စသော ဒေသနာတော်သည် အဘယ်အကျိုး ရှိသနည်းဟု မေးဖွယ်ရှိ၍ “သော ဝိဝိစ္စေဝ ၊ပေ၊ ဝုတ္တန္တိ ဝေဒိတဗ္ဗံ”ဟု မိန့်။ (၁၃၅)

ဥပရိဝိသေသဒဿနတ္ထံ၊ ။“ဥပစာရသမာဓိမှ အထက်၌ ရောက်ထိုက်သော ပဌမစျာန်စသောအထူး၊ပဌမစျာန်စသော သမာဓိမှ အထက်၌ရောက်ထိုက်သော ဒုတိယစျာန်စသော အထူးကို ပြခြင်းငှာ”ဟု ပေးပါ။ မှန်၏—ဥပစာရ သမာဓိကို ရမှသာ ပဌမစျာန်စသော အထူးကို ရနိုင်သည်။ ဥပစာရသမာဓိနှင့် ကင်း၍ မရနိုင်ပါ၊ ဒုတိယစျာန်စသည်ကို ရရာ၌လည်း ပါမောဇ္ဇဖြစ်မှုစသော အကြောင်းအဆက်ဆက်ကို အလိုရှိအပ်သည်၊ ဒုတိယမဂ်စသည်ကို ရရာ၌ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကဲ့သို့ မှတ်ပါ။

တဿ သမာဓိနော ပဘေဒဒဿနတ္ထံ၊ ။“သုခိနော စိတ္တံ သမာဓိယတိ”ဟု သမ္ဗသာဓာရဏ အစွမ်းဖြင့် ဟောအပ်သော အပ္ပနာလက္ခဏာရှိသော ထိုသမာဓိ၏ ဒုတိယစျာန်စသော အပြား၊ ပဌမအဘိညာဉ်စသော အပြားကို ပြခြင်းအကျိုးငှာ ဟောတော်မူသည်။

ကရဇကာယံ။ ။ဒ္ မိ၏သွေး အဖ၏သုက်ဟူသော ကရကြောင့် ဖြစ်သော ရုပ်လေးပါး၏ အပေါင်းဖြစ်သော စာတုမဟာဘူတိက ကာယကို “ကရဇကာယ”ဟု ခေါ်သည်၊ ထိုကရဇကာယဟူသည် အဇ္ဈတ္တ ဇလာဗုဇ်အားဖြင့် ၂-ပါးသော ဂဗ္ဘသေယျက ကာယသာတည်း။

ဟိတ်နှင့်ပြည့်စုံသော ဩပပါတိက အစရှိသော ပုဂ္ဂိုလ်တို့မှာလည်း ဆိုအပ်ပြီးသော သမာဓိကို ရခြင်းဖြစ်နိုင်ပါသော်လည်း များသောကြောင့်လည်းကောင်း၊ ထင်ရှားသောကြောင့်လည်းကောင်း ကရဇကာယကိုသာ ဆိုပါသည်။

နာမကာယလည်း ဝိဝေကဇပီတိသုခမှ ရအပ်သော အထောက်အပံ့ကြောင့် သမာဓိ တိုးတက်နိုင်ပါလျက် နာမကာယကို မယူပဲ ကရဇကာယကိုသာ ယူရခြင်းမှာ နောက်၌ “ဣမမေဝ ကာယံ အဘိသန္ဒေတိ ပရိသန္ဒေတိ”စသည်ဖြင့် ဟောတော်မူအပ်သော သဒ္ဒန္တရိက်က တကိုယ်လုံး စိုစေ၏ဟု ဆိုအပ်သောကြောင့် ထိုသဒ္ဒန္တရိက်နှင့် ဆက်စပ်၍ ကရဇကာယကိုသာ ယူရမည် ဟူသော အနက်ကို သိအပ်သောကြောင့်တည်း။ (၁၃၅-၆)

**အဘိသန္ဒေတိ။** ။အဘိသန္ဒနဟူသည် ချွန်ကြောင့် ဖြစ်သော ပီတိ သုခကြောင့် ကရဇကာယ၏ စိုသည်၏အဖြစ်သို့ ရောက်ခြင်း၊ လုံး၀ခြောက်ကပ် ခြည်း၏အဖြစ်ကို ပယ်ရှားခြင်းတည်း။ ထို့ကြောင့်''တေဓမတိ သေနဟေတိ''ဟု မိန့်၊ လိုရင်းအနက်အားဖြင့် အဘိသန္ဒနမည်သည် ဆိုအပ်ပြီးသော ပီတိသုခဘို့ကြောင့် ဖြစ်ကုန်သော ပဏီတရုပ်တို့ဖြင့် ကိုယ်ကို ဖြန့်ခြင်းဟု မှတ်ပါ။ ထို့ကြောင့်ပင် ''သဗ္ဗတ္တ ပဝတ္တပီတိသုခံ ကရောတိ''ဟု မိန့်။ (၁၃၆)

**ပရိပ္ဖရတိ။** ။ဤကရဇကာယကိုပင် ဝိဝေကဇ ပီတိသုခဖြင့် ထက်ဝန်းကျင်မှ ထိ၏ဟု အနက်မှတ်ပါ။ ထိခြင်းကိရိယာသော ဤနေရာ၌ သင့်မြတ်ပါသည်၊ ဖြန့်ခြင်းကိရိယာ မဖြစ်သင့်ပါ။ အဘယ့်ကြောင့်နည်း–ရဟန်းသည်သာ သုဒ္ဓကတ္တား ဖြစ်သောကြောင့်တည်း။ [ဘာသာဋီကာ၌ ဖြန့်ခြင်းကိရိယာသာ အမှန်ဟု ဆုံးဖြတ်တော်မူသည်။]

**အဖုဋ္ဌံ နာမ န ဟောတိ။** ။ကမ္မဇရုပ် ဖြစ်ရာ နေရာတိုင်း၌ စိတ္တဇရုပ်သည် ပျံ့နှံ့သောကြောင့် ထိုစိတ္တဇရုပ်ဖြင့် ကရဇကာယကို ပျံ့နှံ့နေသည်ကို ရည်ရွယ်၍ ''အဖုဋ္ဌံ နာမ န ဟောတိ''ဟု မိန့်သည်။

**ဒက္ခော။** ။ဒက္ခော–ကျွမ်းကျင်၏။ ကျွမ်းကျင်ခြင်းကို''ကံသထာလေ နှာနိယစုဏ္ဏာနိ အာကိရိတွာ''စသော သဒ္ဒန္တရိက်ကို ထောက်၍လည်းကောင်း၊ အရာဌာနအားလျော်သော အားဖြင့်လည်းကောင်း ရေချိုးကြောင်း ဆပ်ပြာမှုန့်တို့ကို ပြုခြင်း၊ ရောစပ်ခြင်း၊ အခဲလုပ်ခြင်းတို့၌ ငှမ်းနိုင်ခြင်း၏ အစွမ်းဖြင့် သိပါ။ ဤအဓိပ္ပာယ်ကို ပဋိဗလော-စသည်ဖြင့် ပြသည်။

**သိနေ္ဒတွာ သိနေ္ဒတွာ။** ။ဤစကားကို ဆိုခြင်းသည် ပရိပ္ဖေါသကံ ပရိပ္ဖေါသကံ သဒ္ဒါ၏ သနေ္ဒယျ၏ ဝိသေသနအဖြစ်ကို သိစေခြင်း အကျိုးရှိ၏။ [သန္တရဗာဟိရာ ဖုဋ္ဌာ-ဖြင့် ဆပ်ပြာခဲမှာ လုံး၀ ရေစိုနေကြောင်းကို ဟောသည်။ န စ ပဃ္ဃရဏီ-ဖြင့် ရေစိုသော်လည်း ဆပ်ပြာခဲ၏ တခဲနက်ခိုင်မာကြောင်းကို ဟောသည်။] (၁၃၇)

ဒုတိယဈာနကထာ

**ဥဗ္ဘိဒေါဒကော။** ။မချောက်ချားသော ငြိမ်သက်သော ရေကိုသာ အလိုရှိအပ်သောကြောင့် မြစ်ကမ်း၌ တူးအပ်သော ရေတွင်းကဲ့သို့ ရေအိုင်၏ အတွင်းမှာပင် စိမ့်ထွက်နေသော ရေရှိသော ရေအိုင်ကို ယူပါ။ (၁၃၈)

သီတံ သေတံ။ ။သီတံ-တုန်လှုပ်ချောက်ချားမှုမရှိသောကြောင့် အေးမြသော၊ သေတံ-သစ်ရွက်ဟောင်း စသည်တို့နှင့် ရေ ပြွမ်းခြင်းမရှိသောကြောင့် သန့်ရှင်းဖြူစင်သော။ (သီတံသေတဉ္စ ဟိ ပရိယာယော)(၁၃၉)

### တတိယဇ္ဈာနကထာ

ဥပ္ပလိနီ။ ။ဥပ္ပလိနီ-စသောပါဠိသည် ကြာချိုု ကြာတော နှစ်မျိုးဟောနိုင်သော်လည်း ဤနေရာ၌ကား "ယာဝ အဂ္ဂါ ယာဝစ မူလာ" ဟူသောစကားတော်နှင့် ယှဉ်သဖြင့် အပ္ပေကစ္စာနိ-စသည်ဖြင့် ကြာချိုု စသည်ကိုသာ ယူသောကြောင့် ကြာတောကိုသာ ယူရမည်။(တပင်နှစ်ပင်ရှိက "ချိုု" ဟု ခေါ်၍ လေးပင်ငါးပင်ရှိမှ "တော" ဟု ခေါ်သည်။) (၁၃၉)

ဥပ္ပလ စသည်။ ။ဥပ္ပလ-သဒ္ဒါသည် သာမညနာမ်၏အစွမ်းဖြင့် ကြာအားလုံးတို့၌ ဖြစ်နိုင်သည်။ထို့ကြောင့် "ယံကိဉ္စိ ဥပ္ပလံ ဥပ္ပလမေဝ" ဟု မိန့်သည်။ ပဒုမ္မာနှင့် ပုဏ္ဍရိက်တို့၏ အထူးကို အဆင်းရောင်အားဖြင့် သတ်မှတ်၍ ခွဲလျှင် သာသနာတော်အလို ဖြူသောကြာသည် ပဒုမ္မာမည်၍ နီသောကြာသည် ပုဏ္ဍရိက်မည်သည်။ လောကဉ္စကား နီသောကြာသည် ပဒုမ္မာမည်၍ ဖြူသောကြာသည် ပုဏ္ဍရိက်မည်၏ဟု ဆိုကြသည်။

ဥဒကာနုဂ္ဂတာနိ။ ။ဤစကားသည် အရင်းအဖျားတိုင်အောင် ရေစိုမှုရှိကြောင်းကို ပြခြင်းအကျိုးရှိ၏။ ထို့ကြောင့် "ရေမှ မပေါ်ထွက်ကုန်သေးသော" ဟု အနက်ပေးပါ။ "ရေ၌လျှော်စွာ နေကုန်သော" ဟု မပေးရ။ (ကြာချိုု စသည်နှင့် ကာယဇကာယ၊ ရေနှင့် တတိယ ဈာန်ချမ်းသာ တူမျှကြသည်။) (၁၄၀)

### စတုတ္ထဇ္ဈာနကထာ

ပရိသုဒ္ဓံ။ ။စေတသာ-အရ စတုတ္ထဈာန်စိတ်ကိုသာ ယူရမည်။ ထိုစတုတ္ထဈာန်စိတ်သည် ရာဂစသော ဥပက္ကိလေသ အညစ်အကြေးမှကင်း၏။ ထို့ကြောင့် ထိုရာဂစသော ဥပက္ကိလေသ အညစ်အကြေးမှ ကင်းခြင်းသည်ပင် စင်ကြယ်ခြင်းမည်၏။ ထို့ကြောင့် "နိရုပက္ကိလေသဋ္ဌေန ပရိသုဒ္ဓံ" ဟု မိန့်။ (၁၄၀)

**ပရိယောဒါတံ။** ။အညစ်အကြေးတို့ကို မှုတ်လွင့်အပ်ပြီးသောရွှေသည် ပွတ်တိုက်ခြင်းကြောင့် အရောင်ထွက်လာသကဲ့သို့ စင်ကြယ်ပြီးသော စိတ်၏ပင် အကြောင်းထူးကြောင့် ဖြစ်ပုံအထူးသည် ဖြစ်ခြင်းမည်၏။ ကိုသို့ အရောင်ထွက်ခြင်းကြောင့်ပင် ပရိယောဒါတ ဖြစ်၏၊ ထို့ကြောင့် "ပဘဿရဋ္ဌေန ပရိယောဒါတံ"ဟု မိန့်။

**ဩဒါတေန။** ။တခ်ဏာဒဓာတပရိသုဒ္ဓေန-ဖြင့် ဩဒါတ-သဒ္ဒါသည် စင်ကြယ်ခြင်းအနက်ကိုသာ ဟောသည်။ ထိုခဏ၌ ဖွပ်လျှော်အပ်၏ စင်ကြယ်သော အဝတ်မှန်သမျှဖြင့် အငွေ့ဖြန့်မှု ဖြစ်နိုင်သောကြောင့် အဖြူအနက်ကို မဟောဟု ပြသည်။

**ဣမိဿာ ဟိ စသည်။** ။ပါဠိတော်၌ "နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ဩဒါတေနဝတ္ထေန အဖုဋံ အဿ"ဖြင့် ကိုယ်ကိုစင်ကြယ်သော အဝတ်ဖြင့် ဖြန့်ခြင်းကိုသာ ဟော၍ အဝတ်ကို အငွေ့ဖြန့်ခြင်းကို မဟောသည်မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် အငွေ့ဖြန့်ခြင်းကို ဤအဋ္ဌကထာ၌ မိန့်ဆိုအပ်ပါသနည်းဟု မေးဖွယ်ရှိ၍ "ဣမိဿာ ဟိ" စသည်မိန့်၊ ကရဇကာယ-သည် အဝတ်နှင့်တူ၍ စတုတ္ထဈာန် ချမ်းသာသည် အငွေ့ဖြန့်ခြင်းနှင့်တူသောကြောင့် ဤနေရာ၌ ဤသို့ အနက်ကို သိရမည်ဟု ဆိုလိုသည်။

ဤစကားဖြင့် စင်ကြယ်သော အဝတ်ဖြင့် အလုံးစုံသော ကိုယ်ကိုဖြန့်မှု မဖြစ်သင့်သောကြောင့်လည်းကောင်း၊ ဥပမေယျနှင့် မသင့်သောကြောင့်လည်းကောင်း ကာယ-အရ ကိုယ်၌ မှီသောအဝတ်ကိုလည်းကောင်း၊ ဝတ္ထ-အရ အဝတ်ကြောင့်ဖြစ်သောအငွေ့ဖြန့်မှုကိုလည်းကောင်း ယူပါဟူသော အဓိပ္ပာယ်ကို ပြသည်။ မှန်၏-ဤဥပမာကို နေယျတ္ထအားဖြင့် ဟောတော်မူသည်။ [ဝိစိတြဒေသနာ ဟိ ဗုဒ္ဓါ ဘဂဝန္တော]။ (၁၄၁)

**တူပုံ။** ။ယောဂီပုဂ္ဂိုလ်၏ ကရဇကာယကို အငွေ့ဖြန့်ခြင်းနှင့် တူသော စတုတ္ထဈာန် ချမ်းသာဖြင့် ဖြန့်အပ်သောကြောင့် အဝတ်နှင့်တူ၏ဟု မှတ်ပါ၊ စတုတ္ထဈာန်ချမ်းသာကို ထိုစတုတ္ထဈာန်ချမ်းသာဖြင့် ကရဇကာယကို ဖြန့်သောကြောင့် အငွေ့ဖြန့်ခြင်းနှင့် တူ၏ဟု မှတ်ပါ။ စတုတ္ထဈာန်ကို အငွေ့ဖြန့်ရာ အချုပ်ဦးဖြစ်သော ချမ်းသာ၏ မှီရာဖြစ်သောကြောင့် ယောကျ်ား၏ ကိုယ်ခန္ဓာနှင့် တူ၏ ဟု မှတ်ပါ။

စတုတ္ထဇ္ဈာနသုခံ စတုတ္ထဇ္ဈာနသုခေန။ ။ပါဠိတော်၌ "ပရိသုဒ္ဓေန စေတသာ" ၌ စေတ-ဖြင့် စတုတ္ထစျာန်ချမ်းသာကို ဘုရားဟောသည် ဟုသိစေခြင်းငှာ 'စတုတ္ထဇ္ဈာနသုခံ စတုတ္ထဇ္ဈာနသုခေန" ဟု မိန့်သည်၊ စတုတ္ထစျာန် ချမ်းသာမှာ သာတလက္ခဏာမရှိသော်လည်း ငြိမ်သက်သော သဘောရှိသောကြောင့် ဥပေက္ခာကိုပင် သုခဟု အလိုရှိအပ်သည်။ [ဥပေက္ခာ ပန သန္တတ္တာ သုခမိစ္စေဝ ဘာသိတာ]။

စုဒ္ဒသမဟာကာရေဟိ စိတ္တပရိဒမနံ။ ။"ကသိဏာနုလောမတော ကသိဏပဋိလောမတော ကသိဏာနုလောမ ပဋိလောမတော ဈာနာနုလောမတော ဈာနပဋိလောမတော ဈာနာနုလောမပဋိလောမတော ဈာနုက္ကန္တိကတော ကသိဏုက္ကန္တိကတော ဈာနကသိဏုက္ကန္တိကတော အင်္ဂသင်္ကန္တိတော အာရမ္မဏသင်္ကန္တိတော အင်္ဂါရမ္မဏသင်္ကန္တိတော အင်္ဂဝဝတ္ထာနတော အာရမ္မဏဝဝတ္ထာနတော" ဟူသော ဝိသုဒ္ဓိမဂ်၌ ဟောအပ်သော အခြင်းအရာ ၁၄-မျိုးတို့ကို စုဒ္ဒသမဟာကာရေဟိ-အရ ယူပါ။

ဈာန်တို့၌ အာဝဇ္ဇန စသော ဝသီဘော်ငါးပါးရှိပါသော်လည်း ဤဝသီဘော် ၁၄-ပါးကိုသာ အဘိညာဉ်ကို ဖြစ်စေရာ၌ ကျေနပ်အားဖြင့် အလိုရှိအပ်၏ဟု ပြလို၍ "စုဒ္ဒသမဟာကာရေဟိ စိတ္တပရိဒမနံ"ဟု မိန့်၊ ဤပါဌ်ဖြင့် အရူပသမာပတ်တို့၌ လေ့ကျက်အပ်သော ဝသီဘော်မရှိပဲ ရူပသမာပတ်တို့၌သာ လေ့ကျက်အပ်သော ဝသီဘော်ဖြင့် သမာပတ် မပြည့်စုံ မပြီးစီးနိုင်ပါ၊ ထို့ကြောင့် ထိုအရူပသမာပတ်တို့၏ အဘိညာဉ်ကို ရခြင်း၌ မကာင်းနိုင်သည်၏ အဖြစ်ကို ပြသည်ဟု သိပါ။ (၁၄၂)

ပါဠိယံ ပန ဝေသည်။ ။ပဉ္စမရှိကိုင်းသာ အဆုံးအဖြတ်ကို ဆိုသင့်သည် မဟုတ်လေဟု စောဒနာဖွယ်ရှိ၍ "ပါဠိယံ ပန" စသည်မိန့်။ သာဝသေသပါဌ်ဖြစ်သောကြောင့် ထုတ်ဆောင်၍ ဤဝိနိစ္ဆယကို ဆိုသင့်သည်ဟု ဆိုလိုသည်။

ယင်းသို့ဖြစ်လျှင် အရူပစျာန်တို့ကိုလည်း ပါဠိတော်၌ ယူသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အရူပစျာန်တို့ကို ယူတော်မမူပဲ ဘုရားရှင်သည် သာဝသေသပါဌ်ကို ပြုတော်မူရပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား— အသုံးစုံသော အဘိညာဉ်တို့သည် အထူးအားဖြင့် ရူပါဝစရစတုတ္ထစျာန်လျှင် အခြေခံရှိသောကြောင့်တည်း။ [ ခြုံငုံဆို-ထိုအရူပသမာပတ်တို့မှာ အဘိညာဉ်ကို ရရာ၌ မကာင်းနိုင်ပါသော်လည်း အထူးအားဖြင့် အဘိညာဉ်တို့သည် ရူပါ

ဝစရစတုတ္ထဈျာန်လျှင် အခြေခံရှိကုသည်၊ ထိုကြောင့် ထိုအဘိဉာဉ်တို့၏ ထို ရူပါဝစရစတုတ္ထဈျာန်လျှင် အခြေခံရှိသည်၏ အဖြစ်ကို သိစေခြင်းအကျိုးငှာ ထိုရူပါဝစရစတုတ္ထဈျာန်၌သာ ရပ်တန့်၍ ဒေသနာတော်ကို ပြုတော်မူပါသည်။ အရူပါဝစရဈျာန်တို့သည် ဤနေရာ၌ အသုံးမဝင်သောကြောင့် မဟောသည် မဟုတ်ပါ။ ထို့ကြောင့် "အရူပဇ္ဈာနာနိ အာဟရိတ္ဝာ ကထေတဗ္ဗာနိ"ဟု မိန့်။

## ဝိပဿနာဉာဏကထာ

**သော ၊ပေ၊ ဒဿေတိ။** ။"ပုန စ ပရံ မဟာရာဇ ဘိက္ခု" ဟူ၍ ဟော ပြီးလျှက်လည်း အဘယ်အနက်ကို ပြခြင်းငှာ "သော"ဟူသော ပုဒ်ကို တဖန်ဟောတော်မူပါသနည်းဟူသော စောဒနာ ကြောင့် "သော ၊ပေ၊ ဒဿေတိ"ဟု မိန့်သည်။ ပါဠိတော်၌ လာသော အားဖြင့်လည်းကောင်း၊ နေယျတ္ထအားဖြင့်လည်းကောင်း ဆိုအပ်သော သမာ ပတ်ရှစ်ပါးတို့၌ လေ့လာအင်ပြီးသော ဝသီတော်ရှိသော ရဟန်းကို ပြခြင်းငှာ "သော ဧဝံ သမာဟိတေ"စသည်ဖြင့် "သော"ကို တဖန်ထပ်၍ ဟော တော်မူသည် ဟူလို။ (၁၄၂)

**ဉာဏ ပန ၊ပေ၊ ဝိပဿနာဉာဏံ ဉာဏဒဿနန္တိ ဝုတ္တံ။** ။ဝိပဿနာဉာဏ်သည် ဥဒယဗ္ဗယဟု ဆိုအပ် သော တေဘူမကသင်္ခါရတို့ကို အနိစ္စစသောအားဖြင့် သိ၏။ ဘင်္ဂါနုပဿနာ ဉာဏ်မှ စ၍ ပစ္စက္ခအားဖြင့် ထိုတေဘူမကသင်္ခါရတို့ကို မြင်တတ်၏၊ ထို့ကြောင့် ဉာဏဒဿန မည်၏။ (၁၄၃)

**ခုဒ္ဒကသမ္ဗာဟနေန။** ။အကြီးအကျယ် ဆုပ်နယ်ခြင်းသည် လက်ဝေ့သမား စသည်တို့၏လက်မောင်းသား တိုးပွားမှုစသည် အကျိုး ငှာသာ ဖြစ်သည်။ အင်္ဂါကြီးငယ်၏ နာကျင်မှုကို ပယ်ဖျောက်ခြင်း အကျိုး ငှာကား သာသာယာယာ ဆုပ်နယ်ခြင်းသည်သာ သင့်သည်ဖြစ်၍ "ခုဒ္ဒက သမ္ဗာဟနေန" ဟူ၍ မိန့်။

**ဆဟိ ပဒေဟိ။** ။(၁) ရူပီ၊ (၂) စာတုမဟာဘူတိကော၊ (၃) မာတာ ပေတ္တိကသမ္ဘဝေါ၊ (၄) ဩဒနကုမ္မာသူပစယော၊ (၅) ဥစ္ဆာဒနဓမ္မော၊ (၆) ပရိမဒ္ဒနဓမ္မော၊ အလယ်သုံးပုဒ်တို့သည် ထိုအနက်ကို ပြနိုင်သောကြောင့် အလယ်သုံးပုဒ်တို့ဖြင့် ရုပ်ဖြစ်ကြောင်း ဟောခြင်းသည် သင့်တန်စေ၊ ရူပီ ဥစ္ဆာဒန ပရိမဒ္ဒနတို့ကား ထိုအနက်ကို မပြနိုင်သောကြောင့် ထိုရူပီစသော သုံးပုဒ်ဖြင့် ထိုအနက်ကို ပြခြင်းသည် အဘယ်သို့ သင့်ပါအံ့သည် နည်းဟု မေးဖွယ်ရှိ၏။ အဖြေကား — ထိုရူပီစသော သုံးပုဒ်တို့သည်လည်း

ကာယတို့ပွားမှုအနက်ကို ပြနိုင်သောကြောင့် သင့်သည်သာ ဖြစ်သည်၊ ချဲ့ဦး အံ့–ရူပီ-ဟူသော ပုဒ်သည် မိမိ၏အကြောင်းဖြစ်သော ဥတုရုပ် အာဟာရရုပ် ဖြင့် ရှိသည်ဟူသောအနက်ကိုပြ၍ ဥစ္စာဒန ပရိမဒ္ဒန-ဟူသော ပုဒ်နှစ်ခုသည် ထိုသို့သဘောရှိသော ရုပ်ကိုဖြစ်စေခြင်းဖြင့် သန္တာန်ကို ပြည့်စုံစေခြင်းဟူသော အနက်ကို ပြပါသည်။ (၁၄၄)

နိဿိတဥ္စ။ ။ဝိပဿနာစိတ်သည် ကာယ၌ အကျုံးဝင်သော ဟဒယဝတ္ထု၌ မှီသောကြောင့် ကိုယ်၌မှီသည်ဟု ဆိုသည်။

ပဋိဗဒ္ဓဥ္စ။ ။ကာယနှင့်ကင်း၍မဖြစ်သောကြောင့် လည်းကောင်း၊ ကာယဟု မှတ်အပ်သော ရုပ်တရားတို့ကို အာရုံပြုသောကြောင့် လည်း ကောင်း ကိုယ်၌စပ်သည်။

သုခဘာတိ သုန္ဒရော။ ။အရောင်နှင့် ပြည့်စုံသောကြောင့်ပင် ပတ္တမြား၏ ကောင်းမြတ်ခြင်းဖြစ်၏ ဟူသော အနက်မျှကို ပြခြင်းငှာ"သုဘာတိ သုန္ဒရော"ဟု မိန့်၊ သုဘာ-လွန်စွာတောက်ပသော၊ ဝါ-လွန်စွာ တောက်ပသည့်အတွက် ကောင်းသော-ဟု ပေးပါ၊

ဇာတိမာတိ ပရိသုဒ္ဓါကရသမုဋ္ဌိတော။ ။ပတ္တမြား၏ စင်ကြယ်သော ဇာတ် ရှိခြင်းသည် စင်ကြယ်သောပတ္တမြား မြေမှထွက်ခြင်းပင်တည်း။ (၁၄၄-၅)

အပနီတပါသာဏသက္ခရော။ ။ဉာဏ်ပါ၍ဖြင့် ကျောက်ခဲ ကျောက်စရစ်စသော အပြစ်ကို ပယ်ရှားခြင်း၏ အစွမ်းဖြင့်သာ ပရိကမ်မှု ပြီးသည်ဟူ၍ ပြသည်။ (၁၄၅)

ပမာဏမေ နီးနှောချက်များ။ ။ဆင်ခြင်အပ်သောကြောင့် ကရဇကာယသည် ပတ္တမြားနှင့် တူ၏၊ ဝင်၍တည်သောကြောင့် ဝိညာဉ်သည် သီသောချည်ကြိုးနှင့် တူ၏။ ကရဇကာယကို ကောင်းစွာရှုမြင် တတ်သောကြောင့် ဝိပဿနာဉာဏ်ရသူသည် စက္ခုအမြင်ရှိသော ယောကျ်ား နှင့်တူ၏၊ ဝိပဿနာဉာဏ်၏ မှီရာ ထင်ရှားသောကြောင့် ထိုယောကျ်ားအား ပတ္တမြား၏ ထင်ရှားရာအခါနှင့် ထိုဟန်းအား ကရဇကာယ၏ ထင်ရှားရာ အခါသည် တူ၏။

**အဘာယ် ့ကြောင့် ဝိပဿနာဝိညာဉ် ယူရ။** ။''ဣဒဉ္စ မေ ဝိညာဏံ၊ ဧတ္တ သိတံ ဧတ္တ ပဋိဗဒ္ဓံ''စသည်ဖြင့် ဝိပဿနာဝိညာဉ်ကိုသာ ဟောတော်မူသောကြောင့် ယူသည်။ ''အယံ ခေါ မေ ကာယော'' စသည်ဖြင့် ဝိပဿနာဉာဏ်ဖြင့် ရှု၍ ထိုဝိပဿနာဉာဏ်နှင့် ယှဉ်သော စိတ်သည်သာ ''ဤကာယ၌ မှီ၏၊ စပ်၏''ဟူ၍ နိဿယ ဝိသယ စသည်ဖြင့် နှလုံးသွင်း၏။ ထို့ကြောင့် ဤနေရာ၌ ဝိပဿနာဝိညာဉ်ကိုသာ ယူသင့်၍ အခြား ဝိညာဉ်ကို မယူသင့်ပါ။ ထို့ကြောင့် ''ဝိပဿနာဝိညာဏဿေဝ ဝါ အာဝိဘူတကာလော''ဟု မိန့်သည်။ (၁၄၆)

**ဖဿပဉ္စမကာ စသည်။** ။ဤနေရာ၌ ဓမ္မာဂ်ကဏီ စသည်တို့၌ ဟောအပ်သော နည်းဖြင့် ထင်ရှားသောကြောင့် ဖဿပဉ္စမကတို့ကို ယူသည်။ အကြွင်းအကျန်မရှိ သိမ်းယူလိုသောကြောင့် စိတ်စေတသိက် အားလုံးတို့ကိုယူသည်။ ပါဠိတော်၌ လာသည့်အတိုင်း ဟောသောနည်း၏ အစွမ်းဖြင့် ဝိပဿနာဉာဏ်သည် ပဓာနဖြစ်သောကြောင့် ဝိပဿနာဝိညာဉ်ကို ယူသည်။

**ဘိက္ခုနော အာဝိဘူတကာလော။** ။ဤ ဖဿပဉ္စမက စသော တရားတို့သည် ပစ္စဝေက္ခဏာ ဝိညာဉ်အားသာ ထင်စွာ ဖြစ်၍ ပုဂ္ဂိုလ်အား မဖြစ်ပါ။ သို့သော် ပစ္စဝေက္ခဏာဉာဏ်အား ထင်ရှားသည့် အတွက် ပုဂ္ဂိုလ်အားလည်း ထင်ရှားရာရောက်၏။ ထို့ကြောင့် ''ဘိက္ခုနော အာဝိဘူတကာလော''ဟူ၍ မိန့်သည်။

**မဂ္ဂဉာဏာနန္တရံ။** ။ဤစကားကို သိခါပ္ပတ္တ ဝိပဿနာဖြစ်သော ဂေါတြဘု ဉာဏ်ကို ရည်ရွယ်၍ မိန့်သည်။ မဂ္ဂ-သဒ္ဒါဖြင့် အရဟတ္တ မဂ်ဉာဏ်ကိုသာ ယူသည်။ အဘယ့်ကြောင့်နည်း—ထိုအရဟတ္တ မဂ်ဉာဏ်သည်သာ အဘိညာဉ်၌ အကျုံးဝင်သောကြောင့်လည်းကောင်း၊ အဘိညာဉ်နှင့် စပ်၍ ဓောဒနာမှု ဖြစ်သင့်သောကြောင့်လည်းကောင်းတည်း။ (၁၄၆-၇)

**ဘေဿ အနန္တရာ ဂါရော နတ္ထိ။** ။အဘိညာဉ် ငါးပါးတို့ကို ဟောပြီးသော် အဘိညာဉ်လက္ခဏာ ရှိ၍ အဘိညာဉ်၌ အကျုံးဝင်သောကြောင့် ဆဋ္ဌအဘိညာဉ်ကိုလည်း မချတ် ဟောရတော့မည်။ ဝိပဿနာဉာဏ်သည် အဘိညာဏ်လက္ခဏာ မရှိသောကြောင့် အဘိညာဉ်၌ အကျုံးမဝင်ရကား လောကီ အဘိညာဏ် ငါးပါးတို့၏လည်းကောင်း၊ ဆဋ္ဌ

အဘိညာဉ်၏သည်းကောင်း အကြား၌သွင်း၍ ဟောတော်မူရန် မဖြစ်နိုင်။ ထို့ကြောင့် ဤဝိပဿနာဉာဏ်မှာ ထိုအဘိညာဉ်တို့၏ အကြား၌ ဟောရန် အခွင့်မရှိ၍ ဤစတုတ္ထဈာန်၏ အခြားမဲ့၌ ဟောတော်မူသည်။

ဘယဝိနောဒနဟေတု။ ။ဝိပဿနာဉာဏ်ဖြင့် သုံးသပ်မှုပြုခြင်း သုံးသပ်မှုခြင်းသည် ဘယဝိနောဒနဟေတု မည်၏။ (၁၄၈)

ဝိပဿနာသုခံ။ ။ဝိပဿနာဉာဏ်ကြောင့် ပါမောဇ္ဇ ပီတိ ပဿဒ္ဓိ တို့ အစဉ်အတိုင်း ဖြစ်ပြီးသောအခါ ဖြစ်ပေါ်လာသော သုခကို "ဝိပဿနာသုခ"ဟု ခေါ်သည်။

---

## မနောမယိဒ္ဓိဉာဏကထာ

မနေန နိဗ္ဗတ္တိတံ၊ ။မယ-သဒ္ဒါသည် အာ၂ရ ပညတ္တိ ဝိကာရ ပဒပူရဏ နိဗ္ဗတ္တိ စသော အနက်များစွာတွင် ဤ၌နေရာ၌ နိဗ္ဗတ္တိ အနက်ဟောဟု ပြခြင်းငှာမိန့်[မန-အဘိညာဉ်စိတ်၊အဓိဋ္ဌာန်စိတ်]။(၁၄၈-၉)

အင်္ဂနှင့် ပစ္စင်္ဂ အထူး။ ။လက် ခြေ စသော ထိုထိုအပေါင်းသည် "အင်္ဂ" မည်၍ ထိုထို အပေါင်းတွင် ပါဝင်သော တတောင်ဆစ် ဒူးဝန်း စသော အစိတ်သည် "ပစ္စင်္ဂ"မည်၏။ (၁၄၉)

အဟီနိန္ဒြိယန္တိ သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ။ ။အဟီနိန္ဒြိယံ ဟူသော ပါဌ်၌ ပြည့်စုံသည်ကို "အဟီန"ဟု ခေါ်သည်။ မြတ်သည်ကို "အဟီန"ခေါ်သည်မဟုတ်၊ ပြည့်စုံသည် စက္ခုသောတ စသည်တို့၏ သဏ္ဌာန် အစွမ်းဖြင့်သာလျှင် ပြည့်စုံသည်။ မှန်၏— နိမ္မိတရုပ်၌ ပသာဒ မရှိနိုင်။ ထို့ကြောင့် ဤအဓိပ္ပာယ်ကိုပြခြင်းငှာ "သဏ္ဌာနဝသေန အဝိကလိန္ဒြိယံ"ဟု ဖွင့်သည်။ ဤပါဌ်ဖြင့်ပင် နိမ္မိတရုပ်မှာ ဇီဝိတိန္ဒြေ စသည်တို့၏ မရှိကြောင်းကို ဆိုသည်ဟု မှတ်ပါ။ ရူပါရုံကို ထိခိုက်ခြင်းငှာ ထိုက်သော ဘူတရုပ် ပသာဒရုပ် စသော ဣန္ဒြေ စသည်တို့၏ အစွမ်းဖြင့် မချို့သော ဣန္ဒြေရှိသည်မဟုတ်။ကြာရွက် စသည်နှင့် တူသော သဏ္ဌာန်မျှ၏ အစွမ်းဖြင့် မချို့သောဣန္ဒြေရှိသည်။[သဒိသဘာဝဒဿနတ္ထံ-သဏ္ဌာန် အဆင်း အစိတ်အထူးတို့အားဖြင့် တူသည်၏အဖြစ်ကို ပြခြင်းငှာ။]

**သဇာတိယံ ဌိတော။** ။မြွေတို့မည်သည်-(၁) ပဋိသန္ဓေနေရာအခါ၊ (၂) စုတေရာအခါ၊ (၃) လွတ်လွတ်ကျွတ်ကျွတ် အိပ်ရာအခါ၊ (၄) တူသောဇာတ်ရှိသော နဂါးမနှင့် မေထုန်မှီဝဲရာအခါ၊ (၅) အရေဟောင်းကို ပယ်စွန့်ရာအခါ ဟူသော ငါးမျိုးသောအခါတို့၌ မိမိဇာတ်ကို မလွန်ဆန်နိုင်ကြကုန်။ ထို့ကြောင့်-''သဇာတိယံ ဌိတော''ဟူ၍ မိန့်သည်။ (၁၅၀)

**ပုရာဏတစံ ဇိဂုစ္ဆန္တော။** ။မြွေရေ၏ ဟောင်းသည်၏ အဖြစ်ကြောင့် အချိုနေရာကိုယ်မှ လွတ်နေ၊ အချိုနေရာ၌ တွဲကျနေသော မြွေရေဟောင်းကို စက်ဆုပ်သည်ဖြစ်၍။ [စတူဟိ=သဇာတိယံ ဌိတော၊ နိဿာယ၊ထာမေန၊ဇိဂုစ္ဆန္တော။]

---

**ဣဒ္ဓိဝိဓဉာဏာဒိကထာ**

**သုပရိကမ္မကတ ၊ပေ၊ ဉာဏံ ဒဋ္ဌဗ္ဗံ၊** ။အထူးပြုခြင်း ကြိယာ၏ မှီရာဖြစ်သောကြောင့် ကောင်းစွာ ပရိကံပြုအပ်သော မြေညက်စသည်တို့ကဲ့သို့ ဣဒ္ဓိဝိဓဉာဏ်ကို မှတ်ပါ။ [ကန္တာရ-သဒ္ဒါမဖက် အဒ္ဓါန မဂ္ဂ-သဒ္ဒါသက်သက်ကို ဆိုခြင်းသည် ခေမာမဂ္ဂကို ပြခြင်း အကျိုးရှိ၏။] (၁၅၁)

**သီသေ သာဋကံ ကတွာ။** ။လေပူ နေပူစသည်တို့ကို တားမြစ်ခြင်းအကျိုးငှာ ခေါင်းပေါ်၌ အဝတ်တင်ထားသည်။ [ထိုသို့သော အခြင်းအရာနှင့် ပြည့်စုံသော စကားသည် ဥပမာပြည့်စုံမှုဖြင့် ဥပမေယျကို ပြီးစီးစေခြင်း အကျိုးရှိသည်လည်းကောင်း၊ အလိုရှိအပ်သော ဥပမေယျတ္ထကို သိလွယ်စေခြင်း အကျိုးရှိသည်လည်းကောင်း၊ ဟိတ် ဥဒါဟရဏ် ဝိဒသသန ဝိသေယျ စသည် ပြည့်စုံသောစကားဖြင့် ပညာရှိတို့၏ စိတ်ကို နှစ်သက်စေခြင်း အကျိုးရှိသည်လည်းကောင်း ဖြစ်၏ဟု သိပါ။]

**ဒဟရော။** ။ပက်လက်အိပ်နေရသော အသိဉာဏ်နည်းသေးသော ကလေးငယ်ကိုလည်း ''ဒဟရ''ဟု ဆိုနိုင်သောကြောင့် ထိုကလေးငယ်မှ အထူးပြုခြင်းငှာ ''ယုဝါ''ဟု ဟောတော်မူသည်။ဤအဓိပ္ပာယ်ကို နှလုံးသွင်း၍

ယုဝါ-သဒ္ဒါဖြင့် အထူးပြုအပ်သော "ဒဟရ"သဒ္ဒါ၏ အနက်ကို ပြခြင်ငှာ "တရုဏော"ဟု ဖွင့်သည်။

ယုဝါ။ ။နုပျိုသော်လည်း အချို့သူသည် တန်ဆာဆင်ဖို့ရာ အလိုမရှိ၊အလိုမရှိသောကြောင့် တန်ဆာဆင်လေ့မရှိ၊ ထိုကြောင့် ထိုတန်ဆာဆင်လေ့မရှိသူမှ အထူးပြုခြင်းငှာ "မဏ္ဍနဇာတိကော" စသည်ကို ဟောတော်မူသည်ဟု နှလုံးသွင်း၍ ထို"မဏ္ဍနဇာတိကော"စသော သဒ္ဒါများဖြင့် အထူးပြုအပ်သည်သာ ဖြစ်သော ယုဝါ-သဒ္ဒါ၏ အနက်ကို ပြခြင်းငှာ"ယောဗ္ဗနေန သမန္နာဂတော"ဟု ဖွင့်သည်။ မှန်၏-ပါဠိတော်၌"ဒဟရော ယုဝါ မဏ္ဍနဇာတိကော"ဟူသော သုံးပုဒ်ကို အစဉ်အတိုင်း ဝိသေသန ဝိသေသျှ အဖြစ်ဖြင့် ဟောခြင်းကြောင့် ထိုအတိုင်းပင် အဋ္ဌကထာဆရာ ဖွင့်ပြီသည်၊

မုခဒေါသော။ ။မျက်နှာ၌ဖြစ်သော အပြစ်တည်း။ ဤစကားသည် ဥပလက္ခဏဖြစ်သည်။ အဘယ့်ကြောင့်နည်း-မျက်နှာ၌ အပြစ်မရှိပုံ ထင်ရှားမှုကိုလည်း အလိုရှိအပ်သောကြောင့်တည်း။ တနည်း-သာမညနိဒ္ဒေသကြကာ မျက်နှာ၌ အပြစ်ဟုတ်သောအရာ မဟုတ်သောအရာ နှစ်မျိုးလုံးကို ယူ၍ "မုခဒေါသော-မျက်နှာ၌ အပြစ်ဟုတ်သောအရာ အပြစ်မဟုတ်သောအရာသည်"ဟု ပေးပါ။ တနည်း-ပိ-သဒ္ဒါအကျေကြံ၍ "မုခဒေါသော-မျက်နှာ၌ အပြစ်သည်လည်း"ဟု ပေး၍ အပြစ်မဟုတ်သောအရာကိုလည်း ပေါင်းဆည်းပါ။ (၁၅၁-၂)

တံ ဒိဝသံ။ ။ထိုနေ့၌ ပြုအပ်သော အမှုအရာမည်သည် ရိုးရိုးသတ္တဝါအားသော်မှုလည်း များသောအားဖြင့် ထင်ရှားသည်၊ ထို့ကြောင့် တနေ့တည်း၌ သွားဖို့ရာ စွမ်းနိုင်သော ရွာသုံးရွာအခေါင်းကိုသာ ဘုရားရှင်ယူတော်မူသည်။ သုံးရွာထက်ပို၍ ယူတော်မမူ။ ပါဠိကော်၌"တံ ဒိဝသံ"ဟူ၍ မပါသော်လည်း ရွာသုံးရွာကို ယူသဖြင့် ထိုနေ့၌သာ ပြုအပ်သော အမှုအရာကို အလိုရှိအပ်သည်ဟု သိနိုင်သောကြောင့် အဋ္ဌကထာ၌ "တံ ဒိဝသံ"သဒ္ဒါကို ထည့်၍ဖွင့်သည်ဟု မှတ်ပါ၊ ထိုနေ့၌ သွားအပ်သော ရွာသုံးရွာကို ယူခြင်းဖြင့်ပင် မဟာဘိနိဟာရ ပုဂ္ဂိုလ်တို့မှတပါး အခြားသော ပုဗ္ဗေနိဝါသဉာဏလာဘီတို့မှာလည်း ဘဝသုံးပါးတို့၌ ပြုအပ်သော အမှုအရာတို့သည် များသောအားဖြင့် ထင်ရှားသည်၏ အဖြစ်ကို ပြသည်ဟုမှတ်ပါ။(တေဒတ္ထမ္ပိ ဟိ ဂါမတ္တယဂ္ဂဟဏံ။) (၁၅၂)

ပမာ ပမေနိုးနှောချက်များ။ ။ကရဇကာယ၌ တည်သူမှာ မြင်ထိုက်သည်ကို မြင်မှုကိစ္စပြီးသောကြောင့် ရဟန်း၏ ကရဇ

ကားယကို ပြားသာဒ်ကဲ့သို့ မှတ်ရမည် (မံသစက္ခုမတော ဟိ ဒိဗ္ဗစက္ခုသမဓိ-ဂမော)မြင်ထိုက်သည်ကို မြင်တတ်သောကြောင့် ဒိဗ္ဗစက္ခုဉာဏ်ရ ရဟန်းကို မျက်စိအမြင်ရှိသော ယောကျ်ားနှင့်တူ၏ဟု မှတ်ပါ။ အမိဝမ်းသည် အိမ်နှင့်တူသောကြောင့် ပဋိသန္ဓေနေသူ ဖွားသူများကို အိမ်သို့ဝင်သူ အိမ်မှထွက်သူများနှင့် တူ၏ဟု မှတ်ပါ။

ဣဒ္ဓ ဒေသနာသုခတ္တမေဝ ဝုတ္တံ။ ။ဤကထာသည် ဒိဗ္ဗစက္ခုကထာဖြစ်ပါလျက် အဘယ့်ကြောင့် "တီသု ဘဝေသု" ဟူ၍ စတုဝေါကာရဘဝကိုပါ သိမ်းယူမှုပြုရပါသနည်း။ ဒိဗ္ဗစက္ခုသည် အရူပကို အာရုံမပြုနိုင်သည် မဟုတ်လောဟု မေးဖွယ်ရှိ၍ အဖြေကို ပြလိုသောကြောင့် "ဣဒ္ဓ"စသည်ကို မိန့်သည်ဟု ကျမ်းတက်ပြီ လျှင် "ဣဒံ– တီသု ဘဝေသု နိဗ္ဗတ္တသတ္တာနံ-ဟူသော စကားကို"ဟု အနက်စွဲရမည်ကိုပါ ဋီကာဟောင်းဆရာ ဖွင့်ပြသည်။ ဤသို့ ဋီကာဟောင်းဆရာ ဖွင့်ပြသည့်အတိုင်း ဆိုလျှင် အဋ္ဌကထာဆရာတို့သည် အဋ္ဌကထာ၌ပင် ဆိုအပ်သော စောဒနာဖွယ် မေးစိစစ်ဖွယ်ကို ဖြေရှင်းရာရောက်သည်။

ဋီကာသစ်ဆရာကား-ဤကထာသည် ဒိဗ္ဗစက္ခုကထာ ဖြစ်ပါလျက် အဘယ့်ကြောင့် ဘုရားရှင်သည် "ဒိဗ္ဗေန စက္ခုနာ ။ပ။ ဥပပဇ္ဇမာနေ" စသည်ဖြင့် ပါဠိတော်၌ သာမညအားဖြင့် စတုဝေါကာရဘဝသို့ ကပ်ရောက်သော သတ္တဝါကိုပါ သိမ်းယူမှု ပြုတော်မူပါသနည်း။ဒိဗ္ဗစက္ခုသည် အရူပကို အာရုံမပြုနိုင်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၍ အဖြေကို ပြလိုသောကြောင့် "ဣဒ္ဓ"စသည်ကို မိန့်သည်ဟု ကျမ်းတက်၍ "ဣဒံ–သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ စသော ဤစကားကို"ဟု စွဲရန် ဋီကာဟောင်းနှင့်မတူ တမူဖွင့်ပြသည်။ ဤသို့ ယူသော် အဋ္ဌကထာဆရာတို့သည် ပါဠိတော်၌ပင် ဟောတော်မူအပ်သော စောဒနာဖွယ် မေးစိစစ်ဖွယ်ကို ဖြေရှင်းရာရောက်သည်။ အဋ္ဌကထာသည် ပါဠိတော်၏ အနက်အဖွင့် ဖြစ်သောကြောင့် ပါဠိတော်၌ ဖြေရှင်းပြီးဖြစ်လျှင် အဋ္ဌကထာ၌လည်း ဖြေရှင်းပြီးဖြစ်တော့၏။ (၁၅၂-၃)

ဒေသနာသုခတ္တမေဝ။ ။ဋ္ဌပေတွာ အရူပဘဝံ-ဟုလည်းကောင်း။ ဒွီသု ဘဝေသု-ဟုလည်းကောင်း၊ သတ္တေ ပဿတိ ကာမာဝစရဘဝတော ရူပါဝစရဘဝတော စ စဝမာနေ-ဟုလည်းကောင်း၊ ကာမာဝစရဘဝေ ရူပါဝစရဘဝေ စ ဥပပဇ္ဇမာနေ-ဟုလည်းကောင်း ဟောသော် ဝိသေသန ဝိသေသျ စသည်ကို ထင်စွာပြရသဖြင့် လွယ်ကူစွာ ဟောရာလည်း မရောက်၊ လွယ်ကူစွာ သိစေရာလည်း မရောက်၊ သာမညအားဖြင့် "သတ္တေ

ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ”ဟု ဟောသော် ဟောလွယ် သိလွယ်၏။ ဟောဖို့ သိဖို့ လွယ်ကူခြင်းဟူသော အကျိုးသည် “ဒေသနာသုခတ္ထ” မည်၏။ [ဝေဖြင့် စတုဝေါကာရဘုံ၌ ဖြစ်သော သတ္တဝါတို့သည် ဒိဗ္ဗစက္ခုဉာဏ်အား ထင်ရှားသောကြောင့် ဟောသည်မဟုတ်ဟု ကန့်သည်]။ (၁၅၄)

အာရုပ္ပ ၊ပေ၊ နတ္ထိ။ ။အရူပဘုံ၌ ဒိဗ္ဗစက္ခု၏ အာရုံဖြစ်သော ရုပ်တရားများ မရှိသောကြောင့် ဒေသနာသုခ အကျိုးငှာသာ ဟောသည်ဟု မှတ်ပါ။ (၁၅၄)

---

## အာသဝက္ခယ ဉာဏကထာ

သမာဟိတေ စိတ္တေ။ ။စိတ္တေ·အရ စတုတ္ထဈာန်စိတ်သည် လောကီအဘိညာဉ်၌ကဲ့သို့ အဘိညာဉ်၏ အခြေခံမဟုတ်၊ ဝိပဿနာ၏ အခြေခံဖြစ်သည်။ ထို့ကြောင့် “ဝိပဿနာပါဒကံ စတုတ္ထဈာနစိတ္တံ”ဟု ဖွင့်သည်။ ဝိပဿနာ၏ နီးစွာသော အကြောင်းဖြစ်သည်ကို ဝိပဿနာ၏ အခြေခံ ဟု ဆိုသည်။

ဝိပဿနာသုံးမျိုး။ ။(၁) ဘုရားအလောင်းတို့၏ ဝိပဿနာ၊
(၂) ပစ္စေကဗုဒ္ဓါ အလောင်းတို့၏ ဝိပဿနာ၊
(၃) သာဝက တို့၏ ဝိပဿနာ-ဟူသော—

ဝိပဿနာသုံးမျိုးတို့တွင် ဘုရားအလောင်း ပစ္စေကဗုဒ္ဓါ အလောင်းတို့၏ ဝိပဿနာသည် စိန္တာမယဉာဏ်နှင့် စပ်သော သယမ္ဘူဉာဏ် ဖြစ်သည်။ သာဝက တို့၏ ဝိပဿနာသည် ဘုရား စသော ပုဂ္ဂိုလ်မွန်တို့ ညွှန်ပြမှုကြောင့် ဖြစ်သော သုတမယဉာဏ်နှင့် ဆက်စပ်သော သူတပါး ညွှန်ကြားမှုကြောင့် ဖြစ်သောဉာဏ် တည်း။

ဘုရားအလောင်းတို့၏ သန္တာန်၌ ကုဋေ ၂-သန်း ၄-သိန်း အမှုးရှိသော အပြားအားဖြင့် အမျိုးမျိုးသော နည်းရှိသော သဗ္ဗညုတဉာဏ်၏ မှီရာဖြစ်သော အရဟတ္တမဂ်ဉာဏ်၏ တည်ရာဖြစ်သော ပုဗ္ဗဘာဂဉာဏ် ဟူသော ကိုယ်ပန်ကို

ယူခဲ့သော ရင့်ကျက်မှုသို့ရောက်သော အလွန်နက်နဲ သိမ်မွေ့နူးညံ့သော အခြားသူများနှင့် မဆက်ဆံသော ဝိပဿနာဉာဏ်နှင့် ကုဋေပေါင်း ၂-သန်း ၄-သိန်း အပြားရှိသော ဝိပဿနာဉာဏ်၏ အခြေခံအဖြစ်ဖြင့် ဝင်စားအပ်သော ကုဋေပေါင်း ၂-သန်း ၄-သိန်း အရေအတွက်ရှိသော နေ့စဉ် ဘုရားရှင် ဝင်စားအပ်သော သမာပတ်တို့ကို "မဟာဝဇိရဉာဏ်"ဟု ခေါ်သည်၊ ဤ၌နှစ်ရာ့ခွဲကား သာဝကတို့၏ ဝိပဿနာကိုသာ ယူပါ။ (၁၅၄-၅)

ဣမ ပန နိဗ္ဗာနံ ၊ပေ၊ ဝဋ္ဋတိယေဝ။ ။နိဗ္ဗာန်ကို အာရုံမပြုပဲ မဂ်ဖြင့်သော အာသဝေါကုန်မှု မဖြစ်နိုင်သော ကြောင့် အဝိနာဘာဝနည်းအားဖြင့် နိဗ္ဗာန်နှင့် မဂ် နှစ်မျိုးလုံး ကောက်ရသည်။ (၁၅၆)

**သလက္ခဏပဋိဝေဓေန။** ။ဤပါဠိဖြင့် မိမိ၏ သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်း၏ အစွမ်းဖြင့် သိခြင်းသည်ပင် ဟုတ်မှန်စွာ သိခြင်းမည်၏ဟုပြသည်။ သရသလက္ခဏပဋိဝေဓ-ဟူသည် အသမ္မောဟပဋိဝေဓ တည်း။ အသမ္မောဟ ပဋိဝေဓ မည်သည် ထိုဉာဏ်ဖြစ်သော် နောက်အခါ၌ ဒုက္ခသစ္စာ၏ သရှာ်စသည်ကို ပိုင်းခြား၍ သိခြင်း၌ တွေဝေခြင်းမရှိ ရှင်းပြီး လင်းပြီး ဖြစ်နေခြင်းတည်း။

**တဒုဘယမ္ပိ နိရုဇ္ဈတိ၊** ။ဒုက္ခနိရောဓော-ဟူသော သံဝဏ္ဏေတဗ္ဗ၌ မပါပဲ ဒုက္ခ သမုဒယကိုပါ ယူ၍ဖွင့်ခြင်းသည် ဒုက္ခသမုဒယ ချုပ်ခြင်းကြောင့် ဒုက္ခလည်း ချုပ်၏ဟု ပြခြင်းအကျိုးရှိ၏။ (၁၅၆)

**ကိလေသဝသေန။** ။အာသဝဟု ဆိုအပ်သော ကိလေသာ၏ အစွမ်းဖြင့်၊ ကိလေသာကိုပင် အာသဝပရိယာယ်ဖြင့် ပြလို၍ တဖန်ထပ်၍ ဟောသည်၊ အာသဝတို့မှာ ဒုက္ခသစ္စာ၏ ပရိယာယ်သာရှိ၍ ကြွင်းသော သစ္စာတို့၏ ပရိယာယ်မရှိပါသော်လည်း ကြွင်းသောသစ္စာတို့သည် အာသဝနှင့် ဆက်စပ်မှုရှိသောကြောင့် အာသဝသမုဒယ အာသဝနိရောဓ အာသဝနိရောဓ ဂါမိနီပဋိပဒါ ဟူသော အမည်များ ရနိုင်သည်။ ထို့ကြောင့် အာသဝပရိယာယ်ဖြင့် သစ္စာတို့ကို ပြလို၍ ဟောသည်ဟုမှတ်ပါ။ "အာသဝါနံ ခယဉာဏာယ"ဟု အားထုတ်တော်မူအပ်သောကြောင့် အာသဝတို့ကိုသာ ယူသည်၊ "ကိလေသာနံ ခယဉာဏာယ"ဟု အားထုတ်တော် မမူသောကြောင့် ကြွင်းသော ကိလေသာတို့ကို မယူပါ။ မှန်၏—"ကာမာသဝါပိ စိတ္တံ

ဝိမုစ္စတိ'' စသည်ဖြင့် အာသဝမှ လွတ်ခြင်းကို အဦးပြု၍သာလျှင် အလုံးစုံသော ကိလေသာတို့မှ လွတ်ခြင်းကို ဟောတော်မူသည်။ (၁၅၇)

သဟ ဝိပဿနာယ ကောဋ္ဌိပ္ပတ္တံ မဂ္ဂံ ကထေသိ။ ။ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ — စသည်ဖြင့်

လောကီဝိပဿနာနှင့် လောကုတ္တရာမဂ်သည် ရောသောကြောင့် မိဿကမဂ်ကိုသာ ဤနေရာ၌ ဟောတော်မူသည်။ ထို့ကြောင့် ''သဟ ဝိပဿနာယ ကောဋ္ဌိပ္ပတ္တံ မဂ္ဂံ ကထေသိ''ဟူ၍ မိန့်သည်။

ပရိညာ။ ။''ဇာနတော ပဿတော''ဟူသော ပါဠ်ဖြင့် သုံးပါးလည်း ဖြစ်သော ပရိညာဘိသမယ သစ္ဆိကိရိယာဘိသမယ ဘာဝနာဘိသမယ တို့ကို ဟောတော်မူသည်။ ဘာ့ကြောင့်နည်း— သစ္စာလေးပါးကို အပြားအားဖြင့် သိခြင်းဖြင့်ပင် လေးပါးသောကိစ္စ ပြီးစီးသောကြောင့်တည်း။ ပဟာနာဘိသမယကိုကား ပါရိသေသ နည်းအားဖြင့် ''ဝိမုစ္စတိ''ဟူသော ပါဠ်ဖြင့် ဟောတော်မူသည်။ ထို့ကြောင့် ''မဂ္ဂက္ခဏံ ဒဿေတိ''ဟု မိန့်။ [စတ္တာရိ ဟိ ကိစ္စာနိ စတုသစ္စပဇာနနာယ ဇေဝ သိဒ္ဓါနိ။]

ဒိဋ္ဌာသဝ။ ။ဘဝါသဝ-သဒ္ဒါဖြင့် (ဘဝရာဂကဲ့သို့ ဘဝဒိဋ္ဌိလည်း အကျုံးဝင်သောကြောင့်) ဒိဋ္ဌာသဝကိုလည်း သိမ်းယူနိုင်သည်။ ထို့ကြောင့် ''ဒိဋ္ဌာသဝါပိ စိတ္တံ ဝိမုစ္စတိ''ဟု မရှိသေး။ (၁၅၈)

ဧဝံ ဇာနတော ဧဝံ ပဿတော။ ။ပါဠိတော်၌ သစ္စာတရားတို့ကို ထိုးထွင်း၍ သိခြင်းကို အနိယမိတပုဂ္ဂလ အနိယမိတကာလဖြင့် ဟောတော်မူပါသော်လည်း ထိုးထွင်း၍ သိရာအခါ၌ သိသော ပုဂ္ဂိုလ်၏ ပစ္စုပ္ပန်အဖြစ်ကို စွဲ၍ ''ဧဝံ ဇာနတော ဧဝံ ပဿတော''ဟူ၍ ဝတ္တမာနကာလဖြင့် ညွှန်ပြမူပြီသည်။

ဝိမုတ္တသ္မိန္တိ ဣမိနာ ဖလက္ခဏံ။ ။ရဟန္တာပုဂ္ဂိုလ် တပါးအတွက် မဂ်ခဏာမှ နောက်၌ ယနေ့တိုင်အောင် လွန်ပြီး အတိတ်သာဖြစ်သော်လည်း အစပဋ္ဌမလွတ်ခြင်း၏ အတိတ်ကို ဖိုလ်ခဏာဖြင့် သိထိုက်သောကြောင့် ''ဝိမုတ္တသ္မိန္တိဣမိနာ ဖလက္ခဏံ''ဟူ၍ မိန့်သည်။

ပစ္စဝေက္ခဏာ ဉာဏံ။ ။''ဝိမုတ္တမိတိ ဉာဏံ''ဟု ဟောတော်မူသောကြောင့် ဖလပစ္စဝေက္ခဏာ ဉာဏ်ကိုသာ ယူပါ။ ထိုဖလပစ္စဝေက္ခဏာဉာဏ်ကို ယူခြင်းဖြင့် အဝိနာဘာဝ နည်းအရ ကြွင်းကျန်သော

ပစ္စဝေက္ခဏာ ဉာဏ်အားလုံးတို့ကို ယူရမည်။ တနည်း-မပြည့်စုံသော ပစ္စဝေက္ခဏာ ဉာဏ်လည်း ဖြစ်သင့်ရကား ပစ္စဝေက္ခဏာဉာဏ် တစိတ် တဒေသတို့ကို ယူနိုင်သည်။

ခီဏာ ဇာတိ၊ ။ပယ်ပြီးကိလေသာတို့ကို ဆင်ခြင်ခြင်းဖြင့် ထင်ရှားရှိသော ကံသည်လည်း နောင်အခါ၌ ပဋိသန္ဓေကျိုး မပေးသောကြောင့် ''ခီဏာ ဇာတိ''ဟူ၍ သိသည်။ မဂ် ပစ္စဝေက္ခဏာဉာဏ် စသည်တို့ဖြင့် ဗြဟ္မစရိယကို ကျင့်သုံးပြီးပြီ ဤသို့ စသည်တို့ကို သိ၏။ ထို့ကြောင့် ''ခီဏာ ဇာတိ''စသည်တို့ဖြင့် ပစ္စဝေက္ခဏာဉာဏ်၏ ဘူမိကို ပြသည်ဟု ဆိုလိုသည်။ ''တေန ဉာဏေန၊ ပါဠိတော် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဝိနာဘာဝ နည်းအားဖြင့်လည်းကောင်း ယူအပ်သော ၅-မျိုးသော ပစ္စဝေက္ခဏာဉာဏ်ဖြင့်''ဟူ အနက်ပေးပါ။

ပုဗ္ဗေဝ ခီဏတ္တာ။ ။မဂ္ဂဘာဝနာ၏ ရှေး၌ပင် ချုပ်ခြင်းအစွမ်းဖြင့် ကုန်သောကြောင့်ဟု ဆိုလိုသည်။ မဂ္ဂဘာဝနာကြောင့် အနာဂတ်ဇာတိသည် မကုန်ပါ။ ဘာ့ကြောင့်နည်း-အနာဂတ်၌ လုံ့လ မရှိသောကြောင့်တည်း။ (၁၅၉)

ကေစတုပဉ္စဝေါကာရဘဝေသု၊ ။ဘဝ သုံးမျိုးကို ယူခြင်းသည် အကြွင်းမရှိသောအားဖြင့် ဇာတိ၏ ကုန်ကြောင်းကို ပြခြင်းအကျိုးရှိ၏။

ဝုသိတံ။ ။ဗြဟ္မစရိယဝါသမည်သည် ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် မဂ္ဂဗြဟ္မစရိယ၏ ဖြစ်ခြင်းပင်တည်း။ ထို့ကြောင့် ''ရေိဘုတ္တံ''ဟူ၍ ဖွင့်သည်။ ''ပတ်ဝန်းကျင် အကြွင်းမရှိသောအားဖြင့် ကျင့်သုံးပြီးပြီ''ဟု အနက်မှတ်ပါ။

စတူသု သစ္စေသု၊ပေ၊ နိဋ္ဌာပိတံ။ ။ပါဠိတော်၌ ''သော ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ'' စသည်ဖြင့် သမ္မာဒိဋ္ဌိကိုသာ ဟောတော်မူပါလျက် အဘယ့်ကြောင့် ''စတူသု သစ္စေသု၊ပေ၊ နိဋ္ဌာပိတံ''ဟူ၍ အဋ္ဌင်္ဂိကမဂ်နှင့် ဆက်ဆံသောအားဖြင့် ဖွင့်ဆိုပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား-သမ္မာသင်္ကပ္ပ စသည်တို့သည်လည်း လေးပါးသော ကိစ္စကို ပြီးစေခြင်းအစွမ်းဖြင့် ဖြစ်သောကြောင့် ဆိုပါသည်။ (၁၆၀)

ဣတ္ထတ္တာယ။ ။ဣတ္ထ-အရ အရိယာမဂ်၏ ဗျာပါရဖြစ်ကုန်သော ပရိညာ စသည်တို့ကို ဤ၌ အသိရှိအပ်၏ဟု သိစေလို၍ ''ဝံ

သောဋ္ဌသင်္ကိလိဋ္ဌဘာဝါယ''ဟု မိန့်။ သာမညအားဖြင့် မဂ်လေးပါးတို့၌ အသီးသီး ကိစ္စလေးပါး၏ အစွမ်းဖြင့် တဆယ့်ခြောက်ပါးသော ကိစ္စရှိသည်၏ အဖြစ်ကို ပြပြီး၍ ထိုမဂ်ကိစ္စတို့တွင်လည်း ပဟာနသည် ပဓာနဖြစ်သော ကြောင့် ပဟာနကိုသာ အထူးအားဖြင့် ပြခြင်းငှာ ''ကိလေသက္ခယဘာဝါယ ဝါ''ဟု မိန့်သည်၊ [ပရိညာစသည်တို့သည် ပဟာနအကျိုးရှိသောကြောင့် ပဟာနကို ပဓာနဟု ဆိုသည်။]

တနည်း-ရှေ့နည်းဖြင့် ပစ္စဝေက္ခဏာ အဆက်ဆက်ဖြင့် ပစ္စဝေက္ခဏာအစီ အရင်ကို ပြပြီး၍ ယခုအခါ၌ ပဓာနဖြစ်သောကြောင့် ငယ်ပြီး ကိလေသာကို ဆင်ခြင်သော ပစ္စဝေက္ခဏာအစီအရင်ကိုသာ ပြခြင်းငှာ ''ကိလေသက္ခယ ဘာဝါယ ဝါ''ကို မိန့်။

**တိဋ္ဌန္တမ္ပိ စရန္တမ္ပိ**။ ။ဤနေရာဝယ် အဋ္ဌကထာဆရာတို့သည် သဟစရဏနည်း ကို ပြ၍ ဋီကာဟောင်းကား ယထာလာဘနည်းကို ပြလေသည်။ မရအပ်သော အနက်အဓိပ္ပာယ်ကို အတူယှဉ်တွဲ၍ ဟောခြင်းမျှကို စွဲ၍ သဟစရဏနည်း၊ ဆက်စပ်သောအားဖြင့် ဟောအပ်သည်လည်း ဖြစ်သော အနက်၏ ဖြစ်သင့်ခြင်းဖြင့် ကင်းဆိတ်စေမှုကို စွဲ၍ ယထာလာဘ ယောဇနာ နည်းကို ဆိုသည်။ ထို့ကြောင့် နည်းနှစ်မျိုးအားဖြင့်လည်း ယှဉ်နိုင်ယှဉ်သင့် သည်ဟု မှတ်ပါ။ (၁၆၂)

**မနောမယဉာဏ်ကို သီးခြားယူရ**။ ။မနောမယဉာဏ်ကို ဣဒ္ဓိဝိဓအဘိညာဉ်၌ သွင်း၍ ဝိသုဒ္ဓိမဂ်၌ ဆိုအပ်ပါသော်လည်း ဤနေရာ ပါဠိတော်၌ သီးခြားဟောတော်မူသောကြောင့် သီးခြားသာ ယူရ ပါသည်။ သီးခြားဟောတော်မူရခြင်းကား အသီးအခြား သန္ဒိဋ္ဌိကသာမည ဖလဖြစ်သောကြောင့်တည်း။ (၁၆၃)

**ဒိဗ္ဗစက္ခုဝသေန နိပ္ဖန္နံ**။ ။အနာဂတံသဉာဏ် ယထာကမ္မူပဂဉာဏ် နှစ်ပါး သည် ပါဠိတော်၌ မလာသောကြောင့် ''ဒိဗ္ဗစက္ခု ဝသေန နိပ္ဖန္နံ''ဟူ၍ ဆိုသည်။ ဒိဗ္ဗစက္ခုအဘိညာဉ်၏အစွမ်းဖြင့် ပြီးသောကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ယူခြင်းဖြင့်ပင် အနာဂတံသဉာဏ် ယထာကမ္မူပဂဉာဏ် နှစ်ပါးကို ယူပါသည်။ ထို့ကြောင့် သီးခြားမဟောပါ၊ အနာဂတံသ ယထာ ကမ္မူပဂတို့သည် ဒိဗ္ဗစက္ခု၏ ပရိဘဏ္ဍဉာဏ်များဖြစ်ကြသည်၊ ဒိဗ္ဗစက္ခုဉာဏ်ကို ပါဠိတော်၌ စုတူပပါတဉာဏ်အမည်ဖြင့် ပြတော်မူသည်။ (၁၆၄)

**ဝိပဿနာဉာဏံ သတ္တဝိဓာရမ္မဏံ။** ။ဘူမိဘေဒအားဖြင့် ပရိတ္တ မဟဂ္ဂတ၊ ကာလဘေဒအားဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်၊ သန္တာန်အားဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ၊ ဤသို့ ၇-ပါးပြားသောအာရုံကို အာရုံပြုသည်။[ပရိတ္တာရမ္မဏာဒိတိကဒ္ဝယေန ဝ ဟိ တဿ အာရမ္မဏဝိဘာဂေါ န မဂ္ဂါရမ္မဏတိကေန။]

**မနောမယံ နိမ္မိတရူပါယတနမတ္တမေဝ။** ။မိမိဖန်ဆင်းအပ်သော ရူပါရုံကိုသာ အာရုံပြုသည်၊ တနည်း-မိမိဖန်ဆင်းအပ်သော မနောမယကာယ၌ ထင်ရှားရှိသော ရူပါယတနကိုသာ အာရုံပြုသည်။ ချဲ့ဦးအံ့-ဤစကားကို မနောမယဉာဏ်သည် ဖန်ဆင်းအပ်သော မနောမယကာယတွင် ပါဝင်သော ရူပါယတနကိုသာ အာရုံပြု၍ ဖြစ်သောကြောင့် ဆိုသည်။ ထိုနိမ္မိတရုပ်၌ ဂန္ဓာယတန စသည်မရှိသောကြောင့် ဆိုသည်မဟုတ်။ အဘယ့်ကြောင့်နည်း-ဂန္ဓာယတန စသည်မှ ကင်းသော ရုပ်ကလာပ် မရှိသောကြောင့်တည်း။ ထို့ကြောင့် "ပရိတ္တပစ္စုပ္ပန္နဗဟိဒ္ဓါရမ္မဏံ"ဟု မိန့်သည်။ အစဉ်အတိုင်း ဘူမိ ကာလ သန္တာနအားဖြင့် အာရုံသုံးမျိုး ပြားသည်။

**အာသဝက္ခယဉာဏံ။** ။အာသဝက္ခယဉာဏ်သည် နိဗ္ဗာန်၏အစွမ်းဖြင့် အာရုံ တမျိုးတည်းသာ ရှိသော်လည်း ပရိတ္တာရမ္မဏစသော တိက်တို့၏ အစွမ်းဖြင့်သုံးပါးပြားသောအာရုံကိုပြုခြင်းငှာ "အာသဝက္ခယဉာဏံ အပ္ပမာဏဗဟိဒ္ဓါ နဝတ္တဗ္ဗာရမ္မဏံ" ဟု မိန့်သည်။ မှန်၏-အာသဝက္ခယဉာဏ်သည် ပရိတ္တာရမ္မဏတိက်၏ အစွမ်းဖြင့် အပ္ပမာဏာရမ္မဏ၊ အဇ္ဈတ္တာရမ္မဏတိက်၏ အစွမ်းဖြင့် ဗဟိဒ္ဓါရမ္မဏ၊ အတီတာရမ္မဏတိက်၏အစွမ်းဖြင့် နဝတ္တဗ္ဗာရမ္မဏ ဖြစ်သည်။ (နဝတ္တဗ္ဗာရမ္မဏ ဟူသည် တိက်မုတ်တည်း။)

**သေဋ္ဌတရံ။** ။ဤပါဠိဖြင့် ဥတ္တရိတရ-သဒ္ဒါနှင့် ပဏီတတရ-သဒ္ဒါသည် ပရိယာယ်ဟုပြသည်။

**အရဟတ္တနိကူဋေန။** ။ရတနာအထွဋ်သည် စုလစ်မွမ်းချွန် အထွဋ်ပါသော အိမ်၏ အထွဋ်ဖြစ်သကဲ့သို့ မြတ်စွာဘုရား၏ ဒေသနာတော်သည် အရဟတ္တဖိုလ် အဆုံးရှိသောကြောင့် အရဟတ္တဖိုလ်သည် ဒေသနာတော်၏အထွဋ်ဖြစ်သည်၊ ထို့ကြောင့် "အရဟတ္တနိကူဋေန"ဟု မိန့်။

**သာမညဖလသုတ်၏ဂုဏ်ရည်များ။** ။

(၁) တိတ္ထိတို့၏ အယူကို ပယ်ရှားကြောင်း အကျင့်ကို ထင်စွာပြခြင်း၊

(၂) အထူးထူး အပြားအပြားသော ကုဟန လပန စသော မိစ္ဆာဇီဝကို ဖျက်ဆီးနိုင်ခြင်း၊

(၃) သုံးမျိုးသော သီလတို့ဖြင့် တန်ဆာဆင်အပ်သော ပရမသလ္လေခ အကျင့်ကို ပြုခြင်း၊

(၄) ဈာန်အဘိညာဉ်အစရှိသော ဥတ္တရိမနုဿဓမ္မတို့ဖြင့် တန်ဆာဆင် ထားခြင်း၊

(၅) တဆယ့်လေးပါး အပြားရှိသော မဟာသာမညဖလတို့ဖြင့် မွမ်းမံ ထားခြင်း၊

(၆) အခြားသော သာဝကတို့နှင့် ဆက်ဆံခြင်း မရှိသော (အခြား သာဝကတို့ မဟောနိုင်သော) ဒေသနာတော်ဖြစ်ခြင်း၊ (သာမည ဖလ ၁၄-ပါး ပါဠိတော်ကြည့်၍ ရေတွက်ပါ။) (၁၆၄)

---

## အဇာတသတ္တုဉပါသကတ္တပဋိဝေဒနာကထာ

**ပဥ္စဝိဓာယ ပီတိယာ ဖုဋသရီရော။** ။ပုံတက်ခြင်းငှာ စွမ်းနိုင်သော ဥဗ္ဗေဂ ပီတိမှာ မပျံတက်ခြင်းလည်း ဖြစ်နိုင်၍ "ပဥ္စဝိဓာယ ပီတိယာ" စသည်ကို မိန့်ပါသည်။ "ဖုဋ္ဌသရီရော၊ တွေ့ထိအပ် သော ကိုယ်ရှိသော" ဟု အနက်မှတ်၊ "ဖြန့်အပ်သော ကိုယ်ရှိသော" ဟု မပေးရ၊ဘာ့ကြောင့်နည်း-ပီတိအားလုံးသည် မဖြန့်အပ်သောကြောင့်တည်း။ (၁၆၅)

**အာမေဍိတ။** ။တခုတည်းသာဖြစ်သော အနက်အဓိပ္ပာယ်ကို နှစ်ကြိမ်သုံး ကြိမ်ထပ်၍ ဆိုခြင်းကို "အာမေဍိတ" ဟု ခေါ်သည်။ (၁၆၆)

**သဒ္ဓါဇနနတော ပညာဇနနတော။** ။ဂုဏာဘိဂမနတော - ၌ ပါဝင်သော ဂုဏ်တို့တွင် ပဓာနဖြစ်သော ဂုဏ်တို့ကို

ပြထိုက်သောကြောင့် ပဓာနဖြစ်သော ထိုဂုဏ်တို့ကို ပြခြင်းငှာ "သဒ္ဓါဓနန တော ပညာဓနနတော"ဟု မိန့်၊ မှန်၏-လောကီဂုဏ်တို့မှာ သဒ္ဓါပြဓာန်း၍ လောကုတ္တရာဂုဏ်တို့မှာကား ပညာပြဓာန်းသည်၊ သဒ္ဓါဓနနတော ပညာ ဓနနတော-သည် ပဓာနနိဒ္ဒေသဖြစ်သည်။ ဘာ့ကြောင့်နည်း-ဒေသနာတော် ကြောင့် သိအပ် ရအပ်ကုန်သော သီလ သမာဓိ အစုံစသည်တို့ဖြင့်လည်း ယောဇနာမှုဖြစ်သင့်သောကြောင့်ဘည်း။ [ အာဒိ-သဒ္ဒါဖြင့် သံသာရစက္က နိဝတ္တနတော သဒ္ဓမ္မစက္ကပ္ပဝတ္တနတော မိစ္ဆာဝါဒဝိဓ္ဓံသနတော ; သမ္မာဝါဒ ပတိဋ္ဌာပနတော အကုသလမူလသမုဒ္ဓရဏတော ကုသလမူလသံရောပနတော အပါယဒွါရပိဓာနတော သဂ္ဂမဂ္ဂဒွါရဝိဝရဏတော ပရိယုဋ္ဌာနဝူပသမနတော အနုသယသမုဂ္ဃါဋနတော-စသည်တို့ကိုယူပါ။] (၁၆၇)

**စတူဟိ ဥပမာဟိ။** ။စက္ခုမန္တော ရူပါနိ ဒက္ခန္တိ-သည် "တေလပဇ္ဇောတံ ဓာရေယျ"ဟူသော စတုတ္ထဥပမာ၏ အာကာရမျှကို ပြသော စကားတည်း၊ ဥပမာတမျိုးကို ပြသောစကားမဟုတ်ပါ၊ ထို့ကြောင့် "စတူဟိ ဥပမာဟိ"ဟု မိန့်။ (၁၆၈)

**အသဒ္ဓမ္မေ ပတိတံ။** ။ပါပမိတ္တဖြစ်သော အရှင်ဒေဝဒတ်သည် ခမည်းတော် ကို သတ်မှုစသည်တို့၌ တိုက်တွန်း အပ်သောကြောင့် အသဒ္ဓမ္မ၌ကျသည်။ (၁၆၉)

ကဿပဿ ဘဂဝတော စသည်။ ။ထိုအခါ၌ မင်းသည် မလျှောက်ထား ပါသော်သည်း အနက်အားဖြင့် ရောက် လာသော စကားများကို ပြသည်။ (၁၆၉)

မိစ္ဆာဒိဋ္ဌိဂါဟနပဋိစ္ဆန္နံ၊ ။ကာမစ္ဆန္ဒ-စသော တရားတို့သည်လည်း နီဝရဏ ဖြစ်သည့်အတွက် ဖုံးလွှမ်းတတ်ပါသော်လည်း မိစ္ဆာ ဒိဋ္ဌိသည် သဘာဝတို့ကို မှားယွင်းစွာ နှလုံးသွင်းစေခြင်း၏ အစွမ်းဖြင့် ထူး ခြားစွာ ဖုံးလွှမ်းတတ်သည်။ ထို့ကြောင့် "မိစ္ဆာဒိဋ္ဌိ ဂဟန ပဋိစ္ဆန္နံ"ဟု မိန့်။

ကုမ္မဂ္ဂ စသည်။ ။အကုသိုလ်အားလုံးဟု ဆိုအပ်သော အပါယ်သို့ရောက် ကြောင်းလမ်းသည် ကုမ္မဂ္ဂ၊ သမ္မာဒိဋ္ဌိ-စသည်တို့၏ ဖြောင့် ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိ-စသော မိစ္ဆတ္တမှုရှစ်ပါး သည် မိစ္ဆာမဂ္ဂ၊ ကုသိုလ်တရား အားလုံးသည် သဂ္ဂမဂ္ဂ၊ သမ္မာဒိဋ္ဌိ-စသော သမ္မတ္တတရား ရှစ်ပါးသည် မောက္ခမဂ္ဂ ဖြစ်သည်။

သရဏံ ပရာယဏံ။ ။ပရာယဏ အဖြစ်ဟူသည် အကျိုး မဲ့ကို တားမြစ်ခြင်း၊ အကျိုးကိုပြည့်စုံစေခြင်းတည်း။ ထို့ကြောင့် "အဃဿ တာတာ၊ ဟိတဿ စ ဝိဓာတာ"ဟု မိန့်သည်။ (၁၇၀)

ဘဂဝန္တံ သရဏံ ဂစ္ဆာမိ။ ။"ဣတိ ဣမိနာ အဓိပ္ပာယေန" ဟူသော ပါဌ်ဖြင့် သရဏံ-၏ နောက်ဝယ် ဣတိ-သဒ္ဒါကျေ၍ ထိုဣတိ-သဒ္ဒါ အာကာရတ္ထဟူသော အဓိပ္ပာယ်ကို ပြသည်။ အင် ဂါမံ နေတိ-၌ နီဓာတ်သည် ဒွိကမ္မကဓာတ် ဖြစ်သကဲ့သို့ ဂမုဓာတ်သည် ဒွိကမ္မကဓာတ်မဟုတ်၊ ဧကကမ္မကဓာတ် ဖြစ်သည်။ ထို့ကြောင့် "ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ် ဆည်းကပ်ခြင်းသို့။ ဂစ္ဆာမိ၊၏" ဟူ၍ အနက်မပေးရ၊ "သရဏံဣတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊၏"ဟု အနက်ပေးရမည်။ ထို့ကြောင့် "ယော ဗုဒ္ဓံ သရဏံ ဂစ္ဆတိ၊ သော ဗုဒ္ဓံ ဝါ ဂစ္ဆေယျ သရဏံ ဝါ"ဟူ၍ စောဒနာစရာ အခွင့်မသာတော့ပါ။

ဂစ္ဆတေဝ ပုဗ္ဗံ ဒိသံ-စသည်တို့ကဲ့သို့ ဘာဝန္တံ သရဏံ ပုဒ်နှစ်ပါးကို သမာနာဓိကရဏ (ဝိသေသန ဝိသေသျ) အဖြစ်သည်း မယူသင့်ပါ၊ ဘာ့ကြောင့်နည်း–ဝိသေသန ဝိသေသျ အဖြစ်ဖြင့် ယူသော် ထိခိုက် ပုဘ်ခတ် လိုသောစိတ်ရှိ၍ ဘုရားရှင်ထံသို့ ချဉ်းကပ်သူသည်လည်း "ဗုဒ္ဓံ သရဏံ ဂတ" မည်ရာ၏၊ ထို့ကြောင့် "သရဏံ၊ ကိုးကွယ်ရာ ဖြစ်သော။ ဘဂဝန္တံ၊ မြတ်စွာ ဘုရားကို။ ဂစ္ဆာမိ၊၏" ဟူ၍ အနက်မမှတ်ရ။ ဘဂဝန္တံ-ဟူသော ပုဒ်သည် ဂမနီယတ္ထကို ပြ၍ သရဏံ-ပုဒ်ကား ဂမနာကာရကို ပြသည်။

ဂမိဿ ဧကကမ္မတ္တာ၊ ဣတိလောပံ ဝိဇာနိယာ။
ပဋိဃာတပ္ပသင်္ဂတ္တာ၊ န စ တုလျတ္ထတာ သိယာ။
တသ္မာ ဂမနီယတ္ထသ်၊ ပုဗ္ဗပဒံဝ ဇောတကံ။
ဂမနာကာရဿ ပရံ၊ ဣတျုတ္တံ သရဏာဒ္ဓယံ။

ဂစ္ဆာမိ ဘဇာမိ သေဝါမိ ပယိရုပါသာမိ။ ။နောက်နောက်ပုဒ်သည် ရှေးရှေး ပုဒ်၏ အနက်အဖွင့် ဖြစ်သည်၊ တနည်း—ဂစ္ဆာမိ-ဟူသောပုဒ်၏ အနက်ကို ဘဇာမိ-စသော ပုဒ်သုံးပါး အပေါင်းသည် အခြားပုဒ်နှင့် မဆက်ဆံပဲ အသီးအခြားဖွင့်သော စကားများ ဖြစ်သည်။ ဘဇနံ=ကိုးကွယ်လိုသောအားဖြင့် ချဉ်းကပ်ခြင်း၊ သေဝနံ=အနီး၌ လှည့်လည်ခြင်း၊ ပယိရုပါသနံ=ဝတ်ကြီး ဝတ်ငယ် ပြုသောအားဖြင့် လုပ်ကျွေးခြင်းဟု အခြားပုဒ်နှင့် မဆက်ဆံသည်ကိုသာ ပြသည်။ (၁၇၁)

**ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စ။** ။အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေ - တို့ဖြင့် ဖလဋ္ဌတို့ကိုသာ ပြနိုင်၍ မဂ္ဂဋ္ဌတို့ကို မပြနိုင်သောကြောင့် မဂ္ဂဋ္ဌတို့ကို ပြလို၍ "ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စ" ဟု မိန့်။ ကလျာဏပုထုဇဉ်ကိုလည်း "ယထာနုသိဋ္ဌံ ပဋိပဇ္ဇတိ" ဟူ၍ ဆိုနိုင်ပါသော်လည်း မုချအားဖြင့် မဂ္ဂဋ္ဌတို့ကိုသာ "ယထာနုသိဋ္ဌံ ပဋိပဇ္ဇတိ" ဟု ဆိုထိုက်သည်။ ဘာ့ကြောင့်နည်း—ကလျာဏပုထုဇဉ်သည် နိယာမသို့ သက်ရောက်မှု မရှိသောကြောင့်တည်း။ ပရိယာယ်အားဖြင့်ကား အပါယ်မှလွတ်သော ကလျာဏပုထုဇဉ်ကိုလည်း "ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ" ပုဒ်ဖြင့် ပြသည်ဟုမှတ်။

**အပါယေသု အပတမာနေ။** ။ဤ၌ အပါယေသု-ကား များစွာသော ဒုက္ခ၏တည်ရာဌာနဖြစ်သောကြောင့် ပဓာနအစွမ်းဖြင့် ဆိုသည်။ အပါယ်သာမက အလုံးစုံလည်းဖြစ်သော ဝဋ်ဒုက္ခတို့၌ မကျသည်ကို ပြု၍ ဆောင်ထားသည်ဟု သိပါ။ ဆောင်ဟူသည် မကျအောင် ပြုခြင်းတည်း။ မကျအောင်ပြု ဟူသည် အပါယ်စသည်တို့၌ ဖြစ်ခေတတ်သော ကိလေသာတို့ကို ဖျက်ဆီးခြင်းအစွမ်းဖြင့် ဝဋ်မှ ထုတ်ဆောင်ခြင်းပင်တည်း။

**နိဗ္ဗာန်နှင့် မဂ်မုချ။** ။အရိယာမဂ်သည် နိယျာနိက ဖြစ်သောကြောင့်လည်းကောင်း၊ နိဗ္ဗာန်သည် ထိုအရိယာမဂ်၏ အကျိုးပြီးစီးခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း မုချအားဖြင့် ဓမ္မအမည်ရသည်။ (၁၇၂)

**ဖိုလ်နှင့် ပရိယတ် ဥပစာ။** ။အရိယာဖိုလ်တို့မှာ မဂ်သည် ပယ်သတ်အပ်သော ကိလေသာတို့၏ ပဋိပဿဒ္ဓိပဟာနကိစ္စ ရှိသောကြောင့် နိယျာနအား လျော်ခြင်းဂုဏ် နိယျာန၏ အဆုံးဖြစ်ခြင် ဂုဏ် ရှိသည်။ ပရိယတ္တိသည်ကား နိယျာနဓမ္မကို ရခြင်းအကြောင်းဖြစ်သောကြောင့် နိယျာနအားလျော်ခြင်းဂုဏ်ရှိသည်။ ထို့ကြောင့် ပရိယာယ်အားဖြင့် ဖိုလ်နှင့် ပရိယတ်တို့ကို ဓမ္မအရကောက်ပါ။ (၁၇၂-၁၇၃)

**ဆတ္တမာဏဝကဝိမာနေ။** ။ဆတ္တမည်သည် သေတဗျာမြို့သား ပုဏ္ဏားလုလင်တည်။ ထိုလုလင်သည်ဥက္ကဋ္ဌာမြို့ဝယ်ပေါက္ခရသာတိ ပုဏ္ဏား၏ အထံ၌ အတတ်သင်ဘူး၍ ဆရာကို ဖူးတွေ့ရန် ဥက္ကဋ္ဌာမြို့သို့ရှေးရှုသွားသည်။ ထိုအခါ ဘုရားရှင်သည် ထိုလုလင်အား လမ်းခရီးအကြား၌ ခိုးသူအန္တရာယ်နှင့် ကွယ်လွန်ပြီးနောက် တာဝတိံသာဘုံသို့ ရောက်မည်ကို မြင်တော်မူ၍ ဂါထာဗန္ဓ၏အစွမ်းဖြင့် သရဏဂုံအစီအရင်ကို ဟောတော်မူသည်။တာဝတိံ

သာဘုံသို့ ကပ်ရောက်သော ဆတ္တလုလင်၏ ယူ၍နာ ၃၀-ရှိ ဗိမာန်သည် ဆတ္တမာဏဝက ဝိမာနမည်၏။

ဤနေရာ၌ ဆတ္တမာဏဝကဝိမာန ဟူသော အကြောင်းရှိသော "နတထာ တပတိ နဘော သူရိယော"စသော ဒေသနာကို "ဆတ္တမာဏဝကဝိမာန"ဟု ဆိုသည်။ ထို့ကြောင့် "ဆတ္တမာဏဝကဝိမာနေ၊ ဆတ္တမာဏဝကဝိမာန ဟူသော အကြောင်းရှိသော ဒေသနာတော်၌"ဟု အနက်ပေးပါ။ (၁၇၂)

ပရိယတ်၏ ဂုဏ်ရည်များ။ ။

(၁) ပရိယတ်သည် ကြားနာရာအခါ၌ လည်းကောင်း၊ ဆင်ခြင်ရာအခါ၌ လည်းကောင်း၊ ကျင့်ကြံကြိုးကုတ်အားထုတ်ရာအခါ၌လည်းကောင်း အချိန်မရွေးနှစ်သက်အပ်သည်သာဖြစ်၍ မဓုရ၊

(၂) သဗ္ဗညုတဉာဏ်တော်၏ မီးရာ ပဋိဘာနသမ္ပဒါသည် ဖြစ်စေအပ်သည့်အတွက် ကောင်းစွာဖြစ်ခြင်း ရှိသောကြောင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့သောကြောင့်လည်းကောင်း ပဂုဏ၊

(၃) ဝေဖန်အပ်သောအနက်ကို ခန္ဓာစသည်ဖြင့်လည်းကောင်း၊ ကုသိုလ်စသည်ဖြင့်လည်းကောင်း၊ ဥဒ္ဒေသစသည်ဖြင့်လည်းကောင်း ကောင်းစွာဝေဖန်တတ်သောကြောင့် သုဝိဘတ္တ၊

ဤသုံးပုဒ်တို့ဖြင့် ပရိယတ္တိဓမ္မကိုသာ ဟောတော်မူရင်းဖြစ်သည်။ (၁၇၄)

ဠမံ ၂-ပုဒ်။ ။ဤဓမ္မသင်္ဂဏီအဋ္ဌကထာ၌ ဠမံ ၂-ပုဒ်ပါ၏။ ပဌမဠမံ-ဖြင့် ပရိယတ္တိဓမ္မကို စွဲ၍၊ ပရိယတ္တိဓမ္မသည် ရှေးရှုကျရောက်ရာအခါ၌ မျက်မှောက်ဖြစ်သကဲ့သို့ သုံးသပ်ဆင်ခြင်ရာ အခါ၌လည်း မျက်မှောက်ဖြစ်၏၊ ဟောသူမှာ မျက်မှောက်ဖြစ်သကဲ့သို့ နာယူသူမှာလည်း မျက်မှောက်ဖြစ်၏၊ ထို့ကြောင့် ကျရောက်ရာအခါ သုံးသပ်ဆင်ခြင်ရာအခါဟူသောအခါနှစ်မျိုးတို့မှာ ဟောသူ နာသူ ပုဂ္ဂိုလ်နှစ်မျိုးတို့၏ မျက်မှောက်ဖြစ်ကြောင်းကို ပြခြင်းအကျိုးငှာ ဤပရိယတ္တိဓမ္မဆိုင်ရာ၌သာ အနီးဟော ဠ-သဒ္ဒါကို ဟောသည်။ ဒုတိယဠမံ-ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ပရိယတ် ဟူသော တရားလေးမျိုးကို စွဲပါ။ မှန်၏-ပရိယတ်တရားသည်လည်း သရဏဂုံသီလတို့၌ တည်ခြင်းမျှဖြစ်သော ဟုတ်မှန်သောအကျင့်ဖြင့် အပါယ်မကျအောင် ဆောင်နိုင်၏၊ ပရိယတ်၏ အပါယ်မကျအောင် ဆောင်နိုင်ကြောင်း သာဓကကား-ဆတ္တမာဏဝက ဝိမာနပင်တည်း။ တရားလေးမျိုးတို့နှင့် ဆက်ဆံသောအားဖြင့် တရားကိုမျက်မှောက်ပြု၍ ပြလိုရကား တဖန် "ဠမံ"ကို ဟောသည်။

ဓိဋ္ဌိသီလသံဿာမေန။ ။"ယာယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ တက္ကရဿ သမ္မာဒုက္ခက္ခယာယ၊ တထာရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ"ဟု ဟောတော်မူအပ်သော ဒိဋ္ဌိ၊ "ယာနိတာနိ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ၊ တထာရူပေဟိ သီလေဟိ သီလသာမညဂတော ဝိဟရတိ"ဟု ဟောအပ်ကုန်သော သီလတို့၏ ပေါင်းမိခြင်း တူမျှခြင်း ကြောင့်ဟု ဆိုလိုသည်။ မှန်၏-အရိယာ ပုဂ္ဂိုလ်များသည် ဘယ်လောက်ဝေးသော အရပ်မှာ နေနေ မိမိ၏ ဂုဏ်တူမျှမှုကြောင့် ပေါင်းမိကြသည်။

သံဃသရဏာဂုဏ်ထောမ။ ။သုစိသု၊ စင်စစ်ပင် ကိလေသာ အညစ်အကြေးမှ စင်ကြယ်ကုန်သော။ ဓမ္မဒသာ=သစ္စာလေးပါးတရား နိဗ္ဗာန်တရားတို့ကို မျက်မှောက်အားဖြင့်မြင်လေ့ရှိသောကြောင့် ဓမ္မဒသ။ တနည်း—အရိယာတရားကို မျက်မှောက်အားဖြင့် မြင်လေ့ရှိသောကြောင့် ဓမ္မဒသ။ သရဏတ္ထံ=အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ စောင့်ရှောက်ခြင်းအကျိုးငှာ။ (၁၇၅)

တွောဝတာ ၊ပေ၊ ပဋိဝေဒေသိ။ ။သောဟံ-စသော စကားအစဉ်ဖြင့်အစာ-တသတ်ဘုရင်သည် သုံးပါးသော သရဏဂုံတို့ကို၊ တနည်း—သုံးကြိမ် ကိုးကွယ်ဆည်းကပ်ကြောင်း စိတ္တုပ္ပါဒ်တို့ကို မိမိစိတ်၌ဖြစ်သော အခြင်းအရာကို နှုတ်ဖြင့် သိစေပြီ။

---

သရဏဂမနကထာ

ယော စ သရဏံ ဂစ္ဆတိ။ ။ဤပုဒ်ဖြင့် သရဏဂုံသည် ပုဂ္ဂိုလ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် သရဏဂုံ ဆောက်တည်တတ်သော ကတ္တား ပုဂ္ဂိုလ်ကို ပြသည်။ (၁၇၅)

ဝေါဒါန မယူရကြောင်း။ ။ဤသရဏဂုံအရာ၌ ဝေါဒါန (စင်ကြယ်နိုင်ပုံ)ကို ပြခြင်းသည်လည်း သရဏဂုံမှု၌ ကျွမ်းကျင်

ခြင်းအကျိုးငှာ ဖြစ်နိုင်ပါလျက် ပြေခြင်းကား-သံကိလေသကို ယူခြင်းဖြင့်ပင် အနက်အာဖြင့် ထင်ရှားသည်ဖြစ်သောကြောင့်တည်း။ မှန်၏-သံကိလေသ၏ အကြောင်းဖြစ်သော အညာဏ စသည်တို့ကို လုံးဝမဖြစ်သောလျှင် မဖြစ် အောင်ပြုခြင်း၊ ဖြစ်ပြီးလျှင် ပယ်ခြင်းကြောင့် ဝေါဒါန ဖြစ်သည်။

**သန္တာသံ။** ။ဘယပုဂ်ဖြင့်ပင် စေတသိက ဒုက္ခကို သိမ်းယူအပ်သောကြောင့် ဤပုဒ်အရ စိတ္တုတြာသကို ယူပါ။ (ဘယ-အရ ဝဋ္ဋဘယ) (၁၇၆)

**ဟနတိ ဝိနာသေတိ။** ။ဤပါဠိဖြင့် ဟိံသနဟူသည် ပယ်ဖျောက် ဖျက်ဆီးခြင်းတည်း။ သတ္တဝါတို့က ညှဉ်းဆဲသကဲ့သို့ မဟုတ်ဟု ပြသည်။

**ပဝတ္တာနေန နိဝတ္တာနေန။** ။"သမ္ဗုဒ္ဓသီလာ ဘိက္ခဝေ ဝိဟရထ"စသည်ဖြင့် အကျိုး၌ သတ္တဝါတို့ကို တိုက်တွန်းခြင်းသည် ပဝတ္တန၊ "ပါဏာတိပါတဿ ခေါ ပါပကော ဝိပါကော၊ ပါပကံ အဘိသမ္ပ-ရာယံ" စသည်ဖြင့် အပြစ်ပြခြင်းစသည်ကို အဦးပြုသဖြင့် အကျိုးမဲ့မှ သတ္တဝါတို့ကို တားမြစ်ခြင်းသည် နိဝတ္တန။

**ဘဝကန္တာရာ ၊ပေ၊ ဝမေ့ာ။** ။မဂ်ဟုဆိုအပ်သော တရားသည် ဘဝကန္တာရမှ ထုတ်ဆောင်ခြင်းဖြင့်လည်းကောင်း၊ ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော တရားသည် သက်သာရာကို ပေးခြင်းဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးကို ဖျက်ဆီးတတ်သည်။

**အပ္ပကာနမ္ပိ ၊ပေ၊ သံဃော။** ။ကာရ-အရ ဒါနအစွမ်း ပူဇာအစွမ်းဖြင့် ကပ်ဆောင်အပ်သော သက္ကာရများတည်း။ အရိယာ သံဃာသည် အနုတ္တရဒက္ခိဏေယျ ဖြစ်သောကြောင့် ပြန့်ပြောသော အကျိုးရမှုကို ပြုသောအားဖြင့် သတ္တဝါတို့၏ ဘေးကို ဖျက်ဆီးသည်။

**တပ္ပသာဒတဂ္ဂရုတာဟိ။** ။လောကီသရဏဂုံသည် သဒ္ဓါပြဓာန်းသောကြောင့် ပသာဒ-သဒ္ဓါဖြင့် လောကီသရဏဂုံကို ဆိုသည်။ ထို့ကြောင့် ဝိဟတ ကိလေသော-အရ တဒင်္ဂပဟာန်ဖြင့် ကိလေသာကို ပယ်ဖျောက်သည်ဟု သိပါ။ ဂရုတာ-သဒ္ဒါဖြင့် လောကုတ္တရာ သရဏဂုံကိုဆိုသည်၊ ဂ ရိယာပုဂ္ဂိုလ်တို့သည် ရတနာသုံးပါး ဂုဏ်တော်များကို ထူကဲစွာ သိသော

ကြောင့် ကျောက်ထီးတန္တုအလေ ပြု၍ ဖူးမြော်ကြည်ညိုကြသည်၊ ထို့ကြောင့် အဂ ါရဝပြုခြင်း၏အကြောင်းဖြစ်သော ကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်ဖျောက်သည်ဟု သိပါ။ (၁၇၇)

**လောကုတ္တရာသရဏဂုံ။** ။မဂ်ခဏ၌ပြီးစီးခြင်းဖြင့်ပင် သစ္စာလေးပါးကိုရခြင်းကြောင့် ဖလဋ္ဌ ပုဂ္ဂိုလ်တို့မှာလည်း သရဏဂုံယူမှု ပြီးစီးသည်။ ဘာ့ကြောင့်နည်း—လောကုတ္တရာသရဏဂုံသည် ပျက်စီးမှုမရှိသော ကြောင့်လည်းကောင်း၊ မဂ္ဂဋ္ဌနှင့်ဖလဋ္ဌပုဂ္ဂိုလ်တို့သည် သန္တာန်တူသောကြောင့် လည်းကောင်းတည်း။ (၁၇၈)

**သရဏဂမနုပက္ကိလေသသမုစ္ဆေဒေန။** ။ဤစကားကို ပဟာနာဘိသမယကို ရည်ရွယ်၍ ဆိုသည်။

**အာရမ္မဏတော။** ။အာရမ္မဏတောကို သစ္ဆိကိရိယာဘိသမယကို ရည်ရွယ်၍ ဆိုသည်။

**ကိစ္စတော။** ။ဤစကားကိုကား ကြွင်းကျန်သော ဘာဝနာဘိသမယ ပရိညာဘိသမယကို ရည်ရွယ်၍ ဆိုသည်။ တနည်း—အာရမ္မဏတော နိဗ္ဗာနာရမ္မဏံ ဟုတွာ-ဖြင့် မဂ်ခဏအားလျော်သော တူသောအာရုံရှိသည်၏ အဖြစ်ကို ပြပြီး၍ ကိစ္စတော-ဖြင့် ပဟာနမှ ကြွင်းသော ကိစ္စသုံးပါးကို ပြသည်ဟု မှတ်ပါ။

**သကလေပိ ရတနတ္တယေ ဣဇ္ဈတိ။** ။"မဂ္ဂက္ခဏေ နိဗ္ဗာနာရမ္မဏံ ဟုတွာ"ဟု ဆိုသောကြောင့် အနက်သဘောအားဖြင့် မဂ်ဉာဏ်ဟုဆိုအပ်သော သစ္စာလေးပါးကို ရခြင်းသည်သာ လောကုတ္တရာသရဏဂုံမည်၏ဟူ၍ သိ၊၊ ရှင်းပြဦးအံ့ -သစ္စာလေးပါးကို ရခြင်းကြောင့် သရဏဂုံညစ်နွမ်းကြောင်း ဥပက္ကိလေသကို ပဟာနာဘိသမယဖြင့် အကြွင်းမရှိ ဖြတ်တောက်နိုင်၏။ နိဗ္ဗာန်တရားကိုကား သစ္ဆိကိရိယာဘိသမယဖြင့် မဂ်တရားကိုလည်း ဘာဝနာဘိသမယဖြင့် ထိုးထွင်း သိအပ်မှသာ သရဏဂမနတ္တကို ပြီးစေသည်။ သာဝကတို့၏ အာရုံဖြစ်သော ဗုဒ္ဓဂုဏ်တို့ကိုသည်း ပရိညာဘိသမယဖြင့် ထိုးထွင်း၍ သိအပ်မှ သရဏဂမနတ္တကို ပြီးစေနိုင်ကြသည်၊ အရိယာသံဃာ၏ ဂုဏ်တို့ကိုလည်း ထို့အတူသိမှ ပြီးစေနိုင်ကြသည်။ ထို့ကြောင့် "သကလေပိ ရတနတ္တယေ ဣဇ္ဈတိ"ဟု မိန့်သည်။

ဤနေရာ၌ ဖိုလ်ပရိယတ္တိဓမ္မတို့ကိုလည်း မဂ်အားလျော်စွာ ဖြစ်ခြင်းကြောင့် ယူ၍ အပရိညေယျ ဖြစ်သော ဗုဒ္ဓ ဓမ္မ သံဃဂုဏ်တို့ကိုကား ထိုဂုဏ်နှင့်

တူသည်၏အဖြစ်ကြောင့် ယူသည်ဟု မှတ်ပါ၊ အသမ္မောဟဒ္ဓိဝေဖြင့် ထိုး ထွင်း၍ သိသောကြောင့် လောကီလို အစဉ်အတိုင်း ပြည့်သည်မဟုတ်၊ တပြိုင် နက်ပြည့်စုံသည်။

**သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ။** ။သဒ္ဓါတရားမရှိသူအား ဘုရားစသည်တို့၌ မှန်ကန်စွာ မြင်မှုမဖြစ်သောကြောင့် "သဒ္ဓါ-မူလိက"ဟု ဆိုပါသည်။ ပုဗ္ဗင်္ဂမ-သဟဇာတအစွမ်းဖြင့် ပုဗ္ဗင်္ဂမတည်း။ ဗုဒ္ဓ၏ သုဗုဒ္ဓ အဖြစ်ကိုလည်းကောင်း၊ ဓမ္မ၏ သုဓမ္မအဖြစ်ကိုလည်းကောင်း၊ သံဃ၏ သုပ္ပဋိပန္န အဖြစ်ကိုလည်းကောင်း လောကိယာဝဇ္ဇာဓ အစွမ်းဖြင့် မှန်ကန်စွာ မြင်တတ်သောကြောင် သမ္မာဒိဋ္ဌိဟု ခေါ်သည်။ (၁၇၉)

**သဒ္ဓါပဋိလာဘော သဒ္ဓါမူလိကာ သမ္မာဒိဋ္ဌိ။** ။သဒ္ဓါပဋိလာဘဖြင့် သမ္မာဒိဋ္ဌိ ကင်းပါသော်လည်း သဒ္ဓါ သည် လောကိယ သရဏဂုံမည်သည် ဟူသော အဓိပ္ပာယ်ကိုပြသည်။ သဒ္ဓါ မူလိကာ သမ္မာဒိဋ္ဌိဖြင့် ဆိုအပ်ပြီးသော သဒ္ဓါုပနိဿယ ရှိသောပညာ တည်း ဟူသော အဓိပ္ပာယ်ကို ပြသည်။ ရှင်းပြဦးအံ့-လောကီသရဏဂုံသည် ဉာဏသမ္ပယုတ္တဉာဏဝိပ္ပယုတ္တ ဟူ၍ ၂-မျိုးရှိသည်။ထိုနှစ်မျိုးတွင် သဒ္ဓါပဋိလာဘော ပုဒ် ဖြင့်အမိ စသည်တို့သည် တိုက်တွန်းအပ်သော ကလေးတို့နှာကဲ့သို့သော ဉာဏဝိပ္ပ ယုတ် သရဏဂုံကို ယူအပ်၍ သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိဖြင့် ဉာဏသမ္ပယုတ် သရဏဂုံကို ယူရသည်။ ထိုနှစ်မျိုးကိုပင် ပုညကိရိယဝတ္ထု ဝိသေသအဖြစ်ဖြင့် ပြခြင်းငှာ "ဒသသု ပုညကိရိယဝတ္ထူသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ"ဟူ၍မိန့်။

**ဒိဋ္ဌိဇုကမ္မ။** ။ဒိဋ္ဌိကိုပင် မိမိဆိုင်ရာအကြောင်းတို့က ဖြောင့်အောင် ပြုအပ် သောကြောင့် သမ္မာဒိဋ္ဌိသည် ဒိဋ္ဌိဇုကမ္မ မည်၏။ အယူကို ဖြောင့်အောင် ပြုကြောင်းဖြစ်သောကြောင့် သဒ္ဓါသည် ဒိဋ္ဌိဇုကမ္မမည်၏။ သဒ္ဓါ သမ္မာဒိဋ္ဌိတို့အရ သဒ္ဓါ သမ္မာဒိဋ္ဌိသာမက သဒ္ဓါသမ္မာဒိဋ္ဌိ ပြဓာန်းသော စိတ္တုပ္ပါဒ်ကိုပါ ယူရမည်။ ထိုသမ္ပယုတ် စိတ္တုပ္ပါဒ်၏ ပမာနဖြစ်သောကြောင့် သဒ္ဓါနှင့် သမ္မာဒိဋ္ဌိတို့ကို သီးခြားယူသည်။

**ဓမ္မဿ အန္တေဝါသိကော။** ။ဓမ္မသည် စီးပွားကို ညွှန်ပြသော စကားဖြစ် သောကြောင့် ဓမ္မကို ဆရာအနေဖြင့် တင်စား၍ ဆိုသည်။ (ဖလော အမ္ဗော အဖလော စ၊ တေ သတ္ထာရော ဥဘော မမ-စသည်တို့၌ကဲ့သို့တည်း)။ (၁၈၀)

**ဟယိဒံ စတုဓာ။** ။လောကုတ္တရာ သရဏဂုံမှာ ဖလောကီလို အပြားမရှိသော ကြောင့် ဣယိဒံ-ပုဒ်ကို လောကီယသရဏဂုံကိုသာ စွဲ၍ အနက်ပေးပါ။ လောကုတ္တရာသရဏဂုံသည် မဂ်ခဏ၌သာ (ဆိုအပ်ပြီးသော နည်းဖြင့်) ပြီးစီးသည့်အတွက် လောကီယသရဏဂုံကဲ့သို့ သမာဒါန ထင်ရှားမရှိ သောကြောင့် အတ္တသန္နိယျာတန စသည် အပြားမရှိတော့ပါ။

**အရှင်မဟာကဿပဝတ္ထု အကျဉ်းချုပ်။** ။အရှင်မဟာကဿပ အလောင်း သည် မိမိ ကိုယ်တိုင် သာလျှင် ရဟန်းအသွင်ယူ၍ မဟာတိတ္ထပုဏ္ဏား ရွာမှ ထွက်သွားသော် ဘုရားရှင်သည် သုံးဂါဝုတ်ရှိသော ခရီးကို ရှေးရှုကြွတော်မူကာ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒာ မြို့၏ အကြား ဗဟုပုတ္တက ညောင်ပင်ရင်းဝယ် တပါးတည်း ထိုင်နေတော်မူ၏။ မြတ်စွာဘုရားကို အရှင်မဟာကဿပမြင်၍ "အယံ ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ"ဟူ၍ မသိပါပဲလျက်"သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ ဘဂဝန္တမေဝ ပဿေယျံ"စသည်ဖြင့် သရဏဂုံယူမှု ပြုလေသည်။ ထို့ကြောင့်"မဟာကဿ ပဿ သရဏဂမနံ ဝိယ"ဟု ဆိုသည်။

**အနက်ပေးပုံ။** ။အဟံ၊ ငါသည်။သတ္ထာရံ၊ ဆရာဖြစ်သော မြတ်စွာဘုရားကို။ စေပဿေယျံ၊ အကယ်၍ ဖူးမြင်တွေ့ရငြားအံ့။ ဧဝံသတိ၊ သော်။ ဣမံ ဘဂဝန္တမေဝ-ဤရှင်တော်မြတ်ဘုရားကိုသာ။ ပဿေယျံ၊ ဖူးတွေ့ ရာ၏။

ဆိုလိုချက် အဓိပ္ပာယ်မှာ-တပည့်တော်သည် ဆရာအစစ်ကို ဖူးတွေ့ရမည် ဖြစ်လျှင် ဤရှင်တော်မြတ်ဘုရားကိုသာ ဖူးတွေ့ရာပါ၏။ ဤရှင်တော်မြတ်မှ တပါးသော ပုဂ္ဂိုလ်သည် တပည့်တော်၏ ဆရာမဖြစ်နိုင်ပါဟူလို။ (၁၈၁)

**သောဟံ ဝိစရိဿာမိ ဂါထာ။** ။အာဠဝကမှာ မဂ်ဖြင့်သာလျှင် သရဏ ဂမန လာပါသော်လည်း သောတာပန် အဖြစ်ကိုပြခြင်း အကျိုးငှာလည်းကောင်း၊ ပသာဒါနုရူပကို ပြခြင်းအကျိုးငှာ လည်းကောင်း ဤသို့ဆိုပါသည်။ (ဂါမာ၊ နတ်ရွာ တရွာမှ။ ဂါမံ၊နတ်ရွာ တရွာသို့။ တနည်း-အ-ကို ဝစ္စနုတ္တယူ၍ "ငယ်သောရွာ ကြီးသောရွာသို့"ဟု ပေး။)

**ဓမ္မဿ စ သုဓမ္မတံ။** ။"ဗုဒ္ဓဿ သုဗုဒ္ဓတံ ဓမ္မဿ သုဓမ္မတံ သံဃဿ သုပ္ပဋိပန္နတဉ္စ အဘိတ္ထဝိတွာ"ဟု သမုစ္စယ ပါဌ် သေသများနှင့် အနက်ပေးပါ။

အာဋ္ဌဝကာဒီနံ။ ။ဤ၌ အဋ္ဌဝကစသည်တို့ကို သိမ်းယူပါ။ အဋ္ဌဝက စသည်တို့သည် ငှက်ကိုရပြီးသော ကြောင့် မင်္ဂလာဖြစ်ပေါ်လာသော သရဏဂုံရှိကြပါလျက် အဘယ့်ကြောင့် တပ္ပရာယဏတာသရဏဂုံဟု ဆိုရပါသနည်း။အဖြေကား–ထိုအာဋ္ဌဝကတို့သည် မင်္ဂလာဖြင့် လာသော သရဏဂုံ ရှိကြပါသော်လည်း တပ္ပရာယဏတာ အခြင်းအရာကို သိစေအပ်သောကြောင့် ဆိုပါသည်။ ဆိုလိုသည်မှာ–ဂါထာဖြင့် တပ္ပရာယဏတာ အခြင်းအရာကို သိစေအပ်သောကြောင့် သရဏဂုံ အထူးကို မရှုငဲ့ပဲ သိစေသော အခြင်းအရာမျှကို ညွှန်ပြသောအားဖြင့် ဤသို့ဆိုသည်ဟု မှတ်ပါ။

သာကိယော ဝါ ကောလိယော ဝါ။ ။သာကီယော ဝါ-ဖြင့် ခမည်းတော်ဘက်မှ ဆွေတော်မျိုးတော်တို့ကိုပြ၍ ကောလိယော ဝါ-ဖြင့် မယ်တော်ဘက်မှ ဆွေတော်မျိုးတော်တို့ကို ပြသည်။ (၁၀၂)

အာပဒါသု ဘဝိဿတိ။ ။အမျိုးတို့မှာ အခါခပ်သိမ်း တထပ်တည်း မဖြစ်နိုင်ပါ၊ တခါတရံ မင်းစသည်တို့၏ အစွမ်းဖြင့် ဘေးရန်များလည်း ဖြစ်တတ်သောကြောင့် ဘေးရန်ပေါ်လျှင် သုံးစွဲရန် ရည်ရွယ်ချက်ဖြင့် မြှုပ်နှံသိမ်းဆည်းထားရမည်။

လှူရေးတန်းရေ။ ။ဤဂါထာလာ အစုလေးမျိုးတွင် "ဧကေန ဘောဂေ ဘုဉ္ဇေယျ" ဟူသော အစုမှာပင် ယူ၍ ရဟန်းတော်များအားလည်းကောင်း၊ အထီးကျန်မွဲ လူဆင်းရဲများ ခရီးသွားသူ စသည်တို့အားလည်းကောင်း ပေးလှူရမည်။ အလုပ်သမား ဆတ္တာသည် စသည်တို့အားလည်း ရိက္ခာပေးရမည်။ ဤကား စည်းစိမ်ဥစ္စာ သိမ်းပိုက်မှုနှင့် စပ်သော ဆုံးမချက်တည်း။ ဤသို့သော ဆုံးမမှုကို ယူ၍ ဆရာအမှတ်ဖြင့် ရှိခိုးလျှင် သရဏဂုံမမြောက်ပါ၊ မှန်၏–ဤဂါထာစကားကို ပစ္စုပ္ပန် အကျိုးစီးပွားကိုသာ ရည်ရွယ်၍ ဟောတော်မူပါသည်။ တမလွန် အစီးပွားနှင့် စပ်သော ဆုံးမမှု၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဆုံးမမှုများကို မျှော်လင့်တောင့်တပါသော်လည်း သရဏဂုံမြောက်သည်သာ ဖြစ်သည်။

သရဏဂမနံ န ဘိဇ္ဇတိ။ ။ဆွေမျိုးဖြစ်သော ဘာသာခြားဘုန်းတော်ကြီးများကို ဆွေမျိုးအမှတ်ဖြင့် ရှိခိုးသော် အမြတ်အနေဖြင့် ရှိခိုးခြင်းမဟုတ်သောကြောင့် သရဏဂုံ မပျက်ပါ။ (၁၀၃)

**ဝိပါကဖလ အာနိသံသဖလ။** ။အရိယာမဂ်သည်သာ လောကုတ္တရာသရဏဂုံဖြစ်သောကြောင့် သာမညဖိုလ် လေးမျိုးတို့ကို "ဝိပါကဖလ"ဟု ဆို၍ နိဗ္ဗာန်ကို "အာနိသံသဖလ"ဟု ဆိုသည်။ ဝိပါကဖလသည် ကံနှင့်တူ၍ အာနိသံသဖလသည် ကံနှင့် မတူပါ၊ ချဉ်ဦးအုံ-သခွားမျိုးစေ့ စသည်တို့၏ အသီးများသည် မျိုးစေ့နှင့် တူ၍ ဝိပါကအမည် ရနိုင်ကြသည်။ အမြစ် အညွန့် အရွက် ပင်စည် ရိတံတို့သည် မျိုးစေ့နှင့်မတူ၍ ဝိပါကအမည် မရနိုင်ကြပါ။ ထို့အတူ ကုသိုလ်တရား အကုသိုလ်တရားတို့၏ အကျိုးများသည်လည်း ကံတရားနှင့် နာမ်သဘောတရားဖြစ်ခြင်း၊ အာရုံရှိမှုချင်းတူမှ ဝိပါကအမည်ရနိုင်ကြသည်။ မတူလျှင် ကံကြောင့်ဖြစ်သော်လည်း ဝိပါကအမည် မရနိုင်ကြ၊ အာနိသံသ အမည်မျှကိုသာ ရနိုင်ကြသည်။

**ယော စ ဗုဒ္ဓံ။** ။စ-သဒ္ဒါ ဗျတိရေကတ္ထ ဖြစ်၏၊ "ယော စ၊ အကြင်ပုဂ္ဂိုလ်သည်ကား"ဟု ပေး၊ တောတောင်စသည့်တို့ကို ဆည်းကပ်သူမှာ ဘေးကင်းမှု မြတ်မှု မဖြစ်နိုင်ပါ၊ ထိုတောတောင်စသည့် ဆည်းကပ်မှုကို အကြောင်းပြု၍ ဝဋ်ဆင်းရဲမှလည်း မလွတ်မြောက်နိုင်ပါ၊ ဘုရား တရား သံဃာအားဖြင့် သုံးပါးရတနာကို ကိုးကွယ်ဆည်းကပ်မှုသည် ဘေးလည်းကင်း မြတ်လည်းမြတ် ဝဋ်ဆင်းရဲမှလည်း လွတ်စေနိုင်ပါသည်။

**စတ္တာရိ၊ပေ၊ ပဿတိ။** ။လောကိယာသရဏဂုံသည် အညတိတ္ထိယကို ရှိခိုးခြင်းစသည်ကြောင့် ပျက်စီးတတ်သောကြောင့်လည်းကောင်း၊ တုန်လှုပ်သောကြောင့်လည်းကောင်း မပျက်စီး မတုန်လှုပ်သော လောကုတ္တရာသရဏဂုံကိုသာ ပြလိုသောကြောင့် "စတ္တာရိ အရိယသစ္စာနိ သမ္မပ္ပညာယ ပဿတိ"ဟု မိန့်သည်။ (၁၀၄)

**ကိဉ္စိ သင်္ခါရံ။** ။ကိဉ္စိသင်္ခါရံ-စတုဘူမက သင်္ခတသင်္ခါရတို့တွင် တခုသော သင်္ခါရကို၊ နိစ္စတော-ဟူ၍၊ ဥပဂစ္ဆေယျ-ယူရာ၏။ (အဋ္ဌာနံ-ဖြင့် ဇနကဟေတုကို ပယ်၍ အနဝကာသော-ဖြင့် ပစ္စယဟေတုကို ပယ်သည်။)

အတ္တဝါဒ၌ ကသိုဏ်းစသော ပညတ်ကို သိမ်းယူခြင်းငှာ "သင်္ခါရံ"ဟု မဆိုပဲ "ဓမ္မံ"ဟု ဆိုရသည်။

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

အရိယာတို့သည် အမိစသည်မှ အခြားသတ်သေးသလား။ ။အမိစသည်မှ အခြား သတ်မှုလည်း လုံးဝမရှိပါ၊ မုန်၏-သောတာပန်သည် စကြာမင်းအဖြစ် မိမိအသက်ဟူသော အကြောင်းကြောင့်သော်မှ သူတပါးအသက်ကို မသတ်တော့ပါ၊ ထိုသို့ဖြစ်ပါသော်လည်း ပုထုဇဉ်အဖြစ်၏ အပြစ်ကြီးကြောင်းကို ပြခြင်းအကျိုးငှာလည်းကောင်း၊ အရိယာအဖြစ်၏ အားကြီးကြောင်းကို ထင်ရှားပြခြင်းအကျိုးငှာလည်းကောင်း ဤသို့ ဆိုပါသည်။ မာတာ=အမိရင်း၊ ပိတာ-အဖရင်း၊ အရဟာ=လူ ရဟန္တာ။ (၁၀၅)

လောဟိတံ ဥပ္ပါဒေယျ။ ။ဒေါစိတ်ထားဖြင့် သက်တော်ထင်ရှားမြတ်ဘုရား၏ ကိုယ်တော်၌ ယင်ယယ်သောက်လောက်ရုံမျှသော သွေးကို ဖြစ်စေရာ၏။

သံဃံ ဘိန္ဒေယျ။ ။သမာနသံဝါသဖြစ်သော သမာနသိမ်၌ တည်သော သံဃာများကို (၁) ကမ္မ၊ (၂) ဥဒ္ဒေသ၊ (၃) ဝေါဟရန္တ၊ (၄) အနုဿာဝန၊ (၅) သလာကဂ္ဂါဟ-ဟူသော ငါးမျိုးတို့ဖြင့် ခွဲရာ၏။

လောကိယဿ ၊ပေ၊ ဖလမေဝ။ ။သုဂတိဘဝနှင့် ပြည့်စုံခြင်းဟူသော ဘဝသမ္ပဒါသည် လောကီသရဏဂုံ၏ ဝိပါကဖလဖြစ်၍ လူစည်းစိမ် နတ်စည်းစိမ်တို့နှင့် ပြည့်စုံခြင်းဟူသော ဘောဂသမ္ပဒါသည် အာနိသံသဖလဖြစ်သည်။

ဝေလာမသုတ္တံ။ ။ဝေလာမသုတ်မည်သည် အင်္ဂုတ္တရနိကာယ် နဝကနိပါတ်၌ လာသော ဇာတ်အနွယ် ရုပ်ရေအဆင်း စည်းစိမ်ဥစ္စာ သဒ္ဓါပညာစသော အပိုင်းအခြားကို လွန်သော မွန်မြတ်သော ဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် ဝေလာမမည်သော ရှစ်သောင်းလေးထောင်သော မင်းတို့၏ ဆရာဖြစ်သော ဘုရားအလောင်းပုဏ္ဏား၏ ဒါနကထာနှင့် စပ်သော သုတ်ဘည်း။

ထိုသုတ်တော်၌ ကမ္ဘာသ၏ လေးဖို့တဖို့ ပမာဏရှိသော ငွေဖြင့် ပြည့်သော ရွှေခွက်ရှစ်သောင်းလေးထောင်၊ ရွှေဖြင့် ပြည့်သော ငွေခွက်ရှစ်သောင်းလေးထောင်၊ ငွေဖြင့်ပြည့်သော ကြေးခွက်ရှစ်သောင်းလေးထောင်၊ အားလုံးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ဆင်၊ မြင်း၊ ရထား၊ နွားမ၊ အမျိုးသမီးကညာ၊ ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင်စီ၊ အဝတ်ကုဋေ

ပေါင်း ရှစ်သောင်းလေးထောင်၊ အတိုင်းအရှည်မရှိ များပြားလှသော ခဲဖွယ်ဘောဇဉ် စသော အာဟာရများကို စွန့်လွှတ်ခြင်း၏ အစွမ်းဖြင့် ခုနစ်နှစ် ခုနစ်လတိုင်တိုင် အဆက်မပြတ် လှူခဲ့သော ဝေလာမပုဏ္ဏား၏ ဒါနကြီးထက် သောတာပန်တယောက်အား လှူအပ်သောဒါနသည် သာ၍အကျိုးရှိ၏၊ သောတာပန်တရာအား လှူအပ်သော ဒါနထက် သကဒါဂါမ်တယောက်အား လှူအပ်သောဒါနသည် သာ၍ အကျိုးကြီး၏။ ထိုထက် အနာဂါမ်၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ မြတ်စွာဘုရား၊ ဘုရားအမှူးရှိသော သံဃာ စသည်ဖြင့် တက်ကာ ဗုဒ္ဓပမုခသံဃဒါနထက် စာတုဒ္ဒိသသံဃာကို ရည်ရွယ်၍ ကျောင်းဆောက်မှုသည် သာ၍ အကျိုးကြီး၏။ ကျောင်းဆောက်မှုထက် သရဏဂုံသည် သာ၍ အကျိုးကြီး၏ဟု ပြဆိုထားပါသည်။ (၁၀၅·၁၀၆)

**သရဏဂမနဿ ဖလဝိသေသော။** ။ဤပါဠိဖြင့် လောကုတ္တရာ သရဏဂုံ၏ အကျိုးကို ပြသည်ဟု သိပါ။ မှန်၏— ဝေလာမသုတ် အဋ္ဌကထာ၌ မဂ်နှင့် လာသော မဆုတ်နစ်သော သရဏဂုံကို ယူရမည်။ အပရေအလို အတ္တသန္နိယျာတနသရဏဂုံကို ယူရမည်ဟုဖွင့်ဆိုသည်။ ကူဋဒန္တသုတ် အဋ္ဌကထာ၌ လာသောနည်းဖြင့် လောကီသရဏဂုံ၏အကျိုးကိုလည်း ပြသည်သာဟု မှတ်ပါ။

ကူဋဒန္တသုတ် အဋ္ဌကထာနည်းအတိုင်း လောကီ လောကုတ္တရာ သရဏဂုံ နှစ်မျိုးလုံးကို ယူသောအနက်ကိုသာ အလိုရှိအပ်သည်ဟု သိပါ။ ဘာ့ကြောင့်နည်း—ဤအဋ္ဌကထာဋီကာများ၌လည်းကောင်း၊ အခြားမဇ္ဈိမနိကာယ်ဋီကာ စသည်တို့၌လည်းကောင်း သာမညအားဖြင့်သာ ဆိုအပ်သောကြောင့်တည်း။

အပရေတို့ကား—ကူဋဒန္တသုတ် အဋ္ဌကထာ၌လည်း လောကုတ္တရာ သရဏဂုံ၏ အကျိုးကိုသာ ဆိုသည်ဟု ဆိုကြ၏။ အပရေတို့၏ အဆိုမသင့်ပါ၊ ဘာ့ကြောင့်နည်း—ထိုအတိုင်း မဆိုသောကြောင့်တည်း။

**အညာဏ၊ပေ၊ ဒီဟိ။** ။(၁) အညာဏ=ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို မသိခြင်း၊ ဂုဏ်တော်တို့၌ တွေဝေခြင်း၊

(၂) သံသယ=ဘုရား ဟုတ်လေသလား မဟုတ်လေသလား စသည်ဖြင့် ယုံမှားခြင်း၊

(၃) မိစ္ဆာဉာဏ-ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ဂုဏ်မဟုတ်ဟုကြံ၍ မှားယွင်းစွာ ယူခြင်း၊

အာဒိဖြင့် အနာဒရ အဂါရဝ စသည်တို့ကို ယူပါ။ (၁၀၇)

**အနုဝဇ္ဇော ကာလကိရိယာယ ဟောတိ။** ။လောကီယသရဏဂုံသည် သိက္ခာပုဒ်ဆောက်တည်သကဲ့သို့ ယူအပ်သော ကာလအပိုင်းအခြားမရှိ၊ အသက်ထက်ဆုံးဖြစ်သည်။ ထို့ကြောင့် သရဏဂုံ ဆောက်တည်သူ၏ ခန္ဓာပျက်ခြင်းကြောင့် သရဏဂုံပျက်သည်။ ထိုပျက်ခြင်းသည် ဇာတ္တာ ဒိဋ္ဌိ စသည်တို့မှ ကင်းသောကြောင့် အပြစ်မရှိ။ ထို့ကြောင့် "အနဝဇ္ဇော ကာလကိရိယာယ ဟောတိ"ဟူ၍ ဆိုသည်၊ အပြစ်မရှိ ကောင်းကျိုး ဆိုးကျိုး တမျိုးမျှမရှိ အကုသိုလ်ပင် မဖြစ်။ စင်စစ်ပျက်ခြင်းမျှသာ။

---

## ဥပါသကဝိဓိကထာ

**သရဏဂတော ဂဟဋ္ဌော။** ။သရဏဂတော-ဖြင့် ဤနေရာဝယ် သရဏဂုံသည်သာ လိုရင်းပမာဏတည်းဟု ပြသည်။ ဂဟဋ္ဌော ဖြင့် ဥပါသက-သဒ္ဒါသည် အာဂါရိကတို့၌သာ ထင်ရှား၏၊ တက်ရောက်၏၊ ရှင်အဖြစ်ကပ်ရောက်သူတို့၌ မထင်ရှား၊ မတက်ရောက်ဟု ပြသည်။ (၁၈၈)

**တိသရဏဂတောဟု မဆိုရကြောင်း။** ။တပုဿ ဘလ္လိကတို့မှာကဲ့သို့ ဒွေဝါစိက ဥပါသကအဖြစ် ရှိပါသော်လည်း ထိုဒွေဝါစိက သရဏဂုံသည် ထိုအခါ၌ ရတနာသုံးပါး မရှိသေးသောကြောင့် တရံတခါသာ ဖြစ်သည်။ ထို့ကြောင့် အခါခပ်သိမ်း ဖြစ်သော တေဝါစိက ဥပါသကအဖြစ်ကို ပြခြင်းငှာ "သရဏဂတော"ဟု ဆိုသည်။

ထိုတပုဿ ဘလ္လိကတို့သည်လည်း နောက်ကာလ၌ တိသရဏဂတပင်ဖြစ်သည်။ ဤအရာဝယ် အခြားတခုနှစ်ခုကို ပယ်မြစ်၍ တခုသော်လည်းကောင်း၊ နှစ်ခုသော်လည်းကောင်း သရဏဂုံကပ်ရောက်သူသည် ဥပါသကာအမည်မဖြစ်သင့်။ ထို့ကြောင့် ဤအနက်အဓိပ္ပာယ်ကိုလည်း သိစေခြင်းငှာ "သရဏဂတော" ဟု ဆိုသည်ဟု မှတ်ပါ။

**ဝေရမဏိယော။** ။ဝေရဟူသည် ပါဏာတိပါတ စသော ဒုစရိုက်တည်း။ ထိုဝေရကို သတ်တတ် ဖျက်ဆီးတတ်သောကြောင့်

စေရမဏိ မည်သည်၊ ထိုသီလသည် ဝိရတိ ပြဓာန်းသောကြောင့် ဝိရတိ ငါးပါးတို့ပင်တည်း။ (၁၀၉)

ပဟာယ။ ။မပြုသောအားဖြင့် ပယ်၍၊ သတ္တဝဏ္ဏဇ္ဈသည် သူ့ဘပါးကို ညှဉ်းဆဲမှု၏ အကြောင်းဖြစ်သောကြောင့်၊ သတ္တငဏ္ဏဇ္ဈသည် ကျွန်အဖြစ်ကိုပြုတတ်သောကြောင့်၊ မံသဝဏ္ဏဇ္ဈသည် သတ်ခြင်း၏အကြောင်းဖြစ်သောကြောင့်၊ မဇ္ဇဝဏ္ဏဇ္ဈသည် မေ့လျော့ခြင်း၏ တည်ရာဖြစ်သောကြောင့်၊ ဝိသဏ္ဏဇ္ဈသည်သူ့ဘပါးကို ကင်း၍ နှိပ်စက်မှုကို ပြုကြောင်းဖြစ်သောကြောင့် မပြုသင့်ဟုဟောတော်မူပါသည်။ (သတ္တဝဏ္ဏဇ္ဈ၌ သတ္တ-အရလူကိုသာ ယူပါ။)

စင္ဆာလ စသည်။ ။နိမ့်ကျသော အသဒ္ဓိယစသော တရားများရှိသောကြောင့် ဥပါသကစဏ္ဍာလ၊ အသဒ္ဓိယစသော အညစ်အကြေးရှိသောကြောင့် ဥပါသကမလ၊ ယုတ်ညံ့သောကြောင့် ပတိကိဋ္ဌ။ (၁၉၀)

ကောတူဟလမင်္ဂလိကော။ ။ဤဒိဋ္ဌစသည်ကြောင့်ကျိမည်သောမင်္ဂလာဖြစ်၏ဟု ဗာလဇနသည် ကြံဆအပ်သော ဒိဋ္ဌ သုတ မုတမင်္ဂလာ ရှိသူ။

ပုဗ္ဗကာရံ ကရောတိ။ ။သာသနာပ၌ ရှေးဦးစွာ ကုသိုလ်ပြုပြီး၍ နောက်မှ သာသနာတော်၌ ကုသိုလ်ပြုသည်ကို ဆိုသည်။

ဥပါသကရတနံ စသည်။ ။ပရိသတ်လေးပါးတို့၏ မွေ့လျော်နှစ်သက်မှုကို ဖြစ်စေတတ်သောကြောင့် ဥပါသကရတန၊ သီလစသော ဂုဏ်အားဖြင့်တင့်တယ်ခြင်း ကျော်စောသတင်းအားဖြင့် မွှေးကြိုင်ခြင်းကြောင့် ဥပါသကပဒုမ ဥပါသကပုဏ္ဍရိက။ (၁၉၁)

အဇ္ဈဘာဝံ။ ။အဇ္ဈဘာဝ-မည်သည် တရားနာနေရာအခါ ထင်ရှားရှိသည်၏ အဖြစ်သို့ ရောက်ခြင်းတည်း၊ ပြီးခဲ့သည့် အရက်တက်မှစ၍ လာမည့်အရက်တက်အတွင်းကို "အဇ္ဇ"ဟု ခေါ်သည်။

ပါဏုပေတံ။ ။ဤပါဠိဖြင့် အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံသို့ ရောက်ပါမည်၊ သရဏဂုံနှင့် ပြည့်စုံမှုသည်လည်း တကြိမ်စိတ်ဖြစ်ရုံမျှဖြင့် နှုတ်မြွက်ရုံမျှဖြင့် ဆည်းကပ်သည် မဟုတ်ပါ။ စင်စစ်မှာ အသက်တို့ကို စွန့်ခြင်းဖြင့် အသက်ရှည်သမျှ ဆည်းကပ်ပါမည်ဟူသော အာပါဏကောဋိက အဖြစ်ကို ပြသည်။

အန္နသတ္တက်ဴ။ ။ဤပုဒ်သည် ဗုဒ္ဓ သရဏံ ဂစ္ဆာမိ-၌ အဌေ္ဌာဂဓာဝဓာ ရဏနည်း၊ အညတ္ထာပေါဟနနည်းတို့ဖြင့် နစ်စေအင်သော အနက်ကို ပြသည်။ (၁၉၂)

ဥပါသကံ ကပ္ပိယကာရကံ၊ ။အချို့သော ကပ္ပိယကာရက-သဒ္ဒါ၏အနက် သည် ဥပါသက-သဒ္ဒါ၏ ဟောနက်လည်း ဖြစ်သည်၊ ထို့ကြောင့် "ဥပါသကံ ကပ္ပိယကာရကံ"ဟု မိန့်။ တနည်း-အတ္တ သန္နိယျာဘန သရဏဂုံကို ရည်ရွယ်၍ မိန့်။

ယထာဓမ္မံ ပဋိကရိတွာ အာယတိံ သံဝရာပဋ္ဌနာဆိုကျိုး။ ။ယထာဓမ္မံ ပဋိ-ကရောတိ-သည် အာယတိံ သံဝရာပဋ္ဌနာ-၏ ပုဗ္ဗကာလ ကြိယာကို ပြသောစကားတည်းဟု သိစေခြင်းအကျိုးရှိ၏။ ဝေ.စိတ္တိကား-ယထာဓမ္မံ ပဋိကရောတိ-သည် ပုဗ္ဗ ကာလကြိယာကိုသာ ပြ၏။ ပဋိနိဒ္ဒိသိတဗ္ဗကို မပြ၊အာ.ယတိံ သံဂရံ အာပဇ္ဇတိ ကား ပဋိနိဒ္ဒိသိတဗ္ဗကိုသာ ပြသည်ဟု သိစေခြင်း အကျိုးရှိ၏ ဟု ဆိုကြ၏။ ထိုဝေစိဝါဒ မသင့်ပါ။ ဘာ့ကြောင့်နည်း—သည် ခံစေခြင်းကိုလည်း ကြီးပွား ကြောင်းအဖြစ်ဖြင့် အရိယူဝါဒ၌ ဆိုခဲ့သောကြောင့်တည်း။

ဒေသနံ ပန ပုဂ္ဂလာဓိဋ္ဌာနံ။ ။"ဝုဒ္ဓိဟေသာ"စသည်ဖြင့် ဓမ္မာဓိဋ္ဌာန ဒေသ နာကို အားထုတ်အပ်သော်လည်း တဖန် "ယော အစ္စယံ"စသည်ဖြင့် ပုဂ္ဂလာဓိဋ္ဌာနကို ပြုခြင်းဖြင့် အားထုတ်ရသည်ကား ဒေသနာ ဝိလာသ ဝေနေယျဇ္ဈာသယ အစွမ်းကြောင့်တည်း။ (၁၉၃-၁၉၄)

ဝစသာယးတ္တ ဝစသာယတ္တေ။ ။ဝစသာယတ္တေ-စကားနှင့်စပ်ခြင်း၌၊ဝစသာ ယတ္တေ-စကား၏ ပြီးဆုံးခြင်းဟူသော အနက် ၌၊ ဝစသဂ္ဂ-စကားကိုစွန့်ခြင်း၊ ဝါ-စကားပြီးဆုံးခြင်း။ (၁၉၄)

ခတော။ ။ဤအတ္တဘော၌ပင် အကျိုးပေးတတ်ကုန်သော မိမိ၏ ရှေး၌ ပြုအပ်သော ကုသိုလ်အမြစ်ကို တူးပြုံ့ခြင်းကြောင့် "ခတ" ဟု ဆိုသည်။(၁၉၅)

ကိစ္စနှင့် ကရဏီယအထူး။ ။မချွတ်ပြုရမည့်အမှုသည် ကိစ္စ၊ ကြွင်းအမှုသည် ကရဏီယ။ တနည်း—ရှေးဦးစွာ ပြုရမည့်အမှုသည် ကိစ္စ၊ နောက်မှပြုရမည့်အမှုသည် ကရဏီယ၊ တနည်း-ငယ်သောအမှုသည် ကိစ္စ၊ ကြီးသောအမှုသည် ကရဏီယ။ (ပဒက္ခိယာ-အပြားအားဖြင့် ကြီးပွား ကြောင်းဖြစ်သော အရိုအသေကို)

**စမ္မစက္ခုံ။** ။ဤနေရာ၌ ဓမ္မစက္ခု-အရ သောတာပတ္တိမဂ်ကိုသာ ယူရကြောင်း ကား-သောတာပတ္တိမဂ်ကိုသော်မှ မရသော် အခြားမဂ်တို့ကို ဆိုဖွယ်ပင်မရှိသောကြောင့်တည်း။

ဣမေဝ ါသနေ နိသိန္နော ၊ပေ၊ ။အဘဗ္ဗိဿ-သည် မှတ်သားမှုမရှိသော် **သောတာပတ္တိမဂ္ဂံ ပတ္တော အဘဗိဿ။** ။အနာဂတကာလိက ဖြစ်သင့်သော် လည်း ဤနေရာ၌ကား''ဣမေဝ ါသနေ နိသိန္နော''ဟု မှတ်သားအင်သောကြောင့် အတီတကာလိကသာဟု မှတ်။ (၁၉၆)

**ဟေဋ္ဌိမတလံ ပတ္တာ ဥပရိမတလံ ပါပုဏိတွာ မုစ္စိဿတိ။** ။ဆ ခြားသော သင့်ေး သား စသည့်တို့သည် အထက်အောက် အပြန်ပြန်လည့်လျက် အနှစ်သိန်းပေါင်းများစွာ ထိုလောဟ ကုမ္ဘီငရဲ၌ ကျက်ရသကဲ့သို့ ဤမင်းသည် အကျက်မခံရပါ၊ အဋ္ဌကထာမှာ ဆိုသည့်အတိုင်း အောက်သို့ကျလျက် အနှစ်သုံးသောင်း၊တဖန် အထက်သို့ လည့် လျက် အနှစ်သုံးသောင်း ခံစားပြီး၍ လွတ်လတ္တံ့-ဟူသောအနက်အဓိပ္ပာယ်ကို ပြသည်။ (၁၉၇)

ဣဒမ္ပိ ကိရ ဘဂဝတာ ဝုတ္တမေဝ။ ။ဤ၌ ကိရ-သဒ္ဒါဖြင့် ဘုရားရှင် ဟော တော်မူအပ်သည်၏ အဖြစ်ကို ဆရာ အဆက်ဆက်မှ ကြားအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဤအနက်အဓိပ္ပာယ် ကို ဆရာအဆက်ဆက် ဆောင်အပ်သည်ကိုလည်းကောင်း ပြသည်။

ပါဠိယံ ပန န အာရုဠှံ။ ။ပကိဏ္ဏက ဒေသနာဖြစ်သောကြောင့် ပါဠိတော်၌ မတင်အပ်။

ပစ္စေကဗုဒ္ဓေါ။ ။ပစ္စေကဗုဒ္ဓါ တို့သည် မိမိကိုယ်တိုင်သာ သစ္စာလေးပါးကို သိကြကုန်၍ သူတပါးတို့ကို မသိစေနိုင်ကြကုန်။ အတ္ထရသ ကိုသာ ထိုးထွင်း၍ သိကြသည်။ ဓမ္မရသကို ထိုးထွင်း၍ မသိကြကုန်။ မှန်၏- ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် လောကုတ္တရာတရားကို ပညတ်တင်၍ ဟော ခြင်းငှာ မစွမ်းနိုင်ကြကုန်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ သစ္စာသိမှုသည် အ-သူ သည် မြင်မက်အပ်သော အိပ်မက်နှင့်တူ၏။ တောသားတယောက် မြို့သို့ ရောက်၍ စားအပ်သော ဟင်း၏ အရသာနှင့်လည်းတူ၏။ အလုံးစုံသော တန်ခိုး သမာပတ် ပဋိသမ္ဘိဒါတို့သို့ ရောက်ကြသည်။ (၁၉၇)

အနာဂတေ ပန ဝိဇ္ဇိတာဝိ နာပ ပစ္စေကဗုဒ္ဓေါ။ ။သာဝကဗောဓိ ပစ္စေက
ဗောဓိတို့သည်—

(၁) အင်္ဂါငါးပါး အင်္ဂါနှစ်ပါးနှင့် ပြည့်စုံခြင်းဖြင့် အဘိနီဟာရ ပြီးစီး
ခြင်း၏ အစွမ်းဖြင့်သည်းကောင်း၊

(၂) ပါရမီ ဆည်းပူးရာကာလ၏ အစွမ်းဖြင့်လည်းကောင်း၊

(၃) သစ္စာလေးပါး သိခြင်း၏အစွမ်းဖြင့်လည်းကောင်း—

မဆက်ဆံသည့်အတွက် "ဣမဿိံ ယေဝ အာသနေ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿတိ"
ဟူသောစကားနှင့် "အနာဂတေ ပစ္စေကဗုဒ္ဓေါ ဟုတွာ ပရိနိဗ္ဗာယိဿတိ"ဟူ
သောစကားသည် ဆန့်ကျင်သည်မဟုတ်ပါလောဟု မေးဖွယ်ရှိ၏၊ အဖြေကား-
မဆန့်ကျင်ပါ။ ဤမှ နောက်ကာလ၌သာလျှင် ဤအဇာတသတ်မင်းသည်
ပစ္စေကဗောဓိသမ္ဘာရတို့ကို ဆည်းပူး ဖြည့်ကျင့်သတ္တဝါ ဖြစ်သောကြောင့်တည်း။
မှန်၏-သာဝကဗောဓိဖြင့် သစ္စာလေးပါးကို သိနိုင်သော သတ္တဝါတို့သည်
လည်း သာဝကဗောဓိဖြစ်ရန် အကြောင်းမညီညွတ်၍ မဖြစ်နိုင်လျှင် ကာလ
တပါး၌ ပစ္စေကဗောဓိဖြင့် သစ္စာတရား သိနိုင်ကြလိမ့်မည်။ ဘာ့ကြောင့်နည်း-
ပစ္စေကဗောဓိ အဘိနီဟာရ ဖြစ်နိုင်သောကြောင့်တည်း။

အပရေဆရာတို့ကား-အဇာတသတ်မင်းသည် နဂိုကပင် ပစ္စေကဗောဓိ
ဉာဏ် အကျိုးငှာ အဘိနီဟာရ ပြုပြီးသူဖြစ်၏။ အဘိနီဟာရ ပြုပြီးကြသော်
လည်း ပစ္စေကဗောဓိ၌ နိယတအဖြစ်သို့ မရောက်သေးသူများသည် ပစ္စေက
ဗောဓိဉာဏ် မရင့်ကျက်သောကြောင့် ဘုရားရှင်၏ မျက်မှောက်တော်၌ သာဝက
ဗောဓိသို့ ရောက်နိုင်ကြသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် "သစာယံ
ဘိက္ခဝေ"စသည်ဖြင့် မိန့်တော်မူသည်၊ သဗ္ဗညု ဘုရားအလောင်းတော်များ
မှာကား အာနန္တရိယမှ လွတ်၍ ပစ္စေကဗောဓိ အလောင်းတော်များမှာကား
အာနန္တရိယမှ လွတ်ခြင်းမရှိပါ။

မှန်၏—ပစ္စေကဗောဓိ၌ မြဲသည်ဖြစ်သော (နိယတဗျာဒိတ်ရပြီးသော)အရှင်
ဒေဝဒတ်သည် ကြားမြင့်စွာသောကာလ၌ ဖြစ်သော ဘုရားရှင်အပေါ်၌
ရန်ငြိုးကြောင့် အလွန် ကြီးလေးသော အာနန္တရိယကံတို့ကို ဖြစ်စေသည်၊
ကမ္မန္တရာယ်ကြောင့် ဤအဇာတသတ်ဘုရင်သည် ဤနေရာ၌ သစ္စာလေးပါးကို
မသိပဲ ပစ္စေကဗောဓိနိယာမဖြင့် နောင်အခါ၌ ဝိဇိတာဝီ မည်သော ပစ္စေက
ဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန် စံသတဲ့ဟု မှတ်ပါ၊ ဤသို့ဆိုကြသည်။ (ယုဂ္ဂတရမေတ္တ
ဝိမံသိတွာ ဂဟေတဗ္ဗံ၊)

**မဟာအာနိသံသော။** ။(၁) "အယံ ၊ပေ၊ နိဒ္ဒံ လဘတိ"ဖြင့် အိပ်လို့မရ ဖြစ်နေရာမှတရားနာရသည့်အတွက်အိပ်ရခြင်းအကျိုး၊ ကိုယ်သင်းရဲ စိတ်ဆင်းရဲတို့မှ ကင်းခြင်းအကျိုးကို ပြသည်။

(၂) "တိဏ္ဏံ ၊ပေ၊ အကာသိ"ဖြင့် ရတနာသုံးပါးတို့အပေါ်၌ အကြီးအကျယ် ပူဇော်သက္ကာရ ပြုမှုကိုပြသည်။

(၃) "ပေါထုဇ္ဇနိကာယ ၊ပေ၊ နာဟောသိ"ဖြင့် အလွန်အကဲ ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ်နိုင်သော သဒ္ဓါတရား ရှိမှုကို ပြသည်။

(၄) "**အနာဂတေ** ၊ပေ၊ ပစ္စေကဗောဓိ ... ရိနိဗ္ဗာယိဿတိ"ဖြင့် အမြတ်ဆုံးအားဖြင့် တမလွန်အကျိုးကို ပြသည်။ အကြွင်းမရှိသောအားဖြင့် နောက်နောက်ဘဝတို့၌ အတိုင်းအရှည်မရှိ များပြားလှသော တမလွန်အကျိုးများကို သိပါ။

**ဝိဇိတာဝီ။** ။မာရ် ငါးပါးတို့ကို အထူးအားဖြင့် အောင်မြင်တော်မူသောကြောင့် "ဝိဇိတာဝီ" မည်သည်။ သူတပါးတို့၏ ညွန်ပြမှုမှ ကင်းခြင်းကြောင့် အထူးအောင်သည်ဟု ဆိုသည်။ (၁၉၇)

**ဣဒ မဝေါစ စသည်။** ။ဆိုအပ်ပြီးသော ပါဠိတော်ကိုပင် အဋ္ဌကထာ၏ နိဂုံး အဖြစ်ဖြင့် ပြလို၍ "ဣဒ မဝေါစ"စသည်ကို မိန့်သည်၊ တနည်း—ပါဠိတော်၌ သံဂါယနာ မတင်အပ်သော အနက်ကိုပါ သိမ်းယူခြင်းငှာ "ဣဒမဝေါစ"စသည်ဖြင့် နိဂုံးအုပ်သည်ဟု မှတ်ပါ။ (၁၉၈)

သာမညဖလသုတ် ပြီးပါပြီ။

# အမ္ဗဋ္ဌသုတ်

## အဋ္ဌနိဂမန

**ကောသလာ။** ။မင်းသားများသည် အနွယ်နှင့်စပ်၍ ကောသလ အမည်ရကြသည်။ တနည်း—ကောသံ လန္တိ ဂဏှန္တိ ကုသလံ ဝါ ပုစ္ဆန္တိတိ ကောသလာ။ (၂၀၀)

**ဇနပဒိနော။** ။"ကောသလာ နာမ ရာဇကုမာရာ"ဟူ၍ ဆိုလျှင်ပြီးပါလျက် "ဇနပဒိနော"ဟုဆိုခြင်းသည် ထိုမြို့ဝယ် နေကြသော အခြားသော ထိုထိုနာမည်ဖြင့် ထင်ရှားသော ပုဂ္ဂိုလ်တို့ ရှိကြသော်သည်း ဇနပုဒ်ကို အစိုးရခြင်း ရှိသောကြောင့် ထိုမင်းသားတို့၏ နေခြင်းကိုသာ စွဲ၍ ဤဇနပုဒ်မှာ ကောသလဟူသော ဤအမည်ဖြစ်၏ဟု ပြခြင်းအကျိုးရှိ၏။

**ကောပိ ဇနပဒေါ။** ။ဤပါဠိဖြင့် သဒ္ဒါအားဖြင့် ဗဟုဝုစ်ဖြစ်ရ၍ အနက်အားဖြင့်ကား ဇနပုဒ် တခုတည်းသာဟု ထင်စွာပြသည်၊

**အပိ သဒ္ဒါ သမ္ဘာဝနံ၁။** ။ဇနပုဒ်သည် တခုတည်းသာ ဖြစ်သော်လည်း ရုဠှီသဒ္ဒါ ဖြစ်သောကြောင့် ဗဟုဝုစ် ဖြစ်သင့်သည်ဟု ချီးမြှောက်သည်။

**ရုဠှီသဒ္ဒေန။** ။ရုဠှီ-သဒ္ဒါ ဖြစ်သောကြောင့် ဗဟုဝုစ်သဒ္ဒါ သင့်သည်၊ ရုဠှီဟူသည် နိဃိတ မင်းသားတို့၏ များခြင်း (ဗဟုဝုစ်) ကို နိဿယဇနပုဒ်၌ တင်စားခြင်းတည်။

**ဇနပဒေ၊** ။ကောသလေသု-ဟု ဗဟုဝုစ်ဝိသေသန ရှိသော်လည်း ဇနပဒအား ဇာတိသဒ္ဒါ ဖြစ်သောကြောင့် "ဇနပဒေ"ဟု ဧကဝုစ်သာရှိသည်။

ပေါရာဏာ ပန္နာဟု။ ။ပန-ဝိသေသတ္တဇော တနာ၊ ဤပန-ဖြင့် ကောသလေသု သည် များစွာသော အနက်ဟူသော ဟောရာရှိသော ကြောင့်ပင် ဗဟုဝုစ်ဖြစ်သည်၊ ရုဋ္ဌိအစွမ်းဖြင့် ဗဟုဝုစ် ဖြစ်သည်မဟုတ်ဟူသော အထူးကို ထွန်းပြသည်။ ထိုဇနပုဒ်သည် ယူဇနာသုံးရာ အတိုင်းအရှည်ရှိသော ကြောင့် များသော အပြားရှိသည်။ (ဤနည်း၌ ကောသလ ဇနပုဒ်တို့၌-ဟု အနက်ပေးပါ။) (၂၀၁)

မဟာပနာဒ။ ။မဟာပနာဒဇာတ်၊ သုရုစိဇာတ်တို့၌လာသော သုရုစိအမည် ရှိသော ဝိဒေဟမင်း၏ သားတော်ဖြစ်သော မဟာပနာဒ အမည်ရှိသော မင်းသား။

နာနာနာဋကာနိ။ ။ဘဏ္ဍကဏ္ဍ ပဏ္ဍကဏ္ဍ အမျိုးရှိသော ခြောက်သိန်းအသော အမျိုးမျိုးသော ကချေသည်များ။

မဟာပနာဒ မပြုံးရယ်ခြင်းအကြောင်း။ ။မဟာပနာဒ မင်းသားသည် နတ် ကချေသည်တို့ကို အခြားမဲ့ ဘဝ၌ ပင် မြင်ခဲ့ဘူးသောကြောင့် လူကချေသည်တို့၏ကခြင်းကို နှစ်သက်မှု မဖြစ်ပါ၊ ထို့ကြောင့် မပြုံးခြင်းဖြစ်သည်။ (၂၀၁-၂)

မဟာပနာဒ မင်္ဂလာသုံးပါး။ ။မဟာပနာဒမင်းသား၏ ပါသာဒမင်္ဂလာ ဆတ္တမင်္ဂလာ အာဝါဟမင်္ဂလာ ဟူသော မင်္ဂလာသုံးပါး တပြိုင်နက်ပြုရာ ထိုအခါ ကာသိ ဝိဒေဟတိုင်း နှစ်ခု၌ နေကြ သူများ မိမိဆိုင်ရာ အလုပ်ကိစ္စများကို စွန့်၍ ထိုအရပ်၌ စုဝေး၍ ၇-နှစ် ကျော်ကျော် ပွဲသဘင်ကို ခံစားကြသည်။ (၂၀၂)

နတ်ကချေသည်၏ ကပြပုံ။ ။သိကြားမင်းစေလွှတ်အပ်သော နတ်ကချေသည် သည် မင်းရင်ပြင်ဝယ် ကောင်းကင်၌ ရပ်တည်၍ ထက်ဝက်သော အဖို့မည်သည်ကို ပြသည်၊ လက်တဘက် ခြေတဘက် မျက်စိ တလုံး အစွယ်တချောင်း လှုပ်၍ ကပြသည်၊ တခြမ်းလှုပ်၍ ကျန်တခြမ်းက ငြိမ်သက်စွာ ထားပြသည်၊ ထိုကပြမှုကို မြင်၍ မဟာပနာဒမင်းသား အနည်း ငယ်ပြုံးသည်၊ ဤအနက်အဓိပ္ပာယ်ကို ရည်ရွယ်၍ "ဒိဗ္ဗနာဋကံ ဒဿေတွာ ဟသာပေသိ" ဟူ၍ ဆိုသည်။ [မဟာဇနကာယေ သန္နိပတိတေ၊ တချို့က ရယ်စရာပြု၍ မင်းသားကို ရယ်စေအံ့၊ တချို့က ထိုရယ်စရာအမှုကို ကြည့်ကုန် အံ့ဟု ကြံ၍ စည်းဝေးသော ငရိသတ်တည်း။]

**စာရိကံ စရမာနော**။ ။ဤ၌ စုဏ္ဏိသဂမနမျှကို မယူရ၊ မဂ္ဂဂမနကိုသာ ယူရမည်ဟု ပြခြင်းငှာ "အဒ္ဓါနဂမနံ" ဟု မိန့်သည်။ စာရိကံ-ခရီးရှည်သွားခြင်း ဟူသော လှည့်လည်ခြင်း ဖြင့်။စရမာနော-လှည့်လည် တော်မူလသော်၊ တနည်း—စာရိကံ-ကို၊ စရမာနော ပြုလသော်။ (၂၀၃)

**ဘဂဝတော**။ ။သာဝကတို့မှာလည်း ရှင်၏ အစွမ်းဖြင့် စာရိကာဖြစ်သင့် သောကြောင့် သာဝကတို့မှ အထူးပြုရန် "ဘဂဝတော"ကို မိန့်။ ဤစာရိကာမည်သည် များစွာသော လူအပေါင်းကို ချီးမြှောက်ခြင်း အကျိုးငှာ ဘုရားရှင်တို့မှာသာ ရနိုင်သော်လည်း ဘုရားရှင်တို့ကိုစွဲ၍ ရှင်၏ သဒ္ဒါဖြင့် သာဝကတို့မှာလည်း စာရိကာကို ဆိုနိုင်သည်။[နှီးဖျာစသည်တို့ဖြင့် ပြုအပ်သော ယပ်ကိုလည်း ထန်းရွက်ယပ်ဟု ခေါ်အပ်သကဲ့သို့တည်း။]

**ဒုရေပိ**။ ။ပိ-ဖြင့် နာတိဒူရေပိကိုပေါင်း၊ ဘာ့ကြောင့်နည်း—အလွန်မဝေး သောအရပ်၌လည်း စာရိကာဖြစ်သင့်သောကြောင့်တည်း။

**တိဿသာပဏ္ဏာ**။ ။သာဝတ္ထိငယ် ဓမ္မသေနာပတိ၏ အလုပ်အကျွေးအမျိုး၌ မွေးဖွားသော ကြီးကျယ်သော ဘုန်းကံရှိသော ပိဏ္ဍပါတ ဒါယကတိဿ ကမ္ဗလဒါယကတိဿ ဟူသော အမည်များရဖူးသော နောင်အခါ ၌ဝနဝါသီတိဿ ဟု ထင်ရှားသောကိုရင်တည်း။ [ပုက္ကုသာတိ-ဂန္ဓာရမင်း၊ မဟာကပ္ပိန- ကုက္ကုဋဝတီမင်း၊ ခနိယ—ကောရဗျသင်္ဘေး၏သား နွားရှင်။] (၂၀၄)

**မင်္ဂလံ ဝတွာ**။ ။ထိုရွာသားတို့၏ ဒါနနှင့် စပ်ယှဉ်သော မင်္ဂလာစကားကို ဟောတော်မူ၍။ [မဂ္ဂဒေသကော- နိဗ္ဗာနမဂ္ဂ သုဂတိမဂ္ဂကို ဟောပြတော်မူသည်။]

**ဗုဒ္ဓဒါယဇ္ဇံ တေ ဒဿာမိ**။ ။ရဟန်းဖြစ်ခြင်းသည် သံဃာကံ အစွမ်းဖြင့် ပြီးစီး ပါသော်လည်း မြတ်စွာဘုရား၏ အာဏာတော် အစွမ်းဖြင့် ပြီးစီးသောကြောင့် "ဗုဒ္ဓဒါယဇ္ဇံ တေ ဒဿာမိ"ဟု မိန့်သည်။ အပရေ အရာတို့ကား— အသက်နှစ်ဆယ် မပြည့်သေးသည်သာလျှင် ဖြစ်သော ဝနဝါသီတိဿ သာမဏေအား ဥပသမ္ပဒါ အဖြစ်ကို ခွင့်ပြုတော်မူသော ဘုရား ရှင်သည် "ဗုဒ္ဓဒါယဇ္ဇံ တေ ဒဿာမိ"ဟူ၍ မိန့်တော်မူသည်ဟု ဆိုကြသေး၏။ အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။

**ဘာဏကမတ္တုလိုအဆိုကဲ့**။ ။ဓမ္မပဒအဋ္ဌကထာ၌ ရဟန်းတော် လေးသောင်း အခြံအရံရှိသော အရှင်သာရိပုတ္တရာ စသော

မထေရ်တို့၏ မိမိတို့ဆိုင်ရာ အခြံအရံတို့နှင့် အသီးသီးကြွခြင်း၊ ဘုရားရှင် တပါး တည်းသာ ကြွခြင်းကို ခုဒ္ဒကဘာဏက တို့၏ အလိုအားဖြင့် ဆိုသည်။ ဤ အဋ္ဌကထာနှင့် မဇ္ဈိမနိကာယ် အဋ္ဌကထာများ၌ တနည်းကြွပုံကို ဒီဃဘာဏက မဇ္ဈိမဘာဏကတို့၏ အလိုအားဖြင့် ဆိုသည်ဟု မှတ်။ (၂၀၄)

**မဏ္ဍလသုံးမျိုး။** ။(၁) မဇ္ဈိမဒေသ၌ အကျုံးဝင်သည်သာဖြစ်သော အပြင် ဘက် ပမာဏဖြင့် ပိုင်းခြားအပ်သောကြောင့် အလွန်ကြီး သော မဏ္ဍလသည် မဟာမဏ္ဍလ မည်၏။

(၂) မဟာမဏ္ဍလ အန္တောမဏ္ဍလ နှစ်ခုတို့၏ အလယ်၌ဖြစ်သော မဏ္ဍလ သည် မဇ္ဈိမမဏ္ဍလမည်၏။

(၃) မဟာမဏ္ဍလ မဇ္ဈိမမဏ္ဍလတို့အောက် ငယ်သောကြောင့်၊ တနည်း- ထိုမဏ္ဍလနှစ်ခုတို့၏ အတွင်း၌ ဝင်သောကြောင့် အန္တောမဏ္ဍလမည်၏။ (၂၀၅)

**မဟာမဏ္ဍလ ယူဇနာကိုးရာပိုင်းခြားပုံ၊** ။မဇ္ဈိမဒေသ၏ အပြင်ဘက်၌ အတု- ရိတဒေသစာရီ မကြွသောကြောင့် ယူဇနာကိုးရာကို မဇ္ဈိမဒေသ၌ အကျုံးဝင်ခြင်းဖြင့်သာလျှင် ပိုင်းထားသည်ဟု မှတ်ပါ။ [ပစ္စန္တဒေသ၌ တုရိတစာရိကာဖြင့်သာ ကြွတော်မူသည်။]

**မဟာပဝါရဏာယ ပဝါရေတွာ စသည်။** ။ပဝါရဏာပြုပြီးမှ ဒေသစာရီ ကြွချီတော်မူခြင်းသည် ဘုရားရှင် တို့၏ အလေ့အကျက်ဖြစ်သောကြောင့် "မဟာပဝါရဏာယ ပဝါရေတွာ" စသည်မိန့်၊ [လူများစွာ စုဝေးသောကြောင့် အရပ်ရောက်သူများသာ ဘုရား ရှင်ကို ပင့်ဖိတ်ခွင့်ရကြသည်။]

**သမထဝိပဿနာ တရုဏာ ဟောန္တိ။** ။ဥပစာရသမာဓိ အစွမ်းဖြင့် သမထနု သည်၏ အဖြစ်ကို သိပါ။ သင်္ခါရပရိစ္ဆေဒ ဉာဏ်၊ ကင်္ခါဝိတရဏာဉာဏ်၊ သမ္မသနဉာဏ်၊ မဂ္ဂါမဂ္ဂဉာဏ် ဟူသော လေး ပါးသော ဉာဏ်တို့၏ အစွမ်းဖြင့် ဝိပဿနာနုသည်၏အဖြစ်ကို သိပါ။ [တရုဏ ဝိပဿနာတိ ဟိ တေသံ စတုန္နံ ဉာဏာနမဓိဝစနံ။] (၂၀၅)

**ပဝါရဏာသင်္ဂဟံ ဒတွာ။** ။ပဝါရဏာ မပြုသေးဖို့ရန် ခွင့်ပြုမှု ပေးတော်မူ ခြင်း၏ အစွမ်းဖြင့် ပေးသည်။

**မိဂသိရသ ပဌမပါဋိပဒဒိဝသေ။** ။ဤစကားကို မဇ္ဈိမဒေသ ဝေါဟာရ အစွမ်းဖြင့် နတ်တော်လ၏ ပဌမအထွက်

တရက်နေ့ကို ရည်ရွယ်၍ ဆိုသည်။ ယခု မြန်မာဝေါဟာရဖြင့် တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့ဟု သိပါ။

အညေနပိ ကာရဏေန။ ။ရဟန်းတော်တို့၏ သမထဝိပဿနာ နှုနေသည်၏ အဖြစ်မှ အခြားသော မင်္ဂလာ၌ ဝေနေယျ တို့၏ ဉာဏ်ရင့်ကျက်မှုစသော အကြောင်းကြောင့်လည်း။ (စတုမာသံ-ဝါဆို လပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ လေးလတည်း။)

ဘဂဝတော ဝေနေယျသတ္တာ။ ။မြတ်စွာဘုရားသည် စရိုက်အား လျော်စွာ ဆုံးမအပ်သော သတ္တဝါများတည်း။

ကောမာသံ ဝါ ၊ပေ၊ ဝသိတွာ။ ။ပြာသို တပို့တွဲ တပေါင်း တန်ခူး ဟူသော လေးလတို့တွင် အမှတ်မထား တပါးပါး သောလ၏ ပဌမနေ့၌ ထွက်တော်မူသောကြောင့် ဤအဋ္ဌကထာ၌ လမှတ် သားမှုကို ပြုတော်မမူပါ၊ ထို့ကြောင့် "ကောမာသံ ဝါ ၊ပေ၊ ဝသိတွာ" ဟု မိန့်။ "တတ္ထဝ-ထိုဝါကပ်ရာအရပ်၌ပင်"ဟု ပေး။ သင်္ဂဟ ဝါ-စသည် ကို ကောမာသံ ဝါ-စသည်နှင့် အစဉ်အတိုင်း ယှဉ်စပ်ရမည်၊ နောက်တလ ထိုဝါကပ်ရာအရပ်၌ပင် ဆက်လက်၍ သီတင်းသုံးတော်မူလျှင် ခုနစ်လတို့ဖြင့် ဒေသစာရီကို ပြီးဆုံးစေတော်မူ၏။ နောက်နှစ်လ ဆက်လက်၍ ထိုအရပ်၌ပင် သီတင်းသုံးတော်မူလျှင် ခြောက်-လတို့ဖြင့် ဒေသစာရီကို ပြီးဆုံးစေတော်မူ၏၊ နောက် သုံးလဆက်လက်၍ ထိုအရပ်၌ပင် သီတင်းသုံးတော်မူလျှင် ငါးလတို့ ဖြင့် ဒေသစာရီကို ပြီးဆုံးစေတော်မူ၏။ နောက် လေးလဆက်လက်၍ ထိုအရပ် ၌ပင်သီတင်းသုံးတော်မူလျှင် လေးလတို့ဖြင့် ဒေသစာရီကို ပြီးဆုံးစေတော်မူ၏။ (၂၀၆)

ဧကဝိဟာရဝသေန။ ။သလုံးမြင်းခေါင်းတို့ဖြင့် လှည့်လည်ခြင်း၏ အစွမ်းဖြင့်၊ ဝါ- သလုံးမြင်းခေါင်းတို့ဖြင့် လှည့်လည်၍ ထိုထိုအရပ် ၌ နှစ်ရက် သုံးရက် နေခြင်း၏ အစွမ်းဖြင့်။ [သဗ္ဗိရိယာပထသာဓာရဏဝိဟာရဝစနံ။]

သရီရဖာသုကတ္ထာယ။ ။တခုသော နေရာ၌သာလျှင် အမြဲနေခြင်းကြောင့် များသောဓာတ်ရှိသော ကိုယ်ခန္ဓာ၏ လှည့်လည်ခြင်း ဖြင့် ချမ်းသာသည်၏ အဖြစ်အကျိုးငှာ လှည့်လည်တော်မူသည်။

နိဗဒ္ဓ အနိဗဒ္ဓ။ ။တစုံတယောက်၊ သို့မဟုတ်နှစ်ယောက်သုံးယောက်သော ပုဂ္ဂိုလ် တို့ကိုရည်ရွယ်၍ ကြွတော်မူခြင်းသည် နိဗဒ္ဓစာရိကာမည်၍များ

စွာသော ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ရွာစဉ် နိဂုံးစဉ် ကြွတော်မူခြင်းသည် အနိဗဒ္ဓစာရိကာမည်၏။

ဒသသဟဿိလောကဓာတုယာ။ ။ဇာတိခေတ်ဖြစ်သော စကြဝဠာတသောင်းကို ရည်ရွယ်၍ မိန့်သည်။ ဘာ့ကြောင့်နည်း- ထိုဇာတိခေတ်၌သာ ကျွတ်ထိုက်သော သတ္တဝါတို့ ရှိသောကြောင့်တည်း။ ချဲ့ဦးအံ့-ထိုဇာတိခေတ်၌ ဤလောကအနှံ့ ရှိကုန်သော ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်ရှုဖို့ရာ ဗုဒ္ဓဉာဏ်ကို ဆောင်၍ တည်သော ဘုရားရှင်ကို ဉာဏ်ကွန်ရက်ဖြန့်တော်မူသည်ဟု ဆိုရသည်။ ဤစကားကိုလည်း နတ်ပြဟ္မာတို့၏ အစွမ်းဖြင့် ဆိုသည်၊ လူတို့တွင်ကား ဤစကြဝဠာ၌သာ ပရိဝါရနှင့်တကွသော ဤဇမ္ဗူဒိပ်၌သာ ကျွတ်ထိုက်သော သတ္တဝါများရှိသည်။

ဗောဓနေယျဗန္ဓဝေ။ ။"သစ္စာလေးပါးကို သိစေထိုက်သော ဘုရားရှင်၏ ဆွေတော်မျိုးတော်တို့ကို" ဟု ပေးပါ၊ အမျိုးအနွယ်စပ်သူများသည် ဗန္ဓဝမည်သကဲ့သို့ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းအားဖြင့် ဆက်စပ်သော သတ္တဝါတို့လည်း ဘုရားရှင်၏ ဆွေတော်မျိုးတော်များပင် မည်၏။ (၂၀၇)

သဗ္ဗညုတညာဏဇာလဿ အန္တော ပဝိဋ္ဌော။ ။ဉာဏ်တော်၏ အာရုံအဖြစ်သို့ ရောက်ခြင်းကို ရည်ရွယ်၍ "သဗ္ဗညုတညာဏ ဇာလဿ အန္တော ပဝိဋ္ဌော"ဟု မိန့်။ ချဲ့ဦးအံ့-ဘုရားရှင်သည် မဟာကရုဏာ သမာပတ်ကို ရှေးဦးစွာ ဝင်စားတော်မူ၍ သမာပတ်မှ ထတော်မူပြီးသောအခါ ကျွတ်ထိုက်သော သတ္တဝါတို့သည် ငါဘုရား၏ ဉာဏ်တော်၌ ထင်လာစေသတည်းဟု အဓိဋ္ဌာန်တော်မူသည်။ ထိုအခါ ကျွတ်ထိုက်သော သတ္တဝါတို့သည် ဉာဏ်တော်၌ ထင်လာသည်။ ဤကား-ဗုဒ္ဓမြတ်စွာ၏ အာနုဘော်တည်း။ ထိုသို့ ထင်လာသောအခါ ထိုသူ၏ ဥပနိဿယဖြစ်သော ရှေးဘဝ၌ ကျင့်ခဲ့သော ပါရမီနှင့် အကြောင်းတရားများကိုလည်းကောင်း၊ ယခုဘဝ၌ ဖြည့်ဆဲအကျင့်ကိုလည်းကောင်း ကြည့်တော်မူသည်။

ဝါဒပဋိဝါဒံ ကတွာ။ ။"ဝံ န တေ အမ္ဗဋ္ဌ"စသည်ဖြင့် ဘုရားရှင် မိန့်တော်မူအပ်သောစကားသည် "ဝါဒ"မည်၍ "ယေစ ခေါ တေ ဘော ဂေါတမ မုဏ္ဍကာ သမဏကာ"စသည်ဖြင့် အမ္ဗဋ္ဌ၏ ပြန်၍ ပြောဆိုသောစကားသည် "ပဋိဝါဒ"မည်၏။

**သီလခန္ဓာဝါရိ။** ။သစ်တုံး၊ ထန်းတုံး၊ ကျောက်၊ အုတ် စသော အတုံးအခဲတို့ဖြင့် ထက်ဝန်းကျင် ကာ ရံရာဖြစ်သော တံ မြို့ကို "ခန္ဓာဝါရ"ဟု ခေါ်သည်။ ဤနေရာ၌ကား ဓမ္မရာဇာ၏ သီတင်းသုံးတော်မူရာဖြစ်၍ ထိုဘပ်မြို့ကဲ့သို့ လုံခြုံသောသီလဘို့ကို သဒိသူပစ ဖြင့် "သီလခန္ဓာဝါရ"ဟု ဆိုသည်။ ခန္ဓာဝါရ-အရ မုချအားဖြင့် ဘုရင်များ၏ အချိန်မကြာ ခဏတာ နေထိုင်ရာအရပ်ရ၍ သဒိသူ စာအာ ဖြင့် အချိန်မကြာ ခဏတာ နေခြင်း ကြိယာနှင့် စပ်ခါမျှဖြစ်သော ဘေးတို့မှ တာ မြစ်တတ်သော အနက်ကြောင့် ဘုရင်မျာ ၏ အချိန်မကြာ ခဏတာ နေထိုင်ရာအရပ်နှင့် တူရကား သီလတော်ကိုလည်း ခန္ဓာဝါရဟု ဆိုသည်။ (၂၀၈)

**သီလ သမာဓိ ပညာ။** ။တရားမင်းဖြစ်သော မြတ်စွာဘုရား၏ အကျင့်ပဋိပတ်တော်ဟူသမျှသည် အဓမ္မကို အကုန်အစင် နှိမ်နင်းခြင်းသာ အရေးအကြီးဆုံးဖြစ်သည်။ ထိုအကျင့်ပဋိပတ်ဟူသည်လည်း အချုပ်အားဖြင့် သီလ သမာဓိ ပညာတော်သာ ဖြစ်၏၊ ထို့ကြောင့် ထိုတရား သုံးပါးကိုသာ ဓမ္မရာဇာ၏ အဆောင်အယောင်လုပ်၍ "သီလခန္ဓာဝါရိ သမာဓိကောန္တံ သဗ္ဗညုတညာဏသရံ"ဟု ရူပကအလင်္ကာဖြင့် ပြတော်မူ၏။

**ယထာဘိရုစိတေန ဝိဟာရေန။** ။အလုံးစုံသော ဝိဟာရနှင့် ဆက်ဆံသော ဝိဟာရကို ပြသည်၊ ဒိဗ္ဗဝိဟာရ စသည်တို့တွင် ကိုယ်တော် နှစ်သက်တော်မူသော ဝိဟာရဖြင့် နေတော်မူသည်ဟု ဆိုလိုသည်။

---

ပေါက္ခရသာတိဝဏ္ဏနာ

**မန္တေ။** ။ဣရု ဝေဒ စသောကျမ်းများကို လုံခြုံစွာ ရွတ်ဆိုအပ်သောကြောင့် "မန္တ"ဟု ခေါ်သည်။ (၂၀၈)

**အရိယာ ပန စသည်။** ။ဇာတိဗြာဟ္မဏာနံ-ဟူသော သဒ္ဒန္တရိက်ဖြင့် ပြအပ်ကုန်သော ဇာတိ ဝိသုဒ္ဓိအားဖြင့် နှစ်ပါးကုန်သော ဗြာဟ္မဏတို့တွင် ဝိသုဒ္ဓိဗြာဟ္မဏတို့၏ နိရုတ္တိကို ပြလိုသောကြောင့် "အရိယာ ပန"စသည်ကို မိန့်။

ဉာတိ နံ ၊ပေ၊ သဥ္ဇာနန္တိ။ ။"တသာ ကိရ ကာယော သေတပေါက္ခရသ-ဒိသော" သည်သာ ပေါက္ခရသာတိပုဏ္ဏားအ၏ ပေါက္ခရသာတိ ဟူသော နာမည်ကိုရခြင်း၏ အကြောင်းပြဖြစ်သည်။ ကြွင်းသော စကားများသည် ထိုပုဏ္ဏားမှာ ရှိသော ဂုဏ်ထူးတို့ကို ပြခြင်းမျှသာတည်း။ ထို့ကြောင့် "ဉာတိ နံ ၊ပေ၊ သဥ္ဇာနန္တိ"ဟု မိန့်သည်။ (ဒေဝနဂရေ-အာလကမန္ဒာ စသော နတ်မြို့။)

တနည်း—ဟိမဝန္တပဒေသေ မဟာသရေ ပဒုမဂဗ္ဘေ နိဗ္ဗတ္တိ-သည်သာ ထိုပုဏ္ဏား၏ နာမည်ရခြင်း အကြောင်းကို ပြသော စကားဖြစ်သည်။ ကြွင်းစကားများသည် လျှဉ်းပါးဖွယ်ရှိ၍ ဖြစ်ပုံအခြင်းအရာကို ပြသောစကားသာ ဖြစ်သည်။ ထို့ကြောင့် "ဉာတိ နံ ပေါက္ခရေ သယိတတ္တာ ပေါက္ခရသာတိတိ သဥ္ဇာနန္တိ"ဟု မိန့်သည်။ (၂၁၀-၉)

ဒေဝလောကေ နိဗ္ဗတ္တိ။ ။"ဒေသာ တတော မနုဿလောကံ" စသည်ကို ဆိုသောကြောင့် "ဒေဝလောကေ နိဗ္ဗတ္တိ"၌ အဖန်ဖန် အထပ်ထပ် အကြိမ်များစွာ ဖြစ်ခြင်းကိုသာ ဆိုသည်ဟုမှတ်ပါ၊ ထိုသို့သောက်ကြောင့် ဖြစ်သည့်ကိုသာ ရည်ရွယ်၍ "မာတုကုစ္ဆိဝါသံ ဇိဂုစ္ဆိတွာ" စသည်ကို မိန့်သည်။ "ပဒုမဂဗ္ဘေ နိဗ္ဗတ္တိ"ဖြင့် သံသေဒဇပဋိသန္ဓေ နေ၍ ဖြစ်သည်ဟု ပြသည်။

ပဏ္ဍိတော ၊ပေ၊ အင်္ဂပြ ဟုဏော။ ။ပဏ္ဍိသဒ္ဒပညာဟု ဆိုအပ်သော ပင်ကိုယ်သဘာဝဉာဏ် ရှိသောကြောင့် ပဏ္ဍိတ၊ ဆိုင်ရာပြုဖွယ် ကိစ္စများ ဝေဒကျမ်းများ၌ ရှံ့ရှားခြင်းကင်း ရဲတင်းသော ပညာဟု ဆိုအပ်သော ထက်မြက်မှုကြောင့် ဗျတ္တ။ အင်္ဂပြာဟုဏော-ဒိသာ ပါမောက္ခပုဏ္ဏား၊ သိပ္ပံဒေသယတိ-၌ သိပ္ပ-အရ ဝေဒကျမ်းကိုသာ အရာအားလျော်စွာ သိအပ်သောကြောစ် ဝေဒကျမ်းကိုသာ ယူပါ။

တဿ နဂရဿ သာမိကော ဟုတွာ။ ။ဤစကားသည် အဘိဘဝိတွာ၏ အနက်ဖွင့်တည်း။ ဤစကားဖြင့် အဘိဘဝနဟူသည် ပိုင်ရှင်ဖြစ်ခြင်းတည်းဟု ပြ၏။ (၂၁၀)

ဇလမာနာသု အင်္ဂဟောသုံ။ ။"ယနေ့ မင်္ဂလာရှိသောနေ့ ဖြစ်သောကြောင့် နက္ခတ် ကောင်းသည်၊ တနေ့လုံး တွင်လည်း ဤခဏသည် ကောင်းသော ခဏဖြစ်၍ မလွန်ပါစေနှင့်"ဟူ၍ ညဉ့်၏ လင်းမှုကို စောင့်ရှောက်လျက် ညဉ့်အခါ၌ အရောင်အလင်းကို ပြုခြင်းငှာ မီးရှူးတန်ဆောင် စိုက်ဆောင်၍ မြို့နေရာအချပ်ကို ယူကြသည်။ (၂၁၀)

မဇ္ဈိမအဋ္ဌကထာ၌ကား—"တဥ္စနရဂံ မင်္ဂလဒိဝသော သုခဏော၊ သုနက္ခတ္တံ မာ အတိက္ကမိတိ ရဥ္စော ဥက္ကာသု ဋ္ဌိတာဘာ မာပိတတ္တာ ဥက္ကဋ္ဌာတိပိ ဝုစ္စတိ" ဟု ဖွင့်၏။ မဇ္ဈိမအဋ္ဌကထာစကားသည် ဤအဋ္ဌကထာလာ စကားနှင့် ညီညွတ်ပါ သည်။ ဘာ့ကြောင့်နည်း-မြို့ရာ သိမ်းယူခြင်းသည် မြို့ဖန်ဆင်းခြင်း၌ အကျုံး ဝင်သောကြောင့်တည်း။ (၂၀၀)

အပရေဝါဒ။ ။(၁) မြေအဖို့နှင့် ပြည့်စုံခြင်း၊

(၂) အဆောက်အဦးနှင့် ပြည့်စုံခြင်း၊

(၃) လူတို့နှင့် ပြည့်စုံခြင်း-ဟူသော ကောင်းမြတ်သော ဂုဏ်များနှင့် ယှဉ်သောကြောင့် "ဥက္ကဋ္ဌ"ဟု နာမည်ရသည်။ (၂၀၁)

သဒ္ဒသတ္တတော ပရိယေသိတဗ္ဗံ။ ။သဒ္ဒါကျမ်းတို့၌ ထင်ရှားရှိသောကြောင့် ဉာဏ်ဖြင့် စူးစမ်းရှာဖွေထိုက်သည်။ ယူရမည် ဟု ဆိုလိုသည်။ ဤပါဌ်ဖြင့် သဒ္ဒါပြယုဂ်သည် သဒ္ဒါကျမ်းသို့ အစဉ်လိုက်သည် သာဟု ပြ၏။

မေးဖွယ်။ ။သတ္တုဿဒံ စသောပုဒ်တို့ကို ဆိုအပ်ပြီးသော အစီအစဉ်ဖြင့် ဒုတိယာဝိဘတ်သက်သော် အာဓာရတွေ့ မတူလည်း မဟုတ်ပါ လောဟု မေးဖွယ်ရှိ၏။

အဖြေကား။ ။သတ္တုဿဒံ စသောပုဒ်တို့သည်လည်း မြို့အဖြစ်ဖြင့် တူသော အနက်ရှိသောကြောင့် အာဓာရမထူးပါ၊ အတူပင်ဖြစ်ပါ သည်။ (သကတ္ထမတ္တဒ္ဓိ တေသံ နာနာကရဏံ။)

ပေါက္ခရဏီနှင့် တဋ္ဌာကအထူး။ ။ခဏိတ္တာ ကတာ ပေါက္ခရဏီ၊ အာဗန္ဓိတ္တာ ကတံ တဋ္ဌာကံ။ (၂၀၂)

ရညော ဒါယဇ္ဇတံ။ ။သား မြေး မြစ် အဆက်ဆက်တိုင်အောင် အမျိုးဥစ္စာ အဖြစ်ဖြင့် မင်းထံမှ ရအပ်သောကြောင့် "ရညော ဒါယဇ္ဇတံ"ဟု ပန်နှိုသည်။ ထိုဒါယဇ္ဇါသည် ဒါယဇ္ဇ၏ ပရိယာယ်ဟု သိစေ လို၍ "ဒါယဇ္ဇန္တိ အဇ္ဈော"ဟု ဖွင့်သည်။ (၂၀၃)

ဆတ္တံ ဥဿာပေတွာ။ ။ကြွင်းကျန်သော မင်းမြောက်တန်ဆာတို့သည် ထီး လျှင် အဦးပဓာနရှိသောကြောင့် ပဓာနနည်းအားဖြင့် ကြွင်းသော မင်းမြောက်တန်ဆာတို့ကိုလည်း ယူ။ (၂၀၃)

ဟုတ္ဝာ ထည့်။ ။"ရညာ ဘုဋ္ဌိတဗ္ဗံ"ဟုသာဆိုလျှင် ဤဌ္ဌလိုအပ်သော အနက် မထင်ရှားသောကြောင့် "ဟုတွာ"သဒ္ဒါထည့်သည်။ မှန်၏-ပေါက္ခရသာတိပုဏ္ဏားသည် မင်းမျိုးမှ မဆင်းသက်ခဲ့ပါပဲလျက် မင်းစည်းစိမ်ကို မင်းလို သုံးဆောင်ခံစားခွင့်ရသည်။ (၂၁၃)

ပသေနဒိ၊ ။အလှူ်များသည့်အတွက် ရွှေဒ္ဓ ထားဖို့ ဌာနရာမရှိသောကြောင့် ထမင်း ဟင်း စသည်တို့ကို ဆေးနှစ်ဆက်တိုဒ္ဓသည်း ထား၍ ပေးအပ်ရာဖြစ်သောကြောင့် "ပသေနဒိ"မည်၏။ (ထိုမင်းသည် ဆန်တစိတ်ချက်ထမင်းကိုသော်မှ ထိုအားလျော်သော ဟင်းစားဖွယ်ဖြင့် စားနိုင်သည်။) တနည်း—မိမိ၏တူဖြစ်သော အဇာတသတ်မင်းကိုလည်းကောင်း၊ ခိုးသူငါးရာစသောရန်သူတို့ကိုလည်းကောင်း အောင်နိုင်သောကြောင့် "ပသေနဒိ" မည်၏။

ဖြဟ္မဒေယျံ။ ။လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်ခြင်းဟု ဆိုအပ်သော တဖန်ပြန်၍ မယူသောအားဖြင့် ပေးအပ်သောကြောင့် ဤနေရာ၌ "ဗြဟ္မဒေယျ"ဟု ဆိုသည်။ ရှေး၌ကဲ့သို့ မင်းလိုသုံးဆောင်နိုင်လောက်အောင် ပေးခြင်းကြောင့် ဗြဟ္မဒေယျ မည်သည်မဟုတ်သောကြောင့် "ယထာ" စသည်ကိုမိန့်။ (၂၁၄)

အဿောသိတိ သုဏိ ဥပလဘိ။ ။ဥပလဘိ-ပါဌ်ဖြင့် ကြားခြင်း ဟူသည် ရခြင်းတည်းဟု ပြသည်၊ ထိုရခြင်းသည် ကြားခြင်းနှင့်စပ်၍ သာလျှင် သိခြင်းဟု ပြလိုသောကြောင့် "သောတဒွါရသမ္ပတ္တဝစန နိဂ္ဂြောသာနုသာရေန အညာသိ"ဟု မိန့်သည်။ သောတဒွါရသို့အစဉ်လိုက်သော ဝိညာဏဝီထိအစွမ်းဖြင့် သိခြင်းသည်သာ ဤနေရာ၌ အကြားမည်။ အဘယ့်ကြောင့်နည်း-ထိုအသိဖြင့် "သမဏော ခလု ဘော ဂေါတမော" စသည်ဖြင့် ဆိုအပ်သော အနက်အဓိပ္ပာယ်ကို ရနိုင်သောကြောင့်တည်း။ သောတဒွါရဝီထိအစွမ်းဖြင့် ကြားခါမျှသည် ဤနေရာ၌ အကြားမမည်ပါ။ အဘယ့်ကြောင့်နည်း ထိုအကြားမျှဖြင့် ထိုအနက်ကို မရနိုင်သောကြောင့်တည်း။ (၂၁၅)

ပဒပူရဏမတ္တေ နိပါတော။ ။ဝါကျတိုင်းမှာ အဝဓာရဏ ဝင်သည့်အတွက် အဝဓာရဏအနက်ဟော သဒ္ဒါမပါပဲ အညတ္ထာပေါဟနနည်းဖြင့်"ကြားရသည်သာ၊ကြားခြင်း၏တစုံတခုသော အန္တရာယ်မရှိ"ဟူသော အနက်ကို သိနိုင်သောကြောင့် "ပဒပူရဏမတ္တေ နိပါတော"

ဟု ဆိုသည်။ ဝါကျတိုင်းမှာ အဝဓာရဏ ဝင်ပါသော်လည်း နိတတ္ထအားဖြင့် အဝဓာရဏအနက်ရှိသော ခေါ-သဒ္ဒါကသာ အဝဓာရဏအနက်ကို အလွန် အကဲသိစေနိုင်သောကြောင့် "အဝဓာရဏတွေ"ဟူသော ပဋမဝိကပ်ကို ဖွင့်ဆိုခဲ့သည်။

အာလပနမတ္တံ။ ။ချစ်ဖွယ်မြတ်နိုးဖွယ်ဖြစ်အောင် ပြောဆိုသောစကားမျှသာ ဖြစ်သည်။ ထိုထက်ပိုလွန်သော အနက်ကို ထင်ရှားပြတတ်သော စကားမဟုတ်ပါ။ မှန်၏-"ဘော၊ အာဝုသော၊ ဒေဝါနံပိယ"ဟူသော စကားတို့သည် ချစ်ဖွယ်အသုံးအနှုန်းများဖြစ်သည်။ (၂၁၆)

ကိဉ္စနံ။ ။(၁) ရာဂကိဉ္စနံ၊ (၂) ဒေါသ၊ (၃) မောဟ၊ (၄) မာန၊ (၅) ဒိဋ္ဌိ၊ (၆) ကိလေသ၊ (၇) ဒုစ္စရိတကိဉ္စနံ၊ (သတ္တေ ကိဉ္စတိ မဒ္ဒတိ ပလိဗုဒ္ဓတီတိ ကိဉ္စနာနိ။)

ဂေါတ္တံ။ ။ဂေါတ္တဟူသည် အခြား အမျိုးအဆက်ဆက်နှင့် မရောယှက် မဆက်ဆံသော ထိုအမျိုး၏ ပဌမဆုံး ယောကျ်ားမှစ၍(ထိုအနွယ် မတိမ်ကောမပျောက်ကွယ်သမျှ) ထိုအမျိုး၌ ပါဝင်သူလူအများနှင့် ဆက်စပ် သော သာမညသဘောတမျိုးတည်း။ မှန်၏-ထိုအမျိုး၌ ဖြစ်သော သုဒ္ဓေါဒန မဟာရာဇာ စသည်ကိုလည်း ဂေါတမဟူ၍ ခေါ်ဆိုနိုင်သည်။ ထို့ကြောင့်ပင်-

(၁)"အဘိက္ကန္တဝရာ ခေါ ဂေါတမ တထာဂတာ" ဟူ၍ ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကိုလည်းကောင်း၊

(၂) "ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ"ဟု ဝေဿဝဏ်နတ် မင်းသည် ဘုရားရှင်ကိုလည်းကောင်း၊

(၃) "သာဓု နိမ္ဗာပနံ ဗြူဟိ၊ အနုကမ္ပာယ ဂေါတမ"ဟု အရှင်ဝင်္ဂီသ မထေရ်သည် အရှင်အာနန္ဒာကိုလည်းကောင်း "ဂေါတမ"ဟု ခေါ်ကြသည်။

ဤနေရာ၌ ဘုရားရှင်ကိုသာ "ဂေါတမ"ဟု ဆိုခြင်းဖြစ်သည်။ (ဘဂဝန္တံ ဂေါတ္တဝသေန ပရိကိတ္တေတိ။)

သမဏော။ ။ဤပါဠိဖြင့် သူတော်စင်တို့သည် ဘုရားရှင်ကို များစွာမြတ်နိုး ကြကြောင်းကို ပြသည်။ ဘာ့ကြောင့်နည်း-သမဏသဒ္ဒါသည် သူတော်စင်များ မြတ်နိုးစရာ မကောင်းမှု ငြိမ်းခြင်းကို ဟောနိုင်သောကြောင့်

တည်း။[သရိက္ခကဇနကို ''သူတော်စင်''ဟု ပြန်ဆိုလိုက်ပါသည်။ အဘိဓာန်များ၌ သရိက္ခက-သဒ္ဒါအတွက် အတူတူသော အနက်ကိုသာ တွေ့ရပါသည်။] (၂၀၇)

ဂေါတမော။ ။ဤပါဌ်ဖြင့် လောကီလူသားများသည် မြတ်စွာဘုရားကို များစွာ မြတ်နိုးကြကြောင်းကို ပြသည်။ ဘာ့ကြောင့်နည်း- ဂေါတမ-သဒ္ဒါသည် လောကီလူသားအများ၏ မြတ်နိုးစရာ မြတ်သောအမျိုးအနွယ်မှ ကောင်းစွာ ဖြစ်ကြောင်းကို ဟောနိုင်သောကြောင့်တည်း။ (၂၀၈)

သကျကုလာ ပဗ္ဗဇိတော။ ။ဤစကားတော်သည် မြတ်သောအမျိုးမှ ရဟန်းပြုခဲ့ကြောင်းကိုသာ ပြနိုင်၍ သဒ္ဒါတရားဖြင့် ရဟန်းပြုခဲ့ကြောင်းကိုမပြနိုင်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။အဖြေကား-များစွာသော ဆွေမျိုး အသိုက်အဝန်းနှင့် များစွာသော စည်းစိမ်ဥစ္စာအစုကို စွန့်ခြင်းကြောင့် သဒ္ဒါတရားဖြင့် ရဟန်းပြုခဲ့သည်၏ အဖြစ်မှာ ထင်ရှားပါသည်။ ထို့ကြောင့် ''သကျကုလာ ပဗ္ဗဇိတောတိ သဒ္ဒါပဗ္ဗဇိတဘာဝပရိဒီပနံ''ဟု ဖွင့်သည်။ (၂၁၀)

အတ္ထာဝဟံ သုခါဝဟံ။ ။ဖူးမြော်ကုန်သော ပုဂ္ဂိုလ်တို့၏ စီးပွားချမ်းသာကို ဆောင်နိုင်သောကြောင့် ကောင်းမွန်သည်ဟု သိစေလို၍ ''အတ္ထာဝဟံ သုခါဝဟံ''ဟု မိန့်။ အတ္ထသည် ဒိဋ္ဌဓမ္မိကတ္ထ သမ္ပရာယိကတ္ထ ပရမတ္ထ-အားဖြင့် သုံးပါးရှိ၏၊ သုခလည်း ထို့အတူပင် သုံးပါးရှိသည်။ (၂၁၉)

တထာရူပါနံ အရဟတံ။ ။''ယထာရူပါ တေ ဘဂဝန္တော အရဟန္တော''ဟု မဆိုပဲ ''ယထာရူပေါ သော ဘဝံ ဂေါတမော''ဟု ဆိုခြင်းသည် မြတ်စွာဘုရား၌သာ ဂရုဂါရဝအစွမ်းဖြင့် ''တထာရူပါနံ အရဟတံ''ဟု ဗဟုဝုစ်ဝိဘတ်ဖြင့် ညွှန်ပြအပ်သည်၏ အဖြစ်ကို သိစေခြင်းအကျိုး ရှိသည်။

ယထာဘူတဂုဏာဓိဂမေန ၊ပေ၊ အရဟတံ။ ။ဤပါဌ်ဖြင့် ရဟန္တာဖြစ်ခြင်းသည် ဓမ္မပ္ပမာဏ လူခပ္ပမာဏ သတ္တဝါတို့၏သာ ထိုက်သည်အားလျော်စွာ အရာဖြစ်သောကြောင့် ဓမ္မပ္ပမာဏ လူခပ္ပမာဏသတ္တဝါတို့၏ ဘုရားရှင်အား ကြည်ညိုခြင်းကို ဆောင်နိုင်ကြောင်းကို တိုက်ရိုက်ပြသည်။ ထိုပုဂ္ဂိုလ်တို့ကို ပြခြင်းဖြင့် အခြားသော ရူပပ္ပမာဏ

ဃောသပ္ပမာဏ သတ္တဝါတို့၏ ဘုရားရှင်အား ကြည်ညိုခြင်းကို ဆောင်နိုင်ကြောင်းကိုလည်း အဝိနာဘာဝ နည်းဖြင့် ပြပြီးဖြစ်တော့သည်သာ။

ပသာဒသောမ္မာနိ။ ။ကြည်လင်အေးမြကုန်သော၊ ဝါ-ကြည်လင်ခြင်း၏ အစွမ်းဖြင့် အေးမြကုန်သော၊ ဤပါဠိဖြင့် ကြည်လင်သောစိတ်ရှိကြောင်း ပြ၏။ (၂၁၉)

ပါဌသေသ ဟူသည်။ ။အနက်ကိုကား သိနေအပ်၏၊ သဒ္ဒါကား မရှိ ထိုကို ပါဌသေသဟု ဆိုအပ်သည်။ ဤအနက်ကို ဖွင့်ပြလိုသောကြောင့် "ဒဿနမတ္တမ္ပိ ပေ၊ ဧဝံ အစ္ဆာသယံ ဂတာ"ဟု ဆိုသည်။ ဒဿနံ-ဟု ဆိုအပ်သော်လည်း ထိုထက်အလွန် ပြုမှု၏ ဖြစ်သင့်ခြင်းကြောင့် သမ္ဘာဝနတ္ထကို ရနိုင်သည်။ ထို့ကြောင့် "ဒဿနမတ္တမ္ပိ သာဓု ဟောတိ"ဟု မိန့်။ (၂၂၀)

## အမ္ဗဋ္ဌမာဏဝကကထာ

တတိယံ အက္ခရံ။ ။"ဗြာဟ္မဏ-စျာယက"ဟု ဆိုအပ်သော ဒုတိယအမည်ကို ထောက်၍ တတိယသာဖြစ်သည်။ ထို့ကြောင့် "အဇ္ဈာယကာတွေဝ တတိယံ အက္ခရံ ဥပနိဗ္ဗတ္တံ"ဟု မိန့်သည်။ အက္ခရ-ဟူသည် အမည်သညာတည်း။ အမည်သညာသည် အမည်၏ တည်ရာ၌သာ ထင်ရှား၍ အခြားအနက်၌ ပြောင်းရွှေ့မှု မဖြစ်နိုင်သောကြောင့် အက္ခရမည်၏။

ဣရုဝေဒ ယဇုဝေဒ သာမဝေဒါနံ။ ။အာထဗ္ဗဏဝေဒသည် သူတပါးကို သတ်ဖြတ်ညှဉ်းဆဲမှုကို ပြကြောင်း ဖြစ်သောကြောင့် သူတော်ကောင်းတို့ မသုံးစွဲ။ ထို့ကြောင့် အာထဗ္ဗဏဝေဒကို ချန်ထား၍ "ဣရုဝေဒ ယဇုဝေဒ သာမဝေဒါနံ"ဟု မိန့်။ (၂၂၀-၁)

နိဃဏ္ဍု။ ။နိဃဏ္ဍု သစ်ပင်ပရိယာယ်မှစ၍ ကြွင်း ပရိယာယ်တို့ကို လိုကျမ်း၌ ပြသောကြောင့် "နိဃဏ္ဍု"မည်၏ (အဘိဓာန်ကျမ်းတည်း)၊

[ဝေဝစနုပကာသကာသည့်၌ နိဒဿနမျှသာ၊ ဘာ့ကြောင့်နည်း—ထိုကျမ်းမှာ သဒ္ဒါတခုက အနက်များစွာ ဟောပုံကိုပါ ပြသောကြောင့်တည်း။]

**ကဝိနံ ဥပကာရာဝဟံ သတ္ထံ။** ။ကေဒ္ဓာဘကျမ်းသည် ကျမ်းအထူး ဖြစ်သော ကြောင့် "ကဝိနံ ဥပကာရာဝဟံ" ဟုဆိုသည်။ ဤကျမ်းသည် ကဗိလေးမျိုးတို့၏ ကဝိဘာဝသမ္ပဒါ၊ ဘောဂသမ္ပဒါ စသော အကျိုးတို့၏ အစွမ်းဖြင့် ကျေးဇူးကို ဆောင်နိုင်သည်ဟု ဆိုလိုသည်။ ထိုကေဒ္ဓာဘ ကျမ်းဟူသည် ကဗျာ အဖွဲ့အနွဲ့ကို စီရင်တတ်သော ကဗျာလင်္ကာရ ဂီတာ သုဗောဓာလင်္ကာရကျမ်း စသည်တည်း။ ဤစကားသည် မူလဖြစ်သောကျမ်းကို ရည်ရွယ်၍ ဆိုသည်။ (၂၂၁-၂)

**သိက္ခာ စ နိရုတ္တိ စ။** ။အက္ခရပဘေဒ ဟူသည် ဗေဒင်ခြောက်မျိုးတွင် ပါ ဝင်သော သိက္ခာကျမ်းနှင့် နိရုတ္တိကျမ်းတည်း။ သိက္ခာ ကျမ်းဟူသည် အက္ခရာတို့၏ ဌာန် ကရိုဏ်း ပယတ်ကို စီရင်သော ကျမ်းဖြစ်၍ နိရုတ္တိကား နိရုတ္တိနည်း ငါးပါးကိုပြသော ကျမ်းတည်း။ (၂၂၂)

**အာထဗ္ဗဏဝေဒံ စတုတ္ထံ ကတွာ။** ။အာထဗ္ဗဏဝေဒ ဟူသည် အာထဗ္ဗဏဒေဒ အတတ်ရှင် ရသေ့တို့သည် စီရင်ရေးသား အပ်သော သုတပါးကို ညွှန်းဆဲသတ်ဖြတ်ကြောင်း မန္တန်တည်း။ ထိုကျမ်းကို ဣတိဟာသကျမ်း၏ ပဋ္ဌမအဖြစ်ကို ထင်ရှားပြခြင်းအကျိုးငှာ ရေတွက်ခြင်းမျှ ဖြင့် ယူသည်။ သရုပ်အစွမ်းဖြင့် ယူသည်မဟုတ်ပါ။ (၂၂၃)

**ဣတိဟာသ။** ။ဣတိဟာသကျမ်း၏ အရာကျယ်ကြောင်းကို ပြခြင်းအကျိုးငှါ "ဣတိဟ အာသ ဣတိဟ အာသ" ဟု နှစ်ကြိမ်ထပ်၍ ဝိစ္ဆာ စကားကို ဆိုပါသည်။ "ပုရာဏကထာသခ်ါတော" ဖြင့် ဣတိဟာသကျမ်း၏ ထူးခြားသော ကျမ်းဖြစ်ကြောင်းကို ပြဆိုသည်။ ဘာရတညီနောင်တို့၏ စစ်ထိုး ကြောင်းစကား၊ ရာမမင်း၏ သီတာမိဖုရားကို ခိုးယူကြောင်းစကား၊ နရသီဟ မင်း၏ ဖြစ်စဉ်နှင့်စပ်သောစကား၊ ဤသို့ စသောအားဖြင့် ရှေးဟောင်းစကား ဟု ဆိုအပ်သော ဘာရတပုရာဏ်၊ ရာမပုရာဏ်၊ နရသီဟပုရာဏ်-စသော ကျမ်း များသည် ဣတိဟာသ မည်၏။

**ဗျာကရဏံ။** ။ကောင်းသောသဒ္ဒါကို အစဉ်ဆိုတတ်သော မုဒ္ဓဗောဓကျမ်း၊ သာရဿတကျမ်း၊ ပါဏိနီကျမ်း၊ စန္ဒြကျမ်း စသော ယခု တိုင် ထင်ရှားရှိသောကျမ်းတည်း။ (၂၂၄)

**အဓိယတိ နှင့် ဝေဒေတိ။** ။အဓိယတိ-ဖြင့် သင်ယူသူ ရွတ်အံ သရဇ္ဈာယ်သူကို ပြ၏။ ဝေဒေတိ-ဖြင့် သင်ယူရွတ်အံပြီး၍ တတ်သိ ပိုင်ချသူကို ပြသည်။

**ပဒကော ဝေယျာကရဏော။** ။ဗျာကရဏ်း ကျမ်းတို့၌ လာသော ပဒကောသလ္လဉာဏ်ကို ရည်ရွယ်၍ "ပဒကော"ကို ဟောသည်။ ဝေယျာကရဏော-ပုဒ်ကိုကား ပဒကောသလ္လဉာဏ်မှ ကြွင်းသော ပကတိ ပစ္စယ စသော သဒ္ဒါ ဒ.စီအရင်၌ ကျမ်းကျင်သောဉာဏ်ကို ရည်၍ ဟောသည်။ ဤအနက်ကို သိစေခြင်းငှာ "ပဒကော ဝေယျာကရဏော"နှစ်ပုဒ်ကို တပေါင်းတည်း ပေါင်း၍ အနက်ဖွင့်သည်။

**လောကာယတ။** ။ဤကျမ်းကိုမှီ၍ သတ္တဝါတို့သည် ကုသိုလ်ပြုခြင်းငှာ စိတ်ကိုသော်မှ မဖြစ်စေသောကျမ်း။ တနည်း-လောက လူမိုက်အပေါင်းတို့၏ ဝါဒဿာဒဖြင့် အားထုတ်ရာ ကျမ်းတည်း။

**ဝိတဏ္ဍ။** ။အချင်းချင်း ဆန့်ကျင်ဘက်စကားကို၊ တနည်း-သဂ္ဂ မောက္ခ၏ ဆန့်ကျင်ကြောင်းစကားကို ချဲ့ထွင်ပြရာကျမ်း။ (၂၂၄-၅)

**ဒွါဒသသဟဿဂန္ထပမာဏံ။** ။ဤ၌ "ဂန္ထ"ဟူသည် ၃၂ သုံးဆယ့်နှစ်လုံးသော အက္ခရာရှိသော ဂါထာဂန္ထတည်း။ [ဒွါဒသ-သဟဿ-တသောင်း နှစ်ထောင်၊ သောဠသသဟဿ-တထောင် တဆယ့်ခြောက်]။ (၂၂၅)

**ဗုဒ္ဓမန္တာ။** ။ပဓာန အစွမ်းဖြင့် ဆိုသည်။ မှန်၏—ဤကျမ်း၌ သဗ္ဗညုဘုရားရှင်တို့၏ လက္ခဏာတို့ကိုသာမက ပစ္စေကဗုဒ္ဓါ စသည်တို့၏ လက္ခဏာတို့ကိုပါ ပြသောကြောင့်တည်း။

**အနဝယော။** ။လောကာယတကျမ်း မဟာပုရိသလက္ခဏာတို့ကို ဆောင်နိုင်သူသည် "ဝယ"မည်၍ မဆောင်နိုင်သူသည် "အဝယ" မည်ပါသည်။ အနဝယော၌ကား ပဋိသေဓ နှစ်ခုပါသောကြောင့် ဝယ နှင့် အတူ ဆောင်နိုင်သူပင် ရ၏။

**အနုညာတပဋိညာတော။** ။ဆရာကလည်း ခွင့်ပြုအပ်၊ မိမိကလည်း ဝန်ခံ တတ်၏ဟု ဆိုလိုသည်။ ယံ အဟံ-စသည်ဖြင့် ပါဠိတော်၌ လာသော "ယမဟံ ဇာနာမိ၊ တံ တွံ ဇာနာသိ"သည် ခွင့်ပြုပုံ

အခြင်းအရာကို ပြသောစကားဖြစ်၍ ''ယံ တုံ့ ဇာနာသိ၊ တမဟံ ဇာနာမိ'' ကား ဝန်ခံပုံကို ပြသောစကားဖြစ်၏ဟု ပြသည်။ မှန်၏-အာမ အာစရိယ-ဖြင့် ပါဠိတော်၌ လာသော ဝန်ခံပုံစကားကိုပင် အနက်၏အစွမ်းဖြင့် ဆိုသည်။ ဝန်ခံဟူသည် စကားတို့ပေးခြင်းတည်း။ (၂၂၆)

**ဗဟု ဇနာ ဝိစရန္တိ**။ ။ပုရဏကဿပ စသည်တို့ကို ရည်ရွယ်၍ ဆိုပါသည်။

**ဂရု အနဒ္ဒတ္ထာ**။ ။အချို့ပုဂ္ဂိုလ်ကို ချဉ်းကပ်မိလျှင် မိမိကိုယ်ကို ထိုပုဂ္ဂိုလ်မှ လွတ်စေ၍ ဖဲခွာမှုကိုသော်မှ ပြုဖို့မလွယ်ပါ၊ ထိုထက် အလွန် ပြုဖို့ရာမှာ သာ၍ပင် ခက်ပါသည်၊ ဖဲခွာမှု စသည်ကြောင့် ကဲ့ရဲ့မှု ချုပ်ချယ်မှု ပြစ်ဘင်စော်ကားမှုစသော အကျိုးမဲ့များ ဖြစ်တတ်ပါသည်။

**တံ ဘဝန္တံ ဂေါတမံ တထာ သန္တံယေဝ**။ ။အနက်တခုတည်းကိုပင် နှစ်ကြိမ် ဆက်စပ်၍ ဆိုခြင်းသည် သာမည၏ ထူးသည်၏ အဖြစ်ကို ကြံဆသောအားဖြင့် အနက်အထူးကို သိစေခြင်း အကျိုးရှိပါသည်။

**အထ နံ ဥပဇ္ဈာယော**။ ။သာသနာပ အယူ၌ ဆရာကို ဥပဇ္ဈာယ်ဟုခေါ်ဆိုသည်။ ''ဥပဇ္ဈာယော-ဥပဇ္ဈာယ်ဟု အသိအမှတ်ပြုအပ်သော ဆရာပုဏ္ဏားသည်''ဟု ပေးပါ။ (၂၂၇)

**မန္တေသု**။ ။မန္တ ဗြဟ္မ ကပ္ပ ဟူ၍ ဝေဒသုံးကျမ်း ရှိပါသော်လည်း—

(၁) အဋ္ဌကပုဏ္ဏားစသည်တို့ ဆိုအပ်သော ပဓာနဖြစ်သော မူလကျမ်းသည် ''မန္တန်''မည်၏။
(၂) ထိုကျမ်း၏ အနက်ဖွင့်ရှိမျှဖြစ်သော ကျမ်းသည် ''ဗြဟ္မ'' မည်၏။
(၃) ထိုကျမ်းတို့၌ ဆိုအပ်သော နည်းဖြင့် ယဇ်ပူဇော်ပုံ အစီအရင်ကို ပြသောကျမ်းသည် ''ကပ္ပ''မည်၏။

ဤသို့ မန္တသည်သာ ပဓာနဖြစ်သောကြောင့် လည်းကောင်း၊ အခြားနှစ်ကျမ်းသည် မန္တကိုမှီ၍သာ ဖြစ်သောကြောင့်လည်းကောင်း မန္တကိုယူခြင်းဖြင့် ဗြဟ္မ ကပ္ပ တို့ကိုလည်း ယူပြီး ဖြစ်သည်။ ဤအနက်အဓိပ္ပာယ်ကို ''တိသု ဝေဒေသု''ဖြင့် ပြသည်။ မန္တသည် မူလဝေဒ၏ အမည်ဖြစ်၍ ဝေဒသည် ဝေဒအားလုံး၏ အမည်ဖြစ်သည်။ ထို့ကြောင့် ''ဝေဒေသု''ဟု ဆိုသော် ဝေဒအားလုံး ကို ယူခြင်းကိစ္စ ပြီးတော့သည်သာ။ [ပက္ခိပိတ္ဗာ-ပဇ္ဇဂဇ္ဇဗန္ဓပဝေ-သနဝသေန ပက္ခိပိတ္ဗာ။]

**ပုဒ္ဓေါ ပေ၊ အာဂစ္ဆန္တိ။** ။ပုဗ္ဗဟူသည့် ဘုရားပွင့်တော်မူမည်ဟု ဆိုထိုက်ရာ အခါမှစ၍ ဘုရားရှင် သက်တော်ထင်ရှား ရှိရာ အခါတည်း။ အာဂစ္ဆန္တိ-ရှင်အံ သရဏဂုံ ယုံချဉ်းသားအားဖြင့် ထင်ရှား ရောက်လာကြသည်။

**အနုက္ကမေန အန္တရာဓာယန္တိ။** ။တဂါထာ နှစ်ဂါထာ စသည်အစွမ်းဖြင့် အစဉ် အတိုင်း ကွယ်ပျောက်ကြသည်၊ လက္ခဏာမန္တန်တို့သာမက အခြားသော ဝေဒတို့သည်း ပုဏ္ဏားတို့၏ မသိမှုကြောင့် အစဉ် အားဖြင့် ကွယ်ပျောက်ကုန်သည်သာ ဖြစ်သည်။

**မဟာပုရိသဿ ပေ၊ မဟာဘော ပုရိသဿ။** ။ပဏိဓိ=ဘုရားဖြစ်ဖို့ရာ တောင်တခြင်း၊ သမာဒါန=ပါရမီတော်တို့ကို ဆည်းပူးစုဆောင်းခြင်း၊ ပညာ=ကမ္မဿကတာစသော ပညာ။

ပဏိဓိစသော ပုဒ်အားလုံးကို မဟာဘောပုဒ်နှင့် အသီးသီး ယှဉ်စပ်ရှိ အနက်မှတ်ပါ။ မဟာပဒါနသုတ် အဋ္ဌကထာ၌ကား "မဟာပုရိသဿာတိ ဇာတိဂေါတ္တကုလာပဒေသာဒိဝသေန မဟန္တဿ ပုရိသဿ"ဟု မိန့်သည်။ ထိုအဋ္ဌကထာ စကား၌ ခတ္တိယ ဗြာဟ္မဏစသည်သည် "ဇာတိ" မည်၏၊ ကောဏ္ဍည ဂေါတမစသည်သည် "ဂေါတ္တ"မည်၏။ ပေါ်ကိတ္ထ စိက္ခလ္လိက သာကိယ ကောလိယ စသည်များသည် "ကုလာပဒေသ" မည်၏။ မဟာပဒါနသုတ် အဋ္ဌကထာလာသမျှကို ကချာစာဒိ၌ အာဒိဖြင့် ယူပါ။ (၂၂၇)

**ဘုရားရှင် လက္ခဏာနှင့် စကြာမင်းလက္ခဏာ။** ။ဘုရားရှင်တို့၏ လက္ခဏာတော်တို့သည် အလွန်သန့်ရှင်းကြ၊ အလွန်ထင်ရှားကြ၊ ပြည့်စုံကြသည်။ စကြာမင်းတို့၏လက္ခဏာတို့သည် ဘုရားရှင်၏ လက္ခဏာများကဲ့သို့ သန့်ရှင်းထင်ရှား ပြည့်စုံမှုမရှိပါ။ (၂၂၈)

**စတ္တာရိ အစ္ဆရိယာဗ္ဘုတဓမ္မာ။** ။(၁) အလွန်အဆင်းလှခြင်း၊ (၂) အသက်ရှည်ခြင်း၊ (၃) အနာကင်းခြင်း၊ (၄) ပုဏ္ဏားသူကြွယ်တို့၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း။

တနည်း-(၁) ကိုယ်မှ စန္ဒကူးနံ့လှိုင်ခြင်း၊ (၂) ခံတွင်းမှ ကြာညိုနံ့သင်းခြင်း၊ (၃) နတ်သားလေးယောက် လေးမျက်နှာ၌ အခါခပ်သိမ်း သန်လျက်ကိုင်ကာစောင့်ရှောက်ကြခြင်း၊ (၄) ကောင်းကင်၌ သွားနိုင်ခြင်း။

တနည်း—(၁) အလွန်အဆင်းလှခြင်း၊ (၂)အညီအမျှ ကြေကျက်စေနိုင်သော ဝမ်းမီးရှိခြင်း၊ (၃) အသက်ထက်ဆုံး တလောကလုံးကကြည့်မဝအောင် မြတ်နိုးခြင်း၊ (၄) ကောင်းကင်ဖြင့် သွားနိုင်ခြင်း။

**စတူဟိ သင်္ဂဟဝတ္ထူဟိ ၊ပေ၊ ရာဇာ**။ ။သင်္ဂဟဝတ္ထုလေးပါးဟူသည် ဒါန၊ ပိယဝါစာ၊ အတ္ထစရိယာ၊ သမာနတ္တတာ တည်း။ ရဉ္ဇနတော—အရ နှစ်သက်ဟူသည် ပီတိသောမနဿတို့၏ အစွမ်းဖြင့် နှစ်သက်ခြင်းတည်း။ ရာဂ၏ အစွမ်းဖြင့် နှစ်သက်ခြင်းမဟုတ်ပါ၊ ပီတိသောမနဿတို့ကို ဖြစ်စေခြင်းကြောင့်ဟု ဆိုလိုသည်။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် နှစ်သက်စေခြင်းကြောင့် ရာဇာဟူရာ၌ မချီးမြောက်သောမင်းတို့မှာလည်း ရုဠီအစွမ်းဖြင့် ရာဇာအမည်ဖြစ်နိုင်သည်။ ထို့ကြောင့် အခြားမင်းတို့နှင့် မဆက်ဆံအောင် "အစ္ဆရိယမဗ္ဘုတံ"ဟု ဆိုသည်။ (၂၃၀)

**စက္ကရတနံ စသည်**။ ။သဒ္ဒသာမတ္ထိယအားဖြင့် များစွာသော စက္ကဝတ္တိသဒ္ဒါ၏ ဝစနတ္ထကို ပြသော် ပဓာနဖြစ်သော စေနတ္ထကို ရေးဦးစွာ ပြခြင်းငှာ "စက္ကရတနံ" စသည် မိန့်။ စကြာရတနာမလည်ပဲ စကြာမင်းအဖြစ်သို့ မရောက်နိုင်ခြင်းကြောင့် စက္ကရတန သည်သာ ပဓာနဖြစ်သည်။ စကြာမင်းသည် လက်ကတော့တင်ကာ လက်ဝဲဘက်လက်ဖြင့် ရွှေရေတကောင်းကို မြှောက်ကာ ယာဘက်လက်ဖြင့် စကြာရတနာကို ရေဖြင့် ဖျန်း၍ "ပဝတ္တတု ဘဝံ စက္ကရတနံ၊ အဘိဝိဇိနာတု ဘဝံ စက္ကရတနံ"ဟူသော စကားဖြင့် စကြာရတနာကို လည်စေသည်၊ ထို့ကြောင့် ထိုသို့လည်စေမှုကို ရည်ရွယ်၍ "စက္ကရတနံ ဝတ္တေတိ"ဟု မိန့်သည်။ (၂၃၁)

**ရာဇာ စက္ကဝတ္တိ**။ ။ရာဇာသည် အခြားမင်းများနှင့် ဆက်ဆံသောကြောင့် သာမညဖြစ်၍ စက္ကဝတ္တိသည် အခြားမင်းများနှင့်မဆက်ဆံသောကြောင့် ဝိသေသဖြစ်သည်။ (၂၃၃)

**စတုဒ္ဒီပဒီပ ဝိဘူသိတာယ**။ ။"စတုဒီပဝိဘူသိတာယ"ဟု မဆိုပဲ "စတုဒ္ဒီပဒီပဝိဘူသိတာယ"ဟု ဝိဓ-သဒ္ဒါအပိုထွက်၍ ဆိုခြင်းသည် ကျွန်းငယ်ငါးရာတို့ကိုလည်း ကျွန်းကြီးများနှင့်ပင် သိမ်းယူခြင်းအကျိုးရှိပါသည်။ အဘယ့်ကြောင့်နည်း—သဒ္ဒါပိုဖြင့် အနက်ပိုကို သိအပ်သောကြောင့်လည်းကောင်း၊ အစုအနက်ဟော ဝိဓ-သဒ္ဒါဖြင့် တူသော အဖို့ရှိသော ကျွန်းတို့ကိုယူနိုင်သောကြောင့်လည်းကောင်းတည်း။ "စတုဒ္ဒီပဒီပဝိဘူသိတာယ ပထဝိယာ" ဟူသော ဋီကာပါဌ်ဖြင့် "ထိုမြေသည် အစိတ်ဖြစ်သော

ကျွန်းလေးကျွန်းတို့နှင့် တင့်တယ်သော တခုသော လောကဓာတ်၌ အကျုံး ဝင်သော မြေပြင်တည်း''ဟု ပြသည်။ (၂၃၄)

**သဗ္ဗရာဇာနော ဝိဇေတိ။** ။စကြာမင်းသည် တစုံတယောက်နှင့်မျှစစ်ထိုးမှု မရှိ ပါသော်လည်း စစ်ထိုးမှုဖြင့် ပြီးစေထိုက်သော အောင်မြင်မှု ပြီးစီးသောကြောင့် ''ဝိဇိတသင်္ဂါမော''ဟု ဆိုသည်ဟူသော အဓိပ္ပာယ်ကို ''သဗ္ဗရာဇာနော ဝိဇေတိ''ဖြင့်ပြသည်။ (ကောပါဒိ၌ အာဒိဖြင့် ကာမ မောဟ မာန မဒ စသည်ယူ။)

**အစလော အသမ္ပဝေဓိ။** ။ပရိယာယ်စကားတည်း။ တနည်း—ခိုးသူတို့၏ လုယက်မှု မရှိခြင်းသည် အစလ၊ ဒမြတို့၏ လုယက်မှုမရှိခြင်းသည် အသမ္ပဝေဓိ၊ တနည်း— ခိုးသူ ဒမြတို့ကြောင့် လှုပ်ရှားမှုမရှိခြင်းသည် အစလ၊ ရန်သူမင်းတို့ကြောင့် တုန်လှုပ်မှုမရှိခြင် သည် အသမ္ပဝေဓိ၊ တနည်း—မနိုလွှန်းသောကြောင့် အစလ၊ မကြမ်းလွန်းသော ကြောင့် အသမ္ပဝေဓိ။ (၂၃၅)

**ရတိဇနနဋ္ဌေန။** ။စကြာရတနာကို မြင်ရကြားရသော ပုဂ္ဂိုလ်မှာ စကြာ ရတနာသည် အစ္ဆရိယဓမ္မ ဖြစ်သောကြောင့် များစွာသော ပီတိသောမနဿ ဖြစ်သည်၊ စိတ္တီကတဘာဝ စသည်ဖြင့်လည်း စက္က၏ ရတနဋ္ဌကို သိစေထိုက်ပါသည်၊ သို့သော် စိတ္တီကတစသော အနက်များကို ရတိဇနနဋ္ဌဖြင့် ပင် အတူ သင်္ဂြိုဟ်ရေတွက် ယူအပ်ပြီးသောကြောင့် သီးခြားမယူတော့ပါ၊ တနည်း—ဂန္ထဂရုပယ်လိုသောကြောင့် မယူပါ။

**အညံ ဒေဝဋ္ဌာနံ နာမ န ဟောတိ။** ။မင်းတသားအဘွက် အခြားသူတို့နှင့် မဆက်ဆံသော အစိုးရမှု စသော ပြည့်စုံမှုကို ရကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ အခြားသောတိုင်းသူ ပြည်သားတို့၏အတွက် အလိုရှိအပ်သော စီးပွားချမ်းသာကို ရကြောင်း ဖြစ်သောကြောင့် လည်းကောင်း ''အညံ ၊ပေ၊ နဟောတိ''ဟု ဆိုပါသည်။ (၂၃၇)

**အဋ္ဌေါ နတ္ထိ။** ။အလွန်အကဲ မွန်မြတ်သော တောက်ပသော ရတနာဖြစ် သောကြောင့် လည်းကောင်း၊ အစ္ဆရိယ အဗ္ဘုတ သဘောရှိသောကြောင့် လည်းကောင်း စကြာရတနာမှာ တန်းဖိုးဖြတ်သို့ မရနိုင်ပါ။

**စက္ကြာဝတေး ဖြစ်ပေါ်ချိန်။** ။သတ္တဝါအပေါင်းတို့၏ မကောင်းမှုမှ စက်ဆုပ်၍ ရှာသဖြင့် အကုသိုလ် အညစ်အကြေးကင်းသော၊ ကုသိုလ်ကောင်းမှု ပွားများခြင်းကြောင့် ကြည်လင်သန့်ရှင်းသော ဘုရားပွင့်ထိုက်ရာအခါ၌ပင် စကြာမင်း ဖြစ်ပေါ်သည်။

**စက္ကရတနေန အဇိတံ ဇိနာတိ။** ။တန်ခိုးကြီးမှုကို ဖြစ်စေနိုင်သော ကံ၏ အကျိုးဆက် ဖြစ်သောကြောင့် အဓွရှ အရပ်စသည်၌ မအောင်ရသေးသော ခဏ္ဍ ဟူသော အသိုက်အဝန်းကို စကြာရတနာ ဖြင့် အောင်သည်။ (၂၃၇-၀)

**ယထာသုခံ အနုဝိစရတိ။** ။ဆင်ရတနာ မြင်းရတနာတို့ကို တက်စီး၍ ဆင်မြင်းရတနာတို့၏ အာနုဘော်ဖြင့် သမုဒ္ဒရာအဆုံး အပိုင်းအခြားရှိသော မြေကို လှည့်လည်၍ မင်းနေပြည်၌သာ နံနက်စာစားချိန် အတွင်းပင် ပြန်လာနိုင်သောကြောင့် ချမ်းသာစွာ လှည့်လည်ရသည်။ (၂၃၀)

**ပရိဏာယက ၊ပေ၊ရက္ခတိ။** ။သားကြီးရတနာသည် ထိုထိုတိုင်းရေး ပြည်ရေး၌ ပြုဖွယ်ကိစ္စများကို စီမံနိုင်သောကြောင့် သားကြီးရတနာဖြင့် တိုင်းပြည်ကို စောင့်ရှောက်သည်။

**ဥပဘောဂသုခံ အနုဘဝတိ။** ။ထိုက်သည့်အားလျော်စွာ ပတ္တမြား ရတနာ မိဖုရား ရတနာ သူကြွယ်ရတနာတို့ဖြင့် ဆိုင်ရာ ချမ်းသာ ခံစားမှု ပြီးစီးသောကြောင့် ပတ္တမြား ရတနာ စသော ရတနာ သုံးမျိုးတို့ဖြင့် သုံးဆောင်မှုကြောင့် ဖြစ်သော ချမ်းသာကို ခံစားသည်။ ချဲ့ဦးအံ့-ပတ္တမြားရတနာဖြင့် တယူဇနာ အတိုင်းအရှည်ရှိသော အရပ်၌ အမိုက်မှောင်ကို ပယ်ဖျောက်၍ အလင်းရောင်ကို မြင်ရခြင်း စသည်ကြောင့် ချမ်းသာ ခံစားရသည်၊ မိဖုရားရတနာဖြင့် လူ၏အဆင်းထက် သာလွန်သော အဆင်းကို မြင်ရမှု စသည်ကြောင့် ချမ်းသာခံစားရသည်။ သူကြွယ်ရတနာဖြင့် အလိုရှိတိုင်း အလိုရှိတိုင်းသော ပတ္တမြား ရွှေ ငွေ စသည်တို့ကို ရခြင်းကြောင့် ချမ်းသာခံစားရသည်။

**သတ္တိယော။** ။မင်း၏ စွမ်းရည်သတ္တိထက်မြတ်ကြောင်း ဖြစ်သော ပဘာဝ စသည် သုံးမျိုးကို "သတ္တိ" ဟု ခေါ်သည်။ ဝီရိယ စွမ်းအားသည် "ဥဿာဟသတ္တိ"မည်၏၊ ထိုဥဿာဟ သတ္တိနှင့် ယှဉ်ခြင်းသည်

စကြာရတနာကြောင့် ကောင်းစွာ ပြည့်စုံပါသည်။ အဘယ့်ကြောင့်နည်း-စကြာရတနာကြောင့် ဥဿာဟသတ္တိဖြင့် ဖြစ်စေထိုက်သော ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များသည် မတွန်းလှန်နိုင်သော အာဏာစက်ရှိသူ၏ဒ ဖြစ်သည် ပြီးစီးသော ကြောင့် တည်း။

"မန္တသတ္တိ"ဟူသည် ပညာဗလတည်း။ သားတော်ကြီး ရတနာကြောင့် မန္တသတ္တိနှင့် ယှဉ်ခြင်းသည် ကောင်းစွာ ပြည့်စုံပါသည်။ အဘယ့်ကြောင့်နည်း-သားတော်ကြီးရတနာမှာ အလုံးစုံသော မင်းမှုကိစ္စတို့၌ ကျွမ်း ကျင်သည့် အတွက် မန္တသတ္တိကဲ့သို့ မချွတ်ယွင်းသော ပယောဂ၌သောကြောင့်တည်း ။

"ပဘူသတ္တိ"ဟူသည် ဆုံးမမှု ပေးကမ်းမှုကြောင့် ကိုယ့်လက်အောက်သို့ ရောက်စေနိုင်သော တန်းခိုးတည်း။ ထိုပဘူသတ္တိသည် ဆင်ပျံတော်ရတနာ မြင်းပျံတော်ရတနာ သူကြွယ်ရတနာတို့ကြောင့် ကောင်းစွာ ပြည့်စုံပါသည်။ အဘယ့်ကြောင့်နည်း-ဆင်ပျံတော်ရတနာ မြင်းပျံတော်ရတနာတို့သည် ကြီးကျယ်သော အာနုဘော် ရှိသောကြောင့်လည်းကောင်း၊ သူကြွယ်ရတနာမှ ရအပ်သော စည်းစိမ်ဥစ္စာအစု၏ ပြည့်စုံခြင်းကြောင့် ပဘာဝသတ္တိကဲ့သို့ စွမ်းရည်သတ္တိ ပြည့်စုံမှု၏ ပြီးစီးခြင်းကြောင့်လည်းကောင်းတည်း။ မိဖုရားရတနာ ပရိဏာယကရတနာတို့ကြောင့် သတ္တိသုံးပါးလုံးနှင့် ယှဉ်ခြင်း၏ အကျိုးသည် ကောင်းစွာ ပြည့်စုံပါသည်။ အဘယ့်ကြောင့်နည်း ထိုမိဖုရားရတနာ ပရိဏာယကရတနာတို့ကြောင့်ပင် သုံးစွဲမှုချမ်းသာ ပြီးစီးသောကြောင့်တည်း။

ဘောဂသုခံ ဈာယိကိယသုခံ။ ။အနိုး၌ ပြုရ၍ သုံးစွဲခြင်း၏ အစွမ်းကြောင့် ဖြစ်သော ချမ်းသာသည် ဘောဂသုခမည်၏၊ ရန်သူမရှိခြင်း၏ အစွမ်းကြောင့်ဖြစ်သော ချမ်းသာသည် ဈာယိကိယသုခမည်၏။ (၂၄၉)

ဝိသေသတော စသ ၊ပေ၊ ဝေဒိတဗ္ဗံ။ ။စကြာရတနာ ခုနစ်ပါးတို့နှင့် ပြည့်စုံခြင်း၏ အကြောင်း၏ အစွမ်းဖြင့်လည်း တစ်စုံတစ်ခုသော အကြောင်းနှင့်မျှ ကင်း၍ မဖြစ်ကြောင်းကိုသာ ထင်စွာပြခြင်းငှာ "ဝိသေသတော" စသည်ကို မိန့်သည်။

စကြာရတနာ၊ ဆင်ပျံတော်ရတနာ၊ မြင်းပျံတော်ရတနာဟူသော ရှေးရတနာသုံးပါးတို့သည် အဒေါသဟုဆိုအပ်သော ကုသိုလ်မူလသည် သဟဇာတ အစရှိသော ပစ္စယသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သော ကံ၏ အာနုဘော်ကြောင့် ပြီးစီးကြပါသည်။ အဘယ့်ကြောင့်နည်း- ထိုရတနာသုံးပါးတို့သည်

အလွန်အေးမြသော ရတနာသဘော ရှိသောကြောင့်တည်း။ မှန်၏-ကံ၏ အကျိုးသည် များသောအားဖြင့် ကံနှင့်ဘူပါသည်။

ပတ္တမြား၊ မိုးရုး၊ သူကြွယ်ဟူသော အလယ်ရတနာသုံးပါးတို့သည် အလောဘဟု ဆိုအပ်သော ကုသိုလ်မူလသည် သဟဇာတ အစရှိသော ပစ္စယ သတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သောကံ၏ အာနုဘော်ကြောင့် ပြီးစီးကြပါ သည်။ ဘာ့ကြောင့်နည်း-မှန်မြတ်သော ဥစ္စာသည်လည်းကောင်း၊ မှန်မြတ် သော ဥစ္စာကို ရခြင်း၏ အကြောင်းသည်လည်းကောင်း ပရိစ္စာဂသမ္ပဒါဟူ သော အကြောင်းရှိသောကြောင့်တည်း။

နောက်ဆုံးဖြစ်သော သားတော်ကြီး ရတနာသည် အမောဟဟု ဆိုအပ် သော ကုသိုလ်မူလသည် သဟဇာတအစရှိသော ပစ္စယသတ္တိ၏ အစွမ်းဖြင့် ဖြစ်စေအပ်သောကံ၏ အာနုဘော်ကြောင့် ပြီးစီးပါသည်။ ဘာ့ကြောင့်နည်း- ကြီးကျယ်သော ပညာရှိသူသည်သာ စကြာမင်း၏ ကိစ္စအဝဝကို ဆောင်နိုင် သောကြောင့်လည်းကောင်း၊ ကြီးကျယ်သော ပညာရှိမှုသည် အမောဟဟု ဆိုအပ်သော ကုသိုလ်မူလသည် ဖြစ်စေအပ်သော ကံ၏အကျိုးဆက်ဖြစ်သော ကြောင့်လည်းကောင်းတည်း။ (၂၃၉)

**ဗောဇ္ဈင် ၊ဧပ၊ ဥပဒေသဧတာ ဂဟေတဗ္ဗာ။** ။ဗောဇ္ဈင်္ဂသံယုတ်ဟူသည် မဟာဝဂ္ဂ၌ လာသော ဒုတိယ ဗောဇ္ဈင်္ဂသံယုတ်တည်း။ ရတနသုတ်ဟူသည် ထိုမဟာဝါ ပဥ္စမဝဂ်၌ သံဂါယနာတင်အပ်သော ဒုတိယမြောက်သုတ်တည်း။ ယခုအခါ ရတနသုတ် ဟု ခေါင်းစဉ်မရှိပဲ စက္ကဝတ္တိသုတ်ဟု ရှိသည်။ ဥပဒေသဟူသည် အထူးနှင့် တကွ ရတနာခုနစ်ပါးတို့ကို စိစစ်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော နည်းတည်း။

**သူရာ စသည်။** ။ဆန့်ကျင်ဘက်ရန်သူတို့ကို မှုတ်ထုတ်နိုင်သောကြောင့် သတ္တိ ရှိသူများကို "သူရ" ဟုခေါ်ရသည်။ ဘေးမရှိမှုကို ဆောင် နိုင်သူများဟု ဆိုလိုသည်။ ထို့ကြောင့် သူရာကို "အဘီရုကဇာတိကာ" ဟု ဖွင့် သည်။ ဓိရင်္ဂရူပါ=အသုန့်တို့ကို အောင်ပြီး၍ တည်သောကြောင့် နတ်တို့ သေဌ်နင်းသိကြားမင်းသည် "ဓိရ" မည်၏။ သိကြားမင်း၏ စစ်အင်္ဂါဖြစ်သော ကြောင့် နတ်သားကို "အင်္ဂ" ဟု ဆိုရသည်။ သိကြားမင်း၏ အင်္ဂါဖြစ်သော နတ်သားနှင့်တူသော ကိုယ်ရှိသော စကြာမင်း၏ သားတော်များသည် "ဓိရင်္ဂ ရူပ" မည်သည်။ တနည်း-ဝီရိယသဘောရှိသူများ တနေ့ကုန် စစ်တိုက်ရသော် လည်း မပင်ပန်းနိုင်သူများသည် "ဓိရင်္ဂရူပ" မည်၏။

ပရသေနပ္ပမဒ္ဒနာ။ ။ ဆရာမင်း၏ သားတော်များ နှိမ်နင်းရမည့်ရန်သူ စစ်တပ်မည်သည် ဆင်ကြာမင်းမှာ မရှိလျက် "ပရသေနပ္ပမဒ္ဒနာ"ဟု ဆိုရခြင်း၏ အကြောင်းကို ရှင်းလင်းလို၍ "သစေ" စသည်ကို မိန့်။ တဘက်ရန်သူ စစ်တပ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရှိလျှင် ဟု ကြံဆမှုမျှဖြင့် စကြာမင်း၏ သားတော်တို့မှာ၊ နှိမ်နင်းနိုင်သော အာနုဘော် ရှိကြောင်းကို ပြခြင်းငှာ ဆိုသည်ဟု ဆိုလိုသည်၊ "ပရသေနပ္ပမဒ္ဒနာ"ဟု ဆိုသော်လည်း "တဘက်စစ်တပ်ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်သော"ဟု အနက်ယူရမည်။ ဘာ့ကြောင့်နည်း–အရာဌာနအား လျော်သောအားဖြင့်လည်း အနက်ထူးကို သိနိုင်သောကြောင့်တည်း။ "သိက္ခမာနေန ဘိက္ခုဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိတဗ္ဗံ"၏ ပဒဘာဇနီ၌ "သိက္ခာမာနေန-ကျင့်လိုသော"ဟု အနက်ယူရသကဲ့သို့တည်း။ ဤအနက်အဓိပ္ပာယ်ကို ပြခြင်းငှာ "တံ ပရိမဒ္ဒိတုံ သမတ္ထာ"ဟု မိန့်သည်။ မှန်၏-စကြာမင်း၏ သားတော်တို့သည် အခြားသော စစ်တပ်ကို နှိမ်နင်းနေကြသည် မဟုတ်ပါ။ အမှန်မှာ နှိမ်နင် နိုင်သော အစွမ်းသတ္တိ ရှိကြသည် ပါ မည်ပါသည်။ ပရသေနပ္ပမဒ္ဒနာ-အခြားစစ်တပ်ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်ကုန်သော- ဟူ၍လည်း အနက်ဆိုကြ၏။ (၂၄၀-၁)

ဓမ္မေန။ ။ရှေးဘဝ၌ ပြုအပ်ဆည်းပူးအပ်ခဲ့သော၊ ယခုဘဝ၌ အကျိုးပေး တော့မည့်ကုသိုလ်တရား၏ အလွန်ကြာမြင့်စွာ အကျိုးပေးခြင်းငှာ အကြောင်း အထောက်အပံ့ဖြစ်သော၊ စကြာမင်း ကျင့်ဝတ်၌ ကောင်းစွာ လာသော ပယောဂသမ္ပတ္တိဟု ဆိုအပ်သော တရားကို ပြခြင်းငှာ ဓမ္မေန-ပုဒ်ကို "ပါဏော န ဟန္တဗ္ဗောတိအာဒိနာ ပဉ္စသီလဓမ္မေန"ဟု အနက်ဖွင့်ပါသည်။ မှန်၏-ဤအနက်အဓိပ္ပာယ်ကို မဟာသုဒဿနသုတ်၌ လာသောမင်းတရား၏ ဩဝါဒဓမ္မကို ရည်ရွယ်၍ ဆိုပါသည်။

ရာဂဒေါသာစသည်။ ။ရာဂစသော အကုသိုလ်တရား ခုနစ်ပါးတို့ လောက၌ ဖြစ်ပေါ်လာလျှင် သတ္တဝါသန္တာန်ကို ဖုံးလွှမ်း၍ ထက်ဝန်းကျင် ဖွဲ့စပ်လျက် ကုသိုလ်ဖြစ်ခွင့်ကို တားမြစ်တတ်သောကြောင့် ရာဂစသော တရားတို့ကို ဤနေရာ၌ ဆဒ အရ ယူရမည်ဟု "ရာဂဒေါသာ" စသောပါဠိဖြင့် ပြသည်။ (၂၄၂)

ဒိဋ္ဌိ-အရ ဒုစ္စရိတ-အရခွဲခြားယူပုံ။ ။မိစ္ဆာဒိဋ္ဌိမှ အခြားသော မနောဒုစ္စရိုက် နှင့် တကွ ဒုစရိုက်သုံးပါးတို့ကို ဒုစရိတ-အရယူ၍ ဒိဋ္ဌိကား အထူးအားဖြင့် သတ္တဝါတို့ကို ဖုံးလွှမ်းတတ်သော

ကြောင့်လည်းကောင်း၊ လွန်ကဲသောအပြစ် ဖြစ်သောကြောင့်လည်းကောင်း သီးခြားယူပါသည်။

**မောဟနှင့် အဝိဇ္ဇာ။** ။မသိခြင်း (တွေဝေခြင်း)ကြောင့် မောဟ၊ မသိအောင် ပြုခြင်ကြောင့် အဝိဇ္ဇာဟု ဖြစ်ပုံအခြင်းအရာ ပြားသောကြောင့် မသိခြင်းကိုပင် နှစ်ပါးအပြားအားဖြင့် ဟောတော်မူသည်။ [မဟာပဒါန အဋ္ဌကထာ၌ကား—ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသ၊ တဏှာ ဟု ဆဒ-ခုနစ်ပါးကို တနည်းပြ၏။ လောဘကိုပင် ဖြစ်ပုံအခြင်းအရာ ကွဲသောကြောင့် ရာဂ တဏှာဟု နှစ်ခုခွဲဆိုသည်။ ရဉ္ဇနဋ္ဌေန ရာဂေါ၊ တဏှာယနဋ္ဌေန တဏှာ။]

**ဒုတိယေန တဿ ဟေတု။** ။သမ္မာသမ္ဗုဒ္ဓဖြစ်သောကြောင့် ပူဇော်မှုကို ခံယူထိုက်သည်။ ဤသို့ ဒုတိယဖြစ်သော သမ္မာသမ္ဗုဒ္ဓဖြင့် ပူဇော်ခံထိုက်ခြင်း၏ အကြောင်းကို ပြဆိုသည်။ (၂၄၃)

**ဗုဒ္ဓဿဟေတုဘူတာ ဝိဝဋ္ဋစ္ဆဒတာ။** ။ဘုရားအဖြစ်သည် ဝါသနာနှင့်တကွ အလုံးစုံသော ကိလေသာတို့ကို ပယ်ခွါမှု ရှေးရှိသောကြောင့် ကိလေသာအမိုးမရှိခြင်းကို ဘုရားဖြစ်ခြင်း၏ အကြောင်းဟု ဆိုသည်။

**ဝိဝဋ္ဋော စ ဝိစ္ဆဒေါ စ။** ။ဝဋ္ဋ=ကမ္မစသော ဝဋ်သုံးပါး၊ ဆဒ=ရာဂ စသော အမိုးခုနစ်ပါး။

**အရဟံ ဝဋ္ဋာဘာဝေန။** ။ဤစကားကို "အာရကတ္တာ ဟတတ္တာ ပါပကရဏေ ရဟာဘာဝါ"ဟူသောအနက်ကို ရည်ရွယ်၍ မိန့်သည်။ ဤကား-အကျိုးဖြင့် အကြောင်းမှန်းဆမှုကို ပြသောစကားတည်း၊ ပစ္စယာဒီနံ ပူဇာဝိသေသဿ စ အရဟတ္တာ-ကို ရည်ရွယ်လျှင် အကြောင်းဖြင့် အကျိုးကို မှန်းဆမှုကို ပြသောစကားလည်း ဖြစ်နိုင်၏၊ (၂၄၄)

**သမ္မာသမ္ဗုဒ္ဓေါ ဆဒနာဘာဝေန။** ။သမ္မာသမ္ဗုဒ္ဓအဖြစ်သည် ဝါသနာနှင့် တကွ ကိလေသာ အမိုးအားလုံးတို့ မရှိခြင်းလျှင် ရှေးရှိသောကြောင့် အကြောင်းဖြင့် အကျိုး မှန်းဆမှုကို ပြသည်။

**ဒုတိယေန ၊ပေ၊ တတိယသိဒ္ဓိ။** ။"အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဝဋ္ဋစ္ဆဒေါ" ဟူသော သုံးပုဒ်ကို ဆိုရခြင်း၌ ဟေတာ လက်ာရနည်းဖြင့် အနက်ယှဉ်စေပုံကို ပြပြီး၍ ယခုအခါ ဝေသာရဇ္ဇဉာဏ်လေး

ပါး၏ အစွမ်းဖြင့်လည်း အနက်ယှဉ်ပုံကို ပြလို၍ "ဒုတိယေန"စသည်ကို မိန့်သည်။

အာသဝက္ခယဖြစ်သော ဒုတိယဝေသာရဇ္ဇဉာဏ်ဖြင့် ရှေ့ဖြစ်သော အရဟံ၏ အဖြစ်သည် ပြီးစီးပါသည်။ ဘာ့ကြောင့်နည်း-ဒုတိယ ဝေသာရဇ္ဇဖြစ်သော အာသဝက္ခယသည် အရဟံ၏ အနက်ဖြစ်သောကြောင့်တည်း။

ပဌမဖြစ်သော သမ္မာသမ္ဗုဒ္ဓ အဖြစ်ဟူသော ဝေသာရဇ္ဇဉာဏ်တော်ဖြင့် သမ္မာသမ္ဗုဒ္ဓေါ ဟူသောပုဒ်၏အနက်၊ ပြီးစီးပါသည်။ ဘာ့ကြောင့်နည်း— ပဌမဝေသာရဇ္ဇဖြစ်သော သမ္မာသမ္ဗုဒ္ဓ၏အဖြစ်သည် သမ္မာသမ္ဗုဒ္ဓပုဒ်၏ အနက် ဖြစ်သောကြောင့်တည်း။

အန္တရာယိကဓမ္မကို သိတော်မူခြင်း နိယျာနိကဓမ္မကို သိတော်မူခြင်း ဟူသော တတိယ စတုတ္ထ ဝေသာရဇ္ဇဉာဏ်တို့ဖြင့် ဝိဇ္ဇာစရဏ္ဏပုဒ်၏အနက်သည်ပြီးစီးပါသည်။ ဘာ့ကြောင့်နည်း—တတိယ စတုတ္ထ ဝေသာရဇ္ဇဉာဏ်တို့ကြောင့် ဝိဇ္ဇာစရဏသည် ထင်ရှားသောကြောင့်တည်း။ [ဝိဇ္ဇာစရဏဖြစ်သည့်အတွက် အန္တရာယိကနိယျာနိက ဓမ္မဒေသနာ ပြီးစီးသောကြောင့်"တတိယေန တတိယ စတုတ္ထသိဒ္ဓိ"ဟုလည်း ဆိုသင့်သည်။] (၂၄၄-၅)

ပုရိမဥ ၊ပေ၊ သာဝေတိ။ ။ရှေးဖြစ်သော အရဟံပုဒ်သည် ဘုရားရှင်၏ အောက်မဂ် အောက်ဖိုလ် သုံးပါးစိဉ် ရှိသော ဉာဏ်ဟုဆိုအပ်သော ဓမ္မစက္ခုကို ပြီးစေပါသည်။ ဘာ့ကြောင့်နည်း—အရဟံပုဒ်သည် ကိလေသာ ရန်သူတို့ကိုလည်းကောင်း၊ သံသရာစက်၏ အကန့်ဒေါက်ဆံတို့ကိုလည်းကောင်း ပယ်သတ်ချိုးဖျက်အပ်သည်၏ အဖြစ်ကို ပြသော ကြောင့်တည်း။

ဒုတိယဖြစ်သော သမ္မာသမ္ဗုဒ္ဓ ပုဒ်သည် အာသယာနုသယဉာဏ်၊ ဣန္ဒြိယ ပရောပရိယတ္တဉာဏ်ဟု ဆိုအပ်သော ဗုဒ္ဓစက္ခုကို ပြီးစေပါသည်။ ဘာ့ကြောင့်နည်း—သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၏ သန္တာန်၌သာ ထိုဉာဏ်တော်နှစ်ပါး ဖြစ်သင့်သောကြောင့်တည်း။ မှန်၏-ထိုဉာဏ်တော် နှစ်ပါးသည် သာဝကများ နှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ သန္တာန်၌ မဖြစ်သင့်ပါ။

ဝိဇ္ဇာစရဏပုဒ်သည် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော သမန္တစက္ခုကို ပြီးစေပါသည်။ ဘာ့ကြောင့်နည်း—ဝိဇ္ဇာစရဏပုဒ်သည် ဝါသနာနှင့်တကွ ကိလေသာ အားလုံးတို့ကို ပယ်ကြောင်းကို ပြနိုင်သောကြောင့်တည်း။ မှန်၏—သမ္မာ သမ္ဗုဒ္ဓေါဟု ဟောပြီးပါလျက် ဝိဇ္ဇာစရဏပုဒ်ကို ဟောခြင်းသည် သမ္မာသမ္ဗုဒ္ဓ

ဖြစ်ခြင်းငှာ ဝါသနာနှင့်တကွ ကိလေသာအားလုံးတို့ကို ပယ်ရခြင်းကို ထင်ရှား စေသည်။ (၂၄၅)

**တွံ့ မန္တာနံ ၊ပေ၊ သူရဘာဝံ ဇာနေတိ။** ။အဟံ ခေါ ပန တာတ အမ္ဗဋ္ဌ မန္တာနံ ဒါတာ-သည် အပမာနဖြစ်၏။ တွံ မန္တာနံ ပဋိဂ္ဂဟေတာ-သည်သာ ပမာနဖြစ်သော ယက်သန်ကြောင်း စကား ဖြစ်၏။ ထို့ကြောင့် ထိုပမာနစကားကို ရည်ရွယ်၍ "တွံ့ မန္တာနံ ပဋိဂ္ဂဟေတာ-တိ ဣမိနာဿ မန္တေသု သူရဘာဝံ ဇာနေတိ" ဟု မိန့်သည်။ သူရဘာဝ ဟူသည် မန္တန်တို့၌ ပါသော လက္ခဏာတော်တို့ကို ထင်စွာသိဖို့ ကိစ္စ၌ သန့်ရှင်းသော ဉာဏ်ရှိခြင်းတည်း။ (၂၄၅-၆)

**အယာနဘူမိ॰။** ။ယာဉ်ဖြင့် သွားခြင်းငှာ မစွမ်းနိုင်ရာဖြစ်သော တံခါးမုခ်၏ အနီးအရပ်ကို "အယာနဘူမိ"ဟု ဆိုသည်။

**တေန ခေါ ပန သမယေန။** ။"တေန ခေါ ပန သမယေန"ဟု သာမညအားဖြင့် ဆိုအပ်သော စကား၏ အနက်ကိုလည်း အဋ္ဌကထာ ပမာဏဖြစ်၍ ဝိသေသအားဖြင့် ယူနိုင်ပါသည်။ထို့ကြောင့် ဋီကာမဇ္ဈိမနိကာယသမယေ ဟု မိန့်ပါသည်။ [စကားချောစေရန် အဋ္ဌကထာ ပမာဏ တော-ကို အဋ္ဌကထာပမာဏ ဖြစ်၍-ဟု ပြန်ဆိုလိုက်ပါသည်။] အလုံးစုံသော ရဟန်းတော်များ၏ အလေ့အကျက်၏ အစွမ်းဖြင့် ပဌမနည်းကို မိန့်ဆို၍ ပမာနိက ရဟန်းတော်တို့၏သာလျှင် သီးခြားဖြစ်သော အလေ့အကျက်၏ အစွမ်းဖြင့် ဒုတိယနည်းကို ဆိုပါသည်။ ထိုပမာနိက ရဟန်းတော်များသည် နေ့အဖို့၌ ရဟန်းတရား အားထုတ်ခြင်းအကျိုးငှာ စင်္ကြံသွားကြသည်ဟု ဆိုလိုပါသည်။ (၂၄၆)

**သော ကိရ စသည်။** ။ပရိဝုဏ်တခုမှ ပရိဝုဏ် တခုသို့ သွားနေရလျှင် အချိန် ကြာမြင့်လိမ့်မည်။ မေး၍သာ ဝင်အံ့ဟု အမ္ဗဋ္ဌ၏ ရဟန်းတော်များ အထံသို့ ချဉ်းကပ်ခြင်း၏ အလိုကို ထင်စွာပြလို၍ "သော ကိရ"စသည်ကို မိန့်သည်။

**ဂန္ဓကုဋိံ သန္ဓာယ။** ။ကျုပါဠိဖြင့် ပါဠိတော်၌ ဝိဟာရောဟု သာမညအားဖြင့် ဆိုအပ်ပါသော်လည်း ဝိသေသအားဖြင့် သိအပ်သော အနက်ကို ရည်ရွယ်၍ ဆိုအပ်သော စကားဖြစ်၏ဟု ပြသည်။ [ပဒပ္ပမာဏဌာနေ-ခြေနှစ်ခုတို့၏ အကြား၌ တောင်ဆုပ်ပမာဏရှိသော အရပ်တည်း။] (၂၄၇)

ဒါနံ ဒဒမာနေဟိ။ ။ဤပါဠိဖြင့် ပါရမီတော်များ၏ အာနုဘော်ကြောင့် အလိုလိုသာလျှင် တံခါးပွင့်ကြောင်းကို ပြသည်။

ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု။ ။သမ္မောဒိံသုတွင် ပါဝင်သော သမအနက် ဟော သံသဒ္ဒါကြောင့် သိအပ်သော ဘုရားရှင်၏ ထိုလုလင်ငယ်တို့နှင့်အတူ ရှေးဦးစွာဖြစ်သော ဝမ်းမြောက်မှုဟု ဆိုအပ်သော နေယျတ္ထကို ပြလို၍ "ယထာ"စသည်ကို မိန့်ပါသည်။ မှန်၏- ဘုရားရှင်သည်လည်း "ကစ္စိ ဘော မာဏဝါ ခမနီယံ၊ ကစ္စိ ယာပနီယံ" စသည်တို့ကို မေးမြန်းလျက် ထိုလုလင်ငယ်တို့နှင့်အတူ ရှေးဦးစွာ မိန့်တော်မူသောကြောင့် ရှေးဦးစွာပင် ဖြစ်သော နှီးနှောခြင်း ရှိပါသည်။ ဘုရားရှင်သည် အလွန်အကဲ ငြိမ်းချမ်းပြီးသော ကိလေသာ အပူရှိသောကြောင့် (ကိလေသာ အပူမီးတို့ အလွန်အကဲ ငြိမ်းတော်မူသောကြောင့်) ရေအေးနှင့်တူ၍ လုလင် ငယ်များသည် ကိလေသာအပူ မငြိမ်းအေးသေးသောကြောင့် ရေနွေးနှင့် တူပါသည်။ ဥပမာစကားများကို ထောက်၍ သမ္မောဒိံသု-ကို "အညီအမျှ နှီးနှောမိကြကုန်ပြီ"ဟု ပေးပါ၊ ဝမ်းမြောက်ကြကုန်ပြီ-ဟု မပေးပါနှင့်။

ခမနီယံ စသည်။ ။ခမနီယံ=လေးပါးသောဣရိယာပုထ်ဖြင့် သည်းခံအပ်သော ခန္ဓာကိုယ် တည်းဟူသော ယန္တရားသည် ဒုက္ခများသော ကြောင့် ပင်ကိုယ်သဘာဝအားဖြင့် သည်းခံဖို့ရန် မလွယ်ကူပါ၊ ယခု သည်းခံ နိုင်ပါ၏လောဟု မေးကြသည်။ ယာပနီယံ=အာဟာရစသော အကြောင်းများ နှင့် ဆက်စပ်၍ ဖြစ်ရသော ခန္ဓာကိုယ်တည်းဟူသော ယန္တရားကို ရှည်သော ကာလသို့ ရောက်စေနိုင်ပါ၏လော၊ အပ္ပါဗာဓံ=ခေါင်းကိုက်ရောဂါ စသော အနာကြီးများ ကင်းပါ၏လော၊ အပ္ပါတင်္ကံ= ဆင်းရဲငြိုငြင် အသက်ရှင်ဖွယ် ရောဂါငယ်များ မရှိပါ၏လော၊ လဟုဋ္ဌာနံ=ထိုထိုကိစ္စ ပြုလုပ်ရာ၌ လျင်မြန် ချမ်းသာစွာ ထသွားနိုင်ပါ၏လော၊ ဗလံ=လိုအပ်သော ကိုယ်ခန္ဓာအားရှိပါ ၏လော၊ ဖါသုဝိဟာရော=ချမ်းသာစွာ နေရပါ၏လော။ (၂၄၇)

ပီတိနှင့် ပါမောဇ္ဇ။ ။အားကြီးသော ပီတိသည် ပီတိမည်၍ နုသောပီတိသည် ပါမောဇ္ဇမည်ပါသည်။ (၂၄၁)

ကဏ္ဏေ ဩလမ္ဗိတွာ စက်ံ အဘိရုဟိတွာ။ ။ပခုံးနှစ်ဘက်တို့၌ ပုဆိုးကို တင်၍ ကပ်ငြိစေ၍ လည်ပင်း၌ တွဲလျား ချထားသည်ကို ရည်ရွယ်၍ "ကဏ္ဏေ ဩလမ္ဗိတွာ"ဟု ဆိုသည်။ စကြံသွား ခြင်းငှာ အားထုတ်သော အားဖြင့် တက်ခြင်းကို ရည်ရွယ်၍ "စက်ံ အဘိ ရုဟိတွာ"ဟု ဆိုသည်။

**ဘဝဂ္ဂံ ဂဟေတုကာမော ဝိယ။** ။အမ္ဗဋ္ဌလုလင်သည် မပြုနိုင်သော ကိစ္စကို အားထုတ်၏ဟု ပြခြင်းငှာ "ဘဝဂ္ဂံ၊ပေ၊ ဝိယ" စသည်ကို မိန့်သည်။ မှန်၏-မြတ်စွာဘုရား မျက်နှာ မသာမယာ ဖြစ်အောင် တလောကလုံးရှိ သတ္တဝါတွေသော်မှ မပြုနိုင်ပါ။ထို့ကြောင့်"အဋ္ဌာနေ ဝါယမတိ" ဟု မိန့်သည်။

**ဟန္ဒ တေန သဒ္ဓိံ မဇန္တမိ။** ။အဋ္ဌာန၌ အားထုတ်ပါသော်မှလည်း ဤဗာလသည် ငါဘုရားက အနည်းငယ်သော စကားကို မပြောဆိုသော် "ငါနှင့်အတူ အထက်၌ ပြောဆိုခြင်းငှာသော်မှ မစွမ်းနိုင်"ဟု တွေးကာ မာနကိုသာ မြှောက်ချီလတ္တံ့၊ ပြောဆိုလသော် စကား၌ ငြိကပ်မှုဖြင့် သူ၏ အမျိုးဇာတ်နှင့် အနွယ်ကို ထင်စွာဖြစ်စေအပ်သော် မာန ချိုးနှိမ်မှု ဖြစ်လိမ့်မည်။ ယခုအခါ အမ္ဗဋ္ဌလုလင်နှင့်အတူ ပြောဆိုအံ့ဟု ဆုံးဖြတ်တော်မူကာ ဘုရားရှင်သည် အမ္ဗဋ္ဌလုလင်ကို မိန့်တော်မူသည်။
(၂၄၀ ၉)

---

### ပဌမဣဗ္ဘဝါဒ

**တိသု ဣရိယာပထေသု၊** ။ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း ဣရိယာပုထ်တို့၌သာလျှင် ဆရာနှင့်အတူ စကားပြောဆိုခြင်းငှာ ထိုက်သောကြောင့် "တိသု ဣရိယာပထေသု" အရ-ရပ်၊ သွား၊ ထိုင်ဟူသော ဣရိယာပုထ်တို့ကိုသာ ယူပါ။ အလေးပြုထိုက်ကုန်သော အိပ်နေသော ဆရာသမားတို့၏ မျက်ဗှောက်၌ အလေးပြုတတ်သော တပည့်တို့သည် အိပ်ခြင်းကို မပြုထိုက်သောကြောင့် သယနဣရိယာပုထ်ကို မယူရပါ။ (၂၄၉)

**ကထာသလ္လာပ။** ။စကား၏ အစွမ်းဖြင့် အစုံစုံယူခြင်း အကျိုးငှာ ပြောဆိုခြင်းတည်း။ ချဲ့ဦးအံ့ - အိပ်နေသော ဆရာနှင့်အတူ အိပ်နေသော တပည့်၏ စကားပြောဆိုခြင်းသည် အကျင့်ကောင်း မဖြစ်နိုင်ပါလျက် ဤသယနဣရိယာပုထ်ကို အခြား ဣရိယာပုထ်နှင့် အတူပြု၍ပြောဆိုခြင်းသည် ဤနေရာ၌ "ကထာသလ္လာပ" မည်၏။

ဣလ္ဗဿ။ ။တင့်တယ်စွာ သွားခြင်းကြောင့် ဣလာ ဟု ဆိုအပ်သော ဆင်ယာဉ်သည် သူတပါး၏ အစွမ်းဖြင့် ဖြစ်သကဲ့သို့ ဤအတူ ပြာဟ္မဏတို့၏ စကားကို ကောင်းစွာ နာယူတတ်သော ဤသူ ဖြစ်သော ငှဟန်းတို့သည်လည်း သူတပါး၏ အစွမ်းဖြင့် ဖြစ်ကြသည်။ မိမိ၏ အစွမ်းဖြင့် မဖြစ်ကြ။ ထိုသို့ ဣလာနှင့် တူသော ပယောဂရှိသောကြောင့် ဣလ္ဗာဟု ဆိုသည်။

ကဏှာ့ဒတိကဏှာ။ ။ကဏှာ-ကဏှဇာတ်ရှိသူတို့တည်း။ ပုဏ္ဏားတို့သည် သုဒ္ဓဇာတိက၊ အခြားသူတို့သည် အသုဒ္ဓဇာတိက (ကဏှဇာတိက)ဟု အမှတ်အယူ ရှိလေသည်။ ထို့ကြောင့်"ကာဠကာတိ အတ္ထော"ဟု ထပ်ဆင့် ဖွင့်ပြသည်။ (၂၅၀)

ဗန္ဓု။ ။အဘိုးအဖြစ်ဖြင့် ဆွေမျိုးစပ်သောကြောင့် "ဗန္ဓု"ဟု ဆိုသည်။ ထို့ကြောင့် "ပိတာမဟောတိ ဝေါဟာရတ္ထိ"ဟု မိန့်။

အမှတ္တ၏ ပြောလိုရင်း။ ။ဣလ္ဗာ ကဏှာဟု ဆိုပြီး၍ ဗန္ဓုပါဒါပစ္စာ-ဟုပြောသော အမှတ္တသည် ကုလအားဖြင့် သမဏသည် ဝေဿကုလ၌ အကျုံးဝင်ပါသော်လည်း ပဌမဦးစွာ ဖြစ်သော အားဖြင့် ဗြဟ္မာ၏ ခြေဖမိုးမှ ထွက်သည်၊ ပဲကတိဝေဿကဲ့သို့ ထွက်သည် မဟုတ်ဟူ၍ ပြသည်။

မှတ်ချက်။ ။လေးပါးသော ဝဏ္ဏသည်သာလျှင် သမဏ ဖြစ်သည့်အတွက် အမှတ္တပြောသော စကားသည် "မုခတော နိက္ခန္တာ"ဟုဆိုသောကြောင့်လည်း အလွန်ပင် မဆင်မခြင် ပြောအပ်သော စကားဟု မှတ်ပါ။

အာစရိယကုလေ။ ။အရာ အားလျော်စွာ သာလျှင် အာစရိယကုလေ-ဟူသော အနက်ကို သိအပ်သောကြောင့် ဆိုပါသည်။ (၂၅၁)

အဝုသိတဝါယော။ ။သက်န်းလှူခြင်းကို "တိစီဝရေန အစ္ဆာဒေသိ"ဟူ၍ ဆိုသကဲ့သို့ သင်ယူမှုမရှိသူ၏ အဖြစ်ကိုပင် "အဝုသိတဝါယော"ဟူ၍ ဝေါဟာရအားဖြင့် ဆိုပါသည်။ ထို့ကြောင့် "အာစရိယကုလေ အဝုသိတဝါ အသိက္ခိတော"ဟူ၍ မိန့်သည်။

အပ္ပဿုတော၀ သမာနော။ ။ဤပါဌ်ဖြင့် "အဝုသိတဝါ ဝုသိတမာနီ"ဟု ရှိရာဝယ် အဝုသိတဝါ-ပုဒ်သည် ဝုသိတမာနီ-ပုဒ်ကို ရှင့်သည့်အတွက် မပြီးဆုံးသော စကားရှိသောကြောင့် သမာနော-သည် ပါဌ်သေသဟု ပြသည်။

**ကိုမညတြ အဝုသိတတ္တာ။** ။အကြားအမြင်များခြင်းကို အလှန်အကဲ ငြိမ်သက်ခြင်းအကျိုးငှာ အလိုရှိထိုက်သည်၊ ထိုငြိမ်သက်မှု မရှိသောကြောင့် ဤအမ္ဗဋ္ဌကို "အဝုသိတဝါ အဿိကိုဏော အပ္ပဿုတော"ဟုရှိသိနိုင်သည်။ ဤသို့လည်း အနက်ရောက်သောအားဖြင့် အကြောင်းကိုထင်စွာပြလိုသောကြောင့် "ကိမညတြ အဝုသိတတ္တာ"ဟုဟောတော်မူသည်။ "ကိမညတြ အဝုသိတတ္တာ"ဟူသောအကြောင်းသည် အမ္ဗဋ္ဌ၏ ဖရုသဝါစာကို ပြောဆိုခြင်း၌ အကြောင်းဖြစ်သည်။

**အနတ္တမနော်တိ အသကမနော။** ။ကော၏ အလိုသို့ လိုက်နေရသော စိတ် ရှိသောသောကြောင့် မိမိစိတ်မရှိ။

**ဂေါတ္တံ ကုလာပဒေသံ။** ။ဤနေရာ၌ အစဖြစ်သော ယောကျ်ား၏ အစွမ်းဖြင့် "ဂေါတ္တ"ကိုယူ၍ ထိုအမျိုးအနွယ်၌ ဖြစ်သော ထင်ရှားသော ယောကျ်ား၏ အစွမ်းဖြင့် "ကုလာပဒေသ"ကို မှတ်ယူပါ။ ဥပမာ-အာဒိစ္စ မာဃဝ ကဲ့သို့တည်း။ ချဲ့ဦးအံ့-သာကီဝင် မင်းတို့၏ အာဒိစ္စအနွယ်သည် အဒိတိမည်သော နတ်သမီး၏ သားဖြစ်သော အစဦး ယောကျ်ားကို စွဲ၍ ဖြစ်ပေါ်သည်။ အာဒိစ္စအနွယ်ကိုပင် ဂေါတမအနွယ် ဟုလည်း ခေါ်ကြသည်။ မာဃဝကုလကား-ထိုအမျိုး၌ ထင်ရှားသော မဃလ ရွာသားယောကျ်ားကို စွဲ၍ ဖြစ်သည်။ (၂၅၁)

မာနဒ္ဓဇံ မူလေ ဆေတွာ နိပါတေဿာမိ။ ။အမ္ဗဋ္ဌ၏ အနွယ်အရင်း မူလမှာ ကဲ့ရဲ့စရာ ကောင်းသောကြောင့် မာနမဖြစ်ထိုက်ကြောင်းကို မာန၏တည်ရာ မဟုတ်သည်ကို သိစေသောအားဖြင့် "မာနဒ္ဓဇံ မူလေ ဆေတွာ နိပါတေဿမိ"ဟု မိန့်သည်။ (၂၅၂)

ပါပိတော ဘဝိဿတိ။ ။စဏ္ဍာ ဘော ဂေါတမ သကျဇာတိ-စသည်ဖြင့် သာကီဝင်တို့ကို ကြမ်းတမ်းခြင်း စသော အပြစ်သို့ ရောက်စေအပ်ကုန်လသော် ရဟန်းဂေါတမကိုလည်း ကြမ်းတမ်းခြင်း စသော အပြစ်သို့ ရောက်စေအပ်ပြီး ဖြစ်ပေလိမ့်မည်။ (၂၅၂)

စဏ္ဍာတိ မာနနိဿိတကောဓယုတ္တာ။ ။ဤပါဠိဖြင့် မာန ကောဓတို့ အချင်းချင်း ထောက်ပံ့မှု ရှိရာ ပုဂ္ဂိုလ်ကို "စဏ္ဍ"ဟု ဆိုအပ်ကြောင်းကို ပြသည်။ ဤ၌ နိဿိတဒ်ဖြစ်သည် ပကတူပနိဿယ အာရမ္မဏ အစွမ်းဖြင့် ဖြစ်သည်။ သဟဇာတ စသည် အစွမ်းဖြင့် ဖြစ်သည် မဟုတ်ပါ။ မာနနှင့် ကောဓတို့ အတူမယှဉ်နိုင်ပါ။

ဘာသာ။ ။ဘာသာ-အလွန်စကားများကုန်၏။ တနည်း-အနိုင်အထက် နှိပ်စက် ပြောဆိုတတ်ကုန်၏၊ (ကောစိ) တနည်း-ချုပ်ချယ် စော်ကားတတ်ကုန်၏။ (အပရေ)

---

## ဒုတိယကုလ္လဝါဒ

အဘိသိတ္တသကျရာဇာနော။ ။ထိုအခါ၌ အဘိသိက် သွန်းအပ်သော သာကီဝင်မင်းတို့၏ များသည်၏အဖြစ်ကို ရည်ရွယ်၍ ဆိုသည်။ သာကီဝင်မင်းမျိုးတွင် အလုံးစုံသော ပုဂ္ဂိုလ်တို့ထက် အသက်လည်းကြီး စွမ်းရည်လည်း ရှိသော ပုဂ္ဂိုလ်သည်သာ အဘိသိက်သွန်းခြင်းကို ရပါသော်လည်း အချို့သော ပုဂ္ဂိုလ်သည် အဘိသိက် သွန်းလောင်းပြီးသော် မင်းအဖြစ်မည်သည် ကိစ္စလည်းများ၏၊ ကြောင့်ကြ ဗျာပါရလည်းများ၏ဟု ကွေးကာ ငြီးငွေ့လာ၏၊ ထိုအခါ မင်းအဖြစ်မှ ထွက်၍ အရွယ်အာ ဖြင့် မိမိနောက်ဖြစ်သူအား မင်းအဖြစ်ကို အပ်နှင်းလေသည်။ တရံတခါ ထိုမင်းသည်လည်း အခြားသူအား ဤသို့ အပ်နှင်းပြန်လေသည်။ ဤသို့ အဆက်ဆက် အပ်နှင်းခြင်းဖြင့် ထိုအခါ၌ အဘိသိက် သွန်းလောင်းပြီးသော သကျရာဇာတို့ များရလေသည်။ တနည်း-ထိုက်သည့်အားလျော်စွာ ရာထူးဌာနန္တရ တို့၌ အဘိသိက် သွန်းလောင်းအပ်သော သာကီဝင်မင်းတို့၏ များသည်၏အဖြစ်ကို ရည်ရွယ်၍ ဤသို့ ဆိုသည်ဟုလည်း မှတ်သင့်သည်။

[တေ ဟိ ရာဇာနောတိ ဝုတ္တံ။ ယထာဟ-ရာဇာနော နာမ ပထဗျာရာဇာ ပဒေသရာဇာ မဏ္ဍလိကာ အန္တရဘောဂိကာ အက္ခဒဿာ မဟာမတ္တာ၊ ယေ ဝါ ပန ဆေဇ္ဇဘေဇ္ဇံ ကရောန္တာ အနုသာသန္တိ၊ ဧတေ ရာဇာနော နာမာတိ]။ (၂၅၂-၃)

---

## တတိယကုလ္လဝါဒ

နိမ္ဗာနာ ဒါနိ ဇာတောတိ မညမာနော။ ။"အဇမှ ဟံသာကောဉ္စမောရ သပေ ကရောတိ"ဟု မိန့်သော အဋ္ဌကထာဆရာသည် အောက်၌ယူအပ်သော "န တံ ကောစိ ဟံသော ဝါ

ကောဋ္ဌော ဝါ မောရော ဝါ အာဂန္တွာ ကိံ တွံ လပသီတိ နိသေဓေတီ” ဟူသောစကားကို သံဂါယနာ မတင်အပ်သော်လည်း ထိုအခါ၌ ဘုရားရှင် မိန့်တော်မူအပ်သည်သာဟု ပြသည်။ ဘာ့ကြောင့်နည်း-ထိုအခါ၌ ဘုရားရှင် မိန့်တော်မူအပ်သောကြောင့်သာ အမ္ဗဋ္ဌ ဤသို့ ပြောဆို ပြုမူသည်ဟု ဆိုခြင်းငှာ ထိုက်သောကြောင့်တည်း။ အမ္ဗဋ္ဌကား “ဧဝံ နု တေ” စသော စကားကိုလည်းကောင်း၊ “အဝုသိတဝါယေဝ” စသော စကားကိုလည်းကောင်း ရဟန်းဂေါတမသည် မာနဖြင့် ပြောသည်ဟု မှတ်ထင်လေသည်။ ဤသို့သော အဓိပ္ပာယ်ဖြင့် “နိမ္မာနေဝ ဒါနိ ဇာတောတိ မညမာနော” ဟု မိန့်။ (လင္ကာ-ကိကာ-အိမ်စာမကလေး၊ ဝါ-စကားများသော ငှက်မကလေး။) (၂၅၄)

---

## ဒါသိပုတ္တဝါဒ

**တိက္ခတ္တုံ မဟာသဒ္ဒေန အဝေါစ။** ။ထင်ရှားအောင် ပြုလိုသောကြောင့် အမ္ဗဋ္ဌ လုလင်သည် “ကဏှာယနောဟမသ္မိ ဘော ဂေါတမ” ဟူသော စကားကို သုံးကြိမ်သုံးခါ ကျယ်စွာသော အသံဖြင့် ပြန်ကြား လျှောက်ထားသည်။

**မာတာပေတ္တိကံ။** ။အနွယ်ဖြစ်သော အမည်ကိုသာ အလိုရှိအပ်၍ သီးခြား ဖြစ်သော အနွယ်ကို အလိုမရှိအပ်ပါ။ ထို့ကြောင့် “မာတာပေတ္တိကန္တိ မာတာပိတူနံ သန္တကံ” ဟု မိန့်သည်။ မှန်၏-အနွယ်သည် အဖမှ ရအပ်သော အဖ၏ တဖက်ဆိုင် ဥစ္စာသာဖြစ်၏။မိဘက် ဖဘက် နှစ်ဘက် ဆိုင် ဥစ္စာ မဟုတ်ပါ။ ဘာ့ကြောင့်နည်း—ပုဏ္ဏားတို့သည် အနွယ်တူသော ပုဏ္ဏေးမ၌သာ အာဝါဟဝိဝါဟကို အလိုရှိအပ်သည် မဟုတ်သောကြောင့်တည်း။ အနွယ်ဖြစ်သော အမည်သည် ဇာတ်အားဖြင့် ထင်ရှား၏။ ကိတ္တိမနာမ် မဟုတ်ပါ။ ဂုဏနာမ်လည်း မဟုတ်ပါ။ ဇာတိမည်သည်လည်း မိဘက် ဖဘက် နှစ်ဘက်လုံးနှင့် ဆက်စပ်ခြင်းရှိပါသည်။ ထို့ကြောင့် မာတာပေတ္တိကနာမ ဖြစ်သည်။ ပေတ္တိကမျှ မဟုတ်ပါ။

**နာမဂေါတ္တံ။** ။နာမဂေါတ္တဟူသည် အနွယ်ဖြစ်သော အမည်တည်း၊ ကိတ္တိမနာမ်မဟုတ်၊ ဂုဏနာမ်လည်း မဟုတ်ပါ။ မှန်၏-အမည်သည်ပင် အစဉ်အဆက်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ဂေါတ္တလည်း မည်သည်။ ထင်ရှားသော ကဏှာယနော ဟူသော နာမည်ပညတ်ကိုပင် ရည်ရွယ်၍ "ပဏ္ဏတ္တိဝသေန နာမံ"ဟု မိန့်သည်၊ ထိုအမည်သည် ကဏှဒသေ့မှ စ၍ ထိုအမျိုးအနွယ်၌ အမျိုး အစဉ်အဆက်၏ အစွမ်းဖြင့် လာပါသည်။ ဤအမ္ဗဋ္ဌ၌သာ ထင်ရှားသော အမည်မဟုတ်ပါ။ ထို့ကြောင့် "ပဝေဏိဝသေန ဂေါတ္တံ" ဟု မိန့်သည်။

**ကုလကောဋိ သောဓေန္တဿ။** ။အနုဿရိတော၌ အမှတ်ရကာမျှ သက်သက်ကို အလိုမရှိအပ်ပါ၊ အမျိုး၏ စင်ကြယ်မှုကို စုံစမ်းခြင်း၏ အစွမ်းဖြင့် အမှတ်ရမှုကို အလိုရှိအပ်ပါသည်။ ထို့ကြောင့် "ကုလကောဋိ သောဓေန္တဿ"ဟု မိန့်။ (၂၅၄)

**ဒါသိပုတ္တော။** ။ဒိသာသည် ကျွန်လေးမျိုးတို့တွင် ဩက္ကာကမင်း၏ အန္တောဇာတ ကျွန်မ ဖြစ်သည်။ ထို့ကြောင့် "ဿရဒ္ဒါသိယာ ပုတ္တော" ဟု မိန့်သည်။ (၂၅၄-၅)

**ကျွန်မသားဟု မိန့်တော်မူခြင်း အကြောင်း။** ။အမ္ဗဋ္ဌသည် ဇာတ်ကို မှီ၍ ခက်ထန်နေ၏။ မှန်ကန်သောအားဖြင့် အမ္ဗဋ္ဌ၏ ဇာတ်ကို ထင်စွာမပြုလျှင် မာနမကျိုးနိုင်။ မာနမကျိုးလျှင်လည်း မာန၏ အစွမ်းဖြင့် ရတနာသုံးပါးကို ပြစ်မှားလိမ့်မည်။ မာနချိုးနှိမ်မှု ပြုအပ်သော် နောင်အခါဝယ် ရတနာသုံးပါး၌ ကြည်ညိုခြင်းလိမ့်မည်၊ ဤသို့ အကျိုးကို မျှော်ကိုး၍ ဟောအပ်သော စကားသည် စိတ်တော် နူးညံ့သောကြောင့် ဖရုသဝါစာ မဖြစ်ပါ။ [မဇ္ဈိမပဏ္ဏာသက အဘယသုတ်သည် သာဓက ဖြစ်သည်။] အချို့သော လူတို့သည် ကြမ်းတမ်းစွာ ပြောဆိုမှု (သံ စသည်တို့သည် မီးကြောင့် နူးညံ့ပျော့ပျောင်းကြရသကဲ့သို့) နူးညံ့ခြင်းသို့ ရောက်ကြလေသည်။ ထို့ကြောင့် ဘုရားရှင်သည် အမ္ဗဋ္ဌကို မာန်မရှိအောင် ပြုလိုသောကြောင့် "အယျပုတ္တာ သကျာ ဘဝန္တိ၊ ဒါသိပုတ္တော တွမသိ သကျာနံ" ဟူ၍ မိန့်တော်မူပါသည်။ (၂၅၅)

။

**ပဘာ နိစ္ဆရတိ။** ။အရောင် ထွက်စေတတ်သော ကုံသိုလ်ကံကြောင့် သွားတို့သည် ပြိုးပြိုးပြက်ပြက် အရောင် လက်သည်။

**မဟာသမ္မတဿ။** ။"ဤသူသည် ငါတို့၏မင်းတည်း"ဟု လူအများ သမုတ်၍ ထားအပ်သောကြောင့် မဟာသမ္မတ။

**ပဌမကပ္ပိကာနံ ကိရ။** ။အနုဿာဝနတ္တ ကိရသဒ္ဒါဖြင့် တဆင့်ကြား ဖြစ်သောကြောင့် နောက်၌ ဆိုအပ်လတ္တံ့သော မင်းအဆက်ဆက်၌ အချို့သော ပုဂ္ဂိုလ်တို့၏ အဆိုကွဲပြားမှုကို သိစေသည်။ (၂၅၇)

**တေသံ ပစ္ဆတော တယော ဩက္ကာကဝံသာ။** ။တေသံ - ကဋ္ဌာရဇနကမင်း အဆုံး ရှိကုန်သော ရှစ်သောင်း လေးထောင်သော မင်းတို့၏။ ဝါ၊ သုဇာတမင်း အဆုံးရှိကုန်သော ရှစ်သောင်းလေးထောင်သော မင်းတို့၏။ ထိုမင်းတို့၏ နောက်၌ ဩက္ကာက မင်း သုံးဆက်ဖြစ်သည်။

**ပဋ္ဌမဒိဝသေ အလက်ရိတ္ဓာ။** ။မွေးဖွားပြီးနောက် ငါးရက်မြောက်နေ့၌ နာမည်မှည့်ခြင်း စသော မင်္ဂလာ သည် လောကာစိဏ္ဏတည်း။ ထို့ကြောင့် "ပဋ္ဌမဒိဝသေ အလက်ရိတ္ဓာ"ဟု မိန့်။

**သဟာသာ ဝရံ အဒါသိ၊** ။သားကို မြင်ရသည့်အခါ ဝမ်းသာလွန်း၍ မစဉ်းစား မဆင်ခြင်ပဲ အဆောတလျင် ဆု ပေးမိခဲ့သည်။ (၂၅၇-က)

**အတ္တနော ခတ္တိယဘာဝံ ဇာနာပေတ္ဓာ။** ။ခတ္တိယမာယာကို ပြောခြင်းဖြင့် မိမိ၏ခတ္တိယအဖြစ်ကိုသိစေသည်။ (၂၅၉)

**အာဝါဟ ဝိဝါဟ။** ။အမျိုးသမီးဆောင်ခြင်းသည် "အာဝါဟ" မည်၍ အမျိုးသမီးပေးခြင်းသည် "ဝိဝါဟ"မည်သည်။

**ကဏှော။** ။မည်းနက်သော အဆင်း ရှိသောကြောင့် ကဏှ မည်သည်။ ထို့ကြောင့် "ကာဋ္ဌဝဏ္ဏံ" စသည်ကို မိန့်။ ဤကာဋ္ဌဝဏ္ဏံ စသော စကားကို အနက်မျှဖြင့် ဆိုပါသည်။ အဓိပ္ပာယ်အဖြောင့်အားဖြင့်ကား ယခုအခါ ဘီလူးကို ပိသာစဟု ခေါ်ဆိုကြသကဲ့သို့ ထိုခေတ် ထိုအခါက ဘီလူးကို ကဏှ-ဟု ခေါ်ကြသည်။ ထို့ကြောင့် ဤကဏှရသေ့၏ အလောင်းအလျာ ကလေးငယ်သည် မွေးမွေးချင်း စကားပြောသည့်အတွက် မြေဘုတ် ဘီလူးနှင့် တူရကား ကဏှ အမည်ရလေသည်။ ပိသာစော ဇာတော-ကား ကဏှော ဇာတော-၏ ဝေဝုစ် ပရိယာယ်စကားလှယ်သာ ဖြစ်သည်။ ထင်ရှားသော အမည်ဖြင့် သိလွယ်စေခြင်း အကျိုးငှာ ဟောတော်မူသည်။ (၂၆၀)

အတ္တနော ဥပါရမ္ဘမောစနတ္ထာယ။ ။ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏား သည် လည်းကောင်း၊ အမ္ဗဋ္ဌသည် လည်းကောင်း မိမိ မိမိ၏ အထက်၌ တင်အပ်သော အပြစ်ကို ပယ်ရှားခြင်း အကျိုးငှာ- ဟု ပေးပါ။ အတ္တနော-သည် ဝိစ္စာလောပစကား ဖြစ်သည်။

ပရိဘိန္ဒိဿတိ။ ။အကျိုးမဲ့ကို လိုသားကြောင်း သိစေသောအားဖြင့် ကွဲပြားမှုကို ပြုလတ္တံ့။ ချောပစ် ကုန်းတိုက်စကားကို ဆောင်လတ္တံ့ ဟု ဆိုလိုသည်။

အဿိ ဝစနေ။ ။ဤ၌ တသဒ္ဒါဖြင့် "စတ္တာရောမေ ဘော ဂေါတမ ဝဏ္ဏာ" စသည်ဖြင့် အမ္ဗဋ္ဌသည် အောက်၌ ပြောဆိုအပ်သော ဇာတိဝါဒကို စွဲသင့်ပါသော်လည်း ဤဇာတိဝါဒကို ဝေဒကျမ်း၌ လာသော အစီအစဉ်ဖြင့်သာလျှင် အမ္ဗဋ္ဌနှင့် နှီးနှော ပြောဆိုဆိုက်သည်။ ထို့ကြောင့် နှီးနှော ပြောဆိုခြင်း၏ အကြောင်း၏အဖြစ်ဖြင့် ထင်ရှားသော ဝေဒသုံးပုံဟူသော စကားကိုသာလျှင် စွဲထိုက်သည်ဟု ပြခြင်းငှာ "အတ္တနော ဥဂ္ဂဟိတေ ဝေဒတ္တယဝစနေ" ဟူ၍ မိန့်သည်။

ယခုအခါ၌ "ပေါရာဏံ ခေါ ပနတေ အမ္ဗဋ္ဌ မာတာပေတ္တိကံ"စသည်ဖြင့် ဘုရားရှင် ဟောတော်မူအပ်သော စကားကို စွဲသည်ကိုလည်း ပြလိုသော ကြောင့် "တေဿိ ဝါ ဒါသိပုတ္တဝစနေ" ဟု မိန့်တော်မူသည်။ ပဋိမန္တေတုံ- ဟူသောပါဠိ၌ ပဋိမန္တနာမည်သည် (၁) ပဋ္ဌာဝိသဇ္ဇနာ (၂) ဥတ္တရိကထနာဟု နှစ်မျိုးရှိသောကြောင့် အနက်နှစ်ပါးအားလျော်စွာ တသဒ္ဒါ နှစ်နည်းစွဲကာ ဖွင့်သည်။

လုလင်တို့၏ အကြံ။ ။ပဌမကတည်းကပင် ဦးခေါင်း မထောင်နိုင်သော ကြောင့် လည်းကောင်း၊ ဇာတိကို သိဖို့ ခဲယဉ်းသော ကြောင့် လည်းကောင်း၊ တရားစွဲဆိုမှု မပြုနိုင်သောကြောင့် လည်းကောင်း အမ္ဗဋ္ဌသည် ကိုယ်တိုင်သာလျှင် ဖြေပါစေဟု ကြံစည်ကြလေသည်။
(၂၆၀-၁)

အတ္တနာ ဗဒ္ဓံ ပုဋကံ။ ။မိမိပင် သင်္ကိဝင်တို့၌ ဥလမ္ဗဝါဒ ကျစေခြင်းကြောင့် မိမိ၏ အပေါ်၌ ရောက်လာခြင်းကို ရည်ရွယ်၍ "အတ္တနာ ဗဒ္ဓံ ပုဋကံ" ဟု မိန့်။ [ဟေတုနှင့် ကာရဏသည် ပရိယာယ်၊ တနည်း—ဇနက အကြောင်းသည် ဟေတုဖြစ်၍ ဥပတ္ထမ္ဘက အကြောင်းသည် ကာရဏ ဖြစ်သည်။] (၂၆၁)

**ယဂ္ဂေ့ာ။** ။ပူဇော်အပ်သောကြောင့် နတ်တို့သေဋ္ဌနင်း သိကြားမင်းသည် ယက္ခ မည်၏။

**အဟဋ္ဌေဝ ခေါ ပန ဓမ္မံ ဒေသေယျံ စသည်။** ။အဇ္ဇပါလပဉ္ဇဟ၌ အဇပါလ ညောင်ပင် အောက်ဝယ် ထိုင်နေတော်မူစဉ် ဘုရားရှင်အားလုံးတို့၏ အခါလေ့အကျက်ဖြစ်သော အကြံ သုတ္တသို့ ရောက်ခြင်းကို ရည်ရွယ်၍ ''အဟဋ္ဌေဝ ခေါ ပန ဓမ္မံ ဒေသေယျံ'' စသည်ကို မိန့်။

**တာသေတွာ ပဋ္ဌံ ဝိဿဇ္ဇာပေဿာမိတိ အာဂတော။** ။မူလပဏ္ဏာသက၌လာသော သစ္စကပရိဗ္ဗိုဇ်၏ အစည်းအဝေး၌ လာသကဲ့သို့ပင် ထိတ်လန့်စေ၍ ပြဿနာ ဖြစ်စေရန် အကြံဖြင့် လာသည်။

**အဂရု။** ။ထိုအကြောင်းအရာသည် အခြားသူများနှင့်လည်း ဆက်ဆံသော ကြောင့် ဝန်မလေးဟု ဆိုသည်။ (အာဝါဟေတွာ-မန္တန်၏ အစွမ်းဖြင့် ခေါ်၍၊ အဋ္ဌကထာကူဋ္ဌိ- အူမ အူသိမ် စသည်တည်း။)

**တာဏံ ဂဝေသမာနော။** ။ကျွဲရဟန်း ဂေါတမသည်သာ ကျွဲဘေးမှ ငါ့ကို စောင့်ရှောက်နိုင်၏ဟု တွေးကာ ဘုရားရှင်ကိုသာ စောင့်ရှောက်ရာဟု ရှာမှီးကပ်ရောက်သည်။ (၂၆၁-၂)

**သရဏံ။** ။သရ-အရ ညှဉ်းဆဲဟူသည် ဖျက်ဆီးခြင်းပင်တည်း။ ထို့ကြောင့် ''ဘယံ ဟိံသတိ ဝိဒ္ဓံသေတိ''ဟု မိန့်သည်။ (၂၆၂)

---

အမ္ဗဋ္ဌဝံသကထာ

**အာဝုဓံ န ပရိဝတ္တတိ။** ။မြှားကိုဖြစ်စေ၊ လှံစသည်တို့ကို ဖြစ်စေ အခြားသူ၏ အပေါ်သို့ ပစ်လိုသူ၏ လက်သည် မန္တန်၏ အာနုဘော်ကြောင့် မလှည့်နိုင်၊ လက်မလှည့်နိုင်သော် အဘယ်မှာ လက်နက် သည် လှည့်နိုင်လတ္တံ့နည်း။ ထို့ကြောင့် ထိုသို့ မလှည့်နိုင်သည်ကို ရည်ရွယ်၍ ''အာဝုဓံ န ပရိဝတ္တတိ''ဟု မိန့်။ (၂၆၂)

ဓနု အာဂမနီယံ။ ။လေးဖြင့် ပစ်အပ်သော မြှား၏ ပလာရောက်ကြောင်း အတတ်ကိုပင် ဓနုလေး၏ အမည်ကို ဓနုမြှား၌ တင်စားသော ဓနုပစာရအားဖြင့် "ဓနု အာဂမနီယံ"ဟု မိန့်သည်။ [စက္ခုနာ ပဿတိ-ဟူရာ၌ ကဲ့သို့တည်း။]

အမ္ဗဋ္ဌ။ ။သတ္တဝါတို့၏ ကိုယ်၌ နယ်ဆီသုတ်လိမ်းထားသကဲ့သို့ မတုန်မလှုပ်သော ကိုယ်အင်္ဂါကို တည်စေတတ်သောကြောင့် ကဏှရသေ့ သင်ယူခဲ့သော မြှား မလာကြောင်း အတတ်ကို အမ္ဗဋ္ဌဟု ဆိုရသည်၊ ကဏှရသေ့လည်း အမ္ဗဋ္ဌဟု ခေါ်ရသောအတတ် ရှိသောကြောင့် အမ္ဗဋ္ဌ ဟု ထင်ရှားသည်။ ဤသုတ်လာပဓာနဖြစ်သော လုလင်သည်လည်း အမ္ဗဋ္ဌ အမျိုးအနွယ်၌ ဖြစ်သောကြောင့် အမ္ဗဋ္ဌအမည် ရသည်။

ဣဒါနိ မေ မနောရထံ ပူရေဿာမိ။ ။ထိုကဏှရသေ့သည် ငါသည် အဘယ့်ကြောင့် ဒိသာမည်သော ကျွန်မ၏ ဝမ်း၌ ဖြစ်ရာနည်းဟု မိမိ၏ ယုတ်ညံ့သော ကျွန်ဇာတ်ကို စက်ဆုပ်ကာ ဖြစ်နိုင်သည့် နည်းဖြင့် ဤယုတ်ညံ့သော ကျွန်ဇာတ်ကို စင်ကြယ်စေအံ့ ဟူသော အကြံဖြင့် ထွက်ခဲ့သည်။ ထို့ကြောင့် "ဣဒါနိ ၊ပေ၊ ပူရေဿာမိ" ဟု မိန့်သည်။ ကဏှရသေ့၏ စိတ်အလိုမှာ အတတ်စွမ်းအားဖြင့် ရှင်ဘုရင်ကို ထိတ်လန့်စေ၍ သူ၏ သမီးတော်ကို ရရာအခါမှစ၍ ငါ၏ယုတ်ညံ့သော ဤကျွန်ဇာတ်ကို သုတ်သင်ပြီး ဖြစ်လိမ့်မည် ဟူသတည်း။

ဒဏ္ဍကီရညော စသည်။ ။သရဘင်္ဂဇာတ်၌ လာသော ဒဏ္ဍကီမင်း စသည်တို့၏ နောက်မှ သြက္ကာကမင်း ဖြစ်သည်။ ထိုဒဏ္ဍကီမင်း စသည်တို့၏ ဖြစ်ပုံသည် အလုံးစုံသော အရပ်တို့၌ အလွန်ကြာမြင့်စွာ ထင်ရှားသည်။ ထို့ကြောင့် "ဒဏ္ဍကီရညော"စသည်ကို မိန့်။ (၂၆၃)

အာဝုဓဝုဋ္ဌိယာ။ ။သိမိုးစသည် ရွာခြင်းရှိပါသော်လည်း လက်နက်မိုးရွာခြင်းဖြင့်သာလျှင်ပျက်စီးတတ်သောကြောင့် "အာဝုဓဝုဋ္ဌိယာ" ဟု ဆိုသည်။

ပန္နလောမော စသည်။ ။ကြောက်ရွံ့ထိတ်လန့်သူတို့သည် ကိုယ်တုန်လှုပ်ကာ ကြက်သီးမွေးညင်းထကုန်၍ မကြောက်မထိတ်သူ တို့မှာ ဘယ ဥပဒ္ဒဝ မရှိသောကြောင့် ကိုယ်မတုန်လှုပ် ကြက်သီးမွေးညင်း ထမှုမရှိပါ။ ချမ်းသာစွာ တည်နိုင်ကြသည်။ ကြက်သီးမွေးညင်းထမှုမရှိသော ကြောင့် မင်းသား၏ ချမ်းသာကြောင်းသည် ထင်ရှားသည်။ ဤသို့အကျိုး

ဖြင့် အကြောင်းကို ထင်ရှားစေခြင်းငှာ ပါဠိတော်၌ ''ပလ္လောမော''ဟု ဟောတော်မူသည်။ ဤအဓိပ္ပာယ်ကို ''ပန္နလောမော''စသည်ဖြင့် ပြသည်။

ပဋိညံ ကာရေတွာ။ ။ရှင်ဘုရင်သည် ငါ့အား မဒ္ဒရူပီ သမီးတော်ပေးလျှင် မင်းသား ချမ်းသာမည်။ အမွေးကျမည် ဟူသော ဝန်ခံမှုပြုခြင်းသည် အရာအားဖြင့်ပင် ထင်ရှားသည်။

ဥဠာရေ စ နံ ဌာနေ ဌပေသိ။ ။မိမိသမီ,တော်အား ပြောဆို ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှာ ကဏှကို ကျွန် မဟုတ် အောင် ပြုသည်။ ထိုသမီးတော်အား လျော်သောရာထူး၌ ထားသည်။

သမဿာသနတ္ထံ အာဟ။ ။မြင့်မြတ်သော အမျိုး၏ အဖြစ်ကို ပြခြင်းငှာ ဟောတော်မူသည် မဟုတ်၊ ကရုဏာတော်ကြောင့် သက်သာရာ ရစိမ့်သောငှာ ဟောတော်မူသည်။

---

ခတ္တိယသေဋ္ဌဘာဝ

ဗြာဟ္မဏေသု ။ဝေါဟာရမျှဖြစ်သည်။ ပုဏ္ဏားတို့၏ (အနီး၌) ပုဏ္ဏားတို့သည် ရထိုက်သော အာသန စသည်တို့ကို ရရာ၏ဟု ဆိုလိုပါသည်။ ထို့ကြောင့် ''ဗြာဟ္မဏာနံ အန္တရေ''ဟု မိန့်သည်။ (၂၆၃-၄)

သဒ္ဓေ။ ။သဒ္ဓဟူသည် အခြားအကျိုးမဖက် သက်သက် ဝေဒကျမ်းအား လျော်စွာ ကွယ်လွန်သော ဆွေမျိုးမိဘတို့ကို ရည်ရွယ်၍ သူတို့ အကျိုး ရလိမ့်မည် ဟူသော ယုံကြည်ချက် သက်သက်ဖြင့် လှူအပ်သော အလှူတည်း။ အခြားသော တစုံတရာကို တောင့်တလျက် လှူအပ်သောအလှူ မဟုတ်၊ ဤအဓိပ္ပာယ်ကို ပြခြင်းအကျိုးငှာ ''မတကေ ဥဒ္ဒိဿ ကတဘတ္တေ'' ဟု ဖွင့်သည်။[မင်္ဂလာဒီပနီဘတ္တေ၌ အာဒိဖြင့် ဥဿဝဘတ္တ ဒေဝတာရာနေဘတ္တ သည်ကိုယူ။] (၂၆၄)

ပါဟုန။ ။အာဂန္တုမဟုတ်သူတို့၏ အထံသို့ ပို့စေထိုက်သော ထမင်းကိုလည်း ပါဟုန ဟု ဆိုအပ်သောကြောင့် "ပဏ္ဏာကာရဘတ္တေ ဝါ"ဟု ဖွင့်သည်။

ခတ္တိယဘာဝံ အပ္ပတ္တော။ ။ဥဘတောသုဇာတ မဖြစ်သေးကြောင့် ခတ္တိယ အဖြစ်သို့ မရောက်ပါ၊ ထို့ကြောင့် "အပရိသုဒ္ဓေါ" ဟု ထပ်ဆင့်ဖွင့်ပြသည်။

ဣတ္ထိယာ ဝါ ဣတ္ထိံ ကရိတွာ။ ။ကရဓာတ်သည် ပရိယေသနအနက်၌လည်း ပျံ့နှံ့နိုင်သောကြောင့် ကရိတွာ-ကို "ပရိယေသိတွာ"ဟု ဖွင့်သည်။ (ဘူကာရ သဗ္ဗဓာတွတ္ထဗျာပကာ။) ခတ္တိယသတို့သား၏ ဇနီး မယားဖြစ်သော ပုဏ္ဏေးမ ကညာအမျိုးသမီးကို ရှာမှီး၍ အမျိုးသမီး အားဖြင့်လည်း ခတ္တိယတို့ကသာ မြတ်ကြ၏။ ပုဏ္ဏားတို့သည် ယုတ်ညံ့ကြ၏ဟု အဓိပ္ပာယ်ယူပါ။

---

## ဝိဇ္ဇာစရဏကထာ

ဣမာယ ပန ဂါထာယ စသည်။ ။(၁) ဤဂါထာကို ဆောင်ပြလိုက်လျှင် ဗြဟ္မာကို အလေးထားသူတို့ယုံကြည်ခြင်းသို့ ရောက်ခြင်း၊

(၂) အမ္ဗဋ္ဌသည် "ဝိဇ္ဇာစရဏ သမ္ပန္နော"ဟူသောပုဒ်ကို ကြား၍ ဝိဇ္ဇာစရဏကို မေးနိုင်ခြင်း၊

(၃) ဤသို့မေးလျှင် ဝိဇ္ဇာစရဏကို ပြသော ဤဒေသနာတော်သည် လူအပေါင်းအတွက် အကျိုးရှိလာနိုင်ခြင်း၊

ဤအကျိုးများကို မြင်တော်မူ၍ လောကနာထမြတ်ဗုဒ္ဓသည် သနင်္ကုမာရ ဗြဟ္မာ ဆိုဖူးသော ဤဂါထာကို ဆောင်တော်မူပါသည်။

ဤအနက်အဓိပ္ပာယ်ကို ထင်ရှားစေလို၍ "ဣမာယ ပန ဂါထာယ"စသည်ကို မိန့်သည်။

ဤသို့ မယူလျှင် ဘုရားရှင်သည် သဗ္ဗညုမဟုတ်၊ သူတပါးကို မှီခိုသူဖြစ်တော့ရာ၏။ ဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဖြစ်သောကြောင့် သူတပါးကို မှီခိုသူ

မဖြစ်သင့်ပါ။ ထို့ကြောင့် "အဟမ္ပိ ဟိ အမ္ဗဋ္ဌ ဧဝံ ဝဒါမိ" စသည်ကို မိန့်တော်မူပါသည်။ (၂၆၅)

**ပဋိက္ခိပိတ္ဗာ။** ။ပါဠိတော်၌ ပြာဟ္မဏအယူဝယ် ထင်ရှားသော ဝိဇ္ဇာစရဏကို မပယ်သောကြောင့် "ပဋိက္ခိတ္ဗာ" ဟူသော ဤပါဌ်ကို မသင့်ဟု ပယ်ချ၍ "သံသန္ဒိတ္ဗာ" ဟု ပါဌ်တမျိုး အစားထိုးကာ "နှိုးနှော၍၊ မဆန့်ကျင်အောင် ပြု၍" ဟု ဋီကာဆရာ အနက်ဖွင့်သည်၊

**မာနဝါဒေါ။** ။မာနကို အကြောင်းပြု၍ အတ္တုက္ကံသန ပရဝမ္ဘနအစွမ်းဖြင့် ပြောဆိုကြောင်း ဝါဒတည်း။ ကိုယ်တိုင်သရေဈာယ်ခြင်း၊ သူတပါးကို သရေဈာယ်စေခြင်း၊ ကိုယ်တိုင် ယဇ်ပူဇော်ခြင်း၊ သူတပါးကို ယဇ်ပူဇော်စေခြင်း-စသောအမှုသည် ပုဏ္ဏားဇာတ်ရှိသူအားသာ သင့်၏။ သုဒ္ဒဇာတ်ရှိသူအား မသင့်။ ဤသို့ စသည် ပြောဆိုကြောင်းစကားတည်း။

**သေ နဃော သဗ္ဗတ္ထ။** ။ဝိနိဗဒ္ဓ သုံးပါး၏အစွမ်းဖြင့် "အရဟာသိ ဝါ မံ တွံ၊ န ဝါ မံ တွံ အရဟာသိ" ဟူ၍ ပြောဆိုခြင်းရှိသော ပုဂ္ဂိုလ်တို့သည် "အာဝါဟ ဝိဝါဟ ဝိနိဗဒ္ဓဖြစ်ကုန်၏" ဟူသော အနက်ကြွင်းကို ရည်ရွယ်၍ "သေ နဃော သဗ္ဗတ္ထ" ဟု မိန့်ပါသည်။ မှန်၏-အာဝါဟ ဝိဝါဟ ဝိနိဗဒ္ဓအဖြစ်ကို ထင်စွာ ပြခြင်းအကျိုးငှာ "အရဟာသိ ဝါ မံ တွံ၊ န ဝါ မံ တွံ အရဟာသိ" ဟု ပါဠိတော်၌ ဟောတော်မူသည် (သဗ္ဗတ္ထာတိ ဝေါတ္တဝါဒ ဝိနိ ဗဒ္ဓ ဒီသု။) (၂၆၅-၆)

**အဝက္ခိပိ။** ။အမ္ဗဋ္ဌသည် ပြာဟ္မဏအယူ၌ ထင်ရှားသော ဝိဇ္ဇာစရဏ ပြည့်စုံမှု၌ ငြိကပ်၍ အနုတ္တရဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၌ မငြိကပ်ခဲ့၊ ပရမတ္ထအားဖြင့် ဝိဇ္ဇာစရဏ မဟုတ်သည်တို့ကိုပင် ဝိဇ္ဇာစရဏဟုယူ၍ တည်သူသည် ပရမတ္ထအားဖြင့် ဝိဇ္ဇာစရဏတို့ကို ဝေဖန်အပ်သော် ဝိဇ္ဇာစရဏမှ အဝေးသို့ ဖယ်ရှားခံရသည် မည်ပါသည်။ [သမုဒါဂမ ဟူသည် အစဖြစ်ပေါ်လာကြောင်း ဘုရားပွင့်တော်မူလာခြင်းတည်း။]

**ကိစ္စ ကိစ္စ သီလံ။** ။ပုဏ္ဏားတို့၏ ဇာတ်အားဖြင့် ပြီးသော အဟိံသနစသော ယမ နိယမ လက္ခဏာရှိသော အနည်းငယ်သော သီလ တည်း။

**စရဏပရိယာပန္နမ္ပိ။** ။စရဏ၌ အကျုံးဝင်သောကြောင့် စရဏအစွမ်းဖြင့် နိဂုံး အုပ်သင့်သော်လည်း အမ္ဗဋ္ဌ၏ မညီညွတ်သော လမ်းဖြင့် သွားခြင်းကို တားမြစ်လို၍ သီလ အစွမ်းဖြင့်သာ နိဂုံးအုပ်သည် ဟူသောအနက်ကို ထင်ရှားစေ၏။

သီလက္ခန်-၂၅ (က)

နိဂုံး အုပ်တော်မူပုံ။ ။သီလကို စရဏဟု နိဂုံးအုပ်၍ ဟောတော်မူလျှင် အမွှေသည် မိမိ၌ ထင်ရှားရှိသော သီလမှုနှင့်စပ်ယှဉ်ရာ၌ "ငါတို့သည်း စရဏနှင့် ပြည့်စုံကုန်၏"ဟု ငြိကပ်နိုင်၍ သီလအစွမ်းဖြင့်သာ နိဂုံးအုပ်တော်မူကာ ဈာန်စသည်ကား ထိုသို့ငြိကပ်ဖွယ် မရှိသောကြောင့် အထက်ဖြစ်သော ဈာန်တို့ကို စရဏဖြင့်သာ နိဂုံးအုပ်၍ ဟောကြားတော်မူပါသည်။ (၂၆၆-၇)

အဋ္ဌပိ သမာပတ္တိယော စရဏန္တိ နိယျာတိတာ။ ။ရူပါဝစရစတုတ္ထဈာန်ကို ညွှန်ပြခြင်းဖြင့်ပင် အရူပါဝစရဈာန်တို့ကိုလည်း ညွှန်ပြအပ်သည်၏ အဖြစ်သို့ ရောက်သောကြောင့် "အဋ္ဌပိ ။ပေ၊ နိယျာတိတာ"ဟု မိန့်သည်။ မှန်၏-အရူပ ဈာန်များသည် စတုတ္ထဈာန်နှင့် ဈာန်အင်္ဂါချင်း တူသောကြောင့် စတုတ္ထ ဈာန်များပင်ဖြစ်သည်။ (နိယျာတိတာ-အကြွင်းမရှိသော အားဖြင့် ထုတ်၍ ယူအပ်ပြီးသည်၊ ဝါ-ထုတ်၍ ပြအပ်ပြီးသည်၊ ဟောတိ။) (၂၆၇)

---

## စတုအပါယမုခကထာ

ဒ္ သမ္မာပုဏန္တော အဝိသဟမာနော ဝါ။ ။အသမ္မာပုဏန္တဟူသည်အားထုတ်ပါသော်လည်း ထိုဝိဇ္ဇာစရဏသို့ မရောက်နိုင်သူတည်း။ အဝိသဟမာနကား-အားထုတ်ဖို့ရန်ပင် မစွမ်းနိုင်သူတည်း။ (၂၆၇)

ကမဏ္ဍလုအာဒိပရိက္ခာရံ။ ။ကုဏ္ဍိ အာဒိ-သဒ္ဒါဖြင့် တိဒဏ္ဍ တိယဋ္ဌိကာ စသည်တို့ကို သိမ်းယူပါ။

ပရိစာရကော။ ။ရဟန္တာ ကိုရင် အပါအဝင် သာသနာတော်အတွင်းကိုရင်မှန်သမျှသည် ရဟန်း၏ အလုပ်အကျွေးပင် ဖြစ်၏။ ထိုသို့ဖြစ်ပါလျက် သာသနာပ ရသေ့ကိုသာ ပရိစာရကဟုဟောရခြင်းအကြောင်းကို ဖြေရှင်းလို၍ "ကာမဉ္စ"စသည်ကို မိန့်ဆိုပါသည်။ စုဘ္ဘနယေန၌ ဆိုအပ်ပြီး

သော နည်းဟူသည် အပ်စပ်အောင်ပြုရခြင်း၊ သပိတ်ကို လှမ်းရယူခြင်း၊ ခြေကို ဆေးပေးရခြင်း စသော ဝတ်ကို ပြုခြင်းတည်း။ သိန်းပေါင်းများစွာသော သံဝရဝိနည်းကို ဆောက်တည်ခြင်းအစွမ်းဖြင့် ရဟန်းအဖြစ်သည် ထူးကဲသော ကြောင့် ရဟန္တာကိုချင်သော်မှလည်း ပုထုဇဉ်ရဟန်း၏ အလုပ်အကျွေးဖြစ်၏ ဟု ဆိုပါသည်။ (၂၆၇-၈)

**ဥပသမ္ပဒါ**။ ။နဝကောဋိသဟဿာနိ၊ အသီတိသတကောဋိယော။
ပညာသသတသဟဿာနိ၊ ဆတ္တိံသ စ ပုနာပရေ။

ဧတေ သံဝရဝိနယာ၊ သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလမုခေန နိဒ္ဒိဋ္ဌာ၊ သိက္ခာ ဝိနယသံဝရေ။

ဤသို့ ဆိုအပ်ပြီးသော အပြားရှိသော သိန်းပေါင်းများစွာသော သံဝရဝိနည်းတို့ကို ဆောက်တည်၍ ကျင့်ခြင်းကြောင့် အထက်တန်းကျသော မွန်မြတ်သော ပြည့်စုံခြင်း ဖြစ်၍ ရဟန်းအဖြစ်သည် ဥပသမ္ပဒါ မည်၏။ ထိုဥပသမ္ပဒါကြောင့် ပုထုဇဉ်ရဟန်းသည် ဥပသမ္ပန္နမည်၏။ (၂၆၈)

**အယံ ပန ၊ပေ၊ လာဘမကောဝ**။ ။ရဟန္တာ ကိုရင်သည်လည်း ပုထုဇဉ် ရဟန်း၏ အလုပ်အကျွေး ဖြစ်နိုင်သော် လည်း ထိုရဟန္တာကိုရင်သည် ဝတ်ကြီး ဝတ်ငယ် ပြုခြင်းမျှဖြင့် သာလျှင် အလုပ်အကျွေ ဖြစ်ပါသည်။ ဂုဏ်အားဖြင့် ယုတ်နိမ့်အောက်တန်းကျသော ကြောင့် အလုပ်အကျွေးဖြစ်သည် မဟုတ်ပါ။ ရသေ့သည်ကား ဂုဏ်၏အစွမ်း ဖြင့်လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စပြုခြင်း၏ အစွမ်းဖြင့် လည်းကောင်း နှစ်မျိုးစုံဖြင့် ယုတ်နိမ့် အောက်တန်းကျသောကြောင့် အလုပ် အကျွေး ဖြစ်ရပါသည်။ ဝတ်ကြီးဝတ်ငယ် ပြုရခြင်းမျှကြောင့်သာ အလုပ် အကျွေး ဖြစ်ရသည် မဟုတ်ပါ။ ဤအထူးကို ရည်ရွယ်၍ ရသေ့ကိုသာ အလုပ်အကျွေးဖြစ်သည်ဟု ဟောတော်မူပါသည်။

**တာပသာ**။ ။ကမ္မဝါဒီ ကိရိယဝါဒီရသေ့များကို ယူပါ၊ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ရသေ့တို့ကို မယူရ။ ဤ၌ ယူရမည့် ရသေ့များမှာ တိတ္ထိယပရိဝါသ်မပါပဲ သာသနာတော်တွင်းသို့ ဝင်ခွင့်ရသော ရသေ့များ ဖြစ်ပါသည်။

**ပါနာဂါရံ**။ ။သောက်ရေဘည်ရာ ဇရပ်တည်း၊ ထိုကြောင့် "ပါနီယံ ဥပဋ္ဌပေတွာ"ဟု မိန့်သည်။ (၂၆၉)

**အမ္ဗလယာဂု။** ။ရက်တက်ရည်စသော အချဉ်နှင့် စပ်ယှဉ်အပ်သော ယာဂု တည်း။

**အာမိသံ။** ။တကျာစသည်တို့ဖြင့် သုံးသပ်အပ်သောကြောင့် ရသေ့၏ သက်နိုး အစရှိသော ပစ္စည်းသည် အာမိသမည်၏။

**ဥဋ္ဌာစရိယနှင့် အနုဂ္ဂိပက္ကိကအထူး။** ။ဥဋ္ဌာစရိယရသေ့တို့သည် ကောက်နယ် တလင်း စသည်တို့သို့ သွား၍ ရပ်ကာ လူတို့ ပေးလှူအပ်သော ခဿက (ထောက်ဦး) မည်သော စပါးကို အလှူခံ ယူကြ၍ အနဂ္ဂိပက္ကိကရသေ့တို့ကား စပါးကို မခံယူကြ၍ ဆန်ကိုသာ အလှူ ခံကြလေသည်။ အချုပ်အားဖြင့် ဥဋ္ဌာစရိယရသေ့သည် စပါးကို အလှူခံ၍ အနဂ္ဂိပက္ကိကရသေ့ကား ဆန်ကိုသာ အလှူခံသည်ဟု မှတ်ပါ။[စတုဟိယေဝ- ပဝတ္တဖလဘောဇနိကာ ကန္ဒမူလဖလဘောဇနိကာ အဂ္ဂါဂါရိကာ အာဂါရိ ကာ] (၂၆၉)

**ကော စာဟံ စသော ပါဠိတော်။** ။"သာစရိယကော အဟံ ကော စ၊ အဘယ်သူနည်း။ ဟုတ္တာ၊ ၍။ အနုတ္တ ရယ၊ ဝိဇ္ဇာစရဏသမ္ပဒါယ၊ ၌။ သန္ဒိဿာမိ၊ ထင်နိုင်ပါအံ့နည်း။ အနုတ္တရာ၊ သော။ ဝိဇ္ဇာစရဏသမ္ပဒါ၊ သည်။ ကာ စ၊ အဘယ်သို့ ရှုအပ်သည်လည်း။ ဟုတ္တာ၊ သာစရိယကော၊ မယိ၊ သန္ဒိဿတိ၊ နည်း"ဟု ပါဌ်သေသနှင့်တကွ အနက်ပေးပါ။ (၂၇၁)

**အတ္တနာ အာပါယိကောပိ အပရိပူရမာနော။** ။အတ္တနာ၊ ကိုယ်တိုင်။ အာပါ ယိကော၊ ပျက်စီးကြောင်း၌ ယှဉ်သူသည်။ (ဟုတ္တာ)၊ အပရိပူရမာနောပိ၊ အာပါယိကအဖြစ်ကိုမျှ မပြည့် စေနိုင်ပါပဲလျက်လည်း။ ပေါက္ခရ သာတိနာ၊သည်။ သာ ဝါစာ၊ ဘာသိတာ။

---

## ပုဗ္ဗကဏ္ဍသိဘာဝါနုယောဂ

**သမ္မုခါဝဋ္ဋနီ။** ။မပေးချင်သူကိုလည်း ပေးချင်အောင် မျက်မှောက်၌ လှန် စွာ လှည့်ပတ်ကြောင်း တွေ့ဝေမှုကို ပြုကြောင်းအတတ်ကို

"သမ္မုခါဝဋ္ဋနီ"ဟု ခေါ်သည်။(နှ ဒေမိတိ ဝဋ္ဋုနှ သင်္ကောတိ။)မင်းတို့သည် အကြောင်းအားလျော်စွာသော ဆုချသောကြောင့် "ကသ္မာ မေ ဒိန္နော"ဟု မေးသည်။ (၂၇၁)

သာခ်ပလိတကဋ္ဌံ။ ။ပဒုမ္မာကြာဖူးကဲ့သို့ ဖြူဖွေးသော ကိုယ်ရှိသောကြောင့် ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူဖွေးသော နူနာရှိသည်ဟု ကုန်းတိုက်ကြသည်။ (၂၇၂)

ခေတ္တဝိဇ္ဇာယ။ ။နီတိကျမ်းဟု ဋီကာဟောင်းဆရာ ဆိုသည်။ အောက်ပြဟ္မ ဇာလသုတ်အဖွင့်၌သည်း "ခေတ္တဝိဇ္ဇာတိ အဗ္ဘေယျ မာသု ရက္ခ ရာဇသတ္ထာဒိနီတိ သတ္ထံ"ဟု မိန့်ခဲ့သည်။

ပယာတံ။ ။မတကဘတ်၌ သွင်း၍၊ တနည်း-နိစ္စဘတ်၌ သွင်း၍ ရှေးရှု ဆောင်ကာ ပေးအပ်သော ထမင်းတည်း။ ထို့ကြောင့် "အာ ဟာရိတ္ဝာ ဒိန္နံ"ဟု ဖွင့်ပြသည်။

ဟတ္ထိဂီဝါယ ဝါ နိသိန္နော။ ။ရာဇာသနမည်သော ဆင်၏ ပခုံးအရပ်ကို ရည်ရွယ်၍ ပါဠိတော်၌ မိန့်တော်မူသည်။

ပါကဋ မန္တနံ။ ။ထင်ရှားစွာ တိုင်ပင်မှုလျှို့ဝှက်စွာ တိုင်ပင်မှုဟု တိုင်ပင်မှု နှစ်မျိုးရှိသည်တွင် ထင်ရှားစွာ တိုင်ပင်မှုကို ယူစေလို၍ "ပါကဋ မန္တနံ"ဟု ဖွင့်သည်။လျှို့ဝှက်စွာ တိုင်ပင်မှုကို သုဒ္ဒစသည်တို့၏ကြားမှု ကို အလိုမရှိအပ်သောကြောင့် မယူရပါ။ ထို့ကြောင့် "အထ အာဂစ္ဆေယျ သုဒ္ဒေါ ဝါ သုဒ္ဒါသော ဝါ"စသည်ကို ဟောတော်မူသည်။

ပဝတ္တာရော။ ။'မြတ်သောစကားအဖြစ်ဖြင့် ပြောဆိုတတ်ကုန်သော" ဟု သဒ္ဒတ္ထဖြစ်၏။ ထိုသို့ ပြောတတ်သူတို့သည် မန္တန်ကိုဖြစ်ဘတ် သူတို့ပင်တည်း။ ထို့ကြောင့် အဓိပ္ပာယ်အားဖြင့် အနက်ကို ပြခြင်းငှာ "ပဝတ္တယိ တာရော"ဟု ဖွင့်သည်။ (၂၇၂-၃)

မန္တပဒံ။ ။သုဒ္ဒလူမျိုးတို့ကို မပါစေပဲ လုံခြုံရာ၌ ရွတ်ဆိုအပ်သောကြောင့် လည်းကောင်း၊ ထိုထို အကျိုးစီးပွား တို့ကို ကျင့်ခြင်း၏ အကြောင်းဖြစ်သောကြောင့်သည်းကောင်း မန္တပဒ မည်၏။ နှစ်ပုဒ်အရ တူသောကြောင့် "မန္တမေဝ"ဟု ဖွင့်ပြသည်၊ (၂၇၃)

ဂီတံ စသည်။ ။ဂီတံ-သရဇ္ဈာယ်ရာ၌ အသံကိုမြှင့်၍ ကျယ်ကျယ် ရွတ်ခြင်း၊
အသံကို နှိမ့်၍ တိုးတိုးရွတ်ခြင်း စသော အသံ၏ ပြည့်စုံခြင်း
၏ အစွမ်းဖြင့်သာလျှင် ရွတ်ဆိုမှုကို အလိုရှိအပ်သောကြောင့် ''သရသမ္ပတ္တိ
ဝသေန''ဟု မိန့်သည်။ ပဝတ္တံ-သူဘပါးတို့အား ဆိုပြအပ်ဟူသည် အတုလိုက်
၍ ဆိုအောင် ပို့ချခြင်းတည်း။ ထို့ကြောင့် ''ဝါစိတံ''ဟု အဓိပ္ပာယ်ဖွင့်သည်။
သမိဟိတံ-ပေါင်း၍ ရွတ်ဆိုကာ အထက်အထက်၌ ပေါင်းကာ အားထုတ်ခြင်း
တည်း။ ရသိကတံ-ဣရုဝေဒ ယဇုဝေဒ သာမဝေဒ အစရှိသည်တို့၏ အစွမ်း
ဖြင့်လည်းကောင်း၊ ထိုဝေဒတို့တွင်လည်း အသီးအသီး မန္တ ဗြဟ္မ စသည်တို့၏
အစွမ်းဖြင့်လည်းကောင်း၊ အဇ္ဈာယ အနုဝါက စသည်တို့၏ အစွမ်းဖြင့်လည်း
ကောင်း ပေါင်းခြင်းတည်း။

ဒိဗ္ဗေန စက္ခုနာ။ ။ဒိဗ္ဗစက္ခုဟူသော ပရိကံရှိသော ယထာကမ္မူပဂဉာဏ်ကို
လည်းကောင်း၊ မျက်မှောက်အားဖြင့် မြင်တတ်သော
အနက်သဘောကြောင့် ဒိဗ္ဗစက္ခုနှင့်တူသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို
လည်းကောင်း ရည်ရွယ်၍ ''ဒိဗ္ဗေန စက္ခုနာ''ဟု ဆိုသည်။ (ယထာကမ္မူပဂ
ဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုယူ၊) ထို့ကြောင့် ''ဒိဗ္ဗစက္ခု ဟူသော
ပရိကံရှိသော ယထာကမ္မူပဂဉာဏ်ဖြင့် သတ္တဝါတို့၏ ကမ္မဿကတာ စသည်တို့ကို
လည်းကောင်း၊ ဒိဗ္ဗစက္ခုနှင့်တူသော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အတိတ်
ကမ္ဘာ၌ ပုဏ္ဏားတို့၏ မန္တန်ရွတ်ပုံ အစီအရင်ကိုလည်းကောင်း ကြည့်၍''ဟု
အနက်ကို ယူပါ။ ဘာ့ကြောင့်နည်း-ဒိဗ္ဗစက္ခုသည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံ
ပြုနိုင်ကား ဤနေရာဝယ် ဒိဗ္ဗစက္ခု အရငှာန မဟုတ်သောကြောင့်တည်း။
(၂၄၃)

ပါဝစနေန သဟ သံသန္ဒိတွာ။ ။ကဿပဘုရားရှင် ဟောတော်မူအပ်သော
ဝဋ္ဋသန္နိဿိတ စကားတော်နှင့်တကွ နှီးနှော
၍ မဆန့်ကျင်အောင်ပြု၍။ ဘာ့ကြောင့်နည်း-ထိုရသေ့တို့အား ဝိဝဋ္ဋသန္နိဿိတ
အနက်သည် ပစ္စက္ခ မဖြစ်နိုင်သောကြောင့်တည်း။

ဂန္ထိံသု။ ။ပဇ္ဇဗန္ဓ ဂဇ္ဇဗန္ဓ အစွမ်းဖြင့် သက္ကတဘာသာဖြင့် ဖွဲ့နွဲ့ သီကုံးကြလေ
သည်။

ဝိရုဒ္ဓ အကံသု။ ။သုတ္တနိပါတ် ဗြာဟ္မဏဓမ္မိကသုတ် စသည်တို့၌ လာသော
နည်းဖြင့် သံကိလေသိက အနက်ကို ပြသောအားဖြင့်
ဆန့်ကျင်ဘက်ဖြစ်အောင် ပြုကြကုန်၏။ (၂၇၃)

နီရာမဂန္ဓာ စသည်။ ။နီရာမဂန္ဓာ-ဖြင့် ထို ၁၀-ယောက်သော ပုဏ္ဏားတို့၏ ကိလေသာတို့ကို ခါတွက်ပြီးကြောင်းကို ပြသ၍ -အနိတ္ထိဂန္ဓာ ပြဟ္မစာရိနေား-ဖြင့် တယောက်ထီးတည်း နေးလေ့ရှိကြောင်းကို ပြသည်။ရဇောဇလ္လဓရာ-ဖြင့် တန်ဆာဆင်မှု နံ့သာလိမ်းကျံမှု မရှိကြောင်းကိုပြသည်။အရညာယတနေ ပဗ္ဗတပါဒေသု ဝသိံသု-ဖြင့် လူဘို့၏ဥပစာကို ပယ်စွန့်၍ ဆိတ်ငြိမ်ရာ၌နေခြင်းကို ပြသည်။ဝနမူလဖလာဟာရာ ဝသိံသု-ဖြင့် အသားငါးပြွမ်း သလေးဆွမ်း စသော မွန်မြတ်သော အာဟာရကို ပယ်ကြောင်း ပြသည်၊ ယဒါ-စသည်ဖြင့် ယာဉ်များကို ပယ်ကြောင်း ပြသည်။ သဗ္ဗဒိသာသု-စသည်ဖြင့် စောင့်ရှောက်မှု လုံခြုံစေမှုကို ပယ်ကြောင်း ပြသည်။

ထိုသို့ ပြသဖြင့် ဆရာနှင့်တကွသော အမ္ဗဋ္ဌ၏ မိစ္ဆာအကျင့်ကို ထောက်လျှင် ထိုရှေးရသေ့တို့၏ အကျင့်ကို သမ္မာအကျင့်ဟု ဆိုထိုက်၏၊ သို့သော် ထိုမျှလောက် ကြီးကျယ်သော လောကီသမ္မာအကျင့်သည် အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ အနုတ္တရဝိဇ္ဇာသမ္ပဒါအကျင့်ကို ထောက်လျှင် မိစ္ဆာအကျင့်ပင် ဖြစ်သေး၏ဟူသော အဓိပ္ပာယ်ကို ထင်ရှားပြတော်မူကာ ဆရာနှင့်တကွသော အသင့်မှာမူ ထိုရှေးရသေ့တို့၏ အကျင့်မျှပင် မရှိရကား အဘယ်မှာလျှင် ခေါင်းပါးသော ခြိုးခြံသောအကျင့် ရှိနိုင်ပါအံ့နည်းဟု အမ္ဗဋ္ဌကို နှိပ်ကွပ်တော်မူလိုသောကြောင့် "တံ ကိံ မညသိ အမ္ဗဋ္ဌ၊ ဇေ သုတေ" စသည်ကို မိန့်သည်ဟု ထင်ရှားပြ၏။ (၂၇၄)

ယုတ္တဋ္ဌာနေသု။ ။လည်ပင်း၊ ဦးခေါင်း၊အမြီးတို့ကိုယူ။

ဥပကာရိကာ။ ။မြို့ရိုး၏ အောက်ခြေ၌ အင်္ဂတေအမှုပြုထားသော အရပ်ကို မြို့၏အနီး၌ ပြုအပ်သောကြောင့်လည်းကောင်း၊ ကျေးဇူးကို ပြုတတ်သောကြောင့်သည်းကောင်း "ဥပကာရိကာ"ဟု ခေါ်သည်။ (၂၇၅)

သော မံ ပဉှေန စသည်။ ။သော၊ ထိုပုဂ္ဂိုလ်သည်။မံ၊ ကို။ ပဉှေန၊ ပြဿနာမေးခြင်းဖြင့်။ [သောဓေယျ၊ စင်ကြယ်စေရာ၏။ ဝါ-သုခ်သင်ရာ၏။ အဟံ၊ ငါဘုရားသည်။ ဝေယျာကရဏေန၊ ဖြေဆိုခြင်းဖြင့်။ သောဓေဿာမိ၊ အံ့။]

## ဒွေလက္ခဏဒဿန

န သက္ကောတိ သက္ကောတိ။ ။တွန့်နေသော ထိုင်လျှောင်းဟူသော ဣရိယာပုထ် နှစ်ပါး၌ အကြင်း မရှိသောအားဖြင့် လက္ခဏာတော်များ မထင်ရှားသောကြောင့် လက္ခဏာတော်ကို ရှာမှီးခြင်းငှာ မစွမ်းနိုင်ပါ။ သွား၊ ရပ်ဟူသော ဣရိယာပုထ် နှစ်ပါး၌ကား လက္ခဏာတော်များ ထင်ရှားသောကြောင့် လက္ခဏာတော်ကို ရှာမှီးခြင်းငှာ စွမ်းနိုင်ပါသည်။ လက္ခဏာတော် ရှာမှီးရန် လာကြောင်းကို သိတော်မူလျှင် ရှာမှု၌ ချမ်းသာခြင်းအကျိုးငှာပင် စကြံကြွတော်မူခြင်းသည် ဘုရားရှင်တို့၏ လေ့ကျက်အပ်သော သဘောတတ်ထွာ မေ့မတာဟု မှတ်ပါ။ (၂၇၅)

ဝတ္ထိကောသေန။ ။ဝတ္ထိကောသ-ဟူသည် ချက်၏အောက်နား၌ဖြစ်သော အင်္ဂါဇာတ်ဘော်ကို ဖုံးသော အိတ်တည်း။ ထိုအိတ်ဖြင့် ဖုံးထားအင်သော ဘုရားရှင်၏ အင်္ဂါဇာတ်တော်ကို "ကောသောဟိတ"ဟု ခေါ်သည်။ ဘုရားရှင်တို့၏ အင်္ဂါဇာတ်တော်သည် အခြားသူတို့နှင့် မတူ သီးခြား ပုံသဏ္ဌာန်ဖြစ်သည်။ အလွန်စင်ကြယ်သော ရွှေအဝန်းနှင့် တူ၏၊ မိမိပုံသဏ္ဌာန်စုဝေးပုံ၏ ကောင်းသည့်အတွက်—

(၁) ဂန္ဓဆင်မျိုးဖြစ်သော အာဇာနည်ဆင်၏ အင်္ဂါဇာတ်၏ အလွန်မြင့်မြတ်တင့်တယ်သည်၏ အဖြစ်ကိုလည်းကောင်း၊

(၂) ပွင့်သော ရွှေရောင်ရှိသော ပဒုမ္မာကြာ၏ တောက်ပသော ပတ်ပတ်လည် ဝတ်မှုံဝတ်ဆံတို့ဖြင့် တင့်တယ်ခြင်းကိုလည်းကောင်း၊

(၃) ဆည်းစျာရှေင်တို့ဖြင့် တပ်စွဲဖွယ်ကောင်းသော ရေအတွင်း တောအကြားတို့ဖြင့် မှတ်သားအပ်သော လပြည့်ဝန်း၏ တင့်တယ်ခြင်းကိုလည်းကောင်း—

မ်မိဟူသော အင်္ဂါဇာတ်တော်၏ အသရေဖြင့် လွှမ်းမိုး၍ တင့်တယ်တော်မူသည်။

ယင်းအင်္ဂါဇာတ်တော်သည်—

(၁) အပအတွင်း အညစ်အကြေးတို့ဖြင့် မညစ်ပေသည်၏ အဖြစ်ကြောင့်လည်းကောင်း၊

(၂) ကြားမြင့်စွာသော ကာလ၌ ဆည်းပူးအပ်ခဲ့သော ဗြဟ္မစရိယဟူသော ကောင်းမှုအထူးရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊

(၃) ကောင်းစွာ တည်သောပုံသဏ္ဌာန်၏ လုပပြည့်စုံခြင်းကြောင့်လည်းကောင်း— အရှက်ကို ဖျက်ဆီးတတ်သည့်အတွက် သိုဝှက်ထားရာ ဖြစ်စေကာမူ အရှက်ကို မဖျက်ဆီးတတ်သောကြောင့် လျှို့ဝှက်စရာ မဟုတ်သောအင်္ဂါဖြစ်ရပေသည်။ (၂၇၆)

**ကိမေတ္တ အညေန ဝတ္တဗ္ဗံ၊** ။ပဋိသမ္ဘိဒါလေးပါးကို ရရှိသော ဆင္ခဘိည ဝါဒီဝရဖြစ်သော၊ အရှင်နာဂသိန်မထေရ်ဟောတော်မူအပ်သော နည်းဖြင့်သာ လက်ခံထိုက်သောကြောင့် "ကိမေတ္တ အညေန ဝတ္တဗ္ဗံ"ဟု မိန့်။ (တွေ-အမွှသည် ကောသောဟိတ ဝတ္တဂုယှကို မြင်နိုင်လောက်သောနည်းဖြင့် တန်ခိုးတို့ကို ပြုစီရင်တော်မူရာ၌-ဟု စွဲပါ။ တွေ-ဝတ္တဂုယှကို ပြတော်မူရာ၌-ဟု စွဲသော ကေစိဝါဒ မသင့်ပါ။ ဘာ့ကြောင့်နည်း-ထိုသို့ စွဲစရာ ပါဠိအဋ္ဌကထာတို့၌ မပါ ရှိသောကြောင့်တည်း။)

**မုဒုဘာဝေါ ဒီဃဘာဝေါ တနုဘာဝေါ။** ။မနူးညံ့သောလျှာသည် တခဲနက် သိမ်မွေ့ နူးညံ့သည်၏ အဖြစ်သို့ ရောက်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ခက်မာသော အပ်ကဲ့သို့ ပြုခြင်း စသည်ဖြင့် နူးညံ့မှုစသည်ကို ထင်ရှားပြသည်၊ ဆိုလိုသည်မှာ နူးညံ့သောလျှာသည်သာ တခဲနက်သိမ်မွေ့နူးညံ့သည်၏အဖြစ်သို့ရောက်ခြင်းငှာ စွမ်းနိုင်သောကြောင့် မီးခိုးဖြင့် မီးကို ပြသကဲ့သို့ နူးညံ့သော အပ်ကဲ့သို့ ပြုခြင်းအားဖြင့် လျှာတော်၏ နူးညံ့သည်၏အဖြစ်ကို ပြတော်မူသည်။နူးညံ့သောလျှာတော်သည်သာ တခဲနက် သိမ်မွေ့သည်၏အဖြစ်သို့ ရောက်သောအားဖြင့် ရှည်သောကြောင့် နားတွင်းတော်ကို သုံးသပ်သောအားဖြင့် ရှည်သည်၏အဖြစ်ကို ပြတော်မူပါသည်။နူးညံ့သောလျှာသည်သာ တခဲနက် သိမ်မွေ့သည်၏အဖြစ်သို့ ရောက်သောအားဖြင့် သေးသောကြောင့် နှာခေါင်းပေါက်တော်ကို သုံးသပ်တော်မူခြင်းအားဖြင့် လျှာတော်၏ သေးသည်၏အဖြစ်ကို ပြတော်မူပါသည်။ (၂၇၇)

**ပုထုလဘာဝေါ။** ။မပြန့်ကျယ်သော လျှာတော်သည် နဖူးတော်ကို ဖုံးအုပ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် နဖူးတော်ကို ဖုံးအုပ်တော်မူခြင်းအားဖြင့် လျှာတော်၏ ပြန့်ကျယ်သည်၏အဖြစ်ကို ထင်ရှားပြတော်မူသည်။

**ပဏ္ဍိတက စသည်။** ။အမွှကို ရည်ရွယ်၍ ဆိုအပ်ပါသော်လည်း အမည်အနွယ်တို့၏ အစွမ်းဖြင့် မှတ်သားမှုမပြုပဲ ကဲ့ရဲ့လိုရကား ဗဟုဝုစ်ဖြင့် ဆိုသည်။ (၂၇၈)

## ပေါက္ခရသာတိဗုဒ္ဓုပသင်္ကမန

အစိဝါသေတု။ ။အစိဝါသေတု-၌ သာယာခြင်းဟူသည် ဤနေရာ၌ စိတ်တော်ဖြင့်သာ ခံယူတော်မူခြင်းတည်း။ ကိုယ်နှုတ်တို့ဖြင့် ခံယူခြင်းမဟုတ်ဟု သိစေလို၍ "သမ္မင်္ဂဋ္ဌတု"ဟု ဖွင့်ဆိုသည်။ (အဋ္ဌကထာ-အရကောင်းမှု ပိဋိပါမေဒ္ဓ) (၂၇၀)

ဟတ္ထသညာဿ။ ။အခြားနေရာတို့၌ မျက်နှာတော် အမူအရာဖြင့်လည်းကောင်း နှုတ်မြွက်ခြင်းဖြင့်လည်းကောင်း၊ ပယ်မြစ်ခြင်းကို ဆိုအပ်သောကြောင့်လည်းကောင်း၊ တပြိုင်နက်၌ ထိုသို့ပယ်မြစ်မှုကို ရနိုင်သောကြောင့်လည်းကောင်း "ဟတ္ထသညာဿ"ကို နိဒဿန နည်းမျှသာဟု မှတ်ပါ။ (၂၇၀-၉)

ဩနီတပတ္တပါဏိံ။ ။သပိတ်တော်မှ ဖဲအပ်ပြီးသော လက်တော်ရှိသော၊ ဩနီတပတ္တပါဏိံ-လက်တော်မှ သီးခြားဖြစ်သော သပိတ်တော်ရှိသော၊ (တနည်း) ဩဏိတ္တ-သဒ္ဒါ သုစိကရဏတ္ထ ဖြစ်သောကြောင့် "အာမိသကို ဖယ်ရှားခြင်းဖြင့် စင်ကြယ်စေအပ်ပြီးသော သပိတ်လက်တော်ရှိသော"ဟု ပေးနိုင်သည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "ဟတ္ထေ စ ပတ္တဉ္စ ဓောဝိတွာ"ဟု ဖွင့်ပြသည်။

ဒါနကထာ။ ။(၁) ဒါနကထာသည် များစွာသော လူတို့၌လည်း ဖြစ်ခြင်းဖြင့် သဗ္ဗသာဓာရဏ ဖြစ်သောကြောင့်လည်းကောင်း၊

(၂) ပြုဖို့ရန် လွယ်ကူသောကြောင့်လည်းကောင်း၊

(၃) သီလ၌ တည်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း ဒါနကထာကို ရှေးဦးစွာ ဟောတော်မူပါသည်။ (၂၇၉)

သီလကထာ။ ။(၁) သီလဖြင့် အလှူပေး အလှူခံ ပုဂ္ဂိုလ်တို့သည် စင်ကြယ်ရသောကြောင့်လည်းကောင်း၊

(၂) သူတပါးတို့ကို ချီးမြှောက်မှုကို ဟောပြီး၍ သီလကထာသည် သူတပါးတို့ကို နှိပ်စက်မှုကို တားမြစ်ကြောင်း စကားဖြစ်သောကြောင့်လည်းကောင်း၊

(၃) ပြုကျင့်ဖွယ်တရားတို့ကို ဟောတော်မူပြီး၍ မပြုကျင့်ထိုက်သော တရားစကား ဖြစ်သောကြောင့်လည်းကောင်း၊

(၄) ဘောဂသမ္ပတ္တိ အကြောင်းကို ဟောတော်မူပြီး၍ ဘဝသမ္ပတ္တိ၏ အကြောင်းတရား စကား ဖြစ်သောကြောင့်လည်းကောင်း ဒါနကထာ၏ အခြားမဲ့၌ သီလကထာကို ဟောတော်မူ၏။

**သဂ္ဂကထာ။** ။ထိုဒါနသီလတို့သည် ဝဋ္ဋနိဿိတ ဖြစ်လျှင် ဤဘဝသမ္ပတ္တိသည် ဝဋ္ဋနိဿိတဒါနသီလ၏ အကျိုးတည်းဟု ပြခြင်းငှာ သီလကထာ၏ **အခြားမဲ့၌** သဂ္ဂကထာကို ဟောတော်မူသည်။

**မဂ္ဂကထာ။** ။ထိုသဂ္ဂသည် ရာဂ စသည်တို့ဖြင့် ညစ်နွမ်း၏၊ အလုံးစုံသော ဆင်းခြင်းအရာဖြင့် ထိုရာဂ စသည်တို့ကြောင့် မညစ်နွမ်းသော သဘောရှိသောအရာကား အရိယာမဂ်တည်းဟု ပြခြင်းငှာ သဂ္ဂကထာ၏ အခြားမဲ့၌ မဂ္ဂကထာကို ဟောတော်မူသည်။

**ကာမာနံ အာဒီနဝ ကထာ စသည်။** ။မဂ်ကိုဟောတော်မူသော် ထိုမဂ်ကို ရခြင်း၏ အကြောင်းကို ပြခြင်းငှာ **ကာမာနံ အာဒီနဝ**၊ဩကာရ၊သံကိလေသကိုလည်းကောင်း၊ နေက္ခမ္မေ အာနိသံသကိုလည်းကောင်း ဟောတော်မူသည်။ [ဩကာရ=ယုတ်ညံ့ဟူသည် ဟီနဂါမှ ပေါထုဇ္ဇနိက အနရိယ အနတ္ထသံဟိတ ဖြစ်ခြင်းတည်း။]

**အသာခရဏ အဒ္ဒေသံ။** ။ဤပါဠိဖြင့် သာမုက္ကံသိကာ၌ သာမံသဒ္ဒါဖြင့် **တား**မြစ် အပ်သော အနက်ကို ပြသည်။ လောကုတ္တရာတရားကို ရတော်မူရာ၌ သူတပါးညွှန်ပြမှု ကင်းသောကြောင့်လည်းကောင်း၊ တပါးတည်းသာလျှင် လောက၌ ရှေးဦးစွာ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ် (သဗ္ဗညုတဉာဏ်)ဖြင့် ထိုးထွင်း၍ သိတော်မူသော ကြောင့်လည်းကောင်း အခြားပုဂ္ဂိုလ်တို့နှင့် မတူ အသာခရဏ ဖြစ်တော်မူပါသည်။ (၂၀၀)

**ဓမ္မစက္ခုန္တိ ဧတ္ထ သောတာပတ္တိမဂ္ဂေါ ဝ အဓိပ္ပေတော။** ။ဓမ္မစက္ခုအရ သောတာပတ္တိမဂ်ကို သာ ယူပါ၊ ဗြဟ္မာယုသုတ်၌ကဲ့သို့ အောက်မဂ် သုံးပါးကိုလည်းကောင်း၊ စူဠရာဟုလောဝါဒသုတ်၌ကဲ့သို့ အာသဝက္ခယကိုလည်းကောင်း မယူရ။

**တဥ္ဇိ နိရောဓံ အာရဗ္ဘ။** ။"တသာ ဥပ္ပတ္တိအာကာရဒဿနတ္ထံ"ဟု အဘယ့်ကြောင့် ဆိုပါသနည်း၊ မဂ်ဉာဏ်သည် အသင်္ခတဓမ္မကိုသာ အာရုံပြုသည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၍ "တဥ္ဇိ"စသော ဝါကျကို မိန့်သည်။ ထို၌"ကိစ္စဝသေန-အသင်္ခတဓမ္မာဟပဋိဝေဓကိစ္စ အစွမ်းဖြင့်" ဟု ပေးပါ။ အဓိပ္ပာယ်မှာ-အာရုံအားဖြင့် နိရောဓကို အာရုံပြု၍ အသင်္ခတဓမ္မာဟပဋိဝေဓကိစ္စအစွမ်းဖြင့် သင်္ခတဓမ္မကို ထိုးထွင်း၍ သိလျက်ဖြစ်ရသည် ဟူလို။

---

## ပေါက္ခရသာတိဥပါသကတ္တပဋိဝေဒနာကထာ

**ပတ္တဓမ္မောဟု ထပ်ဆိုရပုံ။** ။ဒိဋ္ဌဓမ္မော-အရ မြင်ခြင်းမည်သည် ဉာဏ်အမြင်မှတပါး အခြားသော စက္ခုစသည်ဖြင့် မြင်ခြင်းလည်း ရှိနိုင်သောကြောင့် ထိုစက္ခုစသည်ဖြင့် မြင်ခြင်းကို တားမြစ်မြင်းငှာ "ပတ္တဓမ္မော"ဟု ဟောတော်မူသည်။

**ဝိဒိတဓမ္မော။** ။ရောက်ဟူသည်လည်း ဉာဏ်ဖြင့် ရောက်ခြင်းမှတပါ အခြားသော ကိုယ်ဖြင့်ရောက်ခြင်းစသော ရောက်ခြင်းလည်း ရှိရကား ထိုကိုယ်ဖြင့် ရောက်ခြင်းစသော ရောက်ခြင်းမှ အထူး ပြုခြင်းငှာ "ဝိဒိတဓမ္မော"ဟု ဟောတော်မူသည်။ (၂၀၀)

**ပရိယောဂါဠ္ဌဓမ္မော။** ။ထိုသို့သိခြင်းသည်သည်း တစိတ်ဘဒေသ အားဖြင့် သိခြင်းလည်းရှိသောကြောင့် အကြွင်းမရှိသောအားဖြင့် သိအပ်သော တရားရှိသည်၏ အဖြစ်ကို ပြခြင်းငှာ "ပရိယောဂါဠ္ဌ-ဓမ္မော"ဟု ဟောပါသည်။ ဤပါဠ်ဖြင့် ပေါက္ခရသာတိ ပုဏ္ဏား၏ သစ္စာဘိ-သမ္မောဓကိုသာ ပြသည်။ မဂ်ဉာဏ်သည် တကြိမ်တည်းသိခြင်း၏ အစွမ်းဖြင့် ပရိညာစသော လေးပါးသော ကိစ္စကို ပြီးစေလျက် အလုံးစုံအားဖြင့် သစ္စာလေးပါးတရားသို့ ထက်ဝန်းကျင် သက်ဝင်သည်မည်၏။ ထို့ကြောင့် "ဒိဋ္ဌော အရိယသစ္စဓမ္မော ဧတေနာတိ ဒိဋ္ဌဓမ္မော"ဟု မိန့်သည်။

**မဂ်ဉာဏ် တပြိုင်နက် ကိစ္စလေးပါးပြုနိုင်ပုံ။** ။ဆီမီးသည် ထခဏတည်း၌သာလျှင် မီးဇာကိုလောင်၊ ဆီကို

ခန်းစေ၊ အမိုက်ကို ဖျောက် အလင်းကိုရောက်စေသကဲ့သို့ ဤနည်းတူစွာ ဤမဂ်ဉာဏ်သည် သိ-ပယ်-ဆိုက်-ပွား လေးပါးကိစ္စကို တပြိုင်နက်ပြု နိုင်သည် ဟု မှတ်ပါ။ (၂၀၀-၁)

**တိဏ္ဏဝိစိကိစ္ဆော။** ။ဘေးရန်ရှိသော ခရီးခဲနှင့် တူသော တဆယ့်ခြောက်ပါးသော ဝတ္ထု၊ ရှစ်ပါးသော ဝတ္ထုရှိသော ဝိစိကိစ္ဆာကို ဤပေါက္ခရသာတိပုဏ္ဏား ကူးမြောက်ပြီးဖြစ်၏။ (၂၀၁)

**ဝေသာရဇ္ဇပ္ပတ္တော။** ။ရွံ့ရှားခြင်းကို ပြုတတ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ပြီးသောကြောင့်လည်းကောင်း၊ အကုသိုလ်တရားတို့၏ ဆန့်ကျင်ဘက် သီလစသော ဂုဏ်တို့၌ ကောင်းစွာတည်သောကြောင့်လည်းကောင်း ရွံ့ရှားခြင်းကင်း ရဲတင်းသူ၏ အဖြစ်သို့ ရောက်သည်။

**အပရပ္ပစ္စယော။** ။ကိုယ်တိုင်သာလျှင် ပစ္စက္ခအားဖြင့် မြင်အပ်သောကြောင့်လည်းကောင်း၊ ရအပ်သောကြောင့်လည်းကောင်း ပေါက္ခရသာတိမှာ ဘုရားမှတပါး အခြားယုံကြည်စရာ မရှိတော့။

**အမ္ဗဋ္ဌသုတ် ပြီးပါပြီ။**

# သောဏဒဏ္ဍသုတ်

**အင်္ဂ**။ ။အလွန်ကောင်းသော ကိုယ်အင်္ဂါရှိသော မင်းသားတို့ကို "အင်္ဂ" ဟု ခေါ်သည်၊ မုချအားဖြင့် မင်းသားတို့သည် အင်္ဂမည်၍ ဇနပုဒ်သည် ရုဠီအားဖြင့် "အင်္ဂ"မည်သည်။ (၂၈၂)

**ကုသုမာနုသုဂန္ဓ**။ ။ကျုပင်ဖြင့် မြို့တည်ရာ အခါ၌သော ထိုမြို့မှာ စကားပင်များ များသည်မဟုတ်၊ အမှန်မှာ နောင်အခါ၌သည်း များသည်ဟု ပြသည်။ မှန်၏-မြို့ဘည်ရာ ဖန်ဆင်းရာအခါ၌ စကားပင်များသောကြောင့် ထိုမြို့ကို "စမ္ပာ"ဟု ခေါ်သည်။ [နိဿာဒိ၌ အာဒိဖြင့် မဟာလှေကား၊ ပင်လယ်ကသစ်ပန်း၊ သင်းခွေပန်း၊ ငုပန်း စသည်ယူ။]

**ဗိမ္ဗိသာရော**။ ။ဗိမ္ဗိ=အတ္တဘောတည်း၊ အနှစ်ဖြစ်သော ကြည့်စရာကောင်းသော အတ္တဘောရှိသောကြောင့် ဗိမ္ဗိသာရမည်၏။

**သံဃော ဧတေသံ အတ္ထိတိ**။ ။ဧတေသံ-ဖြင့် ပါဠိတော်ဝယ် ဗြာဟ္မဏဂဟပတိကဘို့ကို အလိုရှိအပ်သောကြောင့် "သံဃိနော"ဟု ဆိုအပ်လျက် သံဃ ဟု (ဗဟုဝုစ်အနက်၌) ဧကဝုစ်ဝိဘတ် ဆိုထားသည်ဟု ပြသည် (ဋီကာဟောင်း)။ သို့သော် သံဃဟု ဒီဃဖြင့် ဗဟုဝုစ်ဝိဘတ်ကိုလည်း တွေ့ရပါသည် (ဋီကာသစ်)။ (၂၈၂-၃)

**တ္ထာ ၁**။ ။ရာဇ၊ ရာဇညစသည်တို့၏ ဒဏ်ကို ဆောင်သော ယောကျ်ားသည်သာ ခတ္တိယတို့ကို ထိုထိုဘေးမှ စောင့်ရှောက်တတ်သောကြောင့် ခတ္တာမည်၏။ မှန်၏-ထိုအမတ်ကြီးသည်မင်းတို့ကစေလွှတ်အပ်ရာအရပ်၌မင်းတို့၏ အပြစ်ကို ရှောင်လျက် သင့်လျော်စွာ မေးအပ်သော အကြောင်းအရာကို ဖြေဆိုသည်။ (၂၈၃)

**မဟာမတ္တော**။ ။အမျိုးအနွယ် စည်းစိမ်ဥစ္စာ ရာထူးအားဖြင့် ကြီးကျယ်သော အတိုင်းအရှည်ရှိသူများသည် „ မဟာမတ္တမည်၏။ (၂၇၂)

## သောဏဒဏ္ဍဂုဏကထာ

**ဥဘတော သုဇာတော။** ။မြတ်သောအမျိုး၌ မွေးဖွားခြင်းဂုဏ်နှင့် ပြည့်စုံခြင်း အားဖြင့်လည်းကောင်း၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း အားဖြင့်လည်းကောင်း၊ ဝေဒကျမ်းတတ်ခြင်းဂုဏ်နှင့် ပြည့်စုံခြင်းအားဖြင့် လည်းကောင်း၊ သာ၍ ထင်ရှားသော၊ ဝါ-မြတ်သောပုဏ္ဏားတည်း။

**အသံသဋ္ဌော ဘဝိဿတိ။** ။လာဘမဈ္ဈေရ ပြင်းစွာ နှိပ်စက်အပ်သော ကြောင့် အစည်းအဝေးမဖြစ်ပဲ ရှိလိမ့်မည်။

**မာတိတော စ ပိတိတော စ။** ။ဥဘတော သုဇာတော-ဟုသာ ဆိုလျှင် အမှတ်မထား တပါးပါးသော နှစ်ခုသော အဖို့မှ ဖွားသည်ဟု သိရာ၏၊ သုဇာတသဒ္ဒါသည်လည်း (သုဇာတော စာရုဒဿနော စသည်တို့၌ ကဲ့သို့) အာရောဟသမ္ပတ္တိ ပရိယာယ်လည်း ဖြစ်နိုင်၏၊ ထို့ကြောင့် ဇာတိအစွမ်းဖြင့်သာလျှင် ကောင်းစွာ မွေ့ဖွားကြောင်းကို ထင်စွာ ပြခြင်းငှာ "မာတိတော စ ပိတိတော စ"ဟု ဟောသည်။ (၂၀၃-၄)

**သံသုဒ္ဓဂဟဏိကော။** ။မွေးစားသား၏ အစွမ်းဖြင့်လည်း လောက၌ မိဘ အမည် ထင်ရှား၍ ဤနေရာ၌ကား သားအရင်း၏ အစွမ်းဖြင့်သာ အလိုရှိအပ်သည်ဟု ပြခြင်းငှာ "သံသုဒ္ဓဂဟဏိကော" ဟု ဆိုသည်။ [ဂဟဏိ-အရ တတိယဗ္ဗေဟု ဆိုအပ်သော သူငယ်အိမ်ဟု အသိအမှတ် ပြုအပ်သော အမိဝမ်းအရပ်ကိုယူ။သံသုဒ္ဓ-စင်ကြယ်ဟူသည် အခြားယောကျ်ား မသွားလာဖူးခြင်းတည်း]။

**အတ္တတော ပန ပိတာမဟာယေ၀။** ။အဘိုးကိုသာ ပဓာနအဖြစ်ဖြင့် ယူအပ်သောကြောင့် အဓိပ္ပေတတ္ထ အားဖြင့် ပိတာမဟကိုပင် ပိတာမဟာယုဂသဒ္ဒါ ဖြင့် ဆို၏၊[ပုဗ္ဗပုရိသာ-အဘိုးမှ ကြွင်းသော ခြောက်ဆက်ကို ယူရန် ဋီကာသစ်ဆို၏၊ ပုရိသကိုလည်း ဥက္ကဋ္ဌနိဒ္ဒေသဟု မှတ်။]

**ဥဘတော ၊ပေ၊ ယုဂါ စသည်။** ။ဥဘတော ၊ပေ၊ ယုဂါ-ပါဌ်ဖြင့် စင်ကြယ်သော အမိဝမ်းရှိကြောင်း ပြခြင်းကြောင့် ပုဏ္ဏား၏ မိခင်၏ ယောနိမှာ အပြစ်မရှိကြောင်းကို ပြသည်။ အက္ခိတ္တော-ပါဌ်ဖြင့် ကိုယ်မှုနှုတ်မှု အပြစ်မရှိကြောင်းကို ပြသည်။ (ကိုယ်မှု နှုတ်မှု အပြစ် ကြောင့် သတ္တဝါတွေသည် အပယ်ခံရခြင်းသို့ ရောက်ကြရသည်)။ အနုပကု

ဋ္ဌောပါဠိဖြင့် မသင့်တော်သောပုဂ္ဂိုလ်များနှင့် အပေါင်းအသင်းမရှိကြောင်းကို ပြသည်။ (မသင့်တော်သော ပုဂ္ဂိုလ်များနှင့်ပေါင်းသင်းမှုကြောင့် သတ္တဝါတွေ အဆဲခံရတတ်သည်။) (၂၀၅)

**အစ္ဆေရတိ ဝ္လဿရော။** ။ဝ္လဿရဟူသည် အစိုးရမှုကို ဖြစ်စေတတ်သော ကံ၏အစွမ်းကြောင့် လွှမ်းမိုးအုပ်စိုးခြင်း အလေ့ရှိသူတည်း။ သောဏဒဏ္ဍပုဏ္ဏား၏ အစိုးရခြင်းသည် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမှုကြောင့် ထင်ရှားသည်၊ ထို့ကြောင့် အစုဘာဝပရိယာယ်ဖြင့် ပြလို၍ "အစ္ဆေရတိ ဝ္လဿရော" ဟု မိန့်သည်။ ဆိုလိုသည်မှာ လောက၌ အစိုးရဖြစ်သူသည် ပစ္စည်းဥစ္စာလည်း ပေါများ၏၊ ထိုသို့ ပေါများမှုလည်း သူဘပါးအပေါ် လွှမ်းမိုးအုပ်စိုးနိုင်၏၊ ထို့ကြောင့် အစုကို ဝ္လဿရ ဟု ပရိယာယ်အဖြစ်ဖြင့် ဖွင့်သည်။ (မဟာဋီကာ-၌ ဓနသည် (၁) မြေ၌ ရောက်သောဥစ္စာ၊ (၂) ကောင်းထင်၌ ရောက်သော ဥစ္စာ-ဟု နှစ်မျိုးရှိသည်။) (၂၀၅)

**ဥတ္တမေန ပရိသုဒ္ဓေန ဝဏ္ဏေန။** ။အဆင်းမှာ တည်ဆဲဒြပ်ကို ထင်ရှားပြစွမ်းနိုင်သော သတ္တိရှိ၏။ ထိုသတ္တိကား သန့်ရှင်းစင်ကြယ်သော ဂုဏ်တည်း။ ထိုဂုဏ်သည်လည်း အဆင်း၌ မှီ၏၊ ထို့ကြောင့် အဘေဒူပစာရအားဖြင့် ဝဏ္ဏဘာကို "ဥတ္တမေန ပရိသုဒ္ဓေန ဝဏ္ဏေန" ဟု ဖွင့်သည်။ ဝဏ္ဏတာ-အဆင်း၏ ဖြစ်ကြောင်း ဖြစ်ရာ သန့်ရှင်း စင်ကြယ်သော ဂုဏ်တည်း။

**သရီရသဏ္ဌာနသမ္ပတ္တိယာ။** ။လက် ခြေ လည်ပင်း ဦးခေါင်း စသည်တို့၏ အပေါင်းကို "သရီရ" ဟု ခေါ်သည်။ ထိုသရီရကိုလည်း အစိတ်ဖြစ်သော သဏ္ဌာန်နိမိတ်ဖြင့် ယူအပ်သည်။ ထို့ကြောင့် သရီရ၏ အကြောင်းဖြစ်သော လက် ခြေ စသော အင်္ဂါ အစိတ်သည်ပင် ပေါက္ခရတာ မည်၏၊ ထို့ကြောင့် ပေါက္ခရတာကို "သရီရသဏ္ဌာနသမ္ပတ္တိယာ" ဟု ဖွင့်သည်။

**သေဋ္ဌေန သုဝဏ္ဏဝဏ္ဏေန။** ။အဆင်းအားလုံးတို့တွင် ရွှေအဆင်းသည်သာ အမြတ်ဆုံး တည်း။ ထို့ကြောင့် "ပရိသုဒ္ဓဝဏ္ဏေသုပိ သေဋ္ဌေန သုဝဏ္ဏဝဏ္ဏေန သမန္နာဂတော" ဟု ဖွင့်ပြသည်။

**ဗြဟ္မဝစ္ဆသီ။** ။မြတ်သော ကိုယ်ရောင်ရှိ၏။ ဝါ-ရွှေရောင်ရှိ၏။ ဤအနက်ကိုပင် ရည်ရွယ်၍ "မဟာဗြဟ္မုနော သရီရသဒိသေနေဝ သရီရေန သမန္နာဂတော" ဟု ဖွင့်သည်။ မဟာဗြဟ္မာကဲ့သို့ ဖြောင့်သောကိုယ်ရှိသည်၏ အဖြစ်ကို ရည်ရွယ်၍ ဖွင့်သည်မဟုတ်ပါ။ (၂၀၅)

ဩကာသော န ခုဒ္ဒကော။ ။ဩကာသဟူသည် အလုံးစုံသော အင်္ဂါကြီးငယ် အရပ်ဘည်း။ အရပ်အခေါင်း အလုံးအဖင်နှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း၊ အစိတ် အစိတ်၏ ပြည့်စုံခြင်းကြောင့်လည်း ကောင်း ကြည့်ရှုဖို့ရာ အခွင့် မသေးငယ်ပါ။ ထို့ကြောင့် "သဗ္ဗာနေဝ" စသည်ကို မိန့်သည်။ (၂၀၆)

သီလဝါ ဝုဒ္ဓသီလီ။ ။သီလဝါ-ယမ နိယမ လက္ခဏာရှိသော သီလ ရှိ၏။ ဝုဒ္ဓသီလီ-ရတ္တညူ အဖြစ်ဖြင့် ကြီးပွားသော သီလ ရှိ၏။ ဝုဒ္ဓသီလေန-အခါခပ်သိမ်း ကောင်းစွာအားထုတ်ခြင်းကြောင့် ကြီးပွား ပြီးသော မြဲသောသီလနှင့်၊ သမန္နာဂတော-၏။ ဤသုံးပုဒ်သည် အဓိပ္ပာယ် အနက်အာ ဖြင့် တူပါသည်၊ သဒ္ဒဘေဒမျှကို ရည်ရွယ်၍ "ဝုဒ္ဓံ ဝုဒ္ဓသီလီပဒံ ဿဝ ဝေဝစနံ"ဟု မိန့်သည်။

ပဉ္စသီလမတ္တမေဝ သန္ဓာယ။ ။ပုဏ္ဏားတို့မှာ ငါးပါးသီလထက် လွန်သော သီလမရှိသောကြောင့်လည်းကောင်း၊ ထိုပုဏ္ဏား များသည် အခြားသီလများကို မသိသောကြောင့် လည်းကောင်း "ပဉ္စသီလ-မတ္တမေဝ"ဟု မိန့်သည်။

ပရိမဏ္ဍလပဒဗျဉ္ဇနာ။ ။ဌာန်ကရိုဏ်း ပြည့်စုံခြင်းဖြင့်လည်းကောင်း၊ သိက္ခာ ကျမ်းနှင့် ပြည့်စုံခြင်းဖြင့်လည်းကောင်း တစုံတခုသော အရာမှ မယုတ်လျော့သောကြောင့် ထက်ဝန်းကျင်ဝန်းဝိုင်းသော ပုဒ်ဗျည်း အက္ခရာရှိ၏၊ စကား၏ ကောင်းခြင်းဟူသည် ဝန်းဝိုင်းသော ပုဒ်ဗျည်း ရှိခြင်း ပင်ဘည်း။ တနည်း—အနက်ကို ထင်ရှား ပြတတ်သောကြောင့် ပုဒ်သည်-င် ဗျဉ္ဇနမည်၏။ သိထိလဓနိတစသော အက္ခရာ၏ ပြည့်စုံခြင်းကြောင့် ပုဒ်ဗျည်း၏ ဝန်းဝိုင်းမှု ဖြစ်သည်။

သန္ဒိဋ္ဌဝိလမ္ဗိတာဒိ။ ။ကိုက်ဖြတ်၍ ပစ်သကဲ့သို့ အကုန်ပြောမလိုလိုနှင့် တစိတ် တပိုင်းကိုသာ ပြောခြင်းသည် သန္ဒိဋ္ဌမည်၏၊ ဖြေးဖြေး နှေးနှေးကြာပြီးမှ ပြောဆိုခြင်းသည် ဝိလမ္ဗိတမည်၏၊ အာဒိဖြင့် ဒုက္ခလိတ အနုကာစိုတ စသည်တို့ကိုယူ။

ပစ္ဆိမော တတိယော ဘာဂေါ။ ။အနှစ်တရာ၏ သုံးဖို့ဘဖို့တည်း၊ အသီးသီး ၃၃-နှစ်မှ ပိုလွန်သော လ ပက္ခ စသည် တို့ကို ခွဲခြား ဝေဖန်အပ်သောကြောင့် ၆၇-နှစ်၌ ထိုက်သလိုရနိုင်သော လ ပက္ခ နေ့မှစ၍ ပစ္ဆိမအရွယ်ကို သိပါ။ (၂၀၇)

သီလက္ခန်-၂၆(က)

ဇိဏ္ဏစသည်ကို နှစ်နည်းဖွင့်ရာဝယ် ကောက်နုတ်ချက်။ ။ဇာတိသက်သက် အစွမ်းဖြင့် ပဌမနည်းကို ဖွင့်ဆို၍ ဂုဏ်နှင့် ဇာတ်ရောသောအားဖြင့် ဒုတိယနည်းကို ဖွင့်ဆိုသည်။

ဇိဏ္ဏော။ ။ဤသောဏဒဏ္ဍသည် အရွယ်အားဖြင့်သာ အိုသည်မဟုတ်သေး၊ စင်စစ်မှာ အမျိုးအစဉ်အားဖြင့်လည်း ရှေး၌ ဖြစ်၏ဟု သိစေလို၍ "ပေါရာဏော"ဟု ဖွင့်သည်။ စိရကာလပ္ပဝတ္တကုလန္ဝယော-ဖြင့် အမျိုး၏ အစွမ်းဖြင့် အလွန်ကျော်စောထင်ရှားကြောင်းကို ဆိုသည်။

ဝုဒ္ဓေါ။ ။ဝယောအနုပ္ပတ္တော-ဖြင့် ဇာတိဝုဒ္ဓိကိုဆိုအပ်လတ္တံ့ဖြစ်သောကြောင့်လည်းကောင်း၊ ဂုဏဝုဒ္ဓိသည် ဇာတိဝုဒ္ဓိထက် သာလွန်သောကြောင့်လည်းကောင်း "သီလာစာရာဒိဂုဏဝုဍ္ဎိယာ ယုတ္တော"ဟု ဖွင့်။[ဝဏ္ဏမာနံ ပတိ ပါရိသေသဂ္ဂဟဏဥ္စေတံ။] (၂၀၇-၂၀၈)

မဟလ္လကော။ ။ဝယောအနုပ္ပတ္တော-ဖြင့်ပင် ဇာတိမဟလ္လကအဖြစ်ကို ဆိုအပ်လတ္တံ့ဖြစ်သောကြောင့်လည်းကောင်း၊ဝိဘဝမဟတ္တအဖြစ်ကိုလည်း ယူဖို့ရာပုဒ်မကျန်(ပုဒ်မရှိ)သောကြောင့်လည်းကောင်း "ဝိဘဝမဟန္တတာယ သမန္နာဂတော"ဟု ဖွင့်။

အဒ္ဓဂတော။ ။ဤပါဠိဖြင့် ပစ္ဆိမအရွယ်အစွမ်းဖြင့် ဇာတိဝုဒ္ဓ၏ အဖြစ်ကို ပြသည်။

---

## ဗုဒ္ဓဂုဏကထာ

န ခေါ ပနေတံ ယုတ္တံ။ ။ငါလိုပဏ္ဍိတသဘောရှိသူမှာ ထိုသို့သော အာနုဘော်ကြီးသော ပုဂ္ဂိုလ်တို့နှင့်အတူ တန်းတူယူခြင်းဖြင့် ထားခြင်းသော်မှ မသင့်လျော်ပါ။ အလွန်အစွမ်းဖြင့် အဘယ်မှာ ထားနိုင်ပ အံ့နည်းဟု တွေးကာ ပုဏ္ဏားအား ဤဂုဏ်စကားများသည် မသင့်လျော်ကြောင်း ပြလိုသောကြောင့် "န ခေါ ပနေတံ"စသောစကားကို ဆိုသည်။ (၂၀၈)

သဒိသာ။ ။တစိတ်ဘဒေသအားဖြင့် တူသည်။မှန်၏-ဘုရားရှင်တို့၏ ဂုဏ်တော်များနှင့် လုံးဝတူသော ဂုဏ်တခုတလေမျှ အခြား ပုဂ္ဂိုလ်များ၌ မရနိုင်ပါ။

သင္ဒိကုလသတသဟဿံ။ ။တသိန်းခြောက်သောင်းသော အမျိုး (ဂုဏ်တသန်းချွဲယူပါ။) ဓမ္မပဒ အဋ္ဌကထာ စသည်တို့၌ ရှစ်သောင်းဟု ဆိုခြင်းသည် တဘက်သော အမျိုးကိုသာ ရည်ရွယ်သည်ဟု သိပါ။

အနာဒရ။ ။မယ်တော် ခမည်းတော်တို့၏ အလိုမဘုပဲ ရဟန်းပြုခြင်းသည်ပင် ထိုအလိုဆန္ဒကို မလေးစားရာ ရောက်သောကြောင့် အနာဒရ ဖြစ်ပါသည်။(၂၀၉)

အပရိမာဏောယေဝ။ ။"ဘုရားရှင်၏ ကိုယ်တော်သည် ဤမျှသာဟူ၍" တစုံတယောက်သော သူသည် ပိုင်းခြားဖို့ရာ မစွမ်းနိုင်သောကြောင့် အပရိစ္ဆိန္နသာ ဖြစ်၏။

ပညာယမာနော။ ။ပါရမီတော်၏ အာနုဘော်ကြောင့် ပုဏ္ဏား၏ အထင်သ ဖြစ်သည်။ ဘုရားရှင်ကား ထိုအခါ၌ ပကတိပမာဏသာတည်းဟု ပြခြင်းငှာ ပညာယမာနောဟု ဆိုအပ်သကဲ့သို့ ထင်မိသည် (ဝိမံသိတ္ဗာ ဂဟေတဗ္ဗံ)၊ န ဟိ-စသည်ဖြင့် ပါရမီတော် အစွမ်းကြောင့်သာ ဤသို့ အတိုင်းအရှည်မရှိဖြစ်ရသည်၊ တန်ခိုးအစွမ်းကြောင့် ဖြစ်ရသည်မဟုတ်ဟု ပြသည်ဟု ဆိုကြသေး၏။ [ဝါးလုံးနှစ်ခုတို့သည် ခါးအောက်၌သာ ဖြစ်သောကြောင့် "ဒွိန္နံ ဝေဠူနံ ဥပရိ ကဋိမတ္တမေဝ"ဟု မိန့်သည်။]

ဓမ္မပဒေ ဂါထမာဟ။ ။ဓမ္မပဒ၌ "တေ တာဒိသေ"စသော ဤဂါထာ မတွေ့ရသောကြောင့် "ဓမ္မပဒေ ဂါထမာဟ"ပါဌ် မရှိသင့်ဟု ဋီကာဆို၏။ သုဓာပိဏ္ဍိယ ထေရာပဒါန် စသည်တို့၌ လာသော ဂါထာစသည့်အဖြစ် ဆိုသေး၏။ ဂါထာပါ "ပရိနိဗ္ဗုတေ"အရ ကိလေသပရိနိဗ္ဗာန်ယူ။

မုခံ ဒွိယောဇနသတံ။ ။အဝန်းအဝိုင်း ပမာဏကို "တိယောဇနသတပရိမဏ္ဍလံ"ဟု သီးခြားဆိုလတ္တံ့ ဖြစ်သောကြောင့် "မုခံ ဒွိယောဇနသတံ"ကို ပါးစပ်အဝ အကျယ်ပမာဏဟု မှတ်ပါ။(၂၁၀)

သီလက္ခန် ၂၆ (ခ)

ယထာကထံ။ ။အခြားသူတို့ ပြောဆိုအပ်သော ဘုရားရှင်၏ ဂုဏ်တော်စကားကို ကြား၍ ဖူးလိုသောကြောင့် လာသည်ဟု ပြသည်။

သီဟသေယျံ ကပ္ပေသိ။ ။ရာဟုအသုရိန်သည် အလျားအနံ အမြင့် အားဖြင့် ဘုရားရှင်၏ ရူပကာယတော်ကို ပိုင်းခြား၍ ယူဖို့ရာ မစွမ်းနိုင်အောင် ဥက္ကဒ္ဓါဘိသင်္ခါရကို ပြုပြင်စီရင်တော်မူလျက် သီဟသေယျကို ပြုတော်မူသည်ဟု ဋီကာဟောင်း ဆိုသည်။ ထိုစကားသည် "န မယာ အသုရိန္ဒ အဓောမုခေန ပါရမိယော ပူရိတာ၊ ဥဒ္ဒဂ္ဂမေဝ ကတွာ ဒါနံ ဒိန္နံ"ဟုသော အဋ္ဌကထာစကားနှင့် တကယ့်ကို ဆန့်ကျင်နေလေသည်။ ဤစကားသည် ဂန္ထကုဋိ တံခါးဖွင့်ရာ စသည်တို့၌ကဲ့သို့ ပါရမီတော်၏ အာနုဘော်ကြောင့် ပြီးစီးခြင်းကို ပြသော စကားတည်း။ ဤသို့မယူလျှင် ဂန္ထကုဋိ ဖွင့်ရာဝယ် ဥက္ကဒ္ဓါဘိသင်္ခါရ ဆိုရတော့မည် (ဝိမတိဝိနောဒနီ သမ္ပဋိစ္ဆိတဗ္ဗံ)၊ [အဓောမုခေန-ကို ယုတ်လျော့သော စေတနာရှိသူ၏ အဖြစ်ကို ရည်ရွယ်၍ ဆိုသည်။ ဥဒ္ဒဂ္ဂမေဝ-ကို၊ မြင့်မြတ်သော စေတနာရှိသူ၏ အဖြစ်ကို ရည်ရွယ်၍ ဆိုသည်]။

အရိယံ ဥတ္တမံ ပရိသုဒ္ဓံ။ ။ကိလေသာတို့မှ ဝေးသောကြောင့် အရိယ၊ ကိလေသာတို့မှ ဝေးသောကြောင့်ပင် မြတ်မှု စင်ကြယ်မှုဖြစ်သည်။

အနဝဇ္ဇေန ကုသလံ။ ။သုခဝိပါကဒ္ဓ ကုသလသဒ္ဒါသည် ရဟန္တာတို့မှာ မသင့်သောကြောင့် "အနဝဇ္ဇေန ကုသလံ"ဟု မိန့်သည်။ ကုသလသီလေန—အပြစ်မရှိသော ဝါသနာနှင့်တကွ ကိလေသာတို့ကို ဖျက်ဆီးနိုင်သော သီလနှင့်- ဟုပေး၊ ဤသို့ပေးမှ အဓိပ္ပာယ် အနက်အားဖြင့် ထူးမည်၊ သဒ္ဒတ္ထမျှကို ရည်ရွယ်၍ "ဣဒမယ ဝေဝစနံ"ဟု မိန့်သည်။

ဘာဂဝတော ဧကောကာယ ဓမ္မဒေသနာယ၊ ။အချို့သောနေရာ၌ ရှစ်သောင်းလေးထောင်၊ အချို့သောနေရာ၌ အတိုင်းအရှည်မရှိသော နတ်လူတို့မှာ ဓမ္မာဘိသမယဖြစ်သည်။ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ "ဘာဂဝတော ဧကောကာယ ဓမ္မဒေသနာယ" စသည်ကို မိန့်သည်။ (၂၉၁)

ဗဟူနံ အာစရိယော။ ။အတုမရှိ မြတ်သော အကျင့်သိက္ခာကို သင်ပေးတော်မူတတ်သည်၏ အဖြစ်ကြောင့် ဘုရားရှင်သည် "ဗဟူနံ အာစရိယော"၊ ဝေနေယျတို့၏ ဆရာဖြစ်သော သာဝကတို့၏ ဆရာဖြစ်သောကြောင့် "သာဝကဝေနေယျာနံ ပါစရိယော"ဟု မိန့်၊ ဘာ့ကြောင့်

နည်း-ဘုရားရှင် ပေးတော်မူအပ်သောနည်း၌ တည်၍ သာဝကတို့သည် ဝေနေယျတို့ကို ဆုံးမသောကြောင့် ဘုရားရှင်သည်သာ ဝေနေယျတို့၏ ပဓာနအာစရိယ ဖြစ်သောကြောင့်တည်း။

ပြဟ္မညာ။ ။မြတ်သော ဘုရားရှင်၏ ဓမ္မဒေသနာအစွမ်းဖြင့် အရိယာဇာတ်၌ ဖြစ်သောကြောင့်၎င်း၊ အလေးအမြတ်ပြုခြင်း စသည်ကြောင့်လည်းကောင်း၊ ဆုံးမတော်မူသည့်အတိုင်း ကျင့်သောကြောင့်လည်းကောင်း မြတ်သော အရိယမဂ်ကို သိသော သားဘည်း၊ အရိယာသာဝကဟု ဆိုအပ်သော သတ္တဝါအပေါင်းရ၏။

ရဋ္ဌနှင့် ဇနပဒ။ ။မင်းတပါး၏ တိုင်းပြည်ဖြစ်သော ကာသိ ကောသလ စသော ဇနပုဒ်ကြီးများကို "ရဋ္ဌ"ဟု ခေါ်သည်။ မင်းတပါး၏ တိုင်းပြည်တွင် တခုခုသော အဖို့အစုဖြစ်သော ဥတ္တရ ဒက္ခိဏာပထ စသော ငယ်သော ဇနပုဒ်ကို "ဇနပဒ"ဟု ခေါ်သည်။ (၂၉၂)

ဝိဿဇ္ဇနာသမ္ပဋိစ္ဆနေ။ ။ဘုရားရှင်သည် အချို့သော ပုဂ္ဂိုလ်တို့၏ ဉာဏ်သိယ နှင့် ပြည့်စုံပုံကိုလည်းကောင်း၊ ဉာဏ်ရင့်ကျက်ခြင်း ကိုလည်းကောင်း၊ စိတ်အလေ့အကျင့်ကိုလည်းကောင်း သိတော်မူ၍ ပုစ္ဆာ၌ အားတက်စေလျက် ဖြေဆိုတော်မူသည်။

ဗာလာတပသမ္ဖုဿေနုဝိယ ပဒုမံ။ ။တက်သစ်စနေရောင်ခြည်၏ အတွေ့ကြောင့် ပဒုမ္မာကြာ ပွင့်သကဲ့သို့၊ မှန်၏-လောက၌ နေသည် "ပဒုမဗန္ဓု"ဟု ထင်ရှား၍ လ-သည်ကား "ကုမုဒဗန္ဓု"ဟု ထင်ရှားသည်။

ဖေါ်သဂ္ဂတဝါဒီ စသည်။ ။ဖေါ်သဂ္ဂတဝါဒီ-ဖြင့် ချမ်းသာမှုပြောခြင်း ရေးရှိသော ချစ်ဖွယ်သော စကား ရှိတော်မူ ကြောင်းကို ပြသည်။ သခိလော-ဖြင့် နူးညံ့သော စကား ရှိတော်မူကြောင်း ကို ပြသည်။ သမ္မောဒကော-ဖြင့် ပဋိသန္ထာရ၌ ကျွမ်းကျင်တော်မူကြောင်းကို ပြသည်။ အဗ္ဘာကုဋိကော-ဖြင့် အရပ်အားလုံးတို့၌ ကြည်လင်သော မျက်နှာ ဘော်ရှိကြောင်းကို ပြသည်။ ဥတ္တာနမုခေါ-ဖြင့် လွယ်ကူသော စကားတော် ရှိကြောင်းကို ပြသည်။ ပုဗ္ဗဘာသီ-ဖြင့် ဓမ္မာနုဂ္ဂဟကို ခွင့်ပြုတော်မူခြင်းဖြင့် စီးပွားကို လိုလားကြောင်းကို ပြသည်။

ယတ္ထ ကိရ ၊ပေ၊ ဥပဒ္ဒဝေါ န ဟောတိ။ ။ကိရ-ဖြင့် ဘုရား သိတင်းသုံးရာ အရပ်၌ နတ်တို့၏ အာနုဘော်ကြောင့် လူတို့မှာ ဘေးကင်းသည်မဟုတ်၊ ဘုရား၏ အာနုဘော်ကြောင့် ဘေးကင်းသည်ဟု ပြသည်။ (၂၉၃)

အနုသာသိဘဗ္ဗော သံဃော။ ။အလုံးစုံလည်းဖြစ်သော ဝေနေယျ သတ္တဝါ အပေါင်း။

သယံ ဥပ္ပါဒိတော သံဃော။ ။ကိုယ်တော်တိုင် ဖြစ်စေအပ်ပြီးသော အရိယာ ပုဂ္ဂိုလ်အပေါင်း။

တာဒိသော။ ။ဤပါဠိဖြင့် "သယံ ဝါ ဥပ္ပါဒိတော"ဟု ဆိုအပ်သော ဝိကပ် ကိုသာ စွဲပါ။ ဘာ့ကြောင့်နည်း- "ပုရိမပဒသော ဝ ဝါ ဝေဝစနမေတံ"ဟု ဆိုသောကြောင့်တည်း။

ဂဏ္ဌိပုဒ်သည် သံဃပုဒ်၏ ဝေဝုစ်ဖြစ်ပါသော်လည်း အနက်မျက် ပြခြင်းငှာ ဆိုအပ်ပြီးသော ဝိကပ်နှစ်ပါး အပေါင်းဘွင် ဒုတိယဝိကပ်ကိုသာစွဲ၍ "တာဒိ-သော ဝသ ဂဏော အတ္ထိ"ဟု ဆိုသောကြောင့် ကြွင်းကျန်သော ပဌမဝိကပ် ကိုလည်း သိမ်းယူခြင်းငှာ "ပုရိမပဒသော ဝ ဝါ ဝေဝစနမေတံ"ဟု မိန့်သည်။

ဝဒန္တိ ဝါဒ။ ။မေ့ဟသေနာပတိထေရ် စသော အသီးသီးသော ဂိုဏ်းရှိသူတို့၏ ဂိုဏ်း၊ တနည်း-သုတ္တန္တိက စသော ဂိုဏ်းကို ရည်ရွယ်၍ "တာဒိ သော"စသည်ကို ဆိုသည်။ ရဟန်းအားလုံးသည် အနုသာသိတဗ္ဗ မည်၏။ ဖြစ်စေအပ်ပြီးသော အရိယာအပေါင်းသည် သယံ ဥပ္ပါဒိတ မည်၏။ထို့ကြောင့် တာဒိသောဖြင့် ဝိကပ်နှစ်ခုကို စွဲခြင်းသည် သင့်သည်။ [ရှေ့နည်း၌ တာဒိသော ဖြင့် အရိယသံဃဂဏကိုသာ ယူရခြင်း။ ဤနောက်နည်း၌ အနုသာသိတဗ္ဗဂဏ သယံဥပ္ပါဒိတအရိယသံဃဂဏကို ယူရခြင်းသည် နည်းနှစ်ပါး၏ အထူးတည်း။]

ပါဟုနကာ။ ။အာဂန္တုက နှစ်မျိုးတွင် ရှေးဦးစွာ လာခြင်း၏ အစွမ်းဖြင့် အတိထိအာဂန္တုကကို ယူပါ။ စားသောက်ချိန်၌ လာသော ဧည့်သည် အစွမ်းဖြင့် အဗ္ဘာဂတအာဂန္တုကကို မယူရဟု ပြသည်။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ စသောဂါထာ။ ။ထိုသို့ဟောခြင်း မရှိသောကြောင့် အဋ္ဌကထာ တို့၌ အဘူတပရိကပ္ပနာ အစွမ်းဖြင့် ဤ ဂါထာကို မိန့်ဆိုသည်။ (၂၉၄)

## သောဏဒဏ္ဍပရိဝိတက္က

ဝိဟာရဇ္ဇန္တရံ ပဝိဋ္ဌဿ။ ။ဤပါဠိဖြင့် ကျောင်းသည်လည်း တောအုပ်၌ အကျုံးဝင်သည်ဟု ပြသည်။

စေတေ အဉ္ဇလိံ ပဏာမေတွာ ဥဘတောပက္ခိကာ။ ။မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ အစွမ်းဖြင့် နှစ်ဘက် ကြည့်သူများတည်း။အခြားသော ပုဂ္ဂိုလ်တို့သည် သမ္မာဒိဋ္ဌိအစွမ်းဖြင့် ဧကတောပက္ခိကာ ဖြစ်သည်ဟု အတ္ထာပတ္တိနည်းအရ သိနိုင်သည်။

နာမဂေါတ္တံ။ ။ဆင်ရဲသောကြောင့်လည်းကောင်း၊ ဉာတိပါရိဇုည စသည်ဖြင့် ပျက်စီး ယိုယွင်းသောကြောင့်လည်းကောင်း အမည်အနွယ် အစွမ်းဖြင့် ထင်ရှား၍ ထင်ရှားလိုရကား ဤသို့ လျှောက်ထားကြသည်။ [မှတ်ချက်-အဋ္ဌကထာ၌ ရှိသော ဒလိဒ္ဒါဒိဇိဏ္ဏာ တို့ကို ဟိဘ်ပြင်သည်။]
(၂၉၄)

## ဗြာဟ္မဏပညတ္တိ

ထဒ္ဓဂတ္တော။ ။မာနအစွမ်းဖြင့် ခက်ထန်သော ကိုယ်ရှိသည်မဟုတ်ပါ၊ မညွှတ်ကိုင်းသော ကိုယ်ရှိသူ၏ အဖြစ်ဖြင့် ခက်ထန်သော ကိုယ်ရှိသည်။ ထို့ကြောင့် ပါဠိတော်၌ "အဗ္ဘုန္နာမေတွာ"ဟူ၍ မိန့်လတ္တံ့။ [စိတ်အကြံကို ရည်ရွယ်၍ စိတ်ကို ခေါင်းတပ်ကာ "စိတ္တံ အညာသိ"ဟု မိန့်သည်]။
(၂၉၅)

သုဇံ ပဂ္ဂဏှန္တာနံ။ ။ဤနေရာ အဋ္ဌကထာ၌ နည်းနှစ်မျိုးဖွင့်ရာတွင် ရှေ့နည်း၌ ပေးလှူမှုအစွမ်းဖြင့် ပဌမ ဒုတိယဖြစ်၍ နောက်နည်း၌ ခံယူမှုအစွမ်းဖြင့် ပဌမ ဒုတိယ ဖြစ်သည်။

ဝိဒေသသတော ဥတ္တမပြောဟ္ဘကာယ။ ။ဝိဒေသသဟူသည် ဝိဇ္ဇာစရဏ ဒေထူး တည်း။ ပုဏ္ဏားတို့ အလိုရှိအပ်ကာ မျှဖြစ်သော ဝိဇ္ဇာစရဏ မဟုတ်ပါ၊ ဥတ္တမပြောဟ္ဘကာ မည်ခြင်းမှာ အနုတ္တရဒက္ခိဏေယျ ဖြစ်သောကြောင့်တည်း။

---

သီလပညာကထာ

သီလပရိသုဒ္ဓါ။ ။ဆေးကြောအပ်ပြီးသည်၏ အဖြစ်ကြောင့်သာ ထက်ဝန်းကျင် စင်ကြယ်ခြင်းဖြစ်သည်။ထို့ကြောင့် သီလပရိဓောတာကို''သီလပရိသုဒ္ဓါ''ဟု ဖွင့်သည် (၉၆)

ကုတော ဒုဿီလေ ပညာ။ ။သီလမရှိသူမှာ သမာဓိမရှိသောကြောင့် ပညာမရှိနိုင်။

ကုတော ဝါ ပညာရဟိတေ ဇဠေ ဠေမူဂေ သီလံ။ ။သီလ အပြားကိုသည်ကောင်း၊သီလစင်ကြယ်ကြောင်း နည်းလမ်းကိုလည်းကောင်း မသိသောကြောင့်တည်း။

ပညာဏန္တိ ပညာဏေဝ။ ။ရိုးရိုးဉာဏ်ကို တားမြစ်ခြင်းငှာ ''ပညာဏံ''ဟု ဟောသည်။ ဝိပဿနာဉာဏ် စသည်ကိုကောက်၊ (ပကဋ္ဌံ ဥက္ကဋ္ဌံ ဉာဏံ ပညာဏံ၊) ထိုပညာဏဟူသည် အနိစ္စ စသော အပြားတို့ဖြင့် သိတတ်သောကြောင့် ပညာသာဖြစ်သည်။

ဝေဒနာပရိဂ္ဂဟာ။ ။ဖြစ်ပေါ်လာသော ဝေဒနာကို သဘာဝသရသအားဖြင့် စူးစမ်းဆင်ခြင်၍ တဖန် ပဒဋ္ဌာန်အားဖြင့် ဤဝေဒနာသည် ဖဿကိုစွဲ၍ ဖြစ်သည်။ ထိုဖဿသည်လည်း အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မ (ဖောက်ပြန်သော သဘော)ဖြစ်သည်ဟု လက္ခဏာသုံးပါးတင်၍ ဖြစ်စေအပ်သော ဝိပဿနာကို ''ဝေဒနာပရိဂ္ဂဟ''ဟု ခေါ်သည်။ ဤသို့ ရှုသောသူသည် ''ဝေဒနာသည်သာ ခံစား၏''ဟု သိရှိကာ ထိုဝေဒနာကို လွယ်ကူစွာ သည်းခံနိုင်၏။ (၂၉၇)

**နာဟံ အယျာသ စသည်။** ။နာဟံစသော စကားကို ထိုသို့ ကြာရှည်စွာ သီလစောင့်မှုသည်သာ ခဲယဉ်းသောကြောင့် လျှောက်ထားသည်။ မှန်၏-သီလ၌ တည်သောသူမှာ အရဟတ္တဖိုလ်သည် လက်၌ ရောက်ပြီးသလိုပင် ဖြစ်သည်။ [သံသုမာရဇာတိတဟူသည် မိကျောင်း ကဲ့သို့ မြေ၌ ဝမ်းလျားမှောက်ခြင်းတည်း။] (၂၉၇)

**ပညာယ သီလံ ဓောဝိတွာ။** ။သီလကို အစအလယ် အဆုံးတို့၌ ကျိုးမှုစသည် မရှိအောင် ပညာဖြင့် သုတ်သင်ဆေးကြော ရသည်။

**လဇ္ဇာ ဘိဇ္ဇိဿတိ။** ။လဇ္ဇာမည်သည် သီလ၏ဂုဏ် ဇာတိ၏အပြစ်ကို ပြသော အားဖြင့် ရဟန်းဂေါတမ မေးအပ်သော ပြဿနာကို ဖြေနိုင်၏ဟု ပရိသတ်၏ အထင်ခံရခြင်းတည်း။ ထိုလဇ္ဇာသည် ပဌမအကြိမ်က ကဲ့သို့ ဖြေခြင်းငှာ မစွမ်းနိုင်သောကြောင့် ကွဲလတ္တံ့။ (၂၉၇)

**အတ္ထတော ပညာသမ္ပဒါ။** ။အလုံးစုံလည်း ဖြစ်သော မဟဂ္ဂုတ်စိတ်တို့ သည် ဉာဏသမ္ပယုတ်ဖြစ်သောကြောင့်လည်း ကောင်း၊ ဈာန်တို့သည်လည်း ဉာဏ်နှင့်ယှဉ်သောကြောင့်လည်းကောင်း "အတ္ထတော ပညာသမ္ပဒါ"ဟု ဆိုသည်။ (၂၉၈)

---

## သောဏဒဏ္ဍဥပါသကတ္တပဋိဝေဒနာ

**ဒဟရော ယုဝါ။** ။ဤ၌ ဒဟရသဒ္ဒါဖြင့် ပဌမအရွယ်၏ အဖြစ်ကို ပြသည်။ (၂၉၈)

**ဒိဋ္ဌမ္မိကသမ္ပရာယိကအတ္ထံ။** ။ထိုအခါ၌ သောဏဒဏ္ဍပုဏ္ဏားမှာ ဝိဝဋ္ဋသန္နိဿိတ ဖြစ်သော ဉာဏ် ရင့်ကျက်မှုမရှိသော ကြောင့် ဝိဝဋ္ဋမဖက် သက်သက်သော တိုးတက်မှု၌ မှီသော အကျိုးကိုသာ ပြတော်မူ၏။

ကုသလေ ဓမ္မေ။ ။မှချအားဖြင့် ဓမ္မအရ တေဘူမကကုသလဓမ္မကို ယူပါ။ ပရိယာယ်(ဥပစာ) အားဖြင့်ကား လောကုတ္တရာကုသိုလ်ကိုလည်း နောင်အခါ၌ ရလတ္တံ့ဖြစ်သောကြောင့် စတုဘူမကဓမ္မဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် "အာယတိံ နိဗ္ဗာနတ္ထာယ ဝါသနာဘာဂိယာယ ဝါ"ဟု အဋ္ဌကထာ၌ မိန့်လတ္တံ့။ (၂၉၈-၉)

ကုဟကတာယ။ ။ဤပါဌ်ဖြင့် ပယောဂသမ္ဘူတ် မရှိကြောင်းကို ပြသည်။

နိဗ္ဗာနတ္ထာယ။ ။နိဗ္ဗာနာဓိဂမတ္ထာယ၊ ပရိနိဗ္ဗာနတ္ထာယ ဝါ။ (၂၉၉)

ဝါသနာဘာဂိယာ။ ။ဝါသနာဟူသည် နောင်အခါ၌ တရားထူးကို ရခြင်း၏ အကြောင်းဖြစ်သော ပုညကြိယာတို့၌ အလေ့အကျက်တည်း။

ပုရိမပစ္ဆိမကထာ။ ။ဤသုတ်၌ အစမှစ၍ သောတာဒုဋ္ဌပုဏ္ဏားတို့၏အဖြေ ဆုံးသည့်တိုင်အောင်သော စကားရပ်သည် ပုရိမကထာ ဖြစ်၍ ဘုရားရှင်၏ သီလ ပညာ အဖြေစကားတော်များသည် ပစ္ဆိမကထာ ဖြစ်သည်။မှန်၏-သောဏဒဏ္ဍပုဏ္ဏား လျှောက်ထားအပ်သော ဗုဒ္ဓဂုဏ် စသည်နှင့် ယှဉ်စပ်သော စကားသည်လည်း နောင်အခါ နိဗ္ဗာန်အကျိုးငှာ ဝါသနာဘာဂိယ ဖြစ်နိုင်သည်သာ။

သောဏဒဏ္ဍသုတ်ပြီးပါပြီ။

# ကုဋ္ဌဒန္တသုတ်

**မဂဓော။** ။မဂဓေန သင်္ခိတ္တ ခေတ္တ ဝိဘင်္ဂေန မံသေသု ဝါ ဂိဇ္ဈန္တီတိ မဂဓာ (ရာဇကုမာရာ။) (၃၀၀)

**မဟာယညော ဥပက္ခရော။** ။"ယဇ်တွင်း (တင်းကုပ်)ကို ပြည့်စုံစေ၍ ကြီးကျယ်သောယဇ်ကို ရည်ရွယ်ကာ သက်ရှိသက်မဲ့ ယဇ်အဆောက်အဦးတို့ကို အနီး၌ တည်စေအပ်ကုန်၏" ဟူသော အနက်အဓိပ္ပာယ်ကို ရည်ရွယ်၍ "မဟာယညော ဥပက္ခရော" ဟု ပါဠိတော်၌ ဟောသည်။ ဥပက္ခရော-၌ "ဥပကရဏဟူသည် ယဇ်အဆောက်အဦးတို့ကို ပါဠိတော်၌ ဆိုသည့်အတိုင်း စီမံထားခြင်းပင်တည်း" ဟူသောအဓိပ္ပာယ်ကို "သဇ္ဇိတော" ဖြင့် ပြသည်။

**ဝစ္ဆတရသတာနိ။** ။နုပျိုသော အားရှိသော နွားငယ်အရာတို့တည်း။ မှန်၏-နွားကလေးတို့တွင် ထူးထူးခြားခြား အားရှိသော ဝဖြိုးသော နွားကလေးများသည် ဝစ္ဆတရ မည်၏။ ထိုနွားကလေးများသည် ဆုံးမထိုက်သော နွားသိုးများမဟုတ်ကြ၊ နွားလားကြီးများလည်းမဟုတ်ကြ။ ထို့ကြောင့် "ဝစ္ဆသတာနိ" ဟု ဖွင့်သည်။ ဤကား ဋီကာဟောင်းဆရာ၏ အယူအဆတည်း။ ဋီကာသစ်ဆရာကား တရသဒ္ဒါ အနက်မရှိသောကြောင့် "ဝစ္ဆသတာနိ" ဟု ဖွင့်သည်။ ဤသို့ ယူဆမှ နွားအားလုံးကို သိမ်းကျုံးယူနိုင်သည်ဟု မိန့်သည်။

**မိဂပက္ခီနံ။** ။မိဂ=ကျွဲ ဆတ် ချေ ပြောင် စိုင်၊ ပက္ခီ=ဥဒေါင်း ချိုး ငုံး ခါ ခို-စသည်။

**သတ္တသတ္တသတာနိ။** ။သင်္ချာ၏အစွမ်းဖြင့် အရာများသည်၏အဖြစ်ကို သတ္တသတသဒ္ဒါဖြင့် ပိုင်းခြားခြင် ငှာ "သတ္တသတ္တသတာနိ" ဟု မိန့်သည်။ (၃၀၀-၁)

ဝိခါ ဝုစ္စတိ ဌပနာ။ ။ဝိခါဟူသည် ဝိပ္ပဋိသာရကို ပယ်ဖျောက်ခြင်းတည်း။ ယညဟု ဆိုအပ်သော ကုသိုလ်၏ အညစ်အကြေးကို မှုတ်ထုတ်တတ် တားမြစ်တတ် ပိတ်ပင်တတ်သောကြောင့် ဝိပ္ပဋိသာရကို ပယ်ဖျောက်မှုကို ဝိခါဟု ဆိုသည်။ ဝိခါသည် ကောင်းမှုအယဉ်ကို မပြတ်စေပဲ ထားတတ်သောကြောင့် ဌာနာ မည်၏။ မှန်၏-အဝိပ္ပဋိသာရကြောင့်သာ အထက်အထက်၌ ကောင်းမှုအယဉ်ဖြစ်သည်။ ဌာပနာသည် ယဇ်၏ အစ အလယ် အဆုံး ကာလသုံးပါးတို့၌ ဖြစ်ခြင်းအားဖြင့် သုံးပါးအပြားရှိ၏၊ ထို့ကြောင့် "တိဋ္ဌပနံ"ဟု မိန့်သည်။ (၃၀၁)

သောဠသပရိက္ခာရံ။ ။ပရိက္ခာရသဒ္ဒါ ပရိဝါရ ပရိယာယ် ဖြစ်သောကြောင့် "သောဠသပရိဝါရံ"ဟု ဖွင့်သည်။

---

မဟာဝိဇိတရာဇယညကထာ

ဘူတပုဗ္ဗံ။ ။ရှေး၌ ဖြစ်ဖူးသည်ကား၊ဝါ– ရှေးအခါ၌၊ မိမိ၏ ရှေးဘဝတခု၌ ကောင်းစွာဖြစ်သော ပဗ္ဗာဓိသမ္ဘာရဖြစ်သော ရှေးအကျင့်တည်း။

မဟာဝိဇိတ။ ။ဝိဇိတပါဠိဖြင့် မဟာဝိဇိတမင်း၏ အကျဉ်အဖြစ်ကို ပြသည်။ ရတနာခုနစ်ပါးနှင့် ပြည့်စုံကြောင်းကို မဟောသောကြောင့် စကြာမင်း မဟုတ်ဟု သိပါ။

အစ္စော မဟဒ္ဓနော။ ။ပါဠိတော်၌ အမှတ်မထား တပါးပါးသော ဥစ္စာမျှဖြင့် အစ္စမည်သည် မဟုတ်ဟု ပြခြင်းငှာ အစ္စောကို ဟောပြီးပါလျက် မဟဒ္ဓနောကို ဟောသည်။ မည်သူမဆို မိမိပိုင်ဆိုင်သမျှ စည်းစိမ်ဖြင့် အစ္စ မဟဒ္ဓနဟု ဆိုနိုင်၏၊ အချင်းချင်း ထောက်၍ မဟဒ္ဓနဟု ဆိုနိုင်ပါ၏။ ဤမင်းကား ထိုကဲ့သို့ မဟဒ္ဓန မဟုတ်။ ထိပ်တန်းသို့ရောက်သော မဟဒ္ဓနဟု သိစေလို၍ "အပရိမာဏ သဓ္ဓနေန ဓနေန သမန္နာဂတော" ဟု အဓိပ္ပာယ် ဖွင့်သည်။ (၃၀၁)

**ပဉ္စကာမဂုဏသေန။** ။ဤပါဠိဖြင့် သုံးဆောင်အပ်သောကြောင့် အထူးအားဖြင့် ကာမတို့သည် ဤနေရာ၌ ဘောဂမည်၏ဟု ပြသည်။

**မာသက။** ။အရုပ်ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ ငါးပဲမာဿဖြင့် ပြုအပ်သော မာသက၊ (အာဒိဖြင့် ရွှေခွက် စသည်ကို ယူ။)

**အနေကကောဋိသန္နိစယ။** ။ငွေအသပြာတို့၏ ကုဋေတရာ စသည့် ပမာဏကို ရည်ရွယ်၍ ဆိုပါသည်။ ဘာ့ကြောင့်နည်း— အောက်ထစ်ဆုံးအားဖြင့် ကုဋေတရာ ပမာဏဖြင့်သာ ခတ္တိယမဟာသာလ အဖြစ်သို့ ရောက်သောကြောင့်တည်း။ (၃၀၁)

**ရတနာ။** ။သုဝဏ္ဏံ ရဇတံ မုတ္တာ၊ မဏိဝေဠုရိယာနိ စ။ ဝဇိရဉ္စ ပဝါဠန္တိ၊ သတ္တာဟု ရတနာနိ မေ။ (၃၀၂)

**ပုဗ္ဗဏ္ဏံ အပရဏ္ဏံ။** ။ဤကောက်ပဲတို့၏ ရွှေနောက် အဖြစ်ကို ကမ္ဘာဦး၌ ဖြစ်ခြင်း မဖြစ်ခြင်း အစွမ်းဖြင့် သိပါ။

**အစော သေည်ဖြင့်ပြုပုံ။** ။"အစော မဟာဒ္ဓနော ပဟူတဇာတရူပရဇတော" ဟူသော စကားကို နေ့စဉ် ရိက္ခာပေးခြင်း၊ ယူခြင်း စသည် အစွမ်းဖြင့် လည်းကောင်း၊ လဲလှယ်သော ဥစ္စာစပါး အစွမ်းဖြင့်လည်းကောင်း ဆိုအပ်သည်။ "ပဟူတဓနဓညော" ဟူသော စကားကို မြေ၌ မြှုပ်ထားအပ်သော ဥစ္စာအစွမ်းဖြင့် လည်းကောင်း၊ သိမ်းဆည်းထားအပ်သော စပါးအစွမ်းဖြင့် လည်းကောင်း ဆိုသည်။ ဤအထူးကို ရည်ရွယ်၍ ဤနည်းကို ပြသည်။ မှန်၏—အသပြာအမှုဏ နှစ်ဆယ် စသည်ကို နေ့စဉ် သုံးစွဲခြင်းလည်း မဟာသာလ၏ လက္ခဏာ ဖြစ်သည်။ (၃၀၂)

**ပရိဗ္ဗယဒါန ဂဟဏ။** ။ကျွန်အမှုလုပ် ယောကျ်ား စသူတို့အား ရိက္ခာပေးခြင်းကို "ပရိဗ္ဗယဒါန" ဟု ခေါ်၍ ကြွေးရှင်းခြင်း စသည် အစွမ်းဖြင့် ဥစ္စာစပါး ယူခြင်းကို "ဂဟဏ"ဟု ခေါ်သည်။

**ကောသ ကောဋ္ဌာဂါရ။** ။ဥစ္စာနှစ် ထားရာ တိုက်ခန်းသည် "ကောသ" မည်၍ စပါးထားရာတိုက်သည် "ကောဋ္ဌာဂါရ" မည်၏။ (၃၀၃)

**ကောသ။** ။သန်လျက်ကို ထက်မြက်နေအောင် ဆောင်တတ်သောကြောင့် သန်လျက်အိမ်ကို "ကောသ" ဟု ဆိုအပ်သကဲ့သို့ ဤနည်းအတူ

မင်း၏ တန်ခိုးကို ထက်မြက်အောင် ဆောင်တတ်သောကြောင့် အင်္ဂါလေးပါး ရှိသော စစ်တပ်ကို ''ကောသ''ဟု ဆိုသည်။ ထို့ကြောင့် ''စတုဒ္ဒိမေ၊ ကောသော'' စသည်ကို မိန့်သည်။

ကောဋ္ဌာဂါရံ တိဝိဓံ။ ။ဝတ္ထကောဋ္ဌာဂါရကို ယူခြင်းဖြင့် အလုံးစုံလည်း ဖြစ်သော စောင့်ရှောက်ထိုက်သော ဘဏ္ဍာထားရာ အရပ်ကို ယူအပ်သောကြောင့်''ကောဋ္ဌာဂါရံ တိဝိဓံ''စသည်ကို မိန့်သည်။

ရတနဝိလောကနစာရိကာ။ ။ထိုထိုအရပ်၌ ရတနာကို ကြည့်ရှု၍ လှည့်လည် ခြင်းကို ''ရတနဝိလောကန စာရိကာ''ဟု ဆိုပါသည်။ ဥစ္စာစုဆောင်း၍ မယူနိုင်ခြင်းကို မင်းတရား သိပါသော်လည်း ဘဏ္ဍာစိုက်ကို ပြောစေ၍ ပရိသတ်၏ အသံမရှိခြင်းသို့ ရောက်စေခြင်းအကျိုးငှာ ဤသို့ မေးသည်။ ထိုသို့ ပြောဆိုစေခြင်း မရှိလျှင် အဘယ့်ကြောင့် မင်းမြတ်သည် အဆက်အဆက်မှ လာသော အမျိုးဥစ္စာကို ဖျက်ဆီးရဘိသနည်းဟု ပရိသတ်များ ပြောဆိုကြလတ္တံ့။ ထို့ကြောင့် ပကတိချောက်ချားမှုသည်း ဖြစ်နိုင်သည်။ ထိုသို့ ပြောဆိုစေလျှင် ဤအကြောင်းကြောင့် ဥစ္စာတွေကို စွန့်သည်ဟု သိ၍ ဘယ်သူမှ မပြောလတ္တံ့။ ထို့ကြောင့် ပကတိချောက်ချားမှုလည်း မဖြစ်နိုင်၊ ထို့ကြောင့် ထိုသို့ မေးသည်။

ဧကေန ပဏ္ဏိတေန သဒ္ဓိံ မန္တေတွာ။ ။အာမန္တေတွာ- တိုင်ပင်လိုသည်ဖြစ်၍ ဟူသောအနက်ကို သိစေလို၍''ဧကေန ပဏ္ဍိတေန သဒ္ဓိံ မန္တေတွာ''ဟု မိန့်။

ပုရောဟိတ်၏ အကြံ။ ။ဇနပုဒ်မှာ ဘေးရန်မဖြစ်ပေါ်စေခြင်း အကျိုးငှာ လည်းကောင်း၊ ယည (အလှူဒါန)၏ ကာလရှည်ကြာ တည်တံ့စွာ ဖြစ်ခြင်းအကျိုးငှာလည်းကောင်း ပုရောဟိတ်ပုဏ္ဏားကြံစည်စဉ်းစားသည်။ ထို့ကြောင့် ''အယံ ရာဇာ'' စသည်ကို မိန့်သည်။ (၃၀၃)

ကဏ္ဍကာ။ ။သတ္တဝါတို့၏ စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောကြောင့် လည်းကောင်း၊ အဟိတ ဒုက္ခကို ဆောင်တတ်သောကြောင့် လည်းကောင်း ဆူးပြောင့်နှင့် တူရကား ခိုးသူတို့ကိုသာ ဤနေရာ၌ ကဏ္ဍက အရယူရမည်ဟု သိစေလို၍ ''စောရ-ကဏ္ဍကေဟိ သကဏ္ဍကော''ဟု မိန့်။ (၃၀၄)

**ပန္ထဒုဟာ။** ။ရွာ၌ နေသူတို့ကို သတ်သူတို့ကို အဘေဒူပစာအားဖြင့်လည်းကောင်း၊ ဌာနူပစာအားဖြင့်လည်းကောင်း "ဂါမဃာတကာ" ဟု ခေါ်ဆိုသကဲ့သို့ ဤနည်းတူ လမ်း၌ သွားလာသူတို့အား ညှဉ်းပန်းနှိပ်စက်တတ်သူတို့ကို "ပန္ထဒုဟာ" ဟု ခေါ်သည်။

**အဓမ္မကာရီ။** ။တရားမှ ကင်းသော မသင့်သောအမှုကို ပြုလေ့ရှိသော မင်းတည်း။ တနည်း—မိမိ၏တိုင်း နိုင်ငံအတွင်းဝယ် ပါဝင်သော ဇနပုဒ်စသည်တို့ကို ထိုထိုအနတ္ထမှ စောင့်ရှောက်ခြင်းဖြင့် ပြုသင့်ပြုထိုက်သော မင်းကျင့်တရားကို မကျင့်သုံးသော မင်းကို "အဓမ္မကာရီ" ဟု ခေါ်သည်။

**ဒဿုခီလံ။** ။ဒဿုဟူသည် ခိုးသူတို့တည်း။ ၎င်းနှင့်တူရကား ခီလလည်း မည်သည်။ ခွျဉ်ို့အံ့-လယ်ကွင်း၌ ၎င်းသည် ထွန်ယက်ခြင်း စသည်တို့၏ လွယ်ကူစွာ ဖြစ်ခြင်းကိုလည်းကောင်း၊ အမြစ်တို့၏ အစဉ်ဖြင့် ကောက်ပင်တို့၏ တိုးပွားမှုကိုလည်းကောင်း နှောင့်ယှက် ဖျက်ဆီးသကဲ့သို့ ဤအတူ ခိုးသူသည်လည်း တိုင်းပြည်၌ မင်းအာဏာ အလွယ်တကူဖြစ်ခြင်းကိုလည်းကောင်း၊ အခြေခံတိုးပွား စည်ပင်မှုဖြစ်သော ဇနပုဒ်တိုးတက်မှုကိုလည်းကောင်း နှောင့်ယှက်ဖျက်ဆီးတတ်သည်။ ဤသို့ ခိုးသူသည် ၎င်းနှင့်တူသည်။

**မာရဏေန ကောဋ္ဋနေန။** ။သတ်ခြင်းသည် မာရဏ၊ ညှဉ်းဆဲခြင်းသည် ကောဋ္ဋန။

**ဥဿာဟံ ကရေယျံ။** ။ရှေးကပင် လယ်ထွန်မှု နွားကျောင်းမှုများ၌ အလေ့အလာရပြီးဖြစ်သောကြောင့် မျိုးစေ့ထမင်းကိုပေးရာအခါဝယ် ထိုလယ်ထွန်မှု နွားကျောင်းမှုတို့၌ အားထုတ်သည်မည်၏။

**သဏ္ဍိ အကာတ္ဘာ။** ။အတိုးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပြန်ယူလိုသူ၏ ပေးခြင်းမျိုး၌ သက်သေထားမှု စာချုပ်မှုများကို ပြုရသည်။ ဤနေရာ၌ကား တဖန် ပြန်၍ တောင်းယူမည်မဟုတ်သောကြောင့် သက်သေထားမှု စာချုပ်မှု နှစ်မျိုးလုံး မရှိပါ။ ထို့ကြောင့် "သဏ္ဍိ အကာတ္ဘာ" စသည်ကို မိန့်။ (၃၀၅)

**ပါဘတံ။** ။ဥစ္စာအရင်းအနှီးသည် အပြားအားဖြင့် ဥစ္စာတိုးပွားမှုဘို့ကို ဆောင်ကြောင်းဖြစ်သောကြောင့် ပါဘတ မည်၏။ တနည်း— လက်ဆောင်ပစ္စည်းလည်လည်း အလိုရှိသူတို့သည် ဆောင်အပ်သောကြောင့် ပါဘတ မည်၏။

အတ္ထံ အဂ္ဂိံ ပ သန္ဓမံ။ ။မီးမွှေးမှု၌ ကျွမ်းကျင်လိမ်မာသော ယောကျ်ားသည် အနည်းငယ်သော မီးကို အစဉ်အားဖြင့် နှားချေးမှုန့် စသည်တို့၌ ထည့်ကာ လေမှုတ်၍ မီးကို တောက်စေ တိုးပွားစေ ကြီးစေသကဲ့သို့ ထို့အတူ ပညာရှိသောပုဂ္ဂိုလ်သည် အနည်းငယ်သော အရင်းအနှီးဥစ္စာကို ရသော် အမျိုးမျိုးသော နည်းတို့ဖြင့် ယှဉ်ပေ်ကာ စည်းစိမ်ဥစ္စာနှင့် အခြံအရံကို တိုးပွားစေ၏၊ ထိုစည်းစိမ်ဥစ္စာ အခြံအရံတို့၌ မိမိကိုဘည်စေ၏၊ ထိုသို့ စည်းစိမ်ဥစ္စာ အခြံအရံတို့၏ ကြီးကျယ် များပြားမှုဖြင့်ပင် မိမိကို လောကအလယ်၌ ထင်ရှားအောင် ပြုသည်။

ဓနဥ္စာနံ ရာသိကာ။ ။မိမိဆိုင်ရာ အလုပ်များ၌ ကြိုးစားအားထုတ်သောကြောင့်သည်းကောင်း၊ ဘေးရန်မရှိသောကြောင့်လည်းကောင်း၊ ဥစ္စာစပေါတို့၏ အစုအပုံကြီး ဖြစ်လာသည်၊

မောဒါ မောဒမာနာ။ ။သောမနဿဖြင့်သာ ဝမ်းမြောက်ကုန်လျက်ဟု ဆိုလိုသည်နှီးနှောမှုမျှဖြင့်ဟုမဆိုလိုပါ။ထို့ကြောင့် "အညမညံ ပမုဒိတစိတ္တာ"ဟု မိန့်သည်။ (၃၀၆)

---

စတုပရိက္ခာရ

အာနုယန္တာ။ ။ထိုထိုကိစ္စ၌လျော်စွာဖြစ်တတ်သူများတည်း၊"အာနုယုတ္တာ"ဟု ရှိသော် ထိုထိုကိစ္စ အားထုတ်သူများဟု ဆိုလိုသည်။

ဂါမ နိဂမ။ ။နိဂမဟူသည် တိုးပွားသော ကြီးကျယ်သော အဝင်ရှိသော ရွာကြီးတည်း။ ဝိနည် ဋ္ဌကထာများ၌ကား တံတိုင်းမရှိ ဈေးသာရှိလျှင် နိဂမ၊ တံတိုင်း ဈေး နှစ်မျိုးလုံး မရှိလျှင် ဂါမဟု မိန့်ကြသည်။

အမစ္စာ ပါရိသဇ္ဇာ။ ။ပိယသဟာယကာ-ဖြင့် အမစ္စဟူသည် မင်းမှုကိစ္စ စီမံရာအခါ၌ မင်းသည် ချစ်ခင်အပ်သော မင်းနှင့်

အတူ လုပ်ဖော်ကိုင်ဖက် အမတ်များ ဖြစ်သည်ဟု ပြသည်။ ပါရိသဇ္ဇာဟူသည် ဆိုအပ်ပြီးသော နောက်လိုက်မင်း စသည်တို့မှ ကြွင်းသောမင်း၏ အာဏာကို ပြုသူများတည်း။

**ဒေယျဓမ္မသ္မိဉ္စ စသည်။** ။လှူဖွယ်ပစ္စည်း ရှိသော်သည်း အာနုဘော် ပြည့်စုံမှု၊ အခြံအရံ ပြည့်စုံမှု ဟူသော ဂုဏ်နှစ်မျိုး မရှိလျှင် ဤအလှူမျိုးကို မလှူနိုင်ပါ။ အသက်ကြီးရာအခါ၌ကား ထိုကဲ့သို့မဟာဝိဇိတလို မင်းများမှာသော်မှ အာနုဘော် အခြံအရံတို့ ယုတ်လျော့တတ်ပါသေးသည်။ လှူဖွယ်ပစ္စည်း မရှိသော် မလှူနိုင်သည်မှာ ဆိုဖွယ်ရာပင်မရှိဟု ပြခြင်းငှာ ''ဒေယျဓမ္မသ္မိဉ္စ'' စသည်ကို မိန့်။ (၃၀၇)

**ပရိက္ခာရာ။** ။ခဋ္ဋိယစသော သမ္ဘာရလေးမျိုးတို့ကိုပင် ယင်္ဂ၏အင်္ဂါ ဖြစ်သောကြောင့် အခြံအရံကဲ့သို့ ဖြစ်ရကား ''ပရိဝါရာ'' ဟု ဖွင့်သည်။

---

## အဋ္ဌပရိက္ခာရ

**ယသသာ။** ။ယသ-အရ အာနုဘော်ငါးမျိုးကို ယူရမည်။ ထို့ကြောင့် ''အာဏာဌပနသမတ္ထတာယ''ဟု ဖွင့်သည်။

**သဒ္ဓေါ ဒါနသူရော။** ။ဒါနသူရဟူသည် လှူဖွယ်ပစ္စည်း ဝတ္ထု၌ အနည်းငယ်မျှ ငြိကပ်မှုမရှိပဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်လှူခြင်းရှိသူဘည်း။ထိုသို့ လွတ်လွတ်ကျွတ်ကျွတ် စွန့်လှူခြင်းရှိသူ၏ အဖြစ်ကို ကမ္မဿကတာ ဉာဏ်၏ ထက်သန်မှု သန့်ရှင်းမှုဖြင့် သိနိုင်သည်။ မှန်၏-ကမ္မဿကတာဉာဏ်၏ ထက်သည်၏ အဖြစ် သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်ကို ပြခြင်းငှာ ''သဒ္ဓေါ''ဟု ဆိုပြီးပါလျက် ''ဒါနသူရော''ဟု မိန့်ဆိုပြန်သည်။ ကမ္မဿကတာဉာဏ် မျက်မှောက်ကဲ့သို့ ထင်သော ပုဂ္ဂိုလ်ကို ဒါနသူရဟု ဆိုသည်။

**နဒါသော န သဟာယော။** ။စည်းစိမ်ဥစ္စာကို တပ်မက်သော လောဘသည် မဆွဲငင်အပ်သောကြောင့် ကျွန်လည်းမဟုတ်၊ သဟာယလည်း မဟုတ်ပါ။ (၃၀၇-၈)

သီလက္ခန်-၂၇ (က)

မဇုရံ ဘုဋ္ဌတိ။ ။ခဲဖွယ် ဘောဇဉ်တို့တွင် ချိုမြိန်သော အရသာသည်သာ-အမြတ်ဆုံးဖြစ်သောကြောင့် "မဇုရံ ဘုဋ္ဌတိ" ဟု မိန့်သည်။ မဇုရံသည် နိဒဿနမျှသာ၊ မွန်မြတ်သောအစာကို သုံးစွဲ၏ဟု ဆိုလိုသည်။ -'(၃၀၈)

ဒါနဒါသ စသည်။ ။တဏှာ၏ ကျွန်အဖြစ်သို့ ကပ်ရောက်သောကြောင့် ဒါနဒါသမည်၏။အလှူဝတ္ထုသည် နှစ်သက်အပ်သည်၏ အဖြစ်ကို မစွန့်သောကြောင့် ဒါနသဟာယ၊ အလှူဝတ္ထု၌ တဏှာကျွန် အဖြစ်မှ မိမိကို လွတ်စေ၍ လွှမ်းမိုး၍ ဖြစ်သောကြောင့် ဒါနပတိမည်၏။

ဋီကာဟောင်း၌ သာမိဒါနကို သာမိပရိဘောဂသဒိသဟု ဖွင့်၏။ထိုစကားသည် တဏှာကျွန်အဖြစ်ကို လွန်မြောက်နိုင်ခြင်းနှင့် တူသည်ကို ရည်ရွယ်၍ ဖွင့်သည်။ ဘာ့ကြောင့်နည်း-ရဟန္တာ၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂ ဖြစ်သကဲ့သို့ ရဟန္တာအားသာ လှူခြင်းသည် ဒါနသာမိဖြစ်၏ ဟူသော အဓိပ္ပာယ်မဖြစ်သင့်သောကြောင့်တည်း။

သမိတပါပသမဏဗာဟိတပါပဗြာဟ္မဏ။ ။ဥက္ကဋ္ဌနိဒ္ဒေသနည်းဖြင့် ဖွင့်သည်။ တနည်း-ရဟန်းပုဏ္ဏားမည်ကာမျှ တို့ကို ကပဏသဒ္ဒါစသည်ဖြင့်ယူပါ။ (၃၀၈)

အတီတာနာဂတပစ္စုပ္ပန္နေ အတ္တော စိန္တေတုံ။ ။မဟာဝိဇိတမင်းမြတ်၏ အတိတ်စသောအကျိုး ကြံစည်နိုင်ခြင်းကို အနုမာနအစွမ်းဖြင့် လည်းကောင်း၊ ဤသို့ ပြုထိုက်၏ဟု စဉ်းစားဉာဏ်ဖြင့် လည်းကောင်း သိထိုက်သည်။ ထိုသို့သိရာ၌ ဘုရားရှင်တို့ကဲ့သို့ ပစ္စက္ခမြင်ခြင်း မဟုတ်ဟုပြခြင်းငှာ "အတီတေ" စသည်ကို ဆိုသည်။

ဧတေ ဟိ ကိရ စသည်။ ။ဤစကားရပ်များ၌ ကေစိဆရာတို့သည် အစုစသော ငါးပါးတို့သည် အလှူ၏ကောန် အင်္ဂါ ဖြစ်သကဲ့သို့ သုဇာတတာ သုရူပတာ အင်္ဂါနှစ်ပါးသည်ကောန်အင်္ဂါမဟုတ်၊ အနေကန်အင်္ဂါဖြစ်သည်ဟု ပြခြင်းငှာ ကိရသဒ္ဒါနှင့် ထားသည်ဟု ဆိုကြ၏။ ဤစကားသည် အနှစ်ရှိသော စကားမဟုတ်ပါ။ ဤနေရာ၌ ကိရကို ထိုအခါ ငယ် ပုဏ္ဏား၏ ကြံစည်ပုံ အခြင်းအရာကို ပြသည်ဟု မှတ်ပါ။ (၃၀၉)

## တိယော ဝဂ္ဂေါ

ဝေဠုဒိ ဒါနံ မဟာပ္ဖလံ ဟောတိ။ ။ဝိပ္ပဋိသာရသည် မညစ်နွမ်းစေအပ်သော ကြောင့် နောင်အခါ၌လည်း ကြီးကျယ်ပွန့်ဖြိုး များမြတ်သော အကျိုးရှိသည့်အတွက် မဟပ္ဖလဖြစ်သည်။ (၃၁၁)

ဥဋ္ဌာဝရေသု ဘောဂေသု နာပိ စိတ္တံ နမတိ။ ။ခေဇ္ဇဝိဒေသသ၌ စွန့်ကြဲမှုကို ပြုသောကြောင့်ရသော မွန်မြတ်သော စည်းစိမ်တို့၌ သော်မှလည်း လှူပြီးနောက် ဝိပ္ပဋိသာရသည် ညစ်နွမ်းစေခဲ့သောကြောင့် စိတ်မညွတ်ပါ။

မဟာရောရုဝံ ဥပပန္နဿ သေဋ္ဌိဂဟပတိနော ဝိယ။ ။တိုသခေါ်းကား ကောသလတိုင်းနေ အပုတ္တကသဌေးဖြစ်သည်။ အပုတ္တကသဌေးသည် ရှေးဘဝတခုဝယ် သဌေးဖြစ်ခဲ့၍၊ တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါကို မြင်၍ ဆွမ်း လှူရန် ဇနီးသည်အား မှာထားပြီးလျှင် ရှင်ဘုရင်ကိုစေးရန်ထွက်သွားသည်။ ခစားရာမှ အပြန်တွင် သူ၏မှာထားချက်အရ ဇနီးသည်သည် အမြတ်တနိုး ကောင်းကောင်းမွန်မွန် လှူဒါန်းအပ်သော ဆွမ်းဘောဇဉ်များကိုမြင်ရာ စိတ်နှလုံး မသာမယာဖြစ်ခဲ့ဖူးပါသည်။ ထိုဆွမ်းလှူမှုကြောင့် နတ်ပြည်၌ ခုနစ်ကြိမ်၊ သာဝတ္ထိပြည်သဌေးမျိုး၌ ခုနစ်ကြိမ်ဖြစ်ရပါသည်။ ယခုဘဝသည် သဌေးမျိုးဝယ်ဖြစ်သည့် ခုနစ်ခုမြောက်ဘဝဖြစ်ပါသည်။ လှူပြီးနောက် နှလုံးမသာမယာ ဖြစ်မှုကြောင့် မွန်မြတ်သောစည်းစိမ်တို့၌ သုံးစွဲရန် စိတ်မညွတ်ပါ။ အမွေကိစ္စကြောင့်ညီ၏ သားတယောက်ကို သတ်ခဲ့ဘူးပါသည်။ ထိုသတ်ခဲ့သော အကုသိုလ်ကံကြောင့် နှစ်ပေါင်းများစွာ ငရဲ၌ ခံခဲ့ရသည်။ ခုနစ်ကြိမ် ခုနစ်ဘဝ သားသမီး မရခဲ့ပါ။ ယခုအခါ၌လည်း ထိုအကုသိုလ်ကံကြောင့်ပင် မဟာရောရုဝငရဲသို့ ကပ်ရောက်သည်။ ထို့ကြောင့် "မဟာရောရုဝံ ဥပပန္နဿ သေဋ္ဌိဂဟပတိနော ဝိယ"ဟု မိန့်သည်၊ ရှေ့နောက် စေတနာတို့၏ အစွမ်းကြောင့် အကြိမ်ကြိမ် ငရဲကျခြင်း၊ သားသမီးမရခြင်းများကို သိပါ။ မှန်၏— စေတနာတမျိုးသည် ပဋိသန္ဓေ နှစ်မျိုးကို မပေးနိုင်ပါ။ (၃၁၀-၂)

---

### ဒသအာကာရ

ပဋိဂ္ဂါဟကတော ဝ ဥပ္ပဇ္ဇတိ။ ။ဤစကားကို အားကြီးသော ဝိပ္ပဋိသာရကို ရည်ရွယ်၍ ဆိုပါသည်၊ အားနည်းသော

ဝိပ္ပဋိသာရကား လှူဖွယ်ပစ္စည်းကြောင့် လည်းကောင်း၊ အခြံအရံများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။ (၃၁၂)

ယဇေယံ ဘဝန္တိ ဒေတု ဘဝံ။ ။ယဇန-အခ ဒါနကိုသာ ယူပါ။ မီးပူဇော်ခြင်းကို မယူရ၊ ထို့ကြောင့် "ဒေတု ဘဝံ" ဟု ဖွင့်သည်။ (၃၁၄)

---

## သောဠသာကာရ

သောဠသဟိ ပရိက္ခာရေဟိ။ ။အနုမတိပက္ခ စသည်တို့ကိုသာ အောက်၌ အလှူ၏ တည်ရာပြု၍ "သောဠသ ပရိက္ခာရ" ဟု ဟောဆိုခဲ့သည်။ ဤနေရာ၌ကား ဒါန၏အကျိုးကို ပြခြင်း စသည်ဖြင့် အနုမောဒနာကို အားထုတ်အပ်သောကြောင့် "သောဠသဟိ အာကာရေဟိ" ဟု ဆိုသည်။ (၃၁၄)

ဒဿေတွာ။ ။မိမိ၏ဒေသနာ အာနုဘော်ဖြင့် မျက်မှောက်ကဲ့သို့ အကျိုးကို ပြ၍အကြိမ်များစွာပြသောကြောင့် "ဒဿေတွာဒဿေတွာ" ဟု ဝိစ္ဆာစကားကို မိန့်ဆိုသည်။

ဝိပ္ပဋိသာရဝိနောဒနေန။ ။နိဒဿန နည်းတည်း။ ဝိပ္ပဋိသာရ သာမက လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယ၊ မာန စသည်တို့လည်း ဒါနစိတ်၏ ဥပက္ကိလေသများ ဖြစ်ကြသည်။ ဥပက္ကိလေသ တရားတို့ကို ပယ်ဖျောက်ခြင်းဖြင့်လည်း ဖြူစင်စေအပ်သော ဒါနစိတ်ထက်ခြင်း စင်ကြယ်ခြင်းသို့ ရောက်သောကြောင့် ထက်သန်စေအပ်သည် မည်၏။ ထိုကြောင့် "ဝိပ္ပဋိသာရဝိနောဒန" စကားသည် နိဒဿန ဖြစ်သည်။ အလွန် နီးကပ်စွာ ဖြစ်သောကြောင့် ဝိပ္ပဋိသာရဝိနောဒနကိုသာ ယူပါသည်။

ဓမ္မေန သမေန ကာရဏေန။ ။သစ္စာသည် ဓမ္မမှ မကင်းသောကြောင့် ဓမ္မ၊ ငြိမ်းအေးသောအကျင့် ဖြစ်သောကြောင့် သမ၊ သင့်လျော်သောကြောင့် ကာရဏ မည်၏။

နာ ရုက္ခာ ဆိန္ဒိံသု။ ။ထိုယဇ်ပွဲသဘင်၌ သစ်ပင် မြက်တို့ကို ဖြတ်ခြင်းသော်မှ မရှိ။ သတ္တဝါကို သတ်ခြင်းကား အဘယ်မှာ ရှိအံ့

-နည်းဟု သတ္တဝါသတ်မှု မရှိခြင်းကိုပင် ခိုင်မြဲအောင် ပြုခြင်း အကျိုးငှာ လည်းကောင်း၊ အလုံးစုံသော အခြင်းအရာအားဖြင့် ဖောက်ဖောက်ပြန်ပြန် ယူခြင်းတို့သည် မဒုက္ကဋ်အပ်သည်၏ အဖြစ်ကို ပြခြင်း အကျိုးငှာ လည်း ကောင်း ပါဠိတော်၌ "နေဝ ဂါဝေါ ဟနိဿ" စသည်တို့ကို ဟောပြီ ပါ သော်လည်း "န ရုက္ခာ ဆိန္ဒိဿ" စသည်ကို ဟောတော်မူသည်ဟု ပြလို၍ "ယေ ယူပါနာမကေ" စသည်ကို မိန့်သည်။ (၃၁၃-၄)

သာပတေယျံ။ ။သိုမှီး သိမ်းဆည်းအပ်သောကြောင့် လည်းကောင်း၊ မိမိ မိမိ၏ ဥစ္စာဖြစ်သောကြောင့် လည်းကောင်း ဥစ္စာကို "သံ"ဟု ခေါ်၍ ဥစ္စာရှင်ကိုကား "သပတိ"ဟု ခေါ်ရသည်။ ထိုဥစ္စာသည်ပင် ပဥ္စပွန် သံသရာ ဇာစီးအပွားများကို ဆောင်နိုင်သောကြောင့် ဥစ္စာရှင်၏ စီးပွားဖြစ်၍ သာပတေယျ မည်ပြန်သည်။

ယညာဝါဋော။ ။ယညာဝါဋသည် တူးအပ်သော တွင်းရှိသော အသာခေ စသော ယင်ပူဇော်ဆွဲဌာန၏ အမည်ဖြစ်၍ ဤ၌နေရာ၌ ကား-ဥပစာအားဖြင့် ဒါနသာလာကိုပင် "ယညာဝါဋ" ဟု ခေါ်သည်။ (၃၁၅)

ခတ္တိယတို့၏ ယညာဝါဋ နှင့်- မင်း၏ယညာဝါဋ အကွာအဝေး။ ။ခတ္တိယတို့၏ အလှူတင်းကုပ်၌ နံနက်စာ စား၍ မပင်မပန်း သဘော ရှိအောင် လာကာ ညနေချမ်းအခါ၌ မင်းကြီး၏ အလှူတင်းကုပ်သို့ ရောက်နိုင်ကြသည်။

ယာဂုံ ပိဝိတ္ဝာ။ ။ယာဂုကို အဦးပဓာနပြု၍ နံနက်စာကို ဆိုပါသည်။

---

## နိစ္စဒါန် အနုကုလယည

ဥဋ္ဌာယ သမုဋ္ဌာယ။ ။ဥဋ္ဌာယ-ဖြင့် ဒါန၌ ထကြွသော ဝီရိယကို ဆို၍ သမုဋ္ဌာယ-ဖြင့် ဒါနကို အမြဲမပြတ် ပြုရကြောင်းကို ဆိုသည်။ (၃၁၅)

ကမ္မာနိ အကရောန္တော နဿိဿတိ။ ။လယ်ထွန် ကုန်ရောင်း စသော အလုပ်များကို မပြုလုပ်သော် ဆင်းရဲမွဲတေမှု စသော အကျိုးမဲ့သို့ ရောက်၍ ပျက်စီးမည်။

ဒန္တမယသလာကာ။ ။ဤပါဠိဖြင့် နိစ္စဘတ်သည် သလာကဒါန အစွမ်းဖြင့် ဖြစ်သည်ဟု ပြသည်။ ဒန္တမယသလာက ဟူသည် ဆင်စွယ်ဖြင့် ပြုလုပ်အပ်သော စာရေးတံဘည်း။ ထိုစာရေးတံ၌ အလှူရှင်တို့၏ အမည် ရေးထားကြသည်။ (၃၁၆)

ကေသလာကဘော ဥဒ္ဒိံ ဒါတုံ နာသက္ခိ။ ။ဤပါဠိဖြင့် တခုသော သလာက ဒါနဖြင့်သည်၊ နိဗဒ္ဓဒါနကို မပြတ်စေမူ၍ စောင့်ရှောက်မှုကို ဆိုသည်။ (ရညော-သေဘာ ါဟနမင်း။)

ကမ္မစ္ဆေဒ ဝသေန။ ။ဤပါဠိဖြင့် မိမိ မိမိ၏ အလုပ်ကို လုပ်ခွင့် မပေးခြင်း သည်လည်း နှိပ်စက်မှုပင်တည်းဟု ပြသည်။

ဆင္ဂဂ် သမန္နာဂတာ။ ။ပုဗ္ဗ မုဥ္စ အပရစေတနာအား ဖြင့် အလှူပေးပုဂ္ဂိုလ်၏အစွမ်းဖြင့် အင်္ဂါသုံးပါး၊ ဝိတရာဂ ဝိတဒေါသ ဝိတမောဟဖြစ်ခြင်း၊ ဖြစ်ခြင်းငှာ ကျင့်ခြင်းအားဖြင့် အလှူခံပုဂ္ဂိုလ်၏ အစွမ်းဖြင့်သုံးပါး။

ပုညာဘိသန္ဒ။ ။နောက်နောက်၌ ဖြစ်သော စေတနာ၏ အစွမ်းဖြင့် မြစ်ကြီးကဲ့သို့ လည်းကောင်း၊ ရေအယဉ်ကြီးကဲ့သို့ လည်းကောင်း ထိုမှ ဤမှ စီး၍ ပြေးဝင်၍ ဖြစ်ခြင်းကြောင့် ကုသိုလ်သည်ပင် ပုညာဘိသန္ဒ မည်၏။

ဓောန ဥဋ္ဌာယ။ ။နေ့တိုင်း နေ့တိုင်း အလှူရှင်မှာ ဗျာပါရသို့ ရောက်ခြင်းကြောင့် ကိစ္စပြီးဆုံးခြင်းမရှိ။ ထို့ကြောင့် "ဓောန" စသည်ကို မိန့်သည်။ (၃ : ၆)

ပဏ္ဏာသာလံ ဝါ။ ။ဆောက်လုပ်အပ်သော ကျောင်းကို အနည်းငယ်သော အချိန်ကာလဖြင့် ပြီးဆုံးစေထိုက်သောကြောင့် အလုပ်ကိစ္စ ပြီးဆုံးခြင်းရှိသည်။ ထို့ကြောင့် "ပဏ္ဏသာလံ" စသည်ကို မိန့်သည်။

ဓောဝါရံ ခေုပရိစ္စာဂံ ကတ္ဘာ။ ။ကြီးစွာသော ကျောင်း ဆောက်လှူရာ၌လည်း ကိစ္စပြီးဆုံးမှုရှိနိုင်ပုံ နည်းလမ်းကို ပြခြင်းငှာ "ဓောဝါရံ ၊ပေ၊ ကတ္ဘာ" ဟု မိန့်ဆိုသည်။

**ကျောင်းအလှူ၏ မဟပ္ဖလမဟာ့နိသံသ။** ။"သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ"ဟူသော သံယုတ်ပါဠိတော်၊ "ယေ ဒဒန္တိ ဥပဿယံ၊ တေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ"ဟူသော သံယုတ်ပါဠိတော် နှစ်ရပ်ကို ထောက်ဆ၍ ကျောင်းကို ပေးလှူသောသူသည် ပစ္စည်းဟူသမျှကို ပေးလှူရာရောက်၏။ (၃၁၇)

**သဗ္ဗဒဒဖြစ်ပုံ။** ။ရွာနှင့်ရွာ သုံးရွာ ဆွမ်းခံသွားခဲ့ပါသော်လည်း စားဖွယ် သောက်ဖွယ် တစ်စုံတရာ မရရှိပဲ ပြန်လာသော ရဟန်းသည် အရိပ်ရေနှင့် ပြည့်စုံသော အာရာမ်သို့ ဝင်၍ ရေချိုးပြီးကာ ကျောင်းတွင်းဝယ် တမုဟုတ်မျှ အာနေ့ဖြေ လဲလျောင်းပြီး ထ၍ထိုင်လသော် ရဟန်း၏ ကိုယ်ခန္ဓာဝယ် ခွန်အားဗလကို ဆောင်ထည့်လိုက်သလို ဖြစ်ပါသည်။

အပြင်အပဝယ် သွားလာလှုပ်လည်နေသော ရဟန်းမှာ ကိုယ်ခန္ဓာ အဆင်းဓာတ်သည် လေပူ နေပူတို့ကြောင့် ပင်ပန်း၏။ ထိုအချိန်ဝယ် ကျောင်းတွင်းသို့ ဝင်ကာ တံခါးပိတ်၍ တမုဟုတ်မျှ အိပ်စက်လဲလျောင်းနေရလျှင် ပင်ပန်းမှု ကင်းပျောက်၍ ငြိမ်းအေးမှု ရောက်ရပါသည်။ အဆင်းဓာတ် ကြည်လင်မှုကို ဆောင်ထည့်သကဲ့သို့ ဖြစ်ရပါသည်။

အပြင်အပဝယ် လှည့်လည် သွားလာနေသော ရဟန်း၏ ခြေဖဝါးဝယ် (၁) ဆူးစူးခြင်း၊ (၂) ခလုတ်တိုက်ခြင်း၊ (၃) မြွေ့စသော ဘေးရန်ဖြစ်နိုင်ခြင်း၊ (၄) ခိုးသူ ဘေးရန်ဖြစ်နိုင်ခြင်း စသော ဘေးရန်များဖြစ်ရသည်။ ကျောင်းတွင်းဝင်ကာ တံခါးပိတ်၍ အိပ်နေရလျှင် ဘေးရန်ဟူသမျှ ကင်းပနိုင်ခြင်း၊ စာပေရွတ်အံရလျှင် ဓမ္မပီတိသုခ၊ ကမ္မဋ္ဌာန်း နှလုံးသွင်းလျှင် အပသို့ ပျံ့လွင့်မှု မရှိသောကြောင့် ငြိမ်းအေးမှု သုခ ရရှိနိုင်ပါသည်။

အပြင်အပဝယ် လှည့်လည်သွားလာနေသော ရဟန်းမှာ ကိုယ်ခန္ဓာ၌ ချွေးထွက်ခြင်း၊ မျက်စိကျိန်းစပ်တုန်လှုပ်ခြင်း၊ ကျောင်းတွင်းသို့ ဝင်ရခါကာ၌ ခုတင် စားပွဲ စသည်တို့ မထင်မရှားခြင်း ဖြစ်ရသည်။ ကျောင်းတွင်းဝင်၍ တမုဟုတ်မျှ အိပ်စက် လဲလျောင်းလိုက်ရလျှင် မျက်စိပသာဒ ဆောင်ထည့်လိုက်ရသလို ဖြစ်သည်။

ကျောင်း၌နေသော ရဟန်းကိုမြင်၍ လူဒါယကာတို့က ပစ္စည်းလေးပါးဖြင့် ရိုသေစွာ ပြုစုလုပ်ကျွေး ဆက်ကပ်ခြင်း စသော အကျိုးများကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ကျောင်းအလှူ ပေးလှူသူသည် ပစ္စည်းဟူသမျှကို ပေးလှူသည် မည်သည်သာဟု ဆိုသည်။

သုတ္တန္တပရိယာယေန။ ။သီတ ဥဏှ ခုံသ မကသ ဝါတာတပ သရီသပ သမ္ဘသ- တို့ကို ပယ်ဖျောက်နိုင်ခြင်း။ ဥတုပရိဿယဝိနောဒန ပဋိသလ္လာနာရာမ အကျိုးနှစ်ပါး၊ ပေါင်း ကိုးပါး။ (၁၁၆)

ခန္ဓကပရိယာယေန။ ။အာနိသံသ တဆယ့်ခုနစ်ပါး၊ သီတ ဥဏှ ဝါဠ မိဂ သရီသပ မကသ သိသိရ ဝုဋ္ဌိ ဝါတ အာတပ တို့ကို ပယ်နိုင်ခြင်း ၉-ပါး၊ လေဏတ္ထ သုခတ္ထ ဈာယိတုံ ဝိပဿိတုံ ၄-ပါး၊ အန္န ပါန ဝတ္ထ သေနာသနကို ရခြင်းတပါး၊ ဓမ္မံ ဒေသေန္တိ-အရ မေဓာဝန ဓမ္မ- အဝဗောဓ ပရိနိဗ္ဗာယန ၃-ပါးအားဖြင့် ၁၇-ပါးတည်း။

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။

တတော ဝါတာတပေါ ဃောရော၊ သဉ္ဇာတော ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။

ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။
တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။

ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။
တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာ ပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။ (၁၁၇)

သံဃဿ ပန ပရိစ္စတ္တတ္တာ။ ။ဤပါဠိဖြင့် သံဃိက ကျောင်းကိုသာ ပဓာနအား ဖြင့် ဆိုသည်။ဤသံဃိကကျောင်းသည် စာတုဒ္ဒိသ သံဃာကို ရည်ညွှန်း၍ ဆောက်လှူအပ်သော ကျောင်းတည်း။( ၁၂၀)

ဒုပ္ပရိစ္စဇာ။ ။လောဘကို နှိပ်ခြင်းငှာ မစွမ်းနိုင်သူမှာ စွန့်နိုင်ခဲ၏။

ကောဘိက္ခုဿ ဝါ။ ။ကောဘိက္ခုဿ ဝါ စသော စကားကို ဥပါသကာတို့၏ ထိုသို့ ဆောက်တည်ခြင်း အလေ့အကျက်နှင့် ခိုင်မြဲစွာ ဆောက်တည်ခြင်းကို ပြခြင်းငှာ ဆိုသည်။ သရဏဂုံကား ကိုယ်တိုင် ကောင်းစွာ ဆောက်တည်နိုင်လျှင်လည်း ကောင်းစွာ ဆောက်တည်ရာ ရောက်- သည်ဟု ဆိုကြသည်။

**နတ္ထိ ပုနပ္ပုနံ ကတ္တဗ္ဗတာ။** ။ဤစကားကို ဝိညူဇာတိကတို့ကို ရည်ရွယ်၍ ဆိုသည်။ မှန်၏–သရဏ စသည်တို့၏ အနက်၌ ကျွမ်းကျင်ကုန်သော ပညာရှိသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ရွှေခွက်ဝယ် ထည့်အပ်သော ခြင်္သေ့ဆီကဲ့သို့ မပျက်မစီး သရဏဂုံ တည်နိုင်သည်။(၃၂၀)

**ဇီဝိတပရိစ္စာဂမယံ ပုညံ။** ။ဤစကားကို "သင်-ယူထားသော သရဏဂုံကို မဖျက်လျှင် သင့်ကို ငါသတ်မည်ဟု တစုံတယောက်က ထက်လှစွာသော ဓားဖြင့် အသက်ကို သတ်သော်သည်း ဘုရားရှင်ကို ဘုရားမဟုတ်ဟုလည်းကောင်း၊ တရားတော်ကို တရားမဟုတ်ဟုလည်းကောင်း၊ သံဃာတော်ကို သံဃာမဟုတ်ဟုလည်းကောင်း မပြောဆိုအံ့"ဟု ခိုင်မြဲစွာ ယူအပ်သော သရဏဂုံရှိသူ၏ အစွမ်းဖြင့်ဆိုသည်။

**ဝေရမဏီ။** ။ရန်ဖြစ်ပေါ်မှုအကြောင်း ဖြစ်သောကြောင့် ပါဏာတိပါတ စသော မကောင်းမှု တရားတို့ကို "ဝေရ"ဟု ခေါ်သည်။ ငါ့ကြိုနေရာ၌ ရှိခနပ်လျက် အဘယ်နည်းဖြင့် လာရအံ့နည်းဟု ခြိမ်းခြောက်သကဲ့သို့ ဝေရကို တားမြစ်တတ်သောကြောင့် "ဝေရမဏီ"ဟု ခေါ်သည်။ (၃၂၀-၁)

**လောကိဝိရတီကောက်ပါ။** ။ဤနေရာ၌ အလျှုဒါန အရာဖြစ်သောကြောင့် ဖိုလ်နှင့် ယှဉ်သော ဝိရတီကိုမယူရ၊ ကုသိုလ်နှင့် ယှဉ်သော ဝိရတီကိုသာ ယူပါ။

**သိက္ခာပဒါနိ။** ။ပါဏံ န ဟနာမိ စသည်တို့၌ အာဒျတ္တက္ကတိ-ဖြင့်လည်းကောင်း၊ ဝိကပ္ပတ္တဝါ ဖြင့်လည်းကောင်း အဒိန္နံ နာဒိယာမိ အဒိန္နာဒါနာ ဝိရမာမိ၊ ဝေရမဏီ သမာဒိယာမိ-စသော အသီးသီးအနက်ကို သိမ်းယူသည်ဟု မှတ်ပါ။ ထို့ကြောင့် "သိက္ခာပဒံ"ဟုသာ မဆိုပဲ "သိက္ခာပဒါနိ"ဟု ဆိုသည်။

**သမာဒိယာမိ။** ။သမ္မာ အာဒိယာမိ-မကျူးလွန်သော အလိုဆန္ဒဖြင့်လည်းကောင်း၊ မကျိုးမပေါက် မပြောက် မကြားအောင် ပြုလေ့ရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း ယူပါ၏ဟု ဆိုလိုသည်။

**နိဗ္ဗာနာရမ္မဏာဝ။** ။တထာပိ ကိစ္စသာဓနတော- ပါဠိဖြင့် ဤနေရာ၌ လာသော ဝါဒသုံးမျိုးတွင် ရှေ့နှစ်မျိုးကို ပယ်၍ တမျိုးကိုသာ ခွင့်ပြုသည်။ (၃၂၂)

ဤနေရာ၌ ၀ါဒသုံးမျိုး။ ။သမ္မတ္တဝိရတိ သမာဒါနဝိရတိတို့သည် ပယ်အပ်သော မိမိ၏ ပါဏာတိပါတ စသော အကုသိုလ်ကိုသာအာရုံပြု၍ ဖြစ်သည်ဟု ကေစိ ဆရာတို့ဆိုကြသည်။ အပရေဆရာတို့ကား သမာဒါနဝိရတိသည် ရှောင်ကြဉ်ရာဖြစ်သော မိမိ သူတပါးတို့၏ ပါဏာတိပါတ စသော အကုသိုလ်ကိုသာ အာရုံပြု၍ သမ္ပတ္တဝိရတိကား ရှောင်ကြဉ်ရာဖြစ်သော ပါဏာတိပါတစသည်တို့၏ အာရုံတို့ကိုသာ အာရုံပြုသည်ဟု ဆိုကြလေသည်။ အညေဆရာတို့ကား သမ္ပတ္တ သမာဒါန ဝိရတိတို့သည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုသည်ဟု ဆိုကြသေးသည်။

ထို၀ါဒသုံးမျိုးတွင် ကေစိ၀ါဒ မသင့်ပါ။ အကြောင်းကား သိက္ခာပဒဝိဘင်း၌ သိက္ခာပုဒ်ငါးပါးတို့၏ ပစ္စုပ္ပန်အာရုံ ရှိသည်၏ အဖြစ်၊ ဗဟိဒ္ဓအာရုံ ရှိသည်၏ အဖြစ်ကို ဟောတော်မူသောကြောင့် မိမိ၏ပါဏာတိပါတ စသော အကုသိုလ်သည် ပစ္စုပ္ပန် မဟုတ်သောကြောင့်လည်းကောင်း၊ ဗဟိဒ္ဓမဟုတ်သောကြောင့်လည်းကောင်းတည်း။

ဒုတိယ၀ါဒလည်း မသင့်ပါ။ ဘာ့ကြောင့်နည်း-ရှေ့၀ါဒနှင့် ရောသောကြောင့်သည်းကောင်း၊ သူတပါးတို့၏ ပါဏာတိပါတစသော အကုသိုလ်ကို အာရုံပြုဖို့ရာ အလွန်များသောကြောင့်လည်းကောင်း၊ သမ္ပတ္တ သမာဒါနတို့သည် အာရုံကွဲပြားသောကြောင့်သည်းကောင်း တည်း။

တတိယ၀ါဒကား အလုံးစုံသော ဘာဏကမထေရ်များ လက်ခံအပ်သောကြောင့် ဤအဋ္ဌကထာ၌ ခွင့်ပြုအပ်သော ၀ါဒဖြစ်သည်။ (၃၂၂)

မေးဖွယ်။ ။သမ္ပတ္တဝိရတိ သမာဒါနဝိရတိတို့သည် ဇီဝိတိန္ဒြေစသော ဝီတိက္ကမိတဗ္ဗဝတ္ထုကိုသာ အာရုံပြု၍ဖြစ်လျှင် သိရာတခြား ပြုရာတခြား စွန့်အပ်သည်ကို မသိရာ ဟူသော အဓိပ္ပာယ်သို့ ရောက်သည်မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။

အဖြေကား။ ။ကိစ္စကိုပြီ စေခြင်းဖြင့် ဖြစ်သည်ကို သိရာတခြား ပြုရာတခြားဟုလည်းကောင်း၊စွန့်အပ်သည်ကိုမသိဟုလည်းကောင်းမဆိုနိုင်ပါ။ အရိယာမဂ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့ကို ပယ်စွန့်သကဲ့သို့ ဤဝိရတိနှစ်ပါးသည် ဇီဝိတိန္ဒြေစသော ဝတ္ထုကို အာရုံပြု၍ ပါဏာတိပါတ စသော ဒုဿီလျတို့ကို ပယ်စွန့်နိုင်ပါသည်။

ကေတော ဂဏှာတိ။ ။ပဥ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ စသည်ဖြင့် တပေါင်းတည်း ယူသောကြောင့် တပါးပျက်လျှင်

အကုန်ပျက်သည်။ သို့သော် လွန်ကျူးသော သိက္ခာပုဒ်ကြောင့်သာ အကုသိုလ် အပြစ်ကား ဖြစ်ပါသည်။ဤစကားကို လူတို့အနေဖြင့် ဆိုပါသည်။ သာမဏေ များကား ခွဲယူယူ ပေါင်းယူယူ ဘယ်လိုယူယူ တပါးပျက်လျှင် အကုန် ပျက်သည်သာ။ ဘာ့ကြောင့်နည်း-ပါရာဇိကသို့ ရောက်သောကြောင့်တည်း။ (၃၂၃)

**အထူး။** ။တပေါင်းတည်းယူရာ၌ ဝိရတီတပါး စေတနာတပါးစီသာ ရှိ၍ ကိစ္စအစုမ်းဖြင့်သာ ၎င်းဝိရတီတို့ ငါးပါးပြားသည်၏ အပြစ်ကို သိနိုင်သည်။အသီးသီး ဆောက်တည်ရာ၌ကား ဝိရတီငါးပါး စေတနာငါးပါးစီ ရှိကြသည်။ ဤကား တပေါင်းတည်း ဆောက်တည်မှုနှင့် အသီးသီးဆောက် တည်မှုတို့၏ အထူးတည်း။

**သေတုဃာတဝိရတိယာ ပန ဘေဒေါ နာမ နတ္ထိ။** ။ဆန့်ကျင်ဘက်တရား တို့ကို အကြွင်းမဲ့ဖြတ် တောက်ခြင်းဖြင့် မပျက်စီးသော သဘောရှိသောကြောင့် သေတုဃာတဝိရတီ မှာ ပျက်ခြင်းမရှိ ဟု ဆိုပါသည်။ (၃၂၃)

**ခိရမေဝ ပဝိသတိ။** ။မသိသောကလေးသော်မှ နို့ရည်သာဝင်၍ သုရာမဝင်၊ သိသူအတွက် ဘာပြောဖွယ်ရှိအံ့နည်း၊ မိမိကိုယ်တိုင် မိမိအရိယာမှန်း မသိလည်း သေရည်မသောက်ပါ၊ ပါးစပ်တွင်းသို့ သေရည် မရောက်တော့ပါ။ (၃၂၄)

**ယောနိသိဒ္ဓ။** ။လူတို့၏အထက်၌ငှည်ခြင်း၊ တိရစ္ဆာန်တို့၏ အလျားရှည်ခြင်း သည် ယောနိသိဒ္ဓဖြစ်သကဲ့သို့လည်းကောင်း၊ ဗျိုင်းတို့၏ မိုးသံကြောင့် ကိုယ်ဝန်ယူခြင်း၊ ကြက်တို့၏ လေကြောင့် ကိုယ်ဝန်ယူခြင်းသည် ယောနိသိဒ္ဓဖြစ်သကဲ့သို့လည်းကောင်း၊ ကိုးကြာတို့၏ ခံတွင်း၌ နို့ရည်သာဝင်၍ ရေမဝင်ခြင်းသည် ယောနိသိဒ္ဓ ဖြစ်သည်မဟုတ်ပါလော ဆိုငြားအံ့၊ ဘုရား လောင်း ပဋိသန္ဓေနေရာ၌ မယ်တော်မှာ သီလတည်သကဲ့သို့လည်းကောင်း၊ ဖွားပြီးသော် မယ်တော်နတ်ပြည်ရောက်ခြင်းကဲ့သို့လည်းကောင်း အရိယာ တို့၏ ဓမ္မတာ (ဓမ္မအာနုဘော်)ကြောင့် အရက်မဝင်နိုင်ခြင်း ကိစ္စသည် ပြီး၏ဟု ဖြေပါ။

**သီလ၏ ဒါနအမည်ရပုံ။** ။သီလံ အဘယဒါနတာယ ဒါနံ။

**အဘယံ ဒေတိ။** ။အလုံးစုံသော သတ္တဝါတို့အပေါ်၌ တုတ်မကိုင်ပဲ ချထား သောကြောင့် အလုံးစုံသော သတ္တဝါအပေါင်းအား အဘယဒါနကို ပေးလှူသည်။

**သီလထက် သရဏဂုံ မြတ်ရပုံ။** ။ငါးပါးသီလသည် သာသနာပ၌သည်း ပညာရှိတို့ဆောက်တည်ကြသောကြောင့် အခါခပ်သိမ်း ရှိပါသည်။ တိတ္ထိတို့သည်း ဆောက်တည်ကြသောကြောင့် ကေန် ဝိမုတ္တာယတန မဟုတ်ပါ။ သရဏဂုံကား—ဘုရားရှင် ပွင့်တော်မူခြင်း အကြောင်းရှိ၍။ ကေန် ဝိမုတ္တာယတနဖြစ်၏။ (၃၂၄)

**သရဏဂမနေယေဝ ပတိဋ္ဌာယ၊** ။ထိုသီလသည် သရဏဂုံဖြင့် မွမ်းမံအပ်သောကြောင့် သရဏဂုံထက် အကျိုးများသည်ကိုလည်းကောင်း၊ သရဏဂုံဖြင့် မမွမ်းမံအပ်သော သီလ၏ အကျိုးနည်းသည်ကိုလည်းကောင်း ပြသည်။ (၃၂၅)

**ဗုဒ္ဓုပ္ပါဒမှ စ၍ ဟောရပုံ။** ။သုံးပါးပြားသော သီလဖြည့်ကျင့်မှု၌ တည်သော သူ၏ ပဌမစျာန်စသည်တို့ကား အပ္ပဋ္ဌတရ မဟပ္ဖလတရ ဖြစ်သောကြောင့် သီလကို ပြတော်မူရလိုကား ဘုရားရှင် ပွင့်တော်မူရာမှစ၍ တရားဒေသနာ ဟောကြားတော်မူသည်၊ (၃၂၅)

ပဌမံ ဈာနံ။ ။ပင်္ဂိဝေတော်၌ ဈာန်တစုံတို့ကိုသာ ဥက္ကဋ္ဌအားဖြင့် ညွှန်ပြမှုပြုတော်မူသည်။ ထို့ကြောင့် “ကောံ ကပ္ပံ ။ပေ။ အဋ္ဌကာပေ” စသည်ကို မိန့်ဆိုသည်။တနည်း-ဤဒေသနာတော်သည် အလွန်များသောအကျိုးရှိသည်၏အဖြစ်ကို အလွန်အကဲ ပြသောကြောင့် ဤနေရာ၌ ပဏီတစျာန်တို့ကိုသာ ယူပါသည်။ ထို့ကြောင့် “ပဌမံ ဈာနံ ကောံ ကပ္ပံ” စသည်ဖြင့် ပဏီတစျာန်တို့ကိုသာ ညွှန်ပြသည်။ (၃၂၆)

ဝိပဿနာ ။ပေ။ မဟပ္ဖလံ၊ ။ကောင်းစွာ နိစ္စသညာ စသော ဆန့်ကျင်ဘက်တို့ကို မှုတ်ထုတ်ခြင်း အစွမ်းကြောင့်ဖြစ်သော ပုဗ္ဗဘာဂိယ ဗောဓိပက္ခိယတရားတို့ကို ဆောင်သော ဝိပဿနာသည် ဝိပဿက ပုဂ္ဂိုလ်အား များစွာသော ပီတိသောမနဿကို ဆောင်နိုင်သောကြောင့် “ဝိပဿနာ ။ပေ။ မဟပ္ဖလံ”ဟု ဆိုပါသည်။

အာကုလဘာဝေါ။ ။ဘုရားရှင်၏အထံ၌တရားနာပြီးသောကြောင့် သတ္တဝါတို့၌ သနားမှုဖြစ်၍ ငါသည် အဘယ့်ကြောင့် ဒီလောက်များသော သတ္တဝါတို့ကို သတ်ဖို့ရာ ဖွဲ့စေအပ်မိပါလိမ့်မည်ဟု တွေးကာ စိတ်ရှုပ်မှုဖြစ်နေသည်။ ထို့ကြောင့် တရားမဟော။ (၃၂၇)

**ကလ္လစိတ္တန္တိအာဒိ။** ။“ကလ္လစိတ္တံ မုဒုစိတ္တံ ဝိနီဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ” ဟူသော ပုဒ်ငါးပါးကို ရည်ရွယ်၍ ဆိုသည်။ ကလ္လစိတ္တံ-(အနုပုဗ္ဗိကထာ၏ အာနုဘော်ကြောင့်) ကမ္မနိယ ကင်းခြင်းကြောင့် ခံ့ကျန်းသောစိတ်ရှိသည်ကို။ မုဒုစိတ္တံ-ဗျာပါဒ ကင်းသောကြောင့် မေတ္တာအစွမ်းဖြင့် နူးညံ့သော စိတ်ရှိသည်ကို။ ဝိနီဝရဏစိတ္တံ-ဥဒ္ဓစ္စကုက္ကုစ္စ ကင်းခြင်းကြောင့် ပျံ့လွင့်မှုမရှိရကား နီဝရဏ ကင်းသော စိတ်ရှိသည်ကို။ ဥဒဂ္ဂစိတ္တံ-ထိနမိဒ္ဓ ကင်းသောကြောင့် ချီးမြှောက်ခြင်းအစွမ်းဖြင့် တက်ကြွသောစိတ် ရှိသည်ကို။ ပသန္နစိတ္တံ-ဝိစိကိစ္ဆာ ကင်းသောကြောင့် သမ္မာပဋိပတ်၌ သက်ဝင်သည့်အတွက် ကြည်လင်သော စိတ်ရှိသည်ကို။

ကုဋ္ဋဒန္တသုတ် ပြီးပါပြီ။

# မဟာလိသုတ်

## ဗြာဟ္မဏဒူတဝတ္ထု

**ဝိသာလာယံ ဝိဟရတီ ကူဋာဂါရသာလာယံ** ။ ဗာရာဏသီမင်း၏ မိဖုရားခေါင်းမှ အသားတစ် ကိုယ်ဝန်ဖြင့် သားတော်နှင့် သမီးတော် နှစ်ယောက်ဖွားသည်။ ထိုနှစ်ယောက်ကို အချင်းချင်းလက်ထပ်ရာ သားသမီး အစုံ ၁၆-ကြိမ်ဖွားရှိ၍ သားသမီး ၃၂-ယောက်ရှိလေသည်။ ထိုကလေးများ အချိန်တန် အရွယ်ရောက် လူလားမြောက်လျှင် အခြံအရံနှင့်တကွ အာရာမ် ဥယျာဉ် မြေ၊ အခြံအရံ စည်းစိမ်ကို ယူခြင်းငှာ နေရာမလောက်သောကြောင့် မြို့ကို သုံးကြိမ်သုံးခါ တဂါဝုတ်ခြား တဂါဝုတ်ခြား တိုးချဲ့၍ ကာရံထားရသည်။ ဤသို့ ထပ်ခါထပ်ခါ တံတိုင်းသုံးထပ် တိုးချဲ့သောအားဖြင့် ပြန့်ပြောခြင်းသို့ ရောက်သောကြောင့် "ဝေသာလီ"ဟု ခေါ်သည်။ (၃၂၉)

**မဟာဝနေ** ။ "သင်ပင် ချုံနွယ်တို့၏ များပြားခြင်း၊ တည်ရာအရပ်၏ ကျယ်ဝန်းခြင်းကြောင့်"ဟု ပေးပါ၊ ထိုကြောင့်ပင် "ဟိမဝန္တေန သဒ္ဓိံ ဧကာဗဒ္ဓံ ဟုတွာ"ဟု မိန့်သည်။ ဝိနည်းအဋ္ဌကထာ၌ ဝိနည်းဆောင်တို့၏ အလိုအားဖြင့် ဆိုထားသော "တတ္ထ မဟာဝနံ နာမ သယံဇာတံ အရောပိမံ သပရိစ္ဆေဒံ မဟန္တံ ဝနံ၊ ကပိလဝတ္ထုသာမန္တာ ပန မဟာဝနံ ဟိမဝန္တေန သဟ ဧကာဗဒ္ဓံ အပရိစ္ဆေဒံ ဟုတွာ မဟာသမုဒ္ဒံ အာဟစ္စ ဌိတံ၊ ဣဒံ တာဒိသံ န ဟောတိ" ဟူသော စကားသည် မဇ္ဈိမဘာဏက သံယုတ္တဘာဏကတို့နှင့်လည်း တူညီသည်၊ ဤနေရာ၌ကား ဒီဃဘာဏကတို့၏ အလိုအားဖြင့် ဆိုထားသည်ဟု မှတ်ပါ။ ဟုတွာ-နေရာ၌ "အဟုတွာ"ဟု ရှိလျှင် ဘာဏကအားလုံး ဝါဒ တူညီသွားမည်။

**ကူဋာဂါရသာလာ** ။ ဟင်္သာ၏ အဆောင်ပုံသဏ္ဍာန်ဖြင့် မိုးအပ်သော စုလစ် မွန်းချွန် အထွဋ်ရှိသော ကျောင်းဇရပ်အသွင်ဖြင့် ပြုအပ်သောကြောင့် ပြာသာဒ်ကိုပင် "ကူဋာဂါရသာလာ"ဟု ဆိုသည်၊ ထိုကျောင်းဆောင်ကို အကြောင်းပြု၍ ကျောင်းတိုက်တရပ်လုံးကိုလည်း ဥပစာအားဖြင့် "ကူဋာဂါရသာလာ"ဟု ဆိုရသည်။ (၃၃၀)

**ကိစ္စ။** ။အကြောင်းမညီလျှင် မပြုပဲနေနိုင်၍ အကြောင်းညီမှ ပြုရသောအလုပ်ကို "ကိစ္စ"ဟု ဆို၏။

**နာနာရမ္မဏစာရတော။** ။ဘုရားရှင်တို့၏ သန္တာန်၌ ဖြစ်နိုင်သော အမျိုးမျိုးသော သညာတို့၏ အစွမ်းဖြင့် ဆိုသည်။

---

## ဩဋ္ဌဒ္ဒလိစ္ဆဝိဝတ္ထု

**ဩဋ္ဌဒ္ဒေါ။** ။ထိုလိစ္ဆဝီမင်း၏ အထက်နှုတ်ခမ်းသည် ငယ်သောကြောင့် အဖျားဘက်က အလျားလိုက် ထက်ဝက်ဖြတ်ထားသကဲ့သို့ ဖြစ်၏။ အထက် အလယ် သွားလေးချောင်းနှင့် ဘေးအစွယ်နှင်ချောင်းတို့ကို အထက်နှုတ်ခမ်းဖြင့် မဖုံးနိုင်၊ ထိုသို့ အထက်နှုတ်ခမ်းတဝက်သာ ရှိသကဲ့သို့ဖြစ်သောကြောင့် "ဩဋ္ဌဒ္ဒ"ဟု နာမည်တွင်သည်။ ကေစိဆရာတို့ကား-အဓောသဒ္ဒ ဖြင့် ကြံဆ၍ အောက်နှုတ်ခမ်း တွဲကျသောကြောင့် ဩဋ္ဌဒ္ဒ (ဩဋ္ဌာဓ)ဟူ၍လည်း ဆိုကြသေး၏။ သို့သော် ကေစိဝါဒမသင့်ပါ၊ အဘယ့်ကြောင့်နည်း—ထိုအတိုင်း ပါဠိကို မတွေ့ရသောကြောင့်လည်းကောင်း၊ အဋ္ဌကထာဆရာ မဖွင့်သောကြောင့်သည်းကောင်းတည်း။ (၃၃၀)

**မဟာတိယာ လိစ္ဆဝိပရိသာယ။** ။ဤဝေသာလီသည် ဘုရားရှင် လက်ထက်၌ တိုးတက်စည်ကား ပြန့်ပြောမှုရှိသည်။ ထိုမြို့တွင် မင်းပေါင်း(၇၇၀၇)ယောက် ရှိသည်သာမက အိမ်ရှေ့မင်း၊ သေနာပတိ၊ ဘဏ္ဍာစိုး စသူတို့လည်း (၇၇၀၇)ယောက်စီပင် ရှိကြလေသည်။ ပြာသာဒ်၊ အထွဋ်တပ်အိမ်၊အာရာမ်၊ ရေကန် စသည်တို့လည်း လူဦးရေပမာဏအတိုင်းသာ ရှိကြ၍ လူဦးရေများ၊ လူမျိုးများ၊ အစာရေစာ ပေါများသော မြို့တည်း။ ထို့ကြောင့် "မဟာတိယာ လိစ္ဆဝိပရိသာယ" ဟု ဆိုသည်။ (၃၃၁)

**လိစ္ဆဝိ။** ။သားတစ်မှ ဖြစ်လာကြကုန်သော ထိုအမျိုး၏ အစ ဖြစ်သော ကလေးတို့အား ရသေ့နို့ရည်တိုက်ရာ ပတ္တမြားခွက်ထဲသို့ ဝင်သွားသလို ထင်ရသည်။ နောက်ဆုံးဘဝ ဘုရားအလောင်း ဝိခင်ဝမ်းသို့ ရောက်ရာ၌ မယ်တော်ဝမ်းရေကဲ့သို့ အလွန် ကြည်လင်သော ဝမ်းရေ ရှိသော

ကြောင့် အရေမရှိသလိုဖြစ်ရကား လိစ္ဆဝိ (နိစ္ဆဝိ)ဟု ခေါ်ကြလေသည်။ အပရေတို့ကား– ချုပ်ထားသကဲ့သို့ အချင်းချင်း ငြိကပ်သော အရေရှိသော ကြောင့် လိစ္ဆဝိ (လိနစ္ဆဝိ) မည်၏ဟု ဆိုကြသေး၏။

မဟာနုဘာဝေါ ဥဿာဟေန။ ။ဘုရားရှင်သည် နေရာတိုင်း၌ ခြင်္သေ့နှင့်တူသော ဖြစ်ခြင်း ရှိသော်လည်း ပရိသတ် များလျှင် ပရိသတ်၏ အဇ္ဈာသယအား လျော်စွာ ဖြစ်ပေါ်သော တရားဒေသနာမှာ ထူးခြားမှု ရှိနိုင်သောကြောင့် "မဟာနုဘာ ၊ပေ၊ ဒေသေတိ"ဟု ဆို၂ါသည်။

ဤသကံ အပ္ပဟီနေ၁ ဝိယ ဟောတိ။ ။အရှင်နာဂိတ မထေရ်သည် ရဟန္တာ ဖြစ်သောကြောင့် "အာလသိယ- ဘာဝေါ အပ္ပဟီနေ၁"ဟု မဆိုထိုက်ပါ။ သို့သော် ဤနေရာ၌ ဝါသနာ အမြွက်ကို အကြောင်းပြု၍ "ဤသကံ အပ္ပဟီနေ၁ ဝိယ ဟောတိ"ဟု ဆိုထား ပါသည်။ မှန်၏-သာဝကတို့မှာ ဘုရားရှင်ကဲ့သို့ ဝါသနာနှင့်တကွ ကိလေ သာတို့ကို မပယ်နိုင်ကြပါ။

သံသူစိတနိက္ခမနေ၁။ ။ဂန္ဓကုဋိကျောင်းတော်မှ ထွက်ရာအခါ၌ ရောင်ခြည် တော် ခြောက်သွယ်တို့သည် အဆုပ်ဆုပ် အစုံစုံ ဖြစ်ကာ ထူးခြားစွာ တလက်လက် ဇဖိတ်ဖိတ် အရောင်ထွက်၍ ပေါ်လာ ကြသည်။ ထိုအရောင်တော်တို့ကြောင့် မြတ်စွာဘုရား ကြွတော်မူလာပြီ ဟု ပြောကြားသကဲ့သို့ ကြွတော်မူလာခြင်းကို သိနိုင်ကြသည်။ ထို့ကြောင့်"သံသူ- စိဘာနိက္ခမနေ၁"ဟု မိန့်သည်။ (၃၃၂)

---

## ကော်သဘာဝိတသမာဝိ

ဝါသဒ္ဒါ။ ။ဤနေရာ၌ တခုသောအဖို့ကိုသာ အလိုရှိအပ်သောကြောင့် ဝါသဒ္ဒါဝိကပ်တည်း။ (၃၃၃)

ဥဘယံသဘာဝိတော၁။ ။ဒိဗ္ဗစက္ခုဉာဏ် ဒိဗ္ဗသောတဉာဏ်ကို ရနိုင်သော အခြင်းအရာဖြင့် ပွားများအပ်သည်။ ဤဉာဏ် နှစ်ပါးကို အသီးသီး ပရိကံ ပြုခြင်းကြောင့်ပြီးစီးရာ၌ ဆိုဖွယ်မရှိပါ။ တပေါင်း

တည်း(တခါတည်း)ပြီးစီးရာ၌လည်း တပေါင်းတည်းကိစ္စပြီးစီးခြင်းမဖြစ်သော ကြောင့်အစဉ်အားဖြင့်သာကိစ္စပြီးစီးပါသည်။ပါဠိတော်၌သည်း''ဒိဗ္ဗာနဉ္စ ရူပါနံ ဒဿနာယ ဒိဗ္ဗာနဉ္စ သဒ္ဒါနံ သဝနာယ''ဟု ဟောတော်မူသောစကားသည် ပုဂ္ဂိုလ်တယောက်မှ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်နှစ်မျိုး ရရှိနိုင်ကြောင်း ပြသော စကားသာတည်း။ (တခါတည်း) တပေါင်းတည်း ကိစ္စပြီးကြောင်း ပြသော စကားမဟုတ်ပါ။

**ဧကံသဘာဝိတော သမာဓိ ဟေတု။** ။ဤပါဠ်ဖြင့် သုနက္ခတ္တသည် ဒိဗ္ဗစက္ခုဉာဏ် အကျိုးငှာသာ ပရိကံပြုခဲ့သောကြောင့် ရှိပါသော်လည်း ဒိဗ္ဗသဒ္ဒကို မကြားရဟု ပြသည်။

**ကိုဒံ ဒိဗ္ဗသောတေန ၊ပေ၊ မညေ။** ။မဟာလိသည် ဒိဗ္ဗစက္ခုဉာဏ်ထက် ဒိဗ္ဗသောတဉာဏ်ကသာ မြတ်သည်ဟု မှတ်ထင်သောကြောင့် ဤစကားကို မေးသည်။ထို့ကြောင့် ''ကိုဒံ ၊ပေ၊ မညေ'' ဟု ဆိုသည်။

**ဥဘယံသဘာဝိတာနံ သမာဓီနံ။** ။ဒိဗ္ဗသောတဉာဏ်၏ မြတ်သည်ဟု မှတ်ထင်သောကြောင့်ဒိဗ္ဗစက္ခုဉာဏ်ကိုလည်း ဒိဗ္ဗသောတဉာဏ်ဖြင့်ပင် အတူယူ၍ ''တေသံ နူန ဘန္တေ'' စသည်ဖြင့် ဗဟုဝုစ်ဖြင့် မေးအပ်သည်ဟု ပြခြင်းငှာ ''ဥဘယံသဘာဝိတာနံ သမာဓီနံ''ဟု မိန့်သည်။ (၃၃၄)

**ဗာဟိရာ တေ သမာဓိဘာဝနာ။** ။ဒိဗ္ဗစက္ခု ဒိဗ္ဗသောတဘာဝနာတို့သည် နိယျာနိက မဟုတ်သောကြောင့် ''ဗာဟိရာ ၊ပေ၊ ဘာဝနာ''ဟု ဆိုပါသည်။ အဘယ့်ကြောင့်နည်း—သာသနာပ တိတ္ထိတို့မှာလည်း ဒိဗ္ဗစက္ခု ဒိဗ္ဗသောတဘာဝနာတို့ ပြီးနိုင်သောကြောင့်တည်း။

**န အဇ္ဈတ္တိကာ။** ။ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ သမာဓိဘာဝနာတို့ကို ဘုရားရှင်သည် သာမုက္ကံသိကတရား အနေဖြင့် ဟောတော်မမူသောကြောင့် အဇ္ဈတ္တိက မဟုတ်ပါ။ မှန်၏—ဒိဗ္ဗစက္ခု ဒိဗ္ဗသောတဘာဝနာတို့သည် သစ္စာကဲ့သို့ သာမုက္ကံသိကဒေသနာ မဟုတ်ပါ။

**ယဒတ္ထံ။** ။ယေသံ အတ္ထာယ-ဤ၌ ယေသံ-အရ အရိယာဖိုလ်တရားများရ၍ အတ္ထာယ-အရလည်း ဖိုလ်တရားတို့ကိုပင် ရသည်။ ထို့ကြောင့် မပြားပဲလျက် ပြားသကဲ့သို့ ဆိုထားသည့်အတွက် အဘေဒူပစာဟု မှတ်။

တနည်း—"ယော အတ္တော ယဒတ္တော"ဟု ဆိုလျှင် ဥဒါဘမကြံရတော့။ "အကြင် အရဟတ္တဖိုလ်ဟူသော အကျိုးငှာ" ပေး။

---

## စတုအရိယဖလ

ပရိနိဗ္ဗာနဓမ္မော။ ။အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုခြင်း သဘောရှိ၏။ (၃၃၅)

ပစ္စက္ခကရဏံ။ ။တဆင့်ကြားခြင်း အခြင်းအရာကို ကြံဆခြင်းမျိုးမဟုတ်ပဲ သရုပ်အားဖြင့် အာရုံပြုခြင်းသည် ပစ္စက္ခကရဏ မည်၏။

---

## အရိယအဋ္ဌင်္ဂိကမဂ္ဂ

ပုဗ္ဗဘာဂပဋိပဒါ။ ။ဤနေရာ၌ အရိယာမဂ်ကို ပုဗ္ဗဘာဂပဋိပဒါ အမည်ဖြင့် ဟောတော်မူသည်။

အတ္တနော ပစ္စနီကကိလေသာ။ ။သဟဇေကဋ္ဌ ဖြစ်သောကြောင့် ဒိဋ္ဌေကဋ္ဌ ဖြစ်သောမိစ္ဆာဒိဋ္ဌိမှ အခြားသော အဝိဇ္ဇာ စသော တရားတို့တည်း။ (၃၃၆)

သမ္မာဒိဋ္ဌိ။ ။သမ္မာဒိဋ္ဌိသည် ဥပစာရခဏဟု ဆိုအပ်သော ပုဗ္ဗဘာဂ၌ ဥပစာရဘာဝနာ၏ အစွမ်းဖြင့် အကြိမ်များစွာ ဖြစ်သော စိတ္တက္ခဏရှိသောကြောင့် နာနက္ခဏ၊ အနိစ္စစသော လက္ခဏာကို အာရုံပြုသောကြောင့် နာနာရမ္မဏ၊ မဂ်ခဏ၌ မဂ်သည်စိတ္တက္ခဏတချက်သာရှိသောကြောင့် ဧကက္ခဏ၊ နိဗ္ဗာန်အာရုံ ရှိသောကြောင့် ဧကာရမ္မဏ၊ ရှေးအဖို့၌ ဒုက္ခစသည် တို့ကို သိသောဉာဏ်တို့သည် ပြုအပ်သော ဤနေရာ၌ အလွန်အကဲဖြစ်သော

ကိစ္စအားဖြင့် သစ္စာလေးပါးတို့၌ ပြုဖွယ်ကိစ္စ ဖြစ်သောကြောင့် အမည်လေးမျိုးရသည်။

**သမ္မာသင်္ကပ္ပ။** ။ကာမသင်္ကပ္ပ စသည်တို့ကို ပယ်သောအားဖြင့် ဖြင်သောကြောင့်သမ္မာသင်္ကပ္ပသည် အမည်သုံးမျိုး ရသည်။ (၃၃၇)

**ဝိရတိယောပိ ဟောန္တိ စေတနာယောပိ။** ။သိက္ခာပဒ ဝိဘင်း၌ "ဝိရတိ-စေတနာ သဗ္ဗေ သမ္ပယုတ္တခမ္မာ စ သိက္ခာပဒါနိ"ဟု ဟောတော်မူအပ်သော တရားတို့တွင် ပဓာနဖြစ်သော ဝိရတိစေတနာတို့၏ အစွမ်းဖြင့် "ဝိရတိယောပိ ဟောန္တိ စေတနာယောပိ"ဟု မိန့်သည်။ တနည်း—မုသာဝါဒ စသည်တို့မှ ရှောင်ကြဉ်ရာအခါ၌ ဝိရတီတို့ ဖြစ်၍ ကောင်းသောစကား စသည်ကို ပြောရာအခါ၌ စေတနာတို့ ဖြစ်ကြသည်။ [စေတနာတို့သည် မဂ္ဂင်မဟုတ်သောကြောင့် "မဂ္ဂက္ခဏေ ပန ဝိရတိယော"ဟု မိန့်သည်]။

**ပုဗ္ဗဘာဂေပိ မဂ္ဂက္ခဏေပိ သမ္မာသမာဓိယေဝ။** ။သမာဓိအား ကျေးဇူးပြုကုန်သော ဝိဘက် ဝိစာရ ပီတိ သုခ ဥပေက္ခာတို့၏ အစွမ်းဖြင့် ဈာန်လေးပါးတို့ဖြင့် သမ္မာသမာဓိကို ဝေဘန်အပ်ပါသော်လည်း ဝါယာမသည် မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်စေခြင်းစသော ဝါယာမကိစ္စလေးမျိုးကို ပြီးစေသကဲ့သို့ လည်းကောင်း၊ သတိသည် အသုဘ အသုခ အနိစ္စ အနတ္တ ဖြစ်သော ကာယ စသည်တို့၌ သုဘစသည်မှတ်သင်မှု သညာများကို ပယ်ခြင်းဟူသော သတိကိစ္စလေးမျိုးကို ပြီးစေသကဲ့သို့လည်းကောင်း သမာဓိတခုတည်းကပင် လေးပါးသော ဈာန်နှင့်ယှဉ်သော သမာဓိကိစ္စကို မပြီးစေနိုင်ပါ။ ထို့ကြောင့် ပုဗ္ဗဘာဂ၌လည်း ပဌမဈာန် သမာဓိသည် ပဌမဈာန်သမာဓိသာ၊ မဂ်ခဏ၌လည်း ပဌမဈာန် သမာဓိသည် ပဌမဈာန်သမာဓိသာ။ ထို့အတူ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် သမာဓိလည်း စတုတ္ထဈာန် သမာဓိသာတည်း။ ထို့ကြောင့် "ပုဗ္ဗဘာဂေပိ မဂ္ဂက္ခဏေပိ သမ္မာသမာဓိယေဝ"ဟု မိန့်သည်။ (၃၃၇)

**အဝိဇ္ဇာန္ဓကာရံ ဝိဓမိတွာ ကိလေသစောရေ ဃာတေန္တော။** ။သမ္မာဒိဋ္ဌိသည် ပညာပဇ္ဇောတ ဖြစ်သောကြောင့် အဝိဇ္ဇာအမှောင်ကို ပယ်ဖျောက်နိုင်၍ ပညာလက်နက် ဖြစ်သောကြောင့် ကိလေသာခိုးသူတို့ကို သတ်နိုင်သည်။

**ယောဂီနော ဗဟူပကာရတ္တာ။** ။အစမထင်သော သံသရာ၌ ဤယောဂီသည် တရံတခါမျှ ကိလေသာအပေါင်းကို မပယ်

ခွာအပ်ဖူးသော အရိယာမဂ်သည်လည်း ထိုကိလေသာအပေါင်းကို ပယ်ခွာနိုင်၏၊ ဤမဂ္ဂင်ရှစ်ပါးတွင်လည်း ဤသမ္မာဒိဋ္ဌိသည် ပရိညာဘိသမယစသည်တို့၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် အခြားမဂ္ဂင် ခုနစ်ပါးတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်၏၊ ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်အား ကျေးဇူးများ၏။ ထိုကျေးဇူးများခြင်းကိုပင် ရှေးဦးစွာ ဟောရခြင်း၏ အကြောင်းအဖြေဖြင့် ပြခြင်းငှာ "ယောဂိနော ဗဟူပကာရတ္တာ" ဟု မိန့်သည်။ (၃၃၇)

ဆေကော ကူးဌာ။ ။သံ၊ ကြေးနီ၊ ကြေးဖြူ အစရှိသည်တို့ဖြင့် ပြုလုပ်အပ်သည်၏အဖြစ်သည် ကူ့ဌမည်၏၊ ထိုသို့ သံ၊ ကြေးနီ၊ ကြေးဖြူ စသည်တို့ဖြင့် ပြုအပ်သည်၏အဖြစ်ကို ရှောင်လွှဲ၍ များသော အနှစ်ရှိခြင်းသည် ဆေကမည်၏။ (၃၃၇)

အာဇီဝဋ္ဌမကသီလ။ ။အာဇီဝဋ္ဌမကသီလဟူသည် ဝစီသုစရိုက်လေးပါး၊ ကာယသုစရိုက်သုံးပါးနှင့်တကွ သမ္မာအာဇီဝကို ရှစ်ခုမြောက်ပြု၍ ဟောအပ်သော အာဒိဗြဟ္မစရိယကသီလတည်း။

ကာယဒွါရသုစရိတသုစရိတ်။ ။သဒ္ဓိန္ဒြေနှင့် ပညိန္ဒြေညီမျှခြင်း စသည်တို့သည် သမာဓိအား ကျေးဇူးများ၍ မညီမျှသောတရားတို့သည် သမာဓိအား ကျေးဇူးမများကြပါ။

---

ဒွေဓာဝိတက္ကသုတ်

တန္တိမေ့ နာမ ကထေန္တော။ ။ဤပါဌ်ဖြင့် ထိုအခါ ဇာလိယ မုဏ္ဍိယတို့၏ မဂ်ကို ထိုးထွင်း၍ မသိကြောင်းကို ပြသည်။ (၃၃၉)

ဝေရူပယ။ ။သမ္မာသမ္ဗုဒ္ဓ ဖြစ်သောကြောင့်လည်းကောင်း၊ မဖောက်မပြန် မှန်ကန်သော ဒေသနာတော် ရှိသောကြောင့်လည်းကောင်း ဤသို့ ထင်ရှားသော ဓမ္မကာယ ရှိသောဘုရား။

အဟံ ခေါ ၊ပေ၊ န ဝဒါမိ။ ။ချွန်ရကာမျှဖြင့် ဒိဋ္ဌိမကင်းသောကြောင့် သင့်ပါသည်ဟူ ဖြေဆိုသော် ချွန်ရသော

သူ၏ကျွဲသို့ယူခြင်း၊သည်လည်းမသင့်သာသည်ဟု ထိုဥစ္စေဒဝါဒကိုလည်းကောင်း၊ သဿတဝါဒကိုလည်းကောင်း ''အဟံ ခေါ ၊ပေ၊ န ဝဒါမိ'' စသည်ဖြင့် ပယ်သည်။

**ဥတ္တရိခီဏာသဝံ ဒသောတ္ဘာ။** ၊ဝိသဿက စသည်တို့ကို ပြသောစကားရပ်ကို ပါဠိတော်၌ ပြုအပ်သော်လည်း အရဟတ္တဖိုလ်အထွဋ်ဖြင့် ဒေသနာကို ပြီးစေအပ်ပြီဟူ၍ ပြခြင်းငှာ ''ဥတ္တရိ ခီဏာသဝံ ဒသောတ္ဘာ''ဟု မိန့်သည်။

**အတ္တမနာ အဟေသုံ။** ။ထိုပရိဗ္ဗိုဇ်နှစ်ယောက်၏ အတ္တမနဖြစ်ပုံ ဤပါဠိတော်တိုက်ရိုက် မပါသော်သည်း ခီဏာသဝပုဂ္ဂိုလ်၏ သမ္မောဟကင်းပုံ ဝိစိကိစ္ဆာ လွန်မြောက်နိုင်ပုံကို ဆုံးဖြတ်နိုင်သည့်အတွက် ဘုရားရှင်၏ စကားတော်ကို ဝမ်းမြောက်နှစ်သက်ကြောင်း သိသာ၏။ ထို့ကြောင့် ''မမ ၊ပေ၊ အတ္တမနာ အဟေသုံ''ဟု အဋ္ဌကထာဆရာ ဆိုသည်။ မဟာလိစ္ဆဝီလည်း ထိုပရိဗ္ဗိုဇ်တို့ကဲ့သို့ ဆုံးဖြတ်နိုင်သောကြောင့် နှစ်သက်သည်ဟု မှတ်ပါ။ (၃၃၉)

မဟာလိသုတ် ပြီးပါပြီ။

# ဇာလိယသုတ်

## ဒွေပဗ္ဗဇိတဝတ္ထု

**ဃောသိတာရာမေ။** ။အနုဿထပိဏ္ဍိကဿ အာရာမေ စသည်တို့၌ကဲ့သို့ ပေးလှူသော ဒါယကာကို ထုတ်ဖော် ပြောကြားခြင်းတည်း။ ဤသို့ ထုတ်ဖော် ပြောကြားသော အရှင်အာနန္ဒာသည် အခြားသူတို့ကိုလည်း ဒိဋ္ဌာနုဂတိသို့ ရောက်စေခြင်း၌ တိုက်တွန်းသည်။[အခြားသူများ အတုလိုက်ရန် တိုက်တွန်းသည်]။ (၃၄၁)

**ကာလံ ကတွာ ဒေဝလောကေ နိဗ္ဗတ္တိ။** ။ခွေးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အပေါ်၌ ချစ်ခင်ခြင်း အစွမ်းဖြင့် အယူဖြောင့်မတ်သောကြောင့် (မကောက်ကျစ်သောကြောင့်) ကွယ်လွန်ပြီးနောက် နတ်ပြည်ရောက်ရသည်။

**ဃောသက။** ။နားရင်း၌ တိုးတိုးပြောသော အသံသည် တဆယ့်ခြောက် ယူဇနာ ပျံ့နှံ့၍ ပကတိအသံဖြင့် ပြောလျှင် ယူဇနာတသောင်း ရှိသော နတ်ပြည်တခုလုံး ပျံ့နှံ့သည်။ ဤသို့ အသံသြဇာနှင့် ပြည့်စုံသောကြောင့် ဃောသကနတ်သားဟု နာမည်ထင်ရှားသည်။ ဤအကျိုးသည် ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်သောစိတ်ဖြင့် ဟောခြင်း၏ အကျိုးတည်း။(၃၄၂)

**နတ်များစုတေရခြင်း အကြောင်းလေးမျိုး။** ။(၁)အာယုက္ခယ၊(၂)ပုညက္ခယ၊(၃)အာဟာရက္ခယ၊(၄)ကောပ-ဟု လေးမျိုးရှိသည်၊ ဃောသကနတ်သားကား ကာမဂုဏ်တို့ကို ခံစားနေသည့်အတွက် သတိမေ့လျော့သည်ဖြစ်၍ အာဟာရကုန်ခြင်းကြောင့် စုတေသည်။

**ကောသမ္ဗိယံ ကေဿ ကုလဿ ဃရေ နိဗ္ဗတ္တိ။** ။ဃောသက နတ်သား သည် နတ်ပြည်မှစုတေ၍ ကောသမ္ဗီမြို့ဝယ် ပြည့်တန်ဆာမတယောက်၏ ဝမ်းဗိုက်၌ ပဋိသန္ဓေ နေရရှာသည်။

ပြည့်တန်ဆာမတို့သည် သမီးမွေးလျှင် မိမိ၏ အစဉ်အလာကို ဆက်၍ ထိန်းနိုင်သောကြောင့် စောင့်ရှောက်ကြ၏။ သားမွေးလျှင်ကား မစောင့်ရှောက်ကြပေ။ ထို့ကြောင့် ထိုပြည့်တန်ဆာမသည်လည်း မွေးပြီးနောက် ဇောသကကို အမှိုက်ပုံပေါ်၌ စွန့်ပစ်စေသည်။ ဤသို့ စွန့်ပစ်ခံရခြင်းသည် ရှေးဘဝ၌ မိမိ၏သားကို စွန့်ပစ်ခဲ့ခြင်း၏ အကျိုးဆက်ဖြစ်သည်။ မှန်၏-အကုသိုလ်မည်သည်ကို အနည်းငယ်လေးဟု အထင်မသေးသင့်ပါ။ စွန့်ပစ်ထားသည့်နေရာ ခွေးတွေ ကျီးတွေ တရုန်းရုန်းဖြစ်နေသည်ကို လူတယောက်တွေ့မြင်၍ သားအမှတ်ဖြင့် အိမ်သို့ ပွေ့ချီ ယူဆောင်လာခဲ့သည်၊ ထိုသူ၏လက်မှ ကောသမ္ဗိသဌေးက အသပြာ တထောင်ပေး၍ ဝယ်ယူလိုက်သည်။ ဤအနက် အဓိပ္ပာယ်ကို ရည်ရွယ်၍ ''ကောသမ္ဗိယံ ၊ပေ၊ နိဒ္ဒတ္တိ''ဟု မိန့်သည်။ ခုနစ်ကြိမ်တိုင်တိုင် သတ်ဖို့ရာ လုံ့လပြု ခံရခြင်းသည်လည်း သားကို စွန့်ပစ်သော အကုသိုလ်ကံ၏ အကျိုးဆက်ပင်ဖြစ်သည်။

ဝေယျတ္တိယေန။ ။ဇနပုဒ်သဌေး၏ သမီးသည် ဇောသက၏ ဖခင် သဌေးရေး၍ ပေးလိုက်သော သေကြောင်းကြံစာကို ဆုတ်ကာ ဖျောက်ဖျက်၍ ထိမ်းမြားစာကို ရေး၍ ဖွဲ့ချီ၍ သေဘေးမှ ကယ်တင်ကာ အသက်ရှင်စေသည်။ ဤဘဝ၌လည်း အသံကောင်းသောကြောင့်ပင် ဇောသက သဌေးဟု အမည်တွင်သည်။ (၃၄၂)

သင်္ဂဟံ ပစ္စာသိသန္တာ။ ။ဤသစ်ပင်၌ အုပ်စိုးသောနတ်သည် ရသေ့အပေါင်းအား သောက်ရေစသည်ကို ပေးကာ အပန်းဖြေစေပါလျှင် ကောင်းလေစွဟု အကြီးဆုံးဖြတ်သော ရသေ့၏ ကြံဆခြင်းကို သာမညအားဖြင့် ရသေ့အားလုံးအပေါ်၌ တင်၍''သင်္ဂဟံ ပစ္စာသိသန္တာ'' ဟု ဗဟုဝုစ်ဖြင့်ဆိုသည်။ (၃၄၂)

ဟတ္ထံ ပသာရေတွာ။ ။ဤပါဠိဖြင့် လက်ဆန့်ကာမျှဖြင့် ထိုနတ်မှာ အလိုအတိုင်း ပြီးနိုင်ကြောင်းကို ပြသည်။

ဒေဝတာ အာဟ။ ။နတ်သည် မိမိပြုခဲ့သော ကောင်းမှုက နည်းသောကြောင့် ရှက်၍ မပြောလိုသော်သည်း ထပ်ခါထပ်ခါမေးမှ ပြောသည်။

ပကတိဘတ္တဝေတနေ။ ။ပေးနေကျဖြစ်သော ရိက္ခာထမင်းတည်း။ ထိုနေ့ဝယ် ဥပုသ်စောင့်ကြသောကြောင့် အလုပ်မလုပ်ကြသော်လည်း အလုပ်လုပ်ရာနေ့၌ ပေးနေကျဖြစ်သော ထမင်းရိက္ခာကိုပင် ပေးသည်။

လျှော့၍ မပေးဟု ဆိုလိုသည်။ ဓမ္မပဒအဋ္ဌကထာ၌ ခုဒ္ဒကဘာဏကတို့၏ အလိုဖြင့် "သာယမာသတ္တာယ အာဂတော" ဟု ဆိုသည်။ ဤအဋ္ဌကထာ၌ကား ဒီဃဘာဏကတို့၏ အလိုဖြင့် "မဇ္ဈန္တိကေ ပါတရာသတ္တာယ အာဂတော" ဟု ဆိုသည်။ (၃၄၃)

ဥပစုဒိဝသော။ ။နေ့လယ်အခါ ဖြစ်သောကြောင့် "ဥပစုဒိဝသော ဂတော" ဟု မိန့်သည်။ ထိုဥပစုဒ်ဝသော-ဖြင့် နေ့ဝက်မျှသာ ဥပုသ်ကို ဆောက်တည်သောကြောင့် ထိုယောကျ်ားကို "ဥပစုပေါသထ"ဟု ခေါ်ကြသည်ဟု ပြသည်၊ ဓမ္မပဒအဋ္ဌကထာ၌ ညဥ့်အဖို့ဖြင့် ထက်ဝက်သော ဥပုသ်ကို ဆိုသည်။ ဤအဋ္ဌကထာ၌ကား နေ့လယ်မှ၍ နေ့အဖို့ဖြင့်လည်းကောင်း၊ တနည်း-နေ့လယ်မှစ၍ ကြွင်းသောနေ့အဖို့ ညဥ့်အဖို့ဖြင့်လည်းကောင်း ထက်ဝက်သော ဥပုသ်ကို ဆိုသည်။

**တဒဟောဝ ကာလံ ကတ္ဝာ။** ။အရုဏ်ဘက်ချိန်ကို ရည်ရွယ်၍ ဆိုသည်။

**သဥ္စာဘပီတိပါမောဇ္ဇာ။** ။ဘုရားဟူသော အသံကို ကြားရခြင်းသော်မှ လောက၌ရခဲ၏ဟု တွေးကာ နှစ်သက်ဝမ်းမြောက်ကြသည်။

**တဒဟောဝ မယံ ဂစ္ဆာမ။** ။ကောသမ္ဗီမြို့သို့ ရောက်သည့်နေ့မှ နောက်တနေ့၌ ပင် သွားကုန်အံ့ဟု ဆိုကြသည်။

**ပဗ္ဗဇိတွာ အရဟတ္တံ ပါပုဏိံသု။** ။ဟေဗိဘိက္ခု ရဟန်းအဖြစ်ကို ရည်ရွယ်၍ "ပဗ္ဗဇိတွာ"ဟု ဆိုသည်။ ရှင်ရဟန်းပြုပြီးနောက် ပဋိသမ္ဘိဒါလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော အရဟတ္တဖိုလ်သို့ ထိုရသေ့တို့ ရောက်ကြသည်။ (၃၄၃)

**တယော ဝိဟာရေ ကာရေသုံ။** ။သဌေးသုံးဦးတို့သည် လှည်းအစီးငါးရာစီ ခြံရံကာ သာဝတ္ထိမြို့သို့ ရောက်၍သောတာပတ္တိဖိုလ်၌ တည်ကာ တဆယ့်ငါးရက်ကြာမျှ ဒါနစသည် ပေးလှူပြီးနောက် မိမိတို့မြို့သို့ ဘုရားကြွလာရန် ပင့်ဖိတ်ပြီးလျှင် မြို့ပြန်၍ ကျောင်းတဆောင်စီ ဆောက်ကြသည်။

**ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ။** ။ဘုရားရှင်သည် နေ့စဉ် တကျောင်း တကျောင်းစီ၌ အလှည့်ကျသီတင်း

သုံးတော်မူသည်။ နေသည့်အခါ နေရာကျောင်းတိုက်၏ ကျောင်း ဒကာအိမ်၌ ဆွမ်းခံကြွတော်မူသည်။ ထိုအခါ၌ ဘုရားရှင်သည် ဃောသက သင်္ဌေး ဆောက်အပ်သော ကျောင်း၌ သီတင်းသုံးတော် မူသည်။ ထို့ကြောင့် "ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ"ဟု မိန့်သည်။ (၄၄၃)

**ဥပဋ္ဌာယော။** ။သာသနာ့ပ အယူမျှဖြင့် ဥပဋ္ဌာယ ဟု ဆိုသည်။ သာသနာတော်မှာကဲ့သို့ ဥပဋ္ဌာယ်လက္ခဏာနှင့် ညီသော ဥပဋ္ဌာယ် မဟုတ်ပါ။

**ဥပါရမ္ဘ။** ။အပြစ်ပြသောအားဖြင့် ချုပ်ချယ်ခြင်းတည်း။

**တံ ဇီဝံ တံ သရီရံ။** ။ဇီဝ ဟု အသိအမှတ်ပြုအပ်သော အရာဝတ္ထုကိုပင် သရီရဟု အသိအမှတ်ပြုအပ်၏။ မှန်၏-ဤစကားကို "ရူပံ အတ္တတော သမနုပဿတိ"ဟု ဆိုအပ်သော ဝါဒကိုယူ၍ ဆိုကြသည်။ ရူပနှင့်အတ္တကို နှစ်မျိုးမခွဲ၊ တမျိုးတည်းပြု၍ ရှုမြင်ခြင်း၏ အစွမ်းဖြင့် သတ္တဝါ ဟူ၍လည်း သာသနာ့ပ ပုဂ္ဂိုလ်များသည် ကြံဆအပ်သော အတ္တကို ရည်ရွယ်၍ ဆိုကြသည်။ ထို့ကြောင့်ပင် "ဣခေဝ သတ္တော ဘိဇ္ဇတိ"ဟု မိန့်သည်။ (ဘိဇ္ဇတိ-နောင်တဖန် မဖြစ်သောအားဖြင့် ပျက်၏။)

**ဥစ္ဆေဒဝါဒေါ။** ။အသက်နှင့်ခန္ဓာကိုယ်ကို တခြားစီမဟုတ်၊ အတူတူ ဟု ခွင့်ပြုသောကြောင့်လည်းကောင်း၊ ကိုယ်ခန္ဓာပျက်သည်ကို မြင်ရသောကြောင့်လည်းကောင်း "တံ ဇီဝံ တံ သရီရံ"ဟု ဆိုသော် ဥစ္ဆေဒ ဝါဒဖြစ်မည်။ ပျက်သည်ကို မြင်ရသော ကိုယ်ခန္ဓာမှ အခြားမဟုတ်သော ကြောင့် ဇီဝပျက်သည်ကို မမြင်ရသော်လည်း ပျက်သည်ဟု ဆိုအပ်သကဲ့သို့ ပျက်သည်ကို မမြင်ရသော ဇီဝမှ အခြားမဟုတ်သောကြောင့် ခန္ဓာကိုယ်ကို လည်း မပျက်ဟု မဆိုသင့်ပါ။ ဘာ့ကြောင့်နည်း-ထိုခန္ဓာကိုယ်ပျက်ခြင်းသည် မျက်မြင်အားဖြင့် ထင်ရှားသောကြောင့်လည်းကောင်း၊ ဘူတရုပ် ဥပါဒါရုပ် တို့မှ လွတ်သော ကိုယ်ခန္ဓာ မရှိသောကြောင့်လည်းကောင်းတည်း။ ဤ အဓိပ္ပာယ်ဖြင့် "ဥစ္ဆေဒဝါဒေါ ဟောတိ"ဟု မိန့်သည်။ (၃၄၄)

**အညံ ဇီဝံ အညံ သရီရံ။** ။သရီရမှ အခြားဖြစ်သော ဝတ္ထုကိုသာ ဇီဝ ဟု အသိအမှတ်ပြု၍ ဇီဝမှ အခြားဖြစ်သော ဝတ္ထုကို သာ သရီရဟု အသိအမှတ် ပြုအပ်သည်။ ဤစကားကို "ရူပဝန္တံ အတ္တာနံ သမနုပဿတိ"စသောနည်းဖြင့် ဖြစ်သော ဝါဒကို ယူ၍ ဆိုကြသည်။

သစ္စော သဿတော အာပဇ္ဇတိ။ ။ရုပ်ပျက်ခြင်းကိုသာ မြင်ရသောကြောင့်လည်းကောင်း၊ အတ္တ၌ ပျက်ခြင်း မရှိသောကြောင့်လည်းကောင်း အတ္တသည် မြဲ၏ဟူသော အနက်အဓိပ္ပာယ် ရောက်သည်သာ။ ဤအဓိပ္ပာယ်ဖြင့် "သစ္စော သဿတော အာပဇ္ဇတိ"ဟု ဆိုသည်။

နေသံ ပဋ္ဌံ အဝိဿဇ္ဇေတွာ။ ။သူတို့၏ အမေးစကားသည် အမြုံမ၏ သားသည် အရပ်ရှည်သလား ပုသလား စသည် ကြံဆခြင်းနှင့် တူပါသည်။ ထို့ကြောင့် ဤပြဿနာကို မဖြေပဲ တန့်ထားလိုက်သည်။ မှန်၏-ဤပြဿနာသည် အဋ္ဌမမ္ဗ၌ မမှီ၊ ဗြဟ္မစရိယ၏ အစလည်း မဟုတ်၊ နိဗ္ဗာန် စသော အကျိုးငှာလည်း မဖြစ်ပါ။

ကာသိဏာပရိကမ္မံ ဘာဝေန္တဿ။ ။သာသနာပ ပုဂ္ဂိုလ်များသည် များသောအားဖြင့် ကသိုဏ်းစျာန်တို့ကိုသာ ဖြစ်စေသောကြောင့် "ကာသိဏာ ၊ပေ၊ ဘာဝေန္တဿ"ဟု ဆိုသည်။ (၃၄၅)

သညာဗလေန ဥပ္ပန္နံ။ ။ဘာဝနာနုဘော်ကြောင့် စျာန်ကိုရသည်။ ဘာဝနာသည်လည်း ပဋိဘာဂသိုဏ်း စသော အမှတ်သညာကို အဦးပြု၍ ဖြစ်သည်။ ထို့ကြောင့် သညာကို အဦးပခါနပြု၍ ညွှန်ပြသည်၊ ထို့ကြောင့် "သညာဗလေန ဥပ္ပန္နံ"ဟု ဆိုသည်။

မညမာနာ ဝဒန္တိ။ ။ဘုရားရှင်သည် ထိုဆိုဝါဒ၌"အထစ ပနာဟံ န ဝဒါမိ" ဟု ဟောခဲ့သည်။ ထို့ကြောင့် ဘုရားရှင်၏ စကားကို ဥပဒေသပြု၍ "န ကလ္လံ တဿေတံ"ဟု လျှောက်ထားကြသည်။ မိမိပဋိဘာန် ဉာဏ်ဖြင့် လျှောက်ထားကြသည်မဟုတ်ဟု ပြခြင်းငှာ "မညမာနာ ဝဒန္တိ"ဟု မိန့်သည်။

ဇာလိယသုတ် ပြီးပါပြီ။

# မဟာသီဟနာဒသုတ်

## အစေလကဿပဝတ္ထု

**ဥရုညာယံ။** ။ဥရုညဇနပုဒ် ဥရုညမြို့၌ဟု အာဝုတ္တိနည်း-အရ အနက်ပေးပါ။ ဤပါဠိဖြင့် "နေရာတိုင်းမှာ ဇနပုဒ်ဟော သဒ္ဒါများ အမြဲ ပုလ္လိင် ဗဟုဝုစ်သာရှိကြသည်မဟုတ်။ တခါတရံ အခြားလိင်-ဝုစ်လည်းရှိ၏"ဟု ပြသည်။ (၃၄၆)

**ရမဏီယော။** ။(၁) စိတ်နှလုံးကို ဆောင်နိုင်သော မြေပြင်ရှိသောကြောင့် လည်းကောင်း၊

(၂) အရိပ် ရေတို့နှင့် ပြည့်စုံသောကြောင့်လည်းကောင်း၊

(၃) လူတို့မှ ကင်းဆိတ်သောကြောင့်လည်းကောင်း မွေ့လျော်ဖွယ်ကောင်းသည်။

**တပဿိန္တိ တပနိဿိတကံ။** ။အကျင့်ကို ကျင့်သူသည် အကျင့်ကို မှီ၍ အကျင့်သည်လည်း ကျင့်သူကို မှီသောကြောင့် "တပနိဿိတကံ"ဟု ဖွင့်သည်။

**လူခါဇီဝိံ။** ။သူတော်ကောင်းတို့က အကောင်းဟု သမုတ်အပ်သော အကျင့်မှ ကင်းသောကြောင့် မကြည်ညိုဖွယ် အသက်မွေးတတ်သူ ဖြစ်တတ်သူဟု ဆိုလိုသည်။

**ဣခေဟံ ကဿပ စသည်။** ။ဝိဘဇ္ဇဝါဒကို ရည်ရွယ်၍ ဘုရားရှင်သည် "န မေတေ ဝုတ္တဝါဒိနော"ဟု အကျဉ်းအားဖြင့် ဟောတော်မူခဲ့သည်။ ထိုဝိဘဇ္ဇဝါဒကိုပင် အကျယ်ချဲ့၍ ဝေဖန်တော်မူခြင်းငှာ "ဣခေဟံ ကဿပ"စသည်ကို ဟောတော်မူသည်။ ထိုအဓိပ္ပာယ်ကို ခွဲခြား

ဝေဖန်ကာ ပြလို၍ ''ဗ္ဗဗောစွော''စသည်ကို မိန့်သည်။ မှန်၏-ဘုရားရှင်သည် အကျိုးမရှိသော ငြိမ်းအေးရာနိဗ္ဗာန်ကို မဆောင်နိုင်သော ကိုယ်ပင်ပန်းကြောင်းအကျင့်ကို ''အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော'' စသည်ဖြင့် ကဲ့ရဲ့တော်မူ၍ အကျိုးရှိသော ငြိမ်းအေးရာနိဗ္ဗာန်ကို ဖြစ်ခဝဘတ်သော ကိုယ်ပင်ပန်းကြောင်း အကျင့်ကိုကား ''အာရဒ္ဓိကော ဟောတိ၊ ပဓာနိကော ဟောတိ'' စသည်ဖြင့် ချီးမွမ်းတော်မူသည်။ (၃၄၇)

တိဏ ဒုစ္စရိတာနိ ပူရေတွာ။ ။မိစ္ဆာအယူရှိသောကြောင့် ကံကံ၏အကျိုးကို ပယ်လျက် နတ္ထိဒိန္နံ စသည်ဖြင့်မိစ္ဆာအယူကို ရွေးသွားပြု၍ အသက်မွေးမှုအတွက် ထိုသို့အခြင်းအရာဖြင့် ဒုစရိုက်ပြုခြင်းကို ရည်ရွယ်၍ ''တီဏိ ၊ပေ၊ ပူရေတွာ''ဟု မိန့်သည်။

အနုသနုဝသေန။ ။အံ့ဖွယ်ကို ဖြစ်စေခြင်း၌တည်၍ မိဒ္ဓိ၌ ထင်ရှားမရှိသော ဂုဏ်ဖြင့် ချီးမွမ်းမှုကို အလိုရှိသဖြင့် ဟုတ်ဟုတ်ငြားငြား အခြင်းအရာအားဖြင့် အကျင့်ကိုပြု၍ မရှာမှီးထိုက်သော ပစ္စည်းကို ရှာမှီးခြင်းအစွမ်းဖြင့် ဖြစ်သော မိစ္ဆာဇီဝ။

ပုဂ္ဂိုလ်ခွဲပြပုံ။ ။ပဌမနည်း တဘိယနည်းတို့၌ အဟေတုကဝါဒီ အကိရိယဝါဒီ ပုဂ္ဂိုလ်ဖြစ်၍ ဒုတိယနည်း စတုတ္ထနည်းတို့၌(ပုဗ္ဗ အကတပုညတာယ ကတပုညတာယ-ဟု ဆိုသည့်အတွက်) ကမ္မဝါဒီ ကိရိယဝါဒီပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

န ဒါနိ မယာ သဒိသော အတ္ထိ။ ။တဏှာ မာန ဒိဋ္ဌိဟု ဆိုအပ်ကုန်သော မညနာသုံးပါးတို့၏ အစွမ်းဖြင့် ဒုစရိုက် ဖြည့်ကျင့်မှုကို ဆိုသည်။ (၃၄၈)

ပါတဗျတံ။ ။သုံးဆောင် ခံစားခြင်းသို့တနည်း-သုံးဆောင်ခံစားတတ်သူ၏ အဖြစ်သို့ဟု တဗ္ဗ-ပစ္စည်းကို ကတ္တုသာဓနကြံ၍ ပေးပါ။

တိတ္ထိယဝသေန အာဂတံ။ ။ရှေးအဋ္ဌကထာ၌ ထိုအတိုင်း ဝေဖန်အပ်သော ကြောင့် တိတ္ထိတို့၏ အစွမ်းဖြင့် လာသည်ဟု ဋီကာဟောင်း ဆိုသည်။ ထိုအခြင်းအရာဖြင့်ပင် ပါဠိတော်၌လည်း ဝေဖန်အပ်သည်ဟု သိပါ။

**တိဏ်ဏံ ဝါ ကုဟနဝတ္ထူနံ။** ။သာမန္တဇပ္ပန ပစ္စယပဋိသေဝန ဣရိယာပထ သန္နိဿိတ။ (၃၄၉)

**ကေန ကာရဏေန ဂရဟိဿာမိ။** ။ဟုတ်မှန်စွာ မသိသော ပုဂ္ဂိုလ်သည် လောဘအတွက်ဖြစ်စေ၊ ဒေါသအတွက် ဖြစ်စေ အားလုံးကို ကဲ့ရဲ့စရာရှိ၏။ ငါဘုရားကား ဟုတ်မှန်စွာ သိသောကြောင့် အားလုံးကို မကဲ့ရဲ့ပါ။ အားလုံးကို ကဲ့ရဲ့ရာလည်း အကြောင်း မရှိပါ။ ဤအဓိပ္ပာယ်ကို ပြလို၍ "ဂရဟိတဗ္ဗမေဝ" စသည်ကို မိန့်သည်။

**န ဘဏ္ဍိကံ ၊ပ၊ ကရောမ။** ။ခဝါသည်ကြီးသည် ဖွပ်အပ်ပြီး အဝတ်နှင့် မဖွပ်အပ်သေးသော အဝတ်ကို ရော၍ မထုပ်သကဲ့သို့ ချီးမွမ်းအပ်သော အကျင့်နှင့် ကဲ့ရဲ့အပ်သောအကျင့်ကို အတူ မပြုကြပါဟု ဆိုလိုသည်။ [ဥပမာဘက်၌ စင်ကြယ်သောကြောင့် ဓောတ၊ မစင်ကြယ်သောကြောင့် အဓောတ၊ ဥပမေယျဘက်၌ ချီးမွမ်းထိုက်သော ဂုဏ်ရှိသောကြောင့် ဓောတ၊ ချီးမွမ်းထိုက်သော ဂုဏ်မရှိသောကြောင့် အဓောတ။]

**န ကောစိ န သာဓူတိ ဝဒတိ။** ။ငါးပါးသီလသည် မျက်မှောက်ဘဝ၌ ဖြစ်သော စီးပွား၊ တမလွန်ဘဝ၌ ဖြစ်သော စီးပွားကို ပြီးစေသောအားဖြင့် ဖြစ်ရကားသာလေး ဂရုပြုထိုက်သောကြောင့်မည်သူကမျှ မကောင်းဟု မပြောပါ။

**တံ န ကောစိ သာဓူတိ ဝဒတိ၊** ။ပါဏာတိပါတစသောငါးမျိုးကို ငါးပါးသီလ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း၊ သတ္တဝါတို့ ရန်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်လည်းကောင်း "ဝေရ"ဟုဆိုသည်။ ထိုဝေရငါးမျိုးကို မည်သူကမျှ ကောင်းသည်ဟု မဆိုသင့်ပါ။ အကြောင်းနည်း—ပစ္စုပ္ပန်၌ ဖြစ်သော စီးပွားစသည်ကို မပြီးစေတတ်သောကြောင့် လည်းကောင်း၊ သတ္တဝါတို့၏ သူတော်ကောင်းဂုဏ်ကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း တည်း။

**စက္ခုနာမ န နိရုန္ဓိတဗ္ဗံ၊** ။စက္ခုရေခြင်းသည် မြင်ထိုက်မြင်အပ် ကြည့်ထိုက်ကြည့်အပ်သော မြင်ခြင်း ကြည့်ခြင်းအကျိုးငှါရှိရကား စက္ခုကို ရှုပါရုံယူရာ၌ မတားဆီးရဟု တိတ္ထိဆရာများ ဆို၏။

**အဋ္ဌကထာမှ တနည်း။** ။"ကေ သမဏဗြာဟ္မဏာ"ဟု ဆိုအပ်သော တိတ္ထိတို့သည် အတ္တကိလမထာနုယောဂ စသည်ကို

ကောင်းသည်ဟု ပြောဆိုကြ၏။ ငါတို့သည် ထိုအတ္တကိလမထအကျင့်ကို ကောင်းသည်ဟု မပြောဆိုကြပါ၊ တိတ္ထိတို့သည် အပြစ်မရှိသော ပစ္စည်းကို မှီဝဲသုံးဆောင်ခြင်းကို လည်းကောင်း၊ ကောင်းစွာဝတ်ခြင်း ကောင်းစွာရုံခြင်း စသော သမ္မာပဋိပတ်ကိုလည်းကောင်း မကောင်းဟု ပြောကြ၏။ ငါတို့ကား အကောင်းဟု ပြောပါသည်။ (၃၅၀)

ဧဝံ စသည်။ ။ပရဝါဒကို မူတည်၍ ပြခဲ့သော စတုက္ကကိုပင် တဖန် သကဝါဒကို မူတည်ကာ စတုက္ကပြု၍ ပြလိုသောကြောင့် "ဧဝံ" စသည်ကို မိန့်သည်။ သမာနတံ-အရ အတူဟူသည် တူရုံကလေးမျှ ဖြစ်သည်။ မှန်၏-အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော တရားတို့ကို ပယ်ခြင်း ပြည့်စုံစေဆိုက်သော တရားတို့ကို ပြည့်စုံစေခြင်းများသည် သကဝါဒ၌သာ ထင်ရှားရှိ၍ ပရဝါဒ၌ ထင်ရှားမရှိပါ။

---

### သမနုယုဥ္ဇာပနကထာ

သမနုယုဥ္ဇန္တိ။ ။(၁)လဒ္ဓိံ ပုစ္ဆန္တော သမနုယုဥ္ဇတိ=ရဟန်းဂေါတမသည် ညစ်နွမ်းသော အကုသိုလ် တရားတို့ကို အကြွင်းမဲ့ပယ်၍ ကျင့်သလော၊ သို့မဟုတ် ပူရဏကဿပ စသော အခြား ဂိုဏ်းဆရာတို့သည် အကြွင်းမဲ့ပယ်၍ ကျင့်သလော၊ ဤပြဿနာ၌ သင်၏အယူကို ပြောပါလောဟု ဤသို့ ဝန်ခံအပ်သော အယူကို မေးလျက် စိစစ်သည်။

(၂) ကာရဏံ ပုစ္ဆန္တော သမနုဂါဟတိ=သူ၏အယူကို မေးသောအခါ ရဟန်းဂေါတမသည်သာ သံကိလေသဓမ္မတို့ကို အကြွင်းမဲ့ပယ်၍ ကျင့်နိုင်၏ဟု ဖြေဆိုလျှင် ဤသို့ ရဟန်းဂေါတမသည်သာ ကျင့်နိုင်၏ဟူသော အနက်အဓိပ္ပာယ်ကို အကြောင်းပြပါလောဟု အကြောင်းကိုမေးလျက် ယူစေသည်။

(၃) ဥဘယံ ပုစ္ဆန္တော သမနုဘာသတိ=ဝန်ခံအပ်ပြီးသော မူလအယူကို ပြီးစေအပ်သော် အန္ဝယ ဗျတိရေကအားဖြင့် အကြောင်းကိုခိုင်လုံစေခြင်းငှာ တူသော ဥပမာထုတ်ဆောင်မှု မတူသော ဥပမာ ထုတ်ဆောင်မှု နှစ်မျိုးကို မေးလျက် ပြောဆို၏။ (၃၅၁)

**အကုသလာ အကုသလသင်္ခါတာ။** ။ရှေ့အကုသလာ-ပုဒ်ဖြင့်ကောန်အကုသိုလ်ဖြစ်သော တရားတို့ကိုဆိုသည်။ နောက်အကုသလသင်္ခါတာ-ပုဒ်ဖြင့် အကုသိုလ်စိတ်နှင့် တကွဖြစ်သော စေတသိက် တဆယ့်လေးခုကိုလည်းကောင်း၊ ထိုနှင့် အလားတူသော အညသမာန်း စေတသိက် တဆယ့်သုံးခုကိုလည်းကောင်း (အကုသိုလ်အားလုံး၌ ယှဉ်သော စေတသိက် နှစ်ဆယ့်ခုနစ်ပါး)ဆိုသည်။ (၃၅၁)

**န အလမရိယာ။** ။အရိယာမည်သည် အပြစ်မရှိသော တရားတို့တည်း။ ဤအကုသိုလ်တရားတို့သည် ဘယ်လိုနည်းနှင့်မျှ အပြစ်မရှိ မဖြစ်နိုင်။ ထို့ကြောင့် "နိဒ္ဒေါသဋ္ဌေန အရိယာ ဘဝိတုံ နာလံ အသမတ္ထာ" ဟု မိန့်သည်။

**သံဃပသံသာယပိ သတ္ထုယေဝ ပသံသာသိဒ္ဓိတော။** ။သံဃာတော်များသည် ဘုရားရှင်လျှင် အစအမွန်ရှိသောကြောင့် သံဃသမ္ဘတ္တိဖြင့်လည်း သတ္ထုသမ္ဘတ္တိကို ထင်စွာ ဖြစ်စေအပ်သည်။ ထို့ကြောင့် "သံဃ ၊ပေ၊ သိဒ္ဓိတော"ဟု မိန့်သည်။

**ပသီဒမာနာပိ။** ။ထို ချီးမွမ်းခြင်းသည် ကြည်ညိုခြင်းဟူသော အကြောင်းရှိသောကြောင့် ကြည်ညိုမှုကို အဦးပဓာနပြု၍ ထိုချီးမွမ်းမှုကို ပြခြင်းငှာ "ပသီဒမာနာပိ"စသည်ကို မိန့်သည်။ ထို၌ ပါဝင်သော သမ္ပိဏ္ဍနအနက်ရှိသော ပိသဒ္ဒါဖြင့် မကြည်ညိုသူတို့လည်း ဤနည်းတူစွာပင် မကြည်ညိုကြဟု ပေါင်းဆည်းသည်။ ချဲ့ဦးအံ့-အန္ဒယအားဖြင့် ဆရာ၏ပြည့်စုံမှုကြောင့် သာဝကတို့အပေါ်၌ ကြည်ညိုမှု၊ သာဝကတို့၏ ပြည့်စုံမှုကြောင့် ဆရာ့အပေါ်၌ ကြည်ညိုမှုကို ပေါင်းဆည်းအပ်သကဲ့သို့ ထို့အတူ ဗျတိရေကအားဖြင့် ဆရာ၏ ဖောက်ပြန်မှုကြောင့် တပည့်တို့အပေါ်၌ မကြည်ညိုမှု၊ တပည့်တို့၏ ဖောက်ပြန်မှုကြောင့် ဆရာ့အပေါ်၌ မကြည်ညိုမှုကိုလည်း ပေါင်းဆည်းအပ်သည်ဟု မှတ်ပါ။

**သရီရသမ္ပတ္တိ စသည်။** ။သရီရသမ္ပတ္တိ-ကို ရူပပမာဏ သတ္တဝါတို့ကို ရည်ရွယ်၍ မိန့်ဆိုသည်။ ဓမ္မဒေသနံ ဝါ သုတွာ-ကို ဃောသပမာဏ သတ္တဝါတို့ကို ရည်ရွယ်၍ မိန့်ဆိုသည်။ဘိက္ခုနံ ပနာစာရဂေါစရံ-စသော စကားကို ဓမ္မပမာဏ လူခပမာဏ သတ္တဝါတို့ကို ရည်ရွယ်၍ မိန့်ဆိုသည်။ အာစာရဂေါစရ စသည်တို့ကြောင့် ဓမ္မသည်လည်းကောင်း၊ သမ္မာပဋိပတ်ကြောင့် လူခသည်လည်းကောင်း ဖြစ်ပါသည်။ ထို့ကြောင့်

"ဘဝန္တိ ဝတ္တာရော"ဟူသော ပဌမပုဒ်၌ ရူပပမာဏ ဃောသပမာဏ ဓမ္မပမာဏ တို့ကိုလည်းကောင်း၊ ဒုတိယပုဒ်၌ ဓမ္မပမာဏတို့ကိုသာလည်းကောင်း ယူ၍စေရမည်။ (၃၅၁)

သဗ္ဗေန သဗ္ဗံ နတ္ထိ။ ။သေတုဃာတဝိရတိသည် အရိယာမဂ်နှင့် ယှဉ်သောကြောင့် "သဗ္ဗေန သဗ္ဗံ နတ္ထိ"ဟု မိန့်သည်။(၃၅၂)

**ဝိပဿနာမတ္တဝသေန**။ ။အနိစ္စ ဒုက္ခဟု အထူးထူး အပြားပြား ရှုကာမျှ၏ အစွမ်းဖြင့် တဒင်္ဂပဟာန်မျှသော သာသနာပဘိတ္ထိတို့မှာ ရှိသည်။ နာမ်ရုပ်ကို ပိုင်းခြားနိုင်သော နာမရူပဝဝတ္ထာန ဉာဏ်၊ နာမ်ရုပ်တို့၏ ဖြစ်ကြောင်းကို ပိုင်းခြား၍ ယူနိုင်သော ပစ္စယပရိဂ္ဂဟဉာဏ် ရှေ့သွားရှိသော လက္ခဏာယာဉ်သုံးပါးတင်၍ သင်္ခါရတရားတို့ကို သုံးသပ်ခြင်း၏ အစွမ်းဖြင့် တဒင်္ဂပဟာန်မရှိပါ။ မှန်၏-သာသနာပ ပုဂ္ဂိုလ်များမှာ နာမရူပ ပရိစ္ဆေဒဉာဏ် အနုတ္တာနုပဿနာတို့ မရှိကြပါ။

·ဣတရာနိ ၊ပေ၊ နတ္ထိ။ ။မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်သောကြောင့် သမုစ္ဆေဒ ပဋိပ္ပဿဒ္ဓိ နိဿရဏပဟာန်တို့သည် တိတ္ထိတို့၌ အချင်းခပ်သိမ်း မရှိပါ။

·သေသံ သဗ္ဗေန သဗ္ဗံ နတ္ထိ။ ။(၁) လောကီငါးပါးသီလမှတပါး အလုံးစုံသော ပါတိမောက္ခစသော သီလသံဝရ၊

(၂) ခမော ဟောတိ သီတဿ ဥဏှဿ-စသည်ဖြင့် ဟောအပ်သော အလွန်စင်ကြယ်သော ခန္တိသံဝရ၊

(၃) ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်တတ်သော မဂ်ဉာဏ်ဟု ဆိုအပ်သော ဉာဏသံဝရ၊

(၄) ဣန္ဒြေခြောက်ပါးကို အဘိဇ္ဈာ ဒေါမနဿ စသည် မဖြစ်အောင် စောင့်စည်းခြင်း အစွမ်းဖြင့် ဖြစ်သော အလွန်စင်ကြယ်သော ဣန္ဒြိယသံဝရ၊

(၅) သမ္မပ္ပဓာန်လေးပါးဟု ဆိုအပ်သော ဝီရိယသံဝရဟူသော သံဝရ ငါးပါးမရှိခြင်းကို ရည်ရွယ်၍ "သေသံ သဗ္ဗေန သဗ္ဗံ နတ္ထိ-ဟု မိန့်သည်။

**ပဉ္စ ခေါ ပနိမေ စသည်။** ။ပဉ္စ ခေါ ပနိမေ ပါတိမောက္ခုဒ္ဒေသာ-စသည် ဖြင့် ဆိုအပ်ပြီးသော သီလကိုသာလျှင် တဖန် ပြန်ယူခြင်းသည် သာသနာတော်၌ သီလများကြောင်းကို ပြ၍ သီလတစိတ် တဒေသ၌သာ သာသနာ့ပုဂ္ဂိုလ်တို့ တည်နိုင်ကြောင်းကို ပြခြင်းအကျိုး ရှိပါသည်။ (၃၅၂)

**သီဟနာဒံ။** ။မြတ်သောအသံကို၊ ဝါ- မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက် မိန့်မြွက်သံကို။ မည်သူတဦးတယောက်မျှ ဆန့်ကျင် ဘက် မတွန်းလှန်နိုင်သော အသံတော်ဖြစ်သည်ဟု ဆိုလိုသည်။

---

အရိယအဋ္ဌင်္ဂိကမဂ္ဂ

**အဝိပရီတဘာဝါဝဗောဓနတ္ထံ။** ။ဆိုအပ်ပြီးသော ငါ၏ဝါဒသည် မဖောက် ပြန်မမှားယွင်းသည်သာ၊ ငါ့ဝါဒ၏ မဖောက်ပြန် မမှားယွင်းကြောင်းကို ဤမင်္ဂကိုကျင့်လျှင် သူတပါးပြောဖြင့် ယုံကြည်မှုမျိုး မဟုတ်ပဲ ကိုယ်တိုင်ပင် ပိုင်ပိုင်နိုင်နိုင် သိနိုင်၏ဟု ပြခြင်းအကျိုးငှာ "အတ္တိ ကဿပ မဂ္ဂေါ" စသည်ကို ဟောတော်မူသည်။ (၃၅၃)

**အတ္ထိ ကဿပ စသည်။** ။ဤမဂ်ကို ကျင့်သော ပုဂ္ဂိုလ်သည် ကိုယ်တိုင် သာလျှင် ပစ္စက္ခအားဖြင့် ဤသို့ သိမြင်လိမ့်မည်။

(၁) ကာလဝါဒီ=ရဟန်းဂေါတမသည် တရားဟောသသော် သင့်လျော် လျောက်ပတ်သော အခါ၌ ဟောလေ့ရှိ၏၊

(၂) ဘူတဝါဒီ=ဟုတ်မှန်သော စကားကိုသာ ပြောဟောလေ့ရှိ၏၊

(၃) အတ္ထဝါဒီ=ပစ္စုပ္ပန်သံသရာ အကျိုးစီးပွားကို ဆောင်နိုင်သောတရားစကားကိုသာ ပြောလေ့ရှိ၏၊

(၄) ဓမ္မဝါဒီ=တရားမှ မကင်းသော စကားကိုသာ ပြောဟောလေ့ရှိ၏၊

(၅) ဝိနယဝါဒီ=ဝိနည်းနှင့် ယှဉ်သော စကားသူတပါးကို ဆုံးမကြောင်း စကားကိုသာ ပြောဟောလေ့ရှိ၏-ဟုကိုယ်တိုင်ပင် သိမြင်ပေလိမ့်မည်။ သီလက္ခန်-၂၉(က)

ထိုပါဠိဖြင့် "သမဏော ဂေါတမော ဣမေဧဝရူပါ အနေကဝိဟိတ ပဟာယ ဝတ္တတိ" စသော ဝါဒသည် တစုံတယောက်မျှ မတုန်လှုပ်စေနိုင်သော ဟုတ်မှန်သော သီဟနာဒဖြစ်၏ဟု ပြသည်။

အယမေဝ။ ။(၁) မဂ်အများ ရှိခြင်းကို ပယ်ခြင်းအကျိုးငှာလည်းကောင်း၊

(၂) ဤတရားသည်ပင် အရိယာအားလုံးနှင့် ဆက်ဆံကြောင်းကို ပြခြင်း အကျိုးငှာလည်းကောင်း၊

(၃) တပါးဆိုလျှင် ဆိုရလောက်အောင် သာသနာတော်၌ ထင်ရှားကြောင်းကို ပြခြင်း အကျိုးငှာလည်းကောင်း "အယမေဝ"ဟု ဧဝသဒ္ဒါကို ထည့်၍ မိန့်တော်မူပါသည်၊ (ကောယနော အယံ ဘိက္ခဝေ မဂ္ဂေ၊ သတ္တာနံ ဝိသုဒ္ဓိယာ)

---

## တပေါပက္ကမကထာ

တပေါကမ္မာနိ။ ။ဤပါဠိဖြင့် အားထုတ်ခြင်းဟူသည် အကျင့်ကို ပြုခြင်းပင် တည်းဟု ပြသည်။ (၃၄၄)

နိစ္စေလော။ ။အစုတ်စုတ်အပြတ်ပြတ်အဝတ်ရှိသူကိုလည်း "နိစ္စေလော" ဟု ဆိုနိုင်သောကြောင့် ထိုသူကို ဘားမြစ်ခြင်းငှာ "နဂ္ဂေါ-တိ အတ္ထော"ဟု ဖွင့်သည်။

ဥစ္စာရကမ္မာဒီသု။ ။အမျိုးကောင်းသားတို့၏အကျင့်မှ ကင်းခြင်းပင် အကျင့်မှ လွတ်ခြင်းမည်၏ဟု ပြသည်။

ဇဒုဘယမ္ပိ ကိရ သော တေဿဝစနံ- ။ရဟန်း မည်သည် မိမိ စကားကို ဇတံ ဘဝိဿတီတိ န ကရောတိ။ ။ပြုသူသာ ဖြစ်ထိုက်သည်။ သူတပါး စကားကို လိုက်နာသူ မဖြစ်ထိုက်ဟူ သောအလိုဖြင့် ပြောသည်။ (၃၅၄)

အဘိဟဋ္ဌန္တိ ပုရေတရံ ဂဟေတွာ အာဟဋ္ဌံ ဘိက္ခံ။ ။မိမိ ထိုနေဆဲသို့ မရောက်မီ ကြိုတင်၍ ယူဆောင်

ထားသော ဆွမ်းကို "ရသေ့ရဟန်းမည်သည် မည်သူ့ကိုမျှ ရည်ရွယ်ခြင်းမရှိသော ဆွမ်းကိုသာ ခံယူထိုက်သည်"ဟူသော အလိုကြောင့် မခံယူ။

ဥဒ္ဒိဿကတံ။ ။ငါ့ကြောင့် သတ္တဝါငယ်များ သေကြရသည်ဟု ယူဆ၍ မခံယူ။ (၃၅၅)

နိမန္တနံ။ ။သူတို့စကားကို လိုက်နာရရောက်မည်ဟု ယူဆ၍ မခံယူ၊ [ကုမ္ဘီ-ကျက်ပြီး ထမင်းထည့်သောအိုး၊ ဥက္ခလိ-ထမင်းချက်သည့်အိုး၊ ပစ္ဆိ-ထမင်းထည့်သည့်တောင်း။ ကုမ္ဘီအာဒီသုပိ သော သဒ္ဒာသညီဘ် အားဟ "ကုမ္ဘီကဠောပိယော"တိ။]

သောဝီရကံ။ ။ဆန်ပွန်းရည်တည်း၊ ကေစိတို့ကား—လောဏသောဝီရကဟုဆိုကြသည်။ ထိုကေစိအဆိုသည် အဋ္ဌကထာ၌ "သဗ္ဗသဿသမ္ဘာရေဟိ ကတံ"ဟု ဆိုသောကြောင့် မသင့်၊ မှန်၏—လောဏသောဝီရကကို အလုံးစုံသော ငါး အသား အပွင့် အသီး စသော အဆောက်အဦးတို့ဖြင့် ပြုအပ်သည်။

ဒတ္တိ။ ။နှစ်လုပ် သုံးလုပ်စာဆံ့သော ဆွမ်းလောင်းသော ခွက်ငယ်ဘည်း။ ထို့ကြောင့် "ခုဒ္ဒကပါတိ"ဟု ဖွင့်သည်။

ဣတိ ဧဝရူပံ စသည်။ ။ကောဟိကန္တိအာဒိနာ ဝုတ္တာဝိမိဓမဝ ပဋိပါဋိယာ ပဝတ္တာဘာဝေန ဒဿေတုံ ပါဠိယံ "ဣတိ ဧဝ-ရူပန္တိ" အာဒိ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ (၃၅၆)

ဝေကဋိကော။ ။လေးပါးသော မဟာဝိကဋတို့တွင် ကျင်ကြီးကိုသာ အလိုရှိအပ်သောကြောင့် "ဂူထံ ဝုစ္စတိ"ဟု ဆိုသည်။ ထိုကျင်ကြီးကို သလိပ် သည်းခြေ သွေး ပြည်ဟူသော အာသယ အစွမ်းကြောင့် ပင်ကိုယ် အစာသဘောမှ ဖောက်ပြန်ရကား "ဝိကဋ"ဟု ခေါ်ရသည်။ (၁) ကျင်ကြီး၊ (၂) ကျင်ငယ်၊ (၃) သစ်စိမ်းပြာ (၄) မြေညက်အားဖြင့် မဟာဝိကဋလေးမျိုးရှိ၏။

ဤတပေါပက္ကမ အကျင့်၌ ဝါသဒ္ဒါပါမှု မပါမှု။ ။"အစေလကော ဟောတိ" မှစ၍"ထုသောဒကံ ပိဝတိ" တိုင်အောင်သော အကျင့်ပြပုဒ်တို့သည် ကောဝါရဖြစ်၏၊ "ကောဂါနိကော ဝါ ဟောတိ" စသော ပုဒ်တို့သည်လည်းကောင်း၊ "သာကဘက္ခော ဝါ

ဟောတိ''စသောပုဒ်တို့သည်လည်းကောင်း၊ သာဏာနိပိ ခါဒေတိ မသာဏာနိ ပိ ခါဒေတိ''စသော ပုဒ်တို့သည်လည်းကောင်း၊ နာနာဝါ နာနာကာလိက ဖြစ်ကြသည်။ ထို့ကြောင့် ဝါသဒ္ဒါ ပိသဒ္ဒါ ထည့်ထားသည်။ (ဤနေရာ၌ ပိသဒ္ဒါကိုလည်း ဝိကပ္ပတ္ထသာဟု မှတ်ပါ၊) အစေလကော ဟောတိ-စသည်တို့၌ ပိ ဝါ မျိုး မထည့်ပါ။ ထို့ကြောင့် ''အစေလကော ဟောတိ''ဟု ဆိုပြီးလျက် သာဏာနိပိ-စသည်ဆိုခြင်းသည်လည်းကောင်း၊ ''ရဇော ဇလ္လဓရော ဟောတိ''ဟု ဆိုပြီးလျက် ''ဥဒကာရောဟနာနုယောဂမနုယုတ္တော ဝိဟရတိ'' ဟု ဆိုခြင်းသည်လည်းကောင်း နှေးနှောက် ညီညွတ်သည်။ တနည်း-တိတ္ထိဝါဒ သည် အရှုးတောင်းနှင့် တူသောကြောင့် ညီညွတ် မညီညွတ် စဉ်းစားဖွယ်မလို ပါ။ စဉ်းစားခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း (ဝါ ပိ ပါ-မပါ စိစစ်ဖွယ် မလိုဟူလို။) တနည်း-''အစေလကော ဟောတိ''ဟု ဆိုပြီး၍ ထို၌ ငြိကပ်မှုဖြင့် အချင်းချင်း ဆန့်ကျင်သည်သာဖြစ်သော အတ္တကိလမထာနုယောဂ အားလုံးကို ပြလိုသော အစေလကဿပသည် ''သာဏာနိပိ ခါဒေတိ''စသည် ကို လျှောက်ထားသည်၊ (၃၅၈)

---

## တပေါပက္ကမ နိရတ္ထကဘာဝ

သီလသမ္ပဒါဒီဟိ၊ ။လောကုတ္တရာသမ္ပဒါ တို့ကို ယူပါ၊ (၃၅၈)

ဒေါသဝေရဝိရဟိတံ။ ။ဒေါသသည် မေတ္တာ၏ ဖြောင့်ဖြောင့် ဆန့်ကျင် ဘက်ဖြစ်သောကြောင့် ''ဒေါသဝေရဝိရဟိတံ''ဟု မိန့်၊ ဝေရ-အရ ဒေါသယူပါ။(အဝေရံ-ဒေါသဟု ဆိုအပ်သော ရန်မရှိသော ဟု ပါဠိတော် အနက်မှတ်ပါ။) ဋီကာဟောင်းကား ဒေါသသဒ္ဒါဖြင့် ဈာန ၏ ဆန့်ကျင်ဘက်ဖြစ်သော အလုံးစုံသော သံကိလေသဓမ္မတို့ကို ယူ၍ ဝေရ သဒ္ဒါဖြင့် ဆန့်ကျင်ဘက်ရန်သူ သတ္တဝါတို့ကို ယူပါ။ ဘာ့ကြောင့်နည်း— ဒေါသကင်းသော် ရန်ကင်းသောကြောင့်တည်းဟု ဆို၏။ ထိုဋီကာဟောင်း ဖွင့်ပြပုံကို ပါဠိတော်၌ ဝေရသဒ္ဒါသာ ရှိသောကြောင့်လည်းကောင်း၊ အဋ္ဌကထာ ၌လည်း ဝေရ၏ အနက်ကို ပြခြင်းငှာသာ ဒေါသသဒ္ဒါကို ဆိုသောကြောင့် လည်းကောင်း စဉ်းစားသင့်သည်။

**ပကတိကထာ**။ ။ထင်ရှားစွာ အသံပြုအပ် အနက်ကိုသိစေတတ်သောကြောင့် လောက၌ ထင်ရှားသော ပြောရိုးဆိုစဉ်စကားသည် ပကတိကထာမည်၏။

---

## သီလသမာဓိပညာသမ္ပဒါ

**အယံ ကိရ ပဏ္ဍိတော ၊ပေ၊ ကထံ ဥဂ္ဂဟေသိ**။ ။ရဟန္တာ ဖြစ်ဆိုက်သော အကြောင်းနှင့် ပြည့်စုံခြင်းကြောင့် ပညာနှင့် ပြည့်စုံ၍ ပဏ္ဍိတမည်၏၊ ဉာဏ် ရင့်ကျက်ပြီးသောကြောင့် အိုးတွင်း ဆီမီးကဲ့သို့ ခန္ဓာကိုယ်အတွင်း၌ အရောင်တောက်သော ဉာဏ်ပညာ ထက်မြက်မှုဖြင့် ဘုရားရှင် ဟောအပ်သောအနက်ကို စူးစမ်း ဆင်ခြင်နိုင်သည်။ (၃၅၉)

**ဣမာယ ၀ ကဿပ သီလသမ္ပဒါယာတိ**။ ။ဘုတိသဒ္ဒါ အာဒိအနက်၌၏။ ထိုဘုတ်ဖြင့် ပါဠိတော်၌ လာသော စိတ္တသမ္ပဒါယ ပညာသမ္ပဒါယကို ယူပါ။ ထို့ကြောင့် "သီလစိတ္တပညာသမ္ပဒါဟိ အညာ"ဟု မိန့်သည်။ ဤသီလစသည်တို့ဖြင့် အသေက္ခသီလက္ခန္ဓသုံးမျိုးကို သိမ်းယူအပ်သည်။ ထို့ကြောင့် "အရဟတ္တဖလမေ၀"ဟု မိန့်သည်။

---

## သီဟနာဒကထာ

**အနုတ္တရံ**။ ။အခြားသူတို့နှင့် မဆက်ဆံသောကြောင့်လည်းကောင်း၊ အခြားသူတို့နှင့် မဆက်ဆံသောအနက် ဟူသော အရာရှိသောကြောင့်လည်းကောင်း အနုတ္တရ မည်သည်။ (၃၆၀)

**သီလမေ၀**။ ။လောကီသီလမျှဖြစ်သောကြောင့် သီလသာမညသာဖြစ်သည်။ ၀ါသနာနှင့်တကွ ဆန့်ကျင်ဘက်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် ဘုရားရှင်၏ လောကုတ္တရာသီလသည် အနညသာဓာရဏ ဖြစ်

သက္ကဲ့သို့ လောကီသီလသည်လည်း လောကုတ္တရာသီလအား လျော်စွာဖြစ်သောကြောင့် အနုညာသာခေရဏပင်ဖြစ်ပါသည်။ ဤသို့ယူမှ နာဟံ ဘတ္တ-စသော ပဋိဘော်စကား သင့်လျော်မည်။ ယာဝတာ ကဿပ အရိယံ ပရမံ သီလံသည် သီလဿ ဝဏ္ဏံ ဘာသန္တိ၏ အာကာရတည်း။

မမ သီလသမေန ၊ပေ၊ သမံ။ ။သမသမံ၌ တူမျှသော ဝိသေသနဖြစ်သော သီလနှင့် တူ၏ ဟူသော အနက်ကိုသိစေခြင်းငှာ "မမ သီလသမေန သီလေန မယာ သမံ"ဟု မိန့်သည်။

ပဌမံ။ ။ဖြစ်စဉ်အားဖြင့် ရှေးဦးစွာ ဖြစ်သောကြောင့် ပဌမဖြစ်သော။

ပရမာ နာမ။ ။သဗ္ဗုတ္ကဋ္ဌဘာဝတော။ (၃၆၁)

ကမ္မဿကတာပညာ။ ။အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ-စသည့်နည်း အရဖြစ်သော ဉာဏ်တည်း။ ခွဲဦးအံ့-အကုသိုလ်အားလုံးသည် မိမိသန္တာန်မှာ ဖြစ်စေ၊ သူတပါးသန္တာန်မှာဖြစ်စေ အကျိုးကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း၊ အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း "သက" မမည်ပါ။ ကုသိုလ်ကံအားလုံးသည် မိမိသန္တာန်မှာဖြစ်စေ သူတပါး သန္တာန်မှာဖြစ်စေ အကျိုးမဲ့ကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း၊ အကျိုးစီးပွားကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း "သက" မည်၏။ ဤသို့ ကမ္မဿကအဖြစ်၌ ဖြစ်သောပညာသည် ကမ္မဿကတာပညာ မည်၏။ (ဤကို ထောက်၍ သက-အရ ကုသိုလ်ကိုသာ ယူရမည်ဟု သိပါ။)

ဝိပဿနာပညာ။ ။မဂ္ဂသစ္စာအားလည်းကောင်း၊ ပရမတ္ထသစ္စာအားလည်းကောင်း လျော်သောကြောင့် သစ္စာနုလောမိကဟု ခေါ်ဝေါ်အပ်သော ဝိပဿနာပညာတည်း။ လောကီမျှ ဖြစ်သောကြောင့် ပညာသာမည်၏။ (၃၆၁)

အဓိသီလံ အဓိစေတ္တံ အဓိပညာ။ ။သုံးမျိုးလုံးမှာ လောကီ လောကုတ္တရာအားဖြင့် နှစ်ပါးစီပြားသော ဘုရားရှင်တို့၏ သန္တာန်၌ဖြစ်သော သီလ ဝီရိယပညာတို့ကို ယူပါ။ အဓိဝိမုတ္တိမှာလည်း ထို့အတူ နှစ်ပါးပင် ယူရမည်။

ဝိမုတ္တိယေဝ။ ။ယထာရဟံ ပရိတ္တမဟဂ္ဂတဘာဝတော ဝိမုတ္တိယေဝ နာမ

သမုစ္ဆေဒ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိယော။ ။မဂ်ဖိုလ်အစွမ်းဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း ငြိမ်းအေးခြင်းတို့သည်သမုစ္ဆေဒပဋိပ္ပဿဒ္ဓိဝိမုတ္တိမည်၏။ တနည်း-သမ္မာဝါစာစသော ဝိရတိတို့ကို အဓိသီလသဒ္ဒါဖြင့်လည်းကောင်း၊ သမ္မာဝါယာမကို အဓိစေတ္တသဒ္ဒါဖြင့်လည်းကောင်း၊ သမ္မာဒိဋ္ဌိကို အဓိပညာသဒ္ဒါဖြင့်လည်းကောင်း ယူအပ်ပြီးသောကြောင့် (အဂ္ဂဟိတဂ္ဂဟဏနည်းဖြင့်) မဂ်ဖိုလ်၌ အကျုံးဝင်သော သမ္မာသင်္ကပ္ပ သတိ သမာဓိတို့သည် သမုစ္ဆေဒပဋိပ္ပဿဒ္ဓိဝိမုတ္တိ မည်၏ဟု မှတ်ပါ။ (၃၆၁)

သုညာဂါရံ။ ။သုညာဂါရဟူသည် အမှတ်မထား တပါးတပါးသော လူတို့မှ ကင်းဆိတ်ရာ အရပ်တည်း။ ထိုအရပ်၌ မိန့်မြွက်တော်မူသော ဘုရားမှတပါး အခြားသော လူမရှိဟု ပြခြင်းငှာ "ဧကာဝ" စသည်ကို မိန့်သည်။

အဋ္ဌသု ပရိသာသု။ ။ခတ္တိယပရိသာ ဗြာဟ္မဏပရိသာ ဂဟပတိ-သမဏ-စာတုမဟာရာဇိက - တာဝတိံသ-မာရ - ဗြဟ္မပရိသာ။ (၃၆၁)

ဝေသာရဇ္ဇာနိ။ ။ဉာဏ ပဟာန အန္တရာယိက နိယျာနိကဓမ္မတို့ကို ဟောတော်မူခြင်းကြောင့် တစုံတယောက်အထံမှသည်း ထိတ်လန့်ကြောက်ရွံ့မှု မရှိခြင်းတည်း။ ဝေသာရဇ္ဇဉာဏ်ဟူသည် လေးပါးသော ဌာနတို့၌ ကြောက်ရွံ့မှုမရှိခြင်းကို ဆင်ခြင်တော်မူသော မြတ်စွာဘုရား သန္တာန်၌ဖြစ်သော သောမနဿဉာဏ်၏ အမည်တည်း။ အခြားပုဂ္ဂိုလ်များနှင့်ဆက်ဆံမှု မရှိကြောင်းကို ပြခြင်းငှာ "တထာဂတဿ တထာဂတဝေသာရဇ္ဇာနိ" ဟု ဟောတော်မူသည်။ (၃၆၂)

အာသဘံ ဌာနံ။ ။နွားတရာတို့၏ အကြီးအကဲသည် ဥသဘ၊ နွားတထောင်တို့၏ အကြီးအကဲသည် ဝသဘ၊ တနည်း-နွားခြံတရာတို့၏ အကြီးအကဲသည် ဥသဘ၊ နွားခြံတထောင်တို့၏ အကြီးအကဲသည် ဝသဘ၊ တနည်း-တခုသော ဂါမခေတ်၌ အကြီးအကဲသည် ဥသဘ၊ ဂါမခေတ်နှစ်ခု၌ အကြီးအကဲသည် ဝသဘ၊ နွားအားလုံးတို့ထက် မြတ်ခြင်း၊ မည်သည့် ဂါမခေတ်၌မဆို အကြီးအကဲဖြစ်ခြင်း၊ အလုံးစုံသော ဘေးရန်ကို လွှမ်းမိုးသည်းခံနိုင်ခြင်း၊ ဖြူသောအဆင်းရှိခြင်း၊ ပါသာဒိကဖြစ်ခြင်း၊ များစွာသောဝန်ကို ဆောင်နိုင်ခြင်း၊ မိုးကြိုးသံတရာတို့ကြောင့်သော်မှသည်း တုန်လှုပ်မှုမရှိခြင်း

ဟူသော ဂုဏ်များနှင့် ပြည့်စုံသော နွားလားကို နိသဘဟု ခေါ်သည်။ နိသဘနှင့် ဥသဘသည် ပရိယာယ်ဖြစ်သောကြောင့် ဤနေရာ၌ နိသဘကိုသာ ဥသဘဟု ယူပါ။ (ဥသဘ ဝသဘ နိသဘ ဟူသော ဤသုံးမျိုးကို ပုင်္ဂဝဟု ခေါ်သည်။)

အာသဘနှင့် တူပုံ။ ။နိသဘဟု ဆိုအပ်သော ဥသဘသည် ဥသဘဗလနှင့် ပြည့်စုံသည်ဖြစ်၍ ခြေလေးချောင်းဘိုဖြင့် မြေကို ဖိနှိပ်နင်းကာ မတုန်မလှုပ် ရပ်တည်သကဲ့သို့ ဤနည်းတူစွာ မြတ်စွာဘုရားသည်လည်း ဆယ်ပါးသော တထာဂတဗလနှင့် ပြည့်စုံသည်ဖြစ်၍ လေးပါးသော ဝေသာရဇ္ဇခြေတို့ဖြင့် ရှစ်ပါးဟူသော မြေကို ဖိနှိပ်နင်းကာ နတ်နှင့်တကွသော လောကဝယ် တစုံတယောက်သော ရန်သူကြောင့်မျှ တုန်လှုပ်ခြင်း မရှိ တည်ငြိမ်စွာ ရပ်တည်တော်မူသည်၊

သီဟနာဒ်။ ။သားတို့သခင်ဖြစ်သော ခြင်္သေ့မင်းကိုဘေးရန်အပေါင်းတို့ကို လွှမ်းမိုးနိုင် သည်းခံနိုင်သောကြောင့်လည်း ကောင်း၊ နွားကျွဲ အမုန်ရှင်သော ဆင်စသော သတ္တဝါတို့ကို သတ်ဖြတ်သောကြောင့် လည်းကောင်း သီဟဟု ဆိုအပ်သကဲ့သို့၊ ဤနည်းအတူ မုနိဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားကိုလည်း လောကဓံတရားတို့ကို သည်းခံတော်မူနိုင်သောကြောင့်လည်းကောင်း၊ သူတပါးတို့၏ အယူဝါဒကို ဖျက်ဆီးတော်မူနိုင်သောကြောင့်လည်းကောင်း သီဟဟု ခေါ်ဆိုရသည်၊ သားတို့သခင်ဖြစ်သော ခြင်္သေ့မင်းသည် သီဟဗလနှင့် ပြည့်စုံသည်ဖြစ်၍ အလုံးစုံသော အရပ်တို့၌ မရွံ့မကြောက် ရဲရဲတောက် ဟိန်းဟောက်သကဲ့သို့၊ ဘုရားရှင်တည်းဟူသော ခြင်္သေ့မင်းကြီးသည်လည်း ဆယ်ပါးသော တထာဂတဗလနှင့် ပြည့်စုံသည်ဖြစ်၍ ပရိသတ်ရှစ်ပါးတို့၌ မကြောက်မရွံ့ ရဲဝံ့စွာ "ဣတိ ရူပံ" စသောနည်းဖြင့် အမျိုးမျိုးသောဒေသနာတော်၏ တင့်တယ်မှုနှင့်ပြည့်စုံသော သီဟနာဒကို မိန့်မြွက်တော်မူပါသည်။ ထို့ကြောင့် "ပရိသာသု သီဟနာဒံ နဒတိ"ဟု မိန့်တော်မူသည်။ (၃၆၂)

ဗျာကရောတိ။ ။ပဥှဟူသည် သိခြင်းငှာ အလိုရှိအပ်သော အနက်တည်း။ ထိုအနက်ကို မိမိတို့ ဉာဏ်စွမ်းအားလျော်စွာ စီမံ၍ မေးလျှောက်ကြသည်။ ဘုရားရှင်သည် မေးရာခဏ၌ပင် ထိုခဏ၌ ဖြစ်ပေါ်လာသော ပဋိဘာန်ဉာဏ်ဖြင့် ဖြေဆိုတော်မူသည်။

စိတ္တံ အာရာဓေတိ။ ။အဇ္ဈာသယအား လျော်စွာလည်းကောင်း၊ အကျိုးအကြောင်းအားလျော်စွာ လည်းကောင်း၊ ဖြေဆိုတော်မူသောကြောင့် နှစ်သက်ကြသည်။

**သောတဓာတ်ု မညန္တိ။** ။ရုပ်ပြစ်ရှစ်ပါးမှ လွတ်သော နှမခေကာ်ဦသာ ရအပ်ရနိုင်သောကြောင့် ဘုရားဟောသော တရားကို ငါတို့သည် နားယူကုန်အံ့ဟု ရိုသေမှုဖြစ်ကာ ကြိုးကြိုးစားစား နားယူထိုက်၏ လက်ခံထိုက်၏ဟု အသိအမှတ်ပြုကြသည်။ (၃၆၃)

**ကလ္လစိတ္တာ မုဒုစိတ္တာ။** ။ကြည်ညိုမှု တိုးတက်သဖြင့် ဥပက္ကိလေသ ကင်းသောကြောင့် ခံ့ကျန်းသောစိတ် နူးညံ့သောစိတ် ရှိကြသည်။

**ပသန္နာကာရော။** ။ကြည်ညိုသူတို့သည် ပြုထိုက်သော သက္ကာရသည် ပသန္နာကာရမည်၏။ ထိုပသန္နာကာရသည် မေ့ပူဇာ အာမိသပူဇာအားဖြင့် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အာမိသပူဇာကို ပြလို၍ "ပဏီတာနိ" စသည်ကို မိန့်သည်။ မေ့ပူဇာကိုကား ပဉ္စိတော်၌ပင် "တထတ္တာယ ပဋိပဇ္ဇန္တိ" ဖြင့် ပြပြီးဖြစ်သည်။ (၃၆၃)

**တထတ္တာယ။** ။တထတ္တဟူသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရည်ရွယ်၍ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်ခြင်းပင်တည်း။ ထိုလောကုတ္တရာ တရားကိုးပါး အားလျော်သော အကျင့်ကို ကျင့်ခြင်းသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ထိုလောကုတ္တရာ တရားကိုးပါးအားလျော်သော အကျင့်ကို ကျင့်သောပုဂ္ဂိုလ်များ ကျင့်ရမည့်အစဉ်ကို ပြလို၍ "ဧကစ္စ သရဏော" စသည်မိန့်။

**မဟာသီဟနာဒံ။** ။များစွာသော သီဟနာဒရှိသောကြောင့် ဤသုတ်ကို မဟာသီဟနာဒသုတ်ဟု ခေါ်သည်။ မဇ္ဈိမနိကာယ်လာ မဟာသီဟနာဒသုတ်ကဲ့သို့ စူဠသီဟနာဒသုတ်ကို ထောက်၍ မဟာသီဟနာဒဟု ခေါ်သည်မဟုတ်ပါ။ (၃၆၄)

---

## တိတ္ထိယပရိဝါသကထာ

**ထေြ မံ စသည်၊** ။နိဂြောဓက ပြဿနာမေး၍ ဘုရားရှင်က ဖြေရာအခါ၌ ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူ

သည်မဟုတ်ပါ၊ ရာဇဂြိုဟ်မြို့အနီး ဥဒုမ္ဗရိကာမိဖုရား၏ ဥယျာဉ်၌သာ မေးအပ်သောကြောင့်လည်းကောင်း၊ ဖြေတော်မူအပ်သောကြောင့်လည်းကောင်း ထိုဥယျာဉ်၌သာ သီတင်းသုံးတော်မူပါသည်။ သို့သော် ဘုရားရှင်၏ ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူခြင်းသည် အဆက်မပြတ်သေးပါ။ ထို့ကြောင့် ပါဠိတော်၌ "တတြ မံ" စသော စကားကိုလည်းကောင်း၊ အဋ္ဌကထာ၌ "တတြ ရာဇဂဟေ ဂိဇ္ဈကူဋေ ပဗ္ဗတေ ဝိဟရန္တံ မံ" စသောစကားကိုလည်းကောင်း ဆိုအပ်ပါသည်။ ဤအနက်ကို "ယံ တံ ဘဂဝါ" စသောစကားဖြင့် သိစေအပ်သည်ဟု မှတ်ပါ။ (၃၆၅)

ဂိဇ္ဈကူဋေ မဟာဝိဟာရေ။ ။ဤပါဠိဖြင့် "ဂိဇ္ဈကူဋေ ပဗ္ဗတေ" ဟူသော စကားကို ဂိဇ္ဈကုဋ်တောင်ပေါ်၌ ဆောက်လုပ်အပ်သော ကျောင်းကို ရည်ရွယ်၍ ဆိုအပ်သည်ဟု ပြသည်။

ဥယျာနေ စသည်။ ။ဥယျာနေ-ကို ဥဒုမ္ဗရိကာဥယျာဉ်၌ ဆောက်လုပ်အပ်သော ပရိဗ္ဗိုဇ်အာရာမ်ကို ရည်ရွယ်၍ဆိုသည်။နိဂြောဓသည် အဝတ်ဝတ်သော ပရိဗ္ဗိုဇ် ဖြစ်၍ သန္ဓာနကား ဥပါသကာငါးရာ အခြံအရံရှိသော အနာဂါမ်ဥပါသကာတည်း။

သာမဏေရဘူမိယံ ဌိတော။ ။ရှေးဦးစွာ ရှင်အဖြစ်ကိုယူ၍သာလျှင် ပရိဝါသ် နေရ သောကြောင့် "သာမဏေရဘူမိယံ ဌိတော" ဟု မိန့်သည်။

အပရိဝသိတ္ဗာယေဝ ပဗ္ဗဇ္ဇံ လဘတိ။ ။သာမဏေရအဖြစ်၌ တည်သူသာ ပရိဝါသ် နေအပ်၏။ လူဖြစ်သူသည် ပရိဝါသ် မနေအပ်။ ထို့ကြောင့် "အပရိဝသိတ္ဗာယေဝ ပဗ္ဗဇ္ဇံ လဘတိ" ဟု မိန့်သည်။

နဂ္ဂါမပ္ပဝေသနာဒီနိ။ ။ဤ၌ အာဒိသဒ္ဒါဖြင့်—

(၁) "ပျိုကြီးဇေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ။ ဘိက္ခုနီ ပဏ္ဍကာ၊ အရက်စရာ၊ ငါးဖြာသရုပ်ပြ" ဟူသော အဂေါစရငါးခု၌ မကျက်စားခြင်း၊

(၂) သီတင်းသုံးဖော်တို့ ပြုဖွယ်ကိစ္စများ၌ ကျွမ်းကျင် နားလည်လာ မပျင်းမရိ ပြုလုပ်ခြင်း၊

(၃) ဥဒ္ဒေသပရိပုစ္ဆာ စသည်တို့၌ ထက်သန်သော ဆန္ဒရှိခြင်း၊
(၄) ပြောင်းလာခဲ့ရာ တိတ္ထိတို့၏ အပြစ်ကို ပြောရာ၌ နှစ်သက်ခြင်း၊
(၅) ဘုရား စသည်တို့၏ အပြစ်ကိုပြောရာ၌ မနှစ်သက်ခြင်း၊
(၆) ပြောင်းလာခဲ့ရာ တိတ္ထိတို့၏ ဂုဏ်ကို ပြောဆိုရာ၌ မနှစ်သက်ခြင်း၊
(၇) ဘုရား စသည်တို့၏ ဂုဏ်ကို ပြောဆိုရာ၌ နှစ်သက်ခြင်းဟူသော ဤကျင့်ဝတ်ခုနစ်ပါးတို့ကို ယူပါ။ (၃၆၅-၆)

**ဂါမဓမ္မေ နိသိဒိတွာ။** ။ဥပသမ္ပဒကံ ပြုရန် အနေရအတွက် ပြည့်စုံသော ရဟန်းတော်တို့၏အလယ်၌ သံဃထေရ်ကဲ့သို့ အစေလကာဿပကို ချီးမြှောက်ခြင်းအကျိုးငှာ ထိုင်းတော်မူ၍ဟု ဋီကာဟောင်း ဖွင့်သည်။ ယခုအခါ စာအုပ်များစွာတို့၌ကား "နိသီဒါပေတွာ"ဟု တွေ့ရသည်ဟု ဋီကာသစ်ဆို၏။ (၃၆၆)

**ကာယေ စေဝ စိတ္တေ စ။** ။ဥပဓိဝိဝေက အကျိုးငှာ ကျင့်ရာဖြစ်သောကြောင့် ဤနေရာ၌ ကာယဝိဝေက စိတ္တဝိဝေက တို့ကိုသာ ယူသည်။ ထို့ကြောင့် "ကာယေ စေဝ စိတ္တေ စ"ဟု ဖွင့်သည်။

**အပ္ပမတ္တောတိ ကမ္မဋ္ဌာနေ သတိံ အဝိဇဟန္တော။** ။သဒ္ဓါပဗ္ဗဇိတ ပုဂ္ဂိုလ်အတွက် သီလစင်ကြယ်ဖို့ရန် မမေ့မလျော့ ဖြစ်မှုမှာ အထူးဆိုဖွယ် မလို။ အဝုတ္တသိဒ္ဓိ နည်းအားဖြင့်ပြီးသောကြောင့် ကမ္မဋ္ဌာန်း၌ မမေ့မလျော့ ပုံကိုသာ ဖွင့်တော်သည်၊

**ပေဟိတတ္တော။** ။နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသူသည်ဟု ဆိုလို၏။ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသူသည် ကိုယ်နှင့်အသက်မငဲ့ကွက်သောကြောင့် စွန့်လွှတ်အပ်သော ကိုယ်ရှိသူ မည်၏။ ဤအဓိပ္ပာယ်ကို ထင်ရှားပြခြင်းငှာ "ဝိဿဋ္ဌအတ္တဘာဝေါ"ဟု မိန့်သည်။ အတ္တ-အရ ရူပကာယ၏ အရာမဟုတ်သောကြောင့် စိတ်ကိုသာ ယူပါ။

**ကုလပုတ္တာ။** ။ဇာတိကုလပုတ္တာတို့သည်လည်း အာစာရနှင့် ပြည့်စုံမှသာ အရဟတ္တဖိုလ် ရခြင်းငှာ ရှင်ဖြစ်ရန် ရှင့်ကြသည်။ ထို့ကြောင့် ဇာတိကုလပုတ္တာတို့ကိုလည်း အာစာရကုလပုတ္တာတို့ဖြင့်ပင် အတူ သိမ်းယူမှုပြုလျက် "အာစာရကုလပုတ္တာ"ဟု မိန့်သည်။ ဤပါဌ်ဖြင့် အာစာရနှင့် ပြည့်စုံသော ဇာတိကုလပုတ္တာတို့ကိုလည်း သိမ်းယူသည်။ အာစာရကုလပုတ္တာကိုသာ အလိုရှိအပ်ကြောင်းကို "သမ္မဒေဝ"ဟူသော (သဒ္ဒန္တရိက်) ပါဌ်

ကြောင့် သိနိုင်သည်။ ဩတိဏ္ဏောမှိ ဇာတိယာ-စသောနည်းဖြင့် သံဝေဂရှေ့ရှိသော ဆုံးမသွန်သင်သည့်အတိုင်း ကျင့်သော ရှင်ရဟန်းပြုခြင်းကို ရည်ရွယ်၍ "သမ္မဒေဝ"ဟု ဆိုသည်။ ထို့ကြောင့် "ဟောတုနာဝ ကာရဏောနေဝ" ဟု ဖွင့်ဆိုသည်။ (၃၆၆)

**အရဟတ္တဖိုလ်ကို အနုတ္တရ၊** ။အခြားသော တရားတို့သည် ထိုသို့သဘောမရှိသောကြောင့် အရဟတ္တဖိုလ်ကိုသာ "အနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ"ဟု ဆိုထိုက်ပါသည်။ (၃၆၇)

**အညတရော။** ။ဤနေရာ၌ အမည် အနွယ် စသည်တို့ဖြင့်မထင်ရှားသောကြောင့် "အညတရော"ဟု ဆိုသည်မဟုတ်၊တယောက်ဘည်းဖြစ်သည့်အတွက် "အညတရော"ဟု ဆိုသည်။

**အရဟာန္တံ။** ။နိဒ္ဒါရဏအနက်၌ သာမိဝိဘတ်တည်း၊ ထို့ကြောင့် "အရဟန္တာနံ-ရဟန္တာအပေါင်းတို့တွင်၊ အညတရော-တယောက်အပါအဝင်သည်"ဟု ပေးပါ။ ဤအဓိပ္ပာယ်ကို ပြလိုသောကြောင့် ဘဂဝတော-စသောစကားကို ဆိုသည်။ ကေစိတို့ကား-သမ္ဗန္ဓအနက်၌သာ သာမိဝိဘတ်ဟု ဆိုကြသေး၏။ ထိုကေစိတို့ အလို "ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကာနံ-သော၊ အရဟတံ-ရဟန္တာတို့၏၊ အညတရော-အတွင်းဝင်သူသည်၊ အဟောသိ-ဖြစ်ပြီ"ဟု ပေးပါ။

မဟာသီဟနာဒသုတ် ပြီးပါပြီ။

# ပေါဋ္ဌပါဒသုတ်

## ပေါဋ္ဌပါဒပရိဗ္ဗာဇကဝတ္ထု

**သာဝတ္ထိံ ဥပနိဿာယ။** ။သက်န်းစသော ပစ္စည်းနှင့် ဆက်စပ်သောအားဖြင့် အမှီပြု၍ နေတော်မူသည်။ (၃၆၈)

**ဇေတဿ ကုမာရဿ ဝနေ။** ။ဇေတမင်းသားသည် စိုက်ပျိုးအပ် ကြီးပွားစေအပ် စောင့်ရှောက် အပ်သောကြောင့် ဇေတဝန။

**အနာထပိဏ္ဍိကေန ဂဟပတိနာ အာရာမေ ကာရိတေ။** ။**အနာထပိဏ်** သူဌေး သည် ဇေတမင်းသား၏လက်မှ တဆယ့်ရှစ်ကုဋေသော ငွေအသပြာကို ဖြန့်ခင်း၍ ဥယျာဉ်ကို ဝယ်ယူကာ တဆယ့်ရှစ်ကုဋေသော ငွေအသပြာတို့ဖြင့်ပင် ကျောင်း တော်ကို ဆောက်လုပ်စေ၏။ တဆယ့်ရှစ်ကုဋေသော ငွေအသပြာတို့ဖြင့်ပင် ကျောင်းတော် ပူဇော်ပွဲကို ပြီးဆုံးစေသည်။ ဤသို့ ငါးဆယ့်လေးကုဋေသော ငွေကို စွန့်လှူခြင်းဖြင့် ထိုအာရာမ်ကို ဘုရားအမှူးရှိသော ရဟန်း သံဃာ အပေါင်းအား လှူဒါန်း အပ်နှင်းသည်။ ထို့ကြောင့် "အနာထ ၊ပေ၊ ကာရိတေ"ဟု ဆိုသည်။ အနာထပိဏ်သူဌေး၏ ငယ်မည်မှာ သုဒတ္တတည်း။ ကိုးကွယ်ရာ မရှိသူတို့အား ထမင်းပေးတတ်သောကြောင့် "အနာထပိဏ္ဍိက" ဟု အမည်တွင်သည်။ "အာရာမေ-အပွင့် အသီး အညွန့် စသည်တို့နှင့် ပြည့်စုံ သောကြောင့် လာလာသမျှ ရှင်ရဟန်းတို့၏ မွေ့လျော်ရာအရပ်။"

**ပေါဋ္ဌပါဒေါ ပရိဗ္ဗာဇကော။** ။ခြေထောက်၌ အဖုရှိသောကြောင့် ပေါဋ္ဌ ပါဒမည်၏။ ပရိဗ္ဗာဇကသည် အဝတ်ဝတ်သူ အဝတ်မဝတ်သူဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အဝတ်မဝတ်သူသည်လည်း လုံးလုံးအဝတ်မရှိသော အစေကလ၊ အထက်ပိုင်း၌ အဝတ်တထည်ကို လက်က တီးကြား၌ သွင်း၍ သွားလေရာ ဆောင်ယူလျက် အောက်ပိုင်း၌ကား

အဝတ်မရှိသော အာဇီဝက ဟု နှစ်မျိုးရှိပြန်၏၊ ဤပေါ်ဌပါဒကား ထိုနှစ်မျိုးလုံးမဟုတ်၊ အဝတ်ဝတ်သော ပရိဗ္ဗိုဇ်တည်း။ ထို့ကြောင့် "ဆန္နပရိဗ္ဗာဇကော"ဟု မိန့်သည်။ ဆန္နပရိဗ္ဗာဇကော-အဝတ်၏ အရိပ်ဖြင့် ဖုံးလွှမ်းခြင်း ဟူသော ရှင်အဖြစ်သို့ ကပ်ရောက်သောကြောင့် ဆန္နပရိဗ္ဗာဇကမည်သူ။

ပဘုတိ အာဒိ။ ။ပဘုတိဖြင့် တောဒေယျ၊ ဇာဏုသောဏိ၊ သောဏဒဏ္ဍ၊ ကူဋဒန္တစသည်တို့ကို ယူ၍ အာဒိသဒ္ဒါဖြင့် ဆန္နပရိဗ္ဗိုဇ် စသည်တို့ကို ယူပါ။ (၂၆၉)

သဗ္ဗညုတညာဏံ ပဋ္ဌရိတ္ဒွာ။ ။တပါးမက များလှစွာသောအခြင်းအရာရှိသော အကြွင်းမရှိသော သိဖွယ်အကြောင်းအရာတို့ကို ထင်စွာပြနိုင်ခြင်းကြောင့်လည်းကောင်း၊ (ဝေဖန်သောကြောင့်လည်းကောင်း၊) အထပ်ထပ်အခါခါ ဖြစ်ခြင်းကြောင့်လည်းကောင်း ဘုရားရှင်၏ ဉာဏ်တော်သည် သိဖွယ်ရှိသမျှ တလောကလုံး၌ ဖြန့်ထားအပ်သကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့် "သဗ္ဗညုတညာဏံ ပတ္ထရိတွာ"ဟု မိန့်သည်၊ ယင်းသို့ ဖြန့်ထားအပ်သကဲ့သို့ ဖြစ်ခြင်းကြောင့် ထိုဉာဏ်တော်ကို "ဉာဏ်ကွန်ရက်"ဟု ဆိုရသည်။

ကိံ နု ခေါ ၊ပေ၊ ဥပပရိက္ခန္တော။ ။ဝေနေယျသတ္တဝါတို့ကို သိမ်းယူခြင်းအကျိုးငှာ သဗ္ဗညုတဉာဏ်တော်ကို ဖြန့်တော်မူသောအခါ ရှေးဦးစွာ ဝေနေယျသတ္တဝါတို့သည် ဝေနေယျအဖြစ်ဖြင့် ထင်လာ၏။ ထိုသို့ထင်လာပြီးနောက် ထိုထင်လာသော သတ္တဝါ၏ သရဏဂုံသော အကျိုး၏ ပြီးစီးမှုကို ဆက်၍ စူးစမ်းတော်မူ၏၊ ထို့ကြောင့် "ကိံ နု ခေါ ဘဝိဿတိတိ ဥပပရိက္ခန္တော"ဟု မိန့်သည်။

သဗ္ဗဗုဒ္ဓါနံ ဉာဏေန သံသန္ဒိတွာ။ ။အတိတ်ဘုရားရှင်များ၊ အနာဂတ်ဘုရားရှင်များသည် နိဒါနနှင့် နိဒါနမှ ထမြောက်ပုံကို ဖြေဆိုကြသော အခြင်းအရာအားဖြင့် ဖြေဆိုတော်မူခြင်း၏ အစွမ်းဖြင့် နှီးနှောသည်။

သုရတ္တဒုပဋ္ဋံ စသည်။ ။သုရတ္တဒုပဋ္ဋံ-ကောင်းစွာ ဆိုးအပ်သော နှစ်ထပ်ရှိသော သင်းပိုင်ကို၊ နိဝါသေတွာ-အထက်အောက် ပြန်လည်စေခြင်း၏ အစွမ်းဖြင့် ဝတ်၍။ ဝါ-လဲလှယ်ကာဝတ်၍၊ ယုဂန္ဓရပဗ္ဗတံ ပရိက္ခိပိတွာ-ဤစကားသည် ကြံဆ၍ ဥပမာပြုအပ်သော ပရိထပွေ့ါပမာ

စကားတည်း။ ယုဂန္ဓိုရ်တောင်ကို ရစ်ပတ်၍ နေသော မိုးတိမ်ရှိလျှင် ထိုမိုးတိမ်အဆင်းနှင့် တူသည်ဟု ဆိုလိုသည်။ (မေဃဝဏ္ဏံ-ဆည်းဆာရောင်ဖြင့် တပ်စွဲအပ်သော မိုးတိမ်အဆင်းရှိသော၊) ယုဂန္ဓရပဗ္ဗတံ ပရိက္ခိပိတွာ-ဖြင့် ပံ့သုကူသင်္ကန်းတော်၏ သဏ္ဌာန်အားဖြင့် ပြည့်စုံပုံကို ပြ၍ မေဃဝဏ္ဏံ- ဖြင့် ထိုပံ့သုကူသင်္ကန်းတော်၏ အဆင်းအားဖြင့် ပြည့်စုံပုံကို ပြသည်။

ပစ္စဂ္ဃံ။ ။တလုံးတည်းဖြစ်အောင် အဓိဋ္ဌာန်မပြုမီက အသီးအခြားဖြစ်၍ များစွာ တန်ဖိုးရှိသော၊ ဝါ-အသစ်စက်စက် ဖြစ်သော။ အချို့ ဆရာများကား ရှေးအနက်ကို မနှစ်သက်ကြပါ။ ဘာ့ကြောင့်နည်း-ဘုရားရှင်များသည် တန်ဖိုးကြီးသောသပိတ်ကို ခံယူတော်မူကြ သုံးဆောင်တော်မူကြမည်မဟုတ်သောကြောင့်တည်း။ ဤနေရာ၌လည်း နောက်အနက်ကိုသာ ယူပါ။ အသစ်ဖြစ်သောကြောင့် ပစ္စဂ္ဃဟု အသစ်တုံးက ရအပ်သော အမည်ဖြစ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်းအားဖြင့်လည်းကောင်း၊ အခြားသူများ မသုံးဆောင်သောကြောင့်လည်းကောင်း "ပစ္စဂ္ဃ"ဟုပင် ဆိုနိုင်သည်။

တနည်း—ထိုသပိတ်တော်သည် အမြဲအသစ်စက်စက်ဖြစ်နေဖို့ရန် ဘုရားရှင်၏ အဓိဋ္ဌာန်တော်မူခြင်းကြောင့် အမြဲအသစ်စက်စက်ဟုပင် ဆိုနိုင်သည်။

သေလမယပတ္တံ။ ။ပဲနောက် အဆင်းရှိသော ကျောက်အတိ ပြီးသော နတ်မင်းကြီးလေးယောက် လှူဒါန်းအပ်သော သပိတ်တော်တည်း။ မှန်၏-ဘုရားရှင်သည် ဤသပိတ်တော်ကိုသာ အမြဲသုံးစွဲတော်မူ၏။ ဘာ့ကြောင့်နည်း—သမစိတ္တသုတ်အဖွင့်စသည်တို့၌လည်း ထိုသို့ သုံးစွဲသည်ဟု ဖွင့်ဆိုထားသောကြောင့်တည်း။

အတ္တနော ရူစိဝသေန။ ။ကိုယ်တော်မြတ်၏ အဇ္ဈာသယအစွမ်းဖြင့်နေကိုကြည့်သည်။ အခြားသူများ တိုက်တွန်းလို့ ကြည့်သည် မဟုတ် ဟူလို။

အတိပ္ပဂေါ ခေါ တာဝ ဒိသွာ။ ။ဤစကားသည် ဟုတ်မှန်သော အကြောင်းအရာကို ပြဆိုသော စကားတည်း။ ဤစကားသည် ဆွမ်းခံလှည့်လည်ချိန် မရောက်သေးဟု ပြခြင်းအကျိုးရှိ၏၊ မှန်၏-ဘုရားရှင်သည် ထိုအခါ၌ မနက်စောစောကပင် ဝါသနာဘာဂိယအကျိုးငှာ တရားဒေသနာတော်ဖြင့် ပေါဋ္ဌပါဒကို ချီးမြှောက်အံ့ဟု ကြံ၍ ကျောင်းတော်မှ ထွက်တော်မူခဲ့သည်။

ပဂေ္ဂါ။ ။ပ-ဥပသာရနောင် ဩ-နှင့် ဂ-လာ၍ ပြီးသည်။ ပ-ဥပသာရကာ ပင် အစောအနက်ကို ဟောသည်။ တနည်း-ပဂေါနိပါတ်တည်း။ တနည်း-ပဌမံ ဂစ္ဆတိ ဒိဝသဘာဝေန ပဝတ္တတီတိ ပဂေါဟု ဝိဂ္ဂဟ်ပြုရသော နာမ်ပုဒ်တည်း။

သံသယော နာမ နတ္ထိ။ ။ဘုရားရှင်တို့မှာ သံသယကို ဗောဓိပင်ရင်း၌ပင် အကြွင်းမဲ့ ပယ်သတ်အပ်ပြီးသောကြောင့် သံသယ မရှိပါ။ (၃၇၁)

သဗ္ဗဗုဒ္ဓါနံ လဒ္ဓတိ။ ။စိစစ်တော်မူခြင်း၏ အစွမ်းဖြင့်သာလျှင် ဖြစ်သော ကြောင့် ဘုရားရှင်အားလုံးတို့၏ သန္တာန်မှာ အလို ရှိအပ်သော ကိစ္စ၏ ရှေးအဖို့၌ကြံစည်ခြင်းဟုဆိုအပ်သော စိတ်တော်ဖြစ်ခြင်းကို ကား ရနိုင်ပါသည်၊ သံသယအစွမ်းဖြင့် ဖြစ်ခြင်းမဟုတ်သောကြောင့် ရနိုင် ခြင်းဖြစ်သည်။

ဥဒ္ဒုမ္ဗိနိယာ။ ။များစွာ မြင့်တက်ခြင်းရှိသော အသံသည် ဥဒ္ဒုမ္ဗဒမည်သကဲ့ သို့ ထိုအတူ ပြန့်ကျယ်သည်၏အဖြစ်ဖြင့် အဆင့်ဆင့်ဖြစ် သော အသံသည်လည်း ဥဒ္ဒုမ္ဗဒမည်သောကြောင့် ထိုအသံနှစ်မျိုးကို တခေါင်း တည်းပြု၍ ပါဠိတော်၌ "ဥဒ္ဒုမ္ဗိနိယာ"ဟု ဟောတော်မူပြီး၍ ထိုဥဒ္ဒုမ္ဗိနိ ကိုပင် ဝေဖန်၍ ပြခြင်းငှာ "ဥစ္စာသဒ္ဒ မဟာသဒ္ဒါယ"ဟု မိန့်သည်၊ များစွာ မြင့်တက်သောကြောင့် အထက်အဆက်၌ တက်၍ ဖြစ်ခြင်း၏ အစွမ်းဖြင့် ဥစ္စာ သဒ္ဒ၊ ဘုံအဆင့်ဆင့်အားဖြင့် အလုံးစုံသော အရပ်မျက်နှာတို့၌ ကျယ်ပြန့် ခြင်း၏အစွမ်းဖြင့် မဟာသဒ္ဒ-ဟု မှတ်ပါ။ ၈

ကာမဿာဒ ဘဝဿာဒ။ ။ကာမဂုဏ်ကို သာယာတတ်သော တဏှာသည် ကာမဿာဒမည်၍ ကာမဆုဂ စသည်တို့နှင့်တကွ ဖြစ်သောဘဝတို့၌ သာယာတတ်သော တဏှာသည် ဘဝဿာဒမည်၏။

ခေဠောပမကူပမာ ဇာတာ။ ။နေထွက်ရာအခါ၌ ပိုးစုန်းကြူးကဲ့သို့ အရောင် မရှိသည်ကို ရည်ရွယ်၍ ဆိုသည်။

သဏ္ဍာပေသိ။ ။စောင့်စည်းခြင်းအစွမ်းဖြင့် ကောင်းစွာ တည်စေပြီး၊ ကောင်းစွာ တည်စေဟူသည် တိရစ္ဆာနကထာ ပြောခြင်းဖြင့် အချင်းချင်း၌ မလေးမစားဖြစ်နေမှုကို စွန့်စေခြင်းအစွမ်းဖြင့် အကျင့်အာစာရ ကိုသင်ပေးခြင်း၊ မိမိတို့၌ နဂိုအရှိနေသော နှုတ်အပြစ်များကို လျှို့ဝှက်ခြင်းတည်း၊ ထို့ကြောင့် "သိက္ခာပေသိ"စသည်ကို မိန့်သည်။ (၃၇၁-၂)

ဥစ္စာကုလီနတာယ။ ။မဟာသမ္မတမင်းမျိုး မှ စ၍ မရောစပ်သော မင်းမျိုး ရှိသောကြောင့်ဟု ပေးပါ။ [သမဏော ခလု ဘော ဂေါတမော ဥစ္စာကုလာ ပဗ္ဗဇိတော အသမ္ဘိန္နခတ္တိယကုလာ]၊ ဥစ္စာကုလီန-တာယပဋ္ဌဖြင့် သာသနာတော်၌ မကြည်ညိုသောသူတို့သည်လည်း အမျိုးကို လေးစားသောအားဖြင့် ဘုရားရှင်ကို ရှိသေကြောင်း ပြသည်။

ဝိပ္ပကတာ။ ။အားထုတ်၍ မပြီးဆုံးသေးသောစကားတည်း၊ ''ကာ ကထာ ဝိပ္ပကတာ''ဟု မိန့်တော်မူသဖြင့် ငါသည် ထိုစကားကို ပြီးဆုံးစေမည်ဟု ဝန်ခံတော်မူရာရောက်၏။ မည်သည့်ကထာဟု သတ်မှတ်ချက်မရှိသောကြောင့် မည်သည့် ကထာမဆို အပြီးအဆုံးသို့ ဆောက်စေမည်ဟုလည်း ဝန်ခံရာရောက်၏။ ထိုသို့ ကထာအားလုံးကို ပြီးဆုံးစေမည်ဟု ဝန်ခံတော်မူခြင်းသည် သဗ္ဗညုမဟုတ်သူ၏ အရာမဟုတ်၊ သဗ္ဗညုပုဂ္ဂိုလ်၏ အရာသာဖြစ်၏။ ထို့ကြောင့် ''သဗ္ဗညုပဝါရဏံ ပဝ ရေသိ''ဟု မိန့်သည်။

---

## အဘိသညာနိရောဓကထာ

သဝေ ဘာဂါ ဓသည်၊ ။''တိဒ္ဓဘေသာ''ဟူသောစကား၏ အနက်ရောက်ကို ပြလိုသောကြောင့် ''သဝေ ဘဂဝါ''စသော စကားကို မိန့်။ [သုကာရဏံ-အကျိုးစီးပွားကို ဆောင်နိုင်သော ကောင်းသော အကြောင်းသည်။]

ကောတူဟလာ။ ။ဤနေရာအရပ်၌ ဤသူ ဘာပြောသလဲ၊ ဤသူ ဘာပြောသလဲဟု အုတ်အုတ်ကျက်ကျက် ကောလာဟလရှိရာ ဖြစ်သောကြောင့် ''ကောတူဟလ''ဟု ခေါ်သည်။ (၃၇၃)

သညာနိရောဓေ။ ။ဤဒေသနာတော်ကို သညာပဓာနပြု၍ ဟောသော ကြောင့် သညာ-အရ သညာနှင့်တကွသော အလုံးစုံ သော တရားတို့ကို ယူအပ်သည်။ ထိုတရားတို့တွင် စိတ်သည်ပဓာနဖြစ်သော ကြောင့် ''စိတ္တနိရောဓေ''ဟု ဖွင့်သည်။ ပဟာန်အစွမ်းဖြင့် အစ္စန္တနိရောဓကို တိတ္ထိတို့သည် အလိုမရှိအပ်သေးကြောင့်လည်းကောင်း၊ တိတ္ထိတို့၏ အရာမဟုတ် သောကြောင့်လည်းကောင်း ''ခဏိကနိရောဓေ''ဟု ထပ်ဆင့်ဖွင့်သည်။ ခဏိက

နိဒေသသည်လည်း တိတ္တိတို့၏ အရာမဟုတ်ပါ။ သို့သော် အနက်အားဖြင့် နိဒ္ဒေသကထာကို ဟောဆိုအပ်သော် တိတ္ထိတို့သည် ထိုခဏ်ကနိဒ္ဒေသာ ရပ်တည်ကြသည်။ ထို့ကြောင့် အနက်ရောက်မျှကို စွဲ၍ "ဘဏ်ကနိဒ္ဒေသ ကထာဥပ္ပန္နာတိ အဋ္ဌော"ဟု ဖွင့်သည်။

ကိတ္တိဃောသော။ ။ဗုဒ္ဓအာနုဘော်သည် အံ့သြဖွယ်ကောင်းပါပေစွ၊ ဘဝတပါးဖြင့် ဖုံးကွယ်နေသော အကြောင်းကို သော်မှလည်း ဤသို့ လက်တွင်တင်ထား သျှစ်သျှားသီး (ပတ္တမြား)ကဲ့သို့ ပစ္စက္ခအားဖြင့် ပြတော်မူနိုင်ပါပေ၏၊ သာဝကတို့ကိုလည်း ဤသို့သော သံဝရသမာဒါနနှင့် တည်စေတော်မူပါပေ၏ဟု ချီးမွမ်းသံသည် အထက်ဘဝဂ်တိုင်အောင် ပျံ့နှံ့ပါသည်ဟု ဋီကာဟောင်းဖွင့်ဆို၏။ ယခုအဋ္ဌကထာ၌ကား "သကလဇမ္ဗုဒီပေ ဘဂဝတော ဣတော ကိတ္တိဃောသော ပတ္ထရတိ" ဟု တွေ့ရသည်။

ပဋိဘာဂကိရိယံ။ ။အဖျင်းမူခြင်း အပြိုင်ပြုခြင်း၏ အစွမ်းဖြင့် အတူဖြစ်သော လုံ့လကို။

ဘဝန္တရသမယံ။ ။ထိုထိုဘဝ၌ ထင်ရှားသကဲ့သို့ ဖြစ်သော အကြောင်းကို မဟုတ်မမှန် လုပ်ကြံပြောဆိုအပ်သော တစုံတခုဖြင်စေအပ်သော ဒဏ္ဍာရီဝတ္ထုကို မိမိအယူ ပြု၍ ပြောဆိုကြ၏။ (၃၇၃)

ကိဥ္စိဒေဝ သိက္ခာပဒံ။ ။"တခုသော တည်ရာရှိသူသာ ဖြစ်သင့်၏၊ ဤမျှသောက်သော အခါပဘလုံး တခုသောနေရာ၌သာ ထိုင်သင့်၏"ဤသို့ စသော တစုံတခုသော အကြောင်းအရာကိုပင် သိက္ခာပုဒ်ပြု၍ ပညတ်ကြသည်။

သမာပတ္တိံ။ ။ဤပါဠိ၌-အရ အသညီဘဝသို့ ရောက်စေနိုင်သော ဝါယောကသိုဏ်း ပရိကံရှိသော၊ တနည်း-အာကာသကသိုဏ်း ပရိကံရှိသော စတုတ္ထဈာန်သမာပတ် (စတုက္ကနည်း၊) တနည်း-ပဉ္စမဈာန်သမာပတ် (ပဉ္စကနည်း)ကို ယူပါ။

ဟေတုံ အပဿန္တာ။ ။(၁) အသညီဘဝ၌ သညာ၏ ချုပ်ခြင်းလုံးဝမဖြစ်ခြင်း၏ အကြောင်းဖြစ်သော သညာဝိရာဂဈာန်၊ (၂) အသညီဘဝမှ စုတေသူ၏ ဤပဉ္စဝေါကာရဘဝ၌ သညာဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဈာန်အဟုန်ကုန်ခြင်း ဟူသော အကြောင်းနှစ်ပါးကို တိတ္ထိသည် သူ၏ အရာမဟုတ်သောကြောင့် မမြင်ပါ။

မိဂသိဂ်ီရသေ။ ။ထိုရသေ့၏ ဦးထိပ်၌ သမင်းဦးချိုအသွင်ဖြင့် ဦးစွန်းနှစ်ခု ရှိသည်။ ထို့ကြောင့် မိဂသိဂ်ီဟု ခေါ်သည်။ ဣသိသိင်္ဂ ဟု လည်း ခေါ်ကြသည်။ (၃၇၄)

အသညကဘာဝံ။ ။အလမ္ဗုသာ နတ်သမီး၏ အတွေ့ကြောင့် မိန်းမော တွေ ဝေနေခိုက်၌ ကိုယ်မှု နှုတ်မှုကို ဖြစ်စေတတ်သော သညာ ၏ မရှိခြင်း (ဝိသညီ ဟုဘွာ။)

အတ္တန္တပေါ စသည်။ ။ဝိက္ခမ္ဘနပဟာန်ဖြင့် ကိလေသာတို့ကို လွန်စွာပူလောင် စေတတ်သောကြောင့် အတ္တန္တပ၊ ပြုနိုင်ခဲသော အကျင့် ရှိသောကြောင့် ဃောရတပ၊ ဣန္ဒြေတို့၏ ယဉ်ကျေးကုန်သည်၏ အဖြစ်သို့ ရောက်စေသော အားဖြင့် အကုန်အစင် ညှိုးနွမ်းစေအပ်ပြီးသော စက္ခု စသော ထက်သော ဣန္ဒြေရှိသောကြောင့် ပရမဓိတိန္ဒြိယ မည်၏။

သက္ကဝိမာနံ။ ။ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကို ရည်ရွယ်၍ မိန့်ဆိုပါသည်။ မှန်၏-ထိုပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် အခကြောင်းထူး ရှိလျှင် တခါတရံ ပူ၍ တခါတရံ ကြမ်းတမ်းကာ တခါတရံ တုန်လှုပ်သည်။

ပေဿသိ။ ။မဇ္ဈေ့ တော်သောအားဖြင့် နှလုံးသွင်း၍ အလမ္ဗုသာ နတ်ကညာ ကို စေလွှတ်သည်။ (၃၇၄)

ဘင္ဂေါ။ ။ကာမစ္ဆန္ဒနိဝရဏသည် ကုသိုလ်အစွာသာသယကို ချိုးဖျက်အပ်၏။

ဒိဗ္ဗဖဿေန။ ။လက်ကို ကိုင်ရုံမျှဖြစ်သော နတ်အတွေ့ဖြင့်။

အာထဗ္ဗဏပယောဂံ။ ။အာထဗ္ဗဏဝေဒအတိုင်း စီရင်အပ်သော အာထဗ္ဗဏိက တို့၏ သညာမရှိသူ၏ အဖြစ်သို့ ရောက်စေနိုင်သော ပယောဂကို "အာထဗ္ဗဏပယောဂ" ဟု ဆိုသည်။

အာထဗ္ဗဏံ ပယောဇေတွာ။ ။အာထဗ္ဗဏဝေဒ၌ လာသော မီးပူဇော်မှု ရွေး သွားရှိသော မန္တန်ပုဒ်ကို ရွတ်ဆို၍ ဦးခေါင်း ပြတ် စသည်ကို ပြသောအားဖြင့် သညာချုပ်မှုကို ဆိုသည်။

နိရောဓံ သမာပန္နော နိရောဓာ ဝုဋ္ဌိတော။ ။အိပ်ပျော်ရာအခါ၌ နတ်များက သညာကို ဆွဲဆုတ်ခြင်း၏ အစွမ်း ကြောင့် နိရောဓသို့ ရောက်သည်။ အိပ်ရာမှ ထရာအခါ၌ နတ်များက သညာကို

ကပ်ဆောင်ခြင်း၏ အစွမ်းဖြင့် နိရောဓမှ ထသည်ဟု မှတ်ထင်သည်။ ဤကား တိတ္ထိဆရာတို့၏ အလိုတည်း။ (၃၇၅)

**အယံ နိရောဓော အယံ နိရောဓော။** ။ဘုရားရှင်သည် မိမိ၏ ဒေသနာတော်ကို တင့်တယ်စေနိုင်သော ဉာဏ်တော်ကြောင့် များစွာသော အခြင်းအရာတို့ဖြင့် ဆောပြမ်ခြင်းရှိသော နိရောဓကို ထင်စွာ ဖြစ်စေလင့်ဟူသော အနက်အဓိပ္ပာယ်ကို ပြခြင်းအကျိုးငှာ ဝိစ္ဆာ စကားကို ပြတော်မူပါသည်။

အဟော နူန ဘဂဝါ။ ။ဘုရားရှင်သည် အခြားသူဘို့နှင့် မဆက်ဆံသော ဒေသနာတော် ရှိတော်မူသောကြောင့် နိရောဓကို လည်း အံ့ဩဖွယ်ကောင်းအောင် ပြ၍ တရားနာသူတို့၏ စိတ်ကို နှစ်သက်စေနိုင်ရာ၏ဟု ဆိုလိုသည်။ အံ့ဩမှုကို ထင်စွာ ပြတတ်သောကြောင့်ပင် "အဟော နူန ဘဂဝါ၊ အဟော နူန သုဂတော" ဟု နှစ်ကြိမ် အာမေဍိတ် စကားကို ဆိုပါသည်။

စိတ္တဝသိတာယ သဘာဝံ ဇာနာတိ။ ။နိရောဓသမာပတ်၌ လေ့ကျက်အပ်သော ဝသီဘော် ရှိသောကြောင့် နိရောဓ၏ သဘောကို ဟုတ်မှန်စွာ သိတော်မူသည်။

---

## အဟေတုကသညုပ္ပါဒ နိရောဓကထာ

ဃရမဇ္ဈေယေဝ ပက္ခလိတွာ။ ။အိမ်မှ အပြင်သို့ သွားလိုသော ယောကျ်ားသည် လမ်းသို့ မရောက်သေးမီ အိမ်ပေါက်ဝ အိမ်လွှင်ပြင်၌သာ ချော်လဲသကဲ့သို့ ဤနည်းတူစွာ တိတ္ထိတို့သည် အစကဘည်းက မှားနေသည်ဟု ဆိုလိုသည်။ (၃၇၆)

ဟေတု ပစ္စယ။ ။အခြားနေရာများ၌ ဇနကဖြစ်သော မဆက်ဆံသော အကြောင်းသည် ဟေတု၊ ဥပထမ္ဘကဖြစ်သော ဆက်ဆံသောအကြောင်းသည် ပစ္စယဟု ဆို၏။ ဤနေရာ၌ကား သညာ၏ အကြောင်း မရှိသည်၏အဖြစ်ကို ပယ်ခြင်းသာ လိုရင်းဖြစ်သောကြောင့် "ကာရဏဿေဝ နာမံ" ဟု ဖွင့်သည်။

**သဟေတု ဟိ ၊ပေါဉပ္ပဇ္ဇန္တိပိ နိရုဇ္ဈန္တိပိ။** ။အကြောင်းရှိ၍ ဖြစ်ကြ၏၊ ဖြစ်ပြီးက ကောန် ချုပ်ကြရ၏။ တည်၍ မနေကြဟု ပြတော်မူခြင်းငှာ "နိရုဇ္ဈန္တိပဲ"ဟု ထည့်တော်မူသည်။ ချုပ်ခြင်းမှာ အကြောင်းရှိကြောင်းကို ပြဖို့ရာ ဟောတော်မူသည်မဟုတ်ပါ။ မှန်၏-ဖြစ်ခြင်းသည်သာ အကြောင်းရှိ၍ ချုပ်ခြင်းကား အကြောင်းမရှိပါ၊ အကယ်၍ ချုပ်ခြင်းသည်လည်း အကြောင်းရှိနေလျှင် ထိုအကြောင်းသည်သည်း တဖန် ချုပ်ရတော့မည်။ အမှန်မှာ နိရောဓမှာ ထပ်၍ ချုပ်ခြင်းမရှိနိုင်ပါ။ ထို့ကြောင့် ဆိုအပ်သောနည်းဖြင့် ပါဠိတော်အနက် မှတ်ပါ၊ ဤနည်းကို ခဏိကနိရောဓ အစွမ်းဖြင့် ဆိုသည်၊

**နိရောဓသမာပတ်။** ။အကျင့်နှင့်ကင်း၍ မဖြစ်သောကြောင့် နိရောဓသမာပတ်ကိုကား သဟေတုကာဟု မှတ်ပါ။ ထို့ကြောင့် ဘုရားရှင်သည် "သိက္ခာ ကော သညာ ဥပ္ပဇ္ဇတိ၊ သိက္ခာ ဧကာ သညာ နိရုဇ္ဈတိ"ဟု ဟောတော်မူသည်။ ထို့ကြောင့်ပင် အဋ္ဌကထာ၌လည်း "သညာယ သဟေတုကံ ဥပ္ပါဒနိရောဓံ ဒီပေတုံ"ဟု ဖွင့်ဆိုသည်။ မှန်၏-ဤပါဠိတော်နှင့် အဋ္ဌကထာစကားများသည် အနုပ္ပါဒ နိရောဓကို ရည်ရွယ်၍ ဆိုအပ်သောစကားများဖြစ်သည်။ (သိက္ခာ-ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းကြောင့်။) (၃၇၆)

**ဘဂဝါ အဝေါစ၊** ။"ကာ စ သိက္ခာ"ဟူသောအမေးသည် ပေါဋ္ဌပါဒ၏ အမေးလေလားဟု ယုံမှားဖွယ် ရှိသောကြောင့် "ကာ စ သိက္ခာတိ ဘဂဝါ အဝေါစ"ဟု မိန့်သည်။ ဤနေရာ၌ ပုစ္ဆာသည် ကထေတုကမျတာပုစ္ဆာ ဖြစ်သည်။

**ပရိယာပန္နတ္တာ။** ။သဘာဝအားဖြင့်လည်းကောင်း၊ ကျေးဇူးပြုသောအားဖြင့်သည်းကောင်း ထိုက်သည့်အားလျော်စွာ ပညာက္ခန္ဓာ၌ အကျုံးဝင်သောကြောင့် အဓိပညာသိက္ခာသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတို့၏ အစွမ်းဖြင့် လာသည်။ ဆိုအပ်ပြီးသောနည်းဖြင့် သိက္ခာသုံးပါးလုံး လာပါသော်သည်း အဓိစိတ္တသိက္ခာဖြင့်သာ အဘိသညာနိရောဓကိုပြသည်။ ကျန်သိက္ခာနှစ်ပါးကိုကား အဓိစိတ္တသိက္ခာ၏ သမ္ဘာရအဖြစ်ဖြင့် ဆောင်အပ်သည်ဟု သိပါ။ (၃၇၇)

**ကာမသညာ။** ။ပဉ္စကာမဂုဏ်ကရာဂေါ ပိ-ကာမဂုဏ်ငါးပါးတို့ကို အာရုံပြု၍ ဖြစ်သော ရာဂတည်း။ အသမုပ္ပန္နကာမစာရောပိ-ယခုဖြစ်ဆဲမဟုတ်သော လိုလားတတ်သော လောဘဟူသမျှ၏ ဖြစ်ခြင်းတည်း။ ဤနေရာ၌ "အသမုပ္ပန္နကာမရာဂေါ"ဟု ပါဠိရှိသော်အနက်အားဖြင့်ဆန့်ကျင်သော

ကြောင့် မသင့်ပါ၊ ကာမရာဂဟူသည် အာရုံ၏ အစွမ်းဖြင့် သတ်မှတ်အပ်သောကြောင့် ကာမဂုဏ်ငါးပါးကို အာရုံပြုသည်သာလျှင် ဖြစ်သော သောဘဖြစ်၍ ကာမစာရ ဟူသည်ကား ဈာနနိကန္တိ ဘဝရာဂ စသည်ပြားသော အလုံးစုံသော လောဘ၏ ဖြစ်ခြင်းမှန်သမျှတည်း။ တဉ္စသည်ကား အသမုပ္ပန္န ကာမစာရထက် ပဉ္စကာမဂုဏိကရာဂ၏ အထူးကို ပြသော စကားတည်း။

ဖြစ်ဆဲမဟုတ်သည်သာလျှင်ဖြစ်သော ပဉ္စကာမဂုဏိကရာဂကိုလည်း အနာဂါမိမဂ်သည် အကြွင်းမဲ့ ပယ်ခွာအပ်ပါသည်။ ထိုသို့ ပဉ္စကာမဂုဏိကရာဂကို အကြွင်းမဲ့ ပယ်ခွာအပ်ပ သော်လည်း ရာဂအားလုံးကို အရဟတ္တမဂ်ဖြင့် ပယ်ခွာအပ်သောကြောင့် ရာဂအားလုံးသည် အနာဂါမိ မဂ်ဖြင့် ပယ်ခွာအပ်ခြင်းသို့ မရောက်ပါ။ ထို့ကြောင့် ပဉ္စကာမဂုဏိကရာဂသဒ္ဒါဖြင့် အခြားသော ရာဂအားလုံးကို မယူနိုင်ပါ။ ထိုသို့မယူနိုင်သည့်အတွက် ရာဂနှစ်မျိုးလုံးနှင့် ဆက်ဆံသော ပရိယာယ်ဖြင့် ရာဂနှစ်မျိုးလုံးကိုပင် သိမ်းယူ၍ ပါဠိတော်၌ ကာမသညာသဒ္ဒါကိုဟောတော်မူသည်။ (၃၇၇)

**အသမုပ္ပန္န ။ပေ။ ငန္တိ။** ။ရာဂနှစ်မျိုးကို သချုပ်အားဖြင့် လည်းကောင်း၊ အထူးအားဖြင့်လည်းကောင်း ပြပြီး၍ အလုံးစုံ သိမ်းယူတတ်သော ရာဂဖြစ်သောကြောင့် "အသမုပ္ပန္နကာမစာရော ပနဉ္စမသို့ ဌာနေ ဝန္တတိ"ဟု မိန့်သည်။ ပဉ္စကာမဂုဏိကရာဂ အသမုပ္ပန္နကာမစာရသည် ကာမသညာ၏ သရုပ်ဖြစ်၍ ပဉ္စကာမဂုဏိကရာဂကို အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်၍ အသမုပ္ပန္နကာမစာရကိုကား အကြွင်းမဲ့ မပယ်သတ်နိုင်ခြင်းသည် ရာဂနှစ်ခု၏ အထူးတည်း။

**သဒိသဋ္ဌာ။** ။ဤပါဠိဖြင့် ပုရိမာဟူသော စကားကို အတူ ကြံဆခြင်း၏ အစွမ်းဖြင့် ဆိုသည်ဟု ပြသည်။ မှန်၏-အနာဂတ်သညာကို ဤနေရာ၌ နိရုဇ္ဈတိဟု ဟောတော်မူအပ်ပါသည်၊ ဘာ့ကြောင့်နည်း—မဖြစ်ခြင်းကို အလိုရှိအပ်သောကြောင့်တည်း။ ထိုသို့အနာဂတ်သညာကိုပင် နိရုဇ္ဈတိဟု ဟောအပ်သောကြောင့် အနာဂတ်သညာကိုပင် ပြခြင်းငှာ "အနုပ္ပန္နာဝ နုပ္ပဇ္ဇတိ"ဟု မိန့်သည်။ (၃၇၈)

**ဝိဝေကဇပီတိသုခသုခုမသစ္စသညီ။** ။နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိ သုခ ၌ရှိ၏ဟုဆိုအပ်သော သိမ်မွေ့သော ဟုတ်မှန်သောသညာရှိသည်သာ၊ ကာမစ္ဆန္ဒစသော ရုန့်ရင်းသော အင်္ဂါတို့ကို ပယ်ခြင်း၏ အစွမ်းဖြင့် နာနတ္တသညာပဋိဃသညာတို့ထက်သိမ်မွေ့သောကြောင့် သုခုမ မည်သည်။

**သမာပဇ္ဇန္တော ၊ပေ၊ သိက္ခတိ။** ။တရားတို့၏ ဘင်ခဏသည် တရားတို့၌ အကျုံးဝင်သကဲ့သို့ သမာပဇ္ဇနအဓိဋ္ဌာန ကဲ့သို့ပင် ဝုဋ္ဌာနလည်း ဈာန်၌ အကျုံးဝင်၏၊ အာဝဇ္ဇနပစ္စဝေက္ခဏာတို့သည်ကား ဈာန်၌ အကျုံးမဝင်ကုန်။ ထို့ကြောင့် ဈာန်၌ အကျုံးဝင်သော ဝသီဘော်ကိုသာယူ၍ "သမာပဇ္ဇန္တော အဓိဋ္ဌဟန္တော ဝုဋ္ဌဟန္တော စ သိက္ခတိ" ဟု မိန့်သည်။ (၃၇၈)

**ဝေနပိ ၊ပေ၊ ဈာနေန။** ။ဤနာဝိဘတ်ကို ဟိတ်အနက်၌သက်၊ ထိုဥမ ဈာန်ကြောင့် သညာဖြစ်ရာ၌ ဝိဘက်စသော ဈာန်သည် သညာအား သဟဇာတ စသော သတ္တိဖြင့် ကျေးဇူးပြု၏။ ကာမသညာ ချုပ်ရာ၌ကား ဈာန်က ချုပ်ခြင်းအား သုတ္တန်ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ထိုပစ္စယသတ္တိတို့ကိုပင် အကြောင်း (ဟိတ်) အနက်ဟု ဆိုသည်။

**အင်္ဂတော သမ္မသနံ။** ။ဈာန်အင်္ဂါဖြင့် သုံးသပ်ဟူသော စကားသည် အနုပဒဓမ္မ ဝိပဿနာ၏ လက္ခဏာစကား ဖြစ်သည်။ အနုပဒဝိပဿနာ အားထုတ်သူသည် သမာပတ်သို့ရောက်၍ အင်္ဂါအားဖြင့်သာ သုံးသပ်သည်။ သညာသည် သမာပတ်၏ တစုံတခုသော အင်္ဂါမဟုတ်ပါ။ သို့ပါလျက် "ဣဒ္ဓေ သညာ သညာတိ ဧဝံ အင်္ဂတော သမ္မသနံ ဥဒ္ဒိဋ္ဌံ" ဟု မိန့်သည်။ ထို့ကြောင့် လက္ခဏာ စကားဖြစ်သည်။ တနည်း–အင်္ဂတော–အစိတ်အားဖြင့်၊ အနုပဒဓမ္မအားဖြင့်ဟု ဆိုလိုသည်။ ကလာပတော–အပေါင်းအားဖြင့်၊ သမာပတ်အစုအားဖြင့် ထိုထိုသညာတို့၏ ဥပ္ပာဒနိရောကို ဆိုအပ်သော် အစိတ်အားဖြင့် ဆိုအပ်သောကြောင့် ဣဒ္ဓ စသည်ဖြင့် အစိတ်အားဖြင့်သော သုံးသပ်ခြင်းကို ပြသည်ဟု မှတ်ပါ။ (၃၇၉)

**လောကိယာနံ။** ။ဤနေရာ၌ "လောကိယာနံ" ဟူသော ဝိသေသနကို လောကုတ္တရာသမာပတ်တို့ထက် အာကိဉ္စညာယတနသမာပတ်သည် မမြတ်သောကြောင့် ဆိုပါသည်။

**ကိစ္စကာရကသမာပတ္တီနံ။** ။"ကိစ္စကာရကသမာပတ္တီနံ" ဟူသော ဝိသေသနကိုလည်း အာကိဉ္စညာယတန သမာပတ်သည် အကိစ္စကာရကသမာပတ်ထက် မမြတ်သောကြောင့် ဆိုပါသည်။ (၃၈၀)

**အကိစ္စကာရက။** ။ဝိပဿနာ၏ အာရုံဖြစ်လောက်အောင် ထင်ရှားသော သညာကိစ္စကိုမပြုနိုင်သောကြောင့် နေဝသညာနာသညာ သမာပတ်ကို အကိစ္စကာရကဟု ခေါ်သည်။ ကေစိဆရာတို့ကား အောက်

အောက် သမာပတ်တို့သည် အထက်အထက် သမာပတ်တို့၏ အခိဋ္ဌာန်ကိစ္စကို ပြီးစေသကဲ့သို့ ဤနည်းအတူ နေဝသညာနာသညာ သမာပတ်သည် တစ်ပါး သောသမာပတ်၏ အခိဋ္ဌာန်ကိစ္စကို သော်မှသည်း မပြီးစေနိုင်ပါ၊ ထို့ကြောင့် နေဝသညာ နာသညာသမာပတ်ကို အကိစ္စကာရကဟု ခေါ်၍ အခြား သမာပတ်များကို ကိစ္စကာရက ခေါ်သည်ဟု ဆိုကြ၏၊ ထိုစကားစိ ဝါဒ မသင့် ပါ။ ဘာ့ကြောင့်နည်း-နေဝသညာ နာသညာယတန သမာပတ်သည်သည်း ဝိပဿနာစိတ်ကို ဆုံးမခြင်း စသည်တို့၏ အခိဋ္ဌာန်ကိစ္စကို ပြီးစေသောကြောင့် တည်း။

ပကာသပ္ပတ္တိ။ ။ဈာန်ကို ဝင်စားသူသည် ဈာနသုခကို မိမိ၌ ပြုစိမ်သည် မည်၏။

နိကန္တိ ကုရုမာနော အဘိသင်္ခရောတိ နာမ။ ။နိကန္တိ အစွမ်းဖြင့် စေတနာ ကိစ္စသည် အထွင်အထိပ်သို့ ရောက်သောကြောင့် ဖလူပစာရအားဖြင့် အကြောင်းကို ပြလို၍ "နိကန္တိ ၊ပေ၊ နာမ"ဟု မိန့်သည်။

ဣမာ စ မေ သညာ နိရုဇ္ဈေယျုံ။ ။ဤအာကိဉ္စညာယတန သညာတို့သည် ထို အောက်ဈာန်ကို လွန်မြောက်မှုသော အထက်ဈာန်အတွက် လုံ့ဆော်မှု ပြုစိမ်မှု ဖြစ်နိုင်ခြင်းကြောင့် ချုပ်ကုန်ရာ၏။

စေတေဿာ န စေတေတိ။ ။နေဝသညာနာသညာယတနဈာန်ကို တကြိမ် နှစ်ကြိမ် ဝင်စားသောအားဖြင့် စေ့ဆော် ပါသေး၏။ ပြုပြင်ပါသေး၏၊ သို့သော် ထိုစေ့ဆော်မှု ပြုပြင်မှုသည် ထိုဈာန် ကို ရအောင်သည်းကောင်း၊ ရှေ့ဈာန်များ တုန်းကကဲ့သို့ အာဘောဂမရှိသော ကြောင့်လည်းကောင်း စေ့ဆော်သည်ဟု မဆိုရပါ။ (၃၀၁)

အဘိသင်္ခရောန္တော န အဘိသင်္ခရောတိ၊ ။ဈာန်ကို တကြိမ်နှစ်ကြိမ်ဝင်စား ရာ၌ နိကန္တိဟူသော တွယ်တာမှု အာလယ မရှိလျှင် ဝင်စားနိုင်မည်မဟုတ်၊ နိကန္တိအာလယ ရှိသောကြောင့် သာ ဝင်စားနိုင်၏၊ ထို့ကြောင့် ထိုဈာန်၌ နိကန္တိပြုသောအားဖြင့် အဘိသင်္ ခရဏပြုမဟုတ် ပြုပါသေး၏။ သို့သော် ထိုစတုတ္ထာရုပ္ပဈာန်ကို ရဖို့ရန်လည်း ကောင်း၊ ရှေးဈာန်များတုန်းကကဲ့သို့ ဝင်စားလိုသော အာဘောဂမရှိသော ကြောင့်လည်းကောင်း အဘိသင်္ခရဏ ပြုရာ မရောက်ပါ။

**အာသနသာ၁လာ ဝိယ အာကိဉ္စညာယတနသမာပတ္တိ။** ။အာကိဉ္စညာယတန သမာပတ်မှုပိတုဃရ ပုတ္တဃရ အရာ၌ တည်သော နေဝသညာနာသညာယတနသမာပတ် နိရောဓ သမာပတ်တို့သို့ ကပ်ရောက်ထိုက်သောကြောင့် ဆွမ်းစားဇရပ်နှင့် အာကိဉ္စညာ ယတနသမာပတ် တူသည်။

**ပိတုဂေဟံ ဝိယ နေဝသညာနာသညာယတနသမာပတ္တိ။** ။နှလုံးမသွင်း ထိုက်သောကြောင့်လည်းကောင်း၊ အလယ်၌ တည်သောကြောင့်လည်းကောင်း နေဝ သညာနာသညာယတနသမာပတ်သည် အဖ၏ အိမ်နှင့်တူသည်။

**ပုတ္တဂေဟံ ဝိယ နိရောဓသမာပတ္တိ။** ။နှလုံးသွင်း ထိုက်သောကြောင့်လည်း ကောင်း၊ အဆုံး၌တည်သောကြောင့် လည်းကောင်း နိရောဓသမာပတ်သည် သား၏ အိမ်နှင့်တူသည်။ [အဖ၏ အိမ်ကို နှလုံးမသွင်းပဲ သား၏ အိမ်ကိုသာ ပြောခြင်းကဲ့သို့ စိတ်တကြိမ်နှစ်ကြိမ် ဝင်စားအင်ပါသော်လည်း နေဝသညာနာသညာယတနကို နှလုံးမသွင်းမူ၍ နောက်၌ နိရောဓသမာပတ် အကျိုးငှာသာ နှလုံးသွင်းခြင်းကို မှတ်ပါ။] (၃၈၁)

**သညာဝေဒယိတနိရောဓံ။** ။အစဉ်အတိုင်း ချုပ်ခြင်း၏ အစွမ်းဖြင့် စိတ်စေ တသိက်တို့၏ မဖြစ်ခြင်းကိုပင် သညာဝေဒနာကို ခေါင်းတင်၍ "သညာဝေဒယိတနိရောဓ"ဟု ဆိုသည်။ (ဖုသတိ၌ ထိဟူသည် ရခြင်းပင် ဟူသော အဓိပ္ပာယ်ကို "ဝိန္ဒတိ ပဋိလဘတိ"ဖြင့် ပြသည်။) (၃၈၂)

**နိရောဓသမာပတ္တိကထာ ကထေတဗ္ဗာ။** ။ဖွင့်ပြဖို့ရာ အခွင့်အခါသို့ အစဉ် ရောက်သောကြောင့် နိရောဓသမာ ပတ္တိကထာကို ဆိုသည်။

သမ္ဘာကာရဟူသည် နိရောဓသမာပတ်၏–(၁) သရုပ်အထူး၊ (၂) ဝင် စားသောပုဂ္ဂိုလ်၊ (၃) ဝင်စားရာဌာန၊ (၄) ဝင်စားခြင်း၏အကြောင်း၊ (၅) ဝင်စားပုံအခြင်းအရာ-ဤသို့စသော နိရောဓ သမာပတ်နှင့် သက်ဆိုင် သော အခြင်းအရာများတည်း။

နိရောဓသမာပတ္တိကထာကို ဆိုသင့်လျက် ဤနေရာ၌ မဆိုခြင်းကား ပုန- ရုတ္တ ဖြစ်မှာစိုးသောကြောင့်လည်းကောင်း၊ ဂန္ထဂရု ဖြစ်နိုင်သောကြောင့်လည်း ကောင်း တည်း။ (၃၈၂)

**ကသိုဏ်းတို့၏ ကရိုဏ်းဖြစ်နိုင်ပုံ။** ။သညာနိဒါနစသည်ဖြင့်သနုသည် ကြိယာသာဓက တမသတ္တိ ရှိသောကြောင့် ဈာန်တို့၏ ကရိုဏ်းအဖြစ်သည် သင့်ဘန်စေ၊ ကသိုဏ်းတို့၏ ကရိုဏ်းအဖြစ်ကား အဘယ် နည်းဖြင့် သင့်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား—ဈာန်နှင့် ကသိုဏ်း တို့သည် မကင်းနိုင်သောကြောင့် အဝိနာဘာဝနည်းအရ ဈာန်တို့မှာ ကြိယာ သာဓကတမသတ္တိရှိသော် ကသိုဏ်းတို့မှာလည်း ကြိယာသာဓကတမ သတ္တိ ရှိသည်။ ထို့ကြောင့် သင့်ပါသည်။ (၃၇၃)

သေသကသိဏေသု။ ။သေသကသိဏေသု-ဖြင့် ကသိုဏ်းတို့ကိုသာ ယူရခြင်း အကြောင်းကို ' နိုရောကေထာယ အဓိကတတ္တာ" ဟု မိန့်သည်။ ထိုအကြောင်းကြောင့်ပင် ဈာနသဒ္ဒါဖြင့်သည်း ကသိုဏ်းဈာန်တို့ကို သာ ယူရသည်။

သညာတိ ဈာနသညာ၊ ဉာဏန္တိ ဝိပဿနာဉာဏံ။ ။ဤဒုဋမနည်း၌ ဈာန် ဟူသော နီးစွာသော အကြောင်းရှိသော ဝိပဿနာကို ပွားများသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် သညာ ဉာဏ်တို့ကို ပြပါသည်။ (၃၇၄)

သညာတိ ဝိပဿနာသညာ ဉာဏန္တိ မဂ္ဂဉာဏံ။ ။ဤဒုတိယနည်း၌ ဝိပဿနာ ရှုရင်းတဆက်တည်း မဂ်ရ သောကြောင့် ဝိပဿနာ မဂ်တို့၏ အစွမ်းဖြင့် သညာ ဉာဏ်တို့ကို ပြသည်။

သညာတိ မဂ္ဂသညာ၊ ဉာဏန္တိ ဖလဉာဏံ။ ။တတိယနည်း၌ကား ပဌမနည်း သည် ရှုရင်း သောကြောင့် လည်းကောင်း၊ ဒုတိယနည်းသည် လောကီသညာနှင့် လောကုတ္တရာ ဉာဏ်ကို ရောရှုပြသောကြောင့် လည်းကောင်း ထိုနည်းနှစ်ပါးကို မချီးမွမ်းပဲ လက် မခံပဲ ဝေစင် သိမ်မွေ့နူးညံ့သော နက်နဲသော လောကုတ္တရာတရားအစစ်ကိုသာ ပြခြင်းငှာ မဂ်ဖိုလ်တို့၏ အစွမ်းဖြင့် သညာ ဉာဏ်တို့ကို ပြပါသည်။ နည်းသုံး ပါးတို့ကိုသည်း မဂ်ကို သုဘ်သင်ခြင်း၏ အစွမ်းဖြင့် ပြဆိုအပ်ပါသည်။

တိပိဋကမဟာသိဝတ္ထေရဝါဒ။ ။ဤဝါဒသည်သာ အနှစ်ရှိသောဝါဒတည်း ဟုပြခြင်းငှာ တိပိဋက မဟာသိဝထေရ်၏ ဝါဒကို ထုတ်ဆောင်ပါသည်။ မှန်၏-အရဟတ္တဖလသညာယ ဥပ္ပါဒါ-စသည် ဖြင့် မထေရ်မြတ်၏ ဝါဒအားလျော်စွာ အထက်၌ အနက်ကို ဖွင့်ဆိုထား သည်။ (၃၇၄)

**ဥက္ကမေ အဘိသညာနိရောဓော။** ။ရှေ့ဝါဒ သုံးမျိုးကို ပြောဆိုသော ရဟန်းများတည်း။ ထိုအခါ တုန်းက ဒိဃနိကာယ် ပါဠိတော်ကို ရွတ်အံစဉ် ဤနေရာသို့ ရောက်သော် ဆိုအပ်ပြီးသော အစဉ်အားဖြင့် နည်းသုံးပါးတို့ကို ရွတ်ဆိုသော ရဟန်းတို့ကို ရည်ရွယ်၍ "ဥက္ကမေ အဘိသညာ"ဟု မဟာသီဝမထေရ် မိန့်ပါသည်။ နိရောဓကို မေးလျှောက်၍ ဘုရားရှင်က နိရောဓကို ဖြေဆိုအပ်ပြီးသော် ထို၏ အခြားမဲ့၌ သညာ ဉာဏ်တို့၏ ဖြစ်ခြင်းကို မေးလျှောက် နိရောဓမှ ထခြင်းကို မေးသည်မည်၏။ နိရောဓမှ ထခြင်းသည် အရဟတ္တဖိုလ် ဖြစ်ခြင်းကြောင့်လည်း ဖြစ်နိုင်၏၊ အနာဂါမိဖိုလ်၏ ဖြစ်ခြင်းကြောင့်လည်း ဖြစ်နိုင်၏၊ ထိုသို့ဖြစ်ရာ၌ သညာသည် ပဌမ ဖြစ်၏၊ ထိုသညာ၏ အခြားမဲ့၌ ပစ္စဝေက္ခဏာဉာဏ် ဖြစ်သည်။ ထိုနှင့်မျိုးကို ထုတ်ဆောင်လိုသော မဟာသိဝမထေရ်သည် "ပေါဋ္ဌပါဒေါ ယော့ ဟေဋ္ဌာ"စသည်ကို မိန့်သည်။

**ပစ္ဆာ ပစ္စဝေက္ခဏာဉာဏံ။** ။မဂ္ဂဝီထိ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်သော် အမြဲအားဖြင့် မဂ္ဂပစ္စဝေက္ခဏာဉာဏ် ဖလပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ကြသလို ဖလသမာပတ္တိဝီထိ၌ ဖလပစ္စဝေက္ခဏာဉာဏ် ဖြစ်ပါသည်၊ ထို့ကြောင့် "ပစ္ဆာ ပစ္စဝေက္ခဏာဉာဏံ"ဟု မိန့်သည်။ [ဤဒီ အရဟတ္တဖလ်-ကား ပစ္စဝေက္ခဏာဉာဏ်၏ ဖြစ်ပုံအခြင်းအရာကို ပြသောစကား တည်း။]

**ဖလသမာဓိသညာပစ္စယာ။** ။ဤပုဒ်သည် ဣဒပ္ပစ္စယာ-၏ အဖွင့်တည်း။ သမာဓိနှင့်သော ယှဉ်သော သညာ မဟုတ်၊ အရဟတ္တဖိုလ် စိတ္တုပ္ပါဒ် အားလုံးနှင့် ယှဉ်သောသညာ ဖြစ်၏။ ထို့ကြောင့် သမာဓိကို ခေါင်းတပ်၍ ဥပလက္ခဏနည်းအားဖြင့် ဆိုထားသည်။ သမာဓိ-အရ သဟစရဏ နည်းအားဖြင့် တက္ကဖြစ်ဖက် အရဟတ္တဖိုလ် စိတ္တုပ္ပါဒ် အားလုံးကို ယူပါ၊ အရဟတ္တဖိုလ်စိတ္တုပ္ပါဒ် မဖြစ်သော် ပစ္စဝေက္ခဏာ မဖြစ် သင့်ပါ။ ထို့ကြောင့် ပါဠိတော်၌ "ဣဒပ္ပစ္စယာ"ဟု ဟောတော်မူပါသည်။

**ပစ္စဝေက္ခဏာ။** ။ဒီဃဘာဏကတို့၏ အလိုအားဖြင့် ဖလပစ္စဝေက္ခဏာ၏ ကေန္တိက အဖြစ်ကို ပြအပ်သည်။ စူဠဒုက္ခက္ခန္ဓသုတ်၏အဋ္ဌ-ကထာ၌ကား ပုဂ္ဂိုလ်အားလုံးတို့မှာ ပစ္စဝေက္ခဏာ အပြည့်အစုံ မဖြစ်ပါ၊ တချို့ပုဂ္ဂိုလ်သည် ပယ်ပြီးကိလေသာကိုသာဆင်ခြင်၏၊ အချို့ပုဂ္ဂိုလ်က ကြွင်းသောကိလေသာကိုသာ၊ အချို့ကမဂ်ကိုသာ၊ အချို့ကဖိုလ်ကိုသာ၊ အချို့က နိဗ္ဗာန်ကိုသာ ဆင်ခြင်၏။ ဤပစ္စဝေက္ခဏာ ငါးပါးတို့တွင် တပါးနှစ်ပါးသာ ရသည်လည်း ဖြစ်နိုင်သည်ဟု ဆိုထားခြင်းမှာ မဇ္ဈိမဘာဏကတို့၏ အလို အားဖြင့် ဆိုထားခြင်းတည်း။ အာဘိဓမ္မိကတို့ကား—

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ န ဝါ-
ဟုမိန့်ဆိုကြသည်။

---

### သညာအတ္တကထာ

ဂါမသူကရော။ ။ဤပါဠိဖြင့် တောဝက်ကို ပယ်သည်၊ ဤသို့ယူမှ ဥပမာ စကားသည် အလွန်သင့်မြတ်ပါမည်၊ ဒေသနာတော်သည် သိမ်မွေ့သည့်အတွက် သာချမ္ဘ မဟာ ဝုဋ္ဌာ စသော အသစ်အကြေး တို့ကို သုဘ်သင်နိုင်ရကား ထိုဒေသနာတော်ကို နာရခြင်းကြောင့်ဖြစ်သော သုဘမဿ ဉာဏ်သည် ရေချိုးစေအပ်သကဲ့သို့ ဖြစ်၏။ နူးညံ့သည့်အတွက် နံ့သာရေကျဲကို လိမ်းကျံထားသကဲ့သို့ ဖြစ်၏။ အနိစ္စတာ စသော လက္ခဏာသုံးရပ်ဖြင့် တံဆိပ် ခတ်အပ်သည့်အတွက် နားဒေါင်း စသော တန်ဆာတို့ဖြင့် ဆင်မြန်းအပ်သကဲ့ သို့ ဖြစ်သည်။ (၃၀၅)

သဏှသုခုမ ၊ပေ၊ အာရုပိတောပိ။ ။တဒနုပဝိသတော ဉာဏဿ တသာ ဘာဝါ တံသမင်္ဂိနော စ ပုဂ္ဂလဿ တထာဘာဝါပတ္တိ နိဒဿနေကဒေသဿ နိဝေဒနတ္ထံ သိရိသယနေ ပဝေသန သဒိသတ္တံ အာဟ "သဏှသုခုမ ၊ပေ၊ အာရုပိတောပိ"တိ။

အမှာ။ ။ဖော်ပြပါ ပါဠိသွားမှာ အလွန်ခက်ခဲ ရှုပ်ထွေးလှပါသည်။ သို့အတွက် ပါဠိပိဋကဘ်၌သာမက ဘာသန္တရ၌ပါ ကျွမ်းကျင် တော်မူလှသော မြောင်းမြမြို့ ပဋ္ဌာတရုံဆရာတော်ဘုရားထံ မေးလျှောက်၍ ဆရာတော်ဘုရား ချီးမြှင့်သည့်အတိုင်း အောက်၌ ဖော်ပြအပ်ပါသည်။

(က) တဒနုပဝိသတော-ဟူသော ဋီကာသစ်နေရာ၌ တဒနုပသေဝတော ဟု ဋီကာဟောင်း၌ ရှိသည်၊ နှစ်ပုဒ်လုံး၌ တသဒ္ဒါအစွဲကို ပါဠိတော်၌ ပါသော သညာနိရောဓ ကို စွဲရန်၊

(ခ) တထာဘာဝါ-ဟူသော ဋီကာသစ်စကားကို မကြိုက်၊ ဋီကာဟောင်းလာ တထာဘာဝေါ ကို ယူရန်၊

(ဂ) တထာဘာဝေါနှင့် တထာဘာဝါပတ္တိ နှစ်ပုဒ်လုံး၌ တထာ+အဘာဝ ဟု ပုဒ်မခွဲပဲ တထာ+ဘာဝ-ဟုသာ ခွဲရန်၊

**အနုက်ယောဇနော။** ။တဒနုပဝိသတော-ထိုသညာနိရောဓသို့ သက်ဝင်သောသူ၏။ တနည်း—တဒနုပသေဝတော- ထိုသညာနိရောဓကို မှီငဲသော သူ၏။ ဉာဏဿ-ဉာဏ်၏။ တထာဘာဝေါ စ-ထိုသညာနိရောဓကဲ့သို့ ဖြစ်ခြင်းသည်လည်းကောင်း။ တံသမင်္ဂိနော-ထိုသညာနိရောဓ သဘောရှိသော ဉာဏ်နှင့် ပြည့်စုံသူ၏။ တထာဘာဝါပတ္တိ စ-ထို (ဉာဏ်ကဲ့သို့ပင်) သညာနိရောဓ သဘောရှိသည်၏ အဖြစ်သို့ ရောက်ခြင်းသည်လည်းကောင်း။ နိရောဓဂါမဿ-သညာဝေဒနာ နိရောဓဒေသနာ၌။ အဿ-ထို ပေါဋ္ဌပါဒပရိဗ္ဗိုဇ်ကို။ နိဝေသနဥ္စ-တည်နေစေခြင်းသည်လည်းကောင်း။ (ဋီသစ်အလို= နိဝေဒနဥ္စ-ဟောပြ သိစေခြင်းသည်လည်းကောင်း၊ [ကြိုအလို-နိရောဓကထာယ-ကိုဟူ၍-အနုက်ယောဇနာ]သိရိသယနပ္ပဝေသနသဒိသံ-အသရေ ရှိသော တိုက်ခန်းသို့ သွင်းခြင်းနှင့်တူသည်။ ဟောတိ-၏။ က္လုတိ-ကြောင့်။ သဏှာ ၊ပေ၊ အာရာပိတောပိတိ-ဟူ၍။ အာဟ-ပြီ။

**သုခံ န ဝိန္ဒန္တော။** ။အသိဉာဏ်နည်းသောကြောင့် ချမ်းသာမှုကို မရပါ။

**ဂူထဋ္ဌာနသဒိသံ။** ။အကုသိုလ် အညစ်အကြေးတို့သည် ဖျက်ဆီးအပ်သောကြောင့် မစင်စွန့်ရာအရပ်နှင့် တူပါသည်။

**ကံ ပန။** ။"သြဠာရိက မနောမယ အရူပိ" ဟူသော အတ္တဝါဒသုံးမျိုးတို့၏ အစွမ်းဖြင့် သုံးမျိုးပြားသော အတ္တတို့တွင်သင်သည် အဘယ်အတ္တကို ယုံကြည်သနည်း။

**ဒေသနာယ ကုသလော။** ။ဤပါဠိဖြင့် မချွတ်ကေန် အမှန်ပင် ဘုရားရှင်သည် ငါ၏အယူကို ဖျက်ဆီးလတ္တံ့ ဟူသော ပေါဋ္ဌပါဒ၏ နှလုံးသွင်းကို ပြသည်။ (၃ဂ၆)

**ပရိဟာရန္တော။** ။ဖျက်ဆီးမည့်ဘေးမှ ရှောင်လွှဲလျက်ဟု ပေး။ အတ္တသည် ရုပ်မရှိဟူသော မိမိအယူကို လျှို့ဝှက်လျက်ဟု ဆိုလိုသည်။

ဩဠာရိကံ ခေါ စသည်။ ။အတ္တဝါဒီသည် စတုဇရုပ်အစဉ်ကို ဧကဃနအစွမ်းဖြင့် ယူ၍ ရုပ်ရှိသောအတ္တသည် ရှန့်ခွင်းခါဟု ယုံကြည်သည်။ အတ္တမှာ အစားအသောက်တို့၏ ကပ်ရောက်ခြင်းကို ကြံဆ၍ သဿတဟု မှတ်ထင်၏။ ရုပ်ရှိသောကြောင့်ပင် အတ္တကို သညာမှ တမျိုးတခြား ဆိုခြင်းသည် သင့်လျော်သည်သာ၊ ဝေဒဝါဒီတို့သည် ယင်းအတ္တကို အန္နမယ ပါနမယဟု နှစ်မျိုးခွဲ၍ ခေါ်ဝေါ်ပြောဆိုကြ၏။ ထို့ကြောင့် ပေါဋ္ဌပါဒပရိဗ္ဗိုဇ်သည် အတ္တဝါဒီသည် အသိအမှတ်ပြုအပ်သော ထိုအတ္တကို ရည်ရွယ်၍ "ဩဠာရိကံခေါ" စသည်ကို လျှောက်ထားသည်။

ဩဠာရိကာ စ ဟိ တေ ပေါဋ္ဌပါဒ အတ္တာ— ။အကယ်၍ အတ္တ အဘာဝိဿ စသော ဘုရားစကားတော်၌ ဆိုလိုရင်း။ ။သည် ရုပ်ဖြစ်အံ့။ ဤသို့ ဖြစ်လျှင် သင်၏ အတ္တသည် ရုပ်တရားဖြစ်ရာ၏။ သညာရှိသော သညီ မဖြစ်နိုင်။ ဘာ့ကြောင့်နည်း—သညာက ရုပ်မဟုတ်သောကြောင့်လည်းကောင်း၊ ရုပ်တရားတို့မှာ သညာ၏ သဘာနန္တသဘော မရှိသောကြောင့်လည်းကောင်းတည်း။ အတ္တသည် ရုပ်ဖြစ်သော်လည်း သင်၏ အလိုအားဖြင့် နိစ္စဖြစ်အံ့။ ဤသို့ဖြစ်လျှင် သညာကမူ အဆင့်ဆင့်ဖြစ်သောကြောင့် အဆက်ဆက်ပျက်ရာသား အနိစ္စဖြစ်၏၊ ဤသို့အားဖြင့် သညာနှင့် အတ္တသည် တခုတည်းမဟုတ်နိုင်၊ သညာက တခြား အတ္တက တခြားသာ ဖြစ်၏။

ထို့ပြင် သညာမဟုတ်သောကြောင့် သင်၏ ရူပီအတ္တသည် စေတနာမရှိ၊ စေတနာမရှိလျှင် သင်၏အတ္တသည် ကံကိုမပြုနိုင်။ ကံကိုမပြုနိုင်လျှင် အကျိုးကိုလည်း မခံစားနိုင်၊ ဤအခွင့်မွယ်များ သက်ရောက်လျက်ရှိရာသား သင်၏ အတ္တသည် ကာရက ဝေဒကမဟုတ်တော့၊ ကာရက ဝေဒကမဟုတ်လျှင် အတ္တဟူ၍ပင် မဆိုနိုင်တော့။ (၃၀၆)

စတုန္နံ ခန္ဓာနံ စသည်။ ။"အညာ စ သညာ ဥပ္ပဇ္ဇန္တိ၊ အညာ စ သညာ နိရုဇ္ဈန္တိ"ဟု အဘယ့်ကြောင့် ဟောတော်မူပါသနည်း "ချုပ်ခြင်းသည် ဖြစ်ခြင်း ရှေ့သွားရှိ၍ မချုပ်သော ဖြစ်ခြင်း မည်သည် မရှိသည် မဟုတ်ပါလော"ဟူသော စောဒနာကို ရှင်းလင်းခြင်းငှာ "စတုန္နံ ခန္ဓာနံ" စသည်ကို မိန့်သည်။ ခန္ဓာလေးပါးတို့မှာ ကောလမ္ဗကဓောဝတ္ထုကာ အဖြစ်ရှိပါသော်လည်း ဥပ္ပါဒနိရောဓအရာ ဖြစ်သောကြောင့် ဧကုပ္ပါဒဧကနိရောဓကိုသာ ဟောသည်။

**မနောမယံ။** ။စျာန်စိတ်ကြောင့် ဖြစ်သော-ဟု ပေးပါ။ ဗာဟိရအကြောင်း မပါပဲ စျာန်စိတ် သက်သက်ကြောင့်သာ ဖြစ်သည့်အတွက် "မနောမယ"ဟု ခေါ်သည်။ ရူပဘုံ၌ ဖြစ်သောခန္ဓာကို ရည်ရွယ်၍ ဆိုသည်၊ ယင်းအတ္တကို ဝေဒဝါဒီတို့သည် "အာနန္ဒမယ ဝိညာဏမယ"ဟု နှင်ဖြာခွဲ၍ ခေါ်ဝေါ်ပြောဆိုကြသည်။

**ယထာ နာမ။** ။ကျုံငရိဗ္ဗိဇ်သည် ပဋ္ဌမတုန်းက ဩဠာရိကအတ္တ-ဟု ဝန်ခံပြီးလျှင် အပြစ်ပြသောအခါ ထိုဝါဒကို စွန့်၍ "မနောမယအတ္တ"ဟု ယူပြန်၏၊ ထို၌ အပြစ်ပြပြန်သောအခါ မနောမယအတ္တအယူကို စွန့်၍ "အရူပီအတ္တ"ဟု ယူပြန်၏၊ အဘယ့်ကြောင့် ဤသို့ အပြောင်းအလဲ လုပ်ပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "ယထာနာမ" စသည်ကို မိန့်၊ တိတ္ထိတို့မည်သည် မရပ်တည်သော စိတ်ရှိ၍ ဖွဲ့၌ စိုက်အပ်သော သစ်ငုတ်ကဲ့သို့ တုန်လှုပ်ကြသောကြောင့် ပြောင်းကာပြောင်းကာ ဝန်ခံသည်ဟူလို။ (၃၀၇)

**သညာ နုပ္ပတိဋ္ဌာတိ။** ။အာရုံ၌ မှတ်သိခြင်း၏ အစွမ်းဖြင့် သညာမတည်။ အာရုံ၌ သညာကို မပြုဟု ဆိုလိုသည်။

**အတ္တာနံ ပန သဿတံ မညတိ။** ။အဆက်ဆက်ဖြစ်သော သညာ၏ အဖြစ်အပျက်ကို မမြင်ရသောကြောင့် ဥပ္ပါဒနိရောဓကို ယူလိုသော်လည်း "သညာ သညာ"ဟု ခေါ်သောအမည်ကို "အတ္တ"ဟု ယူ၍ အတ္တ၏ မပြတ်မစဲခြင်းကို ကြံဆလျက် "သဿတ"ဟု မှတ်ထင်သည်။ ထို့ကြောင့် "အတ္တာနံ ပန သဿတံ မညတိ"ဟု ဆိုသည်။

**တံ နာနတ္တံ အဇာနန္တော။** ။သန္တတိဃန သမူဟဃနတို့၏ လှည့်ပတ်မှုကို ခံရသော လူဗာလသည် အစဉ်၏ အစွမ်းဖြင့် ဖြစ်သောတရား အပေါင်းကို မှားယွင်းစွာ ယူခြင်း၏ အစွမ်းဖြင့် အတ္တဟုလည်းကောင်း၊ နိစ္စဟုလည်းကောင်း စွဲမြဲစွာ နှလုံးသွင်း၍ ပြောဆိုသည်၊ ကေဝ္တာ-ဟု သိမှတ်အပ်သော သန္တတိဃန သမူဟဃနကို နှိုခြမ်း စိတ်ဖြာ၍ ဟုတ်မှန်သော အားဖြင့် သိခြင်းသည် ဃနဂိနိဗ္ဘောဂဉာဏ်မည်၏၊ ထိုဃနဝိနိဗ္ဘောဂဉာဏ်သည် တိတ္ထိတို့မှာ လုံးဝမရှိပါ။ ထို့ကြောင့် ဤပေါဋ္ဌပါဒသည်လည်း ထိုကဲ့သို့ ရှုအပ်သောဉာဏ်ရင့်ကျက်မှု မရှိသောကြောင့် သညာနှင့် အတ္တကိုခွဲ၍ ဘုရားရှင် ဟောအပ်ပါသော်လည်း ထိုအထူးကို မသိနိုင်။ ထို့ကြောင့်

"တံ နစနတ္တံ အဇာနန္တော"ဟု မိန့်သည်။ ဤသညာမည်သည် အာရုံ အမျိုးမျိုး ရှိ၍ အမျိုးမျိုးသော ခဏ၌ ဖြစ်လည်းဖြစ် ပျက်လည်းပျက်၏ဟု ဝေဒိက တို့ အသိအမှတ်ပြုထားသည်။ (၃၇၇)

သညာမယံ အတ္တာနံ နိစ္စမေဝ မညတိ။ ။သညာဖြစ်သော အတ္တကို ကြံဆ၍ ဃနဝိနိဗ္ဘောဂ ဉာဏ် မရှိသော ကြောင့် မြဲစွာပြု၍ ဒိဋ္ဌိမညနာဖြင့် မှတ်ထင်သည်။

ဒိဋ္ဌိ ခန္တိ ရုစိ။ ။ဤဟာသည် ဤအတိုင်းပဲဟု မြင်နေခြင်း၊ သာမန် မြင်ရုံသာ မက စွဲစွဲမြဲမြဲ နှလုံးသွင်းခြင်းသည် ဒိဋ္ဌိ တည်း။ ထို ဒိဋ္ဌိ၏ ရှေ့အဖို့၌ ဤဟာသည် ဤအတိုင်းပဲဟု စူးစိုက်စွာ ရှုသောအားဖြင့် နှစ်သက် ခြင်းသည် ခန္တိ တည်း။ ထိုကဲ့သို့ နှစ်သက်ခြင်းကို ရုစိ ဟုလည်း ခေါ်၏။

အညထာယေဝ စသည်။ ။သဿတ ဥစ္ဆေဒ အဖို့သို့ မကပ်ဆောက်ဘဲ မဇ္ဈိမ ပဋိပဒါ အားဖြင့် မြင်ခြင်းသည် သမ္မာဒဿန တည်း။ ထိုသမ္မာဒဿနမှ တမျိုးတခြား ဖြစ်သည်ကို "အညထာ"ဟု ဆိုသည်။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနိစ္စတာ စသော လက္ခဏာရှိသော ခန္ဓာ အာယတန စသည်မှ တမျိုးတခြားသော အတ္တသဿတ စသော အယူကို "အညဒေဝ"ဟု ဆိုသည်။

အာဒိဗြဟ္မစရိယကံ။ ။ဝါကျတိုင်းမှာ အာခာရဏ အကျိုးရှိသောကြောင့် ဝါကျတိုင်းမှာ အာခာရဏ ဝင်သည်။ ထို့ကြောင့် "အာဒိမတ္တံ"ဟု ဖွင့်သည်။ အစဟူသည် အဓိသီလသိက္ခာသာတည်း။ မှန်၏- အဓိသီလသိက္ခာသည် သိက္ခာသုံးရပ်ဖြင့် သိမ်းကျုံးအပ်သော သာသနဗြဟ္မ စရိယ၌ အစဖြစ်ပါသည်။ အခြားနေရာများ၌ကဲ့သို့ အာဇီဝဋ္ဌမက စသည်သည် အာဒိဗြဟ္မစရိယက မည်သည်မဟုတ်ပါ။ ဤအဓိပ္ပာယ်ကို "အဓိသီလသိက္ခာ မတ္တံ"ဖြင့် ပြသည်၊ (၃၇၉)

အဘိညာယ သမ္ဗောဓာယ။ ။အဘိညာယ-ဉာတပရိညာ အစွမ်းဖြင့် အထူး သိခြင်း အကျိုးငှာ၊ သမ္ဗောဓာယ-တီရဏ ပရိညာ ပဟာနပရိညာတို့၏ အစွမ်းဖြင့် ကောင်းစွာသိခြင်းအကျိုးငှာ၊ တနည်း- အဘိညာယ-အဘိညာပညာ၏ အစွမ်းဖြင့် သိခြင်းအကျိုးငှာ-ဟု ပေး။ အဘိညာပညာ အစွမ်းဖြင့် သိခြင်းဟူသည် ဝဋ္ဋကို မျက်မှောက်ပြုခြင်းပင် ဖြစ်သည်။ ထို့ကြောင့် "ပစ္စက္ခကိရိယာယ"ဟု ဖွင့်သည်။ သမ္ဗောဓာယ- ပရိညာဘိသမယ အစွမ်းဖြင့် ထိုးထွင်း၍ သိခြင်းငှာ-ဟု ပေးပါ။

**တဏှာ ဥပေတ္ထာ။** ။တဏှာသည် ဒုက္ခသဘောရှိသည်သာ ဖြစ်သော်လည်း တဏှာကို သမုဒယ အနေဖြင့် သီးခြားယူအပ်သောကြောင့် "တဏှာ ဥပေတ္ထာ"ဟု မိန့်သည်။

**သပ္ပစ္စယာ။** ။တဏှာသည် ဒုက္ခကို ဖြစ်စေပါသော်သည်း အဝိဇ္ဇာ စသော အကြောင်းများနှင့် ပေါင်းမိမှသာလျှင် ဖြစ်စေနိုင်သည်၊ တဏှာချည်းသက်သက် မဖြစ်စေနိုင်ပါ။ ထို့ကြောင့်"သပ္ပစ္စယာ"ဟုမိန့်သည်၊

**အာရောစေန္တော ဝိယ။** ။ဝိယ-ဟု ဆိုသောကြောင့် ပြန်ကြားနိုင်ပါပြီ စသော စကားဖြင့် တိုက်ရိုက်မလျှောက်ပဲ သွယ်ဝိုက်၍ လျှောက်သည်ဟု ဆိုလိုသည်။ ထိုသွယ်ဝိုက်၍ လျှောက်သော စကားကား "ဝေမေတိ"စသော စကားသာမက "ယဿ ဒါနိ ဘဂဝါ ကာလံ မညတိ" တိုင်အောင်တည်း။ (၃၉၀)

---

## စိတ္တဟတ္ထိသာရိပုတ္တပေါဋ္ဌပါဒ ဝတ္ထု

**သုခုမသု အဘ္ထန္တရေသု ကုသလော။** ။ခန္ဓာအာယတန စသော သိမ်မွေ့သော ဉာဏ်၏ အာရုံ ဖြစ်ကုန်သော တရားတို့၌ ရှေးဘဝ၌လည်း ဘုရားသာသနာ၌ အလေ့အကျက် ပြုဖူးသောကြောင့် ကျွမ်းကျင်သည်။ (၃၉၀)

**ဂိဟိဘာဝေ အာနိသံသကထာယ ကထိတတ္တာ။** ။သီလရှိသော ရဟန်းအား လူ အဖြစ်၌ အာနိသင် စကားကို ပြောကြားခြင်းဖြင့် လူထွက်ဖို့ချန် တိုက်တွန်းခဲ့သောကြောင့် ယခု အခါ၌ ကိုယ်တိုင်လည်း သီလရှိသည်သာဖြစ်လျက် ခြောက်ကြိမ်တိုင်တိုင် လူ ထွက်သည်ဟူသော အဓိပ္ပာယ်ကို ယူပါ။ မှန်၏-ကံနှင့်တူသော ကံ၏ အကျိုး ဖြစ်ရသည်။

**မဟာသာဝဇ္ဇကာယ ကထိတော**။ ။မဟာသာဝဇ္ဇဖြစ်သော မဟာ ကောဋ္ဌိက ထေရ်သည် ကြိမ်းမောင်းစကား မိန့်ကြားအပ်သော် သာသနာတော်၌ တည်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ လူထွက်သည်။ (၃၉၁)

**ဝိဋ္ဋမိတ္တာ ဂိဟိ ဇာတော**။ ။ကျွဲစကားကို ခုနစ်ကြိမ် လူထွက်သကဲ့သို့ မိန့်ဆိုထား၏။ ဓမ္မပဒ အဋ္ဌကထာ၌ကား ခြောက်ကြိမ်သာ လူထွက်သည့် အကြိမ်ကို မိန့်ဆိုသည်။

**ပညာစက္ခုနော နတ္ထိတာယ**။ ။ကောင်းစွာ ပြောဆိုအပ်သော စကား၊ မကောင်းသဖြင့် ပြောဆိုအပ်သော စကား ဟူသော သမဝိသမကို သိမြင်နိုင်သော ပညာစက္ခု၏ မရှိခြင်းကြောင့် ကန်းသူတို့ မည်၏။

**ကေ်သိကာ န ကေ်သိကာ**။ ။ကေ်သိကာ-နိဗ္ဗာန်ကို ဆောင်နိုင်ဆောင်နိုင်ဟု နှစ်ဖို့မကွဲပဲ ကေနိဆောင်နိုင်ကုန်၏ဟု ဆုံးဖြတ်အပ်ကုန်၏။ န ကေ်သိကာ-ဝဋ္ဋ၌အတွင်းဝင်သေးကြောင့် နိဗ္ဗာန်ကို ဆောင်နိုင်၏ဟု ကေနိမဆုံးဖြတ်အပ်ကုန်။

---

## ကေ်သိကဓမ္မ

**အနိယျာနိကဘာဝဒဿနတ္ထံ**။ ။ကဿပ အာရဘိ-ဖြင့် အကြောင်းကို မေး၍ အကျိုးကို ဖြေခြင်းသည် အကျိုးပြီးစီးလျှင် အကြောင်းလည်း ပြီးစီးသောကြောင့်တည်း ဟု ဋီကာဟောင်းဆရာ မိန့်၏။ အာရေဆရာတို့ကား-အတ္တသဒ္ဒါ အကြောင်း၌ဖြစ်၍ ဟိတ်အနက်၌ ပဉ္စမီဝိဘတ်သက်ထားသည်။ ထို့ကြောင့် "အနိယျာနိကဘာဝဒဿနတ္ထံ-အနိယျာနိက အဖြစ်ကို ပြခြင်းဟူသော အကြောင်းကြောင့်" ဟု အနက်ဆိုကြ၏။ (၃၉၁)

**ပညာပိတနိဋ္ဌာယ**။ ။ဝဋ္ဋ ဒုက္ခ အဆုံးသို့ ရောက်ကြောင်းဖြစ်သောကြောင့် ဝိမုတ္တိကို "နိဋ္ဌာ"ဟု ခေါ်သည်။ နိဋ္ဌာဂမ္ဂ ဟု ဆိုလိုလျက် မဂ္ဂပုဒ်ချေထားသည်။ ဘာ့ကြောင့်နည်း-နိဋ္ဌာမဂ္ဂမှာသာ နိယျာနိက အဖြစ် အနိယျာနိက အဖြစ်ကို ဆိုနိုင်၍ နိဋ္ဌာမှာ မဆိုနိုင်သောကြောင့်တည်း။

**လောကထူပိကာဒိဝသေန**။ ။"နိဗ္ဗာန် နိဗ္ဗာန်"ဟူသောစကား တူခြင်းမျှကို ယူ၍ နိဋ္ဌာကို ပညတ်ကြသည်၊ လောက၏ အထွဋ်နှင့်တူခြင်းကို ကြံဆခြင်းဖြင့် ပြဟူ့ဘုံကို "လောကထူပိကာ"ဟု ခေါ်၏။ ကေစိတို့ကား-နေဝသညာ နာသညာယတနဘုံကို "လောကထူပိကာ"ဟု ဆိုကြသေး၏။ အဋ္ဌကထာတို့၌ ထိုအတိုင်း မဆိုသောကြောင့် ကေစိစကား မသင့်ပါ။

[အာဒိသဒ္ဒေန—

(၁) အညော ပုရိသော အညာ ပကတိတိ ပကတိပုရိသန္တရာ ဝဒေါခေါ မောက္ခော၊

(၂) ဗုဒ္ဓိအာဒိဂုဏဝိနိမုတ္တဿ အတ္တနော အသကတ္တနိ အဝဋ္ဌာနံ မောက္ခော၊

(၃) ကာယဝိပတ္တိက တိဇာတိဗန္ဓာနံ အပဝဇ္ဇန ဝသေန အပ္ပဝတ္တော မောက္ခော၊

(၄) ပရေန ပုရိသေန ပလောကတာ မောက္ခော၊

(၅) တံသမိပတာ မောက္ခော၊

(၆) တံသမာယောဂေါ မောက္ခောတိ ဧဝမာဒီနံ သင်္ဂဟော ဒဋ္ဌဗ္ဗော။]
(၃၉၂)

## ဘာသန္တရကောဝိဒ ဖြစ်တော်မူသော မြောင် မြ ဆရာတော် အရှင်ဉာဏိက၏ ရှင်းပြချက်များ

(က) ပုရိသနှင့်ပကတိ၊ (သာခ်ျဒဿနဉ် လာသော အယူအဆ။ ပုရိသ ဟူသည် ပရမတ္တနှင့်တူ၏။ ပကတိ-ဟူသည် ကမ္ဘာလောကနှင့် တူ၏။ သတ္တဝါတိုင်းမှာ ပုရိသ ရှိသည်။ ပကတိနှင့် စပ်၍ နေသည်။) ယင်းတို့၏ အထူးကိုသိလျှင် [အန္တရဿဒ္ဒါ-ဘေဒဟော] မောက္ခ ဖြစ်သည် ဟူလို။

(ခ) အတ္တဉ်ဂုဏ်၉-ပါးရှိသည်၊ယင်းတို့ကား ဗုဒ္ဓိ သုခ ဒုက္ခ ဣစ္ဆာ ဒေါသ ပယတ္တ-ဝါ ပယာတန ဓမ္မ အဓမ္မ သင်္ခါရ တို့တည်း။ ယင်းဂုဏ် ၉-ပါးမှ လွတ်သော အတ္တ၏(မိမိ-ဟု ဆိုအပ်သော ပဓာန၊ဝါ- အဗျတ္တဉ်) တည်နေခြင်း၊ လဲလျောင်းခြင်းသည် မောက္ခ မည်၏။

(ဂ) ကာယပဝတ္တိ (ပကတိနှင့် ပုရိသတို့၏ ပေါင်းစပ်သောအားဖြင့်) ၂၃-ပါးသော ဒြဗ်ဂုဏ်အပေါင်း၏ ဖြစ်ခြင်း၊ ကတိ-ပြုမူလှုပ်ရှားခြင်း၊ ဇာတိဗန္ဓာန်-သတ္တဝါ သင်္ခါရ သက်ရှိ သက်မဲ့ အရာဝတ္ထုတို့၏ ဖြစ်ခြင်းဖြင့် ဖွဲ့စပ်အပ်ကုန်သော ပကတိ ပုရိသ တို့၏၊ ဝါ- တို့ကို။ အပဝဇ္ဇနဝသေန-ရှောင်ကြဉ်ခြင်း၊ ကင်းခြင်း၏ အစွမ်းဖြင့်။ အပ္ပဝတ္တော-မဖြစ်ခြင်းသည်၊ မောက္ခော-မောက္ခ မည်၏။

ပါဌ်မှန် ပါဌ်မှား။ ။ကာယဝိပတ္တိ—မကောင်း၊
ကာယပ္ပဝတ္တိ-ဋီကာဟောင်း ပါဌ်ကောင်း၊

ဂတိ-ဋီကာဟောင်း ပါဌ် မကောင်း၊
ကတိ-ဋီကာသစ်ပါဌ်ကောင်း၊

အပမဇ္ဇနဝသေန-ဋီကာဟောင်းပါဌ် မကောင်း၊
အပဝဇ္ဇနဝသေန-ဋီကာသစ်ပါဌ်ကောင်း။

[“တံသံယောဂဟေတုဝိဝဇ္ဇနာ သိယာ အစ္စန္တိကော ဒုက္ခုပတိကာရော” ဟူသော ပြဟ္မသုတ် ဋီကာကို ကိုး၍ ဤအနက် ပေးပါသည်]။

တံသံယောဂဟေတုဝိဝဇ္ဇနာ - ထို၂ကတိနှင့် ပုရိသ ပေါင်းစပ်ခြင်း၏ အကြောင်းကို ရှောင်ကြဉ် ပယ်ရှားခြင်းဖြင့်။ အစ္စန္တိကော-စင်စစ် ဖြစ်သော။ ဒုက္ခုပတိကာရော-ဒုက္ခကို ပယ်ရှားနိုင်ခြင်းသည်။ သိယာ-ဖြစ်၏၊

[ဤအချက်များ အလွန်ရှုပ်ပါသည်။ ပါဠိမျှဖြင့် နားမလည်နိုင်ပါ။ သစ္စဝိဘင်း မူဋ္ဌ အနုဋ္ဌ ဝိသုဒ္ဓိမဂ်မဟာဋီကာပါ တွဲကြည့်လျှင် နှံနှံ သိပါလိမ့်မည်]။

(ဃ) ပရေန-ပြခင်းသော ဝါ-မည်သူ၏မျှ အတွင်း၌ မဖြစ်၊ အပ-အပြင်၌သာ ဖြစ်သော။ ပုရိသေန-ပြဟ္မာကြီးနှင့်။ သလောကတာ-(ပ-မကောင်း)တူသော လောကရှိခြင်း၊ပေါင်းစပ်သွားခြင်းသည်။ မောက္ခော-မည်၏။ (ဋီကာသစ် ပလောကတာ-ပါဌ်ပျက်)

(မှတ်ချက်) ဋီကာဟောင်းပါဌ်တွင် ယညေ-ယင်ကိုးဇုဒတ-ပူဇော်အပ်ပြီးသည်ရှိသော်။ (ဤ၌ ;(န)တလုံး ပိုနေဟန်ရှိသည်) ဤသို့ အနက်ပေး။

(င) သမိ၂တာ-ပြဟ္မာကြီးနှင့် နီးနားသည်၏ အဖြစ်သည်။ မောက္ခော၊
(စ) သဟယောဂေ၊-ပရမတ္ထနှင့် ဇီဝတ္တ ၂-ခုပေါင်းစပ် ခြင်းသည်။ မောက္ခော-၏။

သာ စ နိယျာနိကာ။ ။ထိုထိုအယူများ၌ နိဗ္ဗာနကို ပညတ်ကြပါသည်။နိဗ္ဗာနကို မပညတ်သောအယူမရှိ။

(၁) ပုဏ္ဏားတို့၏ နိဗ္ဗာနသည် ပဋ္ဌမစျာန် ပြဟ္မာ့ဘုံဘည်း။
(၂) ဝေခနသ စသောရသေ့တို့၏ နိဗ္ဗာနသည် အာဘဿရာဘုံတည်း။
(၃) သဥ္စယ စသော ပရိဗ္ဗိုဇ်တို့၏ နိဗ္ဗာနသည် သုဘကိဏှာ ဘုံဘည်း၊
(၄) အာဇီဝကတို့၏ နိဗ္ဗာနသည် "အနန္တမာနသော"ဟု ကြံဆအပ်သော အသညသတ်ဘုံတည်း။
(၅) ဤသာသနာတော်၌ နိဗ္ဗာနကား—အရဟတ္တဖိုလ်တည်း။

တိတ္ထိအားလုံးတို့သည် ဒိဋ္ဌိအစွမ်းဖြင့် ပြဟ္မလောက စသည်တို့ကို အရဟတ္တဖိုလ်ဟု မှတ်ဆင်ကြသဖြင့် "နိဗ္ဗာန် နိဗ္ဗာန်"ဟု စကားအရ တူမျှသည်ကို ယူ၍ နိဗ္ဗာန်ဟု ပြောဆိုပညတ်ကြသည်။ ပရမတ္ထအားဖြင့် တိတ္ထိတို့၏ အယူ၌ နိဗ္ဗာန်ပညတ်မှုကို ရနိုင်သောကြောင့် ပညတ်ကြသည်မဟုတ်ပါ။ ထို့ကြောင့် "သာ စ န နိယျာနိကာ" စသည်ကို မိန့်သည်။

**ပဏ္ဍိတေဟိ ပဋိက္ခိတ္တာ နိဝတ္တတိ။** ။တိတ္ထိများပညတ်အပ်သော နိဋ္ဌာပဋိပဒါသည်ဝဋ်မှ မထုတ်ဆောင်နိုင်၊ စင်စစ်ကား ထိုနိဋ္ဌာပဋိပဒါနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို သံသရာ၌ ချာချာလည်စေတတ်ရကား နောက်ဆုတ်လေတော့၏။ထိုသို့ နောက်ဆုတ်သည့်အတွက် ပညာရှိတို့က ဝဋ်ကို မလွန်မြောက်နိုင်သောကြောင့် "ဤနိဋ္ဌာသည် အကျင့်မှန်မဟုတ်"ဟု ပညာရှိတို့ ပယ်မြစ်သည်။ (၃၉၂-၃)

**ဇာနံ ပဿံ။** ။ဝဏ္ဏနဝိပလ္လာသနည်းအရ ဗဟုဝုစ်အနက်ပေးပါ၊ ပစ္စက္ခအားဖြင့် သိခြင်းသည် မြင်ခြင်းထက် ကြီးသောကြောင့် ပဓာနဖြစ်၏။ မြင်ခြင်းသည်ကား သံသယသို့ အစဉ်လိုက်သောကြောင့် အပ္ပဓာနဖြစ်၏။ ထို့ကြောင့် "ဇာနံ ပဿံ"ဟု ဇာနံ-ကို ရှေ့ထား၍ ဟောသည်၊ သိခြင်းဖြင့် မြင်ခြင်းကို အထူးပြု၏။

တနည်း—ဇာနံ-သည် အနုမာနအရာရှိ၍ ပဿံ-ကား ပစ္စက္ခအရာရှိ၏။ သင်တို့သည် လောကကို ပစ္စက္ခအားဖြင့် သိသလော၊ သို့မဟုတ် မှန်းဆသောအားဖြင့် သိသလောဟု ဆိုလိုသည်။ (၃၉၃)

**ဒိဋ္ဌပုဗ္ဗာနိ ခေါ စသည်။** ။လောက၌ ပစ္စက္ခဖြစ်သောအနက်သည် ဂုဏ်ရှိ၏အာရုံအဖြစ်ဖြင့် ထင်ရှားသည်။ ထို့ကြောင့် ထင်ရှားသော အနက်ဖြင့် အဓိပ္ပာယ်ကို ပြခြင်းငှာ "ဒိဋ္ဌပုဗ္ဗာနိ ခေါ" စသည်ကို မိန့်သည်။

**အပ္ပါဋိဟီရကတံ။** ။ပါဋိဟီရစကား ဟူသည် မိမိတို့ ပဌမပြောအပ်သော စကားကို အခြားပညာရှိတို့က ပြန်၍ ပြောအပ် အပြစ်တင်အပ်သော စကားတည်း။ ထိုအပြစ်တင်စကားကို မိမိတို့က ပြန်၍ ချေနိုင်လျှင် မိမိတို့၏ စကား လည်း ပါဋိဟီရစကားပင် ဖြစ်သည်။ ထိုသို့ ပြန်၍ ချေပဖို့ရန် အဖြေစကားမှ ကင်းသော စကားကို "အပ္ပါဋိဟီရက" ဟု ခေါ်သည်။

**အနိယျာနိကံ။** ။အပြစ်တင်သောအားဖြင့် သူတပါးတို့ ပိတ်ဆို့ထားသည်ကို ဖြေရှင်းသောအားဖြင့် လွတ်မြောက်နိုင်သောနည်းလမ်းသည် နိယျာနိကမည်၏။ မဖြေရှင်းနိုင်သောကြောင့် အနိယျာနိက မည်၏။ (၃၉၄)

**ဝိလာသာကပ္ပါဒီဟိ။** ။မိန်းမ၏ တင့်တယ်ခြင်းသည် ဝိလာမည်၍ ဆံထုံးထုံးပုံ အဝတ်ဝတ်ပုံ စသော ထူးခြားသော အသွင်အပြင်သည် အာကပ္ပမည်၏။ အာဒိဖြင့် ဟာဝ စသည်တို့ကို ယူပါ။ ဟာဝဟူသည် တင့်တယ်အောင်ပြုအပ်သော အမူအရာတည်း။

---

## တဃောအတ္တပဋိလာဘ

**ကာမဘာဝံ ဒဿေတိ စသည်။** ။ကာမဘာဝံ ဒဿေတိ-ကာမဘဝသည် အခြားဘဝနှစ်ပါးထက် ရှန့်ရှင်းသောကြောင့် ဩဠာရိက အတ္တဘာဝ ပဋိလာဘဖြင့် ကာမဘဝကို ပြတော်မူ၏။ရူပဘာဝံ ဒဿေတိ-ဈာန်စိတ်ကြောင့် ဖြစ်သည်ဖြစ်၍ ရုပ်ရှိသည်၏ အဖြစ်ဖြင့် ရအပ်သောကြောင့် မနောမယ အတ္တဘာဝပဋိလာဘဖြင့် ရူပဘဝကို ပြတော်မူ၏။ အရူပဘာဝံ ဒဿေတိ-ရုပ်မရှိသည်၏ အဖြစ်ဖြင့် ရအပ်သောကြောင့် အရူပအတ္တဘာဝပဋိလာဘဖြင့် အရူပဘဝကို ပြတော်မူ၏။ (၃၉၄)

**သံကိလေသိကာ။** ။အကုသိုလ်မရှိသော် တစုံတခုသော ညစ်နွမ်းမှုမဖြစ်သင့်သောကြောင့် သံကိလေသိကာ-အရ အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို ယူပါ။

**ဝေါဒါနိယာ ဓမ္မာ။** ။သမထဝိပဿနာတို့၏ အစွမ်းဖြင့် စိတ်ဖြူစင်သောကြောင့် ဝေါဒါနိယဓမ္မတို့မည်သည် သမထဝိပဿနာတို့တည်း။

**ပညာပါရိပူရိံ ဝေပုလ္လတ္တံ။** ။ဆန့်ကျင်ဘက်တရားတို့ကို အကြွင်းမဲ့ မပယ်ဖြတ်ရသေးလျှင် တရံတခါကလေး သော်မှုလည်း အပြစ်ကင်းသော တရားတို့၏ ပြည့်စုံမှု ပြန့်ပြောမှု မရှိနိုင်။ အကြွင်းမဲ့ ပယ်သတ်ပြီး သော်ကား အပြစ်မရှိသောတရားတို့၏ ပြည့်စုံမှုပြန့်ပြောမှုဖြစ်နိုင်ပါသည်။ ထို့ကြောင့် ပညာ-အရ မဂ်ပညာ ဖိုလ်ပညာတို့ကိုသာ ယူရသည်။ ထိုမဂ်ဖိုလ်ပညာတို့သည် တကြိမ်ပြည့်စုံလျှင်လည်း မယုတ်လျော့ခြင်းသဘောရှိသောကြောင့် ပြည့်စုံပြီးပင် ဖြစ်တော့၏။

တရုဏပီတိ။ ။ဖြစ်ကာမျှ အာသေဝနသတ္တိ မရသော အားနည်းသော ပီတိတည်း။

ဗလဝပီတိ။ ။အဖန်ဖန်အထပ်ထပ် ဖြစ်သောကြောင့် အာသေဝနရ၍ အထက်တရားထူးကို ရခြင်း၏ အကြောင်းဖြစ်သော ခိုင်မြဲသော ပီတိကို ဗလဝပီတိဟု ခေါ်သည်။

နာမကာယပဿဒ္ဓိစ။ ။ပဿဒ္ဓိနှစ်ပါးသည် တပါးနှင့် တပါးကင်း၍ မဖြစ်နိုင်သောကြောင့် ဤပါဠိ၌မသင့်၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ နှစ်ပါးလုံးနှင့် ဆိုသော ပဿဒ္ဓိပုဒ်သာ အသင့်ဟု ဋီကာသစ်ဆရာ ဆိုဖြတ်၏။ (၃၉၅)

အယမေဝ ဝိဟာရော။ ။ဣရိယာပထစသော ဝိဟာရလေးမျိုးတို့တွင် ဖလသမာပတ်ဖြင့် နေခြင်း ဟူသော ဤအရိယဝိဟာရသည်သာ သန္တပဏီတဖြစ်သောကြောင့် ချမ်းသာရကား ဤအရိယဝိဟာရကိုသာ "သုခဝိဟာရ"ဟု ဆိုထိုက်၏။ အဘယ်သို့ ချမ်းသာသနည်းဟု မေးဖွယ်ရှိ၍ "ဥပသန္တော ပရမမဓုရော"ဟု မိန့်၏။

ပဌမဇ္ဈာနေ ၊ပေ၊ ဆပိ ဓမ္မာ လဗ္ဘန္တိ။ ။ရခါစပဌမစျာန်၌ ဟိနဖြစ်သောကြောင့် ပီတိသည် ဒုဗ္ဗလဖြစ်၍ ပါမောဇ္ဇ၌ အကျုံးဝင်သည်။ အဖန်ဖန်များစွာ ပွားများအပ်သော် ပဌမစျာန်ပီတိသည် ပဏီတဖြစ်၍ ဗလဝဖြစ်သောကြောင့် ပြည့်စုံသောကိစ္စရှိသော ပီတိ ဖြစ်သည်။ ထို့ကြောင့် "ပဌမဇ္ဈာနေ ၊ပေ၊ ဆပိ ဓမ္မာ လဗ္ဘန္တိ" ဟု မိန့်သည်။

ပါမောဇ္ဇံ နိဝတ္တတိ။ ။ဝိတက် ဝိစာရ ချောက်ချားမှု မရှိသောကြောင့် ငြိမ်သက်နည်းဒုတိယစျာန်၌ ပီတိသည် အမြဲဗလဝသာ ဖြစ်သည်။ ပဌမစျာန်တုန်းကကဲ့သို့ တရံတခါမျှ ဒုဗ္ဗလမဖြစ်၊ ထို့ကြောင့် အားနည်းသော ပီတိ-ဟုဆိုအပ်သော ပေါမောဇ္ဇလျော့သည်။

ပီတိ နိဝတ္တတိ။ ။ပီတိကိုပယ်မှသာ တတိယစျာန်ကို ရသောကြောင့် "ပီတိ နိဝတ္တတိ"ဟု ဆိုသည်။

တထာ စတုတ္ထေ။ ။"သုခေါ ဝိဟာရော"ဟူသော ပါဠိဖြင့် သမာဓိကို ယူအပ်သည်။ ထို့ကြောင့် "တထာ စတုတ္ထေ"ဟုဆိုသည်။ အချို့ကား "သုခေါ ဝိဟာရော"ဟူသော ပါဠိဖြင့် သုခကို ယူသည်ဟု

ဆိုကြ၏။ ထိုပုဂ္ဂိုလ်တို့၏ အယူအားဖြင့် ငြိမ်သက်နေသော ဖြစ်ခြင်းရှိသော ကြောင့် ဥပေက္ခာကိုလည်း စတုတ္ထဈာန်၌ သုခဟုသာ ဆိုအပ်သည်။ ထို့ကြောင့် ထိုကဲ့သို့ ဆိုသည်ဟု မှတ်ပါ။

**ပီတိဝေဝစနမေဝ ကတ္ဘာ။** ။ပီတိနှစ်ခုတို့ စိတ္တုပ္ပါဒ် တခုတည်း၌ မဖြစ်နိုင် သောကြောင့် ပါမောဇ္ဇကိုပင် ပီတိ၏ ဝေဝစ် ပြု၍ မိန့်သည်။ ပါမောဇ္ဇနှင့် ပီတိကို မပြားသောအားဖြင့် ပြု၍ဟု ဆိုလို ပါသည်။ (၃၉၅-၇)

**ဒုတိယဇ္ဈာနိကဖလသမာပတ္တိနာမ ကထိတာ။** ။ပီတိသုခတို့ကို မစွန့်အပ် သောကြောင့်လည်းကောင်း၊ သုခေါ ဝိဟာရော-ဖြင့် လွန်ကဲသော သုခဝိဟာရကို ယူအပ်သောကြောင့် လည်းကောင်း "ဒုတိယ ၊ပေ၊ ကထိတာ"ဟု မိန့်သည်။ ပဌမဈာန်၌လည်း ပီတိသုခတို့ကို ရအပ်ရနိုင်သည်။ သို့သော် ထိုပဌမဈာန်၌ ပီတိသုခတို့သည် ဝိတက်ဝိစာရတို့ဖြင့် ချောက်ချားသောကြောင့် သန္တပဏီတမဖြစ်ကြပါ။ ဤနေဆ၌ကား သန္တပဏီတဖြစ်သော ပီတိသုခတို့ကိုသာ အလိုရှိအပ်ပါသည်။ ထို့ကြောင့် ဒုတိယဇ္ဈာနိကဖလသမာပတ်ကိုသာ ယူသည်။ ပဌမဇ္ဈာနိကဖလ သမာပတ်ကို မယူပါ။ (၃၉၆)

**ဝိဘာဝနတ္ထော။** ။သရုပ်သကောင်အားဖြင့် ထုတ်ပြခြင်း အနက် ၌၏။

**တေ တေရဟိ နတ္ထိ။** ။အတိတ် အတ္တဘောဟူသော နာမည်၏ စွဲမှီစရာ ဖြစ် သော ရုပ်စသော တရားများသည် ချုပ်ပြီးသော ကြောင့် ယခုပစ္စုပ္ပန်၌ မရှိကြတော့ပါ။ ထို့ကြောင့် ဖြစ်ပြီးဟု ဆိုရသည်။ (၃၉၇)

**အတ္တပဋိလာဘံ ပဋိဇာနာတိ။** ။ပရမတ္ထ အားဖြင့် မရအပ်သောကြောင့် အမည်မျှသာ ဖြစ်သော အတ္တပဋိလာဘကို ဝန်ခံသည်။

**ဧဝေဝ နယော။** ။ဧဝေဝ နယောတိ ဣမိနာ ယေ တေ အနာဂတာ မွော၊ တေ တေရဟိ နတ္ထိ၊ ဘဝိဿန္တီတိ ပန သင်္ချံ ဂတာ၊ တသ္မာ သောပိ မေ အတ္တပဋိလာဘော တသ္မိံ ယေဝ သမယေ သစ္စော ဘဝိဿတိ၊ အတီတပစ္စုပ္ပန္နာနံ ပန မွာနံ တဒါ အဘာဝါ တသ္မိံ သမယေ မောဃော အတီတော၊ မောဃော ပစ္စုပ္ပန္နောတိ ဧဝံ

အတ္ထတော နာမမတ္တမေဝ အတ္တပဋိလာဘံ ပဋိဇာနာတိ။ ယေ ဣမေ ပစ္စုပ္ပန္နာ ဓမ္မာ၊ ဒေတ တေရဟိ အတ္ထိတိ သင်္ချံ ဂတာ၊ တသ္မာ ယွာယံ မေ အတ္တပဋိလာဘော၊ သော ဣဒါနိ သစ္စော ဟောတိ။ အဘိတာ နာဂတာနံ ပန ဓမ္မာနံ အဝုန္နာ အဘာဝေါ ဧတရဟိ မောဃော အတီတော၊ မောဃော အနာဂတောတိ ဝေ အတ္ထတော နာမမတ္တမေဝ အတ္တပဋိလာဘံ ပဋိဇာနာတီတိ ဣမမတ္ထံ အတိဒိသတိ။ (အဋ္ဌကထာ ပါဠိနှင့် တွဲ၍ကြည့်ရန် ဋီကာကို ပါဠိအတိုင်း ဖော်ပြလိုက်ပါသည်)။

နှ တသ္မိံ ၊ပေ၊ ဂစ္ဆတိ။ ။နို့ရည်ဟု ပညတ်ခြင်း၏ စွဲမှီစရာဖြစ်သော ဘူတရုပ် ဥပါဒါရုပ်သည် နို့ဓမ်း စသည် ပညတ်ခြင်း၏ စွဲမှီစရာ မဟုတ်သောကြောင့် နို့ရည်အခိုက်မှာ နို့ဓမ်းစသော အမည်သို့ မရောက်နိုင်။ မှန်၏ - လောက၌ အမည်ပညတ်တို့သည် အသီးသီး အမြဲ သတ်မှတ်အပ်ပြီးသော တည်ရာဝတ္ထု ရှိကြပါသည်။

သမနုဇာနနမတ္တကာနိ။ ။"ဤကား နို့ရည် ဤကား နို့ဓမ်း"စသည်ဖြင့် ပညတ်အပ်သော ဘူတရုပ် ဥပါဒါရုပ်အထူးတို့၌ လောက၌ အစဉ်ဆက်အားဖြင့် လာသော ပညတ်ကို မပယ်မူ၍ လောက၌ ခွင့်ပြုသကဲ့သို့ အကြောင်းထူးဖြင့် အထူးပြုအပ်သော ရုပ် စသော ခန္ဓာ အပေါင်းကို စွဲ၍ "ဩဠာရိက အတ္တပဋိလာဘ" ဟု လည်းကောင်း၊ "မနောမယအတ္တပဋိလာဘ"ဟု လည်းကောင်း၊ "အရူပအတ္တပဋိလာဘ" ဟု လည်းကောင်း ခွင့်ပြုခြင်းမျှတို့သာတည်း။ စွဲမှီစရာမှ အခြားသော တစုံတခုသော တရားသည် ပရမတ္ထအားဖြင့် မရှိဟု ဆိုလိုသည်။ (၃၉၈)

အနိစ္စကထာ ပရမတ္ထ ဓေါ ရပုံ။ ။ပရမတ္ထ၌ မှီသောစကား ဖြစ်သောကြောင့် အနိစ္စစသော ကထာကိုလည်း ပရမတ္ထ ကထာဟူသာ ခေါ်ရ၏၊ မှန်၏— ပရမတ္ထကိုသာလျှင် အနိစ္စ ဒုက္ခဟု ဆိုအပ်သည်။ သမ္မုတိဓမ္မကို အနိစ္စ ဒုက္ခဟု မဆိုနိုင်ပါ။ သဘာဝဓမ္မတို့ကိုလည်း သမ္မုတိကို အဦးပြု၍သာလျှင် ဟောကြားရသောကြောင့် ဒေသနာတော် ဟူသမျှသည်း သမ္မုတိကထာသာ ဖြစ်နိုင်သည် မဟုတ်ပါလောဟု မေ ဖွယ် ရှိ၏။ အဖြေကား— ဤကထာအမည်ကို ဤသို့ မမှတ်ရပါ။ ဘာ့ကြောင့် နည်း— ဟောတော်မူအပ်သော တရားကို ခွဲခြားခြင်းဖြင့် ကထာ ခွဲခြားမှုကို ယူသောကြောင့်တည်း။ သဒ္ဒါသည် ပဝတ္တိနိမိတ်မရှိပဲ အနက်ကို မပြနိုင်ပါ။ ဆိုလိုသည်မှာ— ပရမတ္ထ သမ္မုတိ ခွဲခြားမှုသည် အသံစကားကို ဆိုလိုသည်

**မဟုတ်ပါ။** ဟောတော်မူအပ်သည့် အနက်အဓိပ္ပာယ်က ပရမတ္ထအားဖြင့် ရနိုင်လျှင် ပရမတ္ထဖြစ်၍ မရနိုင်လျှင် သမ္မုတိဖြစ်သည် ဟူလို။ (၃၉၈-၉)

**လူခါကာရာ။** ။ဝေနေယျတို့ မသိမှုကြောင့် ခြောက်ကပ်သလို ဖြစ်သည်။

**ဒုဝေ သစ္စာနိ အက္ခာသိ။** ။အမျိုးမျိုးသော ဒေသဘာသာတို့၌ ကျွမ်းကျင်သော ဗေဒင်သုံးပုံတို့၏ အနက်ကို ဖွင့်ဆိုသော ဆရာကဲ့သို့ အမျိုးမျိုးသော သမ္မုတိပရမတ္ထတို့၌ ကျွမ်းကျင်တော်မူသော ဘုရားရှင်သည် ဝေနေယျတို့၏ အဇ္ဈာသယ အားလျော်စွာ သမ္မုတိသစ္စာ ပရမတ္ထသစ္စာ နှစ်မျိုးလုံးတို့ကိုပင် ဟောကြားတော်မူသည်။ (၄၀၀)

**သင်္ကေတဝစနံ စသော ဂါထာ။** ။စကား နှစ်မျိုးတို့၏ သစ္စာ သဘောကို အကြောင်းနှင့်တကွ ပြခြင်းငှာ ဤဂါထာကို မိန့်သည်။ လောကသမ္မုတိအကြောင်း ရှိသောကြောင့် သင်္ကေတ စကားသည် မှန်၍ တရားတို့မှာ ဟုတ်မှန်သော လက္ခဏာ ရှိသောကြောင့် ပရမတ္ထ စကားသည် မှန်၏။

**လောကသမ္မုတိ ကာရဏံ။** ။လောက၌ ထင်ရှားသော ပညတ်အနက်သည် သင်္ကေတစကားမချွတ်ယွင်းခြင်း၏ အကြောင်း ဖြစ်၏။ ချွတ်ယွင်းမှု မရှိသောကြောင့် သင်္ကေတစကားသည် မှန်၏။

**ဓမ္မာနံ ဘူတလက္ခဏံ။** ။ဤစကားသည် ပရမတ္ထ စကား မှန်ကန်ခြင်း၌ အကြောင်းပြ စကားတည်း။ ပရမတ္ထ စကားသည် ပရမတ္ထတရားတို့၏ ဟုတ်မှန်သော သဘောကို သိကြောင်း အမှတ်အသား လက္ခဏာ ဖြစ်၏။ ဟုတ်မှန်သောအားဖြင့် မချွတ်ယွင်းစေခြင်း၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ပရမတ္ထစကားသည် မှန်၏။

**သမ္မုတိ ပရမတ္ထတို့၏ အထူး။** ။အိုး စသည်ကဲ့သော်လည်းကောင်း၊ ဉာဏ်ဖြင့် အစိတ်ခွဲမှု ပြုအပ်သော် လည်းကောင်း ပင်ကိုယ်အမည် မဖြစ်တော့ခြင်းသည် သမ္မုတိ၊ ပင်ကိုယ်အမည် မပြောင်းခြင်းသည် ပရမတ္ထ။

**သမ္မုတိကထာ ဟောရကြောင်း ရှစ်ပါး။**

(၁) ဟိရိဩတ္တပ္ပဒီပနတ္ထံ၊
(၂) ကမ္မဿကတာဒီပနတ္ထံ၊

(၃) ပစ္စုပ္ပန္နပရိသကာရဒီပနတ္ထံ၊
(၄) အာနန္တရိယဒီပနတ္ထံ၊
(၅) ဗြဟ္မဝိဟာရဒီပနတ္ထံ၊
(၆) ပုဗ္ဗေနိဝါသဒီပနတ္ထံ၊
(၇) ဒက္ခိဏာဝိသုဒ္ဓိဒီပနတ္ထံ၊
(၈) လောကသမ္မုတိယာ အပ္ပဟာနတ္ထံ၊

ဤသို့ ရှစ်ပါးသော အကြောင်းကြောင့် ဘုရားရှင်သည် ပုဂ္ဂလ ကထာကို ဟောတော်မူသည်။ [သမ္မုတိကထာနှင့် ပုဂ္ဂလကထာသည် အတူတူပင် ဖြစ်ပါသည်]။ (၄၀၁)

အထူး။ ။လောကီလူအပေါင်းသည် ပရမတ္ထကိုမပယ်ရသေးသောကြောင့် ငါ ငါ့ဥစ္စာစသည်ဖြင့် မှားယွင်းစွာ သုံးသပ်လျက် ခေါ်ဝေါ် ပြောဆိုသည်။ ဘုရားရှင်ကား အလုံးစုံသော အခြင်းအရာအားဖြင့် ပရမတ္ထကိုပယ်ပြီးသောကြောင့် မှားသောအားဖြင့် သုံးသပ်တော်မမူပဲသော လောက အမည်တို့နှင့် ကင်း၍ လောကီယအတ္တကို လောကလူအပေါင်း မသိနိုင်သော ကြောင့် လောကအမည်တို့ဖြင့် သမ္မုတိကထာကို ဟောတော်မူသည်။ သမ္မုတိ ကထာကို ဟောတော်မူသော ဘုရားရှင်သည် ကိုယ်တော်မြတ်၏ ဒေသနာ ဝိလာသဉာဏ်ဖြင့် ဝေနေယျသတ္တဝါတို့ကို ပရမတ္ထသစ္စာ၌ တည်စေတော် မူသည်။

အရဟတ္တနိကူဋေန နိဋ္ဌာပေသိ။ ။"အပရာမသံ"ဟူသော ဤပုဒ်ဖြင့် တဏှာ မာနပရာမာသ ပယ်ခြင်းကို ဟောကြားတော်မူခြင်းဖြင့် တဏှာမာနကိုပယ်ဘတ်သော အရဟတ္တဖိုလ်ဟူသော အထွဋ်ဖြင့် ဒေသနာတော်ကို ပြီးဆုံးစေသည်။

ပေါဋ္ဌပါဒသုတ် ပြီးပါပြီ။

# သုဘသုတ်

## သုဘမာဏဝကဝတ္ထု

**မာသမတ္တော**။ ။ကဆုန်လပြည့်မှ နယုန်လပြည့်အထိသော ကာလကို ရည်ရွယ်၍ "မာသမတ္တော"ဟု ဆိုသည်။ မတ္တသဒ္ဒါဖြင့် တလ အတိအကျမဟုတ်၊ တလခန့်ဟု ခန့်မှန်းချက်ဖြစ်သောကြောင့် အနည်းငယ် မပြည့်သေးသည်၏ အဖြစ်ကိုပြသည်။ အစိရပရိနိဗ္ဗုတေ-ဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသည်မှာမကြာသေးကြောင်း နီးကြောင်းမျှကိုသာပြ၍ ကာလအပိုင်းအခြားကို မပြနိုင်ပါ။ ထို့ကြောင့် "ပရိနိဗ္ဗာနတော" စသည် မိန့်။ (၄၀၂)

**တဿ အဓိပတိတ္တာ**။ ။ဤတောဒေယျ ပုဏ္ဏားသည် (သောဏဒဏ္ဍသည် စမ္ပာမြို့ကို စိုးအုပ်သကဲ့သို့လည်းကောင်း၊ ကူဋဒန္တသည် ခါဏုမတမြို့ကို စိုးအုပ်သကဲ့သို့လည်းကောင်း) တုဒိရွာကို စိုးအုပ်သည်၊ ထို့ကြောင့် "တဿ အဓိပတိတ္တာ"ဟု ဆိုသည်။ ဤတောဒေယျသည်လည်း ပသေနဒိ ကောသလမင်း၏ ပုရောဟိတ် ဖြစ်သည်။

**ပဏ္ဍိတော ဃရမာဝသေ**။ ။အနည်းငယ် အနည်းငယ် ယူပါသော်သည်း ဥစ္စာတို့သည် ကုန်ခန်း နိုင်၏၊ အနည်းငယ် အနည်းငယ် စုဆောင်းသော်လည်း ဥစ္စာတို့သည် တိုးပွားနိုင်၏။ ထို့ကြောင့် ဆိုအပ်သော မျက်စင်း တောင် ပျားဟူသော ဥပမာသုံးခုကို ပညာဖြင့်ရှု၍ ပညာရှိသောသူသည် အနည်းငယ်သော ဥစ္စာကိုသော်မှ မကုန်စေပဲ တိုးပွားမှုကိုသာ ဖြစ်စေလျက် အိမ်၌ နေထိုင်ရမည်ဟု လောဘဖြင့် ညွှန်ပြအပ်သော အကျင့်ကို ညွှန်ပြသည်။

**သုနခေါ ဟုတွာ**။ ။မပေးလှူရန် သင်သည့်အတွက် လောဘလွှမ်းမိုးမှုခံရသောကြောင့် ခွေးဖြစ်သည်၊ (လောဘဝသိကဿ ဟိ ဒုဂ္ဂတိ ပါဋိကင်္ခါ။) (၄၀၂-၃)

**အတိဝိယ ပိယာယတိ**။ ။သုဘလုလင်သည် ရှေးဘဝ၌ အသွားနေသော အားဖြင့် အလေ့အကျက် များခဲ့သောကြောင့် ထိုခွေးကလေးကို အလွန်ချစ်သည်။ (ပုဗ္ဗဝ သန္နိဝါသေနစသည်)။ (၄၀၃)

**ဘဂဝါ ပိဏ္ဍာယ ပါဝိသိ**။ ။သုဘလုလင်ကို ချီးမြှောက် လိုသောကြောင့် တပါးတည်းသာ ကြွတော်မူသည်။

**စောဒနာဖွယ်**။ ။အောက်၌ "အဒါနမေဝ သိက္ခာပေတွာ သုနခေါ ဟုတွာ နိဗ္ဗတ္တော" ဆိုခဲ့ပါလျက် ဤနေရာဝယ် "ပုဗ္ဗေပိ မံ 'ဘော ဘော' တိ ပရိဘဝိတွာ သုနခေါ ဇာတော" ဟု အဘယ့်ကြောင့် မိန့်ဆိုပြန်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား—ထိုသို့ ခွေးဖြစ်ခြင်းသည် ထို အကြောင်းနှစ်ပါးနှင့် ဆက်စပ်သော အကျိုးဖြစ်သောကြောင့် မိန့်ဆိုပါသည်။

**အဝီစိံ ဂမိဿသိ**။ ။ပြုအပ်သော အခွင့်ရှိသော ကံကို တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် အဝီစိသို့ သွားရလတ္တံ့ဟု မိန့်သည်။

**ဝိပ္ပဋိသာရီ ဟုတွာ**။ ။ရဟန်းဂေါတမသည် ငါ့ကို သိနေ၏ဟု တွေး၍ နှလုံး မသာမယာ ဖြစ်သည်။

**ဗြဟ္မလောကေ နိဗ္ဗတ္တော**။ ။ဗြာဟ္မဏအကျင့်ကို မယုတ်မလျော့စေခဲ့သည်ကို ရည်ရွယ်ခါ ဖခင်ကို ချီးမြှောက်လိုသည်ဖြစ်၍ "ဗြဟ္မလောကေ နိဗ္ဗတ္တော" ဟု ဆိုသည်။

**သဗ္ဗံ ဒဿေသိ**။ ။ခွေးသည် ဘုရားရှင်၏ အာနုဘော်ကြောင့် တသိန်းထန် ရွှေပန်းစသော လေးမျိုးကို ဆောင်၍ပြသည်။ ဇာတိဿရဉာဏ်ရှိသောကြောင့် ပြသည် မဟုတ်ပါ၊ ဘုရားရှင်ကို မြင်၍ ဟောင်ခြင်းကား—ရှေးဘဝ၌ ဖြစ်သော ဝါသနာ အစွမ်းကြောင့်တည်းဟု ဋီကာ ဟောင်းဖွင့်ပြသည်။ ဥပရိပဏ္ဏာသကစူဠကမ္မဝိဘင်္ဂသုတ် အဋ္ဌကထာ၌ကား—ခွေးသည် ငါ့ကို ရဟန်းဂေါတမ သိပြီဟုတွေးကာ ငို၍ ဟုန်ဟုန်ဟု ပြုလျက် ဥစ္စာထားရာအရပ်သို့ သွားပြီးလျှင် ခြေဖြင့် မြေကိုတူးကာ အမှတ်သညာပေးသည်ဟု ဇာတိဿရဉာဏ် အခြင်းအရာကို ဆိုသည်။ (ဝိမံသိတွာ ဂဟေတဗ္ဗံ။)

**ဘာဂဝတိ ပသန္နစိတ္တော။** ။ဘဝဖြင့် ဖုံးလွှမ်းထားသော ဤသို့သော ခွေး ပဋိသန္ဓေအားဖြင့် ခြားနားသော အကြောင်း အရာသော်မှ ရဟန်းဂေါတမ၏ သန္တာန်၌ ထင်ရှားဘိ၏။ ရဟန်းဂေါတမ သည် ကေန်သဗ္ဗညူဖြစ်ပါပေသည်ဟု ဘုရားရှင်အပေါ်၌ ကြည်ညိုစိတ်ဖြစ်သည်။ (၄၀၄)

**စုဒ္ဒသ ပဉှေ ပုစ္ဆိတ္ဝာ။** ။သုဘလုလင်သည် အင်္ဂဝိဇ္ဇာပါဌက ဖြစ်သတဲ့။ ထို့ကြောင့် ဤတရား လက်ဆောင်ကို ပြု၍ ရဟန်းဂေါတမကို ပြဿနာမေးရတော့အံ့ဟု စဉ်းစားမိလေသည်။ ထို့ကြောင့် သုဘလုလင်သည် ပြဿနာ တဆယ့်လေးချက်ပြင်ဆင်၍ ဘုရားရှင်ကို မေး သည်။ ထို့ကြောင့် "စုဒ္ဒသ ပဉှေ ပုစ္ဆိတွာ"ဟု မိန့်သည်။

**စုဒ္ဒသ ပဉှေ။** ။အပ္ပါယုကာ ဒီဃာယုကာ၊
ဗဝှာဗာဓာ အပ္ပါဗာဓာ၊
ဒုဗ္ဗဏ္ဏာ ဝဏ္ဏဝန္တော၊
အပ္ပေသက္ခာ မဟေသက္ခာ၊
အပ္ပဘောဂါ မဟာဘောဂါ၊
နီစကုလီနာ ဥစ္စာကုလီနာ၊
ဒုပ္ပညာ ပညဝန္တော။

**ဝိဿဇ္ဇနပရိယောသာနေ။** ။ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ-စသော အားဖြင့် အကျဉ်းအကျယ် နှစ်မျိုး သောနည်းဖြင့် ဘုရားရှင် ဖြေတော်မူသော အဖြေကို ဤနေရာ၌ ဝိဿဇ္ဇန အရယူပါ။ ထိုအဖြေ၏ အဆုံး၌ သုဘလုလင်သည် သရဏဂုံ ဆောက်တည် သည်။

**သုဘော မာဏဝေါ။** ။အင်္ဂါကြီးငယ်များ တင့်တယ်သောကြောင့်"သုဘ" ဟု အမည်ရသည်။ အသက်ကြီးရာ အခါ၌လည်း ငယ်စဉ်က ခေါ်သည့်အတိုင်း "မာဏဝ"ဟု ခေါ်သည်။

**ကော စ မေ ကာံ့ါ အတ္ထိ။** ။ဤပါဠိဖြင့် အထက်၌ မေးအပ်သော ပြဿနာ ကို စောစောကပင် ကြိုတင်၍ သုဘလုလင် စီမံ ခဲ့ကြောင်းကို ပြသည်။

**မာဏဝကာ။** ။က-သဒ္ဒါသည် ခုဒ္ဒကအနက်၌ ဖြစ်သောကြောင့် "လုလင် ငယ်ကို" ဟု အနက်ပေးပါ။ (၄၀၄)

ဝိသဘာဂဝေဒနာ။ ။ဒုက္ခဝေဒနာကို ကုသိုလ်ကံကြောင့် ဖြစ်သော အတ္တဘော၌ ဖြစ်လေ့ရှိသော သုခဝေဒနာ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် "ဝိသဘာဂဝေဒနာ"ဟု ခေါ်၏။ ခန္ဓာကိုယ်ကို ပြင်းထန်စွာ နှိပ်စက်တတ်သောကြောင့် ၎င်းဒုက္ခဝေဒနာကို "အာဗာဓ"ဟုလည်း ခေါ်ရ၏။

အယပဋ္ဋေန အာဗန္ဓိတွာ ဝိယ ဂဏှာတိ။ ။အနာ ဟူသော ဒုက္ခဝေဒနာသည် ခန္ဓာကိုယ်ဝယ် တနေရာ၌ဖြစ်လျှင် မလှုပ်ပတ်နိုင်အောင် မသွားလာနိုင်အောင် ဣရိယာပုထ်သေးပါးကို သံပြားဖြင့် ပတ်သားသကဲ့သို့ ယူတတ်၏။ ဤပါဠိဖြင့် အားကြီးသော အနာရောဂါသည် အာဗာဓ မည်၏ဟု ပြသည်။

ကိစ္ဆဇီဝိဘကရော။ ။ဤပါဠိဖြင့် အားနည်းသော အနည်းငယ်သော ရောဂါသည် အာတင်္က မည်၏ဟု ပြသည်။

လဟုဋ္ဌာနံ။ ။ဤပါဠိဖြင့် မကျန်းမာမှု မရှိကြောင်းကို မေးသည်။

ဖာသုဝိဟာရံ၊ ။အပ္ပါဗာဓံ-စသော သေးပုဒ်တို့ဖြင့် မချမ်းသာစွာ နေရမှု မရှိကြောင်းကို မေးပြီးပါသော်လည်း ယခုဘဖန် ထပ်မံ၍ ချမ်းသာစွာ နေရမှု ရှိကြောင်းကို မေးပြန်သည်။ ထိုသို့ ထပ်မံ၍ မေးခြင်းကြောင့် ထူးထူးခြားခြားဖြစ်သော ချမ်းသာစွာ နေရမှုကို မေးသည်ဟု သိနိုင်ပါသည်။ မှန်ပါသည်-အတိသယအနက်ကို ထွန်းပြနိုင်သော သဒ္ဒါ မပါသော်လည်း အနက်ရောက်အားဖြင့် အတိသယအနက်ကို ရနိုင်သည်သာ ဖြစ်ပါသည်။ ဥပမာ-အဘိရူပဿ ကညာ ဒါတဗ္ဗာ ဟူရာ၌ ကဲ့သို့တည်း။(၄၀၅)

အထဿ စသည်။ ။ပါဠိတော်၌ သုဘော မာဏဝေါ-စသည် နှစ်ဆပ်ပါရာတွင် ပဌမစကားသည် စေခိုင်းသော စကားဖြစ်၍ ဒုတိယစကားသည် မေးပုံအခြင်းအရာကို ပြသော စကားဖြစ်သည်။ ဤအထူးကို "အထဿ"စသည်ဖြင့် ပြသည်။

ကာလဉ္စ စသည်။ ။ကာလဟူသည် ချဉ်းကပ်ဖို့ရာ သင့်လျော်သော အချိန်ဖြစ်၍ သမယကား ချဉ်းကပ်ဖို့ရန် အကြောင်း ညီညွတ်ခြင်းတည်း။ သမယဟူသည် လိုရင်းအဖြောင့်အားဖြင့် သွားနိုင်လောက်သော ခန္ဓာကိုယ်အားရှိခြင်းနှင့် သွားခြင်းကြောင့် ဘေးရန်မရှိခြင်းတည်း။ ဉပဓါရနမည်သည် ဉာဏ်ဖြင့် ထိုကာလ သမယတို့ကို မှတ်ယူခြင်းတည်း။ ထို့ကြောင့်

''ပညာယ''စသည်ကို မိန့်။ သေဝ ဂဓနဘာဝေသာ ဘဝိဿတိ-ဖြင့် ကာလကို လည်းကောင်း၊ ကာယေ-စသည်ဖြင့် သမယကိုလည်းကောင်း သရုပ်အားဖြင့် ပြသည်။

**စေတိယရင်ဌ။** ။''စေတိတိုင်း၌''ဟု ပေးပါ။ အချို့ကား''စေတိယတိုင်း'' ဟူ၍ ဆိုကြသည်။

**သမ္မောဒနီယံ ကထံ သာရဏီယံ။** ။အားတော်ဆယ်ပါးနှင့် ပြည့်စုံသော ဘုရားရှင်တို့၏ ပရိနိဗ္ဗာန်စံတော်မူခြင်း မည်သည် ရောဂါ၏ အစွမ်းကြောင့်သာ ဖြစ်နိုင်သောကြောင့် ရောဂါကို မေးခြင်း၊ ရောဂါဖြစ်ခြင်း၏ အကြောင်းကို မေးခြင်း၊ ပရိနိဗ္ဗာန် စံတော်မူခြင်းကြောင့် စိတ်ပူဆွေးမှုကို မေးခြင်း၊ ပူဆွေးမှု၏ တလောကလုံးနှင့် ဆက်ဆံကြောင်း သော ခြင်းတရားကို အကျုံးပြန်၍ မတွန်းလှန်နိုင်ကြောင်း စသည်ဖြင့် သော ခြင်းနှင့်စပ်သော သမ္မောဒနီယ ကထာကို ပြောသည်။

ကော နာမ အာဗာဓော-ဖြင့် ရောဂါကိုလည်းကောင်း၊ ကိံ ဘာပါ ပရိဘုဉ္စိ-ဖြင့် ရောဂါဖြစ်ချခြင်း၏ အကြောင်းကိုလည်းကောင်း၊ အပိ ဝ ။ပေ၊ ဥဒပါဒိ-ဖြင့် စိတ်ပူဆွေးခြင်းကိုလည်းကောင်း၊ သတ္တာ နာမ ။ပေ မဟာဘေနိ-ဖြင့် ထိုစိတ်ပူဆွေးမှု၏ တလောကလုံးနှင့် ဆက်ဆံကြောင်းကိုလည်းကောင်း၊ ကော ဒါနိ ။ပေ၊ ပရိနိဗ္ဗုတော-ဖြင့် သေမင်းကို မည်သူမျှ မခုခံနိုင်ကြောင်း ကိုလည်းကောင်း ပြသည်။ (၄၀၅)

**ဥပဋ္ဌာကော သန္တိကာဝစရော။** ။ဥပဋ္ဌာကော-သည် အနီး၌ လှည့်လည်ခြင်း၏ ဝိသေသန ဖြစ်သောကြောင့် ဟုတ္တာ ဟူသော ပါဌသေသ ထည့်၍ ဖွင့်သည်၊ မာရ်နတ်ကဲ့သို့ အပြစ်ရှာလို၍ အနီး၌ လှည့်လည်သူလည်း မဟုတ်၊ ဥဇ္ဇာရလုလင်ကဲ့သို့ စုံစမ်းလို၍ အနီး၌ လှည့်လည်သူလည်း မဟုတ်၊ စင်စစ်အားဖြင့် အလုပ်အကျွေးဖြစ်၍ အနီး၌ လှည့်လည်သူဖြစ်၏ဟု အထူးပြုသည်။ (၄၀၆)

**ယေသု ဓမ္မေသု ။ပေ၊ ပတိဋ္ဌာပေသိ။** ။ဝိဓမာဂ္ဂ ၏ အကြောင်း ဖြစ်သော နိယျာနိကဓမ္မတို့ကို''ယေသု ဓမ္မေသု'' အရ ယူပါ။

**တီဏိ ပိဋကာနိ တီဟိ ခန္ဓေဟိ သင်္ဂဟေတွာ။** ။သဒ္ဒါပြယုဂ်ကို အနက်နှင့်စပ်၍ သုံးစွဲရသောကြောင့် သဒ္ဒါ အစဉ် လာဘ်အာရှိကုန်သော ပိဋကသုံးပုံတို့ကို ပိဋကသုံးပုံ၏ အနက် ဖြစ်ကုန်

သော သီလ စသော ဓမ္မက္ခန္ဓာသုံးပါးတို့ဖြင့် သိမ်းယူအပ်ကုန်၏။ ထို့ကြောင့် "တီဏိ ၊ပေ၊ သင်္ဂဟိတာ"ဟု မိန့်သည်။

**ကတမေသံ တိဏ္ဏံ။** ။ဤပုစ္ဆာသည် လုလင်၏ အမေးသာဖြစ်သောကြောင့် အဒိဋ္ဌဇောတနာပုစ္ဆာသာဖြစ်သည်။ ကထေတုကမျတာပုစ္ဆာမဟုတ်။ ထို့ကြောင့် "မာဏဝေါ"စသည်ကို မိန့်သည်။ အခြားသော ဤလိုနေရာ ဌာနမျိုး၌ ကထေတုကမျတာပုစ္ဆာကိုသာ တွေ့ရသည်၊ အဒိဋ္ဌဇောတနာပုစ္ဆာကို မတွေ့ရပါ၊ သို့သော် ဤနေရာ၌ အဋ္ဌကထာ၌ အဒိဋ္ဌဇောတနာပုစ္ဆာဟု ဆိုသည့်အတွက် အဋ္ဌကထာ ပမာဏအားဖြင့် ယုံကြည်ရခြင်းမှာ ထိုအခါ်အခါက ဖြစ်ခဲ့သောအကြောင်းအရာကို မျက်မှောက်ပြု၍ အဋ္ဌကထာကိုပါ သံဂါယနာ တင်ခဲ့ကြသောကြောင့်တည်း။ ကထေတုကမျတာပုစ္ဆာဖြင်လျှင် အရှင်အာနန္ဒာထေရ်၏ စကားသာ ဖြစ်ရာ၏။

---

## သီလက္ခန္ဓ

**အရိယဿ သီလက္ခန္ဓဿာတိ ဧတသု ဒသ္ဆိဧတသု။** ။ပဒတ္ထဝိပလ္လာသကာရိ ဣတိတလုံးကျေနေ၏၊ တိုက်ရိုက်ရှိသော ဣတိသဒ္ဒါကား အာဒိအနက်ဟော၏။ အာဒိအနက်ဟော ဣတိသဒ္ဒါဖြင့် "အရိယဿ သမာဓိက္ခန္ဓဿ ၊ပေ၊ ပတိဋ္ဌာပေသိ"ဟူသော ပဌ်ကို ယူပါ၊ ထို့ကြောင့် "ဧတသု ဒသ္ဆိဧတသု"ဟု မိန့်သည်။ "ဧတသု-ထိုခန္ဓာသုံးပါးတို့ကို၊ ဒသ္ဆိဧတသု-ဥဒ္ဒေသအစွမ်းဖြင့် ပြအပ်ကုန်ပြီးသော်"ဟု ပေးပါ။ (၄၀၆)

**ဘဂဝတာ ဝုတ္တနယေနေဝ။** ။သာမညဖလသုတ် စသည်တို့၌ ဘုရားရှင် ဟောတော်မူအပ်သောနည်းဖြင့်ပင် ဖြေတော်မူသည်။ ဤပါဌ်ဖြင့် ဤသုဘသုတ်၏ ဗုဒ္ဓဘာသိတသုတ်၏ အဖြစ်ကို ပြသည်ဟု မှတ်ပါ။

**သာသနေ န သီလမေဝ သာရော။** ။အရိယာမဂ်အနှစ်ရှိသော ဘုရားရှင် သာသနာ၌ အနှစ်ရှိသော သစ်ပင်ကြီး၏ အပွေးနှင့် တူသောကြောင့် ပြအပ်သော သီလသည် သာရသည်ပင် မဟုတ်သေး (ဧဝသဒ္ဒါ အဋ္ဌာနပယုဂ်တည်း၊) သာသနေ-၌၊ သီလံ-သည်၊-

သာရော ၀-အနှစ်သည်ပင်၊ န-မဖြစ်သေး။ အနှစ်မဟုတ်ပဲ သီလကို ဤနေရာ၌ ဘာ့ကြောင့်ယူသနည်းဟု မေးဖွယ်ရှိ၍ "ကေ၀လံ"စသည်ကို မိန့်သည်။ အဓိပ္ပာယ်မှာ သီလ၌ မတည်သူ၏ သန္တာန်၀ယ် ဈာန် စသော ဥတ္တရိမနုဿ ဓမ္မတို့ မဖြစ်နိုင်သောကြောင့် သီလသည် ဈာန် စသော ဥတ္တရိမနုဿဓမ္မတို့ကို ရလိုသူ၏ တည်ရာမျှဖြစ်သည်။ တည်ရာဖြစ်သောကြောင့် ဤနေ့ရာ၌ ယူသည် ဟူလို။ တနည်း-မဂ်သီလ ဖိုလ်သီလဟု ဆိုအပ်သော လောကုတ္တရာ သီလ သည်လည်း အနှစ်ပင် ဖြစ်သည်။ သို့သော် သီလက္ခန္ဓသည်သာ အနှစ်မဟုတ် သေးပါ၊ အမှန်စင်စစ်ကား သမာဓိက္ခန္ဓ ပညာက္ခန္ဓများလည်း အနှစ်ပင် ဖြစ်ပါ သည်၊ ဤနည်းအလို ၀ေသဒ္ဓါကို နေရာမရွေ့ပဲ အနက်ပေးရမည်။ ဤအနက် နှစ်မျိုးတွင် "ဣတော ဥတ္တရိ" စသည်ဆိုသောကြောင့်ရှေ့အနက်သာ ယုတ္တ တရ ဖြစ်သည်။

---

## သမာဓိက္ခန္ဓ

**ကထဉ္စ ၊ပေ၊ အာရဘိ။** ။အရှင်အာနန္ဒာမထေရ်သည် သုဘလုလင်က သမာဓိက္ခန္ဓကို မေးပါလျက် အဘယ့်ကြောင့် ဣန္ဒြိယသံ၀ရစသည်တို့ကိုဖြေခုပါသနည်း၊အမေးတခြားအဖြေတခြားဖြစ်သည် မဟုတ်ပါလော ဟူသော စောဒနာ ဤနေရာ၌ အခွင့်မရှိဟု ပြလို၍ "ကထဉ္စ ၊ပေ၊ အာရဘိ"ဟု မိန့်သည်။ ဤစကားရပ်ဖြင့် ဣန္ဒြိယသံ၀ရစသည်တို့ကို သမာဓိအား ကျေးဇူးများခြင်းကို အကြောင်းပြု၍ သမာဓိက္ခန္ဓ၏ အသင်း ၀င် အဖြစ်ဖြင့် ညွှန်ပြသည်ဟု ပြသည်။ (၄၀၇)

**ရူပဇ္ဈာနာနေ၀ အာဂတာနိ၊ န အရူပဇ္ဈာနာနိ။** ။ရူပါ၀စရစတုတ္ထဈာန် ၏ အခြားမဲ့၌ အဘိညာဉ် ဒေသနာတော်၏ အရာဖြစ်သောကြောင့် ရူပဈာန်များသာ လာ၍ အရူပဈာန်များမလာပါ။ မှန်၏-ပရိဘဏ်နှင့်တကွ အဘိညာဉ်ခြောက်ပါးလုံး တို့သည် ရူပါ၀စရ စတုတ္ထဈာန်အခြေခံရှိကြသည်။

**အာနေတွာ ပန ဒီပေတဗ္ဗာနိ။** ။လောကီအဘိညာဉ်တို့ ပြီးစီးသော် သမာ ပတ်ရှစ်ပါးတို့၌ တဆယ့်လေးပါး အပြား ရှိသော စိတ်ကို ဆုံးမခြင်းနှင့် ကင်း၍ မပြည့်စုံနိုင်၊ ထို့ကြောင့် နာနန္တရိက နည်း-အရ အဘိညာဉ်တို့ကို ဟောတော်မူအပ်သော် အရူပဈာန်တို့ကိုလည်း

ဟောတော်မူပြီးပင် ဖြစ်သည်။ ထို့ကြောင့် "အာနေတွာ ပန ဒီပေတဗ္ဗာနိ" ဟု မိန့်သည်၊

**စတုဋ္ဌဇ္ဈာနေန ဟိ။** ။စတုတ္ထဈာန် ဥပသမ္ပဇ္ဇ ဝိဟရတိ-ဖြင့်ပင် အချုပ်ဈာန်ကိုလည်း သိမ်းယူထားသည်ဟု ပြခြင်းငှာ "စတုတ္ထဇ္ဈာနေန ဟိ" စသည်ကို မိန့်သည်။ ရူပဝိစရဂဘာဝနာ အစွမ်းကြောင့်ဖြစ်သော စတုတ္ထဈာန်ကိုပင် အရူပဈာန်ဟု ဆိုနိုင်သောကြောင့် အရူပဈာန်ကိုပါ စတုတ္ထဈာန်၌ သိမ်းယူနိုင်သည်။ (၄၀၇)

**န စိတ္တေကဂ္ဂတာမတ္တကေနေဝ ၊ပေ၊ အတ္ထိ။** ။ဧဝ ကို ဌာနပယုတ် အဋ္ဌာနပယုတ်နှစ်မျိုးယူ၍ အနက်နှင်းနည်းပေးပါ။ လောကီသမာဓိက္ခန္ဓကို အလိုရှိအပ်သောကြောင့် "န စိတ္တေကဂ္ဂတာ ၊ပေ၊ အတ္ထိ"ဟု မိန့်သည်။ (၄၀၇-၈)

**အရိယော သမာဓိက္ခန္ဓော။** ။ဤ၌ အရိယသဒ္ဒါ သုဒ္ဓမတ္တပရိယာယဘာည်း။ လောကုတ္တရပရိယာယမဟုတ်၊ ထို့ကြောင့် "အရိယော-ဖြူစင်သော"ဟု ပေးပါ။ (အရိယောသီလက္ခန္ဓော ၌လည်း နည်းတူ)။ (၄၀၈)

**အရဟတ္တပရိယောသာနံ။** ။ပညာက္ခန္ဓသည် ဥက္ကဋ္ဌအားဖြင့် အရဟတ္တဖိုလ်၌ အကျုံးဝင်၏။ ထို့ကြောင့် "အရဟတ္တပရိယောသာနံ" စသည်ကို ဆိုသည်။ အရဟတ္တဖိုလ်အကျိုးငှာ ဘုရားရှင်အထံ၌ ဗြဟ္မစရိယကို ကျင့်သုံးရ၏၊ ထိုအရဟတ္တဖိုလ်သည် ပြီးစီးသောကြောင့် လောကီအဘိညာဉ် ပဋိသမ္ဘိဒါတို့ကို မရသော်လည်း အရဟတ္တဖိုလ်ကိုရလျှင် "နတ္ထေဝ ဥတ္တရိကရဏီယံ"ဟု ဆိုနိုင်သည်။ ဤနေရာ၌ကား လောကီအဘိညာဉ်တို့လည်း လာသည်သာ။

သုဘသုတ် ပြီးပါပြီ။

# ကေဝဋ္ဋသုတ်

## ကေဝဋ္ဋဂဟပတိပုတ္တဝတ္ထု

**ပါဝါရိကဿ အမ္ဗဝနေ။** ။အမ္ဗဝန ဟူသည် သရက်ဥယျာဉ်မျှသော ဘောတည်း။ ခွဲချီးအံ့- ပါဝါရိက သူဌေးသည် ဘုရားရှင်အား လျှောက်ပတ်သော ဂန္ဓကုဋီကျောင်းတော် ဝေဟန်းသံဃာတော်အတွက် ညဉ့်နေရာ၊ နေ့နေရာ၊ ကုဋီ၊ မဏ္ဍပ် စသည်တို့ကို ပြီးစီးစေ၍ တံတိုင်းကာရံကာ တံခါးမုခ်နှင့်တကွ ပြည့်စုံစွာပြု၍ ဘုရား အမှူးရှိသော သံဃာတော်အား လှူဒါန်းသည်။ ဘူတပုဗ္ဗဂတိက နည်းဖြင့် ဤကျောင်းကို "ပါဝါရိကမ္ဗဝန" ဟုသာ ခေါ်သည်။ (၄၀၉)

**ကေဝဋ္ဋော။** ။ကေဝဋ္ဋဟူသည် နာမည်မျှ ဖြစ်ပါသည်။ ကေဝဋ္ဋိကားတံငါသည်တို့က စောင့်ရှောက်အပ်သောကြောင့်။ တနည်းတံငါသည်တို့၏ အထံ၌ ကြီးပွားခဲ့ရသောကြောင့် ကေဝဋ္ဋ အမည်ရသည်ဟု ဆိုကြ၏။

**ဂဟပတိ ပုတ္တော။** ။ဤကေဝဋ္ဋသည် ဂဟပတိအရာ၌ တည်သော်လည်း ဖခင် သေသည်မှာ မကြာသေးသောကြောင့် ရှေးအခေါ်ဖြင့် ဂဟပတိပုတ္တဟု ခေါ်သည်။ ထို့ကြောင့် "ဂဟပတိ မဟာသာလော" ဟု မိန့်သည်။ များစွာသော စည်းစိမ်ရှိသောကြောင့် မဟာသာလ မည်သည်။

**သဒ္ဓေါ ပသန္နော။** ။ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါတရား၏ အစွမ်းဖြင့် ရတနာသုံးပါး၌ ကြည်ညိုသော သဒ္ဓါတရားရှိသူသည် သဒ္ဓ မည်၍ ထို့ထက်ပိုလွန်၍ ရတနာသုံးပါး၌ ကြည်ညိုသော သဒ္ဓါတရားရှိသူသည် ပသန္န မည်၏။ တနည်း- ကံ ကံ၏ အကျိုးတရားကို ယုံကြည်သော သဒ္ဓါတရား ရှိသူသည် သဒ္ဓ မည်၍ ရတနာသုံးပါးကို ကြည်ညိုသော သဒ္ဓါတရားရှိသူသည် ပသန္န မည်၏။

**သဒ္ဓါဓိကတ္တာဃေဝ။** ။ဤစကားသည် တန်ခိုးပြရန် ခွင့်တောင်းဖို့ ကြံစည်ခြင်း၏ အကြောင်းပြစကားတည်း။ မှန်၏- သဒ္ဓါတရား လွန်ကဲသောသူသည် အရူးနှင့် တူ၏။ (၄၀၉)

သမိဒ္ဓါ။ ။စည်းစိမ်နှင့် ပြည့်စုံသောကြောင့် ပြန့်ပြော ပြည့်စုံသည်။

ဌာနဋ္ဌရေ ဌပေတု'။ ။ချစ်သားရဟန်း လာခဲ့လော၊ တဆယ့်ငါးရက်တိုင်း သော်လည်းကောင်း၊ လတိုင်းသော် လည်းကောင်း၊ နှစ်တိုင်းသော် လည်းကောင်း လူအများတို့ ကြည်ညိုသဒ္ဓါ ပွားများခြင်း အကျိုးငှာ တန်ခိုးပြာဋိဟာကို ပြုလော့ဟု ရဟန်းတပါးကို စေခိုင်းခြင်းသည် သမာဒိသန မည်၏။ ထိုသမာဒိသနသည် တန်ခိုးပြာဋိဟာ ပြခြင်း ဟူသော ရာထူးဌာနန္တရ၌ တည်စေသည် မည်၏။ ထို့ကြောင့် "ဌာနန္တရေ ဌပေတု" ဟု ဖွင့်သည်။

သိက္ခာပဒံ ပညာပေသိ။ ။"န ဘိက္ခဝေ ဂိဟီနံ ဥတ္တရိမနုဿဓမ္မံ ဣဒ္ဓိပါဋိ-ဟာရိယံ ဒဿေတဗ္ဗံ။ ယော ဒဿေယျ၊ အာပတ္တိ ဒုက္ကဋဿ" ဟူသော ဝိကုဗ္ဗနိဒ္ဓိကို ပယ်တတ်သော ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ (၄၁၀)

န ဂုဏဝိနာသနေန။ ။ဤပါဠိဖြင့် ဂုဏ်နှင့် ပြည့်စုံခြင်းမှ မရွေ့စေလိုခြင်းကို ရည်ရွယ်၍ "အယံ ဘန္တေ နာဠန္ဒာ" စသည်ကို လျှောက်ထားသည်ဟု ပြ၏။

---

## ဣဒ္ဓိပါဋိဟာရိယ

ဂန္ဓာရီ နှစ်မျိုး။ ။ဂန္ဓာရီဝိဇ္ဇာသည် စူဠဂန္ဓာရီနှင့် မဟာဂန္ဓာရီဟူ၍ နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးတွင်-

(၁) သုံးနှစ်အတွင်း၌ သေလွန်သူတို့၏ ရောက်ရာဘဝကို သိသော အတတ်သည် "စူဠဂန္ဓာရီ" မည်၏။ (ဝင်္ဂီသဝတ္ထုကို ထောက်ပါ)။

(၂) စူဠဂန္ဓာရီ သိသမျှကိုလည်း သိ၊ ထိုကဲ့သို့သိသည့်အပြင် ဣဒ္ဓိဝိဓဉာဏ်၏ အလုပ်ကိုပါ ပြီးစေသော အတတ်သည် "မဟာဂန္ဓာရီ" မည်၏။

ဤမဟာဂန္ဓာရီ အတတ်သည် များသောအားဖြင့် ဣဒ္ဓိဝိဓဉာဏ်၏ ကိစ္စကို ပြီးစေနိုင်သည်။ ထိုမဟာဂန္ဓာရီ ဝိဇ္ဇာကို တတ်သိနားလည်ပြီးသောသူသည် ထိုသို့ရှုအပ်သော ဒေသ ကာလ၌ မန္တန်ကို စုတ်၍ ကိုယ်များစွာကို လည်းကောင်း၊ ဆင်မြင်း စသည်ကို လည်းကောင်း၊ ကိုယ်ပျောက်နိုင်ခြင်းကို လည်းကောင်း၊ မီးတိုင်ကို လည်းကောင်း၊ ရေတိုင်ကို လည်းကောင်း၊

ကောင်းကင်၌ ကိုယ်ကိုလည်းကောင်း ပြနိုင် ပြုနိုင်သည်။ အလုံးစုံ ဣန္ဒဇာလနှင့် တူ၏ဟု မှတ်ပါ။ (၄၁၀)

---

## အာဒေသနာပါဋိဟာရိယ

**စေတသိကံ။** ။စေတသိကံသည် စိတ်နှင့်ယှဉ်သော စေတသိက် အားလုံးနှင့် ဆက်ဆိုင် ဆက်စပ်သော စကားဖြစ်သည်။ ဆက်ဆံသော စကားကို ယူအပ်သော် စိတ္တဝိသေသကို ပြအပ်သည် မည်၏၊ သာမညအနက်ကို ထင်းပြသော သဒ္ဒါသည် ဒေန္တပုဂ္ဂိုလ် ဆိုလိုသော ဝိသေသအနက်၌ တည်နိုင်၏။ ထို့ကြောင့် စေတသိကပုဒ်၏ အလိုရှိအပ်သော အနက်ကို ပြလို၍ "သောမနဿဒေ မနဿံ အဓိပ္ပေတံ" ဟု မိန့်သည်။ သောမနဿ-သဒ္ဒါဖြင့် ဤနေရာ၌ တခုဘည်းသော စိတ်၌ အဘူတကွ တည်သော ရာဂစသောတရား သဒ္ဒါစသော တရားတို့ကို ပြသည်။ ဒေါမနဿ-သဒ္ဒါဖြင့် ဒေါသစသည်တို့ကို ပြသည်။ ဝိဘက် ဝိစာရတို့ကိုကား သရုပ်အားဖြင့်ပင် ပြအပ်ပြီး ဖြစ်သည်။

**ဧဝမ္ပိ တေ မနော ဣတိပိ တေ စိတ္တံ။** ။ဧဝံ တေ မနော-သည် သောမနဿရှိသူ စသည်မျှကိုသာ ပြနိုင်၍ သောမနဿရှိသူ ဒေါမနဿရှိသူ ဖြစ်ကြောင်း စိတ်ကို မပြနိုင်ပါ။ ထို့ကြောင့် ထိုစိတ်ကို ပြခြင်းငှာ ပါဠိတော်၌ ဣတိပိ တေ စိတ္တံဟု ဟောတော်မူပါသည်။

**စိန္တာမဏိ။** ။သူတပါး အကြံကို သိကြောင်း အတတ်သည် "စိန္တာမဏိ" မည်၏။ အကြံအစည်ဟူသည် စိတ်နှင့် ကင်း၍ မဖြစ်သော ကြောင့် "ပရေသံ စိတ္တံ ဇာနာတိ" ဟု ဖွင့်သည်။ စိန္တာမဏိအတတ်ကို ပြီးစေသော တတ်သိနားလည်သော ပုဂ္ဂိုလ်သည် သင့်လျော်သော ဒေသ ကာလ၌ မန္တန်စုတ်၍ စိတ်ကို သိလိုသောသူ၏ ဒိဋ္ဌ၊ သုတစသော အသူးကို မှတ်သားမှု အဦးပြု၍ စိတ်အလေ့အကျက်ကို နှိုင်းချိန်လျက် ဖြေဆိုသည်ဟု ကေစိဆရာတို့ မိန့်ဆိုကြ၏၊ အပရေဆရာတို့ကား- စကားပြောစေ၍ ထိုစကား၌ အက္ခရာကို မှတ်သားကာ ဖြေဆိုသည်ဟု ဆိုကြသေး၏၊ ဤဝိဇ္ဇာကို ပဒကုသလဇာတ်ဖြင့် ပြရမည်။

## အနုသာသနီပါဋိဟာရိယ

**ပဉ္စကာမဂုဏိကရာဂံ။** ။ဤစကားသည် နိဒဿနမျှဖြစ်သည်။ ထို့ကြောင့် နည်း-ပဉ္စကာမဂုဏိကရာဂ သာမက အခြားသော ရာဂ ကိုလည်းကောင်း၊ ဒေါသစသည်တို့ကိုလည်းကောင်း ပယ်ခြင်းကို အလိုရှိအပ် သောကြောင့်လည်းကောင်း၊ ထိုပယ်ခြင်းသည် ပဉ္စကာမဂုဏိကရာဂမှတပါး အခြားသော ရာဂစသည်ကုန်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်း ကောင်းတည်း။ (၄၁၂)

**လောကုတ္တရဓမ္မမေဝ။** ။ဧဝ-သဒ္ဒါဖြင့် အခြားသော ဈာန်စသော အနဝဇ္ဇတရားများကို ကန့်သည်ဟု ထင်ရာရှိ သော်လည်း ပဋိပက္ခသဘောရှိသောကြောင့် သာဝဇ္ဇတရားတို့ကို တားမြစ်ခြင်း သာ လိုရင်းပဓာနဟု မှတ်ပါ။ ထို့ကြောင့်နည်း-မဂ်ဖိုလ်ရခြင်း၏ အကြောင်း ဖြစ်သော ဝိပဿနာနှင့်တကွ ဝိဝဋ္ဋနိဿိတကာမာဝစရကုသိုလ်ဟူသမျှကိုလည်း ကောင်း၊ မဂ်ဖိုလ်၏ အာနိသင် ဖြစ်သောအကျိုးဟူသမျှကို သည်းကောင်း၊ နာနန္တရိက နည်းအားဖြင့်ယူနိုင်သောကြောင့်တည်း။

**ပါဋိဟာရိယံ။** ။ဆန့်ကျင်ဘက်ကို ဖယ်ရှားတတ်သောကြောင့် စတုတ္ထဈာန် နှင့် မဂ်သည် ''ပဋိဟာရိယ''မည်၏။ ထိုပဋိဟာရိယတွင် ပါဝင်သော အကြောင်းဖြစ်သော ပဋိဟာရိယမှလာသော ဣဒ္ဓိစသည့်သုံးမျိုး သည် ''ပါဋိဟာရိယ''မည်၏။ တနည်း-ဣဒ္ဓိ အာဒေသနာ အနုသာသနီ တို့ဖြင့် သူတပါးတို့၏ သန္တာန်၌ ကြည်ညိုမှုစသည်တို့၏ ဆန့်ကျင်ဘက် ကိလေသာကို ပယ်ရှားတတ်သောကြောင့် ပါဋိဟာရိယ-ဟု ခေါ်သည်၊ [ဋီကာ၌ များစွာဖွင့်၏။ နိဒါန်း၌ ရေးပြီးဖြစ်၍ ထပ်မရေးတော့ပါ။]

**ဂယာသီသေ။** ။ဂယာရွာ၏အနီး ဂယာသီသ အမည်ရှိသော ဆင်ဦးကင်းနှင့် တူသော ကျောက်ဖျာတည်း။ ထိုကျောက်ဖျာပေါ်၌ရဟန်း ပေါင်းတထောင် နေလောက်သည်။ (၄၁၃)

**စိတ္တာစာရံ ဉတွာ စသည်။** ။စိတ္တာစာရံ ဉတွာ-ဖြင့် အာဒေသနာပါဋိဟာရိယ ကိုပြသည်။ ဓမ္မံ ဒေသေတိ-ဖြင့် အနုသာသနီ-ပါဋိဟာရိယကို ပြသည်။ ဝိကုဗ္ဗနံ ဒဿေတွာ-ဖြင့် ဣဒ္ဓိပါဋိဟာရိယကို ပြသည်။

**မဟာနာဂါ၊** ။အာသဝေါကုန်ပြီးသော ရဟန္တာကြီးများတည်း။ မုန်၏-မကောင်းမှုမရှိသောကြောင့် ရဟန္တာကို ''နာဂ'' ဟုခေါ်သည်။

**မတူခြင်း အကြောင်း။** ။အဋ္ဌကထာ၌ ဓမ္မသန္တာနပတိတာ ဓမ္မဒေသနံ သုတွာ ပဉ္စသတာ ဘိက္ခူ သောတာပတ္တိဖလေ ပတိဋ္ဌဟိံသု၊ မဟာမောဂ္ဂလ္လာနဿ ဓမ္မဒေသနံ သုတွာ အရဟတ္တဖလေ'' ဟု မိန့်၏။

သံယုတ်ဒကကုန္တကပါဠိတော်၌ ''အထ ခေါ ဇေတဿ ဘိက္ခုနံ့ အာယ-သ္မတော သာရိပုတ္တဿ အာဒေသနာ ပါဋိဟာရိယာနုသာသနိယာ အာယသ္မ-တော စ မဟာမောဂ္ဂလ္လာနေန ဣဒ္ဓိပါဋိဟာရိယာနုသာသနိယာ ဩဝဒိယ မာနာနံ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ''ဟု ထေရ်နှစ်ပါးတို့၏ ဓမ္မဒေသနာကြောင့် ထိုရဟန်းတို့မှာ ဓမ္မစက္ခု ရသည်ဟု ပြသည်။

ထိုသို့ မတူခြင်းသည် ဒီဃဘာဏက ခန္ဓကဘာဏကတို့၏ အယူကွဲသောကြောင့်တည်းဟု မှတ်ပါ၊ မှန်၏-ဤပါဠိတော်ကို သင်္ဂါယနာမထေရ်တို့ မိန့်ဆိုကြ၍ အဋ္ဌကထာကိုလည်း ထိုမထေရ်တို့သည်ပင် သင်္ဂါယနာတင်ခဲ့ကြသည်။ တနည်း-ပါဠိတော်၌ အထက်မင်္ဂဖိုလ်ကိုပါ သိမ်းယူ၍ (ဗြဟ္မာယုသုတ်၊ စူဠဝေဒလ္လသုတ်တို့၌ကဲ့သို့) ''ဓမ္မစက္ခုံ ဥဒပါဒိ''ဟု ဆိုသည်ဟု မှတ်ပါ။

**သဥပါဒိ ရမ္မာနိ စသည်။** ။ဆိုအပ်ပြီးသော ဆုတ်အယောင်နှင့် ကင်း၍ နိုင်စက်အပ်သောကြောင့် သဥပါဒိရမ္မာဖြစ်၍ သူတပါးတင်အပ်သော အပြစ်ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း၏ အကြောင်း ဥပါယ်မဟုတ်သောကြောင့် သဒေါသဖြစ်သည်၊ အပြစ်နှင့်တကွ ဖြစ်သောကြောင့်ပင် ရှည်မြင့်စွာသော ကာလပတ်လုံး မတည်နိုင်။ (၄၁၄)

**အဒ္ဓနံ အတိဋ္ဌနတော နနိယျန္တိ။** ။ဤစကားသည် အကျိုးဖြင့် အကြောင်းကို မှန်းဆသိရသော အနုမာနစကားတည်း၊ မှန်၏-နိယျာနိကမဟုတ်သောကြောင့် ထိုပါဋိဟာရိယနှစ်မျိုးတို့ အရှည်မတည်ကြပါ။

**အနုသာသနိပါဋိဟာရိယံ အနုပါရမ္မံ။** ။စင်ကြယ်သော ဘုရားရှင်လျှင် အစအမှန်ရှိသောကြောင့်လည်းကောင်း၊ စင်ကြယ်သော ဘုရားရှင်လျှင် မှီရာဖြစ်သောကြောင့်လည်းကောင်း အနုပါရမ္မနိဒ္ဒေါသဖြစ်သည်။ မှန်၏-အနုသာသနိပါဋိဟာရိယ၌ ရှေးနောက်ဆန့်ကျင်ခြင်း စသော အပြစ်များ မရှိနိုင်ပါ။

**အဒ္ဒါနံ တိဋ္ဌတိ။** ။အပြစ်မရှိသောကြောင့်သာလျှင် ပရပ္ပဝါဒလေမုန်တိုင်းတို့သည်လည်းကောင်း၊ ကိလေသာ လေမုန်တိုင်းတို့သည်လည်းကောင်း မတပ်ရောက်ထိုက်သည့်အတွက် အရှည်တည်တံ့သည်။

အဒ္ဒါနံ တိဋ္ဌနတော နိယျာတိ။ ။ဤဥ္ဇလည်း အကျိုးဖြင့် အကြောင်းကို မှန်းဆသိရသော အနုမာနစကားတည်း၊ မှန်၏-နိယျာနိကဖြစ်သောကြောင့် အနုသာသနီပါဋိဟာရိယသည် အရှည်တည် တံ့၏။

---

## ဘူဘာနိရောဓေသကဝဏ္ဏ

အနိယျာနိကဘာဝဒဿနတ္ထံ၊ ။မဟာဘုတ်ချုပ်ရာကို ရှာသောရဟန်းသည် ဣဒ္ဓိပါဋိဟာရိယ အာဒေသနာပါဋိဟာရိယ တို့၌ ဝသီဘော်ဆောက်၍ အလွန်ကျွမ်းကျင်သော်လည်း မဟာဘုတ်တို့၏ အကြွင်းမရှိချုပ်ရာဟု ဆိုအပ်သော နိဗ္ဗာန်ကို မသိနိုင်ပေ၊ ထိုသို့ ထိုဣဒ္ဓိ အာဒေသနာနှစ်ပါးသည် ဝဋ်မှ ထွက်မြောက်ရာ နိဗ္ဗာန်(နိယျာန)ကို မဆောင် နိုင်သောကြောင့် အနိယျာနိကဖြစ်သည်၊ ထိုဣဒ္ဓိပါဋိဟာရိယ အာဒေသနာ ပါဋိဟာရိယတို့၏ အနိယျာနိကအဖြစ်ကို ပြခြင်းငှာလည်းကောင်း(အာချ္ဒံ)၊ (၄၁၄)

နိယျာနိကဘာဝဒဿနတ္ထံ၊ ။အနုသာသနီပါဋိဟာရိယ သည် ဟောသည့် အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သူအား ဧကန်နိယျာနကို ဆောင်နိုင်၏။ အနုသာသနီပါဋိဟာရိယ၏ သာလျှင် နိယျာ နိက အဖြင်ကို ပြခြင်းအကျိုးငှာလည်းကောင်း (အာရဒ္ဓံ)။

အပိစ။ ။ရှေးနည်းဖြင့် ဤဒေသနာတော်၏ မုချအကျိုးကို ပြ၍ ယခုအခါ အနုသင်္ဂိကအကျိုးကို ပြခြင်းငှာ "အပိစ" စသည်ကို မိန့်သည်။ မှန်၏-နိယျာနသည်သာ ဤဒေသနာတော်၏ မုချအကျိုးဖြစ်သည်။ဘာ့ကြောင့် နည်း-နိယျာနသည် ဒေသနာတော်၏ အနက်ဖြစ်သောကြောင့်တည်း။ဘုရားရှင် တို့၏ ကြီးကျယ်မြင့်မြတ်တော်မူသည်၏အဖြစ်ဘား အနုသင်္ဂိကအကျိုးဖြစ်၏၊ ဘာ့ကြောင့်နည်း—အနက်ရောက်အားဖြင့်သာ သိအပ်သောကြောင့်တည်း။

မဟာဘူတေ ပရိယေသန္တော၊ ။မဟာဘုတ်တို့၏ အကြွင်းမဲ့ချုပ်ကြောင်းကို ရှာမှီးစုံစမ်းလျက်။ (၄၁၄-၅)

ဝိစရိတ္ဝာ။ ။ဓမ္မတာသည် နှိုးဆော် တိုက်တွန်းအပ်သည်ဖြစ်၍ လှည့်လည် သည်။ ဘုရားလောင်း ဖွားတော်မူသောအခါ၌ မြေသွပ်

ခြင်းသည် သဘောတံထွာ မေ့တာဖြစ်သကဲ့သို့ ထိုရဟန်း၏ ပြဟ္မာ့ဘုံတိုင် အောင် လှည့်လည်ခြင်းသည် မေ့တာသိဒ္ဓဖြစ်သည်။

**မဟန္တဘာဝဒဿနတ္ထံ။** ။နတ်နှင့်တကွသော လောကကြီးဝယ် မည်သူနှင့်မျှ မဆက်ဆံသော ဘုရားရှင်တို့၏ ကြီးမြတ်သည်၏ အဖြစ် ကြီးကျယ်သော အာနုဘော် ရှိသည်၏အဖြစ်ကို ထင်ရှားပြခြင်းအကျိုး ငှာ အားထုတ်တော်မူသည်။

**ဣဒဥ္စ ကာရဏံ။** ။ဘုရားရှင်တိုင်း၏ သာသနာတော်၌ ထိုသဗ္ဗညုတဉာဏ် တော်၏ အစွမ်းသတ္တိကို ထင်ရှားပြတတ်သော ဤသို့ သော ရဟန်းတပါး ရှိရသည်ဟူသောအကြောင်းကို ဖုံးကွယ်နေသည်။

**သဗ္ဗာကာရေန။** ။ဝစနတ္ထ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာန သမုဋ္ဌာန ကလာပ စုဏ္ဏ နာနတ္တ ဧကတ္တ ဝိနိဗ္ဘောဂ အဝိနိဗ္ဘောဂ သဘာဂ ဝိသဘာဂ အဇ္ဈတ္တိက ဗာဟိရ သင်္ဂဟ ပစ္စယသမန္နာဟာရ ပစ္စယ ဝိဘာဂ အခြင်းအရာ သသမ္ဘာရဝိဘတ္တိ သလက္ခဏသင်္ခေပ သလက္ခဏဝိဘတ္တိ အခြင်းအရာ ဟူသော အလုံးစုံသော အခြင်းအရာတည်း။ (၄၁၅)

**ဝသံ ဝတ္တေန္တော။** ။အလိုရှိအပ်သော အရပ်သို့ သွားနိုင်ခြင်းသည် ဝသဝတ္တန။

**န ဇာနာမ-ဟု ဆိုရပုံ။** ။မဂ်ဖိုလ် ရရှိသောနတ်တို့သည် ထိုပြဿနာအဖြေကို တစိတ် တဒေသ အားဖြင့် သိကြပါသော်လည်း ဘုရားရှင်ဖြေဆိုရမည့်ပြဿနာကို မေးသည်ဟု ကြံစည်စဉ်းစား၍ "န ဇာနာမ (ငါတို့ မသိကြပါ)"ဟု ဖြေဆိုကြသည်။ (၄၁၅-၆)

**အဇ္ဈောတ္ထရတိ။** ။ဤနေရာ၌ လွှမ်းမိုးခြင်းဟူသည် ပုစ္ဆာမေးခြင်းဖြင့် နှိပ်စက် ခြင်းတည်း။ ထို့ကြောင့် "ပုနပ္ပုနံ ပုစ္ဆတိ"ဟု မိန့်သည်။

**ဟတ္ထတော မောစေဿာမ။** ။ပြောရိုးဆိုစဉ် ဝေါဟာရဖြင့် လက်မှ လွတ် စေကုန်အံ့ဟု ဆိုသည်။ ဆိုလိုရင်းမှာ ယခု အခါ ဤရဟန်းကို အဝေးအရပ်သို့ ဖဲခွာစေအံ့ဟု ဖြစ်သည်။

**အဘိက္ကန္တတရာ။** ။ရုပ်အဆင်းနှင့် ပြည့်စုံခြင်းဖြင့်လည်းကောင်း၊ ပညာပင္စ ဘာနုစသည်တို့ဖြင့် လည်းကောင်း ငါတို့ကို လွှမ်းမိုး၍ ငါတို့ထက် သာလွန်၍ သူတပါးတို့၏ နှစ်သက်မှုကို ခံရသော နတ်များဟု ဆိုလိုပါသည်။

**ဒေဝယာနိယသဒိသော၀။** ။ဥက္ကဋ္ဌဝိခညာဏ်ကိုသာ အလို ရှိအပ်သောကြောင့် ဒေဝယာနိယနှင့် တူသည်သာ။

**ဒေဝယာနိယမဂ္ဂေါတိ ဝါ ၊ပေ၊ ဣဒ္ဓိဝိခညာဏဿေဝ နာမံ။** ။ဤစကားကို ပါဠိတော် အဋ္ဌကထာများ၌ လာသော ထင်ရှားသောအမည်၏ အစွမ်းဖြင့် ဆိုပါသည်။ အကြောင်းနည်း—အလုံးစုံသော အဘိညာဉ် တို့၌လည်း ဒေဝယာနိယမဂ္ဂစသော ကေစိတ္တဘွက်ကာအပွနာခသော အမည်များသည် ထိုက်သင့်သလို ဖြစ်သင့်သောကြောင့် တည်း။

ကုဟကတ္တာ။ ။မဟုတ်မမှန်သောအားဖြင့် အခြားသူတို့ကို အံ့သြစေလိုသော ကြောင့်ဟု ပေးပါ။ ကေစိဘိုကား= "ဂုဟကတ္တာ-လျှို့ဝှက်လိုသောကြောင့်"ဟု ပါဠ်ဘမျိုးရှတ်ဆို၍ အနက်ဘမျိုး ဖွင့်ဆိုကြလေသည်။

---

တိရဒဿိသကုဏူပမာ

ပုစ္ဆာဝိသဇ္ဇနံ။ ။အဖြေမည်သည် အမေးနှင့် တူလျော်စွာ အမေးနှင့်တူသော အဖို့ဖြင့်ဖြေဆိုထိုက်သောကြောင့်ဘုရား ရှင်တို့သည်များယွင်းစွာ မေးအပ်သောအမေးကို ထိုအမေး အားလျော်စွာသော မှားယွင်းစွာဖြေဆိုတော် မမူကြပါ။ အမေးမှားနေသော် အဖြေသည် အနက်နှင့် သဘောတူမသောကြောင့် အမေးကို မပြင်ပဲ ဖြေလိုလျှင် မေးသူတို့သည် ထိုအနက်ကို ထိုးထွင်း၍ မသိနိုင်ကြပဲ တွေဝေကြမည်၊ ထို့ကြောင့် မေးပုံမေးနည်းကို သင်စေ၍ မှန်ကန်သော အမေးကို ဖြေဆိုတော်မူခြင်းသည် ဘုရားရှင်တို့၏ သဘောတတ္တာ ဓမ္မတာဖြစ်ပါသည်။ (၄၁၇)

ဒီဃံ ရဿံ အဏုံ ထူလံ သုဘာသုဘံ။ ။ဒီဃံ ရဿံ၊ အဏုံ ထူလံ၊ သုဘာသုဘံဟူသော သုံးဌာနတို့၌ ရူပါယတနကို အဦးပြု၍ ဥပါဒါရုပ်ကိုသာ ယူရပါသည်။ အကြောင်းနည်း—ဣတ္ထ အာပေါ စ ပထဝီ တေဇော ဝါယော န ဂါဓတိ-ဖြင့် ဘူတရုပ်ကို သီးခြား ယူအပ်သောကြောင့် တည်း။

နာမံ။ ။ဝေဒနာစသော ခန္ဓာလေးပါးသည် အာရုံသို့ ရှေးရှုညွတ်တတ်သောကြောင့် လည်းကောင်း၊ နာမည်ကို ပြုတတ် သောကြောင့် လည်းကောင်း နာမ်မည်ပါသည်။

**ဒိဿာဒိဘောဒံ။** ။ဒိဿစသော အမည်သည် ရူပါယတနသာ တည်ရာရှိသည် မဟုတ်၊ အမှန်မှာ ဘူတရုပ်ဟူသော တည်ရာလည်းရှိ၏။ ထို့ကြောင့် ဒိဿရာဿစသော သဒ္ဒါဖြင့် ဘူတရုပ်ကိုပါ ယူရမည်။ ဤအနက် အဓိပ္ပာယ်ကို သိစေခြင်းငှာ "ဒိဿာဒိဘောဒံ ရူပံ" ဟုသာ မိန့်တော်မူသည်။ (၄၁၈)

**ဥပရုဇ္ဈတိ။** ။ဤစကားကို နောက်ထပ်ဖြစ်ခြင်း မရှိသော ချုပ်ခြင်းဟု ဆိုအပ်သော နိဗ္ဗာန်ကို ရည်ရွယ်၍ မိန့်ဆိုပါသည်။ ခဏိကနိရောဓကို ရည်ရွယ်၍ မိန့်ဆိုသည် မဟုတ်ပါ၊ ထို့ကြောင့် "အသေသာ ဗေရာဂံ နိရောဓာ"ဟု မိန့်သည်။

**ဥပ္ပါဒန္တော ဝါ ၊ပေ၊ အညထတ္တန္တော ဝါ။** ။ဥပ္ပါဒန္တော-ဥပါဒ်အခိုက်၊ ဝယန္တော - ဘင်အခိုက်၊ ဌိတဿ အညထတ္တန္တော-ဇရတာ၊ ကြွင်းသောသဒ္ဒါဖြင့် ဌီအခိုက်ကို ခွင့်ပြုရာ ရောက်၏။

**စရိမကဝိညာဏံ။** ။ရဟန္တာ၏ စုတိစိတ်ဟု ဆိုအပ်သော ပရိနိဗ္ဗာန်စိတ် တည်း။

**အဘိသင်္ခါရဝိညာဏဿာပိ။** ။နာမ်ရုပ်၏ အကြောင်းမရှိ ချုပ်ခြင်းကို အလိုရှိအပ်သောကြောင့် အဘိသင်္ခါရဝိညာဏဿာပိ စသည်ဖြင့် သဥပါဒိသေသနိဗ္ဗာနဓာတ်ကို အဦးပြု၍ အနုပါဒိသေသနိဗ္ဗာနဓာတ်ကိုသာ ဟောသည်။ ထို့ကြောင့်"အနုပ္ပါဒဝသေန ဥပရုဇ္ဈတိ"ဟု မိန့်သည်၊ (၄၁၉)

**ပါဠိတော်ဂါထာအနက်များ။** ။ဆရာတော်ဘုရား ရေးသားထားသော အနက်များသည် အဖွင့်များကိုလည်း ငုံမိ၊ ကာရန်လည်း ပါရှိသဖြင့် လွယ်ကူစွာ ကျက်မှတ်နိုင်ကြရန် ဘာသာဋီကာမှ ကူး၍ ပါဠိတော်ဂါထာနှင့် ယှဉ်တွဲဖော်ပြလိုက်ပါသည်။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ၊
ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။

ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ၊
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ဝိညာဏံ=ထူးကဲမြင့်မြတ်၊ မဂ်ဉာဏ်ခေတ်ဖြင့်၊ တတ်အပ်ထင်ထင်၊ သိမြင်နိုင်ထသော။ အနိဒဿနံ=စက္ခုနှင့်စပ်၊ ဝိညာဏ်ခေတ်ဖြင့်၊ မမြင်အပ် မမြင်နိုင်ထသော။ (တနည်း) အနိဒဿနံ=အတုကင်းပ၊ အမတမို့၊ ညွှန်ပြဖို့ရာ၊ ဥပမာလည်း မရှိထသော။ အနန္တံ=ဖြစ်ပျက်ပျက်ခြား၊ ဤသုံးပါးဟု၊ ပိုင်းခြားမရှိ၊ သန္တိသုခ၊ အမတခေတ်ဖြင့်၊ မပြတ်ပုံသေ၊ တည်ရှိပေထသော။ သဗ္ဗတော ပဘံ=သမုဒြာ၊ ဆိပ်ကမ်းသာသို့၊ ဝင်ဆုဖုံဖုံ၊ အာရုံကမ္မဋ္ဌာန်း၊ ဆိပ်ကမ်း အဝင်အဝလည်း ရှိထသော။ (တနည်း) သဗ္ဗတောပဘံ=ကိလေသာအမဲ၊ မှောင်မတွဲသဖြင့်၊ အမြဲဝင်းပြောင်၊ အရောင်လည်း ရှိထသော။ (ယံနိဗ္ဗာနံ=ကိလေသာဟူ၊ အပူခပ်သိမ်း၊အေးငြိမ်းရာမှန်၊အကြွင်းအနိဗ္ဗာန်သည်။ အတ္ထိ=ပရမတ်တရား၊ခေတ်တပါးဖြင့်၊ ထင်ရှားမသွေ ရှိပါပေ၏။)

တတ္ထ (နိဗ္ဗာနေ)=ခန္ဓာငါးရပ်၊ ပရမတ်သက်၊ဆက်ဆက်ကဲလျှံ၊ ဤနိဗ္ဗာန်ကြောင့်၊ ဝါ-ဤနိဗ္ဗာန်ကို သိရခြင်းကြောင့်။ အာပေါစ=ဖွဲ့စည်းလက္ခဏာ၊ ထင်ရှားစွာဖြင့်၊ သညာဖော်ထုတ်၊ အာပေါမဟာဘုတ်သည်လည်းကောင်း။ ပထဝီ=ခက်မာလက္ခဏာ၊ ထင်ရှားစွာဖြင့်၊ သညာဖော်ထုတ်၊ ပထဝီမဟာဘုတ်သည်လည်းကောင်း။ တေဇောစ=အငွေ့လက္ခဏာ၊ ထင်ရှားစွာဖြင့်၊ သညာဖော်ထုတ်၊ တေဇောမဟာဘုတ်သည်လည်းကောင်း။ ဝါယောစ=ထောက်ကန်လက္ခဏာ၊ ထင်ရှားစွာဖြင့်၊ သညာဖော်ထုတ်၊ဝါယော မဟာဘုတ်သည် လည်းကောင်း။ နဂါဓတိ=မထောက်မမှီ မတည်နိုင်တော့ချေ။

တတ္ထ (နိဗ္ဗာနေ)=သန္တိလက္ခဏာ၊ ငြိမ်သက်စွာဖြင့်၊ သညာခေါ်ရန်၊ ဤနိဗ္ဗာန်ကြောင့်၊ ဝါ-ကြောင့်။ ဒီဃဉ္စ=ရုပ်ကလာပ်အလီလီ၊ စဉ်ဆက်တည်သဖြင့်၊ အရှည်ခေါ်ခြား၊ ဥပါဒါရုပ်တရားသည်လည်းကောင်း။ ရဿဉ္စ=ရုပ်ကလာပ်ထိုထို၊ အနည်းကိုပင်၊ အတိုခေါ်ခြား၊ ဥပါဒါရုပ်တရားသည်လည်းကောင်း။ အဏုံ=ရုပ်ကလာပ်အနည်းစု၊ ပေါင်း၍ ပြုသဖြင့်၊ အဏုမြူခေါ်ခြား၊ ဥပါဒါရုပ်တရားသည်လည်းကောင်း။ ထူလံ=ရုပ်ကလာပ်အသီးသီး ပေါင်းဆုံမှီးသဖြင့်၊ အကြီးခေါ်ခြား၊ ဥပါဒါရုပ်တရားသည်လည်းကောင်း။ သုဘာသုဘံ၊ တင့်တင့်တယ်တယ်၊ မတင့်တယ်ဟု၊ နှစ်သွယ်ကွဲပြား၊ ဝဏ္ဏအနိဋ္ဌ၊ ရုပ်တရားသည်လည်းကောင်း။ (ဥပရုဇ္ဈတိ=တရားထုံးအရ၊ သုံးမကျသဖြင့်၊ လုံးဝပုံသေ၊ ချုပ်ရပေသတည်း။)

တတ္ထ (နိဗ္ဗာနေ)=အသင်္ခတ၊ သဘာဝဖြင့်၊ ဘဝထိပ်ပန်၊ ဤနိဗ္ဗာန်ကြောင့်၊ ဝါ-ကြောင့်။ နာမဉ္စ=ခန္ဓာလေးပါး၊ နာမ်တရားသည်လည်းကောင်း။ ရူပဉ္စ=နှစ်ဆယ့်ရှစ်ပါး၊ ရုပ်တရားသည်ကောင်း။ အသေသံ=တစိုးတစိ အကြွင်းမရှိအောင်။ ဥပရုဇ္ဈတိ=အခြေကျန၊ မနေရပဲ၊ ကြေမွကိန်းသေ ချုပ်ရပေသတည်း။

ဝိညာဏဿ=ပုညာပုည၊ အာနဉ္ဇဟု၊ သုံးခေါ်တွင်၊ အဘိသင်္ခါရဝိညာဉ်၏။ နိရောဓေန=အောက်ထက်ပေါ်လာ၊ မဂ်လေးဖြာဖြင့်၊ ဝေးကွာဖော်ကင်း၊ ချုပ်ပျောက်ခြင်းကြောင့်။ (တနည်း)ဝိညာဏဿ=ရဟန္တာ၏၊ စုတိခေါ်တွင်၊ နောက်ဆုံးဝိညာဉ်၏။ နိရောဓေန=ဥပါဒ်ငြိဘင်၊ အစဉ်စေ့ရောက်၊ ချုပ်ပျောက်သည့်အတွက်။ ဧတ္ထ(နိဗ္ဗာနေ)=ရဟန္တာအရှင်၊ မျက်မှောက်မြင်သည့်၊ သန္တဓာတ်၊ ဉာဏ်နိဗ္ဗာန်မြတ်ကြောင့်။ ဝါ-ဉာဏ်နိဗ္ဗာန်မြတ်ကို သိရခြင်းကြောင့်။ တော ဥပဒိန္နကမ္မဇာတံ)—ခန္ဓာကိုယ်တွင်၊ ဖြစ်ပျက်စဉ်၌၊ ပူပင်ရကြောင်း၊ ဉာဏ်ရုပ်နာမ်အပေါင်းသည်။ ဥပရုဇ္ဈတိ=နောက်ထပ်မလဲ၊ ငြိမ်ဓာတ်ခွဲဖို့၊ အမြဲကိန်းသော၊ ချုပ်ငြိမ်းရပေသတည်း။

ကောဋ္ဌသုတ်ပြီးပါပြီ။

# လောဟိစ္စသုတ်

## လောဟိစ္စဗြာဟ္မဏဝတ္ထု

**သာလဝတိကာ။** ။အကြောင်းမရှိပဲ ဝုတ္တိသိင်္ခ၏ အစွမ်းဖြင့်ထိုရွာကို "သာလာတိကာ" ဟု ခေါ်သည်၊ ရွာသူကြီးမရှိသောကြောင့် သာလဝတိကာ မည်သည်ဟု ကေစိဆရာတို့ ဆိုကြသေး၏။ (၄၂၀)

**လောဟိစ္စော။** ။လောဟိတဟူသော အမည်ရှိ ထိုပုဏ္ဏား၏ အမျိုး၌ ပုဗ္ဗပုရိသ၏ အမည်ဖြစ်သည်။ ထိုအနွယ်အစွမ်းဖြင့် "လောဟိဘသာ အပစ္စံ လောဟိစ္စော" ဟူသော ဝစနတ္ထနှင့်အညီ လောဟိစ္စအမည်သည် ပုဏ္ဏားအမျိုးအနွယ်မှ လာသောအမည် ဖြစ်သည်။

**ဒိဋ္ဌိဂတံ။** ။အယူမှားကို ကောက်ယူပါ။အယူမှားကို မကောက်ပဲ ဒိဋ္ဌိကိုကောက်သော် ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိမှ လွတ်သော တစုံတခုသော ဒိဋ္ဌိအယူသည် မရှိသောကြောင့် ဥစ္ဆေဒ သဿတ နှစ်မျိုးတွင် တမျိုးမျိုးဖြစ်ရာ၏။

**ပရော။** ။မိမိမှ အခြားသူသည် ပရဖြစ်သောကြောင့် ဆုံးမအပ်သူသည် ဆုံးမတတ်သူမှ တခြားဖြစ်သကဲ့သို့ ဆုံးမတတ်သူသည်လည်း ဆုံးမအပ်သူမှ တခြား (ပရ)ဖြစ်သည်၊ ဤအနက်အဓိပ္ပာယ်ကို ပြခြင်းငှာ "ပရော" စသည်ကို မိန့်သည်။ [ကုသလံ ဓမ္မံ-အညွှတ်ရှိသော ဝိမောက္ခတရားကို။] (၄၂၀)

**ဘာဒရေ။** ။ဘုန်းရှင်မှာ ရှိသတ်မျှသောကြောင့်လည်းကောင်း၊ မိမိမှာ လည်း ပြုဖွယ်ကိစ္စများသောကြောင့်လည်းကောင်း ဝန်လေးသည်။

**ကထာဖာသုကတ္တံ။** ။လွယ်ကူစွာ စကားပြောဆိုခြင်း နားထောင်ခြင်း အကျိုးငှာ။ (၄၂၁)

**အဓိပ္ပါယ နာမ သိယာ။** ။ဤနေရာ၌ ပီတိအစွမ်းဖြင့် အာမေဍိတ်ပြုသည်ဟု မှတ်ပါ။ ထို့ကြောင့်ပင် ဗုဒ္ဓဂုဏ်တပါး မိန့်ဆိုသည်။

ချွဲဦးအံ့-ဘုရားရှင်သည် ဤလိုနေရာများ၌ အထူးအားဖြင့် ပီတိသောမနဿ ဖြစ်သောကြောင့် ပီတိအစွမ်းဖြင့် ပဋမကြုံးဝါးတော်မူ၍ ဒုတိယအကြိမ်လည်း ထပ်ဆင့်၍ ကြုံးဝါးတော်မူသည်။

အလ္လာပ သလ္လာပ။ ။ရှေးဦးစွာ ပြောဆိုခြင်းသည် အလ္လာပမည်၍ ထိုမှ နောက်၌ အတူတကွ ပြောဆိုခြင်းသည် သလ္လာပမည်၏။

---

လောဟိစ္စပြာဟ္မဏာ နုယောဂ

ဒုတိယံ ဥပပတ္တိံ။ ။ဒုတိယ ဥပပတ္တိဟူသည် နနု ရာဇာ ပသေနဒိ ကောသလော - စသော နည်းဖြင့် ဟောတော်မူအပ်သော အကြောင်းပြစကားတည်း။ မှန်၏—ဘုရားရှင်သည် ဥပမာကို ပဓာနပြု၍ အကြောင်းကို ပြုတော်မူသည်။ ဤဥပပတ္တိ၌ သင်သည်လည်းကောင်း၊ အခြားသူများသည်လည်းကောင်းဟု လောဟိစ္စကိုပါ အတွင်းပြု၍ ထိတ်လန့်စေတော်မူသည်။ (၄၂၁)

အသဏ္ဌောဒ္ဓော။ ။ဥပနိဿယနှင့် ပြည့်စုံမှုမရှိသောကြောင့်၊ တနည်း—ဉာဏ်ရင့်ကျက်မှု မရှိသောကြောင့် အရိယဘူမိသို့ ရောက်ခြင်းငှာ မစွမ်းနိုင်ကြ။

ဆန္နံ ဒေဝလောကာနံ၊ ။ဤစကားသည် နိဒဿနစကားဖြစ်သည်။ မှန်၏—ဗြဟ္မလောကသည်လည်း ဒိဗ္ဗဝိဟာရ ဟူသော အကြောင်းရှိသောကြောင့် ဒိဗ္ဗဂဗ္ဘအမည်ကို ရနိုင်သည်သာ။ ဤသို့ယူမှ "ဘာဝနံ ဘာဝယမာနာ" ဟူသောစကားနှင့် သင့်လျော်မည်။

အထ ဝါ။ ။ဒိဗ္ဗာ ဘဝါ-အရ နတ်၌ဖြစ်သော ဝိပါက်ခန္ဓာဟူသော ဥပပတ္တိဘဝကို ယူပါ။ ဘာ့ကြောင့်နည်း-ဥပပတ္တိဘဝကို ဆောင်နိုင်သော ကမ္မဘဝကို ဒိဗ္ဗဂဗ္ဘပုဒ်ဖြင့် ယူပြီးသောကြောင့်တည်း။ (၄၂၂)

ယာဝ ဘဝဂ္ဂါ ဥဂ္ဂတံ။ ။တလောကလုံး၌ ပျံ့နှံ့နေသော အယူ၌ ဖြစ်သောကြောင့် ဘဝဂ်တိုင်အောင် မာနတက်သည်ဟု-မိန့်သည်။

တယော သတ္ထာရော။ ။(၁) မိမိစီးပွား မပြည့်စုံသေးသော ဩဝါဒကို မလိုက်နာသော သာဝကရှိသော ဆရာ၊

(၂) မိမိစီးပွား မပြည့်စုံသေးသော ဩဝါဒကို လိုက်နာသော သာဝက ရှိသော ဆရာ၊

(၃) မိမိစီးပွား ပြည့်စုံသော ဩဝါဒကို မလိုက်နာသော သာဝက ရှိသော ဆရာဟူသော သုံးမျိုးသော ဆရာတို့သည် သူတပါးက အပြစ်တင်ထိုက်သော စောဒနာရဟ ဆရာများဖြစ်ကြသည်။ စတုတ္ထဆရာဖြစ်သော ဘုရားရှင်သည်ကား စောဒနာရဟ မဟုတ်ပါ။ ထိုကြောင့် စတုတ္ထဆရာကို လောဟိစ္စ မေးမှ ဟောတော်မူမည်ဟု ကြံတော်မူ၍ စောဒနာရဟ ဆရာသုံးမျိုးတို့ကို ပဌမ ဟောတော်မူသည်။ နောက်မှ စတုတ္ထဖြစ်သော နစောဒနာရဟ ဆရာဖြစ်သော ဘုရားရှင်ကို ဟောတော်မူသည်။ (၄၂၂)

အယမ္ပိ ခေါ လောဟိစ္စ သတ္ထာ။ ။စတုတ္ထဆရာဖြစ်သော ဘုရားရှင်သည် တပါးတည်းသာ ဖြစ်သော နှစ်ပါး မြောက်မရှိသော အခြားသူများနှင့် မဆက်ဆံသော ဆရာဖြစ်ပါသည်။သို့သော် ဘုရားရှင်သည် ဓမ္မမယကာယဟု ဆိုအပ်ကြောင်း ဥတ္တရိမနုဿဓမ္မ တို့၏ အပေါင်းဖြစ်ပါသော်လည်း ထိုဂုဏ်အစိတ်တို့ကို ဆရာ့အရာ၌ တည်သည်တို့ကို ပြု၍ ပြလိုရကား "အယမ္ပိ ခေါ လောဟိစ္စ သတ္ထာ"ဟု မိန့်တော်မူသည်။

နိရန္တရံ ၊ပေ၊ အကတွာ။ ။တပည့်အဖြစ်ကို ဝန်ခံ၍ တည်သောကြောင့် တစိတ်တဒေသ အားဖြင့် ထိုဆရာ၏ အဆုံးအမကို လိုက်နာကြသည်မည်၏။ ထို့ကြောင့် "နိရန္တရံ တဿ သာသနံ အကတွာ"ဟု မိန့်သည်။

ဥက္ကမိတွာ ဥက္ကမိတွာ။ ။တရံတခါ အဆုံးအမအတိုင်း ပြုခြင်း၊ တရံတခါ အဆုံးအမအတိုင်း မပြုခြင်းကို ရည်ရွယ်၍ "ဥက္ကမိတွာ ဥက္ကမိတွာ"ဟု ဝိစ္ဆာစကားကို မိန့်သည်။ မိမိတို့ အလိုရှိသလို ပြုကြသည်ဟု ဆိုလိုပါသည်။

ဩသက္ကန္တိယာ စသည်။ ။ဩသက္ကန စသည်ကို အဦးပြု၍ မိန်းမ ယောကျ်ား တို့၏ ဆက်စပ်ပုံကို ဥပမာအဖြစ်ဖြင့် ညွှန်ပြခြင်းသည် ဂေဟဿိတပေမ အဂေဟဿိတပေမ တို့ဖြင့် ရှင့်ခြင်းအစွမ်းဖြင့် ထိုဆရာ၏ တပည့်တို့အပေါ်၌ ကျင့်ပုံကို ပြခြင်းအကျိုး ရှိပါသည်။ (၄၂၃)

ပရမ္မုခိံ ဝါ။ ။မိမိကို အလွန်မကြိုက်သောကြောင့် အမျိုးသမီးက တဘက်သို့ မျက်နှာလွှဲနေသည်။

လောဘဓမ္မ။ ။အခြံအရံကို မှီ၍ ဖြစ်သော လာဘသက္ကာရလောဘတည်း။

ဝံ စောဒနံ အရဟတိ။ ။တတိယဆရာသည် မိမိစီးပွား ပြည့်စုံပြီးဖြစ်သော ကြောင့် ပဌမဆရာကဲ့သို့ "ဧဝရူပေါ တဝ

လောဘမမ္မော''စသည်ဖြင့်လည်းကောင်း၊ ဒုတိယဆရာကဲ့သို့ ''အတ္တာနုမေဝ တာဝ တတ္တ သမ္မာဒေဟိ''စသည်ဖြင့်လည်းကောင်း စောဒနာခြင်းငှာ မထိုက်ပါ။ တပည့်တို့အပေါ်၌ ကြောင့်ကြမှုခြင်းသို့ ရောက်ဖို့ရန် တိုက်တွန်းခြင်း၏ အစွမ်းဖြင့် စောဒနာထိုက်သည်။

န စောဒနာရဟော။ ။ဆရာ၏ ဖောက်ပြန်မှုကြောင့်သော်လည်းကောင်း၊ တပည့်တို့၏ ဖောက်ပြန်မှု ကြောင့်သော်လည်းကောင်း၊ ဆရာတပည့် နှစ်ဘက်လုံးတို့၏ ဖောက်ပြန်မှုကြောင့်သော်လည်းကောင်း ဆရာကို အပြစ်တင်ထိုက်၏။ စတုတ္ထဆရာ ဖြစ်သော မြတ်စွာဘုရား၌ကား အပြစ်တင်ခြင်း၏ အကြောင်းဖြစ်သော ထိုသုံးမျိုးလုံးမရှိပါ၊ ထို့ကြောင့် အပြစ်မတင် ထိုက်ပါ။ ဤအဓိပ္ပာယ်ကို ပြခြင်းငှာ ''အယမ္ပိ'' စသည်ကို မိန့်သည်။

မယာ ဂဟိတာယ ဒိဋ္ဌိယာ။ ။လုံးဝ အပြစ် မရှိသော မစွပ်စွဲ ထိုက်သော ကောင်းစွာ ကျင့်တော်မူသော အခြားပုဂ္ဂိုလ်တို့အားလည်း ကောင်းစွာသော လျှင် သမ္မာပဋိပတ် အကျင့်မြတ်ကို ဟောဖော်ညွှန်ပြတတ်သော ဘုရားရှင်၌ မဟုတ်မမှန်သော အပြစ်ကို တင်သောအားဖြင့် မှားယွင်းစွာယူအပ်သော ငရဲသို့ ရောက်စေနိုင်သော ယုတ်မာသော အယူတည်း။

သဂ္ဂမဂ္ဂထလေ။ ။နတ်ပြည်ရောက်ကြောင်း လမ်းကောင်းဖြစ်သော ကုသိုလ်တရားတည်းဟူသော ကြည်းကုန်း၌၊ ဝါ-စာတုမဟာရာဇိက စသော နတ်ပြည် သောတာပတ္တိစသော မဂ်ဟု ဆိုအပ်သော ကြည်းကုန်း၌၊ (ဋီကာ)။ (၄၂၃-၄)

လောဟိစ္စသုတ် ပြီးပါပြီ။

# တေဝိဗ္ဗာသုတ်

**မန္တာသာကင္ဒတော အဝိဒူရေ ဥတ္တရပသော်။** ။ဒိသာဝ၀ါစီ ဥတ္တရသဒ္ဒါနှောင် ယှဉ်အပ်သော နေ-သဒ္ဒါသည် အဒူရတ္တဖြစ်သည်။ ထိုဥတ္တရေန-သဒ္ဒါနှင့်ယှဉ်၍ မနသာကင္ဒသာ-၌ သဝိဘတ်ကို ပဉ္စမီအနက်၌ သက်သည်။ ထို့ကြောင့် ဥတ္တရေနပုဒ်ဖြင့် အဒူရတ္ထဇောတန ကိုလည်းကောင်း၊ ပဉ္စမျတ္ထ၌ သာမိဝိဘတ်ကိုလည်းကောင်း ပြခြင်းငှာ "မနသာကင္ဒတော အဝိဒူရေ ဥတ္တရပသော်" ဟု မိန့်သည်။ ဤအလို ပါဠိတော်၌ "မနသာကင္ဒသာ-မနသာကဋ ရွာမှ၊ ဥတ္တရေန-အနီးဖြစ်သော မြောက်အရပ်၌" ဟု ပေးပါ။

**ကေစိတ္တိကား**—ဒိသာဝ၀ါစီ ဥတ္တရသဒ္ဒါနှောင် ပဉ္စမီဝိဘတ်သည် အဒူရအနက်ကို ထွန်းပြသောကြောင့် အဒူရတ္ထကို ပြခြင်းငှာ နေသဒ္ဒါဖြင့် ဆိုသည်ဟု မိန့်ကြသည်။ သဒ္ဒါဆရာများကား—နေနှင့်ယှဉ်သော အဝဓိ အနက်ဟောပုဒ်၌ ဒုတိယာဝိဘတ်ကို အလိုရှိကြ၏။ သို့သော် အနက်ကို သာမိအစွမ်းဖြင့်သာ အလိုရှိအပ်ပါသည်။ ထို့ကြောင့် ဤနေရာ၌ သာမိဝိဘတ်ဖြင့်ပင် ဆိုသည်။ (ဋီကာဟောင်း) (၄၂၃)

**ကုလစာရိတ္တာဒိသမ္ပတ္တိယာ။** ။ဤ၌ အာဒိဖြင့် မန္တန်ကို သရဇ္ဈာယ်ခြင်း၊ အလှန်အဆင်း လှခြင်း စသော ပြည့်စုံမှုများကို သိမ်းယူပါ။

မန္တသဇ္ဈာယကရဏတ္ထံ။ ။"အဇ္ဈေသံ ဗဟူနံ ပဝေသနံ နိဝါရေတွာ" ဟူသော အဋ္ဌကထာကိုထောက်၍ မန္တ-အရ အာထဗ္ဗဏမန္တန်ကို ယူပါ။

## မဂ္ဂါမဂ္ဂကထာ

**ဇဃ်ဝိဟာရံ။** ။စင်္ကြံသွားခြင်းဖြင့် ထိုထို ဤဤ လှည့်လည်ခြင်း တည်း။ မှန်၏–ထိုလှည့်လည်ခြင်းကို ခြေသလုံးတို့၌ ပင်ပန်းခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ လှည့်လည်ခြင်း ဖြစ်သောကြောင့် "ဇဃ်ဝိဟာရ ဇဃ်စာရ"ဟု ဆိုရသည်။ ထို့ကြောင့် ပါဠိတော်၌ "အနုစင်္ကမန္တာနံ အနုဝိစရန္တာနံ"ဟု မိန့်သည်။

**မဂ္ဂေ။** ။ဗြဟ္မာ့ပြည်သို့ သွားကြောင်း အကျင့်ဖြစ်သော ဖြောင့်သောလမ်းကို ယူပါ။ (၄၂၅-၆)

**အဍ္ဍသာယနော'တိ ဥဇုမဂ္ဂဿ ဝေဝစနံ။** ။ပရိယာယ်သဒ္ဒါ နှစ်ခုသည် အတိရေကတ္ထကို ပြသောကြောင့် "ဥဇုမဂ္ဂဿ ဝေဝစနံ"ဟု ဖွင့်သည်။ (၄၂၆)

လမ်းကို "နိယျာတိ" ဟု ဆိုနိုင်ပုံ။ ။လမ်းသည် ဗျာပါရမရှိသည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် လမ်းကို "နိယျာတိ"ဟု ဆိုအပ်ပါသနည်းဟု မေးဖွယ်ရှိ၏။ အဖြေကား- မှန်ပါသည်။ သို့သော် ထွက်မြောက်တတ်သော ပုဂ္ဂိုလ်နှင့် စပ်သဖြင့် လမ်းမှာ နိယျာန အဖြစ်ကို ရနိုင်သည်။ ထို့ကြောင့် ဗြဟ္မာ့ပြည်သို့ သွားမည့် ပုဂ္ဂိုလ်၏ သင့်တင့်စွာ နှလုံးသွင်း၍ ကျင့်ခြင်း၏ အစွမ်းဖြင့် သွားတတ်သော လမ်းကို "နိယျာတိ"ဟု ဆိုပါသည်။ သွားတတ်သူ၏ သတ္တိကို သွားကြောင်းလမ်း၌ တင်စား၍ လမ်းကိုလည်း သွားတတ်သည်ဟု ဆိုသည်ဟူလို၊

နိယျာနိကော နိယျာတိ၊ ။ပရိယာယ်တူ သဒ္ဒါနှစ်ခု ဆိုသောကြောင့် နိယျာနိကော နိယျာတိ–သွားတတ်သည်ဖြစ်၍ သွား၏။ မလွဲကေန် အမှန်သွား၏ဟု အနက်မှတ်ပါ။

ဆော့မေတ္တာ၊ ။အယမေဝ ဥဇုမဂ္ဂေါ၊ အယမဍ္ဍသာယနော- စသည်ဖြင့် ချီးမွမ်း၍။

အနိယျာနိကာဝ။ ။အချင်းချင်း၏ ဝါဒ၌ အပြစ်ပြ၍ မှန်ကန်သော အနက်ကို ပြခြင်းငှာ အဖြေမှ ကင်းသည်သာ။

ဝိဂ္ဂဟနှင့် ဝိပါဒအထူး။ ။အချင်းချင်း၏ ဝါဒကို အစကတည်းကပင် ဆန့်ကျင်ဘက် ယူခြင်းသည် ဝိဂ္ဂဟမည်၍ ထိုဝိဂ္ဂဟ

သည့်ပင် ငြင်းခုံခြင်း၏ အစွမ်းဖြင့် အပြန်ပြန်အထပ်ထပ် ဖြစ်သော ဝိဝါဒ မည်၏။ ထို့ကြောင့် “ပုဗ္ဗုပ္ပတ္တိကော” စသည်ကို မိန့်သည်။ (၄၂၆)

**သံသယော နတ္ထိ။** ။လမ်းဟုတ်လေသလော၊ လမ်းမဟုတ်လေသလောဟု တွေးတော ယုံမှားသော ဝိစိကိစ္ဆာ မရှိပါ။ ဖြောင့် မဖြောင့်၌ သံသယဖြစ်နေသည်။ (ဗြဟ္မာ့ပြည်သို့ကား- ရောက်နိုင်သော လမ်းချည်းဟုကား ယုံကြည်သည်။ မြန်မြန်ရောက်မည့် လမ်းဖြောင့်၊ ကြာကာမှ ရောက်မည့် လမ်းကောက်၌ သံသယ ဖြစ်သည်။) (၄၂၇)

**ဆရာနှင့် ဝေဒ။** ။အဒ္ဓရိယဆရာများနှင့် တိတ္တိရိယဆရာများသည် ယဇုဝေဒကို လည်းကောင်း ဆန္ဒောက ဆရာတို့သည် သာမဝေဒကို လည်းကောင်း ဗဝှာရိဇ္ဈဆရာတို့သည် ဣရုဝေဒကိုလည်းကောင်း သရဇ္ဈာယ်ကြသည်။

**ဗဟူနိ၊** ။အမျိုးမျိုးသော လမ်းတို့သည် ထိုရွာ၊ ထိုနိဂုံးသို့ ဝင်ခြင်းငှာ သေချာ ဖြစ်ကုန်သကဲ့သို့ ပုဏ္ဏားဆရာများ ပညတ်အပ်သော လမ်းတို့သည်လည်း စင်စစ်ကေန် ဗြဟ္မာ့ပြည်သို့ရောက်ခြင်းအကျိုးငှာ ဗြဟ္မာနှင့်တကွ ဖြစ်ခြင်းအကျိုးငှာ အသေအချာ ဖြစ်ကြသည်ဟု ဆိုလို၏။

**ပဋိဇာနိတွာ ပစ္ဆာ နိဂ္ဂယှမာနာ အဝဇာနန္တိ။** ။အစောပိုင်း၌ အပြစ် မရှိဟု မှတ်ထင်ကာ ဝန်ခံပြီး၍ နောက်မှ အပြစ်ရှိသည်၏အဖြစ်ဖြင့် နှိပ်ချအပ်သော် ဤစကားသည် အကျွန်ုပ်၏စကားမဟုတ်ပါဟု ပယ်တတ်ကြသည်။

**ပဏ္ဏာသသဋ္ဌိ အန္ဓာ၊** ။ဤစကားသည် ထိုသူကန်းအစဉ်၏ ခြုံကြီးကို ပတ်ပတ်လည်၍ သွားနိုင်လောက်သည်၏အဖြစ်ကို ပြသည်။ ဤသို့ ပြခြင်းသည် “ထိုသူကန်းတို့မှာ ငါတို့သည် အလွန်အချိန်ကြာမြင့်စွာ လမ်းကို သွားနေကြရသည်”ဟု မှတ်ထင်ခြင်း အကျိုးငှါ၏။ (၄၂၈)

**နာမကညေဝါတိ လာမကံယေဝ။** ။အနက်မရှိသောကြောင့် နာမည်မျှသာ ဖြစ်သည်။ ထိုစကားကို ပုဏ္ဏားများက သာရဟု မှတ်ထင်အပ်သော်လည်း နာမည်မျှ ဖြစ်သည့်အတွက် အနှစ်သာရ မရှိသောကြောင့် ယုတ်ညံ့သည်သာ ဟူသော အနက်မျှကို “လာမကံယေဝ” ဖြင့် ပြသည်။

**အာယာစန္တိ။** ။လောကလူအပေါင်းအား ကျေးဇူးများသောကြောင့် ထွက်ပေါ်လာမှုကို တောင့်တကြသည်။ ရှေးပုဏ္ဏားတို့၏ တောင့်တ

မျှော်လင့်ချက်ကြောင့် လ နေ တို့သည်လာ၍ လောက၌ အရောင်အလင်းပြုကြသည်-ဟု ပုဏ္ဏားများ ယူဆကြသည်။

**ဣဓ ပန ကိံ ဝတ္တဗ္ဗံ။** ။ပစ္စက္ခဖြစ်သော လ နေ တို့နှင့်သော်မှ အတူတကွဖြစ်ဖို့ရာ သွားလမ်းကို ပြောပြဖို့ မစွမ်းနိုင်သေးလျှင် ပစ္စက္ခမဖြစ်သော ဗြဟ္မာနှင့် အတူတကွဖြစ်ဖို့ရာ သွားလမ်းကို ဟောပြောခြင်း၌ ဝေဝိဇ္ဇပုဏ္ဏားတို့ မစွမ်းနိုင်သည်မှာ ဆိုဖွယ်ရာ အဘယ်မှာ ရှိအံ့နည်းဟူလို။

## အစိရဝတီနဒီ ဥပမာ

**ဗြဟ္မဏကာရကာ။** ။ယမ နိယမ စသော ဗြဟ္မဏဓမ္မတို့၏ အတွင်း၌ဝင်သောကြောင့် ငါးပါးသီလ ကုသလကမ္မပထတရားဆယ်ပါးတို့ကို "ဗြဟ္မဏကာရကဓမ္မ"ဟု ဆိုသည်။ (၄၂၉)

**အစိရဝတိယာ နဒိယာ တီရေ။** ။ဤပါဠိဖြင့် ဘုရားရှင်သည် ဓမ္မဓာတ်ကို ကောင်းစွာ ထိုးထွင်း၍ သိပြီးသောကြောင့် မိမိ ထိုင်နေရာမြစ်ကိုပင် ဥပမာပြု၍ ဆောင်တော်မူ၏ဟု ပြသည်။

**ပုနပိ အပရမ္ပိ။** ။ပုနပိဟု ဆိုပြီးပါလျက် အပရမ္ပိဟု ဆိုခြင်းသည် အခြားမြစ်ဥပမာကိုပါ သိမ်းယူခြင်းအကျိုး ရှိ၏။

**အတ္ထုဒ္ဓါရ အားထုတ်ရကျိုး။** ။ဂုဏသဒ္ဒါသည် ပဥ္စလ စသော အနက်များကိုလည်း ဟောနိုင်၏၊ သို့သော် ထိုပဥ္စလ စသောအနက်များသည် ဤနေရာ၌ မဖြစ်သင့်သောကြောင့် ပါရိသေသနည်းအားဖြင့် ဗန္ဓနအနက်သာ သင့်သည်ဟု ပြခြင်းငှာ "အနုဇာနာမိ"စသည်ဖြင့် အတ္ထုဒ္ဓါရကို အားထုတ်တော်မူသည်။

**အာဝရဏာ နီဝရဏာ။** ။အာဝရဏာ=ကုသိုလ်ဖြစ်ခြင်းကို အစ၌ တားမြစ်တတ်သော နီဝရဏများ၊ နီဝရဏာ=ကုသိုလ်ဖြစ်ခြင်းကို အကြွင်းမရှိသောအားဖြင့် တားမြစ်ဘဲသော နီဝရဏများ။ (၄၃၁)

## သံသန္ဒနကထာ

ဣတ္တိပရိဂ္ဂဟေန သပရိဂ္ဂဟော။ ။မိန်းမကို သိမ်းပိုက်မှုရှိလျှင် ယောကျ်ားမှာ ကာမဂုဏ်ငါးပါးလုံး သိမ်းပိုက်မှု ပြည့်စုံပြီး ဖြစ်၏။ ထို့ကြောင့် "ဣတ္တိပရိဂ္ဂဟေန သပရိဂ္ဂဟော"ဟု မိန့်သည်။

ဣတ္တိပရိဂ္ဂဟေန အပရိဂ္ဂဟော။ ။ဤစကားသည် တေဝိဇ္ဇပုဏ္ဏားတို့၌ တွေ့မြင်ရသောရှုန့်ရင်းသောသိမ်းပိုက်မှုတို့၏ အလွန်ရှုန့်ရင်းသော သိမ်းပိုက်မှု ဖြစ်ကြောင်းကို ပြသောစကားဖြစ်သည်။ ဤသို့ဖြစ်သော တေဝိဇ္ဇပုဏ္ဏားတို့အား ဗြဟ္မာနှင့် နီးနှောမှု အဘယ်မှာ ရှိပါအံ့နည်း၊ ဗြဟ္မာကား လုံးဝသိမ်းပိုက်မှုမရှိ။ [ဋီကာသစ်၌ ဒုဋ္ဌုလ္လတမပရိဂ္ဂဟာဘာဝ-ဒဿနံ-ဟုရှိ၏။ အဘာဝနှင့် မသင့်၊ ဘာဝသာသင့်၏ဟု ပညာရှင်အများ မိန့်တော်မူကြ၍ ဘာဝဖြင့်ပြင်ဆိုထားပါသည်။]

ဥဒ္ဒစ္စကုက္ကုစ္စာဒီဟိ။ ။အာဒိဖြင့် ဥဒ္ဒစ္စကုက္ကုစ္စတို့နှင့် တခုတည်းသော စိတ်၌ တည်သော သံကိလေသဓမ္မတို့ကို ယူပါ။

ဝိစိကိစ္ဆာဃ စသည်။ ။မကျင့်ခြင်း၏ အကြောင်းဖြစ်သော ဝိစိကိစ္ဆာရှိသော် တရံတခါမျှ စိတ်သည် ယောကျ်ား၏ အလို့၌ မဖြစ်ပါ။ ဝိစိကိစ္ဆာကို ပယ်အပ်သော်ကား စိတ်သည် ယောကျ်ား၏ အလို၌ ဖြစ်စရာရှိ၏။ ထို့ကြောင့် "ဝိစိကိစ္ဆာဃ"စသည်ကို မိန့်သည်။

ဝသဝတ္တိ။ ။ဝသီတော်ရောက်သော ဈာန်အဘိညာဉ်ရှိသောကြောင့် စိတ်ကို မိမိအလို၌ ဖြစ်စေနိုင်သော ဗြဟ္မာတည်း။ (၄၃၁)

သုခံဝါ သာတံ ဝါ န လဘန္တိ။ ။ချမ်းချမ်းသာ ဝိပဿနာချမ်းသာကို သော်မှ မရကြကုန်၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကိုကား အဘယ်မှာ ရနိုင်ပါအံ့နည်း။ (၄၃၂)

န သမ္ဘာဝေ ပစ္စက္ခာ ဟောန္တိ။ ။အလေ့အကျက်မရှိသောကြောင့် အလုံးစုံသော အခြင်းအရာအားဖြင့် မျက်မှောက် မဖြစ်ကုန်။

တာဝဒေဝ အဝသင္ခံ။ ။ဇာတကာသံဝ ဓာပုဒ်နှစ်ပါးဖြင့် အနက်ပြည့်စုံမှုမရှိသောကြောင့် "တဝေနံ"ဟူသော ကံပုဒ်ကို "တာဝဒေဝ အဝသင္ခံ"ဖြင့် တဖန် ဝိဂြဟနန ပြတော်မူပါသည်။

**အပ္ပဋိဟတဘာဝံ ဒဿေတိ။** ။သဗ္ဗညုတဉာဏ်သည်ပင် အနာဝရဏဉာဏ်ဖြစ်သောကြောင့်တည်း။

**မာရာဝဋ္ဋနာဒိဝသေန။** ။အာဒိဖြင့် မျက်စိလည်ရာအခါ တွေဝေရာအခါစသည်ကို ယူပါ။

**န သက္ကာ ၊ပေ၊ ကာတုံ။** ။အနန္တရာယိကဓမ္မလေးပါးတို့၌ အကျုံးဝင်သောကြောင့် မည်သူမျှ အန္တရာယ် မပြုနိုင်ပါ။ (၄၃၂-၃)

ဗြာဟ္မဏပုတ္တံ။ ။ပစ္စာသဒ္ဒါသည် အရာအားလျော်စွာ သိအပ်ရအပ်သောကြောင့် အငယ်အနက်ဟောယူ၍ ပစ္စံ-ကို "ပုတ္တံ"ဟု ဖွင့်သည်။ [ဋီကာသစ်၌ "ဗြာဟ္မဏဒါရကံ"ဟု ရှိ၏။] (၄၃၃)

---

## ဗြဟ္မလောကမဂ္ဂဒေသနာ

**အပုဗ္ဗံ။** ။ဤပါဠိဖြင့် ဖွင့်ဆိုရခြင်း၏ အကြောင်းကို ပြသည်။ ရှေး၌ မပါသေးသောကြောင့် ဖွင့်ရသည်ဟူလို။

**အပ္ပနာဝ။** ။စိတ်သည် ဆန့်ကျင်ဘက်တို့မှ ကောင်းစွာသာလျှင် လွတ်မြောက်သောကြောင့် "စေတောဝိမုတ္တိ"ဟု ဆိုသော် အပ္ပနာသာ သင့်သည်။

**ပမာဏကတံ ကမ္မံ။** ။နိုင်းယှဉ်ခြင်းကို ပြုတတ်သော သံကိလေသတရားတို့ကို မခွာနိုင်သေးသောကြောင့် ကာမာဝစရကံကို "ပမာဏကတကံ"ဟု ဆိုရသည်။ မှန်၏-ဗြဟ္မဝိဟာရ၏ ရှေးအဖို့၌ ဖြစ်သော ကာမာဝစရကံကို ပမာဏကို လွန်၍ သြဒိဿက အဓိနောဒိဿက ဒိသာဖရဏတို့၏ အစွမ်းဖြင့် တိုးပွားစေခြင်းငှာ မစွမ်းနိုင်ပါ။

**အပ္ပမာဏကတံ ကမ္မံ။** ။နိုင်းယှဉ်ခြင်းကို ပြုတတ်သော သံကိလေသတရားတို့ကို ခွာနိုင်သောကြောင့် ရူပါဝစရ အရူပါဝစရကံများကို "အပ္ပမာဏကတကံ"ဟု ဆိုပါသည်။

**အရူပါဝစရ။** ။အရူပါဝစရ၌ သြဒိဿက အနောဒိဿကတို့၏ အစွမ်းဖြင့် ဖြန့်ခြင်းကိုလည်းကောင်း၊ အရပ်မျက်နှာတို့၌ ဖြန့်ခြင်းကို

လည်းကောင်း မရနိုင်ပါ။ ကေစိတို့ကား-အရပ်မျက်နှာတို့၌ ဖြန့်ခြင်းကို အာဂမနအစွမ်းဖြင့် ရနိုင်သည်ဟု ဆိုကြ၏။ ကေစိအဆို မသင့်ပါ။ အဘယ့်ကြောင့်နည်း-အရူပချာန်သည် ဖြဟ္မဝိဟာရ၏ အကျိုးဆက်မဟုတ်၊ ကသိုဏ်းချာန်၏ အကျိုးဆက် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ကောင်းစွာ ပွားများအပ်သော ဝသီဘော်သို့ ရောက်စေအပ်သော အရူပချာန်ကို အပ္ပမာဏကတဟု မှတ်ပါ။

အပရေဆရာတို့ကား-အလွန်အကဲဖြဟ္မဝိဟာရ ဘာဝနာဖြင့် စီမံအပ်သော သန္တာန်သည် ဖြစ်စေအပ်သော အရူပါဝစရချာန်နှင့် ဖြဟ္မဝိဟာရသမာပတ်မှ ထ၍ ဝင်စားအပ်သော အရူပါဝစရချာန်ကို ဖရဏပမာဏ၏ အစွမ်းဖြင့် အပ္ပမာဏကတဟု ဆိုကြ၏။ စဉ်းစား၍ မှတ်ယူပါဟု ဋီကာသစ်ဆရာ မှာတမ်း ထိုးထား၏။ (၄၃၃)

နံ သြဟီယတိ န တိဋ္ဌတိ။ ။ကာမာဝစရကံသည် ပြုအပ် ဆည်းပူးအပ်ပါသော်လည်း ရအပ်ပြီးသော မဟဂ္ဂုတ်ချာန် မလျောသော် ထိုမဟဂ္ဂုတ်ချာန်ကို တားမြစ်ကာ မိမိက ကျန်ရစ်၍ ပဋိသန္ဓေ အကျိုးကို ပေးစွမ်းနိုင်သည်၏ အဖြစ်၌ မတည်ပါ။ (၄၃၃-၄)

ပရိယာဒိယိတွာ။ ။ကံကို ထက်ဝန်းကျင် ယူစေခြင်း မည်သည် ထိုကံ၏ အကျိုးဖြစ်မှုကို တားမြစ်၍ မိမိ၏ကံအတွက် အကျိုးဖြစ်စေခြင်းတည်း။ (၄၃၄)

ဖြဟ္မသဟဗျတံ ဥပနေတိ၊ ။ချာန်ရသော ပုဂ္ဂိုလ်တို့မှာ စေတောပဏိဓိဟူသော အထူးမရှိသော် ချာန်ရသော ပုဂ္ဂိုလ်များကို ရူပါဝစရကံက ဖြဟ္မာ့ပြည်သို့ ပို့ဆောင်သည်ဟု ဆိုလို၏။မှန်၏-တိဿ ဖြဟ္မာ စသူတို့ကဲ့သို့သော ကြီးကျယ်သော ဘုန်းကံရှိသူတို့မှာ စေတောပဏိဓိ အထူးကြောင့် မဟဂ္ဂုတ်ကံသည် ကာမာဝစရကံ၏ အကျိုးကို မတားမြစ်နိုင်ဟု မှတ်ပါ။

မဟဂ္ဂုတ်ဖြစ်သော ဂရုကကံ၏ အကျိုးကို တားမြစ်၍ ကာမာဝစရဖြစ်သော လဟုကကံသည် အဘယ်နည်းဖြင့် မိမိ၏ အကျိုးပေးခွင့်ကို ပြုသနည်းဟု မေးဖွယ်ရှိ၏။ ထိုအမေးနှင့်စပ်၍ ဝိနယဂဏ္ဌိပဒ သုံးဆောင်လုံးတို့၌ နိကန္တိ အစွမ်းကြောင့်ပင် ချာန်လျောသည်၊ ထိုသို့ ချာန်လျောသောကြောင့် ကာမာဝစရကံသည် အကျိုးပေးခွင့် ရ၏ဟု မိန့်ဆိုကြ၏။

ကေစိတို့ကား-နိဝရဏအခိုက်မဟုတ်သော နိကန္တိကြောင့် ချာန်လျောမှုကို စဉ်းစား၍ မှတ်ယူပါဟု မိန့်ဆိုကြ၏၊

ဋီကာသစ်ဆရာကား-မဟဂ္ဂုတ်ကာံ၏ အကျိုးကို တားမြစ်ခြင်းငှာ စွမ်းနိုင်သော ကာမာဝစရကံ မရှိပါသော်လည်း "ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ သီလဿ"ဟု ဟောတော်မူသောကြောင့် ကာမာဘဝ၌ စေတောပဏိဓိသည် မဟဂ္ဂုတ်ကံ၏ အကျိုးကို တားမြစ်၍ ကာမာဝစရကံ၏ အကျိုးပေးခွင့်ပြုနိုင်သည်ဟု မိန့်ဆို၏။ ဤအဆိုသာ အသင့်အလျော်ဆုံးသော အကြောင်းပြဟုလည်း ဆုံးဖြတ်ချက်ချ၏။

**ပဌမမေဝ စသည်။** ။ပဌမကို ထောက်၍ ဒုတိယဖြစ်သည်။ ဤနေရာဝယ် ဒုဘိယဟု ဆိုရာ၌ ထောက်စရာပဌမသည် အဘယ်နည်းဟု မေးဖွယ်ရှိ၍ "ပဌမမေဝ"စသည်ကို မိန့်သည်။ မဇ္ဈိမပဏ္ဏာသကေ--ကို သင်္ဂိတံပုဒ်ထည့်၍ စပ်ပါ။ (၄၃၄)

**ဒုတိယံ သရဏာဂမနံ။** ။ထပ်ကာထပ်ကာ သရဏဂုံ ဆောက်တည်ခြင်းသည် သာ၍လည်း ခိုင်မြဲ၊ သာ၍လည်း အကျိုးကြီးသောကြောင့် နှစ်ကြိမ်မြောက်သည်း သရဏဂုံဆောက်တည်မှုကို ပြသည်။

**အဂ္ဂညသုတ္တ။** ။အဂ္ဂညသုတ်ကိုသည်း ထိုဝါသေဋ္ဌကိုပင် အကြောင်းပြု၍ ဟောတော်မူသည်။ အခြားသူကို အကြောင်းပြု၍ ဟောတော်မူသည်မဟုတ်ဟု သိစေခြင်းငှာ "အဂ္ဂညသုတ္တေ"စသည်ကို မိန့်သည်။ (ပဗ္ဗဇိတွာတိ သာမဏေရပဗ္ဗဇ္ဇံ ဂဟေတွာ။)

တေဝိဇ္ဇသုတ် ပြီးပါပြီ။

○ ● ●

# နိဂုံး

သုမင်္ဂလာလင်္ကာရေန ဂန္ဓာရာမမှိ ဝါသိနာ၊
တိပေဋကံ ဓရန္တေန အနေကဂန္ထဝါစိနာ။

ကတာ ဝဿေ လဝါလပ္ပေ ဒုဗ္ဗောဓတ္ထဝိဘာဝိနီ၊
ဇယိတ္ထာနံ ဇယံ သဗ္ဗံ သီဃံ နေတု သုဗောဓိနီ။

သုဗောဓနေန ပုညေန သုဗောဓနော ဘဝေ ဘဝေ၊
သုဗောဓိတံ သုခံ ဌာနံ သုသုခေနေဝ ပါပုဏေ။

ဂန္ဓာရာမမှိ- မြို့ရန်ကုန်တွင် ဆရာရှင်၏ ဂုဏ်အဝ်နန္တ ပူဇော်သဖွယ် ဆရာ နေရာ ကျောင်းတော်သာ၏ သညာကိုဆောင် ကိုယ်တိုင်ထောင်၍ ရွှေ ဆောင်ပြုရာ "မဟာဂန္ဓာရုံ"မည်သော ကျောင်းဝိဟာ၌။ ဝါသိနာ-မှီခိုလို ငြား အစားစားသော များပြားထွေထွေ တပည့်တွေ၏ လိုလေကိစ္စ ကောင်းကျိုးရအောင် နေ့ညမသေ့ ဆောင်ရွက်၍ နေလေ့ရှိသော။ တိပေ-ဋကံ ဓရန္တေန-ပိဋကသုံးပုံ သင်ရိုးကုန်အောင် အာဂုံနှုတ်တက် ဆောင်ရွက် နိုင်ပေသော။ ဝါ-၂၇-နှစ်အရွယ် လွန်နှင်ယ်ရာ ချိန်အခါ၌ သုံးဖြာပိဋက အာဂုံရရုံ မကတုံပဲ သုံးပုံဖွင့်ရာ အဋ္ဌကထာနှင့် ဋီကာအစ များလှကိတောင်း ကျမ်းအပေါင်းကိုလည်း ထောင်းထောင်းကျေညက် ကျွမ်းကျင်ချက်ကြောင့် "တိပိဋကဓရ-တိပိဋက ကောဝိဒ"ဟု ပြည်သူအစိုးရ ပူဇော်သသည့် ဘွဲ့တံဆိပ် ကို ဆောင်နိုင်ပေသော။ ဝါ-တိပိဋကဓရကို မှတ်၍ အရပ်ရပ် အစားစား လွန်များပြားသော "ပရိယတ္တိ သာသနာလင်္ကာရ သာမဏေကျော်" "သာသန ဓဇသိရိပဝရ ဓမ္မာစရိယ" "အဘိဓမ္မပါဠိပါရဂူ" "ဒိဃဘာဏက-ဒီဃနိကာယ ကောဝိဒ" "ဝိနယဓရ-ဝိနယ ကောဝိဒ" "အာဘိဓမ္မိက-အဘိဓမ္မကောဝိဒ" "တိပိဋကဓရ-တိပိဋက ကောဝိဒ"ဟူသော ဘွဲ့ထူး ဂုဏ်ထူးများကို ဆောင်နိုင် ပေသော။ အနေကဂန္ထဝါစိနာ-တဆယ့်ရှစ်နှစ်အရွယ် လွန်နှင်ယ်ရာ ချိန်အခါ မှ ယနေ့ကျအောင် နေ့ညမပြတ် အရပ်ရပ် အစားစား အလွန် များပြား သော ကျမ်းစာအထွေထွေကို ပို့ချလေ့ရှိပေသော။ သုမင်္ဂလာလင်္ကာရေန-ရွှေဘိုဝက်လက် အရှေ့ဘက်တွင် အင်ကြင်းပင်မည် ရွာထူးသည်၌ အမည် ဦးအောင်ဘရှေ့ဆောင်နှင့် ဂုဏ်ရောင်ရှင်စည် ဒေါ်ခင်ကြည် မှ မြန်ပြည် ကောဇာ ထောင့်သုံးရာရှစ် သက္ကရာဇ်၏ ထူးလစ် ကဆုန် ဆန်းဆယ်ကြိုသည့် ပူးဘုံသောကြာ နေ့မြတ်ခါ၌ သာသနာ့အကျိုး လွန်သည်ပိုးဖို့ အမျိုးကောင်း

တွင် ဖွားသန့်စင်၍ ထေရ်ရှင်အပေါင်း လိမ်းသိမ်းကောင်းသဖြင့် ဂုဏ်ပေါင်းများစွာ ပိုင်ဆိုင်ပါသော အရှင်သုမင်္ဂလာလင်္ကာရ မည်ကျော်ဆရာတော်သည်။ လဝါလပွေ့ဝဿ-မြန်မာ ကောဇာ ထောင့်သုံးရာဝေါ် လေးသုံးကျော် ရာနှစ်အခါ၌။ ကတာ-ဉာဏ် ဝီရိယ အားကုန်ချ၍ ကျန သေသပ် ပြုစီရပ်အပ်သော။ ဒုဗ္ဗောဓတ္တဝိဘာဝိနီ-သိနိုင်ခဲခက် အနက်အဓိပ္ပာယ် အသွယ်သွယ်ကို စိတ်ဝယ်ဝိုးဝါး မရှိဌြားအောင် ထင်ရှားတပ်အပ် ပြဆေပတတ်သော။ သုဗောဓိနီ- သိလွယ်စေဘိ ဂုဏ်သတ္တိကြောင့် ပါဠိဖြင့်နော အမည်ပြောသော် “သုဗောဓိနီ” ကျမ်း အဆိသည်။ ဝါ- “သံလက္ခန်ဖွင့် ဋီကာသစ်”၏ ခက်ဆစ်ခက်ရာ အဖြာဖြာကို သေချာရှင်းထုတ် ဂုဏ်အဟုတ်ကြောင့် “**ကောက်နုတ်ရှင်းလင်းချက်**”ခေါ် ကျမ်းစာတော်သည်။ ဇယ်တ္တာနံ-ခအောင် ရန်လိုလား အာဇာနည်၊အရှင်မြတ်များ၏။ (သန္တိကံ-အထံတော်မှောက်သို့)။ သမ္ပိ ဇယံ-အောင်မှုအဖုံဖုံ အလုံးစုံကို။ သီဃံ နေတု-အမြန် မသွေ ဆောင်နိုင်ပါစေသတည်း။

သုဗောဓနေနုပညေန- သိလွယ်စေတတ် ကျမ်း-စာမြတ်ကို မပြတ်ကြိုးကုတ် ပြုလုပ်တီတွင် ကောင်းမှုအစဉ်ကြောင့်။ အဟံ- “သုမင်္ဂလာလင်္ကာရ” နာမမည်ကျော် တပည့်တော်သည်။ ဘဝေဘဝေ- သံသရာဒီလှိုင်း ဘဝ တိုင်း ဘဝတိုင်း၌။ သုဗောဓနော-ခက်ဆစ် ခက်ရာ အဖြာဖြာကို လျင်စွာ သိတတ် သိစေအပ်ရာ များသဟာကိုလည်း လွယ်စွာမသွေ သိစေတတ် သော ပုဂ္ဂိုလ်သည်။ (ဟုတွာ-ဖြစ်၍) သုဗောဓိတံ-သဗ္ဗညုဂုဏ်တော်ကြီးကို လက်ဝယ်ပိုင်သ မြတ်ဗုဒ္ဓတို့သည် ကျနသေချာ သိစေအပ်ပါသော။ သုခံ ဌာနံ-ဖြစ်ပျက်မရှိ ငြိမ်းချမ်းဘိသည့် သန္တိသုခ မြတ်ဌာနသို့။ သုသုခေ နေဝ-သုခါပဋိပဒါ ခိပ္ပါဘိညာ ဟူသော အလွန်လွယ်ကူလှသော အကျင့်ဖြင့် သာလျှင်။ ပါပုဏေ (ပါပုဏေယျံ)-အမြန်မကြာ ရောက်နိုင်ရပါလို၏ အရှင် မြတ်ဘုရား။

အရှင်သုမင်္ဂလာလင်္ကာရ

မဟာဂန္ဓာရုံတိုက်
အရှေ့ဝါယာလက် ၂-လမ်း
ရေကျော်၊ ကမ္ဘာအေး
ရန်ကုန်

၁၃၄၃-ခု၊ သီတင်းကျွတ်လဆုတ် ၉-ရက်။
(၂၁-၁၀-၈၁)

## မဟာဂန္ဓာရုံကျောင်းတိုက်၏
## ပရိယတ္တိသာသနာပြု ၇-နှစ်တာ ခရီး

| ခုနှစ် | ဝါဆိုသံဃာ | ပထမပြန် ဝင် | ပထမပြန် အောင် | အမျိုးသား ဝင် | အမျိုးသား အောင် | ဂုဏ်ထူး |
|---|---|---|---|---|---|---|
| ၃၆-ခု | ၁၆ | ၅ | ၄ | ၄ | ၂ | ၁ |
| ၃၇-ခု | ၃၂ | ၅ | ၃ | ၁၅ | ၈ | ၁ |
| ၃၈-ခု | ၄၆ | ၁၁ | ၃ | ၇၆ | ၅၅ | ၆ |
| ၃၉-ခု | ၆၄ | ၁၈ | ၉ | ၁၀၅ | ၈၁ | ၁၀ |
| ၄၀-ခု | ၇၃ | ၂၅ | ၁၅ | ၆၈ | ၃၈ | ၅ |
| ၄၁-ခု | ၉၂ | ၃၂ | ၁၈ | ၇၂ | ၂၀ | ၈ |
| ၄၂-ခု | ၁၀၀ | ၄၈ | ၂၉ | ၁၀၁ | ၃၂ | ၈ |

— ၁၃၃၉-ခုနှစ်မှ စ၍ ပါဠိဘာသာဖြင့် စာမေးပွဲ အသီးသီးကို ဖြေဆိုစေခဲ့ရာ ငင်း နှစ် ၉-ပါး အောင်သည်တွင် ပါဠိဘာသာဖြင့် အောင်မြင်သူ ၈-ပါး။

— ၁၃၄၀-ခုနှစ် ၁၅-ပါး အောင်သည်တွင် ပါဠိဘာသာဖြင့် အောင်မြင်သူ ၁၀-ပါး။

— ၁၃၄၁-ခုနှစ် ၁၈-ပါး အောင်သည်တွင် ပါဠိဘာသာဖြင့် အောင်မြင်သူ ၁၂-ပါး။

— ၁၃၄၂-ခုနှစ် ၂၉-ပါး အောင်သည်တွင် ပါဠိဘာသာဖြင့် အောင်မြင်သူ ၁၈-ပါး အောင်မြင်မှု ရရှိခဲ့ပါသည်။

ယခု ဖော်ပြသော အရေအတွက်မှာ အစိုးရ ပဋ္ဌမပြန်၌ ပါဠိဘာသာဖြင့် အောင်မြင်ကြသူများ၏ အရေအတွက်မျှသာဖြစ်ပါသည်။ အခြားသော အမျိုးသား စာမေးပွဲများ၌ ပါဠိဘာသာဖြင့် ဝင်ရောက်ဖြေဆို အောင်မြင်သူများ အများအပြား ပေါ်ထွက်ပြီး ဖြစ်ပါသည်။

## ရန်ကုန်မြို့-ကမ္ဘာအေး
## မဟာဂန္ဓာရုံ ကျောင်းတိုက်၌
## နေလိုသည့် စာသင်သား ရဟန်း ရှင်သာမဏေများ
## ပြည့်စုံရမည့် လိုက်နာရမည့်
## စည်းကမ်းချက်များ

၁။ အသက် ၁၂-နှစ်အောက် မငယ်၊ ၁၆-နှစ်ထက် မကြီးရခြင်း၊

၂။ ကျောင်းတိုက်၌ အုပ်ချုပ်လျက်ရှိသော ပဓာန နာယကဆရာတော် စာချ ဆရာတော်များ၊ ဝန်ဆောင်များ ဆုံးမသမျှကို ကြိုးနွံစွာ နာခံမည်ဟူသော နှလုံးသွင်း ရှိခြင်း၊

၃။ ဝိနည်းသိက္ခာနှင့် ညီညွတ်စွာ နေလိုသော ဆန္ဒ အပြည့်အဝ ရှိရခြင်း၊

၄။ စာမေးပွဲ အောင်ရေးအတွက် ဆန္ဒမစောပဲ ပါဠိပိဋကကျွမ်းကျင် အောင် ကြိုးစားမည်ဟူသော နှလုံးသွင်း ရှိရခြင်း၊

၅။ ကျောင်းတိုက်သို့ လာသည့်အခါမှစ၍ နိဿဂ္ဂိ ပစ္စည်းများကို ရှင်း လင်းစေပြီး အပ်စပ်သော ပစ္စည်းများချည်းသာ ဖြစ်စေရခြင်း၊

၆။ အင်္ဂါကြီးငယ် ချို့ယွင်းချက် တစုံတရာမရှိ အဆင့်တန်းမှီသော ဥပဓိ သမ္ပတ္တိ ရှိရခြင်း၊

၇။ နေခွင့် ရရေးအတွက် သတ်မှတ်ထားသော စာများကို ကျေပွန်စွာ ပြန်ဆိုပြနိုင်ခြင်း၊

၈။ မိမိအတွက် တာဝန်ခံမည့် ကျောင်းပြင်မှ တဦးနှင့် ကျောင်းတွင်းမှ တဦး ရှိရခြင်း၊

၉။ စာသင်သားတိုင်းမှာ ရှိသင့်သော အသုံးအဆောင်ပစ္စည်းများ ပါရှိ ရခြင်း၊

၁၀။ နဝကမ္မများကို အပ်စပ်သောနည်းဖြင့် ကပ္ပိယကာရကထံအပ်နှံရခြင်း။

**နေခွင့်ရရေးအတွက် သတ်မှတ်ထားသော စာများ။**

၁။ နာမ်ဂိုဏ်း အာချာတ်ဂိုဏ်း၊ ၂။ ရုပ်ပုံရှင်ကျင့်ဝတ်၊

**ရှိသင့်သော အသုံးအဆောင်များ။**

သက်နန်းလတ်လတ် လေးစုံ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး၊ သင်ဖျာ၊ သေတ္တာ၊ သပိတ်၊ သပိတ်အိတ်၊ သပိတ်ခြေ၊ ဝတ်ခွက်၊ ဇွန်း၊ ယပ်၊ လက်သုတ်ပုဝါ၊ ကိုင်းခွက်၊ ခါးပန်းကြိုး၊ နေရာထိုင်၊ ရေချိုးခွက်၊ ဆပ်ပြာခွက်၊ မျက်နှာသုတ်ပုဝါ၊ ဖောင်တိန်၊ ခဲတံ၊ ဗလာအုပ် စသည်တို့ ဖြစ်ပါသည်။

အရှင်သုမင်္ဂလာလင်္ကာရ
မဟာဂန္ဓာရုံတိုက်
မြေကူး၊ကမ္ဘာအေး၊ရန်ကုန်။

# စာမူပေးက စာအုပ်ကောင်း-ရမည်

**စာအုပ်ရှင်က စာအုပ်အတွက် လုံးဝ ကြောင့်ကြစိုက်စရာမလို။**

စာမူကို လက်နှိပ်စက်ဖြင့် လေးမူပွားခြင်း၊ စာဧပစိစစ်ရေးတင်ပြခြင်း၊ ခေတ်မီ ပန်းချီ ဒီဇိုင်း ဘလောက်များဖြင့် ရောင်စုံအဖုံးရိုက်၍ ချုပ်လုပ်ပြီး ကုန်သွယ်ရေးအစစ်ခံခြင်းအထိ အပ်နှံသူစိတ်တိုင်းကျ တာဝန်ယူ ဆောင်ရွက်ပေးနေပြီ။

စာတည်းချုပ် ဦးသောင်းလွင် (ဘီ-အေ၊ ဓမ္မာစရိယဝဋ္ဋံသကာ)နှင့် စာပြင် ဆရာကြီးဖြစ်သော ဦးဥာဏ်ဝင်း၊ ဦးတင်လှိုင် (ကျုံပျော်)တို့က ပြင်ဆင်တည်းဖြတ် ပေးရုံဖြင့် လှပသေသပ်စွာ ပုံနှိပ်ပေးနေပါပြီ။


နေလင်း ပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၁၁၁-၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။